ဦးအေးမောင်

# ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ

2006.GRAPHIC DESIGN : KYAW MINN MOUNG

တတိယအကြိမ်



ရန်အောင်စာပေ
၃၄၃ / ၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။
ဖုန်း –(၀၁) ၇၂၂၅၇၂

# (ကိုမောင်မောင်)
# မှ လှူဒါန်းသည်။



**ဦးအေးမောင်**
**(၁၉၁၄–၂၀၀၂)**
**(စာပေဗိမာန်–ဦးအေးမောင်)**

*ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒကျမ်းပြု စာရေးဆရာကြီး*
(မြန်မာနိုင်ငံ စာဆိုတော်နေ့ ကန်တော့ခံ စာပေပညာရှင်)

ဆရာကြီး ဦးအေးမောင်ကို ၁၉၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြင်ဦးလွင်မြို့၌ အဘ ဦးသိန်းကျော်၊ အမိ ဒေါ်သင် တို့က ဖွားမြင်သည်။

မန္တလေးမြို့ ဝယ်စလီကျောင်းမှ ၁၉၃၂ ခုနှစ်တွင် ဆယ်တန်းအောင်မြင်သည်။ ရန်ကုန် ဆရာဖြစ်သင်ကောလိပ်သို့ တက်ရောက်၍ ၁၉၃၇ ခုနှစ်၌ ဆရာဖြစ်စာမေးပွဲ အောင်မြင်သည်။ မုံရွာမြို့ ဝယ်စလီကျောင်း၌ ၁၉၃၈ မှ ၁၉၄၀ အထိ သုံးနှစ်ကြာ ဆရာလုပ်ခဲ့သည်။ ထို့နောက် ရန်ကုန်ဆရာဖြစ်သင်ကောလိပ် လေကျင့်ရေးကျောင်း၌ ဆရာအဖြစ် နှစ်နှစ်လုပ်ခဲ့သည်။

၁၉၄၉ မှ ၁၉၇၅ အထိ စာပေဗိမာန်၌ လက်ထောက်အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ ဦးအေးမောင် (စာပေဗိမာန်) ကလောင်ဖြင့် စာပေဗိမာန်မဂ္ဂဇင်း၊ သင့်ဘဝမဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်း၊ ဂါးဒီယန်မဂ္ဂဇင်း၊ လုပ်သားပြည်သူ့နေ့စဉ် (မြန်မာ – အင်္ဂလိပ်)

သတင်းစာနှင့် အခြားမဂ္ဂဇင်း စာစောင်များတွင် ဘာသာရေး၊ စိတ်ပညာ၊ ဒဿန၊ သိပ္ပံပညာနှင့် အခြားပညာရေး သုတဆောင်းပါးများကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် နှစ်ပေါင်း ၂၀ ကျော်မျှ ရေးသားခဲ့သည်။

**ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ – သုံးတွဲ** (၁၉၆၃–၆၄၊ ပထမအကြိမ်)၊ **ဗီဇနှင့် ပတ်ဝန်းကျင်** (၂၀၀၂၊ တတိယအကြိမ်)၊ **လူ့စိတ်သဘော** (၂၀၀၀၊ ဒုတိယအကြိမ်)၊ **သိပ္ပံနည်းစူးစမ်းမှုနှင့် သိပ္ပံပညာသဘော** (၂၀၀၅၊ ဒုတိယအကြိမ်)၊ **စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ** (၁၉၉၆၊ ဒုတိယအကြိမ်)၊ **ဘဝဆည်းဆာ** (၂၀၀၂၊ တတိယအကြိမ်)၊ **စိတ်ပညာနှင့် ကိုယ်ကျင့်တရား** (၁၉၉၈၊ ဒုတိယအကြိမ်)၊ **စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှု** (၁၉၉၉၊ ဒုတိယအကြိမ်)၊ **သေသည်၏ အခြားမဲ့၌** (၂၀၀၂၊ ဆဋ္ဌမအကြိမ်)၊ **လူ့ဘဝ လူ့လောကအမြင် – နှစ်တွဲ** (၂၀၀၀၊ ပထမအကြိမ်)၊ **ပိဋကတ်မှ ဗုဒ္ဓနှင့် ဓမ္မ** (၁၉၉၉၊ ဒုတိယအကြိမ်)၊ **ဗုဒ္ဓအမြင် လူသားစွမ်းအင်** (၂၀၀၁၊ ပထမအကြိမ်)၊ **လူတစ်ယောက်၏ ခွန်အား** (၂၀၀၃၊ ပထမအကြိမ်) နှင့် **ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၏ ထူးခြားချက်များ** (၂၀၀၅၊ ပထမအကြိမ်) စသည့်စာအုပ်များ ပြုစုရေးသားခဲ့သည်။ ထို့အပြင် မဟာစည်ဆရာတော်၏ တရားစာအုပ် ငါးအုပ်၊ ကမ္ဘာ့အေး သာသနာရေးဝန်ကြီးဌာန၊ ပိဋကတ်ဘာသာပြန် စာပေဖြန့်ချိရေးအဖွဲ့အတွက် မဇ္ဈိမနိကာယ် (မူလပဏ္ဏာသ)၊ ထေရအပဒါန် (ပထမပိုင်း) နှင့် မင်းကွန်းဆရာတော်၏ မဟာဗုဒ္ဓဝင် (စတုတ္ထတွဲ) များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။

ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ (သုံးတွဲ) ကို ပေါင်းချုပ်အဖြစ် ပြန်လည် ပြုပြင်ရေးသားခဲ့ပြီး ၎င်းကို THE BUDDHA AND HIS TEACHING ဟူသော ခေါင်းစဉ်ဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားထားခဲ့သည်။

၂၀၀၂ ခုနှစ်၊ မေလ ၁၁ ရက် (စနေနေ့) ညနေ ၄ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့၊ စမ်းချောင်းရပ်၊ သံတံတားလမ်းနေအိမ်တွင် ကွယ်လွန် အနိစ္စရောက်သည်။ ဇနီးဖြစ်သူမှာ ဒေါ်သန်းရင် (ကွယ်လွန်) ဖြစ်ပြီး သားသမီးငါးဦး ကျန်ရစ်သည်။

❐

သုတ္တန်၊ ဝိနည်း၊ ပိဋကတ်များနှင့် အနောက်နိုင်ငံ ဗုဒ္ဓစာပေသုတေသီပညာရှင်တို့၏ စာအုပ်များကို မှီငြမ်းပြု၍ ရေးသားထားသည်။ ကိုးကားသော ဗုဒ္ဓဒေသနာများမှာ အများအားဖြင့် လူသိနည်း၍ စိတ်ဝင်စားဖွယ်, သိမှတ်ဆင်ခြင်ဖွယ် ဒေသနာများဖြစ်သည်။ မြန်မာဗုဒ္ဓစာပေ၌ တွေ့ရခဲသော ဗုဒ္ဓ၏ အကြောင်းအရာများ၊ ဗုဒ္ဓအား အနောက်တိုင်းအသိပညာရှင်တို့က ကြည်ညိုလေးစားကြပုံ၊ အနတ္တတရားနှင့် ခေတ်ပညာရှင်တို့၏အမြင်ကိုက်ညီနေပုံ၊ ရဟန်းသံဃာ၊ မဟာယာနဗုဒ္ဓဘာသာ၊ ဂျပန်နိုင်ငံမှ ဇင်ဝိပဿနာစသည်များ ဖော်ပြထားသည်။

ဆရာဂွဲ၊ ကျမ်းဂန်ဂွဲ၊ ဝါဒဂွဲမရှိဘဲ ဗုဒ္ဓဓမ္မနှင့် သံဃာအကြောင်း ခြေခြေမြစ်မြစ် စူးစမ်းလေ့လာလိုသော ပုဂ္ဂိုလ်များကို ရည်ရွယ်၍ စိစဉ်ရေးသားပြုစုထားသော စာအုပ်ဖြစ်သည်။

ဦးအေးမောင်

# ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ

ဦးအေးမောင်

**စာမူခွင့်ပြုချက်အမှတ်** – ၃၂၀၄၃၄၀၆၀၇

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – ၃၂၀၅၆၅၀၆၀၉

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ

တတိယအကြိမ်

**အုပ်ရေ** – ၁၀၀၀

**မျက်နှာဖုံးဒီဇိုင်း**

ကျော်မင်းမောင်

**ကွန်ပျူတာစာစီ**

**Dream City**

**အတွင်းဖလင်**

'ပုံရိပ်ရှင်'

**စာအုပ်ချုပ်**

ကိုမြင့်

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးတင်မောင်ဝင်း (မြ – ၀၅၉၄၆)၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်

ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊

ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးလှတိုး (၀၃၇၇၂)၊ ရန်အောင်စာပေ

၃၄၃/၁၈၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။

**စာအုပ်စီစဉ်ထုတ်လုပ်**

လှတိုး (စိတ်ပညာ)

**တန်ဖိုး** – ၆၀၀၀ ကျပ်

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ထုတ်ဝေသူ၏အမှာစာနှင့် ကျေးဇူးတင်စကား | (က – ခ) |
| | ကြီးမောင် (ငွေဥဒေါင်း)၏ ဝေဖန်ချက် | (ဂ – ဃ) |
| | ဆရာအောင်သင်း၏ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ စာအုပ်အင်တာဗျူး | (င – ဠ) |
| | ကျမ်းဦးစကား | (ဍ – ဏ) |
| | ဗုဒ္ဓသာသနာ၏ သမိုင်းမှတ်တိုင်များ | (တ – ထ) |
| ၁။ | **ဗုဒ္ဓဝါဒနှင့် စဉ်းစားဝေဖန်မှု** | ၁ |
| ၂။ | **ပါဠိပိဋကတ်စစ်တမ်း** | ၁၁ |
| ၃။ | **ဗုဒ္ဓမပေါ်မီက အိန္ဒိယအယူဝါဒများ** | ၂၅ |
| ၄။ | **ဗုဒ္ဓ** | ၃၃ |
| | (က) ပိဋကတ်မှ ဂေါတမဗုဒ္ဓ ၃၅ | |
| | (ခ) ဗုဒ္ဓ၏ထူးခြားချက်များ ၃၉ | |
| | (ဂ) ဗုဒ္ဓ၏ဆုံးမနည်း ၄၅ | |
| | (ဃ) ဗုဒ္ဓနှင့် လောကီလူသား ၅၄ | |
| ၅။ | **ဒုက္ခသစ္စာ** | ၆၃ |
| ၆။ | **အနတ္တဝါဒ** | ၇၇ |
| | (က) ပိဋကတ်နှင့် အခြားဗုဒ္ဓစာပေများမှ အနတ္တဝါဒ ၇၇ | |
| | (ခ) အတ္တ–အနတ္တပြဿနာ ၈၅ | |
| | (ဂ) အနတ္တဝါဒအပေါ် ယခုခေတ်ပညာရှင်တို့၏ အမြင် ၉၈ | |
| ၇။ | **စိတ်, စေတသိက်, ခန္ဓာ, အာယတန** | ၁၁၇ |
| ၈။ | **တဏှာ, ဥပါဒါန်နှင့် ပဋိစ္စသမုပ္ပါဒ်** | ၁၃၁ |
| | (က) တဏှာနှင့် ဥပါဒါန် ၁၃၃ | |
| | (ခ) ပဋိစ္စသမုပ္ပါဒ် ၁၄၄ | |
| ၉။ | **ဘဝသံသရာ** | ၁၅၁ |
| | (က) ပိဋကတ်လာ ဘဝသံသရာ ၁၅၃ | |
| | (ခ) ဘဝသံသရာစူးစမ်းလေ့လာမှုနှင့် စဉ်းစားဖွယ်ရာများ ၁၆၄ | |
| ၁၀။ | **ကမ္မသတ္တိနှင့် ကမ္မဝါဒ** | ၁၇၅ |
| ၁၁။ | **အကျင့်သီလ** | ၁၉၃ |

၁၂။ **စိတ်ကိုဆုံးမပြုပြင်မှုနှင့် ဝိပဿနာ** ၂၁၅
(က) ဖြဟ္မဝိဟာရ တရားလေးပါး ၂၁၇
(ခ) ဝိပဿနာ၏ လက္ခဏာခြင်းရာ ၂၃၂
၁၃။ **နိဗ္ဗာန်** ၂၄၅
(က) နိဗ္ဗာန်၏ ဒိဋ္ဌဓမ္မလက္ခဏာ ၂၄၇
(ခ) ရဟန္တာ ၂၅၃၊ (ဂ) ရဟန္တာ၏လားရာ ၂၆၇
၁၄။ **ရဟန်းသံဃာ** ၂၈၃
(က) ဘိက္ခုသံဃာအစ ၂၈၅၊ (ခ) ရဟန်းဘဝ ၂၉၀
(ဂ) ရဟန်းဘဝ၏ ငြိမ်းချမ်းမှု ၂၉၄
(ဃ) ပါတိမောက် ၃၀၁
(င) သံဃာကံ ၃၀၇၊ (စ) ဘိက္ခုနီသံဃာ ၃၁၁
(ဆ) သံဃာနှင့် ဥပါသကာ ၃၁၅
(ဇ) သံဃာနှင့် ယခုခေတ် ၃၁၉
၁၅။ **ဗုဒ္ဓကိုးကွယ်မှု** ၃၂၇
၁၆။ **ဗုဒ္ဓဝါဒနှင့် နတ်ပြဿနာ** ၃၄၃
၁၇။ **မဟာယာနဝါဒ** ၃၅၁
(က) ရဟန္တာနှင့် ဗောဓိသတ္တ ၃၅၃
(ခ) ဇင်ဗုဒ္ဓဝိပဿနာ ၃၆၀
(ဂ) ထေရဝါဒနှင့် မဟာယာန ၃၆၆
၁၈။ **ကမ္ဘာ့ဗုဒ္ဓသာသနာ** ၃၆၉
(က) အာရှတိုက်၌ ပြန့်ပွားခြင်း ၃၇၁
(ခ) အနောက်နိုင်ငံ ဗုဒ္ဓသာသနာ ၃၇၉
၁၉။ **ရိပင်ဟွာ၏ ဗုဒ္ဓဒဿန** ၃၈၅
(က) ရိပင်ဟွာ ၃၈၇
(ခ) ဘဝတဏှာ ၃၈၈
(ဂ) ဒုက္ခသစ္စာ ၃၈၉
(ဃ) ဝဋ်ဒုက္ခမှ ထွက်ရပ်လမ်း ၃၉၁
၂၀။ **ကမ္မလမ်းစဉ်နှင့် အရိယာလမ်းစဉ်** ၃၉၃
(က) ကမ္မလမ်းစဉ် ၃၉၅
(ခ) အရိယာလမ်းစဉ် ၄၀၀
**မှတ်သားဖွယ်၊ ဆင်ခြင်သုံးသပ်ဖွယ် ဗုဒ္ဓမိန့်ကြားချက်များ** ၄၂၁
**ရည်ညွှန်းစာအုပ်စာရင်း** ၄၂၅
**အက္ခရာစဉ်အညွှန်း** ၄၂၇

# ထုတ်ဝေသူ၏ အမှာစာ
# နှင့်
# ကျေးဇူးတင်စကား

ဆရာကြီး ဦးအေးမောင်၏ 'ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ (သုံးတွဲ)' သည် ၁၉၆၃ – ၆၄ – ၆၅ ခုနှစ်များအတွင်း နှစ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရပြီး ဆရာကြီးအနေဖြင့် ဗုဒ္ဓဝါဒကို ခေတ်မီမီ လေ့လာသိရှိ နားလည်လိုသူတို့အတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ပြုစုခဲ့ခြင်း ဖြစ်ပါသည်။ ဆရာကြီးသည် ဗုဒ္ဓဟောကြားသော ကာလာမသုတ်၊ စင်္ကီသုတ်၊ ဓမ္မဒါသ အစရှိသော ပိဋကတ်ဒေသနာတော်လာ ဩဝါဒများအတိုင်း လေ့လာစူးစမ်းမှုပြုကာ ခိုင်မာသော မူရင်းပိဋကတ်ကျမ်းဂန်များနှင့် နိုင်ငံခြားသုတေသီ ပညာရှင်များစွာတို့၏ ကျမ်းအသီးသီးကို မှီငြမ်းပြု၍ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒအကြောင်းကို အကျယ်တဝင့် နိုက်နိုက်ချွတ်ချွတ် ရေးသားတင်ပြခဲ့ပါသည်။ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒအပေါ် သမိုင်း၊ ဒဿန၊ ဝေါဟာရ ရှုထောင့်အမြင် ပေါင်းစုံတို့ဖြင့် စာရေးသူဆရာကြီး၏ ကြိုးပမ်းတင်ပြမှု ဆန်းသစ်တောက်ပြောင်မှုကြောင့် ဖတ်ရှုလေ့လာသူများအကြား အထူး စိတ်ဝင်စားမှု ရှိခဲ့ကြကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံ ခေတ်သစ် ဗုဒ္ဓစာပေသမိုင်းတွင် အလွန်ထူးခြားသော ကျမ်းစာတစ်စောင်ဖြစ်ကြောင်းလည်း မြန်မာပညာရှင် အချို့က သုံးသပ်ဝေဖန်တင်ပြကြပါသေးသည်။

ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒကျမ်း၏ အဓိကရည်ရွယ်ချက်မှာ သမိုင်း၌ အမှန်စင်စစ် ပေါ်ပေါက်ခဲ့သော ဗုဒ္ဓနှင့် ဗုဒ္ဓ၏ဒေသနာ အစစ်အမှန်များကို အရင်းအမြစ်ကျကျ နိုက်ထုတ်ဖော်ပြပြီး ခေတ်မီသိပ္ပံနည်းကျအမြင်ဖြင့် ရှုမြင်သုံးသပ် ကြည့်ခြင်းဖြစ်ကြောင်း မိမိတို့ ထင်မြင်မိပါသည်။ စာရေးသူ ဆရာကြီးအနေဖြင့် ၎င်းမကွယ်လွန်မီ လွန်ခဲ့

သောဆယ်နှစ်ကျော်ခန့်က ယခင် 'ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ (ပ၊ ဒု၊ တ – သုံးတွဲ)' ကို တစ်ပေါင်းတည်း တစ်အုပ်တည်းဖြစ်အောင် ပဓာနမကျလှသော အခန်းအချို့ကို ချန်လှပ်ထုတ်ပယ်ပြီး ပြင်ဆင်ဖြည့်စွက် ရေးသားခဲ့ပါသည်။ ပြင်ဆင် ဖြည့်စွက်ခဲ့သည်ဆိုသော်လည်း စာရေးသူ၏ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒအပေါ် ဒုတိယအတွေး (second thought) သဘောဆန်ဆန် မူလရှုမြင်သုံးသပ်ချက်များ ရွေ့စောင်းပြောင်းလဲသွားခြင်းမဟုတ်ဘဲ တင်ပြပုံ အပိုအလိုမရှိ ကျစ်လစ်သေသပ်စေရန်သာဖြစ်ကြောင်း သုံးသပ်ရပါသည်။ ယနေ့အထိ ထုတ်ဝေဖြန့်ချိခြင်း လုံးဝမပြုရသေးသော ပြင်ဆင် ဖြည့်စွက် ရေးသားထားသည့် 'ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ' စာမူသစ်ကို စာဖတ်သူများအတွက် အဆင်သင့်စာအုပ်အဖြစ်သို့ ယခု တင်ဆက်လိုက်နိုင်ပါပြီ။ စာရေးသူဆရာကြီးကိုယ်တိုင် ဤ 'ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ' ကျမ်းကို အင်္ဂလိပ်ဘာသာစကားဖြင့် ပြန်လည်ရေးသားထားခဲ့သော အင်္ဂလိပ်စာမူသာ မထုတ်ဝေရသေးဘဲ ကျန်ရှိနေပါသေးသည်။

စာဖတ်သူများကို အထူးအသိပေးလိုသည်မှာ ဤ 'ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ' စာမူသည် လွန်ခဲ့သော ဆယ်စုနှစ်များအလွန်က ပြုစုရေးသားခဲ့သော ကျမ်းစာဖြစ်သည့်အလျောက် အချို့အခန်းများမှ ဖော်ပြရန် မသင့်သော စာပိုဒ်တော်တော်များများကို ပယ်ထုတ်ချန်လှပ်ထားခဲ့ပါသည်။ မည်သို့ဖြစ်စေ ဖတ်ရှုလေ့လာသူများအနေဖြင့် 'ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ' ကျမ်းက ပဓာနရည်ရွယ်သော ကျောရိုး တင်ပြချက်ကိုကား မလွဲဧကန် တွေ့ထိ ဖမ်းဆုပ်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဤစာအုပ် ဖြစ်ပေါ်လာရန်အတွက် အဘက်ဘက်မှ ကူညီဝိုင်းဝန်းအားပေးကြသော ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းတောရ၊ မေဒိနီစာသင်တိုက်မှ အရှင်ကောဝိဒဓဇ၊ ဦးအောင်မွန် (မြတ်ဆုမွန်)၊ ကိုအောင်မြင့်နိုင် (အမေ့ဥယျာဉ်စာအုပ်တိုက်)၊ **Dream City** ကွန်ပျူတာစာစီလုပ်ငန်းမှ ကိုအောင်မင်း၊ မျက်နှာဖုံးဒီဇိုင်းပညာရှင် ကျော်မင်းမောင် နှင့်အတူ .... အထူးသဖြင့် ဤ 'ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ' စာအုပ် အစမှအဆုံး ပိဋကတ်အကိုးအကား၊ ပါဠိပါဌ်သားနှင့်တကွ စာလုံးပေါင်းသတ်ပုံ၊ အောက်ခြေကျမ်းညွှန်း၊ အခန်းဖွင့်ကောက်နုတ်ချက်ရွေးချယ်မှု အစရှိသော ပြင်ဆင်မွမ်းမံမှုများကို မိမိအလုပ်ကိစ္စများ မအားလပ်သည့်ကြားမှ အချိန် အရယူ၍ စိတ်ရှည်စွာ အထူးကြပ်မတ်မွမ်းမံဖြည့်စွက်ပြီး တာဝန်ယူ တည်းဖြတ် စိစစ်ပေးခဲ့သော EDP BUDDHIST LIBRARY မှ အရှင်ဓမ္မသာရအား အထူးကျေးဇူးတင်ရှိပါသည်။

**ရန်အောင်စာပေ**

# ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ ပထမအကြိမ်ထုတ်စဉ်က ကြေးမုံသတင်းစာပါ စာကြေးမုံကဏ္ဍမှ ကြီးမောင် (ငွေဥဒေါင်း) ၏ ဝေဖန်ချက်

**ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ**

စာပေဗိမာန် ဦးအေးမောင် ပြုစုသည်။

အေးအေးစာအုပ်တိုက်၊

၆၄၊ သုခရိပ်သာ လမ်း၊ ကမာရွတ်။

၆ x ၈။ မျက်နှာ ၂၆၀၊ ၄ ကျပ်ခွဲ။

ဝတ္ထုလည်း မဟုတ်၊ ကဗျာလည်း မဟုတ်၊ ပေါ့ပေါ့ပါးပါး စာမျိုးလည်းမဟုတ် ပါဘဲနှင့် ဖတ်မိသည်နှင့် တစ်ပြိုင်နက် တစ်မျက်နှာပြီး တစ်မျက်နှာ ဆွဲခေါ်သွားသော စာအုပ်ဖြစ်၏။ ဖတ်သူသည် ဘာသာရေးတွင် စိတ်ဝင်စား၍ ဘာသာရေးအခြေခံ အသင့်အတင့်ရှိထားသူ ဖြစ်ဖို့သာလိုသည်။

တစ်နည်းအားဖြင့် ဘာသာရေးလောကသို့ ဗုံးတစ်လုံး ပစ်ချလိုက်သကဲ့သို့သော စာအုပ်ဖြစ်၏။ အဘယ်ပုံ ဖြစ်ပါသနည်း။

ဘာသာရေးနှင့် ပတ်သက်၍ အစဉ်အလာနှင့် ပတ်ဝန်းကျင်ကြောင့် ကျွန်ုပ်တို့ ရဲရဲမစဉ်းစားရဲသော၊ ဘာသာရေးသမား ပရိသတ်ရှေ့တွင် ကျွန်ုပ်တို့ ရဲရဲမပြောရဲသော မိရိုးဖလာ ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်ချက်များစွာကို ရဲရဲကြီး စဉ်းစား၊ ရဲရဲကြီးဝေဖန်၍ပြသော စာအုပ်ဖြစ်၏။ စဉ်းစားဝေဖန်ရာ၌ အသားလွတ် အတွေနောမတီနည်း မဟုတ်ဘဲ ဗုဒ္ဓ၏ အရင်းအမြစ်ကျသော ဒေသနာပေါင်းများစွာနှင့် ဗုဒ္ဓစာပေဆိုင်ရာ ကမ္ဘာ့ကျမ်းပေါင်းများစွာတို့၏ အကိုးအကားဖြင့် ပြဆိုခြင်းဖြစ်သည်။ မြန်မာဘာသာဖြင့်

ဤစာအုပ်မျိုး ရေးက တစ်ကြိမ်တစ်ခါမျှ မထွက်ပေါ်ခဲ့ဘူးသေး။

အောက်ပါတို့သည် ဤစာအုပ်ပါ စိတ်ဝင်စားဖွယ် အချက်အလက်အချို့ ဖြစ်၏။

"ဗုဒ္ဓသည် ကဆုန်လပြည့်နေ့၌ ပရိနိဗ္ဗာန် မပြု။ ၁၅ နှစ် မပြည့်သေးလျှင် ရှင်မပြုရ။ ခိုင်မြဲသော အယူအဆမရှိသူသည် သူ့အယူအဆအား ဝေဖန်မှုကို ကြောက်၏။ ရှင်ဗုဒ္ဓဃောသ၏ ဖြဟ္မဏဆန်သော အမှား။ မာဂဓနှင့် ပါဠိ တစ်ခြားစီ။ မြန်မာဗုဒ္ဓဝါဒီတို့သည် ပါဠိကို လိုသည်ထက်ပို၍ အထင်ကြီးကြ၏။ အဘိဓမ္မာသည် ဘုရားဟော မဟုတ်၊ နောက်ပေါ်ကျမ်း ဖြစ်သည်။ ၅၅၀ သည် ဇာတက မဟုတ်။ သင်္ဂါယနာများသည် ထင်ရှားသော်လည်း အရေးပါလှသည် မဟုတ်၊ သုဒ္ဓေါဒနသည် ဘုရင်မဟုတ်။"

သို့ရာတွင် ယင်းသို့ ကသိကအောက်အချက်တွေချည်း ဖော်ပြထားသော ကျမ်းမဟုတ်၊ ဤအချက်များမှာ အကြောင်းဆိုက်သလို ဖော်ပြချက်များသာ ဖြစ်၍ ကျမ်း၏အဓိက ဖော်ပြချက်မှာ ဗုဒ္ဓနှင့် ဗုဒ္ဓ၏ အနုစ်သာရမဒသနာများအကြောင်းကို အရင်းအမြစ်ကျကျ ထုတ်နှုတ် ဖော်ပြခြင်းဖြစ်သည်။

'ဗုဒ္ဓဝါဒနှင့် စဉ်းစားဝေဖန်မှု'၊ 'ပါဠိပိဋကစစ်တမ်း'၊ 'ဗုဒ္ဓပေါ်မီက အိန္ဒိယအယူ ဝါဒများ' အစ ဗုဒ္ဓ၏ 'အနတ္တဝါဒ' အလယ် 'ဘဝသံသရာ' အဆုံး၊ ကဏ္ဍကြီး ၉ ခု နှင့် ကဏ္ဍငယ် ၉ ခု ပါဝင်သည်။ အမှတ် ၄ 'ဗုဒ္ဓ' ကဏ္ဍမှာ ကြည်ညိုဖွယ်အတိ ဖြစ်၏။ အနတ္တဝါဒကဏ္ဍသည် စဉ်းစားဖွယ်အတိ ဖြစ်၏။

ရေးပုံ တင်ပြပုံမှာ ပါဠိဆရာများ၏ ကျမ်းဆန်သော တင်ပြပုံမျိုး မဟုတ်၊ ခေတ်မီစကားပြေဖြင့် ဖျတ်လတ် ရှင်းလင်းသော အရေးအသား ဖြစ်သည်။ သို့ဖြစ်၍ မဂ္ဂဇင်းပရိသတ်၊ ဝတ္ထုပရိသတ် ဖတ်နိုင်သောကျမ်း ဖြစ်သည်။ စဉ်းစားကွက်များ၌ အခြေခံ အသင့်အတင့်သာ ရှိဖို့လို၏။

# ဗုဒ္ဓ နှင့် ဗုဒ္ဓဝါဒ စာအုပ် အင်တာဗျူး

## ဆရာအောင်သင်းအမေး၊ ဆရာဦးအေးမောင် အဖြေ

**သင်း**။ ။ ကဲ– ဆရာရေ၊ ဒီတစ်ခါတော့ဖြင့် **‘ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ’** စာအုပ်အကြောင်းကို လှည့်လိုက်ပါရစေတော့။

**အေး**။ ။ မေးပါ ကိုအောင်သင်း မေးပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း ပြောချင်ပါတယ်။

**သင်း**။ ။ ပထမဆုံး မေးလိုက်ချင်တဲ့ မေးခွန်းကတော့ ဆရာ ဒီစာအုပ်ကို ဘာကြောင့် ရေးခဲ့သလဲ။ ဆိုလိုတာက ဆရာရယ်၊ တစ်ယောက်ယောက်က တိုက်တွန်းလို့ ရေးခဲ့တာလား၊ ကိုယ်သဘော ကိုယ့်ဆန္ဒအရ ရေးခဲ့တာဆိုရင်လည်း ဘာကြောင့် ဒီစာအုပ်ကို ရေးချင်စိတ်ပေါက်လာခဲ့သလဲဆိုတဲ့ မေးခွန်းပါပဲ။

**အေး**။ ။ ဒီ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒစာအုပ်ကို ရေးဖို့ ဘယ်သူကမှ မတိုက်တွန်းခဲ့ပါဘူး။ မတိုက်တွန်းတဲ့ပြင် တစ်ချို့ကဆိုရင် ဒီစာအုပ်ကို မရေးဖို့တောင်မှ သတိပေးခဲ့ဖူးပါသေးတယ်။ ဒါပေမဲ့ ကျွန်တော် ရေးခဲ့တယ်။ ရေးပြီးတော့ စာရေးဆရာတစ်ယောက်ဆီကို ဖတ်ပြီး ထင်မြင်ချက်ပေးဖို့ စာမူကို ပေးလိုက်ပါတယ်။ တကတဲ ကိုအောင်သင်းရယ်၊ စာမူကို ပြန်မပေးတော့ပါဘူး။ ကျွန်တော့်ဆီမှာ မိတ္တူကျန်ရစ်ခဲ့သေးလို့ ကံကောင်းတယ်လို့ ဆိုရမှာပေါ့ ကိုအောင်သင်းရယ်။

**သင်း**။ ။ ဘာပြုလို့ ပြန်မပေးတာလဲ၊ အဲဒီစာရေးဆရာက ဒီစာအုပ်ကို မထုတ်စေချင်လို့များလား။

**အေး**။ ။ မပြောတတ်ပါဘူး။ အဲဒါကြောင့် ဖြစ်ချင်လည်း ဖြစ်မှာပေါ့။ ကျွန်တော်လည်း မေးမြန်းမနေတော့ပါဘူး။

**သင်း**။ ။ အင်း– ဒီလိုဆိုတော့ တိုက်တွန်းတဲ့သူ မရှိတဲ့အပြင် တားမြစ်တဲ့သူတွေတောင် ရှိနေခဲ့သေးတာကို။ ဒါကြောင့် ကျွန်တော်က ဘယ်လိုက ဘယ်လို ရေးချင်စိတ်ပေါက်လာခဲ့သလို ဆိုတာကို မေးတာပါဆရာ။

**အေး**။ ။ ရေးချင်စိတ်ပေါက်တာကတော့ ကျောင်းသားဘဝကတည်းကပဲ ကိုအောင်သင်းရေ။ ဒီလို– ဒီလို၊ ကျွန်တော်က အထက်တန်းကျောင်းသားဘဝကတည်းက စာလေးပေလေး ဖတ်တာကိုတော့ ဝါသနာပါတယ်။ ဒီတော့ နည်းနည်းပါးပါး စဉ်းစားဆင်ခြင်တတ်တဲ့ အချိန်ကစပြီး ပတ်ဝန်းကျင်မှာရှိတဲ့ လူအများစုရဲ့ ဘာသာရေးယုံကြည်ချက် တစ်ချို့ကို တယ်ပြီး ဘဝင်မကျခဲ့ချင်ဘူး။ ဒါနဲ့ပဲ ကောလိပ်ကိုရောက်လာတော့ အင်္ဂလန်ပြည် ဗုဒ္ဓဘာသာအသင်းက ထုတ်ဝေတဲ့ ဗုဒ္ဓဘာသာမဂ္ဂဇင်းနဲ့ ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်တွေကို ရှာပြီး လေ့လာခဲ့ပါတယ်။ အဲဒီမှာတင် ဘာကိုသွားတွေ့သလဲဆိုတော့ ကျွန်တော်တို့ ရေးမြန်မာဗုဒ္ဓစာပေမှာ မတွေ့ဖူးတဲ့ ဗုဒ္ဓဒေသနာတစ်ချို့ကိုလည်း သွားတွေ့တယ်။ နောက်ပြီး ကမ္ဘာ့အသိပညာရှင်ကြီးတွေက ဗုဒ္ဓဝါဒကို ထောက်ခံပြီး ရေးသာထားတာတွေကိုလည်း သွားပြီး တွေ့ပြန်တယ်။ အဲဒီမှာတင် ဒီစာအုပ်ကို ရေးချင်စိတ် ပြင်းပြင်းပြပြ ဖြစ်လာမိတာပါပဲ။ အဲ– ၁၉၆၂ရောက်တော့ ကျွန်တော့် ရည်မှန်းချက် ရုပ်လုံးပေါ်လာတော့တာပေါ့လေ။

**သင်း**။ ။ နားလည်ပါပြီ ဆရာ။ ကျွန်တော် ဒီမေးခွန်းကို မေးလိုက်တာက အသိပညာရှင်တစ်ယောက် ဖြစ်လာဖို့၊ စာပေပညာရှင်တစ်ယောက် ဖြစ်လာဖို့ ဘယ်လို အမိဌာန်ပြုရတယ်။ ဘယ်လောက် ကြိုပမ်းရတယ်ဆိုတာကို ကျောင်းသားလူငယ်တွေ သတိပြုမိစေချင်လို့ ဒီမေးခွန်းကို တမင်ထည့်ပြီး မေးလိုက်တာပါ ဆရာ။ နောက်ထပ်ပြီး မေးလိုက်ချင်တာက ဆရာဟာ တကယ့်ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ သိနေကြပြီးသားပါ။ ဒါပေမဲ့ ဆရာလေ့လာမှုကို ကြည့်လိုက်တော့ ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့ ရိုးစမ်းလေ့လာနည်းမျိုးမဟုတ်ဘဲ အပြင်ကလှမ်းပြီး လေ့လာနေသလိုကို ထင်ရတယ်ဆိုပါရစေတော့ ဆရာရယ်။ ဗုဒ္ဓဆိုတာ တကယ်ရှိခဲ့ဖူးသလားလို့ မရှုးစမ်းရုံတမယ်ပဲ ရှိတော့လောက်အောင်ကို လေ့လာထားတာကို တွေ့ရပါတယ်။ ကျွန်တော်ပြောလိုက်တာ လွန်သွားရင်လည်း ခွင့်လွှတ်ပေတော့ ဆရာရေ။ ဘာကြောင့် ဒီလိုဖြစ်သွားရကယ်ဆိုတာကိုလည်း သိချင်ပါတယ်ဆရာ။

**အေး**။ ။ အင်း–ကိုအောင်သင်းရဲ့ မေးခွန်းက အတော်လေးကို ရှည်ရှည်ဖြေရလိမ့်မယ်၊ ဒီတော့ တစ်ခြားအပိုင်းတွေကို မဖြေမိ ပြောချင်တာက ကိုအောင်သင်းရဲ့ မေးခွန်း ထဲမှာပါတဲ့ 'ဗုဒ္ဓဘာသာဝင်' ဆိုတဲ့ ဝေါဟာရနဲ့ ပတ်သက်ပြီး ကျွန်တော် နားလည်သလောက်ကို ရှင်းပြချင်ပါတယ်။ ဒီဝေါဟာရကို ဗုဒ္ဓဝါဒီအများစုရဲ့ အစဉ်အလာခံယူချက်မျိုးနဲ့ မဟုတ်ဘဲ ဗုဒ္ဓရဲ့ အလိုနဲ့အညီ နားလည်ရမယ်ဆိုရင် ဗုဒ္ဓဝါဒီတစ်ဦးဟာ တစ်– ဗုဒ္ဓအထူးပြု ဟောကြားခဲ့တဲ့ တရားတွေ (ဥပမာအားဖြင့် သစ္စာလေးပါး၊

မဂ္ဂင်ရှစ်ပါး ဆိုတာမျိုးတွေကို) စူးစမ်းလေ့လာခြင်း၊ နှစ်- ကျေကျေညက်ညက် နားလည်ခြင်းနဲ့ သုံး- လိုက်နာကျင့်သုံးခြင်းဆိုတဲ့ အင်္ဂါသုံးပါးနဲ့ ပြည့်စုံရပါမယ်။

ဒီနေရာမှာ တစ်ဆက်တည်း ပြောလိုက်ချင်တာက စူးစမ်းလေ့လာရမယ်ဆိုတာ ဗုဒ္ဓက အတော်ကြီးကို အလေးအနက်ထားပြီး ဟောကြားခဲ့တယ်ဆိုတာ လူတိုင်းသိကြပါတယ်။ ကိုအောင်သင်းရေ၊ ခဏလေးရပ်ပြီး စဉ်းစားကြည့်လိုက်စမ်းပါ။ စူးစမ်းတယ်လို့ ဆိုလိုက်ကတည်းက သိချင်လို့ မဟုတ်လား။ သိပြီးသားကိစ္စကို ဘယ်သူက စူးစမ်းနေတော့မှာလဲ။ သိချင်လို့သာ စူးစမ်းတာပဲ မဟုတ်လား။ သိချင်တယ်ဆိုကတည်းက သို့လော၊ သို့လော ဖြစ်လို့ မဟုတ်လား။ သို့လော သို့လော ဆိုတာဟာ သံသယပဲ မဟုတ်လား ကိုအောင်သင်း။ မရယ်နဲ့လေ- ကိုအောင်သင်း၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလား။

**သင်း**။ ။ ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်ရယ်တာက တစ်ဆင့်ပြီး တစ်ဆင့် ဆရာရဲ့ ကောက်ချက်တွေ တက်တက်သွားတာကို သဘောကျလွန်းလို့ ရယ်လိုက်တာပါ။ ဟုတ်ပါတယ်ဆရာ သံသယပေါ့။ ကဲ- ဆက်ပါဦး ဆရာ။

**အေး**။ ။ စူးစမ်းတယ်ဆိုတာ သံသယစိတ်ကြောင့် ပေါ်လာရတာချည်းပဲပေါ့။ သို့သော်လည်း နေရာတကာမှာ သံသယစိတ် လွန်ကဲနေပြန်ရင်လည်း အသိပညာတိုးပွားမှု မရှိနိုင်တော့ဘူး။ ဒါကြောင့် **အသိပညာရှာတဲ့အခါမှာ သံသယစိတ် လွန်ကဲမှုနဲ့ မျက်စိမှိတ် ယုံကြည်မှုဆိုတဲ့ အစွန်းနှစ်ခုကို ရှောင်ပြီး အလယ်လမ်းကို လိုက်ဖို့လိုပါတယ်။**

ဒီတော့ ကိုအောင်သင်းရဲ့ မေးခွန်းကို ဆက်ပြီးဖြေရမယ်ဆိုရင် ကမ္ဘာ့သမိုင်းမှာ ဗုဒ္ဓဟာ ထင်ရှားစေကန်ရှိခဲ့ပါရဲ့လားဆိုတဲ့ သံသယမျိုး ကျွန်တော့်မှာ ဘယ်သောအခါကမှ မပေါ်ပေါက်ခဲ့ဖူးပါဘူး။ ဒါပေမဲ့ ကိုအောင်သင်းရေ- ဗုဒ္ဓဝါဒကို ဟိုရှေးဦးလက်မွန်စပြီး လေ့လာခဲ့ကြတဲ့ အနောက်တိုင်းပညာရှင်တွေမှာတော့ဖြင့် အဲဒီ သံသယမျိုး ဖြစ်ခဲ့ကြဖူးသေးတယ်နော်။ သေချာစဉ်းစားကြည့်လိုက်ပြန်တော့လည်း အဲဒီလို ဖြစ်ခဲ့ကြတာ သိပ်တော့ မထူးဆန်းလှဘူး ကိုအောင်သင်းရဲ့။ ဒီတုန်းက သူတို့ဆီမှာ ပါဠိဘာသာ လေ့လာမှုက မရှိသေးဘူး။ သက္ကတစာပေ လေ့လာမှုသာ ရှိသေးတာ။ ဒီတော့ သက္ကတစာပေမှာ တွေ့ရတဲ့ 'မဟာယာန' ဗုဒ္ဓဝင်ကိုသာ သိခွင့်ရကြတာပေါ့။ သက္ကတစာပေမှာပါတဲ့ ဗုဒ္ဓဝင်ဆိုတာကလည်း ဗုဒ္ဓရဲ့ တန်ခိုးပြမှုတွေနဲ့ ဖောင်းပွပြီး ဗုဒ္ဓကို စကြဝဠာအရှင် ထာဝရဘုရားသခင်လို ဖြစ်အောင် တင်ပြထားလေတော့ အနောက်တိုင်း ဗုဒ္ဓသုတေသီတွေရဲ့ စိတ်ထဲမှာ သို့လော သို့လောဆိုတဲ့ သံသယတွေ ပေါ်ခဲ့ရတာပေါ့။ အခုတော့ဖြင့် ဗုဒ္ဓအကြောင်း သုတေသနပြုမှုတွေက အခြေခံနိုင်မာလာပြီဖြစ်တဲ့အတွက် ဒီလို သံသယမျိုး (အဲ- ဗုဒ္ဓဆိုတာ တကယ်ရှိခဲ့ဖူးသလားဆိုတဲ့ သံသယမျိုး) ရှိတဲ့ အနောက်တိုင်းပညာရှင် သုတေသီရယ်လို့ မရှိတော့ပါဘူး။

ဒါပေမဲ့ တစ်ခုတော့ ရှိတယ်။ ကိုအောင်သင်းရေ– သက်တော်ထင်ရှား ရှိစဉ်က ဗုဒ္ဓကို သူတို့ရှုမြင်ပုံနဲ့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေ ရှုမြင်ပုံမှာ မတူတဲ့ ကွာဟချက်တစ်ခုတော့ တွေ့ရတယ်။

**သင်း**။ ။ ဆိုစမ်းပါဦးဆရာ။ ကျွန်တော်တို့က ဆရာ့ဆီက အဲဒီလိုဟာမျိုးလေးတွေကို ကြားချင်တာပါ။

**အေး**။ ။ သူတို့ရဲ့ ထင်မြင်ချက်ကို ကျွန်တော်ရဲ့ စာအုပ်ထဲမှာလည်း အတော်လေး စုံစုံစေ့စေ့ ရေးခဲ့ပြီးဖြစ်ပါတယ်။ ကိုအောင်သင်းလည်း တွေ့မှာပေါ့။ ဒီလိုလေ– ဗုဒ္ဓရှိစဉ်အခါက 'ဗုဒ္ဓ' ဆိုတဲ့ ဝေါဟာရမရှိဘဲ 'ဘဂဝါ' ဆိုတဲ့ စကားကိုပဲ သုံးစွဲခဲ့ကြတယ်။ 'ဗုဒ္ဓ' ဆိုတဲ့ စကားလုံးဟာ ထိပ်တန်းပညာရှိ သူတော်သူမြတ်တွေကိုသာ ညွှန်းခြင်းဖြစ်တယ်။ ဗုဒ္ဓခေတ်မတိုင်မီ ပွင့်ခဲ့တဲ့ ဗုဒ္ဓအဆူဆူဆိုတာကတော့ ရှေးခေတ်အဆက်ဆက်က ရှိခဲ့ဖူးတဲ့ ပညာရှိသူတော်စင်များကိုသာ ရည်ညွှန်းခြင်း ဖြစ်တယ်လို့ ဆိုကြတယ်။

ရှေးအစဉ်အလာ ဗုဒ္ဓစာပေနယ်ထဲက မထွက်လိုတဲ့၊ မထွက်နိုင်တဲ့ ဗုဒ္ဓဝါဒီတစ်ယောက်အနေနဲ့ ဒီအဆိုကို လက်ခံဖို့ မလွယ်ပေမဲ့ ကမ္ဘာ့အသိပညာနယ်ပယ်ထဲမှာ ကျင်လည် နှံ့စပ်ချင်တဲ့ လူတစ်ယောက်အဖို့တော့ အတော်လေး ဆင်ခြင်သုံးသပ်ဖို့ကောင်းတဲ့အချက်ပဲလို့ ကျွန်တော် ထင်မိတယ်။

ဆိုကြပါစို့ ကိုအောင်သင်းရယ်၊ ဥပမာ– သိပ္ပံပညာရှင်တစ်ဦးဟာ ပြဿနာတစ်ရပ်ကို လေ့လာစူးစမ်းတယ်၊ နောက်တော့ အဖြေကိုတွေ့ရှိသွားတယ်။ အဲဒီ အဖြေတွေ့ရှိချက်ဟာ သူ့တစ်ယောက်တည်းရဲ့ ဦးနှောက်ထဲက လုံးခနဲ ခဲခနဲ ထွက်လာတာမှ မဟုတ်ပဲ။ သူ့အရင်က သိပ္ပံပညာရှင်တွေရဲ့ တွေ့ရှိချက်တွေနဲ့ တစ်နည်းမဟုတ်တစ်နည်း တစ်စိတ်တစ်ဒေသအားဖြင့် ဆက်သွယ်နေမှာပဲ မဟုတ်လား။

**သင်း**။ ။ ဟုတ်တာပေါ့ဆရာ၊ အိုင်စတိုင်းရဲ့ တွေ့ရှိချက်ဟာ နျူတန်ရဲ့ တွေ့ရှိချက်၊ ဂယ်လီလီယိုရဲ့ တွေ့ရှိချက်တွေနဲ့ ဆက်စပ်ချင် ဆက်စပ်နေမှာပေါ့။

**အေး**။ ။ အဲဒီလိုပဲ တစ်ခြားအသိပညာနယ်ပယ်၊ အတတ်ပညာနယ်ပယ်တွေမှာလည်း အသိပညာတိုးတက်မှုဟာ အဲဒီလိုပဲ တစ်ဆင့်ပြီးတစ်ဆင့် တက်ခဲ့ရတာဟာ ဓမ္မတာပါပဲ။ ဒီလိုပဲ (ကိုအောင်သင် လည်း သိပြီးဖြစ်မှာပါ။) ကမ္မဝါဒ၊ ဘဝသံသရာ၊ ဈာန်တရား၊ ဒုက္ခသစ္စာ အစရှိတဲ့ အချို့သော ဗုဒ္ဓတရားတွေဟာ ဗုဒ္ဓမပေါ်မီကတည်းက ရှေးအိန္ဒိယပြည်မှာ ရှိခဲ့ပြီး တရားတွေကို ။ ဒီလိုပါပဲ။ လောကမှာ ရှိရှိသမျှ သင်္ခါရဓမ္မတွေနဲ့ တစ်ခြားဟာတွေအား လုံးဟာ အကြောင်းနဲ့ အသစ်နဲ့ ဒွန်တွဲနေကြတာချည်းပါပဲ။ ဗုဒ္ဓဝါဒဟာ အဲဒီလို ရှိခဲ့ပြီးသားဖြစ်တဲ့ အယူဝါဒတွေနဲ့ ထွေးရောယှက်တင် ဖြစ်နေတဲ့အတွက်ကြောင့် 'ဗုဒ္ဓရဲ့ ပညာဂုဏ်' ဟာ တစ်ပြားသားမျှ နိမ့်ကျသွားတယ်လို့ ကျွန်တော်ဖြင့် မထင်မိဘူး။ ဗုဒ္ဓက ရှေးဆရာတွေရဲ့ တရားတွေကို အကြွင်းမဲ့ လက်ခံ

ခဲ့တာမှ မဟုတ်ပဲ။ ရှေးဆရာတွေရဲ့ ကမ္မဝါဒတွေဟာ ဗုဒ္ဓဒေသနာတွေ မှာ သိသိသာသာကြီး ပြောင်းလဲသွားပုံကို ရှေ့ပိုင်းမှာ ကျွန်တော် ကိုအောင်သင်း ကို ပြောခဲ့သေးသားပဲ မဟုတ်လား။

ဒီနေရာမှာ ပြောလိုက်ရဦးမယ် ကိုအောင်သင်းရေ။ ဗုဒ္ဓရဲ့ ဂုဏ်တော်တစ်ပါးမှာ အပါအဝင်ဖြစ်တဲ့ 'ပညာဂုဏ်' ဆိုတာကို ကျွန်တော်တို့ ခြေခြေမြစ်မြစ် လေးလေးနက်နက် နားလည်ဖို့ လိုအပ်တယ်လို့ ကျွန်တော် ထင်မိတယ်။ ဗုဒ္ဓဒေသနာအရ ပညာဟာ ဗုဒ္ဓလမ်းစဉ်မှာ အမြတ်ဆုံးတရား ဖြစ်တယ်။ အဓိပ္ပာယ်အားဖြင့် အလွန်နက်နဲ ကျယ်ပြောပါတယ်။ သိသင့်သိအပ်တဲ့ အမှန်တရားအားလုံးကို သိမြင်ခြင်း၊ သိမြင်တဲ့ အတိုင်း ကျင့်ကြံနေထိုင်ခြင်းထိအောင် အကျုံးဝင်နေတယ် ကိုအောင်သင်းရဲ့။ ဒီ 'ပညာ' က ဦးဆောင်နေတဲ့ ဗုဒ္ဓရဲ့ အကျင့်သီလဟာ ဗုဒ္ဓရဲ့ ဘဝဖြစ်စဉ်မှာ ထင်ရှားနေတာကြောင့်လည်း ဗုဒ္ဓက "ငါဘုရားကို မြင်သောသူသည် ငါ့တရားကို မြင်၏။ ငါ့တရားကို မြင်သောသူသည် ငါဘုရားကို မြင်၏" လို့ မိန့်ကြားခဲ့တယ် မဟုတ်လား ကိုအောင်သင်းရဲ့။

**သင်း။** ။ နားလည်ပါပြီ ဆရာ၊ ပညာဆိုတာဟာ အမှန်ကို သိရုံသာလျှင်မက အမှန်ကို လိုက်နာကျင့်သုံးနိုင်တဲ့ စိတ်ဓာတ်၊ ကျင့်သုံးချင်တဲ့ စိတ်နှလုံးရှိပါမှ ပြည့်စုံတယ်လို့ ဆိုရမှာပေါ့။ ဟုတ်တယ်ဆရာ၊ ကျွန်တော်တို့ မြန်မာလူမျိုးတို့ရဲ့ ခံယူချက်မှာ ပညာရှိဆိုတာဟာ သိနားလည်ရုံသာ မဟုတ်ဘဲ အကျင့်ပါ ဖြူစင်တဲ့သဘောကို ဆောင်နေတယ်လို့ ကျွန်တော် နားလည်မိပါတယ်။

**အေး။** ။ ဗုဒ္ဓရဲ့ စိတ်နှလုံး ယဉ်ကျေးသိမ်မွေ့မှု၊ စိတ်ဓာတ်မြင့်မြတ်မှု၊ သူတစ်ပါးကို ကြင်နာသနားတတ်မှု၊ အမှားကို ခွင့်လွှတ်တတ်မှု စတဲ့ ကြည်ညိုဖွယ်ရာ စရိုက်လက္ခဏာတော်တွေဟာ သူ့ခေတ်က လူတွေရဲ့စိတ်နှလုံးမှာ ထင်းထင်းကြီးဖြစ်အောင်ကိုပဲ စွဲပြီး ကျန်ရစ်ခဲ့တယ်။ အဲဒါကြောင့် ဗုဒ္ဓနဲ့ ခေတ်ပြိုင် သို့မဟုတ် သူ့အရင်မတိုင်မီက ပေါ်ပေါက်ခဲ့တဲ့ အိန္ဒိယဘာသာရေး ခေါင်းဆောင်တွေရဲ့ အမည်တွေဟာ မှေးမှိန်ပျောက်ကွယ်သွားသော်လည်း ဗုဒ္ဓရဲ့ အမည်ကတော့ ဒီနေ့တိုင်အောင် ထင်ရှားကျန်ရစ်ခဲ့တာဖြစ်တယ်လို့ အနောက်နိုင်ငံ ဗုဒ္ဓဘာသာသုတေသီပညာရှင်တွေက မှတ်ချက်ချခဲ့ကြတယ်။ အဲဒီမှတ်ချက်ကို ကျွန်တော်ဖြင့် သံသယမရှိ လက်ခံမိပါတယ်။ ဘာကြောင့်လဲဆိုတော့ အနောက်တိုင်း ဗုဒ္ဓဘာသာဆိုင်ရာ ပညာရှင်တွေထဲမှာ ဗုဒ္ဓဟောခဲ့တဲ့ တချို့ တရားတွေကို နှစ်သက်လက်ခံခြင်း မပြုနိုင်တဲ့ ပညာရှင်အချို့ကတောင် ဗုဒ္ဓရဲ့ စိတ်ဓာတ်မြင့်မြတ်မှုကိုတော့ တလေးတစား ဝန်ခံပြီး ကြည်ညိုကြပါတယ်။

**သင်း။** ။ နောက်တစ်ခု မေးချင်တာက ဆရာကိုးကားလိုက်တဲ့ ကျမ်းတွေထဲမှာ အနောက်နိုင်ငံက ကျမ်းတွေ အတော်များများကြီးကို တွေ့ရပါတယ်။ ဆရာက သူတို့ကို အတော်ပဲ လေးလေးစားစား ကိုးကားထားတယ်လို့ ထင်မိကြပါတယ်။ ဘယ်

လို အရည်အသွေးတွေကြောင့် လေးစားပါသလဲ။ ဒီမေးခွန်းကို မေးလိုက်ရတာက ကျွန်တော်တို့ဆီက စာသမားလူငယ်တွေ သတိပြုသင့်တဲ့အချက်တွေ ထွက်လာစေချင်လို့ မေးလိုက်ရတာပါပဲဆရာ။

**အေး**။ ။ ကိုအောင်သင်းရေ၊ အဲဒီလိုမေးလိုက်မယ်ဆိုရင်တော့ ကျွန်တော်က အတော်များများလေးကို ပြန်ပြီး ပြောရတော့မယ်။ ပထမအချက်က ဗုဒ္ဓတရားတွေကို တင်ပြရာမှာ အနောက်တိုင်း ဗုဒ္ဓကျမ်းစာပေတွေကို ကျွန်တော် အများကြီး မကိုးကားဘူး။ စာအုပ်ရဲ့နိဒါန်းမှာ ကျွန်တော်ရေးလိုက်တဲ့အတိုင်း ဆဋ္ဌသင်္ဂါယနာတင် မြန်မာပြန်သုတ္တန်နဲ့ ဝိနည်းပိဋကတ်ကိုသာ အများဆုံး ကိုးကားပြီး ရေးသားခဲ့ပါတယ်။ နောက်ပြီး အဲဒီ ကောက်နုတ်ချက်တွေကိုလည်း သက်ဆိုင်ရာ နိကာယ်သုတ္တန်အမည်နဲ့ တကွ တိတိကျကျ ဖော်ပြထားခဲ့ပါတယ်။ နောက်ပြီး အနောက်တိုင်း ဗုဒ္ဓကျမ်းပြုဆရာတွေဟာလည်း စင်စစ်အားဖြင့် အဲဒီ နိကာယ်ငါးကျမ်းကိုပဲ မှီငြမ်းပြုပြီး ရေးသားခဲ့ကြတာပါပဲ။

သူတို့စာအုပ်တွေကို ကျွန်တော် မကိုးကားဘူး မဟုတ်ပါဘူး။ ကိုးကားခဲ့ပါတတ်။ အဲဒါတွေက ဗုဒ္ဓမပေါ်မီက အိန္ဒိယပြည်ရဲ့ အခြေအနေ၊ အထူးသဖြင့် ဘာသာအယူဝါဒ၊ ဘာသာရေးအတွေးအခေါ်၊ လူနေမှုစနစ်ဆိုင်ရာ ကိစ္စတွေသာ ဖြစ်ပါတယ်။ အဲဒါမျိုးတွေကို မြန်မာဗုဒ္ဓဘာသာစာပေမှာ မတွေ့ရဘူး။ ဒါပေမဲ့ ကိုအောင်သင်းရယ် ဗုဒ္ဓဝါဒစာပေကို ရေးတော့မယ်ဆိုရင် အဲဒါတွေကို ချန်ပစ်ခဲ့ဖို့လည်း မသင့်ဘူး မဟုတ်လား။ ဒါကြောင့် ကိုးကားရတာပါ။ နောက်ပြီး ကိုးကားရတဲ့အကြောင်း နောက်တစ်ချက် ရှိပါသေးတယ်။ အဲဒါကတော့ ဗုဒ္ဓဝါဒနဲ့ ကိုက်ညီနေဟဲ့ သူတို့ဆီက ပညာရှင်ပုဂ္ဂိုလ်ကျော်ကြီးတွေရဲ့ အရေးအသားမျိုးတွေကို တင်ပြချင်လို့ပါပဲ။ သူတို့ရည်ညွှန်းတဲ့ စာအုပ်စာတမ်းတွေကို ကိုယ်က လက်လှမ်းမမီလေတော့ သူတို့ ကောက်နုတ်ဖော်ပြထားတာတွေလောက်ကိုပဲ ကျွန်တော်က ကိုးကားနိုင်တော့တာပေါ့လေ။ ကျွန်တော် ဒီစာအုပ်ကို ရေးခဲ့တာမှာ အဲဒီနှစ်ချက်ကလွဲလို့ အနောက်နိုင်ငံ ကျမ်းပြုဆရာတွေဆီက တစ်ခြား အထောက်အကူ ပြောပလောက်အောင် ဘာမှ မရခဲ့ပါဘူး။ တစ်နည်း ပြောလိုက်ရမယ်ဆိုရင် သူတို့ကို သိပ်အထင်ကြီးလောက်စရာ မတွေ့ရပါဘူး။ ဗုဒ္ဓဘာသာဝင်အများစုရဲ့ အစဉ်အလာ ယုံကြည်ချက်နဲ့ ဆန့်ကျင်နေတဲ့ ကမ္မဝါဒ၊ ဘဝသံသရာ၊ ရဟန္တာဆိုင်ရာ ဗုဒ္ဓဒေသနာတွေကို သူတို့စာအုပ်တွေထဲမှာ တစ်ခါမှ ကျွန်တော် မတွေ့ခဲ့မိဘူး။

သူတို့လေ့လာမှုမှာ ကြီးမားတဲ့ ကစ်ခြားဟာကွက်ကြီးတစ်ခုကတော့ ဗုဒ္ဓလက်ထက်က ရဟန်းသံဃာအကြောင်းကို လျစ်လျူရှုထားခြင်းပါပဲ။ **ဗုဒ္ဓအလိုတော်ကျ ရဟန်းသံဃာရဲ့ အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံကို မီးမောင်းထိုးပြထားတဲ့ ဝိနည်း ပိဋကတ်ဟာ သိပ်စိတ်ဝင်စားဖို့ကောင်းတယ် ကိုအောင်သင်းရဲ့။ ရဟန်းသံဃာတော်တို့ရဲ့ ဒီမိုကရေစီ**

**ကျင့်သုံးမှု၊ လွတ်လပ်ပြီး တစ်သွေးတစ်မိန့်ဆိုတာမျိုး မရှိမှု၊ ရဟန်းနဲ့ လူတို့ရဲ့ တရားနဲ့အညီ အချင်းချင်း ဆက်ဆံမှု၊ ဗုဒ္ဓရဲ့ အံ့မခန်း စိတ်ဓာတ်မြင့်မြတ်မှု စသည်အားဖြင့် မှတ်သားကြည်ညိုစရာတွေ တစ်ပုံကြီးပါလာတယ် ကိုအောင်သင်းရဲ့။**

ဒီနေရာမှာ စကားအလျဉ်းသင့်လာလို့ တစ်ဆက်တည်း ပြောလိုက်ရဦးမယ်။ သူတို့ အနောက်တိုင်းက ဗုဒ္ဓကျမ်းပြုဆရာတွေကို အတိုင်းထက်အလွန် အထင်ကြီးဖို့ မလိုသလိုပဲ သူတို့ဆီက ဗုဒ္ဓဘာသာဝင်တွေကိုလည်း သိပ်ပြီး အထင်ကြီးဖို့ မလိုပါဘူး။ သူတို့အများစုဟာလည်း မြန်မာဗုဒ္ဓဝါဒီတွေလိုပဲ အင်္ဂလိပ်ဘာသာပြန် ပိဋကတ်စာပေကို ဖတ်ဖူးကြဟန်မတူဘူး။ သူတို့ဆီက ဗုဒ္ဓစာပေ ပညာရှင်တစ်ဦးက ဗုဒ္ဓဝါဒဟာ အနောက်တိုင်းသားတွေရဲ့ စိတ်နေစရိုက်နဲ့ သဟဇာတ မဖြစ်ဘူးလို့ ရေးခဲ့ဖူးတယ်။ သူရေးတာ မှန်ကောင်း မှန်နိုင်တယ်။ လန်ဒန် ဗုဒ္ဓဘာသာအသင်းရဲ့ ဥက္ကဋ္ဌနဲ့ အခြားအထင်ကရ ဗုဒ္ဓဘာသာဝင် အင်္ဂလိပ်လူမျိုးတွေရဲ့ ကမ္မဝါဒနဲ့ ဘဝသံသရာ ယုံကြည်ချက်တွေဟာလည်း မြန်မာဗုဒ္ဓဝါဒီအများစုရဲ့ ယုံကြည်ချက်နဲ့ ဘာမှ မခြားလှပါဘူး။

သူတို့လူထုရဲ့ စရိုက်ကြမ်းပုံကိုတော့ ကိုအောင်သင်းလည်း တွေ့လိုက်ပါလိမ့်မယ်။ အခု အောက်တိုဘာလထဲမှာကိုပဲ သတင်းနှစ်ပုဒ်ကို ဖတ်လိုက်ရတယ်။ ဆွစ်ဇာလန်နိုင်ငံမှာ ဘာသာရေးဂိုဏ်းတစ်ခုရဲ့ ခေါင်းဆောင်တွေက သတ်လို့ပဲလား၊ ကိုယ့်ကိုယ်ကို သတ်သေကြလို့ပဲလား မသိဘူး။ လူလေးဆယ်ကျော်လောက်ဟာ ကြောက်မက်ဖွယ်ရာ အသေဆိုးနဲ့ သေကြရတယ်လို့ ဆိုတယ်။ နောက်တစ်ခုကတော့ စပိန်နိုင်ငံမှာ လူတစ်ယောက်က နွားသိုးခုနစ်ကောင်ကို ပွဲကြီးခင်းပြီး သတ်ပြတာ အမျိုးသမီးပေါင်း များစွာ လာရောက်ကြည့်ရှု အားပေးကြသတဲ့။ အာရှနိုင်ငံသားတွေရဲ့ ဗီဇစရိုက်ဟာ အနောက်နိုင်ငံသားတွေနဲ့ စာလိုက်ရင် ဗုဒ္ဓဝါဒနဲ့ ပိုပြီး နီးစပ်သလားလို့ အောက်မေ့တယ်။

ဒါပေမဲ့ ဒီနေရာမှာ ဗုဒ္ဓက "ငါဘုရား၏ တရားကို ကြားနာရသော်လည်း အချို့ပုဂ္ဂိုလ်တို့သည် အကျွတ်တရား ရကြမည်မဟုတ်။ အချို့ ပုဂ္ဂိုလ်များမှကား ငါဘုရား၏ တရားကို မကြားနာရသော်လည်း အကျွတ်တရား ရကြလိမ့်မည်" လို့ ဟောကြားထားတဲ့ ဒေသနာကို ကျွန်တော်တို့ မမေ့သင့်ဘူး။ အဲဒီ ဒေသနာထဲမှာ ဗုဒ္ဓမိန့်ကြားခဲ့တဲ့အတိုင်းပဲ ဗုဒ္ဓရဲ့ ဒေသနာတွေကို မကြားနာဖူး၊ မလေ့လာဖူးပါဘဲနဲ့ကို မိမိတို့ စိန္တာမယဉာဏ်စွမ်းနဲ့ အမှန်တရားကို သိမြင်သွားခဲ့ကြတဲ့ အနောက်နိုင်ငံသားတွေလည်း ရှိတာပါပဲ။ ဥပမာ– ကိုအောင်သင်းရယ်၊ ဂျာမန်ဒဿနဆရာကြီး 'ရှိုပင်ဟွာ' ဆိုလို့ရှိရင် လူတွေကို တဏှာလောဘက စိုးမိုးနေတဲ့အတွက် လူ့ဘုံကြီးဟာ ဒုက္ခဘုံကြီး ဖြစ်နေပုံကို အထောက်အထားများစွာနဲ့ အလေးအနက် တင်ပြခဲ့ပြီးတဲ့နောက်မှာ ကမ္ဘာကျော် အသိပညာရှင်ကြီး ဖြစ်သွားခဲ့တာပဲ ကိုအောင်သင်းရဲ့။ သူ့တင်ပြချက်တွေကလည်း ကျွန်တော်တို့ ရေးရိုးအစဉ်အလာ ခံယူချက်တွေနဲ့ မတူဘူး။ တကယ် လေးနက်

ပြီး သေသေချာချာ စဉ်းစားကြဖို့ကောင်းတဲ့အချက်တွေမို့ သူတို့လို အနောက်တိုင်း အသိပညာရှင်တွေကို ကျွန်တော့်စာအုပ်တွေထဲမှာ တတ်နိုင်သမျှ ကိုးကားထည့်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။

**သင်း**။ ။ နားလည်ပါပြီ ဆရာ။ တကယ်ဆိုတော့ ဆရာက ဗုဒ္ဓဝါဒနဲ့ ပတ်သက်လာရင် ကျွန်တော်တို့ဆီက တကယ့်ပညာကျော် ဆရာတော်ကြီးများ ကြပ်မပြီး လုပ်ဆောင်ခဲ့တဲ့ သံဂါယနာတင် ပိဋကတ်မြန်မာပြန်ကိုသာ အလေးထားပြီး ပြုစုခဲ့တယ်။ ပြီးတော့မှ **စာဖတ်သူတွေအဖို့ အပြန့်ကျယ်စွာ စဉ်းစားနိုင်ကြအောင်သာလျှင် ကမ္ဘာ့အသိပညာရှင်တွေရဲ့ အဆိုအမိန့်တွေ၊ သုတေသနပြုချက်တွေ၊ ထင်မြင်ချက်တွေကို ထည့်သွင်းခဲ့တယ်ဆိုတာ ပေါ်လွင်နေပါပြီ။ နောက်ပြီး ဆရာက ဗုဒ္ဓဝါဒကို တကယ်တမ်း လေ့လာတော့မည်ဆိုရင် ပိဋကတ်မြန်မာပြန်ကို သေချာလေ့လာသင့်ကြောင်း သတိပေးလိုက်သလိုပါပဲဆရာ။**

ကဲ– ဆရာရေ၊ ကျွန်တော်လည်း ဆက်ပြီး မေးချင်တာတွေကတော့ အများကြီးပါပဲ။ ဒါပေမဲ့ မမေးချင်တော့တဲ့အကြောင်းတွေကလည်း အများကြီးပဲ။

**အေး**။ ။ ဟုတ်ပါ့– ကိုအောင်သင်းရေ၊ ကိုအောင်သင်း မေးလာရင်တောင်မှ ကျွန်တော်ကလည်း မဖြေချင်တဲ့အကြောင်းတွေက အများကြီးပဲ။

**သင်း**။ ။ ဒီတော့ အခွင့်သာရင်တော့ ကျွန်တော် လာခဲ့ပါရစေဦး၊ ဆရာ့ကိုသာ ကျန်းကျန်းမာမာ အသက်ရှည်ပါစေလို့ ဆုတောင်းခဲ့ပါတယ်။

**အေး**။ ။ ကဲ– ကိုအောင်သင်း ပေးတဲ့ဆုအတိုင်း ပြည့်ပြီး စောင့်နေပါရစေဗျား။

– **ဆရာအောင်သင်း၏ 'အင်တာဗျူး'** စာအုပ်၊
(ရန်ကုန်။ ရောဝတီစာပေ၊ ၁၉၉၇) မှ
**သူ့ပညာကဏ္ဍ**၊ စာ–၅၇ မှ ၆၈ အထိ။

### ပြင်ဆင်ရေးသားထားသော

# ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ

### ကျမ်းဦးစကား

ဤစာအုပ်ကို ၁၉၆၃–၆၄ ခုနှစ်များ အတွင်းက နှစ်ကြိမ်ပုံနှိပ် ထုတ်ဝေခဲ့ပါသည်။ ထိုမှနောက်၌ ပိဋကတ်စာပေကို ထပ်မံလေ့လာရာမှ တွေ့ရှိသော ဗုဒ္ဓဒေသနာများမှာ လူသိနည်း၍ သိမှတ်ဖွယ်ကောင်းသော်လည်း စာအုပ်ရေးသားပြုစုစဉ်က သတိမမူမိသော ဒေသနာများ ဖြစ်နေပါသည်။ မြန်မာဗုဒ္ဓဝါဒီများ ဖတ်ရှုရခဲ၊ ကြားနာရခဲသော ထိုသိမှတ်ဖွယ်၊ ဆင်ခြင်သုံးသပ်ဖွယ် သုတ္တန်ဒေသနာများကို ယခုစာအုပ်၌ ဖော်ပြထားပါသည်။

မူလစာအုပ်မှာ သုံးတွဲရှိ၍ ယခုစာအုပ်ကို တစ်တွဲတည်းဖြင့် အပြီးအပြတ် ရေးသားထားပါသည်။ ဗုဒ္ဓဝါဒနှင့်ယှဉ်၍ လေ့လာရန် မူလစာအုပ် တတိယတွဲ၌ ပါရှိသော သုတဆောင်းပါးများကို ချန်လှပ်ထားပါသည်။ ဗုဒ္ဓဝါဒကို ခေတ်ပညာ မျက်စိဖြင့် ရှုမြင်သုံးသပ်ရာ၌ အထောက်အကူပြုမည့် အချို့စာအုပ်များ (ဥပမာ 'သေသည်၏ အခြားမဲ့၌' 'လူ့စိတ်သဘာဝ')ကို ကျွန်ုပ် ရေးသားခဲ့ပြီးဖြစ်၍ စိတ်ဝင်စားသောသူများ ထိုစာအုပ်များကို ဖတ်ရှုလေ့လာကြရန် ဖြစ်ပါသည်။

မူလစာအုပ်မှ ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ လေ့လာ၌ များစွာအရေးမပါသော အချို့အခန်းများကိုလည်း ချန်လှပ်ထားပါသည်။ အချို့အခန်းများကိုမူ တင်ပြရာ၌ အပိုအလိုမရှိမှုကို ရှေးရှု၍ ပြင်ဆင်ရေးသားထားပါသည်။ 'ဗုဒ္ဓ' 'နိဗ္ဗာန်' စသော အချို့အခန်းများမှာမူ ပြင်ဆင်ပြောင်းလဲမှု မရှိသည့်အပြင် တိုးချဲ့ရေးသား၍ မူလစာအုပ်ပါ အခန်းများထက် ရှည်လျားပါသည်။ ဗြဟ္မဝိဟာရတရား လေးပါးနှင့် ကမ္မလမ်းစဉ်၊ အရိယာလမ်းစဉ် အခန်းများမှာ မူလစာအုပ်၌ မပါရှိသော အခန်းများဖြစ်ပါသည်။

[illegible]အောင်စာပေ

'ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ' ရေးသားရာ၌ ဦးတည်ချက်ငါးခုကို ယခု ထပ်မံဖော်ပြပါအံ့။

(၁) ခိုင်မာသော ပါဠိပိဋကတ်ကျမ်းများကို မှီငြမ်းပြု၍ ရေးသားရန်၊ ကိုးကားသော ဒေသနာများကို မြန်မာစကားပြေဖြင့် ရှင်းရှင်းဖော်ပြ၍ ဆိုင်ရာသုတ္တန်များကို ညွှန်ပြရန်။

(၂) အနောက်နိုင်ငံ ဗုဒ္ဓစာပေ သုတေသီပညာရှင်တို့၏ စာအုပ်များမှ ဗုဒ္ဓဝါဒီတို့ သိသင့်သိအပ်သော အချက်များကို ဖော်ပြရန်။

(၃) ပိဋကတ်နှင့် အနောက်တိုင်းပညာရှင်တို့၏ ကျမ်းများကို မှီငြမ်းပြုရာ၌ ဗုဒ္ဓသြဝါဒနှင့်အညီ ဆန္ဒစွဲဝါဒစွဲ ဆရာစွဲ ကျမ်းဂန်စွဲမရှိဘဲ ခွဲခြားစိစစ်၍ လက်ခံမှီငြမ်းပြုရန်။

(၄) မြန်မာဗုဒ္ဓဝါဒီလောက၌ လူသိနည်းသော စဉ်းစားဖွယ်ရာ သိမှတ်ဖွယ်ရာများကို ဦးစားပေး၍ ရေးသားရန်။

(၅) ဗုဒ္ဓဝါဒကို ခေတ်ပညာရှင်တို့၏ အမြင်နှင့် ချိန်ထိုး၍ လေ့လာရန်။

ဤဦးတည်ချက်များဖြင့် ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒအကြောင်း သိမှတ်ဖွယ်ရာအားလုံးကို ရေးသားရန်မှာ လွယ်ကူသော ကိစ္စမဟုတ်ခြင်း၊ မိမိ၌ လိုအပ်သော အရည်အချင်း ပြည့်ပြည့်စုံစုံ မရှိခြင်းကို ကျွန်ုပ် ကောင်းစွာသိရှိပါ၏။ နောင်တစ်နေ့နေ့တွင် ဗုဒ္ဓစာပေပညာရှင်များ၏ ပိုမိုခိုင်လုံ ပြည့်စုံသောစာအုပ်များ ထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ပါသည်။ ထိုစာအုပ်များ ထွက်ပေါ်မလာမီ ဤစာအုပ်သည် ဗုဒ္ဓဝါဒကို ပညာဉာဏ်ဖြင့် စူးစမ်းလေ့လာလိုသူများအဖို့ အထောက်အကူဖြစ်ပါက ကျွန်ုပ်အဖို့ စာအုပ်ပြုစုရေးသားရကျိုး နပ်ပြီဟု ယုံကြည်ပါသည်။

ဤစာအုပ်၏ ချွတ်ယွင်းချက်တစ်ခုမှာ အက္ခရာစဉ် အညွှန်းဖြစ်ပါသည်။ အချို့နေရာများ၌ အက္ခရာစဉ်လွဲမှား၍ ပါဝင်သင့်သော အချက်အာလုံး မပါဝင်ကြောင်း ဝန်ခံပါသည်။ စာအုပ်ကို အစအဆုံး စေ့ငုသေချာစွာ ဖတ်ရှုလေ့လာသောသူတို့က ဤချွတ်ယွင်းမှုကို ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

**ဦးအေးမောင်**

## ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒကို ခေတ်ပညာမျက်စိဖြင့် လေ့လာလိုသော ပုဂ္ဂိုလ်များဖတ်ရှုရန် အခြား စာအုပ်များ–

၁။ **ဗိဇနှင့်ပတ်ဝန်းကျင်**
(ရန်ကုန်။ အေးအေးစာပေ၊ ၁၉၆၅ ဒီဇင်ဘာ – ပထမအကြိမ်။
ရန်အောင်စာပေ၊ ၂၀၀၂ ဖေဖော်ဝါရီ – တတိယအကြိမ်)

၂။ **လူ့စိတ်သဘာဝ**
(ရန်ကုန်။ အေးအေးစာပေ၊ ၁၉၆၇ – ပထမအကြိမ်။
ရန်အောင်စာပေ၊ ၂၀၀၀ အောက်တိုဘာ – ဒုတိယအကြိမ်)

၃။ **စိတ်ဝိညာဉ်ဆိုင်ရာ တွေ့ရှိရချက်များ**
(ရန်ကုန်။ ပြည်သူ့အလင်းစာပေတိုက်၊ ၁၉၇၄ အောက်တိုဘာ – ပထမအကြိမ်။
ပတ္တမြားငမောက်စာပေ၊ ၁၉၉၆ – ဒုတိယအကြိမ်)

၄။ **သိပ္ပံနည်းစူးစမ်းမှုနှင့် သိပ္ပံပညာသဘော**
(ရန်ကုန်။ အေးအေးစာပေ၊ ၁၉၆၈ ဇူလိုင် – ပထမအကြိမ်၊
မုံရွေးစာပေ၊ ၂၀၀၅ အောက်တိုဘာ – ဒုတိယအကြိမ်)

၅။ **ဘဝဆည်းဆာ**
(ရန်ကုန်။ အေးအေးစာပေ၊ ၁၉၇၂ နိုဝင်ဘာ – ပထမအကြိမ်။
ရန်အောင်စာပေ၊ ၂၀၀၂ စက်တင်ဘာ – တတိယအကြိမ်)

၆။ **စိတ်ပညာနှင့် ကိုယ်ကျင့်တရား**
(ရန်ကုန်။ သန်းစာပေ၊ ၁၉၉၇ ဇန်နဝါရီ – ပထမအကြိမ်။
ရန်အောင်စာပေ၊ ၁၉၉၈ အောက်တိုဘာ – ဒုတိယအကြိမ်)

၇။ **သေသည်၏ အခြားမဲ့၌**
(ရန်ကုန်။ လှမေစာပေ၊ ၁၉၈၀ ဖေဖော်ဝါရီ – ပထမအကြိမ်။
ရန်အောင်စာပေ၊ ၂၀၀၂ မေ – ဆဋ္ဌမအကြိမ်)

၈။ **စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှု**
(ရန်ကုန်။ ဂျစ်တူးမစာပေ၊ ၁၉၈၁ – ပထမအကြိမ်။
ရန်အောင်စာပေ၊ ၁၉၉၉ နိုဝင်ဘာလ – ဒုတိယအကြိမ်)

၉။ **ပိဋကတ်မှ ဗုဒ္ဓနှင့် ဓမ္မ**
(ရန်ကုန်။ ဆုစာပေတိုက်၊ ၁၉၉၃ – ပထမအကြိမ်။
ရန်အောင်စာပေ၊ ၁၉၉၉ မေ – ဒုတိယအကြိမ်)

* * *

# ဗုဒ္ဓသာသနာ၏ သမိုင်းမှတ်တိုင်များ

မှီငြမ်းစာအုပ်များ: (၁) Dr. Edward Conze: Buddhism - A Short History
(၂) E.J. Thomas: The Life of the Buddha

| | |
|---|---|
| ဘီစီ ၁၅၀၀ | ဝေဒကျမ်းများ |
| ၈၀၀ | ဥပနိသျှဒ်ကျမ်းများ |
| ၅၆၃ | ဗုဒ္ဓဖွားမြင်တော်မူသည်။ |
| ၅၃၄ | တောထွက်တော်မူသည်။ |
| ၅၂၈ | ဘုရားဖြစ်တော်မူသည်။ |
| ၄၈၃ | ပရိနိဗ္ဗာန်ပြုတော်မူသည်။ |
| | ပထမသင်္ဂါယနာ |
| ၃၈၃ | ဒုတိယသင်္ဂါယနာ |
| | ဗုဒ္ဓသံဃာဂိုဏ်း ကွဲသွားသည်။ |
| | ပါဠိပိဋကတ် စတင်ပေါ်လာသည်။ |
| ၂၆၉ | အာသောကမင်း နန်းတက်သည်။ |
| ၂၄၇ | တတိယသင်္ဂါယနာ |
| ၂၃၇ | အာသောကမင်း နတ်ရွာစံသည်။ |
| ၈၀ | မဟာယာနဝါဒီတို့၏ သဒ္ဓမ္မပုဏ္ဍရီကကျမ်း |
| အေဒီ ၂၅-၆၀ | တရုတ်ပြည်သို့ ဗုဒ္ဓဘာသာ ရောက်လာသည်။ |
| ၇၈-၁၀၃ | အိန္ဒိယပြည် ကနိသျှကဘုရင် |
| ၁၀၀ခန့် | သီဟိုဠ်ပိဋကတ်ကို ပေထက်အက္ခရာတင်သည်။ |
| ၂၂၀ | ဗီယက်နမ်ပြည်သို့ ဗုဒ္ဓဘာသာ ပြန့်ပွားသည်။ |

၃၇၂ ကိုရီးယားပြည်သို့ ဗုဒ္ဓဘာသာ ပြန့်ပွားသည်။

၃၉၉-၄၁၄ အိန္ဒိယပြည်၌ တရုတ်ရဟန်းတော် ဖာဟီယန် လှည့်လည်၍ ဗုဒ္ဓဘာသာ လေ့လာသည်။

၄၂၀ ထေရဝါဒ အဋ္ဌကထာ ဆရာအရှင်ဗုဒ္ဓဃောသ

၄၃၈-၄၅၂ စုမတ္တရာ, ဂျားဗားကျွန်းများနှင့် မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာရောက်လာသည်။

၄၉၈-၅၆၀ တရုတ်ပြည်သို့ ဇင်ဗုဒ္ဓဝါဒ ယူဆောင်လာသည်ဆိုသော ဗောဓိဓမ္မ မထေရ်

၆၂၉-၆၄၅ ဂျပန်ပြည်သို့ ဗုဒ္ဓသာသနာ ပြန့်ပွားသည်။ တရုတ်ရဟန်းတော် ဟီယန်ဆိုင် အိန္ဒိယပြည်သို့ ကြွလာသည်။

အေဒီ ၆၄၂ တိဗက်ပြည်သို့ ဗုဒ္ဓဘာသာ ရောက်လာသည်။

၇၂၀ ယိုးဒယား (ထိုင်း) နိုင်ငံသို့ ထေရဝါဒ ပြန့်ပွားသည်။

၁၀၇၇ အနော်ရထာမင်းစော
မြန်မာနိုင်ငံ၌ ထေရဝါဒ စတင်ထွန်းကားသည်။

၁၂၆၀-၉၄ တရုတ်ပြည်၌ ကူဗလေခန်က ဗုဒ္ဓသာသနာကို အားပေးသည်။

၁၃၂၀-၄၀ ကမ္ဘောဒီးယားနိုင်ငံ၌ မဟာယာနကွယ်၍ ထေရဝါဒ ပြန့်ပွားသည်။ လာအိုနိုင်ငံသို့ ဗုဒ္ဓသာသနာ ရောက်သည်။

၁၄၀၀ ဂျားဗားနှင့် စုမတ္တရာကျွန်းများ၌ ဗုဒ္ဓဘာသာကွယ်၍ ဟိန္ဒူနှင့် မွတ်စလင်ဘာသာများ ဝင်လာသည်။

၁၅၇၇ မွန်ဂိုလူမျိုးအားလုံး ဗုဒ္ဓဘာသာဝင် ဖြစ်လာကြသည်။

၁၈၁၉ ရှိပင်ဟွာ၏စာအုပ် ထွက်ပေါ်လာသည်။

၁၈၇၉ အက်ဒဝင်အာနိုး၏ 'အာရှအလင်း' ဗုဒ္ဓဝင်ကဗျာဝတ္ထု

၁၈၈၁ လန်ဒန်ပါဠိစာပေအသင်း

၁၈၉၁ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာ ပြန်လည်ထွန်းကားရန် မဟာဗောဓိအသင်းက စတင်ဆောင်ရွက်သည်။

၁၈၉၈ ဖီလဒိန်းဟော၏ မြန်မာလူမျိုးအကြောင်း စာအုပ်ထွက်ပေါ်လာ၍ အနောက်တိုင်းသားတို့ ဗုဒ္ဓဝါဒ၌ ပိုမိုစိတ်ဝင်စားလာကြသည်။

၁၉၂၆ အင်္ဂလိပ်ဗုဒ္ဓဘာသာအသင်း လန်ဒန်မြို့၌ တည်ထောင်သည်။

၁၉၂၈ ပြင်သစ်ဗုဒ္ဓဘာသာအသင်း ပါရီမြို့၌ တည်ထောင်သည်။

၁၉၃၄ ပထမ ဥရောပဗုဒ္ဓဘာသာ ကွန်ဂရက်ကို လန်ဒန်မြို့၌ ကျင်းပသည်။

* * *

# အခန်း (၁)

# ပုဒ္ဓဝါဒနှင့် စဉ်းစားဝေဖန်မှု

ရဟန်းတို့၊
သင်တို့သည် ဤအယူသာမှန်၏။
အခြားအယူအားလုံးသည် အချည်းနှီးသာတည်းဟု
တထစ်ချ မစွဲမှတ်ထားသင့်။

—မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ– စင်္ကီသုတ် … စသည်

ရန်အောင်စာပေ

# အခန်း (၁)

# ဗုဒ္ဓဝါဒနှင့် စဉ်းစားဝေဖန်မှု

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံဖြစ်၍ မြန်မာတို့သည် အများအားဖြင့် ဗုဒ္ဓဘာသာကို ယုံကြည်ကြ၏။ ဤသို့ ယုံကြည်ကြခြင်းမှာ ပဓာနအားဖြင့် မျိုးရိုးစဉ်ဆက် ဗုဒ္ဓဝါဒီများ ဖြစ်ခဲ့ကြသောကြောင့် ဖြစ်၏။ တစ်နည်းဆိုသော် မြန်မာတို့သည် ကမ္ဘာပေါ်ရှိ အခြားဘာသာဝင်များနည်းတူ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ ဗုဒ္ဓဝါဒကို မိဘများက ယုံကြည်သောကြောင့် မဟုတ်ဘဲ ပညာဉာဏ်ဖြင့် ဆင်ခြင်သုံးသပ် ပြီးမှ လက်ခံယုံကြည်သော မြန်မာဗုဒ္ဓဝါဒီတို့မှာ အလွန်နည်းပါးလှကြောင်း ယုံမှားဖွယ်ရာ မရှိချေ။

သို့ရာတွင် ကမ္ဘာ့ဘာသာ အယူဝါဒများတွင် မည်သည့်ဘာသာဝါဒသည် စဉ်းစားဝေဖန်မှုကို အများဆုံးအားပေးပါသနည်း။ မည်သည့်ဘာသာတရားသည် လူတို့အား အစစအရာရာကို စဉ်းစားဆင်ခြင်ပြီးမှ လက်ခံယုံကြည်ရန် အလေးအနက် ဟောကြားခဲ့ပါသနည်းဟု မေးပါက ဗုဒ္ဓဝါဒကို ကျွန်ုပ်တို့ ညွှန်ပြရပေလိမ့်မည်။

ဗုဒ္ဓဝါဒသည် 'ပစ္စတ္တံဝေဒိတဗ္ဗော' ဟူသော တရားတော်၏ ဂုဏ်နှင့်အညီ မိမိ ပညာဉာဏ်ဖြင့် သိမြင်နားလည်ပြီးမှ လက်ခံယုံကြည်ရမည့် ဝါဒဖြစ်၏။ အင်္ဂုတ္တရနိကာယ်၌ ဗုဒ္ဓသည် ကာလာမအမျိုးသားတို့အား အကြင်စကားသည် ရှေးအစဉ်အလာ စကားဖြစ်သောကြောင့်သော်လည်းကောင်း၊ မိမိတို့ သင်ကြားထားသော စာပေကျမ်းဂန်နှင့် ကိုက်ညီသောကြောင့်သော်လည်းကောင်း၊ မိမိတို့ နှစ်သက်ကျေနပ်သောကြောင့်သော်လည်းကောင်း၊ မိမိတို့ ကြည်ညိုလေးစားသော ဆရာရဟန်းပုဏ္ဏားတို့၏ စကားဖြစ်သောကြောင့်သော်လည်းကောင်း ထိုစကားကို မျက်စိမှိတ် လက်ခံခြင်းမပြုဘဲ အကောင်း

အဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ဆန်းစစ်ပြီးမှ လက်ခံယုံကြည်ကြရန် ဟောတော်မူ၏။ ဘဒ္ဒိယမင်းသားအားလည်း ထိုနည်းအတူ ဟောတော်မူ၏ (အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ဘဒ္ဒိယလိစ္ဆဝီသုတ်)။ စင်စစ် ဗုဒ္ဓသည် တပည့်ရဟန်းတို့က မိမိအား ကြည်ညိုသောကြောင့် မိမိတရားကို လက်ခံယုံကြည်ခြင်းကို မလိုလားချေ။ "ရဟန်းတို့၊ သင်တို့သည် ငါဘုရားကို ကြည်ညိုလေးစားသဖြင့် ငါ၏တရားကို လက်ခံယုံကြည်ခြင်းသည် မသင့်။ သင်တို့သည် ကိုယ်တိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်သော တရားကိုသာလျှင် ယုံကြည်ကြသည် မဟုတ်လော။" (မဇ္ဈိမနိကာယ်၊ မဟာတဏှာသင်္ခယသုတ်)

ထို့ကြောင့် ဗုဒ္ဓသည် မိမိ၏ သာသနာသို့ အခြားဘာသာဝါဒီများ အလျင်စလို ကူးပြောင်းခြင်းကို အားပေးတော်မမူချေ။ ဝိနယဝိဋကတ် မဟာဝဂ်၌ တိတ္ထိဖြစ်ဖူးသော သူသည် ရဟန်းပြုလိုပါက လေးလတိတိ ဆိုင်းငံ့ရမည်ဟု ဆိုထား၏။ ဥပါလိသူကြွယ်နှင့် သီဟစစ်သူကြီးတို့သည် ဘုရားရှင်၏ တရားကို အလွန်နှစ်သက်သဖြင့် နိဂဏ္ဌအယူကိုစွန့်၍ အသက်ထက်ဆုံး ဥပါသကာအဖြစ် မှတ်ယူရန် လျှောက်ထားသောအခါ ဘုရားရှင်သည် ထိုသူတို့အား လေးလေးနက်နက် စဉ်းစားဆင်ခြင်ပြီးမှ မိမိ၏တရားကို သက်ဝင်ယုံကြည်ရန် သတိပေးတော်မူ၏။ (မဇ္ဈိမနိကာယ်ဥပါလိသုတ်နှင့် ဝိနယပိဋကတ် မဟာဝဂ်)

ဗုဒ္ဓ၏ အလိုအားဖြင့် ဗုဒ္ဓတရားကို ဗုဒ္ဓထံမှ ကိုယ်တိုင်ကြားသိရသောသူသည်ပင် ဆင်ခြင်သုံးသပ်ပြီးမှ လက်ခံယုံကြည်သင့်သည်ဆိုပါက အရှင်အာနန္ဒာ၊ အရှင်ကဿပ စသော တပည့်သာဝကများထံမှ တစ်ဆင့်ကြားသိရသော ဗုဒ္ဓဒေသနာများကို သာ၍ ဝေဖန်စိစစ်ရန် လိုပေလိမ့်မည်။ များစွာသော ဗုဒ္ဓဒေသနာများသည် အရှင်အာနန္ဒာထံမှ တစ်ဆင့် ကြားသိရသော ဒေသနာများဖြစ်၏။ သို့ရာတွင် အရှင်အာနန္ဒာကိုယ်တိုင်က "တစ်ဆင့်ကြားကိုမှီသော၊ တစ်ဆင့်ကြားကို ယုံကြည်သောအားဖြင့် ကျင့်သောဆရာအား ကောင်းစွာကြားခြင်းသည် ဖြစ်၏။ မကောင်းသဖြင့် ကြားခြင်းသည်လည်း ဖြစ်၏။ ကြားတိုင်းသော အခြင်းအရာအားဖြင့်လည်း ဖြစ်၏။ ကြားသည်မှတစ်ပါးသော အခြင်းအရာအားဖြင့်လည်း ဖြစ်၏ဟု မိန့်ဆိုဖူး၏ (မဇ္ဈိမနိကာယ် သန္ဒကသုတ်)။ "ရဟန်းတို့၊ ဤတရားတို့ကို ယုံကြည်ခြင်း၊ နှစ်သက်ခြင်း တစ်ဆင့်စကား ကြားခြင်း၊ ကြံစည်ခြင်းဖြင့် သိအပ်သည်မဟုတ်။ ပညာဖြင့်တွေ့မြင်၍ သိအပ်ကုန်သည် သာဖြစ်၏။" (သဠာယတနသံယုတ်၊ ပရိယာယသုတ်)

ဗုဒ္ဓဓမ္မသည် သိမ်မွေ့နက်နဲသောကြောင့် ပညာဉာဏ်ဖြင့် လေ့လာခြင်းမပြုပါက မိမိရရ သိရှိနားလည်ရန် ခဲယဉ်း၏။ နားလည်ရန် ခဲယဉ်းသဖြင့် ဗုဒ္ဓတရားကို မှားယွင်းစွာ ခံယူထားပါက မြွေကို မဆင်ခြင်ဘဲ ဖမ်းသောသူကဲ့သို့ အကျိုးယုတ်ပေလိမ့်မည် (မဇ္ဈိမနိကာယ်၊ အလာဂဒ္ဒူပမသုတ်)။ ဤနေရာ၌ ပိဋကတ်စာပေကို နှံ့နှံ့စပ်စပ် ဖတ်ရှုလေ့လာမှုနှင့် ဆင်ခြင်သုံးသပ်မှု နည်းပါးသောကြောင့် ယုံမှားဖွယ်ရာဖြစ်နေသော

မြန်မာတို့၏ အစဉ်အလာ ဘာသာရေး ယုံကြည်ချက်တစ်ခုနှင့် ဓလေ့ထုံးစံတစ်ခုကို ဖော်ပြပါအံ့။

ဗုဒ္ဓသည် ကဆုန်လပြည့်နေ့၌ ပရိနိဗ္ဗာန် ပြုတော်မူသည်ဟု မြန်မာဗုဒ္ဓဝါဒီတို့ ယုံကြည်ကြ၏။ အထောက်အထားမှာ ဇိနတ္ထပကာသနီကျမ်းနှင့် အခြားဗုဒ္ဓဝင်ကျမ်းများ ဖြစ်၏။ သို့ရာတွင် ဗုဒ္ဓဝင်ကျမ်းပြုဆရာတို့ မှီငြမ်းပြုသော မဟာပရိနိဗ္ဗာနသုတ်၌မူ ဘုရားရှင် ပရိနိဗ္ဗာန်ပြုသောနေ့အမည်ကို ဖော်ပြမထားချေ။ စင်စစ် ပိဋကတ်စာပေ၌ ဗုဒ္ဓ၏ ဘဝဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ခု, နှစ်, လ, ရက်များ လုံးဝ ပြဆိုထားခြင်း မရှိချေ။

မဟာပရိနိဗ္ဗာနသုတ် အဆိုအားဖြင့် ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်အနီး ဝေဠုဝန္တာ၌ နောက်ဆုံးအကြိမ် ဝါဆိုတော်မူ၏။ ထို့နောက် ဝေသာလီပြည်အနီး စာပါလစေတီ အရပ်၌ မာရ်နတ်အား ငါဘုရားသည် ယနေ့မှ နောက်သုံးလ လွန်မြောက်သောနေ့၌ ပရိနိဗ္ဗာန်ပြုမည်ဟု မိန့်ကြား၏။ ထိုသို့မိန့်ကြားသောအချိန်မှာ ဝါဆိုနေစဉ် သို့မဟုတ် ဝါမှအထတွင် ဖြစ်ပေလိမ့်မည်။

မြန်မာဗုဒ္ဓဝါဒီတို့ ဆင်ခြင်သုံးသပ်သင့်သော ဘာသာရေးဓလေ့ထုံးစံတစ်ခုမှာ ကလေးသူငယ်များကို ရှင်ပြုသော ထုံးစံဖြစ်၏။ မြန်မာတို့သည် မိမိတို့၏ သားသမီး များကို အသက်ငယ်ရွယ်စဉ် ရှင်ပြုလေ့ရှိကြ၏။ ဝိနည်းပိဋကတ်၌ ဗုဒ္ဓသည် ရဟန်းတို့အား အသက်တစ်ဆယ့်ငါးနှစ် မပြည့်သေးသောသူငယ်အား ရှင်မပြုအပ်၊ ရှင်ပြုသော ရဟန်း အား ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

ဤပညတ်တော်မူချက်မှာ လျော်ကန်သင့်မြတ်လှပေ၏။ ရှင်သာမဏေအဖြစ်သည် တတ်သိလိမ္မာသော အရွယ်သို့ ရောက်ရှိပြီးဖြစ်သည့် သူငယ်များအဖို့သာလျှင် အကျိုး ရှိ၏။ ယခုကာလ၌ မိဘများက ရှင်ပြုသော သူငယ်များမှာ အများအားဖြင့် အသက် ငယ်ရွယ် ဉာဏ်နုနယ်သေးသော သူများဖြစ်ကြရကား ဘာသာရေးဘက်၌ တစ်စုံတစ်ရာ ထူးခြားပြောင်းလဲခြင်း မရှိချေ။ သို့ဖြစ်၍ ယခုခေတ် လူငယ်များသည် အားလုံးလိုလို ရှင်သာမဏေ ဖြစ်ခဲ့ကြဖူးပါလျက် ဘာသာရေးအသိတရား ခေါင်းပါးနေကြ၏။ မိဘများသည် မိမိတို့ပြုသော ကောင်းမှုအတွက် နှစ်သိမ့်ကျေနပ်ကြပေမည်။ သို့ရာတွင် ကလေးကို ရှင်ပြုခြင်းသည် မိဘများ၏ ကျေနပ်မှု၊ ကုသိုလ်ရမှုအတွက် ဖြစ်ပါသလော။ ကလေး၏ အကျိုးစီးပွား၊ သာသနာတော်၏ အကျိုးစီးပွားအတွက် ဖြစ်သင့်သည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။

ထို့ကြောင့် ဥရောပတိုက်၌ ဘာသာတရားကို အကြွင်းမဲ့ယုံကြည်သော၊ ရှေးအခါက ဘာသာတရားနှင့် ဆန့်ကျင်ဘက်စကားပြောသော သိပ္ပံပညာရှင်များသည် နှိပ်ကွပ်ခြင်း ခံကြရ၏။ ဘာသာရေးအယူသီးမှုကြောင့် ဘာသာရေးစစ်ပွဲကြီးများ ဖြစ်ပွားခဲ့၏။ ဗုဒ္ဓဝါဒသမိုင်း၌ ဘာသာရေးစစ်ပွဲများမရှိဘဲ ဘာသာရေး စိတ်သဘောထားကြီးမှုအတွက်

အသောကမင်းကဲ့သို့သော ကမ္ဘာ့စံပြပုဂ္ဂိုလ်များ ပေါ်ထွက်ခဲ့၏။ စင်စစ် ဘာသာရေးစိတ်သဘောထားကြီးမှုသည် ဗုဒ္ဓအလေးအနက် ဟောခဲ့သောတရားဖြစ်၏။ "ရဟန်းတို့၊ သူတစ်ပါးတို့က ငါ၏အပြစ်ကို ဖြစ်စေ၊ တရား၏ အပြစ်ကို ဖြစ်စေ၊ သံဃာ၏အပြစ်ကို ဖြစ်စေ ပြောကြသောကြောင့် သင်တို့ အမျက်ထွက်မည်၊ နှလုံးမသာမည်ဖြစ်လျှင် သင်တို့အားသာ အန္တရာယ်ဖြစ်၏။ သင်တို့သည် သူတစ်ပါးတို့၏ စကားကောင်း စကားဆိုးကို သိနိုင်ကြမည်မဟုတ်။" (ဒီဃနိကာယ်၊ ဗြဟ္မဇာလသုတ်)

အကယ်၍ ကျွန်ုပ်တို့ ခံယူထားသော ဗုဒ္ဓဝါဒသည် မှန်ကုန်သည်ဟု စွဲစွဲမြဲမြဲ ယုံကြည်ပါက သူတစ်ပါး၏ ဝေဖန်စိစစ်မှုကို ခံနိုင်ရပေလိမ့်မည်။ ထိုသို့ခံနိုင်ရည်ရှိရန် ယုံကြည်ချက်သည် မိမိကိုယ်တိုင် စေ့ငုသေချာစွာ လေ့လာမှု၊ လွတ်လပ်စွာ ဆင်ခြင်သုံးသပ်မှုကို ပိတ်ပင်တားဆီးတတ်သော အစွဲနှစ်ခုကို သတိပြုသင့်၏။

ပထမအစွဲမှာ ဝါဒစွဲဖြစ်၏။ အချို့လူတို့သည် ဗုဒ္ဓဝါဒကို လေ့လာသောအခါ မိမိတို့၏ မူလရှိရင်းစွဲ ဝါဒကို ပိဋကတ်ကျမ်းဂန်များထဲ၌ မြင်နေတတ်ကြ၏။ သို့ဖြစ်၍ အချို့ကွန်မြူနစ်များက ဗုဒ္ဓဝါဒကို ရုပ်ဝါဒဖြစ်သည်ဟု ပြောဆိုကြ၏။ အချို့ဗုဒ္ဓဝါဒီတို့မှာမူ ဗုဒ္ဓဟောကြားသော တရားများထဲမှ တစ်ခုတည်းသောတရားဥပမာ အနတ္တတရား၊ သို့မဟုတ် ကမ္မဝါဒကို အစွဲဥပါဒါန်ဖြစ်နေတတ်ကြ၏။ "ရဟန်းတို့၊ သင်တို့သည် ဤအယူသည်သာမှန်၏။ အခြားအယူအားလုံးသည် အချည်းနှီးသာတည်းဟု မစွဲမှတ်သင့်"။ ဤသည်မှာ ပိဋကတ်စာပေ၌ ထပ်တလဲလဲတွေ့ရသော ဗုဒ္ဓ၏ သတိပေးချက်ဖြစ်၍ ယင်းအကြောင်းကို ဆိုင်ရာနောက်အခန်းများ၌ အကျယ်ရေးသားပါအံ့။ ထိုသို့ဝါဒနှင့်အညီ ဗုဒ္ဓဓမ္မကို လေ့လာရာ၌ အသိအမြင်အမျိုးမျိုးဖြင့် ဝေဖန်ရေးသားထားသော ဗုဒ္ဓကျမ်းစာအုပ်များကို ဖတ်ရှုသင့်၏။ အချို့စာအုပ်များကို မိမိ၏ ယုံကြည်ချက်နှင့် ဆန့်ကျင်သည်ဆိုပြီး ပစ်ပယ်မထားသင့်ချေ။

သို့ရာတွင် မည်သို့သော စာပေကျမ်းဂန်ပင်ဖြစ်စေ ရေးသားသောပုဂ္ဂိုလ်၏ အသိပညာကြွယ်ဝမှု၊ ထင်ပေါ်ကျော်ကြားမှု စသည်တို့ကို အကြောင်းပြု၍ ပုဂ္ဂိုလ်စွဲသက်သက်ဖြင့် မလေ့လာသင့်ချေ။ ဤပုဂ္ဂိုလ်စွဲသည် စဉ်းစားဆင်ခြင်ဉာဏ်ကို ပိတ်ဖုံးတတ်သော ဒုတိယအစွဲဖြစ်၏။ မိမိအား ကြည်ညိုမှုသက်သက်ဖြင့် မိမိ၏တရားကို လက်ခံခြင်း မပြုရန် မိန့်ကြားသော ဗုဒ္ဓ၏စကားအရ ဗုဒ္ဓဓမ္မသည် ပုဂ္ဂိုလ်စွဲနှင့် မည်မျှဆန့်ကျင်ကြောင်း ထင်ရှား၏။ သို့ဖြစ်စေကာမူ ဗုဒ္ဓဝါဒီတို့သည် အများအားဖြင့် အရှင်ဗုဒ္ဓဃောသစသော အဋ္ဌကထာ ဆရာများ၏စကားကို မဆင်ခြင်ဘဲ အကြွင်းမဲ့ လက်ခံယုံကြည်တတ်ကြ၏။ ဤနေရာ၌ ကျွန်ုပ်တို့ ဝေဖန်ဆန်းစစ်ရန်လိုသော အရှင်ဗုဒ္ဓဃောသ၏ စကားတစ်ရပ်ကို ဖော်ပြပါအံ့။

အခါတစ်ပါး၌ ဗြဟ္မဏအမျိုးသား ရဟန်းညီနောင်နှစ်ဦးသည် ဗုဒ္ဓအား "အရှင်ဘုရား ယခုအခါ ရဟန်းတို့သည် အမည်အနွယ် ဇာတ်အမျိုးမျိုးရှိ၍ မိမိတို့ဘာသာ

ဖြင့် မြတ်စွာဘုရား၏စကားကို ဖျက်ဆီးပါကုန်၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် မြတ်စွာဘုရား၏စကားကို သက္ကတဘာသာဖြင့် တင်ပါကုန်အံ့"ဟု လျှောက်ထား၏။ ထိုအခါ ဗုဒ္ဓသည် ထိုရဟန်းတို့ကို ကဲ့ရဲ့တော်မူပြီးလျှင် "ရဟန်းတို့၊ ငါဘုရား၏စကားကို သက္ကတဘာသာဖြင့် မတင်အပ်၊ တင်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ရဟန်းတို့၊ ငါဘုရား၏ စကားကို မိမိဘာသာဖြင့် သင်ယူခြင်းငှာ ခွင့်ပြု၏"ဟု မိန့်တော်မူ၏။ (ဝိနည်းပိဋကတ်၊ စူဠဝဂ်၊ ခုဒ္ဒကခန္ဓက)

အရှင်ဗုဒ္ဓဃောသသည် ဝိနည်းပါဠိတော်လာ "သကာယနိရုတ္တိယာ"ပါဌ်ကို မိမိတို့ဘာသာဖြင့်ဟု မပြန်ဆိုဘဲ "မြတ်စွာဘုရား၏ မာဂဓဘာသာစကား"ဟူ၍ ဖွင့်ဆိုခဲ့၏။ ဤပြန်ဆိုချက် လွဲမှားကြောင်း တရုတ်ဘာသာသို့ ပြန်ဆိုထားသော မြောက်ပိုင်းသက္ကတပိဋကတ်ကျမ်းများ၌ ထင်ရှား၏။ ထိုကျမ်းများ၌ အထက်ပါဝတ္ထုပါရှိသော ဒေသနာမှုကွဲငါးခုကို တွေ့ရပေရာ ထိုဒေသနာအားလုံး၌ ဗုဒ္ဓက ရဟန်းတို့အား မိမိတို့ဘာသာစကားဖြင့် တရားတော်ကို သင်ကြားရန် ခွင့်ပြုကြောင်း ဖော်ပြထား၏။ ပိဋကတ်ကျမ်းတစ်စောင်၌မူ ဘုရားရှင်က "ငါ၏တရားကို သက္ကတဘာသာဖြင့် ဟောပြောပြုစုမှု မှန်လိမ့်မည်ဟု မယူဆကြနှင့်။ လိုရင်းအဓိပ္ပာယ်ကို မှန်ကန်စွာဖော်ပြမှုသည်သာလျှင် ပဓာနဖြစ်သည်။ ထို့ကြောင့် လူတို့နားလည်သဘောပေါက်အောင် မည်သည့်ဘာသာစကားနှင့်မဆို ဟောပြောနိုင်သည်"ဟု မိန့်တော်မူကြောင်း ပြဆိုထား၏။[၁]

သက္ကတဘာသာစကားသည် ဗြာဟ္မဏတို့၏ ဘာသာစကားဖြစ်၍ ဗြာဟ္မဏမျိုး ရဟန်းညီနောင်က ဗုဒ္ဓတရားကို မိမိတို့ဘာသာစကားဖြင့် ဆောင်လိုကြခြင်းမှာ မထူးဆန်းချေ။ သို့ရာတွင် ဗုဒ္ဓ၏ အလိုဆန္ဒသည်ကား မိမိ၏တရားကို ဖြန့်ချိရာ၌ လူအများသုံး ဘာသာစကားဖြင့်သာ ဟောပြောသင်ကြားရမည်ဟူ၍ စည်းကမ်းမသတ်မှတ်ဘဲ အခြေအနေအရ ဘာသာစကားအမျိုးမျိုးကို သုံးစွဲရန်ဖြစ်၏။ စင်စစ် ရှေးအိန္ဒိယပြည်၌ ဗုဒ္ဓဝါဒ ပြန့်ပွားမှုသည် ဗုဒ္ဓနှင့် တပည့်ရဟန်းတို့က တရားနာပရိသတ်၏ ဒေသန္တရ ဘာသာစကားကို သုံးစွဲခြင်းကြောင့် ဖြစ်တန်ရာ၏။ ထို့အပြင် အစစအရာရာ အစွဲဥပါဒါန်ကင်းသော ဗုဒ္ဓသည် အသို့လျှင် မာဂဓဘာသာ၌ အစွဲဥပါဒါန် ရှိနိုင်ပါမည်နည်း။ သို့ဖြစ်၍ အိန္ဒိယပါဠိပညာရှင်တစ်ဦးက "ဓမ္မဒေသနာကို မာဂဓဘာသာဖြင့်သာ ဆောင်ရမည်။ အခြားဘာသာစကားများမှာ မိစ္ဆာဒိဋ္ဌိဘာသာစကားများ ဖြစ်သည်ဆိုသော စကားမှာ ဗုဒ္ဓ၏ သမ္မာဒိဋ္ဌိဝါဒ၊ ဝိဘဇ္ဇဝါဒနှင့် ဆန့်ကျင်၍ ယုတ္တိကင်းမဲ့သော စကားဖြစ်၏။ ဗုဒ္ဓ၏ စကားမဖြစ်နိုင်ချေ"ဟု ရေးသားခဲ့၏။[၂]

ဥရောပပညာရှင်တို့၏ အဆိုအားဖြင့် မာဂဓစကားသည် ပါဠိစကားနှင့် တခြားစီ

---

၁။ **Chi Hsien Lin: The Language Problem of Primitive Buddhism - J.B.R.S June, 1960.**

၂။ **B.C.Law: A History of Pali Literature - Introduction, pp.xii-xiii**

ဖြစ်၍ ရှင်ဗုဒ္ဓဃောသကမူ ယင်းတို့ကို ဘာသာစကားတစ်မျိုးတည်း ဖြစ်သည်ဟု မှတ်ယူဟန်ရှိ၏။ မည်သို့ဖြစ်စေ မြန်မာဗုဒ္ဓဝါဒီတို့သည် အရှင်ဗုဒ္ဓဃောသ၏ စကားနှင့်အညီ ဗုဒ္ဓဒေသနာများကို ပါဠိဘာသာဖြင့် မူလအတိုင်း ထားရှိသင့်သည်ဟု စွဲမှတ်ထားသော ကြောင့် ရှေးက ပိဋကတ်ကို မြန်မာဘာသာသို့ လုံးဝမပြန်ဆိုခဲ့ကြခြင်း ဖြစ်တန်ရာ၏။

ထို့ကြောင့် ဗုဒ္ဓဝါဒီတို့သည် ရှေးအဋ္ဌကထာ ဆရာတို့၏ ကျမ်းများနှင့် ယခု ခေတ် ဗုဒ္ဓစာပေပညာရှင်တို့၏ စာအုပ်များကို ဖတ်ရှုလေ့လာသင့်သည် မှန်သော်လည်း သူတို့၏ ရေးသားချက်များကို ဆင်ခြင်သုံးသပ်ပြီးမှ လက်ကံသင့်၏။ ပိုမိုအရေးကြီး သည်ကား ဗုဒ္ဓတရားကို ကောင်းစွာသိရှိနားလည်ရန် မူလပင်မ ပိဋကတ်စာပေကို ဖတ်ရှုလေ့လာရပေလိမ့်မည်။

ယခုအခါ မြန်မာ၊ သို့မဟုတ် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသော ထေရဝါဒ ပိဋကတ်စာပေများကို ကျွန်ုပ်တို့ ဖတ်ရှုလေ့လာခွင့် ရရှိပေပြီ။ သို့ရာတွင် ပိဋကတ် စာပေသည် ကျယ်ဝန်း၍ နှံ့နှံ့စပ်စပ် ဖတ်ရှုရန် မလွယ်ကူချေ။ သို့ဖြစ်၍ ပိဋကတ် သုံးပုံကို အစအဆုံး မလေ့လာဘဲ အချို့သော အစိတ်အပိုင်းများကို လေ့လာခြင်းဖြင့် ဗုဒ္ဓဓမ္မကို ခြေခြေမြစ်မြစ် သိရှိနားလည်နိုင်ပါမည်လော။ နားလည်နိုင်မည်ဆိုပါက ပထမဦးစွာ လေ့လာအပ်သော ထိုအပိုင်းသည် မည်သည့်အပိုင်း ဖြစ်ပါသနည်းဟု စူးစမ်းရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံ၌ အဘိဓမ္မာပိဋကတ်သည် ဗုဒ္ဓဝါဒီတို့၏ အထူးအလေးဂရုပြုခြင်းကို ခံရ၏။ အဘိဓမ္မာကျမ်းများ၌ ဗုဒ္ဓဓမ္မ၏ အဆီအနှစ် အများဆုံးပါရှိသည်ဟု ယုံကြည် ကြ၏။ ဥရောပနှင့် အမေရိကန်နိုင်ငံများ၌မူ သုတ္တန်ပိဋကတ်ကို ဦးစားပေး၍ လေ့လာ ကြ၏။ နိကာယ်ငါးကျမ်း၌ ဗုဒ္ဓဟောသော အခြေခံတရားအားလုံးကို တွေ့ရှိနိုင်သည် ဟု ယူဆကြ၏။ မြန်မာနိုင်ငံ၏ ပရိယတ္တိ စာပြန်ပွဲများ၌ အဘိဓမ္မာကို အရေးပေး၍ အနောက်နိုင်ငံ ဗုဒ္ဓကျမ်းစာအုပ်များမှာ နိကာယ်ကျမ်းများကို မှီငြမ်းပြု၍ ရေးသားထား သော စာအုပ်များဖြစ်၏။

မည်သည့်ပိဋကတ်က ဗုဒ္ဓဓမ္မကို ပိုမိုဖော်ညွှန်းသည်။ သို့မဟုတ် ဗုဒ္ဓတရား အစစ်အမှန်နှင့် ပိုမိုနီးစပ်သည်။ ဗုဒ္ဓတရား လေ့လာရာ၌ မည်သည့်ပိဋကတ်ကျမ်းစာက ပိုမိုအရေးပါသည်ကို သိရှိရန် ရှေးဦးစွာ ပါဠိပိဋကတ်စာပေ၏ သမိုင်းကို လေ့လာရပေ မည်။ ပိဋကတ်စာပေသည် ယခုအခြေသို့ မည်သို့ရောက်ရှိလာသည်။ ဗုဒ္ဓလက်ထက်က မည်သည့်အခြေ၌ရှိသည်။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး နောက်ကာလ၌ မည်သို့ပြောင်းလဲလာ သည်။ သက္ကတပိဋကတ်စာပေနှင့် မည်သို့ကွဲလွဲသည်။ အရှေ့တိုင်း ရှေးဟောင်းဘာသာ စာပေ အယူဝါဒများကို လေ့လာသော အနောက်နိုင်ငံပညာရှင်တို့၏ သုတေသနပြုချက် များအရ မည်သို့သိရသည် စသည်တို့ကို စူးစမ်းလေ့လာရပေမည်။

ဤသို့ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲမရှိဘဲ ပိဋကတ်သမိုင်း၊ ပိဋကတ်စာပေကို စေ့ငုသေချာ

စွာ လေ့လာ၍ ဆင်ခြင်သုံးသပ်ခြင်းဖြင့် ရရှိအပ်သော ဗုဒ္ဓဓမ္မသည် မိရိုးဖလာ ဗုဒ္ဓဝါဒထက် အဆင့်အတန်း ပိုမိုမြင့်မားပေလိမ့်မည်။ အခြေခံခိုင်မာသောကြောင့် ဧဟိပဿိကောဟူသော ဂုဏ်တော်နှင့်အညီ ဝေဖန်ဆန်းစစ်မှုကို ခံနိုင်သော ဗုဒ္ဓဓမ္မ ဖြစ်ပေလိမ့်မည်။ ။

* * *

# အခန်း (၂)
## ပါဠိ ပိဋကတ်စစ်တမ်း

သံသယရှိမှု လွှမ်းကဲနေပါက ပါဠိပိဋကတ်ကိုဖြစ်စေ၊ အခြား ဘာသာရေး ကျမ်းဂန်များကိုဖြစ်စေ လေ့လာခြင်းသည် အချည်းနှီးဖြစ်ပေလိမ့်မည်။ လိုအပ်သည်ကား သံသယရှိမှု လွှမ်းကဲ၍ ပိဋကတ်စာပေတစ်ခုလုံးကို ပယ်ခြင်းနှင့် သဒ္ဓါယုံကြည်မှု လွှမ်းကဲ၍ ပိဋကတ်လာ စကားအားလုံးကို မျက်စိမှိတ် လက်ခံခြင်းတည်းဟူသော အစွန်းနှစ်ဖက်လွတ်သည့် အလယ်လမ်းကို လိုက်ရန်ဖြစ်၏။

ရန်အောင်စာပေ

# အခန်း (၂)
# ပါဠိပိဋကတ်စစ်တမ်း

မြန်မာနိုင်ငံရှိ ပါဠိပိဋကတ်သည် သီဟိုဠ်ကျွန်းမှ ရရှိခဲ့သော ပိဋကတ်ဖြစ်၏။ သီဟိုဠ်သားတို့၏ မဟာဝင်ကျမ်းအလိုအားဖြင့် ဗုဒ္ဓသာသနာသည် ဘီစီသုံးရာစု (ဝါ) ခရစ်တော်မပေါ်မီ တတိယရာစုလောက်က အိန္ဒိယပြည်မြောက်ပိုင်းမှ သီဟိုဠ်ကျွန်းသို့ ရောက်ရှိလာ၏။ သီဟိုဠ်ရဟန်းတို့သည် လက်ဦးပထမ၌ ပိဋကတ်ကို နှုတ်ဖြင့်ဆောင်ကြ၍ ဘီစီပထမရာစု ကုန်ခါနီးလောက်၌ ပေထက်အက္ခရာ တင်ကြ၏။ သို့ဖြင့် သီဟိုဠ်ကျွန်းသည် အိန္ဒိယပြည်မှအပ ပထမဦးစွာ ဗုဒ္ဓဝါဒ အခြေစိုက်မိသော နိုင်ငံဖြစ်၍ ပိဋကတ်စာပေသည် သီဟိုဠ်ကျွန်းမှ အခြားအာရှတောင်ပိုင်းနိုင်ငံများသို့ ပျံ့နှံ့သွားခဲ့ဟန် ရှိ၏။

သီဟိုဠ်သားတို့သည် ပိဋကတ်သုံးပုံ၏ အဖွင့်ဖြစ်သော အဋ္ဌကထာကျမ်းများကို ရေးသားခဲ့ကြ၏။ အချို့သော ပိဋကတ်ကျမ်းများသည်လည်း သီဟိုဠ်ကျွန်း၌ စတင်ပေါ်ပေါက်သော ကျမ်းများ ဖြစ်ကောင်းဖြစ်ပေမည်။ သို့ရာတွင် ထိုကျမ်းများမှာ အနည်းငယ်သာဖြစ်၍ ဗုဒ္ဓဝါဒအတွက် အရေးကြီးသော ကျမ်းများလည်း မဟုတ်ချေ။ ထိုကျမ်းများမှအပ အခြားပိဋကတ်ကျမ်းအားလုံးသည် အိန္ဒိယပြည်မှ ရောက်လာခဲ့ကြမည် အမှန်ဖြစ်၏။ ထိုသို့ယူဆရန် အထောက်အထားများကို ပိဋကတ်စာပေ၌လည်းကောင်း၊ အိန္ဒိယပြည် မြောက်ပိုင်း၌လည်းကောင်း အထင်အရှား တွေ့ရပေသည်။

ပိဋကတ်စာပေ၌ ဟိမဝန္တာ၊ ဂင်္ဂါ၊ ယမုနာစသော အိန္ဒိယတောင်များ၊ မြစ်များကို ဖော်ပြထား၏။ သီဟိုဠ်ကျွန်း၏ ပထဝီအမည်များကို လုံးဝမတွေ့ရချေ။ ပိဋကတ်စာပေသည် ဘီစီ ၆ ရာစုခေတ် အိန္ဒိယပြည်မြောက်ပိုင်း၏ အခြေအနေကို ဖော်ပြ၍ ရေး

သီဟိုဠ်သားတို့ အကြောင်းကို အလျှင်းမဖော်ပြချေ။ ဘီစီသုံးရာစုအတွင်းက အိန္ဒိယပြည် မြောက်ပိုင်း၌ အသောကာ၏ သာဗရကျောက်စာတွင် ရဟန်းတို့အား အချို့သော ပိဋကတ်သုတ္တန်များကို ကျက်မှတ်ရန် နှိုးဆော်ထား၏။ အိန္ဒိယပြည်ဆန်ချီနှင့် ဘာရုပ် ဒေသ၌ ထူပါရုံစေတီတော်ကြီးများ၏ မုခ်ဦးနှင့်နံရံများတွင် 'ဓမ္မကထိက' 'ပေဋကိန' (ပိဋကတ်အာရုံဆောင်သောသူ) 'သုတ္တန္တကိနီ' (သုတ္တန်များကို အာဂုံဆောင်သောမိန်းမ) စသည်ဖြင့် ရဟန်းယောကျ်ား၊ မိန်းမများအား ပေးထားသော ဘွဲ့အမည်များကို ဖော်ပြ ထား၏။ ပိဋကတ်၌ပါရှိသော ဝတ္ထုများနှင့် ၅၅၀ ဇာတ်ဝတ္ထုများကိုလည်း စေတီနံရံ များ၌ ရုပ်လုံးကလေးများဖြင့် ထုထွင်းခြယ်လှယ်ထား၏။

သို့ဖြစ်၍ ပိဋကတ်စာပေသည် အိန္ဒိယပြည်၌ စတင်ပေါက်ဖွားခဲ့ကြောင်း ထင်ရှား၏။ သီဟိုဠ်သားတို့သည် ထိုပိဋကတ်ကို ပြင်ဆင်ပြောင်းလဲခြင်းမပြုဘဲ နဂိုအိန္ဒိယ မူအတိုင်း ထားရှိခဲ့သည်ဟု ယူဆရပေမည်။ ထိုပိဋကတ်သည် မူလက အသောက မင်းလက်ထက်၌ တတိယသင်္ဂါယနာတင်သော ဝိဘဇ္ဇဝါဒီရဟန်းတို့ နှုတ်ဖြင့်ဆောင် ခဲ့ကြသော ထေရဝါဒပိဋကတ်ဖြစ်၏။ ထေရဝါဒဂိုဏ်းသည် ဒုတိယသင်္ဂါယနာတင်ပြီး နောက် ပေါ်ပေါက်ခဲ့သော ရှေးဗုဒ္ဓဂိုဏ်းကြီး ၁၈ဂိုဏ်း၌ ပါဝင်သော ဂိုဏ်းတစ်ခု ဖြစ်၍ ထေရဝါဒပိဋကတ်သည် အခြားဂိုဏ်းများ၏ ပိဋကတ်များနှင့် မည်သို့ခြားနား ကွဲလွဲပါ သနည်းဟု စူးစမ်းရန်လိုပေသည်။

ဤတွင် ထိုရှေးအခါက အထူးထင်ရှားသော သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ပိဋကတ်ကို စဉ်းစားရာ၏။ သဗ္ဗတ္ထိဝါဒပိဋကတ်ကို သက္ကတဘာသာဖြင့် ရေးသားထား၍ အချို့သော ကျမ်းစာများကို အာရှတိုက်အလယ်ပိုင်း အရှေ့တာကစ္စတန်ပြည်နှင့် နီပေါပြည်၌ တွေ့ရှိခဲ့ကြ၏။ ထိုကျမ်းစာများသည် ဆိုင်ရာပါဠိ ပိဋကတ်ကျမ်းစာများနှင့် အတော် များများ တူညီ၏။ ဥပမာ သက္ကတဝိနည်းပိဋကတ်၌ ဖော်ပြထားသော ဝိနည်းသိက္ခာပုဒ် များသည် ပါဠိဝိနည်း ပိဋကတ်မှ သိက္ခာပုဒ်များနှင့် ဘာမျှမခြားနားချေ။ သိက္ခာပုဒ် များ ပညတ်ရခြင်းအကြောင်းရင်းကို ဖော်ပြရာ၌သာ ပိဋကတ်တစ်ခုနှင့်တစ်ခု ကွဲလွဲ၏။

အချို့သော သက္ကတပိဋကတ်ကျမ်းများကို တရုတ်၊ တိဗက်၊ ဂျပန်စသော ဘာသာများသို့ ပြန်ဆိုထား၏။ ထိုမြောက်အာရှတိုင်းသားတို့၏ဗုဒ္ဓဝါဒသည် မဟာ ယာနဝါဒဖြစ်၏။ မဟာယာနဝါဒီတို့သည် မူလဗုဒ္ဓဝါဒကို ချဲ့ထွင်စဉ်းစား ဉာဏ်ကစား လျက် ဝါဒသစ်များ ဖန်တီးခဲ့ကြစေကာမူ အိန္ဒိယပြည်မှ ရရှိသော မူလကျမ်းရင်းများကို ပြုပြင်ပြောင်းလဲခြင်း မပြုခဲ့ကြချေ။ တရုတ်ပိဋကတ်တွင် ပါဠိပိဋကတ်မှာကဲ့သို့ ဓမ္မ ပဒ၊ ဥဒါန်၊ ထေရဂါထာ၊ ဝိမာနဝတ္ထု စသောကျမ်းများ ပါဝင်၏။ သူတို့၏ မဟာဝတ္ထုကျမ်းသည် နိဒါနကထာနှင့် မဟာဝဂ်ပါဠိတော်ကဲ့သို့ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်လာပုံကို အကျယ်ပြထား၏။ သူတို့၏ ဒိဗျာဝဒါနကျမ်း၌ မဟာပရိနိဗ္ဗာန သုတ်ပါရှိ၍ ထိုသုတ်မှာ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်နှင့် ကွဲလွဲခြင်းမရှိချေ။ ထို

သုတ်၌ ဗုဒ္ဓဝါဒ၏ အခြေခံမူလဖြစ်သော ဗောဓိပက္ခိယတရား ၃၇ ပါးကို ဖော်ပြထား၏။

ထိုတူညီသော တရားဒေသနာများကို ပိဋကတ်နှစ်ခု၌ စီစဉ်ခွဲခြားထားပုံမှာလည်း တစ်ပုံစံတည်းဖြစ်၏။ သို့ဖြစ်၍ ထိုဒေသနာများသည် ဗုဒ္ဓသံဃာဂိုဏ်းမကွဲမီ ရှေးပဝေသဏီကတည်းက ရှိပြီးဖြစ်ရပေမည်။ မတူညီသော ဒေသနာများလည်းရှိ၏။ များပြားလှသော တရားဒေသနာများကို နှစ်ပေါင်းများစွာ တစ်သီးတစ်ခြားစီ နှုတ်ဖြင့်ဆောင်ခဲ့ရာမှ ဖြစ်ပေါ်လာသော ပိဋကတ်နှစ်ခုသည် အချို့နေရာများ၌ ကွဲလွဲကြမည်မှာ ဓမ္မတာဖြစ်၏။ ကွဲလွဲသော အချက်အားလုံး ဘုရားဟောစကား ဖြစ်သည်ဟူ၍ကား မဆိုနိုင်ချေ။ သို့ဖြစ်၍ ပိဋကတ်နှစ်ခုတွင် မည်သည့်ပိဋကတ်က ရှေ့ဦးစွာ ပေါ်ပေါက်လာ၍ မူလဗုဒ္ဓဝါဒနှင့် ပိုမိုနီးစပ်ပါသနည်းဟု စူးစမ်းရန် လိုအပ်၏။

ပိဋကတ်နှစ်ခုစလုံးကို လေ့လာဖူးသော ဥရောပပညာရှင်တို့၏ အဆိုအားဖြင့် ပိဋကတ်နှစ်ခုမှာ စီကုံးဖွဲ့နွဲ့မှု မတူကြချေ။ ပါဠိပိဋကတ်သည် အက္ခရာမတင်မီ နှစ်ပေါင်းအတော်ကြာက ပေါ်ပေါက်ခဲ့ပြီး ဖြစ်ဟန်ရှိ၏။ ပါဠိတော်များကို စာဖြင့်ရေးမှတ်သောအခါ စီကုံးဖွဲ့နွဲ့သော နည်းဟန်ကို မပြောင်းလဲဘဲ နှုတ်ငုံဆောင်ထားသည့်အတိုင်း ရေးမှတ်ခဲ့ကြသောကြောင့် အရေးအသား ချောမွတ်ခြင်းမရှိချေ။ သက္ကတပိဋကတ်မှာမူ ပါဠိပိဋကတ်ထက် အရေးအသား ညက်ညောပြေပြစ်၏။ စီကုံးဖွဲ့နွဲ့ရာတွင် အချို့နေရာများ၌ အတော် ရှမ်းရှမ်းဝေဝေဆာဆာရှိ၏။ သို့ဖြစ်၍ ထိုပိဋကတ်သည် အာရှတိုက်အလယ်ပိုင်း၌ စာရေးသားခြင်းအတတ် ပေါ်ပြီးမှ စာပေအဖြစ်သို့ ကူးပြောင်းလာဟန်ရှိ၏။

သမိုင်းသုတေသနပြုမှု မရှိသေးသောခေတ်က စာပေကျမ်းဂန်တစ်ခုသည် ရှေးကထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးအကြောင်းကို ဖော်ပြရာ၌ ထိုပုဂ္ဂိုလ်၏ခေတ်နှင့် ကျမ်းပြုဆရာ၏ ခေတ်အချိန်ကာလ ကွာခြားလေ၊ ဒဏ္ဍာရီပုံပြင်ဆန်ဆန် အကြောင်းအရာများကို ပိုမိုတွေ့ရလေ ဖြစ်၏။ မြန်မာနိုင်ငံတွင် ဘကြီးတော်လက်ထက်က ရေးသားထားသော မှန်နန်းရာဇဝင်ထဲမှ ပြူစောထီး၊ ဒွတ္တပေါင်စသော ရှေးပုဂံခေတ်မတိုင်မီက မင်းများအကြောင်း ရေးသားချက်များ၌ အထက်ပါစကား ထင်ရှား၏။ သက္ကတပိဋကတ်၌ ပါရှိသော ဗုဒ္ဓဝင်မှာ အံ့ဖွယ်သရဲများဖြင့် ဖောင်းပွ၍ ဗုဒ္ဓမှာ လူသားစင်စစ် မဟုတ်တော့ဘဲ ထာဝရဘုရား၊ သို့မဟုတ် စကြဝဠာ မဟာဗြဟ္မာကြီးလိုလို ဖြစ်နေသည်ကို တွေ့ရ၏။ ပါဠိပိဋကတ်၌မူ လူသားမျိုးနွယ် အတုမရှိ သူတော်သူမြတ်အဖြစ်ဖြင့်သာ ဖော်ပြထား၏။

ထေရဝါဒီတို့၏ ဗုဒ္ဓအကြောင်း အံ့ဖွယ်သရဲများကို အများအားဖြင့် နောက်မှပေါ်ပေါက်သော အဋ္ဌကထာများ၌ တွေ့ရ၏။ ဗုဒ္ဓကိုယ်တော်တိုင်က မိမိသည် တန်ခိုးပြာဋိဟာပြမှုကို စက်ဆုပ်ကြောင်း မိန့်ကြားခဲ့၏။ (ဤအကြောင်းကို 'ဗုဒ္ဓကိုးကွယ်မှု' အခန်း၌ အကျယ်ပြဆိုပါအံ့။) ဒေဝါတိဒေဝါ (နတ်တကာတို့၏ နတ်မင်း)ဆိုသော ဗုဒ္ဓ၏ဘွဲ့ကို ဘီစီ ၉၀-၈၀ လောက်က ရေးသားသော မိလိန္ဒပဉ္စာကျမ်း၌ ပထမ

အကြိမ် တွေ့ရ၏။ ပါဠိပိဋကတ်၌ ထိုစကားကို မတွေ့ရချေ။

ထို့ကြောင့် အနောက်နိုင်ငံ ပညာရှင်တို့သည် ပါဠိပိဋကတ်မှာ ဗုဒ္ဓဝါဒသမိုင်း၌ ပထမဦးစွာ ပေါ်လာသော စာပေဖြစ်ကြောင်း တညီတညွတ် အသိအမှတ်ပြုကြ၏။ ထေရဝါဒက မူလဗုဒ္ဓဝါဒနှင့် မဟာယာနထက် ပိုမိုနီးစပ်သည်ဟု ယုံကြည်၍ ပါဠိပိဋကတ်ကို ဦးစားပေး လေ့လာကြ၏။

ဗုဒ္ဓလက်ထက်က အိန္ဒိယပြည်၌ စာရေးခြင်းအတတ် ပေါ်ပေါက်နေပြီဖြစ်ကြောင်း ပိဋကတ် အထောက်အထားရှိ၏။ သို့ရာတွင် စာရေးရန် ပစ္စည်းကိရိယာ စုံစုံလင်လင် လုံလုံလောက်လောက် မရှိသေးသောကြောင့် ရှည်လျားသောစာများကို မရေးသားကြချေ။ ထို့အပြင် ထိုခေတ်က အိန္ဒိယသားတို့သည် ဘာသာရေးခေါင်းဆောင်ကြီးများ၏ နှုတ်စကားကို စာစကားထက် ပို၍သာလွန်မြတ်နိုး တန်ဖိုးထားကြ၏။ တရားဒေသနာများကို နှုတ်တက်ကျက်မှတ်ပြီးလျှင် သားစဉ်မြေးဆက် နှုတ်ဖြင့်သာဆောင်ကြ၏။ သို့ဖြင့် အချို့သော ဘာသာရေးဂိုဏ်းများ၏ ဟောပြောချက်များသည် ပါဠိပိဋကတ် ပေါ်ပေါက်ပြီးနောက် ကာလအတန်ကြာသည့်တိုင်အောင် စာပေအဖြစ်သို့ မရောက်ရှိသေးချေ။ ဂျိန်းဘာသာဝင်တို့၏ ပိဋကတ်သည် အေဒီငါးရာစုလောက်ကျမှ စာပေဖြစ်လာကြောင်း သိရ၏။

နှုတ်စကားက စာစကားထက် အချို့နေရာ၌ ပိုမိုထိရောက်ကြောင်း ယုံမှားဖွယ် မရှိချေ။ တရားဟောရာ၌ စာဖတ်၍ပြောခြင်းထက် စာမဖတ်ဘဲပြောခြင်းက လူပရိသတ်၏ စိတ်ကို ပိုမိုဆွဲဆောင်နိုင်ကြောင်း ထင်ရှား၏။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦး၏ စကားများကို နဂိုမူမပျက်စေဘဲ သန့်ရှင်းစင်ကြယ်စွာ ကာလတာရှည် တည်မြဲစေလိုပါက စာဖြင့် မှတ်သားထားရန်လို၏။ ဆရာအစဉ်အဆက် နှုတ်ငုံဆောင်ထားရုံမျှဖြင့် စိတ်ချရမည် မဟုတ်ချေ။

ထို့ကြောင့် အစပထမက နှစ်ပေါင်းများစွာ နှုတ်ဖြင့်ဆောင်ခဲ့သော ပါဠိပိဋကတ်သည် မည်မျှသန့်ရှင်းစင်ကြယ်၍ မူလဗုဒ္ဓဓမ္မကို မည်မျှကိုယ်စားပြုပါသနည်းဟု စဉ်းစားရန်ရှိ၏။

အချို့သော ပါဠိတော်များသည် ဗုဒ္ဓကိုယ်တိုင်ဟောသော ဒေသနာများမဟုတ်ကြောင်း ပိဋကတ်စာပေ၌ အထင်အရှား ပြဆိုထား၏။ အဘိဓမ္မာပိဋကတ်မှ ကထာဝတ္ထုသည် အရှင်မောဂ္ဂလိပုတ္တတိဿ၏ လက်ရာဖြစ်၏။ ဝိနည်းပိဋကတ်မှ ပရိဝါကျမ်းမှာ ဒီပမည်သော မထေရ်တစ်ပါး ရေးသားကြောင်း ကျမ်းနိဂုံးတွင် ဖော်ပြထား၏။ မဇ္ဈိမနိကာယ်နှင့် ဒီဃနိကာယ်မှ သုတ်ပေါင်း ၂၆ ခုမှာ ရှင်သာရိပုတ္တရာ၊ ရှင်အာနန္ဒာ၊ ရှင်ကစ္စည်း စသော တပည့်သာဝကကြီးများ ဟောကြားသည့် သုတ်များဖြစ်၏။

အချို့သော ပါဠိတော်များမှာမူ သင်္ဂါယနာတင် ရဟန်းတော်များက ထည့်သွင်း

ထားသော စကားများဖြစ်သည်ဟု အဋ္ဌကထာဆရာများက ဆိုကြ၏။ အချို့ထေရီဂါထာများသည် သင်္ဂါယနာတင် မထေရ်တို့၏ ဂါထာများဖြစ်ကြောင်း ပရမတ္ထဒီပနီ၌ အဋ္ဌကထာဆရာရှင်ဓမ္မပါလက ဖော်ပြထား၏။ သုတ္တနိပါတ် မဟာဝဂ် ပဓာနသုတ်၌ လာသော နောက်ဆုံးဂါထာသည် အချို့ဆရာတို့ အဆိုအားဖြင့် သင်္ဂါယနာတင် ရဟန်းတို့၏ လက်ရာဖြစ်၏။

တပည့်သာဝကတို့၏ ဒေသနာများသည် အများအားဖြင့် ဘုရားရှင် အမြွက်မျှ ဟောကြားသောတရားကို အကျယ်ရှင်းပြသော ဒေသနာများဖြစ်သောကြောင့် ပိဋကတ်ထဲ၌ ထည့်သွင်းထားခြင်းဖြစ်၏။ အမှန်ဆိုသော် အချို့သာဝကကြီးများ၏ တရားဒေသနာများသည် မိမိ၏အာဘော်နှင့် ကိုက်ညီသည်ဟု ဘုရားရှင်က မိန့်ကြားကြောင်း ပိဋကတ်၌ ပြဆိုထား၏။ မည်သို့ဖြစ်စေ ဗုဒ္ဓဝါဒကို စေ့ငုသေချာစွာ လေ့လာလိုသော သူတို့အဖို့ ဗုဒ္ဓ၏စကားနှင့် တပည့်သာဝကများ၏ စကားကို ခွဲခြား၍ သိရှိမှတ်သားရန် အရေးကြီး၏။

ဘုရားရှင်လက်ထက်က ဗုဒ္ဓဒေသနာများကို အထူးဂရုပြု၍ ကျက်မှတ်ကြခြင်း ရှိဟန်မတူချေ။ 'ဘာဏက' (ဒေသနာများကို ရွတ်ဆိုကျက်မှတ်သောသူ) ဆိုသောစကားကို အဋ္ဌကထာများ၌သာလျှင် တွေ့ရ၏။ သင်အံ့ကျက်မှတ်သော ပုဂ္ဂိုလ်အချို့ ရှိမည်ဖြစ်သော်လည်း ဘုရားရှင်၏ အလိုအားဖြင့် တရားတော်ကို ကျက်မှတ်မှုထက် ကျင့်ကြံအားထုတ်မှုက ပိုမိုအရေးကြီးသောကြောင့် အမြဲတစေ ဂရုတစိုက် ကျက်မှတ်သော ရဟန်းဦးရေသည် ယခုခေတ်မှာကဲ့သို့ များလှမည် မဟုတ်ချေ။ တပည့်ရဟန်းများသည် ဗုဒ္ဓဝါဒကို လွတ်လပ်စွာ ဟောပြောကြ၏။ တစ်ခါတစ်ရံမှသာ ဘဂဝါသို့မဟုတ် သတ္ထာ (ဘုရားရှင်ကိုဆိုလိုသည်)က ဤသို့မိန့်ဆိုသည်ဟု ဗုဒ္ဓ၏စကားကို ကိုးကား၍ ပြောလေ့ရှိကြ၏။ ထို့နောက် ဗုဒ္ဓသည် သက်တော်ကြီးရင့်လာ၍ တပည့်သာဝကကြီးများ ပရိနိဗ္ဗာန်ပြုတော်မူကုန်သောအခါ ဒေသနာတော်များကို မှတစ်မှုတည်းထားကာ ပုံသေ သတ်မှတ်စပြုလာကြ၏။

အစပထမ၌ ဒေသနာများသည် သုတ်အဖြစ် သို့မရောက်သေးဘဲ အကျဉ်းချုပ် (ဥဒ္ဒေသ) အဖြစ်ဖြင့်သာ တည်ရှိကြ၏။ ဥဒ္ဒေသများကို ပိဋကတ်စာပေ အချို့နေရာများ၌ တွေ့ရသေး၏။ ဗုဒ္ဓပရိနိဗ္ဗာန် စံတော်မူပြီးသည့် နောက်ကာလ၌ကား ဗုဒ္ဓဓမ္မနှင့် စပ်လျဉ်း၍ သံဃာကိုဏ်းကွဲမည့် အရိပ်နိမိတ်များ ထွက်ပေါ်လာသောကြောင့် ဗုဒ္ဓဒေသနာများကို အကျဉ်းမချုံးဘဲ ဘုရားဟောတော်မူသည့်အတိုင်း ပုံသေအတည်ပြုထားရန် မထေရ်ကြီးများ စုပေါင်းကြိုးစားကြ၏။ ပိဋကတ်စာပေ၌ 'သာဝတ္ထိနိဒါန်' စသည်ဖြင့် မြို့အမည်နှင့် အစချီသော သုတ်များပါရှိရာ ထိုဖော်ပြသောမြို့သည် ဆိုင်ရာသုတ်ကို စတင်အတည်ပြုသော ရဟန်းသံဃာတို့၏ ဗဟိုဌာန ဖြစ်တန်ရာ၏။ ထို ဗဟိုဌာနများမှာ သာဝတ္ထိ၊ ကပိလဝတ်၊ ဗာရာဏသီ၊ သာကေတ၊ ပါဋလိပုတ်နှင့် ရာဇဂြိုဟ်ဟူ၍ ဌာန

၃၆ ခုရှိ၍ သာဝတ္ထိမြို့၌ သုတ်အများဆုံးအတည်ပြုကြ၏။

အင်္ဂုတ္တရကထာများ၌ ဒီဃဘာဏက, သံယုတ္တဘာဏကစသော စကားများကို တွေ့ရ၏။ နိကာယ်တစ်ရပ်ကို ကျွမ်းကျင်နှံ့စပ်သော ဘာဏကအချင်းချင်း စုပေါင်း၍ အာဂုံဆောင်ကြ၏။ နိကာယ်ဘာဏကများသည် သီးခြားအဖွဲ့များဖြစ်၍ တစ်ခုနှင့် တစ်ခု အဆက်အသွယ်မရှိချေ။ ထို့ကြောင့် အချို့သုတ်များကို နိကာယ်နှစ်ခု၊သုံးခု၌ ထပ်တလဲလဲ တွေ့ရခြင်းဖြစ်၏။

ဒေသနာတော်များကို ပုံသေသတ်မှတ်သော လုပ်ငန်းသည် ဘီစီသုံးရာစုခေတ်၌ အသောကမင်း လက်ထက်မတိုင်မီက ပြီးဆုံးဟန်ရှိ၏။ ထိုခေတ်က ဘာရပ်နှင့် ဆန်ချီ အရပ်ရှိ ထူပါရုံစေတီ ကျောက်စာများ၌ 'ပဉ္စနေကာယိက' (နိကာယ်ငါးရပ် အာဂုံ ဆောင်သူ)ဆိုသောစကား ရေးထိုးထား၏။ သို့ရာတွင် ဒေသနာအားလုံးကို တစ်ချိန်တည်း၌ ပုံသေသတ်မှတ်ခြင်း ပြီးဆုံးသည် မဟုတ်ချေ။ ပါဠိပိဋကတ်၏ မည်သည့်အပိုင်းက မည်သည့်အချိန်ကာလ၌ ပုံသေဖြစ်လာသည်ဟု အတိအကျ မသိရသော်လည်း တစ်ပိုင်း နှင့်တစ်ပိုင်း ပုံသေဖြစ်လာသော အချိန်ကွာခြား၏။ ပါဠိပညာရှင် **ဒေါက်တာရိုင်း(စ) ဒေးဗစ်** ၏ ယူဆချက်အရ ပါဠိတော်များ ပုံသေမှုတစ်မှုတည်းဖြစ်လာသော ရှေ့နောက်အစီ အစဉ်မှာ အကြမ်းဖျင်းအားဖြင့် အောက်ပါအတိုင်းဖြစ်၏။ (၁)

၁။ ပိဋကတ်စာပေ အားလုံးလိုလို၌ အကြိမ်ကြိမ်တွေ့ရ၍ ထပ်တူထပ်မျှဖြစ် သော စကားပြေ၊ သို့မဟုတ် ဂါထာများဖြင့် ဗုဒ္ဓဝါဒကို ရိုးရိုးရှင်းရှင်း ဖော်ပြထားသော စကားများ။

၂။ ပိဋကတ်နှစ်ကျမ်း၊ သို့မဟုတ် သုံးကျမ်း၌ ထပ်တူထပ်မျှ စကားများဖြင့် ပြဆိုထားသော အကြောင်းများ။

၃။ ဒီဃနိကာယ်မှ သီလက္ခန္ဓ၊ သုတ္တနိပါတ်မှ ပါရာယနဝဂ်နှင့် အဋ္ဌကဝဂ်, ဝိနည်းပိဋကတ်မှ ပါတိမောက်

၄။ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ အင်္ဂုတ္တရနိကာယ်နှင့် သံယုတ္တနိကာယ်။

၅။ သုတ္တနိပါတ်၊ ထေရနှင့်ထေရီဂါထာ၊ ဥဒါန်၊ ခုဒ္ဒကပါဌ

၆။ သုတ္တဝိဘင်္ဂနှင့် ခန္ဓက။

၇။ ဇာတကနှင့် ဓမ္မပဒ။

၈။ နိဒ္ဒေသ၊ ဣတိဝုတ္တကနှင့် ပဋိသမ္ဘိဒါ။

၉။ ပေတဝတ္ထု၊ ဝိမာနဝတ္ထု၊ အပဒါန်၊ စရိယာပိဋကနှင့် ဗုဒ္ဓဝံသ။

၁၀။ အဘိဓမ္မာကျမ်းများ၊ ယင်းတို့တွင် ကထာဝတ္ထုမှာ နောက်ဆုံးကျမ်းဖြစ်၍ ရှေးအကျဆုံးကျမ်းမှာ ပုဂ္ဂလပညတ္တိ ဖြစ်တန်ရာ၏။

အဘိဓမ္မာကျမ်းများသည် ပိဋကတ်သမိုင်း၌ နောက်ဆုံးပေါ်ပေါက်လာသော

---

၁။ **Dr. Rhys Davids: Buddhist India, pp.84**

ကျမ်းများဖြစ်ကြောင်း ယူဆရန် အထောက်အထားများရှိ၏။ ပထမနှစ်ကြိမ် သင်္ဂါယနာတင်သော ပါဠိတော်များတွင် အဘိဓမ္မာပါဝင်သည်ဟု ဝိနည်းစူဠဝါနှင့် မဟာဝင်၊ ဒီပဝင်ကျမ်းများ၌ ပြဆိုမထားချေ။ ဒီဃနိကာယ် အဋ္ဌကထာ၌ ပါရှိသော ပထမသင်္ဂါယနာအကြောင်း၌ ဝိနည်းပိဋကတ်နှင့် ပထမနိကာယ်လေးရပ်ကို အာဂုံဆောင်၍ ထိန်းသိမ်းရန် ရှင်ဥပါလိ၊ ရှင်အာနန္ဒာနှင့် ရှင်ကဿပ၊ ရှင်အနုရုဒ္ဓါ၊ ရှင်သာရိပုတ္တရာတို့၏ တပည့်များအား တာဝန်ပေးအပ်ကြသည် ဆို၏။ အဘိဓမ္မာပိဋကတ်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ဖော်ပြထားခြင်း မရှိချေ။ အဋ္ဌသာလိနီ, မဟာဗောဓိဝံသစသော အဋ္ဌကထာများနှင့် ရှေးအိန္ဒိယကျောက်စာများ၌ နိကာယ်ဘာဏကများကို ရည်ညွှန်းချက်များ ပါရှိသော်လည်း အဘိဓမ္မာဘာဏက ဆိုသောစကား လုံးဝမပါရှိချေ။

အချို့သော ပါဠိတော်တို့၌ အဘိဓမ္မာဟူသောပုဒ်ကို တွေ့ရ၏။ သို့ရာတွင် သုတ္တန္တပိဋကတ်၌လာသော ထို 'အဘိဓမ္မာ'သည် လက်ရှိအဘိဓမ္မာ ခုနစ်ကျမ်းကို မရည်ညွှန်းဘဲ သုတ္တန်ဒေသနာများမှ နက်နဲသောတရားကို ဆိုလိုဟန်ရှိ၏။ ဗုဒ္ဓဒေသနာများကို သုတ္တ, ဂေယျ, ဂါထာ, ဇာတက စသည်ဖြင့် အင်္ဂတ္တရနိကာယ်၌ ကိုးမျိုးခွဲခြားထားရာ ဥပမာ ဇာတကသည် လက်ရှိ ၅၅၀ ဇာတ်နိပါတ်ကို ဆိုလိုခြင်း မဟုတ်ဘဲ နိကာယ်များမှ အချို့ဝတ္ထုများကို ရည်ညွှန်း၏။ ထိုနည်းအတူ သုတ္တန်ပိဋကတ်၌ တွေ့ရသော အဘိဓမ္မာသည် သုတ္တန်ဒေသနာများကို အမျိုးအစားခွဲခြားရန် သုံးစွဲသော စကားဖြစ်ပေလိမ့်မည်။

သဗ္ဗတ္ထိဝါဒဂိုဏ်း၌ ထေရဝါဒဂိုဏ်းမှာကဲ့သို့ အဘိဓမ္မာခုနစ်ကျမ်းရှိ၍ တရုတ်ဘာသာသို့ ပြန်ဆိုထား၏။ ထိုအဘိဓမ္မာတရားကို ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်စသော သာဝကကြီးများက ဟောပြောခဲ့သည်ဆို၏။ သဗ္ဗတ္ထိဝါဒ အဘိဓမ္မာသည် ထေရဝါ၏ အဘိဓမ္မာနှင့် ပါဝင်သောအကြောင်းရပ်များ လုံးဝမတူချေ။ အထက်က ဖော်ပြခဲ့သည့်အတိုင်း ဝိနည်း၊ သုတ္တန် ဒေသနာများ အခြေခံတူညီပါလျက် အဘိဓမ္မာပိဋကတ်များသည် ဗုဒ္ဓသံဃာဂိုဏ်းကွဲပြီးမှ တသီးတခြားစီ ပေါ်လာသော ပိဋကတ်များဖြစ်သည်ဟု ယူဆဖွယ်ရှိ၏။

ဒုတိယ သင်္ဂါယနာတင် ရဟန်းသံဃာနှင့် ဆန့်ကျင်သော မဟာသံဃိကရဟန်းတို့သည် စင်ပြိုင်သင်္ဂါယနာတင်ပွဲ ပြုလုပ်၍ အဘိဓမ္မာပိဋကတ်နှင့် အခြားအချို့သော ဒေသနာများကို ဘုရားရှင်၏ ဒေသနာအစစ်အမှန် မဟုတ်ဟုဆိုကာ ပယ်ကြသည်ဟု ဒီပဝင်ကျမ်း၌ ဖော်ပြထား၏။ အမှန်ဆိုသော် ရှေးအခါက အဘိဓမ္မာကို ဘုရားဟော ဒေသနာဖြစ်သည်ဟု မယုံကြည်သော ရဟန်းတို့မှာ နည်းလှမည်မဟုတ်ချေ။ သို့ဖြစ်၍ ရှင်ဗုဒ္ဓဃောသဆရာသည် အဋ္ဌသာလိနီကျမ်း၌ အဘိဓမ္မာပိဋကတ်ကို ခုခံကာကွယ်၍ ရေးသားရ၏။ ရဟန်းတစ်ပါးက အဘိဓမ္မာဟောသော အခြားရဟန်းတစ်ပါးအား "သင်သည် မြင်းမိုရ်တောင်ကို ရစ်ပတ်သကဲ့သို့ မသည်မပိုးနိုင်၊ ရှည်စွာသော

အဘိဓမ္မာပါဠိကို အဘယ်ကြောင့် ဆောင်ဘိသနည်း။ အဘိဓမ္မာသည် ဘုရားဟော မဟုတ်"ဟု ပြစ်တင်ကဲ့ရဲ့သည်ဆို၏။ ရှင်ဗုဒ္ဓဃောသကမူ အဘိဓမ္မာသည် ဘုရားဟော ဖြစ်သည်။ ရှင်မောဂ္ဂလိပုတ္တ တိဿသည်ပင် ကထာဝတ္ထုကို ဘုရားပေးအပ်သောနည်း၊ ထားအပ်သော မာတိကာဖြင့် ဟောသည်ဟု ဆိုလေသည်။

မာတိကာသည် ဗုဒ္ဓဓမ္မကို အကျဉ်းချုပ်ပြသော ခေါင်းစဉ်ဖြစ်၍ ဝိနည်းနှင့် သုတ္တန်ပိဋကတ်များ၌ ထိုစကားကို တွေ့ရ၏။ အဘိဓမ္မာကျမ်းများသည် ထိုမာတိကာ များအပေါ်၌ အခြေတည်၏။ တရုတ်ရဟန်းတော် ဖာဟီယန်သည် အိန္ဒိယပြည်သို့ ရောက်ရှိစဉ်က သံဃာ့စာသင်တိုက်ကြီးများ၌ ဗုဒ္ဓအဘိဓမ္မာဆရာကြီးများကို တွေ့ရှိခဲ့ ကြောင်း သူ၏မှတ်တမ်း၌ ဖော်ပြခဲ့၏။ ထို သံဃာ့စာသင်တိုက်များနှင့် နာလန္ဒစသော ရှေးဗုဒ္ဓတက္ကသိုလ်များသည် အဘိဓမ္မာကျမ်းများ ပေါက်ဖွားရာဌာနများ ဖြစ်တန်ရာ၏။

ထို့ကြောင့် အနောက်တိုင်း ပါဠိပညာရှင်တို့၏ အမြင်အားဖြင့် အဘိဓမ္မာသည် နောက်မှပေါ်ပေါက်လာသော ပိဋကတ် အစွယ်အပွားဖြစ်၍ သုတ္တန္တပိဋကတ်ထက် ပိုမို ထူးခြားနက်နဲသည် မဟုတ်ချေ။ ပိဋကတ်သုံးပုံကို နှံ့နှံ့စပ်စပ် လေ့လာဖူးသော ဥရောပ ပညာရှင်တစ်ဦးကမူ ပါဠိစာပေမှ ကျွန်ုပ်တို့သိရှိရသော ဗုဒ္ဓအဘိဓမ္မာသည် အဘိဓမ္မာ ပိဋကတ်တစ်ခုလုံး မရှိစေကာမူ စိုးစဉ်းမျှ ယုတ်လျော့သွားလိမ့်မည် မဟုတ်။ အဘိဓမ္မာ ပိဋကတ်၌ ပါရှိသော တရားအားလုံးကို သုတ္တန်ပိဋကတ်၌ တွေ့နိုင်ပါသည်ဟု ရေးသားခဲ့၏။ (၁)

ဝိမာနဝတ္ထုနှင့် ပေတဝတ္ထုများမှာ ယင်းတို့၌လာသော အကြောင်းအရာများ (ဥပမာ ဗုဒ္ဓကိုးကွယ်မှု၊ အလှူဒါနအားပေးမှု)ကို ထောက်ချင့်၍ ပိဋကတ်ထဲသို့ အတော်နောက်ကျမှ ဝင်လာသော ကျမ်းများဖြစ်ကြောင်း ထင်ရှား၏။ ပေတဝတ္ထု၌ပါရှိ သော ပိင်္ဂလကဘုရင်မှာ ဘုရားပရိနိဗ္ဗာန် စံဝင်ပြီးနောက် နှစ်ပေါင်း ၂၀၀ ကျော်မှ စူရတ်ပြည်ကို အုပ်စိုးသောမင်းဖြစ်၏။ ဝိမာနဝတ္ထု၌ ဖော်ပြထားသော ပါယာသိဘုရင် သည်လည်း ဘုရားပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်းအတန်ကြာမှ စိုးစံသောဘုရင်ဖြစ်၏။

၁၈၉၄ ခုနှစ်၌ ယိုးဒယားဘုရင်က အနောက်နိုင်ငံ စာကြည့်တိုက်များသို့ လှူဒါန်းသော ပိဋကတ်သုံးပုံ၌ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ ဇာတက၊ အပဒါန၊ စရိယပိဋကနှင့် ဗုဒ္ဓဝံသကျမ်းများ မပါဝင်ချေ။ ထိုသို့ ယိုးဒယားမူ၌ မပါရှိသော ကျမ်းများသည် စင်စစ် ယင်းတို့၏ မူလအစနှင့် စပ်လျဉ်း၍ ယခုခေတ် ပညာရှင်တို့ သံသယရှိသော ကျမ်းများဖြစ်၏။ အိန္ဒိယပညာရှင် ပါမောက္ခ ဘီအမ်ဗရူဝါး (တိပိဋကာစရိယ)၏ အဆိုအားဖြင့် ခုဒ္ဒကပါဌ၊ ဗုဒ္ဓဝံသ၊ စရိယာပိဋကနှင့် အပဒါနကျမ်း များကို ဒီဃဘာဏကအဖွဲ့က ပါဠိတော်များအဖြစ်ဖြင့် အသိအမှတ်မပြုချေ။ ထိုကျမ်း

၁။ *Art.* **Abhidhamma by Mrs Rhys Davids in Encyclopaedia of Religion and Ethics**

အမှတ် .... .... ....
ရက်စွဲ ....

များမှာ သီဟိုဠ်ရဟန်းတို့၏ လက်ရာဖြစ်သည်ဆို၏။

စရိယာပိဋက၊ ဗုဒ္ဓဝံသ စသည်တို့သည် ခုဒ္ဒကနိကာယ်၌ ပါဝင်၍ ထိုနိကာယ်သည် နောက်ဆုံးထွက်ပေါ်လာသော နိကာယ်ဖြစ်သည်ဟု ပါဠိပညာရှင်တို့ ယူဆကြ၏။ ဝေသာလီပြည်၌ ထေရဝါဒီတို့နှင့် စင်ပြိုင်သင်္ဂါယနာတင်သော မဟာသံဃိကဂိုဏ်းက ပိဋကတ်မှ နုတ်ပယ်ပစ်သည့် ကျမ်းများမှာ အဘိဓမ္မာကျမ်းများနှင့် ပဋိသမ္ဘိဒါ၊ နိဒ္ဒေသ၊ ဇာတကစသော ခုဒ္ဒကနိကာယ်ကျမ်းများ ဖြစ်၏။

တရုတ်ပိဋကတ်၌ ခုဒ္ဒကနိကာယ်မပါရှိဘဲ ပထမနိကာယ်လေးကျမ်းကိုသာ တွေ့ရ၏။ နိကာယ်ကို တရုတ်ပိဋကတ်၌ အာဂမဟုခေါ်၏။ ပါဠိနိကာယ်များကို ဆိုင်ရာ တရုတ်အာဂမများနှင့် နှိုင်းယှဉ်လေ့လာခြင်းဖြင့် နိကာယ်များ ပေါ်ပေါက်လာသော ရှေ့နောက်အစီအစဉ်ကို အကြမ်းဖျင်း သိအပ်၏။ နိကာယ်လေးကျမ်းတွင် ဒီဃနိကာယ်သည် ဒီဃအာဂမနှင့် အတူညီဆုံးဖြစ်၏။ မဇ္ဈိမနှင့် သံယုတ်နိကာယ်တို့သည်လည်း ဆိုင်ရာ တရုတ်အာဂမများနှင့် အတော်အတန် တူညီ၏။ မတူညီသော အချက်မှာ သုတ်အရေအတွက်နှင့် အစီအစဉ်ဖြစ်၏။ ဥပမာ မဇ္ဈိမနိကာယ်၌ ၁၅၂ ခုရှိ၍ မဇ္ဈိမအာဂမ၌ သုတ်ပေါင်း ၂၂၂ ခုရှိ၏။ မဇ္ဈိမအာဂမ၌ပါရှိသော အပိုသုတ်များကို သံယုတ်နှင့် အင်္ဂုတ္တရနိကာယ်များ၌ တွေ့ရ၏။ အင်္ဂုတ္တရနိကာယ်နှင့် အာဂမများမှာ အခြားနိကာယ်နှင့် အာဂမများလောက် တူညီသောအချက်များ မရှိချေ။[၁]

ထို့ကြောင့် နိကာယ်လေးကျမ်းတွင် ဒီဃနိကာယ်သည် ရှေးအကျဆုံးဖြစ်၍ အင်္ဂုတ္တရနိကာယ်မှာ နောက်အကျဆုံး ဖြစ်ဟန်ရှိ၏။ သို့ရာတွင် နိကာယ်အသီးသီးကို တစ်ခုလုံးခြုံ၍ စဉ်းစားမှသာ ထိုသို့ယူဆနိုင်၏။ အမှန်ဆိုသော် ရှေးကျသော ဒေသနာများကိုလည်းကောင်း၊ နောက်ကျသော ဒေသနာများကိုလည်းကောင်း နိကာယ်အားလုံး၌ အနည်းအများ တွေ့ရ၏။ ဥပမာ ဒီဃနိကာယ်မှ ပါယာသိသုတ်၊ မဟာသမယသုတ် စသည်တို့သည် အတော်နောက်ကျမှ ဝင်ရောက်လာသော သုတ်များဖြစ်၏။ မဇ္ဈိမနိကာယ်မှ အဿလာယနသုတ်သည် ယင်း၌ပါရှိသော ယောနက ကမ္ဘောဇနိုင်ငံအမည်ကိုထောက်၍ အသောကမင်း လက်ထက်မတိုင်မီ ဂရိကို ဗက်ထရီးယားနိုင်ငံ ထင်ရှားရှိစဉ်က ဖြစ်ပေါ်လာဟန်ရှိ၏။ ခုဒ္ဒကနိကာယ်သည် အခြားနိကာယ်များထက် နောက်ကျသည် မှန်သော်လည်း ယင်း၌ပါဝင်သော သုတ္တနိပါတ်မှာ ဗုဒ္ဓစာပေ၌ ရှေးအကျဆုံး ဒေသနာ ဖြစ်သည်ဟု အနောက်နိုင်ငံ ပါဠိပညာရှင်တို့ ယူဆကြ၏။

အမှန်ဆိုသော် သုတ္တန်တစ်ခုတည်း၌လာသော ဒေသနာ၊ သို့မဟုတ် စကားများသည်ပင် အားလုံးတစ်ချိန်တည်း၌ ပေါ်ပေါက်ခဲ့သည် မဟုတ်ချေ။ မဟာပရိနိဗ္ဗာနသုတ်သည် အတော်ရှည်လျား၍ လေးနက်သော ဗုဒ္ဓတရား အတော်များများပါရှိ၏။ သို့ရာတွင် ထိုသုတ်၌လာသော စကားများသည် အားလုံး တစ်ချိန်တည်း ဝင်လာသော စကားများ

၁။ **E.J. Thomas: History of Buddhist Thought, Appendix**

မဟုတ်ချေ။ ဗုဒ္ဓသုတေသီ ဆရာတို့၏ အလိုအားဖြင့် ထိုသုတ်သည် အကြိမ်ကြိမ်အထပ်ထပ် သုတ်သင်ပြင်ဆင်ထားသော သုတ်ဖြစ်၏။

ဗုဒ္ဓတရား၏ အစစ်အမှန်ကို သိရှိလိုသောသူသည် ရှေးကျသော ပါဠိတော်များကို အခြားပါဠိတော်များထက် ပိုမိုဂရုပြုရပေမည်။ သို့ရာတွင် ဒေသနာအားလုံးကို ပညာဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ဖို့လို၏။ အဘယ်ကြောင့်ဆိုသော် နှစ်ပေါင်းများစွာ နှုတ်ဖြင့်ဆောင်ခဲ့သော အချို့ဒေသနာများသည် မူလဗုဒ္ဓဝါဒမှ အနည်းအများ ချွတ်ချော်တိမ်းစောင်းဖွယ်ရာ အကြောင်းများရှိ၏။ ဗုဒ္ဓလက်ထက်က ရဟန်းပြုသူ အလွန်များပြားခြင်း၊ ဥပမာ ဥရုဝေဠကဿပနှင့် ရသေ့တစ်ထောင်တို့ အစုလိုက်အပြုလိုက် ဗုဒ္ဓသာသနာသို့ ကူးပြောင်းလာခြင်းကိုထောက်သော် ဗုဒ္ဓတရားကို ခြေခြေမြစ်မြစ် နားမလည်ဘဲ ဗုဒ္ဓကို ကြည်ညိုသောကြောင့်၊ သို့မဟုတ် ကြားနာရသော ဒေသနာတစ်ခုကို နှစ်သက်ကာမျှဖြင့် ဗုဒ္ဓ၏ တပည့်ရဟန်း ဖြစ်နေသောသူ အတော်များများ ရှိခဲ့တန်ရာ၏။ စင်စစ် ရှင်အဿဇိအမည်ရှိ ရဟန်းတစ်ပါးကမူ ဗုဒ္ဓဓမ္မကို မိမိ ကောင်းစွာနားမလည်သေးကြောင်း ရှင်သာရိပုတ္တရာ အလောင်း ဥပတိဿလုလင်အား ပြောကြား၏။ ပိဋကတ်ဆောင် ဘာဏကအဖွဲ့များ၌ ရှင်အဿဇိကဲ့သို့သော ပုဂ္ဂိုလ်များရှိရပေမည်။ သူတို့သည် မိမိတို့ နှစ်သက်သော ဒေသနာများကို အလေးပေး၍ မနှစ်သက်သော ဒေသနာများကိုကား ကောင်းစွာမှတ်သားထားမည် မဟုတ်ချေ။

မဟာပရိနိဗ္ဗာနသုတ်၌ တရားဒေသနာများကို အမှားအမှန် ဆုံးဖြတ်ရန် ဗုဒ္ဓဟောကြားခဲ့သော မဟာပဒေသ တရားလေးပါးကို ဖော်ပြထား၏။ ဗုဒ္ဓ၏ အလိုအားဖြင့်ကား ပိဋကတ်ဒေသနာကို နှုတ်ငုံဆောင်သော သံဃာမထေရ်တို့၏ စကားကို မဆိုထားဘိ၊ ဘုရားရှင်မျက်မှောက်မှ ကြားနာခဲ့ရသည်ဆိုသော စကားကိုပင် ဝိနည်းတရား၊ သုတ်တရားနှင့်ချိန်ထိုး၍ ကိုက်ညီမှသာ လက်ခံယုံကြည်ရမည်ဖြစ်၏။ (အဘိဓမ္မာတရားနှင့် ညှိနှိုင်းရမည်ဟု မဆိုကြောင်း သတိပြုရာ၏။) သို့ရာတွင် ကျွန်ုပ်တို့၏ လက်ရှိပိဋကတ်မှ သုတ်တရား၊ ဝိနည်းတရားသည် ဗုဒ္ဓဟောသော မူလသုတ်တရား၊ ဝိနည်းတရားနှင့် မည်မျှထပ်တူဖြစ်သည်ကို အတိအကျ အခိုင်အမာ မသိရချေ။

သုတ္တန်နှင့် ဝိနည်းပိဋကတ်များသည် မြန်မာနိုင်ငံသို့မရောက်မီက လေးကြိမ်တိတိ သင်္ဂါယနာတင်ပြီး ဖြစ်သည်မှန်၏။ သို့ဖြစ်စေကာမူ ထေရဝါဒသမိုင်း၌ ထင်ရှားသော သင်္ဂါယနာလေးခုသည် ပါဠိပိဋကတ်ကို လေ့လာစိစစ်သော သုတေသီပညာရှင်တို့၏ အမြင်အားဖြင့် များစွာအရေးပါလှသည် မဟုတ်ချေ။ မြောက်ပိုင်းဗုဒ္ဓဝါဒီတို့သည် ပထမသင်္ဂါယနာကိုသာ အသိအမှတ်ပြု၍ အခြားသင်္ဂါယနာများအကြောင်းကို မသိကြချေ။ တတိယ သင်္ဂါယနာအကြောင်းကို မဟာဝင်နှင့် အဋ္ဌကထာများ၌ စုံစုံစေ့စေ့ ရေးသားထားသော်လည်း အသောကမင်း၏ ကျောက်စာများ၌ လုံးဝ ဖော်ပြမထားခြင်းမှာ စဉ်းစားဖွယ်ဖြစ်၏။

အခြားစဉ်းစားရန် ရှိသည်ကား သင်္ဂါယနာတင်သော ပုဂ္ဂိုလ်တို့သည် ရဟန်းသံဃာ တစ်စုတစ်ဖွဲ့မျှသာဖြစ်၍ သူတို့အတည်ပြုသော ဗုဒ္ဓဒေသနာများကို အခြားရဟန်း သံဃာတို့က မည်မျှလက်ခံ အသိအမှတ်ပြုပါသနည်းဟူသော အချက်ဖြစ်၏။ ရာဇဂြိုဟ် ပြည်၌ ပထမသင်္ဂါယနာတင်နေစဉ် ပုရာဏအမည်ရှိသော မထေရ်သည် ရောက်လာ၍ အခြားရဟန်းတို့က အရှင်ပုရာဏအား သင်္ဂါယနာတင်နေသော မထေရ်ကြီးတို့ထံသို့ ချဉ်းကပ်ရန် တိုက်တွန်းကြ၏။ ထိုအခါ အရှင်ပုရာဏက "ငါရှင်တို့၊ မထေရ်ကြီးတို့သည် ဓမ္မနှင့် ဝိနယကို ကောင်းစွာသင်္ဂါယနာတင်အပ်၏။ သို့သော် ငါသည် ဘုရားရှင်၏ မျက်မှောက်၌ ကြားနာသင်ယူပြီးသည့် အတိုင်းသာလျှင် တရားတော်ကို ဆောင်အံ့"ဟု ဆို၏။ (ဝိနည်း ပိဋကတ် စူဠဝါပါဠိတော်) ဤစကားဖြင့် ပထမသင်္ဂါယနာတင် ပိဋကတ်သည် မဇ္ဈိမ ဒေသရှိ ရဟန်းသံဃာအားလုံး တညီတညွတ် အသိအမှတ်ပြုသော ပိဋကတ်ဟူ၍ မဆိုနိုင်ကြောင်း ထင်ရှား၏။

ထို့အပြင် သင်္ဂါယနာတင်သော ရဟန်းသံဃာသည် ဒေသနာများကို စပေါင်း ရွတ်ဆိုရုံမှတစ်ပါး စေ့ငုသေချာစွာ လေ့လာဆန်းစစ်မှု၊ ဝေဖန်သုံးသပ်မှုပြုသော လက္ခဏာ မရှိချေ။ သို့ဖြစ်၍ အနောက်နိုင်ငံ ပါဠိသုတေသီပညာရှင်တို့က ယခုလက်ရှိ ပါဠိပိဋကတ်၏ တစ်စိတ်တစ်ဒေသမျှသာ ပထမသင်္ဂါယနာ၌ အတည်ပြုသော ပါဠိတော်များဖြစ်တန်ရာ သည်။ ထိုတစ်စိတ်တစ်ဒေသသည်ပင် ထိုသင်္ဂါယနာတင် ပါဠိတော်များနှင့် ထပ်တူဖြစ် သည်ဟုဆိုရန် ခိုင်မာလုံလောက်သော အထောက်အထားမရှိဟု ယူဆကြ၏။

မည်သို့ဖြစ်စေ သံသယရှိမှု လွန်ကဲနေပါက ပါဠိပိဋကတ်ကိုဖြစ်စေ၊ အခြား ဘာသာရေး ကျမ်းဂန်များကိုဖြစ်စေ လေ့လာခြင်းသည် အချည်းနှီးဖြစ်ပေလိမ့်မည်။ လိုအပ်သည်ကား သံသယရှိမှု လွန်ကဲ၍ ပိဋကတ်စာပေတစ်ခုလုံးကို ပယ်ခြင်းနှင့် သဒ္ဓါယုံကြည်မှု လွန်ကဲ၍ ပိဋကတ်လာ စကားအားလုံးကို မျက်စိမှိတ် လက်ခံခြင်းတည်း ဟူသော အစွန်းနှစ်ဖက်လွတ်သည့် အလယ်လမ်းကို လိုက်ရန်ဖြစ်၏။ စင်စစ် အချို့သုတ္တန် များနှင့် သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ ဗောဓိပက္ခိယ ... ဗောဇ္ဈင်ခုနစ်ပါးစသော တရားများမှာ မူလဗုဒ္ဓဝါဒ အစစ်ဖြစ်ကြောင်း ပါဠိပိဋကတ်ကို လေးလေးနက်နက် လေ့လာသော အနောက်တိုင်း ပညာရှင်အားလုံးက လက်ခံယုံကြည်ကြ၏။ သံသယရှိသော ဒေသနာများကို ထိုခိုင် မာသော အခြေခံ ဗုဒ္ဓတရားများဖြင့် ချိန်ထိုး၍ အမှားအမှန် ဆုံးဖြတ်ရပေမည်။ ဤနေရာ၌ အချို့ဒေသနာများကို ဥပမာဆောင်၍ ပြပါအံ့။

ဗုဒ္ဓမှတစ်ပါး ကိုးကွယ်ရာမရှိ ဆိုသောစကားသည် ဗုဒ္ဓကိုယ်တိုင် ထပ်တလဲလဲ ဟောသော မိမိကိုယ်ကိုသာ အားကိုးကြ၊ မိမိမှတစ်ပါး အခြားအားကိုးရာ မရှိဟူသည့် ဩဝါဒနှင့် ဆန့်ကျင်၍ ဗုဒ္ဓ၏ စကားမဖြစ်နိုင်ကြောင်း ထင်ရှား၏။

ဗုဒ္ဓသည် သုဇာတာအား သခင်နှင့်တူသော မယား၊ ကျွန်နှင့်တူသော မယား၊ မိတ်ဆွေနှင့်တူသော မယား စသည်ဖြင့် မယားခုနစ်မျိုးရှိသည့်အနက် ကျွန်နှင့်တူသော

မယားမှာ အမြတ်ဆုံးဖြစ်ကြောင်း အင်္ဂုတ္တရနိကာယ်၌ ဟောသည်ဆို၏။ ဤစကားမှာ တရားမျှတမှု မရှိဘဲ သိင်္ဂါလောဝါဒသုတ်၌ ဘုရားဟောသော လင်၏ကျင့်ဝတ်၊ မယား၏ ကျင့်ဝတ်များနှင့် ဆန့်ကျင်သောကြောင့် ဗုဒ္ဓ၏စကားမဟုတ်ဘဲ မိန်းမများကို ဖိနှိပ်လိုသော ပိဋကတ်ဆရာတို့၏ စကားဖြစ်တန်ရာ၏။

ဗုဒ္ဓသည် ဘုရားဖြစ်ပြီးခါစက ဗာရာဏသီပြည်သို့ ကြွသွားရာလမ်းခရီး၌ တွေ့ရသော ဥပကတက္ကတွန်းအား "ငါသည် အလုံးစုံကို လွှမ်းမိုးနိုင်၏။ အလုံးစုံကို ငါသိ၏။ လောက၌ အတုမရှိသောသူဖြစ်၏" စသည်ဖြင့် မိန့်တော်မူသည်ဆို၏။ ဤစကားမှာ မာန်မာနနှင့် ဝင့်ဝါပလွှားမှု လုံးဝကင်းသော ဗုဒ္ဓ (ဗုဒ္ဓအခန်းနှင့် ဗုဒ္ဓကိုး ကွယ်မှုအခန်း၌ အကျယ်ဖော်ပြပါအံ့။)၏ စကားဖြစ်သည်ဟု ကျွန်ုပ်တို့ မယူဆနိုင်ချေ။

တစ်ခုနှင့်တစ်ခု ဆန့်ကျင်သယောင် ဖြစ်နေသော အချို့ပိဋကတ်ဒေသနာများကို လေ့လာရာ၌ကား ကြားနာသောပုဂ္ဂိုလ်နှင့် ကာလဒေသကို ထည့်သွင်းစဉ်းစားရပေမည်။ တစ်နည်းဆိုသော် ဗုဒ္ဓတရားကို ကောင်းစွာသိမြင်နားလည်ရန် ဗုဒ္ဓဝါဒ၏သမိုင်း၊ ဗုဒ္ဓ မပွင့်မီက ရှိနှင့်ပြီးဖြစ်သော အိန္ဒိယဘာသာ အယူဝါဒ၊ အတွေးအခေါ်နှင့် ခေတ်အခြေ အနေကို သိရှိဖို့လို၏။ ဗုဒ္ဓသည် မည်သို့သော ပုဂ္ဂိုလ်ဖြစ်သည်။ မည်သို့သောသူများကို ဟောပြောသည်။ ဟောပြောရာ၌ မည်သို့သောနည်းကိုသုံးသည် စသည်တို့ကို ကောင်း စွာ နားလည်ထားရပေမည်။ အယူဝါဒသစ်တစ်ခု ပေါ်ထွန်းမှုသည် ရှေးဦးပထမ ဟောပြောသော ပုဂ္ဂိုလ်နှင့် ပတ်ဝန်းကျင်အခြေအနေ ပေါ်၌တည်ကြောင်း ကျွန်ုပ်တို့ မမေ့သင့်ချေ။

* * *

# အခန်း (၃)

# ဗုဒ္ဓမပေါ်မီက အိန္ဒိယအယူဝါဒများ

မဇ္ဈိမဒေသ၌ ဗြာဟ္မဏတို့ တန်ခိုးမကြီးသေးဘဲ
လူတို့သည် လွတ်လပ်စွာ ကြံစည်စဉ်းစား၍
အယူဝါဒအမျိုးမျိုး ပေါ်ပေါက်ကာ
ဘာသာရေး အတွေးအခေါ်များ
ပြောင်းလဲလှုပ်ရှားနေစဉ်
ဂေါတမဗုဒ္ဓ ထွက်ပေါ်လာလေသည်။

ရန်အောင်စာပေ

# အခန်း (၃)
# ဗုဒ္ဓမပေါ်မီက အိန္ဒိယအယူဝါဒများ

ဂေါတမဗုဒ္ဓ ပွင့်တော်မူသော ဘီစီ ၆ ရာစုခေတ်က အိန္ဒိယနိုင်ငံ မြောက်ပိုင်း၊ ဂင်္ဂါမြစ်ဝှမ်းတွင် လိမ္မာယဉ်ကျေးမှု အဆင့်အတန်းမြင့်သော အာရိယန်လူမျိုးတို့ နေထိုင်ကြ၏။ ပိဋကတ်စာပေနှင့် ဝေဒကျမ်းများ၌ ခတ္တိယ၊ ဗြာဟ္မဏ၊ ဝေဿနှင့် သုဒ္ဒဟူ၍ ရှေးအိန္ဒိယပြည်ရှိ ဇာတ်အမျိုးလေးပါးကို ဖော်ပြထား၏။ ခတ္တိယတို့မှာ လယ်မြေကို အစိုးရသော မင်းမျိုးမတ်စစ်သူကြီးမျိုး၊ လယ်ပိုင်ရှင်သူဌေးမျိုးဖြစ်၍ ရှေး အာရိယန်ခေါင်းဆောင် အကြီးအကဲများမှ သက်ဆင်းလာကြ သည်ဆို၏။ ဗြာဟ္မဏ တို့ကား ရှေးအာရိယန်တို့၏ ဆရာဘုန်းကြီးများနှင့် ဆက်နွယ်ကြသည်ဆို၏။ ဝေဿ တို့မှာ ကုန်သည်၊ သူကြွယ်လယ်သမားမျိုးဖြစ်၍ သုဒ္ဒတို့မှာ အာရိယန်တို့ အိန္ဒိယပြည်သို့ မရောက်လာမီက ရှိနှင့်ပြီးဖြစ်သော ဒြာဗီးဒီးယန်းလူမျိုး အဆက်အနွယ်များဖြစ်၏။

ဗြာဟ္မဏတို့သည် ဇာတ်ဝါဒကို ထောက်ခံအားပေးကြ၏။ ဘီစီ ၆ ရာစုခေတ်က အိန္ဒိယပြည် မြောက်ပိုင်း၌ သူတို့ တန်ခိုးသြဇာ မပျံ့နှံ့သေးသဖြင့် ဇာတ်ဝါဒသည်လည်း ထုထည်အင်အား မကြီးမားသေးချေ။ ရှေးဗြာဟ္မဏကျမ်းများ၏ အဆိုအားဖြင့် ဇာတ်ဝါဒကျင့်သုံးသော တိုင်းပြည်များမှာ ကုရုတိုင်းနှင့် ပဉ္စာလတိုင်းများဖြစ်၏။ ဂင်္ဂါမြစ်ဝှမ်း အလယ်ပိုင်းရှိ မဂဓ၊ ကောသလစသော တိုင်းပြည်များ၌ ဇာတ်ဝါဒ မထွန်းကားသေးချေ။ ဗုဒ္ဓစာပေ၌ မဇ္ဈိမဒေသရှိ အချို့လူတို့၏ ဇာတ်ဝါဒ အယူသီးမှုကိုပြသော သာဓက များ ရှိသည်မှန်၏။ ဝိဋဋူဘနှင့် သာကီဝင်တို့ စစ်ဖြစ်ကြခြင်းသည် ဇာတ်အယူသီးမှု ကြောင့်ဖြစ်၏။ သို့ရာတွင် ဇာတ်ဝါဒ စည်းမျဉ်းများမှာ အခါခပ်သိမ်း မတင်းကျပ်လှ ချေ။ ဥပမာ ဇာတ်ကြီးသောသူသည် မိမိရိုးရာ အလုပ်မှတစ်ပါး အခြားအလုပ်များကို

ရှောင်ကြဉ်ရမည်ဖြစ်၏။ သို့စဉ်လျက် ကုသမင်းသည် ပပဝတီမင်းသမီးကို လိုချင်သောကြောင့် အိုးထိန်းသည်၊ စားတော်ချက်စသော အလုပ်များကို လုပ်ကိုင်သည်ဆို၏။ အခြားဇာတ်များ၌ ကုန်သွယ်မှု၊ အမဲလိုက်မှုစသည်ဖြင့် အသက်မွေးသော ဗြာဟ္မဏများအကြောင်း ဖော်ပြထား၏။

မဇ္ဈိမဒေသ၌ ဗြာဟ္မဏတို့ကို ဆန့်ကျင်သောသူများမှာ ခတ္တိယတို့ဖြစ်၏။ ခတ္တိယတို့သည် ဇာတိမာန်ရှိ၍ ဗြာဟ္မဏတို့ကို ဇာတ်မြင့်သူများအဖြစ် အသိအမှတ်မပြုကြချေ။ သာကီဝင်တို့သည် ဗြာဟ္မဏဆရာကြီးတစ်ဦး၏ တပည့်အား မိမိတို့ စည်းဝေးရာဌာန၌ နေရာထိုင်ခင်း မပေးဘဲ မထေမဲ့မြင် ပြက်ရယ်ပြုကြ၏။ သို့ရာတွင် ဗြာဟ္မဏနှင့် ခတ္တိယတို့သည် အမြဲထာဝရ ရန်သူများမဟုတ်ကြချေ။ အချို့ဗြာဟ္မဏတို့သည် ခတ္တိယမင်းဝင် ဘုရင်တို့အား အချို့ကိစ္စများ၌ အကြံဉာဏ်ပေး၍ မြှောက်စားခြင်း ခံကြရ၏။ အချို့မှာ အသိပညာရှင်များဖြစ်၍ လူအများ၏ ကြည်ညိုလေးစားခြင်း ခံကြရ၏။ ဗုဒ္ဓသာသနာ၌ ဗြာဟ္မဏ အတော်များများပါဝင်၍ ရှင်သာရိပုတ္တရာ၊ ရှင်မဟာကဿပစသော ဗုဒ္ဓ၏ သာဝကကြီးများသည် ဗြာဟ္မဏများဖြစ်ကြ၏။

စင်စစ် ဗုဒ္ဓဝါဒသည် ဗြာဟ္မဏဝါဒကို နောက်ခံထား၍ ပေါ်ထွန်းလာသော ဝါဒဖြစ်ရကား ဗြာဟ္မဏတို့၏ ဘာသာရေး အတွေးအခေါ်၊ အယူအဆများကို လေ့လာရန် လိုအပ်၏။

ရှေးအာရိယန်တို့သည် နေ၊ လေ၊ မိုး၊ မီးစသော သဘာဝခြင်းရာ ကမ္ဘာ့တန်ဆာများကို ကိုးကွယ်ကြ၏။ သူတို့၏ နတ်ဘုရားများကို ဒေဝဟုခေါ်၍ သူတို့အယူဝါဒနှင့် ဓလေ့ထုံးစံများကို ရှေးဝေဒကျမ်းများ၌ ဖော်ပြထား၏။ ဝေဒများတွင် ဣရုဝေဒသည် ရှေးအကျဆုံးဖြစ်၏။ ထိုဝေဒ၌ နတ်ဘုရားများကို ချီးကျူး ထားသော ကဗျာများနှင့် အာရိယန်လူမျိုး၏ အတိတ်ဖြစ်စဉ်ကို ဖွဲ့နွဲ့စပ်ဆိုထားသော ကဗျာများပါရှိ၏။ ဒုတိယဝေဒဖြစ်သော သာမဝေဒ၌ သူတို့နှစ်သက်သော သေရည်၏ အရှင်သောမနတ်ဘုရားနှင့် သက်ဆိုင်သည့်ကဗျာများကို ဖော်ပြထား၏။ တတိယ ယဇုဒေဝ၌မူ နတ်ဘုရားများကို ရည်စူး၍ ပြုလုပ်ရသော ယဇ်ပူဇော်ပွဲများတွင် ရွတ်ဆိုလျှောက်ထားရသော ကဗျာများ ပါရှိ၏။

အထက်ပါ ဝေဒသုံးပုံအပြင် အာတပ္ပနဝေဒဟုခေါ်သော ဝေဒတစ်ခု ရှိသေး၏။ နောက်ဆုံးပေါ် ဝေဒဖြစ်၍ လောကီပညာဆိုင်ရာ ဂါထာမန္တရားအမျိုးမျိုးကို ပြဆိုထားသော ဝေဒဖြစ်၏။ ဒီဃနိကာယ် ဗြဟ္မဇာလသုတ်၌ ဖုတ်တစ္ဆေအတတ်၊ အင်္ဂဝိဇ္ဇာအတတ်၊ နေကိုလုပ်ကျွေးခြင်း အတတ် စသည်ဖြင့် အချို့သော သမဏဗြာဟ္မဏတို့၏ မှားယွင်းသော အသက်မွေးမှုအတတ်များကို ရှည်လျားစွာ ဖော်ပြထား၍ ယင်းတို့မှာ အာတပ္ပနဝေဒကျမ်းလာ လောကီပညာများ ဖြစ်ဟန်ရှိ၏။

ဝေဒခေတ် အိန္ဒိယလူမျိုးတို့၏ ဘာသာတရားမှာ မျက်မှောက်ဘဝ ကောင်းစား

ရေးကို ပဓာနထားသော တရားဖြစ်၏။ တမလွန်ဘဝအကြောင်းကို သူတို့ အလေး အနက် မစဉ်းစားကြချေ။ သေပြီးနောက်ကာလ၌ လူကောင်းသည် ထာဝစဉ် ချမ်းသာ စွာနေရ၍ မကောင်းသောသူမှာ အမြဲ ဆင်းရဲဒုက္ခ ခံနေရသည်ဟု ယုံကြည်ကြ၏။ လူသည် ဘဝပေါင်းများစွာ ကျင်လည်ရသည်ဟု မယူဆကြချေ။ ဘဝသံသရာနှင့် ကမ္မ ဝါဒသည် ဝေဒခေတ်လွန်မှ ပေါ်ပေါက်လာသော အယူများဖြစ်၏။

ထိုခေတ်လူတို့သည် ယဇ်ပူဇော်ပွဲ၏ အကျိုးအာနိသင်ကို အထူးယုံကြည်ကြ၏ ယဇ်ပူဇော်ပွဲ တစ်မျိုးအကြောင်းကို ဒီဃနိကာယ် ကူဋဒန္တသုတ်၌ ဖော်ပြထား၏။ ယဇ်ပူဇော်ပွဲ ပြုလုပ်ရာ၌ အစစအရာရာ ထုံးနည်း တိကျမှန်ကန်ရန် လိုအပ်သောကြောင့် ဗြာဟ္မဏတို့က ကြီးကြပ်စီမံရ၏။ ဗြာဟ္မဏအားလုံးမှာ ယဇ်ပူဇော်ပွဲဖြင့် စီးပွားရှာသူ များ မဟုတ်ချေ။ ဉာဏ်အမြင် ရင့်ကျက်သော ဗြာဟ္မဏတို့သည် ယဇ်ပူဇော်မှုနှင့် ဝေဒကျမ်းများကို သံသယရှိ၍ အမှန်တရားကို ရှာကြံစဉ်းစားလာကြ၏။ အချို့မှာ စည်းစိမ်ဥစ္စာကိုစွန့်၍ တောထွက်ပြီးလျှင် တရားအားထုတ်ကြ၏။ ထိုသူတို့၏ ဘာသာ ရေးအတွေးအခေါ်များကို ဥပနိသျှမည်သော ကျမ်းများ၌ ဖော်ပြထား၏။

ဥပနိသျှကျမ်းများ၏ အဆိုအားဖြင့် သတ္တလောကကြီး တစ်ခုလုံး၏ မူလပင်မမှာ **ပရအတ္တ**[၁] ဖြစ်၏။ စကြဝဠာ၌ ရှိရှိသမျှသော နတ်လူသတ္တဝါ အားလုံးသည် ပရအတ္တ၌ မူလအစရှိ၍ ပရအတ္တနှင့် နောက်ဆုံး ပြန်လည်ပေါင်းစည်းကြရမည်ဖြစ်၏။ ပရအတ္တသည် အကောင်းဆုံး၊ အမြတ်ဆုံး နိစ္စဓူဝ အသခ်တဓာတ်ဖြစ်၍ ယင်း၏ ဝိသေသဂုဏ်များကို လူတို့ဉာဏ်ဖြင့် ကြံစည်သော်လည်း ဘာမျှသိရမည်မဟုတ်။ ယင်းသည် အစိန္တေယျဖြစ်၍ ဥပနိသျှဆရာတို့က ဤသို့မဟုတ်၊ ထိုသို့မဟုတ်ဟူ၍သာ ငြင်းဆိုကြ၏။

လောက၌ ပရအတ္တမှတစ်ပါး အခြားဘာမျှမရှိ။ မြင်မြင်သမျှ သက်ရှိသက်မဲ့ တို့သည် မာယာမျှသာဖြစ်၏။ (ဝါ) လူတို့အမြင်မှား၍ ကေန်ထင်ရှားရှိသည်ဟု ထင်မှားနေကြခြင်းဖြစ်၏။ ပရအတ္တနှင့် ကင်းကွာနေသောကြောင့် သတ္တဝါတို့သည် မိမိတို့ပြုသော ကံကစီမံပြဋ္ဌာန်းသည့်အတိုင်း ဘဝသံသရာ၌ကျင်လည်၍ ဆင်းရဲဒုက္ခခံနေကြ ရ၏။ ဘဝသံသရာမှ လွတ်မြောက်ရေးအတွက် ဝေဒများကို သင်အံရွတ်ဖတ်ခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်းသည် အချည်းနှီးဖြစ်၏။ အရေးကြီးသည်ကား ဘဝသံသရာ၌ နှောင်ဖွဲ့ထားသော တဏှာကို ပယ်ဖြတ်၍ ပရအတ္တနှင့် ပြန်လည်ပူးပေါင်းမိရန်ဖြစ်၏။ ပရအတ္တကို ဝိပဿနာဉာဏ်ဖြင့် သိမြင်မှသာ မိမိ၏ မူလပင်မဓာတ်နှင့် ပြန်လည်ပေါင်း စည်း၍ ထာဝရငြိမ်းအေးမှု၊ (ဝါ)သုခအစစ်အမှန်ကို ရရှိမည်ဖြစ်၏။

အထက်ပါ အချက်များမှာ ဥပနိသျှကျမ်းလာ ဗြာဟ္မဏဝါဒ၏ အကျဉ်းချုပ်ဖြစ်၏။ အချို့နေရာများ၌ ဗုဒ္ဓဝါဒနှင့် ဆင်ဆင်တူသောကြောင့် အချို့ပညာရှင်တို့က ဗုဒ္ဓဝါဒသည်

---

**၁။ အနောက်နိုင်ငံ ပညာရှင်တို့၏ စာအုပ်များမှ Atman ကို ပြန်ဆိုထားခြင်းဖြစ်သည်။**

ဗြာဟ္မဏဘာသာ၏ အဆွယ်အပွားဖြစ်မည်ဟု ယူဆကြ၏။ သို့ရာတွင် အပေါ်ယံ တူညီမှုများကိုလည်း သတိပြုသင့်ပေ၏။ ဗြာဟ္မဏဝါဒသည် ဗုဒ္ဓဝါဒထက် ရှေးကျ၍ ကမ္မဝါဒ၊ ဘဝသံသရာ၊ အနိစ္စတရား စသည်တို့မှာ ဗုဒ္ဓဝါဒမပေါ်မီက ရှိနှင့်ပြီး တရားများ ဖြစ်သည် မှန်၏။ သို့ဖြစ်စေကာမူ **ဒေါက်တာရိုင်း(စ)ဒေးဗစ်၊ ပရော်ဖက်ဆာဘန္ဒကာ**[၁] စသော ရှေးအိန္ဒိယ ဘာသာရေး သုတေသီဆရာတို့၏ လေ့လာချက်အရ ထိုတရားများကို ဗြာဟ္မဏ ဆရာတို့က ရှေးဦးပထမ ဟောပြောခဲ့သည်ဟု အခိုင်အမာ မဆိုနိုင်ချေ။

အိန္ဒိယပညာရှင် ဘန္ဒကာသည် ရှေးအိန္ဒိယ ကျောက်စာများကို ကိုးကား၍ ဗုဒ္ဓ လက်ထက်မတိုင်မီက ဗြာဟ္မဏတို့မှာ ထင်ရှားသော ဘာသာရေးခေါင်းဆောင်များ မဟုတ်ပါဟု ရေးသားခဲ့၏။ ထိုကျောက်စာများ၌ ခရစ်တော်ပေါ်ပြီး ဒုတိယရာစုခေတ်မှစ၍ လူတို့က ဗြာဟ္မဏတို့အား ကျေးရွာနှင့်မြေယာ လှူဒါန်းသော သာဓကများ ဖော်ပြထား၏။ ခရစ်မပေါ်မီ သုံးရာစုမှပေါ်ပြီး တစ်ရာစုအထိ ကာလအတွင်း၌မူ ဗြာဟ္မဏတို့ကို ကျောက်စာများက အလျှင်းမဖော်ပြချေ။ မင်း၊ သူဌေးသူကြွယ်တို့၏ အလှူဒါနများကို ဖော်ပြသော ကျောက်စာများ ရှိသော်လည်း ဗြာဟ္မဏတို့အား ပေးလှူကြောင်း မှတ်တမ်း တစ်စုံတစ်ရာမျှ မတွေ့ရချေ။ သို့ဖြစ်၍ ထိုအခါက ဗြာဟ္မဏတို့မှာ လူအများ၏ ကြည်ညိုလေးစားခြင်းခံရသော ဘာသာရေးပုဂ္ဂိုလ်များ မဟုတ်ကြောင်း ထင်ရှား၏။

ဗုဒ္ဓ မပွင့်မီက မဇ္ဈိမဒေသ၌ ရှိပြီးဖြစ်သော တရားများသည် ခတ္တိယဒဿနိက ဆရာတို့မှတစ်ဆင့် ပြန့်ပွားနေသော တရားများ ဖြစ်တန်ရာ၏။ ဗြာဟ္မဏတို့မှာ ဗုဒ္ဓဝါဒီ၊ ဂျိန်းဝါဒီတို့ကဲ့သို့ တက်ကြွစွာ ဟောပြောစည်းရုံးမှုလည်း မရှိကြချေ။ ထိုခေတ်က အိန္ဒိယပြည်သည် ဘာသာရေးလွတ်လပ်မှု မြင့်မားသော တိုင်းပြည်ဖြစ်၏။ ဘာသာရေး ယုံကြည်မှုကို မည်သည့်ဘုရင်ကမျှ ချုပ်ချယ်ခြင်းမပြုချေ။ အသိဉာဏ်နှင့် ဆင်ခြင်စဉ်းစား ဉာဏ်ရှိသော သူတို့သည် လွတ်လပ်စွာ ကြံစည်တွေးတော၍ ဘာသာရေး အတွေးအခေါ်များ လှုပ်ရှားပြောင်းလဲလျက်ရှိလေသည်။

တောထွက်၍ တရားအားထုတ်ခြင်းသည် ထိုခေတ် လူတို့၏ ရှေးဓလေ့ထုံးစံ ဖြစ်၏။ အသက်အရွယ်၊ ဇာတ်အမျိုးအနွယ်နှင့် မသက်ဆိုင်ဘဲ လူတိုင်းအဖို့ မွန်မြတ် သော အလုပ်ဖြစ်သည်ဟု ခံယူထား၍ ကျင့်စဉ်မှာ အမျိုးမျိုးအစားစားရှိ၏။ အချို့က ဝေဒများကို ရွတ်ဖတ်သရဇ္ဈာယ်၍ အချို့က မိမိတို့ ယုံကြည်မြတ်နိုးရာ (ဥပမာ–မီး) ကို လုပ်ကျွေးပူဇော်ကြ၏။ အထူးထင်ရှားသော ကျင့်စဉ်မှာ မိမိကိုယ်ကို ညှဉ်းဆဲနှိပ် စက်မှုဖြစ်၏။ ယင်းကို ရည်ညွှန်းသောစကား 'တပ'ကို ဣဿျုဝေဒကျမ်း နောက်ပိုင်း၌ တွေ့ရ၍ ရည်ရွယ်ချက်မှာ တန်ခိုးဣဒ္ဓိရရှိရန်ဖြစ်၏။ ဒီဃနိကာယ် ကဿပသီဟနာဒ သုတ်၌ မြက်,နွားချေး,မစင်ကို စားခြင်း၊ ရေမသောက်ဘဲနေခြင်း၊ ဆူးအခင်းပျဉ်ပြား

---

၁။ **Dr. Bhandarkar**

မြေကြီးပေါ်၌ အိပ်ခြင်း၊ အမြဲရပ်နေခြင်းစသော အကျင့်များကို ဖော်ပြ၍ မဇ္ဈိမနိကာယ် ကုက္ကုရဝတိကသုတ်၌ တက္ကတွန်းတို့၏ ခွေးအကျင့်၊ နွားအကျင့်များအကြောင်း ပြဆိုထား၏။

မိမိကိုယ်မိမိ ညှဉ်းဆဲမှုမပြုဘဲ အမှန်တရား ရှာဖွေသောသူကား ပရိဗိုဇ်ဖြစ်၏။ ပရိဗိုဇ်တို့သည် တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာ၍ တရားဆွေးနွေးကြ၏။ စကားစစ်ထိုး၍ အနိုင်ရခြင်း၌ ဂုဏ်ယူကြ၏။ "ငါသည် စိတ်မရှိသော သစ်ပင်ကို သော်လည်းကောင်း စကားအစဉ်ဖြင့် ဝါဒတင်ဆိုကြားအံ့၊ ထိုသစ်ပင်သည် ပြင်းစွာ တုန်လှုပ်ရာ၏" စသည်ဖြင့် သစ္စကပရိဗိုဇ်က ကြုံးဝါး၏။ ရဟန္တာသည် ပရိနိဗ္ဗာန်ပြုပြီးသည့်နောက်၌ ရှိသလော မရှိသလော၊ ရှိလည်းရှိ၊ မရှိလည်း မရှိဖြစ်သလော။ ရှိသည်မဟုတ်၊ မရှိသည်လည်းမဟုတ် ဖြစ်သလော စသောမေးခွန်းများကို ထောက်ချင့်၍ ပရိဗိုဇ်တို့သည် မည်မျှ စစ်စစ်ဖွဖွ မေးမြန်းတတ်ကြောင်း ထင်ရှား၏။

ပိဋကတ်စာပေ၌ အာဇီဝက၊ ဇဋိလ၊ ဒေဝဓမ္မိက၊ ဂေါတမကစသော ရသေ့သို့မဟုတ် ပရိဗိုဇ်အဖွဲ့အမည်များကို တွေ့ရ၏။ အာဇီဝကတို့သည် အသောကမင်း၏မြေး ဒသရဋ္ဌမင်း၏ လက်ထက်အထိရှိ၍ ထိုမင်းက သူတို့နေထိုင်ရန် လိုဏ်ဂူများပြုလုပ်ပေးကြောင်း ကျောက်စာများမှ သိရ၏။ ဂေါတမကတို့မှာ ဒေဝဒတ်၏ ဂိုဏ်းသားများဖြစ်သည်ဟု **ဒေါက်တာရိုင်း(စ)ဒေးဗစ်**က ယူဆ၏။ တရုတ်ခရီးသည် **ဖာဟီယန်**၏ အေဒီ ငါးရာစု အိန္ဒိယပြည်မှတ်တမ်း၌ ဒေဝဒတ်ဂိုဏ်းသားများကို ကောသလတိုင်း၌ တွေ့ခဲ့ကြောင်း၊ ဂေါတမဗုဒ္ဓကို သူတို့ အသိအမှတ်မပြုကြောင်း ဖော်ပြထား၏။

ပရိဗိုဇ်တို့ကဲ့သို့ လူသိများသော အခြားဘာသာရေး ပုဂ္ဂိုလ်များမှာ ပုရာဏကဿပ၊ မက္ခလိဂေါသာလစသော တိတ္ထိဆရာများဖြစ်၏။ ပုရာဏကဿပက ကောင်းမှုမကောင်းမှုဟူ၍ မရှိ၊ သီလဆောက်တည်ခြင်း အလှူပေးခြင်းသည် အကျိုးမရှိဟု ဟော၏။ မက္ခလိဂေါသာလကမူ တမလွန်ဘဝ ရှိသည်မှန်သော်လည်း လူတို့မှာ အကြောင်းမဲ့ဖြစ်ချင်ရာ ဖြစ်နေကြသည်ဟု ယူဆ၏။ အဇိတကေသကမ္ဗလ၏ အမြင်အားဖြင့်ကား လူသည် ရုပ်တရားသက်သက်ဖြစ်၍ သေလျှင် ဘဝပြတ်၏။ သဉ္စယဗေလဋ္ဌပုတ္တကမူ တမလွန်ဘဝ၊ ကမ္မဝိပါက စသော ဘာသာရေးပြဿနာများနှင့် ပတ်သက်၍ ဘာမျှမပြောဘဲ ဆိတ်ဆိတ်နေ၏။

အထက်ပါ ဝါဒများထက် ပိုမိုထင်ရှားသော ဝါဒမှာ ဂျိန်းဘာသာဝါဒဖြစ်၏။ ဂျိန်းဘာသာကို တည်ထောင်သော မဟာဝီရမှာ ပိဋကတ်စာပေ၌ နိဂဏ္ဌနာဋပုတ္တအမည်ဖြင့် ထင်ရှား၏။ မဟာဝီရ၏ အဆိုအားဖြင့် လူသတ္တဝါတို့ သံသရာဝဋ်ဆင်းရဲ ခံနေကြရခြင်းသည် နာမ်ဝိညာဏ်နှင့် ရုပ်တရားပေါင်းစပ်နေမှုကြောင့် ဖြစ်၏။ ရုပ်တရား၏ အနှောင်အဖွဲ့မှ ကင်းလွတ်ရန် ကမ္မအသစ်မဖြစ်စေဘဲ ကမ္မအဟောင်းကို ဖျက်ဆီးပစ်ရမည်ဖြစ်၏။ မိမိကိုယ်ခန္ဓာကို ညှဉ်းပန်းနှိပ်စက်ခြင်းဖြင့် ဘဝဟောင်းမှ ကမ္မသတ္တိ

အားလုံးကို ဖျက်ဆီးပစ်နိုင်သည်ဟု ဂျိန်းဝါဒီတို့ ယုံကြည်ကြ၏။ သူတို့ ပြင်းထန်စွာ ကျင့်ပုံကို မဇ္ဈိမနိကာယ်ဒေဝဒဟသုတ်၌ ဖော်ပြထား၏။

ဘီစီလေးရာစုအတွင်းက ချန္ဒရာဂုတ်ပတား (စန္ဒဂုတ်)မင်းသည် ဂျိန်းရဟန်း အဖြစ်ကို ခံယူသည်။ သားတော်ဗိန္ဒုသာရမင်းသည် ဂျိန်းရဟန်းများကို နေ့စဉ်ဆွမ်း လုပ်ကျွေးသည်ဆို၏။ ဘီစီတစ်ရာစုလောက်၌ ဂျိန်းဘာသာသည် အိန္ဒိယပြည် အရှေ့ပိုင်း ဩရိဿနယ်မှ အနောက်မြောက်ပိုင်း မဓုရနယ်အထိ ပြန့်ပွားနေပြီဖြစ်၏။ ဂျိန်းဝါဒနှင့် ဗုဒ္ဓဝါဒသည် ရှေ့ဆင့်နောက်ဆင့် ပေါ်ထွန်းလာသော ဝါဒများဖြစ်ရကား အချင်းချင်း အဆက်အသွယ် ရှိကောင်းရှိခဲ့ပေမည်။ ဗုဒ္ဓဝါဒီတို့သည် အစပထမ၌ ဂျိန်းတို့ကို အတုယူ၍ နောက်ကာလ၌ ဂျိန်းတို့၏ ဒေသနာနှင့် ကျင့်စဉ်ထဲသို့ ဗုဒ္ဓအငွေ့အသက် ဝင်လာဟန်ရှိသည်ဟု အချို့ပညာရှင်တို့ ယူဆကြ၏။

ဘီစီခြောက်ရာစုခေတ်က အိန္ဒိယပြည် မဇ္ဈိမဒေသရှိ ဗြာဟ္မဏဝါဒမှာ ဂျိန်းဘာသာ ဝါဒလောက် အရှိန်အဝါမရှိသေးချေ။ စင်စစ် ပိဋကတ်စာပေ၌လာသော ထိုဗြာဟ္မဏဝါဒ သည် ဥပနိသျှကျမ်းလာ အယူအဆများကို မရည်ညွှန်းဘဲ ယဇ်ပူဇော်ခြင်း၊ မီးကိုလုပ်ကျွေး ခြင်း၊ ဂင်္ဂါမြစ်၌ ရေချိုးခြင်းစသည်တို့ဖြင့်ပြီးသော ရှေးဟောင်းဗြာဟ္မဏဝါဒဖြစ်၏။ ဗြာဟ္မဏဆရာတို့သည် ဗုဒ္ဓဝါဒီ ရဟန်းတို့ကို 'ဦးပြည်းခေါင်းတုံးရဟန်း'' ဟုခေါ်၍ "မည်းညစ်သော အကျင့်ရှိသည်။ ဗြဟ္မာမင်း၏ ခြေဖမိုးမှ ပေါက်ဖွားလာသည်" စသည် ဖြင့် ကဲ့ရဲ့ရှုတ်ချကြ၏။ ဗုဒ္ဓ၏ အဆိုအားဖြင့်မူ ဗြာဟ္မဏတို့သည် ရှေးအခါက သီလသမာဓိ ရှိ၍ နောက်ကာလ၌ အကျင့်ပျက်လာကြ၏။ "ရှေးအခါက ဗြာဟ္မဏတို့သည် မိမိတို့ အမျိုး၌သာလျှင် ဥတုလာသော အခါ၌သာလျှင် သွားလာကြ၏။ မိန်းမကို ရောင်းဝယ် ခြင်းမပြုဘဲ အကယ်မြတ်နိုးမှသာလျှင် ပေါင်းဖော်ကြ၏။ ဥစ္စာစပါး၊ ရွှေငွေကို သိုမှီး သိမ်းဆည်းခြင်း မရှိ။ တစ်နေ့၊ တစ်ရက်အတွက်သာ ဝမ်းစာရှာကြ၏။ ယခုခေတ် ဗြာဟ္မဏတို့သည်ကား ထိုသို့မကျင့်ကြကုန်" (အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်)

ထိုသို့ မဇ္ဈိမဒေသ၌ ဗြာဟ္မဏတို့ တန်ခိုး မကြီးသေးဘဲ လူတို့သည် လွတ်လပ်စွာ ကြံစည်စဉ်းစား၍ အယူဝါဒအမျိုးမျိုး ပေါ်ပေါက်ကာ ဘာသာရေး အတွေးအခေါ်များ ပြောင်းလဲလှုပ်ရှားနေစဉ် ဂေါတမဗုဒ္ဓ ထွက်ပေါ်လာလေသည်။ ။

* * *

# အခန်း (၄)

# ပွဲ

ငါ့ရှင်၊
သင်သည် မည်သူဖြစ်သနည်း၊
သင်၏ ဏ္ဍေ့တို့သည် ကြည်လင်လှ၏။
အရေအဆင်းသည် စင်ကြယ်၍ ပြုံးပြုံးပြက်ပြက်ရှိ၏။
– ဝိနည်း၊ မဟာဝဂ်

ဝက္ကလိ၊
ဤအပုပ်ကောင်ကို ဖူးမြင်ခြင်းဖြင့်
အဘယ်အကျိုးရှိမည်နည်း။
ဝက္ကလိ၊ တရားကိုမြင်သောသူသည်
ငါဘုရားကို မြင်သည်မည်၏။
– သံယုတ္တနိကာယ်၊ ခန္ဓသံယုတ် – ဝက္ကလိသုတ်

# အခန်း (၄)

# ဗုဒ္ဓ

## (က) ပိဋကတ်မှ ဂေါတမဗုဒ္ဓ

မြန်မာနိုင်ငံတွင် ဂေါတမဗုဒ္ဓ၏ ဘဝဖြစ်စဉ် အကြောင်းအရာများကို ရေးသားထားသော မြန်မာဗုဒ္ဓဝင် စာအုပ်များရှိ၏။ ထိုစာအုပ်များ၌ ပါရှိသော အချက်များကို မြန်မာဗုဒ္ဓဝါဒီတို့က အကြွင်းမဲ့ လက်ခံယုံကြည်ကြမည် ဖြစ်သော်လည်း အနောက်တိုင်း ဗုဒ္ဓစာပေ သုတေသီပညာရှင်တို့က ထိုသို့ လက်ခံလိုကြမည် မဟုတ်ချေ။ တစ်နည်းဆိုသော် ယိုးဒယား၊ မြန်မာ၊ သီဟိုဠ်သားတို့၏ ဗုဒ္ဓဝင်ကို တိကျခိုင်မာသော ဗုဒ္ဓအတ္ထုပ္ပတ္တိအဖြစ် အသိအမှတ်ပြုလိုကြမည် မဟုတ်ချေ။ အမှန်ဆိုသော် ရှေးအစဉ်အလာ ယုံကြည်ချက်များကို မျက်စိမှိတ် လက်မခံလိုဘဲ ဝေဖန်ဆန်းစစ်လိုသော ဗုဒ္ဓဝါဒီတို့သည်ပင် ဗုဒ္ဓဝင်ကျမ်းလာ အချို့သောစကားများကို ယုံမှားသံသယရှိကြမည် အမှန်ဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓ၏ ဘဝဖြစ်စဉ်ကို မှန်ကန်စွာ သိရှိလိုပါက ဗုဒ္ဓဝင်ကျမ်းပြုဆရာတို့ မှီငြမ်းပြုသော ပါဠိပိဋကတ်ကို ဦးစွာလေ့လာရပေမည်။ လေ့လာရာ၌ သုတေသီပညာရှင်တို့၏ အလိုအားဖြင့် ရှေးကျ၍ အထူးခိုင်မာသော ပိဋကတ်စာပေများကို ဦးစားပေး၍ လေ့လာရပေမည်။ ထိုစာပေများမှာ သုတ္တန်ပိဋကတ်မှ ပထမနိကာယ်လေးကျမ်း၊ ခုဒ္ဒကနိကာယ်မှ အချို့ကျမ်းများနှင့် အချို့သော ဝိနည်းကျမ်းများဖြစ်ကြောင်း ဖော်ပြခဲ့ပေပြီ။

ထိုပိဋကတ်စာပေများကို နှံ့နှံ့စပ်စပ် လေ့လာပါက ဗုဒ္ဓအကြောင်း ထူးခြားသော အချက်နှစ်ရပ်ကို ကျွန်ုပ်တို့ သတိပြုမိမည်ဖြစ်၏။ ပထမအချက်မှာ ဗုဒ္ဓအကြောင်းအရာများနှင့် စပ်လျဉ်း၍ အချို့နေရာများ၌ ဗုဒ္ဓဝင် (ဝါ) အဋ္ဌကထာကျမ်းများနှင့် ပိဋကတ်

လာ စကားများမတူဘဲ ကွဲလွဲနေခြင်းဖြစ်၏။ ဒုတိယအချက်မှာ ဗုဒ္ဓဝင်နှင့် အဋ္ဌကထာများမှ ဗုဒ္ဓအကြောင်းအရာများသည် ထူးထွေများပြား၍ စုံလင်လှသည်နှင့်အမျှ ပိဋကတ်စာပေ၌ ဗုဒ္ဓအကြောင်း နည်းပါး၍ ပြည့်စုံခြင်းမရှိချေ။

ပိဋကတ်စာပေ၌ ဗုဒ္ဓ၏ ဘဝဖြစ်စဉ်များကို အစအဆုံး တစ်ဆက်တည်း ပြည့်စုံစွာ ပြဆိုထားသော ကျမ်းစာကို မတွေ့ရချေ။ အနည်းငယ်သော ပါဠိတော်များ၌သာ ဗုဒ္ဓ၏ အချို့သော ဖြစ်စဉ်များအကြောင်းကို ဖတ်ရှုရ၏။ မဇ္ဈိမနိကာယ်၊ အရိယပရိယေသနသုတ် မဟာသစ္စကသုတ် စသည်တို့၌ ဘုရားအလောင်း တောထွက်ပုံ၊ တရားကျင့်ပုံနှင့် ဘုရားအဖြစ်သို့ ရောက်ရှိပုံများကို လည်းကောင်း၊ ဝိနည်းပိဋကတ် မဟာဝဂ္ဂ၌ ဘုရားဖြစ်သည်မှ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ ဘုရားထံ၌ ရဟန်းပြုကြသည် အထိကိုလည်းကောင်း၊ ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်၌ ဘုရားရှင်၏ နောက်ဆုံး ဖြစ်စဉ်များကိုလည်းကောင်း ဖော်ပြထား၏။ သို့ရာတွင် ထိုပါဠိတော်များ၌ ဗုဒ္ဓဝင် နှင့် အဋ္ဌကထာများမှ များစွာသော ဗုဒ္ဓအကြောင်းအရာများကို မတွေ့ရချေ။

ပိဋကတ်စာပေ၌ ဗုဒ္ဓ၏ အတ္ထုပ္ပတ္တိကို အပြည့်အစုံ မတွေ့ရခြင်းမှာ ရှေးလူတို့က မိမိတို့ခေတ်အတွင်း ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တို့၏ ဘဝဖြစ်စဉ်များကို စုံစုံစေ့စေ့ မှတ်သားထားလေ့ မရှိကြသောကြောင့် ဖြစ်၏။ ပုဂ္ဂိုလ်အတ္ထုပ္ပတ္တိကို ရေးသားသော အတတ်သည် ယခုခေတ်မှ ပေါ်လာသောအတတ် ဖြစ်၏။ ရှေးအိန္ဒိယ နိုင်ငံသားတို့သည် ပညာရှိတစ်ဦး၏ ဘဝအဖြစ်အပျက်များကို သူ၏ စကားများလောက် ဂရုပြုလေ့မရှိကြချေ။ သို့ဖြင့် ရှေးပဝေသဏီက ဘာသာဝါဒအမျိုးမျိုးကို အစဦးစွာ ဟောပြောခဲ့သော ပုဂ္ဂိုလ်တို့၏ ဘဝဖြစ်စဉ် မှတ်တမ်းများ အထင်အရှားရှိဖို့ဝေးစွ၊ သူတို့၏အမည်များသည်ပင် ကွယ်ပျောက်ခဲ့ပေပြီ။ အိန္ဒိယဘာသာရေးသမိုင်း၌ နာမည်ကျန်ရှိသော ကပိလ၊ ရှန်ကရ(၁) အစရှိသည့် အနည်းငယ်သော ပုဂ္ဂိုလ်ကြီးတို့အကြောင်းကိုလည်း ယခုခေတ်လူတို့စုံလင်စွာ မသိကြရချေ။ သူတို့ အကြောင်းအရာနှင့်စာသော် ကျွန်ုပ်တို့သိရသော ဗုဒ္ဓ၏ အကြောင်းအရာများမှာ အတော်အတန် စုံလင်သည်ဟု ဆိုရပေမည်။

ဗုဒ္ဓသည် ဘီစီ ၆ ရာစု (ခရစ်တော်မပေါ်မီ နှစ်ပေါင်းငါးရာကျော်လောက်) အတွင်း၌ ဖွားမြင်တော်မူကြောင်း သုတေသီပညာရှင်အားလုံး လက်ခံယုံကြည်ကြ၏။ ထိုရာစုနှစ်မှာ တရုတ်ပညာရှိ **ကွန်ဖူးရှပ်**နှင့် ပရိပညာရှိ **ပိုင်သားဂိုးရတ်**(၂) တို့ ဖွားမြင်သော ရာစုနှစ်ဖြစ်၏။ ဗုဒ္ဓဖွားမြင်တော်မူရာ ဒေသမှာ အိန္ဒိယပြည်မြောက်ပိုင်းရှိ သက္ကတိုင်းဖြစ်၏။ အိန္ဒိယနှင့် နီပေါပြည်နယ်စပ်ရှိ သက္ကတိုင်း၏ မြို့တော်မှာ ကပိလဝတ်မြို့ဖြစ်၍ ဗာရာဏသီမြို့၏မြောက်ဘက် မိုင်တစ်ရာခန့်အကွာ၌ တည်ရှိ၏။

ပိဋကတ်စာပေ၌ ဖော်ပြထားသော ထိုအခါက အိန္ဒိယမြောက်ပိုင်းရှိ တိုင်းကြီး ၁၆ တိုင်း အမည်စာရင်းတွင် သက္ကတိုင်း၏အမည်ကို မတွေ့ရချေ။ ဘီစီ ၆ ရာစု

---

၁။ **Kapila, Samkara** ၂။ **Pythagoras, Confucious**

ခေတ်က အိန္ဒိယနိုင်ငံတွင် ကောသလ၊ မဂဓစသော ဘုရင်အုပ်စိုးသည့် တိုင်းပြည်ကြီးများ အပြင် သက္က, ကောလိယ, ဝဇ္ဇီစသော နိုင်ငံငယ်များရှိ၏။ ထိုနိုင်ငံများအပြင် သက္က, ကောလိယ, ဝဇ္ဇီစသော နိုင်ငံငယ်များရှိ၏။ ထိုနိုင်ငံငယ်များသည် ယခုခေတ် ဒီမိုကရေစီနိုင်ငံများနှင့်တူ၍ ခတ္တိယများက အုပ်ချုပ်ကြ၏။ ခတ္တိယတို့သည် ပုဂ္ဂိုလ် တစ်ဦးဦးကို နာယကတင်မြှောက်ပြီးလျှင် အစည်းအဝေး ကျင်းပ၍ တိုင်းပြည်ကိစ္စ အရပ်ရပ်ကို စီရင်ဆုံးဖြတ်ကြ၏။

ပိဋကတ်စာပေ၌ ဗိမ္ဗိသာရ, အဇာတသတ်စသော ဘုရင်အမည်များကို နာမဝိသေသနပုဒ်များဖြင့် အပြည့်အစုံ ထပ်တလဲလဲ ပြဆိုတား၏။ ဗိမ္ဗိသာရမင်းကို မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းဟုခေါ်၍ အဇာတသတ်ကို ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းဟု ဖော်ပြထား၏။ ဗုဒ္ဓ၏ ခမည်းတော်အား ဘုရင် သုဒ္ဓေါဒနဟု ခေါ်ဝေါ်ခြင်းကိုမူ ပိဋကတ်နှစ်နေရာတည်း (ဒီဃနိကာယ်၊ မဟာပဒါနသုတ်နှင့် ခုဒ္ဒကနိကာယ်.ဗုဒ္ဓဝံသ)၌သာ တွေ့ရ၏။ အခြားနေရာများ၌မူ သုဒ္ဓေါဒနသက္က (သာကီဝင်သုဒ္ဓေါဒန)ဟူ၍ သာမည ဖော်ပြထား၏။ အကယ်ပင် သာကီဝင်မင်းဖြစ်သော ဘဒ္ဒိယကိုမူ ဝိနည်းပိဋကတ်၌ ဘဒ္ဒိယ သက္ကရာဇာဟူ၍ ခေါ်ဝေါ်ထား၏။

ဘုရားအလောင်းသည် တောမထွက်မီက များစွာစည်းစိမ်ချမ်းသာ ခံစားခဲ့ကြောင်း ဗုဒ္ဓ၏ စကားများဖြင့် သိအပ်၏။ "အို မာဂဏ္ဍိယ၊ ငါသည် သုံးဆောင်သော ပြာသာဒ်တို့၌ တီးမှုတ်မျိုးစုံတို့ဖြင့် တင့်တယ်စွာ ခံစားစံစားလျက် နေခဲ့၏။" (မဇ္ဈိမနိကာယ် မာဂဏ္ဍိယသုတ်)။ "ရဟန်းတို့၊ ငါသည် ချမ်းသာစွာ၊ နူးညံ့သိမ်မွေ့စွာ နေရ၏။ မိုးလေးလပတ်လုံး ပြသာဒ်မှ အောက်သို့မသက်ဆင်းဘဲ နေရ၏။" (အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ် – သုခုမာလသုတ်)။ ပိဋကတ်စာပေ၌ ဤစကားများထက်ပို၍ ဗုဒ္ဓဝင်များမှာကဲ့သို့ ဘုရားအလောင်း၏ စည်းစိမ်ချမ်းသာ ခံစားမှုကို ချဲ့ထွင်ဖော်ပြထားခြင်း မရှိချေ။

"ရဟန်းတို့၊ ငါသည် ဘုရားမဖြစ်သေးမီ ပထမအရွယ်က ဤသို့ကြံ၏။ မသိနားမလည်သော သာမန်လူသည် မိမိကိုယ်တိုင် တစ်နေ့တွင် အိုရဦးမည် ဖြစ်ပါလျက် သူအိုတစ်ဦးကိုမြင်လျှင် စိတ်မသက်မသာ စက်ဆုပ်ရွံရှာခြင်း ဖြစ်တတ်၏။ ငါသည် ဤသို့ဖြစ်ရန် မသင့်လျော်ပါတကား။ ဤသို့တွေးတောရင်း ငါ၏ ပျိုမျစ်သောအရွယ်၌ တက်ကြွနေသောစိတ်သည် ကျဆင်းကွယ်ပျောက်ခဲ့၏" (အင်္ဂုတ္တရနိကာယ်၊တိကနိပါတ်၊ သုခုမာလသုတ်)

"ရဟန်းတို့၊ ငါသည် ဘုရားအဖြစ်သို့ မရောက်မီက ဤသို့အကြံဖြစ်၏။ အဘယ်ကြောင့် ငါသည် ဇာတိသဘော ရှိသည်ဖြစ်ပါလျက်၊ အိုခြင်း၊ နာခြင်း၊ သေခြင်း သဘော ရှိသည်ဖြစ်ပါလျက် ညစ်ညူးခြင်းသဘောရှိသည် ဖြစ်ပါလျက် ထိုညစ်ညူးခြင်း သဘောကိုသာလျှင် ရှာဘိသနည်း။ ငါသည် ဇာတိမရှိရာ၊ မအို၊ မနာ၊ မသေရာ

မြတ်သောနိဗ္ဗာန်ကို ရှာအံ့ဟူ၍ အကြံဖြစ်၏။" (မဇ္ဈိမနိကာယ်၊ အရိယပရိယေသန သုတ်)

အချို့သော သုတ္တန်ဒေသနာများ၌မူ အိုခြင်း၊ နာခြင်း၊ သေခြင်းကို ဆင်ခြင်သုံးသပ်ကြောင်းပင် မလာဘဲ လူ့ဘောင်ကို ငြီးငွေ့၍ တောထွက်ကြောင်း ဗုဒ္ဓကိုယ်တိုင် မိန့်ကြားသော စကားလာ၏။ အောက်ပါစကားသည် များစွာသော သုတ္တန်တို့၌ တွေ့ရသော ဗုဒ္ဓစကားဖြစ်၏။

"ရဟန်းတို့၊ ငါ့အား ဤသို့ အကြံဖြစ်၏။ အိမ်ရာထောင်သော လူတို့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်းကျပ်တည်း၏။ မြူမှုန်ထူသော ခရီးနှင့်တူ၏။ အိမ်၌နေသော သူသည် စင်စစ် မြတ်သောအကျင့်ကို ကျင့်ရန်မလွယ်ချေ။ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးသော် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ရုံ၍ ရဟန်းပြုရမူ ကောင်းလေစွတကားဟု အကြံဖြစ်၏" (မဇ္ဈိမနိကာယ်၊ မဟာသစ္စကသုတ်နှင့် အခြားသုတ်များ)

ထိုခေတ်က အိန္ဒိယပြည်၌ တောထွက်၍ ရဟန်းပြုခြင်းသည် ရှေးပဝေသဏီကစ၍ ပညာရှိသူတော် ကောင်းတို့ လိုက်နာသောလမ်းစဉ်ဖြစ်၏။ မိဘများက သဘောမတူဘဲ တားမြစ်ပါလျက် တောထွက်သောသူများအကြောင်း အဋ္ဌကထာများ၌ ဖော်ပြထား၏။ ဘုရားအလောင်း သိဒ္ဓတ္ထသည် ထိုသို့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ပိဋကတ်၌လာ၏။

မဇ္ဈိမနိကာယ်၊ အရိယပရိယေသနသုတ်၊ မဟာသစ္စကသုတ်နှင့် အခြားသုတ်များတွင် ဗုဒ္ဓကိုယ်တိုင်က "ငါသည် မည်းနက်သော ဆံပင်ရှိ၍ ငယ်ရွယ်ပျိုမျစ်သော ပထမအရွယ်၌ အမိအဖတို့သည် သဘောမတူသဖြင့် မျက်ရည်ရွှဲစို ငိုယိုနေကြစဉ် ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်ပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကူးပြောင်းခဲ့ပေသည်"ဟု မိန့်ကြားတော်မူကြောင်း ပြဆိုထား၏။ ဒီဃနိကာယ် သောဏဒဏ္ဍသုတ်နှင့် ကူဋဒန္တသုတ်များ၌လည်း ဗြာဟ္မဏဆရာနှစ်ဦးက ရဟန်းဂေါတမသည် ငယ်စဉ်က မိဘတို့ သဘောမတူသဖြင့် ငိုယိုနေကြစဉ် ရဟန်းပြုခဲ့သည်ဟု ပြောဆိုကြကြောင်း ဖော်ပြထား၏။

မည်သို့ဖြစ်စေ အထက်က ပြဆိုခဲ့သော ဗုဒ္ဓဝင်နှင့် ပိဋကတ် ကွဲလွဲဆန့်ကျင်မှုများမှာ ဗုဒ္ဓ၏တရားများနှင့် မသက်ဆိုင်သောကြောင့် ဗုဒ္ဓဓမ္မ လေ့လာသောသူတို့အဖို့ အရေးမကြီးလှချေ။ အရေးကြီးသည်ကား ဗုဒ္ဓသည် မည်သို့သော ပညာရှိပုဂ္ဂိုလ် သူမြတ်ဖြစ်ကြောင်း နားလည်သိရှိရန်ဖြစ်၏။ ဗုဒ္ဓသည် လူ့ဘဝ၊ လူ့လောက ပြဿနာများကို မည်သို့ ရှုမြင်သုံးသပ်သည်။ လူတို့၏ ရှေးအစဉ်အလာ ယုံကြည်ချက်များအပေါ် မည်သို့ ဆုံးမသည် စသည်တို့မှာ ဗုဒ္ဓဓမ္မ လေ့လာရာ၌ ကျွန်ုပ်တို့ သိရှိရန် မုချ လိုအပ်သော အချက်များဖြစ်၏။ ဗုဒ္ဓအကြောင်းဆိုင်ရာ ပါဠိတော်များကို မှီငြမ်းပြု၍ ဤအချက်များကို တတ်နိုင်သမျှ စုံစုံစေ့စေ့ ဖော်ပြပါအံ့။

## (ခ) ဗုဒ္ဓ၏ ထူးခြားချက်များ

ဗုဒ္ဓသည် မိုးရာသီ၌ နားနေ၍ အခြားအခါကာလများတွင် တစ်နေရာမှ တစ်နေရာသို့ ခရီးလှည့်လည်ပြီးလျှင် တရားဟောတော်မူလေ့ ရှိ၏။ တစ်ခါတစ်ရံ၌မူ သာဝတ္ထိ၊ ဝေသာလီစသော မြို့ကြီးများ၌ သီတင်းသုံးတော်မူ၏။ မဇ္ဈိမနိကာယ် အရိယပရိယေသန သုတ်၏ နိဒါန်း၌ ဗုဒ္ဓသည် သာဝတ္ထိမြို့၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့တာ မည်သို့ ကုန်လွန်စေပုံကို ဖော်ပြထား၏။

တစ်နေ့သော နံနက်စောစော၌ ဗုဒ္ဓသည် သင်းပိုင်ကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် မြို့တွင်းသို့ ဆွမ်းအလို့ငှာ ကြွသွား၏။ ထိုအခါ ရဟန်းတို့သည် အရှင်အာနန္ဒာအား ဘုရားရှင်၏ တရားစကားကို မိမိတို့ မကြားနာရသည်မှာ ကြာပြီဖြစ်၍ ကြားနာလိုကြောင်း လျှောက်ကြ၏။ အရှင်အာနန္ဒာက ရဟန်းတို့အား ဒမ္မကပုဏ္ဏား၏ ကျောင်းသခ်မ်းသို့သွား၍ နေကြရန်ပြော၏။ ရဟန်းတို့သည် ထိုကျောင်းသို့ သွားကြ၏။ ဗုဒ္ဓသည် ဆွမ်းစားပြီးလျှင် အရှင်အာနန္ဒာကိုခေါ်၍ ပုဗ္ဗာရုံကျောင်းသို့ ကြွသွားတော်မူ၏။ ထိုကျောင်း၌ တစ်နေကုန် နေတော်မူပြီးသော် အရှင်အာနန္ဒာနှင့်အတူ ရေချိုးဆိပ်သို့ ကြွသွား၍ ရေသပ္ပာယ်တော်မူ၏။ ရေသပ္ပာယ်ပြီးသောအခါ အရှင်အာနန္ဒာက ဘုရားရှင်အား ဒမ္မကပုဏ္ဏား၏ကျောင်းသို့ ကြွတော်မူရန် ပန်ကြား၏။ ဗုဒ္ဓသည် ထိုကျောင်းသို့ ကြွသွား၏။

ရဟန်းတို့သည် တရားစကားဖြင့် စည်းဝေးနေကြ၏။ ဗုဒ္ဓသည် တံခါးမုခ် အပြင်ဘက်၌ရပ်လျက် စကားအဆုံးကို ဆိုင်းငံ့နေတော်မူ၏။ စကားဆုံကတ်သော် ချောင်းဟန့်၍ တံခါးရွက်ကို ခေါက်၏။ ရဟန်းတို့က တံခါးကိုဖွင့်၍ ဗုဒ္ဓသည် ခင်းထားအပ်သော နေရာ၌ ထိုင်ပြီးလျှင် "ရဟန်းတို့၊ ယခု ငါဘုရား ကြွလာသောအခါ အဘယ်စကားဖြင့် သင်တို့စည်းဝေး၍ ဟောပြောနေကြကုန်သနည်း"ဟု မေး၏။ ရဟန်းတို့က မြတ်စွာဘုရားအကြောင်းကို ပြောဆိုနေကြပါသည်ဟု လျှောက်ကြသော် ဗုဒ္ဓသည် မိမိ ဘုရားမဖြစ်မီက ကြုံတွေ့ခဲ့ရပုံများကို ပြောပြလို၍ အရိယပရိယေသနသုတ်ကို ဟောတော်မူ၏။

ထိုတရားပွဲများ၌ တခါတစ်ရံ ရဟန်းတစ်ပါးသည် နေရာမှထ၍ လက်အုပ်ချီကာ ဗုဒ္ဓအား အခွင့်ပန်ကြားပြီးနောက် မိမိသိလိုသောအချက်ကို မေးလျှောက်လေ့ရှိ၏။ တရားပွဲများသည် အတော်ညဉ့်နက်မှ ပြီးဆုံး၏။ ဘုရားရှင် ပင်ပန်းညောင်းညာသောအခါ အရှင်အာနန္ဒာ၊ အရှင်သာရိပုတ္တရာစသော တပည့်မထေရ်ကြီးများက ဆက်လက်၍ ဟောပြောကြ၏။

ဗုဒ္ဓနှင့် ရဟန်းသံဃာတို့၏ စည်းဝေးပွဲများသည် အလွန်တိတ်ဆိတ်သော စည်းဝေးပွဲများဖြစ်၏။ သာမညဖလသုတ်၌ အဇာတသတ်မင်းသည် ဘုရားရှင်ကို ဖူးမြော်ရန် ဆရာဇီဝကနှင့်အတူ ကျောင်းတော်သို့ သွား၏။ အချိန်ကား ညချမ်းအချိန်ဖြစ်၏။ ဘုရင်သည် ကျောင်းအနီးသို့ ချဉ်းကပ်မိသောအခါ ကြက်သီးမွေးညင်းထ၍ ထိတ်လန့်

သွား၏။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ ဗုဒ္ဓသည် ရဟန်းသံဃာ ၁၅၀၀ နှင့်အတူ ကျောင်းတိုက်ထဲ၌ သီတင်းသုံး နေတော်မူသော်လည်း ချောင်းဆိုးသံ၊ ချေသံ တစ်ချက်မျှ မကြားရဘဲ အလွန်တိတ်ဆိတ်နေသောကြောင့် ဖြစ်၏။ ဇီဝကက အားပေးနှစ်သိမ့်မှ အဇာတသတ်မင်းသည် ကြောက်စိတ်ပြေ၍ ကျောင်းထဲသို့ဝင်ပြီးနောက် ဗုဒ္ဓကို ဖူးမြော်လေသည်။

ဗုဒ္ဓသည် တိတ်ဆိတ်မှုကို နှစ်သက်၏။ တစ်ခါတစ်ရံ ဆွမ်းစားပြီးလျှင် တောထဲသို့ကြွသွား၍ သစ်ပင်များအောက်၌ နေတော်မူလေ့ရှိ၏။ ရဟန်းတို့အား စကားပြောလျှင် တရားစကားကိုသာပြောရန်၊ သို့မဟုတ် ဆိတ်ဆိတ်နေရန် မကြာခဏ သတိပေး၏။ တစ်ခါသော် ဗုဒ္ဓကိုဖူးမြော်ရန် ရောက်လာကြသော ရဟန်းတို့သည် အချင်းချင်း အော်ဟစ်ပြောဆို၍ ဆူညံလှသဖြင့် ကျောင်းမှ နှင်ထုတ်ခံကြရ၏ (မဇ္ဈိမ နိကာယ်၊ စာတုမသုတ်)။ တိတ်ဆိတ်မှုကို ဗုဒ္ဓနှစ်သက်ကြောင်း လူအများသိကြ၏။ ပရိဗိုဇ်တို့သည် ဆူညံစွာ စကားပြောနေကြစဉ် အဝေးမှလာသော ဗုဒ္ဓဝါဒီတစ်ဦးကို မြင်သော် အချင်းတို့ အသံမပြုကြကုန်လင့်၊ ဗုဒ္ဓ၏တပည့်သည် လာနေ၏။ သူတို့သည် တိတ်ဆိတ်မှုကို နှစ်သက်၏ဟု အချင်းချင်း သတိပေး၍ ဆိတ်ဆိတ်နေကြ၏။ (အင်္ဂုတ္တရ-ကိံဒိဋ္ဌိကသုတ်)

ဗုဒ္ဓ၏ ရုပ်သွင်ပြင် လက္ခဏာကို ယခုခေတ် လူတို့စိတ်ကူးဖြင့် ခန့်မှန်းကြည့်ရန် ခဲယဉ်း၏။ အဘယ်ကြောင့်ဆိုသော် ရှေးအကျဆုံး ဗုဒ္ဓရုပ်ဆင်းတုများသည် ဂရိ(ခေါမ) လက်ရာများကို အခြေပြုထား၍ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးသည့်နောက် နှစ်ပေါင်း အတော်ကြာသည့်တိုင်အောင် ဗုဒ္ဓရုပ်တုများ ထုလုပ်ကိုးကွယ်သော အလေ့အထ မရှိခဲ့ချေ။ အင်္ဂလိပ် ပညာရှင် **ဆာချားလ်(စ)အဲလီယော့**၏ ထင်မြင်ချက်ကို ဖော်ပြရမည်ဆိုသော် "သူတော်သူမြတ် အသွင် ပြထားသော ဗုဒ္ဓရုပ်တုများကို ကြည့်ခြင်းအားဖြင့် ဗုဒ္ဓ၏ ရုပ်လက္ခဏာသွင်ပြင်ကို အမှန်အတိုင်း စိတ်ထဲ၌ မြင်လာနိုင်လိမ့်မည်ဟု ကျွန်ုပ် မထင်ပါ။ အိန္ဒိယပြည် ဆားနတ်အရပ်၌ တွေ့ရသော လုလင်ပျိုအသွင် ထုလုပ်ထားသည့် ဗုဒ္ဓရုပ်တုများသည် သာလျှင် ဗုဒ္ဓ၏ နဂိုဥပဓိရုပ်ကို အတော်အတန် မှန်ကန်စွာ ဖော်ပြထားသည်ဟု ကျွန်ုပ် ထင်ပါသည်။ ထိုရုပ်တုများသည် ဂေါတမဗုဒ္ဓ၏ ရုပ်အင်္ဂါလက္ခဏာများကို တိကျမှန်ကန်စွာ ဖော်ပြထားသည်ဟု မဆိုနိုင်စေကာမူ သန်မာတောင့်တင်းသော ကိုယ်လုံးကိုယ် ပေါက်နှင့် အာဇာနည်စိတ်ဓာတ်ရှိသော နီပေါမင်းသားပျို၏ ရုပ်လက္ခဏာ ပေါ်ထင်လျက် ရှိပါသည်။ ဂေါတမသည် ဗုဒ္ဓ၊ သို့မဟုတ် စကြဝတေးမင်းဖြစ်ရန် ဇာတာပါသည်ဆိုသော စကားမှာ ယုတ္တိရှိ၏။"(၁)

ဗုဒ္ဓသည် ကျန်းမာတောင့်တင်းသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ပိဋကတ်စာပေ၌ ထင်ရှား၏။ ဘုရားမဖြစ်မီက ခြောက်နှစ်တိုင်တိုင် ပြင်းထန်သောအကျင့်ကို ဆင်းရဲငြိုငြင်

၁။ **Sir Charles Eliot: Hinduism & Buddhism - Vol.I, pp.171**

စွာ ကျင့်နိုင်ခဲ့ခြင်း၊ အသက် ၈၀ အထိ တစ်နေရာမှ တစ်နေရာသို့ ခြေလျင်ခရီးလှည့်လည်၍ တရားဟောပြောခြင်း၊ အိုမင်းသောအရွယ်၌ ရောဂါဝေဒနာ အပြင်းအထန် ခံစားပြီးသည့်နောက်၌ပင် မိုင်ပေါင်းများစွာဝေးသော ကုသိနာရုံသို့ ခြေလျင်ကြွသွားခြင်း စသည်တို့ကို ထောက်ချင့်၍ ဗုဒ္ဓသည် ကိုယ်ခန္ဓာ အထူးကြံ့ခိုင် တောင့်တင်းကြောင်း ယုံမှားဖွယ်ရာ မရှိချေ။

ထို့မျှ ထူးထူးခြားခြား ကိုယ်လက်ကျန်းမာတောင့်တင်းမှုသည် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်၏။ ဗုဒ္ဓသည် အစားအသောက်၌ မယုတ်မလွန် ခြိုးခြံ၏။ "ရဟန်းတို့၊ ငါသည် ညစာမစားသောကြောင့် ကျန်းမာ၍ အနာရောဂါကင်း၏။ ကိုယ်လက်ကြံ့ခိုင်၍ ချမ်းသာစွာနေရ၏" (မဇ္ဈိမနိကာယ်၊ ကိဋာဂိရိသုတ်)။ လောက၌ ကျန်းမာ၍ အသက်ရှည်သောသူတို့သည် အများအားဖြင့် ဘဝရည်ရွယ်ချက် တစ်ခုခုရှိ၍ မနားမနေ အလုပ်လုပ်သောသူများ ဖြစ်၏။ ဗုဒ္ဓသည် လူသတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲမှ ကယ်ချွတ်ရန် ရည်ရွယ်၍ ပရိနိဗ္ဗာန်ပြုခါနီးသောအခါ၌ပင် သုဘဒ္ဒရဟန်းအား ဟောပြောဆုံးမတော်မူခဲ့သေးသည် မဟုတ်ပါလော။

ဗုဒ္ဓအား အထူးကျန်းမာ အသက်ရှည်စေသော အဓိကအကြောင်းတရားမှာ ကိလေသာမီးအားလုံး ငြိမ်းသတ်ပြီး၍ ထာဝရ စိတ်ငြိမ်းချမ်းမှုဖြစ်၏။ တစ်ခါသော် ဗုဒ္ဓသည် အာဠဝီပြည် နွားတို့သွားရာဖြစ်သော လမ်းနံဘေးရှိ ရင်းတိုက်တောအတွင်း သစ်ရွက်အခင်း၌ သီတင်းသုံးနေတော်မူ၏။ ဟတ္ထအာဠဝက မင်းသားသည် လှည့်လည်သွားလာရင်း ဗုဒ္ဓတို့မြင်လေသော် အနီးသို့ ချဉ်းကပ်ပြီးလျှင် "မြတ်စွာဘုရား၊ အရှင်ဘုရားသည် ချမ်းသာစွာ အိပ်စက်တော် မူရပါ၏လော"ဟု မေးလျှောက်၏။ ဗုဒ္ဓက "မင်းသား၊ ငါသည် ချမ်းသာစွာ အိပ်ရပေသည်ဟု ပြန်ပြော၏။

ထိုအခါ မင်းသားသည် များစွာအံ့သြ၍ "အရှင်ဘုရား၊ ယခုအချိန်အခါသည် ဆောင်းဥတုဖြစ်၍ အလွန်အေးချမ်းလှပါ၏။ မြေသည် နွားခွာရာတို့ဖြင့် ကြမ်းတမ်းလှပါ၏။ သစ်ရွက်အခင်းသည် ပါးလွန်းလှပါ၏။ သစ်ပင်မှ သစ်ရွက်တို့သည် ကျဲရဲရှိကြပါကုန်၏။ အရပ်လေးမျက်နှာမှ အေးမြသော လေတိုက်ခတ်နေ၍ ဆီးနှင်းတို့ တဖွဲဖွဲကျလျက်ရှိပါ၏။ သို့ဖြစ်ပါလျက် ငါသည် ချမ်းသာစွာ အိပ်ရသည်ဟု အရှင်ဘုရား မိန့်တော်မူဘိ၏"ဟု လျှောက်၏။ ထိုအခါ ဗုဒ္ဓက လောက၌ ကာမဂုဏ်ခံစား၍ နူးညံ့သောနေရာ အိပ်ရာ၌ အိပ်ရသော်လည်း ကိလေသာမီး တောက်လောင်နေသောသူသည် ချမ်းသာစွာ အိပ်ရမည်မဟုတ်ကြောင်း၊ မိမိမှာ ကိလေသာ ရာဂမီး ငယ်သတ်ပြီးပြီဖြစ်၍ မည်သည့်နေရာမျိုး၌မဆို ချမ်းသာစွာ အိပ်စက်ရကြောင်း မိန့်တော်မူလေသည်။ (အင်္ဂုတ္တရနိကာယ်၊ တိကဒဟတ္ထာဠဝကသုတ်)

ဗုဒ္ဓ၏ စိတ်ငြိမ်းအေးချမ်းသာမှုသည် ရုပ်လက္ခဏာ အဆင်းသဏ္ဌာန်၌ အမြဲထင်ဟပ် ပေါ်လွင်နေမည်ဖြစ်၏။ သို့ဖြစ်၍ ဗုဒ္ဓကို ပထမအကြိမ် တွေ့မြင်ရသော ဥပက

တက္ကတွန်းက "ငါ့ရှင်၊ သင်သည် မည်သူဖြစ်သနည်း၊ သင်၏ ဣန္ဒြေတို့သည် ကြည်လင်လှ၏။ အရေအဆင်းသည် စင်ကြယ်၍ ပြိုးပြိုးပြက်ပြက်ရှိ၏"ဟု ဆို၏။ ဗုဒ္ဓကို ဆေးဖော်ကြောဖက် မလုပ်ဘဲနေရန် ဆုံးဖြတ်ထားသော ပဥ္စဝဂ္ဂီငါးဦးသည် ဗုဒ္ဓကို မြင်ရုံနှင့်ပင် မိမိတို့၏ ဆုံးဖြတ်ချက်ကို မေ့လျော့၍ ခရီးဦးကြိုပြုကြ၏။

ဗုဒ္ဓ၏ တင့်တယ်ခံ့ညားသော ဥပဓိရုပ်ကြောင့် တစ်ကြိမ်မြင်ကာမျှနှင့် ကြည်ညိုသောသူများ ရှိသည့်နည်းတူ ဗုဒ္ဓ၏ သီလဂုဏ်၊ သမာဓိဂုဏ်သတင်းကို ကြားကာမျှနှင့် ကြည်ညိုသောသူများမှာလည်း မနည်းလှချေ။ ပေါက္ခရသာတိ, သောဏဒန္တစသော အလွန်ဇာတ်ကြီး၊ မာနကြီးသည့် ဗြဟ္မာဏခေါင်းဆောင်တို့သည်ပင် ဗုဒ္ဓ၏ ဂုဏ်သတင်းကို ကြားရုံမျှနှင့် သွားရောက်ဖူးတွေ့လိုသော ဆန္ဒဖြစ်ပေါ်လာကြ၏။ ပါဠိပိဋကတ်၌ ဗုဒ္ဓအား အထူးလှိုက်လှိုက်လှဲလှဲ ကြည်ညိုသော ပုဂ္ဂိုလ်နှစ်ဦးမှာ ဗြဟ္မာယုအမည်ရှိ ဇာတ်ကြီး ဗြဟ္မာဏတစ်ဦးနှင့် ပသေနဒီကောသလမင်းတို့ ဖြစ်၏။ သူတို့သည် ဗုဒ္ဓအထံ သို့လာ၍ ဖူးမြော်သောအခါ၌ ဗုဒ္ဓ၏ ခြေတို့ကို လက်ဖြင့်ဆုပ်နယ်ပွတ်သပ်၍ ပါးစပ်ဖြင့် အထပ်ထပ် နမ်းရှုပ်ကြလေသည်။ (မဇ္ဈိမနိကာယ်၊ ဗြဟ္မာယုသုတ်နှင့် ဓမ္မစေတိယသုတ်)

ကောသလမင်းသည် ဓမ္မစေတိယသုတ်၌ ဗုဒ္ဓကို လူတို့ မည်မျှကြည်ညိုလေးစားကြောင်း လျှောက်ကြား၏။ ဗုဒ္ဓ၏ တရားပွဲ၌ တရားနာပရိသတ်မှာ ဗုဒ္ဓကို အလွန်လေးစား၍ တိတ်ဆိတ်စွာ တရားနာကြသောကြောင့် တစ်စုံတစ်ယောက် ချောင်းဟန့်သံ၊ တံတွေးထွေးသံကို ဘယ်အခါမျှ မကြားရပါ။ တစ်ခါသော် မိမိသည် မှူးမတ်ဗိုလ်ပါများနှင့် ခရီးထွက်သွား၍ ညစခန်းချသောအခါ ဣသိဒတ္တနှင့် ပုရာဏအမည်ရှိ အမတ်ကြီးနှစ်ဦးသည် မိမိတို့၏ အရှင်သခင် ဘုရင်ရှိရာဘက်ကို ခြေပြု၍ ဗုဒ္ဓရှိရာအရပ်ကိုကား ခေါင်းပြုလျက် အိပ်ကြပါသည်ဟု လျှောက်ထား၏။

ပရိဗိုလ်တစ်ဦးကလည်း ရဟန်းဂေါတမသည် အရာမက များစွာသော ပရိသတ်အား တရားဟောနေစဉ် တစ်စုံတစ်ယောက်သောသူမျှ ချေဆတ်ခြင်း၊ ချောင်းဟန့်ခြင်း မပြုဘဲ ရှိသေစွာ တရားကြားနာကြပါသည်။ သိက္ခာချ၍ လူထွက်သော တပည့်တို့သည် ရဟန်းဂေါတမ၏ ဂုဏ်ကျေးဇူးကိုသာလျှင် ဆိုလေ့ရှိပါသည်။ သူတစ်ပါးကို မကဲ့ရဲ့ဘဲ မိမိတို့ကိုယ်ကိုသာ ကဲ့ရဲ့ကြပါသည် ဆို၏။ (မဇ္ဈိမနိကာယ၊ မဟာသကုလုဒါယီသုတ်)

ဤသို့များစွာသော လူတို့၏ ကြည်ညိုလေးစားခြင်းကို ခံရသော်လည်း ဗုဒ္ဓသည် မိမိအား လွန်လွန်ကဲကဲ ပုဂ္ဂိုလ်စွဲ ကြည်ညိုမှုကို လုံးဝမလိုလားချေ။ မိမိအား အလွန်အမင်း ကြည်ညိုသော ဝက္ကလိရဟန်းအား မိန့်ကြားချက်သည် ရှင်းလင်းပြတ်သား၏။ "ဝက္ကလိ၊ ဤအပုပ်ကောင်ကို ဖူးမြင်ခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း။ ဝက္ကလိ၊ တရားကိုမြင်သောသူသည် ငါဘုရားကိုမြင်သည်မည်၏။" (သံယုတ္တနိကာယ်၊ ခန္ဓသံယုတ်–ဝက္ကလိသုတ်) စင်စစ်ဗုဒ္ဓသည် ကမ္ဘာ့သမိုင်း၌ အာဏာရှင်၊ နိုင်ငံရေး ဘာသာရေးခေါင်း

ဆောင်များ အားပေးလေ့ရှိသော ပုဂ္ဂိုလ်ကိုးကွယ်မှုကို အတိအလင်း ဆန့်ကျင်သည့် ရှေးဦးပထမ ပုဂ္ဂိုလ်ဖြစ်သည်ဆိုက မှားမည်မဟုတ်ချေ။ ဤအကြောင်းနှင့်ပတ်သက်သော ဗုဒ္ဓမိန့်ကြားချက်များကို ရှေ့၌ပြဆိုပါအံ့။

ဗုဒ္ဓသည် မိမိအား အလွန်အမင်း ချီးကျူးပူဇော်မှုကိုလည်း မနှစ်သက်ချေ။ တစ်ခါသော် ဗောဓိမင်းသားသည် ဗုဒ္ဓအား၊ နန်းတော်သို့ ဆွမ်းစားရန် ပင့်ဖိတ်၍ ဗုဒ္ဓကြွလာမည့်လမ်း၌ အဖိုးတန် ကမ္ဗလာပုဆိုးဖြူကို ခင်းထား၏။ ဗုဒ္ဓသည် ကြွလာ၍ ပုဆိုးဖြူခင်းထားသည်ကို မြင်သော် ရှေ့ဆက်မသွားဘဲ ရပ်တန့်၍နေ၏။ မင်းသားက ပုဆိုးဖြူအခင်းအားလုံးကို ရုပ်သိမ်းပြီးသောအခါမှ နန်းတွင်းသို့ ဝင်တော်မူ၏။ (မဇ္ဈိမနိကာယ်၊ ဗောဓိရာဇကုမာရသုတ်)

လူအများ၏ ချီးကျူးပူဇော်ခြင်း ခံရသော်လည်း တစ်ခါတစ်ရံ ဗုဒ္ဓသည် မိမိကိုယ်ကို နှိမ့်ချ၍ ပြောလေ့ရှိ၏။ ပရိဗိဇ်တစ်ဦးက ဗုဒ္ဓသည် အစစအရာရာ၌ ခြိုးခြံစွာကျင့်နိုင် ပါပေသည်ဟု ချီးကျူး၏။ ထိုအခါ ဗုဒ္ဓက မိမိ၏ ခြိုးခြံစွာကျင့်မှုမှာ အချို့သော တပည့်ရဟန်းတို့၏ ခြိုးခြံစွာကျင့်မှုနှင့်စာသော် ဘာမျှမပြောပလောက်ပါ။ ထိုတပည့် ရဟန်းတို့က မိမိထက်သာလွန်၍ ခြိုးခြံစွာ နေထိုင်စားသောက်ကြပါသည်ဟု မိန့်ကြား၏ (မဇ္ဈိမနိကာယ်၊ မဟာသကုလုဒါယီသုတ်)။ တစ်နေ့သော ညနေချမ်း၌ ဗုဒ္ဓသည် ရဟန်းများနှင့်အတူ ထိုင်လျက်ရှိစဉ် "ရဟန်းတို့၊ သင်တို့သည် အကယ်၍ ငါ၌ ကိုယ်နှင့်နှုတ်နှင့်စပ်သော အပြစ်တစ်စုံတစ်ရာ တွေ့မြင်ပါက ငါ့အား လျှောက်ထားကြကုန်လော"ဟု မိန့်တော်မူ၏။ (သဂါထာဝဂ္ဂသံယုတ်၊ ဝံဂီသသုတ်)

ပိဋကတ်စာပေ၌ ဗုဒ္ဓ၏ စိတ်သဘောထား မြင့်မြတ်မှု၊ သနားကြင်နာမှု၊ ထောက်ထားစာနာမှုစသော ဂုဏ်များကို အထူးပေါ်လွင်ထင်ရှားစေသော ပါဠိတော်မှာ ဒီဃနိကာယ်မှ မဟာပရိနိဗ္ဗာနသုတ်ဖြစ်၏။ ဤနေရာ၌ ဗုဒ္ဓ၏ စိတ်ဓာတ်မြင့်မြတ်မှု ထင်ဟပ်နေသော နောက်ဆုံးမိန့်ကြားချက်များကို ဖော်ပြပါအံ့။

ဗုဒ္ဓသည် ရွှေပန်းထိမ်သည်သား စုန္ဒ၏ ဝက်သားဆွမ်းကို ဘုဉ်းပေးပြီးနောက် ဝမ်းသွေးသွန်ရောဂါ အပြင်းအထန် ခံစားရ၏။ သို့ရာတွင် စုန္ဒအား စိတ်မကောင်း မဖြစ်စေလိုသောကြောင့် ဘုရားရှင် နောက်ဆုံးဘုဉ်းပေးသောဆွမ်းသည် အခြားဆွမ်းတို့ထက် အကျိုးအာနိသင် ကြီးမားသည်ဟု ဘုရားရှင်၏ မျက်မှောက်မှ ကြားလိုက်ရကြောင်း ပြောပြ၍ စုန္ဒ၏ နှလုံးမသာခြင်းကို ဖြေဖျောက်ရန် အရှင်အာနန္ဒာအား မှာကြားတော်မူခဲ့၏။

အရှင်အာနန္ဒာက ဗုဒ္ဓသည် ပရိနိဗ္ဗာန် မစံဝင်မီ တပည့်သံဃာတို့အတွက် တစ်စုံတစ်ရာ မှာကြားတော်မူခဲ့လိမ့်မည်ဟု မိမိ ယုံကြည်ပါကြောင်း လျှောက်ထား၏။ ထိုအခါ ဗုဒ္ဓ မိန့်ကြားသောစကားမှာ အောက်ပါအတိုင်းဖြစ်၏။

"အာနန္ဒာ၊ ငါဘုရားအား သင်တို့ အဘယ်ကြောင့် ဤမျှလောက် တောင့်တနေ

ဘိသနည်း။ ငါသည် တရားဓမ္မကို အကြွင်းမဲ့ ဟောကြားခဲ့ပေပြီ။ သင်တို့သည် ငါ၏ နောက်လိုက်ဖြစ်သည်၊ ငါသည် သင်တို့၏ ခေါင်းဆောင်ဖြစ်သည်ဟု ငါ မယူဆခဲ့ချေ။ အာနန္ဒာ၊ ငါသည် ယခု အိုမင်း၍ ဘဝခရီး၏ အဆုံးပိုင်းသို့ ရောက်ရှိနေပေပြီ။ ထို့ကြောင့် သင်တို့သည် မိမိကိုယ်ကိုသာ မှီခိုကိုးကွယ်ရာပြု၍ နေကြကုန်လော။ တရားမှတစ်ပါး မှီခိုကိုးကွယ်ရာမရှိဘဲ တရားသာလျှင် မှီကိုကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေကြကုန်လော"

တစ်နေ့ရာ၌ အရှင်သာရိပုတ္တရာက သဗ္ဗညုတဉာဏ်အရာ၌ မြတ်စွာဘုရားထက် သာလွန်၍သိသော သမဏဗြာဟ္မဏသည် ရှေးကမရှိခဲ့၊ နောင်ရှိမည်လည်း မဟုတ်၊ ယခုလည်းမရှိဟု ကျွန်ုပ် ယုံကြည်ပါသည်ဟု လျှောက်၏။ ထိုအခါ ဗုဒ္ဓက "သာရိပုတ္တရာ၊ သင်သည် ပွင့်ပြီး ပွင့်ဆဲပွင့်လတ္တံ့သော ဘုရားရှင်တို့၏ စိတ်ကို သင်၏ဉာဏ်ဖြင့် ပိုင်းခြား၍ မသိပါပဲလျက် အဘယ်ကြောင့် ဤသို့ ကြီးကျယ်ခဲ့ညားလှသော၊ တိကျလှသော စကားကို ဆိုဘိသနည်း"ဟု မိန့်တော်မူ၏။

ထို့နောက် ကုသိနာရုံဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်ခါနီးတွင် နတ်ဗြဟ္မာများစွာတို့သည် လာရောက်၍ ဗုဒ္ဓအား ပူဇော်ကြ၏။ ထိုအခါ ဗုဒ္ဓက "အာနန္ဒာ၊ နတ်ဗြဟ္မာတို့သည် ဤသို့ ပူဇော်ကာမျှဖြင့် ငါဘုရားအား မြတ်နိုးသည် မမည်သေး။ အကြင်ဥပါသကာ ဥပါသိကာမတို့ သည်လည်းကောင်း၊ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့သည်လည်းကောင်း ငါဟောကြားအပ်သော တရားနှင့်အညီ ကျင့်ကြံနေထိုင်ကြ၏။ ထိုသူတို့သည်သာလျှင် ငါဘုရားကို ချစ်ကြည်မြတ်နိုး ရှိခိုးပူဇော်ကြသည်မည်၏"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာက "အရှင်ဘုရား၊ ကိုယ်တော်မြတ် နိဗ္ဗာန်လားခဲ့သော် အလောင်းတော်အား ကျွန်ုပ်တို့ ပြုဖွယ်ကိစ္စကို အဘယ်သို့ ပြုရပါအံ့နည်း"ဟု မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓက "အာနန္ဒာ၊ ငါဘုရား၏ အလောင်းတော်ကို မီးပူဇော်ခြင်းစသည်တို့၌ သင်တို့ မကြောင့်ကြကုန်လင့်။ မိမိ၏ အစီးအပွားဖြစ်သော အရဟတ္တဖိုလ်ရခြင်းငှာသာ များစွာလုံ့လပြုကြကုန်လော"ဟု မိန့်တော်မူ၏။

ပရိနိဗ္ဗာန် စံဝင်ခါနီး၌ ဗုဒ္ဓသည် အရှင်အာနန္ဒာအား "အာနန္ဒာ၊ ငါ၏တပည့် ရဟန်းသံဃာတို့သည် ငါ ပရိနိဗ္ဗာန် စံဝင်သောအခါ ငါဘုရားမရှိပြီ၊ ငါလွန်ပြီဟု ထင်မှတ်ကြပေလိမ့်မည်။ ထိုသို့ မထင်မှတ်သင့်။ ငါဟောသောတရားသည် ငါလွန်သော အခါ သင်တို့၏ ဆရာဖြစ်လတ္တံ့။ ထို့ကြောင့် ငါလွန်သောအခါ ငါရှိသည်ဟုသာ ကောင်းစွာမှတ်အပ်၏"ဟု မိန့်ကြား၍ ရဟန်းတို့အား မိမိ၏တရား၌ တစ်စုံတစ်ရာ ယုံမှားမှုရှိလျှင် မိမိမလွန်မီ မေးလျှောက်ကြရန် သတိပေး၏။ သို့ရာတွင် ရဟန်းတို့က မည်သို့မျှ မမေးလျှောက်ကြချေ။ ထို့နောက် ဗုဒ္ဓသည် "ရဟန်းတို့၊ သင်္ခါရတရားတို့သည် ပျက်စီးတတ်သော သဘောရှိကုန်၏။ သင်တို့သည် မမေ့မလျော့ဘဲ ကျင့်ကြံအားထုတ်ကြကုန်လော"ဟု နောက်ဆုံးမိန့်ကြားပြီးလျှင် ပရိနိဗ္ဗာန် ပြုတော်မူ၏။

ဗုဒ္ဓ၏ နောက်ဆုံးဘဝ ဖြစ်စဉ်များကို ဖော်ပြသော မဟာပရိနိဗ္ဗာနသုတ်သည် အခြားသုတ်များထက် ရှည်လျား၍ အလွန်ထူးခြား မှတ်သားဖွယ်ကောင်းသော သုတ်ဖြစ်၏။ လောက၌ နဂိုမူလက စိတ်ကောင်းနှလုံးကောင်းရှိသော သူတို့သည်ပင် အိုမင်းသောအရွယ်၌ ကျန်းမာရေး များစွာယိုယွင်းပျက်ပြားမှု မရှိစေကာမူ အများအားဖြင့် စိတ်ဓာတ်ယိုယွင်းဆုတ်ယုတ်လာကြ၏။ ငါစွဲကြီးမား၍ သူတစ်ပါးအပေါ် ဆရာလုပ်လိုခြင်း၊ သူတစ်ပါးကို အပြစ်မြင်၊ အထင်သေးခြင်း၊ စာနာထောက်ထားမှု မရှိခြင်း သူတစ်ပါး၏ ဂရုစိုက်မြှောက်စားမှုကို လိုလားခြင်းစသော စရိုက်လက္ခဏာများကို ပြတတ်ကြ၏။ ဗုဒ္ဓသည်ကား ရောဂါဝေဒနာ ခံစားရ၍ မကျန်းမမာဖြစ်နေသော အသက် ၈၀ အရွယ်၌ပင် မိမိအား အကြောင်းပြု၍ သူတစ်ပါး စိတ်မကောင်း မဖြစ်စေလိုခြင်း၊ သူတစ်ပါးကို အထင်အမြင် မသေးစေလိုခြင်း၊ (အရှင်သာရိပုတ္တရာအား မိန့်ကြားချက်) ပုဂ္ဂိုလ်ကိုးကွယ်မှု မဖြစ်စေလိုခြင်း စသောလက္ခဏာများဖြင့် မြင့်မားသော အာဇာနည်စိတ်ဓာတ်ကို အထင်အရှား ပြသတော်မူခဲ့ပေသည်။

သို့ဖြစ်၍ ခရစ်ယာန်ဘာသာဝင် ပညာရှင်တစ်ဦးက မဟာပရိနိဗ္ဗာနသုတ်မှာ ကမ္ဘာ့စာပေ၌ အခံ့ညားဆုံး စိတ်အားတက်ကြွဖွယ် အကောင်းဆုံးစာပေတစ်ခု ဖြစ်ပါပေသည်ဟု ရေးသားခဲ့၏။[၁] စင်စစ် မဟာပရိနိဗ္ဗာနသုတ်၌ ဗုဒ္ဓသည် နှောင်းလူတို့က လွန်ကဲသော သဒ္ဓါယုံကြည်စိတ်ဖြင့် ဖန်တီးထားသော အနန္တဘုန်းတော်ရှင် မဟုတ်တော့ဘဲ အလွန် စိတ်ဓာတ်မြင့်မြတ်၍ ကြည်ညိုဖွယ်ကောင်းသော ကမ္ဘာ့စံပြ အာဇာနည်ပုဂ္ဂိုလ်သူမြတ်အဖြစ် ပေါ်လွင်ထင်ရှားလျက် ရှိပေသည်။

## (ဂ) ဗုဒ္ဓ၏ ဆုံးမနည်း

ဗုဒ္ဓသည် အိန္ဒိယပြည် မဇ္ဈိမဒေသ၌ ၄၅ နှစ်တိုင်တိုင် တရားဟောပြောခဲ့ရာ အထူးအောင်မြင်ကြောင်း ယုံမှားဖွယ်ရာမရှိချေ။ ဗြာဟ္မဏ၊ မင်းမှူးမတ်၊ သူဌေးသူကြွယ် မှစ၍ ဆတ္တာသည်၊ ဆင်းရဲသား၊ အလုပ်သမားအထိ လူတန်းစားအမျိုးမျိုးသည် ဗုဒ္ဓတရားကို နှစ်သက်ကြ၏။ ဗုဒ္ဓ၏တရားကို တစ်ကြိမ်ကြားနာကာမျှဖြင့် ဗုဒ္ဓ၏ တပည့်အဖြစ် ခံယူသောသူတို့မှာ မနည်းလှချေ။ ဗုဒ္ဓ၏ ထူးခြားသော အောင်မြင်မှုသည် ထိုအခါက မဇ္ဈိမဒေသ၌ ဗြာဟ္မဏဝါဒ တန်ခိုးမကြီးသေးခြင်း၊ လူတို့အသိဉာဏ်ရင့် ကျက်၍ ဘာသာရေး အတွေးအခေါ်များ ပြောင်းလဲလှုပ်ရှားနေခြင်း၊ ဗုဒ္ဓ၏ ဥပမိရုပ်နှင့် သီလသမာဓိဂုဏ်ကို ကြည်ညိုကြခြင်း စသည်တို့ကြောင့် ဖြစ်၏။ ထိုအချက်များနှင့် ထပ်တူအရေးပါသော အချက်တစ်ရပ်မှာ ဗုဒ္ဓ၏ ဟောပြောဆုံးမနည်းဖြစ်၏။ သို့ဖြင့် နိဂဏ္ဌတစ်ဦးက ဗုဒ္ဓသည် သူတစ်ပါးကို မိမိဘက်သို့ပါအောင် ဆွဲဆောင်နိုင်သော ဉာဏ်ပညာ ကြွယ်ဝသည်ဟုဆို၏။

---

၁။ **Bryan de Kretser: Man in Buddhism and Christianity, pp.67**

ဗုဒ္ဓသည် ဘီစီ ၆ ရာစုခေတ် မတိုင်မီက လူများလက်ခံယုံကြည်ပြီးဖြစ်သော ဘဝသံသရာ၊ ကံတရား၊ အနိစ္စဒုက္ခတရား စသည်များနှင့် လူများနားလည်ပြီးဖြစ်သော ဝေါဟာရစကားများကို အခြေပြု၍ ဟောပြော၏။ သို့ရာတွင် ထိုရှေးဝါဒများ၊ စကားများသည် ဗုဒ္ဓဒေသနာ၌ အနက်အဓိပ္ပာယ် ပြောင်းလဲလာ၏။ ဗုဒ္ဓလက်ခံသော ဘဝသံသရာသည် ရှေးဗြာဟ္မဏတို့ ယုံကြည်သော ဘဝသံသရာနှင့်မတူ။ ဗုဒ္ဓ၏ အနိစ္စ ဒုက္ခတရားသည် ဗြာဟ္မဏတို့၏ အနိစ္စ၊ ဒုက္ခတရားထက် နက်နဲကျယ်ပြန့်၏။ ဗြာဟ္မဏ ဟူသော စကားသည် ဇာတ်အနွယ်မြင့်မားမှုကို မဆိုလိုဘဲ အကျင့်သီလ မြင့်မြတ်မှုဟူသော အဓိပ္ပာယ်ကိုဆောင်၏။ 'ဗြဟ္မာ'သည် ပါဠိပိဋကတ်၌ အနန္တတန်ခိုးရှင်၊ (ဝါ) ထာဝရဘုရား သို့မဟုတ် ဥပနိသျှကျမ်းလာ **ပရအတ္တ**[၁]ကို ရည်ညွှန်းသောစကား မဟုတ် တော့ဘဲ အမြင့်မြတ်ဆုံး၊ အကောင်းဆုံးဖြစ်ခြင်းကို ဟောသောစကား ဖြစ်လာ၏။ ဥပမာ– ဗြဟ္မဝိဟာရ, ဗြဟ္မစရိယ, ဗြဟ္မစက္က။

ဗုဒ္ဓသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ စကားကို တိုက်ရိုက်မပယ်ဘဲ ထို စကားကိုပင် သုံးစွဲ၍ ပရိယာယ်ဖြင့် ဟောပြောလေ့ရှိ၏။ လယ်ထွန်နေသော ဗြာဟ္မဏ တစ်ဦးက မိမိထံ ဆွမ်းခံသော ဗုဒ္ဓအား "အရှင်ရဟန်းသည် ကျွန်ုပ်ကဲ့သို့ လယ်ထွန်စိုက် ပျိုး၊ လုပ်ကိုင်စားသောက်ပါသလော"ဟုဆိုရာ ဗုဒ္ဓက "ဗြာဟ္မဏ၊ ငါသည်လည်း လယ်ထွန်စိုက်ပျိုး၏။ ငါ၏ သဒ္ဓါတရားသည် မျိုးစေ့ဖြစ်၏။ ဝိပဿနာပညာ၊ မဂ်ပညာသည် ထမ်းပိုးထွန်တုံးဖြစ်၏" စသည်ဖြင့် မိန့်ကြား၏ (ဗြာဟ္မဏသံယုတ် ကသိဘာရဒွါဇသုတ်)။ ပိဋကတ်စာပေ၌ ဤကဲ့သို့သော ဒေသနာမျိုး အမြောက်အမြားရှိ ၏။[၂]

ဗုဒ္ဓသည် လူတို့အား ဟောပြောဆုံးမရာ၌ ဥပမာ အတော်များများ အသုံးပြုလေ့ ရှိ၏။ ဥပမာများမှာ ထိထိမိမိရှိ၍ တရားဒေသနာကို သိမြင်နားလည်ရန် ထိရောက်သော အထောက်အကူဖြစ်၏။ မဟာဗြဟ္မာကိုတွေ့မြင်လိုသော ဝါသေဋ္ဌလုလင်အား ဟောကြား ရာ၌ ဗုဒ္ဓက ဗြာဟ္မဏတို့သည် ၎င်းသူတို့၏ ဆရာ့ဆရာ ခုနစ်ဆက်တိုင်အောင်သော ဆရာ၊ လက်ဦးဆရာ၊ ဝေဒကျမ်းများကို စီရင်သော ရှေးရသေ့တို့သည်လည်းကောင်း၊ တစ်ဦးတစ်ယောက်မျှပင် မဟာဗြဟ္မာကို မျက်ဝါးထင်ထင်မမြင်ဘူးပါဘဲလျက် မဟာ ဗြဟ္မာနှင့် အပေါင်းအဖော်ဖြစ်လိုသည်ဆိုခြင်းမှာ တစ်ဦးကိုတစ်ဦး ဆွဲကိုင်ဆက်စပ်နေ သော သူကန်းတို့တွင် ရှေ့ဆုံးလူသည် မမြင်၊ အလယ်လူလည်း မမြင်၊ နောက်ဆုံးလူလည်း မမြင်သကဲ့သို့ လည်းကောင်း၊ မည်သည့်အရပ်၌ ပြာသာဒ် ရှိသည်။ ထိုပြာသာဒ်သည် မြင့်သည်၊ နိမ့်သည်ဟု မသိဘဲ တက်ရန်လှေကားကို ပြုသည်နှင့်လည်းကောင်း၊ နိုင်ငံ၌ အလှဆုံးမိန်းမ၏အမည်၊ အမျိုးအနွယ်၊ အသားအရောင်နှင့် သူနေသော မြို့ရွာနိဂုံးကို မသိဘဲ ထိုမိန်းမကို ချစ်ကြိုက်ပါသည်ဆိုသော ယောကျာ်းနှင့် သော်လည်းကောင်း

---

၁။ Paramatma or Atman ၂။ From the known to unknown method = ပဋိလောမနည်းအရ ပြန်လည်သုံးသပ်ရှင်းပြသောနည်း။

တူလှချေသည်ဟု မိန့်တော်မူ၏။ (ဒီဃနိကာယ်၊ တေဝိဇ္ဇသုတ်)

သုတ္တန်များ၌ ဗုဒ္ဓအား သမဏဗြာဟ္မဏနှင့် ပရိဗိုဇ်တို့က မေးသောစကားများကို တွေ့ရ၏။ "အို ပုဏ္ဏား၊ ငါဆိုလတ္တံ့သောစကားကို သင် အဘယ်သို့ထင်သနည်း" စသောစကားကို နေရာအတော်များများ၌ တွေ့ရခြင်းဖြင့် တရားနာသူများ၏ မေးမြန်းခြင်းကို ဗုဒ္ဓလိုလားကြောင်း သိအပ်၏။ မိလိန္ဒမင်းကဲ့သို့ နိုက်နိုက်ချွတ်ချွတ် မေးမြန်းသောသူမျိုးကို ပိဋကတ်စာပေ၌ မတွေ့ရခြင်းမှာ ထိုသူတို့၏စကားကို ဗုဒ္ဓ စကားလောက် ပိဋကတ်ဆရာတို့က ဂရုမပြုခဲ့ကြသောကြောင့် ဖြစ်တန်ရာ၏။

တရားဟောရာ၌ ဗုဒ္ဓအသုံးပြုသော ထူးခြားသော နည်းစနစ်မှာ ပြဿနာတစ်ခုကို တိုက်ရိုက်မဖြေရှင်းဘဲ အထက်ပါ တေဝိဇ္ဇသုတ်မှာကဲ့သို့ မေးသူအား စေ့ငုသေချာစွာ ပြန်လည် မေးမြန်းစိစစ်ခြင်းဖြင့် အမြင်မှန် ရရှိစေသောနည်းဖြစ်၏။ နောက်ကာလ၌ ထိုနည်းအားအသုံးပြုသော ဂရိပညာရှိကြီးတစ်ဦးကို အစွဲပြု၍ **ဆိုကရေတီနည်း**[၁] ဟု ထင်ရှားသော ဗုဒ္ဓသင်ပြဆုံးမနည်းမှာ မှတ်သားဖွယ်ကောင်း၍ ဆိုင်ရာဗုဒ္ဓဒေသနာတစ်ခု ကို ဖော်ပြပါအံ့။ ထိုဒေသနာသည် ဇာတ်ဝါဒကို ချေပသော ဒေသနာဖြစ်သော်လည်း မိဘမျိုးရိုး စစ်မှန်မှုနှင့် လူမျိုးခွဲခြားမှု၌ အစွဲကြီးသော ယခုခေတ် လူတို့ ဆင်ခြင်စဉ်းစား ဖွယ်ဖြစ်၏။

ရှေးအခါက ဗြာဟ္မဏရသေ့ ခုနစ်ဦးသည် ဗြာဟ္မဏအမျိုးသာလျှင် အမြတ်ဆုံး ဖြစ်သည်။ အမျိုးစင်ကြယ်၍ ဗြဟ္မာ၏သားများ ဖြစ်သည်ဟု ယုံကြည်ကြ၏။ ဘုရား အလောင်း အသိတဒေဝလ ဆရာရသေ့သည် ရသေ့တို့ကို ဆုံးမလိုသောကြောင့် "ဗြာဟ္မဏတို့၏ မိခင်တို့သည် အခြားသူများနှင့် မပေါင်းဖော်ဘဲ ဗြာဟ္မဏယောကျ်ား များနှင့်သာ ပေါင်းဖော်သည်ဟု သင်တို့ သိကြပါသလော"ဟု မေး၏။ ရသေ့တို့က "ကျွန်ုပ်တို့ မသိပါ"ဟု ပြန်ဖြေကြ၏။

(မေး) ဗြာဟ္မဏတို့၏ အထက်ဆွေခုနစ်ဆက်မှ မိန်းမများသည် ဗြာဟ္မဏအမျိုး သားများမှတစ်ပါး အခြားအမျိုးသားများနှင့် မပေါင်းဖော်ဟူ၍ သင်တို့ သိကြပါသလော။

(ဖြေ) ကျွန်ုပ်တို့ မသိကြပါ။

(မေး) ဗြာဟ္မဏတို့၏ ဖခင်တို့သည်လည်းကောင်း၊ အထက်ခုနစ်ဆက် ယောကျ်ား များသည် လည်းကောင်း၊ ဗြာဟ္မဏမိန်းမများမှတစ်ပါး အခြားမိန်းမများနှင့် မပေါင်းဖော်ဟု သိကြပါသလော။

(ဖြေ) မသိကြပါ။

(မေး) သတ္တဝါတစ်ဦး မည်သို့ပဋိသန္ဓေတည်သည်ကို သင်တို့ သိကြပါသလော။

(ဖြေ) အမိနှင့်အဖ ပေါင်းဖော်ခြင်း၊ အမိ၏ ရာသီဥတုလာခြင်း၊ ဂန္ဓဗ္ဗအသင့်ရှိ နေခြင်းဟူသော အကြောင်းသုံးခု တိုက်ဆိုင်သောအခါ သတ္တဝါတစ်ဦး

---

၁။ **Socratic method**

ပဋိသန္ဓေတည်ပါသည်။

(မေး) သို့ရာတွင် ဂန္ဓဗ္ဗသည် အမျိုးလေးပါးတွင် မည်သည့်အမျိုးဖြစ်မည်ဟူ၍ သင်တို့ သိကြပါသလော။

(ဖြေ) ကျွန်ုပ်တို့ မသိပါ။ (မဇ္ဈိမနိကာယ်၊ အဿလာယနသုတ်)

တရားဟောပြောရာ၌ ဗုဒ္ဓ လက်ကိုင်ထားသော ဝါဒမှာ ဝိဘဇ္ဇဝါဒဖြစ်၏။ ဝိဘဇ္ဇဝါဒသည် ခွဲခြားစိစစ်ခြင်းအနက်ကို ဟော၏။ သုဘလုလင်သည် ရဟန်းဘဝနှင့် အိမ်ရာထောင်သော သူ၏ဘဝတွင် မည်သူ၏ဘဝကို ပို၍မြတ်ပါသနည်းဟု မေးလျှောက်ရာ ဗုဒ္ဓက "အိုလုလင်၊ ငါသည် အရာရာ၌ ဝေဖန်ခွဲခြား၍ ဆိုလေ့ရှိ၏။ တစ်ခုခုကိုသာ မုချဟူ၍ ဆိုလေ့မရှိ"စသည်ဖြင့် မိန့်ကြား၏။ ဗုဒ္ဓ၏အလိုအားဖြင့် အမြဲမှန်ကန်သည်ဟူ၍ လေ့နံစားထစ် စွဲမြဲယုံကြည်ရမည့် စကား မည်သည်မရှိ။ "ရဟန်းတို့၊ ဤအယူသည်သာ မှန်၏။ အခြားအယူအားလုံးသည် အချည်းနှီးသာတည်းဟူ၍ မစွဲမှတ်သင့်"ဟူသော စကားမှာ ပိဋကတ်စာပေ၌ အကြိမ်ကြိမ်တွေ့ရသော ဗုဒ္ဓဩဝါဒဖြစ်၏။

သို့ဖြစ်၍ အချို့သော ဗုဒ္ဓဒေသနာများ တစ်ခုနှင့်တစ်ခု ဆန့်ကျင်သယောင် ဖြစ်နေခြင်းမှာ အံ့ဩစရာမရှိချေ။ အချို့ဒေသနာများ၌ အဖော်မရှာဘဲ တစ်ကိုယ်တည်းနေခြင်းကို ချီးမွမ်း၍ အခြားဒေသနာများ၌မူ မိတ်ဆွေကောင်းရှိရန် လိုအပ်မှုကို အလေးအနက် ဟော၏။ ရဟန်းတို့အား ဆိတ်ဆိတ်နေရန် ဗုဒ္ဓက မကြာခဏ မိန့်ကြားလေ့ရှိသော်လည်း ဝါတွင်းသုံးလ၌ အပြစ်မကျူးလွန်မိရန် အချင်းချင်း စကားမပြောဘဲနေသော ရဟန်းတို့မှာ ဗုဒ္ဓ၏ ကဲ့ရဲ့ပြစ်တင်ခြင်း ခံရကြောင်း ဝိနည်းပိဋကတ်၌ ပြဆိုထား၏။ (ဤအကြောင်းကို အကျင့်သီလဆိုင်ရာ အခန်း၌ အကျယ်ဖော်ပြပါအံ့။)

ဗုဒ္ဓ၏ ဆုံးမနည်းနှင့် စပ်လျဉ်း၍ အဘယမင်းသားအား မိန့်ကြားချက်သည် မှတ်သားဖွယ်ကောင်း၏။ ဗုဒ္ဓက မိမိသည် မမှန်၊ အကျိုးမရှိ၊ သူတစ်ပါးလည်း မနှစ်လိုသောစကားကို ရှောင်ကြဉ်၏။ လူများက နှစ်သက်သော်လည်း မမှန်၊ အကျိုးမရှိသောစကားကို မပြော၊ မှန်၍ လူများနှစ်သက်သော်လည်း အကျိုးမရှိသော စကားမျိုးကိုလည်း ရှောင်ကြဉ်၏။ သူတစ်ပါးမနှစ်လိုသော်လည်း မှန်၍ အကျိုးရှိသော စကားမျိုးနှင့် သူတစ်ပါးလည်း နှစ်လို၊ မှန်လည်းမှန်၍ အကျိုးလည်းရှိသော စကားမျိုးကိုကား အချိန်အခါကိုကြည့်၍ ပြောသည်ဟု မိန့်တော်မူ၏။ (မဇ္ဈိမနိကာယ်၊ အဘယရာဇကုမာရသုတ်)

ကြားနာသူအဖို့ အကျိုးရှိမည့် တရားစကားဟူသည် လောကီ ကြီးပွားချမ်းသာမှု၊ သို့မဟုတ် မဂ်ဖိုလ်နိဗ္ဗာန် ရရှိမှုကို အကျိုးပြုသော စကားများဖြစ်ကြောင်း ထင်ရှား၏။ အခါတစ်ပါး၌ ဗုဒ္ဓသည် သစ်ရွက်များကို လက်ဝါးပေါ်၌ တင်ပြ၍ ရဟန်းတို့အား မိမိလက်ထဲရှိ သစ်ရွက်များနှင့် နှိုင်းစာသော် တောထဲရှိ သစ်ရွက်များမှာ အလွန်များပြားသကဲ့သို့ မိမိသိသော်လည်း မဟောဘဲထားသော တရားများမှာ အလွန်များပြားကြောင်း၊ သစ္စာလေးပါးမှတစ်ပါး အခြားတရားများမှာ သံသရာမှ လွတ်မြောက်ကြောင်း တရားများ

မဟုတ်သဖြင့် မဟောဘဲထားခဲ့ကြောင်း မိန့်ကြား၏။ (မဟာဝဂ္ဂသံယုတ်၊ သိံသပါသုတ်)။ ပရိဗိုဇ်တို့ မေးလျှောက်သော မဂ်ဖိုလ်နိဗ္ဗာန်နှင့် လုံးဝမသက်ဆိုင်သော မေးခွန်းများကို ဖြေတော်မမူချေ။ ဆင်းရဲဒုက္ခမှ လွတ်မြောက်မှုအတွက် သိသင့်သိထိုက်သော တရားများကိုမူ ဆရာစားမထားဘဲ၊ (ဝါ) ဘာမျှ ခြွင်းချန်မထားဘဲ ဟောကြားခဲ့ကြောင်း မဟာပရိနိဗ္ဗာနသုတ်၌ မိန့်ကြား၏။ "ရဟန်းတို့၊ လောက၌ မိန်းမတို့သည်လည်းကောင်း၊ ပုဏ္ဏားတို့၏ အတတ်ပညာသည်လည်းကောင်း မိစ္ဆာအယူများသည်လည်းကောင်း လျှို့ဝှက်သော သဘောရှိကြ၏။ လပြည့်ဝန်း၊ နေဝန်းနှင့် ငါဘုရား၏ တရားမှာကား လျှို့ဝှက်ခြင်းမရှိဘဲ ပွင့်လင်းသောသဘောရှိ၏။" (အင်္ဂုတ္တရ-တိကနိပါတ်၊ ပဋိစ္ဆန္နသုတ်)

သူတစ်ပါး မနှစ်လိုသော စကားမျိုးကို ဗုဒ္ဓအထူးရှောင်ကြဉ်လေ့ ရှိခြင်းသည် ဗုဒ္ဓဒေသနာများ၌ ထင်ရှား၏။ မိမိ၏ သဗ္ဗညုတဉာဏ်မှာ လူအများထင်သကဲ့သို့ ဘာမဆို အမြဲထာဝရ သိနေသော ဉာဏ်မျိုးမဟုတ်ကြောင်း အတိအလင်း ဖွင့်ဟမိန့်ကြားခဲ့သော်လည်း (ဆိုင်ရာသုတ္တန်ကို 'ဗုဒ္ဓကိုးကွယ်မှု'အခန်း၌ ဖော်ပြပါအံ့) ဗုဒ္ဓသည် ထိုဉာဏ်မျိုးရှိသည်ဆိုသော အခြားဘာသာရေးခေါင်းဆောင်များကို မည်သို့မျှ ဝေဖန်ခြင်း မပြုချေ။ ဗြာဟ္မဏတစ်ဦးက ပူရာဏကဿပနှင့် နာဋပုတ္တတို့က သူတို့မှာ သဗ္ဗညုတဉာဏ် ရှိသည်ဆိုသောစကား မှန်ပါသလောဟုမေးရာ ဗုဒ္ဓက မည်သို့မျှ ဖြေတော်မမူချေ။ (အင်္ဂုတ္တရနိကာယ်၊ နဝကနိပါတ် - လောကာယတိက ဗြာဟ္မဏသုတ်)။ အခြားလူတစ်ဦးက မက္ခလိဂေါ သာလနှင့် နာဋပုတ္တတို့သည် သူတို့ကြေညာသည့်အတိုင်း တရားအားလုံးကို သိကြပါ သလောဟု မေးသောအခါ၌လည်း ဗုဒ္ဓက "သင်၏မေးခွန်းသည် မသင့်လျော်ချေ။ သင်၏ အမေးစကားကို ထားဘိလော"ဆို၍ မိမိ၏တရားကို ဟောကြား၏။ (မဇ္ဈိမနိကာယ်၊ စူဠသာရောပမသုတ်)

ဗုဒ္ဓသည် မိမိနှင့်စင်ပြိုင် အခြားဘာသာရေး ခေါင်းဆောင်များကို အမြဲထောက်ထားစာနာ၍ မိမိကြောင့် ထိုသူများ ထိခိုက်နစ်နာမည်ကို မလိုလားချေ။ ဂိုဏ်းဝါဒကိုစွန့်၍ မိမိ၏ တပည့်အဖြစ် ခံယူသော ဥပါလိသူကြွယ်နှင့် သီဟစစ်သူကြီးတို့အား ဂိုဏ်းရဟန်းတို့ကို ဆက်လက်လှူဒါန်းရန် သတိပေး၏။ (မဇ္ဈိမနိကာယ် - ဥပါလိသုတ်နှင့် ဝိနည်း - မဟာဝဂ္ဂခန္ဓက)။ ပရိဗိုဇ်တစ်ဦးအား ဟောကြားရာ၌ "ငါသည် သင်တို့ကို ငါ၏တပည့် ဖြစ်စေလို၍ သို့မဟုတ် သင်တို့၏ဆရာနှင့် ကျင့်စဉ်ကို ပစ်ပယ်စေလို၍ ဟောပြောသည်ဟု မထင်မှတ်လင့်။ သင်တို့၏ ဆရာသာလျှင် သင်တို့၏ ဆရာဖြစ်ပါစေ။ သင်တို့၏ ကျင့်စဉ်သာလျှင် သင်တို့၏ ကျင့်စဉ်ဖြစ်ပါစေ"ဟု မိန့်ကြား၏။ (ဒီဃနိကာယ်၊ ဥဒုမ္ဗရိကသုတ်)

တရားဟောပြောရာ၌ ဗုဒ္ဓသည် ကြားနာသူ၏ ဉာဏ်ပညာ အနအရင့်ကိုကြည့်၍ ဟောပြောလေ့ရှိ၏။ ရွာသူကြီးတစ်ဦးက ဗုဒ္ဓသည် လူတို့အား အတန်းအစား မခွဲခြားဘဲ တရားဟောပြောပါသလောဟု မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓက ရဟန်းသံဃာမှာ မြေဩဇာကောင်းသော ပထမတန်းစား လယ်မြေနှင့်တူကြောင်း၊ ဥပါသကာ၊ ဥပါသိကာမ

တို့မှာ ဒုတိယတန်းစား လယ်မြေနှင့်တူ၍ ဗုဒ္ဓဝါဒီ မဟုတ်သူများမှာ တတိယတန်းစား လယ်မြေနှင့်တူကြောင်း၊ လယ်သမားသည် ပထမတန်းစားလယ်မြေကို ရှေးဦးစွာထွန်ယက်သည်။ ထို့နောက်မှ ဒုတိယတန်းစားလယ်မြေကို ထွန်ယက်ပြီးလျှင် တတိယတန်းစား လယ်မြေကို နောက်ဆုံးထွန်ယက်သကဲ့သို့ ပုဂ္ဂိုလ်အမျိုးမျိုးကို ခွဲခြား၍ ဟောပြောဆုံးမရကြောင်း မိန့်ကြား၏။ (သံယုတ္တနိကာယ်၊ ဂါမဏိသံယုတ် – ဒုတိယအသိဗန္ဓကပုတ္တဂါမဏိသုတ်)

မြင်းဆရာတစ်ဦးက မိမိသည် မြင်းများကို ယဉ်ပါးအောင်ပြုလုပ်ရာ၌ အချို့မြင်းများကို အနုနည်းဖြင့်၊ အချို့မြင်းများကို အကြမ်းနည်းဖြင့် ယဉ်ပါးစေရပါသည်။ အနုနည်း၊ အကြမ်းနည်းများဖြင့် ယဉ်ပါးအောင်လုပ်၍မရသော မြင်းများကိုကား ဖျက်ဆီးပစ်ရပါသည်ဟု လျှောက်၏။ ထိုအခါ ဗုဒ္ဓက မိမိသည်လည်း လူများကို ယဉ်ကျေးအောင် ဆုံးမရာ၌ ထိုနည်းသုံးမျိုးကို သုံးသည်။ သုစရိုက်မှုများ၏ အကျိုးကို ညွှန်ပြခြင်းသည် အနုနည်း ဆုံးမခြင်းဖြစ်သည်။ ဒုစရိုက်မှုများ၏ အပြစ်ကို ညွှန်ပြခြင်းသည် အကြမ်းနည်း ဆုံးမခြင်းဖြစ်သည်။ ထိုနည်းနှစ်နည်းဖြင့် ဆုံးမ၍မရသောသူကို လျစ်လျူရှုရသည်။ ထိုသို့ လျစ်လျူရှုခြင်းသည် ထိုသူအား အကျိုးစီးပွား ဆုတ်ယုတ်စေသောကြောင့် သူ့အား ဖျက်ဆီးခြင်းပင်ဖြစ်သည်ဟု မိန့်ကြား၏။ (အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ် – ကေသိအဿဒမ္မသာရထိသုတ်)

ဗုဒ္ဓသည် ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကို ဦးစားပေး၍ ဟောပြော၏။ ဤအချက်နှင့်ဆိုင်သော သုတ္တန်ဒေသနာမှာ ရှင်းလင်းပြတ်သား၍ အလွန်မှတ်သားဖွယ်ကောင်းသောကြောင့် ပြည့်ပြည့်စုံစုံ ဖော်ပြပါအံ့။

"ရဟန်းတို့၊ လောက၌ သူနာသုံးမျိုး ထင်ရှားရှိ၏။ ပထမသူနာသည် သင့်လျော်သော အစားအစာ၊ ဆေးနှင့်သူနာပြုကို ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ရောဂါဝေဒနာမှ အထမြောက်၊ ဒုတိယသူနာသည် သင့်လျော်သောဆေး၊ အစားအစာနှင့် သူနာပြုကို ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ရောဂါဝေဒနာမှ ထမြောက်၏။ တတိယသူနာသည်ကား သင့်လျော်သော ဆေး၊ အစားအစာနှင့် သူနာပြုကို ရရှိမှသာလျှင် ရောဂါဝေဒနာမှ ထမြောက်၏။ ယင်းတို့ကို မရရှိပါက ရောဂါမှ မထမြောက်နိုင်ချေ။

ရဟန်းတို့၊ ထိုသူနာသုံးမျိုးတွင် နောက်ဆုံး တတိယသူနာအား လျှောက်ပတ်သော ဆေး၊ ဆွမ်းနှင့် သူနာပြုတို့ကို ငါခွင့်ပြု၏။ ဤသူနာကို အကြောင်းပြု၍ အခြားသူနာတို့ကိုလည်း လုပ်ကျွေးပြုစုအပ်၏။

ရဟန်းတို့၊ ထိုနည်းအတူ လောက၌ သူနာနှင့်တူသော ပုဂ္ဂိုလ်သုံးမျိုးရှိ၏။ ပထမပုဂ္ဂိုလ်သည် ဘုရားရှင်ကို ဖူးမြော်ရသည်ဖြစ်စေ၊ မဖူးမြော်ရသည်ဖြစ်စေ တရားတော်ကို ကြားနာရသည်ဖြစ်စေ၊ မကြားနာရသည်ဖြစ်စေ အရိယာမဂ်သို့ သက်ဝင်မည်မဟုတ်။ ဒုတိယပုဂ္ဂိုလ်သည် ဘုရားရှင်ကို ဖူးမြော်၍ တရားတော်ကို ကြားနာရသည်ဖြစ်စေ၊

ဘုရားရှင်ကို မဖူးမြော်ရ၊ တရားတော် မကြားနာရသည်ဖြစ်စေ အရိယာမဂ်သို့ သက်ဝင်မည်ဖြစ်၏။ တတိယပုဂ္ဂိုလ်သည်ကား ဘုရားရှင်ကို ဖူးမြော်၍ တရားတော် ကြားနာရမှသာလျှင် အရိယာမဂ်သို့ သက်ဝင်မည်ဖြစ်၏။ ဘုရားရှင်ကို မဖူးမြော်ရ၊ တရားကို မကြားနာရပါက အရိယာမဂ်သို့ သက်ဝင်မည်မဟုတ်။

"ရဟန်းတို့၊ ထိုပုဂ္ဂိုလ်သုံးမျိုးတွင် နောက်ဆုံး တတိယပုဂ္ဂိုလ်အား တရားဟောခြင်းကို ငါ ခွင့်ပြု၏။ ထိုပုဂ္ဂိုလ်ကို အကြောင်းပြု၍ အခြားသူတို့အားလည်း တရားဟောကြားအပ်၏" (အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ ဂိလာနသုတ်)

ဤဒေသနာ၌ ဗုဒ္ဓဝါဒသည် အမှန်တရားကို လက်ဝါးကြီးအုပ်ထားသော ပုဂ္ဂိုလ်ကျမ်းစာ ကိုးကွယ်မှုဝါဒ မဟုတ်ကြောင်း ထင်ရှား၏။ ဗုဒ္ဓသည် ကျွတ်ထိုက်သော သူတို့ကို ဦးစားပေး၍ ဟောပြောသော်လည်း မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဝေးသောသူတို့ကို လျစ်လျူမပြုချေ။ သူတို့စရိုက်ကိုကြည့်၍ သင့်လျော်သော တရားကို ဟောလေ့ရှိ၏။ သူတို့၏ မူလရှိရင်းစွဲ ယုံကြည်ချက်ကို ဝေဖန်ပြစ်တင်ခြင်း မပြုဘဲ အမှန်တရားကို သိမ်မွေ့စွာ ထောက်ပြလေ့ရှိ၏။ ဂင်္ဂါမြစ်ထဲ၌ ရေချိုးခြင်းဖြင့် မကောင်းမှုအညစ်အကြေး ကင်းစင်သည်ဟု ယူဆသော ဗြာဟ္မဏတစ်ဦးအား အပြစ်မတင်ဘဲ "ဤအယူမှာ သင်တို့၏ အယူဖြစ်သည်။ ငါ၏ သာသနာ၌မူ မဂ္ဂင်ရှစ်ပါးသည် ကိလေသာအညစ်အကြေး စွန့်ပစ်ရာ ရေအိုင်ဖြစ်သည်" စသည်ဖြင့် ဟောကြား၏။ (သံယုတ္တနိကာယ်၊ ဗြာဟ္မဏသံယုတ်၊ သင်္ဂါရဝဗြာဟ္မဏသုတ်)

ထိုသို့ အခြားအယူဝါဒများအပေါ်၌ ဗုဒ္ဓ၏ သဘောထားကြီးမှုသည် ဗုဒ္ဓဒေသနာများကို လေ့လာရာ၌ ကျွန်ုပ်တို့ သတိပြုရမည့် အချက်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓက မည်သို့မျှ မဝေဖန်ဘဲ ဆိတ်ဆိတ်နေမှုကြောင့် ပိဋကတ်ထဲသို့ မသိမသာ ဝင်ရောက်၍ ဘုရားဟော တရားယောင်ယောင် ဖြစ်နေသော အယူဝါဒများ ရှိရပေမည်။ ဥပမာ "မိဘတို့က သားသမီး အလိုရှိကြခြင်း၏ အကြောင်းတစ်ပါးမှာ ဘဝတစ်ပါးသို့ ပြောင်းသွားကုန်သော ငါတို့အား အလှူ၏အဖို့ကို ပေးဝေလေတ္တံ့ဟူသော ယုံကြည်ချက် ဖြစ်၏"ဟူသော စကား (အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ် – ပဉ္စဌာနသုတ်)ဖြင့် ထိုယုံကြည်ချက်သည် ဗုဒ္ဓမပေါ်မီက ရှိပြီးဖြစ်၍ နောက်မှ ဗုဒ္ဓစာပေထဲသို့ ဝင်ရောက်လာသော စကားဖြစ်ကြောင်း ထင်ရှား၏။

ကျွတ်ထိုက်သော (ဝါ) အသိဉာဏ်ရှိသော ပုဂ္ဂိုလ်တို့ကို ဟောပြောဆုံးမရာ၌မူ ဗုဒ္ဓသည် ရှေးအစဉ်အလာ ယုံကြည်ချက်များနှင့် ပတ်သက်၍ ပွင့်လင်းပြတ်သား၏။ ဇာတ်ဝါဒကို ပြင်းပြင်းထန်ထန် မရှုတ်ချသော်လည်း ရဟန်းဘောင်၌ ထိုဝါဒကို လုံးဝ လက်မခံချေ။ ရဟန်းတို့သည် အင်္ဂဝိဇ္ဇာ၊ ယတြာ၊ ဗေဒင်၊ ဇာတ်ရိက်ခြင်းစသော လောကီအတတ်ပညာများကို လေ့လာသင်ကြား ပို့ချခြင်း မပြုကြရချေ (သုတ္တနိပါတ်တုဝဋကသုတ်နှင့် ဝိနည်းစူဠဝဂ္ဂခန္ဓက)။ "နက္ခတ်ကို ငံ့လင့်သော သူမိုက်အား အကျိုးသည် ယုတ်၏။ ကောင်းကင် ကြယ် နက္ခတ်တို့သည် အဘယ်အကျိုးပြုလတ္တံ့နည်း" (ဧကနိပါတ်

နက္ခတ္တဇာတ်)။ မင်္ဂလာရှိသော အမည်ကို အလိုရှိသည့် ရဟန်းတစ်ပါးအား အမည်နာမမည်သည် ပညတ်မျှသာဖြစ်၍ အမည်ဖြင့် ကိစ္စပြီးသည်မဟုတ်။ အလုပ်လုပ်မှသာ ကိစ္စပြီးကြောင်း ဟောကြား၏။ (ကေနိပါတ် နာမသိဒ္ဓိဇာတ်)

အခါတစ်ပါး၌ ဗုဒ္ဓသည် ရဟန်းအပေါင်း ခြံရံလျက် တရားဟောနေစဉ် ရုတ်တရက် ချေဆတ်တော်မူ၏။ ထိုအခါ ရဟန်းတို့က "ဇီဝတု၊ အရှင်ဘုရားသည် အသက်ရှည်စွာ နေရပါစေသတည်း"ဟု ဆိုကြ၏။ ဗုဒ္ဓက "ရဟန်းတို့၊ ချေဆတ်သောသူကို ဇီဝတုဟုဆိုကာမျှဖြင့် ထိုသူသည် အသက်ရှည်စွာ နေရပါမည်လော"ဟုမေး၏။ ဇီဝတုဆိုကာမျှဖြင့် အသက်ရှည်မည်မဟုတ်ကြောင်း ရဟန်းတို့ကလျှောက်သော် ဗုဒ္ဓက "သို့ဖြစ်လျှင် လူတစ်ဦးတစ်ယောက် ချေဆတ်သောအခါ ဇီဝတုဟုဆိုသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်စေ"ဟု ပညတ်တော်မူ၏။ (ဝိနည်းပိဋကတ်၊ စူဠဝဂ္ဂခန္ဓက)

ဗုဒ္ဓ၏ အထိရောက်ဆုံး သင်ပြဆုံးမနည်းမှာ ကိုယ်တော်တိုင် နမူနာစံပြမှုဖြစ်၏။ ငါဘုရားကို မြင်သောသူသည် တရားကိုမြင်သည် ဆိုသောစကားမှာ မှန်လှ၏။ ဗုဒ္ဓ၏ ကြင်နာသိမ်မွေ့သော အပြောအဆို၊ အပြုအမူနှင့် စိတ်နေသဘောထားသည် များစွာသော လူတို့ကို ဆွဲဆောင်နိုင်ကြောင်း ယုံမှားစရာမရှိချေ။ မူလပထမက ရန်လိုသော သူတို့သည်ပင် နောက်ဆုံး၌ ဗုဒ္ဓကို ကြည်ညိုလေးစားလာကြ၏။

မိမိကို ဆဲရေးသော ဗြာဟ္မဏတစ်ဦးအား ဗုဒ္ဓက သည်းခံ၍ ဟောပြောဆုံးမသော စကားသည် အထူးမှတ်သားဖွယ်ကောင်း၏။ ဗုဒ္ဓက "ဗြာဟ္မဏ၊ သင်သည် သင်၏ထံသို့ လာသော ဆွေမျိုးသားချင်းတို့အား ခဲဖွယ်ဘောဇဉ် ပေးကမ်းသည် မဟုတ်ပါလော။ ထိုသူတို့သည် သင်ပေးကမ်းသည်ကို မခံယူပါက ထိုစားဖွယ်ခဲဖွယ်များသည် သင့်အဖို့သာလျှင် ဖြစ်သည် မဟုတ်ပါလော။ ထို့အတူ သင်၏ ဆဲရေးခြင်းကို ငါတို့က တုံ့ပြန်ခြင်းဖြင့် မခံယူကုန်။ ထိုသို့မခံယူသဖြင့် သင်၏ ဆဲရေးခြင်းသည် သင့်အဖို့သာလျှင်ဖြစ်သည်" စသည်ဖြင့် မိန့်ကြား၏။ ထိုဗြာဟ္မဏသည် ရဟန်းပြု၍ နောက်ဆုံး၌ ရဟန္တာဖြစ်သွား၏။ (သံယုတ္တနိကာယ်၊ ဗြဟ္မဏသံယုတ် – အက္ကောသ ဘာရဒွါဇသုတ်)

တခါသော် ဗုဒ္ဓသည် သစ္စကပရိဗိုဇ်အား တရားဟော၏။ တရားဟောနေစဉ် သစ္စကပရိဗိုဇ်သည် တစ်ခါတစ်ရံ ကြားဖြတ်၍ "အရှင်ဂေါတမသည် နေ့အခါ၌ အိပ်စက်သည် မဟုတ်ပါသလော။ ထိုသို့အိပ်စက်ခြင်းကို မောဟဖုံးလွှမ်း၍ တွေဝေနေခြင်းဟု အချို့သော သမဏဗြာဟ္မဏတို့က ဆိုကုန်သည်"စသည်ဖြင့် ပြက်ရယ်ပြု၏။ ထိုသို့ မထီမဲ့မြင် ပြက်ရယ်ပြုခြင်းခံရသော်လည်း ဗုဒ္ဓသည် စိုးစိမျှမတုန်လှုပ်ဘဲ ဆက်လက်၍ တရားဟော၏။ တရားပြီးဆုံးသောအခါ၌လည်း သစ္စကသည် ဗုဒ္ဓတရားကို ကြိုက်နှစ်သက်ဟန်မရှိ။ ဗုဒ္ဓ၏ တပည့်အဖြစ်ကို မခံယူ။ သို့ရာတွင် ဗုဒ္ဓ၏ သည်းခံနိုင်မှုကို များစွာအံ့ဩရကား "အို... အရှင်ဂေါတမ၊ အံ့ဩဖွယ်ကောင်းလှပါပေ၏။ ကျွန်ုပ်သည် ပုရာဏကဿပ၊ အဇိတကေသကမ္ဗလစသောဆရာတို့နှင့် စကားပြောဆိုဖူး

ပါ၏။ သူတို့သည် ကျွန်ုပ်၏စကားကို မနှစ်သက်ပါက ဒေါသထွက်သော အမူအရာ၊ နှလုံးမသာသော လက္ခဏာကို ထင်ရှားပြကြပါ၏။ အရှင်ဂေါတမမူကား ကျွန်ုပ်က ထိပါးပုတ်ခတ်၍ ပြောပါသော်လည်း အရေအဆင်းသည် ပြုံးပြုံးပြက် တောက်ပ၏။ မျက်နှာအဆင်းသည် ကြည်လင်၏။ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရား၏ ကြည်လင်ခြင်းကဲ့သို့ ပါတည်း" စသည်ဖြင့် ချီးကျူးပြောဆိုလေသည်။ (မဇ္ဈိမနိကာယ်၊ မဟာသစ္စကသုတ်)

မထေရီတစ်ပါးသည် မိမိကြုံတွေ့ခဲ့ရသော ဗုဒ္ဓ၏ ကြင်နာမှုကို မမေ့နိုင်ချေ။ ထိုမထေရီသည် ရဟန်းမပြုမီက အိမ်မှနှင်ထုတ်ခံရသဖြင့် ဗုဒ္ဓသီတင်းသုံးသော ကျောင်း၏ ဥယျာဉ်တံခါးဝ၌ နေရ၏။ ဗုဒ္ဓသည် သူ့ကို ကြင်နာစွာပွတ်သပ်၍ လက်ကိုကိုင်ပြီးလျှင် ကျောင်းဥယျာဉ်ထဲသို့ ခေါ်သွား၏။ ထို့နောက် ခြေဆေး၍သုတ်ရန် ပုဆိုးကြမ်း တစ်ထည်ပေးတော်မူ၏။ (ထေရဂါထာ၊ ပဋ္ဌာကမထေရီဝတ္ထု)

ဗုဒ္ဓသည် ရဟန်းသံဃာတို့၏ ချမ်းသာမှုကို လိုလား၏။ ဝါကျွတ်သောအခါ မိမိအား ဖူးမြော်ရန် ရပ်ဝေးမှလာကုန်သော ရဟန်းတို့အား ကျန်းမာချမ်းသာစွာ နေခဲ့ကြပါ၏လော။ အခက်အခဲမရှိဘဲ ဆွမ်းရကြပါ၏လော စသည်ဖြင့် မေးမြန်းလေ့ရှိ၏။ တစ်ခါတစ်ရံ ကျောင်းစဉ်လှည့်လည်၍ ရဟန်းတို့၏ နေရေးထိုင်ရေး အခြေအနေကို ကြည့်ရှုတော်မူလေ့ရှိ၏။

တစ်ခါသော် ရဟန်းတစ်ပါးသည် ဝမ်းသက်ရောဂါဖြစ်၍ မိမိ ကျင်ကြီးကျင် ငယ်၌ လူးလိမ့်လျက် အိပ်ရ၏။ ဗုဒ္ဓသည် အရှင်အာနန္ဒာနှင့်အတူ ကျောင်းစဉ်လှည့်လည် ရင်း ထိုသူနာရဟန်းကိုမြင်၍ မေးမြန်းစုံစမ်းပြီးလျှင် အရှင်အာနန္ဒာအား "အာနန္ဒာ၊ သွားချေ။ ရေဆောင်ယူခဲ့လော။ ဤရဟန်းကို ရေချိုးကုန်အံ့"ဟု မိန့်တော်မူ၏။ ထို့နောက် အရှင်အာနန္ဒာနှင့်အတူ ရဟန်း၏ကိုယ်ပေါ်သို့ ရေသွန်းလောင်း၍ ဆေးကြော ပေး၏။ ဆေးကြောပြီးသော် ဗုဒ္ဓနှင့် အရှင်အာနန္ဒာတို့သည် သူနာရဟန်းကို ချီမ၍ ညောင်စောင်းပေါ်၌ တင်ထားကြ၏။ ထို့နောက် ဗုဒ္ဓသည် ရဟန်းတို့ကို စည်းဝေးစေ ပြီးလျှင် "ရဟန်းတို့၊ သင်တို့အား လုပ်ကျွေးမည့် အမိအဖတို့ မရှိကြကုန်။ သင်တို့သည် အချင်းချင်း မလုပ်ကျွေးလျှင် အဘယ်သူသည် လုပ်ကျွေးလတ္တံ့နည်း။ ငါဘုရားအား လုပ်ကျွေးသောရဟန်းသည် နာဖျားသော ရဟန်းအားလည်း လုပ်ကျွေးရာ၏" စသည် ဖြင့် ဟောတော်မူ၏။ (ဝိနည်းပိဋကတ်၊ မဟာခန္ဓကသုတ်)

ဗုဒ္ဓ၏ ဘဝဖြစ်စဉ်၌ ဗုဒ္ဓ၏ မေတ္တာကရုဏာ ကြီးမားပုံကိုပြသော အခြားဖြစ်ရပ် များ ရှိခဲ့တန်ရာ၏။ ယင်းတို့ကို ပိဋကတ်စာပေ၌ များများစားစား မတွေ့ရခြင်းမှာ ပိဋကတ်ဆရာများက ဗုဒ္ဓ၏ ဘဝဖြစ်စဉ်ကို ဒေသနာများလောက် ဂရုမပြုခဲ့ကြသော ကြောင့် ဖြစ်ရပေမည်။ အထက်ပါဖြစ်ရပ်သည်ပင် မိမိနှင့် သီတင်းသုံးဖော် သူနာရဟန်း ကို လုပ်ကျွေးပြုစုရန် ပျက်ကွက်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေဟု အဘယ်ကြောင့် ဗုဒ္ဓက ပညတ်ခဲ့ကြောင်း ဖော်ပြရန် ဝိနည်းပိဋကတ်၌ ထည့်သွင်းထားခဲ့ကြဟန် တူ၏။

အကယ်၍ ထိုပညတ်ချက် မရှိခဲ့ပါမူဗုဒ္ဓက သူနာရဟန်းတစ်ပါးအား ကိုယ်တိုင်ကြင်နာစွာ ပြုစုတော်မူသော သာဓကကို ပိဋကတ်၌ ကျွန်ုပ်တို့ တွေ့ရမည်မဟုတ်ချေ။

(ဃ) ဗုဒ္ဓနှင့် လောကီလူသား

ဗုဒ္ဓထင်ရှားရှိစဉ်က ဗုဒ္ဓကို အလွန်ကြည်ညို၍ ဆည်းကပ်ကိုးကွယ်သော်လည်း ဗုဒ္ဓတရားကို ကောင်းစွာ မသိနားမလည်သောသူ အတော်များများရှိခဲ့ပေမည်။ တစ်ခါသော် ပရိဗိုဇ်တို့က အနာထပိဏ်သူဌေးအား ဗုဒ္ဓဓမ္မအကြောင်း မေးမြန်းရာ သူဌေးကြီးက ဘုရားရှင်၏ အလုံးစုံသောအယူကို မိမိမသိပါဟု ဝန်ခံ၏ (အင်္ဂုတ္တရနိကာယ်–ဒသကနိပါတ်–ကိဒိဋ္ဌိကသုတ်)။ စင်စစ် သူဌေးကြီးသည် သေခါနီး မကျန်းမမာ ဖြစ်သောအခါကျမှ မဂ်ဖိုလ် နိဗ္ဗာန်တရားကို အရှင်သာရိပုတ္တရာထံမှ ကြားနာရ၏။ တရားနာပြီးသော် သူဌေးကြီးက မိမိသည် ထိုသို့သောတရားစကားကို ရှေးကမကြားနာခဲ့ရသဖြင့် ဝမ်းနည်းမိပါကြောင်း လျှောက်၏။ အရှင်သာရိပုတ္တရာက ထိုတရားမျိုးကို ရဟန်းတို့သာလျှင် နားလည်နိုင်ကြောင်း မိန့်ကြားရာ သူဌေးကြီးက ပညာဉာဏ်ရင့်ကျက်သော လူပုဂ္ဂိုလ်တို့အားလည်း ဟောကြားသင့်ပါကြောင်း ပြန်လည်လျှောက်ထား၏။ (မဇ္ဈိမနိကာယ်၊ အနာထပိဏ္ဍိကောဝါဒသုတ်)

ဗုဒ္ဓ၏ အမြင်အားဖြင့် ကျွတ်ထိုက်သော (ဝါ) ကိလေသာမြူနည်းပါး၍ အသိဉာဏ်ရင့်ကျက်သော သူများတွင် ရဟန်းတို့အပြင် လူပုဂ္ဂိုလ်များလည်း ပါဝင်ကြောင်း ယုံမှားစရာ မရှိချေ။ တစ်နည်းဆိုသော် ဗုဒ္ဓ၏ အရိယာကျင့်စဉ်၌ အဝတ်တန်ဆာ အသွင်အပြင်နှင့် အမည်ဝေါဟာရတို့မှာ အရေးမပါလှဘဲ သီလ၊ ပညာ၊ ဝီရိယ စသည်တို့သာလျှင် ပဓာနဖြစ်၏။ "လူဖြစ်စေ၊ ရဟန်းဖြစ်စေ ကောင်းမြတ်သောအကျင့်ရှိမှသာ ငါဘုရား ချီးမွမ်း၏။ (အင်္ဂုတ္တရနိကာယ်၊ ဒုကနိပါတ်–မိစ္ဆာပဋိပတ္တိသုတ်)။ ရဟန်းဘဝနှင့် လူ့ဘဝတွင် မည်သည့်ဘဝက ပိုမိုကောင်းမွန်ပါသနည်းဟု ဗြာဟ္မဏတစ်ဦးကမေးသောအခါ ဗုဒ္ဓက တစ်ဖက်သတ် လေနံဓားထစ် မိမိမပြောလိုကြောင်း၊ လူပင်ဖြစ်စေ ကုသိုလ်တရား ပွားများအားထုတ်ပါက ဘဝမြင့်မြတ်ကြောင်း မိန့်ကြား၏။ (မဇ္ဈိမနိကာယ်၊ သုဘသုတ်)

သမဏ၊ ဗြာဟ္မဏ၊ ဘိက္ခုစသည်တို့မှာ စင်စစ် ဝေါဟာရပညတ်များသာဖြစ်ကြောင်း ရှင်းလင်းပြတ်သားသော မိန့်ကြားချက်မှာ ဓမ္မပဒ ပါဠိတော်တစ်ပုဒ်ဖြစ်၏။ "အကြင်သူသည် ကိလေသာငြိမ်း၏။ ဣန္ဒြေကို ဆုံးမပြီးဖြစ်၏။ မဂ်လေးပါးဖြင့် မြဲ၏။ အလုံးစုံသော သတ္တဝါတို့၌ လက်နက်ပယ်ချထားပြီးဖြစ်၍ မေတ္တာဖြင့် အညီအမျှကျင့်၏။ ထိုသူသည် အဝတ်တန်ဆာ ဆင်စေကာမူ မကောင်းမှုမှအပ ပြုသူဗြာဟ္မဏမည်၏။ ကိလေသာ ငြိမ်းပြီးသူ သမဏမည်၏။ ကိလေသာ ဖျက်ဆီးပြီးသူ ဘိက္ခုမည်၏" (ဓမ္မပဒ၊ ဂါထာ ၁၄၂)။ ဤပါဠိတော်ကို ကိုးကားလျက် ဥတ္တရာပါထကမည်သော

ရှေးဗုဒ္ဓဝါဒီဂိုဏ်းက လူပုဂ္ဂိုလ်အဖြစ်ဖြင့် နိဗ္ဗာန်ရရှိနိုင်သည်ဟု ယူဆကြောင်း ကထာဝတ္ထုအဋ္ဌကထာ၌ ပြဆိုထား၏။ ဗုဒ္ဓလက်ထက်က ရဟန်းမပြုဘဲ နိဗ္ဗာန်မျက်မှောက်ပြုခဲ့သော လူပုဂ္ဂိုလ်များ အကြောင်း ပိဋကတ် အထောက်အထားကို 'နိဗ္ဗာန်'အခန်း၌ ဖော်ပြပါအံ့။[၁]

မည်သို့ဖြစ်စေ ဗုဒ္ဓလက်ထက်က လူတို့သည် အားလုံး ဒါနသီလ တရားများဖြင့်သာ ကျေနပ်၍ နတ်ပြည် ဗြဟ္မာပြည်ကို မြော်မှန်းနေကြသူများ မဟုတ်ချေ။ ဘိက္ခုဝေရဟန်းတို့ဟု အစချီသော သုတ္တန်ဒေသနာများကို ကြားနာသော ပရိသတ်တွင် လူတို့ အတော်များများ ပါရှိမည် အမှန်ဖြစ်၏။ ထို့ကြောင့် အကယ်၍ ဥပါသကာတစ်ဦးသည် အရေးပါထင်ရှားသော သုတ္တန်များကို ရွတ်အံနေသောအခါ မိမိတို့အား ပင့်ဖိတ်ပါက ရဟန်းတို့သည် ဝါတွင်းပင်ဖြစ်စေ သွားရောက်ကြားနာကြရမည်ဟု ဝိနည်းမဟာဝါ ပါဠိတော်၌လာ၏။ ထိုခေတ်က စိတ္တသူကြွယ်၊ မဟာနာမ်မင်းသား၊ မလ္လိကာမိဖုရား အစရှိသော အချို့ ဥပါသကာ ဥပါသိကာမတို့သည် အချို့ရဟန်းတို့ထက် ပို၍ ဗုဒ္ဓတရားကို ကောင်းစွာ သိမြင်နားလည်ကြ၏။ ဝိသာခါနှင့် ဓမ္မဒိန္နာထေရီတို့ ဆွေးနွေးသောတရားများ၊ မဟာနာမ်မင်းသားအား ဗုဒ္ဓဟောကြားသော တရားများမှာ အထူးလေးနက်၍ ပိဋကတ်၌ ပြဆိုထား၏။

ပရိဗိုဇ်တစ်ဦးက ဗုဒ္ဓအား "လူဖြစ်သော ဖြူသောအဝတ်ကို ဝတ်ကုန်သော၊ မြတ်သောအကျင့်ကို ကျင့်ကုန်သော သူတို့တွင် အောက်ကာမဘုံအဖို့ဖြစ်သော သံယောဇဉ်ငါးပါးကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်းကြောင့် ဗြဟ္မာ့ပြည်၌ ပရိနိဗ္ဗာန်ပြုလတ္တံ့သော တစ်ယောက်သော ဥပါသကာ၊ ဥပါသိကာမသည် ရှိပါသလော"ဟုမေးရာ ဗုဒ္ဓက "ငါ၏တပည့် ယောကျ်ားမိန်းမများတွင် ထိုကဲ့သို့သောသူမျိုးမှာ တစ်ရာမက၊ ငါးရာလည်းမက မြောက်မြားစွာ ရှိကြပေသည်"ဟု မိန့်ကြား၏ (မဇ္ဈိမနိကာယ်၊ မဟာဝစ္ဆဂေါတ္တသုတ်)။ ဤစကားဖြင့် ဗုဒ္ဓလက်ထက်က သောတပန်၊ သကဒါဂါမ်၊ အနာဂါမ် ယောကျ်ားမိန်းမ အမြောက်အမြားရှိကြောင်း ထင်ရှား၏။

ဗုဒ္ဓသည် ဒါနသီလတရားများနှင့် တမလွန်ဘဝ ကောင်းစားရေး၌သာလျှင် စိတ်ဝင်စားသောလူတို့၏ အကျိုးစီးပွားကို လျစ်လျူမပြုခဲ့ချေ။ မင်္ဂလသုတ်၊ သင်္ဂါလောဝါဒသုတ်ကဲ့သို့ လောကီကြီးပွားချမ်းသာရေးအတွက် လူတို့အား ဟောကြားထားသော သုတ္တန်ဒေသနာ အတော်များများရှိ၏။ ဗုဒ္ဓဟောသော လူ့ကျင့်ဝတ်များ၏ ဝိသေသလက္ခဏာများမှာ ပုဂ္ဂလိက လွတ်လပ်ရေးကို လေးစားမှု၊ အချင်းချင်းကူညီမှု၊ ကျေးဇူးသိတတ်မှု စသည်တို့ဖြစ်၏။ ဗုဒ္ဓ၏ လူနေမှုစနစ်သည် မိဘ၊ သို့မဟုတ် လင်ယောကျ်ား၊

---

၁။ မဟာစည်ဆရာတော်က ရှေးအဋ္ဌကထာဆရာတို့ အလိုအားဖြင့် သုတ္တဘိက္ခုနှင့် ဝိနယဘိက္ခုဟူ၍ ဘိက္ခုနှစ်မျိုးရှိသည်။ သုတ္တဘိက္ခုမှာ ဗုဒ္ဓ၏ အရိယာလမ်းစဉ်ကို ကျင့်သုံးသော လူနှင့်နတ်တို့ကိုလည်း ရည်ညွှန်း၍ ဝိနယဘိက္ခုမှာ ဝိနည်းတရားနှင့်အညီ ကျင့်ကြံသော ရဟန်းတို့ကို ဆိုလိုသည်ဟု "အရိယာဝါသသုတ် တရားတော်" စာအုပ်၌ ရေးသားထား၏။

သို့မဟုတ် ဆရာဖြစ်သူက ဆိုင်ရာ သားသမီး၊ ဇနီးမယားနှင့် တပည့်များအား ဖိနှိပ်ချုပ်ချယ်မှု၊ အမိန့်ပေးမှုများမှ ကင်း၏။ ပါဠိပိဋကတ်ကို နှံ့နှံ့စပ်စပ် လေ့လာခဲ့သော အချို့ အနောက်နိုင်ငံ ပညာရှင်တို့၏ အဆိုအားဖြင့်မူ မျက်စိမှိတ် အမိန့်နာခံမှု အနက် အဓိပ္ပာယ်ဆောင်သော ပါဠိစကား မရှိချေ။

အင်္ဂုတ္တရနိကာယ်၌ လက်နက်၊ လူသတ္တဝါ၊ အမဲတိရစ္ဆာန်၊ သေအရက်နှင့် အဆိပ်ကို ဥပါသကာတို့ ရောင်းဝယ်ကုန်သွယ်ခြင်း မပြုအပ်ကြောင်း ဗုဒ္ဓဟောကြားထား၏ (အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ် – ဝါဏိဇ္ဇသုတ်)။ ဤဒေသနာမှာ လက်နက်နှင့်မူးယစ်ဆေးဝါး အကြီးအကျယ် ထုတ်လုပ်ရောင်းဝယ်မှုကြောင့် စိုးရိမ်ပူပန်နေကြရသော ယနေ့ ကမ္ဘာ့လူသားတို့နှင့် အထူးသက်ဆိုင်သော ဒေသနာဖြစ်၏။ ဤဒေသနာအရ ဗုဒ္ဓသည် ကမ္ဘာ့သမိုင်း၌ ငွေဝယ်ကျွန်စနစ်ကို ရှေးဦးပထမ ဆန့်ကျင်ခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်ဟု ယူဆဖွယ်ရှိ၏။ ဗုဒ္ဓနှင့် ခေတ်ကာလနီးစပ်သော နာမည်ကျော် ဂရိပညာရှိကြီး ပလေတိုသည် ငွေဝယ်ကျွန်စနစ်ကို အပြစ်မမြင်ခဲ့ချေ။

လူသိနည်းသော်လည်း ဥပါသကာများအတွက် ဗုဒ္ဓ အထူးဟောခဲ့သော ဒေသနာတစ်ခုကို အင်္ဂုတ္တရနိကာယ်၌ တွေ့ရ၏။ "တရားငါးမျိုးနှင့် ပြည့်စုံသော ဥပါသကာသည် ဥပါသကာ ဒွန်းစဏ္ဍားမည်၏။ ဥပါသကာညစ်၊ ဥပါသကာညံ့လည်းမည်၏။ ထိုတရားငါးမျိုးကား သဒ္ဓါတရားမရှိ၊ သီလမရှိ၊ ကောတုဟလမင်္ဂလာကို ယုံကြည်၏။ ကံကို မယုံကြည်။ သာသနာတော်၏အပ၌ အလှူခံပုဂ္ဂိုလ်ကို ရှာမှီး၏" (အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ် – စဏ္ဍာလသုတ်)။"ကောတူဟလ"ကို မြန်မာပါဠိဆရာတို့က "အုတ်အုတ်ကျက်ကျက်" ဟူ၍ ပြန်ဆိုကြ၏။ "ရဟန်းတို့၊ သင်တို့သည် အုတ်အုတ်ကျက်ကျက် မင်္ဂလာ၊ အမင်္ဂလာ၊ အတိတ်နိမိတ်တို့ကို အနှစ်သာရအားဖြင့် စွဲယူကုန်ဦးအံ့လော"။ (မဇ္ဈိမနိကာယ်၊ မဟာတဏှာသင်္ခယသုတ်)

ဤဒေသနာ၌ ကမ္မဂါဒ (ဝါ) အားထုတ်ပြုလုပ်မှုနှင့် ဆန့်ကျင်သော လောကီအယူအစွဲ ဥပါဒါန်များကို ဆိုလိုခြင်းဖြစ်ကြောင်း သတိပြုသင့်၏။ ဗုဒ္ဓသည် လူတို့၏ အစဉ်အလာ၊ ယုံကြည်မှုအားလုံးကို ပယ်သည်မဟုတ်ချေ။ လူတို့၏ အပြစ်ကင်းသော ယုံကြည်မှုများကို လေးစားသောအားဖြင့် ရဟန်းတို့ စောင့်ထိန်းရန် လိုအပ်သော သိက္ခာပုဒ်များကို ပညတ်တော်မူခဲ့၏။ ဗုဒ္ဓ၏အလိုအားဖြင့် အယူတစ်ခုကို အကောင်းအဆိုး ဆုံးဖြတ်ရာ၌ ၎င်း၏ အကျိုးသက်ရောက်မှုကို ကြည့်၍ ဆုံးဖြတ်ရမည်ဖြစ်၏။ ဗြာဟ္မဏတစ်ဦးက ခတ္တိယတို့သည် ဗြာဟ္မဏတို့ကို၊ သူကြွယ်တို့သည် ခတ္တိယတို့ကို၊ သင်းရဲသာတို့သည် သူကြွယ်မျိုးကို လုပ်ကျွေးသင့်သည်ဟု ဗြာဟ္မဏတို့က ဆိုပါသည်။ ရဟန်းဂေါတမက မည်သို့ထင်မြင်ပါသနည်းဟု မေး၏။ ဗုဒ္ဓက မည်သူသည် မည်သူ့အား လုပ်ကျွေးသင့်သည်ဟု မိမိ မပြောလိုကြောင်း၊ လူတစ်ဦးတစ်ယောက်ကို လုပ်ကျွေးခြင်းဖြင့် မိမိ၌ အကျိုးရှိမည်ဖြစ်ပါက လုပ်ကျွေးသင့်၍ အကျိုးယုတ်မည်ဖြစ်ပါက

မလုပ်ကျွေးသင့်ကြောင်း မိန့်တော်မူ၏။ (မဇ္ဈိမနိကာယ်၊ သေကာရိသုတ်)

သီလ၊ သမာဓိ ပညာ၊ ဝီရိယ စသည်တို့ကိုသာလျှင် အဓိကထားသော ဗုဒ္ဓကျင့်စဉ်၌ ရဟန်းနှင့် လူ၊ ဗြာဟ္မဏနှင့် အခြားဇာတ်ခွဲခြားမှု မရှိသည့်နည်းတူ ယောကျ်ားနှင့်မိန်းမ ခွဲခြားမှုလည်း မရှိချေ။ ဗုဒ္ဓသည် မိန်းမမှာ ဇာတိအားဖြင့် ယောကျ်ားထက် ယုတ်ညံ့သည်ဟု မယူဆချေ။ မိန်းမများအား ဖိနှိပ်ရေးသားထားချက်များကို ပါဠိပိဋကတ်၌ မတွေ့ရဘဲ အဋ္ဌကထာနှင့် ဇာတ်နိပါတ်များ၌ တွေ့ရသည်ကများ၏။

ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ခါနီး၌ အရှင်အာနန္ဒာက "အရှင်ဘုရား၊ ကျွန်ုပ်တို့သည် မာတုဂါမတို့နှင့် စပ်လျဉ်း၍ အဘယ်သို့ကျင့်သုံးရပါမည်နည်း"ဟုမေးလျှောက်၏။

"အာနန္ဒာ၊ မတွေ့မမြင်အောင် ကျင့်သုံးရမည်"

"အရှင်ဘုရား၊ မလွှဲသာ၍ တွေ့မြင်ခဲ့သော် အဘယ်သို့ ကျင့်သုံးရပါမည်နည်း"

"အာနန္ဒာ၊ စကားမပြောဘဲ နေရမည်"

"အရှင်ဘုရား၊ မလွှဲသာ၍ စကားပြောရသော် အဘယ်သို့ ကျင့်သုံးရပါမည်နည်း"

"အာနန္ဒာ၊ အမိရင်းစသည်ကဲ့သို့ အမှတ်ထား၍ ပြောဆိုရမည်"

ဤသို့ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်မှ တိုက်ရိုက်ပြန်ဆိုထားသော ဗုဒ္ဓမိန့်ကြားချက်၌ မိန်းမများကို ကဲ့ရဲ့ပုတ်ခတ်သောစကား တစ်လုံးတစ်ပါဒမျှ မပါရှိချေ။ သို့ရာတွင် ဓိနတ္ထပကာသနီကျမ်း၌မူ "မိန်းမများအား စကားမပြောဘဲနေရမည်"ဟူသော စကားကို "အာနန္ဒာ၊ ထက်စွာသော သန်လျက်ကိုကိုင်၍ ငါနှင့်စကားဆိုမူကား သင်၏ ဦးခေါင်းကို ဖြတ်အံ့ဟုဆိုသော ယောကျ်ားနှင့် စကားပြောခြင်းသည် မြတ်သေး၏။ မာတုဂါမတို့အား စကားပြောဆိုခြင်းသည် မမြတ်။ ငါ့ကိုခေါ်မူကား သင်၏အသားကို ထွင်း၍ စားအံ့ဟုဆိုသော ဘီလူးမအား စကားပြောခြင်းသည် မြတ်သေး၏။ မာတုဂါမတို့အား စကားပြောခြင်းသည် မမြတ်" စသည်ဖြင့် ချဲ့ထွင်ရေးသားထား၏။

ဓိနတ္ထပကာသနီကျမ်းပြုဆရာသည် စင်စစ် မိန်းမများကို ပုတ်ခတ်သည်ကား မဟုတ်။ သို့ရာတွင် ကျမ်းဆရာ၏စကားကို ထောက်ချင့်၍ ဗုဒ္ဓစာပေထဲသို့ မိန်းမများကို ဖိနှိပ်သောစကားများ မည်သို့ရောက်ရှိလာသည်ကို ကျွန်ုပ်တို့ရိပ်စားမိနိုင်၏။ မိန်းမများကို အထူးရှောင်ကြဉ်ရသော ရဟန်းဘုန်းကြီးတို့၏ စာပေ၌ ထိုစကားမျိုး အနည်းအများ တွေ့ရှိရခြင်းမှာ အံ့ဩဖွယ်ရာမရှိချေ။

ဗုဒ္ဓ၏ အလိုအားဖြင့် မိန်းမသည် ကြိုးစားအားထုတ်ပါက ယောကျ်ားနည်းတူ မဂ်ဖိုလ်နိဗ္ဗာန် မုချရရှိမည်ဖြစ်၏။ မာရ်နတ်သည် သောမာထေရီမအား "မိန်းမဖြစ်သော သင်သည် ဘုရားရဟန္တာတို့သာ ရောက်အပ်သော နိဗ္ဗာန်ကို ရောက်နိုင်မည်မဟုတ်"ဟု ဆို၏။ ထိုအခါ ထေရီမက "အိုမာရ်နတ်၊ သင်၏စကားသည် တဏှာ မာန ဒိဋ္ဌိ ဖုံးလွှမ်းသော ယောကျ်ားမိန်းမအဖို့ မှန်၏။ ဖလသမာပတ္တိဉာဏ်ဖြင့် သစ္စာလေးပါးတရားကို ကောင်းစွာမြင်သောသူအား မိန်းမအဖြစ်သည် အဘယ်သို့ပြုရတော့အံ့နည်း"ဟု ပြန်ပြော

၏။ (ထေရီဂါထာနှင့် ဘိက္ခုနီသံယုတ် သောမာဘိက္ခုနီသုတ်)

အမှန်ဆိုသော် ဇာတ်အဋ္ဌကထာများ၌ပင် မိန်းမများကို ချီးကျူးသောစကားများကို တစ်ခါတစ်ရံ တွေ့ရ၏။ "ခပ်သိမ်းသောအရာတို့၌ ယောကျ်ားသည်သာလျှင် ပညာရှိသည်မဟုတ်၊ မိန်းမသည်လည်း ပညာရှိ၏။ ထိုထိုအရာတို့၌ အထူးသဖြင့် မြင်တတ်၏။ လျင်မြန်စွာ ကြံတတ်၏" (အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ် – သုလဇာတ်)

သမီးမိန်းမ အလိုမရှိသော ကောသလမင်းအား ဗုဒ္ဓမိန့်ကြားသော စကားသည် မှတ်သားဖွယ်ကောင်း၏။ "မင်းကြီး၊ ပညာသီလနှင့် ပြည့်စုံ၍ လင်ကို ရိုသေစွာ ပြုစုလုပ်ကျွေးသော၊ အချို့သော သမီးမိန်းမသည် ပညာနည့်သော သားယောကျ်ားထက်မြတ်၏။ ထိုမိန်းမ၏သားသည် တိုင်းပြည်ကိုကောင်းစွာ အုပ်ချုပ်နိုင်၏" (ကောသလသံယုတ်၊ မလ္လိကာဓိတရဝိဇာတသုတ်)။ ဗုဒ္ဓသည် အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗုလတို့ကိုသာ ချီးမွမ်း သည်ဆိုသော စကားမှာ အခြေအမြစ်မရှိချေ။ "အိုသူကြွယ်၊ သင့်အားနကုလ၏ အမိသူကြွယ်မသည် အစဉ်စောင့်ရှောက်ပေ၏။ အကျိုးစီးပွားကို အလိုရှိ၏။ ဆုံးမတတ်၏။ သင့်အား အရတော်လေစွတကား။ သင့်အား လူ၏အဖြစ်ကို ကောင်းစွာရအပ်လေစွတကား။ သီလနှင့်ပြည့်စုံ၍ ကိုယ်တွင်းသန္တာန်၌ စိတ်ငြိမ်းအေးသော ငါဘုရား၏တပည့် ဥပါသိကာမများတွင် နကုလမာတာသည် တစ်ယောက်အပါအဝင်ဖြစ်ပေ၏" (အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ် – နကုလပိတုသုတ်)ဟူသောစကားဖြင့် ဗုဒ္ဓချီးမွမ်းတော်မူသော မိန်းမ အမြောက်အမြားရှိကြောင်း ထင်ရှား၏။

ဗုဒ္ဓသည် လူတို့ အိမ်ထောင်ပြုရာ၌ မိန်းမများကို ကုန်ပစ္စည်းကဲ့သို့ သဘောမထားဘဲ မေတ္တာသက်ဝင် ချစ်ခင်၍ ရွေးချယ်ပေါင်းဖက်ခြင်းကို ချီးမွမ်း၏။ (သုတ္တနိပါတ်၊ ဗြာဟ္မဏ ဓမ္မိကသုတ်)။ "သက်ကြီးယောကျ်ားသည် မိန်းမငယ်ကိုယူမိပါက ပူပန်သောကဖြစ်၍ စိတ်ဆင်းရဲရတတ်၏။" (သုတ္တနိပါတ် ပရာဘဝသုတ်) သိင်္ဂါလသုတ်လာ လင်ကျင့်ဝတ် ငါးပါးအရ တစ်လင်တစ်မယားစံနစ်သည်သာလျှင် ဗုဒ္ဓဩဝါဒနှင့် ကိုက်ညီ ကြောင်း မိန်းမများအား ယောကျ်ားများနှင့် တန်းတူအခွင့်အရေးပေးထားကြောင်း ထင်ရှား၏။ ဗုဒ္ဓလက်ထက်က မိန်းမများ၏ အခြေအနေကို လေ့လာခဲ့သော အင်္ဂလိပ်ပါဠိပညာရှင် တစ်ဦး၏ အဆိုအားဖြင့် "ထိုခေတ်က ဗုဒ္ဓဝါဒီ အမျိုးသမီးတို့သည် ဗုဒ္ဓမပေါ်မီကထက် ပို၍ ဂုဏ်သိက္ခာရှိလာကြ၏။ သမီးမိန်းမနှင့် မုဆိုးမများမှာ စိတ်ပျက်စက်ဆုပ်ဖွယ်ရာ ပုဂ္ဂိုလ်သတ္တဝါများ မဟုတ်တော့ချေ။ သူတို့နှင့်တကွ ဇနီးမိန် မများသည် ပိုမိုလွတ်လပ်၍ လေးစားခြင်း ခံလာကြရ၏။"[၁]

ဗုဒ္ဓသည် မိဘများကို ပြုစုစောင့်ရှောက်မှု၊ ဆွေမျိုးသားချင်းများကို ကူညီထောက်ပံ့မှုနှင့် သားမယားလုပ်ကျွေးမှုကို ချီးမွမ်း၍ လူ့လောက၌ မိသားစုစိတ်ဓာတ် ထွန်းကားသည်ကို မြင်တော်မူလို၏။ အိမ်ရာထောင်သော လူ့ဘောင်၌ မိန်းမများ၏ အရေးပါမှုကို

၁။ **I.B.Horner: Women under Primitive Buddhism, pp.82**

အသိအမှတ်ပြုတော်မူကြောင်း ဗုဒ္ဓဝင်မှ ဖြစ်ရပ်တစ်ခုဖြင့် ထင်ရှား၏။

ဘုရားရှင်သည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်၌ ဆွမ်းဘုဉ်း ပေးပြီးသောအခါ အလုံးစုံသော မောင်းမမိဿံ ခြွေရံတို့သည် အနီးသို့ချဉ်းကပ်၍ ဘုရားရှင်အား ရှိခိုးဖူးမျှော်ကြ၏။ ယသော်ဓရာမင်းသမီးသည်ကား အဆောင်ထဲမှ ထွက်မလာချေ။ နန်းသူနန်းသားတို့က "သခင်မ၊ မောင်တော်ဘုရားကို ထွက်၍ ပူဇော်ဖူးမြော်ပါလော"ဟု တိုက်တွန်းကြသော်လည်း ယသော်ဓရာမင်းသမီးသည် "အကယ်၍ ဘုရားရှင်သည် အကျွန်ုပ်၏ ကျေးဇူးကိုထောက်မျှော်၍ သနားတော်မူပါလျှင် အကျွန်ုပ်ထံသို့ ကြွလာပါလိမ့်မည်။ ထိုအခါမှ ပူဇော်ပါတော့မည်"ဟုဆို၍ ထွက်မလာဘဲနေ၏။ ထိုအကြောင်းကို ဘုရားရှင် ကြားသိသော် မင်းကြီးအား သပိတ်ကမ်း၍ အဂ္ဂသာဝကနှစ်ဦးနှင့်အတူ ယသော်ဓရာ၏ နေရာတိုက်ခန်းသို့ ဝင်တော်မူပြီးလျှင် "ယနေ့ ယသော်ဓရာမင်းသမီးသည် ငါဘုရားကို အလိုရှိတိုင်း ဖူးမြော်စေ။ မည်သူကမျှ တစ်ခွန်းစကားမတားဆိုကြလင့်"ဟု မိန့်တော်မူ၏။ ထိုအခါ ယသော်ဓရာ မင်းသမီးသည် ဘုရားရှင်ထံသို့လာ၍ ခြေဖဝါးကို ဆံပင်ဖြင့်ပွတ်သပ်လျက် အထပ်ထပ် ရှိခိုးလေသည်။

အထက်ပါအကြောင်းမှာ ပိဋကတ်၌ မလာဘဲ ဇာတ်အဋ္ဌကထာ၌သာ တွေ့ရသော်လည်း ဗုဒ္ဓ၏ ကြင်နာမှု၊ စိတ်နှလုံးမြင့်မြတ်မှု၊ မိသားစုစိတ်ဓာတ် တန်ဖိုးကို နားလည်မှု စသည်တို့ကို စဉ်းစားဆင်ခြင်ပါက ဗုဒ္ဓဝင်မှ အကြောင်းယုတ္တိ ခိုင်မာသော ဖြစ်ရပ်တစ်ခု ဖြစ်သည်ဟု မှတ်ယူရပေမည်။

အချုပ်အားဖြင့် ဗုဒ္ဓ၏သာသနာ၌ ကာမဂုဏ်ခံစားသော်လည်း အကျင့်သီလရှိသော လူတို့အတွက် နေရာကဏ္ဍ အထင်အရှားရှိ၏။ ထိုသူတို့ကို ဗုဒ္ဓချီးမွမ်းတော်မူကြောင်း သေချာခိုင်မာသော အထောက်အထားမှာ အောက်ပါပိဋကတ်ဒေသနာဖြစ်၏။

"အိုရဟန်းတို့၊ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ဝေဇယန္တာ ပြာသာဒ် ထက်မှ ဆင်းသက်၍ များစွာသော အရပ်မျက်နှာတို့ကို လက်အုပ်ချီလျက်ရှိခိုး၏။ ထိုအခါ မာတလိနတ်သားက အကျိုးအကြောင်း မေးမြန်းရာ သိကြားမင်းက ဤသို့ဆို၏။ "အို မာတလိ၊ ခပ်သိမ်းကုန်သော လူတို့သည် လည်းကောင်း၊ နတ်မင်းကြီးနှင့် တာဝတိံသာနတ်တို့ သည်လည်းကောင်း ငါ့ကို ရှိခိုးကြကုန်၏။ ငါသည်ကား သီလသမာဓိနှင့် မြတ်သောအကျင့်ကို ကျင့်သုံးသော ရဟန်းတို့ကို ကောင်းစွာရှိခိုး၏။ အိမ်၌နေသူ လူဖြစ်ကုန်လျက် ကောင်းမှုကုသိုလ်ကို ပြုလေ့ရှိကုန်သော၊ သီလရှိကုန်သော အကြင်ဥပါသကာတို့သည် တရားနှင့်အညီ ရှာမှီး၍ သားမယားကို မွေးမြူကြကုန်၏။ ထိုဥပါတကာတို့ကိုလည်း ငါသည်ရှိခိုး၏။" (သံယုတ္တနိကာယ်၊ သက္ကသံယုတ်၊ သက္ကနမဿသုတ်)

*

"ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန်ပြုသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်၍ နောက်ကာလ၌ ဗုဒ္ဓ၏အမည်သည် ဒဏ္ဍာရီများအကြားတွင် မှုန်ရီဝိုးတဝါး ဖြစ်ခဲ့သော်လည်း ဗုဒ္ဓ၏ဂုဏ်သည် နောက်မှပေါ်သော များစွာသော ဘာသာရေးခေါင်းဆောင်များ၏ ဂုဏ်ထက် ပိုမိုထင်ရှား၏။ ဤအချက်သည် ဗုဒ္ဓ၏ ထူးခြားသော သီလ သမာဓိဂုဏ်ကို အထင်အရှား သက်သေခံလျက်ရှိ၏။"[၁]

ဤသို့ဖြင့် အင်္ဂလိပ် ဗုဒ္ဓစာပေပညာရှင် **ဆာချားစ်အဲလီယော့**သည် ဗုဒ္ဓကို ချီးကျူးခဲ့၏။ မှန်လှ၏။ အိန္ဒိယ ဘာသာဝါဒသမိုင်းတွင် မြောက်မြားလှစွာသော ဘာသာရေးခေါင်းဆောင်များထက် ပိုမိုထင်ပေါ်နေခြင်းသည် ဗုဒ္ဓ၏ ထူးခြားသော ဂုဏ်ဖြစ်၏။ ဗုဒ္ဓကို မီလိုက်သောသူတို့ကသော်လည်းကောင်း၊ မမီလိုက်သော်လည်း ရှေးအစဉ်အဆက် စကားများကို ကြားဖူးသောသူတို့က သော်လည်းကောင်း ဗုဒ္ဓကို ကြည်ညိုကြခြင်းမှာ စင်စစ် အံ့ဩစရာမရှိချေ။ အဘယ်ကြောင့်ဆိုသော် ပိဋကတ်ကျမ်းစာများမှ ဗုဒ္ဓအကြောင်းအရာများကို ယနေ့ဖတ်ရှုလေ့လာကြသော အနောက်နိုင်ငံပညာရှင်တို့သည်ပင် ဗုဒ္ဓကို ကြည်ညိုကြရ၏။ ဤနေရာ၌ ဗုဒ္ဓ၏တရားကို ကြိုက်နှစ်သက်သော ပညာရှင်များကို ကျွန်ုပ်တို့ မညွှန်ပြလိုချေ။ ဗုဒ္ဓလက်ထက်က သစ္စကပရိဗိုဇ်ကဲ့သို့ ဗုဒ္ဓဝါဒကို မနှစ်သက်သော်လည်း ဗုဒ္ဓကို ကြည်ညိုလေးစားသော အချို့ပညာရှင်တို့၏ ထင်မြင်ချက်များကိုသာ ဖော်ပြပါအံ့။

အင်္ဂလိပ်ပညာရှင် **ဆာဗာရီဒေးကီ**သည် ဗုဒ္ဓဝါဒကို လက်မခံချေ။ သို့ရာတွင် သူက "ဗုဒ္ဓဝါဒသည် ချွတ်ယွင်းချက်များ၊ ရှေ့နောက်မညီညွတ်မှုများ ရှိသော်လည်း ဗုဒ္ဓသည် အာရှတိုက်မှ ထွက်ပေါ်ခဲ့သော ခေါင်းဆောင်များအနက် ကြည်ညိုဖွယ်အကောင်းဆုံး ပုဂ္ဂိုလ်ကြီး ဖြစ်ပါပေသည်"ဟု ရေးသားခဲ့၏။[၂]

ပြင်သစ်ပညာရှင် **ဗာသီလီမီ စိန့် ဟီလာရီ**သည် ဗုဒ္ဓဝါဒကို ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်သောသူ ဖြစ်၏။ သို့ရာတွင် သူက "ဗုဒ္ဓ၏ ဘဝဖြစ်စဉ်သည် အပြစ်အနာကင်း၏။ ဗုဒ္ဓသည် အာဇာနည်စိတ်ဓာတ်ရှိမှု ကိုယ်ကျိုးမငဲ့ကွက်မှု မေတ္တာဓာတ်ကြီးမားမှုနှင့် စိတ်နှလုံး နူးညံ့သိမ်မွေ့မှုတွင် စံပြပုဂ္ဂိုလ်ဖြစ်ပေသည်"ဟု ရေးသား၏။[၃]

ပရိဖက်ဆာ **မက်စ်မူလာ**သည် ရှေးအိန္ဒိယ ဘာသာဝါဒများကို နိုက်ချွတ်လေ့လာခဲ့သော ဂျာမန်ပညာရှင်ဖြစ်၏။ ဗုဒ္ဓဝါဒမှာ သူနှစ်သက်သော ဝါဒမဟုတ်။ သို့ရာတွင် သူသည် ဗုဒ္ဓကို ကြည်ညိုလေးစား၏။ သူက "ဗုဒ္ဓကို အပြိုင်အဆိုင် ချီးကျူးကြသော ခရစ်ယာန် သာသနာပြု ဆရာတို့၏ ရေးသားချက်များကို ဖတ်ရှုရသောအခါ ကျွန်ုပ်တို့မှာ ကိုယ့်မျက်စိကိုပင် ယုံနိုင်စရာမရှိပါ"ဟု ဆိုလေသည်။[၄]

---

၁။ **C. Eliot: Hinduism and Buddhism Vol I , pp. 131**

၂။ **A.B.Keith: Buddhist Philosophy, pp. 147**

၃။ **B. Saint. Hilaire: The Buddha and His Religion, pp. 11**

၄။ **Max Müller: Studies in Buddhism. pp. 50-51**

**အဒေါ့ထောမတ်**သည် ဂျာမန် ခရစ်ယာန်ဘုန်းကြီးတစ်ပါး ဖြစ်၏။ သူသည် တစ်ခါက အမေရိကန်မြို့ကြီးများသို့ လှည့်လည်၍ ဗုဒ္ဓဝါဒအကြောင်းကို ဟောပြောဖူး၏။ သူသည် ဗုဒ္ဓဝါဒကို ကဲ့ရဲ့ရှုတ်ချ၏။ သို့ရာတွင် ဗုဒ္ဓကိုကား အောက်ပါအတိုင်း ချီးကျူးဟောပြောခဲ့ပေသည်။

"ဗုဒ္ဓသည် စိတ်နှလုံးမြင့်မြတ်၍ သိမ်မွေ့နူးညံ့၏။ မိမိ၏ ယုံကြည်ချက်အတွက် ဘာမဆို စွန့်ရဲသော ယောက်ျားအာဇာနည်တို့၏ နှလုံးရည်နှင့် ပြည့်စုံ၏။ သီလသမာဓိနှင့် ဉာဏ်ပညာအရာ၌ အခြားသူများထက် မြင့်မြတ်၏။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ငါးရာကျော်က ပေါ်ထွက်ခဲ့သော ဗုဒ္ဓသည် ၁၉ ရာစုခေတ် သိပ္ပံပညာရှင်တို့ တွေ့ရှိသော အချက်များကို ကြိုတင်သိမြင်ခဲ့၏။ လွတ်လပ်စွာ တွေးခေါ်မှုကို လိုလား၍ ယခုကာလ သိပ္ပံပညာရှင်တို့ကဲ့သို့ လွတ်လပ်စွာ ဆင်ခြင်သုံးသပ်၏။

"ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်သည်မှာ နှစ်ပေါင်း နှစ်ထောင်ကျော်ပြီဖြစ်သော်လည်း ဗုဒ္ဓကို လူတို့ မမေ့ကြသေးချေ။ ဗုဒ္ဓ၏ အမည်သတင်းသည် ဥရောပနှင့် အမေရိကတိုက်များသို့ပင် ပျံ့နှံ့ထင်ရှား၏။ အာရှတိုက်၌ လူသန်းပေါင်း ၃၇၀ တို့၏ ကိုးကွယ်ခြင်းခံရသော ဗုဒ္ဓသည် ဥရောပနိုင်ငံများ၌လည်း ပညာရှင်အတော်များများ၏ စိတ်ဓာတ်ကို ဆွဲဆောင်နိုင်ခဲ့၏။ **ရှိပင်ဟွာနှင့် ကင်ကယ်**[၁] အရှိသော ဂျာမန်အဘိဓမ္မာဆရာနှင့် ကဗျာစာဆိုတို့သည် ဗုဒ္ဓကို ရှိခိုးပူဇော်ကြ၏။"[၂]

* * *

---

၁။ **Schopenhauer and Kinkel**

၂။ **Paul Carus: Buddhism and its Christian Critics, pp. 279-282**

# အခန်း (၅)

# ဒုက္ခသစ္စာ

ပညာရှိသည် ချမ်းသာသုခကို မရှာဘဲ
ဆင်းရဲ ဒုက္ခမှ ကင်းလွတ်မှုကိုသာရှာသည်။

အရစ္စတိုတယ်

သံသရာဝဋ်ဆင်းရဲကို ဖော်ပြ၍
ထိုဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်လမ်းကို ညွှန်ပြသော
ဗုဒ္ဓဝါဒကို စိတ်ပျက်ဖွယ်ရာ ဒုက္ခဝါဒဖြစ်သည်ဟု မဆိုနိုင်ချေ။

ရန်အောင်စာပေ

# အခန်း (၅)

# ဒုက္ခသစ္စာ

ဗုဒ္ဓ၏ ပဓာနရည်ရွယ်ချက်သည် လူသတ္တဝါတို့အား ဆင်းရဲဒုက္ခ ချုပ်ငြိမ်းရာ နိဗ္ဗာန်လမ်းခရီးကို ညွှန်ပြရန်ဖြစ်၏။ ဗုဒ္ဓသည် ထိုရည်ရွယ်ချက်နှင့် ဆက်စပ်ခြင်းမရှိသော အချို့တရားများကို ဟောတော်မမူချေ။ ဗုဒ္ဓလက်ထက်က အချို့လူတို့သည် လောကသည် အဆုံးရှိသလော၊ မရှိသလော။ ဇီဝနှင့် ခန္ဓာကိုယ်သည် ထပ်တူဖြစ်သလော၊ တခြားစီဖြစ်သလော၊ ရဟန္တာသည် ပရိနိဗ္ဗာန်ပြုပြီးနောက် ရှိသလော၊ မရှိသလော စသော ပြဿနာများ၌ စိတ်ဝင်စား၍ ဗုဒ္ဓအား မေးလျှောက်ကြ၏။ ဗုဒ္ဓသည် ထိုမေးခွန်းများမှာ မဂ်ဖိုလ်နိဗ္ဗာန်ခရီး၌ ခလုတ်ဆူးငြောင့်များ ဖြစ်သည်ဆို၍ မည်သို့မျှ ဖြေတော်မမူချေ။

ထိုပြဿနာများကို မေးလျှောက်သော မာလုကျပုတ္တရဟန်းအား ဗုဒ္ဓက "မာလုကျ၊ ဥပမာသော်ကား အဆိပ်လူးမြားမှန်၍ ဒဏ်ရာရသော လူတစ်ဦးသည် အကယ်၍ ချက်ချင်းအကုအသမခံဘဲ မိမိအား ရန်ပြုသောသူ၏ အမည် အမျိုး ဇာတ်၊ ပုံပန်းသဏ္ဌာန်၊ နေထိုင်ရာအရပ်ဒေသ စသည်တို့ကို စုံစမ်းမေးမြန်းနေပါက အသက်သာလျှင် ဆုံးရှုံးရာ၏။ ထို့အတူ သင်သည် ဤပြဿနာများ၏ အဖြေသိရှိမှသာ ရဟန်းတရား အားထုတ်မည်ဆိုပါက သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်မည်မဟုတ်။ ထိုပြဿနာများသည် အဖြေမည်သို့ဖြစ်သည်ဆိုစေ၊ လောက၌ ဒုက္ခတရားသည် မုချရှိ၏။ ထိုပြဿနာများသည် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာနိဗ္ဗာန်အကျိုးငှာ မဖြစ်သောကြောင့် ငါသည် မဖြေကြားဘဲ သစ္စာလေးပါးတရားကိုသာ ဟောသည်"ဟု မိန့်ကြား၏။ (မဇ္ဈိမနိကာယ်၊ စူဠမာလုကျသုတ်)

သစ္စာလေးပါးတွင် ရှေးဦးပထမ သစ္စာမှာ ဒုက္ခသစ္စာဖြစ်၍ ဗုဒ္ဓဝါဒီအဖို့ ဒုက္ခတရားကို ခြေခြေမြစ်မြစ် သိမြင်နားလည်ရန် အရေးကြီး၏။ ထေရဝါဒသည် တိုင်းပြည်ငြိမ်းချမ်း၍ ချမ်းသာကြွယ်ဝသော အမေရိကန်ပြည်ထောင်စု၌ အားနည်း၍ ၂၀ ရာစုနှစ်အတွင်းက စစ်ဘေးစစ်ဒဏ်နှင့် ဆင်းရဲဒုက္ခအမျိုးမျိုး ကြုံတွေ့ခဲ့ရသော အင်္ဂလန်နှင့် ဂျာမနီနိုင်ငံများ၌ အတော်အတန် ပျံ့နှံ့နေခြင်းမှာ အကြောင်းမဲ့မဟုတ်ချေ။ အာရှတိုက်ရှိ ထေရဝါဒနိုင်ငံများ၌မူ လူတို့သည် အများအားဖြင့် ဒုက္ခတရားကို ကောင်းစွာ မသိမမြင်ကြသောကြောင့် ဗုဒ္ဓဝါဒကို ကျေကျေညက်ညက် နားလည်ကြဟန် မတူချေ။

ဒုက္ခတရားကိုဟောသော ဗုဒ္ဓဒေသနာများ၌ အိုမှု၊ နာမှုနှင့် သေမှုကို ရှေ့တန်းသို့ တင်ထားခြင်းမှာ လောက၌ အလွန်ထင်ရှား၍ လူတိုင်းကြုံတွေ့ရသောကြောင့် လူအများ နားလည်ရန် ပြဆိုထားခြင်းဖြစ်၏။ အမှန်ဆိုသော် အိုမှု၊ နာမှု၊ သေမှု လုံးဝကင်းသော အခါ၌ပင် ဤလူ့ဘုံသည် ထာဝရ သာယာငြိမ်းချမ်းသော ဘုံဖြစ်ပါမည်လောဟု သံသယ ဖြစ်ဖွယ်ရှိ၏။ ဤအကြောင်း စဉ်းစားရန်အချက်ကို ရှေ့၌ဖော်ပြပါအံ့။ စင်စစ် ဗုဒ္ဓ သည် ဘုရားမဖြစ်မီက ဇရာ၊ ဗျာဓိနှင့် ပရဏဘေးကိုမြင်၍ ရဟန်းပြုခြင်းမဟုတ် ကြောင်း ဆိုင်ရာဒေသနာများကို ပြဆိုခဲ့ပေပြီ။

ခမ္မစကြာသုတ်၌ အိုမှု၊ နာမှု၊ သေမှုလောက် လူတို့ဂရုမပြုမိသော ဒုက္ခနှစ်မျိုးကို ဗုဒ္ဓ ဟောကြားထား၏။ ယင်းတို့မှာ အလိုဆန္ဒမပြည့်ဝမှုနှင့် အလိုဆန္ဒအညီ မဖြစ်မှု၊ သို့မဟုတ် အလိုဆန္ဒနှင့် ဆန့်ကျင်၍ဖြစ်မှု၊ (ဝါ) ရတာမလို၊ လိုတာမရမှု ဖြစ်၏။ စေတသိက ဒုက္ခများဖြစ်၍ ကာယိကဒုက္ခမျိုးကဲ့သို့ မထင်ရှားစေကာမူ ပုဂ္ဂိုလ်သတ္တဝါ တိုင်း ကြုံတွေ့ရတတ်ခြင်းကို ယုံမှားစရာမရှိချေ။

ဒုက္ခတရားကို သိမြင်မှုသည် ဘဝအတွေ့အကြုံပေါ်၌ မတည်ချေ။ အတွေ့အကြုံ သာလျှင် ပမာဏဖြစ်ပါက ဆရာဝန်များသည် ဒုက္ခတရားကို အများဆုံးသိမြင်သောသူ များ ဖြစ်ရပေလိမ့်မည်။ မျက်မြင်အားဖြင့် ဆင်းရဲဒုက္ခရောက်နေပါလျက် ပျော်ရွှင်နေ သူများမှာ မနည်းလှချေ။ ဗုဒ္ဓလက်ထက်မှစ၍ ယနေ့အထိ ဒုက္ခတရားကို သိမြင်၍ လူ့ဘဝကို ငြီးငွေ့သောသူတို့မှာ အများအားဖြင့် ဘဝအခြေအနေ မြင့်မား၍ စည်းစိမ် ချမ်းသာ ခံစားခဲ့ကြသော ပုဂ္ဂိုလ်များဖြစ်၏။ ဒုက္ခတရား သိမြင်မှုသည် အသိပညာရှိမှု ကာမဂုဏ်ကျော နည်းပါးမှုနှင့် ဆက်စပ်နေဟန်ရှိ၏။ စင်စစ် ကာမဂုဏ်ချမ်းသာ၌ များစွာမပျော်မွေ့ဘဲ အသိပညာ အသင့်အတင့်ရှိသော ပုဂ္ဂိုလ်သည် လူ့လောက၊ လူ့ ဘဝကို ယထာဘူတကျကျ ဆင်ခြင်သုံးသပ်ပါက ဒုက္ခသစ္စာကို လေးလေးနက်နက် သိမြင်လာမည် အမှန်ဖြစ်၏။

ကမ္ဘာ့သမိုင်းတစ်လျှောက်၌ လူတို့သည် လျောင်လှုပ်ခြင်း၊ မီးလောင်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်းစသော သဘာဝ ဘေးအန္တရာယ်များကြောင့်

ဆင်းရဲဒုက္ခ ကြုံတွေ့ခဲ့ကြရ၏။ ယခုလည်း သဘာဝတရား၏ ဖောက်ပြန်မှုကြောင့် လူအမြောက်အမြား သေကြေပျက်စီးခြင်း၊ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း စသောသတင်းများ မကြာခဏ ကြားသိရ၏။ လူသည် သဘာဝတရား၏ ထောင်းထုခြင်းကို ခံရသည့်အပြင် လူလူချင်း ညှဥ်းပန်းနှိပ်စက်မှုကိုလည်း ခံရ၏။ လူတို ကြုံတွေ့ရသော ဤဒုတိယ ဆင်းရဲဒုက္ခမျိုးသည် ရှေးပဝေသဏီမှစ၍ ယနေ့တိုင် အတိုင်းတိုင်း၊ အပြည်ပြည်၌ ပေါ်ပေါက် ခဲ့သော စစ်ပွဲများ၊ ဖိနှိပ်ချုပ်ချယ်မှုများ၊ အနိုင်ကျင့်မှုများ၊ မတရားပြုကျင့်မှုများ စသည် တို့ဖြင့် ထင်ရှား၏။ ထို့ကြောင့် ရောမနိုင်ငံ သမိုင်းကျမ်းကြီးကို ပြုစုရေးသားခဲ့သော အင်္ဂလိပ်ပညာရှင် ဂစ်ဗွန်က "လူ့သမိုင်းမည်သည် လူတို့၏ မိုက်မဲဆိုးသွမ်းမှု၊ ရက်စက်ကြမ်းကြုတ်မှုနှင့် ဒုစရိုက်ပြစ်မှုများအကြောင်း မှတ်တမ်းမျှသာ ဖြစ်ပေသည်"ဟု ရေးသားခဲ့၏။(၁)

သို့ဖြစ်စေကာမူ ယနေ့ကမ္ဘာသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာက ကမ္ဘာနှင့် မတူဘဲ သိသိသာသာ ပြောင်းလဲလျက်ရှိသည်။ ယခုခေတ် လူတို့သည် သမိုင်းအတွေ့အကြုံ သမိုင်းသင်ခန်းစာများကြောင့် အသိအမြင် တိုးပွား၍ ကမ္ဘာ့လူထုကောင်းစားရေးကို အာရုံစူးစိုက်လာကြသည်။ လူ့လောက ကြီးပွားချမ်းသာမှုအတွက် မှီခိုအားထားရာဖြစ်သော သိပ္ပံပညာသည် အလျင်အမြန် တိုးတက်နေသည်။ ကမ္ဘာ့ကုလသမဂ္ဂကလည်း ကမ္ဘာ့ငြိမ်းချမ်းရေးကိစ္စများကို ရှေးရှုဆောင်ရွက်နေသည် စသည်ဖြင့် အချို့ပုဂ္ဂိုလ်တို့က လူ့ဘောင်ဆင်းရဲဒုက္ခ ကင်းငြိမ်းမည့် နိမိတ်လက္ခဏာများကို ထောက်ပြကြ၏။

မျက်မြင်ဒိဋ္ဌအားဖြင့်မူ ကမ္ဘာ့ဆင်းရဲသားလူထု၏ စားဝတ်နေမှု ဘဝမြှင့်တင်ရန် ပေါ်ထွန်းလာသည်ဆိုသော ဆိုရှယ်လစ်စီးပွားရေးစနစ်မှာ မအောင်မြင်ဘဲ ကမ္ဘာအရပ်ရပ်၌ မရှုမလှ ကျဆုံးနေပေပြီ။ ကမ္ဘာ့ကုလသမဂ္ဂသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်ဖြစ်မှု၊ ပြည်တွင်းစစ်ဖြစ်မှုများကို မတားဆီးနိုင်ဘဲ လျစ်လျူရှုနေရသည်က များ၏။ သိပ္ပံပညာသည် အံ့ဘွယ်လိလိ တိုးတက်နေသော်လည်း ၎င်း၏ အသီးအပွင့်များကို ကမ္ဘာ့လူထုက ပြည့်ပြည့်ဝဝ မခံစားကြရသေးချေ။ တစ်ဖက်တွင် သိပ္ပံပညာ၏ တီထွင်မှုများကြောင့် လူနေမှုဘဝ သက်သာချောင်ချိလာသည်နှင့်အမျှ အခြားတစ်ဖက်၌ ဓာတုလက်နက်၊ ဇီဝလက်နက် စသော လက်နက်အသစ်အဆန်းများကြောင့် လူမျိုးသုဉ်း စစ်ဖြစ်မည့် အန္တရာယ်ကို ကြောက်ရွံ့နေကြရ၏။

လောက၌ အကောင်းနှင့်အဆိုးသည် အမြဲလိုလို ဒွန်တွဲနေတတ်၏။ ဣဋ္ဌာရုံကို စွဲမက်နေသောကြောင့် လူတို့သည် ယင်း၏နောက်မှ မသိမသာ ထက်ကြပ်ပါလာသော အနိဋ္ဌာရုံ အကျိုးဆက်ကို မသိမြင်ကြချေ။ ဆေးသိပ္ပံပညာ၏ တိုးတက်မှုကြောင့် လူတို့သည် ရှေးကထက်ပို၍ ကျန်းမာအသက်ရှည်လာကြ၏။ သို့ရာတွင် ထိုတိုးတက်မှုကို အကြောင်းပြု၍ နိုင်ငံအတော်များများ၌ အဆမတန် တိုးပွားလာသော လူဦးရေပြဿနာကို ရင်ဆိုင်နေကြရ၏။ အချို့အသိပညာရှင်တို့ကလည်း ဆေးပညာသည်

---

၁။ **Gibbon: The Decline and Fall of Roman Empire**

ကျန်းမာရေးဗိဇ ဓာတ်ခံ ညံ့ဖျင်းသောသူတို့အား အသက်ဆက်ပေးသောကြောင့် ကမ္ဘာပေါ်၌ သူတစ်ပါးကို မှီခိုနေရသော ဒုက္ခိတလူနာများ တစ်နေ့တခြား တိုးပွားနေပါသည်ဟု ဆိုကြ၏။

ဆေးသိပ္ပံပညာသည် အတိုင်းမသိ တိုးတက်၍ တစ်နေ့သောအခါ ကမ္ဘာပေါ်၌ အိုဘေး၊ နာဘေး လုံးဝပျောက်ကွယ်၍ သေခြင်းတရားကို လူတို့ မလွန်ဆန်နိုင်သည့်တိုင် နှစ်ပေါင်း ၁၂၀ အထိ အသက်ရှည်သည် ဆိုကြပါစို့။ ထိုသို့သော လူ့လောက၌ ကြောက်ခမန်းလိလိ လူဦးရေတိုးပွား၍ ပိုမိုဆိုးရွားသော ဆင်းရဲဒုက္ခ အမျိုးမျိုးကြုံတွေ့ကြရမည် အမှန်ဖြစ်၏။ အိုခြင်း၊ နာခြင်း လုံးဝကင်းသောလူတို့သည် ချမ်းသာသုခရရှိကြလိမ့်မည်ဟူ၍လည်း မည်သူမျှ အသေအချာ မပြောဆိုနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် လူတို့ နေ့စဉ်သွားလာလုပ်ကိုင်မှု၏ အဓိကအကြောင်းတစ်ရပ်မှာ အိုနာသေဘေးမှ ကာကွယ်ရန်ဖြစ်ပေရာ ထိုအကြောင်းတရား မရှိသောအခါ၌ အလုပ်လုပ်လိုသော စိတ်ဆန္ဒ နည်းပါး၍ ပျင်းရိငြီးငွေ့လာကြမည် မုချဖြစ်၏။

ဘဝကိုငြီးငွေ့မှုသည် ကမ္ဘာပေါ်၌ မတောင့်မတ မကြောင့်မကြနေကြရသော အနည်းငယ်သော လူတစ်စု ကြုံတွေ့ရသည့် ဆင်းရဲဒုက္ခတစ်မျိုးဖြစ်၏။ သူတို့၏ ဘဝငြီးငွေ့မှုမှာ ဘုရားအလောင်း၏ ငြီးငွေ့မှုကဲ့သို့ အသိပညာနှင့်ယှဉ်သော ငြီးငွေ့မှုမဟုတ်သောကြောင့် မကောင်းသော အထူးသဖြင့် မိမိကိုယ်ကိုဖျက်ဆီးမှု အကျိုးဆက်များ ပေါ်ပေါက် လာစမြဲဖြစ်၏။ သို့ဖြစ်၍ ယနေ့ ကြီးပွားချမ်းသာနေသော အနောက်နိုင်ငံများ၌ မူးယစ်ဆေးဝါး မှီဝဲသူ၊ ကာမဖောက်ပြန်သူ၊ စိတ္တဇရောဂါစွဲကပ်သူနှင့် မိမိကိုယ်မိမိ သတ်သေသောသူများတွင် ဘဝပြီးပြည့်စုံသောကြောင့် ပျင်းရိငြီးငွေ့နေသော ပုဂ္ဂိုလ်အတော်များများ ပါဝင်ကြောင်း သိရှိရ၏။

ဘဝငြီးငွေ့သော လူတို့၏ ပြည့်စုံမှုသည် ရုပ်တရားပြည့်စုံမှုသာလျှင်ဖြစ်၍ နာမ်တရားဘက်ကလည်း ပြည့်စုံလျှင် ပျင်းရိငြီးငွေ့ခြင်း ဖြစ်မည်မဟုတ်ဟု အချို့လူများက ဆိုကြပေလိမ့်မည်။ သို့ရာတွင် လူသည် အသိတရား တိုးပွားလာလေ၊ လောက၌ မပျော်မွေ့ဘဲ စိတ်ပျက်ငြီးငွေ့လာလေ ဖြစ်တတ်၏။ ဘာမျှမသိတတ်သော ကလေးသည် အပျော်ရွှင်ဆုံးဖြစ်၏။ ယောကျာ်းသည် အများအားဖြင့် မိန်းမထက် စိတ်ဓာတ်ရင့်ကျက်မှု၊ နိုင်ငံရေး လူမှုရေးကိစ္စများ၌ စိတ်ဝင်စားမှု၊ ဆင်ခြင်စဉ်းစားမှုရှိ၍ မိမိကိုယ်မိမိ သတ်သေသောသူများ၊ စိတ္တဇရောဂါ စွဲကပ်သူများတွင် ယောကျာ်းဦးရေကပိုများ၏။ အသိပညာအရပ်ရပ်၌ ထူးချွန်ပြောင်မြောက်သော ဉာဏ်ကြီးရှင်များသည် ပတ်ဝန်းကျင် လူ့လောကနှင့် ခွင်မကျဘဲ စိတ်ပျော်ရွှင်မှု ကင်းဝေးကြ၏။ သို့ဖြစ်၍ ထိုကမ္ဘာ့ဉာဏ်ကြီးရှင်များတွင် စိတ်ပုံမမှန် ဖောက်ပြန်သောသူများမှာ မနည်းလှချေ။

လူ၏ အသိတရား တိုးတက်မှုနည်းတူ ကိုယ်ကျင့်တရား တိုးတက်မှုသည်လည်း စိတ်ဆင်းရဲမှုနှင့် ဆက်စပ်နေကြောင်း **ဆိုင်ကိုအနာလစ်**(၁) စိတ်ပညာရှင် **ဆစ်ဂမန်ဖရွိက်**က

---

၁။ **Psychoanalysis**

သူ၏စာအုပ်များ၌ အကျယ်ပြဆိုထား၏။[၁] သူ၏ အဆိုအားဖြင့် လူသည် စိတ်ယုတ်၊ စိတ်ညံ့များကို နှိပ်ကွပ်ဆုံးမ၍ ယဉ်ကျေးလာသော်လည်း ထိုကိလေသာစိတ်များသည် အကြွင်းမဲ့ ချုပ်ငြိမ်းမသွားဘဲ မနောဝိညာဏ်၏ အောက်ပိုင်း၌ မသိစိတ်အဖြစ် ကိန်းအောင်းနေကြ၏။ ယင်းတို့သည် မနောဝိညာဏ်၏ အပေါ်လွှာသို့ အသွင်အမျိုးမျိုးဖြင့် တစ်ခါတစ်ရံ ပေါ်လာ၍ စိတ်ကောင်းနှင့်စိတ်ယုတ်သည် ပဋိပက္ခဖြစ်ကာ လူသည် စိတ်မကျေနပ်ခြင်း၊ မတည်ငြိမ်ခြင်း၊ စိတ်ဆင်းရဲခြင်းစသော ဒေါမနဿ ဝေဒနာများကို ခံစားရ၏။ ထို့ကြောင့် စိတ်လွတ်လပ်သော လူရိုင်းများမှာထက် စိတ်ထိန်းချုပ်ထားသော နိုင်ငံကြီး သား 'လူယဉ်ကျေး'များတွင် စိတ္တဇရောဂါ စွဲကပ်သူ ပိုမိုပေါများသည်ဟု စိတ်ပညာ ရှင်တို့က ဆိုကြ၏။ စင်စစ် အနုသယကိလေသာကို လှုံ့ဆော်အားပေးသော ကာမအာရုံ များ လွှမ်းမိုးနေသည့် လူ့လောကသည် ကိုယ်ကျင့်တရားကို မြတ်နိုးသောသူနှင့် မသင့် လျော်ချေ။ ထို့ကြောင့် သူတော်သူမြတ်တို့သည် လူ့ဘောင်ကို ရှောင်ခွာ၍ တောထွက်ကြခြင်း ဖြစ်ပေသည်။

ဤသို့ လူ၏တိုးတက်မှုသည် အဘက်ဘက်၌ ဆင်းရဲဒုက္ခနှင့် ဒွန်တွဲနေသောကြောင့် လောက၌ ချမ်းသာသုခဟူ၍ ဧကန်စင်စစ် ရှိပါ၏လောဟု သံသယဖြစ်ဖွယ်ရှိ၏။ ဂျာမန်ဒဿနိကဆရာ ရှိပင်ဟွာက လောက၌ ဆင်းရဲဒုက္ခသည်သာ ထင်ရှားရှိ၍ ဆင်းရဲဒုက္ခ ကင်းငြိမ်းခြင်းသည်ပင် ချမ်းသာသုခဖြစ်သည်ဆို၏။ ဂရိပညာရှိ **အီပီကုရပ်**[၂] က "စိတ်ချမ်းသာမှုကို မရှာကြအပ်။ ဆင်းရဲဒုက္ခမှ လွတ်မြောက်မှုကို ရှာကြအပ်၏။ စိတ်ပျော်ရွှင်မှုသည် ဒုက္ခနှင့် အမြဲဒွန်တွဲနေတတ်သည်"ဆို၏။ ကမ္ဘာကျော် ရှေးဂရိ အဘိဓမ္မာဆရာကြီး **အရစ္စတိုတယ်**[၃] ကလည်း "ပညာရှိသည် ချမ်းသာသုခကို မရှာဘဲ ဆင်းရဲဒုက္ခမှ ကင်းလွတ်မှုကိုသာရှာသည်"ဟု ရေးသားခဲ့၏။

ထိုအသိပညာရှင်တို့၏ ထင်မြင်ချက် မှားသည်ဟု မဆိုနိုင်ချေ။ ကမ္ဘာလူသားအား လုံး အမြဲလိုလားတောင့်တသော ချမ်းသာသုခသည် ကျန်းမာမှုဖြစ်၍ ကျန်းမာမှုသည် အနာရောဂါကင်းမှု အဖြစ်ဖြင့်သာလျှင် ထင်ရှားသည် မဟုတ်ပါလော။ ဗုဒ္ဓဝါဒီတို့အဖို့ အမြတ်ဆုံးသုခဖြစ်သော နိဗ္ဗာန်သည် ကိလေသာတရားအားလုံး ဆိတ်သုဉ်းမှု၊ ဆင်းရဲ ဒုက္ခအားလုံး ချုပ်ငြိမ်းမှုဖြစ်ကြောင်း ပိဋကတ်စာပေ၌ ပြဆိုထားခြင်းကိုလည်း ကျွန်ုပ်တို့ အထူးသတိပြုသင့်ပေ၏။

စင်စစ် လူတို့ သိသိမှတ်မှတ် မျှော်မှန်းသောအရာသည် ချမ်းသာသုခမဟုတ်ဘဲ အလိုဆန္ဒ ပြည့်ဝမှုဖြစ်၏။ ချမ်းသာသုခသည် အလိုဆန္ဒ ပြည့်ဝမှုနှင့်ယှဉ်၍ ဖြစ်ပေါ်သော ဝေဒနာစေတသိက်ဖြစ်၍ ယင်းကို တမင်သက်သက် ရှာကြပါက အချည်းနှီးဖြစ်တတ်၏။ ကာမချမ်းသာကို မက်မော၍ အစားကြူး၊ ကာမကြူးသောသူသည် တင်းတိမ်ရောင့်ရဲမှု

---

၁။ **Psychoanalysis: Sigmund Freud**

၂။ **Epicurus** ၃။ **Aristotle**

မရှိဘဲ စိတ်ဆင်းရဲရတတ်၏။ မိမိ စိတ်ချမ်းသာမှုအတွက် အိမ်ထောင် ပြုသောသူသည် အိမ်ထောင်ရေးပြဿနာများကို ရင်ဆိုင်ရသောအခါ ခံနိုင်ရည်မရှိဘဲ စိတ်မချမ်းမသာ ဖြစ်ရမည် အမှန်ဖြစ်၏။ ချမ်းသာသုခကို မစဉ်းစားဘဲ ဤလူ့ဘဝသည် ဒုက္ခဘုံဖြစ်ကြောင်း သိမှတ်ထားသော ပုဂ္ဂိုလ်သည်သာလျှင် ဘဝခရီးလမ်း၏ အခက် အခဲများကို ကြံ့ကြံ့ခံနိုင်သော နှလုံးရည် ရှိပေလိမ့်မည်။

ပုထုဇဉ် လူသတ္တဝါတို့၏ စိတ်ဆင်းရဲရခြင်းသည် အချုပ်အားဖြင့် အလိုဆန္ဒ မပြည့်ဝမှုကြောင့် ဖြစ်၏။ အလိုဆန္ဒတစ်ခုပြည့်၍ ရရှိသော နှစ်သိမ့်ကျေနပ်မှုသည် မမြဲသော အနိစ္စတရား ဖြစ်ရကား အလိုဆန္ဒတစ်ခု ပြည့်သောအခါ နောက်တစ်ခု ပေါ်လာ စမြဲဖြစ်၏။ ထူးထွေများပြားသော အလိုဆန္ဒအားလုံး ပြည့်ဝရန်လည်း မဖြစ်နိုင်ချေ။ ထို့အပြင် လူတို့သည် စိတ်ဓာတ်စရိုက်၊ အသိအမြင်၊ ပတ်ဝန်းကျင်စသည်တို့ မတူသောကြောင့် အလိုဆန္ဒများ ကွဲပြားဆန့်ကျင်နေတတ်၏။ သို့ဖြင့် လူတစ်ဦးကောင်းစားလျှင် အခြားလူ တစ်ဦးမှာ နစ်နာဆုံးရှုံးရ၏။ ကမ္ဘာ့သမိုင်းတစ်လျှောက်၌ အာဏာရှင်တစ်ဦး တည်မြဲရန်အတွက် လူအမြောက်အမြား ဘေးဒုက္ခအမျိုးမျိုး ကြုံတွေ့ရသော သာဓကများ မနည်းလှချေ။

ရှေးပဝေသဏီမှစ၍ ယခုခေတ်အထိ လူ့လောက၌ ပဋိပက္ခဖြစ်မှုများသည် သိသာထင်ရှား၍ အထူး ရေးသားဖော်ပြရန် မလိုချေ။ ကျွန်ုပ်တို့ သတိပြုသင့်သော အချက်သည်ကား ထိုပဋိပက္ခဖြစ်မှုများသည် ဆင်းရဲဒုက္ခကို ဖန်တီးသော်လည်း လူတို့၏ တိုးတက်မှုနှင့် အနည်းအများ ဆက်စပ်နေခြင်းဖြစ်၏။ **ကားမတ်က္စ(စ)**က ပဋိပက္ခရှိမှ တိုးတက်မှုရှိသည်ဟု ဆိုခဲ့ပေရာ ဤစကားသည် ရှေးပညာရှင်တို့အဖို့ အသစ်အဆန်း မဟုတ်ချေ။ သိပ္ပံဆရာကြီးဒါဝင်က ဘဝတည်မြဲရေးအတွက် သတ္တဝါမျိုးစုတို့ အပြိုင် အဆိုင် ရန်းကန်လှုပ်ရှားရာမှ ပြောင်းလဲတိုးတက်လာပုံကို ဖော်ပြခဲ့၏။ သို့ဖြစ်၍ အချို့ပညာရှင်တို့သည် ပဋိပက္ခဖြစ်မှုနှင့် ဆင်းရဲဒုက္ခ လုံးဝကင်းသော လူ့လောကကို မလိုလားကြချေ။ ဘီစီ ၆ ရာစုခေတ်က ဂရိဒဿနိကဆရာ **ဟီရကလိတပ်**[၁]သည် ကမ္ဘာငြိမ်းချမ်းရေးကို လိုလားတောင့်တသော ဂရိစာဆိုကြီး**ဟိုမာ**[၂]ကို ပြစ်တင်ဝေဖန်၍ "**ဟိုမာ**သည် မိမိ၏ ဆုတောင်းပြည့်လျှင် ကမ္ဘာကြီးပျက်စီးမည့်အရေးကို မသိမြင်ချေ။ ဟိုမာ၏ အလိုဆန္ဒပြည့်လျှင် မည်သည့်အရာမဆို ခရီးအဆုံးသို့ရောက်၍ တိုးတက်မှု ရှိတော့မည် မဟုတ်"ဟုဆိုခဲ့၏။

အမှန်ဆိုသော် လူဦးရေ အမြဲတိုးပွား၍ တဏှာလောဘ လွှမ်းမိုးနေသော ဤကမ္ဘာ၌ ထာဝရသာယာငြိမ်းချမ်းမှုကို ဘယ်အခါမျှ မမျှော်လင့်နိုင်ချေ။ လူတိုင်း အလို ဆန္ဒပြည့်မှု၊ သာယာငြိမ်းချမ်းမှုကို ရရှိနိုင်သည်ဆိုစေ ထိုအခါ၌ ဆက်လက်တိုးတက်မှုရှိ၊ မရှိ အပထား၍ ပျင်းရိငြီးငွေ့မှု ဒုက္ခကို လူတို့ရင်ဆိုင်ကြရမည် မုချဖြစ်၏။ လောက၌

၁။ Heraclitus ၂။ Homer

ပျင်းရိငြီးငွေ့သော သူတို့သည် ဆင်းရဲချို့တဲ့သော သူများမဟုတ်ဘဲ အစစအရာရာ ပြည့်စုံ၍ အလုပ်မလုပ်ရသော သူဌေးသူကြွယ်များ ဖြစ်ကြ၏။ လူသည် အငြိမ်မနေဘဲ စိတ်ရောကိုယ်ပါ အမြဲလှုပ်ရှား ဗျာပါရများနေရမှ ကျေနပ်၏။

အခါတစ်ပါး နိဂဏ္ဌာတို့က ဗုဒ္ဓသည် ဗိမ္ဗိသာရမင်းလောက် ချမ်းသာစွာ မနေရဟု ဆိုကြ၏။ ဗုဒ္ဓက သင်တို့ မည်သို့ထင်ကြကုန်သနည်း။ ဗိမ္ဗိသာရမင်းသည် ကိုယ်မလှုပ်ရှားဘဲ၊ နှုတ်ကလည်း ဘာမျှမပြောဘဲ ခုနစ်ရက်ပတ်လုံး ချမ်းသာစွာ နေနိုင်ပါမည်လော"ဟု မေး၏။ ခုနစ်ရက်မဆိုထားဘိ၊ တစ်ရက်မျှပင် နေနိုင်မည်မဟုတ်ပါဟု နိဂဏ္ဌာတို့က ဆိုကြ၏။ ထိုအခါ ဗုဒ္ဓက "ငါသည် ကိုယ်မလှုပ်ရှား၊ စကားမပြောဘဲ ခုနစ်ရက်ပတ်လုံး ချမ်းသာခံစား၍ နေနိုင်သည်။ သို့ဖြစ်၍ မည်သူက ပို၍ချမ်းသာစွာနေရသနည်း"ဟုမေး၏။ နိဂဏ္ဌာတို့က ဗုဒ္ဓက ပို၍ချမ်းသာစွာ နေရပါသည်ဟု ဝန်ခံကြ၏။ (မဇ္ဈိမနိကာယ်၊ စူဠဒုက္ခက္ခန္ဓသုတ်)

ဗုဒ္ဓသည် လူ့ဘဝ၏ ဆင်းရဲဒုက္ခများကို လေးလေးနက်နက် ဟောပြောခဲ့သောကြောင့် အချို့အနောက်တိုင်းသားများက ဗုဒ္ဓဝါဒမှာ လူ့လောက၏ အဆင်မပြေမှု၊ စိတ်ပျက်ဖွယ်ကောင်းမှုများကို ပုံကြီးချဲ့ကာ တစ်ဖက်သတ် အဆိုးရှုမြင်သောဝါဒဖြစ်သည်ဟု ပြောဆိုရေးသားကြ၏။ သို့ရာတွင် လူ့လောက၊ လူ့ဘဝ၏ အခြေအနေကို ယထာဘူတကျကျ စေ့စေ့ဆင်ခြင် သုံးသပ်သော ပညာရှင်အားလုံးသည် ဒုက္ခတရားကို သိမြင်ကြမည်သာ ဖြစ်၏။ ဤနေရာ၌ အမေရိကန်ဒဿနိက စိတ်ပညာရှင် **ဝီလျံဂျိမ်း(စ)**၏ ထင်မြင်ချက်ကို ဖော်ပြပါအံ့။

"လောက၌ စိတ်အပျော်ရွှင်ဆုံးဖြစ်သော လူများကိုကြည့်ပါက လူဆယ်ဦးအနက် ကိုးဦးမှာ စိတ်အလိုမပြည့်မှု တစ်ခုခုရှိသည်ကို တွေ့ရ၏။ လူတစ်ဦး၏ အောင်မြင်မှုသည် မျှော်မှန်းချက်နှင့် ကွာဟနေပေမည်။ သို့တည်းမဟုတ် အခြားလူများမသိသော မျှော်မှန်းချက် တစ်ခုခုရှိ၍ ထိုမျှော်မှန်းချက် အကောင်အထည်ပေါ်ရန် သူ မမျှော်လင့်နိုင်ကြောင်း သူ သိပေမည်။ **ဂိုးထေး**[၁] ကဲ့သို့ အမြဲလိုလို အောင်မြင်၍ အကောင်းဘက်ကိုသာ ရှုတတ်သောသူသည်ပင် အသက် ၇၅ နှစ်၌ မိမိဘဝကို စိတ်ပျက်စကားပြောခဲ့ပါက အခြားသာမန်လူများမှာ အဘယ်ဆိုဖွယ်ရှိပါအံ့နည်း။

"လူ့ဘဝ၌ အကောင်းကိုသာ ရှုမြင်သော **သုခဝါဒ**[၂]သည် လေးနက်ပြည့်စုံသော အဘိဓမ္မာမဟုတ်။ အဘယ်ကြောင့်ဆိုသော် ထိုဝါဒက မျက်ကွယ်ပြုထားသော အနိဋ္ဌာရုံတရားများသည် မုချစင်စစ်ရှိ၏။ ထိုအနိဋ္ဌာရုံ ဒုက္ခတရားသည် လူ့ဘဝ၏ အနက်အဓိပ္ပာယ်ကို ဖော်ဆောင်နေခြင်း ဖြစ်ပေမည်။ ဒုက္ခတရားသည် အနက်နဲဆုံး အမှန်တရားကို လူတို့သိမြင်အောင် မျက်စိဖွင့်ပေးသော တစ်ခုတည်းသောတရား ဖြစ်ကောင်းဖြစ်ပေမည်။ သုခဝါဒသည် ဒုက္ခတရားနှင့် သေခြင်းတရားကို လျစ်လျူရှုထားသော ဝါဒဖြစ်၍

၁။ **Goethe** ၂။ **Optimism**

ထိုအနိဋ္ဌာရုံတရားများကို ဆင်ခြင်သုံးသပ်သော ဝါဒများလောက် လေးနက်ပြည့်စုံခြင်း မရှိချေ။ သို့ဖြစ်၍ အလေးနက်ဆုံး အပြည့်စုံဆုံးသော ဘာသာတရားများသည် ဒုက္ခတရားကို အထူးဆင်ခြင်သုံးသပ်သော ဘာသာတရားများ ဖြစ်ပေသည်။"[၁]

စင်စစ် ကမ္ဘာ့ဘာသာဝါဒကြီးများ ပေါ်ထွန်းလာခြင်းသည် ပဓာနအားဖြင့် လူ့ဘဝကို လူတို့ နှစ်သိမ့်ကျေနပ်မှု ပြည့်ပြည့်ဝဝ မရှိသောကြောင့်ဖြစ်၏။ ဗုဒ္ဓဓမ္မ၏ ဝိသေသလက္ခဏာမှာ အခြားဘာသာတရားများကဲ့သို့ ဆင်းရဲဒုက္ခ ချုပ်ငြိမ်းမှုအတွက် တမလွန်လောက, ဘုံဌာနကို ညွှန်ပြခြင်းမပြုဘဲ မျက်မှောက်ဘဝ၌ ဆင်းရဲဒုက္ခမှ လွတ်မြောက်မှုကို ဟောပြောခြင်းဖြစ်၏။ ဗုဒ္ဓသည် လူ့ဘဝ၏ဆင်းရဲဒုက္ခကို လေးလေးနက်နက် ဟောပြောညွှန်ပြခဲ့သည် မှန်၏။ ထိုသို့ အထူးလေးနက်စွာ ဟောပြောခြင်းမှာ ပုထုဇဉ်လူသားတို့သည် ကာမဝဲသြဃ၌ နစ်မွန်း၍ ဒုက္ခတရားကို မသိမြင်ဘဲ အဝိဇ္ဇာဖုံးလွှမ်းနေသောကြောင့်ဖြစ်၏။ ဥပမာ လူနာသည် မိမိအနာရောဂါ၏ ကြောက်မက်ဖွယ်ကောင်းပုံကို အမှန်အတိုင်း သိရှိဖို့လို၏။ ထိုသို့မရှိပါက အနာရောဂါကို ထိထိရောက်ရောက် ကုသလိုမည် မဟုတ်ချေ။

အကယ်၍ လူနာသည် ရောဂါပျောက်ကင်းရန် မျှော်လင့်ချက် လုံးဝမရှိပါက၊ သို့တည်းမဟုတ် ဆေးသမားသည် ရောဂါကုသရန်နည်းလမ်းကို မညွှန်ပြနိုင်ဘဲ ရောဂါအကြောင်းကိုချည်း ပြောနေပါက လူနာ၏ဘဝသည် စိတ်ပျက်ဖွယ်ရာဘဝဖြစ်၍ ဆေးသမား၏ စကားသည် စိတ်ပျက်ဖွယ်ရာစကားသာ ဖြစ်ရပေမည်။ အကယ်၍ ဆေးသမားသည် ရောဂါကုသနိုင်စွမ်းရှိ၍ လူနာအဖို့ မျှော်လင့်ချက်ရှိပါမူကား ရောဂါ၏ဆိုးရွားပုံကို ပြောပြသော ဆေးသမားအား အဘယ်မှာ ကျွန်ုပ်တို့ အပြစ်တင်နိုင်ပါအံ့နည်း။ ထို့အတူ ကျွန်ုပ်တို့သည် သံသရာဝဋ်ဆင်းရဲကို ဖော်ပြ၍ ထိုဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်လမ်းကို ညွှန်ပြသော ဗုဒ္ဓဝါဒကို စိတ်ပျက်ဖွယ်ရာ **ဒုက္ခဝါဒ**[၂]ဖြစ်သည်ဟု မဆိုနိုင်ချေ။

ဒုက္ခဝါဒကို ယုံကြည်သော အနောက်နိုင်ငံသားများတွင် အချို့မှာ ဗုဒ္ဓစာပေကို ဖတ်ရှု၍ အသိအမြင် ပြောင်းလဲလာကြ၏။ အချို့မှာမူ ဗုဒ္ဓတရားနှင့် ထိတွေ့မှုမရှိသောကြောင့် ဒုက္ခမှ လွတ်မြောက်ကြောင်း နည်းလမ်းများကို မသိမြင်ကြချေ။ **ဗိုင်ရွန်၊ ရှယ်လီ၊ လီအိုပါဒီ**[၃] အစရှိသော ဒုက္ခဝါဒီတို့၏ စာပေသည် လူ့ဘဝ၏ အနှစ်သာရကင်းမဲ့မှုကိုသာလျှင် ဖော်ပြ၍ အားပေးနှစ်သိမ့်မှုနှင့် မျှော်လင့်မှုကင်း၏။ သူတို့အမြင်အားဖြင့် လူသည် သေသောအခါမှသာ ဆင်းရဲဒုက္ခမှ ကျွတ်လွတ်မည်ဖြစ်၏။ သို့ဖြစ်၍ အချို့ အနောက်တိုင်း ဒုက္ခဝါဒီတို့သည် သေခြင်းတရားကို ချီးကျူးကြ၏။

---

၁။ **William James: The Varieties of Religious Experience, pp. 119**

၂။ **Pessimism** ၃။ **Byron, Shelley, Leopardi**

ဗုဒ္ဓဝါဒသည် ထိုဒုက္ခဝါဒနှင့် ဆန့်ကျင်၍ သေသည်၏ အခြားမဲ့၌သာလျှင် ဆင်းရဲဒုက္ခ ချုပ်ငြိမ်းသည် ဆိုသောအယူကို လက်မခံ။ ဗုဒ္ဓဝါဒီ ရဟန်းသည် သူ တစ်ပါး အား သတ်သေချင်သောစိတ် ဖြစ်ပေါ်လာစေရန် အားပေးလှုံ့ဆော်ကာမျှဖြင့်ပင် ကြီးလေးသောအပြစ်ရှိကြောင်း ဝိနည်းပိဋကတ်၌ ပြဆိုထား၏။ ဗုဒ္ဓလမ်းစဉ်၏ ပန်းတိုင်ဖြစ်သော ဆင်းရဲဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သည် မသေမီမျက်မှောက်ပြုရမည့် တရားဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဝါဒသည် ဘဝကို အရှုံးမပေးဘဲ ဒုက္ခမှလွတ်မြောက်ရန် အစွမ်းကုန် ကြိုးစားမှုကို အားပေး၏။

"ဤသာသနာ၌ ရဟန်းသည် အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍နေ၏။ ထိုရဟန်းသည် စင်စစ် အရေ၊ အရိုးသည်သာ ကြွင်းစေ၊ ကိုယ်အသွေးအသားတို့သည် ခြောက်ကပ်စေ၊ အကြင်အရဟတ္တဖိုလ်ကို ယောကျ်ားတို့၏ အစွမ်းဖြင့်၊ ဝီရိယဖြင့် ရအပ်၏။ ထိုအရဟတ္တဖိုလ်ကို မရဘဲ ဝီရိယကို မလျှော့အပ်။" (သံယုတ္တနိကာယ်၊ ဘိက္ခုသံယုတ်၊ ဥဘောထေရသုတ်)

ဗုဒ္ဓ၏ စိတ်အေးငြိမ်းချမ်းသာမှုကို 'ဗုဒ္ဓ'အခန်း၌ ဖော်ပြခဲ့ပေပြီ။ ထေရဂါထာ၊ ထေရီဂါထာ ပါဠိတော်များကို လေ့လာပါက ဗုဒ္ဓတရားကို ကျင့်ကြံအားထုတ်၍ ရရှိအပ်သော ရှေးအိန္ဒိယ အမျိုးသား၊ အမျိုးသမီး သူတော်စင်တို့၏ ငြိမ်းချမ်းသာယာသော ဘဝကို ကျွန်ုပ်တို့ တစ်စွန်းတစ်စ သိမြင်နိုင်၏။ ထိုရဟန္တာပုဂ္ဂိုလ်များကို ထားဘိဦး။ ဗုဒ္ဓ၏ ရိုးရိုးတပည့် ရဟန်းတို့သည်လည်း ဗုဒ္ဓတရားဖြင့် စိတ်ချမ်းသာမှု ရရှိသောသူများ ဖြစ်ကြ၏။ ဤအချက်သည် ပသေနဒီကောသလမင်း၏ စကားဖြင့် ထင်ရှား၏။ ကောသလမင်းသည် ဗုဒ္ဓကို နောက်ဆုံးအကြိမ် ဖူးမြော်စဉ်က "အရှင်ဘုရား၊ သာကီဝင် ရဟန်းတို့သည် အခြားဘာသာ အယူရှိသော ရဟန်းတို့နှင့်စာသော် ရုပ်ဆင်းသဏ္ဌာန် ကြည်လင်၍ ပူပန်ကြောင့်ကြမှု စိုးစဉ်းမျှမရှိဘဲ ပကတိ စိတ်တည်ငြိမ်ချမ်းမြေ့သော အသွင်ကိုဆောင်လျက် ရှိကြပါသည်။ ဤသို့ စိတ်ချမ်းမြေ့ကြခြင်း သည် အရှင်ဘုရား၏ တရားတော်ကြောင့် ဖြစ်ပါလိမ့်မည်"ဟု လျှောက်ထား၏။ (မဇ္ဈိမနိကာယ်၊ ဓမ္မစေတိယသုတ်)

* * *

# အခန်း (၆)

## အနတ္တဝါဒ

"အရှင်ဂေါတမ၊ ဒုက္ခကို မိမိသည် ပြုပါသလော"
"အိုကဿပ၊ မိမိသည် ဒုက္ခကို ပြုသည်ဟူ၍ မဆိုသင့်"
"ဒုက္ခကို သူတစ်ပါးသည် ပြုပါသလော"
"သူ တစ်ပါးပြုသည်ဟူ၍လည်း မဆိုသင့်"
"ဒုက္ခကို မိမိလည်း ပြုသည်၊ သူတစ်ပါးလည်းပြုသည်ဟု ဆိုအပ်ပါသလော"
"ထိုသို့လည်း မဆိုသင့်"
"သို့ဖြစ်လျှင် ......

(နိဒါနသံယုတ်၊ တိမ္ဗရုကပရိဗ္ဗာဇကသုတ်)

# အခန်း (၆)

# အနတ္တဝါဒ

## (က) ပိဋကတ်နှင့် အခြားဗုဒ္ဓစာပေများမှ အနတ္တဝါဒ

ဗုဒ္ဓဝါဒ အလိုအားဖြင့် အနိစ္စ၊ ဒုက္ခနှင့် အနတ္တ (ဝါ) မမြဲခြင်း၊ ဆင်းရဲခြင်းနှင့် မြဲသော အတ္တမရှိခြင်းသည် သင်္ခါရတရား အားလုံး၏ ထင်ရှားသော လက္ခဏာသုံးပါး ဖြစ်၏။ ယင်းတို့တွင် 'အနိစ္စ'ကို ရှေးဦးပထမ ပြဆိုထားခြင်းမှာ အနိစ္စလက္ခဏာ၌ အခြားလက္ခဏာနှစ်ပါး ပါဝင်ပြီးဖြစ်သောကြောင့် ဖြစ်၏။ သင်္ခါရတရားတို့သည် မမြဲသောကြောင့် အမှာခံစာတ် အတ္တကင်းလျက် ဖောက်ပြန်ပျက်စီးကြရ၏။

လူသတ္တဝါ၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ခဏမစဲ အမြဲပြောင်းလဲလျက် ရှိ၏။ ရုပ်တရားထက် နာမ်တရားက ပြောင်းလဲဖြစ်ပျက်မှုများစွာ ပိုမိုလျင်မြန်၏။ စိတ်တို့သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ မရပ်မနား တဖွားဖွားဖြစ်ပေါ်ချုပ်ပျောက်လျက်ရှိ၏။ ဤသို့ စကြဝဠာနှင့် လူတို့ကို စိုးမိုးနေသော အနိစ္စတရားကို နက်နက်နဲနဲ မသိမြင်ပါက ဗုဒ္ဓတရားကို ကောင်းစွာနားလည်မည် မဟုတ်ချေ။ "အကြင်သူသည် သဒ္ဓါစိတ်ဖြင့် ဘုရား၊ တရား၊ သံဃာကို ဆည်းကပ်ကိုးကွယ်၍ သီလ စောင့်ထိန်းကာ မေတ္တာပွားများစေကာမူ ထိုသူသည် အနိစ္စတရားကို ခဏတ္တခဏမျှ သိမြင်နားလည်လျှင် ပိုမိုအကျိုးရှိမည်ဖြစ်၏" (အင်္ဂုတ္တရနိကာယ်)။ "ခန္ဓာငါးပါး၏ အဖြစ်အပျက်ကို မရှုမြင်ဘဲ အနှစ်တစ်ရာ အသက်ရှည်ခြင်းထက် ကောင်းစွာဆင်ခြင်ရှုမြင်၍ တစ်ရက်မျှ အသက်ရှည်ခြင်းသည် သာ၍မြတ်၏။" (ဓမ္မပဒ၊ ဂါထာ - ၁၁၃)

"အနိစ္စသညာ ကောင်းစွာထင်သောသူအား အနတ္တသညာသည် အလိုလိုထင်ပေါ်၍ တည်လာ၏" (ဥဒါန်းပါဠိတော်နှင့် အင်္ဂုတ္တရနိကာယ်၊ နဝကနိပါတ် - မေဃိယသုတ်)။

သင်္ခါရတရား အားလုံး၏ မမြဲသောသဘောကို သိမြင်သောသူအဖို့ အနတ္တတရားကို သိမြင်ရန် များစွာ မခဲယဉ်းချေ။ သို့ရာတွင် အနတ္တဝါဒသည် ဗုဒ္ဓဓမ္မ၏ ပဓာန အချုပ်အခြာတရားဖြစ်၍ ဗုဒ္ဓဝါဒီတို့အဖို့ အလွန်အရေးကြီး၏။ စင်စစ် အနတ္တတရားသည် အခြား ကမ္ဘာ့ဘာသာ ဝါဒများတွင် မတွေ့ရသော ဗုဒ္ဓဓမ္မ၏ ဝိသေသဂုဏ်ဖြစ်၍ ကမ္ဘာ့ဘာသာ အယူဝါဒသမိုင်း၌ ဗုဒ္ဓတစ်ဦးတည်းသာ အလေးအနက်ဟောကြားသောတရားဖြစ်၏။

သို့ဖြစ်စေကာမူ အနတ္တတရားကို ခြေခြေမြစ်မြစ် နားလည်ရန်သော်လည်းကောင်း၊ နားလည်သည်ဆိုစေ ဖွဲဖွဲမြဲမြဲ လက်ခံယုံကြည်ရန် သော်လည်းကောင်း များစွာမလွယ်ကူချေ။ မြန်မာဗုဒ္ဓဝါဒီတို့သည် အများအားဖြင့် အနတ္တတရားကို နားလည်ကြသော်လည်း အချို့သော မြန်မာ့ဘာသာရေး အယူများသည် အနတ္တဝါဒနှင့် ဆန့်ကျင်နေ၍ အနတ္တတရားကို ခံယူချက်မှာ အပေါ်ယံ အကာမျှသာဖြစ်၏။ ဤသို့ဖြစ်ခြင်းသည် အံ့သြစရာမရှိချေ။ ပိဋကတ်စာပေကို နှံ့နှံ့စပ်စပ် လေ့လာခဲ့သော အချို့သော အနောက်နိုင်ငံ ပညာရှင်များသည်ပင် အနတ္တဝါဒကို မနှစ်သက်သောကြောင့် ဗုဒ္ဓဝါဒအစစ်အမှန် မဟုတ် လေဟန် စွပ်စွဲရေးသားကြ၏။ သို့ဖြစ်၍ အနတ္တဝါဒနှင့် ပတ်သက်သော ပိဋကတ်ပါဠိတော်များကို စေ့ငုသေချာစွာ လေ့လာရန်လိုအပ်၏။

ဗုဒ္ဓမပေါ်မီက အတ္တအယူဝါဒအကြောင်းကို အခန်း-၃ ၌ အနည်းငယ် ဖော်ပြခဲ့ပေပြီ။ အတ္တသဒ္ဒါကို ရှေးအကျဆုံး ဝေဒကျမ်းများ၌ တွေ့ရ၏။ အတ္တသည် မူလပထမက 'အသက်'ဟူသော အနက်ကိုဟော၏။ ရှေးဥပနိသျှဆရာတို့၏ အဆိုအားဖြင့် အတ္တသည် နှလုံးအိမ်ထဲ၌ တည်ရှိ၍ တစ်ရာ့တစ်ခုသော လမ်းများဖြင့် အပြင်သို့ထွက်နိုင်၏။ ဦးခေါင်းထိပ်ရှိ လမ်းကြောင်းမှထွက်လျှင် အမတ ထာဝရဘုံသို့ရောက်၏။ နောက်ပေါ် ဥပနိသျှကျမ်းများ၌မူ အတ္တသည် သက်ရှိသက်မဲ့ အားလုံး၏ မူလအနှစ် ပရမတ် ဓာတ်အစစ်ဖြစ်၏။ တစ်နည်းအားဖြင့် အတ္တသည် လူတို့အား အကောင်းအဆိုး ခွဲခြား၍ သိရှိနားလည်စေသော၊ အမြင့်မြတ်ဆုံးအဖြစ်သို့ ရောက်ရှိစေနိုင်သော သတ္တိမျိုးစေ့၏ ကိန်းဝပ်ရာနိဗ္ဗုရုဝ အသင်္ခတ အမတဓာတ်ကြီး အစစ်ဖြစ်၏။

ထို့ကြောင့် ဥပနိသျှ ကျမ်းဆရာတို့၏ အလိုအားဖြင့် လူသည် သင်္ခါရတရားတို့၏ နောက်ကွယ်ရှိ အတ္တကို သိမြင်နားလည်ရန် အရေးကြီး၏။ "ပြောသောစကား မြင်သောအရာ၊ ပြုသောအမှု၊ စိတ်၌ဖြစ်ပေါ်သော အကြံစည်တို့အကြောင်းကို ဘာမျှ တွေးတောကြံစည်ခြင်း မပြုအပ်။ ပြောသောသူ၊ မြင်သောသူ၊ ပြုသောသူ၊ ကြံစည်သောသူ (တစ်နည်းအားဖြင့် အတ္တကို) သာလျှင် အမှန်အတိုင်း သိမြင်ရန် အားထုတ်အပ်သည်ဟု ဥပနိသျှကျမ်း တစ်စောင်က ဆိုထား၏။

ဤဥပနိသျှကျမ်းလာ အတ္တအယူများကို ပိဋကတ်စာပေ၌ အလျှင်းမတွေ့ရချေ။ အတ္တကိုပယ်သော ပါဠိတော်များကိုကား အမြောက်အမြား ပြဆိုထား၏။ အထင်ရှားဆုံး

မှာ ဘုရားဖြစ်ပြီးနောက် ပဉ္စဝဂ္ဂီရဟန်းငါးပါးအား ဒုတိယအကြိမ်မြောက် ဗုဒ္ဓဟော သော အနတ္တလက္ခဏာသုတ်ဖြစ်၏။ "ရဟန်းတို့၊ ခန္ဓာငါးပါးသည် အတ္တမဟုတ်၊ အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းဖြစ်၏။ ငါ၏ ခန္ဓာငါးပါးသည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေသတည်းဟု စီရင်၍ မရအပ်။ ခန္ဓာငါးပါးသည် မမြဲ။ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်တတ်သော ခန္ဓာငါးပါးကို ဤဟာသည် ငါ့ဥစ္စာဖြစ်၏။ ငါဖြစ်၏။ ငါ၏အတ္တတည်းဟု မရှုအပ်။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အတွင်းအပြင်၊ အကြမ်းအနု အယုတ်အမြတ်၊ အဝေးအနီးဖြစ်သော အလုံးစုံသော ခန္ဓာငါးပါးသည် ငါ၏ဥစ္စာမဟုတ်။ ငါမဟုတ်။ ငါ၏အတ္တမဟုတ်ဟု ဟုတ်မှန်သည့်အတိုင်း ကောင်းသောပညာဖြင့် ရှုအပ်၏။" (ဝိနည်းပိဋကတ်၊ မဟာဝဂ်)

အနတ္တလက္ခဏာသုတ်နှင့် အနက်အဓိပ္ပာယ်တူသော သုတ်များကို ပထမနိကာယ်လေးကျမ်း၌ ထပ်တလဲလဲ ဖော်ပြထား၏။ အချို့ သုတ္တန်ဒေသနာများ၌မူ ခန္ဓာငါးပါးသည် အတ္တမဟုတ်သောကြောင့် ပုဂ္ဂိုလ်သတ္တဝါကို ခန္ဓာငါးပါး၌ ရှာ၍မရအပ်ဟူ၍ လာ၏။

"အို အနုရာဓ၊ ခန္ဓာငါးပါးကို သတ္တဝါဟု မရှုအပ်။ ခန္ဓာငါးပါး၌ သတ္တဝါသည် မရှိ။ သတ္တဝါသည် ခန္ဓာငါးပါးမှ တစ်ပါးဖြစ်၏ဟူ၍ မရှုအပ်။ ဤသို့ဖြင့် သင်သည် မျက်မှောက်ထင်ထင်ပင်လျှင် သတ္တဝါဟူသည်ကို မှန်သောအားဖြင့်၊ ဟုတ်သောအားဖြင့် မရအပ်။" (သံယုတ္တနိကာယ်၊ အဗျာကတသံယုတ်၊ အနုရာဓတ္ထေရသုတ်)။ "ရဟန္တာသည် ခန္ဓာငါးပါးကို သုံးပါးသော ပရိညာဖြင့် ပိုင်းခြား၍သိသောကြောင့် ပုဂ္ဂိုလ်သတ္တဝါကို မသိမမြင်" (သဂါထာဝဂ္ဂသံယုတ် သမိဒ္ဓိသုတ်)။ "စောင်းကို အစိတ်တစ်ရာခွဲ၍ အစိတ်စိတ် အတုံးတုံးပြုသော်လည်း စောင်းသံကို ရှာ၍မရသကဲ့သို့ ရဟန်းသည် ခန္ဓာငါးပါး၌ ငါဟူ၍လည်းကောင်း၊ ငါ၏ ဥစ္စာဟူ၍လည်းကောင်း၊ ငါဖြစ်၏ ဟူ၍လည်းကောင်း ရှာ၍မတွေ့။" (သဠာယတနသံယုတ်၊ ဝီဏာဥပမာနသုတ်)

အချို့သော အနောက်နိုင်ငံ ပညာရှင်တို့က ဥပနိသျှကျမ်းလာ အတ္တဝါဒကို အတိအလင်း ရည်ညွှန်းဟန်တူသော သုတ္တန်တစ်ခုကို ထောက်ပြကြ၏။ "မသင့်သောအားဖြင့် နှလုံးသွင်းသောသူအား ငါ၏ကိုယ်သည် ပြောဆိုစီရင်တတ်၏။ သိတတ်၊ ခံစားတတ်၏။ ကောင်းမှု၊ မကောင်းမှု၏ အကျိုးကို ခံစားရ၏။ အခါခပ်သိမ်းရှိ၏။ ဖောက်ပြန်ခြင်းမရှိ။ မြေကြီးမြင်းမိုရ်တောင် လနေတို့ကဲ့သို့ အမြဲတည်သည်ဟူသော အယူသည် ဖြစ်၏။" (မဇ္ဈိမနိကာယ်၊ သဗ္ဗာသဝသံဝရသုတ်)

ခန္ဓာငါးပါး၌သော်လည်းကောင်း၊ ခန္ဓာငါးပါးကို ကြဉ်၍သော်လည်းကောင်း ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်သတ္တဝါ အတ္တဟူ၍ မရှိသောကြောင့် လောကသည် သုညလောက ဖြစ်သည်ဟု ပိဋကတ်စာပေ၌ ခေါ်ဆိုထား၏။ "အာနန္ဒာ၊ အကြင်ကြောင့် ငါဟူသော အတ္တသဘောမှလည်းကောင်း၊ ငါ၏ဥစ္စာဟူသော အတ္တနိယ သဘောမှလည်းကောင်း ဆိတ်သုဉ်း၏။ ထို့ကြောင့် လောကသည် သုညတည်းဟူ၍ ဆိုအပ်၏" (သဠာယတန

သံယုတ်၊ သုညလောကသုတ်)။ "မောဃရာဇ၊ သင်သည် ကိုယ်ဟု မှတ်ထင်စွဲလမ်းသော သက္ကာယဒိဋ္ဌိကို ပယ်နိုင်ရန်အလို့ငှာ လောကကို ဆိတ်သုဉ်းသောအားဖြင့် ရှုလော့။" (သုတ္တနိပါတ်၊ ပါရာယနဝဂ်၊ မောဃရာဇ မာဏဝပုစ္ဆာ)

အနတ္တဝါဒ အလိုအားဖြင့် ပုဂ္ဂိုလ်သတ္တဝါ အတ္တဆိတ်သုဉ်းသော သုညလောက၌ ဖြစ်ခြင်းပျက်ခြင်း (အနိစ္စ) သဘောတရားသည်သာ ထင်ရှား၏။ "ရဟန်းသည် သဘောတရားတို့၌ဖြစ်ကြောင်း၊ ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း၊ ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိ၏။ သဘောတရားတို့သည်သာလျှင် ရှိကုန်သည်ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ ထိုရဟန်းသည် လောက၌ တစ်စုံတစ်ရာကိုမျှ ငါ၊ ငါ၏ ဥစ္စာဟူ၍ မစွဲလမ်းချေ။" (ဒီဃနိကာယ်၊ မဟာသတိပဋ္ဌာနသုတ်)

သို့ဖြစ်၍ ဗုဒ္ဓသည် သင်္ခါရဓမ္မတို့၏ ဖြစ်ပျက်မှုကို ဟောရာ၌ တွေ့ထိမှု၊ ခံစားမှု၊ တပ်မက်မှု၊ တွယ်တာမှုစသော အကြောင်းအကျိုးအားဖြင့် ဆက်စပ်ဖြစ်ပျက်မှု (ပဋိစ္စ သမုပ္ပါဒ်တရား)ကိုသာ ဟော၏။ တွေ့ထိသောသူ၊ ခံစားသောသူ၊ တပ်မက်သောသူ စသည်ဖြင့် ပုဂ္ဂိုလ်သတ္တဝါကို ထည့်သွင်းရည်ညွှန်း၍ ဟောတော်မမူချေ။

"အရှင်ဂေါတမ၊ ဒုက္ခကို မိမိသည် ပြုပါသလော။" "အိုကဿပ၊ မိမိသည် ဒုက္ခကို ပြုသည်ဟူ၍ မဆိုသင့်။" "ဒုက္ခကို သူတစ်ပါးသည် ပြုပါသလော။" "သူတစ်ပါးပြုသည်ဟူ၍လည်း မဆိုသင့်။" "ဒုက္ခကို မိမိလည်း ပြုသည်၊ သူတစ်ပါးလည်းပြုသည်ဟု ဆိုအပ်ပါသလော။" "ထိုသို့လည်း မဆိုသင့်။" "သို့ဖြစ်လျှင် ဒုက္ခကို မိမိမပြုသူတစ်ပါးလည်း မပြုဘဲ ဒုက္ခသည် အကြောင်းမရှိဘဲ အလိုအလျောက် ဖြစ်ပါသလော။ ဒုက္ခရှိပါလျက် အရှင်ဂေါတမသည် ဒုက္ခကို မသိမမြင်ပါသလော။" "အိုကဿပ၊ ဒုက္ခသည်ရှိ၏။ ဒုက္ခကို ငါသိမြင်၏။ ဒုက္ခကို ထိုသူသည်ပြု၍ ထိုသူသည် ခံစားသည်ဟု အယူရှိခဲ့သော် သဿတဒိဋ္ဌိဖြစ်၏။ ငါဘုရားသည် ထိုအစွန်းနှစ်ဖက်ကို အလယ်လမ်းဖြင့်ဟော၏။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရဖြစ်၏။ သင်္ခါရကြောင့် ..." (နိဒါနသံယုတ်၊ အစေလကဿပသုတ်)။ တိမ္ဗရုက ပရိဗိုဇ်က ချမ်းသာမှု၊ ဆင်းရဲမှုကို မိမိပြုပါသလောဟု မေးရာ၌လည်း ဗုဒ္ဓက အထက်ပါအတိုင်း ဖြေတော်မူ၏။ (သံယုတ္တနိကာယ်၊ နိဒါနသံယုတ် – တိမ္ဗရုက ပရိဗ္ဗာဇကသုတ်)

အစေလကဿပတက္ကတွန်းနှင့် တိရမ္ဗရုက ပရဗိုဇ်တို့သည် ခံစားတတ်သော၊ ပြုတတ်သောအတ္တ ပုဂ္ဂိုလ်သတ္တဝါရှိသည်ဟု ယုံကြည်ကြသောကြောင့် ဗုဒ္ဓအား မေးမြန်းကြခြင်းဖြစ်၏။ ဗုဒ္ဓလက်ထက်က တိတ္ထိတက္ကတွန်းနှင့် ပရဗိုဇ်တို့သည်သာ အတ္တအယူရှိကြသည် မဟုတ်။ အတ္တဒိဋ္ဌိမကင်းသော အချို့ ဗုဒ္ဓရဟန်းများလည်း ရှိကြကြောင်း အောက်ပါစကားဖြင့် ထင်ရှား၏။

"အရှင်မောဠိယ ဖဂ္ဂုန မထေရ်သည် ဗုဒ္ဓအား အရှင်ဘုရား၊ ဝိညာဏအာဟာရကို အဘယ်သူသည် သုံးဆောင်စားသောက်ပါသနည်းဟု မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓက

သင်၏ အမေးသည် မသင့်လျော်ချေ။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါက သုံးဆောင်စားသောက်သည်ဟု ငါဘုရား မဟော။ ငါဘုရားကို အရှင်ဘုရား၊ ဝိညာဏ်သည် အဘယ်တရား၏ အကြောင်းဖြစ်ပါသနည်းဟု မေးရာ၏။ ဤအမေးပုစ္ဆာ၌ ဝိညာဉ်သည် နောင်အဆက်ဆက်သော နာမ်ရုပ်, သဠာယတနစသည်တို့ ဖြစ်ခြင်း၏ အကြောင်းဖြစ်သည်ဟူသော အဖြေသည် သင့်လျော်သည်ဟု မိန့်တော်မူ၏ (နိဒါန သံယုတ်၊ မောဠိယဖဂ္ဂုနသုတ်)။ သံယုတ္တနိကာယ်၌ ထိုနည်းနှင်နှင်ဟောသော အခြားဒေသနာ အမြောက်အမြားရှိ၏။

ဗုဒ္ဓသည် အဘယ်ကြောင့် အနတ္တတရားကို ထပ်တလဲလဲ အလေးအနက် ဟောတော်မူပါသနည်း။ အတ္တဒိဋ္ဌိသည် လူတို့၌ အခိုင်အမာစွဲမြဲနေသော ဒိဋ္ဌိဖြစ်၏။ အထက်၌ ဖော်ပြခဲ့သော မောဠိယဖဂ္ဂုန မထေရ်သည်ပင် ဗုဒ္ဓက ရှင်းပြတော်မူသော်လည်း ကောင်းစွာသိမြင်နားလည် ကျေနပ်ဟန်မရှိ။ အဘယ်ကြောင့်ဆိုသော် ထိုမထေရ်သည် နောက်ကာလ၌ သိက္ခာချ၍ လူထွက်၏။ (နိဒါနသံယုတ်၊ ကဠာရခတ္တိယ ဘိက္ခုသုတ်)။ အတ္တဒိဋ္ဌိသည် မဂ်ဖိုလ်နိဗ္ဗာန်ကို ပိတ်ပင်တားဆီးသော မာနဒိဋ္ဌိ အစရှိသည့် ကိလေသာတရားများ၏ အရင်းအမြစ်ဖြစ်၏။ လူတို့ ဆင်းရဲဒုက္ခ ခံစားရခြင်း၏ မူလအကြောင်းတစ်ပါးဖြစ်၏။ "ခန္ဓာငါးပါးသည် ငါ၏ ဥစ္စာတည်းဟု တဏှာဒိဋ္ဌိအားဖြင့် စွဲမှတ်ထားသော ပုဂ္ဂိုလ်အား ရုပ်နာမ်တရားတို့ ဖောက်ပြန်ပျက်စီးသောကြောင့် စိုးရိမ်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်း၊ နှလုံးမသာခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့ ဖြစ်ကုန်၏။" (ခန္ဓသံယုတ်၊ နကုလပိတုသုတ်)

ထို့အပြင် အကယ်၍ လူတို့သည် မပြောင်းလဲဘဲ ထာဝရတည်မြဲနေသော အတ္တရှိသည်ဟု ထင်မှားနေပါက မိမိတို့၏ ကြီးပွားမှု (ဝါ) တိုးတက်ပြောင်းလဲမှုအတွက် အားထုတ်ပြုလုပ်ဖွယ် အကြောင်းရှိတော့မည် မဟုတ်ချေ။ "အိုရဟန်း၊ အတ္တဘောကို ရခြင်းသည် ခိုင်မြဲသည်၊ ထာဝရတည်သည်၊ မြေကြီးမြင်းမိုရ်တောင် လနေတို့ကဲ့သို့ အမြဲတည်သည် အကယ်၍ဖြစ်ငြားအံ့၊ ဝဋ်ဆင်းရဲ၏အဆုံးကို ကောင်းစွာပြုခြင်းငှာ ဤမြတ်သောအကျင့်ကို ကျင့်သုံးခြင်းသည် မထင်လေရာ။" (ခန္ဓသံယုတ်၊ ဂေါမယသုတ်)

ပိဋကတ်စာပေ၌ အနတ္တဝါဒနှင့် စပ်လျဉ်းသော ဗုဒ္ဓ မိန့်ကြားချက်များမှတစ်ပါး တပည့်သာဝကများ၏ ပြောဟောချက်များလည်း ရှိ၏။

"ငါ့ရှင်ဒသက၊ စင်စစ်သော်ကား ငါ့အား ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ ငါဟူ၍ မာနအားဖြင့် စွဲဆိုခြင်းဖြစ်သေး၏။ ဤခန္ဓာငါးပါးသည် ငါကောင်းသည် ဟုတ်၏ဟု ဒိဋ္ဌိအားဖြင့်ကား ရှုခြင်း၊ ဆင်ခြင်သုံးသပ်ခြင်းမပြု။" (ခန္ဓသံယုတ်၊ ခေမကသုတ်)

"ငါ့ရှင်သာရိပုတ္တရာ၊ အိုမှု၊ သေမှု ဇရာမရဏကို မိမိသည် ပြုအပ်သလော၊ သူတစ်ပါးသည် ပြုအပ်သလော။ သို့တည်းမဟုတ် မိမိလည်း ပြုအပ်၊ သူတစ်ပါးလည်း ပြုအပ်သလော။ သို့တည်းမဟုတ် မည်သူမျှမပြုဘဲ ဇရာမရဏသည် မိမိသည်မပြု၊

သူတစ်ပါးလည်းမပြုဘဲ စင်စစ်သော်ကား ဇာတိဟူသော အကြောင်းကြောင့် ဇရာမရဏသည်ဖြစ်၏။" ဘဝ၊ ဥပါဒါန်၊ တဏှာ၊ ဝေဒနာ စသည်တို့နှင့် စပ်လျဉ်း၍လည်း အရှင်ကောဋ္ဌိက ထို့အတူမေး၍ အရှင်သာရိပုတ္တရာက ထို့အတူ ဖြေကြား၏။ (နိဒါနသံယုတ် နဠကလာပိယုပမာသုတ်)

မာရ်နတ်အား သေလာဘိက္ခုနီမ မိန့်ကြားသော စကားဖြင့် ဗုဒ္ဓဝါဒသည် အတ္တကိုပယ်၍ အကြောင်းအကျိုး နိယာမတရားကိုသာ အသိအမှတ်ပြုကြောင်း ထင်ရှား၏။

"ဤကိုယ်အတ္တဘောကို မိမိသည် မပြုအပ်။ သူတစ်ပါးတို့သည်လည်း မပြုအပ်။ ဤကိုယ်အတ္တဘောသည် အကြောင်းတရားကိုစွဲ၍ ဖြစ်ပေါ်၏။ အကြောင်းတရားချုပ်ပျက်သည်ရှိသော် ယင်းသည် ချုပ်ပျက်၏။ လယ်၌စိုက်ပျိုးအပ်သော မျိုးစေ့သည် မြေဆီသြဇာနှင့် ရေကိုအစွဲပြု၍ ပေါက်ရောက်ကြီးပွားသကဲ့သို့ ခန္ဓာအာယတနဓာတ်တို့သည် အကြောင်းတရားကိုစွဲ၍ ဖြစ်ကြ၏။ အကြောင်းတရားတို့ ချုပ်ပျက်သော် ထိုတရားတို့သည်လည်း ချုပ်ပျက်ကြ၏။ (နိဒါနသံယုတ်၊ သေလာဘိက္ခုနီသုတ်)

တစ်ခါသော် မာရ်နတ်သည် ဝဇီရာမည်သော ထေရီမအား အဘယ်သူသည် သတ္တဝါကို ပြုအပ်သနည်းဟု မေး၏။ ထိုအခါ ဝဇီရာထေရီမက "သင်သည် အဘယ်အရာကို သတ္တဝါဟူ၍ ယုံကြည်စွဲလမ်းနေပါသနည်း။ ဤခန္ဓာငါးပါး၊ ရုပ်နာမ်တရားသည် သင်္ခါရအစုအပုံ သက်သက် ဖြစ်၏။ ဤအစုအပုံထဲ၌ သတ္တဝါကိုရှာ၍ မရအပ်။ ဥပမာ ဘီး၊ ဝင်ရိုး၊ ထမ်းပိုးစသည်တို့ ပေါင်းစပ်သော ဝတ္ထုပစ္စည်းကို ရထားဟူ၍ ခေါ်ဝေါ်ကြသကဲ့သို့ ထို့အတူ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည် ရှိကုန်သော် သတ္တဝါဟူ၍ ခေါ်ဝေါ်သမုတ်ခြင်းသည် ဖြစ်၏"ဟု ပြန်ပြော၏။ (နိဒါနသံယုတ်၊ ဝဇီရာသုတ်)

အထက်ပါ ဝဇီရာထေရီမ၏စကားသည် ပိဋကတ်စာပေ၌ ထင်ရှား၏။ အကြောင်းမူကား ထိုစကားသည် အတ္တဝါဒကို ပယ်ရာ၌ ရှင်းလင်းပြတ်သား၍ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး နောက်ကာလ၌ ကထာဝတ္ထု ကျမ်းပြုဆရာ၊ မိလိန္ဒပဉှာ ကျမ်းပြုဆရာနှင့် **ရှင်ဗုဒ္ဓဃောသ**၊ ရှင်ဗုဒ္ဓဒတ္တစသော အဋ္ဌကထာဆရာတို့သည် အနတ္တတရားကို ဖွင့်ဆိုရေးသားသောအခါ ဝဇီရာထေရီမ၏ စကားကို ကိုးကားကြ၏။

အဘိဓမ္မာပိဋကတ်၌ ပါဝင်သော ကထာဝတ္ထုသည် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်သော အယူများကို ချေပထားသောကျမ်း ဖြစ်၏။ အစဦး‧စွာ ချေပသောအယူမှာ ပုဂ္ဂိုလ်သတ္တဝါကို ပရမတ္ထအားဖြင့် ရအပ်သည်ဆိုသော အယူဖြစ်၏။ ကထာဝတ္ထုဆရာက ပုဂ္ဂိုလ်သတ္တဝါကို လက္ခဏာအားဖြင့်သော်လည်းကောင်း၊ တည်ရာဌာနအားဖြင့်သော်လည်းကောင်း၊ ဖြစ်ရာကာလအားဖြင့်သော်လည်းကောင်း၊ ပရမတ္ထဓမ္မအစုအားဖြင့်သော်လည်းကောင်း ဇကန်ဆတ်ဆတ် မရအပ်ကြောင်း ရှင်းပြ၏။

ကထာဝတ္ထုဆရာသည် အတ္တအယူကို ချေပရာ၌ ဝဇီရာထေရီမ၏ စကားအပြင်

အခြားဗုဒ္ဓဒေသနာများကို ထောက်ပြ၏။ ယင်းတို့တွင် သေနိယအား ဗုဒ္ဓဟောသည် ဆိုသော ဒေသနာတစ်ခု ပါဝင်၏။ ကထာဝတ္ထုကို အင်္ဂလိပ်ဘာသာပြန်ဆိုသော **ဦးရွှေဇံအောင်နှင့် မစ္စက်ရိုင်းစ်ဒေးဗစ်တို့က** ထိုဒေသနာကို ပါဠိပိဋကတ်၌ မိမိတို့ ရှာ၍မတွေ့ပါဟု ဆိုကြ၏။ ဒေသနာ၏ လိုရင်းအကျဉ်းမှာ အောက်ပါအတိုင်းဖြစ်၏။

ဘုရားရှင်သည် သေနိယအား ဤသို့ဟောတော်မူ၏။ "သေနိယ၊ လောက၌ ဆရာသုံးမျိုးရှိ၏။ ပထမဆရာက အတ္တသည် ယခုဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း မုချရှိသည်၊ မြဲသည်ဟုဆို၏။ ထိုအယူသည် သဿတဒိဋ္ဌိဖြစ်၏။ ဒုတိယဆရာက အတ္တသည် ယခုဘဝ၌သာ မုချရှိသည် မြဲသည်။ တမလွန်ဘဝ၌ ထိုသို့မရှိ၊ မမြဲဟုဆို၏။ ဤအယူသည် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။ တတိယဆရာကား အတ္တသည် ယခုဘဝ၌သော် လည်းကောင်း တမလွန်ဘဝ၌သော်လည်းကောင်း မုချမရှိ၊ မမြဲဟုဆို၏။ ဤအယူကား ဘုရားရှင်၏ အယူဖြစ်၏။"(၁)

ကထာဝတ္ထု၏ နောက်နှစ်ပေါင်းနှစ်ရာခန့် အကြာတွင် ထွက်ပေါ်လာသော မိလိန္ဒပဉှာကျမ်း၌ **ရှင်နာဂသေနမထေရ်**သည် **မိလိန္ဒမင်း**အား ရှေးဦးစွာ အနတ္တတရားကို ဟောကြား၏။ ရှင်နာဂသေနသည် 'အတ္တ'စကားကို မသုံးဘဲ ပုဂ္ဂိုလ်၊ ဇီဝ၊ ဝေဒဂူ စသော စကားများကို သုံးစွဲ၏။ မထေရ်၏ အဆိုအားဖြင့် နာဂသေနသည် ပညတ် ဝေါဟာရမျှသာဖြစ်၏။ ဝင်ရိုးလှည်းဘီး၊ လှည်းထောက်ထမ်းပိုး စသည်တို့ကိုကြည့်၍ ရထားကို မရအပ်သကဲ့သို့ ခန္ဓာငါးပါးကိုကြည့်၍ ပရမတ္ထအားဖြင့် နာဂသေန၌ ထင်ရှားသော ပုဂ္ဂိုလ်ကို မရအပ်ချေ။

မိလိန္ဒမင်းက အရှင်ဘုရား၊ ကိုယ်၏အတွင်းရှိ ဇီဝဟု ဆိုအပ်သော၊ သိတတ်သော ဝေဒဂူပုဂ္ဂိုလ်ကို ရအပ်ပါသလောဟု မေးလျှောက်၏။ မိလိန္ဒမင်း၏ အယူကား ဇီဝသည် ဒွါရခြောက်ပါးဖြင့် ဓမ္မာရုံအပါအဝင် အာရုံခြောက်ပါးကို တွေ့ထိသည်ဟုလို။ ရှင်နာဂသေနကမူ ဇီဝ (ဝါ) ဝေဒဂူပုဂ္ဂိုလ်ကို မရအပ်။ အကယ်၍ ရအပ်သည်မှန်ပါက တစ်ခုသော ဒွါရ၌ဖြစ်သော အာရုံသည် အခြားဒွါရ၌လည်း ဖြစ်ရာ၏။ မျက်စိမရှိဘဲ ရူပါရုံကို မြင်ရာ၏။ နားမရှိဘဲလည်း သဒ္ဒါရုံကို ကြားနိုင်ရ၏ စသည်ဖြင့် ဖြေကြား၏။

မိလိန္ဒပဉှာကျမ်း၏နောက်မှ ပေါ်ထွက်သော အဋ္ဌကထာများသည် ပိဋကတ် ဒေသနာများကဲ့သို့ ခန္ဓာငါးပါးသည် အတ္တမဟုတ်၊ ခန္ဓာငါးပါး၌ ပုဂ္ဂိုလ်သတ္တဝါကို ရှာ၍ မရအပ်ဟူ၍ မဆိုတော့ဘဲ ပုဂ္ဂိုလ်အတ္တမရှိဟူ၍ အတ္တဝါဒကို ပြတ်ပြတ်သားသား ပယ်ကြ၏။

"အတ္တသည် ခန္ဓာ၏အိမ်ရှင် မြင်ကြားခြင်း အစရှိသောကိစ္စကို ပြီးစေတတ်သော ကတ္တားဖြစ်၏။ သိတတ်ခံစားတတ်၏။ ခန္ဓာကိုယ်သည် အတ္တ၏အလိုသို့ လိုက်ရ၏။ ထိုသို့သော အစွမ်းရှိသော ကိုယ်ခန္ဓာ၏ အနှစ်ဟူ၍ မိစ္ဆာဒိဋ္ဌိတို့ ကြံဆအပ်သော

---

၁။ **S.Z. Aung and Mrs Rhys Davids: Points of Controversy, pp. 62**

အတ္တသည် မရှိ" (သမ္မောဟဝိနောဒနီ)

"အလုံးစုံသော ဘဝ၊ အလုံးစုံသော ယောနိ၊ အလုံးစုံသောဂတိ၊ အလုံးစုံသော ဝိညာဏဋ္ဌိတိ၊ အလုံးစုံသော သတ္တဝါတို့၌ အကြောင်းအကျိုးစပ်သည်၏ အစွမ်းဖြင့် အဆင့်ဆင့်ဖြစ်သော နာမ်ရုပ်မျှသည်သာ ထင်၏။ ယောဂီသည် အကြောင်းတရားထက် အလွန်ပြုတတ်သော ဗြဟ္မာ၊ ဗိဿနိုး စသော ကတ္တားကိုမမြင်။ ဝိပါက်၏ အဆင့်ဆင့် ဖြစ်ခြင်းကိုလွန်၍ အကျိုးဝိပါက်ကို ခံစားတတ်သော ပုဂ္ဂိုလ်ကတ္တားကို မမြင်။

"စင်စစ်သော်ကား အကြောင်းတရားသည်ရှိသော် ပြုတတ်သောသူ ကတ္တားဟူ၍လည်းကောင်း၊ အဆင့်ဆင့် ဖြစ်ခြင်းသည်ရှိသော် ခံစားတတ်သောသူ ဟူ၍လည်းကောင်း ပညတ်ကာမျှဖြင့် ပညာရှိတို့သည် ခေါ်ဝေါ်ကြကုန်၏။" (ဝိသုဒ္ဓိမဂ် ပညာဘူမိနိဒ္ဒေသ)

အနတ္တဝါဒနှင့် စပ်လျဉ်း၍ ဝိသုဒ္ဓိမဂ်၌ ရှင်ဗုဒ္ဓဃောသ၏ အရှင်းဆုံး၊ အပြတ်သားဆုံးစကားမှာ အောက်ပါအတိုင်းဖြစ်၏။

"ဒုက္ခသည်သာရှိ၏။
ဒုက္ခကို ခံစားသောသူ တစ်စုံတစ်ယောက်မျှမရှိ။
နိဗ္ဗာန်သည်ရှိ၏။
နိဗ္ဗာန်သို့ရောက်သော ပုဂ္ဂိုလ်သည်မရှိ။
နိဗ္ဗာန်သို့သွားရာ အကျင့်ခရီးသည် ရှိ၏။
နိဗ္ဗာန်သို့သွားသော ပုဂ္ဂိုလ်သည်မရှိ။"

အထက်ပါစကားများသည် ထေရဝါဒ ပါဠိစာပေမှ ကောက်နုတ်ချက်များဖြစ်၏။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်းများစွာ မကြာမီ ပေါ်လာသော ဗုဒ္ဓဂိုဏ်းကြီး ၁၈ ဂိုဏ်းသည် အချို့နေရာများ၌ အယူအဆကွဲလွဲစေကာမူ အတ္တဝါဒကို အားလုံး တညီတညွတ်တည်း ပယ်ကြ၏။ ပုဂ္ဂလဝါဒကိုလက်ခံသော ဝဇ္ဇီပုတ္တကဂိုဏ်းသည်ပင် သူတို့၏ဝါဒကို အတ္တဝါဒမဟုတ်ဟု ဆိုကြ၏။ မဇ္ဈိမိကဂိုဏ်းကမူ အနတ္တဝါဒကို ထေရဝါဒဂိုဏ်းထက် ပိုမိုလေးနက်စွာ ဟောပြောကြ၍ ဓမ္မက္ခန္ဓာကိုပင် လက်မခံချေ။ ထိုဂိုဏ်း၏ အဓိကဝါဒမှာ သုညတဝါဒဖြစ်၍ သူတို့၏သုတ္တန်ဒေသနာတစ်ခု၌ သုညတ ဝါဒကို အောက်ပါအတိုင်း ဖော်ပြထား၏။

"ဤသုညလောကကြီးထဲ၌ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏသည် မရှိ။ နာမဝေါဟာရသည် မရှိ။ အာရုံငါးပါးသည် မရှိ။ ဝိဇ္ဇာ၊ အဝိဇ္ဇာ၊ အဝိဇ္ဇာ၏ ချုပ်ငြိမ်းရာသည် မရှိ။ ဇရာမရဏနှင့် သစ္စာလေးပါး၊ နိဗ္ဗာန်တရားသည် မရှိ။"

"သတ္တလောက၌ ရှိရှိသမျှ သတ္တဝါတို့ကို ငါဘုရားသည် ကယ်ချွတ်၍ နိဗ္ဗာန်သို့ ပို့ဆောင်ရမည်ဖြစ်၏။ သို့ရာတွင် ထိုသတ္တဝါ အသင်္ချေအနန္တကို ကယ်ချွတ်ပြီးသော အခါ အမှန်စင်စစ် သတ္တဝါတစ်ဦးတစ်ယောက်ကိုမျှ ငါကယ်ချွတ်ပြီးသည်ဟု မဆိုနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ဗောဓိသတ္တသည် ပုဂ္ဂိုလ်သတ္တဝါရှိသည်ဟု ယူဆပါက ဗောဓိသတ္တ အမှန်စင်စစ် ဖြစ်မည်မဟုတ်ချေ။"(၁)

၁။ **J.B. Pratt: Pilgrimage of Buddhism, pp. 238**

အေဒီ ၁၅၀ ခုနှစ်လောက်၌ ထွက်ပေါ်ခဲ့သော **နာဂါဇုန, ဝသုဗန္ဓုစသော** အင္ဒကထာ ဆရာတို့သည် မဟာယာနဗုဒ္ဓဝါဒကို မျိုးစေ့ချပေးခဲ့သော ဗုဒ္ဓကျမ်းပြုဆရာများ ဖြစ်ကြ၏။ ထိုဆရာတို့သည်လည်း အတ္တဝါဒကို ပြတ်ပြတ်သားသား ပယ်ကြ၏။ **ဝသုဗန္ဓု**စီရင်ရေးသားသော ကျမ်းတစ်ကျမ်း၌ ဝစ္ဆိပုတ္တကဂိုဏ်း၏ ပုဂ္ဂလဝါဒကို အကျယ် ဝေဖန် ဆန်းစစ်၍ ချေပထား၏။

တရုတ်၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံများ၌ ယနေ့ထွန်းကားနေသော မဟာယာနဝါဒ သည် ထေရဝါဒနှင့် အချို့နေရာများ၌ ကွဲလွဲသော်လည်း အတ္တဝါဒကို ပယ်ရာ၌ တူညီ၏။ နာမည်ကျော် ဂျပန် ဗုဒ္ဓဘာသာကျမ်းပြုဆရာကြီး **ဒေါက်တာ ဆုဇူကီး**က အောက်ပါအတိုင်း ရေးသား၏။

"ဗုဒ္ဓ၏ အနတ္တဝါဒသည် ဝိညာဏဓာတ်မှာ နိစ္စဓုဝအသခ်တ ဖြစ်သည်ဆိုသော အယူကိုပယ်၏။ သင်္ခါရတရား အားလုံးသည် ကမ္မနိယာမနှင့်အညီ အကြောင်းတရား များကြောင့် ဖြစ်ပေါ်လာကြ၏။ ယင်းတို့သည် ပျက်စီးသောသဘောရှိ၍ နောက်ကွယ်၌ အတ္တ၊ ဇီဝရှိသည်ဆိုခြင်းမှာ လွဲမှားသည်သာမက အကျင့်သီလ၏ ဘေးအန္တရာယ်လည်း ဖြစ်၏။"(၁)

ဂျပန်နိုင်ငံ၌ ဗုဒ္ဓဝါဒဂိုဏ်း အမြောက်အမြားရှိရာ စေ့စေ့သေချာစွာ လေ့လာသော ပုဂ္ဂိုလ်များ၏ အဆိုအားဖြင့် ဂိုဏ်းအားလုံးပင် အနတ္တဝါဒကို လက်ခံကြောင်း သိရ၏။

"ဂျပန်နိုင်ငံရှိ ဗုဒ္ဓဝါဒဂိုဏ်းများတွင် မည်သည့်ဂိုဏ်းမျှ အနတ္တဝါဒကို မပယ်ကြ ချေ။ ဂိုဏ်းအားလုံးသည် ပုဂ္ဂိုလ်သတ္တဝါ အမှန်မုချရှိသကဲ့သို့ ပြောဆိုကြစေကာမူ ပုဂ္ဂိုလ်သတ္တဝါသည် စင်စစ်အားဖြင့် လက္ခဏ, ရသဂုဏ်ဒြပ် အစုအပေါင်းမျှသာဖြစ်၍ အနိစ္စသင်္ခါရ တရားမျှသာဖြစ်သည်ဟု ခံယူထားကြ၏။"(၂)

ဤသို့ဖြင့် အနတ္တဝါဒသည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဝါဒဂိုဏ်းအားလုံး လက်ခံယုံကြည် သော ဝါဒဖြစ်၏။ ဗုဒ္ဓဝါဒီတို့သည် ပဋိစ္စသမုပ္ပါဒ်စက်လည်ပုံကို သရုပ်ဖော်ရာ၌ သင်္ခါရတရားကို ပြသသောရုပ်ပုံတွင် အနတ္တတရားသည် ပေါ်လွင်ထင်ရှား၏။ အိန္ဒိယနိုင်ငံ၊ အဇန္တလိုဏ်ဂူ၏ နံရံတွင် ရေးဆွဲထားသော ပုံများ၌ သင်္ခါရတရားကို အိုးထိန်းစက်၌ အိုးထိန်းသည် အိုးများပြုလုပ်နေသော ရုပ်ပုံဖြင့်ပြ၏။ တိဗက်ဗုဒ္ဓပန်းချီ ကားများတွင်ကား အိုးထိန်းသည်၏ ရုပ်ပုံကို မတွေ့ရချေ။ ဂျပန် ဗုဒ္ဓပန်းချီကားများ၌လည်း အိုးထိန်းသည် မပါဘဲ အိုးများကိုသာ ပြထား၏။(၃)

## (ခ) အတ္တ–အနတ္တပြဿနာ

အနတ္တဝါဒသည် ပါဠိ သက္ကတပိဋကတ်တို့၌ အထင်အရှားပါရှိ၍ ဗုဒ္ဓဝါဒ၏ အခြေခံ ပဓာနတရား ဖြစ်သော်လည်း ဗုဒ္ဓဝါဒီအားလုံးက ယင်းကို အစဉ်တစိုက်

၁။ **D. T. Suzuki: Outline of Mahayana Buddhism, pp. 41**
၂။ **J.B.Pratt, op-cit., pp. 598**
၃။ **Mrs Rhys Davids: Sakya or Buddhist Origins, pp.36**

တညီတညွတ် လက်ခံခဲ့သည်ဟု မထင်မှတ်သင့်ချေ။ ဘီစီသုံးရာစုခေတ်၊ တတိယ သံဂါယနာမတင်မီကပင် အိန္ဒိယပြည်၌ အနတ္တအယူကို မနှစ်သက်သော ဗုဒ္ဓဝါဒီများ ထွက်ပေါ်ခဲ့၏။ ကထာဝတ္ထု၌ ပထမဦးစွာ ပယ်သောအယူသည် ဝဇ္ဇီပုတ္တကနှင့် သမ္မိတိယ ဂိုဏ်းသားတို့၏ ပုဂ္ဂလဝါဒဖြစ်၏။ ထိုပုဂ္ဂလဝါဒီတို့သည် ဥပနိသျှကျမ်းလာ အတ္တဝါဒကို လက်မခံ။ ထေရဝါဒီတို့၏ အနတ္တဝါဒကိုလည်း ပယ်၏။ သူတို့အလို အားဖြင့် လူသတ္တဝါသည် အတ္တမဟုတ်။ ရုပ်နာမ်တရား နှစ်ပါးချည်းသက်သက်လည်း မဟုတ်ဘဲ ထိုထက် ပို၍ထူးသော၊ အထင်အရှားရှိသော ပုဂ္ဂိုလ်ဖြစ်၏။

**ဓမ္မပါလ၊ နာဂဇုန၊ ဝသုဗန္ဓု**စသော မဟာယာနဗုဒ္ဓဝါဒ၏ ရှေ့ပြေးအဋ္ဌကထာ ဆရာတို့သည်လည်း ပုဂ္ဂလဝါဒကို ချေပခဲ့ကြ၏။ သို့ဖြင့် ပုဂ္ဂလဝါဒသည် တစ်စတစ်စ ကွယ်ပ၍ အနတ္တဝါဒကို ဗုဒ္ဓဝါဒီအားလုံးက လက်ခံယုံကြည်ခဲ့ကြ၏။ သို့ရာတွင် ယနေ့ကမ္ဘာပေါ်ရှိ ဗုဒ္ဓဝါဒီအားလုံးသည် အနတ္တဝါဒီများ ဖြစ်သည်ဟု မဆိုနိုင်ချေ။ ယခုအခါ အနတ္တဝါဒကို လက်မခံသော ဗုဒ္ဓဝါဒီ အတော်များများ ထွက်ပေါ်လျက်ရှိပေ သည်။

အနောက်နိုင်ငံများ၌ အချို့သော ဗုဒ္ဓဝါဒီနှင့် ဗုဒ္ဓစာပေပညာရှင်တို့သည် အနတ္တ ဝါဒကို ဗုဒ္ဓဝါဒ အစစ်အမှန် မဟုတ်သယောင် ပြောဆိုရေးသားနေကြ၏။ သူတို့မှာ အရေအတွက်အားဖြင့် အင်အား မကြီးမားလှသော်လည်း ဗုဒ္ဓစာပေ ရေးသားသူများ ပါဝင်သောကြောင့် သူတို့၏ တင်ပြချက်ကို ကျွန်ုပ်တို့ အလေးအနက် စဉ်းစားသင့်၏။ အနတ္တဝါဒကို မနားမနေ အပြင်းအထန် ဝေဖန်တိုက်ခိုက်သောသူမှာ နာမည်ထင်ရှား သော ပါဠိပညာရှင် **မစ္စက်ရိုင်းစ်ဒေးဗစ်**ဖြစ်၏။ **မစ္စက်ရိုင်းစ်ဒေးဗစ်**သည် မူလပထမက မိမိ၏ခင်ပွန်းသည် ဗုဒ္ဓကျမ်းပြုဆရာ **ဒေါက်တာရိုင်းစ်ဒေးဗစ်**ကဲ့သို့ပင် အနတ္တဝါဒကို ဗုဒ္ဓဝါဒအစစ်အဖြစ်ဖြင့် လက်ခံ၏။ သို့ရာတွင် နောက်ကာလ၌ အမြင်ပြောင်းလဲသွား ၍ အနတ္တဝါဒသည် ဗုဒ္ဓ၏ မူလဝါဒမဟုတ်။ ပိဋကတ်ဆရာ ရဟန်းဘုန်းကြီးတို့၏ ဝါဒသာဖြစ်သည်ဟု ရေးသားခဲ့၏။[၁] သူ၏အကြောင်းပြချက်မှာ လိုရင်းအချုပ်အားဖြင့် အောက်ပါအတိုင်းဖြစ်၏။

ဥပနိသျှအတ္တသည် မပြောင်းလဲဘဲ

ထာဝရတည်မြဲရကား လူသည် မိမိ၏ အတ္တ ကောင်းစားရေးအတွက် အထူးအားထုတ်ရန် မလို။ ဗုဒ္ဓအသိအမှတ်ပြုသော အတ္တမှာမူ ပြောင်းလဲသော အတ္တဖြစ်သောကြောင့် လူသည် မိမိ၏ အတ္တကြီးပွားမှုအတွက် ကြိုးစားအားထုတ်ရမည်ဖြစ်၏။ ထိုသို့ ဗုဒ္ဓသည် ဗြာဟ္မဏတို့၏ အတ္တဝါဒကို အနည်းငယ်ပြုပြင်၍ လက်ခံခဲ့သော်လည်း ဗုဒ္ဓ ပရိနိဗ္ဗာန်

---

၁။ **"Sakya or Buddhist Origins", "Manual of Buddhism", "Gotama, the Man", "The Wayfarer's Words" etc.**

စံဝင်ပြီးနောက် မကြာမီ ပိဋကတ်ထဲသို့ အနတ္တဝါဒ ဝင်ရောက်လာ၏။ အနတ္တဝါဒ ပေါ်ထွန်းလာခြင်းသည် ပဓာန အကြောင်းနှစ်ရပ်ကြောင့် ဖြစ်၏။

ပထမအကြောင်းမှာ ဗုဒ္ဓဝါဒနှင့် မရှေးမနှောင်း ပေါ်လာသော အိန္ဒိယဘာသာ ဝါဒတစ်ခုဖြစ်၏။[၁] ထိုဝါဒသည် အတ္တကို လက်ခံသော်လည်း နာမ်တရားကို အတ္တနှင့် ခွဲခြား၍ လေ့လာမှုကို အားပေး၏။ သို့ဖြစ်၍ ထိုဝါဒ အငွေ့အသက်မကင်းသော ဗုဒ္ဓ ဝါဒီတို့သည် အတ္တကိုဖယ်ခွာ၍ နာမ်တရားသက်သက်ကို လေ့လာကြရာ ကာလကြာသော် အတ္တကွယ်ပျောက်၍ သူတို့အမြင်အားဖြင့် လူသည် ရုပ်နာမ်တရားစု သက်သက်မျှဖြစ် လာ၏။ ထို့အပြင် ထို ရှေးဦးမူလ ဗုဒ္ဓဝါဒီတို့သည် ရဟန်းများဖြစ်ကြ၏။ ရဟန်းမည်သည် လူ့ဘဝကို စိတ်ပျက်ငြီးငွေ့နေသောသူ ဖြစ်ရကား လူ့ဘဝ၌ အနှစ်သာရ အတ္တကိုရှာ၍ မရဘဲ အနိစ္စ၊ သင်္ခါရ၊ ဒုက္ခတရားများကိုသာ ရှုမြင်စမြဲဖြစ်၏။ ဤသို့နာမ်တရားကိုသာ လျှင် တစ်ဖက်စောင်းနှင့် လေ့လာသော ရှေးအိန္ဒိယဘာသာဝါဒနှင့် လူ့ဘဝ၊ လူ့လောကကို စိတ်ပျက်ငြီးငွေ့သော ရှေးဗုဒ္ဓဝါဒီ ရဟန်းများကြောင့် ပါဠိပိဋကတ်၌ အနတ္တဝါဒ၏ ထင်ရှားနေခြင်း ဖြစ်သည်ဆို၏။

ပိဋကတ်စာပေနှင့် အိန္ဒိယ ဗုဒ္ဓဝါဒသမိုင်းကို စေ့ငုသေချာစွာ လေ့လာသောသူအဖို့ အထက်ပါ **မစ္စက်ရိုင်းစ်ဒေးဗစ်**၏ အဆိုမှာ အခြေအမြစ် ယုတ္တိမရှိလှချေ။

ဗုဒ္ဓသည် အတ္တဝါဒကို အတိအလင်းပယ်ကြောင်း ခိုင်မာသော ပိဋကတ် အထောက်အထားနှစ်ခု ရှိ၏။ ပထမအချက်မှာ အတ္တဆိတ်သုဉ်းမှု သုညတလောကကို ရှုမြင်ရန် ဟောကြားချက်နှင့် သဗ္ဗေဓမ္မာအနတ္တာဆိုသော ဟောကြားချက်ဖြစ်၏။ သင်္ခါရတရားအားလုံးသည် အနိစ္စတရား၊ ဒုက္ခတရားဖြစ်သည် ဆိုပြီးနောက် 'သင်္ခါရ' စကားကို မသုံးဘဲ ဓမ္မအားလုံး အနတ္တဖြစ်သည်ဆိုခြင်းကို သတိပြုသင့်၏။ ဤဗုဒ္ဓဒေသနာ နှစ်ခုမှတစ်ပါး အနတ္တအကြောင်း ဗုဒ္ဓ၏ အခြားမိန့်ကြားချက်များသည် အတ္တဝါဒကို တိုက်ရိုက်ပယ်သော စကားများမဟုတ်ချေ။ ယင်းတို့ကို ပြန်၍ အကျဉ်းချုပ် ဖော်ပြရ သော် (၁) ခန္ဓာငါးပါးသည် အတ္တမဟုတ်၊ (၂) ခန္ဓာငါးပါး၌ ပုဂ္ဂိုလ်သတ္တဝါကိုရှာ၍ မရအပ်၊ (၃) ငါဘုရားသည် မည်သူက ခံစားသည်၊ တွေ့ထိသည်ဟုမဟော၊ အကြောင်းခံအကျိုးဆက် သဘောတရားကိုသာ ဟော၏။ ဤဗုဒ္ဓဒေသနာများကို ထောက်ချင့်၍ ဗုဒ္ဓလက်ထက်မှစ၍ ယနေ့အထိ ကမ္ဘာ့ဗုဒ္ဓဝါဒီအများစုသည် ဗုဒ္ဓက အတ္တကို လုံးဝပယ်သည်ဟု ယုံကြည်ကြ၏။

အနောက်နိုင်ငံ ပါဠိပညာရှင်တို့သည်လည်း အများအားဖြင့် ထိုသို့ ယူဆကြ၏။ အင်္ဂလိပ် ပါဠိပညာရှင် **ဒေါက်တာသောမတ်စ်**က "ဗုဒ္ဓကိုယ်တိုင်က အတ္တမရှိကြောင်း အတိအလင်း ဟောပြောသည်ဟု ကျွန်ုပ်တို့ မဆိုနိုင်ပါ။ သို့ရာတွင် ရုပ်နာမ်တရား၊ ခန္ဓာငါးပါးနှင့်စပ်လျဉ်းသော ပိဋကတ်စကားများကို ထောက်ချင့်၍ ဗုဒ္ဓအလိုအားဖြင့်

---

၁။ **Saṁkhya.**

အတ္တမရှိဟု ယူဆနိုင်ပါသည်”ဟုရေးသား၏။ ဗုဒ္ဓသည် အတ္တဝါဒကို ဟောခဲ့၍ ထိုဝါဒကို ပိဋကတ် ဆရာတို့က ဖျောက်ဖျက်ပစ်သည်ဆိုသော စကားမှာ ယုတ္တိမရှိကြောင်း ဒေါက်တာသောမတ်စ်၏ ရေးသားချက်ကို ဆက်လက်ဖော်ပြပါအံ့။

“ဗုဒ္ဓပရိနိဗ္ဗာန် စံတော်မူသောအခါ ဗုဒ္ဓဒေသနာများသည် မြောက်မြားလှစွာသော တပည့်ရဟန်းတို့၏ စိတ်ထဲ၌ စွဲမြဲကျန်ရှိခဲ့ပါလျက် အတ္တဝါဒနှင့် စပ်လျဉ်း၍ကား တစ်စွန်းတစ်စမျှပင် ဗုဒ္ဓဝါဒီတို့ လက်ခံထားသည်ကို မတွေ့ရချေ။ အကယ်၍ ဗုဒ္ဓဝါဒ၌ အတ္တအယူလက္ခဏာ အမှတ်အသား တစ်စွန်းတစ်စ ကျန်ရှိခဲ့ပါက ဝစ္ဆီပုတ္တကဂိုဏ်းသည် ခန္ဓာငါးပါးအပြင် ပုဂ္ဂိုလ်ရှိသေးသည်ဟု ဟောပြောသောအခါ ထိုအတ္တဝါဒ တစ်စွန်းတစ်စပါသော ဒေသနာများကို ထောက်ပြကြမည် အမှန်ဖြစ်၏။ သို့ရာတွင် စင်စစ် သူတို့သည် အတ္တအယူကင်းသော အထောက်အထားများကို ပြကြ၍ သူတို့၏ ပုဂ္ဂလဝါဒသည် ဗုဒ္ဓ၏ အနတ္တဝါဒနှင့် ဆန့်ကျင်ခြင်းမရှိဟုလည်း သူတို့ ယုံကြည်ကြပေသည်။”(၁)

ရာဒါကရစ်ရှနန်၊ အာနန္ဒာ ကုမာရဆွာမိ(၂) စသော ယခုခေတ် အိန္ဒိယပညာရှင် အတ္တဝါဒီတို့သည် ဗုဒ္ဓက အတ္တဝါဒကို လက်ခံသယောင် ရေးသားကြ၏။ အကယ်၍ သူတို့၏ ထင်မြင်ချက် မှန်ကန်ပါက ဗုဒ္ဓဝါဒ ထွန်းကားသော ရှေးအိန္ဒိယခေတ်မှ အိန္ဒိယသား အတ္တဝါဒီတို့သည် ပါဠိပိဋကတ်၌ မိမိတို့နှစ်သက်သော အတ္တအယူကို တွေ့ရှိခဲ့ကြရာ၏။ ယခုမူ ထိုသို့မဟုတ်။ ရှေးအိန္ဒိယ အတ္တဝါဒီအားလုံးသည် ဗုဒ္ဓဝါဒကို အနတ္တဝါဒအဖြစ် သိရှိနားလည်ကြ၏။ အိန္ဒိယပညာရှင်တစ်ဦး၏ အဆိုအားဖြင့် “ဂျိန်းနှင့် ဗြာဟ္မဏဝါဒီများသည် ဗုဒ္ဓဝါဒမှာ အတ္တကိုပယ်သော ဝါဒဖြစ်သည်ဆို၍ သူတို့၏ဝါဒများနှင့် အခြေခံမတူကြောင်း ပြောဆိုရေးသားကြ၏။ ဗုဒ္ဓဝါဒကို ရုပ်ဝါဒအဖြစ် မှတ်ယူ၍ မိစ္ဆာဝါဒစာရင်း၌ ထည့်သွင်းဖော်ပြကြ၏။(၃)

အကယ်၍ ဗုဒ္ဓသည် အတ္တဝါဒကို အနည်းငယ် ပြင်ဆင်၍ လက်ခံခဲ့သည်မှန်ပါက ဗုဒ္ဓဝါဒသည် ဗြာဟ္မဏဝါဒနှင့် များစွာ ကွဲပြားခြားနားတော့မည် မဟုတ်ချေ။ ဗုဒ္ဓဝါဒ၏ ပဓာနထူးခြားချက်မှာ ဇာတ်ဝါဒ၊ ယဇ်ပူဇော်မှု စသည်တို့ကို တိုက်ဖျက်ခြင်းမဟုတ်ဘဲ အတ္တကို ပယ်ခြင်း ဖြစ်၏။ အတ္တကို မပယ်ခဲ့ပါက နဂိုမူလက အတ္တကို လက်ခံပြီးဖြစ်သော ဗြာဟ္မဏတို့သည် ဗုဒ္ဓဝါဒဘက်သို့ ကူးပြောင်းလာရန် အကြောင်း မရှိ။ အတ္တကို ပယ်ခဲ့သောကြောင့်သာလျှင် ဗုဒ္ဓသံဃာ၌ ဗြာဟ္မဏအမျိုးသား အမြောက်အမြား ရှိနေခြင်းဖြစ်ပေမည်။

ထို့အပြင် အကယ်၍ အတ္တဝါဒသည် မူလဗုဒ္ဓဝါဒအစစ်ဖြစ်သည်မှန်ပါက

၁။ **E.J.Thomas: History of Buddhist Thought, pp.99 & 102**
၂။ **Radhakrishnan, Ananda Coomaraswamy.**
၃။ **T.R.V.Murti: The Central Philosophy of Buddhism, pp.2**

ဗုဒ္ဓသည် တရားဟောရာ၌ အခက်အခဲကြုံတွေ့ဖွယ်ရာ မရှိ။ ဗြာဟ္မဏတို့က ဗုဒ္ဓအား ကဲ့ရဲ့ဝေဖန်ကြမည်လည်း မဟုတ်ချေ။ စင်စစ် ဗုဒ္ဓသည် မိမိ၏တရားကို လူအများနား လည်ပါမည်လောဟု သံသယဖြစ်ခဲ့၏။ ထိုသို့ သံသယ ဖြစ်သောကြောင့်ပေလော မသိ။ ပထမဦးစွာဟောသော ဓမ္မစကြာသုတ်၌ အနတ္တတရားကို လုံးဝချန်လှပ်ထား၍ ဒုတိယ သုတ္တန်ဒေသနာ၌သာ ဟော၏။ ဗုဒ္ဓ၏ အနတ္တတရားကို နားမလည်၊ သို့မဟုတ် မနှစ်သက်သဖြင့် ပြစ်တင်ဝေဖန်သောသူတို့မှာလည်း မနည်းလှချေ။ ဗုဒ္ဓအား အကိရိယဝါဒီ ဖြစ်သည်။ ကြီးပွားမှုကို ဖျက်ဆီးတတ်သောသူ၊ (ဘူနာဟ) ဖြစ်သည်ဟု စွပ်စွဲကြ၏။ (ဝိနည်းပိဋကတ်၊ မဟာဝဂ္ဂနှင့် မဇ္ဈိမနိကာယ် မာဂဏ္ဍိယသုတ်) "ရဟန်းတို့၊ ငါဘုရားသည် သတ္တလောကနှင့် ငြင်းခုံတော်မမူ။ သတ္တလောကသည်သာလျှင် ငါဘုရားနှင့် ငြင်းခုံ၏။ ငါဘုရားက ထင်ရှားအောင် ဟောပြောပါလျက် မသိမမြင်သောသူကို ငါဘုရားသည် အဘယ်သို့ ပြုရတော့အံ့နည်း။" (ခန္ဓာသံယုတ်၊ ဝိဝါဒသုတ်)

ဤသို့ ဗုဒ္ဓအား ပြစ်တင်စွပ်စွဲကြခြင်းသည် အတ္တကို ပယ်သောကြောင့်သာလျှင် ဖြစ်ကြောင်း ယုံမှားဖွယ်ရာမရှိချေ။ "ရဟန်းတို့၊ ငါဘုရားသည် သတ္တဝါကို မဖျက်ဆီး တတ်၊ သတ္တဝါဖျက်ဆီးခြင်းကို ဟောတော်မမူ။ သို့စဉ်လျက် အချို့သော ရဟန်းပုဏ္ဏားတို့ သည် မဟုတ်မမှန် ချွတ်လွဲသော မုသာဝါဒဖြင့် ရဟန်းဂေါတမသည် သတ္တဝါကို ဖျက်ဆီးတတ်၏။ ထင်ရှားရှိသော သတ္တဝါ၏ ပြတ်ခြင်း၊ ပျက်ခြင်း၊ ဘဝကင်းခြင်းကို ပညတ်၏ဟု စွပ်စွဲကြကုန်၏။ (မဇ္ဈိမနိကာယ်၊ အလဂဒ္ဒူပမသုတ်)

ဗုဒ္ဓဝါဒသည် အတ္တကို လုံးဝပယ်သော ဝါဒမုချဖြစ်သည်ဟု ယူဆရန် ခိုင်မာသော ဗုဒ္ဓဒေသနာ မြောက်မြားစွာရှိ၏။ သို့ဖြစ်စေကာမူ အချို့သော အနောက်နိုင်ငံသား အတ္တစွဲပညာရှင်တို့က အောက်ပါဒေသနာများကို ထောက်ပြ၍ အတ္တကို ဗုဒ္ဓလက်ခံပါ သည်ဟု ဆိုကြ၏။

"အခါတစ်ပါး တောအုပ်တစ်ခု၌ ဘဒ္ဒဝဂ္ဂီ သူငယ်ချင်းမင်းသား သုံးကျိပ်တို့သည် မယားများနှင့်အတူ ပျော်ပါးနေကြစဉ် အတူပါလာသော ပြည့်တန်ဆာမတစ်ယောက် သည် သူတို့၏ဥစ္စာကို ခိုးယူ၍ ထွက်ပြေး၏။ မင်းသားတို့သည် ထိုပြည့်တန်ဆာမကို ရှာကုန်သော် တစ်နေရာ၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓကိုမြင်၍ အရှင်ဘုရား၊ မိန်းမတစ်ယောက်ကို မြင်မိပါသလောဟု မေးလျှောက်ကြ၏။ ထိုအခါ ဗုဒ္ဓက သူငယ် တို့၊ ငါ၏စကားကို သင်တို့ အဘယ်သို့ မှတ်ထင်ကုန်သနည်း။ မိန်းမကိုရှာခြင်းနှင့် မိမိကိုယ် (အတ္တ)ကို ရှာခြင်းတွင် အဘယ်ရှာခြင်းသည် သင်တို့အဖို့မြတ်သနည်းဟု မေး၏။ မင်းသားတို့က မိမိကိုယ်ကိုရှာခြင်းသည်သာလျှင် မြတ်ပါသည်ဟု လျှောက် ကြ၏။" (ဝိနည်းပိဋကတ်၊ မဟာဝဂ္ဂ)

"ရဟန်းတို့၊ ဝန်ကိုလည်းကောင်း၊ ဝန်ကို ရွက်ဆောင်သော ပုဂ္ဂိုလ်ကိုလည်း ကောင်း၊ ဝန်ကိုယူခြင်း၊ ဝန်ကိုချခြင်းကိုလည်းကောင်း ငါဟောကြားပေအံ့။ ဝန်ဟူသည်

ခန္ဓာငါးပါးဖြစ်၏။ ဝန်ကိုဆောင်သောသူဟူသည် ပုဂ္ဂိုလ်ဖြစ်၏။ ဤသို့သောအမည်၊ ဤသို့သော အနွယ်ရှိသော ပုဂ္ဂိုလ်ကို ဝန်ကိုဆောင်သောသူဟူ၍ ဆိုအပ်၏။ ဝန်ကိုယူခြင်းဟူသည် တဏှာစွဲကပ်ခြင်းဖြစ်၏။ ထိုတဏှာ၏ အကြွင်းမဲ့ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်ရှိ၏။ ထိုနိဗ္ဗာန်သည် ဝန်ကိုချရာ ဖြစ်သည်ဟု ဆိုအပ်၏။" (ခန္ဓဝဂ္ဂသံယုတ်၊ ဘာရသုတ်)

"မိမိသည်သာ မိမိ၏ ကိုးစားရာဖြစ်၏။ သူတစ်ပါးသည် မိမိ၏ ကိုးစားရာ အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း။ မိမိသည် ကောင်းစွာယဉ်ကျေးသဖြင့် ရခဲလှသော ကိုးစားရာ အရဟတ္တဖိုလ်ကို ရနိုင်၏" (ဓမ္မပဒ ဂါထာ-၁၆၀)။ ဤပါဠိတော်နှင့် မိမိကိုယ်ကိုသာလျှင် မှီခိုအားထားရန် ပရိနိဗ္ဗာန်မပြုမီ ဗုဒ္ဓအလေးအနက် မိန့်ကြားသော စကားများသည် အတ္တစွဲ အနောက်တိုင်း ဗုဒ္ဓဝါဒီနှင့် အချို့ပညာရှင်တို့ အထူးကိုးကားလေ့ရှိသော စကားများဖြစ်၏။

အထက်ပါ ဗုဒ္ဓဒေသနာများသည် အတ္တစွဲကင်းသော ဗုဒ္ဓဝါဒီတို့အဖို့ အတ္တဝါဒနှင့် ရောထွေး၍ ထင်မှားဖွယ်ရာအကြောင်း အလျှင်းမရှိချေ။ ဒေသနာသုံးခုစလုံးမှာ အဓိပ္ပာယ် ရှင်းလင်းပြတ်သား၏။ ပထမဒေသနာ၌ မိမိကိုယ်ကို ရှာခြင်းသည် မိမိ အကြောင်းကို ဟုတ်မှန်သည့်အတိုင်း သိရှိနားလည်ရန် မိမိကိုယ်ကို ဝေဖန်ဆန်းစစ်ခြင်း ဖြစ်၏။ ဒုတိယဒေသနာ၌ ဝန်ဆောင်ပုဂ္ဂိုလ်ဟူသည် လူအများ နားလည်စေရန် သုံးစွဲ ထားသော လောကဝေါဟာရ စကားမျှသာဖြစ်၏။ တတိယဒေသနာ၌ မိမိကိုယ်ကို အားကိုးရမည် ဆိုသော ဗုဒ္ဓဩဝါဒမှာ မိမိ၏ သီလ၊ သမာဓိ၊ ပညာ၊ ဝီရိယစသော သတ္တိ အရည်အချင်းများကို ဆိုလိုကြောင်း ထင်ရှား၏။

ဤသို့ အနက်အဓိပ္ပာယ် သိသာထင်ရှားသော်လည်း အတ္တစွဲမကင်းသောသူတို့သည် "အတ္တာနံဂဝေသေယျာတ" "အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ"စသော ပါဠိတော်များ၏ နောက်ကွယ်၌ အတ္တကို ရှာကြံကြ၏။ ဥပနိသျှကျမ်းလာ အချို့ ဝေါဟာရများသည် ပါဠိပိဋကတ်၌ အနက်အဓိပ္ပာယ် ပြောင်းလဲကြောင်း အထက်က ပြဆိုခဲ့ပေပြီ။ မစ္စစ်ရိုင်·စ်ဒေးဗစ်ကပင် 'ပုရိသ' 'ကာမ' 'အဇ္ဈတ္တ' စသော ဝေါဟာရ စကားများမှာ ဥပနိသျှကျမ်းများနှင့် ပိဋကတ်ကျမ်းများတွင် အဓိပ္ပာယ်တစ်မျိုးစီ ဖြစ်ပါသည်ဟုဆို၏။ သို့စဉ်လျက် 'အတ္တ' 'ဗြဟ္မ' 'ဓမ္မ'စသော ပါဠိဝေါဟာရများသည် ဥပနိသျှဆရာတို့၏ အတ္တအယူကို ဖော်ညွှန်းသည်ဟု စွဲမှတ်ထားခြင်းမှာ ရှေ့နောက် မညီဘဲ မိမိလိုရာဆွဲ၍ ပြန်ဆိုထားသည်နှင့် တူလှချေသည်။

"ထိုရဟန္တာပုဂ္ဂိုလ်သည် ငါသည်ဆို၏။ ငါ့ကိုဆိုကုန်၏ စသည်ဖြင့် ပြောဆိုရာ၏။ ထိုပုဂ္ဂိုလ်သည် ခန္ဓာစသည်တို့၌ လိမ္မာသည်ဖြစ်သောကြောင့် လောက၌

ခေါ်ဝေါ်အပ်သော အမည်ကိုသိ၍ ခေါ်ဝေါ်ကာမျှ ဝေါဟာရအားဖြင့်သာလျှင် ခေါ်ဆိုရာ၏။" (သဂါထာဝဂ္ဂသံယုတ်၊ အရဟန္တသုတ်)

"အို အဂ္ဂိဝေဿန၊ ကိလေသာမှ ကျွတ်လွတ်ပြီးသော ရဟန်းသည် တစ်စုံတစ်ခုကိုမျှ ချွတ်လွဲသောအားဖြင့် မဆို။ လောက၌ အကြွင်စကားဖြင့် ဆိုအပ်၏။ ထိုစကားဖြင့် ခေါ်ဝေါ်ပြောဆို၏။ မှားသောအားဖြင့်မူကား မသုံးသပ်။" (မဇ္ဈိမနိကာယ်၊ ဒီဃနခသုတ်)

"စိတ္တ၊ ဤအတ္တဘောကို ရခြင်းဟူသော အရာတို့သည် လောကအမည်၊ လောကအဆို၊ လောကအခေါ်အဝေါ်၊ လောကပညတ်များ ဖြစ်ကုန်၏။ ဤအမည်၊ ပညတ်တို့ဖြင့် ငါဘုရားသည် မှားယွင်းစွာ မသုံးသပ်မူ၍ ခေါ်ဝေါ်ဟောပြော၏။" (ဒီဃနိကာယ်၊ ပေါဋ္ဌပါဒသုတ်)

ထို့ကြောင့် ဗုဒ္ဓသည် လောက၌ ပုဂ္ဂိုလ်သတ္တဝါမရှိဟူ၍ တိကျပြတ်သားစွာ မဟောကြားခဲ့ခြင်း ဖြစ်၏။ ဝစ္ဆဂေါတ္တ ပရိဗိုဇ်က ဗုဒ္ဓအား အတ္တရှိပါသလောဟု အတိအလင်း မေးသောအခါ မည်သို့မျှမဖြေဘဲ ဆိတ်ဆိတ်နေတော်မူ၏။ ပရိဗိုဇ်ဖဲသွားပြီးနောက် အရှင်အာနန္ဒာက မေးလျှောက်သောအခါ ဗုဒ္ဓက အတ္တရှိသည်ဟုဆိုလျှင် သဿတဝါဒကို မိမိလက်ခံရာရောက်မည်။ အနတ္တတရားကို ပယ်ရာရောက်မည်။ အတ္တမရှိဟုဆိုလျှင် ဥစ္ဆေဒဝါဒကို မိမိလက်ခံရာရောက်၍ ဝစ္ဆဂေါတ္တသည်လည်း စိတ်နောက်ကျိ ရှုပ်ထွေးဖွယ်ရာရှိသည်။ ထို့ကြောင့် မိမိ မည်သို့မျှ မဖြေကြားကြောင်း မိန့်ကြား၏။ (အဗျာကတသံယုတ်၊ စတုတ္ထဝစ္ဆ ဂေါတ္တသုတ်)

"အိုကစ္စာန၊ လူတို့သည် များသောအားဖြင့်ရှိ၏ဟူ၍လည်းကောင်း၊ မရှိဟူ၍လည်းကောင်း ယူဆကြ၏။ သင်္ခါရလောက၏အကြောင်းကို ကောင်းသောမဂ်ဉာဏ်ဖြင့် အမှန်အတိုင်း မြင်သောသူအား သင်္ခါရလောက၌ မရှိဟူသော အယူသည်မဖြစ်။ သင်္ခါရလောက၏ ချုပ်ရာကို မဂ်ဉာဏ်ဖြင့် အမှန်အတိုင်း မြင်သောသူအား သင်္ခါရလောက၌ ရှိ၏ဟူသော အယူသည်မဖြစ်။" (နိဒါနသံယုတ်၊ အာယသ္မာကစ္စာနဂေါတ္တသုတ်)

ဤသို့ဖြင့် ဗုဒ္ဓသည် အနတ္တတရားကို လူတို့မှားယွင်းစွာ ကြံစည်သုံးသပ်ခြင်း မပြုမိစေရန် အထူးသတိပြု၍ ဟောတော်မူရ၏။ ဤအကြောင်းကို ထေရဝါဒဆရာတို့က အထူးအထွေ မရေးသားခဲ့သော်လည်း မဟာယာနဆရာတို့ကမူ အကျယ်ဖွင့်ဆို ရေးသားခဲ့ကြ၏။

**ဝသုဗန္ဓုဆရာ**သည် ဝဇ္ဇိပုတ္တကဂိုဏ်း၏ ပုဂ္ဂလဝါဒကို ချေပရာ၌ ဤသို့မိန့်ဆို၏။ "ဘုရားရှင်သည် အထူးဆင်ခြင်၍ အနတ္တတရားကို ဟောတော်မူ၏။ ဥပမာ ကျားမသည် မိမိ၏ သားငယ်ကို ကိုက်ချီရာ၌ မနာကျင်စေရန်နှင့် လွတ်ထွက်မသွားစေရန် မလျော့မတင်း ကိုက်ချီသကဲ့သို့ဖြစ်၏။ ဗုဒ္ဓသည် သဿတဒိဋ္ဌိ၏ အပြစ်ဘေးကိုလည်းကောင်း ဥစ္ဆေဒဒိဋ္ဌိကြောင့် လူတို့ အကျင့်သီလ၊ ယိုယွင်းပျက်ပြားမည့်ဘေးကို လည်းကောင်း

သိမြင်တော်မူ၏။ ပုဂ္ဂိုလ် သတ္တဝါမရှိသောကြောင့် ပုဂ္ဂိုလ်နှင့်ခန္ဓာကိုယ် တခြားစီဖြစ်သည်ဟုမဆို။ သို့ရာတွင် နတ္ထိကဝါဒကို ပယ်လိုရကား ပုဂ္ဂိုလ်သတ္တဝါမရှိဟုလည်း ဟောတော်မမူချေ။"(၁)

နာဂဇုနဆရာကလည်း "ဘုရားရှင်သည် နတ္ထိကဝါဒနှင့် သဿတဝါဒကို ပယ်လိုသောကြောင့် တစ်ခါတစ်ရံ အတ္တဝါဒကိုဟော၍ တစ်ခါတစ်ရံ အနတ္တဝါဒကို ဟောတော်မူ၏။ သို့ရာတွင် အနတ္တဝါဒသည်သာလျှင် ဗုဒ္ဓဝါဒအစစ် ဖြစ်၏။ ဤဝါဒသည် နားလည်ရန် ခက်ခဲ၏။ ဗုဒ္ဓသည် အသိပညာဉာဏ်နှင့် စိတ်ဓာတ်ဗီဇညံ့ဖျင်းသောသူတို့ကို ရည်ရွယ်၍ အနတ္တတရားကို ဟောတော်မူသည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် ထိုတရားကို ကြားနာရပါက နတ္ထိကဝါဒကို မုချသက်ဝင်ယုံကြည်ကြမည်ဖြစ်သည် စသည်ဖြင့် ရေးသားခဲ့၏။(၂)

နာဂဇုနဆရာက တစ်ခါတစ်ရံ အတ္တဝါဒကို ဗုဒ္ဓဟောသည်ဆိုရာ၌ အချို့သော ဗုဒ္ဓဒေသနာများ၌ ပုဂ္ဂိုလ်သတ္တဝါ ထင်ရှားရှိသကဲ့သို့ ဟောပြောမှုနှင့် 'မိမိကိုယ်'ဟူသော စကားကဲ့သို့ အတ္တနှင့် ရောထွေးထင်မှားဖွယ်ဖြစ်သော ဝေါဟာရများ သုံးစွဲမှုကို ဆိုလိုခြင်းဖြစ်၏။ အတ္တစွဲ မကင်းသောသူတို့အဖို့ ပိဋကတ်စာပေ၌ အတ္တအသွင် လက္ခဏာဆောင်နေသော ပါဠိဝေါဟာရတစ်ခုမှာ မနောဝိညာဏ်ဖြစ်၏။

"ရဟန်းတို့၊ ဤစိတ်သည် ပြိုးပြိုးပြက် တောက်ပဖြူစင်သော သဘောရှိ၏။ ဤစိတ်သည် ညှိသည်သဖွယ် ဖြစ်ကုန်သော ညစ်ညူးကြောင်း ရာဂအစရှိသော ကိလေသာမှလွတ်၏။ ထိုကိလေသာမှ လွတ်သောစိတ်ကို အကြားအမြင် သုတရှိသော အရိယာ၏ တပည့်သည် ဟုတ်မှန်သောအတိုင်း အပြားအားဖြင့်သိ၏။" (အင်္ဂုတ္တရနိကာယ်၊ ဧကကနိပါတ် – ဒုတိယပဘဿရသုတ်)

"စိတ်သည် လောကကို ဆောင်အပ်၏။ ဆွဲငင်၏။ အလုံးစုံသော တရားတို့သည် စိတ်ဟူသော တရား၏ အလိုနိုင်ငံသို့ အစဉ်လိုက်ပါရကုန်၏။" (သဂါထာဝဂ္ဂသံယုတ်၊ စိတ္တသုတ်)

"ရဟန်းတို့၊ ခံတပ်မြို့ကြီး တစ်မြို့သည်ရှိ၏။ ထိုမြို့၌ တံခါးခြောက်ခုသည်လည်းကောင်း၊ တံခါးစောင့်သည်လည်းကောင်း၊ မြို့၏အရှင်ဘုရင် မင်းသည်လည်းကောင်းရှိ၏။ ထိုမြို့သို့ သံတမန်နှစ်ဦးသည် လာရောက်၍ လိုအပ်သောကိစ္စကို ဆောင်ရွက်ပြီးလျှင် ပြန်သွား၏။ ဤဥပမာ၌ ခံတပ်မြို့မည်သည် မဟာဘုတ်ဓာတ်ကြီးလေးပါးကို မှီ၍ဖြစ်သော ဤကိုယ်ခန္ဓာဖြစ်၏။ တံခါးခြောက်ပေါက်သည် အဇ္ဈတ္တိကာယတန ခြောက်ပါးဖြစ်၏။ တံခါးစောင့်သည် သတိစေတသိက်ဖြစ်၏။ သံတမန်နှစ်ဦးသည် သမထနှင့် ဝိပဿနာ ကမ္မဋ္ဌာန်းကို ဆိုလို၏။ မြို့၏အရှင်ဘုရင် မင်းသည်ကား

၁။ **T.R.V. Murti, op. cit., pp.43**

၂။ **Yamakami Sogen: Systems of Buddhist Thought, pp.28**

မနောဝိညာဏ်စိတ် ဖြစ်၏။" (သင္ဂြဟတနသံယုတ်၊ ကိံသုကသုတ်)

အထက်ပါ ဒေသနာများအရ မနောဝိညာဉ်သည် နာမ်တရားတို့၏ အကြီးအမှူး ရှေ့သွားခေါင်းဆောင်ဖြစ်၏။ သို့ရာတွင် ဝိညာဉ်သည် အခြားနာမ်တရားတို့နည်းတူ အနိစ္စတရား၊ သင်္ခါရတရားဖြစ်၏။ ဤအချက်ကို မသိမြင်ဘဲ လူတို့ သံသရာကျင်လည်ရာ၌ မနောဝိညာဉ်က တစ်ဘဝမှတစ်ဘဝသို့ ကူးပြောင်းသည်ဟု အယူမှားသော သာတိရဟန်းအား ရှင်းလင်းပြတ်သားစွာ ဗုဒ္ဓဟောကြားသော ဒေသနာ အထင်အရှား ရှိ၏ (မဇ္ဈိမနိကာယ်၊ မဟာတဏှာသခ်ယသုတ်)။ သို့စဉ်လျက် ယခုကာလ၌ အတ္တစွဲရှိသော သူတို့သည် မနောဝိညာဉ်ကို အတ္တဝိညာဉ်အဖြစ် စွဲမှတ်ထားကြ၏။ ထိုဝိညာဉ်သည် နိစ္စရုပ်အသခ်တဓာတ်ဖြစ်သည်။ မူလသဘာဝအားဖြင့် သန့်ရှင်းစင်ကြယ်သည်။ အပေါ်က ဖုံးအုပ်နေသော ကိလေသာ အညစ်အကြေးများကို ဖယ်ရှားနိုင်လျှင် ပကတိဖြူစင်သော အတ္တဝိညာဉ်ဖြစ်ပေါ်လာသည်ဟု ယုံကြည်ကြ၏။

ထိုသို့ ယုံကြည်သော မြန်မာဗုဒ္ဓဝါဒီ ဝိပဿနာ ဆရာတစ်ဦး၏ ကျမ်းစာအုပ်မှ ကောက်နုတ်ချက်ကို ဖော်ပြပါအံ့။

"ဤဝိညာဉ်ဟူသော စိတ်သည် ပရမတ္ထအစစ်ပေတည်း။ ထို ပရမတ္ထစိတ်ဝိညာဉ်သည် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဝိညာဏဋ္ဌိတိ၊ ဝိညာဏစရိယ၊ ပကတိပရိ သုဒ္ဓိမည်သော စိတ်ဝိညာဉ်သည် မဇ္ဈေဝိညာဉ်ဖြစ်သောကြောင့် ဒိဋ္ဌိနှင့်မယှဉ်၊ ပကတိ သက်သက် သန့်ရှင်းစင်ကြယ်၏။ သံသရာဟူသော ပဋိစ္စသမုပ္ပါဒ်ထဲသို့ မပါဝင်၊ အကြောင်းပစ္စယကင်းသော ဝိညာဉ်တည်း။ ထိုဝိညာဉ်သည် ဘူတရုပ်လေးပါးတည်းဟူသော နန်းတော်ရှိ၏။ ထိုဝိညာဉ်ကို ဘုရင်မင်းမြတ် ဥပမာပြု၍ ဟောတော်မူ၏။ ထိုဝိညာဉ်ကို ပဋိစ္စသမုပ္ပါဒ်ထဲသို့သွင်း၍ ခန္ဓာ၊ အာယတန၊ ဓာတ်သစ္စာမဖွဲ့အပ်။ ထိုဝိညာဉ်ကိုရည်၍ ဗကဗြဟ္မာအား မူလပဏ္ဏာသ ပါဠိတော်၌ ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံဟူ၍ လည်းကောင်း၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ပကတိ ပရိသုဒ္ဓမိဒံ စိတ္တံဟူ၍ လည်းကောင်း ဝိညာဏံမဇ္ဈေဟူ၍ လည်းကောင်း ဝိညာဏဋ္ဌိတိဟူ၍ လည်းကောင်း ဟောတော်မူ၏"(၁)

မဟာယာနဝါဒီတို့၏ သက္ကဋပိဋကတ်စာပေ၌လည်း အတ္တဝါဒနှင့် ရောထွေး၍ အဓိပ္ပာယ်အယူအဆ လွဲမှားဘွယ်ဖြစ်သော သုတ္တန်ဒေသနာများ ရှိ၏။ ယောဂါစရိယမည်သော ရှေးမဟာယာနဂိုဏ်းသည် အာလာယဝိညာဏဟုဆိုသော ဝိညာဉ်ဓာတ်တစ်မျိုးကို လက်ခံယုံကြည်၏။ ထိုဓာတ်သည် အမြဲတည်ရှိ၍ အစဉ်ထာဝရ ဖြူဖွေးသန့်ရှင်းသော ဓာတ်ဖြစ်၏။ ထို့အပြင် မဟာယာနဂိုဏ်းအားလုံးသည် လူသတ္တဝါတို့၌ ဗောဓိဉာဏ်မျိုးစေ့ဓာတ်ရှိသည်ဟု ယုံကြည်ကြ၏။ ထိုမျိုးစေ့ဓာတ်သည် ပကတိကြည်လင်သန့်ရှင်း၍ ထိုဓာတ်သတ္တိကြောင့် ပုဂ္ဂိုလ်သတ္တဝါ အသီးသီးသည် တစ်နေ့သော

---

၁။ ဦးညွန့် "ပညာနေတ္တိ ဝိပဿနာကျမ်း" စာမျက်နှာ ၁၅၄–၅၅

အခါ၌ ဗုဒ္ဓဖြစ်လာနိုင်သည် ဆို၏။ ထိုဓာတ်သတ္တိကို သက္ကတပိဋကတ်လာ မဟာပရိနိဗ္ဗာနသုတ်၌ မဟတ္တမ သို့မဟုတ် တထာဂတဂဗ္ဘဟု ခေါ်ဆိုထား၏။

သို့ဖြစ်စေကာမူ ယောဂါစရိယဂိုဏ်းသည် အာလယဝိညာဏဓာတ်ကို ဗြာဟ္မဏတို့ ယုံကြည်သော အတ္တဖြစ်သည်ဟု မဆို။ တထာဂတဂဗ္ဘသည်လည်း ဥပနိသျှကျမ်းလာ အတ္တမဟုတ်ကြောင်း မဟာယာနဗုဒ္ဓကျမ်းများ၌ အထင်အရှား ပြဆိုထား၏။

အောက်ပါစကားများသည် မဟာယာနသုတ္တန် ဒေသနာတစ်ခုမှ ကောက်နုတ်ချက် ဖြစ်၏။

"ထိုအခါ အလောင်းတော် အရှင်မဟာမတိသည် မြတ်စွာဘုရားအား အရှင်ဘုရား ပကတိ သန့်ရှင်းစင်ကြယ်၍ ထွန်းလင်းတောက်ပသော လူ့သတ္တဝါတိုင်း၏ သန္တာန်၌ရှိသည်ဆိုသော တထာဂတဂဗ္ဘသည် တိတ္ထိတို့ ကြံဆအပ်သော နိစ္စရူပ အသခ်တဓာတ်ဖြစ်သည်ဆိုသော အတ္တနှင့် မည်သို့ခြားနားပါသနည်းဟု မေးလျှောက်၏။ ထိုအခါ ဘုရားရှင်က အိုမဟာမတိ၊ တထာဂတဂဗ္ဘသည် အတ္တနှင့် များစွာကွာခြား၏။ ငါဘုရားသည် ပုထုဇဉ်သတ္တဝါတို့အား အနတ္တတရားကို မကြောက်စေရန် တထာဂတဂဗ္ဘတရားကို ဟော၏။ စင်စစ် အတ္တဝါဒသည် မှားသည်သာဖြစ်၏။ သို့ရာတွင် ငါဘုရားသည် အနတ္တတရားကို နည်းအမျိုးမျိုးဖြင့် ဟောတော်မူ၏။ တစ်ခါတစ်ရံ တထာဂတဂဗ္ဘတရားကိုဟော၍ တစ်ခါတစ်ရံ အနတ္တတရားကိုဟော၏။ တထာဂတဂဗ္ဘတရားကို ငါဘုရားဟောရခြင်းမှာ တိတ္ထိတို့ကို ကယ်ချွတ်တော်မူလိုသောကြောင့်ဖြစ်၏။ ထိုသို့မှ မဟောလျှင် စင်စစ်အားဖြင့် ထင်ရှားမရှိသော အတ္တကို ယုံကြည်နေသောသူတို့သည် အဘယ်မှာလျှင် အမြင်မှန် ရရှိနိုင်ပါမည်နည်း။ ထို့ကြောင့် သင်တို့သည် တိတ္ထိတို့၏ အတ္တအယူကို ချေပရန် အနတ္တတရားနှင့် တထာဂတဂဗ္ဘတရားကို သိရှိနားလည်အပ်၏ဟု မိန့်တော်မူ၏။"(၁)

ဗုဒ္ဓနှင့် အချို့သော ဗြာဟ္မဏတို့၏ တရားဆွေးနွေးမှုကို ဖော်ပြသော သုတ္တန်များ၌ အနတ္တတရားအကြောင်း မတွေ့ရချေ။ ဤသို့ မတွေ့ရခြင်းသည် မစ္စစ်ရိုင်းစ်ဒေးဗစ် ယူဆသကဲ့သို့ အတ္တဝါဒ ဗုဒ္ဓလက်ခံသောကြောင့် မဟုတ်။ ထိုခေတ်က ဗြာဟ္မဏတို့သည် ယခုခေတ် ဗုဒ္ဓဝါဒီတို့ကဲ့သို့ပင် အများအားဖြင့် အနတ္တတရား၌ စိတ်မဝင်စားဘဲ ဗုဒ္ဓကို ကြည်ညိုလေးစားသောသူများ ဖြစ်နေပေမည်။ ထို့အပြင် ဗုဒ္ဓသည် အတ္တစွဲ ပြင်းထန်သော ဗြာဟ္မဏတို့အား အနတ္တတရား တမင်မဟောဘဲ နေသော်နေခဲ့ပေမည်။ မည်သို့ဖြစ်စေ အနတ္တတရားကို ကောင်းစွာနားလည် ယုံကြည်၍ ဗုဒ္ဓ၏ တပည့်ဖြစ်လာသော ဗြာဟ္မဏတို့မှာလည်း နည်းမည်မဟုတ်ချေ။ ထေရဂါထာ၌လာသော မထေရ် ၂၅၉ ပါးအနက် ၁၁၃ ပါးမှာ ဗြာဟ္မဏမျိုးဖြစ်၏။

ဗုဒ္ဓ၏ သာသနာပြုလုပ်ငန်း အောင်မြင်မှုသည် လူကြိုက်နည်းသော အနတ္တတရား

---

၁။ **Yamakami Sogen: Systems of Buddhist Thought, pp. 26-27**

ကြောင့် ဖြစ်နိုင်ပါမည်လော။ (ဝါ) လူအများ နားလည်လက်ခံပြီးဖြစ်သော အတ္တအယူကို ပြုပြင်ပြောင်းလဲ၍ ဟောပြောသောကြောင့်သာလျှင် ဖြစ်ရမည် မဟုတ်ပါလောဟု အချို့သော အတ္တစွဲပညာရှင်တို့က စောဒနာကြ၏။ အနတ္တတရားကို မကျေနပ်သော သူတို့က ဗုဒ္ဓအား ဝေဖန်တိုက်ခိုက်မှုကို အထက်က ပြဆိုခဲ့ပြီ။ ဗုဒ္ဓ၏ အောင်မြင်မှုကို ဆန်းစစ်ရာ၌ 'ဗုဒ္ဓ' အခန်းတွင် ပြဆိုခဲ့သော ကျွမ်းကျင်လိမ္မာစွာ တရားဟောပြောမှုဂုဏ်တော်ကို ကျွန်ုပ်တို့ မမေ့သင့်ချေ။ မဟာဗြဟ္မာထံသို့ ရောက်ရှိလိုသော ဝါသေဋ္ဌလုလင်အား ဟောကြားရာ၌ ထိုမဟာဗြဟ္မာမရှိဟု မဆိုဘဲ မည်သည့်ပုဂ္ဂိုလ် သတ္တဝါမျှ မမြင်ဖူးသော မဟာဗြဟ္မာကို မျှော်မှန်းတမ်းတနေခြင်းသည် အချည်းနှီးဖြစ်ကြောင်း သိမြင်စေရန် ထိရောက်သော ဥပမာများဖြင့် ဟောကြားခဲ့၏။ ထိုနည်းအတူ အနတ္တတရားကို ဟောရာ၌ 'အတ္တမရှိ' ဆိုသော စကားအစား 'အတ္တမဟုတ်' ဟူသော စကားကို မယုတ်မလွန်သုံးစွဲ၍၊ အသိပညာရှိသော သူတို့အား စဉ်းစားဆင်ခြင်၍ အမှန်တရားမြင်အောင် ဟောတော်မူခဲ့ခြင်းကို သတိပြုသင့်ပေ၏။

ထို့အပြင် ကျွန်ုပ်တို့ ဂရုပြုသင့်သော အခြားအချက်တစ်ခု ရှိသေး၏။ ဘီစီ ၆ ရာစုခေတ်သည် အိန္ဒိယပြည် မဇ္ဈိမဒေသ၌ ဘာသာရေးအတွေးအခေါ်များ ပြောင်းလဲလှုပ်ရှားနေသော ခေတ်ဖြစ်ကြောင်း အခန်း-၃ ၌ ဖော်ပြခဲ့ပေပြီ။ ထိုအခါက လူများစုသည် အတ္တဝါဒီများ ဖြစ်ကြသည်ဆိုစေ၊ ဗုဒ္ဓမပေါ်မီကပင် အတ္တဝါဒကို ဆန်းစစ်ဝေဖန်သော သူတို့ အနည်းအများရှိခဲ့ပေမည်။ ဤအကြောင်းကို ရှေးပညာရှင် **စချာဗက်စကီ**က အောက်ပါအတိုင်း ရေးသားခဲ့၏။

"**ပရိုဖက်ဆာဂျကိုဗီ**[၁]က ရှေးအကျဆုံး ဥပနိသျှကျမ်းများ၌ပင် အတ္တဝါဒနှင့် ဆန့်ကျင်သော အယူအဆများကို တွေ့ရသည်ဆို၏။ အနတ္တဝါဒသည် ဗုဒ္ဓမပေါ်မီကပင် အိန္ဒိယပြည်၌ သန္ဓေတည်ကောင်း တည်ခဲ့ပေမည်။ မဟာဝီရသည် ဂျိန်းဝါဒကို အစဦးစွာ ဖန်တီးခဲ့သည်မဟုတ်။ သူမပေါ်မီက ရှိနှင့်ပြီးဖြစ်သော တရားကို အသစ်မွမ်းမံ၍ ဟောပြောခဲ့၏။ ဗုဒ္ဓသည်လည်း ရှေးကရှိပြီးဖြစ်သော တရားကို ပြုပြင်မွမ်းမံ၍ ဟောပြောခဲ့ခြင်းဖြစ်ပေမည်။ ဗုဒ္ဓကိုယ်တိုင်က မိမိ၏တရားမှာ အသစ်အဆန်းမဟုတ်ဘဲ ရှေးဗုဒ္ဓ ဘုရားရှင်တို့၏ တရားပင်ဖြစ်သည်ဟု မိန့်ဆိုခဲ့၏။ ဤစကား၏ နောက်ကွယ်၌ အနတ္တဝါဒနှင့်စပ်၍ တိမ်မြုပ်နေသော သမိုင်းဖြစ်ရပ်တစ်ခုခု ရှိတန်ရာ၏။

"ဗုဒ္ဓမပေါ်မီက ရှိနှင့်ပြီးဖြစ်သော အလွန်ရှေးကျသော ဥပနိသျှကျမ်းတစ်စောင်၌ အနတ္တဝါဒနှင့်တူသော ဝါဒတစ်ခုကို ရည်ညွှန်းသည့် စကားတစ်ရပ်ပါရှိ၏။ ကထာကောပနိသျှခေါ် ထိုဥပနိသျှကျမ်း၌ အတ္တဝါဒနှင့် ဆန့်ကျင်သော ဝါဒတစ်ခုကို ဖော်ပြထား၏။ သဲကန္တာရထဲ၌ ကျရောက်သော မိုးရေသည် အချည်းနှီးဖြစ်ဘိသကဲ့သို့ ထိုဝါဒကို

၁။ Professor Jacobi

လက်ခံယုံကြည်သောသူသည် အချည်းနှီးသာ ဖြစ်ရချေမည်ဟု ထိုကျမ်းက ဆိုထား၏။[၁]

အထက်ပါ ထင်မြင်ချက် မှန်ပေလိမ့်မည်။ မည်သည့်နိုင်ငံ၊ မည်သည့်ခေတ်၌မဆို လူအများ၏ ယုံကြည်ချက်ကို လက်မခံဘဲ ဝေဖန်ဆန်းစစ်သောသူတို့သည် အနည်းအများ ရှိကြစမြဲဖြစ်၏။ သို့ဖြစ်၍ လူအများ၏ ရှေးအစဉ်အလာ ယုံကြည်ချက်ကို ဆန့်ကျင်တော်လှန်မှုသည် ဤမည်သော ပုဂ္ဂိုလ်တစ်ဦးကို အစပြု၍ ဖြစ်ပေါ်လာသည်ဟု အတိအကျ ပြောဆိုရန် မဖြစ်နိုင်ချေ။ **ဒါဝင်**[၂]သည် သတ္တဝါမျိုးစုများ အဆင့်ဆင့်ပြောင်းလဲမှု **သဘာဝဖြစ်စဉ်**[၃]ကို ထုတ်ဖော်ခဲ့သော သိပ္ပံပညာရှင်အဖြစ်ဖြင့် ကမ္ဘာက အသိအမှတ်ပြုထားသော်လည်း **အခြားပညာရှင်တစ်ဦးသည်**[၄] ဒါဝင်နှင့် မရှေးမနှောင်း ထိုသဘာဝဖြစ်စဉ်ကို သိမြင်ခဲ့၍ အချို့သော ရှေးဂရိပညာရှင်တို့သည်လည်း တစ်စွန်းတစ်စ သိရှိနားလည်ခဲ့ကြ၏။ **မာတင်လူသာ**[၅]သည် ခရစ်ယာန်သာသနာပိုင် ရဟန်းမင်းကြီးကို လူသိရှင်ကြား တော်လှန်ခဲ့သော ပုဂ္ဂိုလ်ဖြစ်သော်လည်း သူမပေါ်မီကပင် ခရစ်ယာန် သံဃာ့အဖွဲ့ကို ပြစ်တင်ဝေဖန်သောသူများ ရှိကြ၏။ ထို့အတူ ဗုဒ္ဓသည် လူအများအပြားအား အနတ္တဝါဒကို အစဦးစွာ ကျယ်ကျယ်ပြန့်ပြန့် အလေးအနက် ဟောကြားခဲ့သည် မှန်သော်လည်း လွတ်လပ်စွာ ကြံစည်တွေးခေါ်လျက် ထိုဝါဒသို့ မသိမသာ ရှေးရှုနေသောသူတို့သည် ဗုဒ္ဓမပေါ်မီက ရှိခဲ့ကြပေမည်။

အချို့ကမူ အနတ္တဝါဒသည် ကမ္မဝါဒ၊ ဘဝသံသရာ အယူစသည်တို့နှင့် ဆန့်ကျင်သောကြောင့် ဗုဒ္ဓ၏ဝါဒ မဖြစ်နိုင်ဟု ဆိုကြ၏။ သို့ရာတွင် အနတ္တဝါဒသည် နတ္ထိကဝါဒ မဟုတ်၊ ဗုဒ္ဓဟောသော ကမ္မနှင့် ဘဝသံသရာအယူသည်လည်း ဗြာဟ္မဏဘာသာ ဝါဒနှင့် တခြားစီဖြစ်ရကား ကမ္မနှင့် ဘဝသံသရာဆိုင်ရာ ဗုဒ္ဓဒေသနာများကို အနတ္တတရားနှင့် ဆက်စပ်နားလည်ရန် မခဲယဉ်းချေ။

အချုပ်အားဖြင့် အနတ္တဝါဒကို ဗုဒ္ဓဝါဒအစစ် မဟုတ်သယောင် ပြောဆိုကြသူများသည် အထောက်အထား၊ အခိုင်အမာ ပြစရာမရှိဘဲ အနတ္တတရားကို မနှစ်သက်သောကြောင့် ထိုသို့ ပြောဆိုကြခြင်းဖြစ်၏။ ဥရောပ ဗုဒ္ဓကျမ်းပြု ပညာရှင်တစ်ဦး၏ အဆိုအားဖြင့်မူ "အနတ္တဝါဒကို အချို့သော ဥရောပပါဠိ ပညာရှင်များနှင့် ဗုဒ္ဓဝါဒီတို့ ပယ်ကြခြင်းသည် ယခုခေတ်၊ ဥရောပတိုက်သားတို့၏ အတ္တစွဲကြီးမားခြင်းနှင့် ထာဝရ အတ္တဝိညာဏ်ကိုဟောသော ခရစ်ယာန်ဘာသာတရား၏ အငွေ့အသက်မကင်း သေးခြင်း လက္ခဏာဖြစ်၏။[၆] စင်စစ် သူတို့သည် အနတ္တတရားမှတစ်ပါး ဗုဒ္ဓဟောသော အခြားတရားအားလုံးကို နှစ်သက်၍ ဗုဒ္ဓကို ကြည်ညိုကြ၏။ ထို့ကြောင့် များစွာသော

---

၁။ **T. Stcherbatzky: Central Conception of Buddhism, pp.56**
၂။ **Darwin** ၃။ **evolution**
၄။ **Alfred Russel Wallace** ၅။ **Martin Luther**
၆။ **Edward Conze: Buddhist Thought in India, pp.122**

ပိဋကတ်ဒေသနာနှင့် အိန္ဒိယဘာသာရေး သမိုင်းအထောက်အထားများကို မျက်ကွယ်ပြု၍ အနတ္တဝါဒကို မူလဗုဒ္ဓဝါဒ အစစ်အမှန်မဟုတ်ဟု အစွဲအမြဲ ခံယူထားကြ၏။

ဤအချက်သည် **မစ္စက်ရိုင်းစ်ဒေးဗစ်**၏ စကားဖြင့် ထင်ရှား၏။ သူက "အကယ်၍ ဗုဒ္ဓဝါဒသည် အနတ္တဝါဒ ဖြစ်ခဲ့ပါက ထိုသို့ မျှော်လင့်အားထားစရာ မရှိသောဝါဒသည် အသို့လျှင် လူတို့၏စိတ်ဓာတ်ကို ဆွဲဆောင်နိုင်ပါအံ့နည်း။ လူတို့၏ မှီခိုကိုးကွယ်ရာ ဝါဒဖြစ်နိုင်ပါအံ့နည်း။ ထိုဝါဒသည် အချို့သော အဘိဓမ္မာဆရာတို့အဖို့ ကောင်းမွန်သော် ကောင်းမွန်ပေမည်။ လူတိုင်း လက်ခံနိုင်သော ဝါဒကား ဖြစ်မည်မဟုတ်။ အတ္တမရှိဟု ဆိုခြင်းသည် ကလေးငယ်တစ်ယောက်ကို ပင်လယ်ထဲသို့ ပစ်ချ၍ အကူအညီမပေးဘဲ ကမ်းဘက်သို့ ရေကူးခိုင်းသည်နှင့် တူလှသည်။ လူသတ္တဝါသည် မိမိထက် ပိုမိုတန်ခိုးကြီးသောအရာကို ဘာသာတရား၌ ရှာစမြဲဖြစ်သည်"ဟု ရေးသားခဲ့၏။[၂]

အထက်ပါ ရေးသားချက်မှာ အခြေအမြစ်မရှိချေ။ ယနေ့ ကမ္ဘာပေါ်ရှိ များစွာသော အသိပညာရှင်တို့သည် အနတ္တဝါဒနည်းတူ အတ္တဝိညာဏ်ကိုပယ်သော ရုပ်ဝါဒကို လက်ခံကျင့်သုံးကြ၏။ သို့စဉ်လျက် သူတို့သည် အတ္တဝိညာဏ်ကို ယုံကြည်သော ဘာသာရေးသမား၊ အသိပညာရှင်တို့နှင့် တန်းတူရည်တူ သိပ္ပံစာပေ အနုပညာနယ်များ၌ ထူးချွန်အောင်မြင်နေခြင်းမှာ မျက်မြင်အထင်အရှားဖြစ်၏။ စင်စစ် သူတို့သည် အခြားအားကိုးစရာမရှိဘဲ မိမိတို့ကိုယ် (ဝါ) မိမိတို့၏ ဇွဲ၊ လုံ့လဝီရိယ၊ အသိပညာ စသည်တို့ကို အားကိုး၍ ကြီးပွားအောင်မြင်ခဲ့ကြကြောင်း ယုံမှားစရာမရှိချေ။ မဂ်ဖိုလ်နိဗ္ဗာန်ကို ဦးတည်သော ဗုဒ္ဓဝါဒသည် ရုပ်ဝါဒကျင့်စဉ်မှာထက် များစွာပိုမိုအရေးကြီး၏။ အားကိုးရမည့် သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ၊ ဝီရိယအစရှိသည့် နှလုံးရည်လက်နက်များမှာလည်း ထူးထွေများပြားလှ၏။ ဤအချက်ကို **မစ္စက်ရိုင်းစ်ဒေးဗစ်**ကဲ့သို့သော ပါဠိပညာရှင်တစ်ဦးက လျစ်လျူပြု၍ အနတ္တဝါဒကို မျှော်လင့်အားထားစရာ မရှိသော ဝါဒဖြစ်သည်ဆိုခြင်းမှာ အကြောင်းယုတ္တိကင်းမဲ့၍ မိမိ၏ အတ္တစွဲကြီးမားမှုကို ဖော်ပြနေခြင်းမျှသာ ဖြစ်ကြောင်း ထင်ရှားလှပေသည်။

အနတ္တဝါဒအကြောင်း ရေးသားရာ၌ အချို့သော အနောက်နိုင်ငံ ပညာရှင်တို့သည် **မစ္စက်ရိုင်းစ်ဒေးဗစ်**ကဲ့သို့ ပိဋကတ်စာပေ၌ ကျွမ်းကျင်နှံ့စပ်ခြင်း မရှိစေကာမူ ပွင့်လင်းရိုးသား၏။ ပြင်သစ်ပညာရှင်တစ်ဦးသည် မိမိ၏ ဗုဒ္ဓကျမ်းစာအုပ်၌ ဗုဒ္ဓ၏ သီလသမာဓိဂုဏ်ကို ချီးကျူး၍ အနတ္တဝါဒကိုမူ ပြစ်တင်ရှုတ်ချ၏။ သို့ရာတွင် ထိုဝါဒသည် ဗုဒ္ဓဟောသော ဝါဒမဟုတ်ဟူ၍မဆို၊ ထိုဝါဒဖြင့် ဗုဒ္ဓသာသနာသည် လူသားတို့အား အကျိုးပြုခဲ့ကြောင်း အောက်ပါအတိုင်း ဝန်ခံထား၏။

"ထူးဆန်းအံ့သြဖွယ် ကောင်းသည်ကား ဤအနတ္တဝါဒသည် လူတို့၏ အပြင်းထန်ဆုံး သဘာဝဆန္ဒနှင့် စိတ်ဓာတ်ကို တုန်လှုပ်ချောက်ချားစေသော်လည်း ယင်းကို

၂။ **Mrs. Rhys Davids, "Wayfarer's Words" P.108**

လက်ခံသော လူမျိုးတို့အား ကြီးပွားတိုးတက်စေခဲ့ခြင်း ဖြစ်၏။ ထိုလူမျိုးတို့သည် အနတ္တတရားကို လက်ခံကျင့်သုံးလျက် အသိဉာဏ်တိုးပွားကာ လိမ္မာယဉ်ကျေးမှု၊ အဆင့်အတန်း မြင့်မားလာကြပေသည်။[၁]

## (ဂ) အနတ္တဝါဒနှင့် ယခုခေတ်ပညာရှင်တို့၏ အမြင်

ရှေးအနောက်တိုင်း ပညာရှင်တို့တွင် အနိစ္စတရားကို ကောင်းစွာသိမြင်နားလည်သော ပညာရှင်သည်ကား ဥရောပတိုက်၌ ဗုဒ္ဓနှင့် တစ်ခေတ်တည်းလိုလို မရှေးမနှောင်း ပေါ်ပေါက်ခဲ့သော ဂရိပညာရှင် **ဟီရာကလီတပ်ဖြစ်၏**။ သူ၏ အမြင်အားဖြင့် လောက၌ မည်သည့်အရာမဆို ဘယ်အခါမှ ရပ်တည်ခြင်းမရှိ၊ သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးသည် အမြဲတစေ ပြောင်းလဲနေ၏။ အငြိမ်သက်ဆုံး ရုပ်ဝတ္ထုထဲ၌ပင် ကျွန်ုပ်တို့ မမြင်ရသော ပြောင်းလဲလှုပ်ရှားမှုသည် ရှိ၏။ ထို့ကြောင့် မည်သည့်အရာဝတ္ထု ပင်ဖြစ်စေ တစ်စက္ကန့်နှင့်တစက္ကန့် မတူချေ။ ဥပမာ ကျွန်ုပ်တို့သည် မြစ်တစ်ခုထဲသို့ တစ်ကြိမ်ထက်ပို၍ မဆင်းသက်နိုင်ချေ။ အကြောင်းမူ တစ်ကြိမ်ဆင်းသက်ပြီးနောက် ချက်ချင်း ပြန်ဆင်းသက်သည်ဆိုစေ၊ ဒုတိယအကြိမ် ဆင်းသက်သောမြစ်သည် ပဌမတွ အားဖြင့် ရေအလျဉ်မတူသော အခြားမြစ်တစ်ခုဖြစ်၏။ ဤသို့ဖြင့် **ဟီရာကလီတပ်သည်** အနိစ္စတရားကို ကောင်းစွာသိမြင်နားလည်ခဲ့ပေသည်။

သိပ္ပံပညာ ထွန်းကားသော ယခုခေတ်၌မူ စကြဝဠာ၌ အနိစ္စတရား စိုးမိုးနေခြင်းသည် ပိုမိုထင်ရှားလာ၏။ ကမ္ဘာကျော် ဒဿနိကပညာရှင် **ဘာထရန်ရပ်ဆယ်** အဆိုအားဖြင့် "အကယ်၍ သင်သည် ဤကုလားထိုင်မှာ မနေ့က ကုလားထိုင်ဖြစ်ကြောင်း ရှင်းပြလိုပါက ရှေးဟောင်း ရူပဗေဒပညာကို ထောက်ပြရပေလိမ့်မည်။ သို့ရာတွင် ထိုရှေးဟောင်း ရူပဗေဒပညာနှင့်အညီ သင်ဆိုသောစကားသည် တိကျမှန်ကန်ခြင်းမရှိသော လောကဝေါဟာရ စကားမျှသာဖြစ်၏။ အမှန်ဆိုသော် ကုလားထိုင်၏ အသေးငယ်ဆုံး အစိတ်အပိုင်းသည်ပင် တစ်စက္ကန့်ကို အစိတ်ပေါင်း တစ်သိန်းစိတ်၍ တစ်စိတ်မျှသော ကာလအတွင်း၌ ပြောင်းလဲလျက်ရှိ၏။ ယင်းကို မနေ့က ကုလားထိုင်ဖြစ်သည်ဆိုခြင်းမှာ ယနေ့ အင်္ဂလိပ်လူမျိုးသည် အဲလိဇဗက်ဘုရင်မ လက်ထက်က အင်္ဂလိပ်လူမျိုးပင် ဖြစ်သည်ဟု ဆိုသည်နှင့် တူလှချေသည်။[၂]

အနောက်နိုင်ငံ အသိပညာရှင်တို့သည် အများအားဖြင့် အနိစ္စတရားကို ဆင်ခြင်သုံးသပ်ရာမှ အနတ္တတရားကို သိမြင်လာကြ၏။ အနတ္တတရားနှင့် အလွန်နီးစပ်သော ယူဆချက်ကို အစဦးစွာ ရေးသားတင်ပြသော ပုဂ္ဂိုလ်မှာ နာမည်ထင်ရှားသော ပြင်သစ် ဒဿနိကဆရာ ဟင်နရီဗတ်ဂဆန်ဖြစ်၏။ သူသည် စကြဝဠာထဲ၌ ရှိရှိသမျှ အရာဝတ္ထု၊

---

၁။ **J. Barthelemy Saint. Hilaire, op.cit., pp.14**

၂။ **Bertrand Russell: Portraits from Memory and Other Essays**

အားလုံး အမြဲပြောင်းလဲနေသည်ဆိုသော စကားကိုပင် လက်မခံဘဲ အရာဝတ္ထုများမရှိ၊ ပြောင်းလဲမှုသာရှိသည် ဆို၏။ စိတ်ဝိညာဏ်သည် သခ်ါရအနိစ္စတရားသာလျှင် ဖြစ်ကြောင်း အောက်ပါအတိုင်း ရေးသားခဲ့၏။

"ကျွန်ုပ်တို့သည် လူတို့၌ စိတ်ဝိညာဏ်ရှိသည်၊ ထိုစိတ်ဝိညာဏ်သည် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ မျှော်လင့်ခြင်း၊ တောင့်တခြင်းစသော ဝေဒနာများကို ခံစားသည်ဟု ယုံကြည်ကြ၏။ သို့ရာတွင် စိတ်သည် အမြဲပြောင်းလဲနေ၍ ထိုပြောင်းလဲမှုကို မသိမမြင်သောကြောင့် စိတ်အစဉ်ရှိသည်။ ထိုစိတ်တို့ကို ခံစားသော မပြောင်းလဲဘဲ မြဲသော ဝိညာဏ် (ဝါ) အတ္တဝါရှိသည်ဟု ယုံကြည်ကြ၏။ သို့ရာတွင် မပြောင်းလဲသော စိတ်မရှိ၊ မပြောင်းလဲသော အတ္တကိုလည်း ရှာ၍မရအပ်ချေ။ စင်စစ် အတ္တ၊ သို့မဟုတ် တစ်စုံတစ်ခု ပြောင်းလဲသည်ဟု ဆိုခြင်းသည်ပင် လွဲမှား၏။ အကြောင်းမူ အမြဲပြောင်းလဲနေသော စကြဝဠာ၌ ပြောင်းလဲမှုမှတစ်ပါး အခြားဘာမျှမရှိချေ။"[၁]

ထို့ကြောင့် **ဗတ်ဂဆန်**၏ အဆိုကား စိတ်တို့ကို စုစည်းဆက်စပ်ထားသော မြဲသော အမာခံ အတ္တဝိညာဏ်ဟူ၍ မရှိ။ ဥပမာ စိတ်တို့သည် ပုတီးစေ့များနှင့်တူလျှင် ယင်းတို့ကို ဆက်စပ်သည့် ဝိညာဏ်တည်းဟူသော ပုတီးကြိုးသည်မရှိ။ တစ်နည်းအားဖြင့် စိတ်အစဉ်သည် မြစ်ရေအလျင်ကဲ့သို့ပင် အမြဲပြောင်းလဲလျက်ရှိ၏။ ပိုမိုထင်ရှားစေရန် ဗတ်ဂဆန်သည် စိတ်တို့ကို ရုပ်ရှင်ပိတ်ကားပေါ်၌ ပေါ်လာသော အရုပ်ကားများနှင့် ပုံခိုင်း၍ပြ၏။ ပိတ်ကားပေါ်၌ သွားလာလှုပ်ရှားနေသော အရိပ်သဏ္ဌာန်များသည် စင်စစ် ရုပ်သေဓာတ်ပုံများကို စုပေါင်းထားသည့် ဖလင်ကားလိပ်ကို ရုပ်ရှင်ပြစက်ဖြင့် အလျင်အမြန်လှည့်၍ ပြသောကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်၏။ ထို့အတူ လူသည် အမြဲပြောင်းလဲနေသော ရုပ်နာမ်ခန္ဓာ ဖြစ်သော်လည်း သန္တတိပညတ် ဖုံးလွှမ်းနေသောကြောင့် တစ်ပေါင်းတစ်စည်း တစ်ဆက်တည်း ဖြစ်နေသည်ဟု အမြင်မှားနေခြင်း ဖြစ်၏။

မည်သို့ဖြစ်စေ အတ္တဝါဒီတို့သည် **ဗတ်ဂဆန်**နှင့် ယခုခေတ် ရူပဗေဒပညာရှင်တို့၏ စကားကြောင့် အမြင်ပြောင်းလဲကြမည် မဟုတ်ချေ။ **ဗတ်ဂဆန်**သည် စိန္တာမယဉာဏ် သက်သက်ဖြင့် အသို့လျှင် ရုပ်နာမ်တရား၏ နောက်ကွယ်ရှိ ပရမတ္ထတရားကို သိမြင်နိုင်ပါအံ့နည်း။ ထို့အတူ ရုပ်တရားကိုသာ စေ့ငုသေချာစွာ လေ့လာသော ရူပဗေဒ ဆရာသည် နာ မ်တရားအကြောင်းကို အဘယ်မှာ အကုန်အစင် နားလည်နိုင်ပါမည်နည်း။ အသိအလိမ္မာ ဉာဏ်ပညာအားဖြင့် သတ္တလောက၏ အထွတ်အထိပ်သို့ ရောက်ရှိနေသော လူသားသည် အနှစ်အမာခံ အတ္တကင်းသော ရုပ်နာမ်တရားနှစ်ပါးမျှသာ ဖြစ်နိုင်ပါမည်လော စသည်ဖြင့် စောဒကတက်ကြပေလိမ့်မည်။

အတ္တဒိဋ္ဌိ စွဲကပ်ခြင်း၏ မူလအကြောင်းရင်းဖြစ်သော မိမိကိုယ်မိမိ အထင်ကြီးမှု၏ အခြေခံ ယုံကြည်ချက်များသည် ရှေးပဝေသဏီမှစ၍ ယနေ့အထိ များစွာသောလူတို့၌

၁။ **Henry Bergson: Creative Evolution, pp. 145-46**

အခိုင်အမာ စွဲမြဲလျက်ရှိ၏။ လူသည် မဟာဗြဟ္မာကြီးမှ ဆင်းသက်သော၊ သို့မဟုတ် ထာဝရဘုရားသခင် အထူးဖန်ဆင်းထားသော သတ္တဝါဖြစ်၏။ ကမ္ဘာပေါ်ရှိ သစ်ပင်ရေမြေ တိရစ္ဆာန်တို့သည် လူအား အကျိုးပြုရန် ဖြစ်ပေါ်လာကြ၏။ ဤကမ္ဘာသည် လူတို့မှီတင်းနေထိုင်ရာ ကမ္ဘာဖြစ်သောကြောင့် အခြားဂြိုဟ်နက္ခတ်တာရာအားလုံးသည် လူတို့၏ ကမ္ဘာကိုဝန်းရံ၍ လှည့်ပတ်သွားလာကြရ၏။

လူသည် ဤကမ္ဘာသို့ ရောက်ရှိလာရာ၌ ဦးတည်ချက်ရှိ၏။ သို့ဖြစ်၍ လူသည် သေသော်လည်း အချည်းနှီးမဖြစ်။ အနိစ္စတရားနှင့် မရဏတရားသည် လူ၏ ရုပ်နာမ်တရားကို ဖျက်ဆီးနိုင်သော်လည်း လူ၏ အနှစ်အမာခံဓာတ်ဖြစ်သော အတ္တဝိညာဉ်ကိုကား စိုးစိမျှ လှုပ်ခြောက်နိုင်သည် မဟုတ်။ ထိုအတ္တဝိညာဉ်၏ အစွမ်းဖြင့် လူသည် အကောင်းအဆိုး၊ အမှန်အမှားကို ခွဲခြားသိမြင်၍ အတ္တလောက၌ အတုမရှိ အဓိပတိဖြစ်၏။ ဤသို့ ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသောလူသည် အသင်္ခတ၊ နိစ္စ၊ အမတဓာတ် (ဝါ) အတ္တရှိသော ပုဂ္ဂိုလ်သတ္တဝါ မုချဖြစ်ရပေမည်။

ဤသို့ဖြင့် အတ္တဝါဒ၏ မူလပင်မ ကျောထောက်နောက်ခံဖြစ်သော လူတို့၏ အမျိုးဇာတိ၊ မာန်မာနသည် သိပ္ပံပညာထွန်းကားသော ယခုခေတ်၌ များစွာအားနည်းကျဆင်းခဲ့ရပေပြီ။ လူ၏ ဇာတိမာနကို အပြင်းအထန် ပထမထိုးနှက်ခဲ့သော သိပ္ပံပညာတွေ့ရှိချက်မှာ သိပ္ပံဆရာကြီးဒါဝင် တင်ပြသော သတ္တဝါမျိုးစုတို့၏ အဆင့်ဆင့်ပြောင်းလဲမှုဖြစ်စဉ်ဖြစ်၏။ ထိုသဘာဝဖြစ်စဉ်ကို သိပ္ပံပညာရှင်အားလုံးလိုလို လက်ခံယုံကြည်ကြ၏။ ဒါဝင်၏ အဆိုအားဖြင့် လူသတ္တဝါမျိုးစုသည် မူလအစက တိရစ္ဆာန်မျိုးစုများ၌ ပါဝင်၍ တိရစ္ဆာန်ဘဝမှ အဆင့်ဆင့်ပြောင်းလဲကာ ယခုလက်ရှိ အဆင့်အတန်းသို့ ရောက်ရှိလာခဲ့၏။ ဘူမိဗေဒပညာရှင်တို့၏ ခန့်မှန်းချက်အရ ကမ္ဘာမြေကြီး၏ အသက်သည် နှစ်ပေါင်းသန်းနှစ်ထောင်နှင့် သုံးထောင်အကြား၌ ရှိ၏။ လူသည် ကမ္ဘာနှင့်အတူ တစ်ချိန်တည်း ပေါ်ပေါက်လာသည် မဟုတ်။ လူသတ္တဝါမျိုးစု၏ အသက်မှာ နှစ်ပေါင်း ၂၅ သန်းခန့် ရှိသည်ဟု ပညာရှင်တို့ ခန့်မှန်းကြ၏။ သို့ဖြင့် လူသည် ကမ္ဘာပေါ်၌ တိရစ္ဆာန်မျိုးစုများ ပေါ်ပေါက်ပြီးနောက် ကာလပရိစ္ဆေဒ များစွာကြာမှ ပေါ်ပေါက်လာခြင်း၊ ရှေးဦးပထမ၌ တိရစ္ဆာန်မျိုးစုတစ်စု ဖြစ်ခဲ့ခြင်း၊ နှစ်ပေါင်းသိန်းသန်းကြာမှ လိမ္မာယဉ်ကျေးသော အခြေအနေသို့ ရောက်ရှိခဲ့ခြင်းမှာ လူကို အလွန်အမင်း အထင်ကြီးဖွယ်ရာ အချက်များမဟုတ်ချေ။

ဘူမိဗေဒ၊ သတ္တဗေဒပညာများကဲ့သို့ပင် နက္ခတ္တဗေဒပညာသည် လူသား၏ ဇာတိမာနကို ရိုက်ချိုးခဲ့၏။ ၁၆၁၀ ပြည့်နှစ်၌ နက္ခတ္တဗေဒပညာရှင် **ဂါလီလီအို**[၁] သည် နက္ခတ်မှန်ပြောင်းဖြင့် ကြည့်ရှုလေ့လာပြီးလျှင် လူတို့၏ကမ္ဘာကို နေကလှည့်ပတ်သွားလာသည် မဟုတ်၊ ကမ္ဘာကသာလျှင် နေကိုလှည့်ပတ်သွားလာရကြောင်း ထုတ်ဖော်

---

၁။ **Galileo**

ကြေညာ၏။ ထိုကြေညာချက်ကြောင့် အတ္တစွဲ၊ မာနစွဲရှိသော လူတို့သည် တုန်လှုပ်ချောက်ချား၍ ဂါလီလီအိုသည် ခရစ်ယာန်အာဏာပိုင်တို့၏ ဖိနှိပ်မှုကို ခံရ၏။ ထိုမှနောက်၌ နက္ခတ်ပညာရှင်တို့ ဆက်လက်လေ့လာရာမှ လောကဓာတ် စကြဝဠာအကြောင်း သိပ္ပံပညာ၏ တွေ့ရှိရချက်များသည် မာနဖုံးလွှမ်း၍ အတ္တစွဲရှိသော လူတို့အဖို့ သာ၍စိတ်တုန်လှုပ်ဖွယ်ရာဖြစ်၏။

စကြဝဠာနှင့် နှိုင်းစာသော် လူတို့၏ ကမ္ဘာသည် မြင့်မိုရ်တောင်နှင့် ဆီးစေ့ပမာ ဘာမျှမထင်ရှားချေ။ သိပ္ပံပညာကျော် ဆာဂျိမ်းစ်ဂျင်းစ်၏ အဆိုအားဖြင့်[၁] တစ်စက္ကန့်ကို ခုနစ်စိတ်စိတ်၍ တစ်စိတ်ရှိသော အချိန်ကာလအတွင်း၌ ကမ္ဘာကို တစ်ပတ်ပတ်နိုင်သော အလင်းရောင်သည် စကြဝဠာကို တစ်ကြိမ်ပတ်၍သွားရန် နှစ်ပေါင်းတစ်သန်းတစ်သိန်း ကြာပေလိမ့်မည်။ စကြဝဠာအတွင်းရှိ နက္ခတ်တာရာတို့၏ ဦးရေသည် သန်းပေါင်းတစ်ထောင်ကို နှစ်သန်းနှင့်မြှောက်၊ ထိုရလဒ်ကို သန်းတစ်ထောင်နှင့်ထပ်မြှောက်၍ ရသော ကိန်းဂဏန်းနှင့် ညီမျှ၏။ လူတို့၏ကမ္ဘာသည် ထိုမျှများပြားလှသော ကြယ်နက္ခတ်တာရာတို့တွင် တစ်ခုအပါအဝင်ဖြစ်၏။

သိပ္ပံပညာရှင်တို့၏ ယူဆချက်အရ ဤစကြဝဠာသည် လူနှင့်တိရစ္ဆာန် သတ္တဝါများ ကြာရှည်လေးမြင့် အသက်ရှင်နေရန် သင့်လျော်သော စကြဝဠာမဟုတ်ချေ။ စကြဝဠာ၌ သက်ရှိများ ဖြစ်ထွန်းရန် သဟာယဖြစ်သော နေရာဌာနများ အလွန်နည်းပါး၏။ သက်ရှိတို့သည် စကြဝဠာ၌ မတော်တဆ၊ အမှတ်မထင် ဖြစ်ပေါ်ခဲ့၍ နောက်ဆုံးတစ်နေ့၌ အမှတ်မထင် ချုပ်ပျောက်ရမည် မုချဖြစ်၏။ သတ္တလောက ဖြစ်ပေါ်သည်မှ ချုပ်ငြိမ်းသည်အထိ အချိန်ကာလသည် နှစ်ပေါင်း ကုဋေကုဋာ အသင်္ချေနှင့်အနန္တ ဖြစ်သော်ငြားလည်း စကြဝဠာ၏ အစအဆုံးမရှိသော အချိန်ကာလနှင့်စာသော် အလွန်တိုတောင်းသည်ဟု ဆိုရပေမည်။ တစ်နည်းဆိုသော် စကြဝဠာ၌ သတ္တလောက၏ ဖြစ်စဉ်သည် မှောင်မည်းသော ကောင်းကင်ပြင်၏ တစ်နေရာ၌ တစ်ခဏမျှ အရောင်လက်၍ ကွယ်ပျောက်သွားသော ပိုးစုန်းကြူးမီး၏ ဖြစ်စဉ်နှင့်သော်လည်းကောင်း၊ မဟာသမုဒ္ဒရာ၏ တစ်နေရာ၌ ဖြစ်ပေါ်လာသော ရေပွက်ဖြစ်စဉ်နှင့်သော် လည်းကောင်း တူလှချေသည်။

**ဘာထရန်ရပ်ဆယ်**သည် ကမ္ဘာကြီး အကြွင်းမဲ့ပျက်စီးချုပ်ပျောက်မည့်ပုံကို အောက်ပါအတိုင်း ရေးသား၏။

"ကမ္ဘာသည် လူတို့နေထိုင်ရာဌာနအဖြစ် အတန်ကြာအောင် တည်ရှိနေပေမည်။ အမြဲထာဝရ တည်ရှိနေမည်ကား မဟုတ်၊ လေထုသည် အာကာသထဲသို့ တစတစ လွင့်ပါးသွားပေမည်။ ဒီရေကြောင့် ကမ္ဘာသည် အမြဲတဖက်တည်း မျက်နှာမူ၍ ကမ္ဘာတစ်ခြမ်းသည် အလွန်ပူလျက် ကျန်တစ်ခြမ်းမှာ အလွန်အေးနေပေမည်။ လသည် ကမ္ဘာနှင့် တိုက်မိပေမည်။ ဤအဖြစ်မျိုးများနှင့် လုံးဝမတွေ့ကြုံရသည်ဆိုစေ၊ **ဆာဂျိမ်းစ်**

၂။ **Sir James Jeans, quoted in C.E.M.Joad, "Guide to Modern Thought", pp. 72-73**

ဂျင်းစ်၏ အဆိုအားဖြင့် နောက်ဆုံးတစ်နေ့၌ နေသည် ပေါက်ကွဲ၍ ကမ္ဘာကြီး ပျက်စီးရမည် အမှန်ဖြစ်၏။

ထိုသို့ ကမ္ဘာပျက်စီးရန် နှစ်ပေါင်းကုဋေကုဋာ လိုသေး၏။ ထို့ကြောင့် လူတို့သည် လာမည့်ဘေးအတွက် ပြင်ဆင်မှု ပြုလုပ်နိုင်၏၊ **နက္ခတ်ပညာနှင့်ရောကက်**[၁] ပညာသည် တိုးတက်လာနိုင်၏။ နက္ခတ်ပညာရှင်တို့သည် လူတို့နေထိုင်နိုင်သော ဂြိုဟ်ကိုတွေ့ရှိ၍ လူတို့သည် အလင်းရောင်၏ အရှိန်နှုန်းတမျှ လျင်မြန်သောအဟုန်ဖြင့် ထိုဂြိုဟ်ရှိရာသို့ သွားနိုင်ကြရာ၏။ သို့ရာတွင် သိပ္ပံပညာ မည်မျှတိုးတက်စေကာမူ လူတို့သည် စကြဝဠာထဲ၌ လှည့်လည်သွားလာခြင်းဖြင့် သတ္တလောကကို အမြဲအသက်ဆက် ပေးနေနိုင်မည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် **သာမိုဒိုင်နမစ် ဒုတိယနိယာမတရား**[၂] အရ **စွမ်းအင်**[၃] သည် အလွန်သိပ်သည်းသော အခြေမှ သိပ်သည်းမှုနည်းပါးသော အခြေသို့ အမြဲပြောင်းလဲလျက်ရှိရကား နောက်ဆုံး၌ သတ္တလောကသည် အကြွင်းမဲ့ချုပ်ငြိမ်းရမည်သာဖြစ်၏။[၄]

ဤနေရာ၌ ဗုဒ္ဓသည် တစ်နေ့နေ့၌ နေပေါက်ကွဲ၍ ကမ္ဘာကြီး ပျက်စီးမည့် အကြောင်း ယခုခေတ် သိပ္ပံပညာရှင်တို့၏ အဆိုကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ခန့်က တင်ကြိုဟောပြောခဲ့ကြောင်း သတိပြုသင့်ပေ၏။

"ရဟန်းတို့၊ သင်္ခါရတရားသည် မမြဲကုန်။ ယင်းတို့၌ အလွန်ငြီးငွေ့ထိုက်ကုန်၏။ ယင်းတို့မှ ကျွတ်လွတ်ထိုက်ကုန်၏။ ကမ္ဘာမြေကြီးနှင့် မြင်းမိုရ်တောင်တို့သည် နေခုနစ်စင်း ထွက်ပေါ်လာသောအခါ၌ အလျှံညီးညီး မီးခဲကြီးဖြစ်ကုန်လတ့်။ ဤမဟာပထဝီမြေကြီးသည် အလျှံပြောင်ပြောင် တောက်လောင်၍ လောင်ကျွမ်းပျက်စီးလတ္တံ့။ ဘာတစ်ခုမျှ မရှိကုန်လတ္တံ့။ ထိုအရာ၌ အရိယာပုဂ္ဂိုလ်တို့ကိုထား၍ အဘယ်သူသည် သိနိုင်လိမ့်မည်၊ ယုံကြည်နိုင်လိမ့်မည်နည်း။" (အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်- သတ္တသူရိယသုတ်)

ဤသို့ဖြင့် ကျွန်ုပ်တို့သည် စကြဝဠာ၌ လူတို့၏ ကမ္ဘာတည်ရှိပုံနှင့် လူလောက၏ သဘာဝခြင်းရာ ရေ့အလားအလာကို လေးနက်စွာ ဆင်ခြင်သုံးသပ်ပါက ဇာတိအတ္တမာနနှင့် သက္ကာယဒိဋ္ဌိ စွဲကပ်စရာ အကြောင်းမရှိချေ။ စင်စစ် ဘီစီ ၆ ရာစုခေတ် အိန္ဒိယပြည်၌ အနတ္တဝါဒ ပေါ်လာခြင်းသည် စကြဝဠာအကြောင်း၊ လူ့လောကအကြောင်းကို အသိပညာရှင်တို့ ယထာဘူတကျကျ ဆင်ခြင်သုံးသပ်ရာမှ ပေါ်လာခြင်းဖြစ်ပေမည်။ ဤအချက်နှင့် စပ်လျဉ်း၍ **ဒေါက်တာရိုင်းစ်ဒေးဗစ်**၏ ရေးသားချက်မှာ မှတ်သားဖွယ်ကောင်း၏။

"အချိန်ကာလနှင့် ကောင်းကင်အာကာသ၏ အသချေ်ယျအပ္ပမာဏ အဆုံးအစ

၁။ rocket ၂။ Second law of Thermodynamics
၃။ energy ၄။ Bertrand Russell: Religion and Science, pp. 217-18

မရှိသော သဘော၊ စကြဝဠာနှင့်စာသော် ကျွန်ုပ်တို့ ကမ္ဘာ၏ ဘာမျှမထင်ရှားသော သဘော၊ လူနှင့်တိရစ္ဆာန်တို့၏ အခြေခံတူညီသောသဘော၊ ကမ္ဘာတစ်ခုပျက်ရန်၊ သို့မဟုတ် ဖြစ်ပေါ်လာရန် လိုအပ်သော ကာလ၏ အလွန် အခွန့်ရှည်သောသဘော၊ လောကဓာတ်စကြဝဠာထဲရှိ အရာအားလုံး၏ အမြဲပြောင်းလဲနေသော သဘော၊ ဤသဘော အယူအဆများသည် ထို ၆ ရာစုခေတ်က အိန္ဒိယဘာသာရေး အတွေးအခေါ်များကို ပြုပြင်ဖန်တီးခဲ့ပေလိမ့်မည်။ ထိုသဘော အယူအဆများကြောင့် လူတို့သည် ဘဝသံသရာ ကျင်လည်ရခြင်း၏ အဖြစ်ကို သော်လည်းကောင်း၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်မှုကို အခြား လောကဘုံဌာနၥ္၌ မျှော်လင့်ရန်မဖြစ်နိုင်ခြင်းကိုသော်လည်းကောင်း၊ သီလသမာဓိ တရားပွားများခြင်းဖြင့် ယခုမျက်မှောက်ဘဝ၌ စိတ်ငြိမ်းချမ်းမှုရရှိရန် အရေးကြီးပုံကို သော်လည်းကောင်း သိမြင်ခဲ့ကြပေမည်။ ဥရောပ အလယ်ခေတ်ကလည်း လောကဓာတ် စကြဝဠာနှင့် ပတ်သက်သော အယူအဆများသည် ခရစ်ယာန် ရဟန်းဘုန်းကြီးတို့၏ သာသနာ၌ အလွန်အရေးပါခဲ့၏။ နောက်ကာလ၌ လူတို့၏ ကမ္ဘာတည်ရှိပုံနှင့် လူသတ္တဝါမျိုးစု အဆင့်ဆင့် ပြောင်းလဲလာပုံအကြောင်း၊ အယူအဆသစ်များ ပေါ်လာ သောအခါ ကျွန်ုပ်တို့၏ ဘာသာရေး အတွေးအမြင်များ အကြီးအကျယ် ပြောင်းလဲလာခဲ့၏။

"ဗုဒ္ဓလက်ထက်က စကြဝဠာအကြောင်း လူတို့၏ ခံယူချက်များသည် ပြည့်စုံ တိကျခြင်း မရှိသော်လည်း ထိုခေတ်က အခြားတိုင်းပြည်ရှိ လူတို့၏ ခံယူချက်များထက် ပိုမိုမှန်ကန်လျက်ရှိ၏။ သို့ဖြစ်၍ ဗုဒ္ဓဝါဒ စတင်ပေါ်ထွန်းလာခြင်း အကြောင်းကို လေ့လာရာ၌ ထိုခေတ် လူတို့၏ စကြဝဠာ အယူအဆများ၏ အရေးပါအရာရောက် မှုကို ကျွန်ုပ်တို့ မျက်ကွယ်ပြုထားပါက သမိုင်းကြောင်းအရ မှားပေလိမ့်မည်။"[၁]

ဤသို့ဖြင့် လူ၏သဘာဝကို စကြဝဠာ နောက်ခံထား၍ စေ့စေ့သေချာစွာ လေ့လာ ဆန်းစစ်ပါက အမာခံ ထာဝရအတ္တကို လက်ခံယုံကြည်ရန် အကြောင်းမရှိချေ။ သို့ရာတွင် လူသည် ဆင်ခြင်တုံတရားရှိ၍ ထိုတရားသည်ပင် လူနှင့်တိရစ္ဆာန်၏ ဝိသေသလက္ခဏာချက်၊ (ဝါ) အတ္တ၏လက္ခဏာ ဖြစ်သည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။

လူသည် စူးစမ်းဆင်ခြင်နိုင်စွမ်းရှိ၍ ထိုအစွမ်းသတ္တိဖြင့်ပင် သတ္တလောက၏ ထိပ်တန်းသို့ ရောက်ရှိနေခြင်း ဖြစ်သည်မှန်၏။ သို့ဖြစ်စေကာမူ လူ၏ ဆင်ခြင်တုံတရား ကို အတိုင်းထက်အလွန် အထင်မကြီးသင့်ချေ။ လောက၌ စဉ်းစားဆင်ခြင်ဉာဏ်ရှိ သောသူများကား နည်းပါးလှ၏။ စဉ်းစားဆင်ခြင်ဉာဏ်ရှိသည်ဆိုစေ၊ ထိုအသိဉာဏ်ကို လက်ကိုင်ထားသောသူတို့မှာ မများလှချေ။ အများအားဖြင့် စဉ်းစားဉာဏ်မသုံးဘဲ လောဘ၊ ဒေါသ၊ မာနစသော ကိလေသာတရားများ ရှေ့ဆောင်၍သွားလာလှုပ်ရှားနေ ကြ၏။ ထိုကြောင့်သာလျှင် လူ့လောကသည် မသိနားမှုလည် မိုက်မှားမှုများပြွမ်းလျက် ချမ်းသာသုခမှ ကင်းဝေးနေသည် မဟုတ်ပါလော။

---

၁။ **Dr Rhys Davids: Early Buddhism, pp. 83-84**

လူသည် ကိုယ်ကျင့်တရားနယ်၌ အကောင်းအဆိုး၊ အလိုလိုသိမြင်နိုင်သော အသိဉာဏ်ရှိသည်ဟု အချို့သူတို့ ယုံကြည်ကြ၏။ **မစ္စက်ရိုင်းစ်ဒေးဗစ်က** 'ဓမ္မသရဏ်' ပါဠိတော်မှ 'ဓမ္မ'ပုဒ်သည် အကောင်းအဆိုး ခွဲခြားသိမြင်နိုင်သော လူ၏အသိဉာဏ်ကို ရည်ညွှန်းသည်ဆို၍ ထိုအသိဉာဏ်မှာ အတ္တ၏ တန်ခိုးသတ္တိဖြစ်ကြောင်း ရေးသား၏။ ဤတွင် ဓမ္မကို အဓိပ္ပာယ်ပြန်ဆိုချက်မှာ အတ္တစွဲ၊ ဆန္ဒစွဲ ပြန်ဆိုချက်ဖြစ်၍ လူတို့၌ ကိုယ်ကျင့်တရား အမှားအမှန် ခွဲခြားသိမြင်သော ဉာဏ်ရှိသည် ဆိုခြင်းမှာလည်း ယခုခေတ် ပညာရှင်တို့ လက်ခံမည့် အယူမဟုတ်ချေ။ ကိုယ်ကျင့်တရားအရာ၌ လူတို့၏ ရှုမြင်မှုသည် ဘဝအတွေ့အကြုံနှင့် ပတ်ဝန်းကျင်အခြေအနေပေါ်၌ တည်သောကြောင့် တစ်ခေတ်နှင့်တစ်ခေတ် လူမျိုးတစ်မျိုးနှင့်တစ်မျိုး မတူဘဲ ကာလဒေသကိုလိုက်၍ ခံယူချက်များ ကွဲပြားခြားနားကြောင်း **မနုဿဗေဒ**[၁] ကျမ်းများ၌ အထောက်အထား အမြောက်အမြား ပြဆိုထား၏။

ထိုသို့ လူတို့သည် အသိပညာတိုးပွား၍ ဇာတိမာန တစ်စတစ်စ နည်းပါးလာသည်နှင့်အမျှ အတ္တဝါဒသည် တဖြည်းဖြည်း အခြေယိုင်လာတော့၏။ အတ္တဝါဒကို ခြေခြေမြစ်မြစ် ဝေဖန်ဆန်းစစ်သော ယခုခေတ် အနောက်တိုင်းပညာရှင်ကား အင်္ဂလိပ်ဒဿနိကဆရာ **ဒေးဗစ်ဟျူမ်း**[၂] ဖြစ်၏။ ၁၈ ရာစုခေတ်က သူ၏ ရေးသားချက်သည် ဗုဒ္ဓဒေသနာများနှင့် ထပ်တူနီးပါးဖြစ်နေခြင်းမှာ အံ့သြဖွယ်ရာဖြစ်၏။ သူ၏ယူဆချက်ကို လိုရင်းအကျဉ်းမျှ ဖော်ပြပါအံ့။

"အတ္တကို အစွဲပြု၍ ဖြစ်ပေါ်သော စိတ်တစ်ခုခုသည် အကယ်၍ ရှိခဲ့ငြားအံ့။ ထိုစိတ်သည် ကျွန်ုပ်တို့၏ ဘဝတစ်လျှောက်လုံး၌ တည်မြဲနေရာ၏။ အကြောင်းမူ အတ္တသည် ထိုသို့ တည်မြဲသောအရာဖြစ်၏။ သို့ရာတွင် တည်မြဲသော စိတ်ဟူ၍မရှိ။ ... အတ္တရှိသည်ဆိုသော အယူသည် ကျွန်ုပ်တို့၏ ကိုယ်တွေ့အသိနှင့် ဆန့်ကျင်လှ၏။ ကျွန်ုပ်သည် မိမိကိုယ်အကြောင်းကို နက်နက်နဲနဲ ဆင်ခြင်သုံးသပ်သောအခါ ပူခြင်း၊ အေးခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းစသော စိတ်စေတသိက်များကိုသာ တွေ့ရ၏။ စိတ်စေတသိက်ကင်းသော မိမိကိုယ် (အတ္တ)ကို ဘယ်အခါမျှ ရှာ၍မရအပ်ချေ။ အိပ်မောကျ၍ စိတ်ဖြစ်စဉ် ရပ်စဲနေသောအခါ ကျွန်ုပ်သည် မိမိကိုယ်ကိုယ်၏အကြောင်း ဘာမျှမသိရကား ကျွန်ုပ်မရှိတော့ပြီဟု ဆိုနိုင်၏။ ထို့ကြောင့် လူသတ္တဝါသည် ကျွန်ုပ်တို့ဉာဏ်ဖြင့် မမှီနိုင်အောင် လျင်မြန်စွာ ဆက်ကာဆက်ကာ ဖြစ်ပျက်၍ အမြဲ ပြောင်းလဲနေသော စိတ်တို့၏ အစုအပေါင်းမျှသာဖြစ်၏။"[၃]

ယခုခေတ် စိတ္တဗေဒပညာသည် လူတို့၏ အပြုအမူ၊ အကြံအစည်နှင့် လိုအင်ဆန္ဒများကို စီမံဖန်တီးသော အတ္တဝိညာဉ်ရှိသည်ဆိုသော အယူကို လက်မခံချေ။ လူတို့

၁။ **Anthropology** ၂။ **David Hume**

၃။ **David Hume quoted in Joad, "Guide to Philosophy" pp. 230-31**

သည် အတ္တစွဲရှိသောကြောင့် ငါပြုလုပ်သည်၊ ငါကြံစည်သည်၊ ငါအလိုရှိသည်ဟု ထင်မြင်နေကြ၏။ အပြန်အလှန်အားဖြင့် ထိုသို့ ထင်မြင်နေသောကြောင့်လည်း သက္ကာယ ဒိဋ္ဌိကို မပယ်ခွာနိုင်ကြခြင်း ဖြစ်၏။ စိတ်ပညာရှင်တို့၏ အမြင်အားဖြင့် လူ၏အပြုအမူ၊ အကြံအစည်နှင့် ခံစားရချက်များသည် ယေဘုယျအားဖြင့် လိင်စိတ်၊ ကြောက်စိတ်၊ မိမိဘဝ တွယ်တာစိတ်၊ အပေါင်းအဖော်နှင့် နေလိုစိတ်စသော သဘာဝစိတ်၊ သဘာဝဆန္ဒများကြောင့် ဖြစ်ပေါ်လာကြ၏။ အချို့ အပြုအမူများမှာ အလေ့အကျင့်ကြောင့်ဖြစ်၏။ လူတို့သည် မိမိတို့၌ နစ်ရှည်လများ စွဲမြဲနေသော အကျင့်ဝါသနာများ၏ ကျေးကျွန်ဖြစ်မှန်းမသိ ဖြစ်နေကြ၏။ ထို့အပြင် မနောဝိညာဏ်၏ အောက်ပိုင်း၌ ကျွန်ုပ်တို့ အစိုးမရသော မသိစိတ်များရှိ၍ ထိုမသိစိတ်တို့ စေ့ဆော်သည့်အတိုင်း ကျွန်ုပ်တို့ ကြံစည်ပြုမှု ခံစားနေကြရ၏။ သို့ဖြစ်၍ ယနေ့ သိပ္ပံနည်းကျ စိတ်ပညာနယ်၌ စိတ်စေတသိက်များကို လေ့လာမှုသည်သာ ထင်ရှား၍ အတ္တဝိညာဏ်၏ နေရာကဏ္ဍမရှိချေ။

ဤနေရာ၌ အနောက်နိုင်ငံ စိတ်ပညာရှင်တို့၏ ရေးသားချက်အချို့ကို ကောက်နုတ်ဖော်ပြပါအံ့။

"စိတ္တဗေဒပညာရှင် လေ့လာရမည့်အရာသည် စိတ်အစဉ်သာလျှင်ဖြစ်၏။ **အဘိရူပဗေဒကျမ်း** သို့မဟုတ် **ထာဝရဘုရားအကြောင်းကျမ်း**[၁] များသည် အတ္တဝိညာဉ်ရှိကြောင်း ပြကောင်းပြနိုင်ပေမည်။ သို့ရာတွင် ထိုအတ္တဝါဒသည် စိတ္တဗေဒပညာ၌ အပိုသက်သက်ဖြစ်၏။ ဤစာအုပ်၌ ကျွန်ုပ်တို့ စွဲမြဲစွာ လက်ခံရမည့် အချက်မှာ စိတ်အစဉ်သည်ပင် စိတ်ကူးကြံစည်သော ပုဂ္ဂိုလ်ဖြစ်သည်ဟူသော အချက်ဖြစ်၏။"[၂]

"ကျွန်ုပ်တို့သည် စိတ်ကို စိတ်ဖြစ်စဉ်မှ တသီးတခြား ခွဲထုတ်၍ စဉ်းစားလေ့လာရန် မဖြစ်နိုင်ချေ။ ဝေဒနာ၊ သညာ၊ စေတနာ စသည်တို့ကို လျှို့ဝှက်နက်နဲသော စိတ်ဝိညာဏ်၏ ဂုဏ်လက္ခဏာများအဖြစ် မထင်မှတ်သင့်။ စိတ်ဝိညာဏ်သည် စေတသိက်တို့၏ အစုအပေါင်းဖြစ်၍ ဝေဒနာ၊ စေတနာစသည်တို့သည် ထိုအစုအပေါင်း (ဝါ) နာမ်ခန္ဓာ၌ ပါဝင်သော စေတသိက်များဖြစ်၏။"[၃]

"ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်သတ္တဝါနှင့် စိတ်ဖြစ်စဉ်များ ဆက်စပ်နေမှုကို လေ့လာရာ၌ ဝါဒနှစ်မျိုး ကွဲနေသည်ကို တွေ့ရ၏။ တြိဂံတစ်ခု၏ ဂုဏ်ဒြပ်သည် ယင်း၏ အစိတ်အပိုင်းများ ထူးခြားစွာ ဆက်စပ်နေမှုအပေါ်၌ တည်သကဲ့သို့ ပုဂ္ဂိုလ်တစ်ဦး၏ အတ္တဘာဝသည် စိတ်ဖြစ်စဉ်များ ထူးခြားစွာ ဆက်စပ်နေမှုမျှသာ ဖြစ်သည်ဟု ပထမဝါဒက ဆို၏။ ဒုတိယဝါဒ အဆိုအားဖြင့်မူ ပုဂ္ဂိုလ်သတ္တဝါသည် စိတ်အစဉ်များ ပေါင်း စပ်ထားမှုသာ

---

၁။ **Metaphysics or Theology**

၂။ **William James: Principles of Psychology, pp. 203**

၃။ **Titchener: Outline of Psychology**

မဟုတ်၊ စိတ်အစဉ်တို့ကို စုစည်းသောအရာ၊ စိတ်စေတသိက်တို့၏ နောက်ကွယ်၌ တည်မြဲနေသောအရာ ဖြစ်၏။ တစ်နည်းဆိုသော် စိတ်စေတသိက်တို့သည် အတ္တနှင့်ဆက်သွယ်မှုဖြင့်သာလျှင် တစ်ပေါင်းတစ်စည်းတည်း ဖြစ်လာ၏။ ဤနေရာ၌ ကျွန်ုပ်သည် ပထမဝါဒကိုသာ လက်ခံလို၏။ ကျွန်ုပ်၏အမြင်အားဖြင့် ပုဂ္ဂိုလ်သတ္တဝါကို စိတ်ဖြစ်စဉ်မှ ခွဲ၍မရစကောင်းချေ။"[၁]

အတ္တဝါဒကို ယခုခေတ် စိတ်ပညာရှင်တို့ကသာ ပယ်ကြသည်မဟုတ်၊ သိပ္ပံပညာရှင်နှင့် ဒဿနိကပညာရှင်တို့ကလည်း ပယ်ကြ၏။ သိပ္ပံပညာကျော် **ဟတ်စလီသည်** အနတ္တကရားဟောသော ဗုဒ္ဓအား အောက်ပါအတိုင်း ချီးကျူးခဲ့၏။

"နာမ်ဝိညာဉ်၏ နောက်ကွယ်၌ အမာခံ အတ္တမရှိကြောင်း ကျွန်ုပ်တို့ ကောင်းစွာပြနိုင်၏။ **ဗာကလေ**[၂]သည် ဤအချက်ကို မသိမြင်ခဲ့ချေ။ ဤနေရာ၌ ဂေါတမဗုဒ္ဓသည် ယခုခေတ်၌ ထင်ရှားဆုံး ဝိညာဏဝါဒီ အသိပညာရှင်ကြီးထက် ပို၍နက်နဲစွာ သိမြင်ခဲ့၏။"[၃]

"ကျွန်ုပ်တို့သည် ခန္ဓာကိုယ်ကို တသီးတခြား တည်ရှိသော အတ္တဝိညာဉ်က ဦးဆောင်သည် ဆိုသောအယူကို လက်မခံနိုင်တော့ချေ။ ထိုအယူသည် စွမ်းအင်၏ တည်မြဲမှု နိယာမတရားနှင့် ဆန့်ကျင်၏။ သို့ရာတွင် ထိုသို့ တိကျသေချာသော နိယာမတရားနှင့် ဆန့်ကျင်မှုကြောင့်သာလျှင် ထိုအယူကို ပယ်အပ်သည်မဟုတ်၊ ထိုအယူကို ပယ်အပ်ခြင်းမှာ ကျွန်ုပ်တို့ မြင်တွေ့နေရသော ဒိဋ္ဌဓမ္မများနှင့် မကိုက်ညီသောကြောင့်ဖြစ်၏။[၄]

အောက်ပါစကားများမှာ **ဘာထရန်ရပ်ဆယ်နှင့်** အခြားဥရောပ ဒဿနိကပညာရှင်တို့၏ ရေးသားချက်များဖြစ်၏။

"ပရမတ္ထအားဖြင့် ကျွန်ုပ် **ဟာမင်းကီဇာလင်းသည်** လုံးဝမရှိ။ ကျွန်ုပ်၌ သခါရ အနိစ္စတရား မဟုတ်သောအရာ ဘာမျှမရှိ။ အသခ်တဓာတ်၊ နိစ္စဓာတ်အဖြစ် ဘာကိုမျှ ညွှန်ပြ၍မရအပ်။ ကျွန်ုပ်၏အတ္တ၊ ကျွန်ုပ်၏ကိုယ်ဟူ၍ မှတ်ယူရသောအရာသည်ကား တစ်ခဏအတွင်း ဖြစ်ပေါ်လာ၍ ချုပ်ပျောက်သွားသော ဓမ္မာရုံများသာဖြစ်၏။"[၅]

"ဒက်စကားတီး[၆] က ငါကြံစည်သည်။ သို့ဖြစ်၍ ငါရှိသည်(ဝါ) ငါသည် ကြံစည်သော ပုဂ္ဂိုလ်ဖြစ်သည်ဟု ဆို၏။ မိမိသည် မည်သည့်အရာဖြစ်ကြောင်း ဖော်ပြ

---

၁။ **Prof. Stout: Some Fundamental Points in the Theory of Knowledge, pp.6**

၂။ **Barkeley**

၃။ **T.H.Huxley quoted in Eliot, "Hinduism and Buddhism" Vol.I, pp. cii**

၄။ **J.B.S. Haldane: The Sciences and Philosophy 123-4**

၅။ **Hermann Keyserling: The Travel Diary of a Philosopher, pp. 570**

၆။ **Descartes** = ၁၆ ရာစုအတွင်းက နာမည်ကျော် ပြင်သစ်ဒဿနဆရာ

ရာ၌ ပြောင်းလဲနေသော ရုပ်နာမ်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ဖြစ်သည်ဟု ဆိုခြင်းသည်ပင် အသင့်မြတ်ဆုံး၊ အမှန်ကန်ဆုံး စကား မဟုတ်ချေ။ ပြောင်းလဲနေသော ရုပ်နာမ်ဖြစ်သည်ဟုသာ ဆိုသင့်၏။ ဒက်စကားတီးသည် စိတ်အစဉ်မျှသာဖြစ်၍ ထိုစိတ်အစဉ်ကို သူ၏ နာမ်တရားဟု ခေါ်ဆိုနိုင်၏။ သို့ရာတွင် နယူးယောက်မြို့၏ လူဦးရေသည် နယူးယောက် မြို့သူမြို့သားများကို ကြည့်၍ တသီးတခြားမရှိသည့်နည်းတူ ဒက်စကားတီး၏ နာမ်တရားသည်လည်း တသီးတခြားမရှိ။ သို့ဖြစ်ရကား ဒက်စကားတီးသည် ကြံစည် သည်ဟု မဆိုဘဲ ဒက်စကားတီးသည် ယုံကြည်ခြင်း ပြန်လည်မှတ်မိခြင်း၊ အလိုရှိခြင်း စသည်တို့ ပါဝင်သော စိတ်အစဉ်ဖြစ်သည်ဟု ဆိုသင့်ပေ၏။"(၁)

အနတ္တတရားကို လက်ခံယုံကြည်သော အနောက်နိုင်ငံ ပညာရှင်တို့၏ စကားများကို စုံစုံစေ့စေ့ ဖော်ပြရမည်ဆိုသော် ဆုံးနိုင်မည် မဟုတ်ချေ။ သို့ရာတွင် ပညာရှင်နှစ်ဦး ၏ ရေးသားချက်မှာ အထူးမှတ်သားဖွယ်ကောင်း၍ ယင်းတို့ကို ဖော်ပြပါဦးအံ့။

ပထမပညာရှင်မှာ ဒုတိယကမ္ဘာစစ် မဖြစ်မီက များစွာထင်ရှားသော နာမည်ကျော် အင်္ဂလိပ်စာရေးဆရာကြီး **အိပ်ချ်ဂျီဝဲ**ဖြစ်၏။ **အိပ်ချ်ဂျီဝဲ**သည် ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်သတ္တဝါမရှိပုံကို အောက်ပါအတိုင်း ရေးသားခဲ့၏။

"ကျွန်ုပ်တို့သည် အဘယ်အရာကို ပုဂ္ဂိုလ်သတ္တဝါဟူ၍ ခေါ်ဆိုအပ်ပါသနည်း။ ပုဂ္ဂိုလ်သတ္တဝါမည်သည် တသီးတခြား ပေါက်ဖွား၍ ခန္ဓာကိုယ် ပျက်စီးသည်အထိ လောက၌ တသီးတခြား အထင်အရှား ရပ်တည်နေသော သတ္တဝါဖြစ်သည်ဟု လူအများ ယူဆကြ၏။ သို့ရာတွင် ယခုခေတ် သတ္တဗေဒနှင့် စိတ္တဗေဒပညာများကို ကျွန်ုပ်တို့ လေ့လာသောအခါ ပုဂ္ဂိုလ်သတ္တဝါ၏ သီးခြားတည်ရှိမှု (အတ္တဘာဝ)ကို သံသယဖြစ်ဖွယ်အချက်များကို တွေ့ရ၏။

"ဥပမာ အပင်များသည် တသီးတခြားစီ ပေါက်ဖွားနေကြဟန် ရှိသော်လည်း တသီးပုဂ္ဂလဖြစ်နေခြင်းကို များစွာသော အပင်များ၌ မတွေ့ရချေ။ အပင်တပင်မှ အခြားအပင်များပွားလာအောင် ပြုလုပ်နိုင်၏။ မျိုးမတူသော အပင်နှစ်ပင်ကို ကိုင်းဆက်ကူးခြင်းဖြင့် အပင်သစ်တစ်ခု ဖန်တီးနိုင်၏။ အချို့သော ပိုးမွှားများသည် နှစ်ကောင် ပူးပေါင်း၍ တစ်ကောင်တည်းဖြစ်လာ၏။ တစ်ကောင်မှ နှစ်ကောင်၊ သို့မဟုတ် ထိုထက်များပြားသော အကောင်များ ပွားလာနိုင်၏။ အချို့မှာ အကောင်ပွားလာသော်လည်း အကောင်ပွားများနှင့် မကွဲဘဲ ပူးတွဲနေကြ၏။ .....

"စင်စစ် ထိုအဖြစ်မျိုးကို သိုး၊ ကြောင်၊ ခွေးနှင့် လူတို့၌ပင် တစ်ခါတစ်ရံ တွေ့ရ၏။ ဥပမာ ဦးခေါင်းနှစ်ခုနှင့် ကိုယ်တစ်ခု၊ သို့မဟုတ် ကိုယ်နှစ်ခုနှင့် ဦးခေါင်း တစ်ခုရှိသော နို့စို့ကလေးများကို အချို့လူများ မြင်ဖူးကြပေမည်။ ထိုနို့စို့ကလေးကို တစ်သီးပုဂ္ဂလအဖြစ် မည်သို့ မှတ်ယူနိုင်ပါမည်နည်း။ ထို့အပြင် လူသည် မွေးသည်မှ

၁။ **Bertrand Russell: Portraits from Memory and Other Essays, pp. 138**

သေသည်အထိ ဘယ်အခါမျှ ထီးတည်း ရပ်တည်နေသည် မဟုတ်ချေ။ လူ၏ ကိုယ်ခန္ဓာထဲ၌ အလွန်သေးငယ်မှုန်မွှားသော ပိုးတို့သည် အသချေ်အနန္တ ရှိကြ၏။ ယင်းတို့သည် ရောဂါပိုးများကို ဖျက်ဆီးခြင်း အစာကိုသယ်ယူခြင်းစသော မြောက်မြားလှစွာသော လုပ်ငန်းများကို ဆောင်ရွက်ကြ၏။ နိုင်ငံများသည် ကုဋေကုဋာ များပြားလှသော လူသတ္တဝါတို့ စုပေါင်းထားခြင်း ဖြစ်သည့်နည်းတူ လူသည်လည်း ကုဋေကုဋာ များပြားသော ထိုပိုးများ စုပေါင်းထားခြင်း ဖြစ်၏။

"စိတ်ပညာ၌ အတ္တဘာဝကို မယုံကြည်နိုင်စရာ အချက်များကို တွေ့ရ၏။ လူတစ်ကိုယ်တည်း၌ စိတ်သည် နှစ်ခြမ်းကွဲ၍ တစ်ခြမ်းနှင့်တစ်ခြမ်း ပဋိပက္ခ ဖြစ်နေတတ်၏။ စာရေးဆရာ **အာရ်အယ်စတီဗင်ဆင်**၏ **'ဒေါက်တာဂျီကောနှင့် မစ္စတာဟိုက်'** ဝတ္ထု၌[၁] ဇာတ်ကောင်သည် တစ်ခါတစ်ရံ လူဆိုးဖြစ်၍ တစ်ခါတစ်ရံ လူကောင်းဖြစ်လာ၏။ ထိုသို့ စိတ်နှစ်ခြမ်းကွဲမှုကို လူတို့တွင် အိပ်မွေ့ချထားသောအခါနှင့် စိတ္တဇရောဂါ စွဲကပ်နေသောအခါ၌ တွေ့ရ၏။ အကြောင်းတစ်ခုခုကြောင့် အတိတ်ဘဝကို လုံးဝမေ့သွားသော သူများသည်လည်း လူတစ်ကိုယ်စိတ်နှစ်မျိုး အဖြစ်မျိုးကြုံရတတ်၏။

"ဤအချက်များကြောင့် ကျွန်ုပ် အိပ်ချ်ဂျီဝဲသည် လူအများထင်မြင်သကဲ့သို့ တသီးတခြား ပုဂ္ဂိုလ်သတ္တဝါအားဖြင့် ဧကန်ထင်ရှားရှိပါ၏လောဟု ကျွန်ုပ် သံသယဖြစ်မိ၏။ ကျွန်ုပ်တို့၏ အတ္တစွဲသည် ပဋိသန္ဓေက ပါလာသော အစွဲဖြစ်၍ အသိအမြင် ရင့်ကျက်လာသောအခါ၌ ထိုအစွဲမှ လွတ်မြောက်ကြပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အသိပညာ တိုးပွားရင့်ကျက်လာသောအခါ ကျွန်ုပ်တို့သည် အတ္တဒိဋ္ဌိ အရင်းခံသော အလိုဆန္ဒအားလုံးမှာ နောက်ဆုံး၌ အိုမှုနာမှု၊ သေမှုတွင် အဆုံးသတ်၍ အချည်းနှီး ဖြစ်ရမည်ဖြစ်ကြောင်း ကောင်းစွာ သိမြင်လာကြမည် အမှန်ဖြစ်၏။"[၂]

**အိပ်ချ်ဂျီဝဲ**ကဲ့သို့ အနတ္တတရားကို သိမြင်နားလည်သော ဥရောပပုဂ္ဂိုလ်ကျော်မှ ဂျာမန်ပညာရှင် ဂိုထေး[၃] ဖြစ်၏။ **ဂိုထေး**သည် ကဗျာဆရာ၊ ဒဿနိကဆရာ၊ နိုင်ငံရေးသုခမိန်စသည်ဖြင့် ကမ္ဘာ့ဉာဏ်ကြီးရှင် စွယ်စုံပညာရှင်အဖြစ် ကျော်ကြား၏။ အမေရိကန် ဗုဒ္ဓကျမ်းပြုဆရာ **ဒေါက်တာပေါလ်ကရပ်**သည် ဂိုထေးမှာ ဗုဒ္ဓတရားကို မကြားဖူးသော်လည်း ဗုဒ္ဓဝါဒီ ဖြစ်မှန်းမသိ ဖြစ်နေပုံ သူ၏ အတွေးအခေါ်များတွင် အနတ္တတရား ထင်ဟပ်နေပုံများကို ဖော်ပြခဲ့၏။ သူ ထောက်ပြသော ဂိုထေး၏ ကဗျာများ အလိုအားဖြင့် ဂိုထေး၏ ယုံကြည်ချက်မှာ အောက်ပါအတိုင်းဖြစ်၏။

"ကျွန်ုပ်သည် ကျွန်ုပ်၏ မိဘနှစ်ပါးထံမှ ဗီဇသတ္တိများကို ဆက်ခံရရှိ၍

---

၁။ R.L.Stevenson: Dr Jekgall and Mr. Hyde

၂။ H.G.Wells in "I Believe: The Personal Philosophies of 23 Eminent Men and Women of Our Time", 1940 pp. 361-62

၃။ Goethe

မွေးလာသည်နှင့် တစ်ပြိုင်နက် ပတ်ဝန်းကျင်လောက၏ ပြုပြင်ဖန်တီးမှုကို ခံရ၏။ ဤသို့ မျိုးရိုးဗီဇနှင့် ပတ်ဝန်းကျင်တရားများ၏ ပြုပြင်မှုကိုခံရသော ကျွန်ုပ်သည် အဘယ်မှာလျှင် အမိုကင်းသောတစ်သီးပုဂ္ဂလ သတ္တဝါ ဖြစ်နိုင်ပါအံ့နည်း ။ ကျွန်ုပ်သည် ပတ်ဝန်းကျင်လောကနှင့် ကင်း၍ ထီးတည်းရပ်တည် အသက်ရှင်နိုင်ပါက တစ်သီးပုဂ္ဂလ သတ္တဝါ ဖြစ်လာပေလိမ့်မည်။ ပြုပြင်စီရင်မှုကင်းသော အသခ်တပုဂ္ဂိုလ်ထူး ဖြစ်ရခြင်းသည် အလွန်ကျက်သရေမင်္ဂလာရှိ၍ လိုချင်မက်မောဖွယ်ရာ ဖြစ်ပါ၏။ သို့ရာတွင် ကျွန်ုပ်မှာ ထိုသို့သော သီးခြားပုဂ္ဂိုလ်မဟုတ်ဘဲ ပတ်ဝန်းကျင်၊ လူ့လောကနှင့် တစ်သားတည်း ရောထွေးပေါင်းစပ်နေသော သတ္တဝါဖြစ်ကြောင်း ဝန်ခံရမည်ဖြစ်၏။[၁]

ဂိုထေး၏စကားသည် မှန်လှ၏။ စိတ္တဗေဒပညာသည် အတ္တဝိညာဉ်အကြောင်းကို လုံးဝမစဉ်းစားသည်သာမက ငါတည်းဟူသော အသိ(ဝါ) အတ္တစိတ်သည်ပင် အတ္တဝါဒီတို့ ထင်မြင်သကဲ့သို့ အတ္တရှိမှု၏ နိမိတ်လက္ခဏာအဖြစ် လူတို့၌ အလိုအလျောက် ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်၊ လူလောက၏ ဖန်တီးမှုဖြစ်ကြောင်း ပြဆိုခဲ့၏။ ဤအကြောင်းကို ပညာရှင်တစ်ဦးက အောက်ပါအတိုင်း ရေးသားထား၏။

"ယခုခေတ် စိတ္တဗေဒပညာသည် ငါစွဲအသိ (အတ္တစိတ်)မှာ ပတ်ဝန်းကျင် လူလောကကို စွဲမှီ၍ ဖြစ်ပေါ်လာသည်ဟု ယူဆ၏။ စိတ်ပညာရှင်တို့၏ အဆိုအားဖြင့် နို့စို့ကလေးသည် အစပထမ၌ အတ္တစိတ် လုံးဝမရှိသေးဘဲ ဇာတိစိတ်၊ သို့မဟုတ် အလိုဆန္ဒအမျိုးမျိုး ဖွဲ့စည်းထားမှုမျှသာ ဖြစ်၏။ နောက်ကာလ၌ အခြားလူများနှင့် ဆက်ဆံခြင်း၊ အတုယူခြင်း၊ မှတ်သားနာခံခြင်း စသည်တို့ဖြင့် အတ္တစိတ်သည် ဖြစ်ထွန်း၍ ပတ်ဝန်းကျင် လူလောက၏ ပြုပြင်စီရင်မှုကို ခံယူလျက် တစ်စတစ်စ ကြီးထွားကာ မိမိကိုယ်နှင့် သူတစ်ပါးကို ခွဲခြားလာ၏။ စိတ်ပညာရှင်တို့သည် မွေးစကလေး၏ မူလသတ္တိဗီဇနှင့် စပ်လျဉ်း၍ သဘောအယူအဆ ကွဲလွဲကြစေကာမူ ထိုမူလသတ္တိဗီဇ၌ အတ္တစိတ် မပါဝင်ကြောင်း အတ္တစိတ်သည် ဖြစ်ထွန်းကြီးပွားလာသော စိတ် (ဝါ) သင်္ခါရတရားဖြစ်၍ ပတ်ဝန်းကျင် လူလောက၏ ဖန်တီးမှုဖြစ်ကြောင်း အားလုံးယုံကြည်ကြ၏။[၂]

ဤသို့ဖြင့် အတ္တစိတ်သည် အတွေ့အကြုံနှင့် ပတ်ဝန်းကျင်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာရ၏။ လူသည် အတ္တစွဲကြောင့် ငါသူတစ်ပါး ခွဲခြားသော်လည်း အတ္တအားကိုးဖြင့် အလိုအလျောက် ဘယ်အခါမျှ ရပ်တည်နိုင်သည် မဟုတ်။ ကလေးသူငယ်ဘဝတွင် တိရစ္ဆာန်များထက် ပို၍ မိဘကို မှီခိုအားထားရသော သတ္တဝါဖြစ်၏။ ကြီးပြင်းလာသောအခါ၌လည်း အချို့တိရစ္ဆာန်များကဲ့သို့ ထီးတည်းမနေဘဲ အုပ်စုဖွဲ့ကာ နေထိုင်ကြရ၏။ ထို့ကြောင့် လူတစ်ဦး၏ အကြောင်းကို မှန်ကန်စွာ သိရှိလိုပါက သူ၏မိဘ၊

---

၁။ **Paul Carus: Buddhism and its Christian Critics, pp. 109-115**

၂။ **W.M.Urban: Fundamentals of Ethics, pp.140**

ဆွေမျိုးသားချင်းနှင့်တကွ ပေါင်းသင်းဆက်ဆံရေးနယ်၌ လုပ်ကိုင်ဆောင်ရွက်ပုံကို စေ့ငုသေချာစွာ လေ့လာရပေမည်။

လူသည် အတ္တစိတ် မည်မျှ ပြင်းထန်နိုင်မြဲစေကာမူ လူလောကမှ ခွဲထုတ်၍ မရအပ်ချေ။ လူ့လောကနှင့် ရစ်ပတ်ဆက်စပ်ထားသော ကြိုးများသည် အကြောင်းတစ်စုံတစ်ခုကြောင့် လျော့ရဲရဲဖြစ်လာမည်၊ သို့မဟုတ် ပျက်စီးမည်ဖြစ်ပါက လူ့ဘဝသည် အချည်းနှီးဖြစ်ရ၏။ ထင်ရှားသော သာဓကမှာ မိမိကိုယ်မိမိ သတ်သေမှုများဖြစ်၏။ ထိုအမှုပြုသောသူတို့သည် (စိတ်မနှံ့သဖြင့် သတ်သေသော သူတို့မဟုတ်လျှင်)တစ်နည်းအားဖြင့် ပတ်ဝန်းကျင် လူ့လောကနှင့် အဆင်မပြေသောသူများ ဖြစ်ကြ၏။ လူသည် လူ့လောကနှင့် ခိုင်မာစွာ ဆက်စပ်နေသောကြောင့် မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ အိမ်ထောင်ရှင်ကျင့်ဝတ်၊ နိုင်ငံသားကျင့်ဝတ် စသည်ဖြင့် လူ့ကျင့်ဝတ်များ ပေါ်လာရ၏။ များပြားလှသော လူ့ကျင့်ဝတ်များက လူ့လောကနှင့် ရစ်ပတ်ဖွဲ့နှောင်ထား၍ လူသည် အတ္တစွဲ မည်မျှကြီးမားစေကာမူ မိမိကိုယ်ကိုအမြဲ မိမိ စိုးပိုင်သည် မဟုတ်ချေ။

ဤသို့လျှင် သိပ္ပံပညာရှင်တို့၏ လေ့လာတွေ့ရှိရချက်များ၊ အသိပညာရှင်တို့၏ ထင်မြင်ချက်များနှင့် လူသတ္တဝါ၏ ဘဝအဖြစ်သနစ် ဒိဋ္ဌဓမ္မများသည် အနတ္တဝါဒကို အခိုင်အမာ ထောက်ခံသော်လည်း မြန်မာနိုင်ငံ၌ပင် ထိုဝါဒကို မနှစ်သက်သော ဗုဒ္ဓဝါဒီများ ရှိ၏။ များစွာသော ဗုဒ္ဓဝါဒီတို့၏ အတ္တစွဲသည် သူတို့၏ ဘာသာရေး ယုံကြည်ချက်များ၌ ပေါ်လွင်ထင်ရှား၏။ အချို့ကမူ အတ္တစွဲဖြင့် ရေးသားသော အင်္ဂလိပ် ဗုဒ္ဓဘာသာစာအုပ်များကို အထူးဂရုပြု၍ ဖတ်ရှုလေ့လာကြ၏။ အနတ္တဝါဒကို သူတို့လက်မခံမှု၌ အကြောင်းယုတ္တိရှိမှု၊ မရှိမှုသည် ပဓာနမဟုတ်။ မကြိုက်မနှစ်သက်မှုသည်သာ ပဓာနဖြစ်၏။ သူတို့၏ အမြင်အားဖြင့် အနတ္တတရားသည် **မစ္စက်ရိုင်းစ်ဒေးဗစ်**နှင့် လန်ဒန် ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ **မစ္စတာခရစ္စမတ်စ်ဟန်ဖရီ**[၁] ရေးသားသကဲ့သို့ မျှော်လင့်ချက်ကင်း၍ စိတ်ပျက်ဖွယ်ကောင်းသော တရားဖြစ်နေပေလိမ့်မည်။

ဤသည်မှာ အံ့ဩဖွယ်ရာဖြစ်၏။ ကမ္ဘာ့ဘာသာဝါဒကြီးများတွင် ဗုဒ္ဓဝါဒသည် လူ၏ ဂုဏ်သတ္တိစွမ်းအားကို အများဆုံး မြှင့်တင်ဟောပြောသော ဝါဒဖြစ်၏။ "လူ၏ အဖြစ်ကို ရခဲသည်" "ဆင်းရဲဒုက္ခမှ လွတ်မြောက်ရန် မိမိကိုယ်ကိုသာလျှင် အားကိုးရမည်" "မိမိပြုသောအမှု (ဝါ) ကမ္မသည် မိမိ၏ဥစ္စာဖြစ်သည်" ဤသို့သော အားပေးစကားမျိုးကို ဗုဒ္ဓဝါဒမှတစ်ပါး အခြားဘာသာဝါဒများ၌ တွေ့ရမည် မဟုတ်ချေ။ သို့စဉ်လျက် အနတ္တဝါဒကို အချို့လူတို့ မနှစ်သက်ခြင်းမှာ ဗုဒ္ဓလမ်းစဉ်၌ ကယ်တင်ရှင် ထာဝရဘုရားမရှိ။ အနတ္တဝါဒကလည်း လူသတ္တဝါသည် မမြဲသော ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးမျှသာ ဖြစ်သည်ဟု ဟောထားခြင်းကြောင့် ဖြစ်ရပေမည်။

ဤနေရာ၌ မမြဲသော ခန္ဓာငါးပါးဟူသော စကားကို ရှေးဦးစွာ ယထာဘူတ

---

၁။ **Christmas Humphreys: Buddhism, pp. 85**
**London Buddhist Lodge: What is Buddhism? pp. 40**

ကျကျ ဆန်းစစ်လေ့လာရန် လိုအပ်၏။

ဗုဒ္ဓသည် ဒုက္ခတရားနှင့် အနတ္တတရားကို ဟောကြားရာ၌ အနိစ္စတရားကို ရှေ့တန်းတင်၍ ဟောကြားခြင်းမှာ အနိစ္စတရား၌ ထိုတရားနှစ်ပါး အကျုံးဝင်နေသောကြောင့်ဖြစ်၏။ တစ်နည်းဆိုသော် မမြဲသော ကာမဂုဏ်ချမ်းသာကို မက်မောမှု၍ ဆင်းရဲဒုက္ခဖြစ်ရခြင်း၊ မမြဲသော အတ္တဇီဝကို ရာကြမ့်မှု၏ အချည်းနှီးဖြစ်ခြင်းကို ထင်ရှားစေရန်ဖြစ်၏။ သို့ရာတွင် ဗုဒ္ဓ၏ ဝိဘဇ္ဇဝါဒကို အခြေပြု၍ သင်္ခါရဓမ္မများကို တစ်ခုစီ အကောင်းအဆိုး၊ အယုတ်အမြတ် ဆုံးဖြတ်ရာ၌ တည်မြဲသော ကာလပရိစ္ဆေဒသည် ပဓာနမဟုတ်ချေ။ ပျင်းရိ၍ လုံ့လဝီရိယမရှိဘဲ နှစ်ပေါင်းတစ်ရာ အသက်ရှည်ရခြင်းထက် လုံ့လဝီရိယဖြင့် တက်တက်ကြွကြွနှင့် တစ်ရက်အသက်ရှင်ရခြင်းသည် မြတ်၏" (ဓမ္မပဒ၊ ဂါထာ–၁၁၂)။ ဤသို့ဖြင့် ကာလတာရှည် တည်မြဲမှုထက် ပိုမိုအရေးကြီးသော အချက်များ ရှိကြောင်း ဗုဒ္ဓဝါဒက အသိအမှတ်ပြုထား၏။ ဝတ္ထုပစ္စည်းများကို တန်ဖိုးဖြတ်ရာ၌ ကျွန်ုပ်တို့သည် အရေအတွက်ထက် အရည်အချင်းကို ပိုမိုဂရုပြုရ၏။ ထိုနည်းအတူ ခန္ဓာငါးပါးကို ဆင်ခြင်သုံးသပ်ရာ၌ အနိစ္စတရားကို ဥပါဒါန် အစွဲမထားဘဲ ယင်းတို့၏ အစုအပေါင်းဖြစ်သော လူသတ္တဝါ၏ သဘာဝဂုဏ်သတ္တိကို ဦးစားပေး၍ ရှာဖွေလေ့လာ ရပေမည်။ ဤသို့ လေ့လာခြင်းသည် ဘဒ္ဒဝဂ္ဂီမင်းသားများအား မိမိကိုယ်ကို ရှာဖွေကြရန် ဗုဒ္ဓမိန့်ကြားသော သြဝါဒနှင့်အညီ ဖြစ်၏။

ဤနေရာ၌ ကျွန်ုပ်တို့ ရှေးဦးစွာ သတိပြုသင့်သောအချက်မှာ အရာဝတ္ထု (ဝါ) သင်္ခါရဓမ္မတစ်ခု၏ ဂုဏ်သတ္တိသည် ယင်း၌ပါဝင်သော အင်္ဂါအစိတ်အပိုင်းကို ကျော်လွန်၍ တည်ရှိနေမှုဖြစ်၏။ ဥပမာ လူ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းအားလုံးကို ထုတ်ယူ၍ ပြန်လည်ဆက်စပ်ခြင်းဖြင့် ခန္ဓာကိုယ်ကို မရအပ်။ ကိုယ်အင်္ဂါများကို တစ်ခုစီ လေ့လာခြင်းဖြင့်လည်း ပုဂ္ဂိုလ်တစ်ဦး၏ ကာယစွမ်းအားကို သိရှိနိုင်မည် မဟုတ်။ အကြောင်းမူကား ကိုယ်ခန္ဓာ၏ ဂုဏ်သတ္တိသည် ကိုယ်အင်္ဂါများ၏ အနေအထား အချင်းချင်း ဆက်သွယ်မှု၊ အကျိုးပြုမှုစသော များစွာသော အကြောင်းတရားများမှ ပေါက်ဖွားလာသော သတ္တိဖြစ်၏။

အမှန်ဆိုသော် သိပ္ပံပညာရှင်တို့သည် လူ၏အကြောင်းကို အတော်အတန် စုံလင်စွာ လေ့လာခဲ့ကြပြီးဖြစ်၏။ သတ္တဗေဒပညာသည် လူ၏ အသက်ဇီဝအကြောင်းကို လေ့လာ၏။ ဆေးသိပ္ပံပညာသည် လူ၏ အနာရောဂါများအကြောင်းကို သုတေသနပြု၏။ စိတ္တဗေဒပညာရှင်သည် လူ၏ စိတ်သဘာဝကို သိရှိနားလည်ရန် အားထုတ်၍ မနုဿဗေဒပညာရှင်သည် လူသတ္တဝါ၏ သဘာဝသမိုင်းကို ဖော်ပြ၏။ ထိုသို့ သိပ္ပံပညာရပ် အသီးသီး၏ လူ့အကြောင်းကို စူးစမ်းလေ့လာမှုသည် ကျယ်ပြန့်၍ သိရှိရသော အချက်များသည် အတော်အတန် တိကျမှန်ကန်၍ ပြည့်စုံသည်ဆိုစေ၊ ထိုသိရှိရချက်များကို အားလုံးစုပေါင်းလိုက်ခြင်းဖြင့် လူသား၏ ပရမတ္ထဂုဏ်သည် ပေါ်လွင်ထင်ရှား

လာမည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုပရမတ္ထဂုဏ်သည် သိပ္ပံပညာတွေ့ရှိရချက် အစုအပေါင်းကို လွန်၍တည်သော တရားဖြစ်၏။

ဤသို့ လူ၏ ပရမတ္ထဂုဏ်သတ္တိကို သိပ္ပံပညာဖြင့် ရှာဖွေဆုံးဖြတ်၍ မရအပ်ဟု ဆိုသောကြောင့် ယင်းဂုဏ်သတ္တိသည် အတ္တ၌ဖြစ်သည်၊ သို့မဟုတ် အတ္တ၌တည်သည်ဟူ၍ကား မထင်မှတ်သင့်။ ပန်းချီကားတစ်ချပ်၏ အနုပညာဂုဏ်မြောက်မှု၊ သို့မဟုတ် တူရိယာတီးဝိုင်းတစ်ခုမှ ပေါ်ထွက်လာသော တေးဂီတ၏ သာယာငြိမ့်ညောင်းမှုသည် ကေန်ထင်ရှားရှိသော်လည်း တစ်စုံတစ်ခုသော သီးခြား အမာခံဓာတ်အပေါ်၌ တည်သည် မဟုတ်။ ထို့အတူ လူသည် သိပ္ပံပညာဖြင့် ကြံဆ၍မရအပ်သော ဝိသေသဂုဏ်နှင့် ပြည့်စုံသော်လည်း ထိုဝိသေသဂုဏ်၏ တည်မှီရာ အတ္တကို စိတ်ကူးကြံစည်ရန် မလိုချေ။

စင်စစ် အတ္တစွဲရှိသောသူသည် အတွေးအခေါ်နယ်၌ တစ်ဖက်စွန်းရောက် ပုဂ္ဂိုလ်ဖြစ်၏။ သူ၏ အမြင်အားဖြင့် လူသားသည် စကြဝဠာ၏ ထာဝရအရှင်သခင်၊ သို့မဟုတ် နိစ္စဂုဝ အသန်တဓာတ်ကြီးကို ကိုယ်စားပြု၍ ကြီးမားသော ဂုဏ်သတ္တိပိုင်ရှင်ဖြစ်၏။ အခွင့်ထူးခံ သတ္တဝါဖြစ်၍ နောက်ဆုံးတစ်နေ့၌ ထာဝရအရှင်သခင်၊ သို့မဟုတ် ထာဝရ ဓာတ်ကြီးနှင့် ပြန်လည်ပူးပေါင်းမှုသို့ ဦးတည်ချက်ရှိ၏။ ထို အတ္တစွဲပုဂ္ဂိုလ်သည် မိမိ၏ ခံယူချက်ကို ဝေဖန်ဆန်းစစ်သော သူတို့အား လူသား၏ဂုဏ်ကို ဖျက်ဆီးသည်၊ လူ့ဘဝသည် မျှော်လင့်ချက်ကင်း၍ အချည်းနှီးဖြစ်အောင် ပြုလုပ်သည်ဟူသော တစ်ဖက်စွန်းရောက် စကားများဖြင့် စွပ်စွဲ၏။ သူ့အဖို့ လူ့ဘဝ၊ လူ့လောကကို မှုမှုတတ၊ ယထာဘူတကျကျ ရှုမြင်စေမည့် အလယ်ရှုထောင့်ဟူ၍ မရှိချေ။

"ဒုက္ခသစ္စာ" အခန်း၌ ဤလူ့ဘုံသည် ဒုက္ခဘုံဖြစ်ကြောင်း ဒုက္ခဘုံဖြစ်၍ လူသား၏ တိုးတက်မှုသည် ဆင်းရဲဒုက္ခနှင့် ဒွန်တွဲနေကြောင်း ပြဆိုခဲ့ပေပြီ။ လူသတ္တဝါတစ်ဦး သို့မဟုတ် လူသတ္တဝါမျိုးစု တိုးတက်မှုအတွက် ဆင်းရဲဒုက္ခ ခံစားရစမြဲဖြစ်၏။ တိုးတက်မှု ရရှိသောအခါ အများအားဖြင့် ထိုတိုးတက်မှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ပြဿနာများ၊ အခက်အခဲများကို ရင်ဆိုင်ကြရ၏။ သို့ရာတွင် ရရှိပြီးသော တိုးတက်မှုသည် နောက်ဆက်တွဲပြဿနာ အခက်အခဲများကြောင့် အချည်းနှီး ဖြစ်မသွားချေ။ ဥပမာ ယခုခေတ်လူတို့သည် ရှေးကထက် ကျန်းမာရေး အဆင့်အတန်းမြင့်မား၍ လူဦးရေနှင့် အခြားလူမှုပြဿနာများ ကြုံတွေ့နေရသော်လည်း ရှေးလူများထက် ပိုမိုကျန်းမာ အသက်ရှည်မှု ဆက်လက်တည်မြဲနေခြင်းကို အသိအမှတ်ပြုရပေမည်။

ထို့ကြောင့် ဗုဒ္ဓ၏ သြဝါဒနှင့်အညီ ပဋ္ဌပ္ပဟာန် (ဝါ) မျက်မှောက်ဘဝကို အလေးထားသော ပုဂ္ဂိုလ်အဖို့ လူ့ဘဝသည် စိတ်ပျက်ဖွယ်ရာ မျှော်လင့်ခြင်းကင်းသော ဘဝ မဟုတ်ချေ။ စင်စစ် ကြီးပွားတိုးတက်ရန် အလားအလာရှိခြင်းသည် လူသား၏ ဝိသေသဂုဏ်သတ္တိဖြစ်၏။ လူလောက၏ တိုးတက်မှုကို အကျိုးပြုရာ၌ လူတို့သည် တစ်ဦးနှင့် တစ်ဦး စွမ်းရည်သတ္တိ ကွာခြားသော်လည်း အနတ္တသဘောတရားအရ မည်သူမျှ မမို

မကောင်းဘဲ တစ်လှေတည်းစီး တစ်ခရီးတည်းသွား ဖြစ်ကြခြင်းကို မမေ့သင့်ချေ။ ဥပမာ သိပ္ပံပညာ၏ အသီးအပွင့်များဖြင့် လူ့လောက တိုးတက်မှု၌ လက်ဦးစူးစမ်းလေ့လာသော သိပ္ပံပညာရှင်များကိုသာမက စူးစမ်းလေ့လာမှုကို ကူညီပံ့ပိုးသော သူများနှင့် အခြား တစ်နည်းနည်း ပါဝင်ပတ်သက်သော သူများကိုလည်း ကျေးဇူးတင်ရပေမည်။ အရှေ့ ဥရောပ နိုင်ငံများတွင် အာဏာရှင် တစ်ပါတီစနစ်ကို တော်လှန်၍ ဒီမိုကရေစီ လူ့ဘောင်သစ် တည်ဆောက်ရန် ကြိုးပမ်းမှု အောင်မြင်ရာ၌ အမျိုးသားခေါင်းဆောင် တစ်စုကို ချီးကျူးနေရုံနှင့်မပြီးဘဲ အောက်ခြေမှ ပါဝင်လှုပ်ရှားသော လူထု၏ နေရာ ကဏ္ဍကိုလည်း သမိုင်းမှတ်တမ်းတင်ရပေမည်။

အနတ္တဝါဒကို သိမြင်မှုကြောင့် သတ္တလောက၌ လူ၏ဂုဏ်သိက္ခာနှင့် နေရာကဏ္ဍ ကြီးမြင့်လာကြောင်း အမေရိကန်ပညာရှင်တစ်ဦးက အောက်ပါအတိုင်း ရေးသား၏။

"ဗုဒ္ဓဝါဒသည် စိတ်ပျက်ဖွယ်ရာ နိတ္ထိကဝါဒမဟုတ်။ ဗုဒ္ဓအလိုအားဖြင့် သီးခြား အတ္တမရှိသော်လည်း လူသည် အတ္တထက် ပို၍ ကြီးကျယ်နက်နဲ၏။ အတ္တအယူကို ပယ် လိုက်ခြင်းဖြင့် လူသည် အဆုံးအစ မထင်သော အနာဂတ်ကာလ၊ အတိတ်ကာလနှင့် ဆပ်စပ်နေကြောင်း ထင်ရှားလာ၏။ အနတ္တတရားသည် သတ္တလောက ဖြစ်စဉ်တစ်ရပ် လုံးနှင့် ကျွန်ုပ်တို့ ဆက်စပ်နေပုံကို ဖော်ညွှန်း၏။ ပုဂ္ဂိုလ်တစ်ဦး ကွယ်လွန်သောအခါ၌ သူ၏အမှုများသည် နောင်းလူတို့အဖို့ ကောင်းမွေဆိုးမွေအဖြစ် ဆက်လက်ကျန်ရှိမည့် အကြောင်းကိုလည်း ထင်ရှားစေ၏။"[၁]

ဗုဒ္ဓသည် ရဟန်းတို့အား မိမိကိုယ်သာလျှင် မှီခိုအားထားရာဖြစ်ကြောင်း ဟောကြား သောအခါ ရဟန်းတို့က မည်သည့်အရာကို အားကိုးရပါမည်နည်းဟု ပြန်လည်မေးလျှောက် ခြင်းမရှိချေ။ အတ္တစွဲကင်းသော ရဟန်းတို့သည် အချို့သော အနောက်တိုင်း ဗုဒ္ဓဝါဒီ၊ ဗုဒ္ဓစာပေ လေ့လာသူများကဲ့သို့ စိတ်ဇဝေဇဝါ ဖြစ်မနေဘဲ သဒ္ဓါ၊ သီလ၊ စာဂ၊ သတိ၊ သမာဓိ၊ ဝီရိယ၊ ပညာစသော တရားများကိုသာလျှင် အားကိုးရမည်ဖြစ်ကြောင်း ကောင်းစွာသိရှိ နားလည်ကြ၏။ ထိုတရားများမှာ ပိဋကတ်စာပေ၌ အလေးအနက် ဗုဒ္ဓဟောကြားခဲ့သော တရားများဖြစ်၍ အနတ္တဝါဒ၏ ဦးတည်ချက်မှာ ထိုတရားများ ပွားများအား ထုတ်မှုကို ပိတ်ပင်တားဆီးသော တဏှာ၊ မာန၊ ဒိဋ္ဌိကို ပယ်သတ်ရန်ဖြစ်၏။

ဤသည်မှာ အနတ္တတရားကို ဗုဒ္ဓသိမြင်မှုနှင့် အနောက်တိုင်းပညာရှင်တို့၏ သိမြင်မှုအကြား ထင်ရှားသော ကွာဟချက်ဖြစ်၏။ ဥရောပပညာရှင်တစ်ဦး၏ အဆို အားဖြင့် "အနောက်တိုင်း ဒဿနိကဆရာတို့၏ အနတ္တအကြောင်း ရေးသားချက်များ မှာ ဗုဒ္ဓ၏ အနတ္တဒေသနာများထက် ပိုမို စိတ်ဝင်စားဖွယ်ကောင်း၏။ မတူညီသော အချက်မှာ ဒဿနိကဆရာသည် အတ္တမရှိကြောင်း အခိုင်အမာ ပြဆိုပြီးနောက် အတ္တ ထင်ရှားရှိဘိသကဲ့သို့ ပြုမူနေထိုင်၏။ သူ၏ အသိအမြင်သည် သူ၏လောဘ၊ ဒေါသ

၁။ **Paul Carus: Buddhism and its Christian Critics, pp. 9**

နှင့် သံယောဇဉ်တရားများအပေါ်သို့ လုံးဝအကျိုးသက်ရောက်မှု မရှိချေ။ သူ၏ ပညာအဆင့်အတန်းကို ဆုံးဖြတ်ရာ၌ လူတို့သည် သူ၏ သည်းမခံမှု၊ မာနကြီးမှု၊ အဘိဓမ္မာဗျာပါဒရှိမှု၊ ပတ်ဝန်းကျင်လူများနှင့် ဆက်ဆံရေး အဆင်မပြေမှု စသည်တို့ကို ဂရုမပြုဘဲ သူ၏ အယူအဆများအကြောင်းယုတ္တိခိုင်လုံမှု၊ ရှေ့နောက်ညီညွတ်မှု စသည်တို့ကိုသာ စဉ်းစား၍ ဆုံးဖြတ်ကြ၏။ ဗုဒ္ဓဝါဒ အလိုအားဖြင့်မူ အနတ္တတရားကို သိမြင်မှုသက်သက်သည် အချည်းနှီးဖြစ်၍ ကိုယ်ကျင့်တရားအား အကျိုးပြုမှု ကိုက်တဲဖြင့်သာလျှင် သမ္မာဒိဋ္ဌိ ဟုတ်၊ မဟုတ် ဆုံးဖြတ်ရ၏။"(၁)

ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများ၌လည်း အနတ္တတရားကို မကြာခဏ ဟောပြောကြားနေပါလျက် တဏှာ၊ မာန၊ လောဘ၊ ဒေါသဖုံးလွှမ်းနေသော သူတို့မှာ မနည်းလှချေ။ သို့ရာတွင် များစွာသော ဗုဒ္ဓဝါဒီတို့အဖို့ အနတ္တတရားသည် မိမိကိုယ်မိမိ ဆုံးမမှုအား အကျိုးပြုပုံကို တစ်ခါက အမေရိကန် ပညာရှင်တစ်ဦးက ထောက်ပြခဲ့၏။ ထိုပညာရှင်သည် ဗုဒ္ဓဘာသာဝင် အာရှနိုင်ငံများသို့ သွားရောက်လှည့်လည်၍ ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓဝါဒီ တို့အကြောင်းကို စေ့စေ့စပ်စပ် လေ့လာပြီးနောက် အနတ္တတရားကြောင့် ဗုဒ္ဓဝါဒီတို့ စိတ်နှလုံး ယဉ်ကျေးသိမ်မွေ့ပုံကို အောက်ပါအတိုင်း ချီးကျူးရေးသားခဲ့ပေသည်။

"အာရှတိုက်ရှိ ဗုဒ္ဓဘာသာနိုင်ငံများ၌ ဗုဒ္ဓတရားကြောင့် လူတို့သည် လောဘ ဒေါသနှင့် တစ်ကိုယ်ကောင်းစိတ်တို့ကို ကြိုးစား၍ ချိုးနှိမ်ကြကြောင်း ယုံမှားစရာ မရှိချေ။ ဤအချက်သည် ဗုဒ္ဓဝါဒီတို့၏ အနတ္တတရား၌လည်းကောင်း၊ အတ္တစိတ်ကို ပယ်ရန် ကြိုးပမ်းမှု၌လည်းကောင်း ထင်ရှား၏။ ဗုဒ္ဓဝါဒီကို့သည် ငါစွဲ မာန်မာနကင်းကြောင်း သူတို့နှင့် ဆက်ဆံဖူးသော သူတို့ သတိပြုမိကြပေလိမ့်မည်။ ဤစိတ်ဓာတ်မျိုးသည် မာနတက်ကြွ၍ ဝင့်ဝါလိုသော အနောက်တိုင်းသားတို့၏ စိတ်ဓာတ်မျိုးနှင့် ကွာခြားလှပေ၏။ ဤစိတ်ဓာတ်မျိုး ရှိသောကြောင့် ဗုဒ္ဓဝါဒီသည် ငြိမ်းချမ်းမှုကို လိုလား၏။ မိမိ၏ အခွင့်အရေးအတွက် တိုက်ပွဲဝင်မနေဘဲ အနစ်နာခံကာ ငြိမ်းချမ်းစွာနေလို၏။ ငါ တကောကော၍ သူတစ်ပါးနှင့် ဖက်ပြိုင်ကာ အနိုင်ယူလိုသောစိတ် မရှိချေ။ တိုက်ခိုက်၍ရရှိသော အကျိုးတရားသည် မည်မျှကြီးမားစေကာမူ စိတ်ငြိမ်းချမ်းမှုလောက် တန်ဖိုးမရှိကြောင်း သိမြင်နားလည်၏။

"ဤသို့သော မာန်မာနကင်းမှုသည် စိတ်ဓာတ်ပျော့ညံ့သော၊ သို့မဟုတ် သတ္တိမရှိသော သဘောလက္ခဏာမဟုတ်။ ယင်း၏ နောက်ကွယ်တွင် မာနတံခွန် အမြဲလွှင့်ထူနေသော အနောက်နိုင်ငံသားများ အံ့သြရမည်ဖြစ်သော စိတ်ဓာတ်ရင့်ကျက်မှုသည် ရှိ၏။ သန်မာတောင့်တင်းသော ယောကျာ်းသည် မိမိ၏ခွန်အားကို ယုံကြည်သော်လည်း လူအုပ်ထဲသို့ တိုးဝှေ့မသွားလိုသကဲ့သို့ ဗုဒ္ဓဝါဒီသည် စိတ်နှလုံးယဉ်ကျေးသိမ်မွေ့

၁။ **Edward Conze: Buddhism, pp. 20**

သောကြောင့် မာန်မာနကင်း၍ ငြိမ်းချမ်းစွာနေလိုသော ဆန္ဒရှိခြင်းဖြစ်ပေသည်။[၂]

ဗုဒ္ဓ၏ အနတ္တတရားမှ လိမ္မာယဉ်ကျေးမှု သင်ခန်းစာ ရရှိနိုင်ကြောင်း သိမြင်နားလည်သော အခြားအနောက်တိုင်း အသိပညာရှင်မှာ စာရေးဆရာကြီး အိပ်ချ်ဂျီဝဲဖြစ်၏။ အနတ္တဝါဒနှင့် ပတ်သက်သော သူ၏ ခံယူချက်ကို အထက်က ဖော်ပြခဲ့ပေပြီ။ သူ၏ ကမ္ဘာ့သမိုင်းစာအုပ်၌ အနတ္တတရားအကြောင်း အောက်ပါအတိုင်း ထင်မြင်ချက် ရေးသားခဲ့၏။

"ကမ္ဘာ့သမိုင်းမှ ရရှိအပ်သော သင်ခန်းစာသည် ဤဗုဒ္ဓတရားနှင့် ထပ်တူဖြစ်၏။ လူတို့သည် အတ္တစိတ်၊ အတ္တစွဲကင်းသော မွန်မြတ်သော လုပ်ငန်းကိစ္စများ၌ ပျော်မွေ့ခြင်းမရှိပါက ကမ္ဘာပေါ်၌ ငြိမ်းချမ်းမှု၊ မှန်ကန်မှု၊ ခေါင်းဆောင်ကောင်းစစ်မှန်မှုရှိတော့မည်မဟုတ်ချေ။ သတ္တဝါတို့၏ တိုးတက်မှုကိုကြည့်လျှင်လည်း အတ္တစွဲပယ်ရန် အရေးကြီးကြောင်း ထင်ရှား၏။ လူသားသည် မိမိ၏ အတ္တဘာဝ၌ အစွဲမရှိအပ်။ ထိုအစွဲမရှိခြင်းသည် အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းဖြစ်၏။[၂]

* * *

၁။ **J.B.Pratt: The Pilgrimage of Buddhism, pp. 711-12**

၂။ **H.G.Wells: Outline of World History, pp. 394**

# အခန်း (၇)
## စိတ်၊ စေတသိက်၊ ခန္ဓာ၊ အာယတန

ဝိညာဉ်သည် သိတတ်သော တရားဖြစ်၏။
ပရိနိဗ္ဗာန်ပြုပြီးသော ရဟန္တာ၏ ဝိညာဉ်ကို မာရ်နတ်ကရှာခြင်း၊
အမိဝမ်းသို့ ဝိညာဉ်သက်ဆင်းမှ ရုပ်နာမ်ဖြစ်ပေါ်ခြင်း စသည်ဖြင့်
လူအများ နားလည်စေရန် ပညတ်ဝေါဟာရစကားများဖြင့်
ဟောကြားထားသော ပိဋကတ်ဒေသနာများကြောင့်
အချို့ဗုဒ္ဓဝါဒီတို့သည်
ဝိညာဉ်ကို အတ္တနှင့် ရောထွေး ထင်မှားကြ၏။
စင်စစ် ဝိညာဉ်သည် .....

ရန်အောင်စာပေ

# အခန်း (၇)

# စိတ်၊ စေတသိက်၊ ခန္ဓာ၊ အာယတန

ဗုဒ္ဓဝါဒသည် အတ္တဝိညာဉ်ကို ပယ်သောကြောင့် ဗုဒ္ဓလက်ထက်မှစ၍ ယနေ့အထိ ရုပ်ဝါဒဖြစ်သည်ဟု အချို့ပုဂ္ဂိုလ်တို့၏ ထင်မှားခြင်းခံခဲ့ရ၏။ ဗုဒ္ဓထင်ရှားရှိစဉ်က ဥစ္ဆေဒ သို့မဟုတ် နတ္ထိကဝါဒအဖြစ် စွပ်စွဲခြင်းခံရ၏။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် အချို့သော ဗြာဟ္မဏဆရာတို့က ဗုဒ္ဓဝါဒကို ရုပ်ဝါဒနှင့် တစ်တန်းတစ်စားတည်း ထားကြ၏။ ဒုတိယ ကမ္ဘာစစ်ပြီးခေတ်က ထင်ရှားသော မြန်မာဆရာတော်တစ်ပါးသည် အနတ္တဝါဒ ကြောင့် ပေလောမသိ၊ မက္ခ(စ်) ကွန်မြူနစ်ဝါဒကို ထောက်ခံခဲ့၏။ ယနေ့ အချို့သော အနောက်တိုင်း ဗုဒ္ဓဝါဒီတို့သည် ထေရဝါဒီတို့၏ အနတ္တတရားကို ရုပ်ဝါဒဖြစ်သယောင် ပြောဆိုရေးသား ကြ၏။

အနတ္တတရားသည် လူသား၏ ဂုဏ်သတ္တိ (ဝါ) စိတ်စွမ်းအင်သတ္တိနှင့် ဝိရောဓိ မဖြစ်ကြောင်း လွန်ခဲ့သောအခန်း၌ ပြဆိုခဲ့ပေပြီ။ စင်စစ် စိတ္တေနနိယျတေလောကော စိတ်သည် လောကကို ဆွဲဆောင်သည် အစရှိသော ဒေသနာများဖြင့် သတိ၊ သမာဓိ၊ ပညာစသော တရားများကို ဦးထိပ်ထားသော ဗုဒ္ဓဝါဒသည် အဘယ်မှာ ရုပ်ဝါဒဖြစ်နိုင် ပါအံ့နည်း။ ဤနေရာ၌ ရုပ်ဝါဒကို ရှေးဦးစွာ ကျွန်ုပ်တို့ သိရှိနားလည်ရန် လိုအပ်၏။

ရုပ်ဝါဒသည် သိပ္ပံပညာ၏ ကျောထောက်နောက်ခံ ဝါဒဖြစ်၏။ သိပ္ပံပညာသည် ရုပ်လောကကိုသာလျှင် လေ့လာသောကြောင့် ရုပ်ဝါဒကို လက်ကိုင်မထားလျှင်လည်း မဖြစ်ချေ။ အချို့သော ယခုခေတ် စိတ်ပညာရှင်တို့သည်ပင် သူတို့၏ပညာကို သိပ္ပံ နည်းကျဖြစ်စေလို၍ စိတ်ပညာဟု မခေါ်ဘဲ လူ၏အပြုအမူကို လေ့လာသောပညာဟု ခေါ်ဆိုကြ၏။ သို့ရာတွင် သိပ္ပံပညာရှင်တို့သည် မိမိတို့ လေ့လာသော ရုပ်တရားသည်

သင်္ခါရလောက၏ တစ်စိတ်တစ်ဒေသမျှသာ ဖြစ်၍ လေ့လာတွေ့ရှိရချက်များမှာ ပြီးပြည့်စုံခြင်း၊ ရာခိုင်နှုန်းပြည့် ခိုင်မာသေချာခြင်းမရှိကြောင်း သိမြင်နားလည်ကြ၏။[၁] လောက၌ ရုပ်တရားသည်သာ အချုပ်အခြာ ပဓာနဖြစ်၍ စိတ်စေတသိက်တို့သည် ရုပ်တရားကြောင့် ဖြစ်ပေါ်လာသည်ဆိုသော ရှေးအစဉ်အလာ ရုပ်ဝါဒကိုလည်း သံသယ ရှိလာကြ၏။ **ဘာထရန်ရပ်ဆယ်**၏ အဆိုအားဖြင့်–

"ကျွန်ုပ်တို့ မျက်စိဖြင့် မြင်ရသည်ဆိုသော စားပွဲကုလားထိုင်၊ နေ၊ လ စသည် တို့သည် စင်စစ် ကျွန်ုပ်တို့၏ စိတ်ဝိညာဏ်က ဖန်တီးသော ရုပါရုံများသာဖြစ်၍ ကျွန်ုပ်တို့ မြင်ရသည်ထင်သော ရုပ်ဝတ္ထုအစစ်များ မဟုတ်ချေ။ အကယ်၍ လူတစ်စုသည် အရာဝတ္ထုတစ်ခုကို ရှုထောင့်အမျိုးမျိုးမှ မြင်ရပါက သူတို့မြင်ရသော ရုပါရုံများသည် အလင်းရောင်ကျပုံနှင့် **ပါစပက်တစ် စည်းမျဉ်းဥပဒေသ**[၂] များကိုလိုက်၍ ကွဲပြားခြားနား ပေလိမ့်မည်။ မည်သည့် ရုပါရုံမျှ သူတို့အားလုံး မြင်နေသည်ထင်သော အရာဝတ္ထုနှင့် ထပ်တူဖြစ်မည် မဟုတ်။ ထို့အပြင် ရူပဗေဒ ပညာအဆိုအားဖြင့် ကျွန်ုပ်တို့၏ ပသာဒ ရုပ်များနှင့် ဗဟိဒ္ဓရုပ်ဝတ္ထုများ ဆုံကြုံကြရာ၌ ဖြစ်ပေါ်လာသော အကြောင်းခံ၊ အကျိုးဆက် သင်္ခါရဓမ္မ ဖြစ်စဉ်သည်ရှိ၍ ထိုဖြစ်စဉ်၏ နောက်ဆုံးအင်္ဂါ (ဝါ) ပသာဒ ရုပ်၌ ထင်လာသောအရာသည် ပထမအင်္ဂါ (ဝါ) ဗဟိဒ္ဓရုပ်ဝတ္ထုနှင့် ထပ်တူဖြစ်သည်ဟု မပြောဆိုနိုင်ချေ။"[၃]

အခြား ဒဿနိကဆရာတစ်ဦး၏ ရေးသားချက်အရဆိုသော် အကယ်၍ သိမြင်မှု၊ (ပနောဝိညာဉ်) ဖြစ်ပေါ်မှုသည် သိပ္ပံဆရာတို့ ပြဆိုသည့်အတိုင်း မှန်ပါက ပြင်ပလောကကို ကျွန်ုပ်တို့ ယထာဘူတကျကျ သိနိုင်မည် မဟုတ်ချေ။ ကျွန်ုပ်တို့သိရသော ဗဟိဒ္ဓဝတ္ထု၏ အကြောင်းအရာများသည် အသံ၊ အပူအအေး၊ အရောင်အဆင်း၊ ဖွဲ့စည်းမှုစသည်များ ဖြစ်၍ ယင်းတို့သည် ပဟိဒ္ဓဝတ္ထုနှင့် ဦးနှောက်နဗ်ကြောစု တိုက်ဆုံတွေ့ထိရာမှ စိတ်ဝိညာဉ်က ဖန်တီးမွေးထုတ်လိုက်သော စိတ္တဇရုပ်များသာလျှင်ဖြစ်၏။"[၄]

**အာသာ အက်ဒိန်တန်၊ ဂျိမ်း(စ်)ဂျင်းစ်**[၅] စသော သိပ္ပံပညာကျော်တို့သည် ထိုသို့ ခံယူကြ၍ သူတို့၏ ခံယူချက် ထင်ရှားစေရန် ရှေးဂရိဒဿနဆရာကြီး ပလာတို၏ ကျမ်းစာအုပ်မှ ဥပမာတစ်ခုကို ပြကြ၏။ ဂူတစ်ခုထဲ၌ အကျဉ်းသားများသည် ဦးခေါင်းမလှည့်နိုင်အောင် ကြိုးဖြင့်ချည်တုပ်ထားသဖြင့် နံရံတစ်ဖက်ကိုသာ မြင်ကြရ၏။ သူတို့သည် မီးရောင်တွင် နံရံပေါ်ရှိ အရိပ်များကိုသာ မြင်ကြရ၍ ထိုအရိပ်များကို

၁။ "သိပ္ပံနည်းစူးစမ်းမှုနှင့် သိပ္ပံပညာသဘော" အခန်း ၁၈
၂။ Laws of perspective.
၃။ Bertrand Russell: Portraits from Memory, pp.141
၄။ C.E.M.Joad: Guide to Modern Thought, pp. 99-100
၅။ Arthur Eddington, James Jeans.

ဖြစ်ပေါ်စေသော အရာဝတ္ထုများကို မမြင်ကြရချေ။ ထို့အတူ သိပ္ပံပညာရှင်တို့သည် ပြင်ပလောက၏ အရိပ်များကိုသာ လေ့လာကြရ၏။ သိပ္ပံပညာ၏ လောကသည် အရိပ် (ဝါ) စိတ္တဇ ရုပ်လောကမျှသာဖြစ်၍ ပရမတ္ထလောက အစစ်မဟုတ်ချေ။

ပိဋကတ်စာပေ၌ အထက်ပါ ယူဆချက်နှင့် သဘောအဓိပ္ပာယ် ဆင်ဆင်တူသော ဒေသနာများရှိ၏။

"ခြောက်ပါးကုန်သော အဇ္ဈတ္တိကာယတနတို့သည် ဖြစ်ကုန်သည်ရှိသော် လောကသည်ဖြစ်၏။ လောကသည် ခြောက်ပါးကုန်သော အဇ္ဈတ္တိကာယတနတို့ကိုသာ စွဲ၍ဖြစ်၏။" (သဂါထာဝဂ္ဂသံယုတ်၊ လောကသုတ်)

"အိုနတ်သား၊ စင်စစ်သော်ကား သညာနှင့် ဝိညာဉ်ရှိသည်ဖြစ်သော ဤတစ်လံမျှ လောက်သော အတ္တဘော ကိုယ်ကောင်၌သာလျှင် လောကကိုလည်းကောင်း၊ လောက၏ ဖြစ်ကြောင်းကိုလည်းကောင်း ငါဘုရားသည် ဟောကြားအပ်၏။" (သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသံယုတ် - ရောဟိတဒေဝပုတ္တသုတ်)

သို့ရာတွင် ဗုဒ္ဓဝါဒသည် နာမ်ဝါဒမဟုတ်ချေ။ ဗုဒ္ဓသည် နာမ်ဝါဒ၊ ရုပ်ဝါဒအစွန်း နှစ်ဖက်ကို ပယ်၍ အလယ်လမ်းကိုဟော၏။ အတ္တမှအပ အခြားသော အရာအားလုံးသည် မာယာ (စိတ်အထင်)မျှသာဖြစ်သည်ဆိုသော ဟိန္ဒူအယူကိုပယ်၏။ ဗဟိဒ္ဓလောက၏ ပရမတ္ထသဘာဝအကြောင်း မေးလျှောက်ပါက ဗုဒ္ဓသည် မည်သို့မျှမဖြေဘဲ ဆိတ်ဆိတ် နေတော်မူမည် အမှန်ဖြစ်၏။ စင်စစ် ထိုပြဿနာသည် ဆင်းရဲဒုက္ခမှ လွတ်မြောက်ရာ နိဗ္ဗာန် မဂ်ဖိုလ်တရားနှင့် မသက်ဆိုင်ချေ။

မည်သို့ဖြစ်စေ ရုပ်နာမ်တရားနှစ်ပါးသည် အမှီမကင်းဘဲ အချင်းချင်း ကျေးဇူး ပြုသော တရားများဖြစ်ကြောင်း ပိဋကတ်စာပေ၌ ထင်ရှား၏။ "အာနန္ဒာ၊ ဝိညာဉ်ဟူ သော အကြောင်းကြောင့် နာမ်ရုပ်သည်ဖြစ်၏။ နာမ်ရုပ်ဟူသော အကြောင်းကြောင့် ဝိညာဉ်ဖြစ်၏" (ဒီဃနိကာယ်၊ မဟာနိဒါနသုတ်) "ဥပမာ အချင်းချင်းမှီ၍ တည်ကုန်သော ကျူစည်းရိုးနှစ်ခုတွင် တစ်စည်းကို ဆွဲငင်လိုက်ပါက အခြားအစည်းသည် လဲကျသကဲ့သို့ နာမ်ရုပ်ချုပ်ခြင်းကြောင့် ဝိညာဉ်သည် ချုပ်၍ ဝိညာဉ်ချုပ်ခြင်းကြောင့် နာမ်ရုပ်သည်ချုပ် ၏။" (နိဒါနသံယုတ်၊ နဠကလာပိယုပမာသုတ်)

"မျိုးစေ့တို့သည် မကွဲမပုပ်, လေ နေပူတို့နှင့် မတွေ့မထိ၊ အနှစ်အဆန်ရှိ၍ ကောင်းစွာထားအပ်သော်လည်း တည်ရာမြေကြီး၊ ရေနှင့်ကင်း၍ မကြီးပွား မစည်ပင် မပြန့်ပြောသကဲ့သို့ လေးပါးသော ဝိညာဉ်၏ တည်ရာရုပက္ခန္ဓာ စသည်တို့ကို ပထဝီ ဓာတ်ကဲ့သို့ မှတ်အပ်၏။ တပ်နှစ်သက်ခြင်း ရာဂကို အာပေါဓာတ်ကဲ့သို့ မှတ်အပ်၏။ အကြောင်းနှင့်တကွသော ကမ္မဝိညာဉ်ကို မျိုးစေ့ကဲ့သို့ မှတ်အပ်၏။" (သံယုတ္တနိကာယ်၊ ခန္ဓသံယုတ် - ဗီဇသုတ်)

**ရှင်ဗုဒ္ဓဃောသဆရာ**၏ အဆိုအားဖြင့် "နာမ်ရုပ်နှစ်ပါးတို့တွင် နာမ်သည် မိမိ

ဥစ္စာဖြစ်သော တန်ခိုးအာနုဘော်ဖြင့် ဖြစ်ခြင်းငှာမတတ်နိုင်။ ရုပ်သည်လည်း မိမိ၏ ကိုယ်ပိုင်တန်ခိုး အာနုဘော်ဖြင့် ဖြစ်ခြင်းငှာမတတ်နိုင်။ စင်စစ် နာမ်ကိုမှီ၍ ရုပ်သည် ဖြစ်၏။ ရုပ်ကိုမှီ၍ နာမ်သည်ဖြစ်၏။ ဥပမာအားဖြင့် ကန်းနှင့်ဆွံ့တို့သည် တစ်ဦးကို တစ်ဦး မှီ၍ သွားလာသကဲ့သို့လည်းကောင်း၊ လှေနှင့်လှူသားသည် အချင်းချင်းမှီ၍ ရေပြင်၌ သွားလာသကဲ့သို့လည်းကောင်း ထို့အတူ နာမ်ရုပ်နှစ်ပါးတို့သည် အချင်း ချင်း တစ်ပါးသည်တစ်ပါးကိုမှီ၍ ဖြစ်ကုန်၏။" (ဝိသုဒ္ဓိမဂ်၊ ဒိဋ္ဌိဝိသုဒ္ဓိ နိဒ္ဒေသ)

နာမရူပသည် ရှေးအိန္ဒိယဘာသာရေးကျမ်းများ၌ လူသတ္တဝါ၏ ပရမတ္ထသဘာဝကို ရည်ညွှန်းသောစကားဖြစ်၏။ နာမ၏ မူလအနက်သည် အမည်ဖြစ်၏။ ရှေးလူတို့၏ အမြင်အားဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ အမည်သည် ထိုသူ၏ အတ္တနှင့် ဆက်စပ်နေရကား နာမသဒ္ဒါသည် အတ္တဝိညာဏ်ဟူသော အနက်ကိုလည်း ဟော၏။ 'နာမရူပ'ပုဒ်ကို ဗုဒ္ဓမပေါ်မီက ရှိနှင့်ပြီးဖြစ်သော ဗြာဟ္မဏ၊ အာတပ္ပနနှင့် ဥပနိသျှကျမ်းများ၌ တွေ့ရ၏။ ထိုကျမ်းများ၌ နာမနှင့်ရူပသည် ဗြဟ္မာ၏ ထင်ရှားသော တရားနှစ်ပါးဖြစ်၏။ နာမသည် အမြဲထာဝရ တည်နေသော အတ္တဖြစ်၍ လူသေသောအခါ အခြားဘုံသို့ ကူး ပြောင်းသွားကြောင်း ဖော်ပြထား၏။ စင်စစ် နာမရူပသည် အတ္တကိုပယ်ရသော ဗုဒ္ဓဝါဒအဖို့ သင့်မြတ်လျော်ကန်သော ပုဒ်ဖြစ်သည်ဟု မဆိုသာချေ။ ထို့ကြောင့် ပါဠိ ပိဋကတ်၌ နာမရူပအစား ခန္ဓာငါးပါးကို ပိုမိုသုံးစွဲ၏။ **မစ္စက်ရိုင်းစ်ဒေးဗစ်**၏ အဆို အားဖြင့် 'ခန္ဓာ'ကို ရှေးဥပနိသျှ ကျမ်းတစ်ခု၌ ဓမ္မက္ခန္ဓ (တရားဒေသနာအစု)အဖြစ် တစ်ကြိမ် နောက်ပေါ် ဥပနိသျှကျမ်းတစ်ခု၌ 'မီးခိုးစု'ဟူသော အနက်ဖြင့်တစ်ကြိမ် ပေါင်းနှစ်ကြိမ် သုံးစွဲထား၏။

ပိဋကတ်စာပေ၌ ခန္ဓာသည် အစုအပုံ၊ အပေါင်းအစုဟူသော အနက်ကိုဟော၏။ ခန္ဓာငါးပါးသည် သင်္ခါရတရားအားလုံးကို ခြုံငုံမိ၍ ယင်းတို့၌ အတ္တဝါဒအဖို့ ထောက် မှီရာ မရှိသောကြောင့် ဗုဒ္ဓက ဟောဟော်မူခြင်းဖြစ်သည်ဟု **ရှင်ဗုဒ္ဓဃောသ** က ထောက် ပြ၏။ ခန္ဓာငါးပါး ဒေသနာများ၌ မူလပင်မတရား ကို ပြဆိုထားခြင်း မရှိ။ နာမက္ခန္ဓာလေးပါး၌ပင် မည်သည့်ခန္ဓာကိုမျှ အကြီးအမှူးအဖြစ် ပြဆိုမထားခြင်းမှာ အတ္တဝါဒကို ပယ်ရန် ဖြစ်၏။ သာမညအားဖြင့် လေးပါး ခွဲခြား ပြခဲ့ပါလျက်ပင် များစွာသော ဗုဒ္ဓဝါဒီတို့သည် မနောဝိညာဉ်ကို အပ္ပအဖြစ် စွဲမှတ်ပြောဆိုနေကြခြင်းမှာ အထင်အရှားဖြစ်၏။

နာမ်တရားလေးပါးတွင် ဝေဒနာသည် ခံစားတတ်သော တရားဖြစ်၏။ ဒုက္ခ ဝေဒနာ၊ သုခဝေဒနာ၊ အဒုက္ခမသုခဝေဒနာဟူ၍ ဝေဒနာသုံးပါး အပြားရှိ၏။ ပထမ ဝေဒနာနှစ်မျိုးမှာ သိသာထင်ရှားသော်လည်း ဆင်းရဲမှုမဟုတ်၊ ချမ်းသာမှုလည်းမဟုတ်သော ဝေဒနာကို နားလည်ရန် မလွယ်ကူချေ။ ဆင်းရဲချမ်းသာကင်းသော တရားကို ခံစားမှု (ဝေဒနာ)ထဲသို့ ထည့်သွင်းနိုင်ပါမည်လောဟု မေးဖွယ်ရှိ၏။

'ဝေဒနာ'ပါဠိပုဒ်သည် 'ဝိဒ'ဟူသော မူလဓာတ်မှလာ၍ ဝိဒသည် သိခြင်းဟူ

သော အနက်ကိုဟော၏။ အတွင်းအာယတနများနှင့် ပဉ္စာရုံ ကြုံဆုံသောအခါတိုင်း၌ ဥပမာ စာဖတ်ခြင်း၊ စစ်တုရင်ကစားခြင်း၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခြင်း စသော ဝါသနာပါသော အလုပ်တစ်ခုခု ပြုလုပ်နေသောအခါ၌ သုခဒုက္ခ ခံစားနေရသည်မဟုတ်၊ သုခဒုက္ခခံစားမှု လုံးဝကင်းသည်ဟုလည်း မဆိုသာချေ။ သို့ရာတွင် တစ်စုံတစ်ခုသော သိမှုဖြစ်ပေါ်သည်ကား အမှန်ဖြစ်၏။ တွေ့ထိသိရှိမှုနှင့် ဆက်စပ်နေသောကြောင့်ပင် ဝေဒနာသည် အမျိုးအစား များပြား၏။ "အာနန္ဒာ၊ ငါဘုရားသည် အကြောင်းပရိယာယ် အားဖြင့် ငါးပါး၊ ခြောက်ပါး၊ တစ်ဆယ့်ရှစ်ပါးစသည်ဖြင့် များပြားသော ဝေဒနာတို့ ကိုလည်း ဟော၏။" (မဇ္ဈိမနိကာယ်၊ ဗဟုဝေဒနိယသုတ်)

သညာသည် သိမှတ်သောတရားဖြစ်၏။ ဗုဒ္ဓဝါဒအဆိုအားဖြင့် မြဲသောအတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမရှိဘဲ ခဏမစဲ ဖြစ်ပေါ်ချုပ်ပျောက်နေသော စိတ်တရားတို့သာလျှင် ရှိသည်မှန်ပါက အတိတ်ကာလက ကြားမြင်ကြုံတွေ့ခဲ့သော အရာများကို အဘယ်ကြောင့် ကျွန်ုပ်တို့ မှတ်မိပါသနည်းဟု စောဒနာဖွယ်ရှိ၏။ ပါဠိပညာရှင် **ဦးရွှေဇံအောင်**သည် ဤပြဿနာကို ဖြေရှင်းရန် ပဋ္ဌာန်းကျမ်းလာ နှစ်ဆယ့်လေးပစ္စည်းကို ထောက်ပြ၏။ သူ၏အဆိုအားဖြင့်-

"ရှေ့နောက် ဖြစ်ပေါ်သော စိတ်တရားနှစ်ခုသည် ယုတ်စွအဆုံး လေးမျိုးသော ပစ္စည်းတို့ဖြင့် ဆက်စပ်၏။ ယင်းပစ္စည်းလေးမျိုးမှာ နီးကပ်ခြင်း (အနန္တရပစ္စည်း)၊ ဆက်စပ်ခြင်း (သမနန္တရပစ္စည်း)၊ မရှိခြင်း (နတ္ထိပစ္စည်း)နှင့် မကင်းခြင်း (အဝိဂတပစ္စည်း) ဖြစ်၏။ ဤသို့ ပစ္စည်းလေးမျိုးအားဖြင့် ဆက်စပ်နေခြင်းကြောင့် ရှေ့ကချုပ်ငြိမ်းမည့် စိတ်တရားသည် နောက်က အသစ်ဖြစ်ပေါ်လာမည့် စိတ်တရားအား ကျေးဇူး (ဥပကာရ) ပြု၏။ တစ်နည်းဆိုသော် စိတ်တစ်ခုသည် ရှေ့က ချုပ်ငြိမ်းကွယ်ပျောက်သွားသော စိတ်၏ စွမ်းအင် (ပစ္စယသတ္တိ)အားလုံးကို ဆက်ခံရရှိ၏။ သို့ဖြစ်ရကား ပြန်လည်မှတ်မိခြင်း ကိစ္စကို ဆောင်ရွက်သော စိတ္တုပ္ပါဒ်အသီးသီး၌ ပါဝင်သည့် သညာစေတသိက်သည် အခွင့်သာသော အခြေအနေ၌ နဂိုမူလအာရုံကို ပြန်လည်သိမှတ်၏။ အကြင်အခြင်းအရာ တို့ဖြင့် ရှေးစိတ်တို့သည် တစ်စုံတစ်ခုကို သိမှတ်၏။ ထိုအခြင်းအရာ လက္ခဏာတို့သည် ပင် ယခုအခါ၌ စိတ်ထဲတွင် ပြန်လည်မှတ်မိခြင်းကို အထောက်အကူပြုကြ၏။"[၁]

သင်္ခါရသည် ပြုပြင်စီရင်သော တရားဖြစ်၏။ သုတ္တန်ပိဋကတ်၌ မနောသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရဟူ၍ သင်္ခါရသုံးမျိုး ပြဆိုထား၏။ "ထွက်သက်ဝင်သက်တို့ သည် ကိုယ်၌ဖြစ်ကုန်၍ ကာယသင်္ခါရမည်၏။ ရှေးဦးစွာ ကြံစည်သုံးသပ်ပြီးနောက်မှ စကားကို ဆိုမြွက်၏။ ထို့ကြောင့် ဝိတက်ဝိစာရသည် ဝစီသင်္ခါရမည်၏။ သညာနှင့် ဝေဒနာ စေတသိက်တို့သည် စိတ်နှင့်စပ်ကုန်၍ စိတ္တသင်္ခါရမည်၏" (မဇ္ဈိမနိကာယ်၊ စူဠဝေဒလ္လသုတ်)။ ဤပါဠိတော်အရ သင်္ခါရသည် ကာယကံ၊ ဝစီကံနှင့် မနောကံအမှု

၁။ **S.Z. Aung: Compendium of Philosophy, pp. 42**

များကို ထောက်ကူသော တရားဖြစ်၍ တစ်နည်းအားဖြင့် ကမ္မအမှုပင်ဖြစ်၏။

စင်စစ် သင်္ခါရသည် ကမ္မကဲ့သို့ပင် ဗုဒ္ဓဝါဒီအများ နားလည်သည်ထက် အနက်အဓိပ္ပာယ် ပိုမိုကျယ်ပြန့်၏။ ကမ္မသည် အတိတ်ဘဝက ပြုခဲ့သောအမှုကိုသာ ဆိုလိုသည်မဟုတ်။ မျက်မှောက်ဘဝ၌ မိမိနှင့် သူတစ်ပါးပြုသော အမှုများကိုလည်း ရည်ညွှန်း၏။ ဤအကြောင်းကို "ကမ္မသတ္တိနှင့် ကမ္မဝါဒ"အခန်း၌ အကျယ်ပြဆိုပါအံ့။ ထိုနည်းအတူ သင်္ခါရ၌ မိမိ၏ ပြုပြင်စီရင်မှုမှတစ်ပါး အခြားသောသူတို့၏ ပြုပြင်စီရင်မှုလည်း ပါဝင်ကြောင်း သတိပြုရာ၏။ ဤအချက်သည် အောက်ပါဒေသနာ၌ ထင်ရှား၏။

"အို - အာနန္ဒာ၊ ကာယဒွါရ၌ဖြစ်သော စေတနာကြောင့် ကိုယ်တွင်းသန္တာန်၌ ချမ်းသာမှု၊ ဆင်းရဲမှုသည်ဖြစ်၏။ ကိုယ်တိုင် ကာယသင်္ခါရကို ပြုပြင်စီရင်၍ ချမ်းသာမှု၊ ဆင်းရဲမှုကို ဖြစ်စေ၏။ တစ်ပါးသောသူတို့သည်လည်း ထိုကာယသင်္ခါရကို ပြုပြင်စီရင်ခြင်းကြောင့် ချမ်းသာမှု၊ ဆင်းရဲမှုကို ဖြစ်စေ၏။ မသိဘဲမှုလျက်လည်း ထိုကာယသင်္ခါရကို ပြုပြင်စီရင်၍ ချမ်းသာမှု၊ ဆင်းရဲမှုကိုဖြစ်စေ၏။" (နိဒါနသံယုတ်၊ ဒသဗလဝဂ်၊ အာယသဿဘူမိဇသုတ်)

ခန္ဓာငါးပါး၌ သင်္ခါရက္ခန္ဓာသည် ပဋောဝိညာဏ်ကို ပြုပြင်စီရင်သော (ဝါ) စိတ်၏အခြံအရံ ယှဉ်ဖော်ယှဉ်ဖက် စေတသိက် တရားအစုအပေါင်းဖြစ်၏။ 'စေတသိက' ပုဒ်ကို သုတ္တန်ပိဋကတ်၌ တွေ့ရခဲ၍ အဘိဓမ္မာသင်္ဂြိုဟ်ကျမ်း၌ စေတသိက် ၅၂ မျိုး ပြထား၏။ စိတ်တရားအားလုံးကို ခြုံငုံမိရန် ပေါင်းရုံးရေတွက်ထားရဟန် ရှိ၍ ဓမ္မသင်္ဂဏီပါဠိတော်၌မူ စေတသိက်တရားစုတွင် အကြောင်းရှိ၍ ဖြစ်ပေါ်လာသော အခြားနာမ်တရားအားလုံး ပါဝင်သည်ဟု ဆိုထား၏။

သင်္ခါရက္ခန္ဓာ(ဝါ) စေတသိက်တရားစု၌ ထင်ရှား၍ အထူးအရေးပါသော တရားသည်ကား စေတနာဖြစ်၏။ စေတနာသည် စေ့ဆော်သောတရားဖြစ်၍ အနောက်နိုင်ငံ ပါဠိပညာရှင်တို့က volition, will ဟူသော အင်္ဂလိပ်စကား နှစ်ခုဖြင့် ပြန်ဆိုကြ၏။ **မစ္စက်ရိုင်းစ်ဒေးဗစ်ကမူ** ထိုအင်္ဂလိပ်စကားများနှင့် အနက်တူသော ပါဠိစကားမရှိ။ အဓိပ္ပာယ်ကို အနီးစပ်ဆုံးစကားများမှာ သက်ပ္ပ၊ ကာမ၊ ဆန္ဒစသော စကားများသာ ဖြစ်သည်ဆို၏။[၁] မည်သို့ဖြစ်စေ စေတနာ ဟံဘိက္ခဝေကမ္မံပါဠိဒေသနာရ စေတနာကို ကမ္မနှင့် အဓိပ္ပာယ်ထပ်တူပြုထားခြင်းကိုထောက်၍ စေတနာ၏ အဓိပ္ပာယ် နက်နဲမှုကို ယုံမှားစရာ မရှိချေ။

မြန်မာဗုဒ္ဓဝါဒီတို့သည် စေတနာကို ဆန္ဒနှင့်ရောထွေး၍ ပေါ့ပေါ့တန်တန် သုံးစွဲလေ့ရှိကြ၏။ ဆန္ဒသည် စေတနာ၌ အကျုံးဝင်သော်လည်း အနက်အဓိပ္ပာယ်များစွာ ကွာခြား၏။ စေတနာသည် ယုံကြည်မှု၊ စေ့ဆော်မှု၊ အားထုတ်မှု၊ ခွဲသတ္တိရှိမှု၊ စိတ်

၁။ **Mrs Rhys Davids: The Birth of Indian Psychology and its Development in Buddhism, Chap. 14**

ဓာတ်ခိုင်မာမှုစသော လက္ခဏာများဖြင့် ထင်ရှား၍ ဆန္ဒမှာ ထိုသို့မဟုတ်ချေ။ ဥပမာ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် ချမ်းသာကြွယ်ဝခြင်း၊ ကျန်းမာခြင်း၊ ခြွေရံပေါများခြင်း စသည်ကြောင့် အလှူဒါနပြုလိုသောစိတ် ဖြစ်ပေါ်ပါက ထိုစိတ်သည် သမ္မာဆန္ဒမျှသာ ဖြစ်၍ စေတနာဟူ၍ကား မခေါ်ဆိုနိုင်ချေ။ ကျန်းမာရေး၊ စီးပွားရေး အဆင်မပြေမှုနှင့် အခြားအခက်အခဲကြားမှ ဖြစ်ပေါ်လာသော အလှူပေးလိုမှုကို စေတနာဟူ၍ ခေါ်ရပေမည်။ ရာဇာပလ္လင်ပေါ်၌ထိုင်လျက် မိမိ၏ ဘုန်းတန်ခိုး အာဏာဖြင့် (ဝါ) အမိန့်ပေးခြင်းဖြင့် တိုင်းပြည်လူထု ကောင်းစားရေးကို ဆောင်ရွက်လိုသော ရှင်ဘုရင်၏ စိတ်သည် အလို ဆန္ဒမျှသာဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ အနှောင့်အယှက် အခက်အခဲများကို ရင်ဆိုင်လျက် မိမိနိုင်ငံအတွက် လွတ်လပ်ရေးတိုက်ပွဲဝင်သော ပုဂ္ဂိုလ်၏ အားထုတ်မှုမှာကား စေတနာအရင်းခံသော အားထုတ်မှုဖြစ်၏။

တစ်နည်းဆိုသော် အခက်အခဲ၊ ဆင်းရဲဒုက္ခများအကြား၌ စိတ်ဓာတ်ခွန်အား ကြီးမားမှုသည် စေတနာ၏ ဝိသေသဂုဏ်အင်္ဂါဖြစ်၏။ စိတ်ဓာတ်ခွန်အားရှိမှုသည် ဗုဒ္ဓ လမ်းစဉ်၏ အခြေခံတရားဖြစ်၏။ "ငါဘုရား၏ အဆုံးအမကို လိုက်နာသော ရဟန်း သည် ခိုးသူတို့က လွှဖြင့် အင်္ဂါကြီးငယ်တို့ကို တိုက်ဖြတ်စေကာမူ အမျက်မထွက်ဘဲ သည်းခံရာ၏" (မဇ္ဈိမနိကာယ်၊ ကကစူပမသုတ်)။ ဗုဒ္ဓသည် ပုဂ္ဂိုလ်တစ်ဦး ဘဝပြည့်စုံ ဖူလုံနေသောအခါ၌ အကျင့်သီလ ကောင်းမွန်ခြင်းထက် ဘဝအဆင်မပြေဘဲ ဒုက္ခဖြစ်နေ သောအခါ၌ သီလစင်ကြယ်ခြင်းကို ပိုမိုချီးမွမ်း၏။ ဤအကြောင်းကို 'အကျင့်သီလ' အခန်း၌ ဖော်ပြပါအံ့။

**ဦးရွှေဇံအောင်**၏ အဆိုအားဖြင့် စေတနာသည် ကြံစည်မှုကို ဖြစ်စေသောတရား၊ သင်္ခါရက္ခန္ဓာ၌ အကြီးအမှူး ရှေ့သွားတရား၊ အခြားယှဉ်ဖော်ယှဉ်ဖက် စေတသိက်တရား များကို ပေါင်းစည်းသော တရားဖြစ်၏။[၁] စေတနာသည် အကြောင်းကင်းသော မူလ ပငမ တရားမဟုတ်။ အရေးပါသော အခြားစေတသိက်တရားများ စုပေါင်းထောက်ပံ့ မှုဖြင့် ဖြစ်ပေါ်လာသော တရားဖြစ်၏။ ဤအနက်အဓိပ္ပာယ်သည် ယခုခေတ် စိတ်ပညာ၏ အဆိုနှင့် ထပ်တူဖြစ်၏။ "စေတနာကို စိတ်အစွမ်းသတ္တိတို့၏ မူလတရားဟူ၍ မထင်မှတ်သင့်။ စေတနာသည် အပြုအမူတစ်မျိုးဖြစ်၍ စေတနာပြဋ္ဌာန်းခြင်းသည် မိမိ၏ စိတ်သတ္တိများကို အပြုအမူတစ်ခုခု၌ ပေါင်းရုံးစုစည်းခြင်းပင် ဖြစ်သည်"ဟု စိတ်ပညာရှင်တစ်ဦးက ရေးသား၏[၂] –

စိတ်တန်ခိုးသတ္တိကို သမထယောဂအကျင့်ဖြင့် ရရှိအပ်သော၊ လျှို့ဝှက်သော တရားအဖြစ်ဖြင့် လူအများယူဆကြ၏။ အမှန်မှာ စေတနာ၌ပါဝင်သော သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ပညာစသော စေတသိက်များသည်ပင် စိတ်တန်ခိုးသတ္တိကို စုပေါင်းဖန်တီးပေးသော တရားများဖြစ်၏။

သဒ္ဓါသည် ဗိုလ်ငါးပါးနှင့် ဣန္ဒြေငါးပါး၌ ပါဝင်၍ အရေးပါသော စေတသိက်

---

၁။ **S.Z. Aung: Compendium of Philosophy, pp. 235**

၂။ **R.S. Woodworth: Psychology, pp. 398**

ဖြစ်၏။ ဗုဒ္ဓဝါဒသည် ဆင်ခြင်သုံးသပ်မှုကို အားပေးသော်လည်း ယုံကြည်မှုကို မပယ်ချေ။ သို့ရာတွင် သဒ္ဓါသည် ရတနာသုံးပါးကို ယုံကြည်မှုနှင့် မပြီးဘဲ မိမိကိုယ်ကိုမိမိ ယုံကြည်မှုနှင့် အခြားယုံကြည်မှုများကိုလည်း ရည်ညွှန်းကြောင်း သတိပြုရပေမည်။ စင်စစ် ရှုးစမ်းလေ့လာမှုကို အဓိကထားသော သိပ္ပံပညာရှင်တို့သည်ပင် သဘာဝဓမ္မ၏ မဖောက်မပြန် မှန်ကန်မှုစသော အချို့အချက်များကို လက်ခံယုံကြည်ကြရ၏။

သဒ္ဓါထက် ပိုမိုအရေးပါသော စေတသိက်မှာ ဝီရိယဖြစ်၏။ ဝီရိယသည် သမ္မောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးစသည်၌ ပါဝင်ခြင်း၊ ယင်းနှင့်တကွ အခြားအလားတူ အနက်အဓိပ္ပာယ်ရှိသော ပဓာန၊ ပရက္ကမ၊ ဥဋ္ဌာနစသောပုဒ်များကို ပိဋကတ်၌ အကြိမ်ပေါင်း မရေတွက်နိုင်အောင် ဖော်ပြထားခြင်းဖြင့် မည်မျှအရေးကြီးကြောင်း ထင်ရှား၏။ ကြိုးစားအားထုတ်မှုနှင့် ပတ်သက်၍ ဗြာဟ္မဏတစ်ဦးအား ဟောကြားရာ၌ ဗုဒ္ဓသည် ပဋိစ္စသမုပ္ပာဒ် ဒေသနာများမှာကဲ့သို့ အကြောင်းအကျိုးမျှသာ ရှိသည်ဟုမဆိုဘဲ အားထုတ်သော ပုဂ္ဂိုလ်သတ္တဝါ ထင်ရှားရှိဘိသကဲ့သို့ ဟောကြား၏။

(ဗြာဟ္မဏ) အရှင်ဂေါတမ၊ မိမိသည် ပြုအပ်သော၊ သူတစ်ပါးသည် ပြုအပ်သောကိစ္စသည် မရှိဟု ကျွန်ုပ် ယူဆပါသည်။

(ဗုဒ္ဓ)ပုဏ္ဏား၊ အဘယ်မည်သော အကြောင်းကြောင့် မိမိသည် ရှေ့သို့တက်ပါလျက်၊ နောက်သို့ဆုတ်ပါလျက် မိမိပြုသောကိစ္စ၊ သူတစ်ပါးပြုသောကိစ္စသည် မရှိဟု ဆိုဘိသနည်း။ ရှေးဦးစွာ အားထုတ်မှုသဘော အာရဗ္ဘဓာတ်သည် ရှိသည်မဟုတ်ပါလော။ ထိုအာရဗ္ဘဓာတ်နှင့် ပြည့်စုံသော သတ္တဝါတို့သည်လည်း ထင်ရှားရှိ၏။ ပျင်းရိခြင်းမှ ထွက်မြောက်မှုသဘော နိက္ကမဓာတ်၊ အဆင့်ဆင့်အားထုတ်မှုသဘော ပရက္ကမဓာတ်၊ အားအစွမ်းသဘော ထာမဓာတ်၊ တည်တံ့မှုသဘော ဌိတိဓာတ်၊ လွန်စွာအားထုတ်မှုသဘော ဥပက္ကမဓာတ်တို့သည်လည်းရှိ၏။ ထိုဓာတ်သဘောတို့နှင့် ပြည့်စုံသော သတ္တဝါတို့သည် ရှိ၏။ (အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ် – နတ္ထိအတ္တကာရသုတ်)

စေတသိက်တို့၏ ရှေ့ဆောင် အကြီးအမှူးမှာ ပညာဖြစ်၏။ "ရဟန်းတို့၊ အထွတ်ရှိသောအိမ်တွင် အထွတ်သည် အမြတ်ဆုံးဖြစ်၍ အခြင်ရနယ်တို့ကို ပေါင်းစုနိုင်သကဲ့သို့ ကျင့်ဆဲပုဂ္ဂိုလ်တို့၏ အားငါးမျိုးတွင် ပညာအားသည် အမြတ်ဆုံးဖြစ်၍ ကျန်သောအားတို့ကို သိမ်းယူပေါင်းစုနိုင်၏" (အင်္ဂုတ္တရ၊ ပဉ္စကနိပါတ် – ကူဋသုတ်)။ မည်သည့်စေတသိက်ကိုမျှ အလွန်အကျွံ အားကောင်းမနေစေဘဲ စေတသိက်အားလုံး ညီညွတ်မျှတ ဖြစ်နေစေရန် အသိပညာဖြင့် ကွပ်ကဲရပေမည်။ ဥပမာ သဒ္ဓါလွန်ကဲ၍ သတိနှင့် ဝီရိယအားနည်းခြင်းမဖြစ်အောင် ကာကွယ်ရန်မှာ ပညာ၏လုပ်ငန်းကိစ္စဖြစ်၏။

ပညာဦးဆောင်သော စေတသိက်များသည် စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် လုပ်ငန်းကိစ္စ အောင်မြင်မှုကို ထိရောက်စွာ အထောက်အကူပြုသော တရားများဖြစ်လာကြ၏။ ပုဂ္ဂိုလ်နှစ်ဦးသည် လုံ့လဝီရိယ တူညီပါလျက် အကျိုးခံစားရမှု အတိုင်းအတာ ကွာဟနေပါက

အများအားဖြင့် တစ်ဦး၏အားထုတ်မှုက သာမန်အားထုတ်မှုဖြစ်၍ အခြားတစ်ဦး၏ အားထုတ်မှုက အသိဉာဏ်နှင့်ယှဉ်သော အားထုတ်မှုဖြစ်နေကြောင်း တွေ့ရတတ်၏။ မှန်ကန်သော အားထုတ်မှုအတွက် လိုအပ်သောအင်္ဂါ (ပဓာနိယင်္ဂ) ငါးပါးကို အင်္ဂုတ္တရ နိကာယ်၌ ယုံကြည်မှု၊ ကျန်းမာမှု၊ ရိုးသားပွင့်လင်းမှု၊ စွမ်းဆောင်အားရှိမှုနှင့် အသိပညာ ရှိမှုဟူ၍ ပြဆိုထား၏။ ယင်းတို့တွင် ရိုးသားပွင့်လင်းမှု (ဝါ) ဟန်မဆောင်မှု၊ မိမိကိုယ် နှင့် သူတစ်ပါးကို မလှည့်စားမှုမှာ ပိဋကတ်ဒေသနာများ၌ တွေ့ရခဲသော်လည်း ကြီးပွားအောင်မြင်မှုအတွက် များစွာအရေးပါသော ဂုဏ်အင်္ဂါဖြစ်ကြောင်း သတိပြုသင့် ပေ၏။

ဝိညာဉ်သည် သိတတ်သော တရားဖြစ်၏။ ပရိနိဗ္ဗာန်ပြုပြီးသော ရဟန္တာ၏ ဝိညာဉ်ကို မာရ်နတ်ကရှာခြင်း၊ (ခန္ဓသံယုတ် ဝက္ကလိထေရသုတ်) အမိဝမ်းသို့ ဝိညာဉ် သက်ဆင်းမှ ရုပ်နာမ်ဖြစ်ပေါ်ခြင်း (ဒီဃနိကာယ် မဟာနိဒါနသုတ်) စသည်ဖြင့် လူအများနားလည်စေရန် ပညတ်ဝေါဟာရစကားများဖြင့် ဟောကြားထားသော ပိဋကတ် ဒေသနာများကြောင့် အချို့ဗုဒ္ဓဝါဒီတို့သည် ဝိညာဉ်ကို အတ္တနှင့် ရောထွေး ထင်မှားကြ၏။ စင်စစ် ဝိညာဉ်သည် သင်္ခါရတရားဖြစ်၍ ဝေဒနာ, သညာစသော အခြားနာမ်တရားများနှင့် ကင်း၍ မတည်နိုင်ကြောင်း ပြဆိုခဲ့ပေပြီ။

နာမက္ခန္ဓာလေးပါး၏ အတူတကွ တစ်ပေါင်းတည် ဖြစ်ပေါ်ခြင်းကို **ရှင်ဗုဒ္ဓဃောသ ဆရာက** မဇ္ဈိမနိကာယ် အဋ္ဌကထာ၌ ဂင်္ဂါမြစ်ရေနှင့် ပုံခိုင်း၍ဖော်ပြ၏။ မြစ်ကြီးငါးသွယ် ပေါင်းဆုံ၍ ပင်လယ်ထဲသို့ စီးဝင်သောနေရာမှ ရေကိုခပ်ယူ၍ ဤရေသည် ဂင်္ဂါမြစ်ရေ၊ ဤရေသည် ယမုနာမြစ်ရေဟူ၍ မဆိုနိုင်သကဲ့သို့ ထို့အတူ နာမက္ခန္ဓာလေးပါးကို ခွဲခြမ်း၍ မရအပ်ချေ။ မိလိန္ဒပဉှာ၌မူ ရှင်နာဂသေနက ဟင်းလျာ၌ အချဉ်အငန် အစပ် စသော အရသာတို့ကို အသီးသီး ခွဲခြားပြသရန် မဖြစ်နိုင်သကဲ့သို့ တစ်စုတစ်ပေါင်းတည်း ဖြစ်နေသော စိတ်တရားတို့ကို ဤသည်ကား ဝိညာဉ်၊ ဤသည်ကား ဖဿစသည်ဖြင့် အသီးသီးခွဲခြား၍ မသိအပ်ဟု မိန့်ဆိုခဲ့၏။

ဝိညာဉ်သည် စက္ခုပသာဒ၊ သောတပသာဒစသော အာရုံခံအင်္ဂါများနှင့် ရူပါရုံ၊ သဒ္ဒါရုံစသည်တို့ ပေါင်းဆုံမှုကို ကွပ်ကဲသောတရားဖြစ်၏။ အာရုံခံအင်္ဂါများနှင့် ဝတ္ထုအာရုံ တို့ကို စုပေါင်း၍ အာယတနဟုခေါ်၏။ ဥပနိသျှနှင့် ဗြာဟ္မဏဆရာတို့သည် မြင်မှု ကြားမှုစသော စိတ်ဖြစ်စဉ်များကို မစဉ်းစားဘဲ မြင်သော၊ ကြားသော၊ သိသော ပုဂ္ဂိုလ်သတ္တဝါကို ရှာကြံကြ၏။ အတ္တကိုပယ်သော ဗုဒ္ဓဝါဒသည်ကား ထိုစိတ်ဖြစ်စဉ်ကို လေ့လာ၍ သဠာယတနသံယုတ်၌ အကျယ်ပြဆိုထား၏။

ထိုသံယုတ်လာ များစွာသော ဒေသနာတို့၏ လိုရင်းအာဘော်သည်ကား စက္ခု ပသာဒစသော အတွင်းအာယတနတို့သည် အတ္တမဟုတ်၊ သင်္ခါရတရားမျှသာဖြစ်၍

ခွဲလမ်းမှုမရှိအပ်ဟူသော အချက်ဖြစ်၏။ "စက္ခုပသာဒ စသည်တို့သည် သင်တို့၏ ဥစ္စာမဟုတ်၊ သင်တို့၏ ဥစ္စာမဟုတ်သောတရားကို ပယ်ကြကုန်လော့။ ထိုသို့ပယ်သည် ရှိသော် သင်တို့အား စီးပွားချမ်းသာဖြစ်လတ္တံ့။" (သဠာယတနသံယုတ်၊ ပဟိနသုတ်)

အတွင်းနှင့်အပြင် အာယတနတို့ ပေါင်းဆုံမိသောအခါ စက္ခုဝိညာဉ်၊ သောတဝိညာဉ်စသည်တို့ ဖြစ်ပေါ်၍ မြင်မှု၊ ကြားမှု စသည်တို့သည် အာယတနများအပေါ်၌ တည်၏။ "ငါ့ရှင်တို့၊ အတွင်းသန္တာန်၌ဖြစ်သော စက္ခုပသာဒသည် ကောင်းမွန်သော်လည်း အပသန္တာန်၌ဖြစ်သော ရူပါရုံတို့သည် မပီမပြင် ဖြစ်နေပါက စက္ခုရူပါရုံကို စွဲ၍ဖြစ်သော၊ ဆင်ခြင်တတ်သော အာဝဇ္ဇန်းသည်မဖြစ်၊ ထိုမှုလောက် ထိုအာဝဇ္ဇန်းအား လျော်သော ဝိညာဉ်၏ ထင်ရှားခြင်းသည် မဖြစ်သည်သာတည်း။" (မဇ္ဈိမနိကာယ်၊ မဟာဟတ္ထိပဒေါပမသုတ်)

အာယတန ငါးပါးသည် သီးခြားနယ်ပယ်ရှိ၍ သီးခြားလုပ်ငန်းများကို ဆောင်ရွက်ကြ၏။ ယင်းတို့ကို စုစည်းပေါင်းစပ်၍ ကြီးကြပ်သောတရားမှာ မနောဝိညာဉ်ဖြစ်၏။ မနောဝိညာဉ်သည် အတ္တမဟုတ်သော်လည်း ယင်း၏ ကွပ်ကဲမှုကြောင့် စိတ်စေတသိက်တို့သည် ကစဉ့်ကလျားမဖြစ်ဘဲ စိတ်ဖြစ်စဉ် သဘာဝတရားနှင့်အညီ ပြောင်းလဲလှုပ်ရှားနေကြခြင်းဖြစ်၏။ ထိုစိတ်ဖြစ်စဉ် သဘာဝတရားများကို မိလိန္ဒပဉှာ၌ အမြွက်ပြဆိုထား၏။ ရှင်နာဂသေနက စက္ခုဝိညာဉ်သည် မနောဝိညာဉ်ကို မစေ၊ မနောဝိညာဉ်သည်လည်း စက္ခုဝိညာဉ်ကို မတိုက်တွန်း၊ ထိုတရားတို့သည် အချင်းချင်း တိုင်ပင်ညှိနှိုင်းခြင်းမရှိဘဲ စီးဝင်ရာဖြစ်မှုအကြောင်း၊ ဒွါရဖြစ်မှု၊ ကျင်လည်ရာဖြစ်မှုနှင့် လေ့ကျက်ရာဖြစ်မှု အကြောင်းများကြောင့် ရှေ့နောက်ဖြစ်ပေါ်ကြကြောင်း ဥပမာများဖြင့် ရှင်းပြထား၏။

**ရှင်နာဂသေန**၏ ရှင်းပြချက်မှာ ယခုခေတ် အနောက်နိုင်ငံ စိတ်ပညာကျမ်းများ၏ အဆိုနှင့်အညီဖြစ်၏။ စိတ်စေတသိက်တို့သည် နီးစပ်သောသတ္တိဖြင့် ကျေးဇူးပြုကြ၏။ (ဝါ) နီးစပ်သောအားဖြင့် ဖြစ်ပေါ်လာကြ၏။ ရေသည် မြင့်ရာမှနိမ့်ရာသို့ အလိုအလျောက် စီးဆင်းဘိသကဲ့သို့ စိတ်တစ်ခုသည် အကြောင်းအားဖြင့်၊ သို့မဟုတ် တူညီသောအားဖြင့်၊ သို့မဟုတ် ဆန့်ကျင်ဘက်အားဖြင့် အခြားစိတ်တစ်ခုကို ဖြစ်ပေါ်စေ၏။ ဥပမာ နယူးယောက်မြို့၊ အမေရိကန်နိုင်ငံ၊ ဆိုဗီယက်ပြည်ထောင်စု၊ ကွန်မြူနစ်ဝါဒစသော ဓမ္မာရုံများသည် အထက်ပါ စိတ်သဘာဝနှင့်အညီ စိတ်အစဉ်ဖြစ်လာရ၏။ မနောဝိညာဉ်သည် ကျွမ်းကျင်လိမ္မာမှု၊ အလေ့အကျင့်နှင့် စရိုက်ဝါသနာများ အရင်းခံသော ဓမ္မာရုံများ၌ ကျက်စားတတ်ကြောင်းကိုကား အထူးဖော်ပြရန် မလိုချေ။

**ရှင်ဗုဒ္ဓဃောသ**နှင့် အခြားအဋ္ဌကထာ ဆရာတို့သည် မနောဝိညာဉ်၏ တည်ရာ ရုပ်ဝတ္ထုမှာ နှလုံး(ဝါ) ဟဒယဝတ္ထု ဖြစ်သည်ဟု ဆိုကြ၏။ ဤအယူမှာ ဗုဒ္ဓမပေါ်မီက

အိန္ဒိယပြည်၌ ရှိနှင့်ပြီးဖြစ်သော်လည်း ပါဠိပိဋကတ်စာပေ၌ မတွေ့ရချေ။ **မစ္စက်ရိုင်းစ်ဒေးဗစ်**၏ အဆိုအားဖြင့် ပါဠိပိဋကတ်၌ နှလုံးကို ယခုကာလ လူအများနားလည်သကဲ့သို့ စိတ်နှလုံးငြိမ်းချမ်းခြင်း၊ စိတ်နှလုံးမြင့်မြတ်ခြင်း၊ နှလုံးသိမ်မွေ့ခြင်း စသည်ဖြင့် လောကဝေါဟာရနှင့်အညီ သုံးစွဲထား၍ မနောဝိညာဏ် တည်ရာဌာနအဖြစ် ပြဆိုထားခြင်း မရှိချေ။

မနောဝိညာဉ်၏တည်ရာ ဟဒယဝတ္ထုဆိုသော စကားမှာ ဗုဒ္ဓစကား မဟုတ်ကြောင်း အစဦးစွာ ဒေသနာအထောက်အထားနှင့် ဖော်ပြခဲ့သော ပုဂ္ဂိုလ်ကား မြန်မာပါဠိပညာရှင် **ဦးရွှေဇံအောင်**ဖြစ်၏။ **ဦးရွှေဇံအောင်**က ဗုဒ္ဓသည် မိမိလက်ထက်က စိတ်၏တည်ရာ ရုပ်ဝတ္ထုနှင့် စပ်လျဉ်းသော၊ လူတို့၏ယုံကြည်ချက်ကို ဆန့်ကျင်၍ မဟောပြောလိုသောကြောင့် ဆိတ်ဆိတ်နေခဲ့ခြင်းဖြစ်သည်ဟုဆို၏။ ဤစကား မှန်ရပေမည်။ ဗုဒ္ဓသည် လူတို့၏ အစဉ်အလာ ခံယူချက်များကို လေးစားကြောင်း၊ လွဲမှားသော ခံယူချက်ပင်ဖြစ်စေ လောကအကျိုးစီးပွားနှင့် ဆန့်ကျင်ခြင်းမရှိပါက ပြစ်တင်ဝေဖန်လိုသောစိတ် မရှိကြောင်း ဗုဒ္ဓ၏ ဆုံးမနည်းအခန်း၌ အကျယ်ပြဆိုခဲ့ပေပြီ။

**ဦးရွှေဇံအောင်**၏ ရေးသားချက်မှာ အောက်ပါအတိုင်းဖြစ်၏။

"ဓမ္မသင်္ဂဏီပါဠိတော်၌ ဟဒယဝတ္ထုကို ချန်လှပ်ထားခြင်းသည် ကျွန်ုပ်တို့ ဗုဒ္ဓဝါဒီတို့အဖို့ ထူးခြား၏။ ထိုပါဠိတော်လာ တရားများသည် ဗုဒ္ဓ၏တရားများ ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်၏။ ဟဒယဝတ္ထုကို ချန်ထားခြင်းသည် တမင်ချန်ထားခြင်း ဖြစ်တန်ရာ၏။ ဗုဒ္ဓလက်ထက်က လူတို့သည် နှလုံးကို စိတ်၏တည်ရာအဖြစ် စွဲမှတ်ထားကြ၍ ဗုဒ္ဓ၏စကားကို လက်ခံကြမည် မဟုတ်ချေ။ ဗုဒ္ဓသည် ထိုပြဿနာကို ပဋ္ဌာန်းကျမ်း၌လာသော အဘိဓမ္မာဒေသနာအတွက် သီးသန့်ချန်ထားတော်မူခဲ့၏။

"ပဋ္ဌာန်းပါဠိတော်၌ လာသည်ကား စက္ခာယတနံ စက္ခု ဝိညာဏ ဓာတုယာတံ သမ္ပယုတ္တ ကာနဥ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊ အနက်ကား မျက်စိသည် စက္ခုဝိညာဉ်ဓာတ်နှင့်သော်လည်းကောင်း ယှဉ်ဖော်ယှဉ်ဖက် တရားများနှင့်သော်လည်း ကောင်း နိဿယ (မှီရာတည်ရာ) ပစ္စည်းဖြင့် ကျေးဇူးပြု၏။ အခြားအာယတနများကိုလည်း ထိုနည်းအတူ ပြဆို၏။ စိတ်အကြောင်းနှင့် စပ်လျဉ်း၍မူ ယံရူပံနိဿယ မနောဓာတုစ မနောဝိညာဏ... တံရူပံ... ပစ္စယေန ပစ္စယော။ အကြင်ရုပ်ဝတ္ထုသည် သိမြင်နားလည်မှု၏ တည်ရာဖြစ်၏။ ထိုရုပ်ဝတ္ထုသည် သိမြင်နားလည်မှုကိုလည်းကောင်း၊ ယှဉ်ဖော်ယှဉ်ဖက်တရားများကို လည်းကောင်း နိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏ဟု ပြဆိုထား၏။ (ဤနေရာ၌ နှလုံးဟုမဆိုဘဲ ရုပ်ဝတ္ထုဟုဆိုခြင်းကို သတိပြုရာ၏။ အကယ်၍ အဘိဓမ္မာဆရာသည် စိတ်၏တည်ရာမှာ နှလုံးဖြစ်သည်ဟု ယုံကြည်ပါက 'ရုပ်ဝတ္ထု (ရူပ) နေရာ၌ နှလုံး (ဟဒယ)ပုဒ်ကို သုံးစွဲခဲ့မည်ဖြစ်၏။

"အဋ္ဌကထာဆရာတို့သည် ယံရူပံ... တံရူပံဆိုသော စကားကို ရှင်းပြရန်လို

အပ်သောကြောင့် လူအများ လက်ခံယုံကြည်ချက်နှင့်အညီ နလုံးဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကြ၏။ ထိုသို့ဖွင့်ဆိုခြင်းသည် မှန်ကန်သည်ဟု ယုံကြည်ကြ၏။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓကိုယ်တိုင်က ဟဒယကို စိတ်နလုံးဟူ၍ ပြောဆိုသုံးစွဲခဲ့၏။ သို့ရာတွင် လူအများ နားလည်စေရန် ထိုသို့သုံးစွဲခြင်းသည် ပရမတ္ထ သစ္စာစကားအဖြစ်ဖြင့် ပြောဆိုသုံးစွဲခြင်း မဟုတ်ချေ။[၁]

* * *

၁။ S.Z. Aung: Compendium of Philosophy, pp. 277-79

# အခန်း (၈)

# တဏှာ၊ ဥပါဒါန်နှင့် ပဋိစ္စသမုပ္ပါဒ်

ဒိဋ္ဌုပါဒါန် စွဲကပ်နေသော
ဘာသာရေးသမားနှင့် နိုင်ငံရေးသမားတို့သည်
မိမိတို့နှင့် ယုံကြည်ချက် မတူသောသူများကို
မိစ္ဆာဒိဋ္ဌိ သို့မဟုတ် ဖောက်ပြန်ရေးသမားဟု
ခေါ်ဝေါ်၍ မနှစ်သက်ကြချေ။

ရန်အောင်စာပေ

# အခန်း (၈)

# တဏှာ၊ ဥပါဒါန်နှင့် ပဋိစ္စသမုပ္ပါဒ်

## (က) တဏှာနှင့်ဥပါဒါန်

ဆင်းရဲဒုက္ခဖြစ်ခြင်း၏ မူလပင်မ အကြောင်းတရားသည် တဏှာလောဘဖြစ်၍ ဤအချက်ကို 'ဒုက္ခသစ္စာ' အခန်း၌ အနည်းငယ် ပြဆိုခဲ့ပေပြီ။ တဏှာ၊ လောဘနှင့် ဆင်းရဲဒုက္ခ အကြောင်းအကျိုး ဆက်စပ်နေပုံ၊ (ဝါ) သမုဒယသစ္စာကို အနတ္တတရားနောက်ခံထား၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ရန် လိုအပ်၏။ အနတ္တတရားအရ လူသတ္တဝါသည် ထီးထီးမရပ်တည်နိုင်ဘဲ မလွဲမရှောင်သာ ပေါင်းသင်းဆက်ဆံနေကြရသောကြောင့် ပုဂ္ဂိုလ်တစ်ဦး၏ အလိုဆန္ဒနှင့် အပြုအမူများသည် ပတ်ဝန်းကျင်လူများအပေါ်သို့ အနည်းအများ အကျိုးသက်ရောက်စမြဲ ဖြစ်၏။ တစ်နည်းဆိုသော် လူသားသည် မိမိ၏ တဏှာလောဘကြောင့်သာလျှင် ဆင်းရဲဒုက္ခ ကြုံတွေ့ရသည်မဟုတ်။ အခြားလူတို့၏ တဏှာလောဘကို အကြောင်းပြု၍လည်း ဆင်းရဲဒုက္ခခံရ၏။ တဏှာလောဘ အရင်းမူလရှိသော ဆင်းရဲဒုက္ခ အကျိုးဆက်ကို ပုဂ္ဂိုလ်သတ္တဝါ ခွဲခြား၍ အတိုင်းအတာနှင့် နယ်နိမိတ် သတ်မှတ်ရန်မဖြစ်နိုင်ချေ။

ဥပမာ ယနေ့ကမ္ဘာပေါ်၌ အမြတ်ကြီးစား အရင်းရှင်စီးပွားရေးသမားများ၏ ဝိသမလောဘကြောင့် လူအမြောက်အမြား ဆင်းရဲငတ်မွတ်၍ ဘဝအဆင့်အတန်းများစွာ နိမ့်ကျနေကြ၏။ အတ္တမာန လွန်ကဲသော ပုဂ္ဂိုလ်တစ်ဦး၊ သို့မဟုတ် ပုဂ္ဂိုလ်တစ်စု၏ တန်ခိုးအာဏာ မက်မောမှုကြောင့် ဆင်းရဲဒုက္ခအမျိုးမျိုး ကြုံတွေ့ခဲ့ရသော လူများမှာလည်း ကမ္ဘာအနှံ့အပြား ကုဋေကုဋာရှိကြ၏။ တဏှာလောဘ၏ အကျိုးသက်ရောက်မှု ကျယ်

ပြန့်နှက်ရှိင်းပုံကို အင်္ဂုတ္တရနိကာယ်၌ ပြဆိုထား၏။ "တဏှာသည် ဤလောကကို အထက်၌ ဖျက်ဆီးအပ်၏။ ထက်ဝန်းကျင်မှ မြွေးယှက်အပ်၏။ ရက်ကန်းချည်ငွေး အူပေါက်ကဲ့သို့ပင် ဖြစ်၏။ စာပေါင်းသိုက်ကဲ့သို့ဖြစ်၏။ မြက်ကြိုးဆွေးကဲ့သို့ ရှုပ်ထွေး သည်ဖြစ်၏။ တဏှာကြောင့် လူတို့သည် ချမ်းသာကင်းသော သံသရာကို မလွန်မြောက် နိုင်ကြချေ။" (အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ မဟာဝဂ်-တဏှာဇာလိနီသုတ်)

ဒုက္ခဖြစ်ခြင်း အကြောင်းရင်း (ဝါ) ဗုဒ္ဓဟောပြောသော သမုဒယသစ္စာနှင့် စပ်လျဉ်း၍ အနောက်နိုင်ငံ ပညာရှင်တစ်ဦးက အောက်ပါအတိုင်း မှတ်ချက်ချခဲ့၏။

"ဒုက္ခသည် တဏှာကြောင့် ဖြစ်ပေါ်လာသည်ဆိုသော အချက်သည် ဗုဒ္ဓ၏ ဉာဏ်ပညာဖြင့် ထူးခြားစွာသိမြင်ခဲ့သော အချက်ဖြစ်၏။ ယင်းသည် ဗုဒ္ဓက ရှေးဦးလက် မွှန် သိမြင်သောအချက် မည်သူဖြစ်သည်ကိုကား ကျွန်ုပ်တို့ မပြောနိုင်ချေ။ ဗုဒ္ဓတစ်ဦး တည်း အစဦးစွာ သိမြင်ခဲ့သော တရားမဟုတ်ကြောင်း ဗြဟဒရညကဥပနိသျှကျမ်း၌ တဏှာအကြောင်း ဖော်ပြထားချက်များကို ထောက်ချင့်၍ သိရ၏။ မည်သို့ဖြစ်စေ ဗုဒ္ဓ သည် သမုဒယသစ္စာ၏ ကျယ်ပြန့်နက်ရှိုင်းမှုကို လက်ဦးပထမ သိမြင်၍ ရှေးဦးလက်မွှန် တိကျပြတ်သားစွာ ဟောပြောခဲ့သော ပုဂ္ဂိုလ်ဖြစ်၏။ သမုဒယသစ္စာသည် အလွန်နက်နဲ၍ ယင်း၏မှန်ကန်မှုကို ဆင်ခြင်စဉ်းစား ဉာဏ်ရှိသောသူတို့ ငြင်းဆိုမည်မဟုတ်ဟု ကျွန်ုပ် ထင်ပါသည်။ တဏှာကို ပယ်သတ်ခြင်းသည် ဆင်းရဲဒုက္ခ၏ အရင်းအမြစ်ကို ပယ်သတ်ခြင်းဖြစ်၏။ သို့ဖြစ်၍ သမုဒယသစ္စာသည် ဗုဒ္ဓ၏ အရေးပါသော တရား ဖြစ်နေခြင်းမှာ အံ့ဩဖွယ်ရာမရှိချေ။"[၁]

ဤနေရာ၌ ကျွန်ုပ်တို့အထူးသတိပြုရန် လိုအပ်သောအချက်တစ်ခုရှိ၏။ စင်စစ် လောက၌ လူတို့၏ ကြံစည်မှု၊ အားထုတ်မှုပြုမှုများ အားလုံးသည် တဏှာလောဘ၊ (ဝါ) အလိုဆန္ဒ၌ အရင်းခံကြောင်း ယုံမှားစရာမရှိချေ။ သို့ဖြစ်၍ အလိုဆန္ဒအားလုံးကို ပယ်ရမည်ဆိုပါက လူ့လောကသည် သက်ဝင်လှုပ်ရှားနေတော့မည် မဟုတ်။ ဗုဒ္ဓ၏ မဂ္ဂင်ရှစ်ပါး၌ ပါဝင်သော သမ္မာဝါယာမ၊ သမ္မာကမ္မန္တစသည်တို့မှာလည်း အချည်းနှီး ဖြစ်ရပေတော့မည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သမုဒယသစ္စာကို ဆင်ခြင်သုံးသပ်ရာ၌ ဗုဒ္ဓ၏ **ဝိဘဇ္ဇဝါဒ**[၂]နှင့်အညီ အလိုဆန္ဒအမျိုးမျိုးကို ခွဲခြားစိစစ်၍ အကောင်းအဆိုး သိမြင်နားလည်ရပေမည်။

တစ်နည်းဆိုသော် အလိုဆန္ဒကို တဏှာလောဘနှင့် ခွဲခြား၍ သိရှိနားလည်ရန် လို၏။ ပိဋကတ်စာပေ၌ 'ဆန္ဒ'ပုဒ်ကို တစ်ခါတစ်ရံ 'တဏှာ'၏နေရာ၌ သုံးစွဲထား၏။ သို့ရာတွင် ပါဠိပညာရှင် **မစ္စက်ရှိင်းစ်ဒေးဗစ်**က ထို ပါဠိပုဒ်နှစ်ခုအကြောင်း အောက်ပါ အတိုင်း ရေးသား၏။

---

၁။ **J.B.Pratt: The Pilgrimage of Buddhism, pp.25**

၂။ တ-၄၈

"ကျွန်ုပ်တို့သည် တဏှာ၏နေရာတွင် ဆန္ဒကို သုံးစွဲခြင်းဖြင့် ကိုယ်ကျင့်တရားနယ်၌ အတွေးအခေါ် ခေါင်းပါးအောင် မပြုသင့်။ ဆန္ဒသည် တဏှာနှင့် အဓိပ္ပာယ်ထပ်တူဖြစ်ပါက အလိုဆန္ဒဟူသမျှသည် ယုတ်ညံ့သောစိတ်များ ဖြစ်ရချေတော့မည်။ ---- ရမ္မက်သို့မဟုတ် ယုတ်ညံ့သောဆန္ဒသည်သာ တဏှာဖြစ်၏။ ဆန္ဒသည် ကျွန်ုပ်တို့၏ စိတ်ပညာ၌ ဝေဒနာစေတသိက်နှင့် စေတနာပေါင်းစပ်မှုဖြစ်၏။ အလိုရှိမှု သို့မဟုတ် ဆန္ဒသည် စေတသိက်ဖြစ်၍ အကောင်းမဟုတ်၊ မကောင်းလည်းမဟုတ်သော အဗျာကတ တရားဖြစ်၏။ ဓမ္မဆန္ဒသည် ကုသိုလ်စိတ်ဖြစ်၍ ဆန္ဒသည် ကာမဆန္ဒ (ဝါ)၊ တဏှာ ဖြစ်လာသောအခါ၌သာလျှင် အကုသိုလ်စိတ်အဖြစ်သို့ ပြောင်းလဲ၏။"[၁]

ဓမ္မဆန္ဒ (ဝါ) သမ္မာဆန္ဒကို မဂ္ဂင်ရှစ်ပါး၌ ထည့်သွင်းမထားခြင်းသည် အခြား အင်္ဂါများ၌ အကျုံးဝင်ပြီးဖြစ်သောကြောင့် ထည့်သွင်းမထားခြင်း ဖြစ်ရပေမည်။ သမ္မာ ဆန္ဒသည် သမ္မာဒိဋ္ဌိအပေါ်၌ အခြေပြုရမည်ဖြစ်၏။ သမ္မာဒိဋ္ဌိနှင့်ကင်း၍လည်း သမ္မာ သင်္ကပ္ပ၊ သမ္မာဝါယာမနှင့် သမ္မာကမ္မန္တ စသည်တို့ ဖြစ်ပေါ်လာမည် မဟုတ်ချေ။ ဤနေရာ၌ အမေရိကန် ဗုဒ္ဓစာပေပညာရှင်တစ်ဦး၏ ရေးသားချက်မှာ မှတ်သားဖွယ်ကောင်း ၏။

"ဗုဒ္ဓဒေသနာ၌လာသော ဝေါဟာရစကားများကို အဓိပ္ပာယ်ပြန်ဆိုရာ၌ ကျွန်ုပ် တို့သည် ဗုဒ္ဓ၏အပြုအမူကိုကြည့်၍ ပြန်ဆိုရပေမည်။ ဗုဒ္ဓသည် ၄၅ နှစ်ပတ်လုံး မိမိ လမ်းစဉ်အတိုင်း အစဉ်တစိုက် ကျင့်ကြံအားထုတ်ခဲ့၍ ထိုဗုဒ္ဓလမ်းစဉ်သည် ပိဋကတ် ဝေါဟာရစကားများကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ အလွန်အရေးကြီး၏။ ဗုဒ္ဓသည် အချို့သော ကိစ္စများကို ဆောင်ရွက်လိုသော ဆန္ဒရှိကြောင်း ထင်ရှား၏။ ဗုဒ္ဓ၏ အလိုဆန္ဒများသည် အကယ်၍ မပြည့်ဝပါက စိတ်ဆင်းရဲစေမည့် အလိုဆန္ဒမျိုးမဟုတ်စေကာမူ အလိုဆန္ဒ အစစ်ဖြစ်ကြောင်း ယုံမှားစရာမရှိချေ။ ဗုဒ္ဓသည် လူသတ္တဝါတို့ကို သနား၍ သံသရာဝဋ် ဆင်းရဲမှ ထွက်မြောက်ကြောင်းတရား ပြန့်ပွားစေရန် ဟောပြောခဲ့၏။ ရဟန်းသံဃာနှင့် လူပုဂ္ဂိုလ်တို့၏ ကြီးပွားတိုးတက်ရေးကိစ္စကို ကြိုးပမ်းဆောင်ရွက်ခဲ့၏။ ဗုဒ္ဓသည် ထိုရည်ရွယ်ချက်များကို ရှေးရှု၍ အစဉ်တစိုက် အားထုတ်ခဲ့သည်။ သို့ရာတွင် ထိုရည် ရွယ်ချက်များ အောင်မြင်စေလိုသော ဆန္ဒမရှိဟု ဆိုပါက ထိုစကားသည် အဓိပ္ပာယ်လုံးဝ ကင်းမဲ့သော စကားဖြစ်ရပေမည်။ သို့တည်းမဟုတ် 'ဆန္ဒ'ဟူသောစကားကို တစ်မျိုးတစ်ဖုံ အနက်အဓိပ္ပာယ် ပြန်ဆိုရပေလိမ့်မည်။"[၂]

ကုသိုလ်စိတ်မဟုတ်၊ အကုသိုလ်စိတ်လည်း မဟုတ်သော အလိုဆန္ဒကို အကုသိုလ် စိတ်ဖြစ်သော တဏှာလောဘနှင့် မည်သို့ခွဲခြားရပါမည်နည်း။ အချို့လူများသည် သမုဒယသစ္စာကို လွဲမှားစွာ သုံးသပ်၍ ဆင်းရဲဒုက္ခဖြစ်စေသော အလိုဆန္ဒအားလုံးကို

---

၁။ **S.Z.Aung: Compendium of Philosophy, pp. 245, footnote**

၂။ **J.B.Pratt: Pilgrimage of Buddhism, pp.26**

တဏှာလောဘဖြစ်သည်ဟု စွဲမှတ်ထားကြ၏။ သူတို့၏ ယူဆချက်မှန်ပါက ခြောက်နှစ်ဆင်းရဲဒုက္ခ ခံခဲ့ရသော ဘုရားအလောင်း သိဒ္ဓတ္ထ၏ တရားအစစ်အမှန် ရှာဖွေလိုသော ဆန္ဒမှာ တဏှာလောဘဖြစ်သည်ဟု ဆိုရချေတော့မည်။ အမှန်ဆိုသော် လူသား၏ ဆင်းရဲဒုက္ခသည် ယေဘုယျအားဖြင့် တဏှာလောဘ၌ အရင်းမူလရှိသော်လည်း ဒုက္ခအားလုံး၊ ထိုသို့မဟုတ် ရေဘေး၊ မီးဘေးစသော သဘာဝအန္တရာယ်များမှ ဖြစ်ပေါ်လာသော ဒုက္ခနှင့် လူသား၏ တိုးတက်မှုနှင့် ဒွန်တွဲနေသော ဒုက္ခများအကြောင်းကို ဒုက္ခသစ္စာအခန်း၌ ပြဆိုခဲ့ပေပြီ။ လူသား၏ စိတ်ကောင်းနှင့် စိတ်ယုတ်ဝိရောဓိဖြစ်မှု၌ အခြေခံသော ဆင်းရဲဒုက္ခမှာမူ အချို့သော ဗုဒ္ဓဒေသနာများ၌ ထင်ရှား၏။

"(ဗုဒ္ဓ) အို-ဥဒါယီ၊ သင် ဘယ်သို့ထင်သနည်း။ သူ့အသက်ကို သတ်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးခြင်း၊ ကာမဂုဏ်တို့၌ အမှားပြုကျင့်ခြင်း၊ မုသားပြောခြင်းကို ရှောင်ကြဉ်နေသောအခါ၌ စိတ်သည် စင်စစ်ချမ်းသာသည် ဖြစ်သလော။ ချမ်းသာ ဆင်းရဲရောလျက်နေသည် ဖြစ်သလော။

(ဥဒါယီ) အရှင်ဘုရား၊ ချမ်းသာဆင်းရဲ ရောလျက်နေပါ၏ (မဇ္ဈိမနိကာယ်၊ စူဠသကုလုဒါယီသုတ်)။

"ရဟန်းတို့၊ ပဉ္စုပ္ပန်အားထုတ်ဆဲ ခဏ၌ ဆင်းရဲငြိုငြင်၍ နောင်အခါ၌ ချမ်းသာမှုကိုဖြစ်စေသော တရားဆောက်တည်ခြင်းသည်ရှိ၏။ ဥပမာ အချို့သောသူတို့သည် သူတစ်ပါးအသက်ကို သတ်မှု၊ သူတစ်ပါးဥစ္စာကို ခိုးမှု၊ မှားသောအားဖြင့် မေထုန်မှီဝဲမှု၊ မဟုတ်မမှန်ပြောမှုစသည်တို့ကို ရှောင်ကြဉ်ခြင်းကြောင့် ဆင်းရဲစွာသော ဒေါမနဿဝေဒနာကို ခံစားကြရ၏။" (မဇ္ဈိမနိကာယ်၊ မဟာဓမ္မသမာဒါနသုတ်)

ဤသို့ ဆင်းရဲဒုက္ခခံ၍ သီလစောင့်ထိန်းသော ပုဂ္ဂိုလ်သည် ဗုဒ္ဓ၏ချီးမွမ်းခြင်းကို ခံရသောသူဖြစ်၏။ မိမိ၏ ကိုယ်ကျင့်တရား မြင့်မားမှု၊ ဘဝရပ်သည်မှု သို့တည်းမဟုတ် မိမိနိုင်ငံနှင့် လူမျိုးကောင်းစားရေးအတွက် ရဲဖန်ရံခါ ခံစားရသော ဒုက္ခအားလုံးကို ဗုဒ္ဓ၏ ဒုက္ခသစ္စာနယ်ထဲသို့ သွတ်သွင်းပါက ဗုဒ္ဓဝါဒသည် အချို့သော အနောက်တိုင်းသားတို့၏ စွပ်စွဲချက်နှင့်အညီ တစ်ဖက်စွန်းရောက် အဆိုးမြင်ဝါဒ ဖြစ်နေပေလိမ့်မည်။ လောက၌ အချို့ပုဂ္ဂိုလ်တို့သည် သမ္မာအာဇီဝဖြင့် ကြီးပွားချမ်းသာလိုသော ဆန္ဒရှိကြ၏။ အချို့မှာမူ မတရားသောနည်းဖြင့် အလျင်အမြန် ချမ်းသာကြွယ်ဝရန် ကြိုးစားကြ၏။ ဤပုဂ္ဂိုလ်နှစ်မျိုး၏ အလိုဆန္ဒများကို တဏှာလောဘဟူ၍ တစ်တန်းတစ်စားတည်း သတ်မှတ်ပါက ယထာဘူတ တရားနည်းလမ်းကျမည် မဟုတ်ချေ။

အချို့သော ပုဂ္ဂိုလ်တို့ကမူ မိမိ၏ ကြီးပွားချမ်းသာမှုကို ရှေးရှုသောဆန္ဒသည် တဏှာလောဘဖြစ်၍ သူတစ်ပါး၏ ကြီးပွားချမ်းသာမှုကို ရှေးရှုသောဆန္ဒသည် သမ္မာဆန္ဒဖြစ်သည်ဟု ဆိုကြ၏။ ဤအဆိုမှာ ဗောဓိသတ္တ (ဘုရားဆုပန်) လမ်းစဉ်ကို လိုက်နာသော မဟာယာနဝါဒနှင့် ကိုက်ညီမည်ဖြစ်သော်လည်း မူလဗုဒ္ဓဝါဒ၏ ခံယူ

ချက်မဟုတ်ချေ။ ဗုဒ္ဓ၏ အလိုအားဖြင့် လူသားသည် အတ္တဟိတ ပရဟိတနှစ်ပါးသော အကျိုးစီးပွားကို ဆောင်ရွက်၍ တစ်ခါတစ်ရံ မိမိ၏လွတ်မြောက်မှုအတွက် မိမိ၏ အကျိုးစီးပွားကို ဦးစားပေး ဆောင်ရွက်ရန် လိုအပ်၏။

အလိုဆန္ဒနှင့် တဏှာကို ခွဲခြားရန် တထစ်ချ စွဲမှတ်ထားရမည့် ဗုဒ္ဓဒေသနာမရှိ ရကား ကျွန်ုပ်တို့သည် ဗုဒ္ဓဒေသနာများကို စုံစုံစေ့စေ့ လေ့လာပြီးလျှင် ဗုဒ္ဓ၏ ဝိဘဇ္ဇဝါဒ နှင့်အညီ ဆင်ခြင်သုံးသပ်ရပေမည်။ ဓမ္မစကြာသုတ်၌ ဗုဒ္ဓဟောသော တဏှာသုံးမျိုးကို စဉ်းစားရန် လိုအပ်၏။

ထိုတဏှာသုံးမျိုးမှာ ကာမတဏှာ၊ ဘဝတဏှာနှင့် ဝိဘဝတဏှာဖြစ်၏။ ကာမ တဏှာ(ဝါ) ကာမဂုဏ် တပ်မက်မှုအကြောင်းမှာ လူတိုင်းသိရှိပြီးဖြစ်၍ အထူးရေးသား ရန် မလိုချေ။ ဘဝတဏှာ(ဝါ) ဘဝတပ်မက်မှုမှာ အတ္တဒိဋ္ဌိ သို့မဟုတ် သဿတဒိဋ္ဌိနှင့် ယှဉ်နေသော တဏှာဖြစ်၏။ သို့ရာတွင် အတ္တဝိညာဉ်နှင့် တမလွန်ဘဝကို မယုံကြည် သော သူတို့သည် ဘဝတဏှာကင်းသည်ဟု မဆိုနိုင်ချေ။ စင်စစ်သေလျှင် ဘဝပြတ် သည်ဟု ခံယူသော ရုပ်ဝါဒီတို့သည် အခြားလူများထက် ဘဝတဏှာ ပိုမိုအားကောင်း သော သူများဖြစ်ရန် အကြောင်းရှိ၏။ နာမည်ကျော် ရုပ်ဝါဒီသိပ္ပံပညာရှင်တစ်ဦးက မိမိသည် အသက်ကြီးလာလေ၊ သေရမည်ကို ကြောက်လာလေ ဖြစ်သည်ဟု ဝန်ခံရေး သားခဲ့၏။[၁] ယနေ့ အမေရိကန်နိုင်ငံ၌ အချို့ပုဂ္ဂိုလ်တို့သည် တစ်နေ့သောအခါ၌ သိပ္ပံ ပညာက လူသေကို အသက်ပြန်ရှင်အောင် ပြုလုပ်ပေးနိုင်လိမ့်မည်ဟူသော မျှော်လင့် ချက်ဖြင့် မိမိတို့ သေသောအခါ နဂိုမူလအတိုင်း ခန္ဓာကိုယ် ကြာရှည်လေးမြင့် တည်မြဲ နေစေရန် ငွေကြေးအမြောက်အမြား အကုန်ခံ၍ ကြိုတင်စီမံထားကြ၏။

သတ္တလောကကို ဘဝတဏှာ စိုးမိုးနေပုံနှင့် ဘဝတဏှာကြောင့် လူတို့ကမ္ဘာ သည် ဒုက္ခဘုံကြီး ဖြစ်နေပုံကို များစွာသော သာဓကယုတ္တိ၊ အထောက်အထားများနှင့် စုံစုံစေ့စေ့ တင်ပြခဲ့သော ယခုခေတ် ပညာရှင်သည်ကား ဂျာမန်ပညာရှင် **ရှိုပင်ဟွာ**ဖြစ်၏။ မူလပထမက **ရှိုပင်ဟွာ**သည် သာမန်အညတြ ဒဿနိကဆရာတစ်ဦး ဖြစ်နေရာမှ ဘဝ တဏှာအကြောင်း စာအုပ်ရေးသားပြီးနောက် ကမ္ဘာကျော် အသိပညာရှင်တစ်ဦး ဖြစ် လာ၏။[၂] သူ၏ ရေးသားချက်များမှာ ဗုဒ္ဓဝါဒနှင့် ကိုက်ညီ၍ ရှေ့အခန်းတစ်ခု၌ ဖော်ပြပါအံ့။

ဝိဘဝတဏှာသည် ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်၍ ဘဝပြတ်စဲမှုကို တောင့်တသော တဏှာဖြစ် သည်ဟု အဋ္ဌကထာများ၌ ပြဆိုထား၏။ **ဒေါက်တာရိုင်း(စ်)ဒေးဗစ်**ကမူ ဝိဘဝတဏှာ မှာ လူသေလျှင် ဘဝပြတ်သည်။ သို့ဖြစ်၍ မသေမီ ကာမဂုဏ်ချမ်းသာကို အစွမ်းကုန် ခံစားသင့်သည်ဟု ယုံကြည်သော ရုပ်ဝါဒီတို့၏ တဏှာဖြစ်ကြောင်း ရေးသား၏။[၃]

---

၁။ **T.H.Huxley.**

၂။ **Schopenhauer: The World as Will and Idea**

၃။ **T.W.Rhys Davids: Early Buddhism**

'ဝိ'သဒ္ဒါသည် ပြန့်ပြောခြင်း၊ လေးနက်ခြင်းစသော အနက်များကိုလည်းဟော၍ လန်ဒန် ပါဠိအသင်း၏ ပါဠိအဘိဓာန်၌ ဝိဘဝကို တန်ခိုးအာဏာ၊ စည်းစိမ်ချမ်းသာဟူ၍ ပြန်ဆိုထား၏။ သို့ဖြစ်၍ ဘဝတဏှာသည် လောက၌ ထင်ရှားကျော်စောမှု၊ တန်ခိုးအာဏာရှိမှု၊ အခြွေအရံပေါများမှုစသော ဝိသေသဂုဏ်များဖြင့် ထင်ရှား၍ သာမန်လူတို့ထက်ထူးသောဘဝကို တပ်မက်မှုဖြစ်သည်ဆိုက မှားမည်မဟုတ်ချေ။ သို့ဖြစ်ပါက ဤတဏှာသည် လူတို့၌ များစွာသိသာထင်ရှား၍ ဂျာမန်ဒဿနိကဆရာ **နီရှေး** အကျယ်ဖွင့်ဆိုရေးသားခဲ့သော **အာဏာနည်းမဟာလူသားဝါဒ**[၁] သည် ဝိဘဝတဏှာအပေါ်၌ အခြေပြုသော ဝါဒဖြစ်၏။

အဋ္ဌကထာဆရာတို့၏ အဆိုနှင့်အညီ ဝိဘဝတဏှာသည် သေပြီးနောက်၌ ဘဝပြတ်စဲလိုသော ဆန္ဒဖြစ်သည်မှန်ပါက နာမည်ကျော် စိတ်ပညာရှင်ကြီး **ဆစ်ဂမန်ဖရွိုက်** ထောက်ပြသော မိမိကိုယ်မိမိ ဖျက်ဆီးလိုသည့် မသိစိတ်ဖြစ်သည်ဟု ယူဆဖွယ်ရှိ၏။[၂] **ဖရွိုက်**၏ အဆိုအားဖြင့် မူလပထမက အခြားလူများကို ဖျက်ဆီးလိုသော အမျက်ဒေါသစိတ်သည် အကြောင်းအမျိုးမျိုးကြောင့် ပြင်ပသို့ထွက်ပေါက်မရသောအခါ အတွင်းသန္တာန်သို့ ပြားဦးလှည့်၍ မိမိကိုယ်ကို ဖျက်ဆီးလိုသော မသိစိတ်အဖြစ်သို့ ပြောင်းလဲသွား၏။ ဤလူ့စိတ်သဘာဝသည် အချို့လူများ ဘဝပြဿနာ ကြီးကြီးကျယ်ကျယ်မရှိဘဲ သတ်သေကြခြင်း၊ မိမိကိုယ်မိမိ တမင်သက်သက် ညှဉ်းပန်းနှိပ်စက်နေကြခြင်း၊ ချမ်းချမ်းသာသာ နေနိုင်ပါလျက် ကိုယ့်ဒုက္ခကိုယ် ရှာကြံဖန်တီးနေကြခြင်း စသည်များ၌ ထင်ရှား၏။ ဥရောပ ဗုဒ္ဓစာပေပညာရှင်တစ်ဦးက လူတို့၏ အဖျက်စိတ်သည် ဗုဒ္ဓဟောကြားခဲ့သော ဝိဘဝတဏှာဖြစ်ကြောင်း အောက်ပါအတိုင်း ရေးသားခဲ့၏။

"အချို့လူတို့သည် ကျွန်ုပ်တို့၌ မိမိကိုယ်မိမိ ဖျက်ဆီးလိုသော စိတ်ရှိခြင်းကို နားလည်ကြမည်၊ ယုံကြည်ကြမည် မဟုတ်ချေ။ ဤစိတ်သည် သိမ်မွေ့သော အသွင်လက္ခဏာဖြင့် လူတို့သန္တာန်၌ အမြဲကိန်းဝပ်လျက်ရှိ၏။ ဤစိတ်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ က ဗုဒ္ဓညွှန်ပြခဲ့သော ဝိဘဝတဏှာဖြစ်၏။ ဤသည်မှာ ယခုခေတ်စိတ်ပညာက မှန်ကန်ကြောင်း အတည်ပြုထားသော ဗုဒ္ဓဟောကြားချက်များထဲမှ အချက်တစ်ခုဖြစ်၏။ ကျွန်ုပ်တို့သည် တဏှာ၏ အပြုသဘောနှင့် အဖျက်သဘော နှစ်ခုစလုံးကို မသိမြင်ပါက ယင်း၏သဘာဝခြင်းရာကို ကောင်းစွာ နားလည်မည်မဟုတ်။ ယင်း၏ ချုပ်ငြိမ်မှုကို ရှာကြံနိုင်မည်လည်း မဟုတ်ချေ။ ဘဝကို တပ်မက်မှုသည် ဘဝကို ရွံမုန်းမှုနှင့်ယှဉ်နေ၍ ထိုတရားနှစ်ပါး၏ ဝိရောဓိဖြစ်မှုသည် ဆင်းရဲဒုက္ခ ခံစားရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်၏။"[၃]

---

၁။ **Nietzsche's Superman and the Will-to-Power**

၂။ **Sigmund Freud's Death-instinct or Thanatos**

၃။ **M.O.C. Walshe: Buddhism for Today, pp. 37**

အမှန်ဆိုသော် ဗုဒ္ဓဟောသော တဏှာသုံးမျိုးသည် မူလအစက ကာမဂုဏ်ခံစားလိုမှု၊ မိမိကိုယ်ကို စောင့်ရှောက်လိုမှု၊ မိမိအား အန္တရာယ်ပြုမည့် ရန်သူကို တိုက်ခိုက်လိုမှုဟူသော အလိုဆန္ဒများ အပြင်မှ တဏှာအဖြစ်သို့ ပြောင်းလဲသွားကြခြင်း ဖြစ်၏။ ထိုမူလ အလိုဆန္ဒများသည် လူ့လောက အကျိုးစီးပွားသို့ ဦးတည်၍ အပြုသဘောဆောင်သော စေတသိက်များဖြစ်၏။ တဏှာဖြစ်လာသောအခါ၌မူ လောဘ၊ ဒေါသ၊ မောဟ ကရားများနှင့် ယှဉ်နေ၍ အဖျက်သဘော လက္ခဏာများဖြင့် ထင်ရှား၏။ ကိလေသာနယ်၌ရှိသော တဏှာကို ပယ်သတ်ရန် မလွယ်ကူချေ။ သို့ဖြင့် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် သားမယားကို စွန့်လွှတ်၍ ရဟန်းပြုခဲ့သော်လည်း ပုထုဇဉ်သတ္တဝါများမှာ ကာမတဏှာ၏ နှောင်ဖွဲ့ခြင်းကို ခံနေကြရ၏။

တဏှာကို ပယ်သတ်ရန် အားထုတ်ရာ၌ ကျွန်ုပ်တို့၏ ပညာအရည်အချင်း အတွေ့အကြုံနှင့်၊ သက်အရွယ် စသည်တို့သည် အရေးမပါလှချေ။ အချို့သော အသိပညာရှင်များ၊ အသက်ကြီးရွယ်အိုများနှင့် ဘဝမျိုးစုံ ကျင်လည်ခဲ့သူများ တဏှာ၏စိုးမိုးမှု ခံနေကြရခြင်းမှာ မျက်မြင်အထင်အရှားဖြစ်၏။ များစွာသော လူတို့၌ တဏှာသည် မသိစိတ်ဖြစ်၍ သွယ်ဝိုက်သောနည်းဖြင့် အပြုအမူ၊ အပြောအဆိုများ၌ ထွက်ပေါက်ရှာတတ်၏။

သို့ဖြင့် လူတို့သည် ပုံပြင်ထဲမှ စပျစ်သီးချဉ်သည်ဆိုသော မြေခွေးကဲ့သို့ မိမိတို့၏ အလိုဆန္ဒများအတွက် မဆီမဆိုင် အကြောင်းများ ပြတတ်ကြ၏။ အစားမက်သောသူသည် မိမိ၏ ကျန်းမာရေးအတွက် အစားကောင်းကောင်း စားရပါသည်ဟု ဆိုပေလိမ့်မည်။ သူတစ်ပါး စည်းစိမ်ဥစ္စာကို မရှုစိမ့်သောသူသည် ပစ္စည်းဥစ္စာ၏ အနိစ္စသဘောရှိသည့်အကြောင်းကို မကြာခဏ ပြောဆိုတတ်၏။ လူတို့သည် မိမိတို့၏ အလိုဆန္ဒဆိုးများကို သူခိုးကလူ-လူဟစ်သကဲ့သို့ သူတစ်ပါး၌ မြင်တတ်ကြ၏။ အမေရိကန်နိုင်ငံ၌ တစ်ခါက လူတို့ ကာမသောင်းကျန်းမှုကို အပြင်းအထန် ကဲ့ရဲ့ရှုတ်ချသော တရားဟောဆရာအချို့မှာ နောက်ကာလ၌ တိတ်ကိတ်ပုန်း ကာမဖောက်ပြန်နေသူများဖြစ်ကြောင်း တွေ့ရှိကြရ၏။ အချို့သောလူတို့ စကားများသည် အလိုဆန္ဒကို ဖုံးဖိကာကွယ်သောစကားများဖြစ်ကြောင်း သိသာထင်ရှား၏။ "သူက ကျုပ်အပေါ် ဒီလောက်မတရားပြုကျင့် နှိပ်စက်ခဲ့ပေမယ့် ကျုပ်က ရန်ငြိုးမထားပါဘူး။ သူ ကျန်းမာချမ်းသာပါစေလို့ နေ့တိုင်း မေတ္တာပို့သပါတယ်"ဆိုသော စကားမှာ သဘာဝယုတ္တိကင်းမဲ့၍ ဆန့်ကျင်ဘက်အဓိပ္ပာယ် ဖော်ညွှန်းသောစကားဖြစ်၏။ ကွန်မြူနစ်အစိုးရတို့သည် ပြည်သူ့သတင်းစာ၊ ပြည်သူ့လွှတ်တော်၊ ပြည်သူ့တပ်မတော်စသည်ဖြင့် 'ပြည်သူ'ဆိုသောစကားကို အလျှံပယ်သုံးစွဲကြ၏။ ထိုသို့သုံးစွဲခြင်းမှာ သူတို့၏ အာဏာရှင်စနစ်ကြောင့် ပြည်သူလူထုနှင့်ကင်းကွာနေမှုကို ဖုံးကွယ်ရန် လုပ်နည်းတစ်ရပ်ဖြစ်၏။

မသိစိတ်ဖြစ်နေသော တဏှာကို နှိပ်ကွပ်ရန်မှာ လွယ်ကူသော ကိစ္စမဟုတ်ချေ။

အကြောင်းမှု ထိုအခါ၌ လူသည် မသိစိတ်၏ လှည့်စားခြင်းကိုခံရ၍ အကြောင်းအကျိုး၊ အကောင်းအဆိုးကို သိမြင်ရန် အလွန်ခက်ခဲ၏။ စိတ်ပညာကျမ်းများ၌ မသိစိတ်လို အင်ဆန္ဒများကြောင့် ကိုယ်ခန္ဓာရောဂါ၊ သို့မဟုတ် စိတ္တဇဝေဒနာ ခံစားနေရသောသူများအကြောင်း ဖော်ပြထား၏။ တဏှာ၏ အနှောင်အဖွဲ့မှ ကင်းလွတ်ရန် ကျွန်ုပ်တို့အားထုတ်ပြုလုပ်ရမည့်ကိစ္စမှာ ကာမဂုဏ်အာရုံများကို စွဲလမ်းမှု နည်းပါးစေရန်ဖြစ်၏။ ကာမတဏှာသည် တဏှာအားလုံး၏ အရင်းမူလဖြစ်၍ ကာမဂုဏ်ချမ်းသာကို အလွန်အမင်း မမက်မောသောပုဂ္ဂိုလ်သည် အခြားလူများလောက် တဏှာ၏ ဖိစီးနှိပ်စက်ခြင်းကို ခံရမည် မဟုတ်ချေ။

တဏှာသည် ရင့်သန်ကြီးထွားသောအခါ ဥပါဒါန်ဖြစ်လာ၏။ ဥပါဒါန်သည် ပြင်းပြမြဲမြံစွာ စွဲလမ်းမှုဖြစ်၍ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်နှင့် အတ္တဝါဒုပါဒါန်ဟူ၍ လေးပါးအပြားရှိ၏။

ယခုခေတ်၌ ကာမုပါဒါန်သည် ကြီးပွားတိုးတက်၍ ချမ်းသာကြွယ်ဝသော အနောက်နိုင်ငံများ၌ အထူထင်ရှား၏။ အမေရိကန်ပြည်ထောင်စု၌ ဆယ်ကျော်သက်ရွယ် မိန်းမငယ်များ အပျော်ကြူး၍ ကိုယ်ဝန်ဖျက်ချရသည်မှ ဖအေက သမီးအား မတရားပြုကျင့်သည်အထိ ကာမသောင်းကျန်း၍ ကိုယ်ကျင့်တရား ဆိုးဆိုးရွားရွား ပျက်ပြားနေမှုများ အကြောင်းကို သူတို့ သတင်းဂျာနယ်များ၌ မကြာခဏ ဖတ်ရှုရ၏။ ကာမဂုဏ် ခံစားလိုသော ဆန္ဒလွန်ကဲမှုကြောင့် မတရားသောနည်းဖြင့် စီးပွားရှာသောသူ၊ မူးယစ်ဆေးဝါး စွဲလမ်းသူ၊ ရာဇဝတ်ပြစ်မှု ကျူးလွန်သူနှင့် ကိုယ်ခန္ဓာ ခုခံစွမ်းအားကျဆင်းသောရောဂါ စွဲကပ်နေသူများမှာလည်း နှစ်စဉ် ကြောက်ခမန်းလိလိ တိုးပွားလျက်ရှိ၏။

လူတို့၏ ကာမဆန္ဒကို ဖြည့်စွမ်းပေးသော ယခုခေတ် 'ဇိမ်ခံ'ပစ္စည်းများသည် တစ်ဖက်၌ ကောင်းကျိုးပြုသည်နှင့်အမျှ အခြားတစ်ဖက်၌ ဆိုးကျိုးသက်ရောက်မှုကို ကျွန်ုပ်တို့ မျက်ကွယ်မပြုသင့်ချေ။ မော်တော်ကားတိုက်မှုကြောင့် ကမ္ဘာပေါ်၌ နှစ်စဉ် လူများ သန်းနှင့်ချီ၍ သေဆုံးကြရ၏။ အမြဲကားနှင့် သွားလာသောသူများ ခန္ဓာကိုယ်လှုပ်ရှားမှုနည်းပါး၍ နလုံးရောဂါ ခံစားကြရ၏။ ကားပေါများသော အနောက်နိုင်ငံမြို့ကြီးများ၌ ကားမှထွက်ပေါ်လာသော ဓာတ်ဆီအနိုးအငွေ့များကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းနေသည်ဆို၏။ ယနေ့ လူတို့အသည်းစွဲဖြစ်သော တီဗီ (ရုပ်မြင်သံကြား) စက်သည်လည်း အမြဲတစေ ကောင်းကျိုးပေးမည့် ပစ္စည်းမဟုတ်ချေ။ အနောက်နိုင်ငံများ၌ တီဗီကြောင့် လူအများ စာဖတ်မှုနည်းပါး၍ ပညာဗဟုသုတ အဆင့်အတန်းသိသိသာသာ နိမ့်ကျနေကြောင်း ကြားသိရ၏။

ရှင်ဗုဒ္ဓဃောသ၏ အဆိုအားဖြင့် သီလဗ္ဗတုပါဒါန်သည် နွား၊ ခွေးစသည်တို့၏ အကျင့်ကို စင်ကြယ်သည်ဟူသော စွဲလမ်းမှုဖြစ်၏။

အရိယာပုဂ္ဂိုလ်တို့ ပယ်ဖြတ်ရမည့် သံယောဇဉ်ဆယ်ပါးတွင် သီလဗ္ဗတပရာမာသသည် တစ်ပါးအပါအဝင်ဖြစ်၏။ များစွာသော ယခုခေတ် ဗုဒ္ဓဝါဒီတို့သည် အကျင့်သီလ စင်ကြယ်မှုကို ဗုဒ္ဓကျင့်စဉ်၏ နောက်ဆုံးပန်းတိုင်အဖြစ် စွဲမှတ်ထားကြ၏။ ဤအကျင့်သီလ စွဲလမ်းမှုသည် ဗုဒ္ဓဒေသနာများနှင့် ဆန့်ကျင်ကြောင်း 'အကျင့်သီလ' အခန်း၌ ပြဆိုပါအံ့။

အဋ္ဌကထာများ၌ အတ္တဝါဒုပါဒါန်ကို အတ္တရှိသည်ဟု စွဲလမ်းယုံကြည်မှုဟူ၍ ဖွင့်ဆိုထား၏။ **ဦးရွှေဇံအောင်**ကမူ အတ္တနှင့်စပ်သော အယူတစ်ခုခု၌ စွဲလမ်းမှုဟု ပြန်ဆိုထား၍ ထိုအနက်အဓိပ္ပာယ်က ပိုမိုမှန်ကန်သည်ဟု ယူဆဖွယ်ရှိ၏။ 'ပညာရှိခွဲ ခင်မင်တွယ်တာစရာ သားသမီး၊ ကျွဲနွားလယ်ယာလယ်မြေမရှိ၊ အတ္တနှင့်စပ်လျဉ်း၍ 'ဤသို့ဖြစ်သည်'၊ 'ဤသို့မဟုတ်' ဟူသော ဒိဋ္ဌိအယူ တစ်စုံတစ်ရာသည်လည်း မရှိ။ (သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ ပုရာဘေဒသုတ်)။ စင်စစ်ဗုဒ္ဓသည် အနတ္တတရား ဟောကြားရာ၌ လူတို့အား အစွဲဥပါဒါန် မဖြစ်စေရန် 'အတ္တမရှိ'ဟု မဆိုဘဲ 'ခန္ဓာငါးပါးသည် အတ္တမဟုတ်' ဟု မယုတ်မလွန် ဟောကြားခဲ့ပါလျက် အချို့လူများသည် အနတ္တတရားကို အစွဲဥပါဒါန်ဖြင့် ရှုမြင်သုံးသပ်၍ နတ္ထိကဝါဒ၊ ရုပ်ဝါဒများနှင့် ရောထွေးထင်မှားခဲ့ကြခြင်းကို အထက်က ဖော်ပြခဲ့ပေပြီ။

ဓမ္မသင်္ဂဏီနှင့် ဝိသုဒ္ဓိမဂ်၌ ဒိဋ္ဌုပါဒါန်ကို မှားသောအယူ၌ ပြင်းစွာစွဲလမ်းမှုဟူ၍ ပြန်ဆိုထား၏။

ဒဿနိကဆရာကြီး *ဘာထရန်ရပ်ဆယ်*က လောက၌ ရာခိုင်နှုန်းပြည့် သေချာမှန်ကန်သောအရာဟူ၍ မရှိပါဟု ရေးသားခဲ့၏။ အမှန်တရားကို လူအများ လိုလားနှစ်သက်သော်လည်း အသိပညာနှင့်မယှဉ်ဘဲ အစွဲဥပါဒါန်ဖြင့် ကျင့်သုံးပါက အကျိုးယုတ်တတ်ကြောင်း ယုံမှားစရာမရှိချေ။ ထို့ကြောင့် နိုင်ငံအစိုးရတို့သည် နိုင်ငံရေးကို ဘာသာရေးနှင့် မရောထွေးစေဘဲ ခွဲခြား၍ ဆောင်ရွက်ကြရ၏။ သံယုတ္တနိကာယ်နှင့် ဝိနည်းပိဋကတ်၌ ဒုက္ခသစ္စာကို အစွဲဥပါဒါန်ဖြစ်၍ မိမိကိုယ်မိမိ သတ်သေကြသော ရဟန်းများအကြောင်း ဖော်ပြထား၏။ ဗုဒ္ဓ၏ သမုဒယသစ္စာကို အစွဲဥပါဒါန်ဖြင့် မဆင်မခြင် တရားသေစွဲမှတ်ကျင့်သုံးပါက အကျိုးစီးပွား ဆုတ်ယုတ်မည် အမှန်ဖြစ်၏။ သို့ဖြစ်၍ ဗုဒ္ဓသည် တရားဟောရာ၌ ကြားနာသောပုဂ္ဂိုလ်၏ အသိဉာဏ် အနုအရင့်နှင့် အခြားအကြောင်းအချက်များကို ထည့်သွင်းစဉ်းစား၍ ဟောတော်မူကြောင်း၊ တစ်ခါတစ်ရံ မိမိအား မေးလျှောက်ချက်ကို မတုံ့ပြန်ဘဲ ဆိတ်ဆိတ်နေတော်မူကြောင်း 'ဗုဒ္ဓ' အခန်း၌ ပြဆိုခဲ့ပေပြီ။

---

၁။ **S.Z. Aung, op. cit, pp.171 - Rites and Ceremonies.**
**Nyanatiloka: Buddhist Dictionary, pp. 148**

လူတို့၌ ဒိဋ္ဌုပါဒါန် စွဲကပ်ခြင်း၏ မူလအကြောင်းရင်းမှာ အသိပညာ နည်းပါးမှု ဖြစ်၏။ သို့ဖြင့် အချို့အနောက်တိုင်းသာ များသည် ဗုဒ္ဓစာပေကို နှံ့နှံ့စပ်စပ် မလေ့လာဘဲ ဗုဒ္ဓတရားကို အဆိုးမြင်ဝါဒအဖြစ် စွဲမှတ်ထားကြ၏။ သိပ္ပံပညာစွဲ ဥပါဒါန်ဖြင့် ဘာသာတရားကို ပုတ်ခတ်ပြောဆိုသော ယခုခေတ် ပညာတတ်ပုဂ္ဂိုလ်များသည် အများအားဖြင့် သူတို့အထင်သေးသော ဘာသာတရားနှင့် သူတို့အထင်ကြီးသော သိပ္ပံပညာကို ကျယ်ကျယ်ပြန့်ပြန့်၊ ခြေခြေမြစ်မြစ် မသိနားမလည်သော သူများဖြစ်၏။ သိပ္ပံပညာရှင်တို့ကိုယ်တိုင် အသိအမှတ်ပြုထားသော သိပ္ပံပညာ၏ နယ်နိမိတ် ကန့်သတ်ချက်ဟာကွက်၊ အားနည်းချက်များကို ကျေကျေညက်ညက် သိမြင်နားလည်ပါက ဘာသာတရားကို ဆန့်ကျင်သော ဒိဋ္ဌုပါဒါန် စွဲကပ်မည်မဟုတ်ချေ။[၁]

ဗုဒ္ဓ၏ မဇ္ဈိမပဋိပဒါတရားသည် ဒိဋ္ဌုပါဒါန်ကို ရှောင်ကြဉ်ရန် ညွှန်ပြသော တရားဖြစ်၏။ ဗုဒ္ဓလမ်းစဉ်သည် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ၊ အတ္တဟိတနှင့် ပရဟိတ၊ ပရမတ္ထသစ္စာနှင့် သမုတိသစ္စာ စသည်တို့အကြား အလယ်လမ်းစဉ်ဖြစ်၏။ အလယ်လမ်းစဉ်သည် အယူဝါဒ၊ အစွဲဥပါဒါန်ရှိသော ပုဂ္ဂိုလ်အဖို့ မဟုတ်ချေ။ ထိုပုဂ္ဂိုလ်အဖို့ အလယ်လမ်းစဉ်ဟူ၍ မရှိ။ သူ၏ အမြင်အားဖြင့် မပီပြင်မကြည်လင်သော ဉာဏ်အမြင်ဖြင့် တွေဝေနေသောသူဖြစ်၏။ သို့ဖြစ်၍ အယူဝါဒစွဲရှိသော ပုဂ္ဂိုလ်သည် မိမိ၏ အယူကို အကြောင်းတစ်စုံတစ်ခုကြောင့် စွန့်လွှတ်သောအခါ အခြားတစ်ဖက်စွန်း ဝါဒစွဲ ဥပါဒါန်နယ်ထဲသို့ ရောက်ရှိသွားတတ်၏။ ရှေးအခါက ကွန်မြူနစ်ရုပ်ဝါဒကို ဦးထိပ်ထားခဲ့သော ဆိုဗီယက်ပြည်ထောင်စုနိုင်ငံ၌ ယခုအခါ ပျောက်စေဆရာ၊ မနောမယိဒ္ဓိဝိဇ္ဇာ, အခြားဂြိုဟ်များမှ ပုဂ္ဂိုလ်သတ္တဝါ စသည်များကို ယုံကြည်သောသူ ပေါ်များလာကြောင်း သိရှိရ၏။

ပုထုဇဉ် သတ္တဝါမှန်သမျှသည် အယူဝါဒစွဲ အနည်းအများ ရှိစမြဲဖြစ်၏။ စူးစမ်းလေ့လာရာ၌ ဘက်လိုက်မှု စွဲလမ်းမှုမရှိရန် အထူးအရေးကြီးကြောင်း သိရှိနားလည်သော သိပ္ပံပညာရှင်များသည် အခါခပ်သိမ်း ဒိဋ္ဌုပါဒါန် ကင်းရှင်းကြသည်မဟုတ်ချေ။ အချို့သိပ္ပံဆရာတို့သည် သူတို့ ရုပ်ဝါဒနှင့် ဆန့်ကျင်သော လူတို့အစဉ်အလာ၊ ယုံကြည်ချက်အားလုံးကို စူးစမ်းမနေဘဲ အမြဲပယ်ထားကြ၏။ သို့ရာတွင် သိပ္ပံဆရာတို့၏ ဝါဒစွဲဥပါဒါန်မှာ ဘာသာရေးနှင့် နိုင်ငံရေးဝါဒစွဲ ဥပါဒါန်လောက် ပြင်းထန်ဆိုးရွားခြင်း မရှိချေ။ ဒိဋ္ဌုပါဒါန် စွဲကပ်နေသော ဘာသာရေးသမားနှင့် နိုင်ငံရေးသမားတို့သည် မိမိတို့နှင့် ယုံကြည်ချက် မတူသောသူများကို မိစ္ဆာဒိဋ္ဌိ သို့မဟုတ် ဖောက်ပြန်ရေးသမားဟု ခေါ်ဝေါ်၍ မနှစ်သက်ကြချေ။

ရှေးအခါက ဥရောပတိုက်၌ ဘာသာဝါဒစွဲ ဥပါဒါန်ကြီးမားမှုကြောင့် ရက်စက်ကြမ်းကြုတ်သော ဘာသာရေးနှိပ်ကွပ်မှုများနှင့် ဘာသာရေးစစ်ပွဲများ ဖြစ်ပွားခဲ့၏။

၁။ "သိပ္ပံပညာ စူးစမ်းမှုနှင့် သိပ္ပံပညာသဘော" အခန်း-၁၈

ယခုခေတ်၌မူ ဘာသာတရားများ အားနည်းလာ၍ ဘာသာဝါဒစွဲ ဥပါဒါန်မှာ ပြောပလောက်အောင် အန္တရာယ်မရှိတော့ချေ။ သို့ရာတွင် နိုင်ငံရေးဝါဒစွဲ ဥပါဒါန်သည် တစ်ပါတီ အာဏာရှင်စနစ်နှင့် ပေါင်းစည်း၍ ခက်ထန်ကြမ်းတမ်းသော အသွင်လက္ခဏာ ဆောင်လာ၏။ နိုင်ငံရေးဝါဒ တိုက်ပွဲမှအစပြု၍ နောင်တစ်နေ့တွင် ကမ္ဘာဖျက် အဏုမြူ စစ်ကြီးဖြစ်မည့်အရေးကို တစ်ခါက မျှော်တွေးရင်လေးခဲ့ကြရ၏။ အာဏာရှင်နိုင်ငံ အစိုးရတို့သည် သူတို့၏ ဝါဒအောင်မြင်ရေးအတွက် လူတို့ကို ဖိနှိပ်ချုပ်ချယ်၍ များစွာသော ကမ္ဘာသူကမ္ဘာသားတို့သည် နှစ်ပေါင်းများစွာ လူ့အခွင့်အရေးများ ဆုံးရှုံးခဲ့ကြရ၏။

စင်စစ် ဒိဋ္ဌုပါဒါန်သည် အနုသယ ကိလေသာတရားဖြစ်၍ ယင်းကို အထူးပြစ်တင်ရှုတ်ချသော ဗုဒ္ဓဝါဒ ထွန်းကားသည့်နိုင်ငံများ၌ပင် လူတို့သည် ဝါဒစွဲဥပါဒါန်မှ အမြဲကင်းလွတ်သည်ဟု မဆိုသာချေ။ ဗုဒ္ဓဘာသာ ကမ္ဘောဒီးယားနိုင်ငံ၌ ခမာနီတို့ ကြီးစိုးစဉ်က လူများသန်းနှင့်ချီ၍ ရက်စက်စွာ အသတ်ခံခဲ့ကြရ၏။ သီဟိုဠ်ကျွန်း၌ ကျေးကုလား အမြောက်အမြားကို သတ်မိသောကြောင့် နတ်ရွာစံခါနီး၌ စိတ်နှလုံး ပူပန်မိသော ဒုဋ္ဌဂါမဏိမင်းအား မိစ္ဆာတတ္ထိတို့ကိုသတ်သော အပြစ်မှာ အသေးအဖွဲ ဖြစ်လေဟန် ရဟန်းဘုန်းကြီးများက မိန့်ကြားကြောင်း မဟာဝင်၌ ဖော်ပြထား၏။ ရှေးတိဗက်နိုင်ငံ၌ ရဟန်းတို့ကို နှိပ်စက်ညှဉ်းပန်းသော ဘုရင်တစ်ပါးကို လုပ်ကြံသတ်ဖြတ်သည့် ဘုန်းကြီးတစ်ပါးကို နိုင်ငံသမိုင်းဆရာတို့က ချီးကျူး၍ နောက်ကာလ၌ ရဟန္တာအဖြစ် အသိအမှတ်ပြုကြ၏။[၁] မြန်မာနိုင်ငံတွင် မင်းတုန်းမင်းလက်ထက်က ရဟန်းသံဃာနှင့် ဆန့်ကျင်၍ တရားဟောပြောသော ဓာတ်ဆရာဦးပိုမှာ ကွပ်မျက်ခံရသည်ဆို၏။ အင်္ဂလိပ်အစိုးရ လက်ထက်က စာပေကျမ်းဂန် ကျွမ်းကျင်နှံ့စပ်သော နာမည်ကြီး ဆရာတော်တစ်ပါးမှာ ဗုဒ္ဓဝါဒီအများ လက်မခံသော စာတမ်းတစ်စောင် ရေးသားမိသဖြင့် ပကာသနိယကံ ပြုခြင်းခံခဲ့ရ၏။

မည်သို့ဖြစ်စေ ဗုဒ္ဓသည် လူတို့အား ဝါဒစွဲဥပါဒါန်ကိုပယ်ရန် အလေးအနက် အကြိမ်ကြိမ်ဟော၍ ကိုယ်တော်တိုင် စံနမူနာပြခဲ့ကြောင်း ကျွန်ုပ်တို့ သိမှတ်ထားရပေမည်။ အခြားဝါဒများနှင့် အခြားဝါဒီတို့အပေါ်၌ သဘောထားကြီးမှုသည် ဘာထရန်ရပ်ဆယ်နှင့် အခြားကမ္ဘာ့အသိပညာရှင်တို့က ချီးကျူးသော ဗုဒ္ဓဓမ္မဂုဏ်တော်ဖြစ်၏။ ဗုဒ္ဓဝါဒသည် ပုဂ္ဂိုလ်ကိုးကွယ်မှုနှင့် အာဏာရှင်စနစ်ကို ဆန့်ကျင်၍ လူသတ္တဝါအသီးသီး၏ ပုဂ္ဂလိက လွတ်လပ်မှုကို လေးစား၏။ ဗုဒ္ဓဝါဒီတို့ အထူး သတိပြုသင့်သောအချက်မှာ လွတ်လပ်မှုဟူသည် အမျိုးမျိုး၊ အစားစားရှိ၍ လွတ်လပ်စွာ ယုံကြည်မှု၊ လွတ်လပ်စွာ ပြော ဆိုမှု စသည်တို့ကို လိုလားအပ်သည်မှန်၏။ သို့ရာတွင် အရေးအကြီးဆုံး လွတ်လပ်မှုမှာ အစွဲဥပါဒါန်အားလုံးကင်းသော လွတ်လပ်မှုဖြစ်၍ ဗုဒ္ဓဝါဒသည် ထိုစစ်မှန်သော လွတ်လပ်မှု၊ (ဝါ) လွတ်မြောက်မှုသို့ ဦးတည်သော ဝါဒဖြစ်ကြောင်း မမေ့သင့်ချေ။

---

၁။ **Edward Conze: Buddhism, pp.65**

(ခ) ပဋိစ္စသမုပ္ပါဒ်

တဏှာဥပါဒါန်ကြောင့် ဆင်းရဲဒုက္ခဖြစ်မှု (ဝါ) သမုဒယသစ္စာကို စုံစုံစေ့စေ့ အကျယ်ရှင်းပြသော ဗုဒ္ဓတရားမှာ ပဋိစ္စသမုပ္ပါဒ်တရားဖြစ်၏။ ပဋိစ္စသမုပ္ပါဒ်သည် ကမ္ဘာကို ဖန်ဆင်းသော ထာဝရဘုရားမရှိ။ ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝလည်းမရှိသော သင်္ခါရလောက၌ ရုပ်နာမ်နှစ်ပါးဖြစ်စဉ်၌ ပါဝင်သော သင်္ခါရတရားများ အကြောင်း အကျိုးဆက်သွယ်နေမှုကို ဖော်ပြ၏။ အကြောင်းအကျိုး နိယာမတရားပေါ်၌ အခြေပြုသော၊ လေးနက်သော ဤဗုဒ္ဓဒေသနာကို လေ့လာရာ၌ ရှေးဦးစွာ အကြောင်းအကျိုးဟူသော စကား၏ အနက်အဓိပ္ပာယ်ကို မှန်ကန်စွာ သိမြင်နားလည်ရန် လိုအပ်၏။

ဗုဒ္ဓဝါဒနည်းတူ သိပ္ပံပညာသည် အကြောင်းအကျိုးကို အထူးအလေးထားသော ပညာဖြစ်၏။ သိပ္ပံပညာရှင်တို့၏ အလိုအားဖြင့် အကြင်တရားနှစ်ပါးသည် အမြဲ ရှေ့ဆင့်နောက်ဆင့် ဖြစ်ပေါ်၍ ရှေ့တရားသည် နောက်တရားဖြစ်ပေါ်ရန်အတွက် ပြီးပြည့်စုံသည်၊ လိုအပ်သည်လည်း ဖြစ်ပါက ထိုရှေ့တရားသည် အကြောင်းတရား ဖြစ်၍ နောက်တရားသည် အကျိုးတရားဖြစ်၏။ သို့ရာတွင် ဤအဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် ညီညွတ်သော အကြောင်းတရားကို ရှာဖွေရန် မလွယ်ကူချေ။ စင်စစ် သင်္ခါရဓမ္မတစ်ခု၌ များစွာသော အချက်များပါဝင်၍ ထိုအချက်များ စုပေါင်းဆောင်ရွက်သောကြောင့် အကျိုးတရား ဖြစ်ပေါ်လာခြင်း ဖြစ်၏။ တစ်နည်းဆိုသော် ထိုအချက်များသည် အကျိုးတရား ဖြစ်ပေါ်စေရန် ထောက်ကူသော ပစ္စယတရားများဖြစ်၏။ ယင်းတို့တွင် အရေးအပါဆုံး ပစ္စယတရားကို အကြောင်းတရားဟု ခေါ်ဆိုရပေမည်။[၁]

ဥပမာ ယနေ့ ကမ္ဘာပေါ်၌ လူအများ အဆုတ်ကင်ဆာဖြစ်ခြင်းသည် ဆေးလိပ်သောက်မှုကြောင့် ဖြစ်သည်ဆို၏။ သို့ရာတွင် ဆေးလိပ်သောက်သောသူတိုင်း အဆုတ်ကင်ဆာဖြစ်ခြင်း မရှိ။ အဆုတ်ကင်ဆာ ဖြစ်သောသူတိုင်းလည်း ဆေးလိပ်သောက်သောသူများ မဟုတ်သောကြောင့် အဆုတ်ကင်ဆာဖြစ်ခြင်း၌ အခြားအကြောင်းများ ရှိရပေမည်။ ဆေးလိပ်သောက်ခြင်းသည် အဓိကပစ္စယတရား (ဝါ) အကြောင်းတရားဖြစ်ကောင်း ဖြစ်ပေမည်။ သို့ဖြစ်စေကာမူ တိကျခိုင်မာသော အထောက်အထားများ မတွေ့ရသေးသောကြောင့် ဆေးသိပ္ပံပညာရှင်တို့က အဆုတ်ကင်ဆာနှင့် ဆက်သွယ်နေသော အကြောင်းတစ်ခု အဖြစ်ဖြင့်သာ အသိအမှတ်ပြုထားကြ၏။

ဗုဒ္ဓဝါဒ၌ အကြောင်းတရားကို ရှုမြင်သုံးသပ်မှုသည် သိပ္ပံပညာ၏ ခံယူချက်နှင့်အညီ ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ်၌ ပါဝင်သော အဝိဇ္ဇာ၊ သင်္ခါရ စသော အင်္ဂါတစ်ဆယ့်နှစ်ပါးသည် တစ်ခုနှင့်တစ်ခု ပစ္စယသတ္တိဖြင့် ဆက်စပ်လျက်ရှိ၏။ **ဦးရွှေဇံအောင်**၏ အဆိုအားဖြင့် ပစ္စယသည် ဆက်သွယ်မှုဟူသော အနက်ကိုဟော၏။ "ပစ္စယသည် ပစ္စယုပ္ပန်အကျိုးတရားဖြစ်စေရန် ကူညီထောက်ပံ့သော တရားဖြစ်၏။ ယင်းသည်

၁။ "သိပ္ပံနည်းစူးစမ်းမှုနှင့် သိပ္ပံပညာသဘော" အခန်း-၈

အကျိုးတရားကို မဖြစ်ပေါ်စေဘဲ ရှိသော်ရှိပေမည်။ သို့သော် ယင်းသည် အကျိုးတရားဖြစ်မှုကို ကျေးဇူးပြု၏။[၁] "ဥပမာ သေနတ်မှ ကျည်ဆန်ထွက်သွားမှု၌ ကျည်ဆန်ထိုးခြင်း သေနတ်ပစ်ဖောက်စသော အကြောင်းများပါဝင်၍ ယင်းတို့တွင် အထူးခြားဆုံးအကြောင်းကို 'ပစ္စယ' ဟူ၍ ခေါ်ဆိုအပ်၏။"[၂]

**ရှင်ဗုဒ္ဓဃောသ**သည် ပဋိစ္စသမုပ္ပါဒ်ကို ဖွင့်ဆိုရာ၌ ပဋ္ဌာန်းကျမ်းလာ နှစ်ဆယ့်လေးပါးသောပစ္စည်းကို ရှင်းပြ၍ အင်္ဂါတစ်ပါးနှင့်တစ်ပါးသည် အမျိုးမျိုးသော ပစ္စည်း (ဝါ) ပစ္စယသတ္တိဖြင့် ဆက်သွယ်နေပုံကို ဖော်ပြ၏။ တစ်နေရာနှင့် တစ်နေရာ ဆက်သွယ်ပုံ မတူခြင်းမှာ သိသာထင်ရှား၏။ ဥပမာ အဝိဇ္ဇာနှင့်သင်္ခါရသည် အရင်းအမြစ်အားဖြင့် (ဝါ) ဟေတုပစ္စည်းဖြင့် ဆက်သွယ်၍ အဝိဇ္ဇာနှင့်တဏှာမှာ အချင်းချင်းကျေးဇူးပြုမှု (ဝါ) အညမညပစ္စည်းဖြင့် ဆက်သွယ်လျက်ရှိ၏။ သို့ဖြင့် ဆင်းရဲဒုက္ခဖြစ်မှု၏ မူလတရားသည် ပဋိစ္စသမုပ္ပါဒ်၌ အဝိဇ္ဇာဖြစ်၍ ဓမ္မစကြာနှင့် အခြားသုတ္တန်ဒေသနာများ၌ တဏှာ၊ ဥပါဒါန်ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ်တရားသည် နက်နဲ၍ အနောက်တိုင်း ဗုဒ္ဓစာပေပညာရှင်တို့ အမျိုးမျိုး တွေးခေါ်ကြံဆ၍ အဓိပ္ပာယ်ပြန်ဆိုကြ၏။ အချို့က ပဋိစ္စသမုပ္ပါဒ်နှင့်တူသော တရားမျိုးကို အခြားအိန္ဒိယဘာသာရေးစာပေ၌ တွေ့ရသည်ဆို၏။ ပိဋကတ်စာပေ၌ ဝိပဿီမြတ်စွာဘုရားသည်လည်းပဋိသမုပ္ပါဒ်တရားကို ဆင်ခြင်သုံးသပ်ကြောင်း (ဒီဃနိကာယ်၊ မဟာပဒါနသုတ်)၊ ဗုဒ္ဓကလည်း ပဋိစ္စသမုပ္ပါဒ်ကို ဟောထဲ၌ မူလက ရှိပြီးဖြစ်သော ခရီးလမ်းဟောင်းနှင့် ပုံခိုင်း၍ ဟောတော်မူကြောင်း (နိဒါနသံယုတ်၊ ဗောဓိသတ္တဝိတက္ကသုတ်) ဖော်ပြထား၏။ ဤအချက်ကို ထောက်ချင့်၍ ဗုဒ္ဓမပေါ်မီက ပဋိစ္စသမုပ္ပါဒ်နှင့် ထပ်တူတရားမျိုး မရှိခဲ့စေကာမူ တစ်စွန်းတစ်စ တူညီသောတရားမျိုး ရှိကောင်းရှိခဲ့ပေမည်။ ပညာရှင်တစ်ဦးကမူ ပဋိစ္စသမုပ္ပါဒ်နှင့်တူသော တရားမျိုးကို ဗုဒ္ဓခေတ်လွန်ပြီးမှပေါ်သော အချို့အိန္ဒိယ ဘာသာရေးစာပေများ၌ တွေ့ရကြောင်း၊ သို့ရာတွင် အင်္ဂါများကို ကွင်းဆက်နေပုံမျိုး မပြဘဲ ဘဝတစ်ခုတည်း၏ စိတ်ဖြစ်စဉ်မျိုးအနေဖြင့် ပြထားကြောင်း ရေးသားခဲ့၏။

ယခုခေတ် အိန္ဒိယပညာရှင်တစ်ဦးကမူ ပဋိစ္စသမုပ္ပါဒ်သည် လူ့ဘဝခရီး၌ ကြုံတွေ့ရသော အဖြစ်အပျက်များကို ဖော်ညွှန်းသည်ဆို၏။ သူ၏ အလိုအားဖြင့် အဝိဇ္ဇာသည် မျက်မှောက်ဘဝအစ၌ လူ၏ မသိမှုဖြစ်၍ ဝိညာဏသည် ပဋိသန္ဓေ ဝိညာဉ်မဟုတ်ဘဲ ဝေဒနာစေတသိက်နှင့်ဆိုင်သော အာရုံကို သိမှုဖြစ်၏။[၃] အချို့ကမူ ပဋိစ္စသမုပ္ပါဒ်ကို လူသတ္တဝါ၏ မူလအစကိုပြသော တရားဖြစ်အောင် အဓိပ္ပာယ်ဖွင့်

---

၁။ **S. Z. Aung: Points of Controversy, pp. 391 (ကထာဝတ္ထု ဘာသာပြန်)**

၂။ **S. Z. Aung: Compendium of Philosophy, pp. 261-62**

၃။ **P. D. Mehta: Early Indian Religious Thought, pp. 229-30**

ဆိုလိုကြ၏။ ဥပမ ပညာရှင်တစ်ဦးက အဝိဇ္ဇာသည် အမိဝမ်းတွင်း၌ သန္ဓေသား၏ ဘာမျှမသိသေးသော ဘဝကိုပြသည်။ လူသည် မွေးဖွား၍ ပတ်ဝန်းကျင်၏ ပြုပြင်စီရင်မှု (သင်္ခါရ)ကို ခံရမှ သိတတ်သော စိတ် (ဝိညာဏ) ဖြစ်ပေါ်လာသည်ဟု ပြန်ဆိုခဲ့၏။[၁]

ဤသို့ အချို့သော အနောက်တိုင်း ပညာရှင်တို့သည် ပဋိစ္စသမုပ္ပါဒ်တရား၌ လူသတ္တဝါ၏ တစ်ဘဝတည်း ဖြစ်စဉ်ကို ရှုမြင်ကြစေကာမူ ထေရဝါဒနှင့် အခြားဗုဒ္ဓဝါဒ ဂိုဏ်းအားလုံးသည် ဘဝသံသရာကျင်လည်မှုကို ပြသောတရားအဖြစ်ဖြင့် သိမြင်နားလည်ကြ၏။ အမှန်ဆိုသော် ပဋိစ္စသမုပ္ပါဒ်သည် ပစ္စုပ္ပန် ဘဝတစ်ခုတည်းကိုသာ ရည်ညွှန်းသော တရားမဟုတ်ကြောင်း ယင်း၏ အင်္ဂါတစ်ဆယ့်နှစ်ပါး၌ ထင်ရှား၏။ အဝိဇ္ဇာနှင့်သင်္ခါရသည် ရှေးဘဝနှင့်ဆိုင်သည်။ ဝိညာဏမှ ဥပါဒါန်အထိ အလယ်အင်္ဂါ ခုနစ်ပါးသည် ပစ္စုပ္ပန်ဘဝ၌အကျုံးဝင်၍ ဘဝမှ ဇရာမရဏအထိ ကျန်အင်္ဂါများမှာ နောက်ဘဝ ကို ရည်ညွှန်းသည်။ တစ်နည်းဆိုသော် ပဋိစ္စသမုပ္ပါဒ်သည် လူသတ္တဝါ၏ တစ်ဆက်တည်း ဖြစ်သော ဘဝသုံးခုကို ဖော်ညွှန်းသည်ဟု ဗုဒ္ဓဝါဒီတို့ ယုံကြည်ကြ၏။ ဤယုံကြည် ချက်ကို ရှေးအာရှ ဗုဒ္ဓပန်းချီ၌ ဖော်ပြထား၏။

အိန္ဒိယနိုင်ငံ အဇန္တ လိုဏ်ဂူ၏ နံရံများပေါ်တွင် တိဗက်-ဂျပန်ပန်းချီကားများတွင် ပဋိစ္စသမုပ္ပါဒ်ကို သရုပ်ဖော်ထားရာ အဝိဇ္ဇာသည် အဇန္တ ပန်းချီကား၌ လူတစ်ဦးမောင်းနှင်နေသော မျက်မမြင် ကုလားအုပ်တစ်ကောင်ဖြစ်၏။ တိဗက်ပန်းချီတွင် သူကန်းတစ်ဦးဖြစ်၍ ဂျပန်ပန်းချီ၌ အစိမ်းသူရဲဖြစ်၏။ သင်္ခါရသည် အဇန္တ ပန်းချီကား၌ အိုးထိန်းသည် အိုးထိန်းစက်လည်နေပုံဖြစ်၍ တိဗက်နှင့် ဂျပန်ပန်းချီကားများ၌မူ အိုးထိန်းစက်ဖြင့်သာပြ၏။ ဝိညာဏသည် အဇန္တ နှင့် ဂျပန်ပန်းချီကားများ၌ မျောက်တစ်ကောင်ဖြစ်၍ တိဗက်ပန်းချီကား၌မူ သစ်ပင်ပေါ်တက်နေသော မျောက်ဖြစ်၏။ နာမရူပသည် အဇန္တ ပန်းချီကား၌ မထင်ရှားသော ပုံသဏ္ဌာန်နှစ်ခုဖြစ်၍ တိဗက်-ဂျပန်ပန်းချီကားများ၌ လူတစ်ဦး လှေဖြင့် ချောင်းကိုးဖြတ်ကူးနေပုံဖြစ်၏။ သဠာယတနကို တိဗက်တို့က တံခါးခြောက်ပေါက်ရှိသော အိမ်ဖြင့်ပြ၍ ဂျပန်တို့က လူရုပ်ဖြင့်ပြ၏။

ဖဿကို တိဗက်တို့က မျက်စိထဲသို့ မြားစူးဝင်နေသော လူတစ်ဦး၏ပုံဖြင့် ပြ၍ ဝေဒနာသည် တိဗက်-ဂျပန်ကားများ၌ ချစ်သူနှစ်ဦး ပွေ့ဖက်နေပုံဖြစ်၏။ ထိုပန်းချီကားများ၌ တဏှာသည် လူတစ်ဦး ရေသောက်နေပုံဖြစ်၍ ဥပါဒါန်သည် ပန်းခူးနေပုံဖြစ်၏။ တိဗက်ပန်းချီကား၌ ဘဝသည် ကိုယ်ဝန်ဆောင်မိန်းမဖြစ်၍ ဇာတိသည် မိန်းမတစ်ဦး ကလေးမွေးနေပုံဖြစ်၏။[၂]

သို့ရာတွင် အကယ်၍ ပဋိစ္စသမုပ္ပာဒ်သည် လူသတ္တဝါတို့ ဘဝသံသရာ ကျင်လည်ပုံကို ရှင်းပြသော တရားဖြစ်ပါက ထိုတရားနှင့်စပ်လျဉ်း၍ စဉ်းစားဖွယ်ရာများ ရှိ၏။

၁။ **H. Kern: Manual of Buddhism, pp. 47-48**

၂။ **T. W. Rhys Davids: The History and Literature of Buddhism. pp. 105-08**

ဥပမာ အဘယ်ကြောင့် အလယ်ဘဝထဲသို့ ဘဝ၊ ဇာတိနှင့် ဇရာမရဏတို့ကို မထည့်သွင်းပါသနည်း။ အဝိဇ္ဇာနှင့်သင်္ခါရကို အဘယ်ကြောင့် ရှေးဘဝ၌သာ ဖော်ပြ၍ အလယ်ဘဝနှင့် နောက်ဘဝတွင် မပြဆိုပါသနည်း။ နာမရူပ၊ သဠာယတန စသည်တို့ကို အဘယ်ကြောင့် အလယ်ဘဝ၌သာ ပြထားပါသနည်း။ တဏှာဥပါဒါန်နှင့် ဆင်းရဲဒုက္ခသည် အမြဲဒွန်တွဲနေသော တရားများဖြစ်လျက် အဘယ်ကြောင့် ဥပါဒါန်၏နောက်၌ ဒုက္ခသည် ကပ်၍လိုက်မလာဘဲ ဘဝနှင့်ဇာတိကို ပြထားပါသနည်း၊ စသည်ဖြင့် စဉ်းစားဖွယ်ရာများရှိ၏။

ဤသို့ ဗုဒ္ဓဝါဒီတို့ သိရှိနားလည်သော ပဋိစ္စသမုပ္ပါဒ်သည် ရှေ့နောက်မညီညွတ်သော အချက်များပါရှိသောကြောင့် အချို့သော အနောက်တိုင်း ပါဠိပညာရှင်တို့က ဗုဒ္ဓဃောသဆရာ၏ ဖွင့်ဆိုရေးသားချက်ကို မကျေနပ်ဘဲ အမျိုးမျိုး အဓိပ္ပာယ်ပြန်ဆိုနေကြခြင်းဖြစ်၏။ စင်စစ် ထိုပဋိစ္စသမုပ္ပါဒ်သည် ဗုဒ္ဓဟောသော မူလပထမတရားဖြစ်ပါ၏လောဟု သံသယဖြစ်ဖွယ်ရှိ၏။ အဘယ်ကြောင့်ဆိုသော် ပါဠိပိဋကတ်စာပေ၌ အင်္ဂါတစ်ဆယ့်နှစ်ပါးနှင့် မပြည့်စုံသော ပဋိစ္စသမုပ္ပါဒ် ဒေသနာအတော်များများကို ကျွန်ုပ်တို့ တွေ့ရပေသည်။

ဥပမာ ပါဠိပိဋကတ် သမိုင်း၌ အတော်ရှေးကျသော ဒီဃနိကာယ်၊ မဟာနိဒါနသုတ်၌ ဗုဒ္ဓသည် ပဋိစ္စသမုပ္ပါဒ်ကို ဟောကြားရာတွင် အဝိဇ္ဇာနှင့်သင်္ခါရကို ထည့်သွင်း၍ မဟောကြားခဲ့ချေ။ မဇ္ဈိမနိကာယ် မာဂဏ္ဍိယသုတ်၌မူ ခန္ဓာငါးပါး၌ ဥပါဒါန်ဖြစ်ရာမှ အစပြု၍ ဘဝ၊ ဇာတိ၊ ဇရာမရဏ စသည်တို့ ဖြစ်ပေါ်ပုံကိုဟော၏။ ထိုသို့ အင်္ဂါတဆယ့်နှစ်ပါး အပြည့်အစုံမရှိသော ပဋိစ္စသမုပ္ပါဒ် ဒေသနာမျိုးကို သံယုတ္တနိကာယ် နိဒါနသံယုတ်၌ များစွာတွေ့ရ၏။ ဥပမာ ဥပဒါနိယသုတ်၌ တဏှာနှင့် ဥပါဒါန်တရားနှစ်ပါး အချင်းချင်း၊ အပြန်အလှန် ကျေးဇူးပြုရာမှအစ, ဘဝနှင့်ဇာတိဖြစ်၍ ဆင်းရဲဒုက္ခ ဖြစ်ပေါ်လာပုံကိုဟော၏။ နိဒါနသံယုတ်လာ အချို့သုတ်များ၌ ဝိညာဏကို ခေါင်းတပ်၍ဟော၏ (ဥပမာ မောဠိယဖဂ္ဂုနသုတ်)။ အခြားသုတ် တစ်ခု၌မူ ဝိညာဏကို အစချီပြီးလျှင် ဝိညာဏနှင့် ဘဝအကြားရှိ အင်္ဂါများကို လုံးဝမဖော်ပြချေ။ (စေတနာသုတ်)

ဤသုတ်များသည် အင်္ဂါတစ်ဆယ့်နှစ်ပါး ဖော်ပြသောသုတ်များထက် ရှေးကျဟန်ရှိ၏။ သို့ရာတွင် ယင်းတို့ထက် ပိုမိုရှေးကျသော အခြားပဋိစ္စသမုပ္ပါဒ်သုတ်များ ရှိသေး၏။ ထိုသုတ်များ၌ ဒုက္ခ၏ အရင်းမူလကို တဏှာ၊ ဆန္ဒ၊ ဥပဓိ၊ ဥပါဒါန စသည်တို့ ဖြင့် ရိုးရိုးရှင်းရှင်း ဖော်ပြထား၏။ "အဝိဇ္ဇာကိုမပယ်, တဏှာလည်းမကုန်သော သူမိုက်သည် သေသည်ရှိသော် ဘဝသစ်၌ တစ်ဖန်ပြန်၍ ဇာတိ၊ ဇရာ၊ မရဏစသော ဆင်းရဲဒုက္ခများ ကြုံတွေ့ရ၏" (နိဒါနသံယုတ်၊ ပဏ္ဍိတဝိသေသသုတ်)။ "ဒုက္ခသည် ဖဿကို စွဲ၍ဖြစ်၏။ အကြောင်းတရားကိုစွဲ၍ဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားဖြစ်၏" (နိဒါနသံယုတ်၊ အညတိတ္ထိယသုတ်)။ "ဒုက္ခသည် ခန္ဓာငါးပါးတည်းဟူသော ဥပဓိလျှင်

အကြောင်းရှိ၏။ ဥပဓိသည် တဏှာလျှင် အကြောင်းရှိ၏။ (နိဒါနသံယုတ်၊ သမ္ဗသန သုတ်)

ပိဋကတ်စာပေ၌ ရှေးအကျဆုံးဖြစ်သော သုတ္တနိပါတ် ပါဠိတော်၌လည်း ဒုက္ခ၏ အရင်းမူလကို တိုတိုရှင်းရှင်း ဖော်ပြထား၏။ ထိုပါဠိတော် အဋ္ဌကဝဂ်၊ ရဟဋ္ဌကသုတ်၌ ဣစ္ဆာ၊ သာတ၊ ကာမ၊ တဏှာ၊ ဆန္ဒ၊ ဖဿနှင့် သညာတို့သည် ဒုက္ခ၏ မူလတရားများ ဖြစ်သည်ဆို၏။ မဟာဝဂ်၊ ဒွါယတာနုပဿနာသုတ်၌မူ ဒုက္ခသည် ဥပဓိ၊ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ အရမ္ဘ၊ အာဟာရ၊ နိဿယစသော အကြောင်းအရာ တစ်ဆယ့်ခြောက်ပါးကို အသီးသီး အစွဲပြု၍ဖြစ်ပေါ် လာသည်ဆို၏။ ထိုသုတ်၌ ပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါတစ်ဆယ့်နှစ်ပါးအနက် ရှစ်ပါးကို သာ တွေ့ရ၏။ သဠာယတနာ၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏတို့ကို မတွေ့ရချေ။

ဤရှေးကျသော ဒေသနာများကို ထောက်ပြ၍ အချို့အနောက်တိုင်း ပါဠိစာပေ ပညာရှင်တို့က ပဋိစ္စသမုပ္ပါဒ်သည် မူလအစက မျက်မှောက်ဘဝကိုသာ ရည်ညွှန်းသော တရားဖြစ်သည်ဟု ယူဆကြ၏။ နာမည်ထင်ရှားသော ဥရောပ ဗုဒ္ဓကျမ်းပြုဆရာတစ်ဦး၏ အဆိုအားဖြင့်–

"ရှေးအကျဆုံး ပဋိစ္စသမုပ္ပါဒ် ဒေသနာများ၌ အင်္ဂါလေးပါး ကင်းမဲ့နေသည်ကို တွေ့ရပေရာ ယင်းတို့မှာ နာမရူပ၊ သဠာယတန၊ ဇာတိနှင့် ဇရာ၊ မရဏတို့ဖြစ်၏။ ထိုအင်္ဂါလေးပါးသည် ပုဂ္ဂိုလ်တစ်ဦးဘဝ ကူးပြောင်းရာ၌ ကိုယ်ခန္ဓာကို ဖန်တီး၍ တမလွန်ဘဝ ကံကြွမှုကိုပြသော အင်္ဂါများဖြစ်၏။ သို့ဖြစ်၍ ပဋိစ္စသမုပ္ပါဒ်သည် မူလ အစက ဘဝသံသရာပြဿနာနှင့် အလျှင်းမသက်ဆိုင်ဘဲ ဘဝသုံးခု ခွဲခြားပြခြင်းသည် နောက်ကာလ၌ ပိဋကတ်ဆရာတို့ ဉာဏ်ကစားလျက် ချဲ့ထွင်ထားခြင်း ဖြစ်တန်ရာ၏။ ကျန်အင်္ဂါရှစ်ပါးဖြစ်သော အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ, ဖဿ၊ ဝေဒနာ၊ တဏှာ ဥပါဒါန်နှင့် ဘဝ[၁]သည် အမြဲထာဝရ ဖြစ်ပျက်နေ၍ ဆင်းရဲဒုက္ခနှင့် အထင်အမြင် လွဲ မှားမှုကို ဖြစ်ပေါ်စေသော အရင်းမူလနာမ်တရားများဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူ နိုင်၏။ စင်စစ် ပဋိစ္စသမုပ္ပါဒ်တရားသည် မူလပထမက ဘဝသံသရာကျင်လည်ခြင်းကို မရည်ညွှန်းဘဲ သမုဒယသစ္စာနှင့် နိရောဓသစ္စာကို ရှင်းပြသော တရားဖြစ်တန်ရာ၏။[၂]

ဂျာမန် ဗုဒ္ဓစာပေ ပညာရှင်တစ်ဦး၏ အလိုအားဖြင့် ပဋိစ္စသမုပ္ပါဒ်သည် လူ သတ္တဝါ၏ တစ်ခုတည်းသော ဘဝအတွင်းရှိ ကမ္ဘာသုံးခုကို ပြသည်ဟူ၍ မှတ်ယူလျှင်လည်း မှားမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် အဘိဓမ္မာပိဋကတ်၌ ဇာတိနှင့် မရဏသည် လူ့ဘဝ ၌ ခဏမစဲ အမြဲဖြစ်ပျက်နေသော တရားများဖြစ်၏။[၃] ဤအဆိုမှာ အချို့သော

၁။ ဤနေရာ၌ ဘဝသည် မွေးသည်မှ သေသည်အထိ ဘဝကိုမဆိုလိုဘဲ 'ဖြစ်ပျက်နေခြင်း= Becoming'ကို ဆိုလိုကြောင်း သတိပြုရာ၏။

၂။ Dr.Edward Conze: Buddhist Thought in India, pp.157

၃။ Anagarika Govinda: Foundations of Tibetan Mysticism, pp. 248

ရှေးဗုဒ္ဓဝါဒီတို့၏ ခံယူချက်နှင့်အညီ ဖြစ်၏။ အဘိဓမ္မာကောသခေါ် သက္ကဋ ဗုဒ္ဓအဘိဓမ္မာကျမ်း၌ ပုဂ္ဂိုလ်တစ်ဦး လူသတ်မှုကျူးလွန်ရာ၌ ပဋိစ္စသမုပ္ပာဒ် ၁၂ ပါးစလုံး အကျုံးဝင်ပုံကို ပြဆိုထား၏။[၁]

အခြားအနောက်တိုင်း ပါဠိပညာရှင်တစ်ဦးကမူ အောက်ပါအတိုင်း ရေးသား၏။

"ဗုဒ္ဓဃောသဆရာသည် ပဋိစ္စသမုပ္ပါဒ်ကို စက်ဝိုင်းတစ်ခုနှင့် ပုံခိုင်း၍ ပြဆိုခဲ့၏။ ထိုစက်ဝိုင်းသည် လည်နေသောစက်ဝိုင်းမဟုတ်၊ ပုံတောင်းသည် အဝိဇ္ဇာဖြစ်၍ အကွပ်မှာ ဇရာမရဏဖြစ်၏။ ကန့်ထောက်များမှာ ကျန်အင်္ဂါဆယ်ပါးဖြစ်၍ ယင်းတို့သည် အဝိဇ္ဇာကို တိုက်ရိုက်အစွဲပြုကာ ဖြစ်ပေါ်လာပြီးလျှင် ဇရာမရဏ၌ အဆုံးသတ်သည်ဟု ဆိုရပေမည်။[၂] ဤစက်ဝိုင်း၏ အနက်အဓိပ္ပာယ်သည် သုတ္တနိပါတ်၊ ဒွယတာနုပဿနာသုတ်၏ အာဘော်နှင့် ထပ်တူဖြစ်၏။ ဤအချက်ကို ထောက်ချင့်၍ ဒုက္ခတရားသည် အင်္ဂါ ၁၂ ပါး အစီအစဉ်ဖြင့် မဟုတ်ဘဲ သီးခြားကွဲပြားသော အကြောင်းတရားများကြောင့် ဖြစ်ပေါ်ကြောင်း တစ်ခါက ဗုဒ္ဓဟောပြောခဲ့သည်ဟု ယူဆဖွယ်ရှိ၏။ ပဋိစ္စသမုပ္ပါဒ်မှာ ထိုတရားများကို အကြောင်းခံ အကျိုးဆက်တရားများ အဖြစ်ဖြင့် ဟောထားသော ဒေသနာ ဖြစ်တန်ရာ၏။ ထိုသို့ မျိုးမတူသော တရားများကို စုပေါင်းထားသော ဒေသနာသည် ရှေ့နောက် ပြေပြစ်ညီညွတ်ရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် လက်ရှိပြန်ဆိုချက် (ပဋိစ္စသမုပ္ပါဒ်တရား)ကို မကျေနပ်ဘဲ နောက်ကွယ်၌ ဧကန်စင်စစ် အကြောင်းအကျိုးဆီလျော်သော အနက်အဓိပ္ပာယ်ရှိရမည်ဟု ယူဆခြင်းသည် လွဲမှား၍ ရော်ရမ်းမှန်းဆချက်မျှသာ ဖြစ်ပေလိမ့်မည်။"[၃]

အချုပ်အားဖြင့်ကား ယခုခေတ် ပညာရှင်တို့က မည်သို့အဓိပ္ပာယ် ပြန်ဆိုကြသည်ဖြစ်စေ၊ ပဋိစ္စသမုပ္ပါဒ်သည် ဘဝသံသရာလည်မှုကို ရည်ညွှန်းသည်ဖြစ်စေ၊ မရည်ညွှန်းသည်ဖြစ်စေ၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာများအရ ဆင်းရဲဒုက္ခသည် အဝိဇ္ဇာနှင့်ယှဉ်သော တဏှာ ဥပါဒါန်၌ အရင်းမူလရှိကြောင်း ကျွန်ုပ်တို့ မှတ်သားထားရမည် ဖြစ်ပေသည်။

* · * *

၁။ **Conze: Buddhist Thought in India, pp. 157**

၂။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဆအနုဿတိနိဒ္ဒေသ

၃။ **E.J. Thomas: History of Buddhist Thought, pp. 76**

# အခန်း (၉)

# ဘဝသံသရာ

ဘဝတဏှာကို အားပေးထောက်ကူရန်
မဟာယာနနိုင်ငံများ၌ ဗောဓိသတ္တလမ်းစဉ်ရှိ၍
မြန်မာနိုင်ငံ၌ ဇာတကများရှိ၏။

"အာနန္ဒာ၊
လူသေတိုင်း သေတိုင်း
ငါဘုရားထံသို့ ချဉ်းကပ်၍
တမလွန်ဘဝအကြောင်းကို မေးမြန်းနေပါက
ငါဘုရားအား ပင်ပန်းစေရုံမျှသာဖြစ်၏။"

(ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်)

# အခန်း (၉)
# ဘဝသံသရာ

## (က) ပိဋကတ်လာ ဘဝသံသရာ

-ရှေးအိန္ဒိယဘာသာ အယူဝါဒများသည် အားလုံးလိုလို ဘဝသံသရာကို လက်ခံကြ၏။ လူသည် သေသည်၏ အခြားမဲ့၌ ဘဝပြတ်တောက်မသွားဘဲ ဘဝပေါင်းများစွာ ကူးပြောင်းကျင်လည်ရသည်ဟု ဟောပြောကြ၏။ သို့ရာတွင် အိန္ဒိဘာသာဝါဒ သမိုင်းကို လေ့လာပါက ဘဝသံသရာ ယုံကြည်မှုသည် သမိုင်းအစ ရှေးဦးကာလ၌ မထင်မရှား ဖြစ်လျက် ဗုဒ္ဓဝါဒ ပေါ်လာသော ခေတ်သို့ရောက်မှ ထင်ရှားပြတ်သားလာသည်ကို တွေ့ရ၏။

ဝေဒကျမ်းများ၏ အဆိုအားဖြင့် မကောင်းသောသူသည် သေသောအခါ ဘဝပြတ်စဲ၍ လူကောင်းသည် သေပြီးနောက် သုဂတိဘုံ၌ စည်းစိမ်ချမ်းသာ ခံစား၍ အမြဲတည်နေရ၏။ ဘဝသံသရာ ကျင်လည်မှုအကြောင်းကို ဝေဒကျမ်းများ၌ လုံးဝဖော်ပြမထားချေ။ ဗြာဟ္မဏကျမ်းများ၌လည်း ဘဝသံသရာအကြောင်းကို မဖော်ပြဘဲ လူသည် တမလွန်လောက၌ ကောင်းကျိုးဆိုးပြစ် ခံရမည်ဆို၏။ ဥပနိသျှကျမ်းများကမူ အမှန်တရားကို သိမြင်သောသူသည် သေသောအခါ ထာဝရဘုံသို့ ရောက်ရှိ၍ မသိမြင်သောသူမှာကား ဘဝများစွာ ကူးပြောင်းကျင်လည်ရသည်ဆို၏။ သို့ရာတွင် ဥပနိသျှခေတ် ရှေးဦးပိုင်း၌ ဘဝသံသရာ ယုံကြည်မှုသည် သန္ဓေတည်စ ဖြစ်ဟန်ရှိ၏။ အဘယ်ကြောင့်ဆိုသော် အချို့သော ဥပနိသျှကျမ်းများ၌ ထိုဝါဒကို အလျှင်းဖော်ပြမထားချေ။

အလယ်ပိုင်း ဥပနိသျှကျမ်းများနှင့် မရှေးမနှောင်း ထွက်ပေါ်လာသော ဗုဒ္ဓဝါဒ၌မူ ဘဝသံသရာ ယုံကြည်မှုသည် များစွာပိုမိုထင်ရှားလာ၏။ ပါဠိပိဋကတ်စာပေကို

အနည်းငယ် လှေ့လာဖူးသော သူသည်ပင် ဘဝသံသရာကို ဗုဒ္ဓဝါဒက လက်ခံကြောင်း ကောင်းစွာသိရှိနိုင်၏။

"ရဟန်းတို့၊ သံသရာအတွင်း၌ ကျင်လည်ရသော တစ်ဦးသောပုဂ္ဂိုလ်၏ အရိုးစုပုံသည် အကယ်၍ မပျက်စီးဘဲ နေငြားအံ့။ ဝေပုလ္လတောင်ကြီးနှင့် အကြီးပမာဏ တူမျှသည် ဖြစ်ရာ၏။" (နိဒါနသံယုတ်)

"ထိုရဟန်းသည် ရှေး၌ဖြစ်ဖူးသော များပြားသောဘဝကို အောက်မေ့၏။ တစ်ဘဝကိုလည်းကောင်း၊ နှစ်ဘဝကိုလည်းကောင်း ဘပရာပေါင်းများစွာ၊ ထောင်ပေါင်း သိန်းပေါင်းများစွာတို့ကို လည်းကောင်း ပုဗ္ဗေနိဝါသနုဿတိဉာဏ်ဖြင့် အောက်မေ့၏။" (ဒီဃနိကာယ်၊ သာမညဖလနှင့် အခြားသုတ်များ)

ဤကဲ့သို့သော၊ များစွာသော ပိဋကတ်ဒေသနာများအရ ဗုဒ္ဓဝါဒသည် ဘဝသံသရာကို လက်ခံကြောင်း ထင်ရှား၏။ သို့ရာတွင် အချို့သော အနောက်တိုင်း ဗုဒ္ဓစာပေ ပညာရှင်တို့က ဘဝသံသရာ အယူသည် ဗုဒ္ဓ၏အနတ္တဝါဒနှင့် ဆန့်ကျင်သည်ဆို၍ ဗုဒ္ဓ ကိုယ်တိုင် ဟောကြားသော တရားအစစ်အမှန် ဖြစ်ပါ၏လောဟု ယုံမှားသံသယရှိကြ၏။ ဗုဒ္ဓလက်ထက်က နိဂဏ္ဌ(ဂျိန်းဝါဒီ) တို့သည်လည်း အတ္တဝိညာဉ်ကို ပယ်သော ဗုဒ္ဓဝါဒမှာ ရုပ်ဝါဒဖြစ်သည်ဟု ယူဆသောကြောင့် အကိရိယဝါဒ၊ နတ္ထိကဝါဒဖြစ်သည်ဟု စွပ်စွဲကြခြင်း ဖြစ်ရပေမည်။ ဤပြဿနာနှင့် ပတ်သက်၍ ဗုဒ္ဓအား မေးလျှောက်သော စကားများကို ပါဠိပိဋကတ်၌ မတွေ့ရချေ။ ဒီဃနိကာယ်၊ ပါယာသိသုတ်၌မူ တမလွန်ဘဝကို မယုံ ကြည်သော ပါယာသိမြို့စား၏အယူကို ဖော်ပြထား၏။ ပါယာသိမြို့စားသည်- ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် နှစ်ပေါင်း ၂၀၀ ကြာမှ ပေါ်လာသောသူဖြစ်၍ သူ၏အယူကို ကုမာရကဿပမထေရ်က ချေပထား၏။ မြို့စား၏ အကြောင်းပြချက်များနှင့် မထေရ်၏ ချေပချက်များမှာ ယခုခေတ်လူတို့အဖို့ လေးလေးနက်နက် မရှိချေ။ မြို့စားက ခိုးသား ဓားပြများကို မင်းမိန့်ဖြင့် သတ်ဖြတ်သောအခါ ဘဝတစ်ပါးသို့ ပြောင်းသွားသော အသက် ဝိညာဉ်ကို မတွေ့မြင်ရပါဟုဆို၍ မထေရ်က ဒိဗ္ဗစက္ခု အဘိဉာဏ် ရရှိသော ပုဂ္ဂိုလ်တို့သည် သေ၍ တစ်ဖန်ဖြစ်သော သတ္တဝါတို့ကို မြင်ကုန်သည် စသည်ဖြင့် ဖြေကြား၏။

မည်သို့ဖြစ်စေ မထေရ်က "ငါသည် ဘဝသံသရာမရှိဟု ယူလေ့ရှိသောသူကို မမြင်စဖူး၊ မကြားစဖူး"ဟုဆိုသောစကားဖြင့် ဘဝသံရာကိုပယ်သော အိန္ဒိယသားများမှာ ရှေးအခါက အလွန်နည်းကြောင်း ထင်ရှား၏။ ယခုခေတ် အိန္ဒိယပညာရှင်တစ်ဦး၏ အဆိုအားဖြင့် "ဗုဒ္ဓမပေါ်မီက သော်လည်းကောင်း၊ ဗုဒ္ဓပေါ်ပြီးမှ သော်လည်းကောင်း ဘဝသံရာအယူကို မှန်ကန်ကြောင်း၊ သို့မဟုတ် မှားယွင်းကြောင်း အခိုင်အမာအကြောင်း ပြရန် အားထုတ်မှုမရှိခဲ့ချေ။ လောကာယတဂိုဏ်းကို ချန်လှပ်၍ ကျန်အိန္ဒိယဘာသာရေး ဂိုဏ်းအားလုံးသည် ဘဝသံသရာကို ယုံကြည်ကြ၏။ လောကာယတဂိုဏ်း၏ စာပေကို ကျွန်ုပ်တို့ မဖတ်ရှုရသဖြင့် ထိုအယူကို သူတို့ မည်သို့ချေပကြောင်း မသိရချေ။

ဗုဒ္ဓသည် လည်း ဘဝသံသရာကို လက်ခံ ဟောပြောခဲ့ပေသည်။[၁]

ဗုဒ္ဓလက်ခံသော ဘဝသံသရာသည် အပေါ်ယံအမြင်အားဖြင့် အိန္ဒိယဘာသာရေးဂိုဏ်းများ၏ ဘဝသံသရာနှင့် မည်သို့မျှ မခြားနားချေ။ ဗုဒ္ဓသည် မိမိကိုယ်တိုင်ပင် ဘဝများစွာ ကျင်လည်ခဲ့ကြောင်း ဟောကြားသော စကားများကို ငါးရာ့ငါးဆယ် ဇာတ် ဝတ္ထုများ၌သာမက ပိဋကတ်စာပေ၌လည်း တွေ့ရ၏။ "ထိုအခါက မခါဒေဝမင်းသည် အခြားသူမဟုတ်၊ ငါဘုရားပင်ဖြစ်၏" (မဇ္ဈိမနိကာယ်၊ မခါဒေဝသုတ်)။ သို့ရာတွင် ထိုဒေသနာများမှာ လူအများ နားလည်မည့် လောကဝေါဟာရစကားများဖြင့် ဟောကြားထားခြင်း ဖြစ်၍ ဗုဒ္ဓ၏ အနတ္တတရားနှင့် ဆန့်ကျင်သည်ဟု မဆိုသာချေ။ စင်စစ် ပိဋကတ်စာပေ၌ တွေ့ရသော ဘဝသံသရာသည် အခြားအိန္ဒိယဘာသာရေးစာပေမှ ဘဝသံသရာနှင့် အခြေခံ မတူချေ။ ဗုဒ္ဓဝါဒသည် ကမ္မသတ္တိကြောင့် ဘဝသစ်ဖြစ်သည် ဆိုသော ဂျိန်းအယူကိုပယ်၍ တဏှာဥပါဒါန်ကြောင့် ဘဝသံသရာ လည်ရသည်ဟု ဟော၏။ ထို့အပြင် ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝကိုပယ်သော ဗုဒ္ဓဝါဒအလိုအားဖြင့် တစ်ဘဝမှတစ်ဘဝသို့ ကူးပြောင်းသော အရာမရှိနိုင်ချေ။

အချို့ဒေသနာများ၌ ဘဝကူးပြောင်းသောအရာသည် ဝိညာဉ်ဖြစ်သလိုလို ပြဆိုထားသည်မှန်၏။ သို့ရာတွင် ယင်းတို့မှာ လူအများနားလည်စေရန် ဗုဒ္ဓမပေါ်မီက ရှိနှင့်ပြီးဖြစ်သော ဝိညာဉ်အယူနှင့် ဝေါဟာရစကားကို အသုံးပြုကာ ဟောကြားထားခြင်းဖြစ်၏။ အမှန်ဆိုသော် ဝိညာဉ်သည် ရုပ်၊ ဝေဒနာစသော ကျန်ခန္ဓာလေးပါးနှင့် ကင်း၍ သီးခြားတည်ရှိနိုင်မည် မဟုတ်ကြောင်း အခြားဒေသနာများ၌ ထင်ရှား၏။ (စာ-၁၂၁) သုတ္တန်တစ်ခု၌မူ ထိုဘဝကူးပြောင်း ဝိညာဉ်ကို ဗုဒ္ဓက ပြတ်သားစွာပယ်ကြောင်း ပြဆိုထား၏။ သာတိမည်သော ရဟန်းတစ်ပါးက ဝိညာဉ်သည်သာလျှင် ဘဝသံသရာ ကျင်လည်သည်ဟု ယုံကြည်၏။ ဗုဒ္ဓသည် တိုရဟန်းအားခေါ်၍ "မည်သည့်ဝိညာဉ်ကို သင်ရည်၍ ဤသို့ယူဆသနည်း"ဟု မေး၏။ ရဟန်းက ကောင်းမှု၊ မကောင်းမှုကံ၏ အကျိုးကိုခံစားသော ဝိညာဉ်ကို ဆိုလိုပါသည်ဟု ဖြေကြား၏။ ထိုအခါ ဗုဒ္ဓက "အို မင်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောက်ျား၊ ဝိညာဉ်သည် အကြောင်းကိုကြဉ်၍ မဖြစ်၊ အကြောင်းကိုစွဲ၍သာ ဖြစ်သည်ဟူ၍ တစ်ပါးမက များစွာသောအကြောင်းတို့ဖြင့် ငါဟောကြားပါလျက် သင်သည် ယုတ်မာစွာသော မိစ္ဆာအယူကို လက်ခံဘိ၏" စသည်ဖြင့် ကဲ့ရဲ့တော်မူ၏။ (မဇ္ဈိမနိကာယ်၊ မဟာတဏှာသင်္ခယသုတ်)

စင်စစ် အနတ္တတရားအရ ပုဂ္ဂိုလ်သတ္တဝါဟူ၍ ပရမတ္ထအားဖြင့် မရှိသောကြောင့် လူသေလျှင် ဘဝတစ်ပါးသို့ ပြောင်းသွားသည်ဆိုသော စကားသည်ပင် လောကဝေါဟာရစကားမျှသာဖြစ်၏။ ဤအကြောင်းကို အရှင်ဗုဒ္ဓဃောသ၊ အရှင်နာဂသေနစသော အဋ္ဌကထာ ဆရာများက အောက်ပါအတိုင်း ပြဆိုကြ၏။

၁။ **Das Gupta: A History of Indian Philosophy, pp. 8**

"ပဋိသန္ဓေအခါ၌ စိတ်၏အစဉ်သည် ဖြစ်၏။ ရှေ့ဖြစ်သောစိတ်သည် ပျက်၏။ စုတိစိတ်မှ တစ်စုံတစ်ခုသော တရားသည် သွားသည်မဟုတ်။ ပဋိသန္ဓေဝိညာဉ်သည် စုတိစိတ်မှတစ်ပါးဖြစ်၍ အကြောင်းအားလျော်စွာဖြစ်၏။ အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ လာသော တစ်စုံတစ်ခုသော တရားသည် မရှိ။ ယခုဘဝ၌လည်း ကံကြောင့်ဖြစ်ကုန်သော ခန္ဓာတို့သည် အမြဲမတည် မရှည်မကြာချုပ်ကုန်လတ္တံ့။ တစ်ဖန်ဘဝသစ်၌တစ်ပါး တစ်ခြားကုန်သော ခန္ဓာတို့သည် ကံတည်းဟူသောအကြောင်းကြောင့် ဖြစ်ကုန်လတ္တံ့။ ဤပစ္စုပ္ပန်ဘဝမှ တစ်ဖန်ဘဝသစ်သို့ တစ်ခုသော တရားသည်မျှလည်း မသွားလတ္တံ့။" (ဝိသုဒ္ဓိမဂ်၊ ကခါဝိတရဏနိဒ္ဒေသ)

"မင်းကြီး၊ ပရမတ္ထတရား၏ အစဉ်သည် ဖွဲ့ယှက်၍ဖြစ်၏။ တစ်ပါးသော တရားသည် ဖြစ်ဆဲဖြစ်၍ တစ်ပါးသောတရားသည် ချုပ်ဆဲဖြစ်၏။ မရှေးမနှောင်း စပ်ကာစပ်ကာဖြစ်၏။ ထို့ကြောင့် ထိုရှေးလူဟောင်းလည်း အသစ်ပဋိသန္ဓေမနေ၊ တစ်ပါးသော လူသစ်လည်းမဖြစ်၊ ရှေးဖြစ်သော ဝိညာဉ်သည် နောက်ဖြစ်သောဝိညာဉ်ကို ထောက်ပံ့ ခြင်း၊ ကျေးဇူးပြုခြင်းသို့ရောက်၏။" (မိလိန္ဒပဉှာအဒ္ဓါဝဂ်၊ ဓမ္မသန္တတိပဉှာ)

လူသတ္တဝါသည် သေပြီးနောက်၌ တစ်စုံတစ်ရာ ကူးပြောင်းမှုမရှိဘဲ ဘဝသစ်တဖန် ဖြစ်သော သဘော၊ တနည်းဆိုသော် ဘဝသံသရာ၌ ရှေ့ဘဝနှင့် နောက်ဘဝသည် အကြောင်းအကျိုးအားဖြင့်သာလျှင် ဆက်စပ်သောသဘောကို ရှင်းပြသည့် ဥပမာများကို ပိဋကတ်စာပေ၌ မတွေ့ရချေ။ အဋ္ဌကထာများ၌မူ ထိုဥပမာများကို အတော်များများ တွေ့ရ၏။ မိလိန္ဒပဉှာကျမ်း၌ ကလေးသူငယ်မှ လူကြီးဖြစ်လာပုံ ဥပမာ တစ်ညဉ့်ပတ်လုံး ထွန်းထားသော ဆီမီးဥပမာ၊ နို့ရည်မှ နို့ဓမ်းဖြစ်လာခြင်း ဥပမာများကို ပြထား၏။ နို့ရည်သည် နို့စမ်းမဟုတ်၊ သို့ရာတွင် နို့စမ်းသည် နို့ရည်နှင့်ကင်း၍ မဖြစ်နိုင်ဘဲ အကျိုးအကြောင်းအားဖြင့် ဆက်စပ်လျက်ရှိ၏။ အရှင်ဗုဒ္ဓဃောသ ဆရာသည်လည်း ဝိသုဒ္ဓိမဂ်၌ သရက်ပင် ကြီးပွားလာပုံ၊ ယိယ်စဉ်က သင်ကြားခဲ့သော အတတ်ပညာ၏ အကျိုးကို ခံစားရပုံ၊ ပုံတင်သံဖြစ်ပေါ်လာပုံ၊ ကြေးမုံမှန်၌ အရိပ်ထင်ပုံစသော ဥပမာ များဖြင့် ရှင်းပြခဲ့ပေသည်။

ထိုဥပမာများမှာ မြန်မာဗုဒ္ဓဝါဒီအများ သိရှိပြီးဖြစ်၍ ထပ်မံဖော်ပြရန် မလိုချေ။ မြောက်ပိုင်းဗုဒ္ဓဝါဒီတို့၏ သဏ္ဏတအဘိဓမ္မာကျမ်းမှ မှတ်သားဖွယ်ကောင်းသော ဥပမာတစ် ခုကို အကျဉ်းချုံး၍ ဖော်ပြပါအံ့။

"မြစ်တစ်ခုသည် တောတစ်ခုကိုဖြတ်၍ စီးဆင်းလျက်ရှိရာ မြစ်၏တစ်ဖက်ကမ်း၌ တောမီးလောင်လျက်ရှိ၏။ ထိုမီးသည် တစ်လုံးတစ်ခဲတည်း ရှိသည်မဟုတ်။ ခဏတာမျှဖြစ် ပေါ်ချုပ်ပျောက်သွားသော မီးတောက်မီးလျှံများ တစ်ခုအပေါ်တစ်ခု အမှိုပြုကာ အလျဉ် မပြတ် ဖြစ်ပေါ်နေခြင်းဖြစ်၏။ ရုပ်နာမ်တရားတို့သည်လည်း ထိုမီးလျှံများကဲ့သို့ ခဏ မစဲ တဖွဲဖွဲ ဖြစ်ပေါ်ချုပ်ပျောက်နေကြ၏။ မီးငြိမ်းလုဆဲဆဲ ခဏ၌ လေ၏အရှိန်ကြောင့်

မြစ်၏ အခြားတဖက်ကမ်း၌ အခြားတောမီးတစ်ခု ဖြစ်ပေါ်လာ၏။ မီးသည် မြစ်ကို ဖြတ်ကူးသွားသည်မဟုတ်။ ပထမမီးနှင့် ဒုတိယမီးသည် တစ်ခုတည်းဖြစ်သည်။ သို့မဟုတ် တခြားစီဖြစ်သည်ဟု မဆိုအပ်။ စင်စစ်သော်ကား လေ၏အရှိန်ကြောင့် မြစ်က ခြားထားပါလျက် မီးသည် အလျဉ်ပြတ်စဲသွားခြင်း မရှိကြောင်း ထင်ရှား၏။ ထို့အတူ ရုပ်နာမ်တရားတို့သည် ခန္ဓာကိုယ် ပျက်စီးစေကာမူ တဏှာ၏အစွမ်းသတ္တိကြောင့် အကြွင်းမဲ့ချုပ်ပျောက် ပြတ်စဲခြင်း မဖြစ်နိုင်ချေ။"[၁]

ဤသို့ဖြင့် ပဋိသန္ဓေဝိညာဉ်သည် ဘဝဟောင်းမှ အတ္တဇီဝ ပုဂ္ဂိုလ်သတ္တဝါ တစ်စုံတစ်ရာ ကူးပြောင်းမှုမရှိဘဲ တဏှာပါဒါန်ကြောင့်သာလျှင် ဖြစ်ပေါ်လာ၏။

"ထိုစုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့၏ အကြား၌ ခြားဆီးခြင်းကို ပြုတတ်သော တစ်စုံတစ်ခုသောတရားသည်မရှိ။ ထိုစုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့၏ အလယ်အကြားသည်မရှိ" (ဝိသုဒ္ဓိမဂ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိနိဒ္ဒေသ)။ ဤစကားဖြင့် လူသေလျှင် ခုနစ်ရက်တိုင်တိုင် ဝိညာဉ်သည် မကျွတ်လွတ်ဘဲ နေသည်။ ရက်လည်ဆွမ်းသွတ်၍ အမျှပေး ဝေမှသာ ကျွတ်လွတ်၍ ဘဝသစ်တစ်ဖန် ပြန်ဖြစ်သည်ဟူသောအယူသည် ဗုဒ္ဓအယူမဟုတ်ကြောင်း ထင်ရှား၏။ ကထာဝတ္ထု ပါဠိတော်၌ ထိုအယူသည် ပရဝါဒီတို့၏ အယူဖြစ်သည်ဆို၏။ ပရဝါဒီဆရာက လူသည် သေပြီးနောက် အခြားဘဝတွင် ပဋိသန္ဓေမနေရသေးဘဲ ခုနစ်ရက်ခန့် ကြားကာလ၌ နေနိုင်သည်ဟု ယူဆ၏။ သို့ရာတွင် သကဝါဒီ (ဗုဒ္ဓဝါဒီ) ဆရာက မေးမြန်းစိစစ်သောအခါ ထိုခုနစ်ရက်ဘဝသည် သုံးဆယ့်တစ်ဘုံ၌ မပါဝင်သောကြောင့် စုတိစိတ်နှင့် ပဋိသန္ဓေစိတ် အကြားကာလ၌ ဘဝတစ်ခု ဖြစ်နိုင်စရာအကြောင်း မရှိပါဟု ဝန်ခံရလေသည်။

မြန်မာဗုဒ္ဓဝါဒီတို့သည် တိရစ္ဆာန်ဘဝကို လူသတ္တဝါ၏ ပဋိသန္ဓေဝိညာဉ်တည်ရာ ဘုံဘဝတစ်ခုအဖြစ်ဖြင့် အသိအမှတ်ပြုထားကြ၏။ ဤအစဉ်အလာ၊ ယုံကြည်ချက်၏ ကျောထောက်နောက်ခံမှာ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုများဖြစ်၏။ သို့ရာတွင် အနောက်တိုင်း ပါဠိပညာရှင်တို့၏ အမြင်အားဖြင့် ထိုဇာတကဝတ္ထုများသည် ဗုဒ္ဓက မဟောဘဲ ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်ပြီးနောက် နှစ်ပေါင်းအတန်ကြာမှ ဗုဒ္ဓစာပေထဲသို့ ဝင်ရောက်လာသော ဝတ္ထုများဖြစ်၏။ ထိုသို့ယူဆရန် အထောက်အထားများကို ရှေ့ 'ဗုဒ္ဓကိုးကွယ်မှု' အခန်း၌ ပြဆိုပါအံ့။

တိရစ္ဆာန်ဘုံသည် မကောင်းမှုပြုသော သူတို့၏ လားရာအပါယ်ဘုံ တစ်ခုဖြစ်သည်ဟု ဗုဒ္ဓစာပေများ၌ ပြဆိုထားရကား ဗုဒ္ဓသည် ဘုရားမဖြစ်မီက ဘဝပေါင်းများစွာ တိရစ္ဆာန်ဖြစ်ခဲ့သည်ဆိုခြင်းမှာ အကြောင်းယုတ္တိမရှိချေ။ ဤနေရာ၌ အောက်ပါ ဗုဒ္ဓဒေသနာကိုလည်း ကျွန်ုပ်တို့ ဆင်ခြင်သုံးသပ်ရန် လိုအပ်၏။

"ရဟန်းတို့၊ မဟာသမုဒ္ဒရာ၌ မျက်စိကန်းသော လိပ်တစ်ကောင်သည် ရှိ၏။

၁။ **Poussin: The Way to Nirvana, pp. 53-54**

ထိုလိပ်ကန်းသည် အနှစ်တစ်ရာလွန်မှ တစ်ကြိမ်သာလျှင် ရေပေါ်သို့ ပေါ်တက်၏။ ထိုလိပ်ကန်းသည် လေတိုက်သောကြောင့် ထိုမှဤမှ လွင့်မျောနေသော တစ်ခုသော အပေါက်ရှိသော ထမ်းပိုး၌ လည်ပင်းကို လျင်မြန်စွာ စွပ်မိရာသေး၏။ အပါယ်ဘုံရှိ သတ္တဝါတို့သည် လူ၏အဖြစ်ကိုရခြင်းငှာ အလွန်ခဲယဉ်း၏။ အကြောင်းမူ အပါယ်ဘုံတို့၌ တရားကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်းတို့သည် မရှိကုန်။ တိရစ္ဆာန်တို့သည် အချင်းချင်း စားကြကုန်၏။ အားနည်းသော သတ္တဝါကို အားကြီးသောသတ္တဝါက စားလေ့ရှိ၏။" (မဇ္ဈိမနိကာယ်၊ ဗာလပဏ္ဍိတသုတ်)

ဤဒေသနာအရ တိရစ္ဆာန်သည် လူ့ဘဝသို့ ကူးပြောင်းရန် ထိုမျှခဲယဉ်းပါက ဗုဒ္ဓသည် ဘဝပေါင်းများစွာ တိရစ္ဆာန်အဖြစ်ဖြင့် ပါရမီဖြည့်ခဲ့သည်ဆိုသော စကားမှာ အခြေအမြစ်မရှိလှချေ။

စင်စစ် သေပြီးနောက် လူက တိရစ္ဆာန်အဖြစ်သို့သော်လည်းကောင်း၊ တိရစ္ဆာန်က လူအဖြစ်သို့သော်လည်းကောင်း ပြောင်းလဲသည်ဆိုခြင်းမှာ သဘာဝနိယာမနှင့် ဖီလာဖြစ်၏။ သိပ္ပံပညာ အလိုအားဖြင့် လူသည် တိရစ္ဆာန်မှ ဆင်းသက်သည်မှန်သော်လည်း တိရစ္ဆာန်အဖြစ် နှစ်ပေါင်း ကုဋေကုဋာကြာအောင် အဆင့်ဆင့် ပြောင်းလဲပြီးမှ လူ့အဖြစ်သို့ ရောက်ရှိခဲ့၏။ ထို့ကြောင့် ဗြိတိသျှ ဗုဒ္ဓဘာသာအသင်းက ထုတ်ဝေသော စာအုပ်၌ "သဘာဝဓမ္မ၏ လုပ်ဆောင်မှုသည် တိုးတက်မှု၌ဖြစ်စေ၊ ဆုတ်ယုတ်မှု၌ဖြစ်စေ နှေးကွေးလှပေရာ သဘာဝအားဖြင့် တိရစ္ဆာန်ထက် အဆင့်အတန်းမြင့်သော လူသည် တစ်ဘဝတည်းဖြင့် မိမိ၏ အဖိုးတန်အမွေအနှစ်ကို စွန့်လွှတ်ရသည်ဆိုခြင်းမှာ သဘာဝနိယာမ တရားအားလုံးနှင့် ဆန့်ကျင်လှချေသည်"ဟု ရေးသားထား၏။[၁]

ဒီဃနိကာယ်၊ မဟာနိဒါနသုတ်နှင့် အခြားသုတ်များ၌ ပဋိသန္ဓေဝိညာဉ်၏ တည်ရာခုနစ်ပါးကို ဖော်ပြထား၏။ ယင်းတို့မှာ လူ၊ အချို့သော နတ်၊ အချို့သော ဝိနိပါတိကတို့၏ဘုံနှင့် အခြားဗြဟ္မာတို့၏ ဘုံခြောက်ဘုံဖြစ်၏။ ယင်းတို့တွင် တိရစ္ဆာန်ဘုံကို ပြဆိုထားခြင်းမရှိချေ။ (ဝိနိပါတိက-ဆဋ္ဌသင်္ဂါယနာမူ ဒီဃနိကာယ် မြန်မာပြန်၌ ဖုတ်၊ တစ္ဆေ၊ သရဲစသော နာနာဘာဝသတ္တဝါဟု ပြန်ဆို၍ လန်ဒန် ပါဠိအဘိဓာန်၌မူ သေလျှင် ငရဲသို့လားရမည့် သတ္တဝါ၊ ဆင်းရဲဒုက္ခခံရမည့် သတ္တဝါဟု ပြန်ဆိုထားသည်။)

အတိတ်ဘဝက တိရစ္ဆာန်ဖြစ်ခဲ့သော ပုဂ္ဂိုလ်များအကြောင်းကို အဋ္ဌကထာများ၌သာ တွေ့ရ၍ ပိဋကတ်စာပေ၌ အလျှင်းမတွေ့ရချေ။ ဒီဃနိကာယ်၊ သာမညဖလသုတ်နှင့် အခြားသုတ်များ၌ အတိတ်ဘဝများကို မှတ်မိသော ပုဗ္ဗေနိဝါသဉာဏ်အကြောင်း အကျယ်ဖွင့်ဆိုသော စကားများပါရှိ၏။ ယင်းတို့သည် သုတ္တန်ပိဋကတ်၌ ထပ်တလဲလဲ တွေ့ရသော စကားများဖြစ်၍ ပိဋကတ်သမိုင်း၌ အတော်ရှေးကျသောစကားများ ဖြစ်တန်ရာ၏။ "ထိုရဟန်းသည် များပြားသော ရှေး၌ဖြစ်ဖူးသောဘဝကို အောက်မေ့၏။ ဤမည်သောဘဝ၌ ငါသည် ဤသို့သော အမည်ရှိခဲ့၏။ ဤသို့သော အနွယ်ရှိခဲ့၏။

၁။ **London Buddhist Lodge: What is Buddhism, pp. 177**

ဤသို့သော အဆင်းရှိခဲ့၏။ ဤသို့သော ချမ်းသာဆင်းရဲ ခံစားခဲ့ရ၏။ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏ဟု ဤသို့သော အခြင်းအရာ ညွှန်းပြဖွယ် အမည်အနွယ်နှင့်တကွ ရှေးဘဝပေါင်းများစွာကို အောက်မေ့၏"ဤ စကားများသည် တိရစ္ဆာန်ဘဝကို ရည်ညွှန်းသောစကားများ မဖြစ်နိုင်ချေ။ "ညွှန်းပြဖွယ် အမည်အနွယ်နှင့်"ဟုဆိုသောကြောင့် လူ့ဘဝများကိုသာလျှင် ရည်ညွှန်းသောစကားများ ဖြစ်ရပေမည်။

ဗုဒ္ဓလက်ထက်က လူတို့သည် တမလွန်လောက အကြောင်းကို သိလိုကြ၏။ ရိုးရိုးလူတို့ကို မဆိုထားဘိ၊ အရှင်အာနန္ဒာသည်ပင် ကွယ်လွန်သော အချို့လူတို့၏ တမလွန်ဘဝကို သိလိုသဖြင့် ဗုဒ္ဓအား လျှောက်ထားမေးမြန်းလေ့ရှိ၏။ "အာနန္ဒာ၊ လူသေတိုင်း သေတိုင်း ငါဘုရားထံသို့ ချဉ်းကပ်၍ တမလွန်ဘဝအကြောင်းကို မေးမြန်းနေပါက ငါဘုရားအား ပင်ပန်းစေရုံမျှသာဖြစ်၏" (မဟာပရိနိဗ္ဗာနသုတ်)ဟူသော စကားအရ ဗုဒ္ဓသည် ထိုမေးမြန်းမှုများကို ငြီးငွေ့ဟန်ရှိ၏။ သို့ရာတွင် ဗုဒ္ဓသည် လူတို့၌ စွဲမြဲနေသော အစဉ်အလာ၊ ယုံကြည်ချက်ကို လေးစားတော်မူကြောင်း 'ဗုဒ္ဓ' အခန်း၌ ဖော်ပြခဲ့ပေပြီ။ အထူးသဖြင့် ဘဝသံသရာ အယူကဲ့သို့ စိတ်ဓာတ်နနယ်သော ပုထုဇဉ်သတ္တဝါတို့အဖို့ အကျင့်သီလ စင်ကြယ်မှုကို အထောက်အကူပြုသော ယုံကြည်ချက်ကို ပြစ်တင်ဝေဖန်လေ့ မရှိချေ။

ရုရှားဗုဒ္ဓကျမ်းပြုဆရာ **စချာဗတ်စကီ**က ဗုဒ္ဓသည် ဘဝသံသရာအကြောင်းကို ပညာဉာဏ်နနယ်သော လူတို့အား ဟောခဲ့သည်။ ပညာဉာဏ်ရင့်ကျက်ပြီးသော သူတို့ကိုကား တစ်မျိုးတစ်ဖုံ ဟောပြောခဲ့သည်ဆို၏။[၁] ဤစကားမှာ အောက်ပါဗုဒ္ဓဒေသနာနှင့် ကိုက်ညီသည်ဟု ဆိုရပေမည်။

"ရဟန်းတို့၊ ငါဘုရားသည် သမ္မာဒိဋ္ဌိကို နှစ်မျိုးပြား၏ဟူ၍ ဟောတော်မူ၏။ အလှူ၏အကျိုးသည်ရှိ၏။ ပူဇော်မှုကြီးမျိုး၊ ပူဇော်မှုငယ်မျိုး၏ အကျိုးသည်ရှိ၏။ ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးသည်ရှိ၏။ တမလွန်လောကသည် ရှိ၏။ မိဘ လုပ်ကျွေးခြင်း၏ အကျိုးသည်ရှိ၏။ နတ်စသော သတ္တဝါတို့သည်ရှိ၏။ ရဟန်းသူမြတ်တို့သည် ရှိ၏။ ဤသည်တို့ကား အာသဝေါတရား၏ အာရုံဖြစ်သော ကောင်းမှုအဖို့ဖြစ်သော၊ ဥပဓိကို ရင့်စေတတ်သော ပထမသမ္မာဒိဋ္ဌိ ဖြစ်၏။ မြတ်သောစိတ်ရှိသော အရိယာမဂ်နှင့် ပြည့်စုံသော အရိယာမဂ်ကို ပွားစေသော ပုဂ္ဂိုလ်၏ အကြင်ပညာသည်လည်းကောင်း ပညိန္ဒြေသည်လည်းကောင်း၊ ပညာဗိုလ် သည်လည်းကောင်း၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် သည်လည်းကောင်း ရှိ၏။ ထိုပညာ၊ ပညိန္ဒြေစသည်တို့ကို မြတ်သော၊ အာသဝေါတရား၏ အာရုံမဟုတ်သော လောကုတ္တရာမဂ္ဂင်ဖြစ်သော ဒုတိယသမ္မာဒိဋ္ဌိဟု ဆိုအပ်၏။ (မဇ္ဈိမနိကာယ်၊ မဟာစတ္တာရီသကသုတ်)

ဤဒေသနာနှင့်အညီ ဗုဒ္ဓသည် ပုဂ္ဂိုလ်သတ္တဝါတို့၏ ပညာဉာဏ်၊ အနုအရင့်ကို

---

၁။ **Stcherbatsky: Central Conception of Buddhism, pp. 23**

ကြည့်၍ ဘဝသံသရာအကြောင်းကို ဟောပြောသောကြောင့် ဟောသောနည်းဟန် ပရိယာယ်မှာ တစ်ပုံစံတည်း မဟုတ်ချေ။ သာမန်လူတို့အား ဟောကြားသော ဒေသနာနှစ်ရပ်ကို ဖော်ပြပါအံ့။

"တမလွန်လောကသည် အကယ်၍ ရှိသည်ဖြစ်အံ့။ ကောင်းမှု၊ မကောင်းမှုကံတို့၏ အကျိုးသည် အကယ်၍ ရှိသည်ဖြစ်အံ့။ ထိုသို့ရှိသည်ဖြစ်သော် ငါသည် သေသည်မှ နောက်၌ကောင်းမှုပြုသော သူတို့၏ လားရာနတ်ပြည်၌ ဖြစ်ရအံ့ဟု စိတ်သက်သာရာ ရသည် ဖြစ်၏။ ဤသည်ကား ဗြဟ္မဝိဟာရတရား ပွားများသောသူ၏ ရှေးဦးစွာ သက်သာရာရခြင်း ဖြစ်၏။ တမလွန်လောကသည် အကယ်၍မရှိ၊ ကောင်းမှု၊ မကောင်းမှုကံတို့၏ အကျိုးသည်လည်း မရှိသည်ဖြစ်အံ့။ ထိုသို့ မရှိသည်ဖြစ်ခဲ့သော် ငါသည် မျက်မှောက်ဘဝ၌ ရန်မရှိသည်၊ ကြောင့်ကြမရှိသည်၊ ဆင်းရဲမရှိသည်ဖြစ်၍ ချမ်းသာစွာ နေရပေသည်ဟု စိတ်သက်သာရာရသည် ဖြစ်၏။ ဤသည်ကား ဗြဟ္မဝိဟာရတရား ပွားများသော သူ၏ ဒုတိယသက်သာရာရခြင်း ဖြစ်၏။" (အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ ကာလာမသုတ်)

"ပညာရှိသော ယောကျာ်းသည် ဤသို့ဆင်ခြင်၏။ တမလွန်လောကသည် အကယ်၍ မရှိသည်ဖြစ်အံ့။ မကောင်းမှုပြုသော ဤသူသည် သေပြီးနောက်၌ မိမိကိုယ်ကို ချမ်းသာခြင်းပြုလတ့ံ။ တမလွန်လောကသည် အကယ်၍ ရှိသည်ဖြစ်အံ့။ ဤသူသည် သေသောအခါ ငရဲသို့ရောက်လတ္တံ့။ တမလွန်လောကသည် အကယ်၍ ရှိသည်ဖြစ်အံ့။ ထိုအရှင်သာမဏ ဗြာဟ္မဏတို့၏ စကားသည်မှန်၍ ဤသူသည် မျက်မှောက်ဘဝ၌ ပညာရှိတို့၏ ကဲ့ရဲ့ဖွယ်ဖြစ်၏။ သို့ဖြစ်၍ တမလွန်လောကသည် အကယ်၍ ရှိခဲ့သော် ဤသူအား နှစ်မျိုးနှစ်ပုံ အကျိုးယုတ်၏။ မျက်မှောက်ဘဝ၌ ပညာရှိတို့၏ ကဲ့ရဲ့ခြင်းကိုခံရ၍ သေလျှင် ငရဲသို့ရောက်၏။" (မဇ္ဈိမနိကာယ်၊ အပဏ္ဏကသုတ်)

ဤဒေသနာနှစ်ခု၌ ဗုဒ္ဓသည် တမလွန်ဘဝရှိ၊ မရှိမေးလျှောက်သော သူတို့အား တိကျပြတ်သားစွာ မဖြေဆိုဘဲ တမလွန်ဘဝကို ယုံကြည်ခြင်းဖြင့် အကျိုးရှိကြောင်း ဟောကြားခဲ့၏။ တရားကြားနာသော သူများမှာလည်း ရဟန်းများမဟုတ်။ ဓမ္မဒိန္နာ၊ စိတ္တသူကြွယ်တို့ကဲ့သို့ ပညာဉာဏ်ရင့်ကျက်သော လူပုဂ္ဂိုလ်များမဟုတ်ဘဲ မထင်ရှားသော ဉာဏ်နနယ်သော ပုထုဇဉ် လူပုဂ္ဂိုလ်များဖြစ်၏။

ပုထုဇဉ်လူသတ္တဝါတို့အဖို့ တမလွန်ဘဝနှင့် နတ်ပြည်၊ ငရဲပြည်စသော တမလွန်လောကကို ယုံကြည်ရန်လိုအပ်ကြောင်း ယုံမှားစရာမရှိချေ။ သို့ဖြစ်၍ ရှေးဂရိ ဒဿနိက ပညာရှင်ကြီးပလေတိုက လူတို့၏ အကျိုးစီးပွားအတွက် ထိုရှေးအစဉ်အလာ ယုံကြည်ချက်များကို နိုင်ငံအစိုးရတို့က ကာကွယ်စောင့်ရှောက်ပေးသင့်ကြောင်း ရေးသားခဲ့၏။ နာမည်ကျော် ပြင်သစ်ဒဿနိကဆရာဖြစ်သော ဗော်လတာကမူ ထာဝရဘုရားကို တီထွင်ဖန်တီးပေးသင့်ဟု ဆိုခဲ့ဖူး၏။

ဘဝသံသရာကို စွဲစွဲမြဲမြဲ ယုံကြည်သော နိဂဏ္ဌာ (ဂျိန်း)တို့ကို ဟောပြောရာ၌မူ

ဗုဒ္ဓသည် အထက်ပါအတိုင်း မဟောပြောချေ။ ဂျိန်းရဟန်းတို့သည် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်မှုအတွက် အတိတ်ဘဝများမှ ပါလာသော ကမ္မသတ္တိ အစိုင်အခဲကို ချေဖျက်ရန် လိုအပ်သည်ဟု ယုံကြည်သောကြောင့် မိမိတို့ကိုယ်ကို အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းကြ၏။ ဗုဒ္ဓသည် ထိုရဟန်းတို့အား "ငါ့ရှင်နိဂဏ္ဍာတို့၊ သင်တို့သည် ငါတို့ကား ရှေးက ဖြစ်ဖူးပြီဟူ၍လည်းကောင်း၊ ရှေးက မဖြစ်ဖူးသေးဘူးဟူ၍လည်းကောင်း သိကြပါကုန်၏လော"ဟု မေးမြန်းလေ့ရှိ၏။ ဤနည်းမှာ လောက၌ မည်သူမျှ မမြင်ဖူးသော မဟာဗြဟ္မာနှင့် ပူးပေါင်းလိုသည်ဆိုခြင်းမှာ ရယ်ဖွယ်သက်သက်ဖြစ်ကြောင်း သိသာထင်ရှားစေရန် ဥပမာများနှင့် ဟောကြားသည့်နည်း ပရိယာယ်မျိုးဖြစ်၏။ ယနေ့များစွာသော အနောက်တိုင်း အသိပညာရှင်တို့သည် ဤ**မသိဝါဒ**[၁] နှင့် အညီ တမလွန်ဘဝ၊ အတ္တဝိညာဏ်၊ ထာဝရဘုရား စသည်တို့ရှိ၊ မရှိ ပြဿနာများမှာ မည်သူမျှ၊ မည်သည့်နည်းနှင့်မျှ မသိနိုင်သည်ဟုဆိုကာ လုံးဝမျက်ကွယ်ပြုထားကြ၏။

အသိဉာဏ်ရင့်ကျက်သော ပုဂ္ဂိုလ်တို့ကို ဟောကြားရာ၌မူ ဗုဒ္ဓသည် ဘဝသံသရာကို လုံးဝမစဉ်းစားရန်၊ သို့မဟုတ် မစွဲလမ်းရန် အတိအလင်း မိန့်ကြား၏။ "ပေါဋ္ဌပါဒ၊ သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိ၏ဟူ၍လည်းကောင်း၊ မရှိဟူ၍လည်းကောင်း၊ ဤသို့သော အယူများသည် ဧကန်နိဗ္ဗာန်ရောက်ကြောင်း တရားများ မဟုတ်သောကြောင့် ယင်းတို့ကို ငါဟောကြားတော်မမူ (ဒီဃနိကာယ်၊ ပေါဋ္ဌပါဒသုတ်)။ "အို – ဝစ္ဆ၊ သတ္တဝါသည် သေသည်မှနောက်၌ဖြစ်သည်ဟူ၍ လည်းကောင်း၊ မဖြစ်ဟူ၍လည်းကောင်း ဤငါ၏အယူသည်သာ မှန်သည်၊ အခြားအယူသည် အချည်းအနှီးသာတည်းဟု အယူမရှိအပ်။" (မဇ္ဈိမနိကာယ်၊ အဂ္ဂိဝစ္ဆ ဂေါတ္တသုတ်)

"ရဟန်းတို့၊ သင်တို့သည် ငါတို့သည် လွန်လေပြီးသောကာလ၌ ဖြစ်ဖူးပြီလော၊ မဖြစ်ဖူးလော။ အဘယ်သို့သောသူ၊ အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်ကုန်သနည်းဟု တွေးတောရန်မသင့်။ ငါတို့သည် နောင်အခါသောကာလ၌ ဖြစ်မည်လော၊ မဖြစ်မည်လော၊ အဘယ်သို့သောသူ ဖြစ်မည်နည်းစသည်ဖြင့် မတွေးတောသင့်။ ယခုပစ္စုပ္ပန်ကာလ၌လည်း ငါသည် ဖြစ်လေသလော၊ မဖြစ်လေသလော၊ ဤသတ္တဝါသည် အဘယ်မှလာ၍ အဘယ်သို့သွားမည်နည်း စသည်ဖြင့် ကြံဆည်တွေးတောရန်မသင့်။" (မဇ္ဈိမနိကာယ်၊ မဟာတဏှာ သင်္ခယသုတ်နှင့် သဗ္ဗာသဝသံဝရသုတ်)

မဂ်ဖိုလ်နိဗ္ဗာန်ကို မျှော်မှန်းသော ပုဂ္ဂိုလ်သည် သံသရာအကျိုးစီးပွားအတွက် ကောင်းမှုပြုသည်မဟုတ်။ "ရဟန်းတို့၊ သာသနာတော်မှအပဖြစ်သော ပရဗိုဇ်ရဟန်းတို့က သင်တို့သည် နတ်ပြည်၌ ဖြစ်ခြင်းအကျိုးငှာ မြတ်သောအကျင့်ကို ကျင့်သုံးသည်မှန်သလောဟု မေးပါက သင်တို့သည် ရှက်နိုးရာကုန်သည်မဟုတ်လော။ နတ်စည်းစိမ်ကို သင်တို့ စက်ဆုပ်ကြသည် မဟုတ်လော" (အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ ဒေဝလောကု

---

၁။ **Agnosticism**

ပပတ္တိသုတ်)။ "အမျိုးကောင်းသားသည် နောင်အခါ၌ ဘဝပြည့်စုံမှုကို ရည်မျှော်ကာ ရဟန်းပြုသည်မဟုတ်" (အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ အာဓိပတေယျသုတ်)

တမလွန်ဘဝနှင့် ပတ်သက်သော ဤအယူ ထိုအယူသည် ဘဝတဏှာနှင့် ယှဉ်သောကြောင့် ဆင်းရဲဒုက္ခ ပွားများမှု၏ အကြောင်းရင်းတစ်ခုဖြစ်၏။ အလွန်ရှေးကျသော ဗုဒ္ဓဒေသနာတစ်ခုကို ဖော်ပြရမည်ဆိုသော် "လူတို့သည် ကာမဂုဏ်ကို တပ်မက်၍ စိတ်ငြိမ်းချမ်းမှုမရရှိဘဲ သေလျှင် ငါတို့ဘာဖြစ်မည်နည်းဟု ထိတ်လန့်မြည်တမ်းကြ၏။ စိတ်နှလုံး မသာယာသောသူတို့သည် တမလွန်ဘဝကို စွဲလမ်းတောင့်တကြ၏။ သေမင်းနှင့် ရင်ဆိုင်ရသောအခါ ဘဝတဏှာကြောင့် ငိုကြွေးမြည်တမ်းကြ၏။ မိမိတို့ မြတ်နိုးသောအရာများကို စွန့်လွှတ်ရသောကြောင့် ဆောက်တည်ရာမရ ဖြစ်ကြ၏။ သို့ဖြစ်၍ အတ္တစွဲ တမလွန်ဘဝစွဲမရှိဘဲ ကျင့်ကြံနေထိုင်ရာ၏။ ပညာရှိသည် ကာမဂုဏ်တရားများကို ပယ်၍ ဤဘဝ၊ ထိုဘဝကို မျှော်လင့်တပ်မက်ခြင်း မရှိချေ။" (သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ ဂုဟဋ္ဌကသုတ်)

ဗုဒ္ဓ၏ အရိယလမ်းစဉ်ကို ကျင့်သုံးသောပုဂ္ဂိုလ်သည် သေပြီးနောက် မည်သို့ဖြစ်မည်ကို လုံးဝမစဉ်းစားဘဲ မျက်မှောက်ဘဝ အကျိုးစီးပွားကို အာရုံပြု၏။ သို့ရာတွင် ထိုမျက်မှောက် အကျိုးစီးပွားဟူသည် ကာမဂုဏ်ချမ်းသာမဟုတ်၊ နတ်သမီးတစ်ပါးက အရှင်သမိဒ္ဓိမထေရ်အား အရှင်ရဟန်းသည် တမလွန်အကျိုးစီးပွားကို မတောင့်တဘဲ ကာမဂုဏ်ချမ်းသာကို လက်ငင်းခံစား နေသင့်ပါသည်ဟုဆိုရာ မထေရ်က "အိုနတ်သမီး၊ ငါသည် မျက်မှောက်သန္ဒိဋ္ဌိက အကျိုးကိုစွန့်၍ နောက်မှရလတ္တံ့သော အကျိုးကိုမတောင့်တ။ လောကုတ္တရာတရားသည် အခါမလင့် မျက်မှောက်အကျိုးပေး၍ ပညာရှိတို့သည် သိအပ်၊ ခံစားအပ်၏"ဟု မိန့်ကြား၏။ (ဒေဝတာသံယုတ်၊ သမိဒ္ဓထေရသုတ်)

နတ်သားတစ်ပါးကလည်း ရဟန်းတစ်ပါးအား "အရှင်ဘုရားတို့သည် တောခွင်၌နေ၍ တစ်ထပ်မျှသာဖြစ်သော ဆွမ်းကိုစားနေပါလျက် အဘယ်ကြောင့် အဆင်းတော်ကြည်ညိုဖွယ် တင့်တယ်ပါသနည်း"ဟု မေးလျှောက်၏။ ရဟန်းက "ငါတို့သည် လွန်ပြီးသော အတိတ်အကြောင်းကို ပြန်လည်တွေးတောခြင်းမပြု၊ မရောက်သေးသော အနာဂတ်ကာလကိုလည်း မတောင့်တကုန်၊ ထို့ကြောင့် ငါတို့သည် စိတ်ကြည်လင်၍ ချမ်းသာစွာနေကြရပေသည်"ဟု မိန့်ကြား၏။ (သဂါထာဝဂ္ဂသံယုတ် အရညသုတ်)

အမှန်ဆိုသော် အနတ္တတရားကို ကောင်းစွာသိမြင်နားလည် ကျင့်သုံးသောပုဂ္ဂိုလ်အဖို့ တမလွန်ဘဝ ပြဿနာကို ရေးကြီးခွင်ကျယ်လုပ်၍ စဉ်းစားနေရန်မလိုချေ။ ဤသည်မှာ အသိဉာဏ်ရင့်ကျက်သော သူများအား ဟောကြားရာ၌ ထိုပြဿနာကို ဗုဒ္ဓလျစ်လျူပြုခဲ့ခြင်း၏ အကြောင်းရင်းဖြစ်၏။ "အို – ဝစ္ဆ၊ သာသနာတော်မှတစ်ပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့သည် ရုပ်ကို အတ္တဟူ၍လည်းကောင်း၊ အတ္တကိုရုပ်ရှိ၏ဟူ၍လည်းကောင်းထင်မြင်စွဲလမ်း၍ သတ္တဝါသည် သေသည်မှ နောက်၌ဖြစ်သည်ဟူ၍

လည်းကောင်း မဖြစ်ဟူ၍လည်းကောင်း ပြောဆိုကြ၏။ ငါဘုရားသည်ကား ထိုသို့ ထင်မြင်စွဲလမ်းခြင်း မရှိသောကြောင့် ထိုသို့ပြောဆိုရန် အကြောင်းမရှိ။" (အဗျာကတ သံယုတ်၊ ဒုတိယဝစ္ဆဂေါတ္တ ပရိဗ္ဗာဇကသုတ်)

ထို့ကြောင့် အရိယာလမ်းစဉ်ကိုလိုက်သော ဗုဒ္ဓဝါဒီသည် အတိတ်နှင့်အနာဂတ် ဘဝများ၌ လုံးဝအစွဲမရှိဘဲ မျက်မှောက်ဘဝ လုပ်ငန်းကိစ္စများကို အာရုံစူးစိုက်ရမည် ဖြစ်၏။ ဤအချက်နှင့် စပ်လျဉ်း၍ ဗုဒ္ဓဟောကြားသော ဒေသနာများတွင် အထင်ရှားဆုံး မှာ မဇ္ဈိမနိကာယ်၌လာသော စကားတစ်ရပ်ဖြစ်၏။ "အကြင်အတိတ်ကာလက ဖြစ်ခဲ့ပြီးသော တရားစုသည် ချုပ်ပျောက်ကြလေပြီ။ အနာဂတ်ဖြစ်သော တရားစုတို့သည် လည်း မရောက်လာသေးချေ။ ထို့ကြောင့် လွန်ခဲ့ပြီးသော အတိတ်တရားစုကို အောက်မေ့စွဲ လမ်းခြင်းမပြုရာ၊ မရောက်လာသေးသော အနာဂတ်တရားစုကိုလည်း စွဲလမ်းတောင့်တ ခြင်းမပြုရာ။" (မဇ္ဈိမနိကာယ်၊ ဘဒ္ဒေကရတ္တသုတ်)

အထက်ပါ ဗုဒ္ဓဩဝါဒသည် အထူးအရေးကြီးသောကြောင့် နတ်သားတစ်ဦးက အရှင်သမိဒ္ဓိအား "ရှင်ရဟန်း၊ ဘဒ္ဒေကရတ္တသုတ်သည် အရိယာမဂ်တည်းဟူသော အကျင့်၏အစဖြစ်၍ ထိုသုတ်ကို ဆောင်ယူမှတ်သားပါလော"ဟုဆို၏။ (မဇ္ဈိမနိကာယ်၊ မဟာကစ္စာနတ္တေရ၊ ဘဒ္ဒေကရတ္တသုတ်)။ ထိုသုတ်ကို အရှင်ကစ္စာနနှင့် ရှင်အာနန္ဒာမထေရ် တို့က ထပ်မံရှင်းလင်းဟောကြား၍ မဇ္ဈိမနိကာယ်၌ ယင်းနှင့်ဆိုင်ရာ သုတ္တန်ဒေသနာလေးခု ပါရှိ၏။

အနောက်တိုင်း ဗုဒ္ဓစာပေပညာရှင်တို့သည် အများအားဖြင့် အထက်ပါ ဗုဒ္ဓဒေသနာ များကို သတိမပြုမိဘဲ ပုထုဇဉ် လူပုဂ္ဂိုလ်တို့အားဟောသော ဘဝသံသရာဆိုင်ရာ သုတ္တန်များကိုသာ လေ့လာမှတ်သားခဲ့ကြဟန်ရှိ၏။ သို့ဖြစ်၍ ဘဝသံသရာကို ဗုဒ္ဓဝါဒ၏ အခြေခံပဓာန တရားဖြစ်သည်ဟု စွဲမှတ်ထားကြ၏။ ပိဋကတ်စာပေကို နှံ့နှံ့စပ်စပ် လေ့လာခဲ့သော **မစ္စက်ရိုင်းစ်ဒေးဗစ်**အဖို့မူ ထိုသို့မဟုတ်။ အခန်း-၆ ၌ ပြဆိုခဲ့သည့် အတိုင်း **မစ္စက်ရိုင်းစ်ဒေးဗစ်**သည် အနတ္တဝါဒမှာ ဗုဒ္ဓဟောသော တရားမဟုတ်ဟု ခံယူ ပြီးနောက်တမလွန်ဘဝကို စွဲစွဲမြဲမြဲ ယုံကြည်သောသူ ဖြစ်လာ၏။ သို့ရာတွင် ပိဋကတ် စာပေ၌ ဗုဒ္ဓဝါဒသည် ဘဝသံသရာကို အလေးမထားဘဲ မျက်မှောက်ဘဝကို ရှေ့တန်း တင်သော ဝါဒဖြစ်ကြောင်း အောက်ပါအတိုင်း ရေးသားခဲ့၏။

"ဗုဒ္ဓဝါဒသည် ရုပ်ဝါဒမဟုတ်သော်လည်း နောက်ကာလ၌ ဘဝသံသရာအပေါ် အမြင်ကျဉ်းမြောင်းကာ ဆင်ခြင်တုံတရားကို အခြေပြုသော ရုပ်ဝါဒအဆင့်အတန်းသို့ ကျဆင်းလာ၏။ မျက်မှောက်ဘဝ၏ အရေးကြီးမှုကိုသာ အသိအမှတ်ပြု၍ မျက်မှောက်ဘဝ ကြီးပွားချမ်းသာမှုကိုသာ အလေးအနက်ပြု၏။ ဗုဒ္ဓဝါဒီသည် ဘဝသံသရာ ခရီးအတွက်

စိတ်အားတက်ကြွမှုမရှိ၊ ဘဝသံသရာ ကြီးပွားတိုးတက်ရေးကို မျှော်မှန်းခြင်းမရှိချေ။"[၁]

အချုပ်အားဖြင့်ကား ဘဝသံသရာအကြောင်း ဟောသော ဗုဒ္ဓဒေသနာများသည် ပုထုဇဉ် လူသတ္တဝါများကို ရည်စူး၍ဟောကြားသော ဒေသနာများ ဖြစ်တန်ရာ၏။ အရိယာလမ်းစဉ်ကို လိုက်နာကျင့်သုံးသော ပုဂ္ဂိုလ်တို့အား ဟောကြားရာ၌မူ ဗုဒ္ဓသည် ဘဝသံသရာနှင့် စပ်လျဉ်း၍ တိကျပြတ်သားစွာ ဟောကြားခြင်းမရှိ။ ဘဝသံသရာကို အစွဲအလမ်း မရှိသင့်ကြောင်းကိုမူ အလေးအနက် ထပ်တလဲလဲ ဟောကြားခဲ့၏။ (ဤနေရာ၌ လွန်ခဲ့သည့် အခန်း-၈ တွင် ပြဆိုခဲ့သည့်အတိုင်း ပဋိစ္စသမုပ္ပါဒ်တရားသည် မျက်မှောက်ဘဝတစ်ခုတည်းကို ရည်ညွှန်းသည်ဟု ယူဆရန် အထောက်အထားများရှိခြင်းကို ပြန်လည် သတိပြုသင့်ပေသည်။)

## (ခ) ဘဝသံသရာ စူးစမ်းလေ့လာမှုနှင့် စဉ်းစားဖွယ်ရာများ

လူသေသောအခါ ဘဝပြတ်မသွားဘဲ ဘဝသစ်တစ်ဖန် ဖြစ်သည်ဆိုခြင်းမှာ ဘာသာရေးအယူဖြစ်သည်ဟု လူအများ သိမှတ်ထားကြသော်လည်း ရှေးပဝေသဏီမှစ၍ ယနေ့အထိ ဘာသာတရား၌ စိတ်မဝင်စားသော ပုဂ္ဂိုလ်များ အပါအဝင် အသိပညာရှင်တစ်စု၏ ယုံကြည်ချက်ဖြစ်၏။ ယနေ့ အမေရိကန်ပြည်ထောင်စု၌ တမလွန်ဘဝကို ယုံကြည်သူများမှာ နိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံခန့် ဖြစ်သည်ဆို၏။ ယခုနှစ်ဆယ်ရာစု ခေတ်၌ အချို့သော အနောက်တိုင်း အသိပညာရှင်တို့သည် ဆန္ဒစွဲ၊ ဝါဒစွဲ၊ ဆရာစွဲ၊ ကျမ်းဂန်စွဲများကို လုံးဝပယ်၍ တမလွန်ဘဝ ပြဿနာကို သိပ္ပံနည်းကျကျ စူးစမ်းလေ့လာခဲ့ကြ၍ စိတ်ဝင်စားဖွယ် အချက်များကို တွေ့ရှိကြ၏။

ထိုလေ့လာ တွေ့ရှိရချက်များ အကြောင်းကို စာအုပ်တစ်အုပ်[၂]၌ စုံစုံစေ့စေ့ အကျယ်တဝင့် ရေးသားခဲ့ပြီးဖြစ်၏။ ဤအခန်း၌ ဆိုင်ရာသာကေ အထောက်အထားများကို ချန်လှပ်၍ ခိုင်မာသေချာသော တွေ့ရှိရချက်များကို အကျဉ်းချုပ် ဖော်ပြပါအံ့။

တမလွန်ဘဝ၊ တမလွန်လောကကို လူအများယုံကြည်ခြင်း၏ ပထမအကြောင်းရင်းမှာ ကမ္ဘာအရပ်ရပ်၌ တစ်ခါတစ်ရံ သေသူ၏ တစ္ဆေကို သက်ရှိလူများ တွေ့မြင်ရမှုဖြစ်၏။ သုတေသီဆရာတို့၏ တစ္ဆေအကြောင်း တွေ့ရှိရချက်များမှာ အများအားဖြင့် လူတို့၏ ရှေးအစဉ်အလာ၊ ယုံကြည်ချက်များ၊ တစ္ဆေပုံပြင်များနှင့် မတူချေ။ သို့ရာတွင် တစ္ဆေကို အချို့လူတို့ တွေ့မြင်မှုသည် အိပ်မက်မက်မှု၊ စိတ်ကူးထင်မြင်မှု မဟုတ်ဘဲ ကွယ်လွန်သော ပုဂ္ဂိုလ်တစ်ဦး၏ သဏ္ဍာန်ပုံရိပ်ကို သေချာတပ်အပ် မြင်ရခြင်းဖြစ်ကြောင်း အခိုင်အမာ သိရ၏။

အနောက်နိုင်ငံများ၌ မြန်မာနိုင်ငံရှိ နတ်ကတော်များကဲ့သို့ သေသူနှင့် ဆက်သွယ်

၁။ **Mrs Rhy Davids: Sakya or Buddhist Origins, pp. 272**

၂။ "သေသည်၏အခြားမဲ့၌" စာတွဲနှိပ်ခြင်း

နိုင်သည်ဆိုသော **နတ်ဝင်**[၁] များရှိ၏။ အချို့မှာ လူလိမ်လူညာများဖြစ်၍ သုတေသီဆရာတို့သည် လိမ်လည်လှည့်စားခြင်း မခံရစေရန် အမျိုးမျိုး ကြိုတင်ပြင်ဆင်ကာကွယ်၍ အထူးသတိဝီရိယဖြင့် စူးစမ်းလေ့လာခဲ့ကြ၏။ ထိုဆရာတို့၏ အဆိုအားဖြင့် အချို့နတ်ဝင်တို့သည် သေသူနှင့်ဆက်သွယ်၍ ဓာတ်စီးနေသောအခိုက်၌ သေသူ၏ ဘဝဖြစ်စဉ်နှင့် အခြား မည်သူမျှမသိရှိသော လျှို့ဝှက်ချက်များကို အသေးစိတ် တိကျမှန်ကန်စွာ ပြောပြနိုင်ကြ၏။ သေသူ၏အကြောင်းကို ပြောပြနေစဉ် နတ်ဝင်သည် အသံနေအသံထားနှင့် အမူအရာပြောင်းလဲ၍ သေသူအသက်ရှိစဉ်ကနှင့် အံ့ဖွယ်လိလိ တူနေတတ်သည်ဆို၏။

စိတ်ဝိညာဉ် သုတေသီဆရာတို့ လေ့လာခဲ့သော အခြားပုဂ္ဂိုလ်များမှာ ရောဂါဖိစီးသောကြောင့် မေ့မြောသွားရာမှ ပြန်လည်သတိရလာကြသော သူများဖြစ်၏။ ထိုသူတို့က မေ့မြောနေစဉ် တမလွန်လောက နယ်နိမိတ်အနီးသို့ သူတို့ရောက်ရှိသွား၍ အလင်းရောင်ကြီးတစ်ခုကို မြင်ခဲ့ရပုံ၊ ကွယ်လွန်သော ဆွေမျိုးသားချင်းများနှင့် တွေ့ခဲ့ရပုံ၊ ထိုအချိန်က သူတို့မှာ စိတ်သာယာချမ်းမြေ့ပုံ စသော သူတို့၏ တွေ့ကြုံခံစားရချက်များကို ဝမ်းပန်းတသာ တက်တက်ကြွကြွ ပြောပြကြ၏။

တမလွန်ဘဝနှင့် ပတ်သက်သော အခြားလူတို့ အတွေ့အကြုံမှာ သေခါနီး အတွေ့အကြုံဖြစ်၏။ အမေရိကန်နှင့် အိန္ဒိယနိုင်ငံများရှိ အချို့သော ဆေးရုံဆရာဝန်နှင့် သူနာပြုတို့၏ အဆိုအားဖြင့် အချို့လူနာများသည် အသက်မထွက်မီ နာရီပိုင်း၌ မိမိတို့ရောက်ရှိမည့် တမလွန်လောကကို နိမိတ်အာရုံထင်လာပုံနှင့် ကွယ်လွန်သူဆွေမျိုးသားချင်းတစ်ဦးဦးက အနီး၌ပေါ်လာ၍ သူနှင့်အတူ လိုက်ပါရန်ခေါ်ဆောင်ပုံကို ပြောပြကြောင်း၊ ထိုအခါ၌ လူနာမှာ ကြောက်စိတ်မရှိတော့ဘဲ စိတ်နှလုံး ငြိမ်းချမ်းသာယာသော အသွင်လက္ခဏာဆောင်နေကြောင်း သုတေသီဆရာတို့ သိရှိကြရ၏။

လူအများကြားဖူး၍ တမလွန်ဘဝ ပြဿနာနှင့် အထူးဆက်စပ်နေသော အကြောင်းအရာမှာ လူဝင်စားခေါ် ကလေးသူငယ်များအကြောင်းဖြစ်၏။ အမေရိကန် နိုင်ငံမှ စိတ်ဝိညာဉ် သုတေသီပညာရှင် **ဒေါက်တာစတီဗင်ဆင်**[၂]သည် တောင်အာရှနိုင်ငံများနှင့် လီဘနွန် ကနေဒါ စသောနိုင်ငံများ၌ လူဝင်စား ကလေးသူငယ်များအကြောင်းကို နှစ်ပေါင်းအတန်ကြာ ကျယ်ကျယ်ပြန့်ပြန့်၊ စုံစုံစေ့စေ့ စူးစမ်းလေ့လာခဲ့၏။ သူ၏ သုတေသနပြုချက်အရဆိုသော် လူဝင်စား ကလေးသည် အသက်သုံးလေးနှစ်အရွယ်မှစ၍ အတိတ်ဘဝကို ကောင်းစွာမှတ်မိပြီး ထိုဘဝဟောင်းမှ အဖြစ်အပျက်များကို အတော်အတန် မှန်ကန်စွာပြောပြနိုင်၏။ ဘဝဟောင်းမှ မိမိ၏ ပစ္စည်းဥစ္စာနှင့် ဆွေမျိုးသားချင်းများကို ထောက်ပြနိုင်၍ ထိုဘဝမှ စိတ်ခံစားရမှုများနှင့် စရိုက်ဝါသနာများကို အထင်အရှား ပြလေ့ရှိ၏။ သို့ရာတွင် အတိတ်ဘဝဆိုင်ရာ အမှတ်သညာများသည် အသက် ၁၃၊ ၁၄ နှစ်အရွယ်၌ ကွယ်ပျောက်သွားတတ်သည်ဆို၏။

---

၁။ Medium ၂။ R. L. Stevenson

အထက်ပါအချက်များမှာ မိရိုးဖလာ ဝါဒစွဲကြောင့် မဟုတ်ဘဲ စဉ်းစားဆင်ခြင်၍ တမလွန်ဘဝရှိသည်ဆိုသော သူတို့၏ အကြောင်းပြချက်များဖြစ်၏။ တတ်နိုင်သမျှ သိပ္ပံနည်းကျကျ စေ့စေ့သေချာစွာ လေ့လာရာမှ တွေ့ရှိရချက်များဖြစ်၍ ဘာထရန်ရပ်ဆယ်ကဲ့သို့သော အသိပညာရှင်ကပင် "စိတ်ဝိညာဉ် သုတေသီပုဂ္ဂိုလ်တို့၏ စူးစမ်းလေ့လာနည်းမှာ သိပ္ပံနည်းကျကျ မှန်ကန်ကြောင်း ယုံမှားဖွယ်ရာ မရှိချေ။ သူတို့၏ တွေ့ရှိရချက်များသည် သိပ္ပံနည်းကို လက်ခံသောသူများပင် မပယ်နိုင်အောင် ခိုင်လုံကောင်းခိုင်လုံပေမည်" စသည်ဖြင့် ရေးသားခဲ့၏။[၁]

ဗုဒ္ဓဝါဒနှင့် ကိုက်ညီနေသော စိတ်ဝိညာဉ် သုတေသီတို့၏ တွေ့ရှိရချက်တစ်ခုမှာ ဘဝသစ်တစ်ဖန် ဖြစ်ရာ၌ ဘဝတဏှာ၏ အရေးပါမှုဖြစ်၏။ လူဝင်စား ကလေးသူငယ်များသည် အများအားဖြင့် ရှေးဘဝက တမလွန်ဘဝကို ယုံယုံကြည်ကြည် လိုလားတောင့်တခဲ့သောသူများ ဖြစ်ကြ၏။ တမလွန်ဘဝကို မယုံကြည်၊ မတောင့်တဘဲ သေသွားပြီးနောက် လူဝင်စား ဖြစ်လာသည်ဆိုသော သူတို့သာဓကများ မရှိချေ။ လူဝင်စားမှုများကို ယေဘုယျအားဖြင့် အိန္ဒိယ၊ မြန်မာ၊ ယိုးဒယားအစရှိသည့် တမလွန်ဘဝကို ယုံကြည် စွဲလမ်းသောနိုင်ငံများ၌ တွေ့ရ၏။ တမလွန်ဘဝကို လက်ခံသော်လည်း မစွဲလမ်းဘဲ မျက်မှောက်ဘဝ ကောင်းစားရေးကို အာရုံစူးစိုက်နေကြသော တရုတ်၊ ဂျပန်နှင့် အနောက်နိုင်ငံများ၌ ပြောပလောက်အောင် မတွေ့ရချေ။ ကွယ်လွန်သော အချို့အသိပညာ ရှင်များက နတ်ဝင်များမှတစ်ဆင့် သက်ရှိလူများအား တမလွန်လောက၌ သူတို့တွေ့ကြုံ ခံစားရပုံများအကြောင်း ပြောပြချက်များကို စိတ်ဝိညာဉ် သုတေသနမှတ်တမ်းများ၌ ဖော်ပြထား၏။ ထိုအသိပညာရှင်များမှာလည်း ဘဝဟောင်းက တမလွန်ဘဝကို ယုံကြည်စွဲလမ်းသော သူများဖြစ်ကြ၏။ ယုံကြည်စွဲလမ်းမှုမရှိသော သူတို့က သေပြီးနောက် နတ်ဝင်နှင့် ဆက်သွယ်ပြောဆိုသော သာဓက လုံးဝမရှိချေ။

အချို့ အသိပညာရှင်များက အထက်ပါ တွေ့ရှိရချက်များသည် တမလွန်ဘဝ ယုံကြည်မှုကို အထောက်အကူပြုသည်ဟု ထင်မြင်ကြသော်လည်း အခြားအချို့သော အသိပညာရှင်တို့၏ အမြင်အားဖြင့်မူ ခိုင်မာလုံလောက်သော အထောက်အထားများ မဟုတ်ချေ။

စင်စစ် တစ္ဆေအကြောင်း လေ့လာသော သုတေသီဆရာတို့ကပင် လူတို့၏ အစဉ်အလာ ယုံကြည်ချက်ကို လက်မခံဘဲ တစ္ဆေဟူသည် လူတို့၏ စက္ခုဝိညာဉ်၌ အာရုံထင်သော သဏ္ဌာန်ပုံရိပ်မျှသာ ဖြစ်သည်ဟု[၂] ယူဆကြ၏။ သေသူမဟုတ်ဘဲ သက်ရှိပုဂ္ဂိုလ်တစ်ဦး၏ သဏ္ဌာန်ပုံရိပ်ကို အဝေးရှိ အခြားလူများက အထင်အရှား မြင်ရမှု သာဓကများကို စိတ်ဝိညာဉ် သုတေသနစာပေ၌ ဖော်ပြထား၏။ အချို့လူများ

၁။ **Bertrand Russell: Why I am not a Christian and other Essays, pp. 41**

၂။ **apparition, hallucination**

ရောဂါဝေဒနာကြောင့် မေ့မြောသွားရာမှ ပြန်လည် သတိရလာသောအခါ၌သော်လည်းကောင်း၊ အသက်မထွက်မီ သေခါနီး၌သော်လည်းကောင်း ပြောပြသည့် ထူးဆန်းသော တွေ့ကြုံခံစားရမှုများသည်လည်း သူတို့၏ ဆန္ဒစွဲကြောင့် အာရုံထင်မှုများ ဖြစ်တန်ရာ၏။ အလင်းရောင်ကို မြင်ခြင်းနှင့် စိတ်ငြိမ်းအေးခြင်းမှာ အသစ်အဆန်းမဟုတ်၊ ဝိပဿနာ တရားအားထုတ်သော ယောဂီများနှင့် မူးယစ်ဆေးဝါး မှီဝဲသူအချို့ ပြောပြသောတွေ့မြင် ခံစားရမှုမျိုး ဖြစ်သည်ဆို၏။

နတ်ဝင် သို့မဟုတ် လူဝင်စား ကလေးသူငယ်က ကွယ်လွန်လေပြီးသော ပုဂ္ဂိုလ်၏ အကြောင်းအရာများကို တိကျမှန်ကန် စုံလင်စွာပြောပြနိုင်ခြင်းမှာ မိမိ၏ စိတ်ဝိညာဏ် သတ္တိတစ်မျိုး (ဝါ) တယ်လီပသီ[၁]ဖြင့် ထိုကွယ်လွန်သူနှင့် နီးစပ်သော သက်ရှိလူတစ်ဦး ထံမှတစ်ဆင့် သိရှိ၍ ပြောပြနိုင်ခြင်းဖြစ်သည်ဟု အချို့က ယူဆကြ၏။ တယ်လီပသီစိတ် စွမ်းအင်၏ ဆန်းကြယ်ပုံ၊ ကျယ်ပြန့်နက်ရှိုင်းပုံကို စိတ်ဝိညာဉ် သုတေသန မှတ်တမ်းများ၌ ခိုင်မာသော သက်သေသာဓကများနှင့် အကျယ်ပြဆိုထား၏။

အမှန်ဆိုသော် တမလွန်ဘဝ ပြဿနာကို သိပ္ပံနည်းကျကျ လေ့လာဆုံးဖြတ်ရန် မဖြစ်နိုင်ချေ။ သိပ္ပံနည်းကျ လေ့လာရာ၌ လက်တွေ့စမ်းသပ်မှုသည် အဓိကသော့ချက် ဖြစ်၏။ သို့ရာတွင် တမလွန်ဘဝရှိသည်ဟု ယူဆရန် အခိုင်မာဆုံး အထောက်အထား အဖြစ်ဖြင့် လူအများ ခံယူထားသော လူဝင်စားမှုများသည်ပင် သုတေသီဆရာက မိမိ စိတ်ကြိုက် စီမံဖန်တီး ထိန်းချုပ်၍ စမ်းသပ်လေ့လာနိုင်သော အမှုများမဟုတ်ချေ။ အကြီးမားဆုံး အခက်အခဲမှာ ရုပ်နာမ်နှင့်ပတ်သက်သော သိပ္ပံပညာ၏ ခံယူချက်ဖြစ်၏။ သိပ္ပံဆရာသည် စိတ်၏တန်ခိုးသတ္တိနှင့် စိတ်က ရုပ်ခန္ဓာအား ပြုပြင်နိုင်စွမ်းရှိမှုကို အသိအမှတ်ပြုကောင်းပြုပေမည်။ သို့ရာတွင် ရုပ်နှင့်နာမ်သည် တသီးတခြားစီဖြစ်သည် ဆိုသော လူတို့၏ ရှေးအစဉ်အလာ အယူကိုပယ်၍ စိတ်သည် ရုပ်တရားနှင့် တစ်လုံး တစည်းတည်း ဖြစ်နေသောကြောင့် ရုပ်တရားချုပ်ငြိမ်းသည်နှင့်တစ်ပြိုင်နက် နာမ်တရား သည်လည်း အကြွင်းမဲ့ဆိတ်သုဉ်းသည်ဟု ခံယူထား၏။ ဤနေရာ၌ ဗုဒ္ဓကလည်း ဝိညာဉ်သည် ရုပ်ခန္ဓာနှင့်ကင်း၍ မဖြစ်နိုင်ကြောင်း ဟောကြားခဲ့ခြင်းကို သတိပြုသင့် ပေ၏။ (အခန်း-၇)

ဤခံယူချက်နှင့်အညီ တမလွန်ဘဝကိုပယ်သော ပုဂ္ဂိုလ်တစ်ဦး၏ အကြောင်းပြ ချက်ကို ရှေးဂရိဒဿနိက ဆရာကြီးပလေတို၏ စာအုပ်၌ ဖော်ပြထား၏။ ထိုသူက စောင်းနှင့်စောင်းသံကို ဥပမာပြ၏။ စောင်းကိုတီးသောအခါ စောင်းသံထွက်ပေါ်လာ သည်။ ထိုစောင်းသံသည် မျက်စိဖြင့်မမြင်ရ၊ လက်ဖြင့်စမ်းသပ်၍ မရအပ်သော်လည်း သာယာငြိမ့်ညောင်း၍ စောင်းထက် ပိုမိုအံ့ဩဖွယ်ကောင်း၏။ သို့ရာတွင် စောင်းပျက်စီး သည်နှင့်တစ်ပြိုင်နက် စောင်းသံလည်း ဆိတ်သုဉ်းရ၏။ ထိုနည်းအတူ နာမ်တရားသည်

---

၁။ **Telepathy, E.S.P (Extra Sensory Perception)**

ရုပ်တရားနှင့်အတူ အကြွင်းမဲ့ ချုပ်ငြိမ်းရမည် ဖြစ်သည်ဆို၍ တမလွန်ဘဝအယူကို ချေပခဲ့၏။

တမလွန်ဘဝကို လက်မခံလိုသောသူသည် အထက်ပါ အကြောင်းပြချက်မျိုးဖြင့် ပင် မိလိန္ဒပဥှာနှင့် သက္ကတပိဋကတ် (စာ-၁၅၆, ၇) ၌လာသော ဆီမီးတိုင်နှင့် တောမီး ဥပမာများကို ချေဖျက်ပေလိမ့်မည်။ ပထမဆီမီးတိုင်မှ ဒုတိယဆီမီးတိုင်သို့ မီးကူးနိုင်ခြင်း မှာ ပထမဆီမီးတိုင် မငြိမ်းသေးမီ၌သာလျှင် ဖြစ်သည်။ လုံးဝငြိမ်းပြီးနောက်၌ မီးကူး ခြင်း မဖြစ်နိုင်ပါဟု ဆိုမည်ဖြစ်၏။

အချို့သော အနောက်တိုင်း အသိပညာရှင်တို့သည် တမလွန်ဘဝ ပြဿနာကို သုံးဖြတ်၍ မရနိုင်ဟုဆို၍ မည်သို့မျှ ထင်မြင်ချက်မပေးဘဲ လျစ်လျူပြုထားကြ၏။ အချို့ကမူ နတ်ဝင်နှင့် လူဝင်စား ကလေးသူငယ်တို့၏ ပြောပြချက်များမှာ တယ်လီပသီ စိတ်စွမ်းအင်ကြောင့် ဖြစ်သည်ဟု မယူဆကြချေ။ သို့ရာတွင် သူတို့၏ အမြင်အားဖြင့် နတ်ဝင်သို့မဟုတ် လူဝင်စားနှင့် သေသူ၏ဆက်စပ်နေမှုမှာ အနည်းငယ်မျှသော သညာ၊ ဝေဒနာစေတသိက်များ၌သာလျှင် ထင်ရှား၍ တမလွန်ဘဝရှိသည်ဟု ယုံကြည်ရန် ခိုင်လုံပြည့်စုံသော အထောက်အထား မဟုတ်ချေ။ ဤနေရာ၌ ဗြိတိသျှ ဒေဿနဗေဒ ပညာရှင်တစ်ဦး၏ အောက်ပါရေးသားချက်မှာ စဉ်းစားဖွယ်ဖြစ်၏။

"ပုဂ္ဂိုလ်တစ်ဦး သေပြီးနောက် ဆက်လက်တည်ရှိနေခြင်းနှင့် တစ်စုံတစ်ခု ကျန်ရှိနေခြင်းကို ကျွန်ုပ်တို့ ခွဲခြားနားလည်ရန် အရေးကြီး၏။ စိတ်ဝိညာဉ် သုတေသီဆရာ တို့၏ တွေ့ရှိရချက်မှာ သေသူ၏ နာမ်တရား အစိတ်အပိုင်းတစ်ခုခု ကျန်ရှိနေခြင်းကိုသာ ညွှန်ပြသည်ဟု ကျွန်ုပ်ထင်ပါသည်။ လူတစ်ဦးသေပြီး ဆက်လက်ရှိနေသည်ဟု ဆိုနိုင် ရန် သူ၏စိတ်အစဉ်သည် ဆက်လက်၍ အပြည့်အစုံ ရှိနေဖို့လို၏။ ထိုစိတ်အစဉ်၌ အတိတ်ဘဝကို အခြေခံသော ခံစားမှု သိမှုစေ့ဆော်မှု မျှော်လင့်မှုအားထုတ်မှု ဝမ်းသာမှု ဝမ်းနည်းမှု စသည်များပါရှိရပေမည်။ ပုဂ္ဂိုလ်သစ်သည် သေသူအသက်ရှိစဉ်က အဖြစ် အပျက်များကို မှတ်မိနေရုံနှင့် မပြီးချေ။ အမှတ်သညာသာလျှင်ရှိ၍ သေသူနှင့်ဆက်စပ် နေသော သိမှု၊ ခံစားမှု၊ အားထုတ်မှုစသော စေတသိက်များ ကင်းမဲ့နေပါက သေသူ သည် ဘဝသစ်တစ်ဖန်ဖြစ်သည်ဟု မဆိုနိုင်ချေ။ သူ၏ နာမ်တရားမှ တစ်စုံတစ်ခုသော အပိုင်း ကျန်ရှိနေသေးသည်ဟူ၍သာ မှတ်ယူရပေမည်။"[၁]

တစ်နည်း ဆိုသော် စိတ်ဝိညာဉ် သုတေသီဆရာတို့၏ စေ့ငုသေချာစွာ စူးစမ်း လေ့လာချက်အရ မိမိ၏ဘဝဟောင်းကို ကောင်းစွာမှတ်မိသည်ဆိုသော ပုဂ္ဂိုလ်သည် ရုပ်ခန္ဓာသစ်နှင့် သေသူ၏ နာမ်ခန္ဓာ အကြွင်းအကျန် ပေါင်းစပ်မှုမျှသာဖြစ်၍ သေသူ၏ ဘဝသစ် ဖြစ်ခြင်းမဟုတ်ချေ။ သို့ဖြစ်၍ အတိတ်ဘဝပေါင်း များစွာကို မှတ်မိသည်ဆိုသော ယခုခေတ် အင်္ဂလိပ်အမျိုးသမီးတစ်ဦးက မိမိ၏စာအုပ်၌ အောက်ပါအတိုင်း မိမိ၏ထင်

၁။ **C.D. Broad: The Mind and its Place in Nature, pp. 539**

မြင်ခံယူချက်ကို ဖော်ပြထား၏။

"ဂျုန်နှင့် သီကိတ (ဂျုန်မှာ မိမိ၏ အတိတ်ဘဝများကို မှတ်မိသော စာရေးသူ အမျိုးသမီးဖြစ်၍ သီကိတမှာ သူ၏ ဘဝဟောင်းပုဂ္ဂိုလ်ဖြစ်သည်)တို့သည် တစ်ဦးတည်း သော ပုဂ္ဂိုလ်မဟုတ်။ **သီအိုဆိုဖီ**[၁]နှင့် အခြားဘာသာဝါဒများ ဟောပြောသော ဘဝ သံသရာမျိုးကို ကျွန်မ မယုံကြည်ပါ။ ဂျုန်၊ သီကိတ၊ ကရိလား၊ ရက်အင်ဒီးယန်း အမျိုးသား၊ ဂရိအမျိုးသားနှင့် ပြင်သစ်မိန်းမငယ် (သီကိတနှင့် အခြားသူများသည် သူ၏ အတိတ်ဘဝပုဂ္ဂိုလ်များဖြစ်သည်။) တို့သည် ပုဂ္ဂိုလ်တစ်ဦးစီ၊ ရုပ်နာမ်ခန္ဓာတစ်ခုစီ ဖြစ်ကြ၏။ ဂျုန်နှင့် သီကိတတို့သည် ပုတီးကုံးတစ်ခု၌ ပါဝင်သော ပုတီးစေ့နှစ်စေ့နှင့် တူ၍ သူတို့ နှစ်ဦးစလုံး၌ရှိသော အမှတ်သညာမှာ ပုတီးကုံး၏ ကြိုးထဲ၌ပါဝင်၏။[၂]

မည်သို့ဖြစ်စေ တမလွန်ဘဝအယူသည် ကမ္ဘာ့ဘာသာကြီးများ၏ ကျောရိုးမဏ္ဍိုင် ဖြစ်၏။ ရှေးဦးမူလ ဗုဒ္ဓဝါဒသည် ဤအယူကို ပြတ်ပြတ်သားသား ပယ်ခဲ့ပါက လူထု ဘာသာဝါဒ ဖြစ်လာမည် မဟုတ်ချေ။ တမလွန်ဘဝကို မပယ်သော်လည်း ရှေ့တန်းသို့ မတင်ဘဲ မျက်မှောက်ဘဝ တိုးတက်မှုကို အလေးပေး၍ ဟောပြောခဲ့သော **ကွန်ဖြူးရှပ် ဝါဒ**[၃] သည် ကမ္ဘာ့ဘာသာကြီး ဖြစ်မလာဘဲ တရုတ်နိုင်ငံ၌ပင် ဗုဒ္ဓဘာသာ (မူလဗုဒ္ဓ ဝါဒမဟုတ်)နှင့် ယှဉ်ပြိုင်နေရခြင်းကို သတိပြုသင့်ပေ၏။

တမလွန်ဘဝ ယုံကြည်မှုက လူတို့ကို လွှမ်းမိုးနေခြင်းသည် အဓိကအားဖြင့် အတ္တစွဲနှင့်ယှဉ်သော ဘဝတဏှာကြောင့်ဖြစ်၏။ ဗုဒ္ဓဝါဒီ အများစုသည် ဘဝကူးကောင်း ရန် သီလဆောက်တည်၍ 'သံသရာအထုပ်အထည်'ပါရန် အလှူဒါနပြုကြ၏။ အတ္တစွဲ ဘဝတဏှာသည် အလှူဒါနပြုရာ၌ အထူးထင်ရှား၏။ စေတီပုထိုး ကျောင်းကန်ဇရပ် ဆေးရုံစသည်များ၌ အလှူရှင်အမည်များကို ဖော်ပြထား၏။ အလှူဒါနပြုပြီးနောက် ရေစက်ချဆုတောင်းရာ၌ ဆရာဘုန်းကြီးက လူတို့ဆန္ဒနှင့်အညီ ဘဝသံသရာတစ်လျှောက် လုံး၌ လူနတ်စည်းစိမ် သုခချမ်းသာအမျိုးမျိုး ခံစားလိုသောဆန္ဒ ပြည့်ဝမှုကို ဦးစားပေး၍ ရှည်လျားစွာ ဆုတောင်းပေးရ၏။

ဘဝတဏှာနှင့် ဖီလာဆန့်ကျင်သော အခြေခံဗုဒ္ဓတရားမှာ အနတ္တတရားဖြစ်၏။ သို့ဖြစ်၍ ဗုဒ္ဓထင်ရှားရှိစဉ်ကပင် အနတ္တဝါဒသည် ဘဝသံသရာကြီးပွားမှုကို ဖျက်ဆီး သောဝါဒ ဖြစ်သည်ဟု စွပ်စွဲခြင်းခံရ၏။ ဗုဒ္ဓပရိနိဗ္ဗာန် စံဝင်ပြီးနောက် အချို့ ဗုဒ္ဓ ဘာသာဝင်ဂိုဏ်းများက အနတ္တဝါဒနေရာ၌ ပုဂ္ဂလဝါဒကို အစားထိုးရန် ကြိုးစားကြ၏။ ယခုခေတ်၌ မူ အချို့သော အနောက်နိုင်ငံ ဗုဒ္ဓဝါဒီတို့က အနတ္တဝါဒကို ဗုဒ္ဓဝါဒမဟုတ်ဟု ပြောဆို ရေးသားကြ၏။ ဘဝတဏှာကို အားပေးထောက်ကူရန် မဟာယာနနိုင်ငံများ၌

---

၁။ **Theosophy**

၂။ **Joan Grant: Time out of Mind, pp. 247**

၃။ **Confucianism.**

ဗောဓိသတ္တ လမ်းစဉ်ရှိ၍ မြန်မာနိုင်ငံ၌ ဇာတကများရှိ၏။ အနတ္တတရားကို လက်ခံယုံကြည်၍ တမလွန်ဘဝအယူကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားလိုသော ပုဂ္ဂိုလ်တို့ကမူ မိမိတို့၏ ခံယူချက်မှာ သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိနှစ်ခုအကြား အလယ်လမ်းစဉ်ဖြစ်သည်။ လူတစ်ဦးသေ၍ ဘဝသစ်တစ်ဖန်ဖြစ်ရာ၌ ဒုတိယလူသည် လူဟောင်းမဟုတ်၊ လူသစ်လည်းမဟုတ်ကြောင်း သိရှိနားလည်ရမည်ဟု ဆိုကြ၏။

ဘဝသစ်တစ်ဖန်ဖြစ်သော ပုဂ္ဂိုလ်သည် လူဟောင်းမဟုတ်။ လူသစ် (ဝါ) အခြားတစ်ပါးသော လူလည်းမဟုတ်ဆိုသောစကားကို ကျွန်ုပ်တို့ စေ့စေ့သေချာစွာ ဆန်းစစ်လေ့လာရန် လိုအပ်၏။ သက်ရှိသက်မဲ့ ပုဂ္ဂိုလ်သတ္တဝါနှင့် ရုပ်ဝတ္ထုတို့သည် အမြဲပြောင်း လဲနေရကား အဟောင်းမဟုတ် အသစ်လည်းမဟုတ်ဆိုသော စကား၏ မှန်ကန်ခြင်းကို သံသယဖြစ်ရန် မလိုချေ။ စက်ရုံမှထုတ်လုပ်သော လူသုံးပစ္စည်းတစ်ခုသည် နှစ်အနည်း ငယ်ကြာသောအခါ ပရမတ္ထအားဖြင့် မူလပစ္စည်းမဟုတ်။ အခြားတစ်ပါးသော ပစ္စည်းလည်း မဟုတ်ချေ။ သို့ရာတွင် လောကဝေါဟာရအားဖြင့် မူလပစ္စည်းပင် ဖြစ်သည်ဟု ဆိုရပေမည်။

ထိုနည်းအတူ သက်ကြီးဦးဘသည် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်က သူငယ် မောင်ဘ ဖြစ်သည်ဟု ဆိုရ၏။ ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝမရှိသော်လည်း လောကဝေါဟာရ အားဖြင့် ထိုသို့ဆိုနိုင်ရန် အကြောင်းရှိ၏။ ဦးဘသည် မောင်ဘကို အကြောင်းပြု၍ ဖြစ်ပေါ်လာ၏။ မောင်ဘမှဦးဘအထိ ဖြစ်ပေါ်ခဲ့သော ရုပ်နာမ်ခန္ဓာအစဉ်သည် မြစ်ရေ လျှဉ်ကဲ့သို့ တစ်ဆက်တည်းဖြစ်၏။ ထိုရုပ်နာမ်ခန္ဓာအစဉ်နှင့်ပတ်သက်သော၊ (ဝါ)မိမိသည် ရှေးငယ်စဉ်က မောင်ဘဖြစ်သည်ဟူသော အမှတ်သညာသည် ဦးဘ၏ စိတ်သန္တာန်၌ အမြဲရှိ၏။ ဦးဘသည် မောင်ဘနှင့် ရုပ်လက္ခဏာ၊ စိတ်ဓာတ်စရိုက် စသည်တို့ မတူညီသော အချက်များရှိသော်လည်း တူညီသော အချက်များမှာ အထူးသိသာထင်ရှား၏။ ဤသို့ဖြင့် အကြောင်းအကျိုးဆက်စပ်ခြင်း၊ ခန္ဓာအစဉ်မပြတ်စဲခြင်း၊ အမှတ်သညာရှိခြင်းနှင့် တူညီချက် အတော်များများ ရှိခြင်းတို့ကြောင့် ဦးဘသည် ငယ်ရာမှကြီးလာသော မောင်ဘဖြစ်သည်ဟု မှတ်ယူရပေသည်။

ဦးဘသေပြီးနောက် မောင်ဖြူဖြစ်လာရာ၌ကား အထက်ပါလက္ခဏာများကို အပြည့်အစုံ၊ အထင်အရှား မတွေ့ရချေ။ မောင်ဖြူသည် ဦးဘ၏ ဘဝတဏှာကြောင့် ဖြစ်ပေါ်လာ၍ ဦးဘ၏ ကမ္မသတ္တိကို ဆက်ခံရရှိ၏။ သို့ရာတွင် ဦးဘ၏ ရုပ်နာမ် ခန္ဓာသည် ချုပ်ငြိမ်း၍ မောင်ဖြူ၌ ယေဘုယျအားဖြင့် ဦးဘနှင့်ပတ်သက်သော အမှတ် သညာ မရှိတော့ချေ။ ဘဝဟောင်းမှ ကမ္မသတ္တိကြောင့် ဦးဘနှင့်တူသော အချက်များရှိ သည်ဆိုစေ၊ ဗီဇမျိုးစေ့နှင့် ပတ်ဝန်းကျင် ပြောင်းလဲနေပြီဖြစ်၍ တူညီချက်များမှာ မပြောပလောက်ဘဲ ကွဲပြားခြားနားမှုများက ပိုမိုအလေးသာပေလိမ့်မည်။ သို့ဖြစ်ရကား လောက ဝေါဟာရအားဖြင့်ပင် မောင်ဖြူသည် အတိတ်ဘဝက ဦးဘဖြစ်သည်ဟုဆိုရန်

ခဲ့ယဉ်း၏။ တစ်နည်းဆိုသော် ဘဝခြားနေသော မောင်ဖြူနှင့်ဦးဘ ဆက်စပ်နေမှုမှာ မျက်မှောက်ဘဝ၌ ဦးဘနှင့် သူငယ်စဉ်ကမောင်ဘ ဆက်စပ်မှုမျိုး မဟုတ်ချေ။ မောင်ဖြူ သေပြီးနောက် ဖြစ်ပေါ်လာသော မောင်မဲ၊ မောင်မဲ သေပြီးနောက် ဖြစ်ပေါ်လာသော မောင်နီ စသည်တို့မှာ ဦးဘနှင့် ပို၍ပို၍ အဆက်ဝေးသွား၍ ဦးဘဖြစ်သည်ဟုဆိုရန် သာ၍ ပင်ခဲယဉ်း၏။ လောကဝေါဟာရအားဖြင့် အားလုံးတသီးတခြား ပုဂ္ဂိုလ်များဖြစ်သည်ဟု ဆိုရပေမည်။

ဤခံယူချက်သည် ဦးဘနှင့်မောင်ဖြူ၊ မောင်မဲစသည်တို့မှာ အကြောင်းအကျိုး တရားများဖြစ်မှုကို အသိအမှတ်ပြုထားသောကြောင့် ဥစ္ဆေဒအယူဖြစ်သည်ဟု မဆိုနိုင် ချေ။ ဥစ္ဆေဒအယူသည် လူ့ဘဝကို ဇီဝဗေဒ[၁] အမြင်သက်သက်ဖြင့် ဆင်ခြင်သုံးသပ်ရာမှ ရရှိအပ်သော အယူဖြစ်၏။ စင်စစ် လူသတ္တဝါသည် များစွာသော အကြောင်းတရားတို့ ၏ ပြုပြင်စီရင်မှုကိုခံရ၍ အခြားသတ္တဝါများနှင့် အကြောင်းအကျိုး ဆက်စပ်မှုသည် ထင်ရှား၏။ တစ်နည်းဆိုသော် ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ ဘဝ (ဝါ) အလိုရှိမှု၊ မျှော်လင့်မှု၊ အားထုတ်မှုစသည်တို့သည် အခြားသတ္တဝါများအပေါ်သို့ အကျိုးသက်ရောက်စမြဲဖြစ်၍ သခ်ါရလောက၌ ‘အကြွင်းမဲ့ဘဝပြတ်မှု’ကို ရှာ၍မရအပ်ချေ။

လူတစ်ဦးကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဘဝသံသရာ အဆက်အနွယ် များသည် သားသမီး၊ မြေး၊ မြစ် စသောမျိုးရိုး အဆက်အနွယ်များနှင့် ဖြစ်ပုံဖြစ်နည်း အတော်အတန် တူညီသည်ဆိုက မှားမည်မဟုတ်ချေ။ ခြားနားချက်မှာ ပုဂ္ဂိုလ်တစ်ဦးနှင့် သူ၏ ဇီဇမျိုးနွယ်များ၏ ဆက်စပ်မှုသည် ဘဝသံသရာမျိုးနွယ်များနှင့် ဆက်စပ်မှုထက် များစွာ ခိုင်မာသေချာ၍ ပိုမိုထင်ရှား၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် မိမိတို့၏ ဘဝ သံသရာ မျိုးဆက်များကို ဇီဇမျိုးဆက်များကဲ့သို့ပင် လောကဝေါဟာရအားဖြင့် တသီး တခြား ပုဂ္ဂိုလ်သတ္တဝါများဖြစ်သည်ဟု မမှတ်ယူနိုင်စရာ အကြောင်းမရှိချေ။

ဤအချက်ကို ကောင်းစွာသိမြင်နားလည်သော အင်္ဂလိပ် ပါဠိစာပေပညာရှင်တစ်ဦး နှင့် အင်္ဂလိပ် ဗုဒ္ဓဝါဒီရဟန်းတော်တစ်ပါး၏ ရေးသားချက်များကို ရှေ့အခန်း၌ ဖော်ပြ ပါအံ့။

တမလွန်ဘဝကို ယထာဘူတကျကျ ဆင်ခြင်သုံးသပ်သောသူသည် ယင်းကို ယုံကြည်သည်ဆိုစေ စွဲလမ်းတပ်မက်နေမည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ဘဝ တဏှာသည် ငါ၊ ငါ့ဥစ္စာ၊ ငါ့သား၊ ငါ့မယားစသော သညာဝိပ္ပလ္လာသကို စွဲမှီ၍ဖြစ်ပေါ် သော တရားဖြစ်၏။ အကယ်၍ လူတစ်ဦးတစ်ယောက်သည် အသက်ထင်ရှားရှိနေစဉ် တစ်စုံတစ်ခုသော အကြောင်းကြောင့် မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်သတ္တဝါကိုမျှ မမှတ်မိတော့ဘဲ မိမိ မည်သူမည်ဝါ ဖြစ်သည်ကိုလည်း လုံးဝမေ့သွားပါက ထိုအဖြစ်မျိုးကို မည်သူလိုချင်ပါမည်နည်း။ သို့စဉ်လျက် ထိုအဖြစ်မျိုးနှင့်တူသော တမလွန်ဘဝကို

---

၁။ **Biology**

လူတို့ စွဲလမ်းခြင်းသည် အတ္တစွဲကြောင့်သာလျှင် ဖြစ်ရပေမည်။ စင်စစ် အမှတ်သညာ လုံးဝပျက်သုဉ်းမှုသည် သက်ကြီးရောဂါတစ်မျိုး[၁]၏ လက္ခဏာဖြစ်၍ မြန်မာစာရေးဆရာတစ်ဦးက ထိုရောဂါခံစားနေရသော မိမိအသိမိတ်ဆွေ တစ်ဦး၏ဘဝမှာ ကြောက်စရာ အကောင်းဆုံး ဘဝမျိုးဖြစ်ပါသည်ဟု တခါက ရေးသားဖူး၏။

လူဝင်စားကလေးသူငယ်များ၏ အမှတ်သညာ အမျိုးအစားကိုလည်း ကျွန်ုပ်တို့ သိရှိနားလည်ရန် လိုအပ်၏။ စိတ်ဝိညာဏ် သုတေသီဆရာတို့၏ လေ့လာစူးစမ်းချက်အရ သူတို့သည် ဘဝဟောင်းကို အံ့ဘွယ်လိလိ တိကျမှန်ကန်စွာ မှတ်မိ၍ တစ်ခါတစ်ရံ အတိတ်ဘဝမှ ခံစားမှုများသည် အမှတ်သညာများနောက်မှ လိုက်ပါလာတတ်၏။ လူဝင်စားကလေးသည် ဘဝဟောင်းကို စတင်သတိရသောအခါ ထိုဘဝဟောင်းမှ မိဘဆွေမျိုးသားချင်းနှင့် နေရာဌာနများကို တွေ့မြင်လိုသောဆန္ဒ ပြင်းပြသည်ဆို၏။ သို့ရာတွင် သူ၏ အမှတ်သညာနှင့် ခံစားရမှုများသည် တစ်စတစ်စ အားနည်းလာ၍ အသက်ငယ်ရွယ်စဉ်၌ပင် လုံးဝပျောက်ကွယ်သွား၏။ ဘဝဟောင်းမှ မိဘဆွေမျိုးသားချင်းများနှင့် ကာလကြာရှည် ချစ်ခင်ပေါင်းသင်းသော လူဝင်စားသာဓကများ မရှိချေ။ အတိတ်ဘဝမှ အမှတ်သညာသည် ရုပ်ခန္ဓာသစ်နှင့် သဟဇာတမဖြစ်ဘဲ အရာမထင် ဖြစ်နေဟန်ရှိ၏။

လွန်ခဲ့သော ကလေးသူငယ်ဘဝ နှစ်ပေါင်းများစွာက ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်းခဲ့သောသူကို ပြန်လည်တွေ့ဆုံသောအခါ လူတို့၌ ခံစားမှုမရှိခြင်းသည် ထင်ရှား၏။ ယောကျာ်းတစ်ဦးနှင့် မိန်းမတစ်ဦးသည် ဘဝဟောင်းက အလွန်ချစ်ခင်စွာ ရာသက်ပန် ပေါင်းသင်းခဲ့ပုံကို ကောင်းစွာမှတ်မိ သိရှိကြသည်ဆိုစေ ပစ္စုပ္ပန် အကြောင်းတရားမပါဘဲ ထိုမှတ်မိသိရှိမှုဖြင့် ပေါင်းဖက်ကြမည် မဟုတ်ချေ။ 'ဘဝရေစက်'ဆိုသည်မှာ ဘဝတဏှာစွဲ စိတ်ကူးမျှော်မှန်းမှုသာ ဖြစ်ရပေမည်။ ထိုနည်းအတူ ဘဝသံသရာ ကျင်လည်မှုသည် လူတို့အား အသိအလိမ္မာ ရင့်ကျက်စေသည်ဆိုသော အချို့အနောက်တိုင်း ဗုဒ္ဓဝါဒီတို့၏ ယုံကြည်ချက်သည် သဘာဝယုတ္တိမရှိသော ဆန္ဒစွဲခံယူချက် ဖြစ်ရပေမည်။

အထက်၌ ပြဆိုခဲ့သည့်အတိုင်း ဘဝသံသရာနှင့် စပ်လျဉ်းသော ဗုဒ္ဓဒေသနာများသည် ယခုခေတ် စိတ်ဝိညာဉ်ဆရာတို့၏ လေ့လာတွေ့ရှိချက်များ၊ အသိပညာရှင်တို့၏ ထင်မြင်ခံယူချက်များနှင့် ကိုက်ညီလျက်ရှိ၏။ ဗုဒ္ဓဝါဒအလိုအားဖြင့် ဘဝသံသရာ ကျင်လည်မှုသည် ဘဝတဏှာ သံယောဇဉ်ကြောင့်ဖြစ်၏။ နာမည်ကျော် ရှေးဂရိဒဿနိက ပညာရှင်ကြီး ပလေတိုကလည်း ဘဝတဏှာကြောင့် သေပြီးနောက် ဘဝသစ်တစ်ဖန် ဖြစ်ပုံကို ရေးသားခဲ့သည်ဆို၏။[၂] တမလွန်ဘဝကို ယုံကြည်မှုသည် အကြောင်းမဟုတ်။ ပဋိစ္စသမုပ္ပါဒ်တရားအရ ဘဝသစ်ဖြစ်မှုနှင့် တိုက်ရိုက်ဆက်စပ်နေသော တရားမှာ

---

၁။ **Alzheimers' disease**

၂။ **Dr. Rhys Davids: (1.) Early Buddhism, pp. 77**
**(2.) Buddhism (3.) Hibbert Lectures on Buddhism, pp. 95-97**

ဘဝတပ်မက်မှု ရိုးရိုး (တဏှာ)မဟုတ်ဘဲ ပြင်းပြသော တဏှာ (ဥပါဒါန်)ဖြစ်ကြောင်း သတိပြုသင့်၏။ မျက်မှောက်ဘဝ၌ပင် အသက်ဇီဝိန် ချုပ်ငြိမ်းခါနီးအထိ လူတို့ကြုံတွေ့ရတတ်သော တမလွန်ဘဝစွဲ ဥပါဒါန်၏ အပြစ်အန္တရာယ်များကို အကျယ်ရေးသားရန် မလိုချေ။ ဗုဒ္ဓသည် တမလွန်ဘဝ၌ အစွဲဥပါဒါန်မရှိရန် အလေးအနက် ဟောကြားခဲ့သော ဒေသနာများကို ဖော်ပြခဲ့ပေပြီ။

တမလွန်ဘဝ ပြဿနာကို နှစ်ပေါင်းများစွာ သိပ္ပံနည်းကျကျ စူးစမ်းလေ့လာခဲ့သော အနောက်တိုင်းပညာရှင်တစ်ဦးက "တမလွန်ဘဝ ကေန်ရှိသည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ သို့ရာတွင် တမလွန်ဘဝကို ကျွန်ုပ် စိတ်မဝင်စားပါ။ ကျွန်ုပ်တို့၏ လက်ငင်းအလုပ်မှာ ပစ္စုပ္ပန်ကို ဂရုပြုရန် ဖြစ်ပါသည်။ လူသတ္တဝါများမှာ အတိတ်နှင့် အနာဂတ်ကို စဉ်းစားတွေးတောမနေဘဲ လက်ငင်းဖြေရှင်းရမည့် ပြဿနာအခက်အခဲ အမြောက်အမြားရှိပါသည်"ဟု ဆို၏။[၁] ဤစကားသည် မျက်မှောက်ဘဝကို ဦးစားပေးရန် ဟောကြားသော ဗုဒ္ဓဩဝါဒနှင့် ထပ်တူဖြစ်ကြောင်း ယုံမှားစရာမရှိချေ။

* * *

၁။ **De Witt Miller: Reincarnation, pp. 116**

# အခန်း (၁၀)

# ကမ္မသတ္တိနှင့် ကမ္မဝါဒ

“သံသရာအထုပ်အထည်” အတွက်
ကုသိုလ်ကောင်းမှုပြုခြင်းသည် ဗုဒ္ဓလမ်းစဉ်မဟုတ်။
ဗုဒ္ဓ၏ ကမ္မဝါဒသည် ပစ္စုပ္ပန်ကို ဦးစားပေး၍
ကံတရား၏ မျက်မှောက်အကျိုးပေးမှုကို
ရှေ့တန်းတင်သောဝါဒ ဖြစ်၏။

# အခန်း (၁၀)
## ကမ္မသတ္တိနှင့် ကမ္မဝါဒ

"ရဟန်းတို့၊ များစွာကုန်သော ရဟန်းပုဏ္ဏားတို့၏ အယူများတွင် **မက္ခလိဂေါသာလ**၏အယူကို အယုတ်ဆုံးဟူ၍ ဆိုအပ်၏။ **မက္ခလိဂေါသာလ**သည် ကုသိုလ်ကံ၊ အကုသိုလ်ကံသည် မရှိ၊ ကုသိုလ်ကောင်းမှု အကုသိုလ်မကောင်းပြုခြင်း၏ အကျိုးသည် မရှိ။ အားထုတ်အပ်သော ဝီရိယအကျိုးသည် မရှိဟုဆိုလေ့ရှိ၏။ သူ၏အယူသည် များစွာသော သတ္တဝါတို့၏ အစီးအပွားမဲ့ခြင်းငှာ၊ ဆင်းရဲအကျိုးယုတ်ခြင်းငှာ၊ ပျက်စီးခြင်းငှာဖြစ်၏။" (အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ ကေသကမ္ဗလသုတ်)

ဤသို့လျှင် မိမိမနှစ်သက်သော အယူဝါဒကို မဝေဖန်ဘဲ ဆိတ်ဆိတ်နေတော်မူလေ့ရှိသော ဗုဒ္ဓသည် ကမ္မဝါဒကိုပယ်သော **မက္ခလိဂေါသာလ**၏အယူကို ကဲ့ရဲ့ရှုတ်ချတော်မူခဲ့၏။ ဗုဒ္ဓ၏အဆိုအားဖြင့် များစွာသော အာဇီဝက တက္ကတွန်းတို့တွင် ကမ္မဝါဒကို ယုံကြည်သော တစ်ဦးတည်းသော တက္ကတွန်းသာလျှင် နတ်ပြည်သို့လားရ၏ (မဇ္ဈိမနိကာယ်၊ တေဝိဇ္ဇဝစ္ဆဂေါတ္တသုတ်)။မီးလုပ်ကျွေး၍ တိတ္ထိဖြစ်ဖူးသော ရသေ့တို့အား ပရိဝါသ်မပေးဘဲ (ဝါ) လေးလမဆိုင်းငံ့စေဘဲ ရဟန်းခံပေးရန် ဗုဒ္ဓက ခွင့်ပြု၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ကမ္မဝါဒီများ ဖြစ်ကြ၏။ (ဝိနည်းပိဋကတ်၊ မဟာဝဂ္ဂ)

"သတ္တဝါတို့သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏။ ကံသာလျှင် အမွေခံရှိကြကုန်၏။ ကံသာလျှင် အကြောင်းအရင်း၊ အဆွေအမျိုး အားထားကိုးကွယ်ရာရှိကြကုန်၏။ ကံသာလျှင် အယုတ်အမြတ် ဖြစ်စေခြင်းငှာ ပြုပြင်စီမံ၏။ (မဇ္ဈိမနိကာယ်၊ စူဠကမ္မ ဝိဘင်္ဂသုတ်)

'ကမ္မ'ဟူသည် အလုပ်ဖြစ်၍ ကမ္မဝါဒသည် တစ်စုံတစ်ခုသော အလုပ်ကိုပြုလုပ်ခြင်းမှာ အချည်းနှီးမဖြစ်ဘဲ အကျိုးသက်ရောက်မှု ရှိသည်ဟူသော အယူဖြစ်၏။

အထက်ပါ ဗုဒ္ဓဒေသနာသည် အတိတ်ဘဝကံကိုသာလျှင် အထူးရည်ညွှန်းခြင်း မဟုတ်ကြောင်း သတိပြုသင့်ပေ၏။ မြန်မာဗုဒ္ဓဝါဒီတို့သည် အများအားဖြင့် ကံတရားကို အတိတ်ဘဝကံ၏ အကျိုးပေးမှုအဖြစ်ဖြင့်သာ သိမြင်နားလည်ကြ၏။ အမှန်ဆိုသော် ကျွန်ုပ်တို့သည် ကမ္မဝါဒကို ဘဝသံသရာအစွဲဖြင့် မခံယူဘဲ မိမိကိုယ်ကို အားကိုးကြရန် ဟောကြားသော ဗုဒ္ဓဩဝါဒနှင့် အခါမလင့် အကျိုးပေးမှုတည်းဟူသော ဗုဒ္ဓဓမ္မ၏ အကာလိကဂုဏ်ကို နှလုံးသွင်း၍ ဆင်ခြင်သုံးသပ်ရပေမည်။ ဤသို့ အသိပညာဖြင့် ဆင်ခြင်ပါက ကမ္မဝါဒသည် လူသားမှာ မိမိ၏ မျက်မှောက် ကြီးပွားတိုးတက်မှုကို စီမံဖန်တီးနိုင်စွမ်း ရှိခြင်းကို ဖော်ညွှန်းသော ဝါဒဖြစ်ကြောင်း ထင်ရှား၏။

ဤအချက်ကို ကောင်းစွာ သိမြင်နားလည်သော ပါဠိပညာရှင် **မစ္စက်ရိုင်းစ်ဒေးဗစ်**၏ အဆိုအားဖြင့် "ပါဠိနှင့် ဂျိန်းပိဋကတ်စာပေများ၌ ကာယကမ္မ၊ ဝစီကမ္မ၊ မနောကမ္မဆိုသော စကားသုံးလုံးကို တွေ့ရ၏။

"ကမ္မဝါဒသည် မည်သည့်အချိန်ကာလ၊ မည်သည့်နေရာဒေသ၌ စတင်ပေါ်ပေါက်ခဲ့သည်ဖြစ်စေ လူ့ဘဝနှင့်စပ်လျဉ်း၍ ထူးခြားသော အတွေးအမြင်သစ်ကို ဖန်တီးပေးသော ဝါဒဖြစ်၏။ ကမ္မပါဒ၌ လူသည် မိမိ၏ အမှုများနှင့် တစ်လုံးတစ်စည်းတစ်ပေါင်းတည်းဖြစ်လာ၏။ ပတ်ဝန်းကျင် အကြောင်းတရားများ၏ ပြုပြင်မှုကိုခံရသော သာမန် သတ္တဝါမဟုတ်တော့ဘဲ ပြုလုပ်သောသူဖြစ်လာ၏။ သူသည် အတိတ်ကာလအမှုများကို ပြန်ကြည့်၍ အနာဂတ်ကာလ အမှုများကို ရှုမြော်၏။ မိမိပြုသောအမှုများ အကျိုးပေးသည့်အတိုင်း ယခုဖြစ်နေသည်။ နောင်လည်းဖြစ်မည်ဟု ယုံကြည်၏။ မိမိကိုယ်ကို စီမံဖန်တီးသော ပုဂ္ဂိုလ်အဖြစ် ရှုမြင်လာ၏။"(၁)

ဤသို့သော အဓိပ္ပာယ်ဖွင့်ဆိုမှုမျိုးကို ရှေးဗုဒ္ဓစာပေ၌ မတွေ့ရချေ။ ပိဋကတ်စာပေ၌ မျက်မှောက်ဘဝ၌ပြုသော ကောင်းမှု၊ မကောင်းမှုများကြောင့် တမလွန်ဘဝ၌ ခံစားရမည့် ကောင်းကျိုးဆိုးပြစ်များကို အလေးပေး၍ ဖော်ပြထား၏။ အဋ္ဌကထာများ၌မူ ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ အကောင်းအဆိုး တွေ့ကြုံခံစားရမှုသည် အတိတ်ဘဝကံကြောင့် ဖြစ်ကြောင်း ဝတ္ထုသာဓကေ အမြောက်အမြား ပြဆိုထား၏။ ထိုအဋ္ဌကထာ ဆရာများ၏ ခံယူချက်မှာ ပိဋကတ်စာပေ၌ ဗုဒ္ဓက ပြတ်သားစွာပယ်သော သဗ္ဗပုဗ္ဗေကတဟေတုဝါဒ ဖြစ်၏။

"ရဟန်းတို့၊ အကိရိယဒိဋ္ဌိသုံးမျိုးဟူသည်ကား အလုံးစုံသော ချမ်းသာမှု၊ ဆင်းရဲမှုတို့သည် ရှေးကပြုခဲ့သော အကြောင်းကြောင့်သာလျှင် ဖြစ်သည်ဟူသော အယူတစ်ပါး၊ လောကကို အစိုးရသော ဗြဟ္မာဘုရား ဖန်ဆင်းမှုကြောင့်သာလျှင်ဖြစ်သည်ဟူသော

၁။ **Mrs Rhys Davids: The Birth of Indian Psychology and its Development in Buddhism, pp. 271**

အယူတစ်ပါး၊ အကြောင်းမဖက် သက်သက်အလိုအလျောက် ဖြစ်သည်ဟူသော အယူတပါး၊ ဤအယူသုံးပါးဖြစ်၏။ ဤအယူများမှန်သည်ဆိုပါက လူတို့အဖို့ ပြုလုပ်ဆောင်ရွက်ရန် ကိစ္စရှိတော့မည်မဟုတ်။ အလိုရှိအပ်သော အာသာဆန္ဒ၊ စွမ်း အင်လုံ့လဖြစ်ပေါ်တော့မည်မဟုတ်။ သူတော်သူမြတ် သမဏတို့၏ အယူဝါဒသည်လည်း ဖြစ်ပေါ်လာတော့မည် မဟုတ်။" (အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ တိတ္ထာယတနသုတ်)

မောဠိယသီဝကမည်သော ပရိဗိုဇ်က "အရှင်ဂေါတမ၊ တစ်စုံတစ်ခုသော သုခဝေဒနာကိုဖြစ်စေ၊ ဒုက္ခဝေဒနာကိုဖြစ်စေ၊ ဥပေက္ခာဝေဒနာကိုဖြစ်စေ လူတို့ခံစားရခြင်းသည် အားလုံး ရှေးကံကြောင့်ဖြစ်သည်ဟု အချို့သော သာမဏဗြာဟ္မဏတို့က ဆိုကြပါသည်။ ဤအရာ၌ အရှင်ဂေါတမက မည်သို့ဆိုပါသနည်း"ဟုမေးလျှောက်၏။ ဗုဒ္ဓ၏ အဖြေကား "သီဝက၊ ဤလောက၌ ဝေဒနာတို့သည် သလိပ်ကြောင့် သော်လည်းကောင်း၊ လေကြောင့်သော်လည်းကောင်း၊ သည်းခြေသလိပ်၊ လေ သုံးပါးပေါင်းဆုံခြင်းကြောင့်သော်လည်းကောင်း၊ ဥတုဖောက်ပြန်ခြင်းကြောင့် သော်လည်းကောင်း၊ မညီမညွတ် ဆောင်ရွက်ခြင်းကြောင့်သော်လည်းကောင်း သူတပါး၏ လုံ့လပယောဂကြောင့်သော်လည်းကောင်း၊ ကံ၏အကျိုးကြောင့်သော်လည်းကောင်း ဖြစ်ကုန်၏။ ဤအကြောင်းကို ကိုယ်တိုင်လည်း သိအပ်၏။ လောကသည်လည်း အမှန်ဟု သမုတ်အပ်၏။ သို့ဖြစ်၍ တစ်စုံတစ်ခုသော ဝေဒနာခံစားရမှုသည် ရှေးကံကြောင့်သာဖြစ်သည်ဆိုသော စကားကို အမှားဟု ငါဆို၏။" (ဝေဒနာသံယုတ်၊ အဋ္ဌသပရိယာယဝဂ်၊ သီဝကသုတ်)

ဤဗုဒ္ဓဒေသနာများသည် သဗ္ဗပုဗ္ဗေကတဟေတုဝါဒကို ထိထိရောက်ရောက် တိုက်ဖျက်နိုင်စွမ်း မရှိခဲ့ချေ။ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးနောက် ဘီစီသုံးရာစုခေတ်၌ အိန္ဒိယပြည်မြောက်ပိုင်းရှိ သမ္မတိယ, အန္ဓက, မဟာသံဃိကစသော ဗုဒ္ဓဝါဒီဂိုဏ်းတို့သည် ဖြစ်ပျက်ခံစားမှု အားလုံး အတိတ်ဘဝကံ၌ အရင်းမူလရှိသည်ဟု ယုံကြည်ကြကြောင်း အဘိဓမ္မာ ပိဋကတ်လာ ကထာဝတ္ထု၌ ဖော်ပြထား၏။ ထိုဗုဒ္ဓဝါဒီတို့သည် အသံကောင်းခြင်း၊ အရုပ်ဆိုးခြင်း၊ အသက်ရှည်ခြင်းစသည်တို့မှာ အတိတ်ကံကြောင့် ဖြစ်သည်ဟု ယုံကြည်ကြသည် ဆို၏။

သုတ္တန်ပိဋကတ်ထဲသို့ နောက်ကျမှဝင်ရောက်လာသော အပဒါန်ကျမ်း၌မူ ဘုရားရှင်၏ ဝိပါက်တော် ၁၂ ပါးကို ဖော်ပြထား၏။ ဗုဒ္ဓဝမ်းတော်လာခြင်း၊ ခေါင်းခဲခြင်း၊ ဒေဝဒတ်၏ သေကြောင်းကြံစည်မှုကို ခံရခြင်း စသည်တို့သည် ဗုဒ္ဓ၏ အတိတ်ဘဝမကောင်းမှုကံများကြောင့် ဖြစ်သည်ဆို၏။ ဤအယူကို အရှင်နာဂသိန်မထေရ်က မိလိန္ဒပဥှာကျမ်း၌ ရှင်းလင်းချေပထား၏။ မိလိန္ဒမင်းက ဘုရားရှင်သည် အကုသိုလ်တရားအားလုံးကို အကြွင်းမဲ့ပြု၍ ဘုရားအဖြစ်သို့ ရောက်တော်မူပါသလောဟု မေး၍ အရှင်နာဂသိန်က ဘုရားရှင်သည် အကုသိုလ်တရားအားလုံးကို ပယ်သတ်ပြီးနောက် ဘုရားဖြစ်တော်မူသည်ဟု ဖြေ၏။

မိလိန္ဒ။ ။ အရှင်ဘုရား၊ ထိုသို့တပြီးကား အဘယ်ကြောင့် ဘုရားရှင်အား ခြေတော်ကို ကျောက်ဖြင့်ခတ်မိသော အနာ၊ လေနာ ဝမ်းသွေးတော်ယိုသော ဝေဒနာတို့ ဖြစ်ရပါသနည်း။ အကုသိုလ်ကံတရားနှင့်ကင်း၍ ခံစားအပ်သော ဝေဒနာသည်မရှိ၊ အလုံးစုံသော ဝေဒနာသည် ကံကြောင့်သာလျှင် ခံစားရသည်မဟုတ်ပါလော။

နာဂသေန။ ။ မင်းကြီး၊ အလုံးစုံသော ဝေဒနာသည် ကံကြောင့်သာလျှင် ခံစားရသည်မဟုတ်။ ဘုရားရှင်အား အနာတို့ဖြစ်ဖူးသည် မှန်၏။ ထိုအနာတို့သည် ရှေးကပြုဖူးသောအမှုကြောင့်ဖြစ်သည်မဟုတ်။ လေ၊ သည်းခြေ၊ သလိပ် စုဝေးဖောက်ပြန်သော ကြောင့်သာလျှင်ဖြစ်၏။ ဘုရားရှင်၏ ခြေပေါ်သို့ကျသော ကျောက်ခဲသည် ရှေးမကောင်းမှုကံကြောင့် မဟုတ်။ ဒေဝဒတ်၏ လုံ့လပယောဂကြောင့်သာလျှင် ကျ၏။ မင်းကြီး၊ လောက၌ ရှေးကံကြောင့်ဖြစ်သော ဝေဒနာတို့သည် နည်း၏။ ကံမှကြွင်းသော အခြားအကြောင်းတို့ကြောင့်ဖြစ်သော ဝေဒနာတို့သည် များ၏။ (မိလိန္ဒပဥှာ၊ ဣဒ္ဓိဗလဝဂ်၊ အကုသလစ္ဆေဒပဥှာ)

ဤသို့ ဗုဒ္ဓစာပေ၌ အတိအလင်း၊ အထင်အရှား ပယ်ထားသောအယူသည် ယနေ့တိုင် များစွာသော ဗုဒ္ဓဝါဒီတို့၌ စွဲကပ်လျက်ရှိ၏။ ထိုဗုဒ္ဓဝါဒီတို့၏ ခံယူချက်မှာ တစ်နည်းအားဖြင့် ထာဝရဘုရား ယုံကြည်သူတို့၏ ခံယူချက်မျိုးဖြစ်၏။ ထာဝရဘုရား ယုံကြည်သောသူတို့က ဘာမဆို ဘုရားသခင်၏ အလိုတော်အတိုင်းဖြစ်သည်။ ဘုရားသခင်၏ အလိုတော်ကို သိနိုင်ခဲသည်ဟု ဆိုကြ၏။ တစ်ဖက်စွန်းရောက် ကမ္မဝါဒီတို့ကမူ သတ္တဝါဟူသမျှသည် ကံစီမံသည့်အတိုင်း ဖြစ်သည်။ ကံတရားသည် ဆန်းကြယ်၍ ၎င်း၏ အချို့သော လုပ်နည်းလုပ်ဟန်များကို မစဉ်းစားသင့်ဟု ခံယူထားကြ၏။

ဘာမဆို အတိတ်ကံကြောင့် ဖြစ်သည်ဆိုသော အယူသည် ကမ္မဝါဒစွဲ ဥပါဒါန်ဖြင့် မှားယွင်းစွာ တွေးခေါ်ရာမှ ရရှိအပ်သော အယူဖြစ်၏။ အဆိုတစ်ခုကို အခြေပြု၍ ပြောင်းပြန်ကောက်ချက် မချအပ်ကြောင်း တက္ကဗေဒ လေ့လာဖူးသောသူတိုင်း သိပြီးဖြစ်၏။ ပညာမတတ်လျှင် ဆင်းရဲမည်မှန်သည်ဆိုစေ ထိုအဆိုမှတစ်ဆင့် ဆင်းရဲသောသူအားလုံးသည် ပညာမတတ်သောသူများဖြစ်သည်ဟု မဆိုသာချေ။ ဆင်းရဲမှုသည် ပညာမတတ်မှုမှအပ အခြားအကြောင်းတရားများကြောင့်လည်း ဖြစ်နိုင်ပေသည်။ ထိုနည်းအတူ အမှုတစ်ခုမှ ကောင်းကျိုးဆိုးကျိုး ဖြစ်ပေါ်ခြင်းကို လက်ခံယုံကြည်စေကာမူ သုခဒုက္ခ ဝေဒနာအားလုံးသည် အတိတ်ဘဝကံကြောင့် ဖြစ်သည်ဟု မှတ်ယူရန် အကြောင်းမရှိချေ။ အခြားအကြောင်းတရားများ ရှိပါလျက် အတိတ်ကံကိုသာ စဉ်းစားခြင်းသည် ဗုဒ္ဓဩဝါဒ နှင့် မကိုက်ညီသည့်အပြင် သိပ္ပံနည်းကျ စူးစမ်းလေ့လာမှုနှင့်လည်း ဆန့်ကျင်လျက်ရှိ၏။ အကြောင်းမူ သိပ္ပံဆရာသည် ပြဿနာတစ်ခုကို လေ့လာရာ၌ သိသာထင်ရှား၍ လက်တွေ့စမ်းသပ်ရန် ဖြစ်နိုင်သောအချက်များကို အလေးပေး၍ စူးစမ်းလေ့လာရ၏။ သို့ဖြစ်၍ ထိုသို့သော အကြောင်းအချက်များကို မစဉ်းစားဘဲ အတိတ်ကံကို ယုံကြည်

ခြင်းသည် အသိပညာကင်းသော ကမ္မဝါဒစွဲ ဥပါဒါန်ဖြစ်ရပေမည်။[၁]

လူဝင်စားမှု သုတေသီ **ဒေါက်တာစတီဗင်ဆင်**၏ အဆိုအားဖြင့် ကမ္ဘာပေါ် အချို့အရပ်အဒေသရှိ လူမျိုးစုတို့သည် ဘဝသံသရာကို ယုံကြည်သော်လည်း ကမ္မဝါဒကို လက်မခံကြချေ။ သူ၏ လူဝင်စားမှု သုတေသနမှတ်တမ်း၌ ဘဝတဏှာကြောင့် ဘဝ သစ်တဖန် ဖြစ်သည်ဟု ယူဆရန် အထောက်အထားများ ရှိသော်လည်း အတိတ်ကံ အကျိုး ပေးမှုနှင့် ပတ်သက်သော အထောက်အထားများကို မတွေ့ရချေ။ ဘဝသံသရာအစွဲရှိ သော ကမ္မဝါဒီတို့ကမူ ကမ္မဝိပါကသည် သေပြီးနောက်ဘဝ၌ မထင်ရှားသော်လည်း နောင်ဘဝတစ်ခုခု၌ မုချပေါ်လာရမည်ဟု ယုံကြည်ကြပေသည်။ ဤယုံကြည်ချက်ကို သိပ္ပံနည်းကျ စူးစမ်းလေ့လာရန် လုံးဝမဖြစ်နိုင်ချေ။

အတိတ်ကံနှင့် ပတ်သက်၍ သိပ္ပံနည်းကျ ဆင်ခြင်သုံးသပ်မှုကို ပိတ်ပင်တားဆီး သော အချက်တစ်ခုရှိ၏။ သိပ္ပံပညာသည် လူနှင့်တိရစ္ဆာန်ကို မခွဲခြားဘဲ သတ္တလောက တစ်ခုလုံးသည် သဘာဝ အကြောင်းတရားများ၏ ပြုပြင်စီရင်မှုကို ထပ်တူထပ်မျှ ခံကြ ရသည်ဟု ခံယူ၏။ သို့ဖြစ်၍ ဆေးသိပ္ပံပညာရှင်တို့သည် လူတို့၌ ဖြစ်ပွားသော ရောဂါ များအကြောင်းကို သုတေသနပြုရာ၌ တိရစ္ဆာန်များကို ခွဲစိတ်လေ့လာ၍ အကြောင်း တရားကို ရှာကြ၏။ စိတ်ပညာရှင်တို့သည်လည်း လူ့စိတ်သဘာဝကို ခြေခြေမြစ်မြစ် သိရှိနားလည်ရန် ကြွက်၊ မျောက် စသောသတ္တဝါများကို လေ့လာကြရ၏။ ထိုနည်း ဖြင့် လေ့လာသော သိပ္ပံပညာ၏ အောင်မြင်မှုကို ထောက်ချင့်၍ အထက်ပါသိပ္ပံပညာ ခံယူချက်မှန်ကန်ကြောင်း ထင်ရှား၏။ သို့ရာတွင် လူတို့သည် ထိုခံယူချက်ကို အကြွင်းမဲ့ အသိအမှတ် ပြုလိုကြမည် မဟုတ်ချေ။

ဥပမာ မိုးရာသီ၌ တိရစ္ဆာန်တစ်ကောင် မိုးကြိုးထိမှန်၍ သေဆုံးပါက ကမ္မဝါဒီသည် တိရစ္ဆာန်၏ အတိတ်ကံကို စဉ်းစားမည်မဟုတ်။ သိပ္ပံဆရာကမူ တိရစ္ဆာန်အား မိုးကြိုး ထိမှန်ခြင်း၏ အကြောင်းတရားများကို ထောက်ပြနိုင်ပေမည်။ တိရစ္ဆာန်အစား လူတစ်ယောက် မိုးကြိုးပစ်ခံရ၍ သေဆုံးလျှင်လည်း သိပ္ပံပညာအမြင်အားဖြင့် ထိုသို့ ဖြစ်ပျက်မှုသည် ထိုအကြောင်းတရားများကြောင့် ဖြစ်၏။ ကမ္မဝါဒီကမူ လူသတ္တဝါ တစ်ဦး မိုးကြိုးထိမှန်သေဆုံးရမှု၌ အတိတ်ဘဝက အကျင့်သီလ၏ နေရာကဏ္ဍပါဝင် သည်ဟု အစွဲအမြဲ ခံယူထားပေလိမ့်မည်။ သိပ္ပံပညာ၏ အလိုအားဖြင့်မူ လူတို့၏ အကျင့်သီလသည် သဘာဝ အကြောင်းတရားများကို ပြုပြင်စီရင်နိုင်စွမ်းမရှိချေ။

သို့ရာတွင် လူတို့သည် 'မကောင်းကြံ ဘေးဒဏ်ထိ'၊ 'တရားစောင့်သောသူကို တရားကပြန်၍ စောင့်သည်' စသည်ဖြင့် ယုံကြည်ကြ၏။ မည်သူမဆို မိမိအကျင့်သီလ ၏ ကောင်းကျိုးဆိုးပြစ်ကို ခံရမည်ဟု ခံယူထားကြ၏။ မျက်မှောက်ဘဝ၌ ထိုယုံကြည် ချက်အတိုင်း မဖြစ်လျှင် တမလွန်ဘဝ၌ မုချဖြစ်ရမည်ဟု စွဲမှတ်ထားကြ၏။ တရားမျှတမှု အတွက် ထာဝရဘုရားကိုဖြစ်စေ၊ သဘာဝဓမ္မ (ဝါ) ကမ္မနိယာမကိုဖြစ်စေ ယုံကြည်ကိုး

စားကြ၏။

လူတို့ လိုလားတောင့်တသော ကျပ်ပြည့်တင်းပြည့် တရားမျှတမှုသည် မဟာဗြဟ္မာဘုံ (ဝါ) ထာဝရဘုရား၏ ကောင်းကင်ဘုံ၌ ရှိကောင်းရှိပေမည်။ ဤလောက၊ ဤဘဝသံသရာ၌ ၎င်းကို မျှော်မှန်းနေခြင်းမှာမူ အချည်းနှီးဖြစ်၏။ ကမ္ဘာ့ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့စသော ကမ္ဘာ့အဖွဲ့အစည်းများသည် ဤလူ့ပြည်၌ တရားမျှတမှု ထွန်းကားစေရန် အမျိုးမျိုး ကြိုးပမ်းဆောင်ရွက်နေကြ၍ အတော်အသင့် အောင်မြင်ကြသည် မှန်သော်လည်း ယနေ့များစွာသော လူတို့သည် တရားနှင့်လျော်ညီသော ကောင်းကျိုးဆိုးပြစ်ကို မခံယူရခြင်းမှာ ထင်ရှား၏။ ဘာထရန်ရပ်ဆယ်က ကမ္ဘာပေါ်၌ တရားမျှတမှု လုံးဝမရှိခြင်းကြောင့် ဤလူ့ဘုံသည် ဒုက္ခဘုံကြီးဖြစ်နေကြောင်း ရေးသားခဲ့၏။ စင်စစ် လောဘ၊ ဒေါသ၊ မောဟဖုံးလွှမ်းနေသော လူတို့ကမ္ဘာ၌ တရားမျှတမှု မရှိခြင်းမှာ မထူးဆန်းလှချေ။

လူတို့ ယုံကြည်အားထားသော ကမ္မနိယာမသည် ဘဝသံသရာ၌ တရားမျှတမှုကို မည်သို့ စီမံဖန်တီးပါမည်နည်း။ ကမ္မနိယာမသည် ယခုခေတ် အသိပညာရှင်အားလုံး အသိအမှတ်ပြုထားသော တရားမျှတမှု ဂုဏ်လက္ခဏာများကို ဖော်ဆောင်နိုင်ရပေမည်။ ထင်ရှားသော လက္ခဏာတစ်ခုမှာ လူတစ်ဦး ဒုစရိုက်ပြစ်မှု ကျူးလွန်ရာ၌ သူတစ်ဦးတည်းသာလျှင် အပြစ်ရှိသည် မဟုတ်ဘဲ သူ၏ပတ်ဝန်းကျင် လူများ၌လည်း အပြစ် (ဝါ) တာဝန်အနည်းအများရှိကြောင်း သိမှတ်မှုဖြစ်၏။ ဥပမာ နိုင်ငံဝန်ထမ်းတစ်ဦး ပြည်သူ့ဘဏ္ဍာငွေကို အလွဲသုံးစားပြုမှု၌ လစာငွေဖြင့် မိသားစုရပ်တည်ရန် မဖြစ်နိုင်လောက်အောင် မယားဖြစ်သူ၏ အသုံးအဖြုန်းကြီးမှု၊ ကုန်သည်ဈေးသည်တို့၏ လောဘကြီးမှု၊ အပေါင်းအသင်းများ၏ မြှောက်ပင့်ပေးမှု စသည်များကို ထည့်သွင်းစဉ်းစားပါမှ ဆုံးဖြတ်ချက် တရားနည်းလမ်း ကျမည်ဖြစ်၏။

တရားမျှတခြင်း၏ အခြားလက္ခဏာတရပ်မှာ အပြစ်ဒဏ်သည် ကျူးလွန်သော အပြစ်နှင့် လျော်ညီမှုဖြစ်၏။ ရှေးအခါက အင်္ဂလန်နိုင်ငံ၌ ခိုးမှုဖြင့် အပြစ်ထင်ရှားသော သူသည် သေဒဏ်ချမှတ်ခြင်း ခံရ၏။ ယခုအခါ၌မူ အနောက်နိုင်ငံ အတော်များများ၌ သေဒဏ်ပေးခြင်းကို လုံးဝပယ်ဖျက်ထား၏။ လူသတ်မှုကဲ့သို့သော ရာဇဝတ်ပြစ်မှုကြီးများ ကျူးလွန်သောသူကိုပင် သေဒဏ်ပေးခြင်းမှာ အထက်က ဖော်ပြခဲ့သည့်အတိုင်း လူသတ္တဝါတစ်ဦး ဒုစရိုက်ပြစ်မှု ကျူးလွန်ရာ၌ သူနှင့်နီးစပ်သော အခြားလူများ၌ တစ်စိတ်တစ်ဒေသ တာဝန်ရှိကြောင်း နိုင်ငံအစိုးရတို့ သိမြင်လာမှုကြောင့် ဖြစ်၏။

အဋ္ဌကထာများမှ ကျွန်ုပ်တို့ သိရှိရသော ကမ္မနိယာမသည် အထက်ပါအချက်များကို လုံးဝအလေးထားဟန် မရှိချေ။

ဗုဒ္ဓသည် အခါအခွင့်ကြုံသောအခါ၌ပင် ပုဂ္ဂိုလ် သတ္တဝါတစ်ဦး၏ အတိတ်ဘဝ ကံအကြောင်းကို မဟောခဲ့ချေ။ တစ်ခါက ဗုဒ္ဓသည် ရဟန္တာပုဂ္ဂိုလ်တစ်ဦးကို ညွှန်ပြ၍ "ရဟန်းတို့ သင်တို့သည် မကောင်းသောအဆင်းရှိသော ပုသော ပုထုဇဉ်ရဟန်းတို့၏ ရှုတ်ချခြင်းကို ခံရသော ထိုရဟန်းကို မြင်ကြကုန်၏ လော"ဟု မေး၍ ထိုရဟန်း၏ အတိတ်မကောင်းမှု ကံအကြောင်းကို လုံးဝ မဟောချေ။ (ဥဒါန်းပါဠိတော်၊ စူဠဝဂ်၊ အမရသကုဏ္ဍလဘဒ္ဒိယသုတ်) နွားမဝှေ့၍ ကွယ်လွန်သော ရဟန္တာတစ်ပါး၏ ရှေးအတိတ် ကံအကြောင်းနှင့် ပတ်သက်၍လည်း မည်သို့မျှ မိန့်ကြားတော်မမူချေ။ (ဥဒါန်းပါဠိတော်၊ ဗောဓိဝဂ်၊ ဗာဟိယသုတ်)

အဋ္ဌကထာဆရာများနှင့် ဗုဒ္ဓဝါဒီအများစု ခံယူထားသည့်အတိုင်း ကမ္မဝါဒသည် ဘဝသံသရာနှင့် ဆက်စပ်နေသည်မှန်ပါက ဘဝသံသရာအကြောင်း ဗုဒ္ဓဟောသော ဒေသနာများနှင့်အညီ ယင်းကို ကျွန်ုပ်တို့ သိမြင်နားလည်ရပေမည်။ စင်စစ် ဗုဒ္ဓ၏ ကမ္မဝါဒဒေသနာများသည် ဘဝသံသရာဒေသနာများနှင့် ဆန့်ကျင်ခြင်း မရှိချေ။ "ငါ့ရှင်နိဂဏ္ဌတို့၊ သင်တို့သည် ငါကား ရှေးကမကောင်းမှုကံကို ပြုခဲ့ဖူးပြီဟူ၍ လည်းကောင်း၊ မပြုခဲ့ဖူးဟူ၍လည်းကောင်း သိကြပါကုန်၏လော" (မဇ္ဈိမနိကာယ်၊ ဒေဝဒဟသုတ်)။ ဤစကားဖြင့် ဗုဒ္ဓသည် မည်သူမျှ သေချာတပ်အပ် မသိနိုင်သော အတိတ်ဘဝကံ၌ မစွဲလမ်းရန် ဟောကြား၏။

တမလွန်ဘဝ၌ ရရှိမည့်ကံအကျိုးတရားကိုဟောသော ဗုဒ္ဓဒေသနာများသည် ပုထုဇဉ် သတ္တဝါတို့အဖို့ဖြစ်၍ အသိဉာဏ်ရင့်ကျက်သော ပုဂ္ဂိုလ်တို့အဖို့ မဟုတ်။ ထိုသို့သော ကံအကျိုးတရားကို ယုံကြည်ခြင်းသည် ဘဝသံသရာအယူကဲ့သို့ပင် "အာသဝေါတရား၏ အာရုံဖြစ်သော ကောင်းမှုအဖို့ဖြစ်စေသော၊ ဥပဓိကိုရင့်စေသော သမ္မာဒိဋ္ဌိဖြစ်၏။ မြတ်သောအာသဝေါတရား၏ အာရုံမဟုတ်သော၊ လောကုတ္တရာမဂ္ဂင်ဖြစ်သော သမ္မာဒိဋ္ဌိ မဟုတ်ချေ။ (မဇ္ဈိမနိကာယ်၊ မဟာစတ္တာရီသကသုတ်)

ထို့ကြောင့် ဗုဒ္ဓဝါဒီသည် ဒါနသီလစသော ကောင်းမှုကို ပြုရာ၌ တမလွန်အကျိုးစီးပွားကို မျှော်မှန်း၍မပြုအပ်။ "ငါ၏ ထိုကံသည် တမလွန်ဘဝ၌ ခံစားအပ်သော အကျိုးရှိစေသတည်း။ မျက်မှောက်ဘဝ၌ ခံစားအပ်သောအကျိုးရှိစေသတည်း။ ငါ၏ကံသည် အကျိုးပေးခွင့် အလှည့်သင့်စေသတည်း စသည်ဖြင့် ရည်ရွယ်၍ မြတ်သောအကျင့်ကို ကျင့်သုံးအပ်သည်မဟုတ်။ သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်ခြင်းငှာသာလျှင် ကျင့်သုံးအပ်ပေ၏။"(အင်္ဂုတ္တရနိကာယ်၊ နဝကနိပါတ်၊ မဟာကောဋ္ဌိကသုတ်)

"အို သာရိပုတ္တရာ၊ အလှူဒါနပေးရာ၌ အလှူ၏အကျိုးကို တမလွန်ဘဝ၌ ခံစားရလေအံ့။ အမျိုးအနွယ်၏ အစဉ်အလာကို စောင့်ရှောက်အံ့ စသဖြင့် ငဲ့ကွက်ခြင်းအစရှိသော အကြောင်းကြောင့် ပေးလှူသောဒါနသည် ကြီးသောအာနိသင် ရှိသည်မဖြစ်။ ထိုသို့ မငဲ့ကွက်ဘဲ စိတ်၏တန်ဆာ၊ စိတ်၏အခြံအရံအကျိုးငှာ ပေးလှူခြင်းသည်သာလျှင်

အကျိုးကြီးမား၏။" (အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်–ဂဂ္ဂရာသုတ်)

သို့ဖြစ်၍ တမလွန်ဘဝ ကောင်းစားရေးအတွက် (ဝါ) "သံသရာအထုပ်အထည်" အတွက် ကုသိုလ်ကောင်းမှုပြုခြင်းသည် ဗုဒ္ဓလမ်းစဉ်မဟုတ်။ ဗုဒ္ဓ၏ ကမ္မဝါဒသည် ပစ္စုပ္ပန်ကို ဦးစားပေး၍ ကံတရား၏ မျက်မှောက်အကျိုးပေးမှုကို ရှေ့တန်းတင်သောဝါဒ ဖြစ်၏။ အောက်ပါဒေသနာများသည် သာမန် ပုထုဇဉ်သတ္တဝါတို့အား ဟောကြားသော ကမ္မဝါဒတရားမျိုး မဟုတ်ကြောင်း သတိပြုသင့်ပေ၏။

"အိုလုလင်၊ ဤသို့လျှင် အသက်ရှည်ခြင်းကို ဖြစ်စေတတ်သော အကျင့်သည် အသက်ရှည်စေတတ်၏။ အသက်တိုခြင်းကို ဖြစ်စေတတ်သော အကျင့်သည် အသက်တိုစေတတ်၏။ အနာများခြင်း၊ အနာကင်းခြင်း၊ အဆင်းမလှခြင်း၊ အဆင်းလှခြင်း အခြံအရံနည်းခြင်း၊ အခြံအရံများခြင်း စသည်တို့သည်လည်း ထိုနည်းနှင်နှင် ဖြစ်၏" (မဇ္ဈိမနိကာယ်၊ စူဠကမ္မဝိဘင်္ဂသုတ်)။ "ဒါယကာ အနာထပိဏ်သူဌေး၊ အရိယာတပည့်သည် အသက်ရှည်ခြင်းကို အလိုရှိအံ့။ အသက်ရှင်ခြင်းကို နှုတ်ဖြင့်သော်လည်းကောင်း၊ စိတ်ဖြင့်သော်လည်းကောင်း တောင့်တ၍မနေဘဲ အသက်ရှည်စေမည့် အကျင့်ကိုကျင့်ရာ၏။" (အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ ဣဋ္ဌသုတ်)

ဤနေရာ၌ အဋ္ဌကထာ ဆရာတို့၏ ကမ္မဝါဒစွဲ ပုဂ္ဂိုလ်တို့ ဆင်ခြင်သုံးသပ်ရန် အသက်ရှည်ခြင်းနှင့်ပတ်သက်သော အချက်တစ်ခုရှိ၏။ ယနေ့ ကမ္ဘာပေါ်၌ အများအားဖြင့် လူတို့သည် ရှေးခေတ်လူတို့ထက် သက်တမ်း ပိုမိုမြင့်မားလာ၍ အနောက်နိုင်ငံသားတို့သည် ယေဘုယျအားဖြင့် အရှေ့တိုင်းသားတို့ထက် ပိုမိုအသက်ရှည်ကြောင်း အခိုင်အမာ သိရှိရ၏။ အဋ္ဌကထာဆရာတို့၏ အဆိုအားဖြင့် အသက်ရှည်ခြင်းသည် အတိတ်ဘဝက အကျင့်သီလ ကောင်းသောကြောင့် ဖြစ်၏။ သို့ရာတွင် ယခုခေတ် လူတို့သည် ရှေးလူတို့ထက်သော်လည်းကောင်း အနောက်တိုင်းသားတို့သည် အရှေ့တိုင်းသားတို့ထက်သော်လည်းကောင်း၊ အနောက်တိုင်းသားတို့သည် အရှေ့တိုင်းသားတို့ထက် သော်လည်းကောင်း အကျင့်သီလ ပိုမိုမြင့်မားသည်ဟု ယူဆရန် အထောက်အထား လုံးဝမရှိချေ။

လူတို့၏ အသက်ရှည်မှုသည် မျိုးရိုးဗီဇနှင့် ပတ်ဝန်းကျင်တရား (ဝါ) ဗဟိဒ္ဓ သင်္ခါရတရားများ၏ ပြုပြင်စီရင်မှုအပေါ်၌တည်၏။ ပတ်ဝန်းကျင် အကြောင်းတရား၌ ပါဝင်သော လူတို့၏ အပြုအမူ အနေအထိုင်၊ အကျင့်အကြံ စသည်တို့သည် ပစ္စုပ္ပန်ကံဖြစ်၏။ အနောက်တိုင်းသားတို့သည် အသက်ရှည်စေသော ပစ္စုပ္ပန်ကံအားကောင်းသောကြောင့် အသက်ရှည်ကြခြင်း ဖြစ်၏။ အသက်ရှည်မှုအတွက် ပတ်ဝန်းကျင်သည် မျိုးရိုးဗီဇထက် ပိုမိုအရေးပါသည့်အပြင် မျိုးရိုးဗီဇကို ပြုပြင်၍မရအပ်သောကြောင့် အထက်ပါဗုဒ္ဓဒေသနာနှင့်အညီ မျက်မှောက်အပြုအမူ အကျင့်အကြံ စသည်တို့ကို အလေးဂရုပြုရပေမည်။

အထက်ပါစကားသည် အတိတ်ဘဝမှ ကံ၏အကျိုးတရားကို ဗုဒ္ဓ၏ ကမ္မဝါဒက အသိအမှတ်မပြုဘဲ လုံးဝပယ်သည်ဟု ဆိုလိုခြင်း မဟုတ်ချေ။ အတိတ်ဘဝကံ၏ အကျိုးပေးမှုကို ဗုဒ္ဓဟောကြားသည် မှန်၏။ သို့ရာတွင် ထိုကမ္မဝိပါက၏ နေရာကဏ္ဍသည် ဗုဒ္ဓဝါဒီ လူအများစု ထင်သလောက် အရေးပါ အရာရောက်မည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် အတိတ်ဘဝမှပါလာသော ကမ္မဝိပါကသည် လူတို့မသိမမြင်၊ အစိုးမရသော တရားဖြစ်၏။ ထို့အပြင် လူတို့ဘဝကို ပြုပြင်စီရင်သော၊ အမျိုးမျိုးသော အကြောင်းတရား များစွာရှိသည့်အနက် တစ်ခုသော အကြောင်းတရားမျှသာဖြစ်၏။ သို့ဖြစ်၍ ထိုကမ္မဝိပါကသည် အခြားအကြောင်းတရားများနှင့် တိုက်ဆိုင်ညီညွတ်သော၊ သင့်လျော်သော အခြေအနေ၌သာလျှင် အကျိုးပေးခွင့်ရ၍ ယင်းနှင့်ဆန့်ကျင်သော အကြောင်းတရားများကို အခါခပ်သိမ်း လွှမ်းဆန်နိုင်မည် မဟုတ်ချေ။

ဤအချက်သည် အထက်ကပြဆိုခဲ့သော လူတို့အသက်ရှည်မှု၌ ထင်ရှား၏။ အသက်ရှည်မှုကို ဖန်တီးသော အကြောင်းတရား နှစ်ပါးရှိသည့်အနက် မျိုးရိုးဗီဇသည် ကမ္မသတ္တိ (ဝါ) ကမ္မဝိပါကဖြစ်သည်ဆိုက မှားမည်မဟုတ်ချေ။ အနောက်နိုင်ငံ သုတေသီဆရာတို့၏ လေ့လာချက်အရ အသက်ရှည်ခြင်းသည် မျိုးရိုးဗီဇနှင့် ဆပ်စပ်နေကြောင်း တွေ့ရှိရ၏။ သို့ရာတွင် ဤတွေ့ရှိချက်မှာ ယေဘုယျသဘောဖြစ်၍ ပုဂ္ဂိုလ်သတ္တဝါအားလုံးအဖို့ မမှန်ကန်ချေ။ မိဘများက မျိုးရိုးအလိုက် အသက်ရှည်ပါလျက် အသက်တိုသောသူများရှိခြင်းမှာ ကျွန်ုပ်တို့ မျက်မြင်အထင်အရှား ဖြစ်၏။[၁]

•

ဗုဒ္ဓသည် ဆန့်ကျင်ဘက် အကြောင်းတရားများကြောင့် အတိတ်ကံ၏ အကျိုးပေးမှု အရာမထင်ဖြစ်တတ်ပုံကို အင်္ဂုတ္တရနိကာယ်၌ ဟောကြားခဲ့၏။ ထိထိမိမိ ဥပမာများနှင့် မှတ်သားဖွယ်ကောင်းသော ဒေသနာဖြစ်၍ အတော်အတန် ပြည့်စုံစွာ ဖော်ပြပါအံ့။

"ရဟန်းတို့၊ ဤလောက၌ အနည်းငယ်မျှသော မကောင်းမှုကံသည် အချို့သော ပြုသူပုဂ္ဂိုလ်ကို ငရဲသို့ဆောင်၏။ အချို့သော ပုဂ္ဂိုလ်အဖို့မူ ဒုတိယဘဝ၌ အနည်းငယ်မျှသော အကျိုးမထင်။ ဥပမာအားဖြင့် ရေနည်းသောခွက်၌ ဆားကိုထည့်ပါက ထိုရေသည် သောက်၍မရအပ်သော ဆားငန်ရည် ဖြစ်လာရာ၏။ ထိုဆားကိုပင် ဂင်္ဂါမြစ်၌ •ထည့်ပါက ရေထုများပြားသောကြောင့် သောက်၍မရအပ်သော ဆားငန်ရည် ဖြစ်မလာနိုင်ချေ။

"အခြား ဥပမာအားဖြင့် ဤလောက၌ အချို့လူတို့သည် အသပြာဝက်၊ သို့မဟုတ် အသပြာတစ်ရာဖြင့် အချုပ်အနှောင်ခံကြရ၏။ ထိုသူတို့သည် ဆင်းရဲ၍

၁။ "ဗီဇနှင့်ပတ်ဝန်းကျင်"

ကိုယ်ပိုင်ဥစ္စာ၊ ကိုယ်ပိုင်အသုံးအဆောင်နည်း၏။ အချို့လူများမှာမူ ထိုပြစ်မှုဖြင့် အချုပ်အနှောင် မခံကြရချေ။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့မှာ ချမ်းသာ၍ ကိုယ်ပိုင်ဥစ္စာ၊ အသုံးအဆောင်များစွာရှိ၏။

"အခြား ဥပမာကား ဆိတ်ပိုင်ရှင်တို့သည် အချို့သော ဆိတ်သူခိုးတို့ကို သတ်ရန်၊ ချုပ်နှောင်ရန် သို့မဟုတ် ဥစ္စာဆုံးရှုံးစေရန် တတ်စွမ်းနိုင်၏။ အကြောင်းမူ ထိုဆိတ်သူခိုးတို့သည် ဆင်းရဲ၍ ကိုယ်ပိုင်ဥစ္စာ၊ အသုံးအဆောင်နည်း၏။ အချို့သော ဆိတ်သူခိုးတို့ကိုမူ မည်သို့မျှ အပြစ်ဒဏ် မပေးနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုဆိတ်သူခိုးတို့သည် ချမ်းသာကြွယ်ဝ၍ ဥစ္စာအသုံးအဆောင်များစွာရှိ၏။ စင်စစ် ဆိတ်သူခိုးသည် မင်း သို့မဟုတ် အမတ်ကြီးဖြစ်၍ ဆိတ်ပိုင်ရှင်သည် ဆိတ်ကိုဖြစ်စေ၊ ဆိတ်၏တန်ဖိုးကို ဖြစ်စေ ပြန်လည်ရရှိရန် ထိုသူကို တောင်းပန်အသနားခံရ၏။

"ရဟန်းတို့၊ ထို့အတူသာလျှင် အနည်းငယ်မျှသော မကောင်းမှုကံသည် ပြုသောသူကို ငရဲသို့ဆောင်၏။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်သည် ကာယဘာဝနာကို မပွားများ၊ သီလကို မပွားများ၊ စိတ်ကိုမပွားများ၊ ပညာကိုလည်း မပွားများ၊ ထိုသူသည် ဂုဏ်အားဖြင့်ငယ်၏။ ဂုဏ်ငယ်သောအားဖြင့် ခန္ဓာကိုယ်လည်းငယ်၏။ အနည်းငယ်မျှသော မကောင်းမှုဖြင့် ဆင်းရဲစွာနေရ၏။ အချို့သော ပုဂ္ဂိုလ်အဖို့မူကား ထိုမကောင်းမှုကံသည် ဒုတိယဘဝ၌ အနည်းငယ်မျှသော အကျိုးသည်ပင် မထင်။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်သည် သီလ၊ ဘာဝနာ၊ ပညာပွားများ၏။ ဂုဏ်အားဖြင့်မငယ်။ ဂုဏ်ကြီးသောအားဖြင့် ခန္ဓာကိုယ်ကြီး၏။ ရာဂစသည်တို့ကင်း၏။ ဤသို့သော ပုဂ္ဂိုလ်အဖို့ မကောင်းမှုသည် ဒုတိယဘဝ၌ အဘယ်မှာ အကျိုးထင်ပါတော့အံ့နည်း" (အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ လောဏကပလ္လဝဂ်၊ လောဏကပလ္လသုတ်)

အထက်ပါ ဗုဒ္ဓဒေသနာအရ အတိတ်ကံ၏ မကောင်းသော အကျိုးပေးမှုကို အားနည်းပျက်ပြယ်စေသော အကြောင်းတရားများမှာ ပစ္စည်းဥစ္စာ၊ ဂုဏ်အရှိန်အဝါ၊ သမာဓိ၊ ဘာဝနာ၊ ပညာစသည်တို့ ဖြစ်၏။ ယနေ့ မြန်မာဗုဒ္ဓဝါဒီတို့သည် မိမိတို့၏ ကံဇာတာ ညံ့သည်ဟု ထင်မြင်သောအခါ ဗေဒင်ဆရာ၏ ညွှန်ကြားချက်နှင့်အညီ ယတြာချေကြ၏။ မကောင်းမှုပြုမိသော သူတို့သည် အလှူပေးခြင်း၊ တရားကြားနာခြင်း၊ ပရိတ်ရွတ်ဖတ်သရဇ္ဈာယ်ခြင်း စသည်တို့ဖြင့် အပြစ်ပပျောက်စေရန် အားထုတ်လေ့ရှိကြ၏။ ဤအစုံ အလား လုပ်နည်း လုပ်ဟန်များသည် သမာဓိပညာဘာဝနာကို ဦးစားပေးသော အထက်ပါ ဗုဒ္ဓသြဝါဒနှင့် မကိုက်ညီချေ။ မကောင်းမှု၏ အကျိုးတရားကို ချေဖျက်ရန် အားထုတ်ရာ၌ ကျွန်ုပ်တို့ အထူးအသုံးပြုရမည့် လက်နက်မှာ အသိဉာဏ်ပညာဖြစ်၏။ အသိဉာဏ်ပညာ ဦးဆောင်ပါက အသက်သတ်ခြင်းကဲ့သို့သော ဒုစရိုက်မကောင်းမှုမှပင် လွန်မြောက်နိုင်ကြောင်း ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားခဲ့၏။

နိဂဏ္ဌ၏ တပည့်ဖြစ်သော ရွာသူကြီးတစ်ဦးက မြတ်စွာဘုရားအား "အရှင်

ဘုရား၊ နိဂဏ္ဌနာဋပုတ္တသည် အသက်သတ်သူ၊ မပေးသည်ကို ခိုးယူသူ၊ ကာမအရာ၌ မှားယွင်းစွာ ကျင့်သူနှင့် မုသားစကားပြောသူအားလုံး အပါယ်ငရဲကျသည်ဟု ဟော ပြောပါသည်ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက ဤသို့ဟောကြား၏။

"ရွာသူကြီး၊ ဤလောက၌ အချို့သောဆရာတို့က အသက်သတ်သူ၊ မပေးသည်ကို ခိုးယူသူ၊ ကာမအရာ၌ မှားယွင်းစွာကျင့်သူနှင့် မဟုတ်မမှန်ပြောသောသူ အားလုံးသည် အပါယ်ငရဲကျသည်ဟု ဆိုလေ့ရှိ၏။ ထိုဆရာတို့ကို ကြည်ညိုသောသူအား ငါသည် အသက်ကို သတ်မိသောကြောင့် ငါ၏ဆရာဆိုသည့်အတိုင်း ငရဲသို့ကျလတ္တံ့ဟူသော အယူမှားသည် ဖြစ်၏။ ထိုသူသည် ထိုအယူကို မပယ်ခဲ့သော်လည်း ငရဲသို့ကျ၏။ အကယ်၍ ထိုသူသည် မြတ်စွာဘုရား၏တရားကို ကြားနာပြီးနောက် ဤသို့ဆင်ခြင်၏။ မြတ်စွာဘုရားသည် အသက်သတ်ခြင်းကို ကဲ့ရဲ့၍ ထိုမကောင်းမှုကို ရှောင်ကြဉ်ရန် ဟော၏။ ငါသည် သူတစ်ပါးအသက်ကို သတ်မိ၏။ သူ့အသက်ကို ငါသတ်မိခြင်းသည် မကောင်း။ သို့ရာတွင် ငါသည် ထိုအကြောင်းကြောင့် နှလုံးမသာဖြစ်ခဲ့လျှင် ထိုမကောင်း မှုကို ငါမပြုဟူ၍ ဖြစ်နိုင်မည်မဟုတ်ဟု ဆင်ခြင်၍ ထိုသူသည် အသက်သတ်ခြင်းကို စွန့်၏။ နောင်အခါ၌ ထိုမကောင်းမှုကို ရှောင်ကြဉ်၏။ ဤသို့ဖြင့် ထိုမကောင်းမှုမှ လွတ်မြောက်၏"ဟု မိန့်ကြား၏။ သူတစ်ပါးဥစ္စာကို ခိုးခြင်းစသော ကျန်မကောင်းမှု သုံးမျိုးနှင့် စပ်လျဉ်း၍လည်း ထိုနည်းအတူ ဟောတော်မူ၏။ (သံယုတ္တနိကာယ်၊ ဂါမဏိသံယုတ်၊ သင်္ခဓမသုတ်)

ဤဗုဒ္ဓဒေသနာသည် ဗုဒ္ဓဝါဒီအများစု ခံယူထားသော အဋ္ဌကထာဆရာတို့၏ ကမ္မဝါဒနှင့် မည်မျှကွဲလွဲ ဆန့်ကျင်ကြောင်း အထူးရေးသားရန် မလိုချေ။ ဗုဒ္ဓ၏ အလိုအားဖြင့် မကောင်းမှုတစ်ခုကို ပထမအကြိမ် ပြုမိခြင်းသည် ဘဝပျက်စီးဆုံးရှုံးရန် အကြောင်းမဟုတ်။ မိမိ၏အမှားကို သိမြင်၍ နောင်ဘယ်အခါမျှ ထပ်မံမပြုမိစေရန် အမြဲဆင်ခြင် နေထိုင်သွားရန်သာလျှင် အရေးကြီး၏။ အယူမှားကြောင့် ငရဲသို့ကျသည် ဆိုရာ၌ မကောင်းမှုပြုမိသဖြင့် ဥဒ္ဓစ္စ၊ ကုက္ကုစ္စဖြစ်၍ ငရဲ၌ လောလောဆယ် ခံနေရဘိသကဲ့သို့ စိတ်ဆင်းရဲခံစားရမှုကို ဆိုလိုဟန်ရှိ၏။ အမှားကိုပြုမိမှုကြောင့် အလွန်အမင်း နောင်တရ၍ စိတ်နှလုံးပူပန်မှု (ဥဒ္ဓစ္စ၊ ကုက္ကုစ္စ)နှင့် ငရဲအကြောင်းကို ရှေ့အခန်းများ၌ ဖော်ပြပါအံ့။

အဋ္ဌကထာဆရာတို့ သိရှိနားလည်သော ကံ၏အကျိုးပေးမှုသည် အထက်ပါ ဗုဒ္ဓဒေသနာများနှင့်အညီ မရေရာ၊ မသေချာပါက သတ္တဝါပုဂ္ဂိုလ်တစ်ဦး၏ တမလွန် ဘဝသို့ ပါသွားသော ကံအကျိုးတရား (ဝါ)ကမ္မသတ္တိသည် မည်သို့သော အရာဖြစ်ပါ သနည်းဟု စဉ်းစားရန်ရှိ၏။ ဤနေရာ၌ ဤအခန်းရှေ့ပိုင်းတွင် ဖော်ပြခဲ့သော ဗုဒ္ဓ ဒေသနာများကို ပြန်လည်သတိပြုရပေမည်။ "ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ၊ မှီခိုအားထားရာ" ဆိုသော ဗုဒ္ဓစကားသည် ကံသုံးပါးဖြင့်ပြုသောအမှု၊ (ဝါ) အကျင့်များကိုသာလျှင် ရည်ညွှန်း၍ ဗုဒ္ဓဝါဒီအများ ခံယူထားသကဲ့သို့ ကံကို "ကမ္မဝိပါက"နှင့် ရောထွေးစွဲမှတ်

မထားသင့်ချေ။ ကောင်းမှုပြုရာ၌ တမလွန်ဘဝ အကျိုးစီးပွား (ကမ္မဝိပါက) ကို မမျှော်မှန်းဘဲ စိတ်၏တန်ဆာ၊ အခြံအရံဖြစ်ရန် ပြုအပ်သည်ဟူသော ဗုဒ္ဓဩဝါဒနှင့် အညီ ကောင်းမှုများသည် သမာဓိ၊ ပညာ၏ အခြေခံစရိုက်ကောင်းများ ပြုစုပျိုးထောင်ရာ၌ အထောက်အကူပြုရန်ဖြစ်၏။

အနောက်နိုင်ငံ စိတ်ပညာ၏ အဆိုအားဖြင့် အလေ့အကျင့်များသည် စိတ်ဓာတ် စရိုက်၏ အခြေခံဖြစ်၏။ ဝိသုဒ္ဓိမဂ်ကျမ်း၌ လောဘစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ပညာစရိုက်နှင့် ဝိတက္က (တွေးခေါ်မှု) စရိုက်ဟူ၍ စရိုက်ခြောက်မျိုးပြဆို ထား၏။ စင်စစ် လူတို့စရိုက်မှာ ထူးထွေများပြား၍ အသေးစိတ် ဖော်ပြရန် မဖြစ်နိုင်ချေ။ ပုဂ္ဂိုလ်သတ္တဝါတို့၏ စိတ်ဓာတ်စရိုက်များသည် အများအားဖြင့် မျိုးရိုးဗီဇနှင့် ဆက်စပ်နေ၍ အတိတ်ဘဝမှ ပါလာသော ကမ္မဝိပါက (ဝါ) ကမ္မသတ္တိများ ဖြစ်သည်ဟု ယူဆဖွယ်ရှိ၏။

ဤယူဆချက်အတွက် ဗုဒ္ဓဒေသနာ အထောက်အထားများ မရှိချေ။ စဉ်းစားရန် အချက်တစ်ခုမှာ ဗုဒ္ဓသည် ဤအကြောင်းကို တိုက်ရိုက်မဟောကြားခဲ့စေကာမူ ဘဝဟောင်းမှ ကမ္မသတ္တိများသည် ဓာတ်ချင်းတူ၍ နီးစပ်သော သက်ရှိလူတို့၏ ကမ္မသတ္တိ (ဝါ) ဗီဇသတ္တိများနှင့် ပူးပေါင်းကြသည်ဟု ဆိုလိုဟန်ရှိသော ဒေသနာများကို ပိဋကတ်စာပေ၌ တွေ့ရ၏။ ထိုဒေသနာများ ဗုဒ္ဓဟောကြားခဲ့ခြင်း၏ အကြောင်းရင်းကိုမူ ပိဋကတ်၌ လုံးဝ ဖော်ပြမထားချေ။

"ရဟန်းတို့၊ ဓာတ်တူ သဘောတူဖြင့်သာလျှင် သတ္တဝါတို့သည် နီးနှောညီညွတ်ကြကုန်၏။ ဥပမာအားဖြင့် မစင်ချေးသည် မစင်ချေးနှင့်၊ နို့ရည်သည် နို့ရည်နှင့်၊ ထောပတ်သည် ထောပတ်နှင့်သာလျှင် နီးနှောညီညွတ်သကဲ့သို့ သူယုတ်သည် သူယုတ်နှင့်၊ သူမြတ်သည် သူမြတ်နှင့်သာလျှင် နီးနှောညီညွတ်၏။ သတ္တဝါတို့သည် လွန်လေပြီးသော အတိတ်၊ ယခုပစ္စုပ္ပန်နှင့် နောင်လာလတ္တံ့သော အခွန့်ကာလတို့၌လည်း ထိုနည်းအတူ ဓာတ်တူ၊ သဘောတူအားဖြင့်သာလျှင် နီးနှောကြကုန်လတ္တံ့။" (သံယုတ္တနိကာယ်၊ နိဒါနဝဂ်၊ ဓာတုသံယုတ်၊ ဟီနာဓိမုတ္တိကသုတ်မှ ဒသင်္ဂသုတ်အထိ သုတ်ပေါင်း ၁၆ ခု။ ဣတိဝုတ်ပါဠိတော်၊ တိကနိပါတ်၊ ဓာတုသန္နနသုတ်၌လည်း ထိုနည်းအတူ ဟောတော်မူ သည်။)

သို့ဖြစ်၍ အနောက်နိုင်ငံများမှ အချို့သော ဗုဒ္ဓစာပေပညာရှင်တို့သည် ဘဝဟောင်းမှ ဘဝသစ်သို့ ကမ္မသတ္တိ ကူးပြောင်းခြင်းကို စိတ်ဓာတ်စရိုက် ကူးပြောင်းမှုအဖြစ်ဖြင့် နားလည်ခံယူကြ၏။ ဤခံယူချက်အတွက် အတော်အတန် တိကျခိုင်မာသော အထောက်အထားမှာ ဒေါက်တာစတီဗင်ဆင် လေ့လာခဲ့သော လူဝင်စားမှုများဖြစ်၏။ ထိုလူဝင်စားမှုများ၌ လူဝင်စားနှင့် ဘဝဟောင်းမှပုဂ္ဂိုလ်တို့ စရိုက်၊ ဝါသနာ၊ စိတ်နေစိတ်ထား အတော်များများ တူညီနေမှုကို တွေ့ရ၏။ ထိုတွေ့ရှိရချက်များကို အခြားစာအုပ်၌

စုံစုံစေ့စေ့ ဖော်ပြခဲ့ပြီးဖြစ်၍[၁] ယခု ထပ်မံရေးသားရန်မလိုချေ။ သတိပြုရန်အချက်မှာ **ဒေါက်တာစတီဗင်ဆင်သည်** ဆယ်ကျော်သက်ရွယ်အထိ လူဝင်စား ကလေးသူငယ်များကို သာလျှင် လေ့လာခဲ့ခြင်းဖြစ်၍ မွေးရာပါ စိတ်ဓာတ်စရိုက်များသည် အသက်အရွယ်၊ ဘဝပတ်ဝန်းကျင် စသည်တို့နှင့် သပ္ပါယဖြစ်မှ ထင်ရှားလာတတ်၏။ မည်သို့ဖြစ်စေ ယခုအထိ လူဝင်စားမှု တွေ့ရှိရချက်များသည် ဗုဒ္ဓ၏ကမ္မဝါဒကို လက်ခံရန် အတန်ခိုင်လုံသော အထောက်အထားများ ဖြစ်သည့်အပြင် မျိုးရိုးဗီဇပညာရှင်တို့ နားလည်ရန် ခက်ခဲသော အချို့ဖြစ်ရပ်များကို ရှင်းပြနိုင်လိမ့်မည်ဟု မျှော်လင့်ရ၏။[၂]

**မစ္စက်ရိုင်းစ်ဒေးဗစ်**၏ အဆိုအားဖြင့် "ကျွန်ုပ်တို့သည် လျှပ်စစ်ဓာတ်အား အကြောင်းကို ခြေခြေမြစ်မြစ် မသိသော်လည်း ထိုဓာတ်အားရှိသည်ဟု ယုံကြည်ကြ၏။ သားသမီးက မိဘ၏စိတ်ဓာတ်စရိုက်ကို မည်သို့ ဆက်ခံရရှိကြောင်းကို နားမလည်သော်လည်း မျိုးရိုးလိုက်ခြင်းကိုမူ ယုံကြည်ကြ၏။ လူတစ်ဦးနှင့်တစ်ဦး စိတ်ဓာတ်ဆက်သွယ်မှုကို[၃] အချို့လူများ ယုံကြည်ကြသော်လည်း မည်သို့မည်ပုံ ဆက်သွယ်သည်ကို နားမလည်ကြချေ။ ဗုဒ္ဓဝါဒီတို့သည်လည်း ကမ္မသတ္တိ၏ သဘာဝကို နက်နက်နဲနဲ သိမြင်နားလည်ကြသည် မဟုတ်။ ကမ္မဝါဒသည် သိပ္ပံနည်းဖြင့် စိစစ်၍ မရအပ်သော ဝါဒဖြစ်၏။ သို့ရာတွင် သိပ္ပံပညာသည် လူ၏စိတ်ဓာတ်၊ သတ္တိများ၊ မျိုးရိုးလိုက်ခြင်းနှင့် ပတ်သက်သော အချို့အချက်များကို ယခုတိုင် မဖြေရှင်းနိုင်ဘဲရှိရာ ကမ္မဝါဒသည် ထိုပြဿနာမျိုးအတွက် အခက်အခဲကြုံတွေ့ဖွယ်ရာမရှိချေ။"[၄]

ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တမရှိဘဲ ဘဝဟောင်းမှ ကမ္မသတ္တိ ဆက်ခံရရှိပုံကို မိလိန္ဒပဉှာ၌ ရှင်နာဂသိန်က ဥပမာအမျိုးမျိုးဖြင့် ရှင်းပြခဲ့၏။ အမေရိကန်ပညာရှင်တစ်ဦးကမူ ထိုအကြောင်းကို အောက်ပါအတိုင်း ရေးသား၏။

"ဥပမာတစ်ခုကို စဉ်းစားကြည့်ပါက အတ္တမရှိဘဲ ဘဝသစ်သို့ ကမ္မသတ္တိကူးပြောင်းသွားသည်ဆိုသော ဗုဒ္ဓဝါဒီတို့၏ စကားသည် သဘာဝယုတ္တိ ရှိကြောင်း ထင်ရှား၏။ ပျံလွှားငှက်နှင့် ဗီလုံးငှက်သည် သိသိသာသာ ခြားနား၍ ထိုခြားနားခြင်းသည် မျိုးရိုးဗီဇမတူမှုကြောင့်ဖြစ်၏။ ပျံလွှားငှက်၏ မျိုးရိုးစဉ်ဆက်ကို ပြုပြင်ခဲ့သော အကြောင်းတရားများနှင့် ယင်းတို့၏ အကျိုးဆက်များသည် အနမတဂ္ဂဖြစ်၍ ပျံလွှားငှက်ဥထဲ၌ ဗီဇဓာတ်အဖြစ် ကိန်းအောင်းလျက် ဆိုင်ရာဝိပါက် အကျိုးတရားများကိုသာလျှင် ဖြစ်ပေါ်စေမည်ဖြစ်၏။ ထိုငှက်ဥထဲမှ ဗီလုံးငှက် ထွက်ပေါ်လာလိမ့်မည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် ဗီလုံးငှက်ကိုဖြစ်စေသော အကြောင်းတရား (ဝါ) ကမ္မသတ္တိမှာ တသီးတခြားဖြစ်၏။ စင်စစ် ဗုဒ္ဓဝါဒီတို့ နားလည်သော ကမ္မသတ္တိသည် ဗီဇသတ္တိမဟုတ်။ 'ကမ္မ

၁။ "သေသည်၏ အခြားမဲ့၌" စာ ၁၂၁-၂၅
၂။ "သေသည်၏ အခြားမဲ့၌" စာ ၁၂၆-၂၇
၃။ **Telepathy**
၄။ **Mrs Rhys Davids: Buddhist Psychology, pp. 26**

သတ္တိ'ဟူသော စကားသည် မိဘများထံမှ လူတစ်ဦးရရှိသော မျိုးရိုးဗီဇသတ္တိများကို မဆိုလိုဘဲ အတိတ်ဘဝများမှ ပါလာသော ဂုဏ်အင်္ဂါသတ္တိများကိုသာ ဆိုလိုခြင်းဖြစ်၏။ သို့ရာတွင် ဤခြားနားချက်ကို ချန်လှပ်၍ ဗုဒ္ဓ၏ ကမ္မဝါဒသည် သိပ္ပံပညာရှင်တို့၏ မျိုးရိုးဗီဇဝါဒနှင့် များစွာ နီးစပ်တူညီလှပေသည်။"[၁]

အထက်ပါ အမေရိကန် အသိပညာရှင်၏ အမြင်အားဖြင့် ကမ္မသတ္တိသည် ဗီဇသတ္တိကဲ့သို့ သတ္တဝါတစ်ဦးက အခြားသတ္တဝါတစ်ဦးထံမှ ဆက်ခံရရှိသော အရာမျိုး မဟုတ်ဘဲ သတ္တဝါတစ်ဦး မိမိ၏အတိတ်ဘဝမှ ရရှိသော သတ္တိဖြစ်၏။ သို့ရာတွင် လွန်ခဲ့သော အခန်း၌ ဘဝဟောင်းမှ သတ္တဝါနှင့် ဘဝသစ်မှ သတ္တဝါသည် လောကဝေါဟာရအားဖြင့် (ဝါ) သမုတိသစ္စာနယ်၌ပင် တသီးတခြား ပုဂ္ဂိုလ်သတ္တဝါများ ဖြစ်သည်ဟု မှတ်ယူရန် စဉ်းစားဖွယ်ရာ အကြောင်းအချက်များကို ဖော်ပြခဲ့ပေပြီ။

သို့ဖြစ်၍ ဗုဒ္ဓကျမ်းပြု အင်္ဂလိပ်ရဟန်းတော် **ဘိက္ခုသီလစာရ**က 'အနတ္တဝါဒကို သိမြင်နားလည်သောသူသည် တမလွန်ဘဝ၌ မိမိကောင်းစားရေးအတွက် ဘာပြုလုပ်ရမည်နည်းဟု မစဉ်းစားသင့်။ ငါသည် အခြားလူများ ကောင်းစားရေးအတွက် ဘာပြုလုပ်သင့်သနည်း။ ငါသည် အကြင်ကမ္မ၏ ယခုလက်ရှိ ရုပ်နာမ်ခန္ဓာဖြစ်၏။ ထိုကမ္မ၏ နောင်ဘဝ ရုပ်နာမ်ခန္ဓာအား ဆင်းရဲဒုက္ခ မဖြစ်စေခြင်းငှာ ငါမည်သို့ ပြုကျင့်အပ်သနည်းဟူ၍သာလျှင် စဉ်းစားသင့်သည်"ဟု ဆိုခဲ့၏။[၂] **ဒေါက်တာရိုင်းစ်ဒေးဗစ်**ကလည်း "ဗုဒ္ဓဝါဒီသည် တမလွန်ဘဝ၌ မိမိကိုယ်တိုင် ခံစားရမည့် ချမ်းသာသုခကို မမျှော်မှန်းနိုင်ချေ။ သူပြုသော ကောင်းမှုများ၏ အကျိုးတရား (ဝါ) ကမ္မဝိပါက်သည် သူသေသော အခါ ကျန်ရှိ၍ အခြားသတ္တဝါများ၏ စီးပွားချမ်းသာ တိုးတက်မှုကို အကျိုးပြုပေလိမ့်မည်"ဟု ရေးသားခဲ့၏။[၃]

အထက်ပါ ယူဆချက်ကို အတ္တစွဲမကင်းသော ပုဂ္ဂိုလ်တို့က ကြိုက်နှစ်သက်မည် မဟုတ်ချေ။ အင်္ဂလိပ် ဗုဒ္ဓကျမ်းပြုဆရာ **မစ္စတာအက်ဒ်မွန်ဟုမ္မစ်**က "လူတစ်ဦးသည် အခြားလူတစ်ဦး၏ ကမ္မအမွေကို ဆက်ခံ၍ ထိုအခြားလူပြုခဲ့သော အမှုများအတွက် ကောင်းကျိုးဆိုးပြစ်ကို ခံရမည်ဆိုသောစကားမှာ အဓိပ္ပာယ် ယုတ္တိကင်းမဲ့၍ ကျွန်ုပ်တို့နားလည်သော တရားမျှတမှု၏ အနက်အဓိပ္ပာယ်နှင့်လည်း ဆန့်ကျင်လှချေသည်"ဟု မှတ်ချက်ချ၏။[၄] **အက်ဒ်မွန်ဟုမ္မစ်**သည် အတ္တဝါဒီဖြစ်၍ **ဒေါက်တာရိုင်းစ်ဒေးဗစ်**၏ စကားကို လက်မခံနိုင်ခြင်းမှာ အံ့ဩစရာမရှိချေ။

သို့ဖြစ်စေကာမူ တမလွန်ဘဝကို အပထား၍ မျက်မှောက်ဘဝ၌ ပုဂ္ဂိုလ်သတ္တဝါတိုင်းသည် အခြားသူတစ်ပါးပြုသော အမှုများ၏ ကောင်းကျိုးဆိုးပြစ်ကို အနည်းအများ

၁။ H.C.Warren: Buddhism in Translations, pp. 210-11
၂။ Bhikkhu Silacara: Addresses and Papers on Buddhism, pp. 181
၃။ Dr. Rhys Davids: History and Literature of Buddhism, pp. 89
၄။ Edmond Holmes: The Creed of the Buddha, pp. 129

ခံယူနေကြရခြင်းမှာ ကျွန်ုပ်တို့အားလုံး မျက်မြင်အထင်အရှားဖြစ်၏။ သားသမီးတို့သည် မိဘတို့၏ ကောင်းမွေဆိုးမွေကို ခံယူကြရသည် မဟုတ်ပါလော။ သားသမီးဖြစ်သူ၏ လိမ္မာမှု၊ မိုက်မဲမှုသည် မိဘများအပေါ်သို့ အကျိုးသက်ရောက်သည် မဟုတ်ပါလော။ တစ်ခါတစ်ရံ လူတို့သည် ကုန်သည်ပွဲစား စီးပွားရေးသမားတို့၏ ဝိသမလောဘကြောင့် လူနေမှုအဆင့်အတန်း နိမ့်ကျနေသည် မဟုတ်ပါလော။

ဤနေရာ၌ **ဒေါက်တာရိုင်းစ်ဒေးဗစ်**၏ ရေးသားချက်သည် မှတ်သားဖွယ်ကောင်း၏။ "ကျွန်ုပ်တို့သည် တမလွန်ဘဝ၌ ကျွန်ုပ်တို့ကိုယ်တိုင် ချမ်းသာသုခ ခံစားရမည်ဟူသော ယုံကြည်ချက်ရှိမှ ကောင်းမှုပြုတော့မည်လော။ ကျွန်ုပ်တို့၏ အနစ်နာခံမှုနှင့် ကြိုးပမ်းမှုများသည် အခြားပုဂ္ဂိုလ်သတ္တဝါတို့အား ချမ်းသာသုခ ဖြစ်စေလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် နှစ်သိမ့်ကျေနပ်သင့်သည် မဟုတ်ပါလော။ ကျွန်ုပ်တို့သည် ခံစားခွင့်ရှိသည်ထက် များစွာ ပိုမိုအကျိုးခံစားနေကြရ၏။ ကျွန်ုပ်တို့ပေးနိုင်သည်ထက် အဆမတန် ပိုမိုရရှိနေကြ၏။ ရှည်လျားသော အတိတ်ကာလက အနစ်နာခံကာ ကြိုးပမ်းခဲ့ကြသော၊ မြောက်မြားလှစွာသော လူတို့၏ ကောင်းမှုအကျိုး (ကမ္မဝိပါက်)ကို ခံစားနေကြရ၏။ ထို့အပြင် ကျွန်ုပ်တို့သည် မျှော်၍မဆုံးသော အနာဂတ်ကာလ၌ ကြီးပွားတိုးတက်ဦးမည့် လူ့လောကကို တစ်ခါတစ်ရံ တစ်စွန်းတစ်စ စိတ်ကူးမှန်းဆနိုင်၏။ ဤအချက်သည်ပင် ကျွန်ုပ်တို့အား လေးနက်မှန်ကန်ပြီး ခိုင်မာတည်မြဲသော မျှော်လင့်မှု၊ ယုံကြည်မှုကို တစ်ကိုယ်ကောင်း အတ္တစိတ်ထက် ပိုမိုပေးစွမ်းနိုင်သည် မဟုတ်ပါလော။"[၁]

အခြားသူတစ်ပါးအပေါ်၌ ပုဂ္ဂိုလ်သတ္တဝါ တစ်ဦးပြုသော အမှု၏ အကျိုးသက်ရောက်မှု အတိုင်းအတာကို ကျွန်ုပ်တို့ ခန့်မှန်းတွက်ဆရန် မဖြစ်နိုင်ချေ။ အချို့သော အကျိုးသက်ရောက်မှုများသည် ကာယကံရှင်၏ မိသားစု၊ တိုင်းပြည်၊ နိုင်ငံ၊ ခေတ်ကာလ၌ မပြီးဆုံးဘဲ ကာလဒေသကို ကျော်လွန်၍ ထင်ရှားနေတတ်၏။ သိပ္ပံပညာရှင်၊ အတတ်ပညာရှင်တို့၏ လေ့လာစူးစမ်းမှု၊ တီထွင်ကြံဆမှုကို အကြောင်းပြု၍ ယနေ့များစွာသော ကမ္ဘာသူ ကမ္ဘာသားတို့သည် လူနေမှုအဆင့်အတန်း မြင့်မားလာကြ၏။ အတ္တမာန လွှမ်းမိုးနေသော ပုဂ္ဂိုလ်တို့၏ အာဏာရှင်စနစ် ကျင့်သုံးမှုကြောင့် များစွာသောလူတို့သည် လူ့အခွင့်အရေးများ ဆုံးရှုံး၍ နှစ်ပေါင်းများစွာ ဆင်းရဲဒုက္ခ ရောက်ခဲ့ကြရ၏။

လူသတ္တဝါသည် အတွင်းအပြင် (ဝါ) ဗီဇနှင့်ပတ်ဝန်းကျင် သင်္ခါရတရားတို့၏ ပြုပြင်စီရင်မှုဖြင့် ကြီးပွားရ၏။ ထိုအကြောင်းတရားနှစ်ပါးသည် အချင်းချင်း အမှီသဟဲပြုနေသော တရားများဖြစ်၍ အခြေအနေ တစ်ဖက်စောင်းနင်းဖြစ်နေပါက သတ္တဝါကြီးပွားရန် မမျှော်လင့်နိုင်ချေ။ အလွန် ချမ်းသာကြွယ်ဝသောသူသည် မိမိစီးပွား၊ ဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်ရန် သတိ၊ ပညာ၊ ဝီရိယစသော ဗီဇဓာတ်ခံအား အသင့်အတင့်ရှိရပေမည်။ ဘုရားသည်ပင် အမှီရှိမှပွင့်သည်ဆိုသော စကားရှိ၏။ ဗုဒ္ဓသည် လူတို့အား မိမိတို့ကိုယ်ကို မှီခိုအားထားရန် အလေးအနက် ဟောကြားခဲ့သည် မှန်သော်လည်း

၁။ **Dr. Rhys Davids: Hibbert Lectures on Buddhism, pp. 215**

အခြားတစ်ဖက်၌ မိတ်ဆွေကောင်းရှိရန် လိုအပ်ခြင်းနှင့် မိဘ၊ သားသမီး၊ ဆရာတပည့်၊ ဇနီးခင်ပွန်း စသည်တို့ပြုအပ်သော လူ့ကျင့်ဝတ်များ ဟောကြားခဲ့ခြင်းကို မမေ့သင့်ချေ။

ပုဂ္ဂိုလ်သတ္တဝါသည် ပတ်ဝန်းကျင်နှင့် လုံးဝကင်း၍ ထီးတည်းရပ်တည်ရန် မဖြစ်နိုင်ခြင်းသည် အနတ္တတရား၏ အဓိကသဘောလက္ခဏာဖြစ်၍ သူတစ်ပါးအား ပြုပြင်စီရင်ရာ၌ ပါဝင်ခြင်းနှင့် သူတစ်ပါး၏ ပြုပြင်စီရင်မှုကို ခံရခြင်းသည် ကမ္မဝါဒ၏ အနှစ်သဘော လက္ခဏာဖြစ်၏။ များစွာသော ဗုဒ္ဓဝါဒီတို့သည် တရားမျှတမှုနှင့် ကောင်းကျိုးဆိုးပြစ် ခံစားမှုကို အတ္တစွဲဖြင့် ရှုမြင်ကြသောကြောင့် ကမ္မဝါဒအပေါ် အမြင်မှန် မရရှိခဲ့ကြချေ။ အိန္ဒိယပညာရှင်တစ်ဦး၏ အဆိုအားဖြင့် "လူသတ္တဝါတစ်ဦး၏ ဘဝသည် အခြားသူတစ်ပါးတို့၏ ဘဝနှင့်ဆက်စပ်လျက်ရှိ၏။ အမှုတစ်ခု၏ ဖြစ်ပွားခြင်း အကြောင်းတရား၊ ယင်းအမှုအတွက် တာဝန်ရှိမှုနှင့် အကျိုးသက်ရောက်မှုသည် လူတစ်ဦး တစ်ယောက်တည်းနှင့်သာ သက်ဆိုင်သည်မဟုတ်။ ကျွန်ုပ်တို့သည် အခြားလူများ၏ ကောင်းမွေဆိုးမွေကို ရရှိ၍ ကျွန်ုပ်တို့ပြုကျင့်သော အမှုများ၏ အကျိုးတရားများသည် အခြားလူအများအဖို့ ကျွန်ုပ်တို့၏ ကောင်းမွေဆိုးမွေများ ဖြစ်၏။"[၁]

အခြားပညာရှင်တစ်ဦးကမူ "သတ္တလောကကြီး တစ်ခုလုံး၏ အစိတ်အပိုင်းအဖြစ် ဖြင့် လူသတ္တဝါတို့ ဆက်စပ်နေသော အခြင်းအရာကို မသိမြင်ပါက ကမ္မဝါဒ၏ နက်နဲကျယ်ပြန့်သော အနက်အဓိပ္ပာယ်ကို သိမြင်နားလည်နိုင်မည် မဟုတ်"ဟု ဆို၏။[၂] **ဒေါက်တာရိုင်းစ်ဒေးဗစ်ကမူ** ကမ္မဝါဒနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရေးသားခဲ့၏။

"ကမ္မဝါဒ၏ အခြေခံသဘောတရားသည် အလွန် လေးနက်မှန်ကန်ကြောင်း ကျွန်ုပ်တို့ ဝန်ခံရပေမည်။ လူသတ္တဝါတစ်ဦး၏ ဘဝဖြစ်စဉ်သည် မွေးဖွားသောအချိန်မှ အစပြုသည်မဟုတ်။ သူသည် ပတ်ဝန်းကျင် လောကနှင့်ကင်း၍ ဘယ်အခါမျှ ထီးတည်း မရပ်တည်နိုင်ချေ။ လူကိုမဆိုထားဘိ အလွန်သေးငယ်သော ဆီးနှင်းပေါက်ကလေး သည်ပင် လောကဓာတ် စကြဝဠာ၏ ပြုပြင်မှုကိုခံရ၏။ ယင်းသည် ဝက်သစ်ချပင်မဟုတ်ဘဲ ဆီးနှင်းပေါက်ဖြစ်နေခြင်း၊ အခြားဆီးနှင်းပေါက်များနှင့် မတူခြင်းမှာ အနမတဂ္ဂ သံသရာ၌ ဖြစ်ပျက်ခဲ့သော ကမ္မအမှုများကြောင့် ဖြစ်၏။ ယင်း၏ ဘဝဖြစ်စဉ်အစကို ကျွန်ုပ်တို့ သတ်မှတ်ရန် မဖြစ်နိုင်ချေ။"[၃]

* * *

---

၁။ P.D. Mehta: Early Indian Religious Thought, pp. 394

၂။ Narasu: Essence of Buddhism, pp. 231 & 238

၃။ Dr. Rhys Davids: The History and Literature of Buddhism, pp. 88-9

# အခန်း (၁၁)
# အကျင့်သီလ

ဗုဒ္ဓဟောသော အကျင့်သီလသည်
"မလုပ် မရှုပ်၊ အကျိုး မယုတ်"ဆိုသော
အကျင့်သီလမျိုး မဟုတ်။
ပြသင့်သော ကာယကံမှု၊ ဝစီကံမှုများကို ပြုခြင်းဖြင့်
ရှင်သန်တက်ကြွနေသော သီလဖြစ်၏။

ရန်အောင်စာပေ

# အခန်း (၁၁)

# အကျင့်သီလ

ဗုဒ္ဓဝါဒနှင့် အခြားရှေးအိန္ဒိယဘာသာဝါဒများ၏ ကွာဟချက် များစွာရှိသည့်အနက် ထူးခြားသောအချက် တစ်ရပ်သည်ကား ဗုဒ္ဓဝါဒသည် အကျင့်သီလကို ထိုဘာသာဝါဒများထက် အထူး ပိုမိုလေးနက်စွာ ထုတ်ဖော်ညွှန်ပြခြင်း ဖြစ်၏။ ဗုဒ္ဓဝါဒ၌ အကျင့်သီလသည် အခြား အိန္ဒိယအယူဝါဒများမှာထက် ပိုမိုကျယ်ပြန့်နက်ရှိုင်း၏။ ဗြာဟ္မဏ၊ ဥပနိသျှစသော ရှေးဘာသာကျမ်းများသည် ပါဠိပိဋကတ်စာပေကဲ့သို့ ကိုယ်ကျင့်တရားအကြောင်းကို အလေးထား၍ စုံစုံလင်လင် လေးလေးနက်နက် ဖော်ပြခြင်း မရှိချေ။

ဥပနိသျှကျမ်းများ၌ ကိုယ်ကျင့်တရားအကြောင်းကို အနည်းငယ်မျှသာ ဖော်ပြခြင်းသည် သီလစင်ကြယ်မှုမှာ အမှန်တရားကို သိမြင်မှုလောက် အရေးမကြီးဟု ဥပနိသျှဆရာတို့ ယူဆသောကြောင့် ဖြစ်၏။ ထိုဆရာတို့၏ အလိုအားဖြင့် အတ္တသည် နဂိုမူလက သန့်ရှင်းဖြူစင်ပြီး ထာဝရတည်တံ့ခိုင်မြဲရကား အကျင့်သီလဖြင့် ပြုပြင်ရန်မလိုချေ။ လူသားသည် မိမိ၏ မူလဇာတိ အဖြစ်အမှန်ကို ပညာဉာဏ်ဖြင့် ထိုးထွင်းသိမြင်ပါက သံသရာဝင်္ဋဆင်းရဲမှ လွတ်မြောက်မည်ဖြစ်၏။ ဗုဒ္ဓသည် ထိုအယူကို လက်မခံဘဲ လူသတ္တဝါသည် မိမိစိတ် သန့်ရှင်းဖြူစင်မှုကို ရှေးရှု၍ အကျင့်သီလစင်ကြယ်စေရန် ကျင့်ကြံအားထုတ်ရမည်ဟု ဟော၏။ ထို့ကြောင့် သီလတရားသည် ဗုဒ္ဓလမ်းစဉ်၏ အခြေခံ အုတ်မြစ်တစ်ခုဖြစ်၏။

သို့ဖြစ်စေကာမူ သီလစင်ကြယ်မှုသည် ဗုဒ္ဓဝါဒ၏ ပဓာနပန်းတိုင်မဟုတ်ချေ။ အချို့သော အနောက်တိုင်းသားတို့သည် ဗုဒ္ဓဝါဒမှာ ထာဝရဘုရား၊ အတ္တဝိညာဉ် စသည်တို့ကို ပယ်သောကြောင့် ကိုယ်ကျင့်အဘိဓမ္မာ သက်သက်ဖြစ်သည်ဟု ယူဆကြ

၏။ များစွာသော မြန်မာ ဗုဒ္ဓဝါဒီတို့သည်လည်း ကိုယ်ကျင့်တရား ကောင်းဖို့သာလျှင် အရေးကြီးသည်၊ ကိုယ်ကျင့်တရားကောင်းလျှင် မိမိတို့၏ ဘာသာရေးလုပ်ငန်း ပြီးဆုံးသည်ဟု ခံယူကြ၏။ ဤခံယူချက်သည် ဗုဒ္ဓဒေသနာများနှင့် မကိုက်ညီချေ။

ကောသလမင်းသည် သာဝတ္ထိမြို့မှ သာကေတမြို့သို့သွားရာ၌ ရထားခုနစ်စီးကို အဆင့်ဆင့် စီးသွားရသကဲ့သို့ ဗုဒ္ဓဝါဒီသည် ဝိသုဒ္ဓိတရား ခုနစ်ပါးနှင့် ပြည့်စုံစေရန် အဆင့်ဆင့် ကျင့်ကြံအားထုတ်ရမည် ဖြစ်ပေရာ သီလစင်ကြယ်မှုသည် စိတ်စင်ကြယ်မှု အတွက် အထောက်အကူမျှသာ ဖြစ်၏ (မဇ္ဈိမနိကာယ်၊ ရထဝိနီတသုတ်)။ မြစ်ကို ဖောင်ဖြင့် ဖြတ်ကူးသွားသောသူသည် တစ်ဖက်ကမ်းသို့ရောက်သောအခါ ဖောင်ကိုစွန့်ပစ်၍ သွားသကဲ့သို့ ဗုဒ္ဓဝါဒီသည် သီလ၊ သမထ၊ ဝိပဿနာ စသည်တို့၌လည်း ဆန္ဒရာဂကို ပယ်စွန့်အပ်၏။ (မဇ္ဈိမနိကာယ်၊ အလဂဒ္ဒူပမသုတ်)

"ရဟန်းတို့၊ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကို ပြောခဲ့လျှင် အနည်းငယ်မျှသာ ဖြစ်သော၊ နိမ့်ကျသော သီလမျှကိုသာ ပြောနိုင်ရာ၏။ သီလမှတစ်ပါးသာလျှင် ဖြစ်သော၊ နက်နဲကုန်သော၊ သိမြင်နိုင်ခဲကုန်သော၊ မွန်မြတ်ကုန်သော၊ ကြံစည်ခြင်းဖြင့် မရောက်နိုင်ကုန်သော၊ သိမ်မွေ့ကုန်သော၊ ပညာရှိတို့သာ သိနိုင်ကုန်သော တရားတို့သည် ရှိကုန်သေး၏။ ဘုရား၏ ဟုတ်မှန်သောဂုဏ်ကို မှန်စွာပြောလိုလျှင် ထိုတရားတို့ဖြင့် ပြောကြရာ၏။" (ဒီဃနိကာယ်၊ ဗြဟ္မဇာလသုတ်)

ဤသို့ သီလတရားသည် ဗုဒ္ဓလမ်းစဉ်၌ အချုပ်အခြာ ပဓာနတရား မဟုတ်သော်လည်း ယင်း၏ အရေးပါမှုကို လျှော့ပေါ့တွက်ဆ၍ မရအပ်ချေ။ ခိုးသားဓားပြကြီး ဖြစ်နေရာမှ ဗုဒ္ဓနှင့်တွေ့၍ အကျွတ်တရားရသွားသော အင်္ဂုလိမာလနှင့် မိဘ၏ ပစ္စည်းဥစ္စာကို သုံးဖြုန်း၍ ခပ်ပေါ့ပေါ့နေလာရာမှ မကျန်းမမာဖြစ်၍ သူတော်သူမြတ်ဖြစ်သွားသော ဥရောပခရစ်ယာန် သာသနာသမိုင်းမှာ စိန့်ဖရန်ဆစ်တို့လို ပုဂ္ဂိုလ်မျိုးကား လောက၌ အလွန်ရှား၏။ ဗုဒ္ဓလမ်းစဉ်၌ ပုထုဇဉ်သတ္တဝါသည် သီလတရား အားမထုတ်ရသေးဘဲ သမာဓိပညာစခန်းကို မမျှော်မှန်းနိုင်ချေ။ "ရဟန်းတို့၊ မဟာသမုဒ္ဒရာသည် အစဉ်အတိုင်း နိမ့်ရှိုင်း၏။ အစ၌ ကမ်းပါးပြတ်ကြီးဖြစ်၍ ချောက်နက်သည်မဖြစ်။ ထို့အတူ ဤသာသနာတော်၌ တစ်စတစ်စ အစဉ်အတိုင်းကျင့်သော သိက္ခာသုံးပါး၊ ဝိသုဒ္ဓိခုနစ်ပါး၊ ဗောဓိပက္ခိယတရားများ ရှိ၏။ အစဦးစွာကသာလျှင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိခြင်းသည် မဖြစ်။" (အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ မဟာရာဒသုတ်)

ဗုဒ္ဓဟောသော သီလတရားကို မှန်မှန်ကန်ကန် ကောင်းစွာ သိရှိနားလည်ရန် ငါးပါးသီလ၊ ဒုစရိုက်ဆယ်ပါးစသည်တို့ကို သိရှိရုံနှင့်မပြီးဘဲ သုတ္တန်ပိဋကတ်စာပေကို နံ့နံ့စပ်စပ် လေ့လာရပေမည်။ အမှန်ဆိုသော် ဗုဒ္ဓကိုယ်ကျင့်တရား၏ အခြေခံဖြစ်သော ငါးပါးသီလကိုပင် ဗုဒ္ဓဒေသနာများ နောက်ခံထား၍ ဆင်ခြင်သုံးသပ်ရန် လိုအပ်၏။

ငါးပါးသီလ၏ ပဌမနှင့်ဒုတိယ သိက္ခာပုဒ်များအကြောင်းကို အထူးရေးသားရန်

မရှိ။ တတိယ သိက္ခာပုဒ်ကို သူတစ်ပါး၏ မယားအား မပြစ်မှားမှုဟူ၍ မြန်မာဗုဒ္ဓဝါဒီတို့ အစဉ်အလာ ခံယူထားခြင်းသည် ကာမအရာ၌ မှားယွင်းသောပြုကျင့်မှုကို ရှောင်ကြဉ်ခြင်းဟု တိုက်ရိုက်ပြန်ဆိုရမည်ဖြစ်သော သိက္ခာပုဒ်အတွက် အဓိပ္ပာယ် အလွန်ကျဉ်းမြောင်း၏။ ယခုခေတ်၌ မှားယွင်းသော ကာမမှုများသည် အမျိုးအစား ထူးထွေများပြားလှ၏။ "အကြင်သူသည် ကာမဂုဏ်တို့၌ မှားသောအားဖြင့် လိုက်စားကျူးလွန်၏။ မိဘအစ်ကို မောင်နှမ ဆွေမျိုးသားချင်းတို့ စောင့်ရှောက်အပ်သော မိန်းမတို့၌ ကျူးလွန်၏။ ထိုသူအား အကုသိုလ်တရားတို့သည် တိုးပွား၏။" (မဇ္ဈိမနိကာယ်၊ သေဝိတဗ္ဗာ သေဝိတဗ္ဗသုတ်)

မုသားပြောဆိုမှုကို ရှောင်ကြဉ်ခြင်းသည် စတုတ္ထသိက္ခာပုဒ်ဖြစ်သော်လည်း အလွန်အရေးကြီး၏။ "ရာဟုလာ၊ မုသားဆိုခြင်း၌ အရှက်မရှိသော ရဟန်းအား တစ်စုံတစ်ခုသော မပြုသေးသော မကောင်းမှုသည် မရှိပြီ" (မဇ္ဈိမနိကာယ်၊ စူဠရာဟုလောဝါဒသုတ်)။ ဗုဒ္ဓဝါဒသည် သစ္စာလေးပါးအပေါ်၌ အခြေပြုသော ဝါဒဖြစ်သောကြောင့် အမှန်တရားကို မလေးစားသော ပုဂ္ဂိုလ်သည် ဗုဒ္ဓလမ်းစဉ်ကို အစအဆုံး လိုက်နာကျင့်သုံးရန် မဖြစ်နိုင်ချေ။

ငါးပါးသီလ၏ နောက်ဆုံးသိက္ခာပုဒ်ဖြစ်သော အရက်သေစာ ရှောင်ကြဉ်မှုကို ဒုစရိုက်ဆယ်ပါး၌ ထည့်သွင်းမထားချေ။ အကျင့်သီလနှင့်စပ်၍ ဗုဒ္ဓဟောကြားသော ဒေသနာများ ဉပမာ မဇ္ဈိမနိကာယ် ပေါလိယသုတ်၊ သာလေယျကသုတ်၊ သလ္လေခသုတ်စသည်တို့၌လည်း ဖော်ပြထားခြင်း မရှိချေ။ သို့ဖြစ်၍ ဗုဒ္ဓ၏အမြင်အားဖြင့် အရက်သောက်ခြင်းသည် အခြားဒုစရိုက်မှုများလောက် အပြစ်မရှိဟု ယူဆဖွယ်ရှိ၏။ အချို့လူများ အရက်သေစာ သောက်စား၍ ဒုစရိုက်ပြစ်မှု ကျူးလွန်ကြသည် မှန်၏။ သို့ရာတွင် သတိလက်မလွတ်စေဘဲ အသင့်အတင့်သောက်သောသူသည် အရက်ကြောင့် အကျင့်စာရိတ္တ မပျက်စီးနိုင်ချေ။ ငါးပါးသီလ၌ အရက်သောက်စားမှုကို တားမြစ်ထားခြင်းမှာ ဗုဒ္ဓ အလေးအနက်ဟောသော အပ္ပမာဒ (မမေ့လျော့မှု)ကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်၏။ အမှန်ဆိုသော် သတိလက်လွတ်ဖြစ်စေ၍ ကုသိုလ်တရား ပွားများအားထုတ်ရာ၌ အန္တရာယ်ဖြစ်လောက်အောင် တစ်စုံတစ်ခုကို အလွန်အကျွံ စွဲလမ်းမှီဝဲမှုသည် ဗုဒ္ဓလမ်းစဉ်နှင့် ဆန့်ကျင်၏။ အရက် လုံးဝမသောက်သော်လည်း ဆေးလိပ်၊ ကာဖီ၊ လက်ဖက်ရည်၊ ရုပ်ရှင်ဂီတ စသည်တို့ကို အလွန်အမင်း ခုံမင်စွဲလမ်းနေသောသူသည် ဗုဒ္ဓလမ်းစဉ်ကို ထိထိရောက်ရောက် ကျင့်ကြံအားထုတ်နိုင်မည် မဟုတ်ချေ။

အကျင့်သီလနှင့် ပတ်သက်သော သုတ္တန်ဒေသနာများ၌ အရက်သောက်ခြင်းအစား အခြားဒုစရိုက်မှုများကို ပြဆိုထား၏။ ထိုဒုစရိုက်မှုများသည် အများအားဖြင့် ဝစီကံ ဒုစရိုက်မှုများ ဖြစ်၏။ စင်စစ် ဗုဒ္ဓဟောကြားသော လူတို့ရှောင်ကြဉ်ရမည့် မကောင်းမှုများတွင် ဝစီကံမကောင်းမှုများသည် အများဆုံးဖြစ်၏။

ဥပမာ "ငြင်းခုံခြင်းတည်းဟူသော တရားကို မပယ်သောသူသည် နိဗ္ဗာန်ကို မျက်မှောက်မပြုရာချေ" (မဇ္ဈိမနိကာယ်၊ ကိတ္တိသုတ်)။ "ရန်ငြိုးကြမ်းတမ်း၍ သူတစ်ပါးအား ထိပါးစောင်းချိတ်သောစကား၊ အချိန်ကာလနှင့် မသင့်လျော်သောစကား၊ ပိန်ဖျင်း၍ အနှစ်သာရ ကင်းမဲ့သောစကား၊ အကျိုးစီးပွားနှင့် မစပ်သောစကား၊ တရားနှင့်မလျော်သော စကား၊ အဆုံးအမနှင့် မစပ်သောစကား၊ အကြောင်းနိဒါန်း အဆုံးအပိုင်းအခြား မရှိသောစကား၊ ဤသို့သဘောရှိသော စကားမျိုးကို ပြောဆိုသောသူအား အကုသိုလ်တရားတို့သည် တိုးပွား၏" (မဇ္ဈိမနိကာယ်၊ သေဝိတဗ္ဗာ သေဝိတဗ္ဗသုတ်)။ "သူတော်ကောင်းသည် ချောပစ်ကုန်းတိုက်သော စကားပြောဆိုမှုကို ရှောင်ကြဉ်၏။ လူတို့အား စိတ်ဝမ်းကွဲပြားစေခြင်းငှာ ပြောကြားလေ့မရှိ" (အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ ကမ္မပထသုတ်)။ "လျှို့ဝှက်အပ်သော စကား၊ သူတစ်ပါးမနှစ်လိုမည့်စကား၊ မသင့်လျော်သောစကားများကို မှန်သည်ဆိုစေ အကျိုးစီးပွားနှင့် မစပ်လျှင် လူများ မပြောကြားအပ်။ အကျိုးရှိမည့် စကားဖြစ်လျှင်လည်း အချိန်အခါကို ကြည့်၍ ပြောရာ၏။" (မဇ္ဈိမနိကာယ်၊ အဘယရာဇကုမာရသုတ်)

ဝစီဒုစရိုက်မှုများကို ရှောင်ကြဉ်ရန် ဗုဒ္ဓက အထူးအလေးအနက် ဟောတော်မူခြင်းမှာ ပုထုဇဉ် လူသတ္တဝါတို့သည် မကောင်းမှုပြုရာ၌ ကံသုံးပါးရှိသည့်အနက် ဝစီကံဖြင့် ပိုမိုပြုလုပ်လေ့ ရှိသောကြောင့်ဖြစ်၏။ လူတို့သည် မိမိတို့ မလိုမုန်းထားသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို စိတ်ထဲမှ ပြစ်မှားနေကာမျှဖြင့် အားရကျေနပ်ခြင်း မရှိချေ။ သူပျက်စီးစေရန် ကာယကံမြောက် ကျင့်ကြံအားထုတ်ရန်မှာလည်း တရားဥပဒေနှင့် အခြား အကြောင်းအမျိုးမျိုးကြောင့် လွယ်ကူသော ကိစ္စမဟုတ်ချေ။ ထိုကြောင့် လူတို့ တစ်ဦးကိုတစ်ဦး မလိုမုန်းထားမှု၊ မနာလိုမှု၊ ပျက်စီးစေလိုမှုစသော စိတ်ယုတ်စိတ်ညံ့များသည် ဝစီဒုစရိုက်မှုများ၌ ထွက်ပေါက်ရာစမြဲ ဖြစ်၏။ သူတစ်ပါးကို ကွယ်ရာ၌ မတရားစွပ်စွဲခြင်း၊ ပြစ်တင်ရှုတ်ချခြင်း စသည်တို့မှာ ငွေကုန်ကျခြင်းမရှိဘဲ၊ တရားဥပဒေကိုလည်း မကြောက်ရဘဲ လွတ်လွတ်ကျွတ်ကျွတ် ပြုလုပ်နိုင်သောအမှုများဖြစ်၍ လောက၌ ထိုဝစီဒုစရိုက်မှုမျိုးနှင့် လုံးဝကင်းသော ပုဂ္ဂိုလ်များရှား၏။ သို့ဖြင့် ဝစီဒုစရိုက်မှုများသည် လူတို့ စိတ်ဝမ်းကွဲပြားမှု၊ မသင့်မတင့်ဖြစ်မှုနှင့် အမုန်းတရားပွားများမှုကို အားပေးသောကြောင့် ဗုဒ္ဓက ယင်းတို့ကို ရှောင်ကြဉ်ရန် အထူးသတိပေး ဟောတော်မူခြင်း ဖြစ်၏။

ငါးပါးသီလသည် ခရစ်ယာန်ကျမ်းစာ၌ ပါရှိသော ပညတ်တော်ဆယ်ပါးနှင့် နိုင်ငံအစိုးရတို့၏ တရားဥပဒေများကဲ့သို့ပင် လောကပါလ တရားအဖြစ်ဖြင့် ဟောကြားထားသော ရှောင်ကြဉ်မှု (ဝါရိတ္တ) သီလဖြစ်၏။ ဗုဒ္ဓ၏ အလိုအားဖြင့် အကျင့်သီလသည် မကောင်းမှုကို ရှောင်ကြဉ်ရုံနှင့်မပြီးဘဲ ကောင်းမှုကိုလည်းပြုမှ ပြီးပြည့်စုံမည်ဖြစ်၏။ မကောင်းမှုကို ရှောင်ကြဉ်ခြင်း၊ ကောင်းမှုကိုပြုခြင်း၊ မိမိစိတ်ကို စင်ကြယ်စေခြင်းသည်

ဗုဒ္ဓ၏ အဆုံးအမဖြစ်သည်ဆိုသော ဓမ္မပဒပါဠိတော်လာ စကားဖြင့်လည်းကောင်း မဖြစ်သေးသော ကုသိုလ်တရားကို ဖြစ်အောင်အားထုတ်မှု၊ ဖြစ်ပြီးသော ကုသိုလ်တရားကို တိုးပွားအောင် အားထုတ်မှုတည်း ဟူသော သမ္မပ္ပဓာန်တရားနှစ်ပါးဖြင့်လည်းကောင်း ဗုဒ္ဓဝါဒသည် ပြုကျင့်မှု (စာရိတ္တ) သီလကို အလေးထားကြောင်း ထင်ရှား၏။

"မြတ်သောမင်းကြီး၊ မြတ်စွာဘုရားသည် အလုံးစုံသော အကုသိုလ်တရားတို့၏ ပယ်ခြင်းကိုလည်းကောင်း၊ ကုသိုလ်တရားနှင့် ပြည့်စုံခြင်းကိုလည်းကောင်း ချီးမွမ်းတော်မူ၏" (မဇ္ဈိမနိကာယ်၊ ဗာဟိတိကသုတ်)။ "ရဟန်းတို့၊ ငါဘုရားသည် ကုသိုလ်တရားတို့၌ တည်တံ့၍နေခြင်းကို ချီးမွမ်းတော်မမူ။" (အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ ဌိတိသုတ်)

မကောင်းမှုအားလုံးကို ရှောင်ကြဉ်လျှင် သီလတရား အားထုတ်မှု ပြီးဆုံးသည်ဟု စွဲမှတ်ထားသော ဗုဒ္ဓဝါဒီတို့သည် အောက်ပါလေးနက်သော ဗုဒ္ဓဒေသနာတစ်ခုကို ဆင်ခြင်သုံးသပ်သင့်၏။

ဗုဒ္ဓသည် ဉတ္တရလုလင်အား ပါရာသိဝိယပုဏ္ဏားသည် တပည့်တို့အား ဣန္ဒြေတိုးပွားခြင်းကို အဘယ်သို့ ဟောပါသနည်းဟုမေး၏။ "အရှင်ဂေါတမ၊ ပါရာသိဝိယပုဏ္ဏားသည် လောက၌ မျက်စိဖြင့် ရူပါရုံကို မရှုအပ်၊ နားဖြင့်သဒ္ဒါရုံကို မကြားအပ်ဟု တပည့်တို့အား ဟောကြားပါသည်"ဟု လျှောက်သော် ဗုဒ္ဓက "အိုဉတ္တရလုလင်၊ သူကန်းသည် မျက်စိဖြင့် ရူပါရုံကိုမမြင်၊ နားပင်းသောသူသည် နားဖြင့် သဒ္ဒါရုံကို မကြားသောကြောင့် ထိုသူတို့သည် ပွားအပ်ပြီးသောဣန္ဒြေ ရှိရတော့မည်လော"ဟု မိန့်ကြား၏။ (မဇ္ဈိမနိကာယ်၊ ဣန္ဒြိယဘာဝနာသုတ်)

ပဉ္စကင်္ဂ လက်သမားဆရာက သူတော်ကောင်းမည်သည် မကောင်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများနှင့် မကောင်းသော အသက်မွေးမှုကို ရှောင်ကြဉ်သောသူဖြစ်ကြောင်း ပရိဗိုဇ်တစ်ဦးက ဟောကြားပါသည်ဟု ဗုဒ္ဓအား လျှောက်၏။ ထိုအခါ ဗုဒ္ဓက "ထိုသို့တပြီးကား ဘာမျှမပြောတတ်၊ မလုပ်တတ်၊ မကြံစည်တတ်သေးသော၊ ပက်လက်အိပ်နေသော နို့စို့ကလေးသည် ကုသိုလ်တရားများစွာ ပွားများနေသည်ဟု ဆိုရတော့မည်လော။ ငါသည်ကား ထိုကဲ့သို့ နို့စို့ကလေးနှင့်တူ၍ မကောင်းမှုမကင်းသောသူအား မြတ်သော၊ ပြည့်စုံသော ကုသိုလ်တရား ကင်းမဲ့သောသူဟူ၍ ပညတ်၏။ အိုလက်သမားကြီး အကုသိုလ်ကိုလည်းကောင်း၊ ကုသိုလ်ကိုလည်းကောင်း သိအပ်၏။ အကုသိုလ်သီလသည် ဒေါသ၊ မောဟ၊ ရာဂကြောင့် ဖြစ်၏။ ကုသိုလ်သီလအားဖြင့် အကြွင်း မဲ့ချုပ်၏။ မဖြစ်ပေါ်သေးသော ကုသိုလ်တရားကို ဖြစ်ပေါ်စေ၍ ဖြစ်ပေါ်ပြီး ကုသိုလ်တရားကို တည်စေခြင်းငှာလည်းကောင်း ပြန့်ပြောပွားများစေခြင်းငှာလည်းကောင်း ဆန္ဒကိုဖြစ်စေအပ်၏။ ကြိုးစားအားထုတ်အပ်၏။ စိတ်ကို ချီးမြှောက်၍ ဆောက်တည်အပ်၏"ဟု မိန့်တော်မူလေသည်။ (မဇ္ဈိမနိကာယ်၊ သမဏမဏ္ဍိကာသုတ်)

အကျင့်သီလမည်သည် လူသတ္တဝါအချင်းချင်း ပေါင်းသင်းဆက်ဆံကြရာမှ

ပေါ်ထွက်လာသော တရားဖြစ်၏။ ဘဝအခြေအနေအရ ပတ်ဝန်းကျင်၊ လူ့လောကနှင့် အပြန်အလှန် နီးနီးကပ်ကပ် ဆက်ဆံမှုမရှိသော နို့စို့ကလေးနှင့် သူကန်း၊ သူအ တို့တွင် အဘယ်မှာ အကျင့်သီလ ပြဿနာ ရှိနိုင်ပါမည်နည်း။ ထိုနည်းအတူ လူသူကင်းဝေးသော တောထဲ၌ တစ်ကိုယ်တည်းနေသော ပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ လူတို့မြို့ရွာ၌ နေသော်လည်း သားမယား ဆွေမျိုးသားချင်းမရှိ၊ အသိမိတ်ဆွေ အပေါင်းအသင်းလည်း အလွန်နည်းပါးသော ပုဂ္ဂိုလ်အချို့သော်လည်းကောင်း ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ အကောင်းအဆိုး ဆုံးဖြတ်ရန် မဖြစ်နိုင်ချေ။

မြန်မာ ဗုဒ္ဓဝါဒီတို့သည် လူသူ အရောက်အပေါက်နည်းသော နေရာဒေသ၌ ကေစာရီကျင့်သော ရသေ့ရဟန်းတို့ကို သီလသမာဓိနှင့် ပြည့်စုံသော သူတော်သူမြတ်များဖြစ်သည်ဟု ယုံကြည်၍ အလွန်ကြည်ညိုလေ့ရှိကြ၏။ ဤသို့ မစူးစမ်းဘဲ ကြည်ညိုကြခြင်းသည် ဗုဒ္ဓ၏ အမြင်အားဖြင့် အသိပညာကင်းမဲ့သော ကြည်ညိုမှုမျိုးဖြစ်၏။ ဗုဒ္ဓ၏ အလိုအားဖြင့် ရဟန္တာပုဂ္ဂိုလ်ဆိုသူ၏ အကျင့်သီလ အဆင့်အတန်းကို စုံစမ်းလေ့လာလိုသောသူသည် မိမိကိုယ်နှိုက်က အသိပညာရှိသောသူဖြစ်၍ ထိုပုဂ္ဂိုလ်နှင့် ကာလရှည်ကြာစွာ ပေါင်းဖော် ပြီး စုံစမ်းလေ့လာရမည်ဖြစ်၏။ ဤသည်မှာ ရဟန္တာစစ်တမ်းနှင့် စပ်လျဉ်း၍ ဒေသနာတစ်ခု၌ပါရှိသော ဗုဒ္ဓ၏ ညွှန်ကြားချက်တစ်ခုဖြစ်၏။ အထူးမှတ်သားဖွယ်ကောင်းသော ထိုဗုဒ္ဓဒေသနာကို နိဗ္ဗာန်နှင့် ရဟန္တာအခန်း၌ အကျယ်ဖော်ပြပါအံ့။

ထို့ကြောင့် ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ အကျင့်သီလကို အမှန်အတိုင်း သိရှိလိုပါက ပတ်ဝန်းကျင်လူများနှင့် ဆက်ဆံပြုမှုပုံကို စူးစမ်းလေ့လာရပေမည်။ သို့ရာတွင် ကျန်းမာခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ တန်ခိုးအရှိန်အဝါရှိခြင်း စသည်တို့ဖြင့် ဘဝပြည့်စုံဖူလုံနေသော ပုဂ္ဂိုလ်ဖြစ်ပါက ဘဝအခြေအနေအရ လောဘ၊ ဒေါသစသော အကုသိုလ်စိတ်များ ငြိမ်ဝပ်နေခြင်းဖြစ်၍ သီလစင်ကြယ်မှုသည် မှုမမှန်ဘဲ အတုအယောင်ဖြစ်နေတတ်၏။ စစ်မှန်သော အကျင့်သီလ မြင့်မားမှုသည် ဆင်းရဲဒုက္ခအမျိုးမျိုး ကြုံတွေ့၍ ဘဝခရီးလမ်း ကြမ်းတမ်းခက်ခဲသော အခါ၌သာလျှင် သိသာထင်ရှား၏။ သို့ဖြစ်၍ ဗုဒ္ဓသည် အလိုဆန္ဒပြည့်ဝ၍ ဘဝခရီး သာယာဖြောင့်ဖြူးသောကြောင့် အကျင့်သီလ စင်ကြယ်မှုကို ချီးမွမ်းတော်မမူချေ။

"ရဟန်းတို့၊ ရှေးအခါက ဝေဒေဟီမည်သော သူကြွယ်မ၌ ကာဠီမည်သော ကျွန်မရှိ၏။ ဝေဒေဟီသူကြွယ်မသည် တရားပြည့်ဝသည်၊ သည်းခံတတ်သည်ဟု သတင်းပျံ့နှံ့၏။ ကာဠီကျွန်မသည်၊ ငါ၏သခင်မသည် တကယ်ပင်သဘောကောင်းလေသလော။ ငါက အလုပ်ဝတ္တရား ကျေပွန်စွာ ဆောင်ရွက်သောကြောင့် သဘောကောင်းခြင်း ဖြစ်လေသလောဟု သိလိုရကား စုံစမ်းရန် တစ်နေ့တွင် နေမြင့်မှ အိပ်ရာကထ၏။ ထိုအခါ သူကြွယ်မသည် မျက်မှောင်ကြုတ်၍ကြည့်၏။ နောက်တစ်နေ့၌ အိပ်ရာထ

နောက်ကျသော် ကျွန်မကို ဆဲရေး၏။ တတိယနေ့၌မူ ရိုက်ပုတ်၏။ ထိုအခါမှ လူတို့သည် သူကြွယ်မ၏ သီလမရှိသောအဖြစ်ကို သိကြကုန်၏။ ရဟန်းတို့၊ သူတစ်ပါးက ကြမ်းတမ်းစွာ ပုတ်ခတ်ပြောဆိုပါလျက် တုန်လှုပ်ခြင်းမရှိသော သူကိုသာလျှင် စိတ်နှိမ့်ချ၍ သည်းခံသောဟူ၍ သိအပ်၏။ ပစ္စည်းလေးပါး ပြည့်စုံသောကြောင့် ဆိုဆုံးမလွယ်သော ရဟန်းကို ဆိုဆုံးမလွယ်သော ရဟန်းဟု ငါဟောတော်မမူ။ အကြောင်းမူ ထိုရဟန်းသည် ပစ္စည်းလေးပါးမရခဲ့သော် ဆိုဆုံးမလွယ်မည် မဟုတ်။" (မဇ္ဈိမနိကာယ်၊ ကကစူပမသုတ်)

ဤဒေသနာမှာ မိမိတို့၏ အကျင့်သီလ ထိခိုက်မည်စိုးသဖြင့် လောကီလူမှုကိစ္စများကို တတ်နိုင်သမျှ မျက်နှာလွှဲဖယ်ထားလိုသော ဗုဒ္ဓဝါဒီတို့ ဆင်ခြင်သုံးသပ်ရန် ဖြစ်၏။ မိမိတို့၏ ရပ်ရွာအရေး၊ နိုင်ငံနှင့်အမျိုးသားအရေးကိစ္စများ၌ ပါဝင်ဆောင်ရွက်ပါက စိတ်အနှောင့်အရှက်ဖြစ်ဖွယ်ရာ အခက်အခဲပြဿနာများကို ရင်ဆိုင်ရမည်မှန်၏။ သို့ရာတွင် ဗုဒ္ဓအလိုအားဖြင့် ယင်းတို့ကို ရင်ဆိုင်ဖြေရှင်းခြင်းသည်ပင်-အကျင့်သီလကြီးပွားတိုးတက်ရန် အကြောင်းဖြစ်၏။ ဗုဒ္ဓဟောသော အကျင့်သီလသည် "မလုပ် မရှုပ်၊ အကျိုးမယုတ်"ဆိုသော အကျင့်သီလမျိုး မဟုတ်။ ပြုသင့်သော ကာယကံမှု၊ ဝစီကံမှုများကို ပြုခြင်းဖြင့် ရှင်သန်တက်ကြွနေသော သီလဖြစ်၏။

ဤနေရာ၌ အထက်က ဖော်ပြခဲ့ပြီးဖြစ်သော လူတို့ အများဆုံး ကျူးလွန်လေ့ရှိသည့် ဝစီဒုစရိုက်မှုများအကြောင်းကို ပြန်လည်စဉ်းစားအပ်၏။ ထိုဝစီဒုစရိုက်မှုများကို ရှောင်ကြဉ်ရန် တစ်ခုသောနည်းမှာ ဆိတ်ဆိတ်နေခြင်း ဖြစ်၏။ ဗုဒ္ဓသည် ဆိတ်ဆိတ်နေမှုကို မကြာခဏ ချီးမွမ်းလေ့ရှိ၏။ သို့ရာတွင် အကုသိုလ်ပြုမိမည်ကို ကြောက်သောကြောင့် စကားမပြောဘဲနေခြင်းကိုမူ ချီးမွမ်းတော်မမူချေ။

အခါတစ်ပါး၌ အတူနေအတူစား မိတ်ဆွေဖြစ်ကုန်သော များစွာသောရဟန်းတို့သည် ကောသလတိုင်းရှိ တစ်ခုသောကျောင်း၌ ဝါဆိုကြ၏။ ထိုရဟန်းတို့သည် ငြင်းခုံခြင်းမရှိဘဲ အညီအညွတ် စိတ်ချမ်းသာစွာ နေကြရန်အလို့ငှာ တစ်ဦးနှင့်တစ်ဦး လုံးဝစကားမပြောမဆိုဘဲ အသီးသီးပြုဖွယ်ကိစ္စများကို ပြုလုပ်လျက် ဝါတွင်းသုံးလကို တိတ်ဆိတ်စွာ ကုန်လွန်စေကြ၏။ ဝါကျွတ်သောအခါ ဘုရားရှင်ထံသို့ သွားရောက်ဖူးမြော်ကြ၏။ ဘုရားရှင်က "သင်တို့သည် ချမ်းသာစွာ နေခဲ့ကြကုန်၏လော"ဟု မေးသော် ဝါတွင်း သုံးလပတ်လုံး အချင်းချင်း စကားလုံးဝမပြောဘဲ ချမ်းသာစွာ နေခဲ့ကြပါသည်ဟု လျှောက်ကြ၏။ ထိုအခါ ဗုဒ္ဓက "သင်တို့သည် နွားတို့ ဆိတ်တို့ကဲ့သို့လည်းကောင်း၊ ရန်သူတို့ကဲ့သို့ လည်းကောင်းနေလျက် ချမ်းသာစွာနေခဲ့ပါသည်ဟု ဆိုဘိ၏။ အဘယ်ကြောင့် သင်တို့သည် တိတ္ထိတို့ ဆောက်တည်သော သူအ ကဲ့သို့ စကားမပြောသော အကျင့်ကို ဆောက်တည်ကုန်ဘိသနည်း"ဟု ပြစ်တင်ကဲ့ရဲ့ပြီးလျှင် စကားမပြောသောအကျင့်ကို မဆောက်တည်အပ်၊ ဆောက်တည်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်

တော်မူ၏။ (ဝိနည်းပိဋကတ်၊ မဟာဝဂ္ဂ ပဝါရဏာက္ခန္ဓက)

ဗုဒ္ဓ၏အလိုအားဖြင့် ပြောသင့်သောစကားကို ကြားနာမည့်ပုဂ္ဂိုလ်၊ အချိန်ကာလ၊ နေရာဌာနနှင့် အခြားအချက်များ ထည့်သွင်းစဉ်းစား၍ ပြောဆိုအပ်၏။ တစ်နည်းဆိုသော် ဗုဒ္ဓဟောသော အကျင့်သီလ၏ သော့ချက်မှာ အသိဉာဏ်ပညာ ဖြစ်၏။ မြန်မာဗုဒ္ဓဝါဒီတို့သည် အများအားဖြင့် ဤအချက်ကို သတိမမူကြဘဲ အကျင့်သီလအတွက် စေတနာသာလျှင် အရေးကြီးသည်၊ စေတနာကောင်းဖြင့်ပြုသော အမှုများသည် မှန်ကန်သည်ဟု စွဲမှတ်ထားကြ၏။

သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦး၏ စေတနာကောင်းမကောင်း၊ မှန်မမှန် ကျွန်ုပ်တို့မည်သို့ သိရှိရပါမည်နည်း။ ယခုခေတ် စိတ်ပညာရှင်တို့၏ အဆိုအားဖြင့် အချို့သောလူတို့၏ သန့်ရှင်းမွန်မြတ်သည်ဆိုသော စေတနာများ၏ နောက်ကွယ်၌ မသိစိတ်က လှည့်စားဖုံးဖိထားသော အတ္တ၊ မာန၊ လောဘ၊ ဗျာပါဒစသော ကိလေသာတရားများ ရှိနေ တတ်၏။ မိမိ၏ ကလေးအား နေ့ရောညပါ မနားမနေ စာကျက်ခိုင်းသော မိဘသည် ကလေး ပညာထူးချွန်စေလိုသည့် ဆန္ဒထက် နောင်တစ်နေ့နေ့တွင် အခြားမိဘများအပေါ် ကြွားဝါလိုသောဆန္ဒက ပိုမိုပြင်းပြနေခြင်း ဖြစ်ကောင်းဖြစ်ပေမည်။ မိမိမှာ မကျန်းမာသော်လည်း မိမိမရှိလျှင် မိမိကြီးကြပ် စီမံသောလုပ်ငန်း ဖရိုဖရဲဖြစ်မည်စိုးသောကြောင့် ပင်စင်မယူခြင်း ဖြစ်သည်ဆိုသော အစိုးရအရာရှိကြီးသည် စင်စစ် မိမိရာထူးကို အမြဲဖက်တွယ်ထားလိုသောသူ ဖြစ်နေတတ်၏။

မည်သို့ဖြစ်စေ သန့်ရှင်းမွန်မြတ်သော စေတနာဖြင့် လူတို့ကျူးလွန်သော ဒုစရိုက်မှုများမှာ ရေးပဝေသဏီမှစ၍ ယနေ့အထိ လူ့သမိုင်းတစ်လျှောက်၌ ပေါများလှ၏။ ရှေးအခါက ရှမ်းပြည်နယ်တွင် ဖော်ဘွားတစ်ဦးသေလျှင် သူ့အား တမလွန်လောက၌ အခြွေအရံများ ရရှိစေလိုသော စေတနာဖြင့် ကျေးကျွန်များကိုသတ်၍ သူနှင့်အတူ မြှုပ်နှံလေ့ရှိကြ၏။ မြန်မာဘုရင်တို့သည် သာသနာပြုရန် အိမ်နီးချင်းနိုင်ငံများသို့ ချီတက်တိုက်ခိုက်ကြ၏။ ဟစ်တလာသည် မိမိ၏ အမျိုးသားများ ကောင်းစားရေးအတွက် ရဟူဒီများကို သန်းနှင့်ချီ၍ သတ်ဖြတ်ခဲ့၏။ အမေရိကန်တို့သည် ဒုတိယကမ္ဘာစစ်ကြီး အမြန်ပြီးဆုံးစေလိုသော စေတနာဖြင့် ဂျပန်မြို့ကြီးနှစ်မြို့ကို အဏုမြူဗုံးဖြင့် တိုက်ခိုက်ခဲ့ကြ၏။ လူထုကောင်းစားရေးကို ဆိုရှယ်လစ်ဝါဒဖြင့် ဆောင်ရွက်လိုသော အစိုးရတို့သည် တစ်ပါတီအာဏာရှင်စနစ်ကို ကျင့်သုံး၍ ပြည်သူလူထုကို အမျိုးမျိုး ဖိနှိပ်ချုပ်ချယ်ခဲ့ကြ၏။ ဤသို့ဖြင့် စေတနာကောင်းဖြင့် လူတို့ကျူးလွန်သော ဒုစရိုက်မှုများမှာ မရေမတွက်နိုင်အောင် များပြားသောကြောင့် "ငရဲသို့သွားသောလမ်းသည် စေတနာကောင်းများဖြင့် ပြုလုပ်ထားသည်"ဟူသော အင်္ဂလိပ်စကားပုံရှိ၏။[၁]

ဗုဒ္ဓလက်ထက်က ရောဟဏီမည်သော ကျွန်မသည် အမိနဖူး၌ ကိုက်နေသော

၁။ **"The road to hell is paved with good intentions".**

ခြင်ကို ကျည်ပွေ့နှင့်ရိုက်၍ အမိသေဆုံးရ၏။ ထိုအကြောင်းကို ကြားသောအခါ ဗုဒ္ဓက "အသိပညာရှိသောသူ ဖြစ်ပါမူ ရန်သူပင်ဖြစ်သော်လည်း တော်ပါသေး၏။ ပညာမဲ့သောသူမိုက်သည်ကား မိမိ၏ အကျိုးကို လိုလားသော သားသမီးဖြစ်သော်လည်း မကောင်း"ဟု မိန့်တော်မူ၏။ သူတစ်ပါးကို မကောင်းကြံစည်လိုသော ပုဂ္ဂိုလ်သည် ထိုသို့ကြံစည်ခြင်းဖြင့် မိမိ၌ အကျိုးယုတ်မည့်အကြောင်းကို ပညာဉာဏ်ဖြင့် ကြိုတင်သိ မြင်ပါက မိမိ၏အကြံကို စွန့်လွှတ်ပေမည်။ ဒုက္ခရောက်နေသော လူတစ်ဦးကို ကူညီလိုသော်လည်း ကူညီပုံနည်းဟန် လွဲမှားနေပါက မိမိ၏ စေတနာမှာ ထိုလူအဖို့ ဒုက္ခဝေဒနာ ဖြစ်နေတတ်၏။ "ရဟန်းတို့၊ အဝိဇ္ဇာသည် အကုသိုလ်တရားတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်၏။" (အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ အဝိဇ္ဇာပုဗ္ဗင်္ဂမသုတ်)

ကမ္ဘာ့သမိုင်းတလျှောက်၌ လူတို့ မိုက်မှားခဲ့ကြခြင်း၊ ယခုလည်း လမ်းမှားသို့ လိုက်နေကြခြင်းသည် ပဓာနအားဖြင့် စိတ်ယုတ်မာများ လွှမ်းမိုးနေသောကြောင့် မဟုတ်ဘဲ ဉာဏ်မျက်စိကို အဝိဇ္ဇာ ပိတ်ဖုံးနေသောကြောင့်ဖြစ်၏။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်ဖြစ်ခြင်းသည် စစ်ဖြစ်ပါက ရှုံးသူရော၊ နိုင်သူပါ နှစ်ဖက်စလုံး အကျိုးယုတ်တတ်ကြောင်းကို လူတို့ မသိမမြင်သောကြောင့်ဖြစ်၏။ တောင်အာဖရိကနိုင်ငံ၌ မျက်နှာဖြူအစိုးရသည် လူမည်းများကို အနိုင်ကျင့်နေကြ၏။ ထိုသို့ အနိုင်ကျင့်ခြင်းသည် လူမည်းများမှာ သဘာဝအားဖြင့် ယုတ်ညံ့သည်ဟူသော အယူမှား၊ မိမိတို့ထက် လူဦးရေများစွာသာသော လူမည်းများကို ကြာရှည်ဖိနှိပ်ထားပါက နောက်ဆုံးတွင် မိမိတို့လူမျိုးသာ အကျိုးယုတ်မည်ဖြစ်ကြောင်း မသိမမြင်မှုကြောင့် ဖြစ်၏။

ပုထုဇဉ်သတ္တဝါတို့သည် စိတ်ယုတ်စိတ်ညံ့များကို အကြွင်းမဲ့ မပယ်သတ်နိုင်ကြသော်လည်း အမှန်တရားကို သိမြင်လာသောအခါ မကောင်းသော ဓလေ့စရိုက်များကို စွန့်လွှတ်ခဲ့ကြ၏။ တစ်ရံရောအခါက အချို့မိန်းမများကို စုန်းမဟု စွပ်စွဲ၍ မီးရှို့သတ်ဖြတ်ခဲ့သော ဥရောပတိုက်သားတို့သည် ယခုအခါ စုန်းကဝေပညာကို မယုံကြည်သဖြင့် ထိုသို့ မပြုလုပ်ကြတော့ချေ။ တစ်ခါက မိန်းမများကို ဖိနှိပ်ခဲ့သော လူတို့သည် မိန်းမများ၏ သဘာဝစွမ်းရည်သတ္တိကို သိမြင်လာသဖြင့် မိန်းမများအား လွတ်လပ်ခွင့် ပေးလာကြ၏။ ရှေးက အနောက်နိုင်ငံသားတို့သည် တိရစ္ဆာန်များကို ညှဉ်းပန်းနှိပ်စက်ကြ၏။ ယခုအခါ၌မူ ကမ္ဘာမြေကြီးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၌ တိရစ္ဆာန်မျိုးစုများ၏ နေရာကဏ္ဍ အရေးပါမှုကို အသိအမှတ်ပြု၍ တိရစ္ဆာန်များကို သနားကြင်နာလာကြ၏။

ကမ္ဘာ့ဒဿနိက ပညာရှင်တို့သည် အကျင့်သီလ တိုးတက်မှုအတွက် အသိပညာရှိရန် လိုအပ်ကြောင်း အလေးအနက် ရေးသားခဲ့ကြ၏။ ဂရိပညာရှိ **ဆိုကရေတီး**၏ အလိုအားဖြင့် အသိပညာရှိသောသူသည် အလိုလို အကျင့်သီလ ဖြူစင်သောသူဖြစ်၏။ ရဟူဒီ အဘိဓမ္မာဆရာ **စပင်နိုဇာ**က အသိပညာသည် ကိုယ်ကျင့်တရားကိုစွဲ၌ အချုပ်

အခြာ ပဓာနဖြစ်သည်ဆို၏။ ကွန်ဖြူးရှပ်၏အလိုအားဖြင့် ပညာသည် အကျင့်သီလ၏ အုတ်မြစ်ဖြစ်၏။

မသိမှုနှင့်စပ်လျဉ်း၍ မိလိန္ဒပဉှာ၌ အရှင်နာဂသေန မိန့်ကြားသောစကားသည် မှတ်သားဖွယ်ကောင်း၏။ အရှင်နာဂသေန၏ အဆိုအားဖြင့် အပြစ်ကိုသိလျက် မကောင်းမှုပြုသောသူထက် အပြစ်ကိုမသိဘဲ မကောင်းမှုပြုသောသူအား မကောင်းမှု ပိုများ၏။ ဥပမာအားဖြင့် ရဲရဲပြောင်ပြောင် အလျှံနှင့်တကွသော သံတွေခဲကို ပူမှန်းသိလျက် ကိုင်သောသူထက် ပူမှန်းမသိဘဲ ကိုင်သောသူအား ပိုမိုပြင်းစွာ လောင်ဘိသကဲ့သို့ဖြစ်၏။ နိုင်ငံအစိုးရတို့သည် တရားဥပဒေကိုမသိ၍ ဖောက်ဖျက်မိပါသည်ဆိုသောသူအား အပြစ်မှ လွတ်မည်မဟုတ်ချေ။ မသိနားမလည်၍ ကျူးလွန်မိသည်ဆိုသော ပြစ်မှုကို စီရင်ဆုံးဖြတ်ရာ၌ ဆိုင်ရာပုဂ္ဂိုလ်၏ ဘဝအဆင့်အတန်းကို စဉ်းစားရပေမည်။ ပညာတတ်သူဌေးတစ်ဦး၏ အကျင့်ပျက်မှုကို ပညာမဲ့ဆင်းရဲသားတစ်ဦး၏ အကျင့်ပျက်မှုနှင့် တစ်တန်းတစ်စားတည်းထား၍ ဝေဖန်ဆုံးဖြတ်ရန် မဖြစ်နိုင်ချေ။

"ရဟန်းတို့၊ ဝိဇ္ဇာအမောဟသည် ကုသိုလ်တရားတို့ ဖြစ်ခြင်း၏ ရှေ့သွားဖြစ်၏။ ရှက်မှု၊ ထိတ်လန့်မှုသည် နောက်လိုက်တရားဖြစ်၏ (ဣတိဝုတ်၊ ဒုကနိပါတ်၊ ဝိဇ္ဇာသုတ်)။ "အိုပုဏ္ဏား၊ ပညာကို သီလဖြင့်ဆေးကြောရ၏။ သီလကို ပညာဖြင့်ဆေးကြောရ၏။ ပညာရှိသောပုဂ္ဂိုလ်၌ သီလရှိ၏။ သီလရှိသောပုဂ္ဂိုလ်၌ ပညာရှိ၏" (ဒီဃနိကာယ်၊ သောဏဒဏ္ဍသုတ်)။ "ရာဟုလာ၊ ကြေးမုံမှန်သည် ကြည့်ရှုဆင်ခြင်ခြင်း အကျိုးရှိ၏။ ဤအတူ ဆင်ခြင်၍ ကိုယ်ဖြင့်ပြုအပ်၏၊ ဆင်ခြင်၍ နှုတ်ဖြင့်ပြောဆိုအပ်၏၊ ဆင်ခြင်၍ စိတ်ဖြင့်ကြံစည်အပ်၏" (မဇ္ဈိမနိကာယ်၊ စူဠရာဟုလောဝါဒသုတ်)။ ပိဋကတ်စာပေ၌ ထပ်တလဲလဲတွေ့ရသော ယောနိသောမနသိကာရသည် ပညာဖြင့် ဆင်ခြင်သုံးသပ်ခြင်းဟူသော အနက်ကိုဟော၏။[၁] "ရဟန်းတို့၊ ယောနိသောမနသိကာရမှတစ်ပါး အခြားကျေးဇူးများသောတရားကို ငါဘုရား မြင်တော်မမူ။" (ဣတိဝုတ်၊ ဧကနိပါတ်၊ ပဌမသေခသုတ်)

ဗုဒ္ဓဟောသော အကျင့်သီလတရားကို အထက်ပါဒေသနာများနှင့်အညီ ဉာဏ်ပညာဖြင့် လေ့လာ၍ ရရှိအပ်သော အသိအမြင်သည် မဂ္ဂင်ရှစ်ပါး၏ အဦးအစဖြစ်သော သမ္မာဒိဋ္ဌိနှင့် နီးစပ်မည်ဖြစ်၏။ စင်စစ် သီလစင်ကြယ်မှုသည် ဗုဒ္ဓဝါဒ၏ ပဓာနပန်းတိုင်မဟုတ်။ ထို့အပြင် ဗုဒ္ဓသည် ကာလဒေသ အားလုံးနှင့်လျော်သော လူ့ကျင့်ဝတ်များ၊ ကိုယ်ကျင့်တရား၏ အခြေခံမူလအချက်များနှင့် အခြားသိမှတ်ဖွယ်ရာ အားလုံးကို ဟောကြားခဲ့ရမည်ဆိုပါက ပြီးဆုံးနိုင်မည် မဟုတ်ချေ။ အကျင့်သီလဆိုင်ရာ ဗုဒ္ဓဩဝါဒများကို နှံ့နှံ့စပ်စပ် လေ့လာ၍ အသိဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ကြရပေမည်။ ဥပမာ

---

၁။ ယောနိသော = **thoroughly, orderly, wisely, properly, judiciously (P.T.S. Pali-English Dictionary)**

ငါးပါးသီလ၏ အနှစ်သာရသည် လောဘဒေါသနှင့် တဏှာရာဂနည်းပါးမှု၊ အမှန်တရားကို လေးစားမှုနှင့် သတိတရားရှိမှု ဖြစ်ကြောင်း သိမှတ်ထားရပေမည်။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ ထိန်းသိမ်းသော်လည်း မင်္ဂလသုတ်နှင့် သိင်္ဂါလောဝါဒသုတ်များမှ လူ့ကျင့်ဝတ်များကို ဖောက်ဖျက်သောသူသည် လူကောင်းဖြစ်နိုင်ပါမည်လော။ အသားစားခြင်း၊ အရက်သောက်ခြင်းကို အမြဲရှောင်ကြဉ်မှုနှင့် လူသိနည်းသော်လည်း ဗုဒ္ဓအလေးအနက်ဟောသော သူတစ်ပါးကျေးဇူးကို သိတတ်မှု၊ သူတပါး၏အပြစ်ကို သည်းခံခွင့်လွှတ်မှုတို့တွင် မည်သည်က ပိုမိုအရေးကြီးပါသနည်း စသည်ဖြင့် ဗုဒ္ဓဝါဒရှုထောင့်မှ ကိုယ်ကျင့်တရားအကြောင်း စဉ်းစားဖွယ်ရာ ပြဿနာ အတော်များများရှိ၏။

အချို့သော ကိုယ်ကျင့်တရား ဒဿနိက ပြဿနာများနှင့် အနောက်တိုင်းအသိပညာရှင်တို့၏ ဆင်ခြင်သုံးသပ်ချက်များကို အခြားစာအုပ်တစ်အုပ်၌[၁] ဖော်ပြခဲ့ပေပြီ။ ဗုဒ္ဓဝါဒီသည် ဗုဒ္ဓ၏ ဝိဘဇ္ဇဝါဒနှင့်အညီ ပြဿနာများကို ဖြေရှင်း၍ အစွန်းနှစ်ဖက်လွတ်သော အလယ်လမ်းစဉ်ကို ကျင့်သုံးရပေမည်။ ဥပမာ ဗုဒ္ဓ၏ ကိုယ်ကျင့်ဝါဒသည် အတ္တဟိတ သို့မဟုတ် ပရဟိတဝါဒ သက်သက်မဟုတ်ဘဲ မိမိနှင့်သူတစ်ပါး ကြီးပွားချမ်းသာမှုသို့ ဦးတည်သောဝါဒဖြစ်၏။ "သူတော်ကောင်းသည် စီးပွားဥစ္စာရာ၍ မိမိကိုယ်ကို ချမ်းသာစေ၏။ မိဘ၊ သားမယား၊ ကျွန်အမှုလုပ်၊ အဆွေခင်ပွန်း၊ ရဟန်းပုဏ္ဏားတို့ကိုလည်း ချမ်းသာစေ၏" (ကောသလသံယုတ်၊ အပုတ္တကသေဋ္ဌိသာပတေယျသုတ်)။ "အကြင်သူသည် မိမိ၏ အကျိုးစီးပွားအလို့ငှာသော်လည်းကောင်း၊ သူတစ်ပါးအကျိုးစီးပွား အလို့ငှာသော်လည်းကောင်း မကျင့်။ ထိုသူထက် မိမိအကျိုးကိုမကြည့်ဘဲ သူတစ်ပါးအကျိုး ဆောင်ရွက်သောသူက ပို၍မြတ်၏။ ထိုသူထက် သူတစ်ပါးအကျိုးကိုမကြည့်ဘဲ မိမိအကျိုးကို ဆောင်ရွက်သောသူက ပို၍မြတ်၏။ ထိုပုဂ္ဂိုလ်သုံးဦးထက် သာလွန်၍အမြတ် ဆုံးဖြစ်သောသူသည်ကား မိမိအကျိုးစီးပွားနှင့် သူတစ်ပါးအကျိုးစီးပွားကို ဆောင်ရွက်သော ပုဂ္ဂိုလ်ဖြစ်၏။" (အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ ဆဝါလာတုပမသုတ်)

အကျင့်သီလဆိုင်ရာ အချို့သော ဗုဒ္ဓဒေသနာများသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်သယောင် ဖြစ်နေစေကာမူ အသိဉာဏ်ပညာဖြင့် လေ့လာသုံးသပ်သော ပုဂ္ဂိုလ်အဖို့ စိတ်ရှုပ်ထွေး၍ ဇဝေဇဝါဖြစ်စရာ အကြောင်းမရှိချေ။ ၎င်းတို့ကို လေ့လာရာ၌ ဘဝသံသရာနှင့် ကမ္မဝါဒအခန်းများ၌ ပြဆိုခဲ့သည့်အတိုင်း မည်သည့်ဒေသနာကို မည်သည့်ပုဂ္ဂိုလ်မျိုးအား ဟောကြားကြောင်း ရှေးဦးစွာ သတိပြုရပေမည်။

ဥပမာ ငါးပါးသီလသည် ပုထုဇဉ်လူသတ္တဝါများကို ဟောကြားသောတရားဖြစ်၏။ သိက္ခာပုဒ်များသည် ဘယ်အခါမျှ မဖောက်ဖျက်ဘဲ တင်းတင်းကျပ်ကျပ် ထိန်းသိမ်းရမည့် ကျင့်ဝတ်များဖြစ်၏။ ဤသို့ ဗုဒ္ဓသည် လူ့ကျင့်ဝတ်များကို ခြွင်းချက်မထားဘဲ အမြဲထာဝရ လိုက်နာကျင့်သုံးရန် ဟောကြားခဲ့ခြင်းမှာ ပုထုဇဉ်သတ္တဝါတို့သည် မကောင်း

---

၁။ "စိတ်ပညာနှင့်ကိုယ်ကျင့်တရား"

မှုပြုလုပ်လိုသောအခါ ဆင်ခြေရှာတတ်သောကြောင့်ဖြစ်၏။ ထိုအခါ၌ လူသည် မိမိစိတ်ကိုလှည့်စား၍ မိမိ၏ဆင်ခြေမှာ မှန်ကန်သော အကြောင်းပြချက်ဖြစ်သည်ဟု ထင်မြင်တတ်၏။ ထို့ကြောင့် အကယ်၍ ဗုဒ္ဓသည် လူ့ကျင့်ဝတ်များကို ခြွင်းချက်နှင့် ဟောကြားခဲ့ပါက လူတို့သည် ထိုကျင့်ဝတ်များကို ချိုးဖောက်လိုသောအခါ၌ ထိုခြွင်းချက်များကို မိမိတို့လိုရာဆွဲ၍ အဓိပ္ပာယ် ကောက်ယူကြမည် အမှန်ဖြစ်၏။

စင်စစ် သီလစောင့်ထိန်းမှုသည် အကျင့်ကောင်းများ ပြုစုပျိုးထောင်ခြင်းဖြစ်၍ အကျင့်ဆိုးများကို ပယ်ရာ၌၊ သို့မဟုတ် အကျင့်ကောင်းများ မွေးမြူရာ၌ မပျက်မကွက် မှန်မှန်အားထုတ်ရန် လိုအပ်၏။ မိန်းမများနှင့် ဆက်ဆံရာ၌ အလွန်စည်းကမ်းကြီးသောသူသည် တစ်ကြိမ်တစ်ခါ အမှုမဲ့အမှတ်မဲ့ စည်းမစောင့်မှုကို အကြောင်းပြု၍ မိုက်မှားမိတတ်၏။ အရက်လုံးဝမသောက်ဖူးသောသူသည် မိတ်ဆွေသူငယ်ချင်းများနှင့် တွေ့ဆုံသောအခါများ၌ ခြွင်းချက်ထား၍ ရံဖန်ရံခါ သောက်ရာမှ တစ်စတစ်စ အရက်သမား ဖြစ်မှန်းမသိ ဖြစ်သွားတတ်၏။ အရက်ဖြတ်ထားသောသူသည် ပတ်ဝန်းကျင် အခြေအနေကြောင့် တစ်ကြိမ်တစ်ခါ အရက်ပြန်သောက်ပါက ပယ်ဖြတ်ထားသော အကျင့်ဆိုးသည် ပြန်လည်လွှမ်းမိုးလာတတ်၏။ သို့ဖြစ်၍ အကျင့်စာရိတ္တ ပြုပြင်ရေးအတွက် နာမည်ကျော် စိတ်ပညာရှင်ကြီးတစ်ဦး[၁] ညွှန်ပြခဲ့သော၊ အထူးထင်ရှားမှတ်သားဖွယ်ကောင်းသော နည်းဥပဒေသမှာ အကျင့်ပြုပြင်ရန် အားထုတ်ရာ၌ ဘယ်အခါမျှ ခြွင်းချက်မထားပါနှင့် ဟူသော ဩဝါဒစကားဖြစ်၏။

ဤသို့ ဗုဒ္ဓသည် လူ့ကျင့်ဝတ်များကို ခြွင်းချက်မထားဘဲ ဟောကြားခြင်းမှာ လူ့စိတ်သဘာဝကို သိရှိနားလည်သောကြောင့် ဖြစ်၍ တင်းကျပ်သော တရားသေကိုယ်ကျင့်ဝါဒကို လက်ခံသောကြောင့် မဟုတ်ပေ။ ဤအချက်သည် ရဟန်းတို့အား အသားစားရန် ခွင့်ပြုတော်မူသော သာဓကေ၌ ထင်ရှား၏။

ဗုဒ္ဓက လူတို့အား အသားစားရှောင်ကြဉ်ရန် မဟောကြားခဲ့ခြင်းမှာ ရှောင်ကြဉ်ရန်လိုအပ်မှုသည် ပထမသိက္ခာပုဒ်၌ အကျုံးဝင်ပြီးဖြစ်ခြင်းနှင့် ခိုင်မာစွဲမြဲနေသောလူတို့ဓလေ့ထုံးစံများကို ပြစ်တင်ဝေဖန်လိုသော ဆန္ဒမရှိခြင်းကြောင့် ဖြစ်၏။ လူတို့ထံမှ ဆွမ်းခံ၍စားကြရသော ရဟန်းတို့၌မူ တာဝန်ရှိသည်မဆိုနိုင်ချေ။ ရဟန်းတို့သည် လူတို့လှူသော အသားဟင်းကို ရှောင်ကြဉ်ကြရမည်ဆိုပါက ဆွမ်းအတွက် အခက်အခဲတွေ့၍ ရဟန်းတရားကို ကောင်းစွာ အားထုတ်နိုင်တော့မည် မဟုတ်။ ထို့ကြောင့် ဗုဒ္ဓသည် ဒေဝဒတ်၏ ပန်ကြားချက်ကို လက်မခံဘဲ ရဟန်းတို့အား အသားစားရန် ခွင့်ပြုတော်မူခြင်း

၁။ **Professor William James**

ဖြစ်တန်ရာ၏။

ဗုဒ္ဓ၏ ကိုယ်ကျင့်ဝါဒသည် တင်းကျပ်သော တရားသေ ကိုယ်ကျင့်ဝါဒမဟုတ်ကြောင်း ခိုင်မာသော အထောက်အထားမှာ ခုဒ္ဒကနိကာယ်၊ သုတ္တနိပါတ်ပါဠိတော်မှ ဗုဒ္ဓမိန့်ကြားချက်များဖြစ်၏။ ထိုမိန့်ကြားချက်များကို မညွှန်ပြမီ မြန်မာနိုင်ငံ၌ အလွန်လူသိနည်းသော သုတ္တနိပါတ်သည် ဗုဒ္ဓစာပေ၌ မည်မျှအရေးပါကြောင်း အနည်းငယ် ဖော်ပြပါအံ့။

အနောက်နိုင်ငံ ပါဠိပညာရှင်တို့၏ အဆိုအားဖြင့် သုတ္တနိပါတ်မှ အချို့သော ဝဂ်များ၊ သုတ်များသည် ပိဋကတ်သမိုင်း၌ ရှေးအကျဆုံး ပါဠိတော်များဖြစ်၏။ ရေးနည်းရေးဟန်နှင့် သဘောတရားတို့တွင် ရှေးဗြာဟ္မဏတို့၏ ဝေဒကျမ်း၊ ဥပနိသျှကျမ်းများနှင့် နီးစပ်၏။ အထူးသဖြင့် ဥရဂ နှင့် ပါရာယနဝဂ်တို့သည် အလွန်ရှေးကျ၍ ယင်းတို့၌ပါရှိသော သုတ်များကို ဝိနည်းပိဋကတ်၊ သံယုတ်နှင့် အင်္ဂုတ္တရနိကာယ်များ၌ ရည်ညွှန်းထား၏။ ခုဒ္ဒကနိကာယ်မှ စူဠနိဒ္ဒေသနှင့် မဟာနိဒ္ဒေသတို့သည် ပါရာယနနှင့် အဋ္ဌကဝဂ်တို့ကို ဖွင့်ဆိုထားသော ကျမ်းများဖြစ်၏။ အိန္ဒိယပြည် အသောကကျောက်စာများတွင် အချို့သောသုတ် (ဥပမာ – မုနိသုတ်၊ နာလကသုတ်)များကို ရည်ညွှန်းထား၏။

"ဗြာဟ္မဏပညာရှိသည် လူတို့၏ ရှေးထုံးစဉ်လာ အကျင့်သီလကိုလည်းကောင်း၊ တရားသေ စွဲမှတ်ထားချက်များကိုလည်းကောင်း၊ ကောင်းသည်ဆိုးသည်ဆိုသော ဝေါဟာရပညတ်များကို လည်းကောင်း လျစ်လျူပြု၏။ သူတို့သည် စည်းကမ်းဥပဒေသတ်မှတ်ခြင်းမပြု၊ မိမိတို့ကိုယ်ကို သူတော်သူမြတ် စံပြပုဂ္ဂိုလ်အဖြစ် မှတ်ယူခြင်း လည်းမပြုချေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အစွဲဥပါဒါန်ကင်း၍ ဘယ်အခါမျှ စိတ်မတုန်လှုပ်သော ပုဂ္ဂိုလ်များဖြစ်၏။" (အဋ္ဌကဝဂ်၊ သုဒ္ဓဋ္ဌကသုတ်)

"ရဟန်းသည် အစွဲဥပါဒါန်မရှိ၊ လူတို့၏အပြုအမူနှင့် ရှေးအစဉ်အလာကြောင့် စိတ်ယိမ်းယိုင်ခြင်းလည်း မရှိရကား မည်သည့် ဘာသာအယူဝါဒကိုမျှ လက်မခံဘဲ စည်းမျဉ်းဥပဒေတည်းဟူသော အနှောင်အဖွဲ့မှလွတ်၏။" (အဋ္ဌကဝဂ်၊ ပရမဋ္ဌကသုတ်)

"အချို့သောသူတို့က သီလဆောက်တည်ခြင်း၊ ကောင်းမှုပြုခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်သည်ဆိုကြ၏။ ၎င်းမှာ သူတို့ လမ်းစဉ်ဖြစ်သည်ဆို၍ သူတို့ကိုယ်သူတို့ ဆရာအခေါ်ခံကြ၏။ သူတို့သည် ယုံကြည်ချက်တစ်ခုခု၌ အစွဲအလမ်းအလွန်ကြီးပြီး သေးငယ်သော စည်းကမ်းတစ်ခုခုကို ဖောက်ဖျက်မိလျှင် ပူပန်သောကဖြစ်ကြရ၏။ ထို့ကြောင့် "ဤသို့ပြုကျင့်ရမည်၊ ထိုသို့မပြုကျင့်အပ်ဟု သတ်မှတ်ထားသော စည်းကမ်းများ၌သော်လည်းကောင်း၊ ကောင်းမှု မကောင်းမှု ခွဲခြားသတ်မှတ်သော

ကျင့်စဉ်တစ်ခုခု၌သော်လည်းကောင်း အစွဲဥပါဒါန်မရှိဘဲ လွတ်လပ်စွာပြုမူနေထိုင်ရာ၏။”
(အင်္ဂုတ္တိုရ်၊ မဟာဗျူဟသုတ်)[၁]

ဗုဒ္ဓဝါဒီတို့၏ ရှေးအစဉ်အလာ ခံယူချက်များနှင့် လုံးဝမတူဘဲ ထူးခြားသော အထက်ပါ ဗုဒ္ဓဒေသနာများကို သိမြင်နားလည်ရန် ကျွန်ုပ်တို့သည် ဗုဒ္ဓသာသနာ၏ ရှေ့ဦးမူလသမိုင်းကို သိရှိထားရပေမည်။ ဗုဒ္ဓဝါဒသည် ပထမပေါ်စက စည်းမျဉ်းဥပဒေများဖြင့် စနစ်တကျ ဖွဲ့စည်းတည်ထောင်ထားသော ဘာသာဝါဒမဟုတ်ချေ။ စိတ်နေစရိုက်နှင့် တွေးခေါ်မြော်မြင်မှု တူညီသော၊ အနည်းငယ်သော ပုဂ္ဂိုလ်တစ်စု၏ ခံယူချက်မျှသာ ဖြစ်၍ စိတ်ဓာတ်နှင့် အသိဉာဏ်ရင့်ကျက်ပြီးဖြစ်သော ထိုပုဂ္ဂိုလ်သူမြတ်များအဖို့ ကိုယ်ကျင့်တရား စည်းကမ်းများ သတ်မှတ်ထားရန် လိုမည်မဟုတ်ချေ။ နောက်ကာလ၌မူ ဗုဒ္ဓဝါဒီ ရဟန်းများနှင့် ဥပါသကာ၊ ဥပါသိကာတို့ တစ်စတစ်စ တိုးပွား၍ ဗုဒ္ဓသာသနာ သည် အခြေအနေ ပြောင်းလဲလာ၏။ မြို့ရွာများ၌ ရဟန်းတို့ စုပေါင်းနေထိုင်၌ သံဃာ အဖွဲ့များ ပေါ်လာ၏။ “သံဃာသည် လာဘ်ပေါများ၍ အခြံအရံများသောအဖြစ်သို့ ရောက်သောအခါ လွန်ကျူးခြင်းအပြစ်တို့သည် ထင်ရှားဖြစ်ကုန်၍ ဗုဒ္ဓသည် သိက္ခာပုဒ် တို့ကို ပညတ်တော်မူရ၏” (မဇ္ဈိမနိကာယ်၊ ဘဒ္ဒါလိသုတ်)။ ပုထုဇဉ် လူပုဂ္ဂိုလ်တို့အား လည်း ဗုဒ္ဓသည် တိကျပြတ်သားသော လူ့ကျင့်ဝတ်များကို ဟောကြားတော်မူရ၏။

ဗုဒ္ဓ၏ အလိုအားဖြင့် သိက္ခာပုဒ်နှင့် ကျင့်ဝတ်စည်းကမ်းများသည် အများစု ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ လိုက်နာရန် ပြဋ္ဌာန်းထားခြင်း ဖြစ်၏။ အသိပညာရင့်ကျက် သော ပုဂ္ဂိုလ်တို့အဖို့မူ ဗုဒ္ဓသည် ဆင်ခြင်နှလုံးသွင်းရန် တရားများကို အကျဉ်းအားဖြင့် ဟောကြားလေ့ရှိ၏။ ဤနေရာ၌ မဟာပဇာပတိဂေါတမီအား မိန့်ကြားသောစကားကို သတိပြုရာ၏။

“ဂေါတမီ၊ သင်သည် အကြင်တရားတို့ကို ဤတရားတို့ကား စွဲလမ်းမှုကင်းခြင်း ငှာဖြစ်၏။ ဝဋ်၌ မယှဉ်ရန်သာဖြစ်၏။ အလိုနည်းရန်၊ ရောင့်ရဲရန်၊ ဆိတ်ငြိမ်ရန်သာ ဖြစ်၏။ ကြိုးစားအားထုတ်ရန်သာ ဖြစ်၏။ မွေးမြူလွယ်ရန်သာ ဖြစ်ကုန်၏ဟု သိငြား အံ့။ ထိုတရားတို့ကို စင်စစ်အားဖြင့် ဤကားတရားတည်း၊ ဤကားဝိနည်းတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်းဟူ၍ မှတ်လေလော့။” (စူဠဝဂ္ဂ၊ ဘိက္ခုနီခန္ဓက)

“ရဟန်းတို့၊ ရဟန်းသည် သဒ္ဓါ၊ ဟိရိ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာတို့ဖြင့် ကုသိုလ်တရား တို့၌ ပြုလုပ်သင့်သည်ကို ပြုလုပ်သောအခါ ငါဘုရားသည် ထိုရဟန်းအား

---

၁။ **G.F.Allan. “The Buddha's Philosophy”** စာအုပ်မှ သုတ္တနိပါတ်၊ ပါဠိတော်အင်္ဂလိပ် ဘာသာပြန်အချို့ကို မြန်မာပြန်ဆိုထားခြင်း ဖြစ်သည်။ စာအုပ်ရေးသားသော ပုဂ္ဂိုလ်သည် ထေရဝါဒ အင်္ဂလိပ်ရဟန်းတစ်ပါး ဖြစ်သည်။ အထက်ပါ ပါဠိတော်များတွင်ပါရှိသော ပါဠိပုဒ် ‘ဝတ’ကို ဆဋ္ဌသင်္ဂါယနာမူ သုတ္တနိပါတ် မြန်မာပြန်၌ ခွေးအကျင့်၊ နွားအကျင့်ဟူ၍လည်းကောင်း၊ ‘ဒိဋ္ဌိ’ကို မိစ္ဆာအယူဟူ၍လည်းကောင်း ပြန်ဆိုထား၏။ ဤပြန်ဆိုချက်များမှာ ကျေနပ်ဖွယ်မရှိ ကြောင်း ပြဆိုခဲ့ပေပြီ။ (စာ-၁၄၁) လန်ဒန်ပါဠိအသင်း၏ ပါဠိအင်္ဂလိပ် အဘိဓာန်၌ ‘ဝတ’ကို **religious duty, observance, rite, practice, custom** ဟူ၍ ပြန်ဆိုထား၏။

ကြည့်ရှုဖွယ် မလို။ ထိုအခါ၌ ရဟန်းသည် မိမိကိုယ်ကို မမေ့မလျော့ စောင့်ရှောက်နိုင်သောသူ ဖြစ်၏။" (အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ သေခဗလဝဂ်၊ ကာမသုတ်)

အနောက်နိုင်ငံ ကိုယ်ကျင့်ဒဿနိက ပညာရှင်တစ်ဦး၏ ရေးသားချက်မှာ အထက်ပါ ဗုဒ္ဓစကားနှင့်အညီ ဖြစ်၏။ "ကိုယ်ကျင့်တရားသည် အနုပညာတစ်မျိုးဖြစ်၏။ အနုပညာရှင်သည် မိမိ၏ အနုပညာ၌ ပိုမိုကျွမ်းကျင်လာလေ၊ စည်းကမ်းဥပဒေများ တင်းတင်းကျပ်ကျပ်လိုက်နာဖို့ မလိုလေ ဖြစ်၏။ ထို့အတူ လူသည် အသိအလိမ္မာ ရင့်ကျက်လာသည်နှင့်အမျှ ကျင့်ဝတ်စည်းကမ်းများသည် အပိုဖြစ်လာ၏။ မည်သူမဆို မိမိ လိုလားနှစ်သက်သောအမှုကိုပြုရန် ဥပဒေစည်းကမ်းများရှိရန် မလိုချေ။ စည်းကမ်းများသည် ရည်ရွယ်ချက်ပန်းတိုင်အတွက် အထောက်အကူမျှသာဖြစ်၍ ထိုပန်းတိုင်သို့ ချီတက်လိုသော ဆန္ဒနည်းပါးသောကြောင့်သာလျှင် ယင်းတို့ကို ဂရုပြုရခြင်းဖြစ်၏။ အကယ်ပင် ပညာလိုလားသော စာသင်သားသည် စာကျက်နည်း နိဿယကို မလိုသကဲ့သို့ သူတော်သူမြတ်သည် ကျင့်ဝတ်စည်းကမ်းများကို မလိုချေ။"(၁)

လူ့ဘဝသည် လူမှုကိစ္စ အမျိုးမျိုးအထွေထွေ ရောပြွမ်းနေသောကြောင့် အချို့သော ကိုယ်ကျင့်တရား ပြဿနာများမှာ ရှေးပညာရှိတို့၏ အစဉ်အလာ ဆုံးမဩဝါဒများဖြင့် ဖြေရှင်း၍မရအပ်ဘဲ ဆရာစွဲ၊ ကျမ်းဂန်စွဲ၊ ဝါဒစွဲ၊ ဆန္ဒစွဲများကိုပယ်၍ အခြေအနေအရပ်ရပ်ကို စေ့ငုသေချာစွာ ဆင်ခြင်သုံးသပ်ပြီး ယထာဘူတကျကျ ဆုံးဖြတ်ရမည့် ပြဿနာများဖြစ်၏။ ဤနေရာ၌ ယနေ့ အနောက်နိုင်ငံများတွင် ပေါ်ပေါက်နေသော ကိုယ်ကျင့်တရား ပြဿနာတစ်ခုကို ဖော်ပြပါအံ့။

ပြဿနာမှာ ရောဂါသက်သာလာရန် မျှော်လင့်ချက် လုံးဝမရှိဘဲ ဒုက္ခဝေဒနာ အပြင်းအထန် ခံစားနေရသော လူနာများကိစ္စကို မည်သို့ စီမံဆောင်ရွက်သင့်သနည်းဟူသော ပြဿနာဖြစ်၏။ အချို့က လူနာနှင့် သူ၏မိသားစု သဘောတူညီချက်ရရှိပါက လူနာ၏ အသက်ဇီဝိန်နှင့် ဆင်းရဲဒုက္ခပါ ချုပ်ငြိမ်းသွားစေရန် ကူညီဆောင်ရွက်ပေး သင့်သည်ဟု ဆိုကြ၏။ ဤအဆိုကို ဘာသာရေးသမားများက ကန့်ကွက်ကြ၏။ သို့ရာတွင် လူသည် မိမိ၏ ဘဝအခြေအနေအရ မိမိကိုယ်ကို သတ်သေပိုင်ခွင့် ရှိသည်ဆိုသော အယူကို အနောက်နိုင်ငံများ၌ အချို့လူများ ကျင့်သုံးနေကြပေပြီ။ အချို့သော ကျင့်သုံးမှုများကို ဆရာဝန်များက အားပေး၍ တရားရုံးများက အပြစ်ကင်းလွတ်ခွင့် ပြုကြ၏။ သို့ဖြစ်စေကာမူ မိမိကိုယ်မိမိ သက်သေပိုင်ခွင့်မှာ ဆန့်ကျင်သူများ၍ နိုင်ငံ အစိုးရတို့က တရားဝင် အသိအမှတ်မပြုသေးချေ။

ဗုဒ္ဓလက်ထက်က ဒုက္ခသစ္စာကို လွဲမှားစွာ သုံးသပ်မိသဖြင့် မိမိကိုယ်မိမိ သတ်သေသော ရဟန်းများအကြောင်း ပိဋကတ်စာပေ၌ ဖတ်ရှုရ၏။ ဝိနည်းပိဋကတ်၌ သူတစ်ပါးအား မိမိကိုယ်မိမိ သတ်သေလိုသောဆန္ဒ ဖြစ်ပေါ်စေရန် အားပေးလှုံ့ဆော်သော ရဟန်းသည်ပင် ရဟန်းအဖြစ်မှ ဆုံးရှုံးကြောင်း ပြဆိုထား၏။ သံယုတ္တနိကာယ်၌

---

၁။ **W.M.Urban: Fundamentals of Ethics, pp. 258**

ဖော်ပြထားသော မိမိကိုယ်မိမိ သတ်သေကြသော ဝက္ကလိနှင့် ဂေါဓိကရဟန်းနှစ်ပါး အကြောင်းမှာမူ စဉ်းစားဖွယ်ဖြစ်၏။ အရှင်ဝက္ကလိသည် ရောဂါဖိစီးနှိပ်စက်သောကြောင့် သော်လည်းကောင်း၊ အရှင်ဂေါဓိကသည် တရားအားထုတ်တိုင်း ရရှိအပ်သော လောကီဈာန် သမာပတ်မှ ခြောက်ကြိမ်မြောက် လျှောကျပြီးနောက်၌ သော်လည်းကောင်း ဓားလက်နက် ဖြင့် သတ်သေကြ၏။ ဗုဒ္ဓသည် သူတို့သတ်သေရန် အကြံအစည်ကို ကြိုတင်သိရှိသော် လည်း သွားရောက်တားမြစ်ခြင်း မပြုချေ။ သူတို့ ကွယ်လွန်ပြီးနောက်မှ သူတို့အလောင်း များရှိရာသို့ ရဟန်းများနှင့်အတူ သွားရောက်ကြည့်ရှုပြီးလျှင် ရဟန်းနှစ်ပါးစလုံး ပရိနိဗ္ဗာန်စံဝင်ကြောင်း မိန့်ကြား၏။ (ခန္ဓသံယုတ်၊ ဝက္ကလိသုတ်နှင့် သဂါထာဝဂ္ဂသံယုတ်၊ ဂေါဓိကသုတ်)

ယနေ့ ကမ္ဘာပေါ်၌ လူတို့သည် အကျင့်သီလနယ်၌ အများအားဖြင့် အစွန်း တစ်ဖက်ဖက်သို့ ရောက်ရှိနေကြ၏။ အစွန်းတစ်ဖက်မှာ ကောင်းမှု၊ မကောင်းမှုဟူသည် ဓေန်ထင်ရှားမရှိဘဲ လူတို့က လိုတမျိုး၊ မလိုတမျိုး ခေါ်ဝေါ်သော သမုတိပညတ် စကားမျှသာ ဖြစ်သည်ဟူသော ခံယူချက်ဖြစ်၏။ ဤခံယူချက် စွဲကိုင်ထားသောသူတို့ သည် ယေဘုယျအားဖြင့် စိတ်ဓာတ်စရိုက် ကြမ်းတမ်း၍ ကိုယ်ကျင့်တရား ပျက်ပြား နေသောသူများ ဖြစ်၏။ သို့ရာတွင် သူတို့၏ အကြမ်းဖက်လမ်းစဉ် အားနည်းမှေးမှိန်ရန် ကမ္ဘာ့အခြေအနေသည် သိသိသာသာ ပြောင်းလဲလာခဲ့ပေပြီ။ ကမ္ဘာ့ရှေ့ဆောင် နိုင်ငံအစိုးရ တို့သည် အဓမ္မအကြမ်းဖက်စနစ်၏ အပြစ်ကို သိမြင်၍ အားမပေးလိုကြတော့ချေ။ သို့ဖြင့် အရှေ့ဥရောပနိုင်ငံများ၌ ဒီမိုကရေစီ တောင်းဆိုလှုပ်ရှားမှုများသည် သွေးထွက် သံယိုမှုမရှိဘဲ အေးချမ်းစွာ အောင်မြင်ပြီးဆုံးခဲ့၏။ မိမိအမျိုးသားများ၏ လွတ်လပ်ရေးကို ငြိမ်းချမ်းသောနည်းဖြင့် ရရှိရန် ကြိုးပမ်းအားထုတ်နေသော တိဗက်ဗုဒ္ဓဘာသာ ရဟန်း ခေါင်းဆောင်ဒလိုင်လားမားသည် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်ဆုကိုရရှိ၍ တောင်အာဖရိက လူမည်းလွတ်လပ်ရေးတိုက်ပွဲဝင်ခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလားမှာမူ အကြမ်းဖက်လမ်း စဉ်ကို မစွန့်လွှတ်သောကြောင့်ပေလားမသိ၊ ကမ္ဘာ့ငြိမ်းချမ်းရေးဆုကို မရရှိခဲ့ချေ။

ကာမဂုဏ်ခံစားရာ၌ မိမိကိုယ်ကို မဆုံးမဘဲ (ဝါ) တတိယသိက္ခာပုဒ်ကို အလျှင်းဂရုမပြုဘဲ စိတ်အလိုလိုက်၍ မိုက်မှားနေကြသောသူများသည်ကား သဘာဝ တရား၏ အပြစ်ဒဏ်ခတ်မှုကို အမြဲစိုးရွံ့ပူပန်နေကြရပေမည်။ ထိုအပြစ်ဒဏ်မှာ ယခု အခါ ကမ္ဘာပေါ်၌ ပြန့်ပွား၍ ယနေ့အထိ ကုထုံးကုနည်း မတွေ့ရှိရသေးသော ကိုယ် ခန္ဓာ ခုခံအားကျဆင်းမှု ရောဂါကပ်ဆိုးကြီး ဖြစ်၏။ စူးစမ်းလေ့လာသော သုတေသီတို့၏ အဆိုအားဖြင့် ထိုရောဂါသည် အထူးသဖြင့် ဖောက်ပြန်သောလိင်ဆက်ဆံမှုနှင့် ကာမကြူးမှု မှ အစပြု၍ ကာကွယ်ရန်နည်းတစ်ခုမှာ တစ်လင်တစ်မယားစနစ် ကျင့်သုံးမှုဖြစ်၏။

ကိုယ်ကျင့်တရားနယ်၌ အခြားတစ်ဖက်စွန်းသို့ ရောက်ရှိနေသောသူများမှာ အကျင့်သီလ၌ ဥပါဒါန်စွဲကပ်နေသော ပုဂ္ဂိုလ်များဖြစ်၏။ သူတို့၏ အစွဲဥပါဒါန်မှာ ဥပါဒါန်လေးပါး၌ ပါဝင်သော သီလဗ္ဗတုပါဒါန်ဖြစ်၏။ သီလစင်ကြယ်မှုသည် ဗုဒ္ဓဝါဒ

၏ နောက်ဆုံးပန်းတိုင်ဖြစ်သည်ဟု သူတို့ယုံကြည်ကြ၏။ ဤယုံကြည်ချက်လွဲမှားကြောင်း ဗုဒ္ဓဒေသနာ အထောက်အထားများ ပြဆိုခဲ့ပေပြီ။ ထိုသို့ ယုံကြည်သောသူတို့ စဉ်းစားရန် အချက်တစ်ခုမှာ အကယ်၍ ဗုဒ္ဓဝါဒ၏ ပဓာနရည်မှန်းချက်သည် သီလစင်ကြယ်မှုဖြစ်သည်မှန်ပါက ဗုဒ္ဓတရား၏ ဝိသေသဂုဏ်ကို ကျွန်ုပ်တို့ အဘယ်သို့ နားလည်ရပါမည်နည်း။ အခြားကမ္ဘာ့ဘာသာဝါဒကြီးများသည်လည်း အကျင့်သီလစင်ကြယ်မှုကို အလေးအနက်ဟောကြားခဲ့သောကြောင့် ဗုဒ္ဓဝါဒကို ထိုအခြားဘာ သာဝါဒများနှင့် ခွဲခြားရန်ဖြစ်နိုင်တော့မည် မဟုတ်ချေ။

သီလဗ္ဗတုပါဒါန်၏ အခြားလက္ခဏာများ ရှိသေး၏။ ထိုဉပါဒါန်ရှိသောသူတို့သည် တစ်စုံတစ်ခုသော ကောင်းမှုကိုမပြုမိသောအခါ၌ဖြစ်စေ၊ တစ်စုံတစ်ခုသော မကောင်းမှုကို ပြုမိသောအခါ၌ဖြစ်စေ ကြီးစွာနောင်တရ၍ အကြောင်းမတန် စိတ်မချမ်းမသာဖြစ်တတ်ကြ၏။ ဤသည်မှာ နိဗ္ဗာန်မဂ်ဖိုလ်ကို တားဆီးပိတ်ပင်သော နီဝရဏတရားတစ်ပါးဖြစ်၍ အရဟတ္တမဂ်သို့ မရောက်ရှိမီ အရိယာပုဂ္ဂိုလ် ပယ်သတ်ရမည့် ဥဒ္ဓစ္စကုက္ကုစ္စသံယောဇဉ်ဖြစ်၏။

စင်စစ် မကောင်းမှုတစ်ခုကို ပြုခဲ့ပြီးနောက် မိမိ၏အမှားကို သိမြင်၍ နောင်တရရှိခြင်းသည် ဗုဒ္ဓချီးမွမ်းတော်မူသော ကုသိုလ်စိတ်ဖြစ်၍ ထိုအသိစိတ်ဖြင့် နောင်ထပ်မံမပြုလုပ်ပါက ထိုမကောင်းမှုမှ လွတ်မြောက်ကြောင်း ဗုဒ္ဓ၏မိန့်ကြားချက်ကို ပြဆိုခဲ့ပေပြီ (စာ–၁၈၆)။ ဥဒ္ဓစ္စ ကုက္ကုစ္စမှာ အသိပညာနှင့်ယှဉ်သော နောင်တရမှုမျိုးမဟုတ်ဘဲ ဒိဋ္ဌုပါဒါန် ရှေ့ဆောင်သော စိတ်ခံစားမှုဖြစ်၏။ မကောင်းမှုကို ပြုမိသောကြောင့် မိမိမှာ အပြစ်ရှိသည်ဟူသော ဉပါဒါန်ဖြင့် အချို့လူများ စိတ်မတည်ငြိမ်ဘဲ ပူပန်ကြောင့်ကြဖြစ်နေပုံ သာဓကများကို အနောက်တိုင်း စိတ္တဇရောဂါ မှတ်တမ်းများ၌ ဖော်ပြထား၏။ အချို့သော အမေရိကန်ရဲဘော်ဟောင်းများသည် သူတို့ ပြည်သူအများက မတရားသော စစ်ဖြစ်သည်ဆို၍ ဆန့်ကျင်ခဲ့သော ဗီယက်နမ်စစ်ပွဲ၌ ပါဝင်ဆင်နွှဲခဲ့သောကြောင့် မိမိတို့မှာ အပြစ်ရှိသည်ဟူသော စွဲလမ်းမှုဖြင့် စိတ်ငြိမ်းချမ်းခြင်းမရှိဖြစ်နေကြသည်ဆို၏။

သီလဗ္ဗတုပါဒါန်၏ အခြားလက္ခဏာတစ်ရပ်မှာ သီလစင်ကြယ်ခြင်း၏ မျက်မှောက်အကျိုးတရားကို လွဲမှားစွာ နားလည်ခံယူထားမှု ဖြစ်၏။ အကျင့်သီလကောင်းသောသူသည် ကျန်းမာအသက်ရှည်ခြင်း၊ လူချစ်လူခင်ပေါများခြင်း၊ ကြီးပွားအောင်မြင်ခြင်းနှင့် စိတ်ချမ်းသာခြင်း အကျိုးတရားများကို ခံစားရသည်ဟု များစွာသောလူတို့အစွဲအမြဲ ယုံကြည်ကြ၏။ သီလကောင်းခြင်းသည် အသက်ရှည်မှု၊ ကြီးပွားချမ်းသာမှုစသည်တို့ကို အကျိုးပြုသည်မှန်သော်လည်း ပြီးပြည့်စုံသော အကြောင်းတရား မဟုတ်ချေ။ စင်စစ် ၎င်းသည် တစ်ခါတစ်ရံ အကျိုးစီးပွား ဆုတ်ယုတ်စေသော အကြောင်းဖြစ်နေတတ်၏။ သူတစ်ပါး၏ အလိုဆန္ဒကို ဂရုမစိုက်ဘဲ အမြဲမှန်ရာ ပြောတတ်သောသူသည် လူအများ၏ ချစ်ခင်လေးစားမှုရရှိရန် မမျှော်လင့်နိုင်ချေ။ ကိုယ်ကျင့်တရား မြင့်မားသော

သူသည် စီးပွားရေးနှင့် နိုင်ငံရေးနယ်များ၌ များစွာ ကြီးပွားအောင်မြင်မည် မဟုတ်ချေ။

ပစ္စည်းဥစ္စာ၊ တန်ခိုးအာဏာနှင့် ဂုဏ်ပကာသနကိုသာ လူတို့ မက်မောနေသော ယခုခေတ်၌ အကျင့်သီလကို များစွာ တန်ဖိုးမထားကြခြင်းမှာ မျက်မြင်အထင်အရှားဖြစ်၏။ အနုပညာနှင့် အခြားအတတ်ပညာနယ်များ၌ ကြီးပွားအောင်မြင်နေသော နာမည်ကျော် ပုဂ္ဂိုလ်များအကြောင်းကို လေ့လာပါက အများအားဖြင့် အကျင့်စာရိတ္တ ယိုယွင်းမှုများ ရှိနေတတ်ခြင်းကို တွေ့ရပေမည်။ လူတို့၏ ရှေးစကားပုံများကလည်း အကျင့်သီလနှင့် လောကီကြီးပွားမှု ဝိရောဓိဖြစ်နေပုံကို သက်သေခံလျက်ရှိ၏။ ဥပမာ 'မုသားမပါ လင်္ကာမချော'၊ 'နှလုံးကောင်း ဝမ်းကြီး'၊ 'အားနာတော့ အားပါသည်'၊ 'နတ်ဘုရားများ၏ ချစ်ခြင်းခံရသောသူသည် ငယ်ရွယ်စဉ် သေတတ်သည်'ဟူသော ရှေးဂရိတို့၏ ဆိုရိုးစကားရှိ၏။ အဓိပ္ပာယ်မှာ စိတ်နှလုံးကောင်းသောသူသည် သက်ဆိုးမရှည်ဟု ဆိုလိုခြင်းဖြစ်၏။[၁]

ထိုသို့ မိမိတို့၏ ဆန္ဒစွဲခံယူချက်သည် မျက်မြင်ဒိဋ္ဌ ဓမ္မများနှင့် ဘောင်မဝင်သော်လည်း သီလအစွဲ ဥပါဒါန်ရှိသောသူတို့သည် အကျင့်သီလ၏ တန်ခိုးအာနိသင်ကို သံသယမရှိကြချေ။ အကျင့်သီလကောင်းသော လူတို့ကို တမလွန်လောကမှ နတ်ဗြဟ္မာတို့က အမြဲ ကာကွယ်စောင့်ရှောက်သည်ဟု သူတို့ယုံကြည်ကြ၏။ ဤအစဉ်အလာ ယုံကြည်မှုအတွက် ပိဋကတ်စာပေ၌ ဗုဒ္ဓဒေသနာ အထောက်အထားများမရှိချေ။ သီလစင်ကြယ်သောသူများ ဘေးအန္တရာယ် ကြုံတွေ့ရသောအခါ သမ္မာဒေဝနတ်များ၏ ကူညီစောင့်မခြင်းခံရသော၊ ခိုင်မာသောသာဓကများကိုလည်း ကျွန်ုပ်တို့ မကြားဖူးချေ။

၁၉၈၉ ခုနှစ်က သထုံမြို့မှ ရဟန်းရှင်လူ ပုဂ္ဂိုလ်တစ်ရာကျော်ခန့်သည် ကရင်ပြည်နယ်စပ်အနီးမှ ဆရာတော်ကြီးတစ်ပါး၏ ကြွေးသွန်းရုပ်တုကို ပင့်ဆောင်ရန် မော်တော်ယာဉ်သုံးစီးဖြင့် ထွက်ခွာသွားကြ၏။ သူတို့မှာ အကျင့်သီလ၏ တန်ခိုးကို လေးလေးနက်နက် ယုံကြည်ကြဟန်ရှိ၏။ လူပုဂ္ဂိုလ်အားလုံး ဝတ်ဖြူစင်ကြယ်ဝတ်၍ ခရီးတစ်လျှောက်လုံး အသံချဲ့စက်ဖြင့် ပရိတ်ရွတ်ဖတ်ခြင်း၊ မေတ္တာပို့သခြင်း အဆက်မပြတ် ပြုလုပ်သွားကြ၏။ သို့ရာတွင် လမ်းခရီးတစ်နေရာ၌ ကရင်သောင်းကျန်းသူတစ်စုက လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် လူ ၆ ဦးသေ၊ ၁၁ ဦးဒဏ်ရာရရှိပြီး ၂၂ ယောက် ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရကြောင်း သတင်းစာများ၌ ဖတ်ရှုရ၏။

ဗုဒ္ဓဟောကြားသော သီလစောင့်ထိန်းမှု၏ အကျိုးတရားကို ယခုစဉ်းစားရန်ရှိ၏။ ဒါနတရား၊ သီလတရား ကျင့်ကြံအားထုတ်ရာ၌ တမလွန်အကျိုးစီးပွားကို မမျှော်မှန်းဘဲ စိတ်၏အခြေအရံ၊ စိတ်၏တန်ဆာ၊ စိတ်စင်ကြယ်မှုကို အထောက်အကူဖြစ်စေရန်သာ လျှင် အားထုတ်အပ်ကြောင်း ဗုဒ္ဓဟောသော ဒေသနာများကို ပြဆိုခဲ့ပေပြီ။ ထိုမျက်မှောက်

---

၁။ "Whom the gods love die young."

အကျိုးတရား ဖြစ်ထွန်းရန်အတွက် သီလတရားအားထုတ်မှုသည် သာမန်ပုထုဇဉ် သတ္တဝါတို့၏ အားထုတ်မှုမျိုးမဟုတ်ဘဲ အဆင့်အတန်းမြင့်မားသော အားထုတ်မှုဖြစ်ရပေမည်။ တစ်နည်းဆိုသော် ဗုဒ္ဓအကျင့်သီလ၏ အဓိကလက္ခဏာများဖြစ်သော အချက်သုံးချက်နှင့် ညီညွတ်သော အားထုတ်မှုဖြစ်ရန် လိုအပ်၏။ ထိုအချက်များကို ဗုဒ္ဓဒေသနာ အထောက်အထားများနှင့် ဖော်ပြခဲ့ပြီးဖြစ်၍ ယခု အကျဉ်းချုပ် ထပ်မံပြဆိုပါအံ့။

ပထမအချက်မှာ သီလတရား အားထုတ်မှုသည် ငါးပါးသီလ (ဝါ) ရှောင်ကြဉ်မှု သီလဖြင့်မပြီးဘဲ ကျင့်ကြံမှု စာရိတ္တသီလပါဝင်သော အားထုတ်မှုဖြစ်ရပေမည်။ သိင်္ဂါလောဝါဒသုတ်၊ မင်္ဂလသုတ်၊ ဓမ္မိကသုတ်စသည်တို့၌ ပါရှိသော လူ့ကျင့်ဝတ်များနှင့် အခြားနေရာများတွင် အလေးအနက်ဟောထားသော သူတစ်ပါး၏ ကျေးဇူးကို သိတတ်မှု၊ သူတစ်ပါး၏အပြစ်ကို သည်းခံခွင့်လွှတ်မှု စသည်တို့ကို ခြြုံမိ၍ ကျယ်ပြန့်သော သီလတရား ဖြစ်ရပေမည်။

ဒုတိယအချက်မှာ သီလတရားအားထုတ်မှုသည် အပေါင်းအသင်းနှင့်ကင်း၍ မဖြစ်နိုင်ချေ။ သို့ဖြစ်၍ ဗုဒ္ဓသည် ရဟန်းတို့၏ စုပေါင်းနေထိုင်မှုကို အားပေး၍ လူတို့အား သားမယား လုပ်ကျွေးမှု၊ ဆွေမျိုးသားချင်းများအား ထောက်ပံ့မှုကို မင်္ဂလာတရားများအဖြစ် မှတ်ယူရန် ဟောကြားခဲ့၏။ အခြားလူများနှင့် ပေါင်းသင်းဆက်ဆံခြင်းဖြင့်သာလျှင် ကျွန်ုပ်တို့သည် မိမိ၏သီလကို စမ်းသပ်လေ့ကျင့်ခွင့်ရရှိ၍ ပိုမိုကောင်းမွန်အောင် အားထုတ်နိုင်ပေမည်။

နောက်ဆုံးအချက်မှာ ချမ်းသာကြွယ်ဝမှု၊ တန်ခိုးအာဏာရှိမှုစသော ဘဝပြည့်စုံမှုများသည် အဆင့်မြင့် သီလဆောက်တည်မှုကို အကျိုးမပြုချေ။ ဘဝခရီးလမ်း သာယာစိုပြည်ခြင်း မရှိသောအခါ၌သာလျှင် မိမိ၏အကျင့်သီလသည် အမာခံသီလ ဟုတ်မဟုတ် သိသာထင်ရှားပေမည်။ မိမိ၏ဘဝ အလွန်သာယာ ဖြောင့်ဖြူးနေလျှင်လည်း လူမှုအဖွဲ့အစည်းများ၌ တက်တက်ကြွကြွ ပါဝင်လုပ်ကိုင်ခြင်းဖြင့် မိမိ၏သီလကို အစမ်းအသပ် ခံနိုင်ရည်ရှိသော သီလဖြစ်လာသည်အထိ လေ့ကျင့်ပေးရန် လိုအပ်၏။

ဤအချက်သုံးချက်နှင့် ညီညွတ်သော အမာခံသီလ ဆောက်တည်မှုသည် လွယ်ကူသော အလုပ်မဟုတ်ချေ။ သို့ရာတွင် စိတ်စင်ကြယ်မှု၊ယဉ်ကျေးမှုနှင့် ကြံ့ခိုင်မှုကို မုချအထောက်အကူပြုမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဥပမာငါးပါးသီလကို ကျယ်ကျယ်ပြန့်ပြန့် ထိန်းသိမ်းရာ၌ပင် ဒေါသ၊ လောဘ၊ ကာမဆန္ဒ၊ ပမာဒ စသော အကုသိုလ်စိတ်များကိုပယ်၍ သည်းခံမှု၊ သနားကြင်နာမှု၊ တင်းတိမ်ရောင့်ရဲမှု၊ သတိရှိမှုစသော ကုသိုလ်စိတ်များကို မွေးမြူရန် အားထုတ်မှုသည် အလိုလို အကျုံးဝင်ပြီးဖြစ်၏။ ဤနေရာ၌ မဂ္ဂင်ရှစ်ပါးတွင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပနှင့် သမ္မာဝါယမကို သမ္မာကမ္မန္တ စသော သီလတရားများ၏ ရှေ့မှပြဆိုထားခြင်းကို သတိပြုသင့်ပေ၏။

အချုပ်အားဖြင့်ကား သီလတရားအားထုတ်မှုသည် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ယောနိ

သောမနဿိကာရ, အဒေါသ, အလောဘ, ပညာစသော သူတော်ကောင်းတရားများကို ပြုစုပျိုးထောင်သော လုပ်ငန်းဖြစ်၏။ သီလဆောက်တည်ကျင့်သုံးမှုဖြင့် ထိုသူတော်ကောင်းတရားများ ပြီးပြည့်စုံမည်ဟူ၍ကား မဆိုသာချေ။ သို့ရာတွင် တစ်စိတ်တစ်ဒေသ အထိုက်အလျောက် ရရှိအပ်သော ထိုတရားများသည် စိတ်စင်ကြယ်မှုနှင့် သမာဓိ ဝိပဿနာလုပ်ငန်းများအတွက် အခြေခံတရားများဖြစ်၏။

တရားစောင့်သောသူကို တရားက ပြန်၍စောင့်ရှောက်သည်ဆိုသော ဗုဒ္ဓမိန့်ကြားချက်ရှိ၏။ ဤဗုဒ္ဓစကားနှင့်အညီ သာမန်ပုထုဇဉ်တို့၏ သီလမျိုးမဟုတ်ဘဲ ဝိသေသ လက္ခဏာသုံးပါးဖြင့် ထင်ရှားသော အမာခံသီလသည် လူတို့၏ မှီခိုအားထားရာဖြစ်၏။ ကျန်းမာရေးဓာတ်ခံ ကောင်းသောသူသည် ရာသီဥတုစသော ပတ်ဝန်းကျင်ဒဏ်များနှင့် အနာရောဂါများကို ဆေးဝါးမလိုဘဲ ခုခံစွမ်းအားရှိဘိသကဲ့သို့ အမာခံသီလဆောက်တည်၍ သူတော်ကောင်းတရားနှင့် ပြည့်စုံသောသူသည် သမ္မာဒေဝ နတ်သိကြားများ၏ အကူအညီမလိုဘဲ ဘဝပြဿနာ အခက်အခဲနှင့် ဆင်းရဲဒုက္ခများကို ရင်ဆိုင်နိုင်ပေလိမ့်မည်။ ကံသာလျှင် အမိ, ကိုယ်ပိုင်ဥစ္စာ, ကိုးကွယ်ရာဖြစ်သည်ဟူသော ဗုဒ္ဓမိန့်ကြားချက်သည် အတိတ်ကံ၏ ပြုပြင်စီရင်မှုကို ဆိုလိုခြင်းမဟုတ်ဘဲ တစ်နည်းအားဖြင့် အမာခံ, အစမ်းအသပ်ခံ သီလဆောက်တည်ရာမှ ရရှိအပ်သော မျက်မှောက်အကျိုးတရားများကို ရည်ညွှန်းကြောင်း ကျွန်ုပ်တို့ ကောင်းစွာ မှတ်သားထားသင့်ပေသည်။

* * *

# အခန်း (၁၂)
# စိတ်ကို ဆုံးမပြုပြင်မှုနှင့် ဝိပဿနာ

ရဟန်းသည် မျက်စိဖြင့် ရူပါရုံကိုမြင်သော်
မိန်းမယောက်ျား စသော သဏ္ဍာန်နိမိတ်ကို
စွဲယူလေ့မရှိ။
လက်ခြေစသောအင်္ဂါ ပြုံးဟန်ရယ်ဟန် စသော
အမူအရာ အမှတ်လက္ခဏာကို စွဲယူလေ့မရှိ။

(ဒီဃနိကာယ်၊ သာမညဖလသုတ် .... စသည်)

ရန်အောင်စာပေ

# အခန်း (၁၂)

# စိတ်ကို ဆုံးမပြုပြင်မှုနှင့် ဝိပဿနာ

## (က) ဗြဟ္မဝိဟာရတရားလေးပါး

မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတည်းဟူသော ဗြဟ္မဝိဟာရတရားလေးပါး ပွားများမှုသည် သီလသမာဓိ တည်ဆောက်ရာ၌ အလွန်အရေးပါသော ကျင့်စဉ်ဖြစ်၏။ ဘုရားတရားကို အာရုံပြုသောအခါ၌သာလျှင် ဗြဟ္မဝိဟာရတရားများကို ရွတ်ဆိုပွားများရုံဖြင့် မပြီးဘဲ နေ့စဉ်သွားလာ လုပ်ကိုင်ရာ၌သော်လည်းကောင်း၊ အထူးသဖြင့် လူအများနှင့် ပေါင်းသင်းဆက်ဆံရာ၌သော်လည်းကောင်း ကျင့်သုံးရန်လိုအပ်၏။ ထိုတရားများနှင့်ပတ်သက်သော လူတို့၏ ရှေးအစဉ်အလာ ခံယူချက်များကို ဆန်းစစ်၍ ဆိုင်ရာလူ့သဘာဝစိတ်များကို ခြေခြေမြစ်မြစ် သိရှိနားလည်ထားရန်လည်း အရေးကြီး၏။

လူတို့သည် မေတ္တာတရားကို ကာမရာဂစိတ်နှင့် ခွဲခြားနားလည်သော်လည်း သားသမီးအပေါ်၌ မိဘများထားရှိသော အချစ်စိတ်နှင့် ရောထွေးထင်မှားလေ့ရှိကြ၏။ မေတ္တာသုတ်၌ မေတ္တာတရားကို မိမိ၏သားငယ်အား အစဉ်စောင့်ရှောက်လိုသော မိခင်၏စိတ်နှင့် နှိုင်းယှဉ်ပြဆိုထားသည်မှန်၏။ သို့ရာတွင် လူအများ သိရှိနားလည်သော အိုခြင်း၊ နာခြင်း၊ သေခြင်းကို ဒုက္ခတရားဟု ခေါ်ဆိုသည့်နည်းတူ လူအများ နားလည်စေရန် မိခင်၏ချစ်ခြင်းနှင့် ပုံခိုင်းပြဆိုထားခြင်း ဖြစ်တန်ရာ၏။ စင်စစ် မိခင်၏ ချစ်စိတ်သည် လူအများ ထင်မြင်သကဲ့သို့ အပြစ်ကင်း၍ သန့်ရှင်းမွန်မြတ်သော ချစ်စိတ်ဖြစ်သည်ဟူ၍ မဆိုနိုင်ချေ။

မိခင်၏ ချစ်စိတ်သည် မိမိ၏သားငယ်၌ နှောင်ဖွဲ့ထား၍ ကျဉ်းမြောင်းသော သံယောဇဉ်တရားဖြစ်၏။ ကလေးကို အကြောင်းပြု၍ မိခင်မှာ အမျိုးမျိုးခံစားရ၏။

ကလေးကျန်းမာလျှင် စိတ်ချမ်းသာ၍ နေမကောင်းလျှင် စိုးရိမ်ပူပန်ရ၏။ ကလေးအား ဒုက္ခဖြစ်စေမည့် သတ္တဝါမှန်သမျှကို မုန်း၏။ မိမိ၏ကလေးကြောင့် တစ်ခါတစ်ရံ အခြားကလေးများကို မရှုစိမ့်ဖြစ်၍ တစ်ရံတစ်ခါ မာနတက်ကြွ၏။ ဤသို့ဖြင့် မိခင်၏ ချစ်စိတ် နှင့် ပုထုဇဉ်သတ္တဝါတို့၏ အခြားချစ်စိတ်အားလုံးသည် ခံစားမှုအမျိုးမျိုးဖြင့် ဖွဲ့စည်းထားသော ဝေဒနာ စေတသိက် အစိုင်အခဲများဖြစ်၏။ တစ်နည်းဆိုသော် ဘဝ တဏှာ၏ ခြွေရံသင်းပင်းများဖြစ်၍ လူသတ္တဝါ မျိုးဆက်တည်မြဲမှုသို့ ဦးတည်ချက်ရှိ၏။ သို့ရာတွင် တဏှာမာနဒိဋ္ဌိ ဦးဆောင်သောကြောင့် လူတို့ ဆင်းရဲဒုက္ခခံစားရခြင်း၏ မူလအကြောင်း တစ်ပါးလည်းဖြစ်၏။ ဤအချက်မှာ 'အချစ်ကြီး အမျက်ကြီး'၊ 'အချစ်ကိစ္စနှင့် စစ်ရေး ကိစ္စအတွက် ဘာပဲလုပ်လုပ် တရားနည်းလမ်းမှန်သည်'စသော ကမ္ဘာ့လူသားတို့၏ စကားပုံများ၌ ထင်ရှား၏။

ဗုဒ္ဓဟောသော မေတ္တာတရားသည် အခြေခံအားဖြင့် လူတို့၏ ချစ်စိတ်နှင့် သိသိသာသာ ကွာခြား၏။ အဓိက ကွာခြားချက်မှာ ချစ်စိတ်ကို အတ္တမာနက ဦးဆောင်၍ မေတ္တာတရားမှာ အတ္တမာန လုံးဝကင်းသော တရားဖြစ်၏။ ပိဋကတ်စာပေ၌ မိမိသည် သူတစ်ပါးထက်မြက်သည် ဟူ၍သော်လည်းကောင်း၊ သူတစ်ပါးနှင့် တန်းတူဖြစ်သည် ဟူ၍သော်လည်းကောင်း၊ သူတစ်ပါးအောက်နိမ့်ကျသည်ဟူ၍သော်လည်းကောင်း ထင်မြင်မှုသုံးမျိုးစလုံးသည် မာနဖြစ်ကြောင်း ပြဆိုထား၏။ တစ်နည်းဆိုသော် အတ္တစွဲဖြင့် မိမိကိုယ်ကို သူတစ်ပါးနှင့် ခွဲခြားနှိုင်းယှဉ်မှု အားလုံးသည် မာနဖြစ်၏။ အတ္တစွဲဖြင့် ငါသူတစ်ပါး ခွဲခြားလိုသောသူသည် အတ္တစွဲနယ်နိမိတ် သတ်မှတ်ချက်မရှိသော၊ ကျယ်ပြန့်သော မေတ္တာတရား မွေးမြူနိုင်မည်မဟုတ်ချေ။ သူတစ်ပါးထက်မြက်သည် ဟူသော အစွဲဖြင့် စိတ်ဓာတ်မောက်မာသောသူ၊ တန်းတူဖြစ်သည်ဟူသောအစွဲဖြင့် ထောင်လွှားသောသူနှင့် နိမ့်ကျသည်ဟူသော အစွဲဖြင့် စိတ်ဓာတ်ကြုံလှီညှိုးဖျင်းနေသော သူတို့သည်လည်း ကျွန်ုပ်တို့အား သာယာအေးမြသော မေတ္တာရိပ်ခိုလှုံခွင့် ပေးစွမ်းနိုင်မည် မဟုတ်ချေ။

လူအချင်းချင်း ပေါင်းသင်းဆက်ဆံရာ၌ အတ္တမာနသုံးမျိုးသည် စိုးမိုးလိုမှု၊ တုပပြိုင်ဆိုင်လိုမှုနှင့် ကျိုးနွံလိုမှု လက္ခဏာများဖြင့် ထင်ရှား၏။ ထိုလူ့သဘာဝစိတ်များသည် အမြဲမကောင်းသော စိတ်များဖြစ်သည်ဟု မဆိုသာချေ။ သိပ္ပံပညာ တိုးတက်နေခြင်းသည် သဘာဝဓမ္မကို စိုးမိုးလိုသော သိပ္ပံဆရာတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့်ဖြစ်၏။ တုပပြိုင်ဆိုင်လိုမှုသည် လူတို့ ကြီးပွားချမ်းသာရန် အကြောင်းတစ်ပါးဖြစ်၏။ ဘုရားတရား ရိုသေကိုင်းရှိုင်းခြင်းနှင့် တရားဥပဒေကို လေးစားခြင်းသည် ကျိုးနွံလိုသော လူ့သဘာဝစိတ်နှင့် ကင်း၍မဖြစ်နိုင်ချေ။

သို့ရာတွင် စိုးမိုးလိုသောစိတ်နှင့် ကျိုးနွံလိုသောစိတ်တို့သည် အများအားဖြင့် ကောင်းကျိုးပြုခွင့်မရဘဲ သူတစ်ပါးကို ခုတုံးလုပ်၍ အတ္တမာနနှင့် မိမိအလိုဆန္ဒများ

ဖြည့်စွမ်းမှုသို့ ဦးတည်သောစိတ်များ ဖြစ်နေကြ၏။ လူတို့သည် ထိုအကြောင်းတရား အစစ်အမှန်ကို မသိမြင်ဘဲ မိမိကိုယ်နှင့် သူတပါးကို လှည့်စားတတ်ကြ၏။ အာဏာရှင်အစိုးရတို့သည် တိုင်းပြည်လူထု၏ အကျိုးကို ရှေးရှု၍ အာဏာရှင်စနစ်ကို ကျင့်သုံးရခြင်း ဖြစ်သည်ဟု ယုံကြည်ကြ၏။ အာဏာရှင် မိဘတို့သည် သားသမီးများကိုချစ်သောကြောင့် ဖိနှိပ်ချုပ်ချယ်ထားခြင်း ဖြစ်သည်ဟု ဆိုကြ၏။ အာဏာရှင်တို့သည် မိမိတို့၏ အတ္တမာနအားကြီးမှုကို ဝန်ခံကြမည် မဟုတ်ချေ။ သူတို့၏ လက်အောက်ခံလူများကလည်း မိမိတို့၏မိဘ၊ သို့မဟုတ် ခေါင်းဆောင်များကို ကြည်ညိုလေးစားသောကြောင့် အမိန့်နာခံခြင်းဖြစ်သည်ဟု ယုံကြည်ကြ၏။ စင်စစ် မိမိတို့၏ အစွမ်းသတ္တိညံ့ဖျင်းမှု၊ လွတ်လပ်ရေးကို တန်ဖိုးမထားမှု၊ မိမိကိုယ်ကိုအာမကိုးဘဲ သူတစ်ပါးကို မှီခိုလိုမှုစသော အားနည်းချက်များကြောင့် ကျိုးနွံခြင်းဖြစ်ကြောင်း မသိမြင်ကြချေ။

သို့ဖြစ်၍ နိုင်ငံအစိုးရနှင့် ပြည်သူလူထု၊ မိဘနှင့်သားသမီး၊ အလုပ်ရှင်နှင့် အလုပ်သမား၊ ဆရာနှင့် တပည့်စသော အထက်အောက် ဆက်ဆံမှုများ၌ အတ္တမာန လွှမ်းမိုးနေသောအခါ မေတ္တာတရား ခေါင်းပါးနေတတ်၏။ မေတ္တာတရား လက်ကိုင်ထားသောသူသည် အတ္တမာနကင်း၍ သူတစ်ပါးကို ကြီးပွားချမ်းသာစေလိုသောကြောင့် လွှဲမှားသော စေတနာနှင့် အာဏာပြလိုသော ဆန္ဒမရှိ။ မိမိ၏ ဂုဏ်သိက္ခာကို လေးစားသောကြောင့် အထက်လူအား ပျပ်ဝပ်ကျိုးနွံမှုကိုလည်း ပြုမည်မဟုတ်ချေ။ စစ်မှန်သော မေတ္တာတရားသည် မိမိအကျိုးစီးပွား၊ သူတစ်ပါးအကျိုးစီးပွားသို့ ရှေးရှုသောတရား ဖြစ်ရပေမည်။

ဤစကားမှာ သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိက အနစ်နာခံ၍ ဆောင်ရွက်ခြင်းသည်သာ မေတ္တာ အစစ်အမှန်ဖြစ်သည်ဆိုသော လူတို့ အစဉ်အလာ၊ ခံယူချက်နှင့် ဆန့်ကျင်လျက်ရှိ၏။ သို့ရာတွင် မိမိအကျိုးစီးပွားကို မသိသောသူသည် မိမိချစ်သောသူ၏ အကျိုးစီးပွားကိုလည်း သိမည်မဟုတ်ချေ။ အသိအလိမ္မာမရှိသော မိန်းမသည် အသိအလိမ္မာကင်းမဲ့သော ယောက်ျားကိုပင် ချစ်ကြိုက်တတ်၏။ စာဖတ်လေ့ဖတ်ထမရှိသော မိဘတို့သည် သားသမီးများ၌ စာဖတ်ဝါသနာ ပြုစုပျိုးထောင်ပေးရကောင်းမှန်း မသိချေ။ စစ်မှန်၍ အဖိုးတန်သောမေတ္တာသည် အသိပညာရှေ့ဆောင်၍ မိမိ၏ကြီးပွားချမ်းသာကို ဂရုပြုသော ပုဂ္ဂိုလ်ထံမှသာလျှင် ထွက်ပေါ်လာနိုင်သော တရားဖြစ်၏။

အသိပညာရှိသောသူတို့၏ လူမှုဆက်ဆံရေးနယ်၌ အတ္တမာန အလွန်အကျွံကြီးစိုးခြင်းမရှိချေ။ မိဘနှင့်သားသမီးသည် အသက်အရွယ်၊ ဘဝအတွေ့အကြုံ ပညာဗဟုသုတစသည်တို့ဖြင့် ကွာဟသောကြောင့် လက်ဦးပထမ၌ အမိန့်ပေးမှု၊ အမိန့်နာခံမှု လုံးဝကင်းသော ဆက်ဆံရေးမဖြစ်နိုင်ကြောင်း ထင်ရှား၏။ သို့ရာတွင် မိမိ၏ သားငယ်၊ သမီးငယ်မှာ နောင်တစ်နေ့တွင် မိမိနှင့်တန်းတူဖြစ်ရန် အလားအလာရှိသော ပုဂ္ဂိုလ်သတ္တဝါဖြစ်ကြောင်း သိမြင်နားလည်သော မိဘတို့သည် အာဏာရှင်စနစ်ကို ကျင့်သုံးမည်

မဟုတ်ချေ။ သားသမီးများကလည်း မိဘများကို အမြဲမှီခိုမနေဘဲ မိမိတို့ကိုယ်ကို အားကိုးလိုသောစိတ်ရှိပါက မိဘများနှင့် ဆက်ဆံရာ၌ အမြဲအထက်အောက်ဖြစ်နေမည် မဟုတ်ချေ။

လူတို့သည် မိမိတို့၏ အတ္တအဆွယ်အပွားဖြစ်သော သားသမီးများမှတစ်ဆင့် အတ္တစွဲအလိုဆန္ဒများ ပြည့်ဝရန် ကြိုးစားတတ်ကြ၏။ အစစအရာရာ ကြီးပွားအောင် မြင်နေသော ပုဂ္ဂိုလ်များထက် ပစ္စည်းဥစ္စာ၊ အတတ်ပညာ၊ အလုပ်အကိုင်စသည်အားဖြင့် တစ်ဖက်ဖက်၌ ချို့တဲ့၍ အလိုမပြည့်ဝသောသူများက မိမိတို့သားသမီးများ ဘက်စုံ ကြီးပွားတိုးတက်သည်ကို မြင်လိုသောဆန္ဒ ပိုမိုပြင်းပြကြ၏။ ထိုအလိုဆန္ဒသည် အချို့လူများ၌ သန့်ရှင်းစင်ကြယ်သော မေတ္တာစေတနာ၏ လှုံ့ဆော်ချက်ဖြစ်သည် မှန်ပေမည်။ သို့ရာတွင် အချို့မှာ မိမိတို့သားသမီးများ ပညာဖြင့် အကျိုးပေးရန် ဗီဇဓာတ်ခံမည်မျှ ရှိ–မရှိ ဂရုမပြုဘဲ အတင်းတွန်းထိုး၍ စားကြိုးစားခိုင်းကြ၏။ သူတစ်ပါးနှင့် သားသမီးချင်း ပညာပြိုင်လိုကြ၏။ သားသမီး၏ ဗီဇဝါသနာကို မကြည့်ဘဲ မိမိတို့ စိတ်ကြိုက် သက်မွေးမှုပညာကို သင်ကြားစေလိုကြ၏။ ဤသို့သော လူများသည် သားသမီးကို အသက်နှင့်ထပ်တူ ချစ်ပါသည်ဆိုသော်လည်း သူတို့၏ ပြုမူပြောဆိုပုံမှာ ငါစွဲအတ္တနှင့် မကင်းကြောင်း ထင်ရှား၏။

ဗုဒ္ဓဟောသော မိဘနှင့်သားသမီး၊ လင်နှင့်မယား၊ ဆရာနှင့်တပည့်စသော လူမှု ဆက်ဆံရေး ကျင့်ဝတ်များ၌ ထက်အောက်ဆက်ဆံမှု လက္ခဏာများကို မတွေ့ရချေ။ ထိုလူ့ကျင့်ဝတ်များ၏ ထင်ရှားသော လက္ခဏာနှစ်ခုမှာ တစ်ဖက်က အမိန့်ပေးမှုမရှိခြင်းနှင့် အခြားတစ်ဖက်က အမြဲအမိန့်နာခံရန် မလိုအပ်ခြင်းဖြစ်၏။ အထူးအားဖြင့်ကား ဗုဒ္ဓ ရဟန်း သံဃာအဖွဲ့၌ ဥပဇ္ဈာယ်ဆရာနှင့် အတူနေတပည့်ရဟန်းတို့၏ တန်းတူရည်တူ ဆက်ဆံမှု ပြဋ္ဌာန်းထားခြင်းကို ထောက်ရှု၍ လူမှုဆက်ဆံရေးနယ်၌ တဖက်က အခွင့် ထူးခံ၊ အာဏာရှင်ဆန်ဆန် ဖြစ်နေမှုနှင့် အခြားတစ်ဖက်က အဖိနှိပ်ခံ၊ သြဇာခံဖြစ်နေမှုသည် ဗုဒ္ဓ၏ အလိုဆန္ဒနှင့် ဆန့်ကျင်ကြောင်း ယုံမှားစရာ မရှိချေ။ ဝိနည်းပိဋကတ်၌ ဖော်ပြထားသော ဥပဇ္ဈာယ်ဆရာနှင့် တပည့်ရဟန်းတို့၏ ဆက်ဆံမှုအကြောင်းကို 'ရဟန်းသံဃာ' အခန်း၌ ပြဆိုပါအံ့။

စင်စစ် မေတ္တာတရားသည် အထက်အောက် အနေအထား၌ ခိုင်မာစွဲမြဲနေသော လူမှုဆက်ဆံရေးနယ်မှာထက် တန်းတူရည်တူ ဆက်ဆံမှုရှိသော မိတ်ဆွေသူငယ်ချင်း အပေါင်းအဖော်များ၌ ပိုပိုပြင်ပြင် ဖြစ်ထွန်းရန် ပိုမိုအလားအလာရှိ၏။ ထို့ကြောင့် ဗုဒ္ဓသည် မိတ်ဆွေကောင်းရှိမှု၏ အရေးကြီးပုံကို အလေးအနက်ဟော၍ မိမိသည် ဝေနေယျသတ္တဝါတို့၏ မိတ်ဆွေကောင်းဖြစ်သည်ဟု မိန့်ကြားခဲ့၏။ အနောက်တိုင်း ပါဠိပညာရှင်တို့က 'မေတ္တာ'ဟူသော ပါဠိစကားကို မိတ်ဆွေကောင်းစိတ်ဓာတ်ဟု ပြန်ဆိုကြ၏။[၁]

---

၁။ **Metta = friendliness, friendly feeling, good-will, kindness, love, charity. (R.C.Childer's Dictionary of the Pali Language)**

မေတ္တာတရားသည် လူတို့ကျင့်သုံးရန် မလွယ်ကူသောကြောင့်ပေလား မသိ။ အချို့သော ဗုဒ္ဓဒေသနာများ၌ မေတ္တာအစား ကရုဏာကို ဦးစားပေးထား၏။ ဘုရားရှင်က ရဟန်းတို့အား သာသနာပြုစေလွှတ်ရာ၌ သတ္တဝါများအား (အနုကမ္ပာ) သနားကြင်နာသောအားဖြင့် ခရီးလှည့်လည်၍ တရားဟောပြောကြရန် မိန့်ကြား၏။ ယနေ့ လူ့လောက ကြီးပွားတိုးတက်နေခြင်းသည် ကမ္ဘာပေါ်၌ မေတ္တာတရား ပိုမိုထွန်းကားလာသောကြောင့် မဟုတ်။ ဆင်းရဲဒုက္ခခံစားနေရသော သတ္တဝါများအား သနားကြင်နာသော ပုဂ္ဂိုလ်တို့၏ ကြိုးပမ်းအားထုတ်မှုကြောင့်ဖြစ်ကြောင်း ကမ္ဘာ့သမိုင်း၌ ထင်ရှား၏။ ငွေဝယ်ကျွန်စနစ် ချုပ်ငြိမ်းမှု၊ မိန်းမနှင့်ကလေးများကို စောင့်ရှောက်မှု၊ စစ်အတွင်း ဒုက္ခိတသတ္တဝါများကို ကယ်တင်မှု၊ ကိုလိုနီနိုင်ငံများ၏ လွတ်လပ်မှုစသည်တို့မှာ လူတို့ သနားကြင်နာမှုမှ ပေါက်ဖွားလာသော လောကတ္ထစရိယ လုပ်ငန်းများ၏ ရလဒ်များ ဖြစ်၏။

ကရုဏာတရားသည် သူတစ်ပါး၏ ကိုယ်စိတ်ချမ်းသာမှုသို့ ရှေးရှုသော ကုသိုလ်စိတ်ဖြစ်သော်လည်း အသိပညာ ဦးမဆောင်ပါက အတ္တမာနစွဲကပ်၍ ညစ်နွမ်းလာတတ်၏။ အချို့လူများသည် သူတစ်ပါးအား မိမိတို့ကူညီခဲ့ခြင်းကို ဂုဏ်ယူ၍ မကြာခဏပြောလေ့ရှိကြ၏။ ကျေးဇူးတုံ့ပြန်မှုကို မျှော်လင့်၍ မရရှိပါက မကျေမနပ်ဖြစ်ကြ၏။ အချို့လူများမှာမူ ဒုက္ခကြုံတွေ့နေရသော်လည်း အတ္တမာနက ခံနေသဖြင့် သူတစ်ပါး၏ အကူအညီကို အလိုမရှိကြချေ။ အကူအညီကို လက်ခံသော အချို့သူများသည်လည်း အတ္တမာနက မသိစိတ်မှတစ်ဆင့် လှုံ့ဆော်သဖြင့် မိမိတို့၏ ကျေးဇူးရှင်ကို ပြစ်မှားတတ်ကြ၏။

ထို့ကြောင့် သနားကြင်နာစိတ်သည် အသိပညာနှင့်ယှဉ်သော စိတ်ဖြစ်သင့်၏။ ဒုက္ခရောက်နေသော သတ္တဝါတစ်ဦးကို ကူညီရာ၌ ထင်ပေါ်မှု၊ ကျေးဇူးတုံ့ပြန်ခံရမှုကို မမျှော်လင့်ဘဲ အကူအညီခံ ပုဂ္ဂိုလ်၏ အတ္တမာနကို မထိပါးစေရန်လည်း ဂရုပြုရပေမည်။

မေတ္တာတရားကဲ့သို့ပင် ပုထုဇဉ်သတ္တဝါတို့ ပွားများရန် မလွယ်ကူသော ဗြဟ္မဝိဟာရတရားမှာ မုဒိတာဖြစ်၏။ သူတစ်ပါး၏ ကြီးပွားချမ်းသာမှုကိုကြည့်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရန်မှာ လူ၏သဘာဝစိတ် မဟုတ်။ သို့ဖြစ်၍ မုဒိတာနှင့် အဓိပ္ပာယ်ထပ်တူဖြစ်သော မြန်မာစကားမရှိ။ ဝေါဟာရကြွယ်ဝသော အင်္ဂလိပ်ဘာသာ၌ပင် ထိုစကားကို ရှာ၍မရအပ်ချေ။[၁] လူ၏ သဘာဝစိတ်မှာ မိမိထက်သာသောသူကို မနာလိုခြင်းဖြစ်၍ မနာလိုစိတ်သည် ကလေးအရွယ်မှစ၍ သက်ကြီးအိုမင်းသောအရွယ်အထိ လူသတ္တဝါတို့တွင် ကိန်းဝပ်နေတတ်၏။ ကလေးများသည် လူကြီးမိဘများက မိမိတို့ထက် ပိုမိုအရေးပေးသော မွေးချင်းများကို မရှုစိမ့်ဘဲ ရန်လိုတတ်ကြ၏။

၁။ အင်္ဂလိပ်ဗုဒ္ဓစာပေများ၌ **“sympathetic or altruistic joy”** ဟူ၍ ပြန်ဆိုထားသည်။

စိတ်ပညာရှင် တို့၏ လေ့လာချက်အရ သေခါနီး လူမမာများသည် ကျန်းမာပျော်ရွှင်နေသော အသိ မိတ်ဆွေများကို မြင်သောအခါ မနာလို ဖြစ်တတ်ကြသည်ဆို၏။

ထို့ကြောင့် မုဒိတာတရားကို မပွားများနိုင်စေကာမူ ယင်းနှင့်ဆန့်ကျင်သော မနာလိုစိတ်ကို ပယ်ဖျောက်ရန် အားထုတ်သင့်၏။ ဤနေရာ၌ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းတတ်ခြင်း (ယောနိသောမနသိကာရ)သည် ကျွန်ုပ်တို့အဖို့ အရေးပါသော အထောက်အကူဖြစ်၏။

ပုဂ္ဂိုလ်တစ်ဦးက မိမိထက် ပိုမို၍ ကြီးပွားအောင်မြင်ခြင်းသည် အများအားဖြင့် လိုအပ်သော အရည်အချင်းများ ရှိသောကြောင့်ဖြစ်၍ မိမိကိုယ်ကို မညှာမတာ၊ ယထာဘူတ ကျကျ ဆန်းစစ်ပါက ထိုအရည်အချင်းများ အားနည်းချို့တဲ့နေမှုကို တွေ့ရပေမည်။ သို့ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦး၏ တစ်ခုတည်းသော ဘဝအောင်မြင်မှုကိုကြည့်၍ မိမိက စိတ်ဓာတ်ကျပြီး မနာလိုဖြစ်ရန် အကြောင်းမရှိချေ။ ကျန်းမာခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ထင်ပေါ်ကျော်ကြားခြင်းစသော လူတို့လိုလားတောင့်တသည့် ဂုဏ်အရည်အချင်းအားလုံးကို နောက်ခံထား၍ လူသတ္တဝါတို့ ဘဝအဆင့်အတန်းကို ခြုံငုံလေ့လာသုံးသပ်ပါက ယေဘုယျအားဖြင့် အနိမ့်အမြင့် အကောင်းအဆိုးခွဲခြား၍ မရအပ်ဘဲ သူမသာကိုယ်မနာ ဖြစ်နေကြောင်း တွေ့ရသည်ကများ၏။ ဤအချက်မှာ ကမ္ဘာကျော် နိုင်ငံရေးခေါင်းဆောင်၊ သိပ္ပံပညာရှင်၊ အသိပညာရှင်၊ အနုပညာသည် အစရှိသော ပုဂ္ဂိုလ်တို့အကြောင်း အတွင်းကျကျ နှိုက်နှိုက်ချွတ်ချွတ် လေ့လာ၍ ဘာမျှလျှို့ဝှက်ထိမ်ချိန်ခြင်းမရှိဘဲ ပွင့်ပွင့်လင်းလင်း ရေးသားထားသော ဘဝအထ္ထုပ္ပတ္တိစာအုပ်များ၌ ထင်ရှား၏။ ထိုပုဂ္ဂိုလ်ကြီးများမှာ အိမ်ထောင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေး၊ ကိုယ်ကျင့်တရား စသည်တို့နှင့်ပတ်သက်၍ တစ်ဖက်ဖက်၌ ချွတ်ယွင်းချက်၊ အားနည်းချက်များ ရှိနေတတ်ကြ၏။

ချစ်ခြင်း၊ မုန်းခြင်း၊ သနားခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မနာလိုခြင်း အစရှိသည့် ဝေဒနာစေတသိက်များကင်းသော ဗြဟ္မဝိဟာရတရားသည်ကား ဥပေက္ခာဖြစ်၏။ ဥပေက္ခာသည် သမ္မောဇ္ဈင် ခုနစ်ပါးတွင် အပါအဝင်ဖြစ်၏။ ဗုဒ္ဓသည် ဥပေက္ခာတရားကို ပတ်ဝန်းကျင်ပယောဂကြောင့် စိုးစိမ့်မျှတုန်လှုပ်ခြင်းမရှိသော ကောင်းကင်၊ မြေကြီး၊ ရေ၊ လေ၊ မီးတို့နှင့် ပုံခိုင်း၍ အလေးအနက်ဟောကြား၏။ "ရာဟုလာ၊ မြေကြီးနှင့်တူသော ဘာဝနာကို ပွားစေလော့၊ ထိုဘာဝနာကို ပွားသောသင့်အား ဖြစ်ကုန်ပြီးသော နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ်သော ဖဿတို့သည် စိတ်ကို သိမ်းကျုံးယူငင်၍ တည်ခြင်းငှာမတတ်နိုင်ကုန်လတ္တံ့၊ သင့်အား ငြီးငွေ့ခြင်း ရက်ခြင်း စက်ဆုပ်ရွံ့ရှာခြင်း မဖြစ်လတ္တံ့။" (မဇ္ဈိမနိကာယ်၊ မဟာရာဟုလောဝါဒသုတ်)

ဥပေက္ခာကို လျစ်လျူရှုခြင်းဟူ၍ မြန်မာလိုပြန်ဆိုထားခြင်းမှာ ကျေနပ်ဖွယ်ရာ မရှိချေ။ လျစ်လျူရှုခြင်းသည် အရေးကိစ္စတစ်ခု၌ စိတ်မဝင်စားမှု၊ တာဝန်ရှောင်လွှဲမှု၊

ဘာမျှမလုပ်ဘဲနေမှုစသော သဘောသက်ရောက်၍ ဥပေက္ခာသည် စိတ်ဝင်စားမှု၊ တာဝန်ဝတ္တရား ဆောင်ရွက်မှု၊ ဝီရိယတက်ကြွမှုနှင့် ယှဉ်သောတရားဖြစ်၏။ အရေးကြီးသော လုပ်ငန်းကိစ္စများ၌ ခံစားမှုနှင့် အစွဲဥပါဒါန်ကင်းသော ဥပေက္ခာတရားကို လက်ကိုင်ထားမှသာလျှင် မှန်မှန်ကန်ကန် နည်းလမ်းတကျ ဆောင်ရွက်နိုင်ပေမည်။

ဥပမာ လူနာတစ်ဦး အသည်းအသန် ဆင်းရဲဝေဒနာ ခံစားနေရသောအခါ ဆရာဝန်သည် လူနာ၏ ဆွေမျိုးသားချင်းများကဲ့သို့ ပရိဒေဝမီးတောက်မနေဘဲ စိတ်တည်ငြိမ်နေပါမှ လူနာသက်သာစေရန် ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်နိုင်ပေမည်။ တရားသူကြီးသည် တရားခံအပေါ်၌ ဥပေက္ခာတရား မကျင့်သုံးဘဲ ချစ်ခြင်း၊ မုန်းခြင်း၊ သနားခြင်းစသော စိတ်ခံစားမှု တစ်ခုခုရှိနေပါက ဖြောင့်မတ်မှန်ကန်စွာ တရားစီရင်နိုင်မည် မဟုတ်ချေ။ လူမှုပြဿနာများကို သိပ္ပံနည်းကျ စူးစမ်းလေ့လာရာ၌ သော်လည်းကောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အငြင်းပွားမှု၊ လူတစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားမှု စသည်တို့ကို ဆင်ခြင်သုံးသပ်ရာ၌ သော်လည်းကောင်း နဂိုမူလရှိပြီးဖြစ်သော ဆန္ဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ အစရှိသည့် အစွဲအားလုံးကို ဥပေက္ခာပြုထားပါမှ စဉ်းစားတွေးခေါ်မှုနှင့် ခံယူဆုံးဖြတ်ချက် မှန်ကန်ပေမည်။

ဥပေက္ခာသည် အခြားဗြဟ္မဝိဟာရ တရားများထက် အသိပညာ ပိုမိုဦးဆောင်ရန် လိုအပ်သော တရားဖြစ်၏။ လောက၌ လူတို့ လုံးဝအစိုးမရသော (ဝါ) မိမိတို့ဆန္ဒအတိုင်း မဖြစ်နိုင်သောအရာများနှင့် တစ်စုံတစ်ခုသော အတိုင်းအတာအထိသာလျှင် အစိုးရသော အရာများရှိရာ အရာများရှိရာ အသိပညာရှိသောသူသည်သာလျှင် ယင်းတို့ကို ခွဲခြားသိမြင်၍ ဥပေက္ခာတရား ကျင့်သုံးနိုင်ပေမည်။ သို့ရာတွင် မိမိ၏ရည်မှန်းချက် အထိုက်အလျောက် အောင်မြင်ရန် အလားအလာရှိပါလျက် ဘာမျှမလုပ်ဘဲနေခြင်းသည် ဥပေက္ခာကျင့်သုံးမှု မဟုတ်ဘဲ ပျင်းရိညည့်ဖျင်းမှုမျှသာ ဖြစ်၏။ အလုပ်လုပ်ရင်း မိမိ၏ အစိုးမရမှုကို သိမြင်သောကြောင့် ဆက်လက်မလုပ်တော့ဘဲ မိမိ၏ ရည်မှန်းချက်ကို စွန့်လွှတ်လိုက်စေကာမူ စိတ်ထဲ၌ မကျေနပ်မှု၊ စိတ်ဆင်းရဲမှု၊ သူတစ်ပါးကို အပြစ်တင်လိုမှု စသော ဒေါမနဿ ဝေဒနာများ ခံစားနေရပါက တဏှာဥပါဒါန်၏ လွှမ်းမိုးမှုခံရ၍ ဥပေက္ခာတရား ပွားများခွင့် ရရှိမည်မဟုတ်ချေ။ အသိပညာရှိသော ပုဂ္ဂိုလ်ဖြစ်ပါမူကား အခြားလုပ်ငန်းတစ်ခု၌ အာရုံလွှဲပြောင်း စူးစိုက်ထားခြင်းဖြင့် အတိတ်ကာလ အတွေ့အကြုံအပေါ်၌ ဥပေက္ခာတရား ကျင့်သုံးနိုင်ပေမည်။

စင်စစ် ဥပေက္ခာတရားသည် အရိယာပုဂ္ဂိုလ်တို့၏ ဝိသေသဂုဏ်အင်္ဂါဖြစ်၍ ပုထုဇဉ် လူသတ္တဝါတို့ ကျင့်သုံးရန် မလွယ်ကူချေ။ သို့ရာတွင် သည်းခံမှု၊ ခွင့်လွှတ်မှု၊ စွန့်လွှတ်မှု၊ စိတ်သဘောထားကြီးမှု၊ စိတ်ဓာတ်ရင့်ကျက်မှုစသော သူတော်ကောင်းတရားများ၏ အခြေခံဖြစ်သောကြောင့် ကိုယ်ကျင့်တရား တိုးတက်မှုနှင့် စိတ်ငြိမ်းချမ်းမှု

အတွက် ဥပေက္ခာတရားကို တတ်နိုင်သမျှ အားထုတ်ကျင့်သုံးရန် အရေးကြီးလှပေသည်။

(ခ) စိတ်ကို ဆုံးမပြုပြင်မှု

ဗြဟ္မဝိဟာရတရား လေးပါးပွားများခြင်း၏ အဓိကဦးတည်ချက်မှာ စိတ်ကိုဆုံးမပြုပြင်ရန်ဖြစ်၏။ ဗုဒ္ဓလမ်းစဉ်၌ စိတ်ကို ဆုံးမပြုပြင်ရန် အရေးကြီးကြောင်း အထူးရေးသားရန် မလိုချေ။ ဗုဒ္ဓဝါဒအလိုအားဖြင့် စိတ်သည် အတ္တဝါဒီတို့ ခံယူထားသကဲ့သို့ နဂိုမူလက သန့်ရှင်းစင်ကြယ်ပြီး ပြုပြင်ရန် မလိုသော အသန်တဓာတ်မဟုတ်။ မိမိကိုယ်မိမိ အားကိုးရမည်ဟု ဗုဒ္ဓအလေးအနက် ဟောကြားသောစကားသည် ကောင်းစွာဆုံးမပြုပြင်ထားသောစိတ်ကို ရည်ညွှန်းသော စကားဖြစ်၏။

တစ်နည်းဆိုသော် စိတ်ကို ဆုံးမပြုပြင်မှုသည် သမာဓိတရား တည်ဆောက်မှုဖြစ်၏။ 'သမာဓိ'ဟူသော ပါဠိပုဒ်ကို ဗုဒ္ဓဝါဒီအများစုက သမထတရား ကေဂ္ဂတာတရားများနှင့် ရောထွေး၍ အာရုံတစ်ခုတည်း၌ စိတ်စူးစိုက်ထားမှု စိတ်တည်ငြိမ်မှုဟူ၍ နားလည်ခံယူထားကြ၏။ အမှန်မှာ သမာဓိတရားသည် ထိုထက်အဓိပ္ပာယ်များစွာ ကျယ်ပြန့်နက်ရှိုင်း၏။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ သမာဓိသည် မပျံ့လွင့်ခြင်း၊ ဖရိုဖရဲမရှိခြင်း၊ မနှောက်ကျိခြင်း၊ မတုန်လှုပ်ခြင်း၊ ကိလေသာတို့မှလွတ်ခြင်း၊ နိဗ္ဗာန်အာရုံ၌ ညွှတ်သည်ဖြစ်ခြင်း စသောအနက်သဘောရှိသည်ဆို၏။ အင်္ဂုတ္တနိကာယ်၊ စတုက္ကနိပါတ် ရောဟိတဿဝဂ်၌ သမာဓိတရား ပွားများခြင်းဖြင့် မျက်မှောက်ဘဝတွင် ချမ်းသာစွာနေရခြင်း, သတိသမ္ပဇဉ်နှင့် ပြည့်စုံခြင်း၊ အာသဝေါတရားကုန်ခြင်းစသော အကျိုးတရားများ ရရှိနိုင်ကြောင်း ဟောကြားထား၏။

"အရှင်အာနန္ဒာ၊ ထိုအရှင်ဂေါတမသည် ချီးကျူးလေ့ရှိ၍ လူအပေါင်းကို ဆောက်တည်စေသော သမာဓိက္ခန္ဓာသည် အဘယ်ပါနည်း"ဟု သုဘလုလင်က မေးလျှောက်၏။ အရှင်အာနန္ဒာ၏ ဖြေကြားချက်အရ သမာဓိက္ခန္ဓာသည် ၁-စက္ခုသောတစသော ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊ ၂- ဆင်ခြင်အောက်မေ့မှု သတိသမ္ပဇဉ်နှင့် ပြည့်စုံခြင်း၊ ၃- ရောင့်ရဲလွယ်ခြင်း၊ ၄- အဘိဇ္ဈာ၊ ဒေါသစသော ပိတ်ပင်တားဆီးတတ်သည့် နီဝရဏတရား ငါးပါးကို ပယ်ခြင်းနှင့် ၅- ဈာန်လေးပါးကို ပွားများအားထုတ်ခြင်းဖြစ်၏။ (ဒီဃနိကာယ်၊ သုဘသုတ်)

အရှင်အာနန္ဒာ၏ ဖြေကြားချက်သည် ဒီဃနိကာယ်လာ သာမညဖလသုတ် စသော အခြားဗုဒ္ဓဒေသနာများနှင့် အညီဖြစ်၏။ တစ်နည်းအားဖြင့် သမာဓိသည် စိတ်ဓာတ်ခွန်အားဖြစ်သော်လည်း ဗုဒ္ဓစာပေ၌ တွေ့ရသော သမာဓိသည် ပုထုဇဉ်လူအများ နားလည်သော ရိုးရိုးစိတ်ဓာတ်ခွန်အား မဟုတ်ချေ။ စင်စစ်ကမ္ဘာပေါ်၌ လောဘ၊ ဒေါသ၊ မောဟကြီးမား၍ စိတ်ဓာတ်ခွန်အား အပြည့်အဝရှိသော စီးပွားရေးလုပ်ငန်းရှင်များ၊

နိုင်ငံရေးအာဏာရှင်များနှင့် အခြား ဒုစရိုက်သမားများမှာ ဦးရေမနည်းလှကြောင်း သတိပြုရပေမည်။ ဗုဒ္ဓဟောကြားသော သမ္မာသမာဓိမှာ ကုသိုလ်စိတ်နှင့်ယှဉ်သော စိတ်ဓာတ်ခွန်အားဖြစ်၏။

ထို့ကြောင့် သမ္မာသမာဓိသည် အကျင့်သီလနှင့် ဗြဟ္မဝိဟာရတရား လေးပါးပွားများမှုအပေါ်၌ တည်ဆောက်ရသော တရားဖြစ်ကြောင်း ကျွန်ုပ်တို့ မမေ့သင့်ချေ။ သမ္မာသမာဓိ၏ အခြေခံအကျင့်သီလမှာလည်း ပုထုဇဉ်သတ္တဝါတို့၏ သီလမဟုတ်ဘဲ အသိဉာဏ်ရင့်ကျက်သော ပုဂ္ဂိုလ်တို့၏ သီလဖြစ်၏။ တစ်နည်းဆိုသော် တမလွန်ဘဝ အကျိုးစီးပွားကို မမျှော်မှန်းဘဲ စိတ်စင်ကြယ်မှုသို့ ရှေးရှုသော အကျင့်သီလ ဖြစ်ရပေမည်။ ဥပမာ ဘဝသံသရာ အကျိုးစီးပွားကို ရည်မှန်း၍ ငွေအမြောက်အမြားအကုန်ခံပြီး အလှူပေးခြင်းသည် သမာဓိတည်ဆောက်ရာ၌ အချည်းနှီးဖြစ်၍ မေတ္တာကရုဏာပွားများရန်, တဏှာလောဘနည်းပါးရန်နှင့် ငါစွဲ သက္ကာယဒိဋ္ဌိကိုပယ်ရန် အလို့ငှာ အလှူပေးခြင်းသည်သာလျှင် သမာဓိတရားအတွက် အထောက်အပံ့ ဖြစ်ပေလိမ့်မည်။

သမာဓိတရား၏ ထင်ရှားသော လက္ခဏာအင်္ဂါတစ်ပါးမှာ သတိရှိမှုဖြစ်၏။ သတိရှိမှုသာလျှင် ဗုဒ္ဓအလေးအနက်ဟောသော မမေ့မလျော့မှု အပ္ပမာဒတရားကို ကျွန်ုပ်တို့ ကျင့်သုံးနိုင်ပေမည်။ မဂ္ဂင်ရှစ်ပါး၌ သမ္မာသတိ၊ သမ္မာသမာဓိဟု ပြဆိုထားသောကြောင့် သမ္မာသမာဓိ တည်ဆောက်ရန် မှန်ကန်သောသတိ (ဝါ) ကုသိုလ်စိတ်များကိုသာ သတိပြုရမည်ဟု မထင်မှတ်သင့်ချေ။ သမ္မာသတိ၌ အကုသိုလ်စိတ်ကို သိမှတ်မှုသည်လည်း ပါဝင်ကြောင်း မဟာသတိပဋ္ဌာနသုတ်၌ ပြဆိုထား၏။

"ရဟန်းတို့၊ ရဟန်းသည် စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ရာဂစိတ်ကို ရာဂစိတ်ဟူ၍သိ၏။ ဒေါသစိတ်ကို ဒေါသစိတ်ဟူ၍သိ၏။ မောဟစိတ်ကို မောဟစိတ်ဟူ၍သိ၏။ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒရှိလျှင် ငါ၏အတွင်းသန္တာန်၌ ကာမစ္ဆန္ဒရှိသည်ဟု သိ၏။ ဗျာပါဒရှိလျှင် ဗျာပါဒရှိသည်ဟုသိ၏။ ထိနမိဒ္ဓရှိလျှင် ထိနမိဒ္ဓရှိသည်ဟု သိ၏။ ဥဒ္ဓစ္စ (စိတ်ပျံ့လွင့်မှု)၊ ကုက္ကုစ္စ (နှလုံးမသာယာမှု)ရှိလျှင် ဥဒ္ဓစ္စ၊ ကုက္ကုစ္စရှိသည်ဟုသိ၏။ ဝိစိကိစ္ဆာ (မဝေခွဲနိုင်မှု)ရှိလျှင် ဝိစိကိစ္ဆာရှိသည်ဟုသိ၏။" (သတိပဋ္ဌာနသုတ်၊ စိတ္တာနုပဿနာ)

"ငါ့ရှင်တို့၊ အကြင်သူသည် မိမိ၏သန္တာန်၌ အညစ်အကြေးရှိလျက် အညစ်အကြေးရှိကြောင်း ဟုတ်မှန်တိုင်းသိအံ့။ ထိုသူသည် အညစ်အကြေးရှိလျက် အညစ်အကြေးရှိကြောင်း ဟုတ်မှန်တိုင်း မသိသောသူထက် မြတ်၏။" (မဇ္ဈိမနိကာယ်၊ အနင်္ဂဏသုတ်)

အကုသိုလ်စိတ်ကို ပယ်လိုသောဆန္ဒ ဖြစ်ပေါ်ရန် ရှေးဦးစွာ အကုသိုလ်စိတ်ဖြစ်ကြောင်း သိရှိရန်လိုအပ်၏။ သို့ရာတွင် ဤထင်ရှားသော အကြောင်းတစ်ခုတည်းကြောင့်သာလျှင် အကုသိုလ်စိတ်ကို သိမှတ်မှုသည် အရေးကြီးသည်မဟုတ်။ အထက်ပါ

သတိပဋ္ဌာန်ကျင့်စဉ်တွင် လေးနက်၍ မှတ်သားဖွယ်ကောင်းသော စိတ်ပညာ သဘော တရားများ ပါဝင်ကြောင်း သတိပြုသင့်ပေ၏။

အကုသိုလ်စိတ်ကို သိမှတ်ရန်ကိစ္စသည် လူအများထင်သကဲ့သို့ လွယ်ကူသော ကိစ္စမဟုတ်ချေ။ လောဘ၊ ဒေါသ၊ အဘိဇ္ဈာဗျာပါဒစသော အကုသိုလ်စိတ် တစ်ခုခု လွှမ်းမိုးနေသော အခိုက်အတန့်၌ လူတို့သည် ထိုစိတ်ကို သိမှတ်ခြင်းမရှိ။ စိတ်နောက် ကိုယ်ပါ ပြုလုပ်ပြီးနောက် မိမိတို့အမှုကို ပြန်လည်သုံးသပ်သောအခါ၌သာလျှင် အမှားကို မြင်တတ်ကြ၏။ အများအားဖြင့်ကား ထိုသို့ပင် သိမြင်မှုမရှိ (ဝါ) အကုသိုလ်စိတ်ကို သိမှတ်မှု လုံးဝမရှိဘဲ မိမိကိုယ်ကိုမိမိ လှည့်စား၍ မိမိ၏စိတ် သန့်ရှင်းသည်၊ မိမိပြု သောအမှု မှန်ကန်သည်ဟု ထင်မြင်တတ်ကြ၏။

မိမိကိုယ်မိမိ လှည့်စားတတ်သော လူ့သဘာဝစိတ်ကို ဖော်ညွှန်းထားသည့် အနောက်တိုင်း ပုံပြင်တစ်ခုကို လူအများ ကြားဖူးကြပေမည်။ ထိုပုံပြင်၌ မြေခွေး တစ်ကောင်သည် စပျစ်ပင်မှ စပျစ်သီးကိုရရှိရန် ကြိုးစားပါလျက် မရရှိသောအခါ 'စပျစ်သီးက ချဉ်မှာပဲ၊ မိမိ မစားရတာကောင်းသည်'ဟုဆိုပြီး ထွက်သွား၏။ ထိုမြေ ခွေးကဲ့သို့ပင် လောက၌ မိမိတို့စိတ်ကို လှည့်စား၍ မိမိတို့၏ မကျေနပ်မှု၊ လောဘဒေါသ ဖြစ်မှုစသော ဒေါမနဿစိတ်များကို ဖျောက်ဖျက်ပစ်သောသူများမှာ မရှားလှချေ။

ဥပမာ မိမိတို့နှင့် ဂုဏ်တုဂုဏ်ပြိုင်ဖြစ်နေသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် မိမိ တို့ထက် ကြီးပွားချမ်းသာနေသည်ကို မြင်ရသောအခါ အချို့လူတို့က "ပစ္စည်းဥစ္စာ တန်ခိုး အာဏာဆိုတာ သခ်ါရပါ။ မမြဲပါဘူး၊ ဒါတွေဟာ မက်မောစရာ မရှိပါဘူး" စသည်ဖြင့် ပြောဆိုတတ်ကြ၏။ ဤစကားမှာ ယထာဘူတကျကျ စဉ်းစားရန် လိုအပ်သောစကား ဖြစ်၏။ လောက၌ မည်သည့်အရာကိုမဆို ကြာရှည်တည်မြဲမှု-မတည်မြဲမှု အမှတ်လက္ခဏာ ဖြင့် အကောင်းအဆိုး ဆုံးဖြတ်ရန်မဖြစ်နိုင်ချေ။ နှစ်အနည်းငယ်သာ နေရသော ပညာရှိ သူတော်ကောင်း၏ဘဝသည် အသက်ရာကျော် သူမိုက်သူယုတ်မာ၏ဘဝထက် မြတ် ကြောင်း ကျွန်ုပ်တို့အားလုံး ဝန်ခံရပေမည်။ ကောင်းခြင်းဆိုးခြင်းသည် ကာမအာရုံ၏ သဘာဝလက္ခဏာမဟုတ်ဘဲ ဆိုင်ရာပုဂ္ဂိုလ်အပေါ်၌ တည်ရှိခြင်းကိုလည်း သတိပြုရပေ မည်။ ပစ္စည်းဥစ္စာသည် သူယုတ်မာအဖို့ အကုသိုလ်တရားကို အားပေးသော်လည်း သူတော်ကောင်းအဖို့ ကုသိုလ်တရားပွားများရန် အကြောင်းဖြစ်၏။ ထို့အပြင် ဗုဒ္ဓလမ်း စဉ်၌ ကာမအာရုံကို နှစ်သက်ခြင်းသည် အပြစ်မဟုတ်၊ အစွဲဥပါဒါန်ရှိခြင်းသည်သာလျှင် အပြစ်အန္တရာယ်ဖြစ်၏။ ဤအချက်အားလုံးကို ဆင်ခြင်သုံးသပ်ပါက အထက်ပါ လူတို့ ပြောလေ့ရှိသော စကားသည် သဘာဝယုတ္တိမရှိဘဲ အများအားဖြင့် မိမိထက်သာသူအား မနာလိုမှုကို ဖုံးအုပ်ကာကွယ်ရန် သုံးစွဲသော ပရိယာယ်စကားဖြစ်ကြောင်း ထင်ရှား၏။

စိတ်ပညာရှင်တို့၏ အဆိုအားဖြင့် အကုသိုလ်စိတ်တစ်ခုကို အမှတ်မထင် မေ့ပျောက်စေခြင်းသည် သိသိမှတ်မှတ် ထိန်းချုပ်ခြင်းထက် ဘေးအန္တရာယ်ပိုများ၏။

အကြောင်းမှ မေ့ပျောက်သွားသော အကုသိုလ်စိတ်သည် မသိစိတ်အဖြစ်သို့ ပြောင်းလဲ၍ လူကိုစိုးမိုးကာ စိတ်အနှောင့်အယှက် ဖြစ်စေတတ်၏။ ဥပမာ အစိုးရဝန်ထမ်းတစ်ဦးသည် ရုံး၌ မိမိအား ဆူပူကြိမ်းမောင်းသော အထက်လူကြီးကို အမျက်ဒေါသထွက်၏။ သူသည် မိမိအမျက်ထွက်သည်ကို ကောင်းစွာသိ၍ မိမိစိတ်ကို သိသိမှတ်မှတ် ဆုံးမနိုင်ပါမူ ကောင်း၏။ ထိုသို့မဟုတ်မူ၍ အထက်လူကြီးကို စိတ်မဆိုးအပ်ဟူသော အစွဲကြောင့်သော်လည်းကောင်း၊ ကြောက်သောကြောင့်သော်လည်းကောင်း မိမိ၏ အမျက်ဒေါသကို သိမှတ်ခြင်းမရှိပါမူကား ထိုဒေါသစိတ်သည် မသိစိတ်ဖြစ်သွား၍ နောင်အခါ၌ မိမိအား ကြောက်ရသောသူ တစ်ဦးဦးကို အကြောင်းမဲ့ အပြစ်ရှာ၍ ဆူပူမာန်မဲပေလိမ့်မည်။ ဤသို့ဖြင့် မသိစိတ်ကြောင့် အကြောင်းရှာမရဘဲ ဥပါဒါန်အစွဲတစ်ခုခု ရှိနေခြင်း၊ စိတ်မတည်ငြိမ်ခြင်း၊ စိုးရိမ်ပူပန်ခြင်းစသော စိတ္တဇဝေဒနာ ဖြစ်တတ်ပုံသာဓကများကို အနောက်တိုင်းဆိုက်ကိုအနာလစ် စိတ်ပညာကျမ်းများ၌ ဖော်ပြထား၏။[၁]

အကုသိုလ်တရားများသည် ကြံစည်သုံးသပ်မှု ဝိတက်ကြောင့် ဖြစ်ပေါ်လာကြ၏။ ဤအချက်သည် သိကြားမင်းအား ဗုဒ္ဓမိန့်ကြားသောစကားဖြင့် ထင်ရှား၏။ "ဣဿာ မစ္ဆရိယသည် ချစ်ခြင်းမုန်းခြင်းကြောင့်ဖြစ်၏။ ချစ်ခြင်းမုန်းခြင်းသည် အလိုဆန္ဒကြောင့်ဖြစ်၏။ အလိုဆန္ဒသည် ကြံစည်ခြင်းဝိတက်ဟူသော အခြေခံအကြောင်းရှိ၏။ .... သောမနဿ၊ ဒေါမနဿနှင့် ဥပေက္ခာဝေဒနာတို့သည် ကြံစည်သုံးသပ်ခြင်းနှင့်တကွ ဖြစ်၏။ အချို့ ဝေဒနာတို့သည်ကား ကြံစည်သုံးသပ်ခြင်း မရှိ။ ထိုဝေဒနာနှစ်ပါးတွင် ကြံစည်သုံးသပ်ခြင်းမရှိသော ဝေဒနာတို့သည် သာလွန်၍ မြတ်၏။" (ဒီဃနိကာယ်၊ သက္ကပဉှာသုတ်)

စိတ်ကူးကြံစည်မှု ဝိတက်ဖြစ်ပေါ်ခြင်းသည် မျက်စိနားစသည်တို့နှင့် တွေ့ထိသော အဆင်းအသံစသော ပြင်ပအာရုံများကို နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းကြောင့် ဖြစ်၏။ အကယ်၍ ကျောက်တုံးကဲ့သို့ နှစ်သက်ဖွယ်မဟုတ်၊ မနှစ်သက်ဖွယ်လည်း မဟုတ်သော အာရုံဖြစ်ပါက ဝိတက်ဖြစ်ပေါ်ရန် အကြောင်းမရှိချေ။ သူတစ်ပါးအဖို့ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံဖြစ်သည်ဆိုစေ မိမိအဖို့ အမှတ်မထင်မြင်ကာမျှ၊ ကြားကာမျှသာဖြစ်လျှင်လည်း ဝိတက်ဖြစ်ပေါ်မည် မဟုတ်ချေ။ သို့ဖြစ်၍ မြင်ကာမတ္တ, ကြားကာမတ္တ သိမှတ်မှုသည် သမာဓိလုပ်ငန်း၌ အရေးကြီးသော ကျင့်စဉ်ဖြစ်၏။

"ဗာဟိယ၊ အကြင်အခါ၌ သင်သည် မြင်ရာ၌ မြင်ကာမျှ၊ ကြားရာ၌

---

၁။ မသိစိတ် = **unconscious mind**၊ ဆိုက်ကိုအနာလစ် = **Psychoanalysis** ကာမတဏှာက မသိစိတ်အဖြစ်ဖြင့် လူတို့အား လှည့်စားလွှမ်းမိုးနေပုံကို စာ ၁၃၈, -၉ ၌ ဖော်ပြထားသည်။
ဂျာမန်ဆရာတော် အရှင်ဉာဏတိလောက၏ အဆိုအားဖြင့် မသိစိတ်သည် အဘိဓမ္မာကျမ်းများ၌လာသော ဘဝင်စိတ်ဖြစ်၏။ **(Buddhist Dictionary, pp. 27)**

ကြားကာမျှ၊ သိရာ၌ သိကာမျှသာဖြစ်ပါက ထိုအခါ၌ သင်သည် ရာဂစသည်နှင့်တကွ မဖြစ်လတ္တံ့၊ ရူပါရုံစသည်၌ နှစ်သက်မှု၊ ပြစ်မှားမှု၊ တွေဝေမှု မဖြစ်လတ္တံ့။ ဤမျက်မှောက်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း၊ နှစ်ပါးစုံဘဝ၌လည်းကောင်း မဖြစ်လတ္တံ့။ ဤသည်ပင် ဆင်းရဲ၏အဆုံးတည်း။" (ဥဒါန်းပါဠိတော်၊ ဗောဓိဝဂ်၊ ဗာဟိယသုတ်)

ဣန္ဒြိယသံဝရသီလ၏ အခြေခံတရားသည်လည်း မြင်ကာမတ္တ၊ ကြားကာမတ္တ သိမှတ်မှုဖြစ်၏။ "မင်းကြီး၊ ရဟန်းသည် အဘယ်သို့လျှင် ဣန္ဒြေတို့ကို စောင့်စည်းအပ်သနည်း။ ရဟန်းသည် မျက်စိဖြင့် ရူပါရုံကိုမြင်သော် မိန်းမယောကျ်ားစသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ။ လက်ခြေစသောအင်္ဂါ ပြုံးဟန်ရယ်ဟန်စသော အမူအရာ အမှတ်လက္ခဏာကို စွဲယူလေ့မရှိ။" (ဒီဃနိကာယ်သာမညဖလသုတ်နှင့် အခြားသုတ်များ)

သို့ရာတွင် ဤဗုဒ္ဓဒေသနာများသည် မည်သည့်အာရုံကိုမဆို ကြံစည်သုံးသပ်ခြင်းမရှိဘဲ သိမှတ်ကာမျှသာ ဖြစ်ရမည်ဟု ဆိုလိုခြင်းမဟုတ်ချေ။ ဗုဒ္ဓ၏ ဝိဘဇ္ဇဝါဒနှင့်အညီ ဗုဒ္ဓဝါဒီသည် အာရုံများကို ခွဲခြားစိစစ်၍ တစ်ခါတစ်ရံ ကုသိုလ်တရား ပွားမှုအတွက် ကြံစည်သုံးသပ်ရန် လိုအပ်၏။

"နတ်တို့၏အရှင် သိကြားမင်း၊ ရူပါရုံ၊ သဒ္ဒါရုံစသော အာရုံခြောက်ပါးရှိသည့်အနက် ယင်းအာရုံအသီးသီးတွင် မှီဝဲအပ်သောအာရုံ၊ မမှီဝဲအပ်သောအာရုံဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။ အကြင်အာရုံကို မှီဝဲသောသူအား အကုသိုလ်တရား တို့ကို တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်၏။ ထိုအာရုံကို မမှီဝဲအပ်။ အကြင် အာရုံကို မှီဝဲသောသူအား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွား၏။ ထိုအာရုံကို မှီဝဲအပ်၏။" (ဒီဃနိကာယ်၊ သက္ကပဉှာသုတ်)

ဥပမာ ဗုဒ္ဓရုပ်ပွားတော်နှင့် လူသေအလောင်းသည် အနုဿတိ (ဆင်ခြင်အောက်မေ့အပ်သော) တရားဆယ်ပါးနှင့်အညီ ကြံစည်သုံးသပ်အပ်သော အာရုံများဖြစ်၏။ သတိပြုရန်မှာ ဆင်ခြင်သုံးသပ်ရာ၌ နည်းလမ်းမှန်ကန်ရန် အရေးကြီး၏။ လူသေအလောင်းကိုကြည့်၍ သေသူသည် မည်သည့်ဘဝသို့ ရောက်ရှိနေလေသနည်းဟု သိလိုသောဆန္ဒ ရှိနေပါက အတိတ်ဘဝနှင့် အနာဂတ်ဘဝကို မစဉ်းစားအပ်ဟူသော ဗုဒ္ဓဩဝါဒနှင့် ဆန့်ကျင်၍ ကုသိုလ်တရား တိုးပွားမည်မဟုတ်ချေ။ မရဏာနုဿတိသည် အနိစ္စနှင့်အနတ္တတရား ပွားများမှုသို့ ဦးတည်ချက်ရှိရပေမည်။ ဗုဒ္ဓ၏ လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်နှင့် တန်ခိုးအာနုဘော်များကို ဆင်ခြင်သုံးသပ်ခြင်းသည်လည်း ဗုဒ္ဓကိုတန်းတန်းစွဲ ကြည်ညို၍ ကဲ့ရဲ့ပြစ်တင်ခြင်းခံရသော ဝက္ကလိရဟန်း၏ ကြည်ညိုမှုနှင့် သဘောလက္ခဏာ မကွာခြားချေ။ "တရားကိုမြင်သောသူသည် ငါဘုရားကိုလည်း မြင်သောသူဖြစ်သည်"ဟု ဗုဒ္ဓက အလေးအနက် မိန့်ကြားခဲ့၏။ ဗုဒ္ဓါနုဿတိပွားများခြင်းဖြင့် ကျွန်ုပ်တို့သည် အထက်ပါ ဗုဒ္ဓစကားကို ကောင်းစွာသိမြင်နားလည်ရန် အားထုတ် သင့်ပေသည်။

အမုန်ဆိုသော် မြင်ကာမတ္တ၊ ကြားကာမတ္တ သိမှတ်ရန်ကိစ္စသည် ပုထုဇဉ်သတ္တဝါတို့ အဖို့ လွယ်ကူသော ကိစ္စမဟုတ်ချေ။ ကာမဂုဏ်နယ်၌ အမြဲသွားလာလှုပ်ရှားနေသော သူတို့သည် အာရုံခြောက်ပါးနှင့် တွေ့ထိသောအခါ အများအားဖြင့် စိတ်ကူးကြံစည်မှု ဝိတက်အကျိုးဆက်ကို ရင်ဆိုင်ကြရမည်သာ ဖြစ်၏။ ထို့ကြောင့် ကုသိုလ်တရားများ ဆုတ်ယုတ်စေ၍ အကုသိုလ်တရားများ တိုးပွားစေမည့် ဝိတက်များမှ ကာကွယ်ရန် အကောင်းဆုံးနည်းမှာ ထိုဝိတက်များ ဖြစ်ပေါ်မှု၏ အကြောင်းရင်းဖြစ်သော အာရုံများကို ရှောင်ကြဉ်ခြင်း ဖြစ်၏။ မည်သည့်အာရုံမျိုးကို ရှောင်ကြဉ်ရမည်ဟူ၍ တထစ်ချ ပုံသေစွဲမှတ်ထားရန် မလိုချေ။ အကြောင်းမူ လူတို့သည် အာရုံအမျိုးအစားကိုလိုက်၍ တစ်ဦးနှင့်တစ်ဦး ခုခံစွမ်းအား ကွာခြားကြ၏။

ဥပမာ ယောကျ်ားတို့အား ကိုယ်ကျင့်တရား ယိုယွင်းပျက်ပြားသည်အထိ စိတ်ဓာတ်ကို ဖျက်ဆီးတတ်သော ကာမအာရုံသုံးခုမှာ အရက်၊ မိန်းမနှင့် ပိုက်ဆံငွေကြေး ဖြစ်၏။ အချို့ယောကျ်ားများသည် ငွေနှင့်အရက်ကို မမက်မောသော်လည်း မိန်းမများ နှင့် နီးနီးကပ်ကပ်နေရလျှင် ဖောက်ပြန်ကြ၏။ အချို့မှာ မိန်းမနှင့်ငွေ၏ ဆွဲဆောင်မှုကို ရှောင်ကြဉ်နိုင်သော်လည်း တစ်ရက်မျှ အရက်မသောက်ဘဲ မနေနိုင်ချေ။ အချို့မှာ အခြား ဘာကိုမျှ စိတ်မဝင်စားဘဲ နည်းမျိုးစုံဖြင့် စီးပွားရှာနေသောသူများ ဖြစ်ကြ၏။ ဤသို့ဖြင့် ကာမနယ်၌ မိမိ၏ အားနည်းပျော့ညံ့သော သဘာဝစရိုက်ကို သိရှိသော သူသည် ဆိုင်ရာကာမအာရုံကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်းဖြင့် သမာဓိတည်ဆောက် ရပေမည်။

ဤနေရာ၌ မိန်းမများနှင့် မည်သို့ဆက်ဆံရပါမည်နည်းဟု မေးလျှောက်သော အရှင်အာနန္ဒာအား ပရိနိဗ္ဗာန် စံဝင်တော်မူခါနီး၌ ဗုဒ္ဓမိန့်ကြားသောစကား (စာ-၅၇) ကို သတိပြုသင့်၏။ အရှင်အာနန္ဒာအား ဟောကြားရာ၌ ဗုဒ္ဓသည် အသုဘကမ္မဋ္ဌာန်းပွား များရမည်ဟု မဆို။ မိန်းမများနှင့် နီးစပ်မှု၏ အပြစ်အန္တရာယ်များကိုလည်း မညွှန်ပြ ချေ။ သာသနာ အရှည်တည်တံ့ရန်အတွက် မိန်းမများ၏ အရေးပါပုံနှင့် ရဟန်းသံဃာ သည် မိန်းမများနှင့် မကင်းနိုင်ပုံကို သိတော်မူပြီးဖြစ်၏။ သို့ရာတွင် အရှင်အာနန္ဒာမှာ ရဟန္တာမဖြစ်သေးဘဲ မိန်းမများနှင့် ခင်မင်ရင်းနှီးသောသူ ဖြစ်၏။ ဘိက္ခုနီမတစ်ဦးကမူ အရှင်အာနန္ဒာအား ထိခိုက်သောစကား ပြောသည်ဆို၍ အရှင်မဟာကဿပကို မကျေ မနပ် ဖြစ်ခဲ့ဖူး၏။ သို့ဖြစ်၍ မိန်းမများကို တတ်နိုင်သမျှ ရှောင်ကြဉ်ရမည်ဟူသော ဗုဒ္ဓ စကားမှာ အရှင်အာနန္ဒာအား အထူးရည်ရွယ်၍ မိန့်ကြားသော ဩဝါဒစကား ဖြစ်တန် ရာ၏။

မကောင်းသော ဝိတက်တို့ကို ပယ်သတ်ရန် အခြားနည်းလမ်းများကို ပိဋကတ်စာပေ ၌ ပြဆိုထား၏။ "လောဘ၊ ဒေါသ၊ မောဟပွားများ၍ ဝိတက်တို့ဖြစ်လျှင် ကုသိုလ်

နှင့်ယှဉ်သော တစ်ပါးသောအကြောင်းကို နှလုံးသွင်းအပ်၏။ ဝိတက်တို့၏အပြစ်ကို ဆင်ခြင်အပ်၏။ ဝိတက်တို့ကို နှလုံးမသွင်းဘဲ နေရာ၏။ ဝိတက်တို့ ပြုပြင်စီရင်တတ်သော အကြောင်း၏တည်ရာကို နှလုံးသွင်းရာ၏။ အထက်သွားဖြင့် အောက်သွားကိုကြိတ်၍ လျှာဖြင့် အာစောက်ကိုထိပြီးလျှင် ကုသိုလ်စိတ်ဖြင့် အကုသိုလ်စိတ်ကို နှိပ်အပ်၏။" (မဇ္ဈိမနိကာယ်၊ ဝိတက္ကသဏ္ဌာနသုတ်)

အထက်ပါ ဗုဒ္ဓဒေသနာအရ အကုသိုလ်တရား ဖြစ်ပွားစေသော ဝိတတ်များကို ကုသိုလ်စိတ်ဖြင့် ခုခံတိုက်ဖျက်ရန် လိုအပ်၏။ ကုသိုလ်စိတ်က ပိုမိုအားကောင်းသောအခါ ဝိတက်များ ကြာရှည်လွှမ်းမိုးမနေနိုင်ချေ။ ဗုဒ္ဓလက်ထက်က အရှင်ဝင်္ဂီသမည်သော မထင်ရှားသော ကျောင်းစောင့်ရဟန်းငယ် တစ်ပါးရှိ၏။ ထိုရဟန်းသည် လှပစွာဝတ်စားဆင်ယင်၍ ကျောင်းသို့လာသော မိန်းမများကိုမြင်သောကြောင့် ကာမဝိတက်ဖိစီးနှိပ်စက်၍ ရဟန်းဘဝ၌ မပျော်မွေ့ဘဲ စိတ်ဖောက်ပြန်ငြီးငွေ့၏။ သို့ရာတွင် အရှင်ဝင်္ဂီသသည် မိမိ၏အပြစ်ကို သိမြင်၍ မိမိစိတ်ကို ဆုံးမ၏။ ဗုဒ္ဓ၏တရားကို ကြားနာနေစဉ် မိမိ၏ ပဋိဘာန်ဉာဏ်မှ ရုတ်ခြည်းထွက်ပေါ်လာသော ဂါထာများကို ဗုဒ္ဓ၏ ခွင့်ပြုချက်ဖြင့်ရွတ်ဆို၍ ဗုဒ္ဓ၏မိန့်ကြားချက်ကို ချီးကျူးထောက်ခံလေ့ရှိ၏။ ဤသို့ဖြင့် ကုသိုလ်တရားပွားများရင်း နောက်ဆုံး၌ အရဟတ္တဖိုလ်၌တည်၍ ရဟန္တာဖြစ်သွား၏။ အရှင်ဝင်္ဂီသ၏ ဂါထာအများကို သဂါထာဝဂ္ဂ၊ ဝင်္ဂီသသံယုတ်၌ ဖော်ပြထား၏။

ဗုဒ္ဓလမ်းစဉ်၌ သမာဓိတည်ဆောက်မှုသည် အကုသိုလ်စိတ်ကို ကုသိုလ်စိတ်က အနိုင်ရရှိစေရန် အားထုတ်မှုဖြစ်၏။ သီလတရားကဲ့သို့ပင် သမာဓိတရား ပွားများအားထုတ်မှုသည် ပုဂ္ဂိုလ်သတ္တဝါနှင့် သမာဓိ အမျိုးအစားကိုလိုက်၍ အတိုင်းအတာကွဲပြားခြားနား၏။ အချို့ပုဂ္ဂိုလ်များမှာ အပေါင်းအဖော် နည်းပါးခြင်း၊ သို့မဟုတ် ဘဝအခြေအနေပြီးပြည့်စုံခြင်းကြောင့် လောဘ၊ ဒေါသ၊ ဗျာပါဒစသော အကုသိုလ်တရားနည်းပါး၍ များစွာအားမထုတ်ရဘဲ သူတို့ရရှိသော သမာဓိသည် သာမန်သမာဓိဖြစ်၏။ အချို့ပုဂ္ဂိုလ်တို့၏ သမာဓိမှာ ထိုသို့မဟုတ်။ သာယာစိုပြည်မှုမရှိသော ဘဝခရီးလမ်းကို လျှောက်ရင်း အကုသိုလ်တရားများကို အားထုတ်နှိမ်နင်းခြင်းဖြင့် ရရှိသော အမာခံသမာဓိဖြစ်၏။

အမာခံသမာဓိသည် သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သတိစသော ကုသိုလ်တရားတို့ဖြင့် ဖွဲ့စည်းထားသော တရားဖြစ်၏။ တစ်နည်းဆိုသော် ရတနာသုံးပါးကို ယုံကြည်မှု, မိမိ၏ ဂုဏ်သိက္ခာကို လေးစားမှု, သူတော်ကောင်းတရားကို မြတ်နိုးမှု (သဒ္ဓါ)၊ စဉ်းစားဆင်ခြင်မှု, သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းမှု, မှန်ကန်သော အမြင်ရှိမှု (ပညာ) လှုပ်ရှားတက်ကြွမှု, ခွဲမာန်ရှိမှု (ဝီရိယ)၊ မမေ့လျော့မှု, နိုးကြားမှု, စိတ်မပျံ့လွင့်မှု (သတိ) စသော ကုသိုလ်တရားများသည် သမာဓိတရား၏ လုပ်ငန်းကိစ္စကို

အထောက်အကူ ပြုကြ၏။ သို့ရာတွင် သမာဓိလုပ်ငန်း အောင်မြင်မှု၏ အဓိကသော့ချက်မှာ သတိရှိမှုဖြစ်၏။ ဤအချက်ကို ဥပမာတစ်ခုဆောင်၍ ရှင်းပြပါအံ့။

လူတစ်ယောက်သည် ရုပ်ရှင်သွားကြည့်ရလျှင် ကောင်းမည်လော၊ သို့မဟုတ် အိမ်၌ စာဖတ်နေရလျှင် ကောင်းမည်လောဟု စိတ်နှစ်ခွဖြစ်နေ၍ မိမိပြုလိုသော အမှုနှစ်ခုစလုံးကို ကြာရှည်စဉ်းစားနေပါက ပို၍အားကောင်းသော အလိုဆန္ဒနောက်သို့ လိုက်ပါသွားရန် အလားအလာများ၏။ ချီတုံချတုံ ဖြစ်မနေဘဲ တစ်ခုကိုသာ စွဲမြဲစွာ သတိကပ်ထားပါက ထိုအလိုဆန္ဒသည် ကနဦးက အားနည်းနေစေကာမူ နောက်ဆုံး၌ အားကောင်း၍ အနိုင်ရရှိသွားမည် မုချဖြစ်၏။ သူတစ်ပါး၏ငွေကို အလွဲသုံးစားပြုရန် အခွင့်အလမ်းရရှိနေသောသူသည် နောင်ထိုအခွင့်ကောင်းမျိုး ကြုံကြိုက်ရန် ခဲယဉ်းပုံ၊ မိမိမှာ အရေးကြီးသော ကိုယ်ရေးကိစ္စအတွက် ငွေလိုနေပုံ၊ မိမိ အလွဲသုံးစားပြုခြင်းကို မည်သူမျှ မသိနိုင်ပုံ၊ လူတိုင်းလိုလို အကျင့်ပျက်ပြားနေသော ဤခေတ်ထဲ၌ မိမိတစ်ဦးတည်းက ရိုးသားနေခြင်းဖြင့် ဘာမျှအရာမရောက်ပုံ စသည်များကိုသာ တွေးတော၍ တဏှာလောဘ၏နောက်သို့ လိုက်ပါသွားတတ်၏။ အကယ်၍ ထိုသို့ မတွေးတောဘဲ မိမိ၏ ဂုဏ်သိက္ခာကို စောင့်ရှောက်ရန် လိုအပ်ပုံ၊ သူတစ်ပါး ဆုံးရှုံးနစ်နာမည့်အမှုကို မိမိက ကိုယ်ချင်းစာနာ၍ မလုပ်သင့်ပုံ၊ နောက်မှ နောင်တရ၍ နှလုံးပူပန်ခြင်း ဖြစ်စေမည့် မကောင်းမှုကို ရှောင်ကြည်သင့်ပုံ၊ မည်သူတရားပျက်ပျက် မိမိက တရားမပျက်ရန် အရေးကြီးပုံစသော အတွေးအခေါ်များ၌ မြဲမြဲစွာ စိတ်စူးစိုက် ထားပါမူကား နောက်ဆုံး၌ အကုသိုလ်စိတ်များကို အောင်မြင်စွာ တွန်းလှန်နိုင်မည် အမှန်ဖြစ်၏။

အကုသိုလ်တရား ပွားများစေသော ဝိတက်များကိုပယ်ရန် တစ်ခုသောနည်းမှာ တိကျပြတ်သားသော ဆုံးဖြတ်ချက်တစ်ခု ချမှတ်၍ ထိုဆုံးဖြတ်ချက်နှင့်အညီ အလျင်အမြန်၊ မဆိုင်းမတွ ပြုလုပ်ခြင်းဖြစ်၏။ ဥပမာ အစိုးရငွေကို အလွဲသုံးစားပြုရန် အခွင့်အလမ်း ရရှိနေသော ရုံးဝန်ထမ်းသည် သို့လောသို့လော တွေးတောမနေဘဲ ချက်ချင်းရုံးမှ ခွင့်ရက်ရှည်ယူလိုက်ခြင်းဖြင့် ဝိတက်များ၏ ဖိအားပေးမှုမှ အတော်အတန် သက်သာရာ ရရှိပေမည်။ သို့ရာတွင် ထိုသို့ တိကျပြတ်သားစွာ လုပ်ကိုင်ရန်မှာ အခါခပ်သိမ်း လူတိုင်းအဖို့ လွယ်ကူသည်မဟုတ်ချေ။ သမာဓိတည်ဆောက်ရာ၌ ကုသိုလ်တရားတို့တွင် မြဲမြဲစွာ စိတ်စူးစိုက်ထားရန်သာလျှင် အထူးအားထုတ်ရပေမည်။ ထိုအားထုတ်မှုမှာ ကာယစွမ်းအားမဟုတ်ဘဲ စိတ်စွမ်းအား စိုက်ထုတ်မှုဖြစ်၍ သာမန်ဝီရိယမျိုး မဟုတ်ချေ။

"ဘုရားရှင်၏ သာသနာ၌ ဖင့်ဖင့်နှေးနှေး၊ လေးလေးကန်ကန် မဟုတ်ဘဲ ဖြန်းခနဲထ ခြင်းဟု ဆိုအပ်သော အာရဒ္ဓဝီရိယ၊ စွဲစွဲမြဲမြဲ အသည်းကြီးသော သဏ္ဌမဝီရိယဖြင့် အားထုတ်ကြကုန်။ ဆင်ပြောင်ကြီးသည် ဝါးတဲကလေးကို မွန့်မွန့်ညက်ညက် ဖျက်ဆီးသကဲ့သို့ ကိုယ်တွင်း ကိလေသာရန်သူတို့ကို နှိမ်နင်းဖျက်ဆီးကြလေကုန်။" (သံယုတ္တနိကာယ်၊ ဗြဟ္မသံယုတ်၊ အဘိဘူထေရသုတ်)

သမာဓိတရား ပွားများမှုပြီးမြောက်ရန် သတိရှိမှုအပြင် သဒ္ဓါ၊ ပညာ၊ ဝီရိယ စသော အခြားတရားများ နှင့် ပြည့်စုံရန်လိုအပ်၏။ သို့ရာတွင် သတိရှိမှုသည် သမာဓိတရား၏ အထူးထင်ရှားသော လက္ခဏာအင်္ဂါဖြစ်သောကြောင့် ရေးပါဠိစာပေပညာရှင်များက 'သမာဓိ'ကို စိတ်တည်ငြိမ်မှု၊ စိတ်စူးစိုက်မှုဟု ပြန်ဆိုခဲ့ကြခြင်းဖြစ်ပေလိမ့်မည်။[၁]

(ဃ) ဝိပဿနာ၏ လက္ခဏာခြင်းရာ

သမာဓိက္ခန္ဓာ၌ ပါဝင်သော ဈာန်တရားသည် အိန္ဒိယပြည်၌ ဗုဒ္ဓမပေါ်မီက ရှိခဲ့ပြီးဖြစ်၏။ ဇာတ်နိပါတ်ဝတ္ထုများ၌ ရှေးပဝေသဏီက ဈာန်တရားအားထုတ်သော ရသေ့ရဟန်းများအကြောင်း ပါရှိ၏။ ဗြဟ္မဇာလသုတ်၌ ဈာန်တရားကို ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ အဖြစ်ဖြင့် ပြဆိုထား၏။ အချို့သော ရဟန်းပုဏ္ဏားတို့က ဈာန်တရားကို လောကနိဗ္ဗာန်ဖြစ်ကြောင်း ယုံကြည်ကြသည်ဆို၏။ ဈာန်တရားသည် ကိုယ်တိုင်အားထုတ်မှ သိရှိအပ်သော တရားဖြစ်၍ ထိုသို့အားမထုတ်ဘဲ ၎င်းအကြောင်း ကြံစည်တွေးတောခြင်းသည် အချည်းနှီးဖြစ်၏။

မစ္စက်ရိုင်းစ်ဒေးဗစ် က ဗုဒ္ဓဝါဒ၌ ဈာန်ဝင်စားခြင်း၏ ရည်ရွယ်ချက်မှာ တမလွန်လောကမှ နတ်ဗြဟ္မာများနှင့် ဆက်သွယ်၍ တန်ခိုးဣဒ္ဓိရရှိရန် ဖြစ်သည်ဆို၏။ နတ်ဗြဟ္မာနှင့် တန်ခိုးဣဒ္ဓိများကို အထူးအလေးမထားသော ဗုဒ္ဓဝါဒ၌ ယင်းတို့သည် ဈာန်တရား၏ ပဓာန ရည်မှန်းချက်မဖြစ်နိုင်ချေ။ သုတ္တန်ဒေသနာများ၌ တန်ခိုးဣဒ္ဓိများကို ပထမဈာန်လေးပါး၏ နောက်မှကပ်၍ ပြဆိုထား၏။ သို့ရာတွင် ဈာန်တရား၏ ပန်းတိုင်ဖြစ်သောကြောင့် မဟုတ်ဘဲ ဈာန်တရားအားထုတ်ရာမှ ရရှိအပ်သော သမ္ပယုတ် အကျိုးတရားအဖြစ် ပြဆိုထားခြင်းဖြစ်၏။

သုတ္တန်ပိဋကတ်လာ တန်ခိုးဣဒ္ဓိ အကြောင်းအရာများသည် ယခုခေတ်လူတို့အဖို့ ယုံတမ်းစကားမျှသာ ဖြစ်နေပေလိမ့်မည်။ သို့ရာတွင် ရုပ်ဝါဒစွဲမရှိသော သူတို့အဖို့မူ များစွာ မဆန်းလှချေ။ အနောက်တိုင်း စိတ်ဝိဉာဉ် သုတေသီပညာရှင်တို့၏ စူးစမ်းလေ့လာချက်အရ ယခုခေတ်၌ သိပ္ပံပညာဖြင့် ဖြေရှင်း၍မရအပ်သော အံ့ဖွယ်သရဲအမှုများကို အချို့လူများ ပြုလုပ် ပြသနိုင်ကြောင်း ခိုင်မာသော အထောက်အထားများရှိ၏။ တိဗက်ယောဂီများ၏ ဈာန်အဘိဉာဉ်များအကြောင်းကို သူတို့နိုင်ငံရောက် ဥရောပဗုဒ္ဓရဟန်းတစ်ပါး၏ စာအုပ်[၂]၌ ဖတ်ရှုရ၏။ တန်ခိုးဣဒ္ဓိသည် သမာဓိနှင့်

၁။ အနောက်တိုင်း ပါဠိပညာရှင်များကလည်း သမာဓိကို **tranquillity, concentration** = စိတ်တည်ငြိမ်မှု၊ စိတ်စူးစိုက်မှုဟု ပြန်ဆိုကြ၏။ ဗုဒ္ဓဝါဒကို လေ့လာခဲ့ဟန်မတူသော နာမည်ကျော် အမေရိကန် စိတ်ပညာရှင်တစ်ဦးက မကောင်းသောစိတ်များကိုပယ်ရန် အားထုတ်ရာ၌ စိတ်စူးစိုက်မှု (သမ္မာသတိ) ရရှိရန် အရေးကြီးပုံကို သူ၏ စာအုပ်၌ အကျယ်ရေးသားထား၏။ **William James: Psychology - Briefer Courses, pp. 444-50**

၂။ **H.U.Rieker: The Secret of Meditation, pp. 164**

ဈာန်တရား အားထုတ်ခြင်းဖြင့် ရရှိအပ်သော စိတ်စွမ်းအင် ဖြစ်သည်ဆိုသော်လည်း ဒေဝဒတ်သည် သီလမစင်ကြယ်ဘဲ တန်ခိုးအဘိညာဉ်ရရှိကြောင်း အဋ္ဌကထာများ၌ ပြဆိုထား၏။ စိတ်ဝိညာဉ် သုတေသနမှတ်တမ်းများ၌ ဖော်ပြထားသော ယခုခေတ် ဣဒ္ဓိရှင်များသည် သီလ သမာဓိ တရားအားမထုတ်ဘဲ အံ့ဖွယ်သရဲပြုလုပ်ပြသနိုင်သော သူများဖြစ်၏။ ဗုဒ္ဓစာပေ၌ အရိယာပုဂ္ဂိုလ်တိုင်း တန်ခိုးအဘိညာဉ်ရရှိသည်ဟုမဆို။ အရှင်မောဂ္ဂလန် စသော အချို့မထေရ်များကိုသာ ဈာန်အဘိညာဉ်အရာ၌ ထူးခြားသော ပုဂ္ဂိုလ်များအဖြစ် ဖော်ပြထား၏။

မည်သို့ဖြစ်စေ တန်ခိုးအဘိညာဉ်သည်လည်းကောင်း၊ ဈာန်တရားသည်လည်းကောင်း ဗုဒ္ဓလမ်းစဉ်၌ အရေးပါသော တရားများ မဟုတ်ချေ။ စင်စစ် ဗုဒ္ဓသည် တန်ခိုးပြာဋိဟာပြမှုကို ကဲ့ရဲ့ရှုတ်ချကြောင်း 'ဗုဒ္ဓကိုးကွယ်မှု' အခန်း၌ ဆိုင်ရာဗုဒ္ဓဒေသနာကို ထောက်ပြပါအံ့။ ဗုဒ္ဓကျင့်စဉ်၏ နောက်ဆုံးအဆင့်မှာ ဝိပဿနာလုပ်ငန်းဖြစ်၍ ဗုဒ္ဓသည် မဂ်ဖိုလ်နိဗ္ဗာန် မျှော်မှန်းသောပုဂ္ဂိုလ်တို့အား ဈာန်တရား၌ သာယာမနေဘဲ ဝိပဿနာ တရားကို အားထုတ်ရန် အလေးအနက် ညွှန်ကြားတော်မူခဲ့၏။

ဝိပဿနာတရားသည် ဈာန်တရားကဲ့သို့ပင် ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ သိအပ်သော တရားဖြစ်၏။ ယနေ့ မြန်မာနိုင်ငံ၌ ဝိပဿနာလုပ်ငန်းနှင့် ပတ်သက်သော တရားရိပ်သာများ၊ နည်းပြဆရာများနှင့် ကျမ်းစာအုပ်များ ပေါများလှ၏။ သို့ဖြစ်၍ စာဖတ်သူများ သိရှိပြီးဖြစ်သော ဝိပဿနာတရား အားထုတ်နည်းကို မရေးသားဘဲ ဝိပဿနာတရား၏ အဓိက သဘောလက္ခဏာများကို အနောက်နိုင်ငံ အသိပညာရှင်တို့၏ လေ့လာသိရှိရချက်များ၊ ထင်မြင်ချက်များနှင့် ဆက်စပ်ဖော်ပြပါအံ့။

ယခု ရေးသားမည့်အကြောင်းအရာများ စဉ်းစားဆင်ခြင်ဖွယ်ရာများကို ယေဘုယျ အားဖြင့် ဝိပဿနာတရားသမားများက စိတ်ဝင်စားကြမည် မဟုတ်ချေ။ အဘယ်ကြောင့် ဆိုသော် ဝိပဿနာတရားအားထုတ်ရာ၌ ဗုဒ္ဓစာပေကျမ်းဂန်များ လေ့လာဖတ်ရှုထားရန် မလို၊ ဆင်ခြင်သုံးသပ်ရန်လည်းမလိုဘဲ နည်းပြဆရာ ညွှန်ကြားသည့်အတိုင်း တိတိကျကျ လိုက်နာပြုလုပ်ရန်သာ အရေးကြီးသည်ဟု လူအများ စွဲမှတ်ထားကြ၏။ တရားအား ထုတ်မည့် ယောဂီသည် အသိဉာဏ်နနယ်၍ ကမ္မဋ္ဌာန်းဆရာသည် ယုံကြည်စိတ်ချရ သော ဆရာဖြစ်ပါက ထိုထင်မြင်ချက် မှန်ကောင်းမှန်ပေမည်။ သို့ရာတွင် ဝိပဿနာ ကျင့်စဉ်နှင့် စပ်လျဉ်း၍ သူတစ်မျိုး၊ ငါတစ်ဖုံ နည်းမျိုးစုံလျက် အမှားအမှန် စိစစ်ရွေး ချယ်ရန် လိုအပ်သော ယခုခေတ်၌ ပိဋကတ်စာပေဗဟုသုတ အသင့်အတင့်ရှိရန် အရေးကြီး၏။ စာပေဗဟုသုတမရှိမှုကြောင့် အချို့သော ယောဂီတို့ လမ်းမှားနေကြခြင်းမှာ မျက်မြင် အထင်အရှားဖြစ်၏။

ဥပမာ သီလသမာဓိတရားသည် ဝိပဿနာလုပ်ငန်း၏ အခြေခံဖြစ်ကြောင်း လူတို့ သိရှိနားလည်ပါက ယခုခေတ်၌ သီလသမာဓိမရှိသော ဝိပဿနာ ဆရာတု ဆရာယောင်များ ပေါ်ပေါက်လာနိုင်မည် မဟုတ်ချေ။ အချို့ယောဂီတို့သည် သမာဓိ

တရားမှာ အာရုံတစ်ခု၌ စိတ်စူးစိုက်ထားမှုမျှသာ ဖြစ်သည်ဟု ထင်မှတ်၍ သမာဓိကမ္မဋ္ဌာန်း၏ ကျယ်ပြန့်နက်နဲမှုကို မသိကြချေ။

ဗောဓိမင်ခုနစ်ပါး၌ ပါဝင်သော ဓမ္မဝိစယ သမ္ဗောဇ္ဈင်သည် တရားဓမ္မကို စူးစမ်းလေ့လာခြင်း ဖြစ်၏။ "ငါ့ရှင်ကောဋ္ဌိက၊ သမ္မာဒိဋ္ဌိသည် သီလသုတ (တရားကြားနာမှု)၊ သာကစ္ဆာ (ဆွေးနွေးမှု)၊ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းတို့ဖြင့် ချီးမြှောက် အပ်သည်ရှိသော် စေတောဝိမုတ္တိဟူသော အကျိုး ပညာဝိမုတ္တိဟူသော အကျိုးအာနိသင် ရှိ၏။ (မဇ္ဈိမနိကာယ်၊ မဟာဝေဒလ္လသုတ်)

"ရဟန်းသည် ယုံကြည်မှု သဒ္ဓါတရားဖြစ်သည်ရှိသော် တရားကို ကြားနာ၏။ တရားကိုဆောင်၍ တရားတို့၏ အနက်သဘောကို စုံစမ်းဆင်ခြင်၏။ ထို့နောက် အလိုဆန္ဒ ဖြစ်ပေါ်၍ နှိုင်းယှဉ်ချိန်စက်ပြီးသော် ကျင့်ကြံအားထုတ်၏။ အထူးအားထုတ် အပ်သည်ရှိသော် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ထိုးထွင်းသိမြင်၏။ အို – ဘာရဒွါဇ၊ တရားအားထုတ်သောသူအား နှိုင်းယှဉ်ချိန်စက်ခြင်းသည် များသော ကျေးဇူးရှိ၏။" (မဇ္ဈိမနိကာယ်၊ စင်္ကီသုတ်)

ဆင်ခြင်သုံးသပ်မှုသည် ဝိပဿနာတရား အားမထုတ်မီ ပြုလုပ်ရ၍ တရားအား ထုတ်နေသောအခါ၌ ပယ်ရမည်ဖြစ်၏။ တရားအားထုတ်နေစဉ် ယောဂီအဖို့ ဆင်ခြင် သုံးသပ်မှုသည် ဝိပဿနာလုပ်ငန်း၏ အန္တရာယ်ဖြစ်၏။ တရားအားထုတ်မှုကို နှောင့် ယှက်ဖျက်ဆီးသော အခြားအရာများကိုလည်း တွေ့ကြုံခံစားရတတ်၏။ ယောဂီသည် အလွန်တောက်ပသော အလင်းရောင်ကြီးကို မြင်ရ၍ အလွန်ထူးခြားသော စိတ်အေးချမ်း သာယာမှုနှင့် ခန္ဓာကိုယ် ကြွတက်လှုပ်ရှားမှု စသည်တို့ကို ခံစားရတတ်၏။ တရားသမား များ၏ အချို့သော ထိုကြုံတွေ့ခံစားရမှုများသည် စိတ်ဝိညာဉ် သုတေသီတို့၏ လေ့လာတွေ့ရှိချက်အရ ရောဂါဝေဒနာကြောင့် အသက်မသေဘဲ မေ့မြောသွား၍ ပြန်လည်သတိရလာသောသူများ သေခါနီးဆဲဆဲ လူနာများနှင့် မူးယစ်ဆေးဝါးမှီဝဲသော သူများ၏ ကိုယ်တွေ့နှင့် အတန်တူညီကြောင်း သိရှိရ၏။[၁]

မည်သို့ဖြစ်စေ တရားသမားများ၏ အထက်ပါ အတွေ့အကြုံများမှာ ဝိပဿနာ လုပ်ငန်း၏ ပန်းတိုင်မဟုတ်။ ယင်းတို့ကို သာယာနှစ်သက်မှု၊ အထင်ကြီးမှုနှင့် အတ္တစွဲ ရှိမှု ဖြစ်စေတတ်၍ ယောဂီသည် စွဲလမ်းမနေဘဲ တရားဆက်လက်အားထုတ်ရမည် ဖြစ်၏။ ဝိပဿနာတရား အားထုတ်မှု၏ ဦးတည်ချက်မှာ ပရမတ္ထတရားကို ထိုးထွင်း သိမြင်ရန်ဖြစ်၍ ထိုဝိပဿနာဉာဏ်အမြင်သည် ကြံစည်သုံးသပ်မှု ဝိတက်ဝိစာရ ဆိတ်သုဉ်းနေသောအခါ၌သာလျှင် ဖြစ်ပေါ်လာလေ့ရှိ၏။ ဤအချက်သည် ဗုဒ္ဓ၏ ဘဝဖြစ်စဉ်၌ ထင်ရှား၏။

ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် နုနယ်ပျိုမျစ်သောအရွယ်ကပင် အိမ်မှု၊

၁။ "သေသည်၏ အခြားမဲ့၌" စတုတ္ထနိပ်ခြင်း၊ နောက်ဆက်တွဲ (၃)

နာမှု၊ သေမှုအကြောင်း ဆင်ခြင်သုံးသပ်ခဲ့ပုံကို 'ဗုဒ္ဓ'အခန်း၌ ပြဆိုခဲ့ပေပြီ။ တောထွက်ပြီးနောက် ဥဒကနှင့် အာဠာရတို့၏တရားကို ဆင်ခြင်သုံးသပ်၍ နိဗ္ဗာန်တရားကို ရှာကြံခဲ့၏။ တရားအားထုတ်ရင်း ဘုရားအလောင်း စဉ်းစားတွေးခေါ်ပုံကို မဇ္ဈိမနိကာယ်၊ မဟာသစ္စကသုတ်၌ ရှည်လျားစွာ ဖော်ပြထား၏။ သို့ရာတွင် ထိုအခါက အမှန်တရားကို မသိမြင်သေးဘဲ အပြင်းအထန် အားထုတ်မှုကို ရပ်စဲ၍ အစာအာဟာရ ပြန်လည်မှီဝဲပြီးနောက် စိတ်သက်သောင့်သက်သာရှိစဉ် (ဝါ) ဝိတက်ဝိစာရကင်းဆိတ်နေသောအခါ၌ သစ္စာလေးပါးကို ထိုးထွင်းသိမြင်တော်မူခဲ့၏။

တစ်ရေးနိုးသော် အကြံပေါ်ဆိုသော မြန်မာစကားသည် ဦးနှောက်အနားယူနေသောအခါ၌ ရှေးက ဖြေရှင်း၍မရသော ပြဿနာ၏ အဖြေထွက်ပေါ်လာတတ်ခြင်းကို ရည်ညွှန်း၏။ အသစ်အဆန်း တီထွင်ဖန်တီးမှု၊ စူးစမ်းရှာဖွေမှုပြု၍ အောင်မြင်ကျော်ကြားနေသော အနုပညာရှင်၊ အတတ်ပညာရှင်နှင့် သိပ္ပံပညာရှင်တို့က သူတို့အလိုရှိသော စိတ်ကူးစိတ်သန်း၊ အကြံဉာဏ်နှင့် အဖြေများသည် စူးစမ်းလေ့လာနေဆဲ ကာလ၌ ပေါ်မလာဘဲ စူးစမ်းမှု ရပ်စဲထားသောခဏ၌ မမျှော်လင့်ဘဲ ပေါ်လာတတ်ပါသည်ဟု ဆိုကြ၏။ ဤနေရာ၌ သတိပြုရန်မှာ သူတို့၏ အောင်မြင်မှုသည် ဉာဏ်ပညာနှင့် မသက်ဆိုင်ပါ ဆိုလိုခြင်းမဟုတ်ချေ။ ဥပမာ သိပ္ပံဆရာသည် ပြဿနာတစ်ခုကို လေ့လာရာ၌ ဆိုင်ရာအချက်အလက်များကို စုဆောင်းခြင်း၊ စိစစ်ခွဲခြားခြင်း၊ လက်တွေ့စမ်းသပ်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်းစသော ဦးနှောက်အလုပ် အတော်များများလုပ်ရ၏။ သို့ရာတွင် ထိုသို့ ဦးနှောက်အလုပ် လုပ်နေစဉ် အဖြေကိုရှာမရဘဲ အလုပ်ရပ်နားသော အခါ၌ တွေ့ရှိရတတ်သည် ဆို၏။[၁]

သုတမယဉာဏ် စိန္တာမယဉာဏ်ဖြင့် သော်လည်းကောင်း အာရုံငါးပါးနှင့် ထိတွေ့မှုဖြင့်သော်လည်းကောင်း ရရှိအပ်သော အသိအမြင်သည် လူသတ္တဝါတို့၏ ဘဝ(ဝါ) ကာမလောက တည်မြဲမှုသို့ ရှေးရှုသော အသိအမြင်ဖြစ်၏။ ပညာရှင်တစ်ဦး၏ အဆိုအားဖြင့် "လူတို့၏ ဦးနှောက်အာရုံ ဒွါရများနှင့် နဗ်ကြောစု[၂]သည် အသက်ရှင်မှုအတွက် လိုအပ်သော လက်နက်များသာလျှင်ဖြစ်၏။ လူတို့သိသော လောကသည် ဘဝတည်မြဲမှုအတွက် ဦးနှောက်ကသိမြင်သော လောကမျှသာဖြစ်၏။ ဥပမာ အသံတစ်မျိုးကိုသာ လူတို့ကြားနိုင်ခြင်းသည်အခြားတုန်နှုန်းများသော သို့မဟုတ် နည်းသောအသံလှိုင်းများကို ကြားခြင်းဖြင့် အကျိုးတစ်စုံတစ်ရာမရှိသောကြောင့်ဖြစ်၏။ လင်းနို့အဖို့မူကား တုန်နှုန်းများသော အသံများသည် အသုံးဝင်၍ ထိုအသံများကို ကြားရ၏။ ...လူတို့၏သိမှုသည် တိရစ္ဆာန်တို့၏ သိမှုကဲ့သို့ပင် ပတ်ဝန်းကျင်လောကကို မခြိုင်မိဘဲ ကိုယ်ချမ်းသာမှုနှင့် ဘဝတည်မြဲမှုနယ်ထဲ၌သာလျှင် ပြီးဆုံးခြင်းဖြစ်တန်ရာ၏။[၃]

---

၁။ "သိပ္ပံနည်း စူးစမ်းမှုနှင့် သိပ္ပံပညာသဘော" အခန်း ၁၆

၂။ **nervous system**

၃။ **John Langdon Davies: On the Nature of Man, pp. 75**

ဝိပဿနာဉာဏ်အမြင်သည်ကား ကာမလောကကို လွန်မြောက်၍ လောကုတ္တရာတရားသို့ ဦးတည်ချက်ရှိ၏။ သိပ္ပံပညာကိုမှ အထင်ကြီးသောသူတို့ကမူ ကြံစည်သုံးသပ်မှု၊ အာရုံ့ဒွါရထိတွေ့မှုကင်း၍ သိပ္ပံနည်းဖြင့် စမ်းသပ်၍မရအပ်သော ဝိပဿနာ ဉာဏ်အမြင်ကို အလေးဂရုပြုလိုကြမည် မဟုတ်ချေ။ သို့ရာတွင် ဗုဒ္ဓတရား၏ ဂုဏ်တော်နှင့်အညီ ဝိပဿနာတရားသည် ပညာရှိပုဂ္ဂိုလ်တို့ အသီးအသီး ကိုယ်စီကိုယ်င သိရှိအပ်သော တရားဖြစ်၏။ ဗုဒ္ဓ၏ အဆိုအားဖြင့် "ပဋိသန္ဓေအားဖြင့် ကန်းသောသူသည် အမည်းအဖြူစသော အဆင်းနှင့် လနေတို့ကို မမြင်ရသဖြင့် ၎င်းတို့မရှိကုန်။ မြင်သောသူလည်း မရှိဟု မဆိုသင့်သကဲ့သို့ ဈာန်မဂ်ဖိုလ်တရားသည်မရှိ။ ထိုတရားကို မျက်မှောက်ပြုသောသူတို့သည်လည်း မရှိဟူ၍ မဆိုသင့်။" (မဇ္ဈိမနိကာယ်၊ သုဘသုတ်)

အမှန်ဆိုသော် ထူးခြားစွာ ကိုးထွင်းသိမြင်သော ဝိပဿနာဉာဏ်[၁] ဟူ၍ ကေန်မုချရှိကြောင်း ကမ္ဘာ့အသိပညာရှင်များက လက်ခံယုံကြည်ကြ၏။ သို့ရာတွင် စာပေ၊ ဂီတ၊ ပန်းချီစသော အနုပညာအရသာကို အချို့လူများသာလျှင် ခံစားနိုင်သကဲ့သို့ ဝိပဿနာအမြင်ကို အချို့ပုဂ္ဂိုလ်များသာလျှင် ရရှိကြ၏။ လူအများ ဖတ်ဖူး၊ တွေ့ဖူးသော စာပိုဒ်၊ သို့မဟုတ် အဖြစ်အပျက်တစ်ခုသည် အချို့ပုဂ္ဂိုလ်များအဖို့ လေးနက်သော အဓိပ္ပာယ်ရှိနေခြင်းမှာ ဝိပဿနာ ဉာဏ်အစွမ်းကြောင့် ဖြစ်၏။ သစ်ပင်ပေါ်မှ သစ်သီးကြွေကျခြင်းသည် ကျွန်ုပ်တို့အဖို့ ဘာမျှမဆန်းသော်လည်း သိပ္ပံဆရာ **အိုင်းစက်နယူတန်**အဖို့[၂] ကမ္ဘာမြေကြီး ဆွဲအားနိယာမတရားကို ရုတ်ခြည်းသိမြင်စေခဲ့၏။ အကြောင်းတရားချုပ်လျှင် အကျိုးတရားချုပ်သည်ဆိုသော စကားသည် အရှင်သာရိပုတ္တရာ အလောင်း ဥပတိဿလုလင်အား သစ္စာလေးပါးတရားကို ထင်းခနဲ သိမြင်စေခဲ့၏။ အီတလီနိုင်ငံသား တက္ကသိုလ်ပါမောက္ခတစ်ဦးသည် ဓမ္မပဒတရားစာအုပ်ကို ပထမအကြိမ်ဖတ်ကာမျှနှင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး ဒုတိယကမ္ဘာစစ်မဖြစ်မီက မြန်မာနိုင်ငံ၌ အလွန်ကြည်ညိုဖွယ်ကောင်းသော ဆရာတော် ဦးလောကနာထ ဖြစ်လာခဲ့ပေသည်။

ကမ္ဘာ့ ဘာသာဝါဒကြီး လေးခုရှိသည့်အနက် ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာများသည် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာကဲ့သို့ ဝိပဿနာတရားအားထုတ်မှုကို အလေးမထားချေ။ သို့ရာတွင် ရှေးအခါမှစ၍ ယနေ့အထိ ဝိပဿနာဉာဏ်ဖြင့် အမှန်တရားကို ထိုးထွင်းသိမြင်ရန် အားထုတ်သော ခရစ်ယာန်နှင့် အစ္စလာမ် (မွတ်ဆလင်) ယောဂီများရှိ၏။ နာမည်ကျော် အမေရိကန် စိတ်ပညာရှင် ဝီလီယံဂျိမ်း(စ်)သည် ခရစ်ယာန်၊ မွတ်စလင်နှင့် ဟိန္ဒူတို့၏ ဝိပဿနာတရားများကို စေ့ငုသေချာစွာ စူးစမ်းလေ့လာခဲ့ရာ သူတို့၏ တရားအားထုတ်မှုသည်လည်း အာရုံများတွေ့ထိမှုနှင့် ကြံစည်သုံးသပ်မှုကင်းသော အားထုတ်မှုဖြစ်ကြောင်း သိရှိရ၏။ အခြားတူညီသော လက္ခဏာအင်္ဂါများမှာ

---

၁။ **cosmic consciousness, subliminal self, intuition.**

၂။ **Issac Newton**

အောက်ပါအတိုင်းဖြစ်၏။

(၁) ယောဂီသည် မိမိ၏ကိုယ်တွေ့ကို သူတစ်ပါးအား ခရေစေ့တွင်းကျ ပြောမပြနိုင်ချေ။ ဝိပဿနာဉာဏ်အမြင်ရသော ခဏ၌ စိတ်သည် အထူးကြည်လင်ပါသည်၊ ငြိမ်းချမ်းပါသည် စသည်ဖြင့် သာမညပြောသော်လည်း မည်သို့မည်ပုံ စိတ်ကြည်လင်အေးချမ်းကြောင်း ပြောမပြနိုင်ချေ။ တစ်နည်းဆိုသော် သရက်သီးစားဖူးသောသူက လုံးဝမစားဖူးသောသူအား သရက်သီး မည်သို့ချိုသည်ကို ပြောမပြနိုင်သကဲ့သို့ ဖြစ်၏။ ဝိပဿနာတရား၏ အနှစ်သာရကို ကိုယ်တိုင်အားထုတ်မှ သိနိုင်ပေမည်။

(၂) ယောဂီ၏ ကိုယ်တွေ့သည် ဝေဒနာခံစားမှု မကင်းသော်လည်း အသိပညာနှင့် ယှဉ်သော ကိုယ်တွေ့ဖြစ်၏။ ယောဂီထိုးထွင်းသိမြင်သော တရားများသည် အဓိပ္ပာယ်လေးနက်၍ စိတ်ထဲ၌ စွဲကျန်ရစ်၏။

(၃) မဂ်စိတ်သည် ကြာရှည်မတည်တံ့ဘဲ အလွန်ဆုံး တစ်နာရီ၊ နှစ်နာရီအတွင်း ပျောက်ကွယ်သွား၏။

(၄) ဉာဏ်အမြင်ရရှိနေသော အခိုက်၌ ယောဂီသည် သတိကင်း၍ မေ့မြောနေသောသူနှင့် ဆင်ဆင်တူ၏။[၁]

ပထမနှင့် ဒုတိယလက္ခဏာများသည် ဗုဒ္ဓဝိပဿနာ၌ အကျုံးဝင်ကြောင်း ဗုဒ္ဓဝါဒီတို့ သိရှိပြီးဖြစ်၏။ တတိယလက္ခဏာနှင့် စပ်လျဉ်း၍မူ ဗုဒ္ဓဝိပဿနာ၌လည်း မဂ်စိတ်သည် ခဏမျှသာဖြစ်၏။ သို့ရာတွင် နိရောဓသမာပတ်ကို ခုနစ်ရက်အထိ ဝင်စားနိုင်သည်ဟု ပိဋကတ်စာပေ၌ ပြဆိုထား၏။ စတုတ္ထလက္ခဏာကိုလည်း ဗုဒ္ဓဝိပဿနာ၌ တွေ့ရ၏။ ဈာန်သမာပတ် ဝင်စားနေသော ရဟန်းသည် အပေါ်ယံအမြင်အားဖြင့် အိပ်မွေ့ချထားသော သို့မဟုတ် မေ့ဆေးပေးထားသောသူနှင့် များစွာခြားနားမည်မဟုတ်ချေ။

နိရောဓသမာပတ် ဝင်စားနေသော ရဟန်းသည် သူသေနှင့် မည်သို့ခြားနားပါသနည်းဟု အရှင်ကောဋ္ဌိက က အရှင်သာရိပုတ္တရာအား မေး၏။ ထိုရဟန်းနှင့် သူသေတို့၌ ထွက်သက်ဝင်သက်ဟု ဆိုအပ်သော ကာယသင်္ခါရ, ဝိတက်ဝိစာရဟု ဆိုအပ်သော ဝစီသင်္ခါရနှင့် သညာဝေဒနာဟု ဆိုအပ်သော စိတ္တသင်္ခါရတို့သည် ချုပ်ငြိမ်း၏။ သို့ရာတွင် သူသေ၌ ကိုယ်စောင့်ဓာတ်မီးသည် ငြိမ်း၍ ဇီဝိတိန္ဒြေသည် ကုန်ပြီးလျှင် ဣန္ဒြေတို့သည် ပျက်စီး၏။ ရဟန်း၌ကား ကိုယ်စောင့်ဓာတ်မီးသည် မငြိမ်း၊ ဇီဝိတိန္ဒြေသည် မကုန်ဘဲ ဣန္ဒြေတို့သည် ကြည်လင်သည်ဟု အရှင်သာရိပုတ္တရာက မိန့်ကြား၏။ (မဇ္ဈိမနိကာယ်၊ မဟာဝေဒလ္လသုတ်)

ဗုဒ္ဓလမ်းစဉ်၌ ဝိပဿနာဉာဏ်ဖြင့် ယောဂီထိုးထွင်းသိမြင်သော တရားသည်

---

၁။ **William James: Varieties of Religious Experience, pp. 292-94**

အနတ္တတရားဖြစ်ကြောင်း ယုံမှားစရာမရှိချေ။ ထိုသိမြင်မှုသည် သုတမယဉာဏ်၊ စိန္တာမယဉာဏ်ဖြင့် သိမြင်မှုနှင့်မတူဘဲ ကျယ်ပြန့်နက်ရှိုင်းကြောင်း အောက်ပါပိဋကတ် ဒေသနာများ၌ သိသာထင်ရှား၏။

အရှင်အာနန္ဒာက "ငါ့ရှင်သာရိပုတ္တရာ၊ အရှင်၏ဣန္ဒြေတို့သည် ကြည်လင်ဖွယ် ရှိကုန်၏။ မျက်နှာ၏အဆင်းသည် စင်ကြယ်၏။ ပြုံးပြုံးပြက်ရှိ၏။ အရှင်သည် ယခု အဘယ်သို့သောနေခြင်းဖြင့် နေပါသနည်း"ဟု မေး၏။ ထိုအခါ အရှင်သာရိပုတ္တရာက "ငါသည် ကာမစသော အကုသိုလ်တရား၊ ဝိတက်ဝိစာရနှင့်တကွဖြစ်သော နီဝရဏ တရားတို့မှ ဆိတ်ကင်း၍ ပီတိသုခရှိသော ပထမဈာန်ကို ဝင်စား၍နေ၏။ ထို ငါ့အား ငါသည် ပထမဈာန်ကိုဝင်စား၏ ဟူ၍လည်းကောင်း၊ ငါသည် ပထမဈာန်သို့ရောက်၏ ဟူ၍လည်းကောင်း၊ ငါသည် ပထမဈာန်မှထ၏ ဟူ၍လည်းကောင်း ဤသို့သော အကြံ သည်မဖြစ်"ဟုဖြေ၏။ (သာရိပုတ္တသံယုတ် ပထမဈာနသုတ်)

"သညာဝေဒနာတို့၏ ချုပ်ရာဖြစ်သော နိရောဓသမာပတ်ကို ဝင်စားသော ရဟန်းအား ငါသည် နိရောဓသမာပတ်ကို ဝင်စားအံ့ဟူ၍လည်းကောင်း၊ နိရောဓ သမာပတ်သို့ရောက်၏ ဟူ၍လည်းကောင်း၊ နိရောဓသမာပတ်မှထ၏ ဟူ၍လည်းကောင်း စိတ်သည်မဖြစ်။" (မဇ္ဈိမနိကာယ်၊ မဟာဝေဒလ္လသုတ်)

ခေမ မထေရ်နှင့် သုမဏမထေရ်တို့က "အရှင်ဘုရား၊ ဘဝသံယောဇဉ်ကုန်ပြီး သော ရဟန္တာပုဂ္ဂိုလ်အား ငါသည် သူတစ်ပါးထက်မြက်၏ဟူသော သေယျမာန်သည်လည်း ကောင်း၊ ငါသည် သူတစ်ပါးနှင့်တူ၏ဟူသော သဒိသမာန်သည်လည်းကောင်း ငါသည် သူတပါးအောက် ယုတ်နိမ့်၏ဟူသော ဟီနမာန်သည်လည်းကောင်း မဖြစ်ပါ"ဟု လျှောက်ကြ၏။ ထိုအခါ ဗုဒ္ဓက "ရဟန်းတို့၊ ဤသို့လျှင် အမျိုးကောင်းသားတို့သည် အရဟတ္တဖိုလ်ကို ပြောကြားကုန်သော်လည်း မိမိကိုယ်ကိုမူကား အရဟတ္တဖိုလ်သို့ မဆောင်ကြကုန်..." စသည်ဖြင့် မိန့်တော်မူ၏။ (အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ်–ဓမ္မိကဝဂ်၊ ခေမသုတ်)

အထက်ပါစကားများသည် သုတ္တန်ပိဋကတ်၌ ထပ်တလဲလဲ တွေ့ရသောစကား များဖြစ်၏။ ဗုဒ္ဓဝါဒအမြင်အားဖြင့် အတ္တစွဲကြောင့် ဖြစ်ပေါ်သော ငါ–သူတစ်ပါး ခွဲခြား မှုအားလုံးသည် မာနတရားဖြစ်ကြောင်း အထူးသတိပြုသင့်ပေ၏။ မာနသုံးမျိုးအနက် တစ်မျိုးမျိုး စွဲကပ်နေပါက စစ်မှန်သော မေတ္တာတရားပွားများရန် မဖြစ်နိုင်ကြောင်း အထက်က ပြဆိုခဲ့ပေပြီ။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို သူတစ်ပါးထက်သာသည် ဟူသော ဘဝင်မြင့်မှု၌သာ အပြစ်မြင်ကြ၏။ စင်စစ်သော်ကား အတ္တစွဲ (သူငါခွဲခြားမှု) နှင့်ယှဉ်သော သူတစ်ပါးကို တုပမှု၊ သူတစ်ပါးနှင့်နှိုင်း၍ မိမိကိုယ်ကို နိမ့်ကျသည်ဟု ထင်မှုများသည် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာပေးနိုင်ဖို့ဝေးစွ၊ မျက်မှောက်ဘဝ လောကီနယ်၌ပင် စိတ်ငြိမ်းချမ်းမှုကို တားမြစ်ပိတ်ပင်ကြောင်း အထူးရေးသားရန် မလိုချေ။

ဝိပဿနာဉာဏ်အမြင်ဖြင့် အတ္တဒိဋ္ဌိကင်းပြတ်မှုသည် စိန္တာမယဉာဏ်ဖြင့် အနတ္တကို သိမြင်မှုနှင့် တခြားစီဖြစ်၏။ အနောက်တိုင်း အသိပညာရှင် အတော်များများသည် အမျိုးမျိုး ဆင်ခြင်သုံးသပ်၍ အနတ္တဝါဒီများ ဖြစ်နေကြပုံကို 'အနတ္တဝါဒ' အခန်း၌ ဖော်ပြခဲ့ပေပြီ။ သို့ရာတွင် အချို့သော ပုဂ္ဂိုလ်တို့၏ ခံယူချက်မှာ ခိုင်မာကျေညက်သော ခံယူချက်ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ မမျှော်လင့်အပ်ချေ။ **မစ္စက်ရိုင်းစ်ဒေးဗစ်**ကဲ့သို့သော ပါဠိစာပေပညာရှင်သည်ပင် အနတ္တဝါဒမှ အတ္တဝါဒသို့ ကူးပြောင်းသွားခြင်းကိုသော်လည်းကောင်း၊ အနတ္တတရားကို အလေးအနက် ယုံကြည်ပါသည်ဆိုသော ဗုဒ္ဓဝါဒီအများးစု၌ အတ္တစွဲလက္ခဏာများ ရှိနေခြင်းကိုသော်လည်းကောင်း သတိပြုသင့်ပေ၏။ အနတ္တတရားကို ကျေကျေညက်ညက် သိမြင်နားလည်ရန် အားထုတ်ရာ၌ ဆင်ခြင်သုံးသပ်မှုသည် အချည်းနှီးဖြစ်သည်ဟု မဆိုနိုင်သော်လည်း ဝိပဿနာရှုခြင်းဖြင့် ထောက်ကူဖြည့်စွက်ပေးရန် လိုအပ်ပေသည်။

ဒီဃနိကာယ်၊ သာမညဖလသုတ်နှင့် အခြားသုတ်များ၌ အရဟတ္တမဂ်ဉာဏ် မဆိုက်မီ အရိယာပုဂ္ဂိုလ်၌ ဖြစ်ပေါ်လာသော ဉာဏ်စဉ်ကို စုံစုံစေ့စေ့ ဖော်ပြထား၏။ ထိုဉာဏ်စဉ်၌ ပထမဦးစွာလာသော ဝိပဿနာဉာဏ်သည် အရိယာပုဂ္ဂိုလ်၏ အတ္တဒိဋ္ဌိ ဆိတ်သုဉ်းမှုကိုပြ၏။ နောက်ဆုံးသိမြင်သော တရားသုံးပါးမှာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်နှင့် အာသဝက္ခယဉာဏ် (ဝါ) ဝိဇ္ဇာသုံးပါးဖြစ်၏။ ဝိဇ္ဇာသုံးပါးတွင် ပုဗ္ဗေနိဝါသာနုဿတိနှင့် ဒိဗ္ဗစက္ခုဉာဏ်များအကြောင်းကို အနည်းငယ် ဆင်ခြင်သုံးသပ်ရန် လိုပေလိမ့်မည်။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည် မိမိ၏ များစွာသော၊ ရှေး၌နေဖူးသော ခန္ဓာအစဉ်ကို မှတ်မိသိရှိသောဉာဏ်ဖြစ်၍ ရဟန္တာသည် ထိုဉာဏ်ဖြင့် ထောင်သောင်းမကသော အတိတ်ဘဝများကို အောက်မေ့နိုင်စွမ်းရှိ၏။ ဒိဗ္ဗစက္ခုဉာဏ်သည် လောက၌ သတ္တဝါတို့ ကံအားလျော်စွာဖြစ်ပုံ ကောင်းသောသူသည် ကောင်းရာဂတိသို့လား၍ မကောင်းသောသူသည် မကောင်းသောဂတိသို့ လားပုံကို သိမြင်သောဉာဏ်ဖြစ်၏။ စင်စစ် ဗုဒ္ဓ၏အလိုအားဖြင့် ဘဝသံသရာနှင့် အတိတ်ကံ၏ အကျိုးပေးမှုကို ဆင်ခြင်စဉ်းစားခြင်းသည် အရိယာလမ်းစဉ် ကျင့်သုံးသောပုဂ္ဂိုလ်တို့၏ အရာမဟုတ်၊ ပုထုဇဉ် သတ္တဝါတို့၏ အကျိုးစီးပွားအတွက် ထိုတရားများကို ဟောကြားခဲ့ခြင်းဖြစ်ကြောင်း ဆိုင်ရာအခန်းများ၌ အကျယ်ပြဆိုခဲ့ပေပြီ။ တစ်ခါသော် ဥဒါယီက ရှေး၌နေဖူးသော ခန္ဓာအစဉ်သည် အဖန်တလဲလဲ အောက်မေ့အပ်သော အကြောင်းဖြစ်ပါသည်ဟု လျှောက်ထားရာ ဗုဒ္ဓက "အာနန္ဒာ၊ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ဥဒါယီသည် လွန်မြတ်သော သမာဓိဝိပဿနာနှင့် ယှဉ်သောစိတ်ကို အားထုတ်၍မနေချေ"ဟု ကဲ့ရဲ့တော်မူ၏။ (အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ်၊ သာမဂါမဝဂ်၊ ဥဒါယီသုတ်)

သို့ဖြစ်လျှင် ဘဝသံသရာကျင်လည်မှုနှင့် ကံစီမံသည့်အတိုင်းဖြစ်မှုကို အရိယာ

ပုဂ္ဂိုလ်တို့ နောက်ဆုံးထိုးထွင်းသိမြင်သော တရားများအဖြစ်ဖြင့် အဘယ်ကြောင့် ပြဆိုထားပါသနည်းဟု စဉ်းစားရန်ရှိ၏။ ပုထုဇဉ် သတ္တဝါတို့၏ အကြိုက်ကိုလိုက်၍ ပိဋကတ်ဆရာတို့က ထိုသို့ပြဆိုထားခြင်း ဖြစ်သည်ဟု အချို့သော ဗုဒ္ဓဝါဒ သုတေသီတို့ ယူဆကြ၏။ အနောက်နိုင်ငံ ဗုဒ္ဓစာပေပညာရှင်တစ်ဦးကမူ ထိုသို့မယူဆဘဲ ထိုဝိပဿနာဉာဏ်အမြင်နှစ်မျိုးသည် အနတ္တတရားအကြောင်း အရိယာပုဂ္ဂိုလ်တို့ တစ်မျိုးတစ်ဖုံ သိမြင်ပုံကို ဖော်ညွှန်းသည်ဆို၏။ ပထမဉာဏ်အမြင်မှာ ပုဂ္ဂိုလ်သတ္တဝါဟူသမျှသည် လွန်လေပြီးသော အတိတ်ကာလက မရေမတွက်နိုင်အောင် များပြားသော ရုပ်နာမ်ခန္ဓာအစဉ်၏ ဘဝသံသရာတစ်လျှောက် ပြုပြင်စီရင်မှုကြောင့်သော်လည်းကောင်း ကွယ်လွန်လေပြီးသော ဘိုးစဉ်ဘောင်ဆက် အနမတဂ္ဂ ရုပ်နာမ်ခန္ဓာတို့၏ ပြုပြင်စီရင်မှုကြောင့်သော်လည်းကောင်း ပေါ်ပေါက်လာခြင်းဖြစ်၍ အမာခံ အတ္တအသခ်တစာတ် ဆိတ်သုဉ်းမှုကို ပြ၏။ ဒုတိယဉာဏ်အမြင်မှာမူ လူသတ္တဝါတို့သည် တပေါင်းတစည်းတည်း အသက်ရှင်နေကြရ၍ မည်သည့်သတ္တဝါမဆို အခြားသတ္တဝါတို့ပြုသော အမှုများ၏ အကျိုးသက်ရောက်မှုနှင့် မကင်းနိုင်ပုံ၊ (ဝါ) အမိုကင်းသော သီးခြားပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိပုံကို သိမြင်မှုဖြစ်၏။[၁]

ဤသို့ဖြင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နှင့် ဒိဗ္ဗစက္ခုဉာဏ်ကို အနောက်တိုင်း ဗုဒ္ဓစာပေပညာရှိတစ်ဦးက အနက်အဓိပ္ပာယ် ပြန်ဆိုခဲ့၏။ ဤပြန်ဆိုချက်သည် ဗုဒ္ဓဒေသနာ အထောက်အထားများ မရှိသည်မှန်သော်လည်း အတိတ်ဘဝများနှင့် ကမ္မနိယာမကို သိမြင်မှုမျှသာ ဖြစ်သည်ဆိုသော စကားထက် ပိုမိုလေးနက်၍ စဉ်းစားဖွယ်ရာဖြစ်၏။

မည်သို့ပင်ဖြစ်စေ အတ္တဆိတ်သုဉ်းမှုကို ပညာဉာဏ်မျက်စိဖြင့် ရှင်းရှင်းထင်းထင်း ထိုးထွင်းသိမြင်ခြင်းသည် ဗုဒ္ဓဝိပဿနာတရား အားထုတ်မှု၏ ရလဒ်ဖြစ်၏။ ထိုရလဒ်ကို အခြားကမ္ဘာ့ဘာသာကြီးများ၏ ဝိပဿနာကျင့်စဉ်များ၌ မတွေ့ရချေ။ သို့ရာတွင် ထိုဘာသာဝါဒီ ယောဂီတို့ကလည်း သူတို့၏ ကျင့်စဉ်၌ ယောဂီသည် သတ္တဝါအားလုံး၏ အရင်းမူလပင်မဖြစ်သော ပရမတ္တစာတ်၊ သို့မဟုတ် ထာဝရဘုရား (ဝါ) မဟာဗြဟ္မာနှင့် တစ်ပေါင်းတစ်စည်းတည်းဖြစ်၍ သူ–ငါ ခွဲခြားသော အတ္တစွဲ ပျောက်ကွယ်သွားသည်ဟု ဆိုကြ၏။

ထို့ကြောင့် ကမ္ဘာ့ဘာသာဝါဒကြီးများသည် အတ္တကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ယင်းတို့ ဝိပဿနာတရားများ၏ တူညီသောအချက်သည်ကား နောက်ဆုံးတွင် တရားအားထုတ်သော ယောဂီများ၌ ငါ၊ သူတစ်ပါးခွဲခြားမှု ပျောက်ကွယ်သွားခြင်းဖြစ်၏။ ပညာရှင်တစ်ဦး၏ အဆိုအားဖြင့် "ဤအမျိုးမျိုးသော ဝိပဿနာတရားများ၏ ထူးခြားချက်မှာ ယောဂီသည် ကာလနှင့် အာကာသ (နေရာဌာန)[၂]ကိုလွန်၍

၁။ J.Evola: The Doctrine of Awakening, pp. 222-23

၂။ time and space

အတ္တစွဲ လျော့ပါးသွားခြင်းဖြစ်ပေရာ စင်စစ် အတ္တဘာဝသည် ကေန်ထင်ရှားမရှိဘဲ အမြင်လွဲမှားမှုမျှသာ ဖြစ်သည်ဟု ကျွန်ုပ်တို့ မှတ်ယူရမလို ဖြစ်နေ၏။ အတ္တဘာဝသည် လောက၌ ပရမတ္ထတရားအဖြစ်ဖြင့် အလိုရှိအပ် နှစ်သက်အပ်ပါသလောဟု များစွာ သံသယဖြစ်ဖွယ်ရှိ၏။"[၁]

ကာလနှင့် အာကာသကိုလွန်သော ယောဂီ၏သိမြင်မှုကို အခြားပညာရှင်တစ်ဦးက အောက်ပါအတိုင်း ရှင်းပြထား၏။

"ဝိပဿနာတရားအားလုံး၏ တူညီသောပထမအချက်မှာ အရာဝတ္ထုတို့၏ ခြားနားမှု စိတ်နှင့်အာရုံ၏ခြားနားမှု အတ္တနှင့်အနတ္တ၏ခြားနားမှုများ ကွယ်ပျောက်ခြင်းဖြစ်၏။ ထိုဉာဏ်အမြင်ရသော ခဏ၌ စိတ်သည် ကာလနှင့်အာကာသနယ်မှ လွတ်မြောက်၏။ အကြောင်းမူ ကာလနှင့်အာကာသသည် သခါရတရားတို့၏ ကွဲပြားခြင်း၊ ခြားနားခြင်းနှင့် ထူးထွေပေါ်များခြင်း၏ အကြောင်းတရားများဖြစ်၏။ ကာလသည် မျက်မှောက်အရာဝတ္ထုများကို အတိတ်မှ အရာဝတ္ထုများနှင့် ခြားနားစေ၏။ အာကာသသည် တစ်နေရာရှိ အရာဝတ္ထုကို အခြားတစ်နေရာရှိ အရာဝတ္ထုများနှင့် ခြားနားစေ၏။"[၂]

ယောဂီသည် ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်သတ္တဝါ၊ သူငါကွဲပြားခြားနားမှု မရှိခြင်းကို ဝိပဿနာဉာဏ်ဖြင့် သိမြင်သောအခါ တဏှာမာန၊ ဒိဋ္ဌိကင်းကွာ၍ ကိလေသာနယ်မှ လွတ်မြောက်၏။ မဟာယာန ဗုဒ္ဓဝါဒသမိုင်းတွင် ထင်ရှားသော အိန္ဒိယ အဋ္ဌကထာဆရာ တစ်ဦး၏ အဆိုအားဖြင့် "စိတ်သည် ခြားနားမှုများကို မြင်သည်နှင့်တစ်ပြိုင်နက် တဏှာဥပါဒါန်နှင့် ဒုက္ခတရားများ ဖြစ်ပေါ်လာ၏။ ထိုနောက် အချို့အရာသည် မိမိနှင့်သက်ဆိုင်၍ အချို့အရာများမှာ သူတစ်ပါးနှင့်သက်ဆိုင်သည်ဟု အသိအမှတ်ပြု၏။ အကယ်၍ စိတ်သည် ကွဲပြားခြားနားမှုများကြောင့် လှုပ်ရှားခြင်းမရှိပါက မကောင်းမှုများ၏ အရင်းမူလဖြစ်သော အတ္တစွဲသည် ပျောက်ကွယ်သွားပေလိမ့်မည်။"[၃]

အချုပ်အားဖြင့်ကား ဝိပဿနာတရားကို ဗုဒ္ဓလမ်းစဉ်နှင့်အညီ အားထုတ်မှု၏ ပဓာနဦးတည်ချက်မှာ အနိစ္စဒုက္ခနှင့် အနတ္တတရားကို ပညာဉာဏ်ဖြင့် ထိုးထွင်းသိမြင်၍ လောဘ၊ ဒေါသနှင့် မောဟကုန်ခန်းမှုဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်သည်သာလျှင် ထိုကိလေသာ တရားများကို အကြွင်းမဲ့ ပယ်သတ်နိုင်သည် မှန်၏။ သို့ရာတွင် တရားအားထုတ်သော ယောဂီသည် မိမိ၌လောဘ၊ ဒေါသ၊ မောဟ ရှေးကထက် မည်မျှလျော့ပါးသွားကြောင်း အမှန်အတိုင်း သိရှိပါက အရိယာလမ်းစဉ်၌ မိမိ၏ တိုးတက်ရာ အတိုင်းအတာကို သင့်အတင့် ခန့်မှန်းတွက်ဆနိုင်ပေမည်။

၁။ **Joseph Needham: Science, Religion and Reality, pp. 329**

၂။ **W.T.Stace: Religion and Modern Mind, pp. 240-42**

၃။ **Ashvagosha quoted in Dwight Goddard, "A Buddhist Bible", pp. 369**

မြန်မာနိုင်ငံ၌ ကမ္မဋ္ဌာန်းတရား အားထုတ်သောသူပေါ်များ၏ ရန်ကုန်မြို့ရှိ အချို့ တရားရိပ်သာများ၌ နိုင်ငံခြားသားယောဂီများ လာရောက်၍ တရားအားထုတ်ခဲ့ကြ ၏။ အများအားဖြင့် ထိုယောဂီတို့၌ တရားအားထုတ်မှုကြောင့် အပြောအဆို၊ အပြုအမူ၊ စိတ်နေစရိုက် ထူးထူးခြားခြား ပြောင်းလဲမှုရှိသည်ကို မတွေ့ရချေ။ တရားအားထုတ်နေ စဉ် ရှေးက မကြုံဖူးသော စိတ်ချမ်းသာမှုမျိုးကို ခံစားရပါသည်။ သို့မဟုတ် တရားအားထုတ် ပြီးနောက် အချို့သော ရောဂါဝေဒနာများ ပျောက်ကင်းသွားပါသည်ဆိုသော ယောဂီများ ရှိ၏။ သို့ရာတွင် ထိုကြုံတွေ့ခံစားရမှုများမှာ ဗုဒ္ဓဟောသော ဝိပဿနာတရား၏ အဓိကဦးတည်ချက် မဟုတ်ချေ။

တစ်ခါက ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၌ အချိန်ကာလ အတန်ကြာ နေထိုင်၍ တရားအားထုတ်ဖူးသော ဗြိတိသျှရေတပ်အရာရှိတစ်ဦးက မိမိ၏အတွေ့ အကြုံကို စာအုပ်တစ်အုပ် ရေးသားဖော်ပြခဲ့၏။ သူက "ကျွန်ုပ်သည် အရာဝတ္ထုအား လုံး၌ အနှစ်သာရတွေ့၍ ကြားရသောအသံ၊ မြင်ရသောအရာနှင့် တွေ့ထိသော အရာဝတ္ထုအားလုံးသည် အပြထူးခြားလေးနက်၌ နှစ်လိုဖွယ်ဖြစ်၏။ မနောဝိညာဉ် ၌ ထင်လာသော အာရုံများသည် ယင်းတို့နှင့် ဆက်စပ်နေသော စိတ်ကူးစိတ်သန်းများ ကြောင့် မဟုတ်ဘဲ ယင်းတို့၏ ပကတိဂုဏ်ကြောင့် အနှစ်သာရ ထင်ရှားလာ၏။ ဤသို့ သိမှတ်မှုကြောင့် နှစ်သိမ့်ကြည်နူးရခြင်းသည်ပင် ရန်ကုန် သာသနာ့ရိပ်သာမှ ကျွန်ုပ် မမျှော်လင့်ဘဲ ရရှိခဲ့သော လက်ဆောင်ဖြစ်ပါသည်"ဟုဆို၏။ တရားအားထုတ်မှု ကြောင့် သူမည်သို့ စိတ်ဓာတ်စရိုက် ပြောင်းလဲသွားကြောင်း ဘာမျှမရေးသားခဲ့ချေ။[၁]

ရန်ကုန်မြို့၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၌ တစ်ခါက အနောက်နိုင်ငံ သာသနာ ပြန့်ပွားရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့သော ဗုဒ္ဓဘာသာဝင် **မစ္စတာ ဖရန့်စစ်စတိုရီသည်** အနောက်တိုင်း ဗုဒ္ဓဂျာနယ်တစ်စောင်၌ အောက်ပါအတိုင်း ရေးသားခဲ့၏။

"ကျွန်ုပ်သည် မြန်မာနိုင်ငံ၌ ရှစ်နှစ်ကြာမျှ နေထိုင်ခဲ့သော ကာလအတွင်း ဝိပဿနာအလုပ်ကို အားထုတ်သော လူပုဂ္ဂိုလ်တို့ ရရှိသည့် အကျိုးတရားများကို လေ့လာခွင့်ရခဲ့ပါသည်။ ထိုအကျိုးတရားများမှာ ကျွန်ုပ်တို့ မျှော်လင့်သော အကျိုး တရားများနှင့် ဆန့်ကျင်နေသည်ကို တွေ့ရှိရသဖြင့် အံ့ဩမိပါသည်။ လူဝတ်ကြောင် ယောဂီအတော်များများမှာ အတ္တမာန ယုတ်လျော့ခြင်းမရှိ၊ သီလ, သမာဓိ သိသိသာသာ တိုးတက်လာခြင်း မရှိချေ။ အချို့သော ယောဂီတို့မှာ စိတ်မတည်ငြိမ်ဘဲ မိမိတို့ကိုယ်ကို ရဟန္တာလိုလို၊ ဘာလိုလိုထင်မှတ်နေကြ၏။ ဤသို့ အကျင့်သီလနှင့် စိတ်ဓာတ်စရိုက် တိုးတက်မှုမရှိဘဲ အထင်အမြင်လွဲမှားနေခြင်းမှာ သူတို့၏ ကျင့်စဉ်လွဲမှားနေသောကြောင့် ဖြစ်တန်ရာ၏။ သို့တည်းမဟုတ် ဝိပဿနာတရား အားထုတ်ရန် ကြိုတင်ပြင်ဆင်ထားခြင်း မရှိ၊ ဘာမျှနားမလည်ဘဲ ဘုမသိဘမသိ၊ စမ်းတဝါးဝါး ကျင့်ကြံအားထုတ်နေသောကြောင့်

၁။ E.H.Shattock: Experiment in Mindfulness, pp. 141-42

ဖြစ်ပေလိမ့်မည်။ ယောဂီတစ်ဦးမှာ ကမ္မဋ္ဌာန်းထိုင်ရန် စိတ်တက်ကြွနေသည်နှင့်အမျှ အစိုးရသိန်းထီ ပထမဆုပေါက်လိုသောဆန္ဒ ပြင်းပြနေသည်ကို ကျွန်ုပ်တွေ့ခဲ့ဖူးပါသည်။[၁]

အချို့သော အနောက်နိုင်ငံမြို့ကြီးများ၌ ဗုဒ္ဓဝိပဿနာ သင်တန်းများနှင့် တရားအားထုတ်သော ပုဂ္ဂိုလ်များရှိ၏။ သို့ရာတွင် တရားအားထုတ်ခြင်းဖြင့် မည်သို့သော အကျိုးတရား ခံစားကြရကြောင်း မသိရချေ။ အင်္ဂလိပ်အမျိုးသား ဗုဒ္ဓဘာသာဝင် ယောဂီတစ်ဦးကမူ တရုတ်ပြည် ကမ္မဋ္ဌာန်းရိပ်သာတစ်ခု၌ ခြောက်လကြာမျှ အချိန်ပြည့် တရားအားထုတ်ခဲ့သော်လည်း မိမိ၏ စိတ်ဓာတ်စရိုက်မှာ ပြောင်းလဲမှုမရှိခဲ့ကြောင်း လောကီအာရုံ၊ ကာမဂုဏ်ကို ခုံမင်တပ်မက်မှု လျော့ပါးမသွားကြောင်း သူ၏စာအုပ်၌ ပွင့်ပွင့်လင်းလင်း ဝန်ခံရေးသားထား၏။[၂]

ဝိပဿနာတရား အားထုတ်နည်းအမျိုးမျိုးရှိရာ မည်သည်ကမှန်သည်၊ မည်သည်ကမှားသည်ဟု ကျွန်ုပ်တို့၌ ဆုံးဖြတ်နိုင်စွမ်းမရှိချေ။ သို့ရာတွင် များစွာသော ယောဂီတရားသမားများ၌ အချို့သော ချွတ်ယွင်းချက် ဟာကွက်များမှာ ထင်ရှား၏။ ပထမအချက်မှာ တရားအားမထုတ်မီ လိုအပ်သော အရည်အချင်းမရှိမှုဖြစ်၏။ ယောဂီသည် ပိဋကတ်စာပေကို ကျွမ်းကျင်နှံ့စပ်ရန် မလိုသော်လည်း အခြေခံဗုဒ္ဓတရားများကို ဆင်ခြင်သုံးသပ်၍ ကျေကျေညက်ညက် သိရှိနားလည်ရပေမည်။ ရာခိုင်နှုန်းပြည့် သီလစင်ကြယ်ရန် မလိုသော်လည်း စိတ်စင်ကြယ်ရန်နှင့် အသိအမြင် မှန်ကန်ရန်အတွက် လိုအပ်သော အကျင့်သီလ၊ ရင့်ကျက်မှုရှိပြီးဖြစ်ရပေမည်။ များစွာသော ယောဂီတို့၏ ဒုတိယချွတ်ယွင်းချက်မှာ ကမ္မဋ္ဌာန်းကျောင်း သို့မဟုတ် တရားရိပ်သာများ၌သာလျှင် တရားအားထုတ်ရန်ဖြစ်နိုင်သည်ဟု ပုံသေစွဲမှတ်ထားမှုဖြစ်၏။ ကမ္မဋ္ဌာန်းရိပ်သာများသည် တရားအားထုတ်လိုသော ပုဂ္ဂိုလ်အဖို့ အသင့်လျော်ဆုံးနေရာများ ဖြစ်သော်လည်း တရားအားထုတ်ခြင်းဖြင့် ရရှိအပ်သော အကျိုးအာနိသင်များသည် ရိပ်သာနှင့် ကင်းကွာပြီး နောက် မကြာမီ အရာမထင်ဘဲ အချည်းနှီးဖြစ်သွားသည်က များ၏။ သို့ဖြစ်၍ ရိပ်သာ၌ တစ်ခါတစ်ရံ အားထုတ်ရုံမျှနှင့် နှစ်သိမ့်ကျေနပ်မနေဘဲ မိမိအိမ်၌ နေ့စဉ်၊ သို့မဟုတ် ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်နှစ်ကြိမ် မှန်မှန် ဘာဝနာပွားများလေ့ကျင့်ပေးပါမှ များပြားသော လူမှုကိစ္စ၊ လူမှုပြဿနာများအကြား၌ ကြံ့ခိုင်သော သမာဓိဖြင့် ကိလေသာရန်သူများကို တိုက်ခိုက်အောင်မြင်နိုင်ပေမည်။

အရိယာလမ်းစဉ်ကို လိုက်နာသော ဗုဒ္ဓဝါဒီသည် ရဟန္တာပုဂ္ဂိုလ်ကဲ့သို့ ကိလေသာတရားအားလုံးကို မပယ်သတ်နိုင်စေကာမူ မျက်မှောက်ဘဝ၌ ကိလေသာနယ်မှ တတ်နိုင်သမျှ လွတ်မြောက်ရန် အားထုတ်ရမည်ဖြစ်၏။ ဤရည်မှန်းချက်မှာ ယနေ့များစွာသော

၁။ **Francis Story: Buddhist Meditation and the Layman (The Middle Way, Feb.1965)**

၂။ **John Bloefeld: The Wheel of Life**

ဝိပဿနာတရားသမားများ၏ ရည်မှန်းချက်မဟုတ်ချေ။ သူတို့သည် အများအားဖြင့် တမလွန် အကျိုးစီးပွားကို ရှေးရှု၍ တရားအားထုတ်နေကြခြင်းဖြစ်၏။ ရိပ်သာတစ်ခုခု၌ တရားအားထုတ်ဖူးခြင်းကို ဂုဏ်ယူ၍ ပြောဆိုလေ့ရှိကြ၏။[၁] မိမိတို့အဖို့ အပါယ် တံခါးပိတ်၍ ဘဝကူးကောင်းပြီဟု ယုံကြည်နေကြ၏။ ဤသို့ သူတို့ ထင်မြင်ခြင်း အတွက် အချို့သော ဝိပဿနာဆရာတို့မှာ တာဝန်မကင်းချေ။ ဆရာတော်တစ်ပါး ရေးသား၍ တစ်ခါက ထင်ရှားသော ဝိပဿနာကျမ်းစာအုပ်ကြီး တစ်ခု၌ တရား အားထုတ်ခြင်းဖြင့်ရရှိမည့် မျက်မှောက်အကျိုးတရားများကို လုံးဝမဖော်ပြဘဲ တမလွန်ဘဝ၌ ခံစားရမည့် အကျိုးတရားများကိုသာ ရှည်လျားစွာ ဖော်ပြထား၏။

ဤသို့သော အခြေအနေ၌ အထက်က ပြဆိုခဲ့သည့်အတိုင်း တရားအားထုတ်သော ယောဂီတို့၌ စိတ်ဓာတ်စရိုက် ထူးထူးခြားခြား ပြောင်းလဲမှု မတွေ့ရခြင်းမှာ အံ့ဩဖွယ် ရာမရှိချေ။ ဝိပဿနာတရားဖြင့် သီလ၊ သမာဓိ ရင့်ကျက်၍ အရိယာလမ်းစဉ်ပေါ်၌ ခိုင်မြဲစွာ ရပ်တည်လိုသော ယောဂီသည် အတိတ်နှင့်အနာဂတ်ကို မစွဲလမ်းဘဲ ပစ္စုပ္ပန် ကို အာရုံစူးစိုက်ရန် ဟောကြားသော ဗုဒ္ဓဒေသနာများနှင့်အညီ မျက်မှောက် လောကုတ္တရာ အကျိုးစီးပွားကို ရှေးရှု၍ တရားအားထုတ်ရန် လိုအပ်ပေသည်။

* * *

၁။ နာမည်ထင်ရှားသော တရားရိပ်သာတစ်ခု၌ တရားအားထုတ်ဖူးသော နိုင်ငံခြားသားတစ်ဦးကမူ ဝိပဿနာ လက်တွေ့သင်တန်းဆင်းလက်မှတ် မရရှိသောကြောင့် မကျေနပ်ကြောင်း သိရ၏။

# အခန်း (၁၃)
# နိဗ္ဗာန်

အကြင်နိဗ္ဗာန်၌
ဓာတ်ကြီးလေးပါးသည် မတည်နိုင်။
ထိုနိဗ္ဗာန်၌ ကြယ်တို့သည် မတောက်ပကုန်။
နေသည်လည်း မတောက်ပ။
လေသည်လည်း မတိုက်ခတ်။
အမိုက် တိုက်လည်းမရှိ။

(ဥဒါန၊ ဗောဓိဝဂ်၊ ဗာဟိယသုတ်)

သမုတိသစ္စာနယ်၌ ကြံစည်တွေးခေါ်လေ့ရှိသော
ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ပရမတ္ထတရားကို
ဘုမသိဘမသိ ယောင်ဝါးဝါးခံယူ၍
နတ္ထိကဝါဒသို့ သက်ဝင်သွားမည့် အန္တရာယ်ရှိ၏။

ရန်အောင်စာပေ

# အခန်း (၁၃)

# နိဗ္ဗာန်

## (က) နိဗ္ဗာန်၏ ဒိဋ္ဌဓမ္မ လက္ခဏာ

နိဗ္ဗာန်အကြောင်းအရာသည် ဗုဒ္ဓဘာသာဝင် လောက၌ ဝိဝါဒကွဲပြားနေသော အကြောင်းအရာဖြစ်၏။ ဗုဒ္ဓဝါဒီတို့သည်လည်းကောင်း၊ ဗုဒ္ဓဝါဒ၌ စိတ်ဝင်စားသော အနောက်နိုင်ငံ ပါဠိပညာရှင်နှင့် ဗုဒ္ဓစာပေသုတေသီတို့သည်လည်းကောင်း နိဗ္ဗာန်နှင့် ပတ်သက်၍ သဘောအယူအဆ ကွဲလွဲနေကြ၏။

သို့ရာတွင် ဗုဒ္ဓလက်ထက်က ဗုဒ္ဓဝါဒီများနှင့် အခြားဘာသာဝါဒီများမှာ ထိုသို့ အယူအဆကွဲလွဲမှု မရှိခဲ့ကြချေ။ ဗုဒ္ဓ၏ အနတ္တတရားကို ကောင်းစွာနားမလည်သော ကြောင့် သို့မဟုတ် လက်မခံလိုသောကြောင့် ဝစ္ဆပရိဗိုဇ်၊ မောဠိယဖဂ္ဂုဏမထေရ် စသော ပုဂ္ဂိုလ်တို့က ဗုဒ္ဓအား မေးလျှောက်သောစကားများကို ပိဋကတ်စာပေ၌ တွေ့ရ၏။ နိဗ္ဗာန်နှင့်စပ်သော မေးလျှောက်ချက်များကိုမူ များများစားစား မတွေ့ရချေ။ ထိုခေတ်က လူတို့ အထူးသိလိုသောအချက်မှာ ရဟန္တာပုဂ္ဂိုလ်သည် ကမ္မဇရုပ်စုတိသည်၏ အခြားမဲ့၌ မည်သို့ဖြစ်သနည်း။ ဆက်၍ ရှိသလော၊ မရှိသလော ဟူသောအချက်ဖြစ်၏။ ဤပြဿနာနှင့်စပ်၍ ထိုခေတ် အိန္ဒိယသားတို့သည် စိတ်ဇဝေဇဝါဖြစ်ခဲ့ကြ၏။ နိဗ္ဗာန်၏ သဘာဝလက္ခဏာနှင့် စပ်၍မူကား သံသယဖြစ်မှု မရှိကြချေ။ သူတို့သည် နိဗ္ဗာန်အကြောင်း ကို ကောင်းစွာနားလည်ကြ၏။ ထိုသို့ နားလည်ခြင်းသည် ယခုကာလ လူများထက် ပညာဉာဏ် ပိုမိုမြင့်မားသောကြောင့် မဟုတ်ဘဲ နိဗ္ဗာန်အကြောင်း ဗုဒ္ဓဟောကြားချက်များ ကို မှန်ကန်စွာ ခံယူထားသောကြောင့်ဖြစ်၏။

"အိုနတ်သား၊ လောကသည်လည်းကောင်း၊ လောက၏ ဖြစ်ကြောင်းသည်လည်းကောင်း၊ လောက၏ချုပ်ရာ နိဗ္ဗာန်သည်လည်းကောင်း၊ နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းစဉ်သည်လည်းကောင်း တစ်လံမျှလောက်ရှည်လျားသော ဤခန္ဓာကိုယ်အတွင်း၌သာ ရှိသည်ဟု ငါဘုရား ဟော၏။" (သဂါထာဝဂ္ဂသံယုတ်၊ ရောဟိတဒေဝပုတ္တသုတ်)

"ဓောတက၊ ယခုဘဝ၌ပင် တစ်ဆင့်ကြားမဟုတ်၊ ကိုယ်တိုင်မျက်မှောက်ပြုနိုင်သော ကိလေသာငြိမ်းအေးမှု နိဗ္ဗာန်တရားကို သင့်အား ငါဟောကြားအံ့။" (သုတ္တနိပါတ်၊ ပါရာယနဝဂ်၊ ဓောတကမာဏဝပုစ္ဆာ)

"ရုပ်ဝေဒနာစသည်တို့၏ မမြဲသော၊ ဆင်းရဲသောသဘောကို ဟုတ်မှန်သောအတိုင်း ဝိပဿနာပညာဖြင့် ရှုသောရဟန်းအား စိုးရိမ်ပင်ပန်းခြင်းသည် မရှိ။ ထိုသို့ တောင့်တခြင်းမရှိ၊ ချမ်းသာစွာနေရသော ရဟန်းကို ခဏ ကိလေသာငြိမ်းသောကြောင့် တဒင်္ဂနိဗ္ဗုတပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်၏။" (ခန္ဓသံယုတ်၊ အတ္တဒီပသုတ်)

"အို ပုဏ္ဏား၊ ရာဂ၊ ဒေါသ မောဟကိုပယ်သည်ရှိသော် မိမိဆင်းရဲခြင်း၊ သူတစ်ပါးဆင်းရဲခြင်းကို မကြံ။ စိတ်ကိုမှီ၍ဖြစ်သော ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းသည် မဖြစ်။ ဤသို့လျှင် နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် ကိုယ်တိုင်သိမြင်အပ်သည် ဖြစ်၏။" (အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ သန္ဒိဋ္ဌိက နိဗ္ဗာနသုတ်)

"ငါ့ရှင်သာရိပုတ္တရာ၊ အဘယ်ကိုလျှင် နိဗ္ဗာန်ဟူ၍ ဆိုအပ်သနည်း"ဟု ဇမ္ဗုခါဒက ပရိဗိုဇ်ကမေး၏။ ထိုအခါ အရှင်သာရိပုတ္တရာက "ရာဂ၊ ဒေါသ၊ မောဟ၏ ကုန်ခြင်းအကြင်သဘောတရားသည် ရှိ၏။ ထိုသဘောတရားကို နိဗ္ဗာန်ဟုဆိုအပ်၏"ဟု မိန့်တော်မူ၏။ (သံယုတ္တနိကာယ်၊ ဇမ္ဗုခါဒကသံယုတ်၊ နိဗ္ဗာနပဉှာသုတ်)

ဤသို့ နိဗ္ဗာန်၏ သဘောလက္ခဏာကို ရိုးရိုးရှင်းရှင်း ဟောထားသော ပါဠိတော် အမြောက်အမြားရှိ၏။ ထိုပါဠိတော်များအရ နိဗ္ဗာန်သည် ကိလေသာတရားတို့၏ အကြွင်းမဲ့ချုပ်ငြိမ်းမှု၊ ထိုသို့ ကိလေသာတရားများ ချုပ်ငြိမ်းသောကြောင့် ယင်းတို့ကို စွဲမှီ၍ဖြစ်သော ဆင်းရဲဒုက္ခများလည်း ချုပ်ငြိမ်း၍ သာယာငြိမ်းအေးမှုကို ဆိုလိုကြောင်း ထင်ရှား၏။ တစ်နည်းဆိုသော် ရဟန္တာပုဂ္ဂိုလ် မျက်မှောက်ရရှိအပ်သော အရဟတ္တဖိုလ်သည် နိဗ္ဗာန်ဖြစ်၏။ အချို့သော ဗုဒ္ဓဝါဒီတို့နှင့် အနောက်တိုင်းသားတို့သည် ဤအချက်ကို နားမလည်၊ နားသည်ဆိုစေ မကျေနပ်ကြရကား ရဟန္တာပုဂ္ဂိုလ်သည် စုတိစိတ်ချုပ်သည်၏ အခြားမဲ့၌သာလျှင် နိဗ္ဗာန်သို့ရောက်သည်ဟု ယူဆကြ၏။ သို့ရာတွင် စုတိပြီးနောက် ရဟန္တာ မည်သို့ဖြစ်သည်ဟူ၍ ဗုဒ္ဓက လုံးဝမဟောကြားခဲ့သောကြောင့် သူတို့သည် အမျိုးမျိုး တွေးတောကြံဆကာ ဝိဝါဒ ကွဲပြားနေကြခြင်း ဖြစ်၏။

နိဗ္ဗာန်သည် ရဟန္တာတို့ မျက်မှောက်ပြုသော တရားသာလျှင် ဖြစ်သည်ဆိုပါက ဤအယူသည် ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ဖြစ်နေသည် မဟုတ်ပါလော၊ ဗုဒ္ဓသည် ဗြဟ္မဇာလသုတ်၌ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒကို ပယ်ခဲ့သည်မဟုတ်ပါလောဟူ၍ စောဒနာငြားအံ့။ ဗုဒ္ဓလမ်းစဉ်၏

နောက်ဆုံးပန်းတိုင်ဖြစ်သော နိဗ္ဗာန်သည် မျက်မှောက်ရရှိအပ်သော တရား ဖြစ်သည်မှန်၏။ ထိုသို့မဟုတ်ဘဲ သေပြီးနောက်မှ ခံစားရမည့် တရားဖြစ်ပါက သန္ဒိဋ္ဌိကော အကာလိကော၊ ဧဟိပဿိကောစသော ဗုဒ္ဓဓမ္မဂုဏ်တော်များသည် အချည်းနှီးဖြစ်ရပေတော့မည်။ ဗုဒ္ဓ ပယ်သော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒမှာ ကာမဂုဏ်ချမ်းသာနှင့် ဈာန်လေးပါးချမ်းသာကို နိဗ္ဗာန် ချမ်းသာဟု စွဲမှတ်ထားသော အယူဖြစ်၏။ ရဟန္တာ၏ အရဟတ္တဖိုလ်ကို ဆိုလိုခြင်းမဟုတ်။ ရဟန္တာပုဂ္ဂိုလ် မျက်မှောက်ပြုသော နိဗ္ဗာန်ချမ်းသာသည် အတုမဲ့ဖြစ်၍ အခြားမည်သည့် ချမ်းသာမျိုးနှင့် နှိုင်းယှဉ်ရန်မဖြစ်နိုင်ချေ။

နိဗ္ဗာန်သည် ဒိဋ္ဌဓမ္မတရားဖြစ်ကြောင်း၊ လူတို့ မသိမြင်ကြခြင်းမှာ ရှေးအစဉ် အလာ ယုံကြည်ချက်တစ်ခုကြောင့် ဖြစ်၏။ ဗုဒ္ဓဝါဒမှတစ်ပါး အခြား ကမ္ဘာ့ဘာသာဝါဒ ကြီးများ၏ အလိုအားဖြင့် လူတို့မျှော်မှန်းသော အကောင်းဆုံး အမြတ်တရား သို့မဟုတ် ချမ်းသာသုခမည်သည် သေသည်၏အခြားမဲ့ တမလွန်လောကၗသာလျှင် ရရှိအပ်သော တရားဖြစ်၏။ ထိုတရားထူး၊ ချမ်းသာသုခထူးကို ယုတ်ညံ့သောလူ့ဘုံမှ လူသားတစ်ဦး အနေဖြင့် ရရှိအပ်သည်မဟုတ်။ ထို့အပြင် မျက်မြင်လူ့လောကၗပင် အလွန်ထူးမြတ်သော လူပုဂ္ဂိုလ်ကို တွေ့ရခဲပေရာ လောကီပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ထက် များစွာပိုမိုထူးခြား မည်ဖြစ်သော လောကုတ္တရာပုဂ္ဂိုလ်အဖြစ်သို့ ရှေးအစဉ်အလာ ဘာသာရေးယုံကြည် ချက်နှင့် မကင်းသော အသိပညာရှင်များသည်ပင် နိဗ္ဗာန်ကို ဒိဋ္ဌဓမ္မတရားအဖြစ်ဖြင့် လက်ခံလိုမည်မဟုတ်ချေ။

ဤနေရာ၌ ဒေါက်တာရိုင်းစ်ဒေးဗစ်၏ ရေးသားချက်ကို ဖော်ပြပါအံ့။

"နိဗ္ဗာန်အကြောင်းကို ရေးသားသော ဤဥရောပတိုက်သားများသည် ရှေးအိန္ဒိယ ဗုဒ္ဓဝါဒီများကဲ့သို့ စိတ်ဓာတ်တက်ကြွမှု၊ ယုံကြည်မျှော်လင့်မှု ရှိကြမည်၊ ရှိနိုင်မည်မဟုတ် ချေ။ သူတို့ကိုယ်၌က ဤလူ့လောကသည် မျှော်လင့်ချက်ကင်းမဲ့သော လောကဖြစ်သည် ဟု မှတ်ယူကြ၍ တမလွန်လောက၌သာလျှင် နောက်ဆုံး မှီခိုအားထားရာကို ရှာကြံနေသော သူများဖြစ်ရကား ဗုဒ္ဓဝါဒီတို့သည် သူတို့နည်းတူ အယူရှိကြလိမ့်မည်ဟု ယုံကြည်ကြ၏။ သူတို့၏ အထင်မှားမှုကို ပယ်ဖျောက်ရန် ခိုင်မာသော ပိဋကတ်ဒေသနာ၊ အထောက် အထားလည်း မရှိသောကြောင့် သူတို့သည် နိဗ္ဗာန်ကို သေသည်၏အခြားမဲ့၌သာ ရရှိ အပ်သော တရားဖြစ်သည်ဟု သူတို့၏ နဂိုရှိရင်းစွဲ အယူအပေါ်၌ အခြေတည်၍ အနက်ဖွင့်ဆိုခဲ့ကြ၏။ ------ အမှန်ဆိုသော် ဤလူ့လောက၊ ဤဘဝ၌ပင် သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်မှုကို မျက်မှောက်ပြုနိုင်သည်ဆိုသော အယူသည် ဗုဒ္ဓမပေါ်မီက အထင်အရှားမရှိခဲ့သော်လည်း အိန္ဒိယဘာသာရေး အတွေးအခေါ်နယ်ထဲသို့ ဝင်ရောက် နေပြီဖြစ်၏။ ဤအယူသည် အိန္ဒိယတိုင်းသားတို့၏ စိတ်ဓာတ်နှင့် အလွန်ဟပ်မိသော ကြောင့် ဗုဒ္ဓလက်ထက်မှစ၍ ယနေ့တိုင်အောင် ထင်ရှားရှိခဲ့သော အိန္ဒိယဘာသာရေး

အယူဖြစ်၍ မျက်မှောက်ဘဝ၌ ကိလေသာတရားနှင့် ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်မှုဟူ၍ အနက်အဓိပ္ပာယ်ရသော ဝိမုတ္တိဟူသော စကားသည် အိန္ဒိယဘာသာရေးနယ်၌ ထင်ရှားသောစကားဖြစ်၏။"(၁)

ဒေါက်တာရိုင်းစ်ဒေးဗစ်သည် ဥရောပတိုက်သားတို့၏ ထင်မှားမှုကို ပယ်ဖျောက်ရန် ခိုင်မာသော ပိဋကတ်ဒေသနာ အထောက်အထားမရှိဟု ရေးသားစဉ် ၁၉၀၈ ခုနှစ်က ပါဠိပိဋကတ်ကို နှံ့နှံ့စပ်စပ် အကုန်အစင် လေ့လာပြီးသေးဟန် မတူချေ။ အမှန်ဆိုသော် နိဗ္ဗာန်သည် ဒိဋ္ဌဓမ္မတရားအစစ်ဖြစ်ကြောင်း ပိဋကတ်စာပေ၌ ခိုင်လုံသော ပါဠိတော် အထောက်အထားများရှိပေရာ အချို့ကို အထက်၌ ဖော်ပြခဲ့ပေပြီ။

နိဗ္ဗာန်ကို သေပြီးမှ တမလွန်လောက၌ ရရှိနိုင်သော တရားဖြစ်သည်ဟု များစွာသော ဗုဒ္ဓဝါဒီတို့ ယူဆကြခြင်းမှာ 'ဒုက္ခသစ္စာကို မှန်ကန်စွာ နားမလည်မှုကြောင့်ဖြစ်၏။ အိုမှုနာမှု သေမှုကိုသာလျှင် ဒုက္ခဖြစ်သည်ဟု သူတို့ထင်မှတ်ကြ၏။ ထိုသို့ အယူရှိသောသူတို့၏ အမြင်အားဖြင့် အိုမှု၊ နာမှု၊ သေမှုနှင့်မကင်းသော ရဟန္တာသည် အသို့လျှင် နိဗ္ဗာန် မျက်မှောက်ပြုနေသော ပုဂ္ဂိုလ်ဖြစ်နိုင်ပါမည်နည်း။ စင်စစ် ဤလူ့ဘုံသည် အိုနာသေဘေးမှတစ်ပါး ဆင်းရဲဒုက္ခဖြစ်စေသော အခြားအကြောင်းတရား အမျိုးမျိုးရှိပုံကို 'ဒုက္ခသစ္စာ' အခန်း၌ ပြဆိုခဲ့ပေပြီ။ ဗုဒ္ဓဝါဒသည် ဒုက္ခတရားကို ဟောသော်လည်း ဆင်းရဲဒုက္ခမှ လူတို့လွတ်မြောက်ရန် မျှော်လင့်ချက်မရှိဟုဆိုသော အဆိုးမြင်ဝါဒမဟုတ်၊ မျက်မှောက်ဘဝ၌ ဆင်းရဲဒုက္ခ ချုပ်ငြိမ်းမှုလမ်းစဉ်ကို အလေးအနက် ဟောခဲ့၏။ အချို့ ဗုဒ္ဓဝါဒီတို့သည် ဤအချက်ကို သတိမပြုမိသောကြောင့် တမလွန်လောက အခြားဘုံဌာန၌သာ ဒုက္ခထာဝရ ချုပ်ငြိမ်းမှု (ဝါ) နိဗ္ဗာန်ရှိသည်ဟု ယူဆနေကြခြင်းဖြစ်၏။

နိဗ္ဗာန်သည် နောက်ဆုံးဘဝ ချုပ်ငြိမ်းပြီးမှ ရရှိအပ်သော တရားဖြစ်သည်ဟု ဗုဒ္ဓဝါဒီအများစု ယုံကြည်ကြခြင်း၏ ပဓာနအကြောင်းရင်းမှာကား သက္ကာယဒိဋ္ဌိ စွဲလမ်းမှုဖြစ်၏။ အနတ္တတရားကို လက်ခံသည်ဆိုသော ဗုဒ္ဓဝါဒီပင်ဖြစ်စေ ပုထုဇဉ်မှန်လျှင် အတ္တစွဲကို အပြီးအပြတ် မပယ်သတ်နိုင်ချေ။ အတ္တစွဲမကင်းသောသူသည် ရဟန္တာပုဂ္ဂိုလ်၏ ကိလေသာချုပ်ငြိမ်းမှု၊ ဆင်းရဲဒုက္ခမှ လွတ်မြောက်မှုကို ဂရုမပြုဘဲ ထိုပုဂ္ဂိုလ် စုတိစိတ်ချုပ်သည်၏ အခြားမဲ့၌ မိရာတည်ရာကိုသာလျှင် အာရုံစူးစိုက်၍ နိဗ္ဗာန်ကို ကြံစည်စိတ်ကူးပေလိမ့်မည်။ ဤနေရာ၌ ဆာ ရာဒါကရစ်ရှနန်[၂]၊ မစ္စက်ရိုင်းစ်ဒေးဗစ် စသော အတ္တဝါဒီပညာရှင်တို့သည် ထင်ရှားသော သာဓကများဖြစ်၏။ သူတို့သည် ပါဠိပိဋကတ်ထဲသို့ မိမိတို့ ယုံကြည်စွဲလမ်းသော အတ္တဝါဒကို ဆွဲသွင်း၍ နိဗ္ဗာန်ကို ရုပ်နာမ်ချုပ်ငြိမ်းသည်၏ နောက်မှဖြစ်ပေါ်လာသော တရားဟူ၍ အယူရှိကြ၏။ အချို့ ဗုဒ္ဓဝါဒီတို့သည်ကား အတ္တစွဲနှင့်ယှဉ်သော ဘဝတဏှာ အမျှင်မပြတ်သောကြောင့်

---

၁။ **Dr. Rhys Davids: Early Buddhism, pp. 73-74**

၂။ **Sir Radhakrishnan** = အထူးထင်ရှားသော အိန္ဒိယဒဿနပညာရှင်နှင့် နိုင်ငံရေးခေါင်းဆောင်။

နိဗ္ဗာန်ကို သေပြီးနောက်မှ ရုပ်ထူးနာမ်ထူးဖြင့် ခံစားအပ်သော ဘဝတစ်မျိုးဟူ၍ စွဲမှတ်ထားကြ၏။

နိဗ္ဗာန်ကို ဒိဋ္ဌဓမ္မတရားအဖြစ်ဖြင့် လက်မခံလိုသောသူတို့က သဥပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသန နိဗ္ဗာန်ဟူ၍ နိဗ္ဗာန်နှစ်မျိုးရှိသည်ဟု ဆိုကြ၏။ သဥပါဒိသေနိဗ္ဗာန်သည် ရဟန္တာပုဂ္ဂိုလ်ခန္ဓာ မချုပ်ငြိမ်းမီရအပ်သော နိဗ္ဗာန်ဖြစ်၍ နိဗ္ဗာန်အစစ်ဟူ၍ မဆိုအပ်။ ခန္ဓာချုပ်ငြိမ်းပြီးမှ ရဟန္တာရရှိအပ်သော အနုပါဒိသေသ နိဗ္ဗာန် သည်သာလျှင် မဟာနိဗ္ဗာန် အစစ်အမှန်ဖြစ်သည်ဟု ယုံကြည်ကြ၏။

ထိုနိဗ္ဗာန်နှစ်မျိုး အကြောင်းကို ဟောသော ဒေသနာမှာ အောက်ပါအတိုင်းဖြစ်၏။

"ရဟန်းတို့၊ နိဗ္ဗာနဓာတ်တို့သည် သဥပါဒိသေသနိဗ္ဗာနဓာတ်နှင့် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဟူ၍ နှစ်ပါးအပြားရှိ၏။ သဥပါဒိသေသ နိဗ္ဗာနဓာတ်သည် အဘယ်နည်း ဟူမူကား ရဟန်းသည် ပူဇော်အထူးကို ခံထိုက်သောသူ------၊ကိလေသာမှ လွတ်မြောက်သူဖြစ်၏။ ထိုရဟန္တာပုဂ္ဂိုလ်အား ဣန္ဒြေငါးပါးတို့သည် တည်ရှိကုန်သည်သာလျှင်တည်း။ ထိုရဟန္တာပုဂ္ဂိုလ်သည် ဣန္ဒြေပါးပါး မချုပ်ကုန်သောကြောင့် နှစ်သက်ဖွယ်မနှစ်သက် ဖွယ်အာရုံကို ခံစား၏။ ချမ်းသာဆင်းရဲကို ခံစား၏။ ထိုရဟန္တာပုဂ္ဂိုလ်အား ရာဂ၊ ဒေါသ၊ မောဟ ကုန်ခန်းမှုကိုပင် သဥပါဒိသေသ နိဗ္ဗာနဓာတ်ဟု ဆိုအပ်၏။

"အနုပါဒိသေသန နိဗ္ဗာနဓာတ်သည် အဘယ်နည်းဟူမူကား ရဟန်းသည် ကိလေသာမှ လွတ်မြောက်သူဖြစ်၏။ ဤအတ္တဘောဌ်ပင် ထိုရဟန္တာပုဂ္ဂိုလ်အား ခံစားမှုဝေဒနာ အားလုံးသည် ရာဂစသည်အားဖြင့် မနှစ်သက်အပ်ကုန်မူ၍ တစ်ဖန်မဖြစ်သောအားဖြင့် ငြိမ်းအေးကုန်လတ္တံ့။ ဤခံစားမှု ဟူသမျှတို့၏ တစ်ဖန်မဖြစ်သောအားဖြင့် ချုပ်ငြိမ်းမှုကိုပင် အနုပါဒိသေသနိဗ္ဗာနဓာတ်ဟု ဆိုအပ်၏။" (ဣတိဝုတ်၊ နိဗ္ဗာနဓာတုသုတ်)

ဥပါဒိဟူသော ပါဠိပုဒ်သည် အသက်ဇီဝ၏ မှီတည်ရာ (ဝါ) ခန္ဓာငါးပါးကို ဟောသောကြောင့် အနုပါဒိသေသန နိဗ္ဗာန်ကို ခန္ဓာအကြွင်းမရှိသောနိဗ္ဗာန် (ဝါ) ရုပ်နာမ်မချုပ်ငြိမ်းမီ နိဗ္ဗာန်ကိုကိလေသာနိဗ္ဗာန်၊ ရုပ်နာမ်ချုပ်ငြိမ်းပြီး နိဗ္ဗာန်ကို ခန္ဓာနိဗ္ဗာန်ဟု အဋ္ဌကထာဆရာတို့က ပြန်ဆိုကြ၏။ ဥပမာဆိုသော် အစိုးရအလုပ်ဖြင့် အသက်မွေးသော သူကို အစိုးရဝန်ထမ်း ဟူ၍လည်းကောင်း၊ အစိုးရအလုပ်မှ အနားယူသွားသောသူကို အငြိမ်းစား အစိုးရဝန်ထမ်းဟူ၍လည်းကောင်း ခေါ်ဝေါ်သကဲ့သို့ဖြစ်၏။ အနုပါဒိသေသန နိဗ္ဗာန်ကိုသာလျှင် နိဗ္ဗာန်အစစ်ဖြစ်သည်ဟု ယူဆရန် ဗုဒ္ဓဒေသနာ အထောက်အထား မရှိချေ။

သို့ဖြစ်၍ **လယ်တီဆရာတော်**၏ အဆိုအားဖြင့် "သောတာပတ္တိမဂ်ခဏဌ် အချို့သော ကိလေသာ၊ အချို့သော အနာဂတ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသို့ ပေါက်ရောက်မှုသည် ထိုအခါမှစ၍ နိဗ္ဗာန်သို့ရောက်မှုပင်ဖြစ်၏။ မဂ်ဖိုလ်ကို ယခုဘဝ ရလတ္တံ့သော ဝိပဿနာပုဂ္ဂိုလ်၏ နိဗ္ဗာန်သည် ရဟန္တာအဖြစ်သို့ မရောက်မီ သဥပါဒိသေသနိဗ္ဗာန် မည်၏။ ရဟန္တာအဖြစ်သို့ ရောက်သောအခါ အနုပါဒိသေသန နိဗ္ဗာန်မည်၏။ ကိလေသာ

ချုပ်ငြိမ်းမှုနှင့် ခန္ဓာချုပ်ငြိမ်းမှုသည် တစ်ခုစီ၊ တခြားစီမဟုတ်။ နှစ်တွေမခြား တစ်ပါးတည်း တစ်ခုတည်းဖြစ်၏။" (နိဗ္ဗာနဒီပနီ)

သောတာပတ္တိမဂ်ခဏမှစ၍ နိဗ္ဗာန်သို့ရောက်မှု ဖြစ်သည်ဆိုသော အထက်ပါ လယ်တီဆရာတော်၏ စကားသည် ဗုဒ္ဓဒေသနာများနှင့် အညီဖြစ်၏။ သောတာမတ္တိမဂ် သို့ဆိုက်သော ပုဂ္ဂိုလ်ကို "အပါယ်သို့ကျရန် သဘောမရှိသော၊ ကိန်းသေမြဲသော အထက်မဂ်သုံးပါးသာလျှင် လားရာရှိသော သောတာပန်ဟု ခေါ်ဆိုအပ်သည်"ဆိုသော ဗုဒ္ဓမိန့်ကြားချက်မှာ သုတ္တန်ဒေသနာများ၌ ထပ်တလဲလဲတွေ့ရသော စကားဖြစ်၏။ လယ်တီဆရာတော်၏ အဆိုနှင့် ဣတိဝုတ်ပါဠိတော် ကွဲလွဲသယောင် ဖြစ်နေခြင်းမှာ ဆရာတော်က မျက်မှောက်ခန္ဓာ ချုပ်ငြိမ်းမှုကို မဆိုလိုဘဲ အနာဂတ်ခန္ဓာ (ဝါ) ဘဝသစ် တစ်ဖန်ဖြစ်ရန် အကြောင်းတရား ချုပ်ငြိမ်းမှုကို ရည်ညွှန်းသောကြောင့်ဖြစ်၏။

**ဒီပဲရင်းဆရာတော်မှ** "နိဗ္ဗာန်သို့ရောက်ရသည်ဆိုရာ၌ မဂ်ခဏ၌ ရသည်၊ ရောက်သည်မှတ်။ စုတိကမ္မဇရုပ်ချုပ်ပြီးမှ ရစရာရောက်စရာ နိဗ္ဗာန်တခြားမရှိ။ နိဗ္ဗာန်ဟူသည် တစ်ပါးသာရှိ၏။ ယင်းတစ်ခုသော နိဗ္ဗာန်ကိုပင် မဂ်ဖြစ်ပြီးနောက် စုတိမဖြစ်မီ ရောက်သောသူမှာ ခန္ဓာကြွင်းရှိသေးသောကြောင့် သဉပါဒိသေသ နိဗ္ဗာန်ဟူ၍ လည်းကောင်း၊ ရောက်သူခန္ဓာကို အစွဲပြု၍ အမည်နှစ်ပါးဖြင့် ခေါ်ဝေါ်ရသည်။ နိဗ္ဗာန်နှစ်ပါးရှိ၍ ခေါ်သည်မဟုတ်။ ထို့ကြောင့် နိဗ္ဗာန်၌ကား အကွဲအပြားမရှိ။ အမည်သာ ကွဲပြားသည်မှတ်လေ"ဟုရေးသားခဲ့၏။ (ပရမတ္ထဒီပနီ)

ဤစကားဖြင့် **လယ်တီဆရာတော်**နှင့် **ဒီပဲရင်းဆရာတော်**တို့ အသိအမှတ်ပြုသော နိဗ္ဗာန်သည် အထက်က ပြဆိုခဲ့သော ပါဠိတော်များနှင့်အညီ ရဟန္တာပုဂ္ဂိုလ် မျက်မှောက်ပြုသော ဒိဋ္ဌဓမ္မတရားဖြစ်ကြောင်း ထင်ရှား၏။

ပိဋကတ်စာပေနှင့် အဋ္ဌကထာများ၌ အနိဒဿနံ၊ အဗျာပဇ္ဈံ၊ ကေဝလံ၊ နိရောဓံ၊ မောက္ခံ၊ ဝိရာဂံ၊ အမတံစသည်ဖြင့် နိဗ္ဗာန်၏ ဝိသေသဂုဏ်ကိုပြသော ပါဠိပုဒ်တို့ကား များလှပေ၏။ ပါဠိပိဋကတ်၌ အများအားဖြင့် နိဗ္ဗာန်သည် အရဟတ္တဖိုလ်ကို ဆိုလိုသော စကားဖြစ်၏။ **မစ္စက်ရိုင်းစ်ဒေးဗစ်**၏ အဆိုအားဖြင့် ရှေးဦး သက္ကတဗုဒ္ဓစာပေ၌ ပါဠိစာပေမှာကဲ့သို့ပင် မျက်မှောက်ဘဝ ကိလေသာချုပ်ငြိမ်းမှုကို ရည်ညွှန်း၏။

နိဗ္ဗာန်ပါဠိပုဒ်၏ အဓိပ္ပာယ် အရင်းအမြစ်သည် ချုပ်ငြိမ်းမှုဖြစ်၍ အချို့ အနောက်နိုင်ငံသားများက နိဗ္ဗာန်ကို **ပြတ်တောက်မှု (ဝါ) ဘာမျှမရှိမှု**[၁]ဟု မှတ်ယူကြ၏။ သို့ရာတွင် စုတိပြီး ရဟန္တာ၏ လားရာနှင့်ပတ်သက်၍ ဗုဒ္ဓသည် မည်သို့မျှ မဟော ကြားခဲ့ကြောင်း ရှေ့၌ပြဆိုပါအံ့။ ပိဋကတ်စာပေ၌လာသော နိဗ္ဗာန်ဆိုင်ရာ ချုပ်ငြိမ်းမှုသည် ကိလေသာတရားနှင့် ဆင်းရဲဒုက္ခချုပ်ငြိမ်းမှုကို ဆိုလိုခြင်းဖြစ်၏။ ဆင်းရဲဒုက္ခ ချုပ်ငြိမ်းမှုသည် ချမ်းသာမှုဖြစ်ကြောင်း လူအများ နားမလည်ကြချေ။ သို့ဖြင့် နိဗ္ဗာန်၏ ငြိမ်အေးမှု၊ သန္တိသုခကို သဘောမပေါက်ဘဲ ခံစားမှုနှင့်ယှဉ်သော ချမ်းသာမှုကိုသာ သုခအစစ်အမှန်ဟု စွဲမှတ်ထားကြ၏။ ဤသည်မှာ နိဗ္ဗာန်၏ ဒိဋ္ဌဓမ္မသဘောကို မသိမမြင်ဘဲ

၁။ **Extinction or Nothingness**

တမလွန်လောကနိဗ္ဗာန်ကို တွေးခေါ်ကြံဆနေကြခြင်း၏ အကြောင်းတစ်ပါးဖြစ်၏။

"ငါ့ရှင် ဥဒါယီ၊ ဤနိဗ္ဗာန်၌ ခံစားအပ်သော ဝေဒနာမရှိခြင်းသည်ပင်လျှင် ချမ်းသာမည်၏" (အင်္ဂုတ္တရနိကာယ်၊ နဝင်္ဂနိပါတ်၊ နိဗ္ဗာနသုခသုတ်)။ ဤအရှင်သာရိပုတ္တရာ၏ မိန့်ကြားချက်သည် ဒုက္ခသစ္စာအခန်း (စာ-၆၉)၌ ပြဆိုခဲ့သော အနောက်တိုင်း အသိပညာရှင်တို့၏အမြင်နှင့် ထပ်တူဖြစ်၏။ ဆင်းရဲဒုက္ခ ခံစားနေရသော၊ သို့မဟုတ် ဒုက္ခသစ္စာကို ကောင်းစွာသိမြင်သော ပုဂ္ဂိုလ်သည် ဝေဒယိတသုခကို မမျှော်မှန်းချေ။ ထိုသူအဖို့ ဒုက္ခချုပ်ငြိမ်းမှုသည်သာ ပဓာနဖြစ်၏။ ထောင်ထဲရှိ အကျဉ်းသားသည် ထောင်မှလွတ်မည့်ရက်ကိုသာ စောင့်မျှော်နေပေလိမ့်မည်။ အနာရောဂါ နှိပ်စက်ခြင်းခံနေရသောသူသည် ရောဂါပျောက်ကင်းမှုမှတစ်ပါး အခြားအရာ၊ အခြားခံစားမှုကို တောင့်တမည် မဟုတ်ချေ။

စင်စစ် ဒုက္ခချုပ်ငြိမ်းမှု သန္တိသုခသည် အထက်ကပြဆိုခဲ့သော **ဒေါက်တာရိုင်းစ်ဒေးဗစ်**၏ ရေးသားချက်နှင့်အညီ နိဗ္ဗာန်၏ ဒိဋ္ဌဓမ္မ လက္ခဏာဖြစ်သည်ဟူသော အယူမှာ ဗုဒ္ဓမပေါ်မီကပင် အိန္ဒိယဘာသာရေးနယ်၌ ရှိခဲ့ကြောင်း သုတ္တန်တစ်ခု၌ ထင်ရှား၏။ "အရှင်ဂေါတမသည် အနာမရှိသောအဖြစ်သည် လွန်မြတ်သော လာဘ်မည်၏။ ဒုက္ခခပ်သိမ်း ငြိမ်းအေးရာနိဗ္ဗာန်သည် ရှေးပရိဗိုဇ်ဆရာ အဆက်ဆက်တို့ကလည်း ထိုသို့ဟောသည်ကို ကြားဖူးပါ၏။" (မဇ္ဈိမနိကာယ်၊ မာဂဏ္ဍိယသုတ်)

ဤစကားနှင့်စပ်၍ **မစ္စက်ရိုင်းစ်ဒေးဗစ်**၏ ရေးသားချက်မှာ မှတ်သားဖွယ်ဖြစ်၏။ "ဤမာဂဏ္ဍိယစကားကို ဗုဒ္ဓဟောသော မီးပုံဥပမာနှင့် ဆက်စပ်၍ ဆင်ခြင်သုံးသပ်ပါက နိဗ္ဗာန်သည် ပါဠိပိဋကတ်များ ပေါ်လာစက မီးငြိမ်းအေးမှု၊ ကိုယ်စိတ်ကျန်းမာမှုနှင့် ယှဉ်နေသော စိတ်ငြိမ်းချမ်းသာယာခြင်းကို ဆိုလိုကြောင်း ထင်ရှား၏။ ချုပ်ငြိမ်းမှုသည် ရုပ်နာမ်ချုပ်ငြိမ်းမှုကို မဆိုလိုဘဲ တညီးညီးတောက်လောင်နေသော ကိလေသာရာဂမီး၏ ချုပ်ငြိမ်းမှုကို ဆိုလိုကြောင်း သတိပြုပါက နိဗ္ဗာန်၏ မူလအဓိပ္ပာယ်ကို နားလည်ရန် မခဲယဉ်းချေ။"(၁)

## (က) ရဟန္တာ

အရဟံဟူသောပုဒ်သည် ဗုဒ္ဓမပေါ်မီက ရှိနှင့်ပြီးဖြစ်သော ဗြဟ္မဏကျမ်းတစ်စောင်၌လာ၏။ ပူဇော်အထူးကို ခံအပ်သော ပုဂ္ဂိုလ်ကို ရည်ညွှန်း၏။ ဒီဃနိကာယ် ပါထိကသုတ်၌ သုနက္ခတ္တက အချို့သော တိတ္ထိတက္ကတွန်းတို့အား ရဟန္တာဖြစ်သည်ဟု စွဲမှတ်ခြင်းကို ထောက်သော် ရဟန္တာဟူ၍ လူတို့ခေါ်ဝေါ်သမုတ်သော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓသာသနာမှအပ၌လည်း ရှိကြောင်းသိရ၏။ ဗုဒ္ဓလမ်းစဉ် နိဗ္ဗာန်ကို မျက်မှောက်ပြုသော ရဟန္တာသည် ဗုဒ္ဓမှတစ်ပါး အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်၏။ ဗုဒ္ဓ၏ အရိယာလမ်းစဉ်ကို ကျင့်သုံးသော ရှေးဦးပထမ ဗုဒ္ဓဝါဒီတို့၏ အဓိကရည်မှန်းချက်သည် အရဟတ္တဖိုလ်ကိုရ၍

၁။ **Mrs. Rhys Davids: Buddhism, (1914) pp. 178**

ရဟန္တာအဖြစ်သို့ ရောက်ရှိရန်ဖြစ်၏။

ရဟန္တာသည် နိဗ္ဗာန်ကို မျက်မှောက်ပြုသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် နိဗ္ဗာန်၏ သဘောလက္ခဏာကို ခြေခြေမြစ်မြစ် သိရှိနားလည်ရန် ရဟန္တာပုဂ္ဂိုလ်များအကြောင်းကို စေ့စေ့သေချာစွာ လေ့လာရပေမည်။ ပိဋကတ်စာပေ၌ ရဟန္တာအကြောင်းကို စုံစုံစေ့စေ့ ပြဆိုမထားသော်လည်း ကျွန်ုပ်တို့ သိရသမျှမှာ စိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ်ကောင်း၏။ ပထမအချက်မှာ ဗုဒ္ဓလက်ထက်က ရဟန္တာအတု အတော်များများရှိ၏။ "အို သုနက္ခတ္တ၊ ငါဘုရား၏အထံ၌ အရဟတ္တဖိုလ်ကို ပြောကြားသော ရဟန်းတို့တွင် အရဟတ္တဖိုလ်ကို မရရှိဘဲ ရရှိသည်ဟု ပြောကြားသော ရဟန်းတို့သည်လည်း ရှိ၏။" (မဇ္ဈိမနိကာယ်၊ သုနက္ခတ္တသုတ်)

"ရဟန်းတို့၊ အချို့သော ပုဂ္ဂိုလ်တို့သည် ပညာနုံ့သည်, တွေဝေသည်၏အဖြစ်ကြောင့်သော်လည်းကောင်း၊ ယုတ်ညံ့သော အလိုဆန္ဒကြောင့်သော်လည်းကောင်း၊ ရူးသွပ်ခြင်း, စိတ်ပျံ့လွင့်ခြင်းကြောင့်သော်လည်းကောင်း၊ မိမိကိုယ်ကို အထင်ကြီးသောကြောင့်သော်လည်းကောင်း၊ အရဟတ္တဖိုလ်ကို ပြောဆိုကြ၏။" (အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ် ဗျာကရဏသုတ်)

ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်အစစ် ဟုတ်မဟုတ် ပုထုဇဉ်လူသတ္တဝါတို့ သိရှိရန် မဖြစ်နိုင်ချေ။ မည်သို့သော ပုဂ္ဂိုလ်သည်၊ မည်သို့သောနည်းဖြင့် ရဟန္တာကို သိနိုင်ကြောင်း ပသေနဒီကောသလမင်းအား ဗုဒ္ဓဟောကြားချက်မှာ အောက်ပါအတိုင်းဖြစ်၏။

"မင်းကြီး၊ သားမယားတို့နှင့် ကျဉ်းမြောင်းသော အိမ်ရာ၌ နေထိုင်ကာ ကာမဂုဏ်စည်းစိမ် ခံစားနေသော သင်မင်းကြီးသည် ဤသူတို့ကား ရဟန္တာပုဂ္ဂိုလ်တို့တည်းဟု သိနိုင်ခဲ၏။"

"ပုဂ္ဂိုလ်တစ်ဦးနှင့် အတူတကွ နေထိုင်ခြင်းဖြင့်သာ သူ၏ သီလကိုသိနိုင်၏။ ယင်းသီလကိုလည်း ကြာရှည်စွာ ပြောဆိုဖူးသောသူမှသာ သိနိုင်၏။ တစ်ခဏမျှပြောဆိုကာမျှဖြင့် မသိနိုင်။ ပညာရှိ၍ စဉ်းစားဆင်ခြင်သောသူမှသာ သိနိုင်၏။ ပညာမဲ့သော သူသည် မသိနိုင်။

"အတူတကွ စကားပြောခြင်းဖြင့်သာ ထိုသူ၏ စင်ကြယ်သောအဖြစ်ကို သိနိုင်၏။ ယင်းကိုလည်း ကြာရှည်ပြောဆိုဖူးသောသူမှသာ သိနိုင်၏။ တစ်ခဏမျှ ပြောဆိုကာမျှဖြင့် မသိနိုင်။ ပညာရှိ၍ စဉ်းစားဆင်ခြင်သောသူသာ သိနိုင်၏။ ပညာမဲ့သောသူသည် မသိနိုင်။

"ဘေးရန် တွေ့ကြုံသောအခါတို့၌သာ သူ၏ ဉာဏ်အစွမ်းကို သိနိုင်၏။ ယင်းကိုလည်း များစွာသော ဘေးရန်တွေ့ကြုံမှသာ သိနိုင်၏။ စဉ်းစားဆင်ခြင်၍ ပညာရှိသောသူ မှသာ သိနိုင်၏။ ပညာမဲ့သောသူသည် မသိနိုင်။

"အတူတကွ ကာလရှည်ကြာစွာ တရားစကားပြောဆို ဆွေးနွေးခြင်းဖြင့်သာ ထိုသူ၏ပညာကို သိနိုင်၏။ စဉ်းစားဆင်ခြင်၍ ပညာရှိသောသူမှသာ ထိုသို့သိနိုင်၏။

ပညာမဲ့သောသူသည် မသိနိုင်။" (ဥဒါန်ပါဠိတော်၊ ဇစ္စန္ဓဝဂ်၊ သတ္တဇဋိလသုတ်)

ဤဒေသနာကို ဟုဒ္ဓဟောကြားခြင်းမှာ ကောသလမင်းက ဟုဒ္ဓအား လာရောက်ဖူးမြော်နေစဉ် မနီးမဝေးမှ ဖြတ်သန်းသွားသော တိတ္ထိပရိဗိုဇ်တို့အား ရှိခိုး၍ ထိုသူတို့သည် ရဟန္တာပုဂ္ဂိုလ်များ ဖြစ်ပါသည်ဟု ဘုရားရှင်အား လျှောက်ထားသောကြောင့် ဖြစ်၏။ အမှန်မှာ ဘုရင်သည် ဘုရားရှင်၏ သဘောအယူအဆကို စုံစမ်းခြင်း ဖြစ်၍ ဒေသနာ၏အဆုံး၌ ထိုသူတို့မှာ မိမိ၏သူလျှိုများ ဖြစ်ပါသည်ဟု ဝန်ခံလျှောက်ထား၏။

အထူးမှတ်သားဖွယ်ကောင်းသော ဤဗုဒ္ဓဒေသနာကို သံယုတ္တနိကာယ်၊ ကောသလသံယုတ်နှင့် အင်္ဂုတ္တရနိကာယ် ဆဋ္ဌနိပါတ်၌လည်း တွေ့ရ၏။ ဤသို့ တိကျပြတ်သားစွာ ဟောထားသော ဒေသနာရှိပါလျက် ယခုခေတ် များစွာသော ဗုဒ္ဓဝါဒီတို့၌ ရဟန္တာနှင့်ပတ်သက်၍ လွဲမှားသောအယူများ စွဲကပ်နေခြင်းမှာ အံ့ဩဖွယ်ရာဖြစ်၏။ အံ့ဖွယ်သရဲ တစ်ခုခုလုပ်ပြနိုင်သည်၊ သို့မဟုတ် သေပြီးနောက် အလောင်းမပုပ်မသိုးဘဲ ရှိသည် ဆိုလျှင်ပင် ရဟန္တာဖြစ်သည်ဟု ထင်မှတ်နေသောသူများ ဤဗုဒ္ဓဒေသနာကို အထူးသတိပြုသင့်ပေသည်။

ကာမဂုဏ်ခံစားသော လူတို့သည် ရဟန္တာကို သိရန်ခက်ခဲပါက ရဟန္တာဖြစ်ရန်သာ၍ခက်ခဲမည်ဟု ယူဆရန်ရှိ၏။ "အို မဟာနာမ်၊ သင်၏ အတွင်းသန္တာန်၌ စိတ်ယုတ်များကို ပယ်စွန့်ပြီးဖြစ်ပါက သင်သည် အိမ်ရာတည်ထောင် လူတို့ ဘောင်၌နေတော့မည်မဟုတ်" (မဇ္ဈိမနိကာယ်၊ စူဠဒုက္ခက္ခန္ဓသုတ်)။ "အို ဝစ္ဆဂေါတ္တ၊ အိမ်ရာထောင်သောလူတို့ သံယောဇဉ်ကိုမပယ်ဘဲ ကိုယ်ခန္ဓာပျက်သည်ရှိသော် ဒုက္ခ၏အဆုံးကို ပြုနိုင်သောသူဟူ၍ တစ်စုံတစ်ယောက်မျှမရှိ။" (မဇ္ဈိမနိကာယ်၊ တေဝိဇ္ဇဝစ္ဆဂေါတ္တသုတ်)

ကထာဝတ္ထု ပါဠိတော်၌ လူပုဂ္ဂိုလ်သည် ရဟန္တာမဖြစ်နိုင်ဟုဆို၏။ မိလိန္ဒပဉှာ၌မူ လူပုဂ္ဂိုလ်သည် အရဟတ္တဖိုလ် ရရှိသောနေ့၌ ရဟန်းသော်လည်း ပြုရာ၏။ သို့မဟုတ် နိဗ္ဗာန်သော်လည်းပြုရာ၏ဟု ဆို၏။ အရှင်နာဂသိန် ထိုသို့ဖြစ်ခြင်းမှာ လူ၏ အသွင်အပြင်သည် အားနည်း၍ အရဟတ္တဖိုလ်ကိုဆောင်ရန် မစွမ်းနိုင်သောကြောင့်ဖြစ်သည်ဟု မိလိန္ဒမင်းအား ရှင်းပြ၏။ ဤရှင်းပြချက်မှာ အကြောင်းယုတ္တိမခိုင်လုံချေ။ လူရဟန္တာသည် အခြားရဟန္တာများကဲ့သို့ပင် ကိလေသာတရား ချုပ်ငြိမ်း၍ သီလ၊ သမာဓိ၊ ပညာ ခွန်အားသစ်များ ရရှိပြီးဖြစ်ရကား လူ့ဘောင်၏ ဘေးရန်နှင့်ပြဿနာများကို ရင်ဆိုင်နိုင်စွမ်း ရှိရပေမည်။

မည်သို့ဖြစ်စေ ဗုဒ္ဓလက်ထက်က လူရဟန္တာများရှိကြောင်း ပါဠိစာပေ၌ ပြဆိုထား၏။ ထေရီဂါထာ အဋ္ဌကထာ၌ သုဇာတာ၊ ခေမာ၊ သုမဏာဥဗ္ဗိရီကို့သည် လူအဖြစ်ဖြင့် အရဟတ္တဖိုလ်၌ တည်ကြသည်ဆို၏။ ပသေနဒီကောသလမင်း၏ မိဖုရာဥဗ္ဗိရီသည် အရဟတဖိုလ် တည်ပြီးနောက် ရဟန်းပြုသည်ဟု မဆိုချေ။ ဝိနည်း ပိဋကတ်

မဟာဝဂ်၊ မဟာခန္ဓကၝ ယသအမျိုးကောင်းသားသည် ဘုရားရှင်က မိမိဖခင်အား တရားဟောနေစဉ် သစ္စာလေးပါးကို သိမြင်၍ အာသဝေါတရားမှ လွတ်မြောက်ကြောင်း ပြထား၏။ လူပုဂ္ဂိုလ်က ရဟန္တာဖြစ်နိုင်ကြောင်း အထူးခိုင်မာသော အထောက်အထားမှာ အောက်ပါ ဗုဒ္ဓမိန့်ကြားချက်ဖြစ်၏။

"ရဟန်းတို့၊ တရားခြောက်မျိုးနှင့် ပြည့်စုံသော တပုဿသူကြွယ်သည် မြတ်စွာဘုရား၌ ဆုံးဖြတ်ခြင်းသို့ရောက်၏။ အမြိုက်နိဗ္ဗာန်ကိုမြင်၍ မျက်မှောက်ပြုနေ၏။ ထိုတရားခြောက်မျိုးကား ဘုရား၌ယုံကြည်မှု၊ တရား၌ ယုံကြည်မှု၊ သံဃာ၌ယုံကြည်မှု၊ မြတ်သောသီလရှိမှု၊ မြတ်သောဉာဏ်အမြင်ရှိမှုနှင့် မြတ်သော (ကိလေသာမှ) လွတ်မြောက်မှုအရဟတ္တဖိုလ်တို့ဖြစ်၏။" (အင်္ဂုတ္တရနိကာယ် ဆက္ကနိပါတ်၊ သာမညဝဂ် – တပုဿသုတ်)။ ထို့အတူ ဘာလိက၊ အနာထပိဏ်၊ စိတ္တ၊ ဟတ္ထက၊ အာဠဝက၊ မဟာနာမ်၊ နကုလပိတာ၊ မေဏ္ဍက စသော အခြားဥပါသကာ တစ်ဆယ့်ခြောက်ယောက်တို့သည်လည်း အရဟတ္တဖိုလ်၌တည်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကြောင်း ဟောတော်မူ၏ (အင်္ဂုတ္တရနိကာယ် ဆက္ကနိပါတ်၊ သာမညဝဂ်၊ ဘလ္လိကာဒိသုတ်)

ဤလူရဟန္တာတို့၏ စာရင်းမှာ ပိဋကတ်ဆရာတို့ ကောင်းစွာမမှတ်မိခြင်းကြောင့် အချို့နေရာ၌ မှားကောင်းမှားပေမည်။ မဇ္ဈိမနိကာယ်၊ အနာထပိဏ္ဍိကသုတ်အရဆိုသော် အနာထပိဏ်သူဌေးသည် နောက်ဆုံး၌ ရဟန္တာဖြစ်မသွားချေ။ အဋ္ဌကထာများ၌လာသော လူမိန်းမ ရဟန္တာအမည်များ မပါရှိခြင်းကို ထောက်ချင့်၍လည်း ပိဋကတ်ဆရာတို့ မသိသော အခြားလူရဟန္တာများ ရှိတန်ရာ၏။ မည်သို့ဖြစ်စေ အထက်ပါ ဗုဒ္ဓဒေသနာများအရ ဗုဒ္ဓလက်ထက်က လူရဟန္တာများရှိကြောင်း ထင်ရှား၏။

လူနှင့် ရဟန်းပုဂ္ဂိုလ်နှစ်ဦးသည် အရည်အချင်းအားလုံး တူညီနေပါက ပတ်ဝန်းကျင် အခြေအနေရ ရဟန်းပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ထက် သာလွန်၍ နိဗ္ဗာန်မျက်မှောက်ပြုရန် အလားအလာရှိကြောင်း အထူးရေးသားရန် မလိုချေ။ သို့ရာတွင် ဗုဒ္ဓ၏အလိုအားဖြင့် အရဟတ္တဖိုလ် ရရှိရန်တွက် လက်ဝတ်ဏာအသွင်အပြင်နှင့် ပတ်ဝန်းကျင်အခြေအနေသည် အကြောင်းမဟုတ်၊ ပါရမီဗီဇဓာတ်ခံနှင့် သဒ္ဓါပညာစသော အရည်အချင်းများသည်သာ ပဓာနဖြစ်၏။ အရှင်အာနန္ဒာသည် ဗုဒ္ဓနှင့်အတူနေ၍ တရားတော်ကို အမြဲကြားနာရသော်လည်း ဘုရားရှင် ထင်ရှားရှိစဉ်က ရဟန္တာမဖြစ်ခဲ့ချေ။ သို့ရာတွင် ယသသူဌေးသားကဲ့သို့ တစ်ကြိမ်တရားကြားနာကာမျှနှင့် အကျွတ်တရားရသော အရိယာပုဂ္ဂိုလ်များမှာ မနည်းလှချေ။ အနာကြီးရောဂါစွဲကပ်ပြီး အထီးကျန် ဒုက္ခိတသတ္တဝါဖြစ်နေသော ဆင်းရဲသားတစ်ဦးမှာ ဗုဒ္ဓတရားကို တစ်ကြိမ်ကြားနာပြီးနောက် သောတာပတ္တိမဂ်သို့ ဆိုက်ရောက်သွားကြောင်း ပိဋကတ်၌ ပြဆိုထား၏။ (ဥဒါန်းပါဠိတော်၊ သောဏဝဂ်၊ သုပ္ပဗုဒ္ဓကုဋ္ဌိသုတ်)

"မင်းသား၊ အကြင်ရဟန်းသည် ယုံကြည်၏။ အနာရောဂါကင်း၏။ ဟန်ဆောင်

ခြင်း၊ လှည့်ပတ်ခြင်းမရှိ။ မြတ်စွာဘုရားထံ၌လည်းကောင်း၊ ပညာရှိ သီတင်းသုံးဖော်တို့ အထံ၌လည်းကောင်း ဟုတ်မှန်သည့်အတိုင်း မိမိကိုယ်ကို ထင်ရှားစွာပြု၏။ လုံ့လရှိ၏။ ပညာနှင့်ပြည့်စုံ၏။ ထိုရဟန်းသည် ဆုံးမသူ ဆရာရှိပါက ခုနစ်ရက်ကြာလျှင် အရဟတ္တဖိုလ်ကို မျက်မှောက်ရရှိနိုင်၏။ ခုနစ်ရက်ထားဘိဦး ညချမ်းအခါ၌ဆုံးမမူ နံနက်အခါ၌ တရားထူးကို ရရှိနိုင်၏။ (မဇ္ဈိမနိကာယ်၊ ဗောဓိရာဇကုမာရသုတ်)

ရဟန္တာပုဂ္ဂိုလ်၏ ဝိသေသ ဂုဏ်လက္ခဏာသုံးပါးမှာ ကိလေသာတရားများ ချုပ်ငြိမ်းမှု၊ ဆင်းရဲဒုက္ခ ချုပ်ငြိမ်းမှုနှင့် ဘဝသစ်တစ်ဖန်ဖြစ်ခြင်း မရှိမှုဖြစ်၏။ ဆင်းရဲဒုက္ခ ချုပ်ငြိမ်းမှုမှာ ကိလေသာတရား ချုပ်ငြိမ်းမှု၏ အကျိုးဆက်ဖြစ်၍ သိသာထင်ရှားသောကြောင့် အထူးစဉ်းစားဖွယ်မရှိ။ အခြား ဂုဏ်အင်္ဂါနှစ်ပါးအနက် ရှေးဦးစွာ ဘဝသစ်တစ်ဖန် မဖြစ်မှုအကြောင်း ဆင်ခြင်သုံးသပ်ဖွယ်ရာ အချက်များကို ဖော်ပြပါအံ့။

ရဟန္တာအဖို့ ဘဝသစ်တစ်ဖန်ဖြစ်မှု မရှိခြင်းသည် ဘဝတဏှာကင်းပြတ်သောကြောင့်ဖြစ်၏။ ဘဝတဏှာ ကင်းပြတ်မှုသည် သေလျှင်ဘဝပြတ်သည်ဆိုသော ဉစ္ဆေဒဒိဋ္ဌိ (ဝါ) ရုပ်ဝါဒနှင့် တခြားစီဖြစ်ကြောင်း သတိပြုသင့်၏။ စင်စစ်ရုပ်ဝါဒီသည် တမလွန်ဘဝကို မယုံကြည်သောကြောင့်ပင် မိမိ၏ဘဝကို တပ်မက်၍ အခြားလူများထက် ဘဝတဏှာ ပိုမိုအားကောင်းနေတတ်၏။ တမလွန်ဘဝကို စိတ်ဝင်စားမှု လက္ခဏာ မပြသော်လည်း ဘဝသစ်တစ်ဖန် ဖြစ်လိုသောဆန္ဒမှာ အတွင်းသန္တာန်၌ မသိစိတ်အဖြစ်ဖြင့် ကိန်းအောင်းနေပေမည်။ သတ္တဝါမျိုးစု တည်မြဲမှုအတွက် သဘာဝဓမ္မက ဖန်တီးထားသော ဘဝတဏှာကို အောင်မြင်ရန်မှာ လွယ်ကူသော ကိစ္စမဟုတ်ချေ။

ဘဝတဏှာနှင့် အခြားကိလေသာတရားများကို အောင်မြင်မှုသည် အတ္တလောက၏ အထွတ်အထိပ်သို့ ရဟန္တာရောက်ရှိခြင်းကို ပြ၏။ **မစ္စက်ရိုင်းစ်ဒေးဗစ်**ကမူ ရဟန္တာသည် ရှေးပညာရှိတို့၏ အမြင်အားဖြင့် သတ္တဝါတို့အား သဘာဝတရား၏ ပြုပြင်စီရင်မှုကို ဖော်ဆောင်သော သရုပ်ပြပုဂ္ဂိုလ်ဖြစ်သည်ဆို၏။ သတ္တလောက၌ အရည်အချင်းနှင့် အရေအတွက်၏ ဆန့်ကျင်ဘက်ဖြစ်မှု၊ အခြားတစ်နည်းဆိုသော် အမျိုးအစားနှင့် မျိုးပွားမှု၏ ဝိရောဓိဖြစ်မှုသည် အထူးသိသာထင်ရှား၏။ လူနှင့်တိရစ္ဆာန် သတ္တဝါမျိုးစုတို့သည် အဆင့်အတန်းမြင့်လာလေ မျိုးပွားမှုကျဆင်းလာလေဖြစ်၏။ ငါးသည် တစ်ကြိမ်လျှင် ဥပေါင်း ထောင်သောင်းမကဥ၍ ဆင်သည် သားသမီး အနည်းငယ်သာရ၏။ .လူ တို့သည် လူနေမှုအဆင့်အတန်း မြင့်လာသည်နှင့်အမျှ ကလေးမွေးနှုန်း ကျဆင်းလာစမြဲဖြစ်၏။ တိုးတက်သော အနောက်နိုင်ငံများ၌ မတိုးတက်သေးသော အာရှအာဖရိက နိုင်ငံများမှာလောက် လူဦးရေတိုးပွားခြင်း မရှိချေ။ အများအားဖြင့် အသိဉာဏ်ပညာ မြင့်မားသော လူတို့သည် ဉာဏ်ပညာနည်းပါးသော လူတို့ထက် သားသမီးအရနည်း၏။ ရဟန္တာ ပုဂ္ဂိုလ်သည်ကား အမြင့်ဆုံးအဆင့်သို့ရောက်ရှိ၍ တစ်ဖန်ပဋိသန္ဓေမနေရတော့ဘဲ

ဘဝသံသရာ မျိုးဆက် လုံးဝပြတ်စဲခြင်းဖြစ်သည်ဟု ယူဆဖွယ်ရှိ၏။[၁]

ဘဝသစ်တဖန် မဖြစ်မှုသည် ရဟန္တာပုဂ္ဂိုလ် စုတိစိတ်ချုပ်သည်၏ အခြားမဲ့ အနာဂတ်ကာလနှင့် သက်ဆိုင်သော နိဗ္ဗာန်၏ ဂုဏ်အင်္ဂါဖြစ်၏။ နိဗ္ဗာန်၏ ဒိဋ္ဌဓမ္မ အနှစ်သာရမှာ မျက်မှောက်ဘဝ၌ ကိလေသာတရားများ ချုပ်ငြိမ်းမှုဖြစ်၏။ သို့ဖြစ်၍ အနာဂတ်ထက် ပစ္စုပ္ပန်ကို အလေးထား၍ဟောသော ဗုဒ္ဓ၏ အလိုအားဖြင့် ဘဝတဏှာ ထက် ရာဂ၊ ဒေါသ၊ မောဟတရားများကို ပယ်သတ်ရန် ပိုမိုအရေးကြီးသည်ဟု မှတ်ယူ ရပေမည်။ ဘဝတဏှာသည် လူတို့ကို စိုးမိုးနေသည်မှန်သော်လည်း စင်စစ် အသိပညာ ရှိသော အချို့လူများအဖို့ ယင်းကိုပယ်သတ်ရန် များစွာခက်ခဲမည် မဟုတ်ချေ။ ဤ အချက်သည် အောက်ပါဗုဒ္ဓဒေသနာ၌ ထင်ရှား၏။ ထိုဒေသနာ၌ ပညာနှင့်ပြည့်စုံသော ဥပါသကာသည် မမာမကျန်းဖြစ်၍ သေခါနီး၌ မိတ်ဆွေကောင်း၏ အားပေးမှုဖြင့် ဘဝ တဏှာ ကင်းပြတ်နိုင်ပုံကို ဗုဒ္ဓက မဟာနာမ်အား ဟောကြားထား၏။

ဒေသနာ၏ လိုရင်းအချုပ်မှာ ပညာနှင့်ပြည့်စုံသော ဥပါသကာသည် ပညာနှင့် ပြည့်စုံသော လူနာအား မိမိ (လူနာသည် ရတနာသုံးပါးကို ကြည်ညို၍ အကျင့်သီလကောင်း သော သူဖြစ်ခြင်းကို ဆင်ခြင်အောက်မေ့စေရမည်။ မိဘနှင့် သားမယားတို့အပေါ်၌ သံယောဇဉ်မထားရန် သတိပေးရမည်။ ကာမဂုဏ်ငါးပါးကို တပ်မက်သောသူဖြစ်နေ ပါက လူနာအား လူတို့၏ စည်းစိမ်ချမ်းသာထက် ပိုမိုနှစ်သက်ဖွယ်ကောင်းသော နတ်တို့၏ စည်းစိမ်ချမ်းသာကို တောင့်တစေရမည်။ နောက်ဆုံး ဗြဟ္မာဘုံသို့ သူ၏ စိတ်အာရုံကို လွှဲပြောင်းစေရမည်။ ထိုမှနောက်၌ကား .... (အောက်ပါမှာ ပိဋကတ် မြန်မာပြန်မှ ကူးယူဖော်ပြထားခြင်း ဖြစ်သည်။)

"ဗြဟ္မာဘုံ၌ စိတ်ကိုထားပြီးပြီဟု ထိုသူက ပြောဆိုခဲ့မူ အသျှင်၊ ဗြဟ္မာဘုံသည် မခိုင်မြဲပါ။ ထိုဘုံသည်လည်း သက္ကာယ၌ အကျုံးဝင်၏။ အသျှင်သည် ဗြဟ္မာဘုံမှ စိတ်ကိုထစေ၍ သက္ကာယချုပ်ရာ၌ စိတ်ကိုဆောင်ပါလောဟု ပြောဆိုရာ၏။

"ဗြဟ္မာဘုံမှ ငါ၏စိတ်ကို ထစေခဲ့ပြီ။ သက္ကာယ၏ချုပ်ရာ၌ စိတ်ကိုဆောင်ပါ သည်ဟု ပြောဆိုခဲ့မူ ဤသို့စိတ်ရှိသော ဥပါသကာအား အာသဝမှ လွတ်ပြီးသော စိတ်ရှိသောရဟန်းနှင့် အရဟတ္တဖိုလ်စိတ်အားဖြင့် ထူးခြားမှု တစ်စုံတစ်ရာမရှိဟု ငါဆို သည်" ဟု မိန့်တော်မူ၏။ (သံယုတ္တနိကာယ်၊ မဟာဝဂ်၊ သောတာပတ္တိသံယုတ်၊ ဂိလာနသုတ်)

ဤဗုဒ္ဓဒေသနာ၌ ကျွန်ုပ်တို့မှတ်သားရန် အချက်နှစ်ခုရှိ၏။ ပထမအချက်မှာ လူနာနှင့် သူ၏မိတ်ဆွေ ဥပါသကာနှစ်ဦးစလုံးသည် ပညာနှင့်ပြည့်စုံသော သူများဖြစ်၏။ ဒုတိယအချက်မှာ အရဟတ္တဖိုလ်တည်သော ရဟန်းနှင့် ထူးခြားမှုမရှိဆိုသော လူနာသည် နိဗ္ဗာန်ရောက်မရောက် ဗုဒ္ဓက မည်သို့မျှ မိန့်ကြားခြင်းမရှိချေ။

---

၁။ **Mrs. Rhys Davids: Buddhism, pp. 170-71**
**Narasu: Essence of Buddhism, pp. 145**

ရဟန္တာ၏ ကိလေသာ ချုပ်ငြိမ်းမှုအကြောင်းကို ဆက်လက်စဉ်းစားရန်ရှိ၏။ အထက်ကဖော်ပြခဲ့သော အရှင်သာရိပုတ္တရာ၏ အဆိုအားဖြင့် ထိုချုပ်ငြိမ်းသော ကိလေသာ တရားများမှာ ရာဂ၊ ဒေါသနှင့် မောဟဖြစ်၏။ ဤကိလေသာများသည် မကောင်းမှု အားလုံး၏ မူလအရင်းခံ တရားများဖြစ်၍ ယင်းတို့ကို ပယ်ပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်သည် မိမိအကျင့်သီလအတွက် ကြောင့်ကြ၍ အားထုတ်နေရန် မလိုတော့ချေ။ သူ့အဖို့ ကောင်းမှု၊ မကောင်းမှု ကုသိုလ်အကုသိုလ်ဟူသော သတ်မှတ်ချက်မရှိချေ။

"ကုသိုလ်၊ အကုသိုလ်ကံ နှစ်ပါးစုံတို့ကိုလည်းကောင်း၊ ကပ်ငြိတတ်သော တဏှာ ကိုလည်းကောင်း လွန်မြောက်သောပုဂ္ဂိုလ်ကိုဗြာဟ္မဏဟု ငါခေါ်၏" (သုတ္တနိပါတ်၊ မဟာဝဂ်၊ ဝါသေဋ္ဌသုတ်)။ "ဤလောက၌ ရဟန္တာသည် ကုသိုလ်၊ အကုသိုလ်တို့၌ မကပ်ငြိ မလိမ်းကျံ။ ကုသိုလ်၊ အကုသိုလ်ကို မပြုလုပ်တော့ပေ" (သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ သုဒ္ဓဋ္ဌကသုတ်) "ပညာရှိသော ရဟန္တာသည် တဏှာဒိဋ္ဌိတို့ဖြင့် မလိမ်းကျံမကပ်ငြိ၊ ဒုစရိုက်မှုကို ပြုမိလေခြင်း၊ သုစရိုက်မှုကို မပြုမိလေခြင်းဟု မိမိကိုယ်ကို မကဲ့ရဲ့တတ်။" (သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ မဟာဗျူဟသုတ်)

သီလနယ်မှ လွတ်မြောက်သော အရိယာပုဂ္ဂိုလ်၏ အပြုအမူကို ပုထုဇဉ်၏ အသိဉာဏ်ဖြင့် စိစစ်ဆုံးဖြတ်ရန် မဖြစ်နိုင်ချေ။ ဗုဒ္ဓသည်သာ ထိုသို့ဆုံးဖြတ်နိုင်ပေမည်။ နှုတ်ကြမ်းသော ရဟန်းတစ်ပါးမှာ ဒေါသကြောင့်မဟုတ်၊ အတိတ်ဘဝမှ ပါလာသော ဝသီစရိုက်ကြောင့် နှုတ်ကြမ်းခြင်းဖြစ်၍ ထိုရဟန်းအား ခွင့်လွှတ်ကြရန် အခြားရဟန်း များအား ဗုဒ္ဓက မိန့်ကြား၏ (ဉဒါန၊ နန္ဒဝဂ်၊ ပိလိဝစ္ဆသုတ်)။ မိမိကိုယ်မိမိ သတ်သေသော ရဟန်းသုံးပါးမှာ ပရိနိဗ္ဗာန်ပြုသည်ဟု ဗုဒ္ဓက မိန့်ကြားကြောင်း သံယုတ္တနိကာယ်၌ ဖော်ပြထား၏ (စာ-၂၁၀)။ ဇနီးမယားနှင့် သားသမီး၏အကျိုးကို မကြည့်ဘဲ တရားအားထုတ်နေသော ရဟန်းကို ဗုဒ္ဓကချီးမွမ်း၏။ (ဉဒါန၊ ဗောဓိဝဂ်၊ သင်္ဂမဇိသုတ်)

စင်စစ် သီလစင်ကြယ်မှုသည် အရိယာလမ်းစဉ်၏ ပဓာနပန်းတိုင်မဟုတ်။ မဂ်ဖိုလ်နိဗ္ဗာန် ရရှိရန်အတွက် သီလတရားထက် ပိုမိုအရေးကြီးသော တရားများနှင့် ပြည့်စုံရန် လိုအပ်ကြောင်း အောက်ပါ ဗုဒ္ဓဒေသနာများ၌ ထင်ရှား၏။

တစ်ခါသော် မြတ်စွာဘုရားက ကွယ်လွန်သော သရဏာနိသာကီဝင်သည် သောတာပန်ဖြစ်သည်ဟု မိန့်ကြား၏။ ထိုအခါ များစွာသော သာကီဝင်တို့သည် စုဝေး၍ "အချင်းတို့၊ အံ့ဖွယ်ဖြစ်စွတကား။ မြတ်စွာဘုရားက အကျင့်သီလအားနည်း၍ သေရည်သေရက် သောက်လေ့ရှိသော သရဏာနိသာကီဝင်ကိုပင် သောတာပန်ဖြစ်သည်ဟု မိန့်ကြားဘိ၏။ ယခု အဘယ်သူသည် သောတာပန်မဖြစ်ဘဲ ရှိအံ့နည်း"ဟု ကဲ့ရဲ့ရှုတ်ချ ပြောဆိုကြ၏။

မဟာနမ်သာကီဝင်မင်းသည် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်၏။ ဘုရားရှင်၏ မိန့်ကြားချက်မှာ အောက်ပါအတိုင်းဖြစ်၏။

"မဟာနမ်၊ သရဏာနိသာကီဝင်သည် ရှည်မြင့်စွာသော ကာလပတ်လုံး၊ ဘုရား တရားနှင့် သံဃာကို ကိုးကွယ်ဆည်းကပ်၏။ သေခါနီး၌ အကျင့်သိက္ခာကို ဆောက်တည်ပြီးသူဖြစ်၏။ ထိုသူသည် အဘယ်မှာ အပါယ်သို့ကျရောက်နိုင်ပါမည်နည်း။

"အချို့ ပုဂ္ဂိုလ်သည် ရတနာသုံးပါး၌ မတုန်မလှုပ် ကြည်ညို၏။ ရွှင်သော၊ လျင်မြန်သော ပညာမရှိ၊ ကိလေသာမှ လွတ်မြောက်မှုမရှိ၊ သို့ရာတွင် သံယောဇဉ်သုံးပါး ကုန်ခြင်းကြောင့် အထက်မဂ်သုံးပါးသို့ မုချရောက်ရှိမည့် သောတာပန်ဖြစ်၏။

အချို့ပုဂ္ဂိုလ်သည်ကား ရတနာသုံးပါး၌ မတုန်မလှုပ်၊ ကြည်ညိုခြင်းမရှိ။ ရွှင်သော လျင်မြန်သော ပညာမရှိ။ ကိလေသာမှ လွတ်မြောက်မှုမရှိ။ သို့ရာတွင် သဒ္ဓါဝီရိယ၊ သတိသမာဓိနှင့် ပညာဟူသော ဣန္ဒြေတို့ရှိ၏။ ဘုရားရှင်၏ တရားကို ပညာဖြင့် နှိုင်းဆကြည့်ရှုနိုင်၏။ ထိုသူသည် အပါယ်လေးပါးသို့ ကျရောက်မည်မဟုတ်။" (မဟာဝဂ္ဂသံယုတ်၊ သရဏာနိဝဂ်၊ ပထမသရဏာနိသုတ်)

မိဂသာလာအမည်ရှိသော ဥပါသိကာမတစ်ဦးက မိမိ၏ဖခင်သည် မေထုန်အကျင့်ကို ရှောင်ကြဉ်ပါသည်။ မိမိ၏ အဘိုးသည်ကား မေထုန်ပြုမှုကို ရှောင်ကြဉ်သူမဟုတ်။ သို့ရာတွင် ထိုပုဂ္ဂိုလ်နှစ်ဦးစလုံးပင် သေလွန်သောအခါ သကဒါဂါမိဖိုလ်သို့ ရောက်ရှိ၍ တုသိတာနတ်ပြည်၌ ဖြစ်ကြသည်ဟု မြတ်စွာဘုရားက မိန့်ကြားပါသည်။ ဤမြတ်သော အကျင့်ရှိသူနှင့် မရှိသူနှစ်ဦးစလုံး တမလွန်ဘဝ၌ လားရာဂတိ ထပ်တူညီမျှ ဖြစ်နေခြင်းကို မည်သို့ မိမိ နားလည်ရပါမည်နည်းဟု အရှင်အာနန္ဒာအား မေးလျှောက်၏။ အရှင်အာနန္ဒာက ထိုအကြောင်းကို ဗုဒ္ဓအား လျှောက်ထားရာ ဗုဒ္ဓက ပုဂ္ဂိုလ်အမျိုးမျိုးအကြောင်းကို ပြောပြ၍ အချို့ပုဂ္ဂိုလ်များအကြောင်းကို အောက်ပါအတိုင်း ဟောကြား၏။

"ဤလောက၌ အချို့သော ပုဂ္ဂိုလ်တို့သည် မကောင်းမှုကို ကောင်းစွာရှောင်ကြဉ်၏။ ချမ်းသာသော ပေါင်းသင်းမှုရှိ၏။ ရံဖန်ရံခါ လောဘ၊ ဒေါသနှင့် မာန်မာနရှိ၏။ ထိုသူတို့တွင် အချို့ပုဂ္ဂိုလ်တို့သည် ကြားနာမှုဖြင့်လည်းကောင်း၊ ဝီရိယဖြင့်လည်းကောင်း ပြုသင့်သည်ကိုပြု၏။ ပညာဖြင့်လည်း သိသင့်သည်ကို ထိုးထွင်း၍သိ၏။ အခါကာလအားလျော်စွာဖြစ်သော လွတ်မြောက်မှု ဝိမုတ္တိကိုလည်းရ၏။ ထိုပုဂ္ဂိုလ်တို့သည် သေသည်၏ အခြားမဲ့၌ ထူးမြတ်သည့် အဖြစ်သို့သာလျှင်ရောက်၏။ ထိုသူတို့ကို ဝိပဿနာဉာဏ်တရား အလျဉ်က အရိယာဘုံသို့ဆောင်ယူသွား၏။" (အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ်၊ ဓမ္မိကဝဂ်၊ မိဂသာလာသုတ်)

အရိယာပုဂ္ဂိုလ်တို့ ပယ်ရမည့် သံယောဇဉ်ဆယ်ပါးမှာ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမရာဂ၊ ဗျာပါဒ၊ ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စနှင့် အဝိဇ္ဇာဖြစ်၏။ ပထမသံယောဇဉ်သုံးပါးမှ ကင်းလွတ်သောပုဂ္ဂိုလ်သည် သောတာပန်ဖြစ်၏။ ထိုသံယောဇဉ်သုံးပါးအပြင် ကြမ်းတမ်းသော ကာမရာဂနှင့် ဗျာပါဒသံယောဇဉ်များကို ပယ်ပြီးပါက သကဒါဂါမ် ပုဂ္ဂိုလ်ဖြစ်၏။ ပထမသံယောဇဉ်ငါးပါးနှင့် လုံးဝ

ကင်းပါက အနာဂါမ်ဖြစ်၍ သံယောဇဉ်ဆယ်ပါးစလုံးကို ပယ်ပြီးသောသူသည် ရဟန္တာ ပုဂ္ဂိုလ်ဖြစ်၏။

သောတာပန်ဖြစ်ရန် ပယ်ရမည့် သီလဗ္ဗတပရာမာသသည် လောကီအယူ မင်္ဂလာများကို ယုံကြည်မှုဖြစ်၍ အချို့သုတ္တန်များ၌ တွေ့ရသော 'ကောတူဟလမင်္ဂလာ'နှင့် အဓိပ္ပာယ်နီးစပ်၏။ ကောတူဟလကို မြန်မာပါဠိဆရာတို့က "အုတ်အုတ်ကျက်ကျက်" ဟု ပြန်ဆိုကြ၏။ "ရဟန်းတို့၊ သင်တို့သည် အုတ်အုတ်ကျက်ကျက် မင်္ဂလာ၊ အမင်္ဂလာ၊ အတိတ်နိမိတ်တို့ကို အနှစ်သာရအားဖြင့် စွဲယူကုန်ဦးအံ့လော" (မဇ္ဈိမ နိကာယ်၊ မဟာတဏှာသင်္ခယသုတ်)၊ အနှစ်သာရမရှိသော ကောတူဟလမင်္ဂလာကို ယုံကြည်သော ဥပါသကာကိုပင် ဗုဒ္ဓဒေသနာတစ်ခု၌ 'လူဖျင်းလူညံ့၊ ဒွန်းစဏ္ဍားဥပါသကာ'ဟူ၍ ရှုတ်ချခေါ်ဆိုထား၏။ (အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ ဥပါသကာဝဂ်၊ စဏ္ဍာလသုတ်)

မာနကို ရဟန္တာဖြစ်ခါနီး အရိယာပုဂ္ဂိုလ် ပယ်ရမည့် သံယောဇဉ်အဖြစ်ဖြင့် ပြဆိုထား၏။ ဤအချက်ကိုထောက်၍ သက္ကာယဒိဋ္ဌိ ပယ်ခွါပြီးသော အရိယာသည်ပင် မာနနှင့်မကင်းကြောင်း ထင်ရှား၏။ ငါ-သူတစ်ပါးခွဲခြားမှု အားလုံးကိုစွဲမှီ၍ ဖြစ်ပေါ်သောမာနသည် ကျယ်ပြန့်နက်ရှိုင်း၍ ယင်းကိုလှုံ့ဆော်ပေးသော အကြောင်းတရားတို့သည်လည်း များပြားလှသောကြောင့် အပြီးအပြတ် ပယ်သတ်ရန် မလွယ်ကူချေ။ အရိယာပုဂ္ဂိုလ်တို့၌ နှိပ်ကွပ်ထားသော မာနကိုပင် ပြန်လည်ရှင်သန်လာအောင် ဖန်တီးပေးသော အကြောင်းတစ်ပါးမှာ လူအများ၏ ကြည်ညိုလေးစားခံရမှုနှင့် ထင်ပေါ်ကျော်ကြားမှုဖြစ်၏။

ဤသို့ဖြစ်ခြင်းမှာ များစွာ အံ့သြဖွယ်ရာမလိုချေ။ ဗုဒ္ဓစာပေ၌ ရဟန္တာကို အထူးပူဇော်ခံထိုက်သော ပုဂ္ဂိုလ်အဖြစ်ဖြင့် အသိအမှတ်ပြုထား၏။ ရိုးရိုးရဟန်းသည်ပင် သီလ သမာဓိနှင့် ပြည့်စုံပါက လူတို့၏ ပူဇော်ခြင်းကို ခံရ၏။ ထိုသို့ ပူဇော်ခံရခြင်းသည် အရိယာပုဂ္ဂိုလ်အပါအဝင် ရဟန်းသံဃာအဖို့ တစ်ခါတစ်ရံ အန္တရာယ်ဖြစ်၏။ လှပသော မိန်းမတစ်ယောက်သည် ရဟန်းတစ်ပါး၏စိတ်ကို မဆွဲဆောင်နိုင်သော်လည်း လာဘ် ပူဇော်သကာ အကျော်အစောသည် ထိုရဟန်း၏စိတ်ကို လွှမ်းမိုးနိုင်ကြောင်း ဗုဒ္ဓဒေသနာ တစ်ခု၌ ဟောကြားထား၏။ (သံယုတ်နိကာယ်၊ လာဘသက္ကာရသံယုတ်၊ ကလျာဏီသုတ်)

"အာနန္ဒာ၊ လာဘ်ပူဇော်သကာ အကျော်အစောသည် ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ် သမာဓိကို အန္တရာယ်ပြုနိုင်သည်မဟုတ်။ သို့ရာတွင် ၎င်းသည် ရဟန္တာပုဂ္ဂိုလ်၏ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေမှု (ဖလသမာပတ်) ကို အန္တရာယ်ပြုနိုင်သည်ဟူ၍ ငါဆို၏။ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်ကြမ်းတမ်း၍ အရဟတ္တဖိုလ်ရခြင်းကို အန္တရာယ်ပြုတတ်၏။" (သံယုတ်နိကာယ်၊ နိဒါနဝဂ်၊ လာဘ

သက္ကာရသံယုတ်၊ ဘိက္ခုသုတ်)

ဤဗုဒ္ဓဒေသနာမှာ ထူးခြားသော ဒေသနာဖြစ်၏။ အလားတူ ထူးခြားသော အခြားဗုဒ္ဓဒေသနာမှာ ရဟန္တာပုဂ္ဂိုလ်ဖြစ်သော အရှင်မောဂ္ဂလာန်အား ဗုဒ္ဓ မိန့်ကြားသော ဆုံးမဩဝါဒဖြစ်၏။ "မောဂ္ဂလာန်၊ သင်သည် ဒါယကာတို့အိမ်သို့ မာနဖြင့် မချဉ်းကပ်ရန် ကျင့်ရမည်။ မာနဖြင့် ချဉ်းကပ်၍ ဒါယကာတို့က မိမိတို့ ပြုဖွယ်ကိစ္စရှိသဖြင့် ရဟန်းကို ဂရုမပြုနိုင်ပါက ရဟန်းသည် လာဘ်မရသောကြောင့် နှလုံးမသာခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ မစောင့်စည်းခြင်းဖြစ်၍ သူ၏စိတ်သည် သမာဓိမှ ကင်းဝေး၏။ (အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ အဗျာကတဝဂ်၊ ပစလာယမာနသုတ်)

ဤဗုဒ္ဓဒေသနာများကို ထောက်ချင့်၍ ရဟန္တာပုဂ္ဂိုလ်တို့သည် ကိလေသာတရားအားလုံးကို ပယ်ပြီးဖြစ်သော်လည်း ။ အမှန်ဆိုသော် လောဘ၊ ဒေါသ၊ မာန စသော ကိလေသာများသည် လူ့သမိုင်းအစ ကမ္ဘာဦးခေတ်က ဘဝတိုက်ပွဲကို လူတို့ရင်ဆိုင်နိုင်ရန် သဘာဝမေ့က လူတို့အတွင်းသန္တာန်၌ ဖန်တီးပေးသော တရားများဖြစ်၏။ ထိုကိလေသာတရားများ ကင်းမဲ့သော လူသတ္တဝါမျိုးစုသည် ကြမ်းတမ်းဆိုးရွားသော နိုင်ရာစားခေတ်ကို ကျော်လွှန်နိုင်မည် မဟုတ်ချေ။ ထိုမှနောက် လူသမိုင်းတစ်လျှောက် လူ့လောကကြီးပွားတိုးတက်မှု၌လည်း ကိလေသာတရားများ၏ နေရာကဏ္ဍပါရှိခြင်းကို ကျွန်ုပ်တို့ အသိအမှတ်ပြုရပေမည်။ ၁၉၈၉ – ၉၀ ခုနှစ်များ၌ ကမ္ဘာအနှံ့အပြား နိုင်ငံများတွင် တစ်ပါတီအာဏာရှင်စနစ် ကျဆုံး၍ လူ့အခွင့်အရေးများ ခံစားကြရခြင်းသည် အမျက်ဒေါသထွက်ခြင်း၊ မုန်းတီးခြင်း၊ ပိုမိုကောင်းမွန်သော ဘဝကိုတပ်မက်ခြင်း အစရှိသည့် ကိလေသာစိတ်များမှ စတင်ပေါက်ဖွားလာသော လူထုအုံကြွ လှုပ်ရှားမှုကြောင့်ဖြစ်ကြောင်း သတိပြုသင့်ပေသည်။

သို့ဖြစ်စေကာမူ ကြီးပွားတိုးတက်၍ သာယာငြိမ်းချမ်းသော အချို့နိုင်ငံများ၌ပင် ကိလေသာတရားများ ထကြွသောင်းကျန်းနေခြင်းကို ကျွန်ုပ်တို့ မငြင်းဆိုနိုင်ချေ။ ဤသို့ဖြစ်ခြင်းမှာ လူတို့ကို မောဟဖုံးလွှမ်းနေသောကြောင့် ဖြစ်၏။ အရိယာပုဂ္ဂိုလ်တို့အဖို့မူ အချို့ရဟန္တာတို့၌ ကိလေသာ အငွေ့အသက် ကျန်ရှိခြင်းသည်လည်းကောင်း၊ ရဟန္တာမဖြစ်သေးသော အခြားအရိယာပုဂ္ဂိုလ်၌ ကိလေသာအားလုံး မပယ်သတ်ရသေးခြင်းသည်လည်းကောင်း အရေးမကြီးလှချေ။ အဘယ်ကြောင့်ဆိုသော် အရိယာပုဂ္ဂိုလ်သည် သဒ္ဓါ၊ ပညာ၊ သတိဝီရိယစသော သူတော်ကောင်းတရားများ ကျင့်သုံးခြင်းဖြင့် ကိလေသာတရားများကို ထိန်းကွပ်နိုင်စွမ်းရှိ၏။ အရိယာပုဂ္ဂိုလ်၏ အပြုအမူများသည် ပညာဦးဆောင်သော အမှုများဖြစ်၍ ကုသိုလ်၊ အကုသိုလ် ကောင်းမှု၊ မကောင်းမှုစသော လူတို့ဝေါဟာရစကားများဖြင့် သတ်မှတ်ခေါ်ဝေါ်ရန်လည်း မဖြစ်နိုင်ချေ။

အခါတစ်ပါး၌ သာဝတ္ထိပြည်သို့ မြတ်စွာဘုရားကို ဖူးမြော်ရန်ရောက်လာသော

အာဂန္တုရဟန်းတို့သည် ကျောင်းနေရဟန်းတို့နှင့်အတူ ဆူညံကျယ်လောင်စွာ စကားပြောဆိုကြ၍ ဗုဒ္ဓသည် ထိုရဟန်းတို့ကို ကျောင်းမှနှင်ထုတ်လိုက်၏။ (ဥဒါန၊ နန္ဒဝဂ်၊ ယသောဇသုတ်) မသိနားမလည်သောသူတို့က ဗုဒ္ဓသည် စိတ်ဆိုးသောကြောင့် နှင်ထုတ်ခြင်းဖြစ်သည်ဟု ဆိုကြပေမည်။ အမှန်မှာ သနားကရုဏာဖြင့် ဗုဒ္ဓက နှင်ထုတ်ခြင်းဖြစ်၏။ ဤအကြောင်းကို သိရှိနားလည်သော ရဟန်းတို့သည် နှင်ထုတ်ခံရပြီးနောက် များမကြာမီ ပြင်းစွာတရားအားထုတ်၍ အားလုံးနိဗ္ဗာန်ကို မျက်မှောက်ပြုကြကြောင်း အထက်ပါဒေသနာ၌ ဖော်ပြထား၏။

အရိယာပုဂ္ဂိုလ်တို့ ဦးထိပ်ထားသော တရားများတွင် ရှေ့သွားခေါင်းဆောင်မှာ ပညာဖြစ်၏။ ပညိန္ဒြေကို ပွားများခြင်းဖြင့် မဂ်ကိစ္စအားလုံးပြီး၏။ "ရဟန်းတို့၊ အရိယာသာဝကသည် ပညိန္ဒြေကို ကြိမ်ဖန်များစွာ ပွားများပြုလုပ်ခြင်းကြောင့် ထိုပညာသို့ အစဉ်လိုက်သော သဒ္ဓါ၊ ဝီရိယ၊ သတိနှင့်သမာဓိသည် ကောင်းစွာတည်၏။ ထိုသို့ဖြင့် အာသဝကုန်ပြီးသော ရဟန်းသည် အရဟတ္တဖိုလ်ကို ပြောကြား၏။" (မဟာဝဂ္ဂ-ဣန္ဒြိယသံယုတ်၊ ဇရာဝဂ်၊ ပထမပုဗ္ဗာရာမသုတ်)

ဗုဒ္ဓ အလေးအနက်ဟောသော ပညာသည် ကျယ်ပြန့်နက်နဲ၍ ဗဟုသုတအကြားအမြင်ရှိမှု၊ စဉ်းစားဆင်ခြင်မှု၊ နှိုင်းယှဉ်ချိန်စက်မှု၊ ခွဲခြားစိစစ်မှု (ဝိဘဇ္ဇ)၊သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းမှု (ယောနိသောမနသိကာရ) မမေ့မလျော့မှု (အပ္ပမာဒ)၊ စိတ်မလှုပ်ရှားမှု (ဥပေက္ခာ)၊ အမှန်ကိုသိမြင်မှု (ဝိပဿနာဉာဏ်)စသော အင်္ဂါများဖြင့် ထင်ရှား၏။ ပညာနှင့်ဆန့်ကျင်သော မောဟသည် ရဟန္တာမဖြစ်မီ အရိယာပုဂ္ဂိုလ် နောက်ဆုံးပယ်ရမည့် သံယောဇဉ်တစ်ပါးဖြစ်၏။ ဗုဒ္ဓဝါဒီအများ ခံယူထားသကဲ့သို့ သစ္စာလေးပါးကို မသိမှုသည်သာလျှင် မောဟဖြစ်သည်မဟုတ်၊ အခြား သိသင့်သိအပ်သော တရားများမသိမှုသည်လည်း မောဟနယ်၌ ပါဝင်ကြောင်း သတိပြုရပေမည်။

ထိုမသိမှုများတွင် မဂ်ဖိုလ်နိဗ္ဗာန်ကို ပိတ်ပင်တားဆီး၍ အလွန်ဆိုးရွားသော မသိမှုမှာ မိမိကိုယ်မိမိအကြောင်း အထူးသဖြင့် မိမိ၏ အားနည်းချက်၊ ချွတ်ယွင်းချက်များကို မသိမှုဖြစ်၏။ ဤအကြောင်းကို 'ဝိပဿနာ'အခန်း၌ အနည်းငယ်ရေးသားခဲ့ပေပြီ။ လူတို့ ဆင်းရဲဒုက္ခ ခံစားကြရခြင်းသည် အပြင်ဗဟိဒ္ဓအကြောင်းတရားများနှင့်မကင်းသော်လည်း ယေဘုယျအားဖြင့် မိမိတို့၏ အတွင်းသန္တာန်၌ မူလအစရှိ၏။ "သင်သည်သာလျှင် သင်၏အဆိုးရွားဆုံး ရန်သူဖြစ်သည်"(၁)ဆိုသော အင်္ဂလိပ်စကားမှာ "ဤခန္ဓာကိုယ်ထဲ၌သာလျှင် ဒုက္ခ၏အစရှိသည်"ဆိုသော ဗုဒ္ဓမိန့်ကြားချက်နှင့် ထပ်တူဖြစ်၏။

ရဟန္တာပုဂ္ဂိုလ်တို့ ရရှိသော ဝိဇ္ဇာသုံးပါး၌ ပါဝင်သည့် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အကြောင်း အနောက်တိုင်းပညာရှင်တစ်ဦး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြဆိုခဲ့ပေပြီ။

---

၁။ **You are your own worst enemy.**

(စာ- ၁၅၈, -၉)။ အခြားပညာရှင်တစ်ဦးကမူ ယင်းကို မိမိအကြောင်း မိမိသိမှုအဖြစ်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထား၏။ သူ၏အဆိုအားဖြင့်-

"ကျွန်ုပ်တို့သည် ဤပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို မည်သို့အဓိပ္ပာယ် ပြန်ဆိုစေကာမူ ယင်း၏ ပဓာန သဘောလက္ခဏာသည် ထင်ရှား၏။ ဝိပဿနာဉာဏ်အမြင်ရရှိသော ရဟန္တာပုဂ္ဂိုလ်သည် မိမိကိုယ်မိမိ အကြောင်းကို အတွင်းအပြင်၊ အကုန်အစင် သိပြီးဖြစ်ရကား အတွင်းသန္တာန်၌ လျှို့ဝှက်သော စိတ်စေတသိက်ဟူ၍ စိုးစဉ်းမျှမရှိ။ ထိုစိတ်စေတသိက်ကို အစွဲပြု၍ စိတ်ငြိမ်းအေးမှုကို ထိပါးနှောင့်ယှက်မည့် ကိလေသာတရားများ ထကြွလာရန် အကြောင်းမရှိချေ။ ဗုဒ္ဓဝါဒအလိုအားဖြင့် လူသတ္တဝါသည် အတိတ်ဘဝပေါင်း မြောက်မြားစွာက လိုက်ပါလာသော မိမိ မသိရသော ကမ္မသတ္တိ၊ အကောင်းအဆိုး အနုမတဂ္ဂရှိပေရာ ရဟန္တာသည် အတိတ်ဘဝများကို သိရှိခြင်းဖြင့် မိမိ၏ ဇီဝသတ္တိနှင့် စရိုက်ဝါသနာအားလုံးကို လင်းလင်းထင်ထင် ထိုးထွင်းသိမြင်လာ၏။ လျှို့ဝှက်သော အတွင်းသန္တာန်သည် ပီပီပြင်ပြင်ပေါ်လာ၍ သူသည် ပညာဉာဏ်ဖြင့် ကိလေသာ အညစ်အကြေးများကို ဖယ်ရှားပစ်နိုင်၏။ ဤနေရာ၌ ဗုဒ္ဓဝိပဿနာနည်းသည် စကားအသုံးအနှုန်း တစ်မျိုးဖြင့် ပြဆိုထားသော်လည်း အနောက်တိုင်း စိတ်ပညာနည်းများနှင့်တူကြောင်း သတိပြုသင့်ပေသည်။"[၁]

ဗုဒ္ဓလက်ထက်က ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်ပြုသောနေ့အထိ မည်သို့သွားလာနေထိုင်ကြပါသနည်း။ ဗုဒ္ဓက ရဟန္တာအဖြစ် အသိအမှတ်ပြုထားသော လူပုဂ္ဂိုလ်များအကြောင်းကို စိတ္တသုကြွယ်၊ မဟာနာမ်မင်းသား စသောသူတို့၏ ဗုဒ္ဓနှင့်အနည်းငယ်သော တရားဆွေးနွေးမှုများမှတစ်ပါး အခြား ဘာမျှ ကျွန်ုပ်တို့ မသိရချေ။ အရှင်မဟာကဿပ၊ အရှင်သာရိပုတ္တရာစသော မထေရ်ကြီးများအကြောင်းကိုပင် ပိဋကတ်စာပေ၌ စုံစုံလင်လင် အသေးစိတ် ဖော်ပြမထားချေ။ မည်သို့ဖြစ်စေ အနည်းငယ်သော ဖော်ပြထားချက်များကို အခြေပြု၍ ဗုဒ္ဓလက်ထက်က ရဟန္တာမထေရ်တို့၏ ဘဝကို ကျွန်ုပ်တို့ တစ်စွန်းတစ်စ ခန့်မှန်းသိရှိနိုင်ပေသည်။

ရဟန္တာသည် လူသူကင်းဝေး၍ တိတ်ဆိတ်သော အရပ်ဒေသ၌ တစ်ပါးတည်းနေထိုင်လေ့ရှိသည်ဆိုသော လူအများ၏ ထင်မြင်ချက်မှာ မမှန်ကန်ချေ။ ဘုရားရှင်လက်ထက်က အရှင်မဟာကဿပကဲ့သို့သော အရညဝါသီ တောမှီရဟန္တာများမှာနည်း၍ မြို့ရွာဇနပုဒ်များ၌ ရဟန်းသံဃာနှင့်အတူ နေထိုင်သော ရဟန္တာကများ၏။ ရဟန္တာတို့သည် အများအားဖြင့် ဈာန်သမာပတ် ဝင်စားခြင်းဖြင့် အချိန်ကုန်လွန်ကြသည်ဟူ၍လည်း မထင်မှတ်သင့်ချေ။ အရှင်သာရိပုတ္တရာ၊ အရှင်အနုရုဒ္ဓါစသော ရဟန္တာမထေရ်ကြီးတို့သည် အခြားရဟန်းတို့နှင့်အတူ ဘုရားရှင်၏တရားကို ကြားနာခြင်း၊ ဆွေးနွေးခြင်း၊ ဟောပြောခြင်း၊ ကျောင်းဝေယျာဝစ္စများကို ဆောင်ရွက်ခြင်း၊ သံဃာ့ကိစ္စများ၌ ပါဝင်

၁။ Winston L.King: Buddhism and Christianity, pp. 165,234

ခြင်းစသော အမှုများကို ပြုလုပ်ကြ၏။ သံဃာ့ကိစ္စများတွင် ပါဝင်ဆောင်ရွက်ရာ၌ တက်ကြွဖျတ်လတ်၍ ရဲဝံ့ပြတ်သားစွာ ဆောင်ရွက်သော ရဟန္တာများရှိကြောင်း အရှင်မောဂ္ဂလန်၏ တစ်ခုသောအပြုအမူကို ထောက်ချင့်၍ သိအပ်၏။

ဝိနည်းပိဋကတ်၌ ဖော်ပြထားသော အရှင်မောဂ္ဂလာန်၏ ပြုမူပုံမှာ စိတ်ဝင်စားဖွယ်ကောင်း၏။ အခါတစ်ပါး ဥပုသ်နေ့တစ်နေ့၌ ဘုရားရှင်သည် ရဟန်းသံဃာခြံရံလျက် ထိုင်နေတော်မူ၏။ ညဥ့်နက်သည်ဖြစ်၍ ရဟန်းတို့အား ပါတိမောက်ပြရန် အရှင်အာနန္ဒာက လျှောက်သောအခါ ရဟန်းပရိသတ်သည် မစင်ကြယ်ဟုဆို၍ ပါတိမောက်ပြတော်မမူချေ။ ထိုအခါ အရှင်မောဂ္ဂလာန်သည် သံဃာ့အလယ်၌ အကျင့်ယုတ်သော ဒုဿီလပုဂ္ဂိုလ်တစ်ဦးကို မိမိစိတ်တန်ခိုးဖြင့် သိမြင်သောကြောင့် ထိုသူ၏အနီးသို့ သွား၍ သံဃာ့အစည်းအဝေးမှ ထွက်ခွာသွားရန် ပြော၏။ သုံးကြိမ်တိတိ ပြောသော်လည်း ဒုဿီလရဟန်းတုက ထွက်ခွာမသွားဘဲ နေသောအခါ ရှင်မောဂ္ဂလာန်သည် ရဟန်းတုကို ဆွဲကိုင်၍ တံခါးမုခ်မှ အပြင်သို့နှင်ထုတ်လိုက်ပြီးလျှင် “အရှင်ဘုရား၊ ပရိသတ်သည် စင်ကြယ်ပါပြီ။ ရဟန်းတို့အား ပါတိမောက်ပြတော်မူပါ”ဟု ဘုရားရှင်အား လျှောက်၏။ (စူဠဝဂ္ဂ၊ ပါတိမောက္ခဋ္ဌာနပနက္ခန္ဓက)

ရဟန္တာများမှာ ဗုဒ္ဓအား အရဟတ္တဖိုလ်ကို ပြောကြား၍ ဗုဒ္ဓ၏ အသိအမှတ်ပြုခြင်းခံရသော ပုဂ္ဂိုလ်များဖြစ်၏။ “အထင်ကြီးမှုဖြင့် အရဟတ္တဖိုလ်မရဘဲ ရသည်ဟု ပြောသော အချို့ရဟန်းတို့သည် အမေးပြဿနာကို စီရင်၍ ငါ့အား မေးလေ့ရှိသောကြောင့် ထိုသူတို့အား ငါတရားဟောလိုသော ဆန္ဒမရှိချေ” (မဇ္ဈိမနိကာယ် သုနက္ခတ္တသုတ်)။ ဤစကားအရ ဗုဒ္ဓလက်ထက်က ရဟန္တာအတုအယောင်များ ရှိခဲ့ပေမည်။ ယခုခေတ်မှာကဲ့သို့ အံ့ဖွယ်သရဲပြုလုပ်၍ ရဟန္တာအဖြစ်ဖြင့် ကိုးကွယ်ခြင်းခံနေရသူများလည်း ရှိပေမည်။ ဗုဒ္ဓသာသနာ၌မူ တန်ခိုးအဘိညာဉ် ရရှိသည်ဆိုသော ရဟန္တာတို့မှာ မများလှချေ။ အဋ္ဌကထာများ၌ အရှင်မောဂ္ဂလာန်၏ တန်းခိုပြာဋိဟာပြမှုများကို ဖော်ပြထားခြင်းမှာ တန်ခိုးပြာဋိဟာပြမှုကို ဗုဒ္ဓကိုယ်တော်တိုင် အတိအလင်း ပြစ်တင်ရှုတ်ချထားမှု (ရှေ့. ‘ဗုဒ္ဓကိုးကွယ်မှု’ အခန်း၌ ဤအကြောင်းကို အကျယ်ပြဆိုပါအံ့။) နှင့် ဆန့်ကျင်နေသောကြောင့် သံသယဖြစ်ဖွယ်ရှိ၏။

ဗုဒ္ဓလက်ထက်က အချို့ရဟန်းတို့သည် မိမိတို့နှင့် အတူနေရဟန္တာများကို သိကြမည်မဟုတ်ချေ။ ကောသလမင်းအား ဟောကြားသော ဗုဒ္ဓဒေသနာနှင့်အညီ ကာလရှည် ပေါင်းသင်း၍ နီးနီးကပ်ကပ် အသိပညာဉာဏ်ဖြင့် စူးစမ်းလေ့လာသော အနည်းငယ်သော ပုဂ္ဂိုလ်တို့သည်သာ ရဟန္တာ၏ ကိလေသာချုပ်ငြိမ်းမှု၊ စိတ်ငြိမ်းအေးမှုနှင့် ရုပ်ဆင်းသဏ္ဌာန် ကြည်လင်မှုကို သတိပြုမိပေမည်။ သို့ရာတွင် ရဟန်းသံဃနှင့် ပုထုဇဉ် လူသတ္တဝါတို့အလယ်၌ နေထိုင်သော ရဟန္တာ၏ ဘဝခရီးသည် အမြဲသာယာဖြောင့်ဖြူးနေမည်ဟု မထင်မှတ်သင့်ချေ။ ဗုဒ္ဓကဲ့သို့ပင် ရဟန္တာသည် တစ်ခါတစ်ရံ သူတစ်ပါး၏ အထင်မှားမှု၊ စွပ်စွဲခံရမှု၊ မကောင်းကြံစည်မှုနှင့် ရောဂါဝေဒနာ ပြင်းစွာ

ခံရမှုများမှ မကင်းလွတ်ဘဲ ရှိသော်ရှိပေမည်။ သို့ရာတွင် ရဟန္တာသည် ကာယိက ဒုက္ခကြုံတွေ့ရသောအခါများ၌ ကြံ့ခိုင်ရင့်ကျက်သော သမာဓိအစွမ်းဖြင့် စိတ်တည်ငြိမ်နေပေမည်။

ရဟန္တာ၏ စိတ်ငြိမ်းအေးမှုသည် ရုပ်နာမ်ချုပ်ငြိမ်းသည်၏ အခြားမဲ့၌ တစ်စုံတစ်ခုသော ချမ်းသာသုခကို ယုံကြည်မျှော်လင့်၍ ဖြစ်ပေါ်လာသော ငြိမ်းအေးမှုမဟုတ်ချေ။ ဤအချက်သည် ထေရဂါထာ၊ ထေရီဂါထာတို့၌ ရဟန္တာတို့ ကျူးရင့်သော စကားများဖြင့် ထင်ရှား၏။ ထိုဂါထာများကို စေ့ငုသေချာစွာ လေ့လာခဲ့သော **မစ္စက်ရိုင်းစ်ဒေးဗစ်**၏ အဆိုအားဖြင့်–

"ရဟန္တာသည် အနာဂတ်ကာလ၌ ရရှိမည့် ချမ်းသာသုခကို မမျှော်မှန်းချေ။ အကယ်၍ ရဟန္တာသည် သေမင်းကို အောင်မြင်သည်ဆိုငြားအံ့။ ထိုအောင်မြင်မှုသည် အရဟတ္တဖိုလ်အားဖြင့် ဘယ်အခါမျှ မသေဘဲ ဘဝထာဝရ တည်မြဲနေသော အောင်မြင်မှုမျိုးမဟုတ်ဘဲ ယခု အဆုံးစွန်ဘဝ၌ သေမင်းကို တစ်ကြိမ်ရင်ဆိုင်ရပြီးနောက် ထပ်မံရင်ဆိုင်မှု၊ လုံးဝမရှိသော အောင်မြင်မှုဖြစ်၏။ သူတို့သည် နိဗ္ဗာန်ကို ချီးကျူးကြရာ၌ စိတ်ဖြင့် ကြံစည်၍ မရအပ်သော၊ နှုတ်ဖြင့်ဖော်ပြရန် မဖြစ်နိုင်သောတရားမျိုး၊ သို့မဟုတ် မျက်မှောက်ဘဝ အဆုံးစွန်၌ရှိသော ငြိမ်းအေးသောတရားမျိုးကို ရည်ညွှန်းခဲ့ခြင်းဖြစ်ကောင်းဖြစ်ပေမည်။ သို့ဖြစ်စေကာမူ သူတို့ကျူးရင့်သော ဂါထာများ၌ သူတို့မျက်မှောက်ပြုနေသော အရဟတ္တဖိုလ်ထက် ပိုမိုမွန်မြတ်သော ချမ်းသာသုခကို သူတို့မျှော်လင့်ကြောင်း အဓိပ္ပာယ်ကောက်ယူစရာ စကားတစ်ခွန်းတစ်စမျှ မတွေ့ရချေ။ နိဗ္ဗာန်သည် လျှို့ဝှက်နက်နဲ၍ ဗုဒ္ဓကမဟောဘဲ ချန်ထားသော တရားထူးဖြစ်သည်ဟု ထင်မှတ်စရာ နိမိတ်လက္ခဏာများသည်လည်း သူတို့ဂါထာများ၌ မပါရှိချေ။ သူတို့သည် မိမိအိမ်သို့ ပြန်ရောက်လာသော ခရီးသည်ယောကျ်ားနှင့်တူ၏။ ထိုယောကျ်ားသည် ကာလကြာ ရှည် ဆင်းရဲဒုက္ခခံလျက် ပင်ပန်းကြီးစွာ ခရီးသွားပြီးနောက် မိမိ၏အိမ်သို့ ပြန်ရောက် သောအခါ နောက်တစ်နေ့၌ ဘာဖြစ်မည်ကို လုံးဝမစဉ်းစားဘဲ ခရီးအဆုံးသို့ရောက် ရှိခြင်းကိုပင် နှစ်သိမ့်ကျေနပ်၍ စိတ်ငြိမ်းချမ်းမှုရရှိ၏။ ထိုနည်းအတူ ရဟန္တာသည် ဝဋ်ဆင်းရဲ၏အဆုံးသို့ ရောက်ရှိသောကြောင့် စိတ်ငြိမ်းချမ်းမှုကို ရရှိ၏။ ထိုငြိမ်းချမ်းမှု သည် ဒိဋ္ဌဓမ္မတရားဖြစ်၍ ဘုံဌာနအနာဂတ်ကာလဖြင့် ဖော်ပြ၍ မရအပ်ချေ။"(၁)

မိမိတို့၏ အနာဂတ်ကို ရဟန္တာတို့ စိတ်မဝင်စားကြခြင်းသည် ပစ္စုပ္ပန်ကိုသာ အလေးထား၍ဟောသော ဗုဒ္ဓ၏ ဩဝါဒနှင့်အညီဖြစ်၏။ အင်္ဂလိပ်ပညာရှင် **ဆာချားစ်အဲလီယော့**၏ အဆိုအားဖြင့် ဗုဒ္ဓမှတစ်ပါး အခြားဘာသာရေး ခေါင်းဆောင်တို့သည်လည်း ထိုနည်းအတူ ဟောပြောခဲ့ကြ၏။

---

၁။ **Mrs Rhys Davids: Psalms of the Sisters, Introduction - xxi**

"ခရစ်တော်နှင့် ဗုဒ္ဓတို့သည် အရိယာပုဂ္ဂိုလ် စုတိပြီးနောက် မည်သို့ဖြစ်သည်ကို မဟောကြားခဲ့ကြချေ။ ထိုပုဂ္ဂိုလ်သူမြတ်တို့၏ အမြင်အားဖြင့် သချိုင်း၏ ဤဘက်သည်သာ အရေးကြီး၍ အခြားဘက်သည် အရေးမကြီးချေ။ တရားမှန်မှန် ကျင့်ကြံအားထုတ်သောသူသည် သေမင်းကို ရဲဝံ့စွာ ရင်ဆိုင်နိုင်မည်ဖြစ်၏။ ခရစ်ယာန်သမ္မာကျမ်းများ၌ ခရစ်တော် ပြန်လာ၍ တရားစီရင်မည့်အကြောင်း ပါရှိသော်လည်း ခရစ်ဝါဒီ သူတော်စင်၏ လားရာဂတိကို ဖော်ပြထားခြင်းမရှိချေ။ ဘုရားသခင်၏ တပည့်သည် ဤလောက၊ တမလွန်လောကအတွက် ဘာမျှပူပန်ကြောင့်ကြစရာ မရှိကြောင်းကိုကား ကျွန်ုပ်တို့သိရ၏။ ရဟန္တာ၏ လားရာဂတိနှင့်စပ်လျဉ်း၍ ဗုဒ္ဓမိန့်ကြားသောစကားသည် တစ်မျိုးတစ်ဖုံဖြစ်သော်လည်း အခြေခံသဘောမှာ ခပ်ဆင်ဆင်တူပေသည်။"[၁]

## (ဂ) ရဟန္တာ၏လားရာ

ဗုဒ္ဓလက်ထက်က မာလုကျပုတ္တ၊ ဝစ္ဆဂေါတ္တစသော အချို့သူတို့သည် ပရိနိဗ္ဗာန်ပြုပြီးသော ရဟန္တာပုဂ္ဂိုလ်ရှိ၊ မရှိသိလို၍ ဗုဒ္ဓအား မေးလျှောက်ကြ၏။ ဗုဒ္ဓသည် ထိုမေးခွန်းမှာ နိဗ္ဗာန်မဂ်ဖိုလ် ရရှိမှုကို အကျိုးပြုသော မေးခွန်းမဟုတ်ဟု မိန့်ကြားကာ မည်သို့မျှ ဖြေတော်မမူချေ။ ယခုခေတ် အချို့သော အနောက်တိုင်း ပါဠိစာပေပညာရှင်များနှင့် အချို့ဗုဒ္ဓဝါဒီတို့က ထိုသို့ ဗုဒ္ဓမဖြေကြားခြင်းမှာ ရဟန္တာ၏ လားရာသည် သိမ်မွေ့နက်နဲ၍ လူတို့ဝေါဟာရစကားဖြင့် ဖော်ပြရန် မဖြစ်နိုင်သောကြောင့် ဖြစ်သည်ဟု ဆိုကြ၏။ ရဟန္တာ၏လားရာသည် ဧကန်ထင်ရှားရှိကြောင်း အောက်ပါအတိုင်း ဒေသနာ များကို အထောက်အထားပြကြ၏။

ပသေနဒီကောသလမင်းက ရဟန္တာသည် စုတိပြီးနောက် ရှိ၊ မရှိနှင့် စပ်လျဉ်း၍ အဘယ်ကြောင့် ဘုရားရှင်က ဟောတော်မမူပါသနည်းဟု ခေမာထေရီမအားမေး၏။ ခေမာထေရီမက ဂဏန်းသင်္ချာတတ်၍ တိုင်းထွာရေတွက်တတ်သော သူသည် ဂင်္ဂါမြစ်ထဲရှိ သဲလုံးတို့ကို ရေတွက်နိုင်မည်မဟုတ်။ သမုဒ္ဒရာထဲရှိရေကို ခြင်တွယ်ရေတွက်နိုင်မည် မဟုတ်သကဲ့သို့ ရုပ်နာမ်ခန္ဓာငါးပါးကို အရင်းအမြစ်နှင့်တကွ ပယ်ခဲ့ပြီးသော ရဟန္တာ၏ လားရာဂတိကို မကြံစည်အပ်။ စုတိပြီးနောက်၌ ဖြစ်သည်၊ မဖြစ်သည်ဟူ၍ မည်သို့မျှ မစွဲမှတ်အပ်"ဟု ဖြေကြား၏။ (သဠာယတနသံယုတ်၊ ခေမာထေရီသုတ်)

"အကြင်နိဗ္ဗာန်၌ ဓာတ်ကြီးလေးပါးသည် မတည်နိုင်။ ထိုနိဗ္ဗာန်၌ ကြယ်တို့သည် မတောက်ပကုန်။ နေသည်လည်း မတောက်ပ။ လေသည်လည်း မတိုက်ခတ်။ အမိုက်တိုက်လည်းမရှိ။" (ဥဒါန်၊ ဗောဓိဝဂ်၊ ဗာဟိယသုတ်)

"အကြင်နိဗ္ဗာန်၌ ဓာတ်ကြီးလေးပါးသည် မရှိ။ အာကာသာနဉ္စာယတနစျာန်၊ အာကိဉ္စညာယတနစျာန်၊ နေဝသညာ နာသညာယတနစျာန်လည်း မရှိ။ ပစ္စုပ္ပန်လောက၊

---

၁။ **Charles Eliot: Hinduism and Buddhism, Vol. I, pp. 228**

တမလွန်လောကလည်း မရှိ။ နှစ်ပါးစုံသော လနေတို့သည်လည်း မရှိကုန်။ ထိုနိဗ္ဗာန်သည် ရှိသည်သာတည်း။ ထိုနိဗ္ဗာန်၌ တစ်စုံတစ်ခုသော ဘဝမှလာခြင်း၊ တစ်စုံတစ်ခုသောဘဝသို့ သွားခြင်းကို ငါမဟော။ တစ်စုံတစ်ခုသောအရပ်၌ တည်ခြင်းကို ငါမဟော။ ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်း၊ ရွေ့လျားစုတေခြင်းကို ငါမဟော။ ထိုနိဗ္ဗာန်သည် တည်ရာမရှိ ဖြစ်ခြင်းမရှိ။ အာရုံပြုမှုမရှိသည်သာတည်း။ ဤသဘောသည် ဆင်းရဲ၏အဆုံးတည်း။" (ဥဒါန်၊ ပထမနိဗ္ဗာန ပဋိသံယုတ္တသုတ်)

"ရဟန်းတို့ ဖြစ်ပေါ်မှုမရှိသော, ထင်ရှားဖြစ်နေမှုမရှိသော, ပြုလုပ်မှုမရှိသော စီရင်ထားမှုမရှိသော နိဗ္ဗာန်သည်ရှိ၏။ ထိုနိဗ္ဗာန် အကယ်၍မရှိပါမူ ဤလောက၌ ဖြစ်ပေါ်လာမှု၊ ထင်ရှားဖြစ်နေမှု၊ ပြုလုပ်ထားမှု၊ စီရင်ထားမှုဟူသော ခန္ဓာပဥ္စကမှ ထွက်မြောက်ရာသည် မထင်ရှားရာ---" (ဣတိဝုတ်၊ ဒုတိယဝဂ်၊ အဇာတသုတ်)

"မျက်စိဖြင့် မမြင်ကောင်းသော၊ (ဥပါဒ် ဌီဘင်) အပိုင်းအခြားမရှိသော၊ ထက်ဝန်းကျင်ဆိပ်ကမ်းမရှိသော ဉာဏ်အထူးဖြင့် သိအပ်သော နိဗ္ဗာန်သည်ရှိ၏။ ဤနိဗ္ဗာန်၌ ရေမြေလေမီးသည် မတည်ပေ။ ဤနိဗ္ဗာန်၌ အရှည်အတို၊ အငယ်အကြီး၊ အကောင်းအဆိုးသည် မရှိပေ။ ဤနိဗ္ဗာန်၌ ရုပ်နှင့်နာမ်သည် အကြွင်းမဲ့ချုပ်၏။ ဝိညာဉ်၏ချုပ်ခြင်းကြောင့် ဤနာမ်နှင့်ရုပ်သည် ချုပ်၏။" (ဒီဃနိကာယ်၊ ကေဝဋ္ဋသုတ်)

ရဟန္တာပုဂ္ဂိုလ် ရုပ်နာမ် ချုပ်ငြိမ်းသည်၏ အခြားမဲ့၌သာ နိဗ္ဗာန်ကို ရှာဖွေကြံဆကြသော အနောက်နိုင်ငံသားတို့သည် ဘိက္ခုဝေအဇာတံ အစချီသော အထက်ပါ ဣတိဝုတ်ပါဠိတော်ကို ကိုးကား၍ ရန့်ရှင်းကြမ်းတန်းသော ဇာတိမရှိဘဲ သိမ်မွေ့သော ရုပ်ထူးနာမ်ထူးဖြင့် ဖြစ်ပေါ်လာသော ပရိနိဗ္ဗုတပုဂ္ဂိုလ် ဧကန်ထင်ရှားရှိကြောင်း ဗုဒ္ဓဟောကြားသည်ဟု ယုံကြည်ကြ၏။ အချို့ဗုဒ္ဓဝါဒီတို့ကမူ ဥဒါန်းပါဠိတော်၌လာသော အာယတနသဒ္ဒါသည် ပရိနိဗ္ဗာန်စံဝင်ပြီး ရဟန္တာတို့၏ ထာဝရတည်နေရာ၊ လောကုတ္တရာဘုံဌာနဟူသော အနက်ကို ဟောသည်ဟု ယူဆကြ၏။

အချို့ကမူ ဝိညာဏံ အနိဒဿနံ အစချီသော ကေဝဋ္ဋသုတ်၌ ပါရှိသည့် ဝိညာဉ်သည် ရုပ်နာမ်ချုပ်ငြိမ်းပြီး ရဟန္တာကို ရည်ညွှန်းသည်ဟု မှတ်ယူကြ၏။ ထိုသို့ခံယူသော မြန်မာဝိပဿနာ ဆရာတစ်ဦး၏ အဆိုအားဖြင့် "စိတ်ဝိညာဉ်ကို တွေ့မြင်ရသည်ပင် နိရောဓသစ္စာ၊ ပရမတ္ထနိဗ္ဗာန်ကို မျက်မှောက်ပြုသည်မည်၏။ ..... ထိုဝိညာဏဋ္ဌိတိ၏ စိတ်ဝိညာဉ်သည် ပဋိစ္စသမုပ္ပါဒ်၌ မပါဝင်သော စိတ်ဝိညာဉ်၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ မသိမမြင်သော စိတ်ဝိညာဉ်ဖြစ်၏။ ထိုစိတ်ဝိညာဉ်သည် ဒိဋ္ဌိနှစ်ပါးမှကင်း၏။ သန့်ရှင်းစင်ကြယ်၏။ နူးညံ့သိမ်မွေ့၏။" (ဦးညွန့် 'ပညာနေတ္တိဝိပဿနာကျမ်း'၊ စာ ၅၀)

ရဟန္တာပုဂ္ဂိုလ်သည် စုတိပြီးနောက် မချုပ်ရှိသည်ဟု အချို့လူများ ယုံကြည်ကြ

ခြင်းမှာ အထက်ပါ သုတ္တန်ဒေသနာများသည် ရဟန္တာ၏လားရာကို ညွှန်ပြသော ဒေသနာများဖြစ်သည်ဟု ယူဆသောကြောင့်ဖြစ်၏။ အချို့ကမူ ထိုသို့မယူဆကြချေ။ ဥရောပ ပါဠိပညာရှင်တစ်ဦးက ဣတိဝုတ် ပါဠိတော်မှ သုတ်သည် "ရဟန္တာပုဂ္ဂိုလ် မျက်မှောက်ပြုသော ပရမတ္ထတရားကို ဖော်ပြသည်။ ထိုသုတ်၌ စုတိပြီး ရဟန္တာ၏ လားရာကိုပြသော စကားတစ်လုံးတစ်ပါဒမျှ မပါရှိပါ"ဟု ရေးသား၏။[၁]

ရဟန္တာသည် ရုပ်နာမ်ချုပ်ငြိမ်းပြီးနောက် ဧကန်ထင်ရှားရှိသည်ဟု ယူဆရန် အတွက် ကြီးမားသော အခက်အခဲမှာ ထိုအယူသည် ဗုဒ္ဓ၏ အခြေခံပဓာန ဝါဒဖြစ်သော အနတ္တတရားနှင့် ဆန့်ကျင်နေမှုဖြစ်၏။ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်သတ္တဝါမရှိဘဲ ခန္ဓာ ငါးပါးဖြင့်သာ ထင်ရှားသော ရဟန္တာသည် စုတိပြီးနောက် မည်သို့ ဆက်လက်ရှိနိုင်ပါ မည်နည်း။ အကယ်၍ ရှိသည်မှန်ပါက အနတ္တဝါဒကို ကျွန်ုပ်တို့ ပယ်ရပေလိမ့်မည်။ သို့ဖြစ်၍ နိဗ္ဗာန်ကို စုတိပြီး ရဟန္တာပုဂ္ဂိုလ် ရရှိခံစားသော တရားဖြစ်သည်ဟု ယူဆသော အနောက်တိုင်း ဗုဒ္ဓစာပေပညာရှင်တို့သည် အနတ္တဝါဒကို မူလဗုဒ္ဓဝါဒ မဟုတ်လေဟန် ရေးသားကြသောသူများ ဖြစ်၏။ အထက်က ပြဆိုခဲ့သည့်အတိုင်း သန့်ရှင်းစင်ကြယ်သော စိတ်ဝိညာဉ်ကို နိဗ္ဗာန်အဖြစ်ဖြင့် မှတ်ယူသော မြန်မာဝိပဿနာဆရာသည်လည်း စိတ်ဝိညာဉ်ကိုပင် ထာဝရပရမတ္ထတရား ဖြစ်သည်ဟု ခံယူထားသောသူ ဖြစ်၏။ (စာ-၉၃)

ရဟန္တာ၏လားရာသည် အနတ္တတရားနှင့် ဆက်စပ်နေသောကြောင့် ထိုတရားနှစ်ပါးကို ဟောကြားရာ၌ ဗုဒ္ဓ၏ နည်းပရိယာယ်များ တူညီနေခြင်းကို သတိပြုသင့်ပေ၏။ ခန္ဓာငါးပါးသည် အတ္တမဟုတ်ဟု ဟော၏။ အတ္တမရှိဟု မဆို။ အတ္တသည် ရှိပါသလောဟု အချို့လူများက မေးလျှောက်သောအခါ၌မူ ဗုဒ္ဓသည် မည်သို့မျှ မဖြေကြားချေ။ ထိုနည်းအတူ ရဟန္တာသည် စုတိပြီးနောက် ရှိ၊ မရှိ မေးလျှောက်သောအခါ မည်သို့မျှ မဖြေဆိုချေ။ ခန္ဓာငါးပါး၌ ပုဂ္ဂိုလ်သတ္တဝါကို ရှာ၍မရအပ်ဟု မိန့်ကြား၏။ ထို့အတူ ပရိနိဗ္ဗာန်ပြုသော ရဟန္တာကို ရှာ၍မရအပ်ကြောင်း ဟောကြားထားသော ဗုဒ္ဓဒေသနာ အတော်များများရှိ၏။

"ရဟန္တာသည် ရာဂစသည့် အကြောင်းကင်းသော နိဗ္ဗာန်အာရုံ၌ ကျက်စား၏။ ကောင်းကင်၌ ငှက်တို့၏ သွားရာလမ်းကြောင်းကို မမြင်နိုင်သကဲ့သို့ ရဟန္တာပုဂ္ဂိုလ်တို့၏ သွားရာလမ်းကို မမြင်နိုင်။" (ဓမ္မပဒ ၉၂-၉၃)

"ရဟန္တာပုဂ္ဂိုလ်ကို ရှာဖွေကြည့်ရှုသောနတ်သည် လည်းကောင်း၊ လူသည်လည်း ကောင်း လူနတ်နဂါး ဂဠုန်အလုံးစုံသော သတ္တဝါတို့၏ နေရာဘုံတို့၌ မတွေ့မမြင် ကြရလေကုန်။" (သဂါထာဝဂ္ဂသံယုတ်၊ သမိဒ္ဓိထေရသုတ်)

"ကိလေသာမှလွတ်ပြီးသော ရဟန်းကို သိကြားဗြဟ္မာ မာရ်နတ်နှင့်တကွသော

၁။ **E.J.Thomas: History of Buddhist Thought, pp. 129**

နတ်တို့သည် ရှာကုန်သည်ရှိသော် ရဟန္တာ၏ဝိညာဉ်သည် ဤသည်ကိုမှီ၍ဟူ၍ မသိကြကုန်။" (မဇ္ဈိမနိကာယ်၊ အလဂဒ္ဒူပမသုတ်)

"မာရ်နတ်သည်၊ ဂေါဓိကမထေရ်၏ ဝိညာဉ်သည် အဘယ်အရပ်၌ တည်လေသနည်းဟု မထေရ်၏ ဝိညာဉ်ကိုရှာ၏။ ဂေါဓိကမထေရ်သည်ကား တည်ရာမရှိသည်ဖြစ်၍ ပရိနိဗ္ဗာန်စံယူ၏။" (မာရသံယုတ်၊ ဂေါဓိကထေရသုတ်)

"ရဟန်းတို့၊ ငါဘုရား၏ ကိုယ်တော်သည် ဘဝတဏှာပြတ်ပြီး ဖြစ်လျက်တည်နေတော်မူ၏။ ငါဘုရား၏ ကိုယ်တော်တည်နေသမျှ ကာလအတွင်း၌သာလျှင် ထိုကိုယ်တော်ကို နတ်လူတို့ ဖူးမြင်ကြရကုန်လတ့်။ အသက်ကုန်ဆုံး၍ ကိုယ်တော်ပျက်စီးသည်မှနောက်၌ နတ်လူတို့ မဖူးမြင်ကြရကုန်လတ္တံ့။" (ဒီဃနိကာယ်၊ ဗြဟ္မဇာလသုတ်)

အတ္တစွဲရှိသော ပုဂ္ဂိုလ်တို့သည် အထက်ပါ ဗုဒ္ဓဒေသနာများကို အထူးဂရုပြုကြမည် မဟုတ်ချေ။ ပရိနိဗ္ဗာန်ပြုသော ရဟန္တာကို ရှာ၍မရအပ်ဟု ဆိုခြင်းမှာ ထိုရဟန္တာမရှိဟု ဆိုခြင်းမဟုတ်။ ထိုရဟန္တာ၏ သိမ်မွေ့နက်နဲသော လားရာကို လူတို့၏ ဝေါဟာရစကားဖြင့် ပြဆိုရန် မဖြစ်နိုင်ခြင်းကိုသာ ရည်ညွှန်းသည်ဟု ယူဆကြပေမည်။ သို့ရာတွင် သူတို့ ရှင်းပြရန်လိုသော အခြားဗုဒ္ဓဒေသနာတစ်ခု ရှိသေး၏။ ထိုဒေသနာမှာ ပရိနိဗ္ဗုတရဟန္တာပုဂ္ဂိုလ်၏ လားရာနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ အလေးအနက် ဆင်ခြင်သုံးသပ်အပ်သော မီးပုံဥပမာ ဒေသနာဖြစ်၏။

ရဟန္တာ၏လားရာကို မေးလျှောက်သော ဝစ္ဆဂေါတ္တအား ဗုဒ္ဓဟောကြားသော ဒေသနာသည်ကား အကျဉ်းအားဖြင့် ဤသို့ဖြစ်၏။ "ဝစ္ဆ၊ သင်၏ရှေ့၌ မီးပုံကြီးရှိ၏။ ထိုမီးပုံကြီးမှ မီးတောက်သည် မီးစာကုန်သဖြင့် သေငြိမ်းကွယ်ပျောက်ခဲ့သော် ထိုမီးသည် အဘယ်အရပ်သို့ ကပ်ရောက်လေပြီဟူ၍ သင် ဖြေဆိုနိုင်မည် မဟုတ်။ မီးစာသစ်လည်းမလောင်၊ မီးစာဟောင်းလည်း ကုန်လေသဖြင့် ထိုနေရာ၌သာ ချုပ်ငြိမ်းလေပြီဟု သင် ဖြေဆိုရပေလိမ့်မည်။ ထို့အတူ စုတိကမ္မဇရုပ် ချုပ်ပြီးဖြစ်သော ရဟန္တာအား ရုပ်နာမ်တရားတို့သည် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြကုန်သဖြင့် ရဟန္တာပုဂ္ဂိုလ်ဟူသော ပညတ်သည် ပျောက်ကွယ်၍ လူတို့ဝေါဟာရပညတ်ဖြင့် ဖြစ်သည်၊ မဖြစ်သည်ဟူ၍ မဆိုအပ်။" (မဇ္ဈိမနိကာယ်၊ အဂ္ဂိဝစ္ဆဂေါတ္တသုတ်)

ဗြာဟ္မဏတစ်ဦး၏ နိဗ္ဗာန်နှင့်စပ်သော မေးလျှောက်ချက်ကို ဖြေဆိုရာ၌လည်း ဗုဒ္ဓသည် အထက်ပါအတိုင်း မီးပုံဥပမာဖြင့် ဟောကြား၏။ "ပရိနိဗ္ဗုတပုဂ္ဂိုလ်သည် ကွယ်ပျောက်ချုပ်ငြိမ်း၍ ပညတ်ဝေါဟာရဖြင့် ခေါ်ဝေါ်စရာ တစ်စုံတစ်ရာအဖြစ်သို့ မရောက်၊ ထိုပုဂ္ဂိုလ်ရှိသည် မရှိသည်ဟူ၍ ဆိုနိုင်ရန် ပမာဏသည်မရှိ။ အလုံးစုံသော ပရမတ္ထတရားတို့သည် ပယ်နတ် ချုပ်ငြိမ်းကုန်ပြီးသည်ရှိသော် အလုံးစုံသော ခေါ်ဝေါ်ပြောဆိုစရာ နည်းလမ်းတို့သည်လည်း ပယ်နတ် ချုပ်ငြိမ်းကြလေကုန်ပြီ"ဟု မိန့်ကြား၏။ (သုတ္တနိပါတ်၊ ပါရာယနသုတ်၊ ဥပသီဝပုစ္ဆာ)

အထက်ပါ ဒေသနာများကို ကိုးကား၍ လယ်တီဆရာတော်က "မီးပုံဥပမာနှင့် တကွ ရဟန္တာ၏ ရုပ်ဝေဒနာစသော ပရမတ္ထဓမ္မအစဉ်တို့ အကြွင်းအကျန်မရှိ ကွယ်လွန် ပုံကို ပြတော်မူသောကြောင့် စုတိကမ္မဇရုပ် ချုပ်ပြီးသောနောက်၌ ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာမှ နိဗ္ဗာန်သို့ ကူးတက်ဆက်နွယ်၍သွားသော ပရမတ္ထတရားဟူ၍ အမြွက်လေသမျှ မရှိပြီ။ ပညတ်တရားဟူ၍ အမြွက်ကလေးသည်မျှမရှိ"ဟု ယူဆ၏။ ဆရာတော်က ထိုသို့ ရဟန္တာ၏လားရာမှာ ဘာမျှမရှိသော အဘာဝဖြစ်သည်ဟူသော အယူမှာ အချို့ လူများ ထင်သကဲ့သို့ ဥစ္ဆေဒဒိဋ္ဌိမဟုတ်။ "ပကတိကပင် ပုဂ္ဂိုလ်သတ္တဝါ ရှိသည်ဟုယူသော သူတို့မှာသာ ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်။ ပြတ်၍မသွားဘဲ နိဗ္ဗာန်၌ အမြဲတည်နေသည်ဟုယူလျှင် သဿတဒိဋ္ဌိဖြစ်သည်။ ပကတိကပင် ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ရုပ်နာမ်သက်သက်သာရှိသည်ဟု ယူသောသူတို့မှာ သံသရာစက်ပြတ်၍၊ ရုပ်နာမ်ပြတ်သည်ဟု ယူ၍ ဥစ္ဆေဒဒိဋ္ဌိမဖြစ်၊ သမ္မာဒိဋ္ဌိသာ ဖြစ်သည်"ဟု ရေးသားခဲ့၏။ (နိဗ္ဗာနဒီပနီ၊ စာ ၈၀-၁၄၄)

ဗုဒ္ဓလက်ထက်က ဗုဒ္ဓဝါဒီတို့သည် ရဟန္တာ၏ နောက်ဆုံးလားရာကို လယ်တီ ဆရာတော်ကဲ့သို့ပင် သိမြင်နားလည်ခဲ့ကြမည် ဖြစ်၏။ သို့ရာတွင် သူတို့၏ ယုံကြည်ချက် မှာ လူပရိသတ်အလယ်၌ ထုတ်ဖော်မပြောဘဲ မိမိတို့ အတွင်းသန္တာန်၌ ခံယူထားသော ယုံကြည်မှု ဖြစ်ဟန်ရှိ၏။ စုတိပြီး ရဟန္တာသည် ပြတ်တောက်ကွယ်ပျောက်သည်ဟု ဆိုသော ယမကရဟန်းအား အရှင်သာရိပုတ္တရာက ခေါ်၍ဆုံးမကြောင်း သံယုတ္တနိကာယ်၌ ပြဆိုထား၏။ ရုပ်နာမ်ခန္ဓာငါးပါး၌ပင် ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်သတ္တဝါကို မရအပ်ပါဘဲ လျက် ရုပ်နာမ်အဆုံးစွန် ချုပ်ငြိမ်းပြီးဖြစ်သော ရဟန္တာသည် ဖြစ်သည်ဟူ၍၊ မဖြစ်ဟူ၍လည်း ကောင်း ဆိုခြင်းငှာမသင့်ဟု မိန့်ကြား၏။ (ခန္ဓသံယုတ်၊ ယမကတ္ထေရသုတ်)

ဗုဒ္ဓသည် ပရိနိဗ္ဗာန်ပြုပြီးသော ရဟန္တာရှိ၊ မရှိ မေးခွန်းကိုသာလျှင် မဖြေကြားဘဲ ဆိတ်ဆိတ်နေသည် မဟုတ်။ အတ္တရှိ-မရှိ၊ သတ္တဝါသည် သေပြီးနောက်၌ ဖြစ်၊ မဖြစ် (ဝါ) ရှိ၊ မရှိ မေးခွန်းများကိုလည်း ဖြေကြားခြင်းမပြုကြောင်း ကျွန်ုပ်တို့ သတိပြုသင့်၏။ ထိုသို့ ဗုဒ္ဓ ဆိတ်ဆိတ်နေတော်မူခြင်း၏ အကြောင်းရင်းကိုလည်း နားလည်ရပေမည်။ သတ္တဝါသည် သေပြီးနောက်၌ ရှိသည်ဆိုပါက ပရမတ္ထအားဖြင့်မှား၍ မရှိဟုဆိုပါက လူတို့၏ ဝေါဟာရပညတ်စကားအားဖြင့် မှား၏။ ပရမတ္ထသစ္စာနှင့် သမုတိသစ္စာမှာ ဝိရောဓိဖြစ်နေ၍ ထိုသစ္စာနှစ်ပါးကို လူတို့နားလည်ခံယူရန် မလွယ်ကူချေ။ အစဉ်အလာ အားဖြင့် သမုတိသစ္စာနယ်၌ ကြံစည်တွေးခေါ်လေ့ရှိသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ပရမ တ္ထတရားကို ဘုမသိဘမသိ ယောင်ဝါးဝါးခံယူ၍ နတ္ထိကဝါဒသို့ သက်ဝင်သွားမည့် အန္တရာယ်ရှိ၏။

အနတ္တတရားကို အကြောင်းပြု၍ ဗုဒ္ဓကိုယ်တော်တိုင် နတ္ထိကဝါဒီအဖြစ်ဖြင့် စွပ်စွဲခံရကြောင်း ပိဋကတ်စာပေ၌ ဖော်ပြထား၏။ "နိဗ္ဗာန်သည်ရှိ၍ နိဗ္ဗာန်သို့ရောက် သော ပုဂ္ဂိုလ်သတ္တဝါမရှိ"ဆိုသော အရှင်ဗုဒ္ဓဃောသ၏စကားသည် ပရမတ္ထအားဖြင့်

မှန်ကန်သော်လည်း ထိုပရမတ္ထတရားကို အစွဲဥပါဒါန်ဖြစ်နေသော ပုဂ္ဂိုလ်သည် နတ္ထိက အတွေးအခေါ်များကို ရှောင်ကြဉ်နိုင်မည် မဟုတ်ချေ။ ဤအချက်သည် မဟာယာနပိဋ ကတ်စာပေမှ လူသိများသော ပညာပါရမီတသုတ်များ၌ ထင်ရှား၏။ တပည့်သာဝက များအား ဗုဒ္ဓဟောကြားသည်ဆိုသော ထိုသုတ်များမှ အချို့အချက်များကို အကျဉ်းဖော်ပြ ပါအံ့။

"ဘုရားရှင်အား ငါသည် ဝေနေယျသတ္တဝါတို့ကို ကယ်ချွတ်အံ့ဟူသော အကြံ သည် မဖြစ်။ အဘယ်ကြောင့်ဆိုသော် ထိုအကြံဖြစ်ပေါ်ပါက ဘုရားရှင်သည် အတ္တစွဲ မကင်းသော ပုဂ္ဂိုလ်ဖြစ်နေပေမည်။ စင်စစ်သော်ကား ဘုရားရှင် ကယ်ချွတ်ရန် သတ္တဝါများ မရှိ။ ဤသုညလောက၌ ရုပ်နာမ်ခန္ဓာ အာယတနမရှိ။ နိဗ္ဗာန်မရှိ။ သစ္စာ လေးပါးမရှိ။ နိဗ္ဗာန်ကိုရရှိမှု၊ မရရှိမှုမရှိ။ ဘုရားရှင် ကြွလာသည်၊ စံနေတော်မူသည်ဟု ဆိုလျှင်ပင်မှား၏။ အကြောင်းမူ ပရမတ္ထအားဖြင့် ဘုရားရှင် (တထာဂတ)သည် ဝေါဟာရစကားမျှသာ ဖြစ်၏။

"နိဗ္ဗာန်သို့ရောက်သော သတ္တဝါသည် မရှိ။ ငါသည် တဏှာဥပါဒါန် ကင်းပြတ် သောအခါ နိဗ္ဗာန်ရလိမ့်မည်ဆိုသော သူသည် သက္ကာယဒိဋ္ဌိ စွဲကပ်နေသောသူဖြစ်၏။ ပရမတ္ထအားဖြင့် နိဗ္ဗာန်နှင့်ရဟန်းသည် မရှိ။ ယင်းတို့သည် သုညလောက၌ မာယာမျှ သာဖြစ်၍ သဘောလက္ခဏာအားဖြင့် ထပ်တူဖြစ်၏။ သံသရာမှ လွတ်မြောက်လိုသော သတ္တဝါတို့သည် အမြင်မှန်ရရှိပါက နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးဖြစ်၏။ နိဗ္ဗာန်နှင့် သံသရာကို ခွဲခြား၍မရအပ်။ စင်စစ် သံသရာ၌ ကျင်လည်မှုဟူ၍ မရှိ။ သံသရာမှ လွတ် မြောက်မှုလည်း မရှိ။ သံသရာနှင့်နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထပ်တူဖြစ်၏။"(၁)

အထက်ပါအယူမှာ နတ္ထိကဝါဒဖြစ်ကြောင်း ယုံမှားစရာမရှိချေ။ ထိုအယူနှင့် လုံးဝဆန့်ကျင်သော မဟာယာနဝါဒီတို့၏ အယူမှာ သုခဝတီ နိဗ္ဗာန်အယူဖြစ်၏။ သူတို့၏ ဗောဓိသတ္တလမ်းစဉ်အရ နောက်ဆုံး၌ အရိယာပုဂ္ဂိုလ်ဟူသမျှသည် ဘုရား အဖြစ်သို့ ရောက်ရှိ၍ သုခဝတီခေါ် နိဗ္ဗာန်ဘုံ၌ ဂင်္ဂါဝါဠုသဲစုမက များလှစွာသော ဗုဒ္ဓ ဘုရားရှင်များ ထာဝရပျော်စံနေကြသည်ဟု သူတို့ယုံကြည်ကြ၏။ မြန်မာနိုင်ငံ၌ သုခဝတီနိဗ္ဗာန်အယူနှင့် များစွာတူညီသောအယူမှာ **ပထမရွှေကျင်ဆရာတော်နှင့် အုပ်ဖို ဆရာတော်တို့၏** နိဗ္ဗာန်အယူဖြစ်၏။ **ပထမရွှေကျင်ဆရာတော်က** စုတိပြီး ရဟန္တာပုဂ္ဂိုလ် သည် နိဗ္ဗာန်ဘုံ၌ ဘုရားရှင်နှင့်အတူ မပျောက်မပျက်၊ မအိုမသေ အမြဲစံနေကြသည်ဟု သူ၏ ဂမ္ဘီရာ ဂမ္ဘီရ မဟာနိဗ္ဗုတဒီပနီကျမ်း၌ ရေးသားခဲ့၏။

ပရိနိဗ္ဗုတ ရဟန္တာ၏လားရာနှင့် ပတ်သက်၍ ထေရဝါဒဂိုဏ်း မဟုတ်ဘဲ **လယ်တီဆရာတော်၏** ခံယူချက်မျိုးရှိသော အခြား ရှေးဗုဒ္ဓဝါဒဂိုဏ်းသည်ကား သတရန္တိက ဂိုဏ်းဖြစ်၏။ သတရန္တိကနှင့် မဟာယာန ဗုဒ္ဓဝါဒီတို့ နားလည်သော နိဗ္ဗာန်သည်

၁။ **N. Dutt: Aspects of Mahayana Buddhism, pp. 185-6**

ကျွန်ုပ်တို့ နားလည်သော ဒိဋ္ဌဓမ္မနိဗ္ဗာန် (ဝါ) အရဟတ္တဖိုလ်မဟုတ်ဘဲ ရဟန္တာ၏ လားရာကို ဆိုလိုခြင်းဖြစ်၏။ သတရန့်က ဗုဒ္ဓဝါဒီတို့သည် ဗုဒ္ဓဟောသော မီးပုံဒေသနာကို ကိုးကား၍ နိဗ္ဗာန်သည် ထင်ရှားသော တရားတစ်စုံတစ်ရာမရှိခြင်း (ဝါ) အဘာဝဖြစ်သည်ဟု အယူရှိ၏။ သူတို့၏ အဆိုအားဖြင့် အာကာသသည် ဒြပ်ဝတ္ထု လုံးဝမရှိခြင်း ဖြစ်သည့်နည်းတူ နိဗ္ဗာန်သည် သခ်တဓာတ် ကင်းမှုမျှသာဖြစ်၏။ လုံဝးငြိမ်းလေပြီးသော မီးကို တစ်စုံတစ်ခုသောအရာအဖြစ် မှတ်ယူရန် မဖြစ်နိုင်သကဲ့သို့ ခန္ဓာငါးပါး အကြွင်းမဲ့ချုပ်ငြိမ်း ခြင်းဖြစ်သော နိဗ္ဗာန်ကို တစ်စုံတစ်ခုရှိခြင်းဖြစ်သည်ဟု စွဲမှတ်ရန် အကြောင်းမရှိချေ။[၁]

မဟာယာနဝါဒကို မျိုးစေ့ချပေးခဲ့သော အသင်္ဂ ဃောသ, ဝသုဗန္ဓုအစရှိသည့် ရှေးအိန္ဒိယ အဋ္ဌကထာဆရာများသည် ဗြာဟ္မဏဘာသာမှ ဗုဒ္ဓဝါဒသို့ ကူးပြောင်းလာသူ များဖြစ်ရကား အတ္တအငွေ့အသက်ကင်းသောသူများ မဟုတ်ချေ။ သို့ဖြစ်၍ အတ္တကို ပယ်သော်လည်း 'ဓမ္မကာယ' 'တထာဂတဂဗ္ဘ' 'အာလာယဝိညာဏ' စသည်ဖြင့် ခန္ဓာ ငါးပါးမှ အခြားဖြစ်သော တရားများကို ပရမတ္ထတရားများအဖြစ် သူတို့ကျမ်းများ၌ ဖော်ပြကြ၏။ သတ္တဝါသည် အတ္တမဟုတ်၊ ရုပ်နာမ်တရားမျှသာ ဖြစ်သည်လည်းမဟုတ်ဟု ဆိုသော ပုဂ္ဂလဝါဒီတို့၏ နိဗ္ဗာန်အယူကို ကျွန်ုပ်တို့ အသေးစိတ်မသိရချေ။ သို့ရာတွင် သူတို့၏အယူသည် အတ္တစွဲမကင်းသော အခြားဗုဒ္ဓဝါဒီတို့၏ အယူကဲ့သို့ပင် ရဟန္တာသည် စုတိပြီးနောက် ဧကန်ထင်ရှားရှိသည်ဟူသော အယူဖြစ်ရပေမည်။ ဥရောပ ဗုဒ္ဓစာပေပညာရှင် တစ်ဦး၏ အဆိုအားဖြင့်–

"ပါဠိပိဋကတ်နှင့် မြောက်ပိုင်း မဇ္ဈိမိကဂိုဏ်းမှ အဋ္ဌကထာဆရာတို့၏ အလို အားဖြင့် ဗုဒ္ဓဝါဒသည် အတ္တကိုပယ်၍ ရဟန္တာ၏လားရာကို အဘာဝအဖြစ် ညွှန်ပြခဲ့ ကြောင်း ယုံမှားဖွယ်ရာမရှိချေ။ သို့ရာတွင် ရှေးဗုဒ္ဓသံဃာ့အဖွဲ့၌လည်းကောင်း၊ နောက် ကာလ ဗုဒ္ဓသံဃာ့အဖွဲ့၌လည်းကောင်း ပုဂ္ဂလဝါဒကို ယုံကြည်သောသူများ ရှိခဲ့ကြ၏။ ပုဂ္ဂလဝါဒီတို့က ပုဂ္ဂိုလ်သတ္တဝါသည် ခန္ဓာငါးပါးနှင့် တခြားမဟုတ်။ ထပ်တူဖြစ်သည် လည်းမဟုတ်။ ၎င်းသည် ကြံစည်၍မရအပ်သော်လည်း ဧကန်ထင်ရှား ရှိသည်ဟု ဆိုကြ၏။ သို့ဖြင့် သူတို့သည် ထာဝရ အတ္တနိဗ္ဗာန်တစ်မျိုးကို ယုံကြည်ခဲ့ကြပေလိမ့်မည်။"[၂]

စင်စစ် ပုဂ္ဂလဝါဒီတို့သည် အင်အားသေးငယ်သည်မဟုတ်၊ ခုနစ်ရာစုအတွင်းက အိန္ဒိယပြည်သို့ ရောက်ခဲ့သော တရုတ်ရဟန်းတစ်ပါး၏ မှတ်တမ်းအရ လူဦးရေ ၆၀,၀၀၀မျှရှိခဲ့၍ ရဟန္တာ၏ လားရာဧကန် ထင်ရှားရှိသယောင် ပြဆိုသော ပါဠိတော် များသည် ပုဂ္ဂလဝါဒ အငွေ့အသက်မကင်းသော ပိဋကတ်ဆရာတို့၏ လက်ရာဖြစ် ကောင်းဖြစ်ပေမည်။ ထိုသို့မဟုတ်လျှင်လည်း ပုဂ္ဂလဝါဒီတို့ နှစ်သိမ့်စေရန် ထည့်သွင်း

၁။ **E. Conze: Buddhist Thought in India, pp. 161-2**

၂။ ***art*. Nirvana by V.Poussin, "Encyclopaedia of Religion and Ethics"**

ထားသော စကားများဖြစ်တန်ရာ၏။ ဗုဒ္ဓသည်ပင် လူတို့၏ အသိဉာဏ်၊ စိတ်ဓာတ် စရိုက်နှင့် လျော်ညီသော ဒေသနာများကို ဟောတော်မူရကြောင်း လွန်ခဲ့သော အခန်းများ၌ ရေးသားခဲ့ပေပြီ။ ယခုခေတ်၌ ထိုဗုဒ္ဓလမ်းစဉ်နှင့်အညီ နိဗ္ဗာန်အကြောင်း **လယ်တီဆရာတော်**၏ ရေးသားချက်ကို ဖော်ပြပါအံ့။

**လယ်တီဆရာတော်**၏ နိဗ္ဗာနဒီပနီစာအုပ်မှ အချို့သော ကောက်နုတ်ချက်များ ကို ပြဆိုခဲ့ပေပြီ။ ထိုစာအုပ်ပါ ရေးသားချက်များအရ ရဟန္တာ၏လားရာမှာ အဘာဝဖြစ် သည်ဟု ဆရာတော် ခံယူကြောင်း ယုံမှားစရာမရှိချေ။ သို့ဖြစ်စေကာမူ ဆရာတော်သည် ခရစ်ယာန်ဆရာတစ်ဦး၏ အမေးကိုဖြေဆိုရာ၌ "ငါတို့ ဗုဒ္ဓဘာသာဘုရားသည် ယခု အသင်္ခတ မဟာနိဗ္ဗာန်ကြီးမှာရှိ၏၊ အနိစ္စသင်္ခတဖြစ်သော ဝိညာဉ်နှင့်တကွသော ဓာတ်ကြွင်းစုကိုစွန့်၍ နိစ္စထာဝရဖြစ်သော အသင်္ခတ အမတဓာတ်ကြီးအနေနှင့် ထာဝရ တည်နေတော်မူသည်။ ကုသိနာရုံပြည်၌ ခန္ဓာတော်ကိုသာ စွန့်တော်မူသည်။ ကိုယ်တော်မြတ် သည်မူကား အနန္တဂုဏ်တော်တို့နှင့်တကွ အမတ မဟာနိဗ္ဗာန်ဟူသော လောကုတ္တရာ ဘုံကြီးမှာ အသင်္ခတဓာတ် ကိုယ်တော်မြတ်အဖြစ်ဖြင့် စံတော်မူလျက်ရှိ သည်"ဟု ဖြေဆိုခဲ့၏။ (ဗုဒ္ဓဘာသာနှင့် ထာဝရပြဿနာကျမ်းစာ–၂၄)

လူတို့သည် ထာဝရတရားကို အလိုရှိကြ၏။ စကြဝဠာ၌ အနိစ္စတရား စိုးမိုး နေခြင်းကို မည်သူမျှ မငြင်းဆိုသော်လည်း တမလွန်လောက၌ ထာဝရဘုရား ရှိလိမ့်မည်ဟု အစွဲအမြဲ ယုံကြည်ကြ၏။ ကမ္ဘာ့ဘာသာဝါဒကြီးများသည် အနိစ္စတရားကိုလွန်၍ ထာဝရတရားသို့ ဦးတည်ချက်ရှိသည်ဟု ခံယူထားကြ၏။ ထိုသို့ ခံယူသော အသိပညာ ရှင်တစ်ဦးမှာ ပါဠိ– အင်္ဂလိပ် အဘိဓာန်ကျမ်းကို ပြုစုရေးသားသော ဒေါက်တာချိုင်လဒါး ဖြစ်၏။ ဒေါက်တာချိုင်လဒါးသည် 'နိဗ္ဗာန'ပုဒ်ကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ များစွာသော ပိဋကတ်ဒေသနာများကို ထောက်ပြ၍ ရဟန္တာ၏ လားရာမှာ အဘာဝဖြစ်ကြောင်း ရေးသား၏။ သူက အရဟတ္တဖိုလ်ကို ရဟန္တာမျက်မှောက်ပြုမှုမှာ ကာလအပိုင်းအခြား ရှိ၍ ဗုဒ္ဓဝါဒ၏ ဦးတည်ချက်မဟုတ်၊ ရဟန္တာ၏ အဘာဝဖြစ်မှုသည်သာ ထာဝရဖြစ်၍ ဗုဒ္ဓဝါဒ၏ ဦးတည်ချက်ဖြစ်ကြောင်း ရေးသားထား၏။[၁]

အမေရိကန် ဗုဒ္ဓစာပေပညာရှင်တစ်ဦးကမူ **လယ်တီဆရာတော်**ကဲ့သို့ ဗုဒ္ဓဝါဒကို ပြစ်တင်ဝေဖန်သော ခရစ်ယာန်ဝါဒီတို့ကို ချေပရန် ရေးသားသောသူ၏ စာအုပ်၌ ရဟန္တာ၏ ထာဝရဂုဏ်ကို ဖော်ညွှန်းထား၏။ ကွယ်လွန်လေပြီးသော ကမ္ဘာ့သိပ္ပံပညာ ရှင်များ၏ လေ့လာတွေ့ရှိရချက်များသည် ထိုပညာရှင်တို့ အမည်များနှင့်ယှဉ်၍ အမြဲ ထာဝရ ထင်ရှားနေမည်ဖြစ်သကဲ့သို့ ရဟန္တာပုဂ္ဂိုလ်တို့သည် အကြွင်းမဲ့ဘဝခန္ဓာ ချုပ်ငြိမ်း ခြင်းဖြင့် အချည်းနှီးမဖြစ်ဘဲ သူတို့ သိမြင်ကျင့်ကြံသော တရားများသည် သူတို့ကိုယ်စား ထာဝစဉ် တည်မြဲနေမည်ဖြစ်ကြောင်း ရေးသားခဲ့၏။[၂]

---

၁။ **R.C Childers: Dictionary of Pali Language, *art.* Nibbana**

၂။ **Paul Carus: Buddhism and its Christian Critics, pp. 78-9**

အချို့သော အနောက်တိုင်း ဗုဒ္ဓဝါဒီတို့သည်ကား စုတိပြီးသော ရဟန္တာ၏ ဘဝခန္ဓာ အကြွင်းမဲ့ချုပ်ငြိမ်းသည် ဆိုသောစကားကို လက်မခံဘဲ ပရိနိဗ္ဗုတပုဂ္ဂိုလ်သည် မူလပင်မဖြစ်သော နိစ္စရုပ၊ အသခ်တဓာတ်နှင့် ပြန်လည်ပေါင်းစည်းသည်ဟု ခံယူကြ၏။ ဤအယူမှာ ဗုဒ္ဓမပေါ်မီက အိန္ဒိယပြည်၌ ရှိနှင့်ပြီးဖြစ်သော ဗြာဟ္မဏ (ဝါ) ဥပနိသျှ အယူဖြစ်၍ အခန်း- ၂ ၌ ပြဆိုခဲ့ပေပြီ။ သတ္တဝါတို့၏ မူလအစကို မဟောဘဲ အတ္တကို ပယ်သော ဗုဒ္ဓဝါဒနှင့် လုံးဝဆန့်ကျင်သော အယူဖြစ်ကြောင်း ရေးသားရန်မလိုချေ။ သူတို့၏ အယူအတွက် ဗြာဟ္မဏဆရာတို့ ပြလေ့ရှိသော ဥပမာမှာ မြစ်များနှင့် သမုဒ္ဒရာ ပူးပေါင်းမှု ဥပမာဖြစ်၏။ မြစ်ရေသည် သမုဒ္ဒရာ၌ အစပြု၍ ဖြစ်ပေါ်လာသော မိုးရေဖြစ်ကြောင်း ကျောင်း၌ ပထဝီသင်ဖူးသော သူတိုင်းသိပြီးဖြစ်၏။ သို့ဖြင့် မြစ်တစ်ခုသည် သမုဒ္ဒရာထဲသို့ စီးဆင်းသောအခါ တစ်စုံတစ်ရာ ပျောက်ပျက်ခြင်းမရှိဘဲ ၎င်း၏ မူလပင်မနှင့် တစ်ပေါင်းတည်းဖြစ်သွားသည်ဟု ဆိုရန်ရှိ၏။ လူသတ္တဝါနှင့် သတ္တလောက၏ မူလပင်မဓာတ် ပူးပေါင်းမှုကိုလည်း ထို့အတူ နားလည်သိရှိရမည် ဖြစ်၏။

ဤအဆိုမှာ မူလပင်မ အတ္တကြီးနှင့် အတ္တအစွယ်အပွားများ ရှိသည်ဟူသော ယုံကြည်မှုအပေါ်၌ အခြေပြုသော အဆိုဖြစ်၍ ဗုဒ္ဓ၏ အနတ္တဝါဒရှုထောင့်မှ ဆင်ခြင်သုံးသပ်ပါက ဆန့်ကျင်ဘက်အဆို ထွက်ပေါ်လာပေမည်။ မြစ်ရေအလျဉ်သည် အမြဲလှုပ်ရှားပြောင်းလဲနေ၍ ဧရာဝတီမြစ်၊ သံလွင်မြစ်စသည်တို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ဝေါဟာရပညတ်များသာဖြစ်၏။ ထို့အပြင် မြစ်၏ရေထုသည် သမုဒ္ဒရာထဲ၌ ပြိုကွဲပျောက်ပျက်သွားသဖြင့် သမုဒ္ဒရာနှင့် ပူးပေါင်းသည်ဆိုခြင်းမှာ အဓိပ္ပာယ်မရှိလှချေ။ ထို့အတူ မူလက အတ္တကင်းဆိတ်သော သတ္တဝါသည် ဘဝသံသရာမှ လွတ်မြောက်သောအခါ ပုဂ္ဂိုလ်သတ္တဝါဟူသော ဝေါဟာရပညတ်သည်ပင် ကွယ်ပျောက်၍ ဘဝခန္ဓာ အကြွင်းမဲ့ချုပ်ငြိမ်းသည်ဟု မှတ်ယူရပေမည်။

အမှန်ဆိုသော် အနတ္တဝါဒကို အခြေပြု၍ ဆင်ခြင်သုံးသပ်သောသူသည် ရဟန္တာ၏ လားရာကို သိမြင်နားလည်ရန် မခက်ခဲချေ။ သို့ရာတွင် ထိုအသိအမြင်သည် လူသတ္တဝါအများစု လက်မခံနိုင်သော အသိအမြင်ဖြစ်၏။ သာမန်လူတို့ကို မဆိုထားဘိ၊ အချို့သော အသိပညာရှင်တို့သည်ပင် ဘဝချုပ်ငြိမ်းပြတ်စဲမှုကို အလိုမရှိကြချေ။ စပိန် ဒဿနဆရာတစ်ဦးက မိမိသေလျှင် ငရဲ၌ ထာဝရခံနေရခြင်းထက် ဝိညာဉ်အကြွင်းမဲ့ပြတ်တောက်သွားမည်ကို ပို၍ကြောက်လှပါသည်ဟု ဖွင့်ဟဝန်ခံခဲ့၏။[၁] ဂျာမန် ဗုဒ္ဓစာပေ ပညာရှင်တစ်ဦးကမူ "အကယ်၍ ရဟန္တာ၏ လားရာသည် အဘာဝဖြစ်သည်မှန်ပါက ဗုဒ္ဓဝါဒသည် လူတို့အား ၎င်း၏ပန်းတိုင်သို့ ခေါ်ဆောင်သွားပြီးလျှင် အသူတရာနက်သော ချောက်ထဲသို့ ခုန်ချခိုင်းသည်နှင့် တူလှချေသည်"ဟု ရေးသားခဲ့၏။[၂]

၁။ **Miguel de Unamuno: The Tragic Sense of Life, pp. 43**

၂။ **Max Müller: Studies in Buddhism, pp. 56**

သို့ဖြစ်၍ ရဟန္တာ၏လားရာနှင့် ပတ်သက်၍ ဗုဒ္ဓက မည်သို့မျှ တိကျပြတ်သားစွာ မိန့်တော်မမူခြင်းသည် အံ့ဩစရာမရှိချေ။ မှန်ကန်သော်လည်း သူတစ်ပါးမနှစ်လို အကျိုးလည်းမရှိသော စကားမျိုးပြောခြင်းကို ငါဘုရား ရှောင်ကြဉ်သည်ဟူသော ဗုဒ္ဓမိန့်ကြားချက်ကို သတိပြုရပေမည် (စာ-၄၈, -၉)။ ဂျာမန် ဗုဒ္ဓကျမ်းပြုပညာရှင်တစ်ဦး၏ အဆိုအားဖြင့်-

"ဤရှေးဗုဒ္ဓဝါဒီတို့သည် ပရိနိဗ္ဗုတပုဂ္ဂိုလ်၏ လားရာမှာ အဘာဝဖြစ်ကြောင်း သိမြင်၍ အဘာဝကိုလက်ခံရန် အသင့်ရှိသော်လည်း ဗုဒ္ဓအယူတစ်ခုအဖြစ်ဖြင့် လူသိရှင်ကြား အသိအမှတ်မပြုကြချေ။ ထိုသို့ အသိအမှတ်မပြုခြင်း၏ အကြောင်းရင်းကို ကျွန်ုပ်တို့ ကောင်းစွာနားလည်နိုင်၏။ ဗုဒ္ဓသာသနာ၌ ရဟန်းပြုလိုသောသူသည် မျှော်လင့်ချက်နှင့် အလိုဆန္ဒ အတော်များများ စွန့်လွှတ်ရ၏။ သို့ဖြစ်၍ ဝဋ်ဆင်းရဲမှ ကျွတ်လွတ်သော ပုဂ္ဂိုလ်၏ ဆုလာဘ်မှာ အဘာဝဖြစ်သောကြောင့် နှစ်မြို့ဖွယ်မကောင်းသော အမှန်တရားကို အဘယ်ကြောင့် စိတ်ဓာတ် မရင့်ကျက်သေးသောသူအား ပြောရပါမည်နည်း။ အမှန်တရားကို ဖုံးဖိ၍ မဟုတ်မမှန် လိမ်လည်ပြောဆိုရန် မသင့်သည်ကားမှန်၏။ သို့ဖြစ်စေကာမူ စိတ်ဓာတ်နုနယ်သောသူတို့အား တုန်လှုပ်ချောက်ချားစေမည့် အမှန်တရားကို ပြည်ဖုံးကားချထားခြင်းသည် အပြစ်မရှိပေ။ ထိုသို့ပြုလုပ်ခြင်းဖြင့် အရေးအကြီးဆုံးဖြစ်သော သံသရာမှ လွတ်မြောက်ရန် ကြိုးပမ်းမှုသည် မည်သို့မျှ မထိခိုက်ဘဲ ရပ်နာမ်ချုပ်ငြိမ်းခြင်းသည် ဝဋ်ဆင်းရဲမှ ကျွတ်လွတ်မှုဖြစ်ကြောင်း လူတို့ သိရှိကြမည်သာဖြစ်၏။ ထိုသို့ အနိစ္စသခ်ါရနယ်မှ ကျွတ်လွတ်မှုသည်ပင် မြတ်သော တရားဖြစ်သည် မဟုတ်ပါလော။ ထိုကျွတ်လွတ်မှုမှာ အဘာဝဖြစ်သည်ဟု သိရှိခြင်းဖြင့် သာလွန်မွန်မြတ်သော တရားဖြစ်လာပါမည်လော။"(၁)

ဤနေရာ၌ စဉ်းစားရန်အချက်တစ်ခုရှိ၏။ ဗုဒ္ဓသည် ဆိတ်ဆိတ်နေတော်မူသော်လည်း အထက်၌ ပြဆိုခဲ့သည့်အတိုင်း အနတ္တဝါဒနှင့် အချို့သော ဗုဒ္ဓဒေသနာများကို ထောက်ချင့်၍ ရှေးအိန္ဒိယတိုင်းသားတို့သည် ယခုခေတ် အချို့သော ဗုဒ္ဓဝါဒီတို့ကဲ့သို့ပင် ရဟန္တာ၏ လားရာမှာ အဘာဝဖြစ်ကြောင်း သိမြင်ခဲ့ကြမည်ဖြစ်၏။ သို့ဖြစ်လျှင် လူအများ လက်မခံသော အဘာဝဖြင့် နိဂုံးချုပ်သော ဗုဒ္ဓဝါဒသည် ရှေးအိန္ဒိယပြည်၌ အဘယ်ကြောင့် အောင်မြင်ပါသနည်း။ အဘာဝအယူကို ဗုဒ္ဓက သွယ်ဝိုက်ဟောပြောခဲ့သည်မှာ ဖြစ်နိုင်ပါမည်လော။ ဤသည်မှာ ရာဒါကရစ်ရှနန်စသော အတ္တဝါဒီပညာရှင်တို့၏ စောဒနာ ချက်ဖြစ်၏။(၂)

ရှေးအိန္ဒိယပြည်၌ ဗုဒ္ဓဝါဒ အောင်မြင်မှုသည် အဓိကအားဖြင့် ဗုဒ္ဓ၏ သမာဓိဂုဏ်ပညာဂုဏ်ကြောင့်ဖြစ်ကြောင်း 'ဗုဒ္ဓ' အခန်း၌ ဖော်ပြခဲ့ပေပြီ။ ရှေးအိန္ဒိယ ဗုဒ္ဓဝါဒီ

---

၁။ **H. Oldenberg: The Buddha, pp. 274**

၂။ **Radhakrishnan: Indian Philosophy, Vol. I, pp. 679**

တို့သည် ယနေ့ မြန်မာဗုဒ္ဓဝါဒီတို့ကဲ့သို့ပင် အများအားဖြင့် အကျင့်သီလ၊ ကမ္မဝါဒ၊ ဘဝသံသရာတရားများ၌ စိတ်ဝင်စား၍ မဂ်ဖိုလ်နိဗ္ဗာန်တရားကို အလေးဂရုပြုကြမည် မဟုတ်ချေ။ အသိဉာဏ်ရင့်ကျက်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို အလေးထားသောသူတို့သည် လည်း ရဟန္တာ၏လားရာမှာ ဘဝခန္ဓာ အကြွင်းမဲ့ပြတ်စဲမှုဖြစ်ကြောင်း သိမြင်၍ ထို အဖြစ်မျိုးကို လက်ခံရန် အသင့်ရှိကြပေမည်။ အဘယ်ကြောင့်ဆိုသော် ရဟန္တာ၏ ဘဝပြတ်စဲမှုသည် ဘဝသံသရာမှ လွတ်မြောက်သော ဗြာဟ္မဏဝါဒီ၏ နိဂုံးချုပ်မှုနှင့် အခြေခံမတူသော်လည်း အသွင်လက္ခဏာများစွာ တူညီလျက်ရှိ၏။ ဤအချက်ကို အနည်းငယ်ရှင်းပြရန် လိုပေလိမ့်မည်။

ဗြာဟ္မဏဝါဒအလိုအားဖြင့် လူသတ္တဝါသည် သံသရာဝဋ္ဋဒုက္ခမှ လွတ်မြောက်သော အခါ မူလပင်မအတ္တ (ဝါ) မဟာဗြဟ္မာနှင့် တစ်ပေါင်းတည်းဖြစ်လာ၍ တစ်သီးပုဂ္ဂလ ထင်ရှားရှိနေသည် မဟုတ်ချေ။ ထိုသို့ ရုပ်နာမ် တသီးတခြားမရှိဘဲ သတ္တဝါ၏ အတ္တ သည် မူလစကြဝဠာ အတ္တကြီးထဲ၌ ကွယ်ပျောက်သွားသည်ဟူသော အဆိုမှာ အဘာဝနှင့် နီးစပ်သည်ဟု အသိပညာရှင် အတော်များများက ယူဆကြ၏။ ဤနေရာ၌ ဥရောပ ပညာရှင်တစ်ဦး၏ ထင်မြင်ချက်ကို ဖော်ပြရမည်ဆိုသော် 'နောက်ဆုံး၌ ထာဝရဘုရား ထံသို့ လူသတ္တဝါအားလုံး ရောက်ရှိ၍ တစ်ပေါင်းတည်း ဖြစ်သွားသည်ဆိုသော အယူသည် ချမ်းသာသုခလိုလားသော ကျွန်ုပ်တို့အဖို့ ကျေနပ်နှစ်သိမ့်ဖွယ်ရာ မရှိချေ။ ဤအယူသည် အတ္တပြတ်တောက်မှုသဘော သက်ဝင်သောအယူဖြစ်၏။ အတ္တလုံးဝကွယ်ပျောက်၍ ထာဝရဘုရားနှင့် တစ်ပေါင်းတည်းဖြစ်မှုသည် စင်စစ် ထာဝရအိပ်ပျော်နေသောသူနှင့် တူ၏။ အိပ်ပျော်နေသောသူသည် အသက်ရှိသော်လည်း ဘာမျှသိမည်မဟုတ်ရကား ထိုအမြဲထာဝရ အိပ်ပျော်နေသောသူ၏ အဖြစ်မျိုးကို မည်သူလိုချင်ပါမည်နည်း။"[၁]

အမှန်ဆိုသော် ရှေးအိန္ဒိယပြည်၌ မူလအတ္တ (ဝါ) မဟာဗြဟ္မာနှင့် ဘဝသံသရာမှ လွတ်မြောက်သူများ ပြန်လည်ပူးပေါင်းသည်ဆိုသော အယူကို ဝေဖန်ဆန်းစစ်သော ပုဂ္ဂိုလ်များရှိခဲ့ကြောင်း ဥပနိသျှကျမ်းများ၌ ပြဆိုထား၏။ အနောက်တိုင်း ပညာရှင်တစ်ဦး၏ အဆိုအားဖြင့်–

"ဥပနိသျှကျမ်းများ၌ပင် ဝဋ္ဋဒုက္ခမှ လွတ်မြောက်သော အတ္တသည် မိမိလွတ်မြောက် ကြောင်းကို သိပါသလောဟူသော ပြဿနာထွက်ပေါ်ခဲ့၏။ ဣန္ဒသည် လူသတ္တဝါမှာ အိပ်မက်မမက်ဘဲ အိပ်ပျော်နေသောအခါ၌ အတ္တဖြစ်သည်ဆိုသော စကားကို မကျေနပ် ချေ။ ထိုသို့သော ပုဂ္ဂိုလ်မှာ ငါသည် မည်သူမည်ဝါဖြစ်သည်ဟူသော အသိမရှိသော ကြောင့် ပြတ်တောက်၍ အဘာဝအဖြစ်သို့ ရောက်သည်နှင့်တူသည်ဆို၍ အတ္တအကြောင်း ပိုမိုသိရှိရန် ပြန်သွား၏။ သို့ရာတွင် နောက်ထပ် ငါးနှစ်ကြာမျှ ဆက်လက်စူးစမ်းလေ့ လာပြီးနောက် ဣန္ဒ ရရှိသော အသိတရားသည်ကား လူသတ္တဝါသည် ခန္ဓာကိုယ်ရှိနေ

၁။ **Miguel de Unamuno: The Tragic Sense of Life, pp. 228 & 232**

သမ္မာ ချမ်းသာမှု၊ ဆင်းရဲမှုမှ မလွတ်မြောက်ဘဲ ခန္ဓာကိုယ် မရှိသောအခါမှသာလျှင် ထိုအနှောင်အဖွဲ့မှ ကျွတ်လွတ်သည်ဟူသော အသိတရားဖြစ်၏။[၁]

ရှေးအိန္ဒိယ ဘာသာဝါဒသမိုင်း၌ ဗုဒ္ဓခေတ်မတိုင်မီကပင် အတ္တဝါဒနှင့် ဆန့်ကျင်သော အယူအဆများ စတင်ပေါ်ထွန်းနေပြီဖြစ်ကြောင်း အခန်း-၆ ၌ ဖော်ပြခဲ့ပေပြီ။ အနတ္တတရားကို လက်ခံသောပုဂ္ဂိုလ်အဖို့ ဗုဒ္ဓ၏လွတ်မြောက်မှု (ဝိမုတ္တိ) တရားသည် ဗြာဟ္မဏဆရာတို့၏ လွတ်မြောက်မှုတရားထက် ပိုမို၍ သဘာဝယုတ္တိရှိမည် အမှန်ဖြစ်၏။

လူအများ မနှစ်သက်သော၊ ဘဝချုပ်ငြိမ်း ပြတ်စဲမှုသို့ ဦးတည်သော ဗုဒ္ဓဝါဒကို လူအများ လက်ခံယုံကြည်ကြခြင်း၏ အခြားအကြောင်းများ ရှိသေး၏။ လူတို့သည် ဗုဒ္ဓလမ်းစဉ်၏ နောက်ဆုံးပန်းတိုင်မှာ ဘဝပြတ်စဲမှုဖြစ်ကြောင်း သိရှိစေကာမူ ထိုပြတ်စဲမှု အဘာဝကို တွေးတောကြောက်ရွံ့နေမည် မဟုတ်ချေ။ ဥပမာ လူတို့သည် တစ်နေ့နေ့၌ မုချသေရမည်ကို သိသော်လည်း ယနေ့ နက်ဖြန် လောလောဆယ် သေရမည်ကိုသာ ကြောက်၍ နောင်နှစ်ပေါင်းများစွာကြာမှ သေရမည့်ကိစ္စကို လုံးဝမစဉ်းစားကြချေ။ အဘာဝကို အလိုမရှိသော ဗုဒ္ဓဝါဒီတို့အား စိတ်သက်သာရာ ရရှိစေမည့် တရားများရှိ၏။ ထိုတရားများမှာ ကုသိုလ်ကောင်းမှုပြုခြင်းဖြင့် ဘဝပေါင်းများစွာ လူ့စည်းစိမ်၊ နတ်စည်းစိမ် ခံစားနိုင်သည်ဆိုသော ကမ္မဝါဒနှင့် အပါယ်တံခါးပိတ်၍ နိဗ္ဗာန်ရရှိမှုကို အာမခံချက်ပေးသော မဂ်လေးပါးတရား ဖြစ်၏။

ရှေးအကျဆုံး ဗြာဟ္မဏကျမ်းများ၌ တရားကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ပင် ဘဝသံသရာမှ လွတ်မြောက်၍ သေသောအခါ မဟာဗြဟ္မာနှင့် ပေါင်းဖော်ရသည်ဆို၏။ နောက်ကာလ၌မူ လောကုတ္တရာပန်းတိုင်သို့ တစ်ဆင့်ပြီးမှ တစ်ဆင့် ချီတက်ရသည်ဆိုသော ဝါဒပေါ်လာ၏။ ဗုဒ္ဓဝါဒသည်လည်း မူလအစက သန္ဒိ ဋ္ဌိကော၊ အကာလိကောစသော ဓမ္မဂုဏ်များနှင့်အညီ မျက်မှောက်ဘဝ၌ ရဟန္တာအဖြစ်သို့ ရောက်ရှိရေးဝါဒဖြစ်၏။ ရှေးကျသော သုတ္တန်ဒေသနာများသည် အများအားဖြင့် နိဗ္ဗာန်မျက်မှောက်ပြုရေးကို ဦးတည်ဟောကြားသော ဒေသနာများဖြစ်၏။ ဝိနည်းပိဋကတ်၊ မဟာဝဂ်၊ မဟာခန္ဓကၡ ယသသူဌေးသားစသော များစွာသောသူတို့သည် ဗုဒ္ဓတရားကို ကြားနာပြီးနောက် အရဟတ္တဖိုလ်၌ တည်ကြောင်းလာ၏။ ရသေ့တစ်ထောင်သည် အာဒိတ္တပရိယာသုတ်ကို ကြားနာပြီးလျှင် အားလုံးရဟန္တာ ဖြစ်လာကြသည် ဆို၏။ ထိုအခါက ပဌမမဂ်သုံးပါး ရှိသေးဟန်မတူချေ။ နောက်ကာလ၌ကား လူသတ္တဝါတို့ တစ်ဦးနှင့်တစ်ဦး ဝီရိယကွာခြားမှုကို အကြောင်းပြု၍ အရိယာပုဂ္ဂိုလ် အမျိုးအစား ခွဲခြားမှု ဖြစ်ပေါ်လာခဲ့တန်ရာ၏။ စင်စစ် ထိုခွဲခြားမှုသည် အရိယာပုဂ္ဂိုလ်လေးမျိုးနှင့် မပြီးဆုံးဘဲ အင်္ဂုတ္တရနိကာယ်၊ ပဋိသမ္ဘိဒါမဂ်နှင့် ပုဂ္ဂလပညတ္တိကျမ်းများ၌ ပိုမိုကျယ်

၁။ **E.J.Thomas: History of Buddhist Thought, pp. 131**

ပြန့်လာ၏။

အချို့သော အနောက်တိုင်း ပါဠိပညာရှင်တို့က အရိယာပုဂ္ဂိုလ် လေးမျိုးခွဲခြားမှုသည် နိဗ္ဗာန်ကို မနှစ်သက်သောသူများကို ဗုဒ္ဓဝါဒသို့ ဆွဲဆောင်ရန် ဖြစ်ပေါ်လာသည်ဟု ယူဆကြ၏။ မည်သို့ဖြစ်စေ ထိုခွဲခြားမှုသည် နိဗ္ဗာန်ချမ်းသာဖြင့်သာ မကျေနပ်သော၊ သို့မဟုတ် အဘာဝကို မနှစ်သက်သော ပုထုဇဉ် ဗုဒ္ဓဝါဒီတို့အဖို့ နှစ်သိမ့်ကျေနပ်ဖွယ် ဖြစ်ကြောင်း ယုံမှားစရာမရှိချေ။ အဘယ်ကြောင့်ဆိုသော် သောတာပန်ဖြစ်လျှင်ပင် ဘယ်အခါမျှ အပါယ်မလားရတော့ဘဲ တစ်နေ့သောအခါ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုရမည် မုချမလွဲဖြစ်၏။

ရဟန္တာ၏ လားရာမှာ အဘာဝမဟုတ်ဟုဆိုသော သူတို့သည် အများအားဖြင့် အတ္တစွဲ သို့မဟုတ် ဘဝတဏှာဦးဆောင်၍ ငြင်းဆိုနေသောသူများ ဖြစ်၏။ အဘာဝမဟုတ်လျှင် အခြားဖြစ်နိုင်သော အချက်များကို သူတို့ လေးလေးနက်နက် ဆင်ခြင်သုံးသပ်ကြဟန် မတူချေ။ မဟာဗြဟ္မာ(ဝါ) ထာဝရဘုရား (ဝါ) စကြဝဠာအတ္တနှင့် တစ်ပေါင်းတည်းဖြစ်မှုမှာ သဘာဝအသွင်လက္ခဏာရှိကြောင်း အထက်က ပြဆိုခဲ့ပေပြီ။ အခြားဖြစ်နိုင်သောအချက်မှာ ထာဝရဘုံ၌ ဘယ်သောအခါမျှ မပျောက်ပျက်ဘဲ မအိုမသေ အမြဲထာဝရ တည်ရှိနေမှုဖြစ်၏။ သို့ရာတွင် ဤယုံကြည်မှုနှင့် ပတ်သက်၍ သံသယဖြစ်ဖွယ်ရာ၊ မေးဘွယ်ရာများစွာရှိ၏။ ထိုထာဝရဘုံသားများသည် မည်သို့သော ရုပ်နာမ်မျိုးရှိကြပါသနည်း။ သူတို့သည် ပြောင်းလဲမှု၊ တိုးတက်မှု ရှိကြပါသလော။ ထာဝရဘုံ၌ မည်သည့် အလုပ်မျိုးလုပ်၍ နေကြပါသနည်း။ အလုပ်မရှိပါက မည်သို့ အချိန်ကုန်လွန်ကြပါသနည်း။ ကျွန်ုပ်တို့ အမြင်အားဖြင့် ငြီးငွေ့ပျင်းရိဘွယ်ကောင်းသော ထာဝရဘုံ၊ ထာဝရဘုံသားတို့၏ ထာဝရချမ်းသာသုခကို မည်သို့နားလည်ရပါမည်နည်း။ ဤသို့ ဝေဖန်စောကြောဖွယ်ရာများ ရှိသောကြောင့် အချို့ဘာသာရေးဆရာတို့က သူတို့၏ လောကုတ္တရာပန်းတိုင်ကို ထာဝရဘုံဌာန၊ ချမ်းသာသုခအနေဖြင့်မပြဘဲ သိမ်မွေ့နက်နဲ၍ လူတို့ဉာဏ်ဖြင့် မကြံစည်အပ်သော အကောင်းဆုံး၊ အမြတ်ဆုံးတရားဖြစ်သည်ဟူ၍သာ ဆိုကြ၏။

ဤစကားမျိုးမှာ ဘဝတဏှာရှိသောသူများက လက်ခံနိုင်မည် ဖြစ်သော်လည်း အသိဉာဏ်ရှိသော အချို့လူများ၏ ဆင်ခြင်တုံတရားကို မချေဖျက်နိုင်ချေ။ သို့ဖြစ်၍ အနောက်နိုင်ငံ ဗုဒ္ဓကျမ်းပြုဆရာတစ်ဦး၏ အဆိုအားဖြင့် "များစွာသော အနောက်နိုင်ငံ ပညာရှင်တို့သည် လူ့ဘဝ၊ လူ့လောကမှာ အဓိပ္ပာယ်ရည်ရွယ်ချက်၊ ဦးတည်ချက်ရှိသည်ဟု ယုံကြည်ကြ၏။ ဗုဒ္ဓသည် ထိုသို့မယုံကြည်ချေ။ သို့ဖြစ်လျက် ထိုပညာရှင်တို့သည် ဗုဒ္ဓကဲ့သို့ပင် သေသည်၏အခြားမဲ့၌ ဘဝပြတ်စဲမှုကို နှစ်သိမ့်ကျေနပ်ကြ၍ လက်ခံရန် အသင့်ရှိကြပေသည်။"[၁]

စာရေးဆရာတစ်ဦးသည် **ဂျော့ ဗားနက်ရှော၊ အဲလဗတ် အိုင်းစတိုင်းနှင့် ဆစ်ဂမန်**

၁။ **A.B. Keith: Buddhist Philosophy, pp. 63**

ဖရွိုက်တို့အား တမလွန်ဘဝနှင့် ပတ်သက်၍ မည်သို့ထင်မြင်ပါသနည်း။ သေပြီးနောက် ကာလ၌ ထာဝရဘုံတွင် မအိုမနာ မသေဘဲ အမြဲတည်နေလိုပါသလားဟု မေးမြန်း၏။ ထိုအခါ ဗားနတ်ရှောက "ကျွန်ုပ်အဖို့မှာ ထာဝရအမြဲ တည်နေသောအဖြစ်မျိုးထက် ပို၍ကြောက်စရာကောင်းသော အရာမရှိပါ"ဟုဆို၏။ အိုင်းစတိုင်းကမူ "ထာဝရ အသက် ရှင်နေမှုကို ကျွန်ုပ် မယုံကြည်ပါ။ လိုချင်သောဆန္ဒလည်း မရှိပါ"ဟုဖြေ၍ ဖရွိုက်က "ဤဘဝချုပ်ငြိမ်းပြတ်စဲသွားလျှင် ကျွန်ုပ် ကောင်းစွာကျေနပ်ပါသည်"ဟု ဆိုလေသည်။[၁]

ဗားနတ်ရှော၊ အိုင်းစတိုင်းနှင့် ဖရွိုက်တို့သည် စာရေးဆရာ၊ သိပ္ပံပညာရှင်နှင့် စိတ်ပညာရှင်များဖြစ်၍ သူတို့ပညာနယ်၌ ကမ္ဘာ၏လေးစားခြင်းကို ခံကြရသော ထိပ်တန်းပုဂ္ဂိုလ်များအဖြစ်ဖြင့် ထင်ရှား၏။ သူတို့သည် ပစ္စည်းဥစ္စာပြည့်စုံခြင်း၊ အသက်ရှည်ခြင်း၊ ထင်ပေါ်ကျော်ကြားခြင်းစသော ဘဝအကျိုးပေးမှုများဖြင့် ထူးခြား၍ သာမန်လူတို့ အမြင်အားဖြင့် လူ့ဘဝ လူ့လောကကို မကျေနပ်ဖွယ်ရာ စိတ်နာကျည်းဖွယ် ရာအကြောင်း လုံးဝမရှိချေ။ သို့စဉ်လျက် ဘဝသစ်တစ်ဖန် ဖြစ်မှုကို သူတို့ အလိုမရှိကြ ခြင်းသည် ဒုက္ခတရားကို နက်နက်နဲနဲသိမြင်၍ ဘဝကို တပ်မက်တွယ်တာမှု မရှိသော ကြောင့်ဖြစ်၏။ ကမ္ဘာ့ပညာရှင်တို့၏ ဒုက္ခတရား သိမြင်မှုသည် သာမန်ဗုဒ္ဓဝါဒီတို့၏ သိမြင်မှုမျိုး မဟုတ်ချေ။ **ဘာထရန်ရပ်ဆယ်က** ဤကမ္ဘာကြီးသည် တရားမျှတမှုကင်း၍ လူ့ဘုံသည် အလွန်ဆိုးရွားသော ဒုက္ခဘုံကြီး ဖြစ်သည်ဆို၏။ အခြားဥရောပပညာရှင် **အဲလဘတ် ရွိုက်ဇာက** "ကျွန်ုပ်သည် ပတ်ဝန်းကျင် လူသတ္တဝါများနှင့် သတ္တလောက တစ်ခုလုံး၏ ဆင်းရဲဒုက္ခကို မြင်ရသောအခါ စိတ်မချမ်းမသာဖြစ်၍ ဘဝကို ခင်မင်တွယ်တာ သောစိတ် မရှိတော့ပါ"ဟု ရေးသားခဲ့၏။[၂]

ကမ္ဘာ့ပညာရှင်တို့၏ အမြင်နှင့်တူညီသော ဗုဒ္ဓ၏ အနတ္တတရားနှင့် ရဟန္တာဘဝ ပြတ်စဲမှုကို ရည်ညွှန်း၍ အချို့လူများက ဗုဒ္ဓဝါဒသည် ဘာမျှမရှိမှုဖြင့်စ၍ ဘာမျှမရှိမှု ဖြင့်ဆုံးသော ဝါဒဖြစ်သည်ဟူ၍ ပြက်ရယ်ပြောဆိုကြ၏။ ထိုသူတို့သည် ဒဿနပညာရှင် ရှိုပင်ဟွာ၏ ရေးသားချက်ကို မည်သို့မျှ ငြင်းဆိုနိုင်မည် မဟုတ်ချေ။ ရှိုပင်ဟွာမှာ ဗုဒ္ဓ၏ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို ခေတ်အမြင်ဖြင့် စုံစုံစေ့စေ့ ပီပီပြင်ပြင် ဖွင့်ဆို ရေးသားရာမှ ထင်ပေါ်ကျော်ကြားလာသော ဂျာမန်အသိပညာရှင်ဖြစ်၏။ သူ၏အဆို အားဖြင့် လူတို့သည် အဘာဝကို ကြောက်ရန်မလိုချေ။ အကြောင်းမူ သိပ္ပံပညာအရ ဤကမ္ဘာ ဖြစ်ထွန်းပြီးနောက် နှစ်ပေါင်းသိန်းသန်းကြာမှ သက်ရှိ စတင်ပေါ်ထွန်းခဲ့သည် ဖြစ်ရကား သက်ရှိမပေါ်မီက လူတို့သည် အချိန်ကာလ အနန္တသက်မဲ့ အဘာဝ ဖြစ်ခဲ့

၁။ **Bernard Shaw, Albert Einstein, Sigmund Freud**
**G.S.Viereck: Glimpses of the Great, pp. 17, 18, 32 & 293**

၂။ **Albert Schweitzer: The Philosophy of Civilization**

ကြရ၏။ လူသတ္တဝါသည် လွန်လေပြီးသော၊ အစမထင်သော ကာလက မိမိ၏ အဘာဝကို လုံးဝသတိမမူ မရှုမှန်းဘဲ အနာဂတ် အဘာဝကို ရှုမှန်းနေခြင်းမှာ မိမိ၏ အတိတ်ဘဝကို မေ့လျော့ကာ မျက်မှောက်ဘဝကို တပ်မက်၍ အချိန်တန်သောအခါ မိမိ၏ နေရာဟောင်းသို့ ပြန်မသွားလိုသောသူနှင့် တူလှချေသည်ဟု ရှိုပင်ဟွာက ရေးသားခဲ့ပေသည်။(၁)

သိပ္ပံပညာ၏အဆိုအားဖြင့် လူတို့၏ဂြိုဟ်ကမ္ဘာသည် နောက်ဆုံးတစ်နေ့၌ ပျက်စီးပျောက်ကွယ်မည်ဖြစ်ကြောင်း အခန်း(၆)၌ ဖော်ပြခဲ့ပေပြီ။ ထို့ကြောင့် သတ္တဝါအားလုံးသည် အဘာဝမှစ၍ နောက်ဆုံးတစ်နေ့တွင် အဘာဝ၌ အဆုံးသတ်ကြရ မည်ဖြစ်ကြောင်း ယုံမှားစရာမရှိချေ။

အချုပ်အားဖြင့် ရဟန္တာသည် ရာဂ၊ ဒေါသ၊ မောဟ ဖုံးလွှမ်း၍ ဒုက္ခဘုံဖြစ်နေသော လူ့လောက၌ လူတို့စံနမူနာယူရန် သူတော်ကောင်းတရားကို ဖော်ဆောင်သော ပုဂ္ဂိုလ်သူမြတ်ဖြစ်၏။ ရဟန္တာသည် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ မိမိ၏ နောက်ဆုံးလားရာကို မစဉ်းစားချေ။ ဤရပ်တည်ချက်သည် အနာဂတ်ကို မစဉ်းစားဘဲ ပစ္စုပ္ပန်ကို ဂရုပြုရန် ဟောကြားသော ဗုဒ္ဓဩဝါဒနှင့် အညီဖြစ်၏။ ဗုဒ္ဓသည် ရဟန္တာ၏ လားရာနှင့်ပတ်သက်၍ မည်သို့မျှ တိကျပြတ်သားစွာ ဟောတော်မမူချေ။ ဤအခန်း၌ တင်ပြချက်မှာ **လယ်တီဆရာတော်၊ ဒီပဲရင်းဆရာတော်၊ ဒေါက်တာရိုင်းစ်ဒေးဗစ်** အစရှိသည့် ဗုဒ္ဓစာပေပညာရှင်တို့၏ ဗုဒ္ဓဒေသနာများကို ဆင်ခြင်သုံးသပ်ရာမှ ရရှိအပ်သော ခံယူချက်ဖြစ်ပေသည်။

* * *

---

၁။ **Schopenhauer: The Will-to-Live and other Essays, pp. 120**

# အခန်း (၁၄)

# ရဟန်းသံဃာ

ဆရာသည် ဆွမ်းစားလိုသည် ဖြစ်အံ့၊
တပည့်သည် သုံးရေကိုပေး၍
ဆွမ်းကို ဆက်ကပ်ရမည်။
ဆရာကို သောက်ရေ အလိုရှိပါသလောဟု
မေးလျှောက်ရမည်။
ဆွမ်းစားပြီးသော ဆရာအား
ရေပေး၍ ....

တပည့်သည် ဆွမ်းစားလိုသည် ဖြစ်အံ့။
ဆရာသည် သုံးရေကိုပေး၍
ဆွမ်းကိုပေးရမည်။
တပည့်ကို သောက်ရေအလိုရှိသလောဟု
မေးရမည်။
ဆွမ်းစားပြီးသော တပည့်အား
ရေပေး၍ ....

(ဝိနည်း၊ မဟာဝဂ်၊ မဟာခန္ဓက)

# အခန်း (၁၄)

# ရဟန်းသံဃာ

ဗုဒ္ဓဝိနည်း ပိဋကတ်သည် ထေရဝါဒဂိုဏ်းမှအပ သဗ္ဗတ္ထိဝါဒ၊ ဓမ္မဂုတ္တိက၊ မဟိသာသကနှင့် မဟာသံဃိကစသော အခြား ဗုဒ္ဓဝါဒဂိုဏ်းများ၌လည်းရှိ၏။ ထိုပိဋကတ်များကို တရုတ်နှင့် တိဗက်ဘာသာများသို့ ပြန်ဆိုထား၏။ ထို ဝိနည်းပိဋကတ်များသည် ၎င်းတို့ကို စေ့ငုသေချာစွာ လေ့လာသော ပညာရှင်တို့၏ အဆိုအားဖြင့် များစွာကွဲလွဲခြားနားမှုမရှိချေ။[၁] ပါဝင်သော အကြောင်းရပ်များ၊ ဝိနည်းသိက္ခာပုဒ်များနှင့် နိဒါန်းဝတ္ထုများမှာ အများအားဖြင့် ထပ်တူဖြစ်၏။ သို့ဖြစ်၍ ရှေးအိန္ဒိယ ဗုဒ္ဓဝါဒီတို့သည် ဂိုဏ်းမကွဲမီက တစ်ခုတည်းသော ဝိနည်းပိဋကတ်ကို နှုတ်ဖြင့် ဆောင်ခဲ့ကြဟန်ရှိ၏။ ထိုဝိနည်းပိဋကတ်သည် ပထမသင်္ဂါယနာတင် ဝိနည်းပိဋကတ်နှင့် မည်မျှ မည်မျှ တူညီသည်ဟူ၍ကား မသိရချေ။

မည်သို့ဖြစ်စေ ရဟန်းသံဃာသည် ဗုဒ္ဓဝါဒ စတင်ပေါ်ပေါက်သောအချိန်မှစ၍ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် ဝိနည်းပိဋကတ်ပေါ်လာသော အချိန်အထိ အခြေအနေ ပြောင်းလဲခဲ့ပေရာ ထိုပြောင်းလဲမှုများသည် ပါဠိဝိနည်းပိဋကတ်၌ ထင်ရှား၏။ ထို ပြောင်းလဲမှုများနှင့် ရှေးဦးမူလ ဗုဒ္ဓသံဃာအကြောင်း အခြားသိမှတ်ဖွယ်ရာများကို ဖော်ပြပါအံ့။

## (က) ဘိက္ခုသံဃာအစ

ဘီစီခြောက်ရာစုခေတ်က အိန္ဒိယပြည် မြောက်ဘက် ဂင်္ဂါမြစ်ဝှမ်း အလယ်ပိုင်းသည် ဘာသာရေးပုဂ္ဂိုလ် အမျိုးမျိုး လှည့်လည်သွားလာနေထိုင်သော ဒေသဖြစ်၏။ သူတို့ဂိုဏ်း

---

၁။ **E. Frauwallner: The Earliest Vinaya and the Beginnings of Buddhist Literature (Rome, 1956)**

အမည်များကို ဘိက္ခု၊ သမဏ၊ ယတိ၊ သညာသိ စသည်ဖြင့် ဂျိန်းနှင့် ဗုဒ္ဓစာပေများ၌ စုံလင်စွာ ဖော်ပြထား၏။ အင်္ဂုတ္တရနိကာယ်၌ ဂိုဏ်း ၁၀ ဂိုဏ်း၊ မိလိန္ဒပဥှာ၌ ဂိုဏ်း ၁၉ ခု အမည်များကို တွေ့ရ၏။ ထိုဂိုဏ်းအသီးသီး၏ ဝါဒများကို ယခုခေတ် လူတို့ အသေအချာ မသိရချေ။ သူတို့ဝါဒများကို နှုတ်ဖြင့်ဆောင်ကြ၍ နောက်ကာလ၌ များစွာသောဂိုဏ်းတို့ တိမ်မြုပ်သွားသောအခါ ဆိုင်ရာဝါဒများသည်လည်း ပျောက်ကွယ်သွား၏။ ဂိုဏ်းအားလုံး၏ တူညီသောအချက်မှာ ဂိုဏ်းဝင်များသည် အိမ်ရာမထောင်ဘဲ ဆွမ်းခံစား၍ အိုးအိမ်မရှိ၊ တစ်နေရာမှတစ်နေရာသို့ လှည့်လည်သွားလာနေကြခြင်း ဖြစ်၏။ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း ဆက်သွယ်၍ ခရီးလှည့်လည်ရင်း ရိပ်သာဇရပ်များ၌ တွေ့ဆုံ ဆွေးနွေးကြ၏။ တစ်ဂိုဏ်းမှ ဝိနည်းသိက္ခာပုဒ်ကို အခြားဂိုဏ်းကယူ၍ ဂိုဏ်းနှစ်ခု ရောနှောရာမှ ဂိုဏ်းသစ်များ ပေါ်ထွက်လာကြ၏။ အချို့ပညာရှင်တို့၏ အဆိုအားဖြင့် ဂျိန်းတို့သည် အစေလကနှင့် အာဇီဝကတို့ထံမှ တရားများကိုယူ၍ ဗုဒ္ဓဝါဒထဲ၌လည်း အခြားဂိုဏ်းမှ ဝင်လာသော တရားများ ရှိတန်ရာ၏။

အထူးထင်ရှားသော ရှေးအိန္ဒိယ ဘာသာရေး ပုဂ္ဂိုလ်နှစ်မျိုးမှာ သမဏနှင့် ဗြာဟ္မဏတို့ဖြစ်ကြ၏။ သူတို့သည် လူတို့၏ အပူဇော်ခံထိုက်သော အလှူခံပုဂ္ဂိုလ်များ ဖြစ်ကြောင်း ဗုဒ္ဓနှင့်ဂျိန်းစာပေများ အသောကကျောက်စာများ၌ ဖော်ပြထား၏။ ဘုရင်၏ အမိန့်အရ ကျင်းပသော ဓမ္မသဘင်သို့ သူတို့သွားရောက်၍ တရားဟောပြော ကြရ၏။ ဗြာဟ္မဏတို့သည် ရှေးပဝေသဏီမှစ၍ အိန္ဒိယဘာသာရေးနယ်၌ ထင်ရှား၍ သူတို့နောက်မှ သမဏတို့ ပေါ်ပေါက်လာကြ၏။ လက်ဦးပထမက သမဏနှင့် ဗြာဟ္မဏတို့သည် အကျင့်အကြံ ဓလေ့ထုံးစံ မတူညီကြချေ။ သမဏတို့မှာ ဗြာဟ္မဏ တို့ကဲ့သို့ ဇာတ်ဝါဒမရှိ။ အိမ်ရာထောင်၍ စီးပွားဥစ္စာရှာမှုလည်း မရှိကြချေ။ အိန္ဒိယပြည်၌ အမြင့်ဆုံး လူတန်းစားဖြစ်သော ဗြာဟ္မဏတို့နှင့် အပြိုင်အဆိုင်ဖြစ်လာခြင်းမှာ အနောက်မှ အရှေ့သို့ အာရိယန်ယဉ်ကျေးမှု ပြန့်ပွားသွားခြင်းကြောင့် ဖြစ်၏။

အာရိယန်ယဉ်ကျေးမှုသည် ဂင်္ဂါမြစ်ဝှမ်းတစ်လျှောက်အတိုင်း အရှေ့သို့ရွေ့လျား၍ ခတ္တိယတို့ ကြီးစိုးသော မဇ္ဈိမဒေသသို့ ပျံ့နှံ့သွား၏။ ခတ္တိယတို့သည် မာန်မာနရှိ၍ လွတ်လပ်မှုကို မြတ်နိုးသောလူမျိုးများ ဖြစ်ရကား မဇ္ဈိမဒေသနိုင်ငံများ၌ ဗြာဟ္မဏတို့ တန်ခိုးကြီးထွားရန် မလွယ်ကူချေ။ သို့ရာတွင် ဗြာဟ္မဏတို့ ဦးဆောင်သော အာရိယန် ယဉ်ကျေးမှုကို ခတ္တိယတို့ လက်ခံကြ၏။ ထိုအချိန်က ပြောင်းလဲလှုပ်ရှားနေသော ခတ္တိယ အတွေးအခေါ်များသည် အာရိယန်ယဉ်ကျေးမှုနှင့် ပေါင်းစည်း၍ တစ်မျိုးတစ်ဖုံ ဆန်းသစ်လာ၏။ ထိုအာရိယန် (အရိယ) တရားဓမ္မနှင့်ကျင့်စဉ်ကို အချိန်ပြည့် ရှုးစမ်းလေ့လာ ကျင့်ကြံအားထုတ်မည့် အသိပညာရှင်များ မရှိသောကြောင့် ဗြာဟ္မဏတို့နှင့် ဆင်ဆင်တူသော သမဏလူတန်းစား ထွက်ပေါ်လာလေသည်။[၁]

---

၁။ **S. Dutt: Early Buddhist Monachism, pp. 54-56**

သို့ဖြစ်၍ သမဏာသည် မဇ္ဈိမဒေသ၌ ဗြာဟ္မဏာတို့နည်းတူ အမှန်တရားကို ရှာဖွေနေသူဖြစ်၏။ သူတို့ အရပ်ဒေသ၌ ဗြာဟ္မဏာဒေသမှာကဲ့သို့ ပညာသင်ဌာန (တက္ကသီလ) မရှိသဖြင့် လှည့်လည်သွားလာ၍ တရားရှာဖွေ နိုးနော၏ရ၏။ လွတ်လွတ်လပ်လပ် ရှာဖွေရန် အိမ်ရာထောင်မှုကို စွန့်ပယ်ရ၏။ လူတို့၏လေးစားမှု၊ ခတ္တိယမျိုးမင်းမှူးမတ်တို့၏ ချီးမြှင့်မှုကြောင့် ဗြာဟ္မဏာတို့နှင့် အဆင့်အတန်း တူညီလာ၏။ ဇာတ်နိမ့် စဏ္ဍာလမျိုးတို့သည်ပင် ရဟန်းပြုသောအခါ ဘုရင်၏ ပူဇော်ခြင်းကို ခံကြရ၏။

ထိုသမဏာတို့တွင် ဘိက္ခုတို့သည် ဗုဒ္ဓဝါဒကို လက်ခံယုံကြည်သော သမဏာများဖြစ်ကြ၏။ ရှေးဦးမူလက ဘိက္ခုတို့သည် စုပေါင်း၍မနေဘဲ တစ်ကိုယ်တည်းသွားလာ၍ တရားကျင့်ကြံနေသော ရဟန်းများဖြစ်ကြောင်း ပိဋကတ်စာပေ၌ များစွာထင်ရှား၏။ ပိဋကတ်သမိုင်း၌ ရှေးအကျဆုံးဖြစ်သော သုတ္တနိပါတ်၌ တစ်ကိုယ်တည်းသွားလာကျင့်ကြံမှုကို ချီးမွမ်းထား၏။ ဥရဂဝဂ်၊ ခဂ္ဂဝိသာဏသုတ်၌ ရဟန်းသည် လူသူကင်းဝေးသော အရပ်၌ ကြံ့သတ္တဝါပမာ တစ်ယောက်တည်း ကျင့်အပ်ကြောင်း ဂါထာ ၄၁ ပုဒ်ဖြင့် ပြဆိုထား၏။ "တစ်ယောက်တည်း ကျင့်ခြင်းသည် မြတ်၏။ ဆင်မင်းသည် တောထဲ၌ တစ်ကောင်းတည်း ကြောင့်ကြမဲ့ လှည့်လည်သကဲ့သို့ ရဟန်းသည် တစ်ယောက်တည်း ကြောင့်ကြမဲ့ ကျင့်ရာ၏။" (ဓမ္မပဒ-၃၃၀)

ဤသို့ တစ်ကိုယ်တည်း သွားလာနေထိုင်ခြင်းသည် ဗုဒ္ဓဝါဒီမဟုတ်သော ရဟန်းတို့၏ အကျင့်လည်းဖြစ်၏။ "သာသနာမှအပဖြစ်သော တိတ္ထိပရိဗိုဇ်တို့သည် တောသစ်ပင်ရင်း၊ ကောက်ရိုးပုံသုသာန်၊ လွင်တီးခေါင်တို့ကို နေရာဌာနအဖြစ် ပညတ်ကုန်၏။ (အင်္ဂုတ္တရပထမဝိဝေကသုတ်) ဧကစာရီကျင့်သောကြောင့် ဘိက္ခုရဟန်းတို့သည် ရသမျှနှင့် ဘဝတည်မြဲမှုကို ရှာကြံကြရ၏။ ဆွမ်းခံ၍စားခြင်း၊ ပံ့သုကူသင်္ကန်းကိုဝတ်ခြင်း၊ သစ်ပင်ရင်း၌နေခြင်း၊ နွားကျင်ငယ်ရည်ကို ဆေးအမြစ်မှီဝဲခြင်းတည်းဟူသော နိဿယလေးပါးကို ကျင့်သုံး၏။ ပဥ္စင်းခံသောရဟန်းအား ထိုနိဿယလေးပါးကို ပြောကြားရ၏၊

ခရစ်တော်မပေါ်မီက အိန္ဒိယပြည်သို့ ရောက်ရှိခဲ့သော ဂရိတို့၏ မှတ်တမ်းများ၌ ရဟန်းတို့နေထိုင်ရာ ကျောင်းသခ်မ်းများအကြောင်း ဖော်ပြထားခြင်း မရှိချေ။ ဗုဒ္ဓစာပေ၌ လာသော ဝိဟာရများသည် မူလပထမက ယခုခေတ် ဘုန်းကြီးကျောင်းများကဲ့သို့ ရဟန်းများ စုပေါင်းနေထိုင်ရာဌာနမဟုတ်ဘဲ ရဟန်းတစ်ပါးတည်း နေထိုင်ရာ အဆောက်အအုံကို ဆိုလိုခြင်းဖြစ်၏။[၁] ရှေးအကျဆုံး ဝိဟာရသည် ရဟန်းတစ်ပါးနေထိုင်ရန် အခန်းငယ် (ပရိဝုဏ်)ဖြစ်၏။ နောက်ဝိဟာရတစ်မျိုးမှာ နံရံခြားထားသော ပရိဝုဏ်အစုအပေါင်း ဖြစ်၏။ ထိုဝိဟာရ၌ ဗဟိုခန်းမတစ်ခုရှိ၍ ၎င်းကိုရံလျက် ရဟန်းများ

၁။ **Rhys Davids & H. Oldenberg: Vinaya Texts, pp. 386**

နေထိုင်ရန် ပရိဝုဏ်များ ဆောက်လုပ်ထားၿ၏။[၁] အချို့ဝိဟာရများမှာ သီတင်းသုံးဖော် ရဟန်းအားလုံးစုပေါင်း၍ ဥပုသ်ပြုရန် ခန်းမ မရှိသဖြင့် ပရိဝုဏ်တစ်ခုကို ဥပုသ်အိမ် ပြုကြရာနေရာ မဆံ့သဖြင့် အချို့မှာ အပြင်ဘက်၌ထိုင်၍ ဥပုသ်ပြုကြ ရ၏။

ရဟန်းတို့သည် မူလအစက ဧကစာရီ လှည့်လည်သွားလာနေရာမှ တစ်နေရာရာ၌ စုပေါင်းနေထိုင်သော အဖွဲ့အဖြစ်သို့ မည်သည့်အချိန်ကာလ၌ ကူးပြောင်းလာသည်ကို အတိအကျ မသိရသော်လည်း ထိုပြောင်းလဲမှုသည် ပိဋကတ်စာပေ၌ ထင်ရှား၏။ အချို့သော ဗုဒ္ဓဒေသနာများသည် သုတ္တနိပါတ် ဒေသနာများကဲ့သို့ ဧကစာရီအကျင့်ကို အကြွင်းမဲ့ မချီးမွမ်းဘဲ တောထဲ၌ တစ်ကိုယ်တည်း တရားအားထုတ်သောသူတိုင်းသည် ရဟန်းကောင်းမဟုတ်၊ အပေါင်းအဖော်နှင့်နေ၍ တရားကျင့်သောသူတိုင်းကိုလည်း ကဲ့ရဲ့ပြစ်တင်အပ်သည် မဟုတ်ကြောင်း ပြဆိုထား၏။ "သိက္ခာသုံးပါးကို ဖြည့်ကျင့် လေ့မရှိသော ရဟန်းသည် သစ်ပင်ရင်း၊ တောသုသာန်စသည်တို့၌ နေထိုင်လျှင် ထို သူအား မြတ်စွာဘုရားနှင့် ပညာရှိ သီတင်းသုံးဖော်တို့က ကဲ့ရဲ့အပ်၏။" (မဇ္ဈိမနိကာယ်၊ ဘဒ္ဒါလိသုတ်)။ "အို – ဥပါလိ၊ သမာဓိမရဘဲ လူသူမနီး တောကြီးထဲ၌ နေသောသူအား ကာမဗျာပါဒ ဝိတက်များတတ်၏။ သင်သည် သံဃာ့အလယ်၌နေပါက သင့်အား ချမ်းသာခြင်း ဖြစ်လတ္တံ့။" (အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ ဥပါလိသုတ်)

ရဟန်းတို့သည် ဘဝတည်မြဲရန် ရှေးကကဲ့သို့ နိဿယလေးပါးကို အဓိကမှီငြမ်း ပြုရန် မလိုတော့ဘဲ ပင့်ဖိတ်လှူဆွမ်း၊ စာရေးတံဆွမ်း၊ ချည်, ပိုးချည် သက္ကလတ်သင်္ကန်း၊ နှစ်ဖက်စောင်းမိုးကျောင်း၊ ပြာသာဒ်ကျောင်း စသည်တို့နှင့် ဆေးအဖြစ်ဖြင့် ထောပတ်ဆီဦး၊ တင်လဲစသည်တို့ကို သုံးဆောင်အပ်ကြောင်း ရဟန်းဖြစ်စ ပုဂ္ဂိုလ်အား ပြောကြားရန် ဝိနည်းမဟာဝဂ္ဂ၌ ညွှန်ကြားထား၏။ ရှေးအခါက တောနေရဟန်းတို့ ကျင့်သုံးလေ့ရှိ သော ဓုတင်များသည်လည်း ဘုရားရှင်တို့ ချီးမွမ်းသော ကျင့်စဉ်များ မဟုတ်တော့ချေ။ အချို့ရဟန်းတို့သည် ပညာနုံ့ခြင်း၊ အလိုဆိုးရှိခြင်း၊ ရူးသွပ်ခြင်းတို့ကြောင့် ဓုတင်ဆောက် တည်ကြကြောင်း အင်္ဂုတ္တရနိကာယ်၌ ပြဆိုထား၏။ (ပဥ္စကနိပါတ်၊ အရညဝဂ်၊ အရညသုတ်မှ ပတ္တပိဏ္ဍိကသုတ်အထိ)

တစ်ယောက်တည်း တရားကျင့်ခြင်းသည် ဗုဒ္ဓဝါဒ ပေါ်စကကဲ့သို့ ရဟန်းတို့၏ အဓိကလမ်းစဉ် မဟုတ်သော်လည်း လုံးဝပျောက်ကွယ်မသွားချေ။ ထေရဂါထာ၌လာသော ရဟန်းတို့သည် အများအားဖြင့် တောနေရဟန်းများဖြစ်ကြ၏။ မဟာပရိနိဗ္ဗာနသုတ်၌ ရဟန်းတို့သည် စုပေါင်းမနေဘဲ တောကျောင်းများ၌ ဧကစာရီ ကျင့်သုံးနေပါက ကြီးပွားရန်သာရှိကြောင်း ဗုဒ္ဓက မိန့်ကြား၏။ သို့ရာတွင် ထို ဗုဒ္ဓဩဝါဒစကားသည် လူနည်းစု ရဟန်းတို့အဖို့ ဖြစ်၏။ ရဟန်းအများစုသည် မြို့ရွာ ကျောင်းများ၌ စုပေါင်း နေထိုင်ကြ၏။

---

၁။ **Fergusson: Rock-Cut Temples of India, Introduction, pp. xv-xvi**

ထိုသို့ ရဟန်းတို့ တစ်နေရာ၌ စုပေါင်းနေထိုင်ရန် ဖန်တီးသော အကြောင်းတစ်ရပ်မှာ ဝါကပ်သော ဓလေ့ထုံးစံဖြစ်၏။ မိုးရာသီ၌ ခရီးသွားရန် ခက်ခဲသောကြောင့် ဝါကပ်သောဓလေ့ ဖြစ်ပေါ်လာဟန်ရှိ၏။ ပရိဗိုဇ် ရသေ့ရဟန်း တိတ္ထိ တက္ကတွန်းအားလုံးသည် ဤထုံးစံကို လိုက်နာ၍ မိုးတွင်းကာလ၌ ခရီးသွားလာခြင်း မပြုကြချေ။ မိုးရာသီ၌ ရဟန်းတို့စုပေါင်း၍ တစ်နေရာတည်း၌ နေထိုင်ကြရာမှ 'အာဝါသ'များဖြစ်ပေါ်လာ၏။ အာဝါသသည် မူလက ဝါတွင်းသုံးလ၌ ရဟန်းတို့နေထိုင်ရန် ပိုင်းခြားသတ်မှတ်ထားသော နယ်မြေဖြစ်၍ ရဟန်းသံဃာက အာဝါသ နယ်နိမိတ်ကို တညီတညွတ်တည်း ဆုံးဖြတ်ပြီး တရားဝင်ကြေညာရ၏။

အာဝါသ၌ နေထိုင်သော ရဟန်းတို့သည် တစ်ဖွဲ့တစ်စည်းတည်းဖြစ်ကြောင်း တစ်လလျှင်နှစ်ကြိမ် ဥပုသ်ပြုရာ၌ ထင်ရှား၏။ ဥပုသ်နေ့၌ အာဝါသအတွင်း ရဟန်းအားလုံးသည် စည်းဝေး၍ ပါတိမောက်ကို ကြားနာကြ၏။ အစည်းအဝေးသို့ မတက်ရောက်နိုင်ပါက မိမိကိုယ်စား အခြားရဟန်းတစ်ပါးအား မိမိ၏ဆန္ဒကို ပြောကြားရ၏။ ဥပုသ်ပြုရာ၌ အာဝါသအတွင်း ရဟန်းအားလုံး ညီညီညွတ်ညွတ် ပါတိမောက် ကြားနာမှုသည် အလွန်အရေးကြီး၏။ ရဟန်းအားလုံး အစုံအလင် မတက်ရောက်ဘဲ ဥပုသ်ပြုခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။ နယ်နိမိတ်အပြင်ရှိ ရဟန်းနှင့် အခြားအာဝါသမှ ရဟန်းသည် သံဃာကံပြုရာ၌ မပါဝင်ရချေ။ သံဃာ့ကံပြုလုပ်ရာ၌ ထိုရဟန်းက ကန့်ကွက်ခဲ့သော် အချည်းနှီးဖြစ်၏။

မူလပထမက အာဝါသများသည် မိုးရာသီ၌ ရဟန်းတို့နားနေရန် ဌာနများသာဖြစ်၍ အခြားအခါကာလများ၌ ရဟန်းတို့ လှည့်လည်သွားလာနေကြသည်က များ၏။ နောက်ကာလ၌မူ အာဝါသများသည် ရဟန်းတို့ ဝါတွင်းဝါပ စုပေါင်းနေထိုင်ရာ ကျောင်းများအဖြစ်သို့ တစ်စတစ်စ ပြောင်းလဲလာ၍ "သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့၌နောက်မိုးလပတ်လုံးနေရန် ဝါပကျောင်းခံယူခြင်းကို ခံယူစေအပ်သည်"ဟု ဗုဒ္ဓက ခွင့်ပြု၏ (စူဠဝဂ်၊ သေနာသနက္ခန္ဓက)။ ဝါပကျောင်းခံယူခြင်းသည် နောက်မိုးရာသီအတွက် ဖြစ်သည်ဆိုသော်လည်း ပုရိမဝါ ပစ္ဆိမဝါကျောင်း ခံယူခြင်းများ ရှိပြီးဖြစ်၍ ဝါပ၌ နေထိုင်ရန် မဟုတ်ပါက ဝါပကျောင်း ခံယူခြင်းရှိဖို့ လိုမည်မဟုတ်ချေ။

သို့ဖြင့် အာဝါသများသည် ဝါတွင်းသုံးလ၌ ရဟန်းများ နားနေရာဌာနများအဖြစ်မှ ရဟန်းတို့ အမြဲစုပေါင်းနေထိုင်ရာ ဌာနများဖြစ်လာကြ၏။ တစ်နည်းဆိုသော် မူလအစက ခရီးလှည့်လည် သွားလာနေကြသော ဗုဒ္ဓဝါဒီရဟန်းတို့သည် အာဝါသသို့ မဟုတ် ဝိဟာရများ၌ အမြဲစုပေါင်းနေထိုင်သော ဗုဒ္ဓဘိက္ခုသံဃာအဖြစ်သို့ ပြောင်းလဲလာကြလေသည်။

(ခ) ရဟန်းဘဝ

ရှေးဦးမူလက ရဟန်းပြုလိုသောသူသည် ဗုဒ္ဓအား လျှောက်ထား၍ ဗုဒ္ဓက ဧဟိဘိက္ခု 'ရဟန်း၊ လာလော'ဟု မိန့်ဆိုကာမျှဖြင့် ရဟန်းအဖြစ်သို့ရောက်၏။ နောက်ကာလ၌ ရဟန်းပြုလိုသူများပြားလာ၍ ဗုဒ္ဓသည် ရှင်လောင်း ရဟန်းလောင်းတို့အား သရဏဂုံသုံးပါးဖြင့် ရှင်ရဟန်းပြုပေးရန် ရဟန်းတို့အား ခွင့်ပြု၏။ ထိုအခါက ရဟန်းပြုလိုသူသည် ရှေးလူများ (ဥပမာ ဘဒ္ဒဝဂ္ဂီ မင်းသားသုံးကျိပ်) ကဲ့သို့ ရဟန်းအဖြစ်ကို ချက်ချင်းမခံယူရဘဲ ရှင်သာမဏေဖြစ်ပြီးမှ ခံယူရ၏။ ထိုမှ နောက်အာဝါသများ၌ အမြဲနေသော သံဃာများ ပေါ်လာသောအခါ ရဟန်းပြုပေးခြင်းသည် သံဃာက ဆောင်ရွက်ရသောအမှု (သံဃကမ္မ) ဖြစ်လာ၏။ ထိုသံဃာ့ကံအတွက် လိုအပ်သော အနည်းဆုံးရဟန်းဦးရေမှာ ဆယ်ပါးဖြစ်၍ ရဟန်းနည်းပါးသော ဒေသ၌ အနည်းဆုံး ငါးပါးဖြစ်၏။

သံဃာသည် အသက် ၁၅ နှစ် မပြည့်သောသူအား သာမဏေပြုမပေးရ။ အသက် ၂၀ မပြည့်သောသူအား ရဟန်းပြုမပေးရချေ။ တိတ္ထိဖြစ်ဖူးသောသူသည် ရှင်ရဟန်းအဖြစ်ကို ရလိုပါက ဗုဒ္ဓအဆုံးအမကို လိုက်နာကျင့်သုံးပြီးမှ ရဟန်းပြုခွင့်ရ၏။ သံဃာက ရဟန်းပြုမပေးအပ်သော ပုဂ္ဂိုလ်တို့မှာ အနာကြီးရောဂါ၊ အဆုတ်ရောဂါစသော ရောဂါဆိုးစွဲကပ်နေသူ၊ ကိုယ်လက်အင်္ဂါ ချို့တဲ့နေသူ၊ မင်းပြစ်မင်းဒဏ်သင့်သောသူ၊ မိဘများ၏ ခွင့်ပြုချက်ကို မရသောသူ၊ သပိတ်သင်္ကန်းမရှိသောသူ စသည်ဖြင့် များပြားလှ၏။ ဝိနည်းပိဋကတ် မဟာဝဂ္ဂ၌လာသော ပဉ္စင်းခံပုံ အစီအစဉ်ကို အကျဉ်းဖော်ပြပါအံ့။

ကျွမ်းကျင်လိမ္မာ၍ သံဃာက တာဝန်လွှဲအပ်ထားသော ရဟန်းတစ်ပါးသည် ပဉ္စင်းလောင်းအား သံဃာ့အလယ်၌ မေးမြန်းစိစစ်မည့် အကြောင်းအရာတို့ကို ရှေးဦးစွာ ပြောပြရသည်။ ဟုတ်မှန်သည့်အတိုင်း မကြောက်မရွံ့ဖြေဆိုရန် သတိပေးရသည်။ ပဉ္စင်းလောင်းသည် ဥပဇ္ဈာယ်ဆရာနှင့် သပိတ်သင်္ကန်း အသင့်ရှိပြီး ဖြစ်ရသည်။ ထို့နောက် ပဉ္စင်းလောင်းသည် သံဃာအား လက်အုပ်ချီရှိခိုးကာ ပဉ္စင်းအဖြစ်ကို သုံးကြိမ်လျှောက် တောင်းရသည်။ ကျွမ်းကျင်လိမ္မာသော ရဟန်းသည် သံဃာအား ခွင့်ပန်ပြီးလျှင် ပဉ္စင်းလောင်းအား သင့်ကိုယ်တွင် လည်ပင်းကြီးနာ၊ နူနာစသည် ရှိသလော။ သင်သည် ကျွေးမြီးကင်းသူ ဖြစ်သလော။ သင်၏ ဥပဇ္ဈာယ်ဆရာသည် မည်သူနည်းစသည်ဖြင့် မေးရသည်။ ထိုသို့ စိစစ်၍ ကျေနပ်ဖွယ်အဖြေများ ရရှိပါက ပဉ္စင်းခံပေးအပ်ကြောင်း သံဃာအား သုံးကြိမ်တိတိ ကြားသိစေရ၏။ သံဃာသည် ဆိတ်ဆိတ်နေပါက ထိုပဉ္စင်းလောင်းအား ပဉ္စင်းခံပေးခြင်းကို သဘောတူရာရောက်၍ ပဉ္စင်းခံခြင်းသည် ပြီး၏။ ပဉ္စင်းဖြစ်သောခဏ၌ အရိပ်ဥတုနှင့်နေ့ကို တိုင်းတာမှတ်သားပြီးလျှင် ရဟန်းဖြစ် ရက်ချုပ်ကို ပြောကြားရ၏။

ရဟန်းဖြစ်စ ပုဂ္ဂိုလ်သည် အနည်းဆုံး ဆယ်ဝါရှိသော ဥပဇ္ဈာယ်ဆရာ၊ နိဿ

ရည်းဆရာတို့နှင့်အတူ အများအားဖြင့် ဆယ်နှစ်ကြာမျှနေရ၏။ ပညာဟုသုတရှိသော ရဟန်းသည် ဆရာနှင့် ငါးနှစ်ကြာနေရ၍ ပညာဗဟုသုတနည်းပါးသော ရဟန်းသည် ဆရာနှင့် တစ်သက်ပတ်လုံး အတူနေရ၏။ တောထဲ တရားကျင့်နေသောအခါ၊ ခရီးသွားနေသောအခါ၌ ဆရာရှိရန်မလိုချေ။ ရဟန်းနှင့် ဥပဇ္ဈာယ်ဆရာတို့ တစ်ဦးအပေါ် တစ်ဦး အပြန်အလှန်ပြုအပ်သော ကျင့်ဝတ်များကို မဟာဝဂ္ဂ၊ မဟာခန္ဓကတ၌ အသေးစိတ်ပြဆိုထား၏။ ဥပဇ္ဈာယ်နှင့် နိဿရည်းဆရာတို့၏ အဓိကတာဝန်မှာ "တပည့်ကို သင်ကြားခြင်း၊ အဖန်ဖန် မေးမြန်းသွန်သင် ဆုံးမခြင်း"ဖြစ်၍ တာဝန်တူညီသော်လည်း ရဟန်းခံစဉ်က လူသိရှင်ကြား အသိအမှတ်ပြုထားသော ဥပဇ္ဈာယ်ဆရာက ပိုမိုအဆင့် အတန်းမြင့်ဟန်ရှိ၏။ သို့ဖြစ်၍ ရဟန်းသည် ထိုဆရာနှစ်ဦးရှိသောအခါ ဥပဇ္ဈာယ်ဆရာအား ဦးစားပေးရ၏။

ရဟန်းတို့နေထိုင်သော အာဝါသသည် နယ်နိမိတ် သတ်မှတ်ထားသော သံဃာနယ်မြေဖြစ်၍ သူဌေးသူကြွယ်များ လှူဒါန်းသော ဥယျာဉ်အတွင်း၌ တည်ထားလေ့ရှိ၏။ ဥယျာဉ်ဘေးပတ်လည်၌ ခြံခတ်ထား၍ အပေါက်ဝ၌ ရေချိုးကန်ရှိ၏။ ဥယျာဉ်ထဲရှိ ဝိဟာရ အသီးအသီး၌ ရဟန်းလေးငါးပါးအထိ နေထိုင်ရန် ပရိဝုဏ်များရှိ၏။ ပရိဝုဏ် အတွင်း၌အိပ်ရန် ညောင်စောင်း၊ နိသီဒိုင်၊ အိပ်ရာခင်း၊ ဘုံလျှိုခေါင်းအုံး၊ ထွေးခံ၊ သပိတ်သက်န်း၊ သွားပွတ်တံစသည်ဖြင့် ရဟန်း၏ အနည်းငယ်သော အသုံးအဆောင်သည်ပြီး၏။ အာဝါသထဲ၌ ရဟန်းသံဃာ အားလုံးနှင့်ဆိုင်သော ညီလာခံဇရပ်၊ စင်္ကြံဇရပ်၊ တန်းဆောင်း၊ မီးတင်းကုပ်၊ မဏ္ဍပ်၊ ဇရုံးအိမ်ဇရပ်၊ ဝစ္စကုဋိစသော သံဃိက ပစ္စည်း အဆောက်အအုံများရှိ၏။

သို့ဖြင့် အာဝါသများသည် ရဟန်းတို့ အမြဲစုပေါင်းနေထိုင်ရာ ကျောင်းတိုက်များ ဖြစ်လာကြ၏။ ၎င်းတို့သည် ဘုံရိပ်သာများဖြစ်၍ ရဟန်းတို့၌ ပရိက္ခရာရှစ်ပါးမှ တစ်ပါး အခြားကိုယ်ပိုင်ပစ္စည်း မရှိကြချေ။ ရဟန်းအားလုံးနှင့်ဆိုင်သော သံဃိကပစ္စည်းကို ထိန်းသိမ်းခြင်း အားလုံး ညီတူညီမျှ ခံစားနိုင်ရန် ခွဲဝေပေးခြင်းစသော တာဝန်ကိစ္စများ၊ စီမံဆောင်ရွက်ရသော ပုဂ္ဂိုလ်များရှိ၏။ ထိုတာဝန်ခံပုဂ္ဂိုလ်တို့ကို သံဃာက လူသိရှင်ကြား ခန့်အပ်ရ၍ အချို့ကို ဖော်ပြရမည်ဆိုသော် (၁) ကပ္ပိယကာရကသည် ရဟန်းတို့နှင့်အပ်သော ခဲဖွယ်ဘောဇဉ်ကို မအပ်သော ခဲဖွယ်ဘောဇဉ်နှင့် ခွဲခြားစိစစ်ရ၏။ လူတို့လှူသော ရွှေငွေ၊ အသပြာကို လက်ခံ၍ ရဟန်းတို့နှင့်အပ်သော ပစ္စည်းများ ဝယ်ရ၏။ (၂) သေနာသန ပညာပကသည် ရဟန်းတို့အဖို့ နေရာထိုင်ခင်း စီမံရ၏။ (၃) အပ္ပပတ္တက ဝိဿဇ္ဇကသည် အပ်၊ ကတ်ကြေး၊ ဖိနပ်၊ ပျားရည်၊ ထောပတ်စသော အသေးအဖွဲ့ပစ္စည်းများကို အခြေအနေကြည့်၍ ရဟန်းတို့အား ဝေငှပေးရ၏။ (၄) သာမဏေရ ပေသကသည် ရဟန်းမပြုရသေးသော ရှင်သာမဏေတို့ကို ကြည့်ရှုစောင့်ရှောက်ရ၏။

နှစ်စဉ်မိုးရာသီ၌ ရဟန်းတို့ဝါကပ်သောခလေ့နှင့် ဆက်စပ်နေသော ခလေ့ နှစ်ခုမှာ ပဝါရဏာပြုခြင်းနှင့် ကထိန်ခင်းခြင်းဖြစ်၏။

ပဝါရဏာပြုခြင်းသည်ကား ရဟန်းသည် မိမိ၌မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ၊ အပြစ်တစ်စုံတစ်ရာရှိပါက ထိုအပြစ်ကို ထုတ်ဖော်ပြောရန် သံဃာအား ပန်ကြားခြင်းဖြစ်၏။ ပဝါရဏာသည် ဝါကျွတ်သော (ပဝါရဏာ)နေ့၌ ရဟန်းတိုင်းပြုရမည့် အမှုဖြစ်၏။ ပဝါရဏာနေ့၌ ကျောင်းတစ်ကျောင်းတွင် ရဟန်းတစ်ပါးသာရှိပါက ထိုရဟန်းသည် "စည်းဝေးရာ ဇရပ်မဏ္ဍပ်၊ သစ်ပင်ရင်းတို့ကို တံမြက်လှည်း၍ သောက်ရေသုံးရေ တည်ထားပြီး ဆီမီးထွန်းညှိကာ ထိုင်နေရမည်။ အခြားရဟန်းတို့ လာပါက ထိုရဟန်းတို့နှင့်အတူ ပဝါရဏာပြုရမည်။ မလာပါက ယနေ့ ငါ့အတွက် ပဝါရဏာနေ့တည်းဟု အဓိဋ္ဌာန်ပြုရမည်။ မပြုပါက ဒုက္ကဋ်အာပတ်သင့်၏။"

အာပတ်သင့်သောရဟန်းသည် ပဝါရဏာမပြုအပ်ချေ။ ပဝါရဏာနေ့၌ အခြား ရဟန်းတစ်ပါးထံသို့ ချဉ်းကပ်၍ အာပတ်ကို ပြောကြားရ၏။ ကြားနာသောရဟန်းက 'အာပတ်ကိုရှုလော့'ဟုဆိုသော် 'ကောင်းပါပြီ၊ ရှုပါအံ့'ဟု ဆိုရ၏။ ထိုသို့ အာပတ်ကို ကုစားပြီးမှသာ သံဃာနှင့်အတူ ပဝါရဏာပြုခွင့်ရ၏။ သို့ရာတွင် သံဃာဒိသိသ်, ပါစိတ်စသော ပြစ်မှုကြီးများ ကျူးလွန်ထားပါက အာပတ်ရှုကာမျှဖြင့် မပြီးချေ။ အပြစ်ရှိသော ရဟန်းသည် တရားနှင့်လျော်ညီစွာ အပြစ်ခံယူပြီးမှ ပဝါရဏာပြုခွင့်ရ၏။

အာပတ်ရှိသော ရဟန်းအား ပဝါရဏာမပြုရန် အခြားရဟန်းတစ်ပါးက တားမြစ် နိုင်၏။ ပဝါရဏာပြုပြီးသော ရဟန်းကိုမူ မတားမြစ်ရ။ တားမြစ်သောရဟန်းသည် သီလစင်ကြယ်၍ ဝိနည်းသိက္ခာပုဒ် တတ်သိလိမ္မာရ၏။ ထိုအရည်အချင်း မရှိပါက သံဃာသည် သူ၏စကားကို မနာယူဘဲ ပဝါရဏာပြုရ၏။ အရည်အချင်းရှိသည်ဆိုစေ သံဃာသည် သူ့ကို သေချာစွာစိစစ်ပြီးမှ တားမြစ်ခြင်းကို ခွင့်ပြုရ၏။ စွပ်စွဲချက်များ ယွင်းပါက စွပ်စွဲသောရဟန်းအား အပြစ်ကုစားပြီးမှ ပဝါရဏာပြုရ၏။

ကထိန်ခင်းခြင်းသည် ဝါကျွတ်ပြီးနောက် တစ်လအတွင်းပြုရသော အမှုဖြစ်၏။ သံဃာ၌ ချည်ထည်၊ ပုဆိုးကြမ်း၊ ပုံသကူပုဆိုးစသည်ဖြင့် သင်္ကန်းချုပ်ရန် အထည် များရှိ၏။ အထည်များကို ကထိန်မခင်းမီ ဉတ်ကမ္မဝါဖြင့် ခန့်အပ်ထားသော တာဝန်ခံ ရဟန်းအား ပေးအပ်ထားရ၏။ ထိုရဟန်းသည် သင်္ကန်းများချုပ်လုပ်ပြီးသောအခါ မထေရ်ကြီး၊ မထေရ်ငယ်များနှင့် သင့်တော်သောသင်္ကန်းများကို ခွဲခြား၍ သံဃာအား ပြောရ၏။ အဆိုကို သံဃာက အတည်ပြုပြီးလျှင် ရဟန်းအသီးသီးသည် မိမိ၏ ဝေပုံကျသင်္ကန်းကို ယူခွင့်ရရှိ၏။ သို့ရာတွင် မိမိ၏ တရားဝင်ဝေစုကို ချက်ချင်းယူရန် မလိုချေ။ အာဝါသမှ ဖဲသွားရန် ဆန္ဒမရှိ၊ သို့တည်းမဟုတ် သင်္ကန်းဟောင်းသည် နွမ်းရိစုတ်ပြတ်ခြင်း မရှိသဖြင့် သင်္ကန်းသစ်ကို လောလောဆယ်မလိုပါက ချက်ချင်း မယူဘဲ ဆိုင်းငံ့၍ ကထိန်ခင်းပြီးနောက် သတ်မှတ်ထားသော ကာလအတွင်း ယူနိုင်၏။

ကထိန်သင်္ကန်းကို မယူမီကာလ၌ အခြားနေရာမှ သင်္ကန်းအကပ်ခံနိုင်ရန် ရဟန်းတို့အား ခွင့်ပြုထား၏။

ရဟန်းသံဃာသည် ဥပုသ်ပြုခြင်း၊ ဝါကပ်ခြင်း၊ ပဝါရဏာပြုခြင်း၊ ကထိန်ခင်းခြင်း စသော အစဉ်အလာရှိလာသောအခါ ရဟန်းအများစုသည် ခရီးသွားလာမနေတော့ဘဲ မြို့ရွာကျောင်းများ၌ စုပေါင်းနေထိုင်ကြပြီဟု ယူဆဖွယ်ရှိ၏။ ဝိနည်းပိဋကတ်၌ ထိုထုံးတမ်းစဉ်လာများကို ဖော်ပြသော စကားများသည် ဗုဒ္ဓလက်ထက်က သံဃာအား မည်မျှ ရည်ညွှန်းကြောင်း အတိအကျ မသိရချေ။ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ကာလ အတန်ကြာမှ ပေါ်လာသော ပိဋကတ်စကားများ ဖြစ်ရကား ပိဋကတ်ဆရာတို့ ခေတ်ရှိ ရဟန်းသံဃာကို ပိုမိုဖော်ညွှန်းဟန်ရှိ၏။ စင်စစ် မစ္စစ်ရိုင်းစ်ဒေးဗစ်၏ အဆိုအားဖြင့် ဝိနည်းပိဋကတ်၌ 'ဝိဟာရ'ပုဒ်ကို တစ်ကြိမ်သာတွေ့ရ၍ ဗုဒ္ဓခေတ်နောက်ပိုင်း၌ တောနေရဟန်း အတော်များများ ရှိသေးကြောင်း ထင်ရှား၏။

ထေရဂါထာ၌ တောတောင်သဘာဝ ရှုခင်းတို့၏ သာယာတင့်တယ်ပုံကို တောနေ ရဟန်းတို့က ဖော်ကျူးထားသော ဂါထာများရှိ၏။ တောနေရဟန်းတို့သည် အများအား ဖြင့် တရားကျင့်ကြံ အားထုတ်ခြင်းဖြင့် အချိန်ကုန်လွန်ကြ၏။ ရှေးဦး ဗုဒ္ဓဝါဒီရဟန်းတို့ အဖို့ ဗုဒ္ဓတရားကို ကျက်မှတ်မှုထက် ကျင့်သုံးမှုက ပိုမိုအရေးကြီး၏။ "အိုတောင် စောင့်နတ်၊ ငါတို့သည် ရာဂမကင်းသေးသော ကာလက တရားဒေသနာကို ရွတ်ဖတ် သရဇ္ဈာယ်လိုသော ဆန္ဒရှိ၏။ ရာဂကင်းသောအခါ၌မူ ထိုဆန္ဒမရှိခြင်းကို သူတော်ကောင်း တို့ ချီးမွမ်းကုန်၏"ဟု ရဟန်းတစ်ပါးက ဆို၏။ (သံယုတ္တနိကာယ်၊ သဂါထာဝဂ် - ဝနသံယုတ်၊ သဇ္ဈာယဗဟုလသုတ်)။ သုတ္တန်များကို ရွတ်ဆိုကျက်မှတ်ခြင်းသည် မြို့ နေ ရဟန်းတို့၏ ပဓာနလုပ်ငန်း ဖြစ်၏။ ပဝါရဏာနေ့၌ သုတ္တန်ကို စုပေါင်းရွတ်ဆိုသော ရဟန်း၊ ဝိနည်းကို ဆုံးဖြတ် ၍ ဆောင်သောရဟန်း၊ အဘိဓမ္မာကို ဆွေးနွေးမေးမြန်းသော ရဟန်းတို့ကြောင့် ညဉ့် အချိန် ကုန်လွန်သွားကြောင်း ဝိနည်းပိဋကတ်၌ ပြဆိုထား၏။ (ဝိနည်း၊ မဟာဝဂ္ဂ၊ ပဝါရဏာက္ခန္ဓက)

သံဃာအဖွဲ့များ၌ တရားအားထုတ်ခြင်း၊ ဆွေးနွေးခြင်း၊ သင်အံကျက်မှတ်ခြင်းဖြင့် အချိန်ကုန်လွန်သော ရဟန်းများရှိသည်နှင့်အမျှ အကျိုးမရှိ ပြိန်ဖျင်းသောစကားများ ပြော၍ အချိန်ဖြုန်းသော ရဟန်းများလည်းရှိ၏။ "အိုနာဂိတ၊ ဝမ်းပြည့်အောင် စားသောက်၍ အိပ်ခြင်း၊ ငိုက်မျဉ်းခြင်း၊ ကစားမြူးထူးခြင်းဖြင့် အချိန်ကုန်သောရဟန်းတို့ကို ငါဘုရား တွေ့မြင်ရ၏။" ထိုရဟန်းဖျင်းတို့ကို ပြင်းပြင်းထန်ထန် အရေးယူရန် သံဃာ အား ဗုဒ္ဓကိုယ်တော်တိုင် တစ်ခါတစ်ရံ သတိပေးရ၏။ "အမှိုက်သဖွယ်ဖြစ်သော၊ ယောက်သွားပုပ် နှင့်တူသော ရဟန်းယောင်၊ ရဟန်းဖျင်းတို့ကို ဆွဲငင်နှင်ထုတ်ကြကုန် လော့။" (အင်္ဂုတ္တရ နိကာယ်၊ အဋ္ဌကနိပါတ်၊ မေတ္တာဝဂ် - ကာရဏ္ဍဝသုတ်)

အမှန်ဆိုသော် မည်သည့်ခေတ်၊ မည်သည့်နိုင်ငံ၊ မည်သည့်ဘာသာရေးအဖွဲ့၌မဆို

သာသနာ့အရေးခြင်း၍ အကျင့်သိက္ခာပျက်နေသောသူများသည် အနည်းအများ ရှိကြစမြဲဖြစ်၏။ ဗုဒ္ဓလက်ထက်က ရဟန်းဆိုး ရဟန်းပျက်တို့မှာ ရဟန်းစစ်၊ ရဟန်းကောင်းတို့နှင့်စာသော် ဦးရေများလှမည် မဟုတ်ချေ။ ဗုဒ္ဓသည် ဝိနည်းသိက္ခာပုဒ်များကို ပညတ်ရာ၌ ရဟန်းဆိုးတို့၏ မလျော်သောအပြုအမူကို ရဟန်းကောင်းတို့က ကဲ့ရဲ့ပြစ်တင်ရာမှ အစပြု၍ ပညတ်တော်မူကြောင်း ဝိနည်းပိဋကတ်၌ ပြဆိုထား၏။ သိက္ခာပုဒ်အတော်များများ ပညတ်ထားခြင်းသည် ဗုဒ္ဓခေတ်က ရဟန်းကောင်းတို့၏ အင်အားကြီးမားမှုကို ပြသသည်ဟု မှတ်ယူရပေမည်။

(ဂ) ရဟန်းဘဝ၏ ငြိမ်းချမ်းမှု

ဤသို့ ရဟန်းကောင်းတို့က ကဲ့ရဲ့ပြစ်တင်သဖြင့်လည်းကောင်း၊ ဘုရားရှင်ကိုယ်တိုင် ကြပ်မတ်ဆုံးမသဖြင့်လည်းကောင်း ရဟန်းဖျင်း ရဟန်းပေါ့ ရဟန်းပျက်တို့သည် သံဃာ့အဖွဲ့၌ ကြာရှည်လေးမြင့် မနေနိုင်ကြချေ။ ရဟန်းတို့သည် အများအားဖြင့် တူမျှသောစိတ်ရှိ၍ ညီညွတ်ကြသောကြောင့် ကောသလမင်းက ဗုဒ္ဓအား ချီးမွမ်းလျှောက်ထား၏။ "အရှင်ဘုရား၊ မင်းပုဏ္ဏားသူဌေးသူကြွယ် တို့သည်လည်းကောင်း၊ အမိသားမောင်နှမတို့သည်လည်းကောင်း ငြင်းခုံကြ၏။ ဤသာသနာတော်၌ကား ရဟန်းတို့သည် အညီအညွတ် ဝမ်းမြောက်၍ ချစ်ကြည်စွာနေကြသည်ကို မြင်ရပါ၏။ တစ်ပါးသော သာသနာ၌ ထိုသို့မတွေ့မြင်ရပါ။ အရှင်ဘုရား၏ သာသနာတော်၌ အလွန်ရွှင်လန်းတက်ကြွကုန်သော၊ အလွန်မွေ့လျော်၍ ကြောင့်ကြမဲ့ဖြစ်ကုန်သော ရဟန်းတို့ကို တပည့်တော်တို့ မြင်ရပါ၏။" (မဇ္ဈိမနိကာယ်၊ ဓမ္မစေတိယသုတ်)

ရဟန်းတို့၏ စိတ်ငြိမ်းချမ်းမှု၊ တစ်ဦးနှင့်တစ်ဦး ညီညွတ်မှုသည် ပဓာနအားဖြင့် အလိုနည်းပါးမှုကြောင့် ဖြစ်၏။ ရဟန်းတို့သည် အိမ်ရာထောင်ခြင်းကို ရှောင်ကြဉ်၍ သားမယားသံယောဇဉ်ကို ပယ်ကြ၏။ ရသမျှသော ဆွမ်းသင်္ကန်း၊ အိပ်ရာနေရာများနှင့် တင်းတိမ်ရောင့်ရဲကြ၏။

ဆွမ်းခံ၍ရသော ခဲဖွယ်စားဖွယ်သည် လောလောဆယ် သုံးဆောင်ရန်ဖြစ်၍ နေ့ဖို့ညစာအတွက် သိုမှီးရန်မဟုတ်။ "အကြင်ရဟန်းသည် သိုမှီးသိမ်းဆည်းခြင်းကိုပြု၍ ခဲဖွယ်ဘောဇဉ်ကို သုံးဆောင်ငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။" (ပါစိတ် ၃၈) "ရဟန်းသည် အကပ္ပိယ ကုဋီအတွင်း၌ ခဲဖွယ်ဘောဇဉ်ကို မသုံးဆောင်အပ်။ သုံးဆောင်သော် ဒုက္ကဋ်အာပတ်သင့်၏" (မဟာဝဂ္ဂ၊ ဘေသဇ္ဇက္ခန္ဓက)။ ရာဇဂြိုဟ်ပြည်၌ ငတ်မွတ်ခေါင်းပါး၍ အစားအစာ ပါးရှားသောအခါ အစားအစာ သိုမှီးခြင်း၊ ကိုယ်တိုင်ချက်ခြင်း၊ သို့မဟုတ် သူတစ်ပါးအား ချက်စေခြင်းကို ခွင့်ပြု၏။ သို့ရာတွင် အစားအစာ ပြန်လည်ပေါများ၍ ဆွမ်းအတွက် ကြောင့်ကြဖွယ်မရှိသောအခါ ခဲဖွယ်ဘောဇဉ် သိုမှီးခြင်းကို ရဟန်းတို့ မပြုကြရချေ။

ဗုဒ္ဓ၏ အလိုအားဖြင့် ရဟန်းသည် ပရိက္ခရာရှစ်ပါး မှတစ်ပါး အခြားကိုယ်ပိုင် ပစ္စည်း မရှိအပ်ချေ။ "ရဟန်းတို့၊ ရဟန်းသည် တရားနှင့်အညီရသော ဓမ္မိယလာဘ်တို့ကို ယုတ်စွအဆုံး သပိတ်အတွင်း ရှိ ဆွမ်းကိုမျှသော်လည်း သီတင်းသုံးဖော်တို့နှင့် ခွဲဝေ၍ သုံးဆောင်ကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာရှိ၏" (ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်)။ စူဠဝဂ္ဂ၌ ရဟန်းတို့ မခွဲဝေအပ်သော သံဃိကပစ္စည်းများကို ဖော်ပြထား၏။ ယင်းတို့မှာ (၁) အာရာမနှင့် အာဝါသနေရာ၊ (၂) ကျောင်းနှင့် ကျောင်းနေရာ၊ (၃) ညောင်စောင်း၊ အင်းပျဉ်၊ ဘုံလျို၊ ဖုံခေါင်းအုံး၊ (၄) ကြေးအိုး၊ စရည်း၊ ကြေးအင်တွဲ၊ ပေါက်တူး၊ ပုဆိန်၊ ဓားမ၊ ဆောက် (၅) နွယ်၊ ဝါး၊ ပြိတ်မြက်၊ သစ်ဘဏ္ဍာ၊ မြေဘဏ္ဍာ စသည်တို့ဖြစ်၏။ သံဃာသည်လည်း ကောင်း၊ ဂိုဏ်းသည်လည်း ကောင်း ထိုသံဃိကပစ္စည်းမျိုးကို မခွဲဝေထိုက်။ ခွဲဝေသော ရဟန်းအား ထုလ္လစ္စည်း အာပတ်သင့်၏။ ထိုပစ္စည်းမျိုးကို ရဟန်းတစ်ပါးအား မပေးထိုက်၊ မစွန့်ထိုက်၊ ပေးသောရဟန်းအား ထုလ္လစ္စည်းအာပတ်သင့်၏။ (စူဠဝဂ္ဂ၊ သေနာသနက္ခန္ဓက)

အထက်ပါစာရင်း၌ မပါသော အချို့ပစ္စည်းများသည်လည်း တစ်ခါက သံဃိက ပစ္စည်း ဖြစ်ခဲ့တန်ရာ၏။ ပါဠိပညာရှင်တစ်ဦး၏ အဆိုအားဖြင့် ဤအချက်သည် ပါရာဇိကဏ် ပါဠိတော် နိဿဂ္ဂိယပါစိတ်-၂၂၌ ထင်ရှား၏။ "အက်ကြောင်းငါးခု မပြည့်သေးသော သပိတ်ရှိလျက် အခြားသပိတ်သစ်ကို တောင်းသောရဟန်းအား နိဿဂ္ဂိယပါစိတ် အာပတ်သင့်၏။ ထိုသပိတ်ကို ရဟန်းပရိသတ်၌ စွန့်ရမည်။" ဤ သိက္ခာပုဒ်၌ အခြားနိဿဂ္ဂိယပါစိတ် သိက္ခာပုဒ်များ၌ မတွေ့ရသော 'စွန့်ရမည်' ဟူသည့် စကားလာခြင်းကို ထောက်ချင့်၍ ယင်းသည် အခြားနိဿဂ္ဂိယပါစိတ် သိက္ခာပုဒ်များထက် ရှေးကျကြောင်းသိအပ်၏။ ထို့အပြင် အခြားနိဿဂ္ဂိယသိက္ခာပုဒ်များနှင့်မတူဘဲ "ရဟန်း ပရိသတ်အား စွန့်(ဝါ) ပေးအပ်ရမည်ဟု ဆိုထားရကား ထိုသိက္ခာပုဒ် ပညတ်စဉ်က သပိတ်များကို သံဃာက စိုးပိုင်ကြောင်း ထင်ရှား၏။ မထေရ်ကြီးသည် သပိတ်ကို ခံယူ၍ မိမိ၏သပိတ်ကို ဒုတိယရဟန်းအား ပေးရမည်။ ဤနည်းဖြင့် အငယ်ဆုံး ရဟန်းတိုင်အောင် အဆင့်ဆင့်ခံယူ၍ နောက်ဆုံးသပိတ်ကို အာပတ်သင့်သော ရဟန်း အား ပေးရမည်စသည်ဖြင့် လာသော သိက္ခာပုဒ်အဖွင့်ဖြင့်လည်း ထိုအခါက သပိတ်သည် သံဃိကပစ္စည်းဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။[၁]

ထိုသို့ မူလအစက ရဟန်းတို့၏ အသုံးအဆောင်များမှာ ယေဘုယျအားဖြင့် သံဃိကပစ္စည်းများဖြစ်၍ ပုဂ္ဂလိကပစ္စည်းသည် ရဟန်းတို့နှင့် မအပ်စပ်သောကြောင့် ပေလားမသိ၊ လူတို့သည် ရဟန်းတစ်ပါးတည်းရှိသော ကျောင်း၌ သင်္ကန်းလှူသောအခါ၌ပင် "သံဃာအား လှူပါ၏" ဟုဆို၍ လှူကြ၏။ (မဟာဝဂ္ဂ စီဝရက္ခန္ဓက) ရဟန်းအများရှိ သောကျောင်းမှ ရဟန်းတစ်ပါးပါးအား လှူသောအခါ၌လည်း သံဃာကို ဦးတည်၍

---

၁။ I.B.Horner: The Book of the Discipline, Introduction, pp. xvi-xvii

လှူကြ၏။ ဥပမာ အရှင်ဥပနန္ဒအား ခဲဖွယ်လှူလိုသော ဒါယကာသည် "ခဲဖွယ်ကို အရှင်ဥပနန္ဒအားပြ၍ သံဃာအားလှူလေ"ဟု ဆို၍ ပို့စေ၏။ (မဟာဝဂ္ဂ ဘေသဇ္ဇက္ခန္ဓက)

ရဟန်းသည် သံဃိကပစ္စည်းကို မိမိပိုင်ပစ္စည်းကဲ့သို့ စွဲမှတ်၍ မသုံးစွဲအပ်။ "ရဟန်းသည် သိလျက်နှင့် သံဃာသို့ ညွတ်ပြီး (လှူပြီး)သော သံဃာလာဘ်ကို ပုဂ္ဂိုလ်အား ညွတ်စေငြားအံ့။ ပါစိတ်အာပတ်သင့်၏" (ပါစိတ်-၈၂)။ ဥပမာ ရဟန်းတို့သည် သစ်ဝါးစသည်တို့ကို အလှူခံ၍ မိမိတို့နေရန် ကျောင်းဆောက်လုပ်ခဲ့ငြားအံ့။ စင်စစ် ထိုကျောင်းသည် ထိုရဟန်းတို့၏ ကျောင်းမဟုတ်ဘဲ သံဃိကကျောင်းဖြစ်ရကား နောက်မှရောက်လာသော မည်သည့်ရဟန်းမဆို ထိုကျောင်း၌ နေရာထိုင်ခင်း ရပိုင်ခွင့်ရှိ၏။ သို့ဖြင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် အခြားရဟန်းတို့ ဆောက်လုပ်သောကျောင်းများသို့ ဝင်ရောက်၍ ရှိရင်းရဟန်းတို့ကို နှင်ထုတ်သောကြောင့် နောက်မှလာသော ရဟန်းတို့က ရှိပြီးရဟန်းတို့ကို နှင်မထုတ်ရဟု ပညတ်ရလေသည်။

ရဟန်းတစ်ပါးသည် ဖျားနာ၍ ကွယ်လွန်ပါက ကျန်ရှိသော သပိတ်သင်္ကန်းတို့ကို သံဃာက စိုးပိုင်၏။ ထိုသပိတ်သင်္ကန်းတို့ကို ရဟန်းမကျန်းမာစဉ်က ပြုစုခဲ့သော ရဟန်းတို့အား ပေးရ၏။ ကွယ်လွန်သော ရဟန်းသည် များသောဘဏ္ဍာပရိက္ခရာရှိခဲ့သော် သပိတ်သင်္ကန်းကို သူနာပြုရဟန်းတို့အားပေး၍ အခြားသေးငယ်ပေါ့ပါးသော ပစ္စည်းများကို သံဃာက ခွဲဝေယူကြ၏။ ကြီးမားလေးလံသော ပစ္စည်းများမှာမူ စတုဒိသာ သံဃာ၏ဥစ္စာဖြစ်၍ မည်သည့်ရဟန်းကိုမျှ မပေးရ။ ကျောင်းရှိသံဃာကလည်း ဝေခြမ်း၍ မယူရချေ။

ရဟန်းတို့သည် စီးပွားဥစ္စာမရှာရ၊ လိုအပ်သော ပစ္စည်းလေးပါးကိုပင် ကြောင့်ကြမှုမပြုရဘဲ ရသမျှနှင့် ရောင့်ရဲကြရသည် ဖြစ်ရကား လာဘ်များ၍ ရရှိသောပစ္စည်းအားလုံးကို ခွဲဝေပေးသောရဟန်းသည် ချို့တဲ့သော ရဟန်းတို့၏ ကလျာဏမိတ္တဖြစ်၏။ "ရဟန်းတို့၊ မိတ်ဆွေကောင်းရှိမှုမှတစ်ပါး အခြားကျေးဇူးများသော တရားတစ်ခုကိုမျှလည်း ငါဘုရားမြင်တော်မမူ" (ဣတိဝုတ်၊ ဧကကနိပါတ်၊ ဒုတိယသေခသုတ်)။ ဤစကားသည် လူတို့အဖို့ထက် ရဟန်းတို့အဖို့ ပို၍မှန်ပေလိမ့်မည်။ ရဟန်းတို့မှာ လူတို့မှာကဲ့သို့ မိုခိုအားထားရာ မိဘဆွေမျိုးနှင့် သားသမီးများမရှိရကား သီတင်းသုံးဖော်အချင်းချင်းအား မိတ်ဆွေကောင်း ဝတ္တရားနှင့်အညီ ကူညီစောင့်ရှောက်ရန် အရေးကြီးလှပေသည်။

"ရဟန်းတို့၊ သတ္တဝါတို့သည် လှူဒါန်းဝေခြမ်းခြင်း၏ အကျိုးကို ငါဘုရားသိသကဲ့သို့ သိကြပါက မပေးလှူဘဲ မစားကုန်ရာ။ ဝန်တိုမှုနှင့် ငြူစူမှုစသော အကုသိုလ်အညစ်အကြေးသည် စိတ်ကိုသိမ်းကျုံးလွှမ်းမိုး၍ မတည်နိုင်ရာ။" (ဣတိဝုတ်၊ ဧကကနိပါတ် တတိယဝဂ်၊ ဒါနသုတ်)

ဝန်တိုမှု ငြူစူမှုတို့ထက်ပို၍ မဂ်ဖိုလ်နိဗ္ဗာန်ကို အန္တရာယ်ပြုသော အကုသိုလ်

အညစ်အကြေးသည်ကား တဏှာလောဘဖြစ်၏။ ကိုယ်ပိုင်ဥစ္စာရှိမှုသည် တဏှာလောဘကို အားပေး၍ ကိုယ်ပိုင်ဥစ္စာမရှိမှုသည် တဏှာလောဘကို ပယ်သတ်ရာ၌ လိုအပ်ကြောင်း ယုံမှားစရာမရှိချေ။ သို့ဖြစ်၍ ရဟန်းသည် တဏှာသံယောဇဉ်၏ အရင်းမူလဖြစ်သော ပုဂ္ဂလိကပစ္စည်းကို တတ်နိုင်သမျှ စွန့်ပယ်ရပေမည်။ ပုဂ္ဂလိက ပစ္စည်းအမျိုးမျိုးအနက် ပိုက်ဆံကြေးငွေသည် ပုထုဇဉ်သတ္တဝါတို့ကို အများဆုံးဆွဲဆောင်၍ သမုဒယတဏှာကို အများဆုံး အားပေးသော ပစ္စည်းဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓသံဃာအဖွဲ့၌ ရွှေငွေ အသပြာကို ပုဂ္ဂလိကပစ္စည်း သို့မဟုတ် သံဃိကပစ္စည်းအနေဖြင့် လက်ခံသုံးစွဲခြင်းကို တင်းကျပ်စွာ တားမြစ်၏။

"အကြင်ရဟန်းသည် ရွှေငွေကို ကိုယ်တိုင်သော်လည်း ခံယူငြားအံ့။ သူတစ်ပါးကို သော်လည်း ခံယူစေငြားအံ့။ အနီး၌ ချထားအပ်သည်ကိုသော်လည်း သာယာငြားအံ့။ ထိုရဟန်းအား နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။" (နိဿဂ္ဂိယပါစိတ်-၁၈)

ဤပါစိတ်၏ ထူးခြားချက်မှာ အခြားနိဿဂ္ဂိပါစိတ်တို့၌ အပြစ်ရှိသောရဟန်း သည် ဆိုင်ရာပစ္စည်းကို သံဃာအားစွန့်၍ ဒေသနာကြားနာပြီးနောက် သံဃာသည် ပစ္စည်းကို ရဟန်းအား ပြန်ပေးရ၏။ ဤပါစိတ်၌မူ ရဟန်းအား ရွှေငွေပြန်မပေးရချေ။ အရံစောင့်သို့မဟုတ် ဥပါသကာတစ်ယောက်အား ရွှေငွေကိုပေး၍ ထောပတ်ဆီ၊ ပျားရည် စသည်ဖြင့် အပ်စသောပစ္စည်းကို ဝယ်ရန်ပြောရ၏။ ထိုသူက ရွှေငွေဖြင့်အပ်စပ်သော ပစ္စည်းကို ဝယ်ယူလာသောအခါ အပြစ်ရှိသော ရဟန်းမှတစ်ပါး အခြားရဟန်းအားလုံး သည် သုံးဆောင်အပ်၏။ အကယ်၍ အရံစောင့်သို့မဟုတ် ဥပါသကာက အပ်စပ်သော စားဖွယ်ကို ဝယ်ပေးလိုသော ဆန္ဒမရှိခဲ့သော် တစ်နေရာရာသို့သွား၍ ရွှေငွေကိုစွန့်ပစ်ရန် ပြောရ၏။ အကယ်၍ သူက မစွန့်လိုငြားအံ့။ ဂုတိလေးပါးသို့ မလိုက်ဘဲ အဘယ်ပုံစွန့် ပစ်မှ စွန့်ပစ်ခြင်းအမှန်ဖြစ်သည်ဟု သိရှိနားလည်သော ရဟန်းတစ်ပါးကို 'ရွှေငွေစွန့် ရဟန်း'ဟု အတိအလင်း သမုတ်ပြီးနောက် ထိုရဟန်းအား စွန့်ပစ်စေရမည်။ ထိုရဟန်း သည် စွန့်ပစ်သောနေရာကို အမှတ်အသားမပြုဘဲ စွန့်ပစ်ရမည်။ အမှတ်အသားပြု၍ စွန့်ပစ်ပါက ဒုက္ကဋ်အာပတ်သင့်၏။

ဤစကားများဖြင့် ရွှေငွေ (ဝါ) ပိုက်ဆံကြေးငွေသည် ရဟန်းသံဃာနှင့် မည်မျှ မအပ်စပ်ကြောင်း သိအပ်၏။ ဤသိက္ခာပုဒ်နှင့် စပ်လျဉ်း၍ ဂျာမန် ဗုဒ္ဓစာပေပညာရှင် ဒေါက်တာအိုဒင်ဗတ်၏ ရေးသားချက်မှာ မှတ်သားဖွယ်ကောင်း၏။

"ဤသိက္ခာပုဒ်ဖြင့်သော်လည်းကောင်း၊ ဤသိက္ခာပုဒ်ကို ရဟန်းသံဃာက လိုက်နာ ကျင့်သုံးခြင်းဖြင့်သော်လည်းကောင်း ရှေးဦးမူလ ဗုဒ္ဓသံဃာအဖွဲ့သည် လောကီစည်းစိမ် ချမ်းသာနှင့် တန်ခိုးအာဏာကို တပ်မက်မှု လုံးဝကင်းရှင်းကြောင်း များစွာထင်ရှား၏။ ဗုဒ္ဓသံဃာသည် မူလရည်ရွယ်ချက်နှင့်အညီ လောကီကိစ္စ အဝဝနှင့်ကင်း၍ သံသရာဝဋ် ဆင်းရဲမှ လွတ်မြောက်မှုနှင့် ငြိမ်းအေးမှုကို ရှာကြံသောအဖွဲ့ ဧကန်မုချဖြစ်၏။ ထိုကဲ့

သို့သော အဖွဲ့မျိုးမဖြစ်ပါက ရွှေငွေပေါ်၌ ထိုမျှလောက် တဏှာအာလယ ရှင်းရှင်းပြတ်နိုင်မည် မဟုတ်ချေ။"(၁)

ရဟန်းတို့သည် တဏှာသံယောဇဉ်မရှိသောကြောင့် ကိုယ်စိတ်လွတ်လပ်၍ ဝါပအခါ၌ တစ်နေရာမှ တစ်နေရာသို့ နောက်ဆံမတင်းဘဲ လွတ်လွတ်ကျွတ်ကျွတ် သွားလာနိုင်ကြ၏။ ရဟန်းတို့၏ လွတ်လပ်မှုကို အထောက်အကူပြုသော အခြားအကြောင်းတစ်ခု ရှိသေး၏။ ထိုအကြောင်းမှာ သံဃာအဖွဲ့၌ ရဟန်းတို့၏ ပုဂ္ဂလိက လွတ်လပ်မှုကို ထိပါးချုပ်ချယ်မည့် အာဏာရ ခေါင်းဆောင်ပုဂ္ဂိုလ် မရှိခြင်းဖြစ်၏။

ဤအချက်သည် အိန္ဒိယဘာသာရေးသမိုင်း၌ အစဉ်အလာမရှိဘဲ ဘိက္ခုသံဃာ၏ ထူးခြားသော လက္ခဏာဖြစ်၏။ ဗြာဟ္မဏနှင့် ဂျိန်းသံဃာများ၌ တရားဓမ္မ၊ သို့မဟုတ် ကျင့်စဉ်နှင့်ပတ်သက်၍ ဆုံးဖြတ်ညွှန်ကြားသော ဆရာအဆက်ဆက် ရှိခဲ့သော်လည်း ဗုဒ္ဓသံဃာ၌ ထိုဆရာမျိုး မရှိခဲ့ချေ။ သမန္တပါသာ ဒိကာကျမ်း၌ ရှင်ဗုဒ္ဓဃောသဆရာက ဥပါလိမှ မောဂ္ဂလိပုတ္တ တိဿအထိ ဆရာအဆက်ဆက်တို့၏ အမည်များကို ပြဆိုထား၏။ ထိုကျမ်း၌ ဗုဒ္ဓဃောသဆိုလိုသော အာစရိယ၏ အနက်အဓိပ္ပာယ်မျိုးကို ဝိနည်းပိဋကတ်၌ မတွေ့ရချေ။ ဥပါလိသည် ဝိနည်း၌ ကျွမ်းကျင်လိမ္မာသဖြင့် ပထမသံဂါယနာအတွက် တင်မြှောက်ထားသော ဝိနယဓရပုဂ္ဂိုလ်မျှသာဖြစ်၍ ဝိနည်းကိစ္စတွင် သံဃာအားလုံးအပေါ်၌ ဩဇာတိက္ကမရှိသော အမြဲတမ်းဝိနည်းအရာရှိ ပုဂ္ဂိုလ်မဟုတ်။ စင်စစ် ဗုဒ္ဓသံဃာအဖွဲ့သည် အိုဒင်ဗတ် ရေးသားသည့်အတိုင်း "ဘုရား ထင်ရှားရှိစဉ်က ဆရာနှင့်တပည့်တို့၏ အဖွဲ့ဖြစ်၏။ ထိုဘုရင်အုပ်ချုပ်ရေးမှ ရီပတ်ဗလစ် (ဒီမိုကရေစီ) အုပ်ချုပ်ရေးသို့ ပုံသဏ္ဌာန် ပြောင်းလဲသွားမှု (ဝါ) ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် သီးခြား လွတ်လပ်သော အဖွဲ့ငယ် အစုအပေါင်းအဖြစ်သို့ ကူးပြောင်းသွားခြင်းမျိုးသည် ဗြာဟ္မဏတို့၏ ဘာသာရေးသမိုင်း၌ မရှိခဲ့ချေ။"(၂)

အမှန်ဆိုသော် ဗုဒ္ဓနှင့်သံဃာ၏ ဆက်ဆံမှုကို ဘုရင်နှင့် တိုင်းသူပြည်သားတို့၏ ဆက်ဆံမှုနှင့် ပုံခိုင်းခြင်းသည်ပင် မှား၏။ အဘယ်ကြောင့်ဆိုသော် ဘုရင်သည် နိုင်ငံလူထု၏ ဦးစီးခေါင်းဆောင်ဖြစ်၍ ဗုဒ္ဓသည်ကား သံဃာက မိမိအား ဦးစီးခေါင်းဆောင်အဖြစ် စွဲမှတ်ထားခြင်းကို မလိုလားချေ။ "အာနန္ဒာ၊ ငါသာလျှင် သံဃာကို ဦးစီးခေါင်းဆောင်ပြုအံ့၊ သံဃာသည် ငါသာလျှင် အားကိုးရန်ရှိလတ္တံ့ဟူသော စိတ်ဆန္ဒသည် ငါဘုရား၌ မရှိ" (မဟာပရိနိဗ္ဗာနသုတ်)။ ပုဂ္ဂိုလ်ကိုးကွယ်မှုစနစ်၊ သို့မဟုတ် အာဏာရှင်စနစ်သည် ဗုဒ္ဓ၏ အလိုဆန္ဒနှင့် လုံးဝဆန့်ကျင်သော စနစ်ဖြစ်၏။ "သူမိုက်သည် မိမိ၌မရှိသော ဂုဏ်သတင်းကိုလည်းကောင်း၊ ရဟန်းတို့၏ ဦးစီးခေါင်းဆောင်အဖြစ်ကိုလည်းကောင်း၊ ကျောင်း၌ အစိုးရခြင်းကိုလည်းကောင်း၊ လူပရိသတ်၏ ပူဇော်ခြင်းကို

၁။ **H. Oldenberg: The Buddha, pp. 355**

၂။ **Ibid, pp. 358**

လည်းကောင်း အလိုရှိ၏။" (ဓမ္မပဒဂါထာ-၇၃)

ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် ဘိက္ခုသံဃာသည် ဗုဒ္ဓအလိုဆန္ဒနှင့်အညီ ခေါင်းဆောင်ပုဂ္ဂိုလ်မရှိသော ဘာသာရေးအဖွဲ့ ဖြစ်လာ၏။ ဤနေရာ၌ ဝဿကာရပုဏ္ဏားအား အရှင်အာနန္ဒ၏ မိန့်ကြားချက်သည် ရှင်းလင်းပြတ်သား၏။ "ပုဏ္ဏားကြီး၊ ငါဘုရားကွယ်လွန်သောအခါ ဤရဟန်းသည် သင်တို့၏ ကိုးကွယ်ရာဖြစ်လတ္တံ့ဟု ဘုရားရှင်ထားအပ်သော တစ်ပါးသော ရဟန်းမျှသည်မရှိ။ ဤရဟန်းသည် ဘုရားရှင် ကွယ်လွန်သောအခါ ငါတို့၏ ကိုးကွယ်ရာဖြစ်လတ္တံ့ဟု သံဃာက သမုတ်အပ်သော၊ များစွာသော ရဟန်းတို့က အသိအမှတ်ပြုထားသော ရဟန်းသည်လည်း မရှိ။ ရဟန်းသံဃာက အလေးအမြတ်ပြု၍ ပူဇော်မြတ်နိုးကြသော ရဟန်းသည်လည်း မရှိ။" (မဇ္ဈိမနိကာယ်၊ ဂေါပက မောဂ္ဂလာနသုတ်)

သို့ဖြစ်၍ ဗုဒ္ဓသံဃာအဖွဲ့၌ သူတစ်ပါးအား အမိန့်ပေးနိုင်သော အာဏာရခေါင်းဆောင် ပုဂ္ဂိုလ်မရှိ။ သံဃာ့ကိစ္စများကို စီမံဆောင်ရွက်ရန် သံဃာက တာဝန်လွှဲအပ်ထားသော ပုဂ္ဂိုလ်များရှိသည် မှန်၏။ သို့ရာတွင် ထိုပုဂ္ဂိုလ်သည် မိမိသဘောဆန္ဒအလျောက်ပြုခြင်းမဟုတ်ဘဲ သံဃာ၏ကိုယ်စား ပြုမူဆောင်ရွက်ခြင်း ဖြစ်ကြောင်း အထူးသတိပြုရ၏။ "ထိုရဟန်းသည် တမန်သည်၏ အမှုတို့၌ စွမ်းနိုင်၏။ သံဃာ၏ကိစ္စတို့၌ ကောင်းစွာ ခံယူ၏။ ရဟန်းအပေါင်းက စေသည်ရှိသော် လိုက်နာ၏။ ထိုသို့ လိုက်နာသဖြင့် 'ငါပြု၏' ဟူ၍ မထေမဲ့မြင် မပြုရ။" (မဟာဝဂ္ဂ၊ ကောသမ္ဗကက္ခန္ဓက)

ဗုဒ္ဓသံဃာအဖွဲ့၌ ရဟန်းတို့၏ ရိုသေလေးစားခြင်းခံရသော မထေရ်ကြီးများရှိ၏။ "ရဟန်းတို့၊ သင်တို့သည် ရဟန်းဝါရင့်၍ ရဟန်းသက်ရှည်သော သံဃာ့ဦးစီးထေရ်ကြီးရဟန်းတို့ကို ရိုသေလေးစားလျက် ထိုထေရ်ကြီးတို့၏စကားကို နာယူသင့်သည်ဟု ထင်မှတ်နေသမျှ ကာလပတ်လုံး သင်တို့အား ကြီးပွားရန်သာရှိ၏။" (မဟာပရိနိဗ္ဗာနသုတ်) ဤပါဠိတော်၌ 'သံဃာ့ဦးစီး' မည်သည် သံဃာ၏အာဏာပိုင် ဦးစီးခေါင်းဆောင်ကို ဆိုလိုသည်မဟုတ်။ ထေရ်ကြီးတို့၏ စကားကို နာယူသင့်သည်ဆိုရာ၌လည်း အမှားအမှန်မဝေဖန်ဘဲ မျက်စိမှိတ် လိုက်နာဆောင်ရွက်ရမည်ဟု ဆိုလိုခြင်းမဟုတ်ကြောင်း သတိပြုရပေမည်။

ထို့အတူ ရဟန်းသည် မိမိ၏ ဥပဇ္ဈာယ်ဆရာကို ရိုသေလေးစားသော်လည်း ဆရာ၏စကားကို အခါခပ်သိမ်း မျက်စိမှိတ် လိုက်နာအပ်သည်ဟု စွဲမှတ်မထားချေ။ ဤသို့ မစူးစမ်း မဆင်ခြင်ဘဲ စွဲမှတ်မထားခြင်းသည် ဗုဒ္ဓဩဝါဒနှင့်အညီဖြစ်၍ ဒုတိယသင်္ဂါယနာတင်ရာ၌ ရဟန်းသံဃာက ထောက်ခံအတည်ပြုကြ၏။

(အရှင်ယသ) "အရှင်ဘုရား၊ ဤအမှုကို ငါ၏ဥပဇ္ဈာယ်ဆရာသည် လေ့ကျက်၏။ ထိုအမှုကို လေ့ကျက်အပ်ပါသလော။"

(အရှင်ရေဝတ) "ငါ့ရှင်၊ အချို့အလေ့အကျက်သည် အပ်၏။ အချို့ အလေ့အကျက်သည် မအပ်။" (စူဠဝဂ္ဂ၊ သတ္တသတိကက္ခန္ဓက)

ဤနေရာ၌ မဟာဝဂ္ဂ၌လာသော ဥပဇ္ဈာယ်ဆရာနှင့်အတူနေ တပည့်ရဟန်းတို့၏ ဆက်ဆံရေးကို သတိပြုသင့်ပေ၏။ ထိုခန္ဓက၌ ဆရာနှင့်တပည့်၏ ကျင့်ဝတ်များကို ရှည်လျားစွာ စုံစုံစေ့စေ့ ဖော်ပြထား၏။ ထိုသို့ ဖော်ပြရာ၌ ထူးခြားချက်သည်ကား တပည့်က ဆရာအား အထူးအထွေပြုရသော ကျင့်ဝတ်များမှာ နည်းပါး၍ များစွာသော တပည့်ကျင့်ဝတ်များမှာ ဆရာ၏ ကျင့်ဝတ်များနှင့် ထပ်တူဖြစ်နေမှုဖြစ်၏။

ဥပမာဆိုသော် "တပည့်သည် နံနက်စောစော၌ ဆရာအား မျက်နှာသစ်ရေနှင့် ဒန်ပူကပ်ရမည်။ ယာဂုဆက်ကပ်၍ နေရာကို တံမြက်လှည်းရမည်။ ဆရာသည် ဆွမ်းခံသွားလိုပါက သပိတ်သင်္ကန်းကိုပေး၍ နောက်လိုက်ရဟန်းလိုပါက ဆရာ၏နောက်မှ လိုက်ရမည်။ ဆရာ၏သင်္ကန်းကို ဖွတ်လျှော်ရမည်။ ချုပ်ရမည်။ ဆေးဆိုးရမည်။"

ဤသို့သော ကိစ္စအနည်းငယ်မှတပါး အခြားကိစ္စများ၌ ဆရာနှင့်တပည့် တစ်ဦးအပေါ်တစ်ဦး ပြုရမည့်ကျင့်ဝတ်များမှာ စိုးစဉ်းမျှ ကွဲပြားခြားနားခြင်း မရှိချေ။ ဥပမာ–

"ဆရာသည် ဆွမ်းစားလိုသည် ဖြစ်အံ့၊ တပည့်သည် သုံးရေကိုပေး၍ ဆွမ်းကို ဆက်ကပ်ရမည်။ ဆရာကို သောက်ရေ အလိုရှိပါသလောဟု မေးလျှောက်ရမည်။ ဆွမ်းစားပြီးသော ဆရာအား ရေပေး၍ သပိတ်ကို လှမ်းယူပြီးလျှင် ဆေးကြောသုတ်သင်၍ နေပူလှမ်းထားရမည်။ ဆရာသည် ရေချိုးလိုသည် ဖြစ်အံ့။ ချိုးရေကို စီရင်ရမည်။ ရေချိုးရာ၌ ချေးတွန်းခြင်းစသော အမှုခပ်သိမ်းကို ပြုရမည်။ ဆရာနေသော ကျောင်းသည် အမှိုက်ရှိအံ့၊ စွမ်းနိုင်ပါမူ သုတ်သင်ရှင်းလင်းရမည်။"

"တပည့်သည် ဆွမ်းစားလိုသည် ဖြစ်အံ့။ ဆရာသည် သုံးရေကိုပေး၍ ဆွမ်းကိုပေးရမည်။ တပည့်ကို သောက်ရေအလိုရှိသလောဟု မေးရမည်။ ဆွမ်းစားပြီးသော တပည့်အား ရေပေး၍ သပိတ်ကိုယူပြီး ဆေးကြောသုတ်သင်၍ နေပူလှမ်းထားရမည်။ တပည့်သည် ရေချိုးလိုသည်ဖြစ်အံ့၊ ချိုးရေကို စီရင်ရမည်။ ရေချိုးရာ၌ ချေးတွန်းခြင်းအမှုခပ်သိမ်းကို ပြုရမည်။ တပည့်နေသောကျောင်းသည် အမှိုက်ရှိအံ့။ စွမ်းနိုင်ပါမူ သုတ်သင်ရှင်းလင်းရမည်။" (မဟာဝဂ္ဂ၊ မဟာခန္ဓက)

ဤစကားများဖြင့် ဆရာသည် တပည့်အား သွန်သင်ဆုံးမရသောသူ ဖြစ်စေကာမူ အထ အခွင့်အရေး ခံစားရသည် မဟုတ်ကြောင်း ထင်ရှား၏။ ဥပဇ္ဈာယ်ဆရာသည် တ [illegible] က် ရဟန်းဝါကြီး၍ တတ်သိလိမ္မာသည် မှန်သော်လည်း စင်စစ် အမြဲအပြစ်ကင်း သာသူ မဟုတ်ရကား လမ်းမှားနေသောဆရာအား အမှန်ကို ညွှန်ပြရန်မှာ တပည့်၏ ဝတ်တရားဖြစ်ကြောင်း ဝိနည်းပိဋကတ်၌ ပြဆိုထား၏။

"ဆရာသည် မမွေ့မလျော်ခြင်း ဖြစ်ငြားအံ့၊ တပည့်သည် ဆရာအား အရပ်တစ်ပါးသို့ ကိုယ်တိုင်ခေါ်ဆောင်သွားရမည်။ သူတစ်ပါးကိုသော်လည်း ခေါ်ဆောင်သွားစေရမည်။

ဆရာအား တရားစကားကိုမူလည်း ဟောပြောရမည်။ ဆရာအားတွေးတောမှု သံသယ ကုက္ကုစ္စဖြစ်အံ့၊ တပည့်သည် ပယ်ဖျောက်ရမည်။ ဆရာသည်မှားသောအယူ ယူငြားအံ့၊ တပည့်က ဖြေရှင်းရမည်။ တရားစကားကိုမူလည်းဟောပြောရမည်။" (မဟာဝဂ္ဂ၊ မဟာ ခန္ဓက)

အထက်ပါ ဝိနည်းပါဠိတော်များကို ထောက်ချင့်၍ ဗုဒ္ဓသံဃာအဖွဲ့၌'သီတင်းသုံး ဖော် ရဟန်းအချင်းချင်း ဆက်ဆံမှုကို မဆိုထားဘိ၊ ဆရာနှင့်တပည့်၏ ဆက်ဆံမှုသည်ပင် အထက်နှင့်အောက် ဆက်ဆံမှုမျိုးမဟုတ်ဘဲ အတူနေမိတ်ဆွေနှစ်ဦး၏ တန်းတူရည်တူ ဆက်ဆံမှုမျိုးဖြစ်ကြောင်း သိအပ်၏။ စင်စစ် မဟာယာန ဝိနည်းကျမ်းများ၌ ဥပဇ္ဈာယ်ဆရာ ကို ကလျာဏမိတ္တဟု ခေါ်ဆိုထား၏။[၁] ဤသို့ အဆင့်အတန်းခွဲခြားမှု မရှိခြင်း၊ မည်သူ့ကိုမျှ အာဏာအပ်နှင်းမထားဘဲ အဖွဲ့ဝင်အားလုံး လွတ်လပ်မှုရှိခြင်းသည် ဗုဒ္ဓ သံဃာ၏ ထူးခြားသော လက္ခဏာဖြစ်၍ ထိုထူးခြားမှုသည် မူလအစက အိန္ဒိယဗုဒ္ဓဝါဒ၏ ပတ်ဝန်းကျင်အကြောင်းတရားပေါ်၌ အခြေတည်ခဲ့ပေလိမ့်မည်။ ဘီစီခြောက်ရာစုခေတ်က အိန္ဒိယပြည်မြောက်ပိုင်းတွင် ကောသလ၊ မဂဓစသော ဘုရင်အုပ်စိုးသည့် နိုင်ငံကြီး များနှင့်ယှဉ်၍ သက္က၊ မလ္လာ၊ ဝဇ္ဇီစသော နိုင်ငံငယ်များ ပေါ်ထွန်းခဲ့၏။ ထိုနိုင်ငံငယ် များ၌ ခတ္တိယခေါင်းဆောင်တို့သည် မကြာခဏ စည်းဝေး၍ တိုင်ပင်ဆွေးနွေးခြင်း မဲဆန္ဒဖြင့် ဆုံးဖြတ်ခြင်းစသော ဒီမိုကရေစီနည်းများဖြင့် တိုင်းရေးပြည်မှုကိစ္စများကို စီမံဆောင်ရွက်ကြ၏။ မဟာပရိနိဗ္ဗာနသုတ်၌ ဗုဒ္ဓက ဝဇ္ဇီမင်းတို့သည် မကြာခဏ အညီအညွတ် စည်းဝေး၍ တိုင်းရေးပြည်မှုကိစ္စများကို ဆောင်ရွက်နေကြသည့်နည်းတူ ရဟန်းတို့သည် မကြာခဏ စည်းဝေး၍ သံဃာကိစ္စများကို အညီအညွတ် ဆောင်ရွက် နေကြသမျှ ကာလပတ်လုံး ကြီးပွားတိုးတက်ရန်ရှိကြောင်း မိန့်ကြားသောစကားကို သတိပြုသင့်ပေသည်။

ထို့အပြင် ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓသံဃာသည် ဘုရင်များအုပ်စိုးသော ကောသလ၊ မဂဓစသည့် နိုင်ငံကြီးများ၌လည်း ထွန်းကားခဲ့၏။ သို့စဉ်လျက် ဗုဒ္ဓသံဃာ၌ ဘုရင် ကဲ့သို့သော အာဏာပိုင်ပုဂ္ဂိုလ် မရှိခြင်းသည် ဗုဒ္ဓကိုယ်တော်တိုင်က လွတ်လပ်မှုကို နှစ်သက်မြတ်နိုး၍ ရဟန်းတို့၏ ပုဂ္ဂလိက လွတ်လပ်မှုကို အားပေးလိုသောကြောင့်ဖြစ် သည်ဟု မှတ်ယူရပေမည်။

## (ဃ) ပါတိမောက်

မဟာပရိနိဗ္ဗာနသုတ်၌လာသော ဗုဒ္ဓဩဝါဒနှင့်အညီ ရဟန်းသံဃာသည် မကြာ ခဏ စည်းဝေး၍ ညီညီညွတ်ညွတ် ဆောင်ရွက်ရသောကိစ္စများရှိသည့်အနက် တစ်လလျှင် နှစ်ကြိမ် ဥပုသ်ပြုရသောကိစ္စသည် အရေးအကြီးဆုံး ကိစ္စဖြစ်၏။ ဤနေရာ၌ ဝဿကာရ

---

၁။ N. Dutt: Aspects of Mahayana Buddhism, pp. 312

ပုဏ္ဏားအား အရှင်အာနန္ဒာ မိန့်ကြားသောစကားကို သတိပြုရာ၏။

(ဝဿကာရပုဏ္ဏား) အာနန္ဒာ၊ အရှင်ဂေါတမက သင်တို့၏ ကိုးကွယ်ရာအဖြစ် ထားခဲ့သော ရဟန်းသည် မရှိ။ သံဃာက ကိုးကွယ်ရာအဖြစ် သမုတ်အပ်သောရဟန်းသည်လည်း မရှိ။ ဤသို့ ကိုးကွယ်ရာကင်းမဲ့ပါလျက် သင်တို့၏ ညီညွတ်ခြင်းကား အဘယ်ကြောင့်ပါနည်း။ (အာနန္ဒာ) ပုဏ္ဏားကြီး၊ ငါတို့သည် ကိုးကွယ်ရာ ကင်းမဲ့ကြသည် မဟုတ်၊ ငါတို့၌ တရားတည်းဟူသော ကိုးကွယ်ရာ ကင်းမဲ့ကြသည် မဟုတ်၊ ငါတို့၌ တရားတည်းဟူသော ကိုးကွယ်ရာရှိ၏။ မြတ်စွာဘုရားသည် သိက္ခာပုဒ် ပညတ်တော်မူ၍ ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူ၏။ တစ်ခုသောရွာ၏ အပိုင်းအခြားကိုမှီ၍ နေသော ရဟန်းတို့သည် ဥပုသ်နေ့၌ တစ်ပေါင်းတည်း စည်းဝေး၍ ပါတိမောက်ကို လေ့လာသောရဟန်းအား ရွတ်စေ၏။ ထိုသို့ရွတ်၍ ငါတို့သည် အာပတ်ရှိသော ရဟန်းအား တရားအားလျော်စွာ၊ ကျင့်သင့်သည်အားလျော်စွာ ပြုစေကြကုန်၏၊ ဤသို့ ပြုသည်ရှိသော် ထိုရဟန်းသည် သံဃာကပြုသည်မဟုတ်၊ တရားသည်သာပြုသည်ဟု နားလည်၏။" (မဇ္ဈိမနိကာယ်၊ ဂေါပကမောဂ္ဂလာနသုတ်)

အရှင်အာနန္ဒာဆိုလိုသော ပါတိမောက်ပြခြင်းသည် ဗုဒ္ဓဝါဒပေါ်ပြီးကာလ အတော်ကြာမှ ပေါ်လာသော သံဃာဝေလေ့ဖြစ်၏။ ပါတိမောက်သည် တစ်လလျှင်နှစ်ကြိမ် ဥပုသ်နေ့၌ ရဟန်းတို့ အညီအညွတ်စုဝေး၍ ကြားနာရသော ဝိနည်းသိက္ခာပုဒ် ပေါင်းချုပ်ဖြစ်မလာမီ အဆင့်နှစ်ဆင့်ကို ကျော်လွန်ခဲ့၏။ ဗုဒ္ဓသံဃာသမိုင်း၌ ရှေးအကျဆုံး ပါတိမောက်ပြခြင်းကို ဒီဃနိကာယ်၌ အောက်ပါအတိုင်း ပြဆိုထား၏။

"ဝိပဿီ မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ပြရသော် ကောင်းလေစွဟု အကြံဖြစ်ပေါ်လာ၏။ သို့ဖြစ်၍ ရဟန်းတို့သည် ခြောက်နှစ်တစ်ကြိမ် အရပ်ရပ်မှ လာရောက်စုဝေးကြပြီးလျှင် ဝိပဿီ မြတ်စွာဘုရားသည် ဤသို့ ပါတိမောက်ပြတော်မူ၏။

"သည်းခံခြင်းတရားသည် မြတ်သောအကျင့်ဖြစ်၏။ မြတ်စွာဘုရားသည် နိဗ္ဗာန်ကို အမြတ်ဆုံးဟု မိန့်ဆို၏။ ရဟန်းမည်သည် သူတစ်ပါးကို မညှဉ်းဆဲ။ အလုံးစုံသော မကောင်းမှုကို မပြုခြင်း၊ ကုသိုလ်ကောင်းမှုကို ပြည့်စုံစေခြင်း၊ မိမိ၏စိတ်ကို ဖြူစင်စေခြင်း၊ ဤသုံးပါးသည် ဘုရားရှင်၏ အဆုံးအမဖြစ်၏။ သူတစ်ပါးကို မစွပ်စွဲခြင်း၊ မညှဉ်းဆဲခြင်း ပါတိမောက် (သီလ)ကို စောင့်စည်းခြင်း အစားအစာ အတိုင်းအရှည်ကို သိခြင်း၊ လူသူမနီးသော ကျောင်း၌နေခြင်း၊ လွန်မြတ်သော စိတ်သမာဓိလုပ်ငန်းကို အားထုတ်ခြင်း၊ ဤခြောက်ပါးသည်လည်း ဘုရားရှင်တို့၏ အဆုံးအမပေတည်း။" (ဒီဃနိကာယ်၊ မဟာပဒါနသုတ်)

ဝိပဿီ မြတ်စွာဘုရားသည် ဤကမ္ဘာမှအထက် ကိုးဆယ့်တစ်ကမ္ဘာ၌ ပွင့်တော်မူသည် ဆိုရကား အထက်ပါ ပါတိမောက်သည် ဗုဒ္ဓသံဃာ၏ သမိုင်းဦးခေတ် ပါတိ

မောက်ဖြစ်ကြောင်း ထင်ရှား၏။ ခြောက်နှစ်မှတစ်ကြိမ် ပါတိမောက်ပြသည်ဆိုသော စကားဖြင့်လည်း ထိုသမိုင်းဦးခေတ်က ရဟန်းတို့သည် ဧကစာရီ တောနေရဟန်းများ ဖြစ်၍ နောက်ကာလမှာကဲ့သို့ ရဟန်းအားလုံး မကြာခဏ စုပေါင်း၍ ပါတိမောက်ကြား နာရန် မဖြစ်နိုင်ကြောင်း သိအပ်၏။ ထိုပါတိမောက်သည် ဝိနည်းပိဋကတ်လာ ပါတိ မောက်ကဲ့သို့ သိက္ခာပုဒ်ပေါင်းချုပ်မဟုတ်ဘဲ ရဟန်းတို့အားလုံး စုပေါင်း၍ ကြားနာသော အခြေခံဗုဒ္ဓဩဝါဒများဖြစ်၏။ တစ်နည်းဆိုသော် ထိုအခါက ပါတိမောက်ပြခြင်းသည် ယခုကာလ အသင်းအဖွဲ့များ မိမိတို့၏ ယုံကြည်ချက် (ဝါ) ဆုံးဖြတ်ချက်များကို ကြေညာရန် နှစ်ပတ်လည် စည်းဝေးပွဲများ ကျင်းပသကဲ့သို့ ရဟန်းတို့၏ ဩဝါဒခံယူပွဲ ကျင်းပခြင်းဖြစ်၏။

နောက်ကာလ၌ ရဟန်းတို့၏ ဩဝါဒခံယူမှုသည် ဥပုသ်နေ့၌ မိမိတို့ အမြဲ လိုက်နာစောင့်ထိန်းရမည့် ဝိနည်းသိက္ခာပုဒ်အားလုံးကို ရဟန်းတို့ စုပေါင်းကြားနာမှု၊ (ဝါ) ပါတိမောက်ပြမှုအဖြစ်သို့ ပြောင်းလဲသွား၏။ ရဟန်းတို့၏ ဥပုသ်ပြုမှုသည် ရှေးအိန္ဒိယတိုင်းသားတို့၏ ဘာသာရေး အမွေအနှစ်ဖြစ်၏။ ရှေးဝေဒခေတ်မှစ၍ အစဉ်အလာအားဖြင့် နေ့ထူးနေ့မြတ်ဖြစ်သော လပြည့်နှင့် လကွယ်နေ့များ၌ ပုဏ္ဏမာသနှင့် ဒသခေါ် ပူဇော်ပွဲများ ကျင်းပလေ့ရှိရာ ထိုအခါ၌ ဥပုသ်ဆောက်တည်သောသူသည် အစာမစားဘဲ မီးပူဇော်ထားသောအခန်းထဲသို့ ဝင်နေသောအခါ အနီးသို့ နတ်သိကြား များလာကြသည်ဟု အယူရှိ၍ ထိုနေ့များကို ဥပဝသနေ့ (ဥပ-အနီး၌ ဝသ- နေသည်)ဟု ခေါ်ကြသည်။[၁]

ရဟန်းတို့၏ ဥပုသ်ပြုမှု (ဝါ) ပါတိမောက်ပြမှု၏ မူလရည်ရွယ်ချက်မှာ ဝိနည်းသိက္ခာပုဒ်များကို မမေ့မလျော့စေရန်သာ မဟုတ်ဘဲ စောင့်ထိန်းမှုကို ကြီးကြပ်၍ ကူညီပံ့ပိုးရန်ဖြစ်၏။ စူဠဝဂ္ဂ၌ ဗုဒ္ဓသည် ရဟန်းသံဃာကို သမုဒ္ဒရာသည် အသေကောင်ပုပ် နှင့် မဆက်ဆံဘဲ အသေကောင်ပုပ်ရှိလျှင် လျင်စွာကမ်းသို့ကပ်စေသကဲ့သို့ ရဟန်းသံဃာ သည် ဒုဿီလပုဂ္ဂိုလ်နှင့် မဆက်ဆံဘဲ စည်းဝေး၍ ထိုပုဂ္ဂိုလ်ကို လျင်စွာနှင်ထုတ်ကြောင်း ဟောတော်မူခဲ့၏။ ဥပုသ်နေ့တစ်နေ့၌ ဗုဒ္ဓသည် စုဝေးနေသော ရဟန်းသံဃာ၌ ဒုဿီ လပုဂ္ဂိုလ်တစ်ဦး ပါဝင်နေသဖြင့် ပါတိမောက် ပြတော်မမူချေ။ ထိုပုဂ္ဂိုလ်ကို အရှင်မော ဂ္ဂလာန်က အခန်းပြင်သို့ ဆွဲကိုင်နှင်ထုတ်ပြီးသောအခါမှ ပါတိမောက် ပြတော်မူ၏။ (စာ-၂၆၅)

စင်စစ် အာပတ်ရှိသောရဟန်းသည် ပါတိမောက်ကို မနာအပ်၊ နာသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ အာပတ်ရှိသောရဟန်းသည် ပါတိမောက်ကိုနာမှု ရဟန်းတစ်ပါး ပါးက ပါတိမောက်ပြခြင်းကို တားနိုင်၏။ တစ်နည်းဆိုသော် ထိုပုဂ္ဂိုလ်ရှိနေစဉ် ပါတိမောက် မပြအပ်ကြောင်း သံဃာအား ပြောနိုင်၏။ စူဠဝဂ္ဂ၌ တရားနှင့်လျော်ညီသော

---

၁။ **S. Dutt: Early Buddhist Monachism, pp. 82**

ပါတိမောက်တားမြစ်ခြင်းကို အသေးစိတ်ပြထား၏။ ပါရာဇိကစသော အပြစ်ကြီးများ ရှိသော ရဟန်းမှသာ သံဃာဥပုသ်ပြုရာ၌ ပါဝင်ခွင့်ဆုံးရှုံးသည် မဟုတ်။ အကြောင်းယုတ္တိ ခိုင်လုံပါက ပါစိတ်စသော သေးငယ်သောအပြစ်များကြောင့်လည်း ပါတိမောက်ပြသော သံဃာစည်းဝေးပွဲမှ ပယ်ထုတ်ခြင်းခံရ၏။

ထို့ကြောင့် ပါတိမောက်ပြခြင်း၏ မူလရည်ရွယ်ချက်မှာ ရဟန်းသံဃာသည် အပြစ်ရှိသောရဟန်းနှင့်အတူ ဥပုသ်မပြုဘဲ ထိုသူအား ကြဉ်ထားခြင်းဖြင့် သံဃာ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်ဖြစ်၏။ နောက်ကာလ၌မူ ထိုရည်ရွယ်ချက်သည် ပျောက်ကွယ်၍ အပြစ်ရှိသောရဟန်းသည် မိမိ၏အပြစ်ကို သံဃာအလယ်၌ ထုတ်ဖော်ဝန်ခံခြင်းဖြင့် သံဃာသည် ထိုရဟန်းနှင့်အတူ ဥပုသ်ပြုနိုင်ကြောင်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓကနှင့် ပါတိမောက်နိဒါန်းစကား၌ ဖော်ပြထား၏။ ပါတိမောက်ပြသော ရဟန်းသည် သိက္ခာပုဒ် ၂၂၇ ပါးကို ပြဆိုထားသော ပါတိမောက်ကို ရွတ်ဆိုရ၏။ သိက္ခာပုဒ်များကို အမျိုးစုငါးစု ခွဲထား၍ တစ်စုကို ရွတ်ဆိုပြီးသောအခါတိုင်း အရှင်တို့သည် ဤအာပတ်များမှ စင်ကြယ်ကြပါ၏လော"ဟု သုံးကြိမ်တိတိ မေးရ၏။ ထိုအခါ၌ အပြစ်မရှိသော ရဟန်းတို့သည် ဆိတ်ဆိတ်နေ၍ အပြစ်ရှိသောရဟန်းသည် မိမိ၏အပြစ်ကို ထုတ်ဖော်ဝန်ခံရလေသည်။

သို့ဖြစ်၍ ထိုအခါက ပါတိမောက်ပြခြင်း၏ ရည်ရွယ်ချက်မှာ အပြစ်ရှိသော ရဟန်းအား သံဃာစည်းဝေးပွဲမှ ထုတ်ပယ်ရန် မဟုတ်တော့ဘဲ သံဃာအလယ်၌ မိမိအပြစ်ကို ဝန်ခံ၍ သတိတရား ရရှိစေရန်ဖြစ်၏။ သို့ရာတွင် နောက်ကာလ၌ ဤရည်ရွယ်ချက်သည်လည်း ပျောက်ကွယ်၍ အာပတ်သင့်သောရဟန်းသည် ပါတိမောက်မပြမီ ကြိုတင်၍ အခြားရဟန်းတစ်ပါးအား မိမိ၏အပြစ်ကို ထုတ်ဖော်ဝန်ခံခြင်းဖြင့် ပါတိမောက်ကို ကြားနာခွင့်ရှိကြောင်း မဟာဝဂ္ဂ၌လာ၏။ မဟာဝဂ္ဂ၏ အခြားတစ်နေရာ၌ ညွှန်ကြားထားချက်အရဆိုသော် အာပတ်သင့်သောရဟန်းသည် ဥပုသ်မပြုမီ အာပတ်ကို သတိမရ၍ မကုစားမိစေကာမူ အရေးမကြီးလှချေ။ အာပတ်သင့်သော ရဟန်းသည် ပါတိမောက်ပြနေစဉ် အာပတ်ကို သတိရပါက အနီးရှိ အခြားရဟန်းတစ်ပါးအား "ငါ့ရှင် ကျွန်ုပ်သည် ဤမည်သော အာပတ်သို့ရောက်၍ နေရာမှထသော် ထိုအာပတ်ကို ကုစားပါအံ့"ဟုဆို၍ ဥပုသ်ပြုရမည်၊ ပါတိမောက်ကြားနာရမည်ဖြစ်ကြောင်း မဟာဝဂ္ဂ၌ ဖော်ပြထား၏။

ဤသို့ဖြင့် ဗုဒ္ဓသံဃာ၏ သမိုင်းဦးခေတ်က ရဟန်းတို့ ဥပုသ်ပြု၍ ပါတိမောက် ကြားနာရာ၌ အပြစ်ရှိသောရဟန်းကို ပယ်ထုတ်ထားခြင်း၊ နောက်ကာလ၌ သံဃာအား မိမိအပြစ်ကို ထုတ်ဖော်ဝန်ခံသောရဟန်းကို ဥပုသ်ပြုရာ၌ ပါဝင်ခွင့်ပြုခြင်း၊ ထို့နောက် ဥပုသ်ပြုနေစဉ် ဝန်ခံရန်မလိုဘဲ ဥပုသ်မပြုမီ ရဟန်းတစ်ပါးပါးအား ဝန်ခံကုစား၍ ပါဝင်ခွင့်ရရှိခြင်း၊ ထိုမှနောက်၌ ဥပုသ်ပြုပြီးသည်အထိ အပြစ်ဝန်ခံကုစားမှုကို ဆိုင်း

ငံ့၍ ပါဝင်ခွင့်ရှိခြင်းဟူသော ညွှန်ကြားချက်အမျိုးမျိုးကို ဝိနည်းပိဋကတ်၌ တွေ့ရခြင်းမှာ အံ့သြဖွယ်ရာမရှိချေ။ အဘယ်ကြောင့်ဆိုသော် ပိဋကတ်စာပေ၌ အထင်အရှားပြဆိုထားသည့်အတိုင်း ရဟန်းဦးရေ တိုးပွားလာသည်နှင့်အမျှ အကျင့်သီလအရာ၌ အားနည်းချွတ်ယွင်းသော ရဟန်းတို့လည်း တစ်နေ့တခြား များပြားလာရကား ဗုဒ္ဓသည် ဝိနည်းဥပဒေများကို ရဟန်းသံဃာ၏ အခြေအနေအရ ပြောင်းလဲပြင်ဆင်တော်မူကြောင်း ကျွန်ုပ်တို့ သိမှတ်ထားရပေမည်။

ဗုဒ္ဓသည် သံဃာကိစ္စများကို ညီညီညွတ်ညွတ် ဆောင်ရွက်ကြရန် အလေးအနက်ဟော၏။ ဗုဒ္ဓလိုလားသော ညီညွတ်မှုသည် ယခုခေတ်လူများ နားလည်သော အများစုညီညွတ်မှု မဟုတ်ချေ။ ရဟန်းဦးရေနည်းပါးသော သံဃာ၏သမိုင်းဦးခေတ်နှင့် ဆီလျော်သော ကျပ်ပြည့်တင်းပြည့် ညီညွတ်မှုမျိုးဖြစ်၍ သံဃာ၏ ဥပုသ်ပြုမှုနှင့် ပတ်သက်သော ညွှန်ကြားချက်များ၌ ထင်ရှား၏။

သံဃာသည် ဥပုသ်ပြုရာ၌ အာဝါသအတွင်းရှိ စင်ကြယ်သောရဟန်းမှန်သမျှ တစ်ဦးမကျန် တက်ရောက်ရန်လို၏။ ရဟန်းအားလုံး မတက်ရောက်ပါက ထိုဥပုသ်ကံသည် တရားနှင့်လျော်သည်ဆိုစေ အစုကွဲသော ဥပုသ်ကံဖြစ်၍ ဘုရားရှင် ခွင့်ပြုတော်မမူချေ။ အစုကွဲသော ဥပုသ်ကံမဖြစ်စေရန် ဆောင်ရွက်ရမည့်ကိစ္စများကို ဝိနည်းကျမ်းများ၌ အတိအကျ ပြဆိုထား၏။ ဥပုသ်နေ့၌ ဖျားနာသောရဟန်းသည် ဥပုသ်ပြုမည့်သံဃာအား မိမိ၏ စင်ကြယ်မှုကို ကြားသိစေရ၏။ မဟာဝဂ္ဂ၌ ထိုသို့ကြားသိစေခြင်းကို ပါရိသုဒ္ဓိပေးခြင်းဟုခေါ်၏။ နာဖျားသောရဟန်းသည် အခြားရဟန်းတစ်ပါးအား "ပါရိသုဒ္ဓိကို ပေးပါ၏။ ကျွန်ုပ်၏ ပါရိသုဒ္ဓိကို ဆောင်ယူ၍ သံဃာအားပြောကြားပါလော"ဟု ပန်ကြားရ၏။ ပါရိသုဒ္ဓိကို ဆောင်ယူမည့် ရဟန်းမရှိပါက နာဖျားသောရဟန်းကို ညောင်စောင်းဖြင့် သံဃာ့အလယ်သို့ ယူဆောင်၍ ဥပုသ်ပြုရ၏။ ရောဂါအခြေအနေအရ ရဟန်းကို ရွှေ့ပြောင်းရန် မဖြစ်နိုင်ပါက သံဃာသည် သူနာရဟန်းရှိရာသို့သွား၍ ဥပုသ်ပြုရ၏။

ထေရဝါဒ ပါတိမောက်၌ သိက္ခာပုဒ်-၂၂၇ ပါး ပြဆိုထား၏။ သဗ္ဗတ္ထိဝါဒ ပါတိမောက်၌ သိက္ခာပုဒ်-၂၆၃ ခုရှိ၍ မဟာသံဃိကပါတိမောက်၌ ၂၁၈ ခုရှိ၏။[၁] အင်္ဂုတ္တရနိကာယ်နှင့် မိလိန္ဒပဉှာ၏ အဆိုအားဖြင့် ပါဠိပါတိမောက်၌ သိက္ခာပုဒ်-၁၅၀သာရှိကြောင်း သိရ၏။ သိက္ခာပုဒ်-၂၂၇ ခုဖြစ်လာခြင်းမှာ သေခိယသိက္ခာပုဒ်များ ပေါင်းထည့်ခြင်းကြောင့် ဖြစ်ဟန်ရှိ၏။ ပါဠိပါတိမောက်ကို တရုတ်တိဗက် ပါတိမောက်များနှင့် နှိုင်းယှဉ်လေ့လာသော ပညာရှင်တို့က သေခိယများသည် မူလကမပါဝင်ဘဲ နောက်မှထည့်သွင်းထားသော သိက္ခာပုဒ်များဖြစ်သည်ဟု ယူဆကြ၏။

"ရဟန်းဦးရေနည်းပါး၍ သံဃာ၌ အပြစ်ထင်ရှား မဖြစ်သေးသမျှ ကာလပတ်

၁။ **M. Pachow: A Comparative Study of Patimokkha**

လုံး ဘုရားရှင်က သိက္ခာပုဒ်များ ပညတ်တော်မမူ။ သံဃာသည် လာဘ်များ၍ ရဟန်း ပြုသူ ပေါ်များလာမှ၊ သံဃာ၌ အပြစ်ဘေးအန္တရာယ်များ ထင်ရှားပေါ်လာမှ သိက္ခာပုဒ် များကို ပညတ်တော်မူရ၏" (မဇ္ဈိမနိကာယ်၊ ဘဒ္ဒါလိသုတ်)။ ရဟန်းသံဃာသည် ဗုဒ္ဓ ထင်ရှားရှိစဉ်ကနည်းတူ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးနောက်ကာလ၌လည်း အခြေအနေ ပြောင်းလဲ၍ သိက္ခာပုဒ်များ တိုးပွားလာခဲ့တန်ရာ၏။ အနောက်တိုင်း ပါဠိပညာရှင်တို့၏ အဆိုအား ဖြင့် လက်ရှိ ပါဠိဝိနည်းပိဋကတ်သည် ပထမသင်္ဂါယနာတင် ဝိနည်းပိဋကတ်နှင့် ထပ်တူဖြစ်သည် မဟုတ်ဘဲ ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်ပြီးနောက် နှစ်ပေါင်းတစ်ရာကျော်လောက်မှ ပုံသေအတည်ပြုခြင်း ပြီးဆုံးသည်ဟု ယူဆဖွယ်ရှိ၏။

တစ်ခါသော် ဗုဒ္ဓသည် သုံးလပတ်လုံး တစ်ပါးတည်း ကိန်းအောင်းနေတော်မူလို ရကား သာဝတ္ထိသံဃာသည် ဆွမ်းပို့ဆောင်သော ရဟန်းမှတစ်ပါး အခြားမည်သူမျှ ဘုရားရှင်ထံသို့ မချဉ်းကပ်ရ။ ချဉ်းကပ်သောရဟန်းသည် ပါစိတ်အာပတ်ကို ကြားနာ ရမည်ဟု ကတိကဝတ်ပြုကြ၏ (နိဿဂ္ဂိယ ၁၅)။ မဟာဝဂ္ဂ၌လည်း သာဝတ္ထိသံဃာ သည် ဝါတွင်း၌ ရှင်ရဟန်းမပြုအပ်ဟု ကတိကဝတ်ပြုကြ၍ နောက်မှ ဘုရားရှင်၏ အမိန့်အရ ထိုကတိကဝတ်ကို ပယ်ဖျက်ရကြောင်း ပြဆိုထား၏။ ဤသို့ ရဟန်းသံဃာ သည် ဘုရားရှိစဉ်ကပင် ရဟန်းများ လိုက်နာရန် စည်းကမ်းချမှတ်ခဲ့ပါက ဝိနည်းပိဋကတ်မှ အချို့သော သိက္ခာပုဒ်များသည် ရဟန်းသံဃာ၏ လက်ရာဖြစ်သည်ဟု ကျွန်ုပ်တို့ မဆိုနိုင်စရာ အကြောင်းမရှိချေ။

ဝိနည်းပိဋကတ်၌ သိက္ခာပုဒ်အသီးသီးကို ဘုရားရှင်က မည်သည့်နေရာ၌ မည်သူ့ကို အကြောင်းပြု၍ ပညတ်တော်မူခဲ့ကြောင်း စေ့ငုသေချာစွာ ဖော်ပြထား၏။ အချို့သော ထိုနိဒါန်းဝတ္ထုများသည် ဗုဒ္ဓလက်ထက်က ဧကန်ဖြစ်ပွားမှုများအပေါ်၌ အခြေတည်ခဲ့ပေလိမ့်မည်။

## (င) သံဃာကံ

အာဝါသတစ်ခုအတွင်း၌ မှီတင်းနေထိုင်သော သံဃာသည် ကိုယ်ပိုင်အုပ်ချုပ်ရေးရှိ၍ တသီးတခြား လွတ်လပ်သောအဖွဲ့ဖြစ်၏။ ရဟန်းတို့၏ ကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရ၍ ထိုဆောင်ရွက်မှုကို သံဃာ့ကံ (သံဃကမ္မ)ဟု ခေါ်၏။ သံဃာ့ကံနှစ်မျိုးရှိရာ ပထမအမျိုးမှာ ဥပုသ်ပြုခြင်း ပဝါရဏာပြုခြင်း၊ ရဟန်းခံခြင်းစသော ထုံးတမ်းစဉ်လာလုပ်ရိုးလုပ်စဉ်ကိစ္စများဖြစ်၍ အခြားတစ်မျိုးမှာ ရဟန်းတို့ သိက္ခာပုဒ်ကျူးလွန်ရာမှသော်လည်းကောင်း၊ ဝိဝါဒကွဲပြားရာမှသော်လည်းကောင်း ဖြစ်ပေါ်လာသော မှုခင်းများကို စီရင်ဆုံးဖြတ်ရသည့် သံဃာကံများဖြစ်၏။

သံဃာ့ကံသည် တရားဝင်ရန် ဝိနည်းဥပဒေနှင့် ညီညွတ်ဖို့လို၏။ တရားဝင်သံဃာ့ကံ ဖြစ်ရန်အတွက် အရေးအကြီးဆုံးမှာ အာဝါသအတွင်းရှိ ရဟန်းအားလုံး ပါဝင်ဆောင်ရွက်မှုဖြစ်၏။ အစည်းအဝေးသို့ မတက်ရောက်နိုင်သော ရဟန်းသည် အာဝါသ၏အပသို့ ခေတ္တသွားရောက် နေထိုင်ရ၏။ သို့တည်းမဟုတ် အခြားရဟန်းတစ်ပါးမှတစ်ဆင့် ဆန္ဒပေးရ၏။ သံဃာ့ကံ အမျိုးအစားကိုလိုက်၍ တရားဝင်ဖြစ်စေရန် အစည်းအဝေး၌ အနည်းဆုံး လိုအပ်သော ရဟန်းဦးရေကို သတ်မှတ်ထား၏။ ထိုရဟန်းဦးရေသည် ကော်မတီမဟုတ်ဘဲ အာဝါသအတွင်းရှိ ရဟန်းဦးရေကို ဆိုလိုခြင်းဖြစ်၏။ ထိုလိုအပ်သော သံဃာ၌ ရဟန်းမိန်းမ၊ သာမဏေ၊ သာမဏေမ၊ အာပတ်မကုစားသဖြင့် နှင်ထုတ်ထားသော ရဟန်းစသော ပုဂ္ဂိုလ် ၂၄ ဦး မပါဝင်ချေ။ ဝိနည်းဥပဒေနှင့် မညီညွတ်သော၊ သံဃာကံဖြင့် ချမှတ်သော ဆုံးဖြတ်ချက်သည် တရားမဝင်ဘဲ အခြား သံဃာအစည်းအဝေး၌ ထိုကိစ္စကို တင်ပြနိုင်၏။ တရားဝင်သံဃာ့ကံဖြင့် စီရင်ဆုံးဖြတ်ပြီးသောကိစ္စကိုမူ ပြန်လည်တင်ပြခွင့် မရှိချေ။

ရဟန်းတို့၏ ဝိဝါဒကွဲပြားမှုနှင့် သိက္ခာပုဒ် ကျူးလွန်မှုမှ ဖြစ်ပေါ်လာသော အငြင်းပွားမှု (အဓိကရဏ်း)များကို သံဃာက စီရင်ဆုံးဖြတ်ရ၏။ ဆုံးဖြတ်ရမည့်ကိစ္စသည် ကြီးလေးသော ဝိဝါဒါဓိကရဏ်းဖြစ်၍ တညီတညွတ်တည်း ဆုံးဖြတ်ရန် မဖြစ်နိုင်သောအခါအများ၏ဆန္ဒကိုယူရ၏။ ရှေးဦးစွာ အဂတိလေးပါးကင်း၍ မဲဆန္ဒယူရာ၌ ကျွမ်းကျင်နားလည်သော ရဟန်းတစ်ပါးကို သံဃာက ခန့်အပ်ရ၏။ ထိုရဟန်းသည် အခြေအနေအရ လျှို့ဝှက်သောနည်းဖြင့် သော်လည်းကောင်း၊ လူသိရှင်သိ သော်လည်းကောင်း မဲဆန္ဒယူ၍ အကယ်၍ အများ၏ဆန္ဒသည် မတရားသောဆန္ဒဖြစ်သည်ဟု ထင်မြင်ပါက ထိုအများဆုံးဖြတ်ချက်ကိုပယ်၍ နောက်တစ်ဖန် မဲဆန္ဒယူနိုင်သော အခွင့် အာဏာရှိ၏။

ဤအခွင့်အာဏာကို ယေဘုယျသိကာဝိနည်းဖြင့် ဆုံးဖြတ်ရသော အမှုများ၌ မဲပေးရဟန်းအား အပ်နှင်းထား၏။ ရည်ရွယ်ချက်မှာ အများဆန္ဒဖြင့် ဆုံးဖြတ်ရာ၌ ဒီမိုကရေစီ အခွင့်အရေး အလွဲသုံးစားပြုမှု မပေါ်ပေါက်စေရန် ဖြစ်ဟန်ရှိ၏။ ရဟန်းတို့၏

မှုခင်းများ စီရင်ဆုံးဖြတ်ရာ၌ တရားမျှတမှုရှိစေရန် အခြားစည်းကမ်းများ သတ်မှတ်ထား၏။ အမှုစွပ်စွဲခံရသောသူ၏ မျက်ကွယ်၌ စစ်ဆေးခြင်းမပြုရ။ သူတစ်ပါးအား မတရားစွပ်စွဲသောရဟန်းသည် သံဃာဒိသိသ် သို့မဟုတ် ပါစိတ်အာပတ်သင့်၏။ အမှုစစ်ဆေးနေစဉ် မည်သူမျှ ဆန္ဒမပေးဘဲ မိမိနေရာမှ ထမသွားရ။ တရားခံရဟန်းသည် ဝိနည်းမိုရ်ပုဂ္ဂိုလ်၏ အဆုံးအဖြတ်ကို မခံယူဘဲ သံဃာ၏ ဆုံးဖြတ်ချက်ကိုသာ လက်ခံရမည်ဖြစ်၏။

ပါရာဇိက သိက္ခာပုဒ်လေးပါးအနက် တစ်ပါးကို ကျူးလွန်သောရဟန်းသည် ရဟန်းအဖြစ်မှ လျော့ကျ၍ သံဃာဒိသိသ် သိက္ခာပုဒ်-၁၃ ပါးအနက် တစ်ပါးကို ကျူးလွန်သောရဟန်းသည် အပြစ်ထင်ရှားပါက ပရိဝါသနှင့် မာနတ္တအပြစ်ဒဏ်ပေးခြင်းခံရ၏။

ပရိဝါသအပြစ်ဒဏ်ခံရသော ရဟန်းသည် ဥပဇ္ဈာယ်ဆရာအဖြစ်ဖြင့် ပဋ္ဌင်းခံမပေးရ။ နိဿရည်းမပေးရ။ သာမဏေ၏ လုပ်ကျွေးပြုစုခြင်းကို မခံယူရ။ ရဟန်းမိန်းမတို့ကို မဆုံးမရ။ အခြားရဟန်း၏ ဉပုသ်နှင့် ပဝါရဏာကို ဆိုင်းငံ့မထားရ။ အကြီးအမှူးနေရာကို မယူရ။ အခြားရဟန်း၏ရှေ့မှ မသွားရ၊ မထိုင်ရ။ အယုတ်ညံ့ဆုံးနေရာကို ထိုရဟန်းအား ပေးရ၏။ အခြားရဟန်းများနှင့်အတူ တစ်မိုးတည်းသော ကျောင်းဇရပ်စသည်၌ မနေရ။ တစ်နေရာတည်း၌ အတူမထိုင်ရ။ ဤသို့ဖြင့် အခြားရဟန်းတို့ရှိသော အခွင့်အရေးများစွာကို စွန့်လွှတ်ရ၏။

မာနတ္တအပြစ်ဒဏ်သည် ပရိဝါသ အပြစ်ဒဏ်နှင့် များစွာခြားနားခြင်းမရှိချေ။ အပြစ်ထင်ရှားသော ရဟန်းသည် မိမိအပြစ်ကို ဝန်ခံပါက မာနတ္တဒဏ်ကိုသာ ခံရ၍ ဝန်မခံပါက အပြစ်ဒဏ်နှစ်မျိုးကို ခံရ၏။ မာနတ္တဒဏ်သည် ခြောက်ရက်မျှသာခံရ၍ ပရိဝါသဒဏ်ကိုမူ ထိုသို့ အချိန်ကာလ တရားသေကန့်သတ်မထားဘဲ မိမိကျူးလွန်ထားသည့် ကာလအားလျော်စွာ အပြစ်ဒဏ်ခံရသည်။ အပြစ်ဒဏ်ခံရသောရဟန်းသည် ရက်စေ့သောအခါ မိမိအား ရဟန်းကောင်းအဖြစ် ပြန်လည်အသိအမှတ်ပြုရန် ရဟန်းဦးရေနှစ်ဆယ်ထက်မနည်းသော သံဃာအား ပန်ကြားရ၏။ သံဃာသည် ဆိတ်ဆိတ်နေခြင်းဖြင့် ပြန်လည်လက်ခံရန် သဘောတူညီကြောင်း ဆန္ဒပြကြရ၏။

တရားဝင် သံဃာ့ကံဖြစ်မြောက်ရန်အတွက် အထူးလိုအပ်ချက်မှာ ရဟန်းအားလုံး ညီညီညွတ်ညွတ် တစ်ပေါင်းတစ်စည်းတည်း ဆန္ဒပေးမှုဖြစ်၏။ ထိုညီညွတ်မှုမျိုးကို အမိန့်ပေးစနစ် အာဏာရှင်စနစ် ကင်းမဲ့၍ ပုဂ္ဂလိကလွတ်လပ်မှုကို အားပေးသော ဗုဒ္ဓသံဃာ၌ အမြဲရရှိရန် မဖြစ်နိုင်ချေ။ ထိုသို့ သံဃာသည် မညီညွတ်သောအခါ တစ်ခါတစ်ရံ သံဃဘေဒ (ဝါ) သံဃာကွဲပြားမှု ဖြစ်ပေါ်လာ၏။

သံဃာ၏ကွဲပြားမှုသည် ဘုရားရှင်၏ ဒေသနာ သြဝါဒ ပညတ်ချက် စသည်တို့နှင့်စပ်သော သဘောအယူအဆ ကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာလေ့ရှိ၏။ ထိုသဘောကွဲလွဲမှု ၁၈ မျိုးကို ဝိဝါဒါဒိကရဏ်းဖြစ်ခြင်း၏ အကြောင်းတရားများအဖြစ်ဖြင့် စူဠဝဂ္ဂ သမထ

ကွန္ဒကဥ္ဖြဲ ပြဆိုထားရကား ဝိဝါဒ အငြင်းပွားမှုနှင့် သံဃဘေဒကို ခွဲခြားဖို့လို၏။ သဘောအယူအဆ ကွဲလွဲမှုသည် သံဃာအား တင်ပြ၍ သံဃာ၏ဆုံးဖြတ်ချက်ဖြင့် ပြီးဆုံး၏။ ထိုတရားဝင် သံဃာ့ကံဖြင့် ဆုံးဖြတ်ချက်ကို လက်မခံသော သို့မဟုတ် ဝေဖန်သော ရဟန်းသည် ပါစိတ်အာပတ်သင့်၏။

သဘောအယူအဆ ကွဲလွဲမှုသည် မှုမှန်၍ ရိုးသားသော ကွဲလွဲမှုဖြစ်ပါက သံဃာကွဲပြားမှု အကျိုးဆက်ဖြစ်ပေါ်ရန် အကြောင်းမရှိချေ။ မှုမမှန်ဘဲ မရိုးသားသော သဘောကွဲလွဲမှုသည်ကား မူလကပင် သံဃာကွဲပြားမှုသို့ ဦးတည်ချက်ရှိ၍ ထိုသို့ သံဃာကွဲပြားစေရန် အားထုတ်မှု (သံဃဘေဒကံ)ကို ဝိနည်းပိဋကတ်၌ ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချထား၏။ ထိုသံဃဘေဒကံမျိုးမှာ ဒေဝဒတ်က ရဟန်းတို့ကျင့်စဉ်နှင့် ပတ်သက်၍ ဗုဒ္ဓနှင့်မိမိ သဘောအယူအဆ ကွဲလွဲမှုကို အကြောင်းပြပြီးလျှင် သံဃာ၏ ဦးစီးခေါင်းဆောင်ဖြစ်ရန် အားထုတ်သော သာဓကေ၌ ထင်ရှား၏။

သို့ရာတွင် အယူအဆ ကွဲလွဲမှုသည် စေတနာမှန်ကန်၍ ရိုးသားသော ကွဲလွဲမှု ဖြစ်စေကာမူ တစ်ခါတစ်ရံ သံဃာကွဲပြားမှုသည် ဝိဝါဒ အငြင်းပွားမှုမှ စတင်ဖြစ်ပေါ် လာပေမည်။ ဆိုင်ရာရဟန်းသည် သံဃာ၏ ဆုံးဖြတ်ချက်ကို လက်မခံဘဲ မိမိ၏ ယုံကြည်ချက်ကို ရိုးသားစွာ အစွဲအမြဲ ခံယူထားပေမည်။ သံဃာအဖွဲ့ထဲ၌လည်း သူ့ကို ထောက်ခံသော ရဟန်းအချို့ရှိပေမည်။ ဤသို့သော အခြေအနေ၌ သံဃာနှစ်ခြမ်းကွဲခြင်းကို တားဆီးရန် လွယ်ကူမည် မဟုတ်ချေ။ အမှန်ဆိုသော် ဤနည်းဖြင့်ပင် ဘိက္ခုသံဃာသည် ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်းတစ်ရာခန့် ကြာသောအခါ ဂိုဏ်းကြီး ၁၈ ဂိုဏ်းကွဲခဲ့ခြင်း ဖြစ်ပေမည်။

ထိုသို့ ဗုဒ္ဓသာသနာသမိုင်း၌ အကြီးအကျယ် သံဃာဂိုဏ်းကွဲခြင်းနှင့် ယနေ့ ဗုဒ္ဓဘာသာနိုင်ငံ အားလုံးလိုလို၌ ဗုဒ္ဓဝါဒဂိုဏ်း အမျိုးမျိုး အနည်းအများရှိနေခြင်းသည် စင်စစ် မထူးဆန်းလှချေ။ ဗုဒ္ဓဝါဒသည် အာဏာဖြင့် ဦးစီးခေါင်းဆောင်မှုစနစ်၊ အမိန့်ပေးစနစ်ကိုပယ်၍ လွတ်လပ်စွာ ဆင်ခြင်သုံးသပ်မှု၊ လွတ်လပ်စွာယုံကြည်မှုကို အားပေးသောဝါဒဖြစ်၏။ "ဤအယူသည်သာမှန်၍ အခြားအယူအားလုံးသည် အချည်းနှီးဖြစ်သည်ဟု မထင်မှတ်သင့်"ဟူသော ဗုဒ္ဓဩဝါဒနှင့်အညီ ဗုဒ္ဓဝါဒီသည် အယူတစ်ခုကို မနှစ်သက်သော်လည်း ထိုအယူကို လက်ခံထားသောသူ၏ လွတ်လပ်စွာ တွေးခေါ်ယုံကြည်ခွင့်ကို လေးစားရပေမည်။

ထို့ကြောင့် ဗုဒ္ဓသည် သန့်ရှင်းသော စေတနာဖြင့် အယူအဆကွဲလွဲရာမှ ဖြစ်ပေါ် လာသော သံဃာကွဲပြားမှုကို များစွာကဲ့ရဲ့ပြစ်တင်ခြင်း ပြုတော်မမူချေ။ တစ်ခါသော် ကောသမ္ဗီပြည်ရှိ ရဟန်းတို့သည် အကြီးအကျယ် ဝိဝါဒအငြင်းပွား၍ ဘုရားရှင်က ဆုံးမသော်လည်း မရသဖြင့် အခြားအရပ်ဒေသသို့ ကြွသွား၏။ ထိုအခါ လူတို့သည် ရဟန်းတို့ကို မကျေမနပ်ဖြစ်၍ အဆက်ဖြတ်လိုက်သောအခါမှ ရဟန်းတို့သည် သတိတရား

ရ၍ ဘုရားရှိရာ သာဝတ္ထိပြည်သို့ သွားကြ၏။ မဟာပဇာပတိ ဂေါတမီသည် ထိုငြင်းခုံ စကားများလေ့ရှိသော ရဟန်းတို့အပေါ် မိမိ မည်သို့ကျင့်ရပါမည်နည်းဟု ဗုဒ္ဓအား လျှောက်သော် ဗုဒ္ဓက "သင်သည် နှစ်ဖက်သော သံဃာ၌ တရားနာ၍ အမှန်တရားကို ဆိုသော ရဟန်းတို့၏အမြင်နှင့် ခံယူချက်ကို လေ့လာလော့"ဟု မိန့်ကြား၏။ အနာ ထပိဏ်သူဌေးနှင့် ဝိသာခါတို့အား နှစ်ဖက်သောသံဃာကို ပေးလှူပြီး တရားနာရန် မိန့်ကြား၍ ထိုရဟန်းများအဖို့ ကျောင်းအိပ်ရာနေရာနှင့် ဆွမ်းစသည်တို့ စီမံပေးရန် အရှင်သာရိပုတ္တရာအား ညွှန်ကြားတော်မူ၏။ (မဟာဝဂ္ဂ ကောသမ္ဗကက္ခန္ဓက)

မူလပထမက ဗုဒ္ဓသည် ရဟန်းဦးရေနည်းပါးသော သံဃာ၏သမိုင်းဦးခေတ်နှင့် လျော်ညီသည့် ရာခိုင်နှုန်းပြည့် သံဃာညီညွတ်မှုကို ကူညီပံ့ပိုးပေးမည့် သိက္ခာပုဒ်များကို ပညတ်တော်မူခဲ့၏။ ရဟန်းပြုသူ ပေါများလာသော နောက်ကာလ၌ အထက်ပါသာ ကေမှာကဲ့သို့ အယူအဆကွဲလွဲ၍ အငြင်းပွားမှုသည် အုပ်မနိုင်ထိန်းမရ ပြင်းထန်လာသော အခါ၌ပင် ဗုဒ္ဓကို ရိုသေလေးစားကြသောကြောင့် သံဃာဂိုဏ်းကွဲမှု မဖြစ်ပေါ်ခဲ့ချေ။ ယနေ့ကမ္ဘာပေါ်ရှိ အမျိုးမျိုးသော သံဃာဂိုဏ်းများကို ဗုဒ္ဓတွေ့မြင်ပါက မည်သို့မိန့်ကြား မည် မသိရသော်လည်း သေချာသောအချက်မှာကား ဗုဒ္ဓသည် အချို့သော ဝါဒနှင့် ကျင့်စဉ်များကို မနှစ်သက်စေကာမူ မည်သို့မျှ မဝေဖန်ဘဲ ဆိတ်ဆိတ်နေတော်မူမည် ဖြစ်၏။

စင်စစ် ရိုးသားသန့်ရှင်းသော စေတနာဖြင့် အယူအဆကွဲလွဲ၍ ဂိုဏ်းသစ်တည် ထောင်ခြင်းသည် ဗုဒ္ဓ၏အလိုအားဖြင့် မကောင်းမှု အပြစ်မဟုတ်ကြောင်း ဝိနည်းပိဋကတ်၌ ထင်ရှား၏။ "ဥပါလိ၊ ဤသာသနာတော်၌ ရဟန်းသည် မတရားကို တရားဟုပြ၏။ ဝိနည်းကို ဝိနည်းမဟုတ်ဟုပြ၏။ ဘုရားရှင် မဟောသည်ကို ဟောသည်ဟုပြ၏။ ... ထိုသို့ပြရာ၌ အယူကွဲခြင်းသည် တရားသည်ဟု ယုံကြည်၏။ မိမိ၏ အယူအဆ၊ မိမိ၏ နှစ်သိမ့်သဘောတူညီမှုကို ဖုံးမထားဘဲ၊ မိမိရည်မှန်းချက်ကို ဖုံးမထားဘဲ ဤကား ဓမ္မတည်း။ ဤကား ဝိနယတည်း။ ဤကား ဘုရားရှင်၏ အဆုံးအမတည်း။ ဤ အဆုံး အမကို ယူကုန်လောဟုဆို၍ စာရေးတံကို ယူစေ၏။ ထိုသို့ သံဃာသင်းခွဲသော ရဟန်းသည် အပါယ်ငရဲမကျအံ့သောသူ၊ အာယုကပ်လတ်လုံး မတည်အံ့သောသူ၊ ကုစားကောင်း သောသူဖြစ်၏" (စူဠဝဂ္ဂ သံဃဘေဒကက္ခန္ဓက)။

ဘိက္ခုသံဃာသည် တစ်သွေးတစ်သံ တစ်မိန့်စနစ်ကို ဆန့်ကျင်၏။ ရဟန်းတို့သည် ဥပသမ္ပဒကံဆောင်စဉ်က ဤအယူ၊ ထိုအယူများကို ရာသက်ပန် လက်ခံယုံကြည် ပါမည်ဟု ကတိပြုခဲ့ကြသည် မဟုတ်။ ဗုဒ္ဓဝါဒသည် လူတိုင်း၏ လွတ်လပ်စွာ တွေးခေါ် ယုံကြည်မှုကို လေးစား၏။ မိမိအယူကို မြှင့်တင်၍ အခြားအယူအား နှိပ်နယ်ခြင်းကို တားမြစ်၏။ ရဟန်းသည် အလိုနည်း၍ သားမယားနှင့် ကိုယ်ပိုင်ပစ္စည်းဥစ္စာ သံယောဇဉ်လည်း မရှိရကား စဉ်းစားတွေးခေါ်၍ အမှန်တရားကို ရှာကြံရာ၌ များစွာ လွတ်လပ်၏။ စင်စစ် ကမ္ဘာ့ဘာသာ ဝါဒသမိုင်း၌ ဗုဒ္ဓသံဃာသည် ဒီမိုကရေစီနှင့်

လွတ်လပ်မှုကို အများဆုံး ဦးစားပေးသော ဘာသာရေးအဖွဲ့ဖြစ်ကြောင်း ယုံမှားဖွယ်ရာ မရှိချေ။

## (စ) ဘိက္ခုနီသံဃာ

ဗုဒ္ဓသည် အချို့ဗုဒ္ဓဝါဒီတို့ ထင်သကဲ့သို့ မိန်းမများကို နှိပ်နယ်၍ မဟောဘဲ တစ်ခါတရံ ချီးမွမ်းတော်မူကြောင်း 'ဗုဒ္ဓ' အခန်း၌ ပြဆိုခဲ့ပေပြီ။ မိန်းမများသည် အမှန်တကယ် ကြိုးစားအားထုတ်ပါက မဂ်ဖိုလ်နိဗ္ဗာန် ရရှိနိုင်ကြောင်း မိန်းမများအား ရဟန်းပြုခွင့်ပေးရန် ပန်ကြားသော အရှင်အာနန္ဒာအား အတိအလင်း မိန့်ကြားတော်မူခဲ့၏။ ရဟန်းပြုလိုသော မိထွေးတော်ဂေါတမီ၏ အလိုဆန္ဒကို ချက်ချင်းမလိုက်လျောခဲ့ခြင်းမှာ ထိုခေတ်က မိန်းမများကို အထင်သေးသောလူတို့၏ အစဉ်အလာ ယုံကြည်ချက်ကို မဆန့်ကျင်လိုသောကြောင့် ဖြစ်ရပေမည်။ စင်စစ် မိန်းမများအား ရဟန်းပြုခွင့်မပေးလိုသောသူတို့မှာ လူပုဂ္ဂိုလ် ဗုဒ္ဓဝါဒီတို့ အထဲ၌သာမက ဘိက္ခုသံဃာထဲ၌လည်း အတော်များများရှိ၏။ သို့ဖြစ်၍ ပထမသင်္ဂါယနာတင်ပွဲ၌ မထေရ်ကြီးများက မိန်းမများ ရဟန်းပြုခွင့်ရရှိရန် အားထုတ်ခဲ့သော အရှင်အာနန္ဒာကို ဝိုင်းဝန်းအပြစ်တင်ကြ၏။ ထိုမထေရ်ကြီးတို့သည် မိန်းမများ ရဟန်းပြုခြင်းကြောင့် သာသနာအား အကျိုးယုတ်ပုံကို ထောက်မပြဘဲ "ငါ့ရှင်အာနန္ဒာ၊ ဘုရားရှင်၏ သာသနာ၌ မာတုဂါမများ ရဟန်းပြုခွင့်ရရှိရန် အားထုတ်မှုသည် သင်၏ မကောင်းသော အပြုအမူတည်းဟူ၍သာ ကဲ့ရဲ့ပြစ်တင်ကြ၏။" (စူဠဝဂ္ဂ ပဥ္စသတိ ကက္ခန္ဓက)

ဗုဒ္ဓသည် ထိုမထေရ်ကြီးတို့၏ အလိုဆန္ဒနှင့်အညီ ဘိက္ခုနီသံဃာကို ဘိက္ခုသံဃာ၏ ဩဝါဒခံ သံဃာအနေဖြင့်သာ ခွင့်ပြုတော်မူခဲ့ဟန် ရှိ၏။ ရဟန်းပြုခွင့်မရမီ မဟာပဇာပတိ ဂေါတမီ ဝန်ခံရသော ဂရုဓမ္မရှစ်ပါး၌ သံဃာအဆင့်အတန်း ခွဲခြားထားခြင်းသည် ထင်ရှား၏။ ဘိက္ခုနီမသည် ဝါကြီးသော်လည်း ပဥ္စင်းဖြစ်စ ရဟန်းအား ရှိခိုးရ၏။ ရဟန်းယောကျ်ားမရှိသော ကျောင်း၌ ဝါမဆိုအပ်။ ဥပုသ်နေ့တိုင်း ဘိက္ခုသံဃာ၏ ဩဝါဒကို ကြားနာရ၏။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ ရဟန်းယောကျ်ားကို ဆုံးမပြောဆိုခြင်း မပြုအပ်။ ဂေါတမီသည် ထိုပညတ်ချက်များကို မနှစ်သက်၍ ဘိက္ခု–ဘိက္ခုနီတို့အား ဝါကြီးစဉ်ငယ်လိုက် အရိုအသေပြုခြင်းကို ခွင့်ပြုရန် အရှင်အာနန္ဒမှ တစ်ဆင့် လျှောက်ထားသော်လည်း ဗုဒ္ဓက ခွင့်ပြုတော်မမူချေ။

နောက်ကာလ၌မူ အခြေအနေအရ ရဟန်းမိန်းမတို့သည် ဘိက္ခုသံဃာ၏ ဩဇာခံဘဝမှ တစ်စတစ်စ လွတ်မြောက်လာကြ၏။ အချို့ရဟန်းတို့သည် အင်္ဂါဇာတ်ကို ဖွင့်၍ ဘိက္ခုနီမတို့အား ပြောင်လှောင်ကြ၍ ထိုသူတို့ကို ဘိက္ခုနီမက ရှိမခိုးအပ်ဟု ပညတ်ရ၏။ ဘိက္ခုနှင့် ဘိက္ခုနီမတို့ အတူရောနှောမှုကို လူတို့က ကဲ့ရဲ့သောကြောင့် ဗုဒ္ဓက တားမြစ်၍ ဘိက္ခုနီမတို့အား အချင်းချင်း ပါတိမောက်ပြမှု၊ အာပတ်ခံယူမှုကို

ခွင့်ပြုတော်မူ၏။ ထိုသို့ အချို့နေရာများ၌ လွတ်လပ်လာကြသော်လည်း ဘိက္ခုနီသံဃာသည် ဘိက္ခုသံဃာနှင့် လုံးဝကင်း၍ ရပ်တည်ခွင့် ရကြသည် မဟုတ်ချေ။ တစ်ကြိမ်လျှင် ဘိက္ခုနီမ နှစ်ဦးသုံးဦးသည် ရဟန်းတစ်ပါး၏ ဩဝါဒကို နာခံရန် သွားကြရ၏။ ထိုရဟန်းသည် အကျင့်သီလရှိခြင်း၊ အပြောအဆိုလိမ္မာခြင်း၊ ရဟန်းမိန်းမတို့က နှစ်လိုခင်မင်ခြင်း၊ အနည်းဆုံး ဝါနှစ်ဆယ်ရှိခြင်းစသော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံ၍ ရဟန်းမိန်းမတို့ကို ဆုံးမရန် သံဃာက ခွင့်ပြုထားသောသူ ဖြစ်၏။

ဘိက္ခုနီမတို့အား ဘိက္ခုသံဃာ၏ အဆုံးအမကို နာခံရန် ညွှန်ကြားထားခြင်းမှာ မထေရ်ကြီးတို့၏ အလိုဆန္ဒကြောင့်သာလျှင် မဟုတ်ဘဲ မိန်းမတို့မှာ အများအားဖြင့် မဂ်ဖိုလ်နိဗ္ဗာန် ရရှိရန်အတွက် လိုအပ်သော ပညာဝီရိယ၊ ဓမ္မသတ္တိစသည်တို့ နည်းပါးသောကြောင့် ဖြစ်၏။ ဤနေရာ၌ လူ့သမိုင်းတစ်လျှောက်တွင် ထင်ရှားခဲ့သော ဘာသာရေးခေါင်းဆောင်များနှင့် သူတော်သူမြတ်များမှာ အားလုံးလိုလို ယောကျ်ားများဖြစ်ကြောင်း သတိပြုရာ၏။ သို့ဖြစ်၍ ဘိက္ခုနီသံဃာ ပေါ်ထွန်းပြီးနောက် ကာလ၌ပင် မိန်းမများမှာ ရဟန်းပြုခွင့်ရရန် မလွယ်ကူချေ။ ရဟန်းပြုလိုသောမိန်းမသည် သိက္ခာပုဒ်ခြောက်ပါးကို နှစ်နှစ်စောင့်ထိန်း၍ နှစ်ဖက်သောသံဃာ၏ သဘောတူညီချက်ရမှ ရဟန်းပြုရ၏။ ဘိက္ခုနီမသည် အနည်းဆုံး ၁၂ ဝါရှိ၍ မိမိအား ရဟန်းပြုပေးသော ဥပဇ္ဈာယ်ဆရာမအား နှစ်နှစ်လုပ်ကျွေးရ၏။

ဘိက္ခုနီမတို့ စောင့်ထိန်းရသော ဝိနည်းသိက္ခာပုဒ်များမှာ ပါရာဇိကရှစ်ပါး၊ သံဃာဒိသိသ် ၁၇ ပါးစသည်ဖြင့် ဘိက္ခုသိက္ခာပုဒ်များထက် ပိုမိုများပြား၏။ အချို့သိက္ခာပုဒ်များမှာ မိန်းမတို့၏ သဘာဝစရိုက်ကိုကြည့်၍ ပညတ်ရခြင်းဖြစ်၏။ ဥပမာ မိမိကိုယ်ကို ထု၍ထု၍ ငိုကြွေးသော ဘိက္ခုနီမသည် ပါစိတ်အာပတ်သင့်၏။ အချို့မှာ ဘိက္ခုနီမများကို လူမသမာတို့၏ အန္တရာယ်မှ ကာကွယ်ရန်ဖြစ်၏။ အရပ်တစ်ပါးသို့ အဖော်မပါဘဲ မြစ်ကူးချောင်းခြားသွားသော ဘိက္ခုနီမသည် သံဃာမှ နှင်ထုတ်အပ်သော သံဃာဒိသိသ် အာပတ်သင့်၏။ ဝိနည်းပိဋကတ်၌ ယောကျ်ားတို့၏ စော်ကားခြင်းခံရသော ဘိက္ခုနီမများအကြောင်းကို ဖော်ပြထား၍ ဘိက္ခုနီမအား ယောကျ်ားတစ်ဦးနှင့် နီးနီးကပ်ကပ် စကားပြောခြင်းကို တားမြစ်ထား၏။ (ဘိက္ခုနီ ဝိဘင်းပါစိတ် ၁၀၊ ၁၄)

ဗုဒ္ဓလက်ထက်က အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့တွင် ယောကျ်ားက မိန်းမထက် များမည်ဖြစ်သော်လည်း သောတာပန်နှင့် သကဒါဂါမ်ပုဂ္ဂိုလ်တို့တွင် မိန်းမဦးရေက များကောင်းများပေမည်။ ထိုသို့မဟုတ်ဘဲ အရိယာပုဂ္ဂိုလ်အားလုံး၌ ယောကျ်ားဦးရေကများသည်ဆိုစေ ဘိက္ခုနှင့် ဘိက္ခုနီတို့တွင်ကား ဗုဒ္ဓဩဝါဒနှင့်အညီ နေထိုင်ကျင့်ကြံသော သူများမှာ ဘိက္ခုနီသံဃာ၌ ရာခိုင်နှုန်း ပိုများတန်ရာ၏။ အကြောင်းမူကား မိန်းမတို့သည် ဇာတိအားဖြင့် သီလသမာဓိလုပ်ငန်း၌ ယောကျ်ားများကဲ့သို့ ထိပ်တန်းသို့ ရောက်ရှိရန် အစွမ်းသတ္တိ နည်းပါးသည်နှင့်အမျှ အနိမ့်ဆုံးအောက်တန်းသို့ ကျဆင်းလောက်အောင်

ယုတ်မာသိမ်ဖျင်းမှုလည်း နည်းပါး၏။ တစ်နည်းဆိုသော် ယောကျ်ားများသည် ကောင်းမှုပြုရာ၌လည်းကောင်း၊ မကောင်းမှုပြုရာ၌လည်းကောင်း အများအားဖြင့်လွန်ကဲ၍ မိန်းမများမှာ လွန်ကဲခြင်းမရှိဘဲ အစွန်းနှစ်ဖက်၏အကြား အလယ်လမ်း၌ရှိတတ်ကြ၏။

ထို့ကြောင့် ဗုဒ္ဓသည် ရှေးဦးအစ၌ ဘိက္ခုသံဃာ၏အလိုကိုလိုက်လျော၍ ဘိက္ခုနီမတို့ လိုက်နာရန် အထူးစည်းကမ်းများ ချမှတ်ခဲ့သော်လည်း နောက်ကာလ၌ ဝိနည်းသိက္ခာပုဒ်များကို တတ်နိုင်သမျှ စောင့်ထိန်းသော ဘိက္ခုနီမတို့ကို သနားကြင်နာတော်မူ၍ ထိုစည်းကမ်းဥပဒေများကို ဘိက္ခုနီမတို့ တင်းတင်းကျပ်ကျပ် လိုက်နာရန် မလိုတော့ချေ။ မူလပထမက ပဋိဉာဉ်ခံလိုသော သာမဏေမသည် ဘိက္ခုသံဃာ၏ စစ်ဆေးခြင်းကို ခံရ၏။ နောက်ကာလ၌မူ ဘိက္ခုနီသံဃာက မေးမြန်းစိစစ်ပြီးဖြစ်သော ရဟန်းလောင်းမကို ထပ်မံ မစစ်ဆေးတော့ဘဲ ရဟန်းပြုပေးရန် ဘိက္ခုသံဃာအား ခွင့်ပြု၏။ ရဟန်းမိန်းမတို့အား ဗုဒ္ဓ၏ သနားကြင်နာမှုသည် အောက်ပါသာဓက၌ များစွာထင်ရှား၏။

ကိုယ်ဝန်ဆောင်မိန်းမတစ်ဦးသည် ဘိက္ခုနီမတို့ထံ၌ ရဟန်းပြု၏။ များမကြာမီ ထိုဘိက္ခုနီမသည် ကလေးမွေးဖွား၍ ဘုရားရှင်အား လျှောက်ထားကြ၏။ ထိုအခါ ဗုဒ္ဓသည် ထိုကလေးအား သိကြားလိမ္မာသော အရွယ်ရောက်သည်အထိ မွေးမြူရန် ခွင့်ပြုတော်မူ၏။ ဤနေရာ၌ ဘိက္ခုနီမအား မိမိသားငယ်ကို ဆွေမျိုးသားချင်းအား မပေးအပ်ဘဲ ကိုယ်တိုင်မွေးမြူရန် ခွင့်ပြုခြင်းဖြင့် မိခင်၏ စိတ်ချမ်းသာမှုနှင့် ကလေး၏ ကြီးပွားမှုကို ဗုဒ္ဓ မည်မျှလိုလားတော်မူကြောင်း သိအပ်၏။ ဘုရားရှင်၏ အမိန့်အရ ကလေးကို မွေးမြူရာ၌ အကူအညီရရှိစေရန် ဘိက္ခုသံဃာက အခြား ဘိက္ခုနီမတစ်ယောက်အား မိခင်၏အဖော်အဖြစ် သမုတ်၍ ထိုဘိက္ခုနီမသည် မိခင်နှင့်အတူ ကလေးကို ကျွေးမွေးစောင့်ရှောက်ရ၏။

ဗုဒ္ဓနှင့် အရှင်အာနန္ဒာကဲ့သို့ ရဟန်းမိန်းမများအား ကြင်နာမှုပြသော ရဟန်းတို့မှာ ဘိက္ခုသံဃာ၌ နည်းပါး၏။ အများသော ရဟန်းတို့သည် ဘိက္ခုနီမများကို ဖိနှိပ်ထားလိုကြဟန်ရှိ၏။ ဘိက္ခုနီမများအား မိမိတို့ကသာ ပြစ်တင်ဝေဖန်၍ ဘိက္ခုနီမတို့၏ ပြစ်တင်ဝေဖန်ခြင်းကိုကား မခံလိုကြ။ ဘိက္ခုတို့သည် ဘိက္ခုနီမတို့အား ဥပုသ်နှင့် ပဝါရဏာကို ဟန့်တားနိုင်ခွင့်၊ စောဒနာနိုင်ခွင့်ရှိ၏။ ဘိက္ခုနီမတို့ကမူ ဘိက္ခုတို့အား ထိုသို့ပြုပိုင်ခွင့်မရှိ။ ခြွင်းချက်တစ်စုံတစ်ရာမထားဘဲ တစ်ဖက်စီးနင်း ပြဋ္ဌာန်းထားသော ဤ ဥပဒေသည် ဗုဒ္ဓ၏ လက်ရာမဟုတ်ဘဲ ဘိက္ခုသံဃာ၏ လက်ရာဖြစ်သည်ဟု ယူဆရပေ မည်။

ဘိက္ခုနီမများသည် ဘိက္ခုများနှင့် တန်းတူအခွင့်အရေးများ မရရှိကြစေကာမူ အများအားဖြင့် ရဟန်းဘောင်၌ နှစ်သိမ့်ပျော်မွေ့ကြ၏။ လူ့ဝတ်ကြောင်ဘဝက မိဘ မောင်ဖွားနှင့် လင်ယောကျ်ားတို့၏ ချုပ်ချယ်မှုများနှင့်စာသော် သူတို့စောင့်ထိန်းရသော သိက္ခာပုဒ်များမှာ ဘာမျှမပြောပလောက်ချေ။ ထို့အပြင် ဗုဒ္ဓလက်ထက်က မိန်းမများ

ရဟန်းပြုကြခြင်းသည် ထိုချုပ်ချယ်မှုများမှ ကင်းလွတ်ရန် အဓိကရည်ရွယ်ချက်ကြောင့် မဟုတ်ဘဲ ကာမဂုဏ် ဆင်းရဲဒုက္ခမှ လွတ်မြောက်လိုသော ဆန္ဒကြောင့်ဖြစ်၏။

ထေရီဂါထာ၌ ဘိက္ခုနီမတို့ ကျူးရင့်သောဂါထာများကို ဖော်ပြထားပေရာ ထိုဂါထာများသည် ရဟန်းမပြုမီက ဆင်းရဲဒုက္ခ ကြုံတွေ့ရပုံနှင့် ရဟန်းပြုပြီးနောက် စိတ်နှလုံး ငြိမ်းချမ်းမှုရရှိပုံကို ပြဆိုထားသော ဂါထာများဖြစ်၏။ ထေရဂါထာ၌ အချို့မထေရ်များသည် ပတ်ဝန်းကျင် သဘာဝလောက၏ ကြည်နူးသာယာဖွယ်ကောင်းပုံကို ကျူးရင့်ထားပေရာ ထေရီဂါထာ၌ ထိုဂါထာမျိုးကို မတွေ့ရဘဲ ရဟန်းမပြုမီက တွေ့ကြုံခံစားရချက်များကို ဖော်ပြထား၏။ သို့စဉ်လျက် ထေရီမများသည် အများအားဖြင့် နဂိုမူလက အထက်တန်းလွှာ၊ လူကုံထံပိုင်းမှလာသော အမျိုးသမီးများဖြစ်ကြ၏။ ထေရီဂါထာ ဖော်ပြထားသော ထေရီမ ၇၃ ပါးအနက် ၂၃ ပါးမှာ ခတ္တိယမျိုး ၁၃ ပါးမှာ သူဌေးသမီးများဖြစ်၍ ၁၈ ပါးမှာ ဗြာဟ္မဏဇာတ်အနွယ်ဝင်များ ဖြစ်ကြ၏။

ဗုဒ္ဓလက်ထက်က ရဟန်းပြုသော အချို့မိန်းမများသည် ဒုက္ခသစ္စာကို ကောင်းစွာ သိမြင်ကြသည့်အပြင် နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အတွက် လိုအပ်သော သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ ဇွဲသတ္တိနှင့်လည်း အများအားဖြင့် ပြည့်စုံကြ၏။ ဤအချက်သည် ထေရီဂါထာ၌ လာသော ထေရီမတို့၏ ဘဝဖြစ်စဉ်များ၌ ထင်ရှား၏။

သာစကေအနည်းငယ် ထုတ်ဆောင်၍ပြုရသော် မိတ္တကာလီနှင့် သီဟာထေရီမ တို့သည် ခုနစ်နှစ်တိုင်တိုင် ကျင့်ကြံအားထုတ်၍ အရဟတ္တမဂ်ဖိုလ်ကို ရရှိကြ၏။ သာမာ ထေရီမမှာမူ ၂၅ နှစ်တိုင်အောင် မလျှော့သောဇွဲဖြင့် အားထုတ်ပြီးမှ ရဟန္တာမ ဖြစ်လာ၏။ အနောပမာနှင့် သုဘာထေရီမတို့သည် ရဟန်းပြုပြီး ခုနစ်ရက်နှင့် ရှစ်ရက် မြောက်သောနေ့များ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုကြ၏။ သေလာအမည်ရှိ အမျိုးသမီး ကလေးသည်ကား အသက် ခုနစ်နှစ်အရွယ် သာမဏေမဘဝ၌ပင် ရဟန္တာဖြစ်၍ ဘုရားရှင်၏ အမိန့်အရ အသက် ၂၀ ပြည့်အောင် မဆိုင်းရဘဲ ရဟန်းပြုခွင့်ရ၏။ ဥပ္ပလဝဏ်ရီ ထေရီမမှာမူ ရဟန်းမပြုမီ လူဝတ်ကြောင်ဘဝကပင် ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့ပေသည်။

ဤသို့ ထူးချွန်သော အမျိုးသမီး သူတော်စင်တို့ ပေါ်ထွန်းရာ ရှေးအိန္ဒိယ ဘိက္ခုနီသံဃာသည် မည်သည့်ကာလက မည်သို့ဖြစ်ပျက်၍ ပြတ်စဲခဲ့သည်၊ အဘယ်ကြောင့် ပြတ်စဲခဲ့သည်၊ ယနေ့ ထေရဝါဒနိုင်ငံများ၌ အဘယ်ကြောင့် ဘိက္ခုနီသံဃာ လုံးဝကွယ်ပ နေသည်စသော အချက်များမှာ ပညာရှင်များ စူးစမ်းလေ့လာဖွယ်ဖြစ်၏။ သမိုင်း ပညာရှင်တစ်ဦး၏ အဆိုအားဖြင့်မူ မြန်မာနိုင်ငံ၌ ပုဂံခေတ်က ဘိက္ခုနီမများရှိကြောင်း အခိုင်အမာ သိရှိရပေသည်။[၁]

---

၁။ **Dr. Than Tun: Religion in Burma, A.D 1000-1300 (Journal of Burma Research Society, December, 1959)**

## (ဆ) သံဃာနှင့် ဥပါသကာ

ဝိနည်းပိဋကတ်၌ ရဟန်းတို့ စောင့်ထိန်းရန် ဗုဒ္ဓပညတ်တော်မူသော အချို့ သိက္ခာပုဒ်များသည် လူတို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော သိက္ခာပုဒ်များဖြစ်၏။ ဗုဒ္ဓသည် ပတ်ဝန်းကျင် လူတို့၏ ယုံကြည်ဓလေ့စွဲလမ်းမှုကို လေးစား၍ မထိမ့်မြင်မပြုချေ။ လူတို့သည် ထန်းပင်ဝါးပင်တို့၌ အသက်ရှိသည်ဟု ယုံကြည်သောကြောင့် ထန်းပင်ခြေနင်း၊ ဝါးပင်ခြေနင်းစီးခြင်းကို ရဟန်းတို့ ရှောင်ကြဉ်ကြရ၏။ ကြက်သွန်ဖြူစားသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ပါးစပ်နံသောကြောင့် ဟိုသို့ပညတ်သည်ဟု နိဒါန်းဝတ္ထု၌ ဆိုသောစကားမှာ ယုတ္တိမရှိလှချေ။ အိန္ဒိယသားတို့သည် ကြက်သွန်ဖြူမှာ ကာမရာဂကို အားပေးသည်ဟု အယူရှိကြရကား ဟိုယုံကြည်ချက်ကိုငဲ့၍ ပညတ်တော်မူခြင်း ဖြစ်ဟန်ရှိ၏။

ဝိနည်းသိက္ခာပုဒ်တစ်ခုသည် လူနှင့် ရဟန်းတို့၏ ချစ်ကြည်ရေးကို ထိခိုက်ဖွယ်ရှိပါက လူတို့နှင့် ဆက်ဆံရာ၌ လျော့ပေါ့၍ လူတို့အလိုဆန္ဒကို လိုက်လျောရန် ရဟန်းတို့အား ခွင့်ပြုထား၏။ ရဟန်းတို့အား လူတို့၏ပူဇော်မှု၌ တပ်မက်ခြင်း မဖြစ်စေလိုသောကြောင့် ပုဆိုးဖြူအခင်းကို မနင်းရန် ပညတ်ထားရာ (စာ-၄၃) နောက်ကာလ၌ လူတို့၏ မင်္ဂလာအကျိုးငှာ လိုအပ်ပါက နင်းခြင်းကိုခွင့်ပြု၏။ ရဟန်းတစ်ပါးချေဆတ်သော် ထိုခေတ်ကလူတို့၏ အစွဲဥပါဒါန်းနှင့်အညီ "အရှင်ဘုရား၊ အသက်ရှည်ပါစေ" ဟုဆိုလျှင် အလားတူ တုံ့ပြန်ရန် ခွင့်ပြုတော်မူ၏။ ( စူဠဝဂ္ဂ ခုဒ္ဒကဝတ္ထုက္ခန္ဓက)

ရဟန်းသံဃာသည် လူတို့၏ အစဉ်အလာ၊ ယုံကြည်မှုများကို ဂရုမပြုဘဲနေ၍ မဖြစ်ချေ။ ရဟန်းတို့သည် နံနက်ဆွမ်းခံချိန်မှတစ်ပါး အခြားအချိန်များ၌ ရပ်ရွာထဲသို့ သွားလာခြင်းကို တားမြစ်ထားသည် မှန်သော်လည်း ဆွမ်းခံရင်း လူတို့နှင့်ရင်းနှီးစွာ ဆက်ဆံခွင့် ရရှိကြ၏။ ရဟန်းတို့နှင့် တွေ့သောအခါ တရားအကြောင်းအပြင် မိမိတို့၏ ကိုယ်ရေးကိစ္စများနှင့် ပတ်သက်၍ လူတို့က မေးလျှောက်လေ့ရှိကြ၏။ အချို့မိန်းမများသည် သားသမီးရရန် မည်သို့ပြုလုပ်ရပါမည်နည်းဟု သိရှိလိုကြ၏။ အချို့က မိမိတို့ သားသမီး၏ အိမ်ထောင်ရေးကိစ္စအတွက် အကူအညီတောင်းကြ၏။ လင်ငယ်နှင့် ဖောက်ပြားမိသော မိန်းမတစ်ယောက်သည် မိမိ၏ကိုယ်ဝန်ကို ဖျက်ချ၍ ဘိက္ခုနီမတစ်ပါးသည် ကိုယ်ဝန်ပျက်သားငယ်ကို သပိတ်၌ထည့်ပြီး သင်္ချိုင်းဖြင့်ဖုံးလွှမ်းလျက် ယူသွား၏။

ထိုသို့ မသင့်လျော်သော အပြုအမူများကြောင့် ဘိက္ခုနှင့်ဘိက္ခုနီများ စောင့်ထိန်းရန် သိက္ခာပုဒ်များ ပေါ်လာရ၏။ ယောက်ျားတစ်ဦးနှင့် မိန်းမတစ်ဦးအကြား အောင်သွယ်ပြုသောရဟန်းသည် သံဃာဒိသိသ် အာပတ်သင့်၏။ ဘိက္ခုနီမသည် ဘိက္ခုကို မြင်လျှင် သပိတ်ကို ထုတ်ပြရ၏။ ဤသို့ဖြင့် လူတို့နှင့် ရင်းနှီးရာမှ မဖွယ်ရာမှုများ နောင်မဖြစ်စေရန် သိက္ခာပုဒ်များ ပညတ်ရသော်လည်း လူတို့နှင့် ဆက်ဆံမှုကို ဗုဒ္ဓက တားမြစ်ချုပ်ချယ်ခြင်း မပြုချေ။ ဘိက္ခုနီမတို့သည် ယောက်ျားတို့၏ ရှိခိုးခြင်း၊ ဆံဖြတ်

ခြင်း၊ ဆေးကုခြင်းစသည်တို့ကို ခံယူရန် ခွင့်ပြုတော်မူ၏။ (စူဠဝဂ္ဂ၊ ဘိက္ခုနီခန္ဓက)

မိန်းမတစ်ယောက်သည် မိမိ၏ လင်ယောကျ်ားနှင့် မသင့်မတင့်ဖြစ်၍ အမိ၏အိမ်သို့သွား၏။ ထိုအိမ်သို့ လာလေ့ရှိသော ရဟန်းတစ်ပါးသည် ထိုမိန်းမကိုမြင်၍ ဝမ်းမြောက်ဖွယ်စကားဖြင့် အားပေးနှစ်သိမ့်စေပြီးလျှင် မိမိအိမ်သို့ ပြန်စေ၏။ ရဟန်းသည် အသက်၌ ဖော်ပြခဲ့သော သိက္ခာပုဒ်ကို သတိရကာ သံသယကုက္ကစ္စဖြစ်၍ ဘုရားရှင်အား မေးလျှောက်၏။ ဘုရားရှင်က ထိုမိန်းမမှာ အောင်သွယ်ထိုက်သော မိန်းမ မဟုတ်သောကြောင့် ရဟန်းအား အပြစ်မရှိဟု မိန့်ကြား၏။

ဗုဒ္ဓသည် ရဟန်းတို့၏ ညီညွတ်မှု၊ လူတို့၏ ညီညွတ်မှုကို လိုလားတော်မူရကား ဇနီ မောင်နှံနှစ်ဦးအား ပြန်လည်သင့်မြတ်အောင် ပြုခြင်းသည် စင်စစ် ဗုဒ္ဓသြဝါဒနှင့် အညီဖြစ်၏။ "ရဟန်းသည် ကွဲပြားသောသူတို့ကို စေ့စပ်တတ်၏။ ညီညွတ်သူတို့ကို အားပေးတတ်၏။ ညီညွတ်မှု၌ မွေ့လျော်ပျော်ပိုက်၏။ ညီညွတ်မှုကို ပြုသောစကားကို ဆိုလေ့ရှိ၏" (မဇ္ဈိမနိကာယ်၊ စူဠဟတ္ထိ ပဒေါပမသုတ်)။ ထိုနည်းအတူ လူတို့၏ အကျိုးစီးပွားကို ရှေးရှု၍ ခြွင်းချက်ထားသော သိက္ခာပုဒ်များမှာ မနည်းလှချေ။ ဥပမာ ရဟန်းသည် ရတနာပစ္စည်းတစ်ခုခုကို ကောက်ယူပါက ပါစိတ်အာပတ်သင့်၏။ သို့ရာတွင် ကျောင်းအရံသို့မဟုတ် အိမ်အပွင်း၌ လူတို့မေ့ကျန်ခဲ့သော ရတနာပစ္စည်းကို ကောက်ယူခြင်းဖြင့် အပြစ်မရှိ။ ယင်းကို သိမ်းဆည်းထား၍ အထောက်အထားပြနိုင်သော ဥစ္စာရှင်အား ပြန်ပေးရမည်ဟု ညွှန်ကြားထား၏။

ဝါကပ်ခြင်းနှင့်စပ်၍ ဗုဒ္ဓခွင့်ပြုတော်မူသော အချို့ခြွင်းချက်များမှာ လူတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ရန်ဖြစ်၏။ ရဟန်းသည် ဝါကပ်နေစဉ် ရပ်ဝေးရှိ အမိဖြစ်စေ၊ အဖဖြစ်စေ ဖျားနာနေပါက မပင့်ဖိတ်သော်လည်း ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားနိုင်၏။ အိမ်ရာတိုက်တာ၊ ရေတွင်းရေကန် ဆောက်လုပ်သော၊ သို့မဟုတ် သားသမီးအား ထိမ်းမြားလိုသော၊ သို့မဟုတ် ဖျားနာနေသော ဥပါသကာ, ဥပါသိကာမတို့က ပင့်ဖိတ်သော် ဝါပွင်းဖြစ်စေကာမူ ခုနစ်ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားခွင့်ရှိ၏။

ဝိနည်းပိဋကတ်၌ ရဟန်းနှင့်လူတို့၏ ဆက်ဆံရေးမှာ ဘိက္ခုနှင့်ဘိက္ခုနီမတို့၏ ဆက်ဆံရေးကဲ့သို့ တစ်ဖက်စောင်းနင်း မဖြစ်လှချေ။ အကယ်၍ ရဟန်းတစ်ပါးသည် လူတို့အား အကျိုးမဲ့အောင် လုံ့လပြုအံ့။ လူ, လူချင်း ကွဲပြားအောင်ပြုအံ့။ ဆဲရေးရေရွတ်အံ့။ ကတိခံဝန်ချက်ကို ဖောက်ဖျက်ငြားအံ့။ ထိုရဟန်းအား သံဃာက ပဋိသာရဏီယကံကိုပြုရ၏။ ထိုကံအပြုခံရသော ရဟန်းသည် အခြားကံပြုခြင်းခံရသော ရဟန်းနည်းတူ ပဋ္ဌင်းခံခြင်း၊ ရဟန်းမိန်းမတို့ကို ဆုံးမခြင်းစသော အခွင့်အရေးများ ဆုံးရှုံး၏။

ဘုရားလက်ထက်က ပဋိသာရဏီယကံ အပြုခံရသော ရဟန်းသည်ကား စိတ္တသူကြွယ်ကို ဆဲရေးမိသော သုဓမ္မရဟန်းဖြစ်၏။ သုဓမ္မရဟန်းသည် သံဃာ၏ညွှန်

ကြားချက်အရ စိတ္တသူကြွယ်ရှိရာသို့သွား၍ သည်းခံရန် ပြောသော်လည်း စိတ္တသူကြွယ်က သည်းမခံသောကြောင့် သာဝတ္ထိပြည်သို့ ပြန်လာ၏။ ထိုအခါ ဗုဒ္ဓ၏အမိန့်အရ သံဃာသည် ရဟန်းတစ်ပါးအား သုဓမ္မ၏ အဖော်အဖြစ် သမုတ်ကြရ၏။ သုဓမ္မရဟန်းသည် အဖော်နှင့်အတူ သူကြွယ်ထံသို့သွား၍ သည်းခံရန်ပြောရမည်။ သူကြွယ်က သည်းမခံခဲ့သော် အဖော်ရဟန်းက သည်းခံစေရန် ကူညီ၍ပြောရမည်။ အကယ်၍ သည်းမခံငြားအံ့ သံဃာ၏စကားဖြင့် သည်းခံစေရမည်။ သို့နှင့်ပင် သည်းမခံပါက အဖော်ရဟန်းသည် သူကြွယ်၏ မြင်လောက်ရာ၊ ကြားလောက်ရာအရပ်၌ သုဓမ္မရဟန်းအား အာပတ်ကို ပြောကြားစေ၍ ဒေသနာကြားစေရမည်ဟု ဗုဒ္ဓက မိန့်မှာတော်မူလိုက်၏။ ထိုနည်းဖြင့် သုဓမ္မရဟန်းသည် စိတ္တသူကြွယ်ထံသို့သွား၍ သည်းခံစေပြီးသော် ပြန်လာ၍ သံဃာအား ပဋိသာရဏီယကံ ငြိမ်းမှုပြုပါရန် ပန်ကြားရ၏။ (စူဠဝဂ္ဂ၊ ကမ္မက္ခန္ဓက)

စိတ္တသူကြွယ်မှာ ဘုရားရှင်က ရဟန္တာအဖြစ် အသိအမှတ်ပြု၍ သီလ၊ သမာဓိ၊ ပညာအရာ၌ ဘုရားရှင်၏ ချီးမွမ်းခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်၏။ ဗုဒ္ဓလက်ထက်က တရားဒေသနာများကို လေ့လာ၍ မပျောက်ပျက်အောင် နှုတ်ဖြင့်ဆောင်ပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့သော ဥပါသကာများသည်လည်း နည်းမည်မဟုတ်ချေ။ ရဟန်းတို့သည်ပင် တရားဒေသနာ ကျက်မှတ်ရန် တစ်ခါတစ်ရံ ဥပါသကာများကို အားကိုးကြရ၏။ "ဥပါသကာတစ်ဦးသည် ထင်ရှားသော သုတ္တန်ကို ရွတ်အံနေ၍ ရဟန်းတို့အား သင်ကြား ရန် ပင့်ဖိတ်ပါက ဝါတွင်းပင်ဖြစ်သော်လည်း သွားကြရမည်ဟု ဝိနည်းမဟာဝဂ္ဂ၌ ဖော်ပြ ထား၏။

ဥပါသကာသည် ရဟန်းတို့အား အကျိုးမဲ့စေရန် အားထုတ်ငြားအံ့။ ဆဲရေးခြိမ်းခြောက်ငြားအံ့။ ကွဲပြားစေငြားအံ့။ ရတနာသုံးပါး၏ ကျေးဇူးမဲ့ကို ပြောငြားအံ့။ သံဃာသည် ထိုဥပါသကာအား သပိတ်မှောက်၍ ဆက်ဆံခြင်းမပြုရချေ။ ဥပါသကာက သတိတရားရ၍ သံဃာအား တောင်းပန်ဝန်ချမှသာ သံဃာသည် စည်းဝေး၍ သံဃာ့ကံဖြင့် သပိတ်လှန်ရ၏။

သုဓမ္မရဟန်းသည် မိမိ ဆဲရေးမိသော စိတ္တသူကြွယ်အား နှစ်သိမ့်ကျေနပ်စေရန် မည်သို့ပြုရမည်ဟူ၍ ဗုဒ္ဓက စေ့ငုသေချာစွာ ညွှန်ကြားထားသည့်နည်းတူ ဥပါသကာသည် မိမိ ပြစ်မှားမိသောရဟန်းအား မည်သို့ဝန်ချတောင်းပန်ရမည်ဟု မိန့်ကြားထားခြင်း မရှိချေ။ ဤအချက်ကိုထောက်၍ ရဟန်းတို့အား ပြစ်မှားမိသော ဥပါသကာတို့မှာ နည်းပါးဟန်ရှိ၏။ ဥပါသကာတို့သည် မိမိတို့ မှားကြောင်းဝန်ခံရန် တွန့်ဆုတ်ခဲ့ကြမည် မဟုတ်ချေ။ သံဃာက အဆက်ဖြတ်ခြင်းသည် ဥပါသကာအဖို့ အလွန်ကြီးလေးသော အပြစ်ဒဏ်ဖြစ်၏။ လိစ္ဆဝီမင်းသားတစ်ဦးမှာ မိမိအား သံဃာက သပိတ်မှောက်ကြောင်း ကြားသိသောအခါ အလွန်စိတ်ထိခိုက်၍ မိန်းမောသွားကြောင်း စူဠ

ဝဂ္ဂ၌ ဖော်ပြထား၏။

ဗုဒ္ဓလက်ထက်က ရဟန်းသံဃာအား ပစ္စည်းလေးပါး လှူဒါန်းသောသူများမှာ မင်းမှူးမတ်နှင့် သူဌေးသူကြွယ်များသာလျှင် မဟုတ်ဘဲ စီးပွားရေးနိမ့်ကျသောသူများလည်း ပါဝင်ပေလိမ့်မည်။ သံဃာကို ကြည်ညိုသော်လည်း စီးပွားဥစ္စာချို့တဲ့သော ဥပါသကာ၊ ဥပါသိကာမတို့၏အကျိုးကို ထောက်မြော်၍ ပညတ်ထားသော သိက္ခာပုဒ်တစ်ခုမှာ မှတ်သားဖွယ်ကောင်း၏။ ဆင်းရဲနွမ်းပါးသော်လည်း သဒ္ဓါတရားထက်သန်၍ ရဟန်းတို့အား တတ်နိုင်သမျှ လှူဒါန်းလိုသောလူတို့အား သံဃာသည် ဉတ္တိဒုတိယကံဖြင့် သေက္ခဟု သမုတ်ရ၏။ ရဟန်းသည် ထိုသေက္ခအမျိုးတို့၌ တင်ကြိုပင့်ဖိတ်ထားခြင်းမရှိဘဲ၊ သို့မဟုတ် ခဲဖွယ်ဘောဇဉ်ကို အလှူခံ၍ မသုံးဆောင်အပ်။ အကယ်၍ သုံးဆောင်မိမူ ကဲ့ရဲ့အပ်သော ပါဋိဒေသနီအာပတ်သို့ရောက်၍ ထိုအာပတ်ကို သံဃာအား ဖွင့်ဟပြောကြားရ၏။

"အကြင်ရဟန်းသည် ရဟန်းမဟုတ်သောသူအား တရားကို ပုဒ်ပြိုင်ပို့ချငြားအံ့။ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏" (ပါစိတ်–၄)။ 'ပုဒ်ပြိုင်'ကို ဘိက္ခုဝိဘင်း၌ ပုဒ်ပြိုင်၊ နောက်ပုဒ်ပြိုင်၊ အက္ခရာတစ်လုံးချင်းပြိုင်၊ သဒ္ဒါအပေါင်းပြိုင်ဟု ဖွင့်ဆို၍ ဒေါက်တာရိုင်းစဒေးဗစ်ကမူ စကားတစ်လုံးစီ၊ ဝါကျတစ်ခုစီဟု ပြန်ဆိုထားရာ ထိုပြန်ဆိုချက်အရ ရဟန်းသည် လူတို့အား ဗုဒ္ဓဓမ္မကို အသေးစိတ်ရှင်းမပြရဟု ဆိုလိုဟန်ရှိ၏။ ဤပညတ်ချက်သည် ဥပါသကာ၊ ဥပါသိကာမအားလုံးကို မဆိုလိုဘဲ အများစုကိုသာ ရည်ညွှန်းခြင်း ဖြစ်ရပေမည်။ အချို့သော ဗုဒ္ဓဝါဒီ လူပုဂ္ဂိုလ်တို့သည် တရားဒေသနာများကို သင်အံလေ့ကျက်၊ ကျင့်ကြံအားထုတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကြောင်း 'ဗုဒ္ဓ'နှင့် 'နိဗ္ဗာန်'အခန်းများ၌ အကျယ်ဖော်ပြခဲ့ပေပြီ။

ရဟန်းတို့ ဥပုသ်ပြုရာ၌ သာမဏေ၊ သာမဏေမတို့ မရှိရဟုဆိုရကား၊ လူပုဂ္ဂိုလ်တို့သည်လည်း ထိုသံဃာ့အစည်းအဝေးသို့ တက်ရောက်ခွင့်မရှိဟု ယူဆရပေမည်။ ဤသို့ အပြစ်မရှိသော သာမဏေနှင့် လူတို့အား ပိတ်ပင်တားမြစ်ခြင်းမှာ စဉ်းစားဖွယ်ဖြစ်၏။ စင်စစ် ဗုဒ္ဓ၏ မိန့်ကြားချက်အရ ပါတိမောက်သည် လျှို့ဝှက်အပ်သော တရားမဟုတ်ချေ (စာ–၄၈, –၉)။ ထိုတားမြစ်မှုသည် ရဟန်းတို့ ဥပုသ်ပြုရာ၌ မိမိတို့အပြစ်ကို ဖွင့်ဟဝန်ခံသော အလေ့အထရှိစဉ်က ရဟန်းတို့၏အပြစ်ကို လူတို့သိရှိ၍ သဒ္ဓါ တရားလျော့ပါးခြင်း မဖြစ်စေရန် သံဃာက ပြုလုပ်ထားသော တားမြစ်မှုဖြစ်ဟန်ရှိ၏။ "အကြင်ရဟန်းသည် သံဃာ၏ သမ္မုတိကိုမရဘဲ အခြားရဟန်းတစ်ပါး၏ ရန့်ရင်းသော အာပတ်ကို ရဟန်းမဟုတ်သောသူတို့အား ပြောကြားငြားအံ့။ ထိုရဟန်းအား ပါစိတ် အာပတ်သင့်၏"ဟူသော သိက္ခာပုဒ် (ပါစိတ်–၉)သည်လည်း ထိုနည်းအတူ ဖြစ်ပေါ်ခဲ့တန်ရာ၏။

ရဟန်းသံဃာသည် နိုင်ငံအုပ်ချုပ်သော မင်းမှူးမတ်တို့နှင့် ဆက်ဆံရာ၌ အထူး

ဆင်ခြင်ရ၏။ ဗုဒ္ဓသည် မင်း၏နန်းတော်သို့ ရဟန်းတို့ မကြာခဏ သွားလာခြင်း၏ အပြစ်ကို ဟောကြားခဲ့၏။ စစ်တပ်များ စစ်ရေးပြခြင်း၊ စစ်ချီတက်ခြင်းကို ကြည့်ရှုသော ရဟန်းသည် ပါစိတ်အာပတ်သင့်၏။

ရှေးအိန္ဒိယဘုရင်များသည် မည်သည့်ဘာသာကိုမျှ နိုင်ငံတော်ဘာသာအဖြစ် အသိအမှတ်မပြုဘဲ လူတို့၏ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုကို အားပေးကြ၏။ ဂျိန်းသံဃာ၊ ဗုဒ္ဓသံဃာစသော သာသနာ့ဝန်ထမ်း အဖွဲ့အစည်းများကို ကာကွယ်စောင့်ရှောက်ကြ၏။ စင်စစ် သံဃာ့အဖွဲ့များသည် နိုင်ငံအစိုးရတို့၏ အားပေးကူညီမှုကို မရရှိပါက ကြာရှည်တည်တံ့မည် မဟုတ်ချေ။ အကြောင်းမူ ထိုအဖွဲ့သည် အရှည်တည်တံ့နိုင်မြဲရန်အလို့ငှာ စည်းမျဉ်းဥပဒေ (သိက္ခာပုဒ်)များ သတ်မှတ်ပြဋ္ဌာန်းထားပေရာ ထိုဥပဒေများကို နိုင်ငံအစိုးရတို့က အာဏာစက်ဖြင့် ကြပ်မတ်ထိန်းသိမ်းပေးသောကြောင့် သံဃာအဖွဲ့များသည် အလဇ္ဇီဒုဿီလများကို အရေးယူနိုင်ခဲ့ကြပေသည်။

ရှေးအိန္ဒိယ သက္ကတ ဥပဒေကျမ်းများ၌ သံဃာ့အဖွဲ့အစည်းတို့၏ စည်းမျဉ်းဥပဒေများကို သမယဥပဒေဟုခေါ်၍ ယင်းတို့ကို ဘုရင်များက ကာကွယ်စောင့်ရှောက်ရမည်။ ဖောက်ဖျက်သူများအား အရေးယူရမည်ဟု ဆို၏။ အခြားကျမ်းများ၌ သံဃာဟူသော ပုဒ်ကို ဖွင့်ဆိုထားရာ ကုန်သည်အဖွဲ့၊ ဝေဒကျမ်းပါရဂူအဖွဲ့၊ ဘိက္ခုသံဃာအဖွဲ့ စသည်ဖြင့် ဗုဒ္ဓဝါဒီရဟန်းတို့ကို အတိအလင်း ရည်ညွှန်းထား၏။[၁]

အေဒီ ခုနစ်ရာစုအတွင်းက အိန္ဒိယပြည်သို့ ရောက်ရှိခဲ့သော တရုတ်ရဟန်းတော် **ဟီယန်ဆိုင်**[၂]၏ မှတ်တမ်း၌ လူတစ်ဦးတစ်ယောက်သည် ရဟန်းပြုသောအခါ သံဃာက သူနှင့်ပတ်သက်သော ပြဿနာများကို ဖြေရှင်းရန် အခွင့်အာဏာရှိသည်ဆို၏။ သို့ရာတွင် နိုင်ငံအစိုးရ၏ အားပေးကူညီမှုမရှိပါက သံဃာ၏ အခွင့်အာဏာသည် အဓိပ္ပာယ်များစွာ ရှိမည်မဟုတ်ချေ။ ဥပမာ သံဃိကမျိုးစေ့တို့ကို ပုဂ္ဂလိကမြေ၌ စိုက်ပျိုးပါက ဆယ်ဖို့ တစ်ဖို့ သီးစားပေးရမည် (မဟာဝဂ္ဂ ဘေသဇ္ဇက္ခန္ဓက)။ လူတို့အား အကျင့်ပျက်စီးစေသော ရဟန်းအား သံဃာက နှင်ထုတ်ပိုင်ခွင့်ရှိသည်ဆိုသော ဝိနည်းဥပဒေများသည် နိုင်ငံအစိုးရ၏ ထောက်ခံမှုမရှိပါက ထိရောက်မည် မဟုတ်ချေ။ ရှေးသက္ကတကျမ်းများ၌ ပညာရှိများ ညွှန်ကြားထားသည်နှင့်အညီ အိန္ဒိယမင်းတို့က ဘိက္ခုသံဃာနှင့် အခြားသံဃာတို့အား အာဏာစက်ဖြင့် ကူညီအားပေးသောကြောင့်သာလျှင် အထက်ပါ ဝိနည်းဥပဒေများ ရှိနေခြင်း ဖြစ်ရပေမည်။

## (၉) သံဃာနှင့် ယခုခေတ်

ရှေးအိန္ဒိယဘိက္ခုသံဃာအား ယနေ့ကမ္ဘာပေါ်ရှိ ဗုဒ္ဓဝါဒီတို့ အထူးကျေးဇူးတင်သင့်သော အချက်တစ်ခုရှိ၏။ ထိုအချက်မှာ ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒကို ကျွန်ုပ်တို့ အတော်

---

၁။ S. Dutt: Early Buddhist Monachism, pp. 144-45 ၂။ Hiuen Tsiang

စုံစုံလင်လင် သိရှိရခြင်းသည် သုတ္တန်ဒေသနာများကို ပေထက်အက္ခရာမတင်မီ ရဟန်းသံဃာ အဆက်ဆက်က နှစ်ပေါင်းများစွာ သင်အံလေ့ကျက်၍ နှုတ်ငုံဆောင်ခဲ့ကြသောကြောင့် ဖြစ်၏။ ထိုဒေသနာများသည် ယေဘုယျအားဖြင့် ဗုဒ္ဓဝါဒ အစစ်အမှန်ကို ဖော်ညွှန်းကြောင်း အခန်း-၂ ၌ ပြဆိုခဲ့ပေပြီ။ ယခုခေတ် အချို့သော အနောက်တိုင်း ဗုဒ္ဓ စာပေပညာရှင်တို့ ယူဆသကဲ့သို့ ထိုဒေသနာများကို ရဟန်းသံဃာ၏ လက်ရာဖြစ်သည် ယူဆရန် အကြောင်းမရှိချေ။

ဤနေရာ၌ ကျွန်ုပ်တို့ ရှေးဦးစွာ သတိပြုသင့်သောအချက်မှာ ဗုဒ္ဓသံဃာ၌ အာဏာပိုင် ဦးစီးခေါင်းဆောင်မရှိခြင်းနှင့် ရဟန်းတို့၌ လွတ်လပ်စွာ ပုဂ္ဂလိကယုံကြည်ခွင့်ရှိခြင်း ဖြစ်၏။ ထို့ကြောင့် မည်သည့်ပုဂ္ဂိုလ်မျှ ဗုဒ္ဓဒေသနာတစ်ခုကို ပြင်ဆင်ပြောင်းလဲခြင်း၊ ဘုရားဟောမဟုတ်ဘဲ ဘုရားဟောဖြစ်အောင် ဖန်တီးခြင်း ပြုလုပ်နိုင်စွမ်းမရှိချေ။ သံဃာအဖွဲ့တစ်ဖွဲ့က အလားတူပြုလုပ်၍ ရဟန်းသံဃာအားလုံး၏ သဘာတူညီမှုကို ရရှိရန်လည်း မမျှော်လင့်နိုင်ချေ။ ထို့အပြင် ဗုဒ္ဓသည် မိမိဟောသော တရားများနှင့် ပတ်သက်၍ ရဟန်းတို့ တိကျမှန်ကန်စွာ သိရှိနားလည်မှုကို အထူးဂရုပြုတော်မူ၏။ ဝိညာဉ်သည်ပင် ဘဝသံသရာ ကျင်လည်သော တရားဖြစ်သည်ဟု ယူဆသော သာတိရဟန်းအား ခေါ်ယူစစ်မေး၍ ပြစ်တင်ကဲ့ရဲ့၏ (စာ-၁၅၅)။ ဗုဒ္ဓလက်ထက်က ဖြစ်ပွားသော ရဟန်းတို့၏ အငြင်းပွားမှုများမှာ ဝိနည်းဥပဒေနှင့်စပ်သော အငြင်းပွားမှုများ ဖြစ်၍ တရားဓမ္မဆိုင်ရာ သဘောကွဲလွဲမှုများ မဟုတ်ချေ။

ဗုဒ္ဓ၏အလိုအားဖြင့် ဝိနည်းသိက္ခာပုဒ်များသည် ရဟန်းတို့၏ ကျင့်စဉ်၌ ပဓာနမဟုတ်။ အယူမှန်မှု၊ အကျင့်မှန်မှုသည်သာ ပဓာနဖြစ်၏။ ဂျိန်းရဟန်းတို့သည် သူတို့ခေါင်းဆောင်ကွယ်လွန်သောအခါ ဝိနည်းနှင့်စပ်၍ ငြင်းခုံကြ၏။ အရှင်အာနန္ဒာသည် ဗုဒ္ဓမရှိသောအခါ သံဃာ၌ အလားတူငြင်းခုံမှုများ ဖြစ်ပွားမည်စိုးသောကြောင့် ဗုဒ္ဓအား လျှောက်ထားရာ ဗုဒ္ဓက ပါတိမောက်သိက္ခာပုဒ်တို့၌ ငြင်းခုံမှုသည် အရေးမကြီး။ မဂ္ဂင်ရှစ်ပါး၊ ဗောဓိပက္ခိယ ... စသည်တို့နှင့်စပ်သော ငြင်းခုံမှုများသည်သာ များစွာသောလူတို့အား အကျိုးစီးပွားမဲ့ ဖြစ်စေလိမ့်မည်ဟု မိန့်ကြား၏။ (မဇ္ဈိမနိကာယ်၊ သာမဂါမသုတ်)

ဗုဒ္ဓလက်ထက်က အလွန်ငြင်းခုံတတ်သော ရဟန်းများအကြောင်းကို ပိဋကတ်စာပေ၌ ဖတ်ရှုရ၏။ ငြင်းခုံသော အကြောင်းအရာကို မဖော်ပြသော်လည်း ဘုရားရှင်ထံသို့ သူတို့ပြဿနာ ရောက်ရှိမလာခြင်းကိုထောက်၍ တရားဓမ္မနှင့် မပတ်သက်သော ငြင်းခုံမှုများ ဖြစ်သည်ဟု ယူဆရန်ရှိ၏။ အချို့သော ဗုဒ္ဓဒေသနာများကို ကျေကျေညက်ညက် နားမလည်သော ရဟန်းများရှိပေမည်။ အခါတစ်ပါး ဗုဒ္ဓသည် ခန္ဓာငါးပါးမှာ အတ္တမဟုတ်ကြောင်း ဟောကြားနေစဉ် ရဟန်းတစ်ပါးအား "သြော် ခန္ဓာငါးပါးသည် အတ္တမဟုတ်သတတ်။ သို့ဖြစ်ပါက အတ္တမဟုတ်သော အနတ္တပုဂ္ဂိုလ် ပြုအပ်သော

ကံတို့သည်[၁] အဘယ်အတွက်ကို ထိရောက်ပါအံ့နည်း"ဟု အကြံဖြစ်၏ (မဇ္ဈိမနိကာယ်၊ မဟာပုဏ္ဏမသုတ်)။ ဤသို့ဖြင့် တစ်ခါတစ်ရံ သံသယဝင်၍ စိတ်ဇဝေဇဝါဖြစ်မှု ရှိသော်လည်း ဘိက္ခုသံဃာသည် ဗုဒ္ဓဒေသနာအားလုံးကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် လေးလေးစားစား ကျက်မှတ်၍ နှုတ်ငုံဆောင်ပြီး ဗုဒ္ဓသာသနာ အစွန့်တည်မြဲမှုကို ဆောင်ရွက်ခဲ့ကြပေသည်။

ပရိနိဗ္ဗာန် စံဝင်ခါနီး၌ ဗုဒ္ဓသည် ရဟန်းတို့အား နုတ်ပယ်သင့်သော သိက္ခာပုဒ်များကို နုတ်ပယ်ရန် ခွင့်ပြု၍ တရားဓမ္မနှင့်စပ်သော မရှင်းမလင်း ဖြစ်နေမှုများကိုကား မိမိအား မေးလျှောက်ရန် မိန့်ကြား၏။ ဗုဒ္ဓ၏အလိုအားဖြင့် ရဟန်းတို့ တရားကျင့်ကြံအားထုတ်မှုသည် မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိရန်သာ မဟုတ်ဘဲ တရားတော်ကို လူတို့သိမြင်စေရန်လည်း ဖြစ်၏။ ငါဘုရားကို မြင်သောသူသည် တရားကိုလည်းမြင်သည်ဟု မကြာခဏ မိန့်ဆိုသောဗုဒ္ဓသည် မိမိမရှိသောအခါ ရဟန်းသံဃာကို မြင်ခြင်းဖြင့် တရားကို လူတို့ အထိုက်အလျောက် သိမြင်စေလိုသော ဆန္ဒရှိတော်မူမည် အမှန်ဖြစ်၏။ စင်စစ် ကောသလမင်းသည် ရဟန်းတို့၏ သာယာငြိမ်းအေးသောဘဝမှာ ဗုဒ္ဓ၏တရားတော်ကြောင့်ဖြစ်သည်ဟု မိမိ ယုံကြည်ကြောင်း ဗုဒ္ဓအား လျှောက်ထားခဲ့သည် မဟုတ်ပါလော။

ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးနောက် အိန္ဒိယနိုင်ငံ၌ နှစ်ပေါင်းများစွာ ဗုဒ္ဓသာသနာ ဆက်လက်တည်တံ့နေခြင်းသည် ပဓာနအားဖြင့် ဗုဒ္ဓသံဃာ၏ သီလဂုဏ်၊ သမာဓိဂုဏ်ကြောင့် ဖြစ်ရပေမည်။ ခုနစ်ရာစုအတွင်းက အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့သော တရုတ်ရဟန်းတော် ဟီယန်ဆိုင်သည် အဖွဲ့တစ်ဖွဲ့လျှင် ရဟန်းဦးရေ ထောင်နှင့်ချီ၍ရှိသော ဗုဒ္ဓသံဃာအဖွဲ့များအကြောင်း ရေးသားခဲ့၏။ သူ၏မှတ်တမ်းကို လေ့လာသော ပညာရှင်တစ်ဦး၏ အဆိုအားဖြင့် ထိုရဟန်းသံဃာများသည် အပြစ်အနာ လုံးဝကင်းသည်ဟု မဆိုနိုင်သော်လည်း ခြိုးခြံစွာကျင့်၍ ရှေးခေတ်ဥရောပ ခရစ်ယာန်ဘုန်းကြီးများထက် ကိုယ်ကျင့်တရား မြင့်မားကြောင်း သိရ၏။[၂] ထိုခေတ် အိန္ဒိယတိုင်းသားတို့သည် ဗုဒ္ဓလက်ထက်က လူပုဂ္ဂိုလ်တို့ထက် ပို၍ ဗုဒ္ဓဝါဒအကြောင်းကို သိရှိနားလည်မည် မဟုတ်သော်လည်း ရဟန်းသံဃာကို ကြည်ညိုသောကြောင့် ဗုဒ္ဓသာသနာ ဆက်လက်ထွန်းကားနေခြင်း ဖြစ်သည်ဟု ယူဆရပေမည်။

မြန်မာနိုင်ငံ၌လည်း ထိုနည်းအတူ ဖြစ်၏။ မဂ်ဖိုလ်နိဗ္ဗာန်တရားသည် ရှေးမြန်မာလူများစုကို ယခုခေတ်မှာထက် ပိုမိုဆွဲဆောင်ခဲ့သည်ဟု ယူဆရန် အကြောင်းမရှိချေ။ သို့ရာတွင် ရှေးပဝေသဏီမှစ၍ မြန်မာတို့သည် ရဟန်းသံဃာ၏ သီလ၊ သမာဓိဂုဏ်ကို ကြည်ညိုလေးစားကြ၏။ စင်စစ် ရဟန်းသံဃာသည် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်း

---

၁။ အနတ္တကတာနိ ကမ္မာနိ။

၂။ **Joseph McCabe: A Rationalist Encyclopaedia, pp. 398**

စောင့်ရှောက်ခဲ့သော အင်အားစုဖြစ်ကြောင်း မြန်မာ့ရေးရာ နိုင်ငံခြားသား သုတေသီပညာရှင်တို့က အသိအမှတ်ပြုကြ၏။

မြန်မာ့သမိုင်းကို လေ့လာခဲ့သော အင်္ဂလိပ်ပညာရှင် **မစ္စတာဟာဗီ**၏ အဆိုအားဖြင့် "အကယ်၍ ရဟန်းသံဃာသည် မြန်မာ့လိမ္မာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း မပြုခဲ့ပါက မြန်မာနိုင်ငံသည် ရှမ်းကုန်းပြင်မြင့်မှ ရန့်ရင်းကြမ်းတမ်းသော လူမျိုးစုများ အလုံးအရင်းနှင့် ဝင်ရောက်လာကြစဉ်က အရိုင်းအစိုင်းနိုင်ငံအဖြစ်သို့ ပြန်လည်ကျဆင်းခဲ့မည် အမှန်ဖြစ်၏။ သို့ဟန်ဘွားသည် ရဟန်းသံဃာကို သုတ်သင်ချေမှုန်းရန် ဆုံးဖြတ်ရာ၌ အမြင်ကျယ်သည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ၁၄ ရာစုနှင့် ၁၅ ရာစုအတွင်းက မြန်မာ့ယဉ်ကျေးမှု ဆီမီးတိုင်သည် အရောင်မှေးမှိန်လျက် မှိတ်တုတ်မှိတ်တုတ် ဖြစ်ခဲ့သော်လည်း လုံးဝငြိမ်းမသွားခြင်းမှာ ရဟန်းသံဃာ၏ ကျေးဇူးကြောင့်ဖြစ်ပေသည်။"(၁)

ဝိနည်းပိဋကတ်၌ ပြဆိုထားသော ဗုဒ္ဓသံဃာ၏ အခြေခံဖွဲ့စည်းပုံ၊ ကျင့်စဉ်နှင့် ရည်မှန်းချက်ကို လေးလေးနက်နက် ဆင်ခြင်သုံးသပ်ပါက ဗုဒ္ဓသံဃာသည် ယနေ့ ကမ္ဘာလူသားတို့၏ ကြီးပွားချမ်းသာရေးအတွက် မုချလိုအပ်သော အင်အားစုဖြစ်ကြောင်း ယုံမှားဖွယ်ရာမရှိချေ။ ယနေ့ လူသတ္တဝါအများစု ဒုက္ခမျိုးစုံ ကြုံတွေ့နေရပုံကို 'ဒုက္ခသစ္စာ' အခန်း၌ ရေးသားခဲ့ပေပြီ။ ဆင်းရဲဒုက္ခ ခံစားရခြင်းသည် ရာဂ၊ ဒေါသနှင့် မောဟကြောင့်ဖြစ်၍ ဗုဒ္ဓဝါဒီရဟန်းတို့သည် ထိုကိလေသာတရားများကို ပယ်သတ်ရန် အားထုတ်နေသော ရှေ့ဆောင်ပုဂ္ဂိုလ်များဖြစ်၏။ ရဟန်းတို့ လိုက်နာကျင့်သုံးရမည့် ဗုဒ္ဓလမ်းစဉ်သည် လူမှုပြဿနာ အခက်အခဲများကို ကျော်ခိုင်းထားသော လမ်းစဉ်မဟုတ်။ ဗုဒ္ဓချီးမွမ်းသော ကိလေသာမှ လွတ်မြောက်မှုသည် သတိ၊ ပညာ၊ ဝီရိယစသော သူတော်ကောင်းတရားများ ကျင့်သုံး၍ လူမှုပြဿနာများကို ရင်ဆိုင်ရာမှ ရရှိအပ်သော လွတ် မြောက်မှုဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓသည် ရဟန်းတို့ စုပေါင်းနေထိုင်မှုနှင့် လူတို့နှင့် ဆက်ဆံမှုကို အားပေး၏။ ရဟန်းတို့အား ဧကစာရီတောမှီ ယောဂီဖြစ်စေလိုသော ဒေဝဒတ်၏ ပန်ကြားချက်ကို ပယ်ချ၍ တစ်ခါက တောပျော်မထေရ်ကြီး မဟာကဿပအား မြို့သို့လာ၍ ရဟန်းတို့နှင့် အတူနေထိုင်ရန် တိုက်တွန်းတော်မူခဲ့၏။

ဤနေရာ၌ ကိလေသာမှ လွတ်မြောက်မှုအား ရဟန်းတို့၏ ဆွမ်းခံစားသော အကျင့်၏ အကျိုးပြုမှုကို ဥပမာအဖြစ် စဉ်းစားရာ၏။ နေ့စဉ် ဆွမ်းခံစားသော ရဟန်းသည် ရသမျှနှင့် တင်းတိမ်ရောင့်ရဲ၍ ခြိုးခြံစားသောက်ရ၏။ အစားအသောက်၌ တပ်မက်မှုနည်း၏။ ဆွမ်းခံစဉ် သတိရှိ၍ ဣန္ဒြေတို့ကို စောင့်စည်းရ၏။ မိမိကိုယ်ကို ဆုံးမ၍ မာနကင်းပြီး စိတ်နှိမ့်ချရ၏။ ဤသို့ဖြင့် ရဟန်းတို့၏ လူနေမှုစနစ်သည် အစမ်း

၁။ **G.E. Harvey, "An Outline of Burmese History" P.84**

အသပ်ခံနိုင်ရည်ရှိ၍ ကိလေသာမှ လွတ်မြောက်မှုသို့ ဦးတည်ချက်ရှိသောစနစ်ဖြစ်၏။

ထိုလူနေမှုစနစ်ကို ကျွန်ုပ်တို့ ရာခိုင်နှုန်းပြည့် ကျင့်သုံးရန် မဖြစ်နိုင်ချေ။ သို့ရာတွင် ၎င်း၏ အခြေခံတရားများဖြစ်သော ခြိုးခြံမှု၊ အလိုနည်းမှု၊ သည်းခံမှုစသည်တို့ကို တတ်နိုင်သမျှ ကျင့်သုံးခြင်းဖြင့် ကိလေသာတရားများ အားနည်း၍ ဆင်းရဲဒုက္ခမှ အထိုက်အလျောက် လွတ်မြောက်မည်အမှန်ဖြစ်၏။ ဥပမာ ဗြ ဟ္မစရိယအကျင့်ကို တတ်နိုင်သမျှ ဆောက်တည်ခြင်းဖြင့် သားသမီးသံယောဇဉ် ဒုက္ခနည်းပါး၍ ယနေ့လူသားအားလုံးအား ခြိမ်းခြောက်နေသော ကမ္ဘာ့လူဦးရေ ကြောက်ဖွယ်လိလိ တိုးပွားနေမှု အန္တရာယ်ကို ကူညီတားဆီးရာ ရောက်ပေလိမ့်မည်။

တစ်သွေးတစ်သံ တစ်မိန့်စနစ်ကို ဆန့်ကျင်၍ လွတ်လပ်စွာ ယုံကြည်မှုကို အားပေးသော ဗုဒ္ဓသံဃာသည် ဒီမိုကရေစီဝါဒကို ထိန်းသိမ်းစောင့်ရှောက်သော အဖွဲ့ဖြစ်၏။ အာဏာရှင်စနစ် ကြီးစိုးသော ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အဖိနှိပ်ခံ နိုင်ငံသားတို့၏ မှီခိုအားထားရာဖြစ်၍ ပုဂ္ဂလိက လွတ်လပ်မှုလွန်ကဲပြီး တစ်ဖက်စွန်းရောက်နေသော နိုင်ငံကြီးများ၌မူ ဗုဒ္ဓ၏ အလယ်လမ်းစဉ်ကို ဖော်ညွှန်းသော အဖွဲ့ဖြစ်၏။

ယခုအခါ အင်္ဂလန်နိုင်ငံ၌ အင်္ဂလိပ် ဗုဒ္ဓသံဃာအဖွဲ့ရှိကြောင်း သိရ၏။ အလုပ်ကြိုးစားလုပ်၍ စီးပွားဥစ္စာရှာပြီး ကာမဂုဏ်ခံစားမှုကို ရှေ့တန်းသို့တင်သော အနောက်နိုင်ငံများ၌ ဗုဒ္ဓသံဃာကို ကြည်ညိုလေးစားသောသူ ပေါများလာလိမ့်မည်ဟု မမျှော်လင့်အပ်ချေ။ ဗုဒ္ဓဝါဒနှင့် အခြားအရှေ့တိုင်း ဘာသာဝါဒများကို လေ့လာသော အချို့ပညာရှင်များမှာမူ အတွေးအမြင်တစ်မျိုး ပြောင်းလဲလာကြပြီဖြစ်၏။ ဂျာမန် ဒဿနပညာရှင်တစ်ဦး၏ အဆိုအားဖြင့် "အခုခေတ် ဥရောပတိုက်သားတို့သည် အလုပ်မလုပ်ဘဲ သူတစ်ပါးထံ အလှူခံ၍ နေထိုင်စားသောက်သော အိန္ဒိယယောဂီ၏ ဘဝမျိုးကို နှစ်သက်ကြမည် မဟုတ်ချေ။ အိန္ဒိယယောဂီအဖို့ အလုပ်သည် အရေးမကြီး။ စိတ်ဖြူစင်သန့်ရှင်းမှုသည်သာ အရေးကြီး၏။ လူသတ္တဝါသည် ကံစီမံသည့်အတိုင်းဖြစ်၍ သူတစ်ပါး၏ ကူညီမှုတစ်ခုတည်းဖြင့် ကြီးပွားလိမ့်မည်ဟု သူတို့ မယုံကြည်ကြချေ။ အိန္ဒိယဘာသာတရားများသည် သူတစ်ပါးအား ကူညီခြင်းကို ချီးမွမ်း၏။ ထိုသို့ချီးမွမ်းခြင်းမှာ သူတစ်ပါးအား ကူညီခြင်းဖြင့် ထိုသူတစ်ပါး၌ အကျိုးဖြစ်ထွန်းသောကြောင့် မဟုတ်ဘဲ မိမိ၏ သီလ၊ သမာဓိ ကြွခိုင်လာမှုကြောင့် ဖြစ်၏။

"ဤယူဆချက်မှာ စဉ်းစားဘွယ်ရာဖြစ်၏။ အနောက်တိုင်းသားတို့သည် အလုပ်အတွက် အသက်ရှင်နေကြ၏။ အလုပ်ကို ပထမ၊ စိတ်ငြိမ်းချမ်းမှုကို ဒုတိယထား၍ စိတ်ငြိမ်းချမ်းမှု ကင်းဝေးနေကြ၏။ သူတစ်ပါးအား ကူညီ၍ ကျေးဇူးတင်ခံလိုပြီး မိမိတို့ကိုယ်ကို သူတော်ကောင်း ထင်မှတ်ကြ၏။ အကယ်၍ သူတို့သည် ကျေးဇူးတင်ခံလိုစိတ်မရှိဘဲ မိမိတို့ကသာလျှင် အကူညီခံပုဂ္ဂိုလ်တို့ကို ကျေးဇူးတင်သင့်ကြောင့် သိရှိ

နားလည်ပါက သူတို့နှင့် အကျည်းခံလူတို့၏ ဆက်ဆံမှုမှာ ပိုမိုအဆင်ပြေပေလိမ့်မည်။[၁]

နာမည်ကျော် ဥရောပ ဗုဒ္ဓစာပေပညာရှင် **ဒေါက်တာအက်ဒဝပ်ကွန်ဇီ**ကမူ ဗုဒ္ဓသံဃာအကြောင်း အောက်ပါအတိုင်း ရေးသားခဲ့၏။

"ကာမဂုဏ်မခံစားဘဲ တရားအားထုတ်နေသော သူတို့ကို သူတော်သူမြတ်များ အဖြစ်ဖြင့် ယခုခေတ်လူတို့က အသိအမှတ်ပြုကြသော်လည်း ထိုပုဂ္ဂိုလ်တို့၏ ကျင့်စဉ်သည် ဤကမ္ဘာ၊ ဤလူ့ဘုံနှင့် အံမဝင်ခွင်မကျဘဲ သူတို့၏ ဝါဒသည်လည်း ကြာရှည်လေးမြင့် တည်တံ့မည်မဟုတ်ဟု လူတို့ယုံကြည်ကြ၏။ သို့ရာတွင် ဤယုံကြည်ချက်မှာ သမိုင်းဖြစ်ရပ်များနှင့် ဆန့်ကျင်လျက်ရှိ၏။ ဗုဒ္ဓသံဃာသည် လူ့သမိုင်း၌ အသက်အရှည်ဆုံး အဖွဲ့ဖြစ်၏။ စစ်တပ်သဘောနှင့် တရားသူကြီးများဖြင့် ကာကွယ်စောင့်ရှောက်ခဲ့သော ကမ္ဘာ့အင်ပါယာနိုင်ငံကြီးများသည် နှစ်ပေါင်းသုံးရာထက် ပို၍မတည်တံ့ခဲ့ချေ။ လောဘ၊ ဒေါသနှင့် မောဟ ပေါ်၌ တည်ဆောက်ထားသော ထိုအင်ပါယာကြီးများသည် ပျက်စီးကွယ်ပျောက်ခဲ့သော်လည်း ခြိုးခြံစွာကျင့်မှု၊ သတ္တဝါများကို ကြင်နာသနားမှု၊ စိတ်နှိမ့်ချမှု၊ ဘာဝနာပွားများမှုစသော လူအများ အထင်အမြင်သေးသည့် ကျင့်စဉ်ဖြင့် ထင်ရှားသော ဗုဒ္ဓသံဃာသည်ကား နှစ်ပေါင်း ၂,၅၀၀ ကျော် တည်မြဲခဲ့၏။ ဤအချက်ကို ထောက်ချင့်၍ အင်ပါယာကြီးများ၏ နောက်ကွယ်ရှိ ဒဿနအတွေးအမြင်မှာ အလွန်တိမ်၍ ဗုဒ္ဓသံဃာ၏ အခြေခံတရားမှာ နက်နဲသည်ဟု ကျွန်ုပ်တို့ သိရှိနားလည်ကြရပေမည်။"[၂]

* * *

---

၁။ Count Hermann Keyserling: The Travel Diary of a Philospher, pp. 244-46

၂။ Edward Conze: Buddhism, pp. 25-26

# အခန်း (၁၅)

# ဗုဒ္ဓကိုးကွယ်မှု

ရဟန်းတို့၊
ကိလေသာတရား အားကြီးသောသူသည်
ငါ၏သင်္ကန်းစွန်းကိုကိုင်၍ နောက်မှလိုက်သော်လည်း
ငါနှင့်ဝေး၏။
ကိလေသာတရား နည်းသောသူမှာကား
ယူဇနာတစ်ရာဝေးသော အရပ်၌နေသော်လည်း
ငါနှင့်နီး၏။
သူသည် တရားကိုမြင်၍
ငါဘုရားကို မြင်သောသူဖြစ်၏။

(ဣတိဝုတ်၊ တိကနိပါတ်၊ ပဉ္စဝဂ်သင်္ဃာဋိကဏ္ဏသုတ်)

# အခန်း (၁၅)
## ဗုဒ္ဓကိုးကွယ်မှု

ရှေးအခါက အချို့သော အနောက်တိုင်းပညာရှင်တို့သည် ဂေါတမဗုဒ္ဓမှာ ကမ္ဘာ့သမိုင်း၌ ကေန်ထင်ရှား ပေါ်ထွန်းခဲ့သော ပုဂ္ဂိုလ်ဖြစ်ပါ၏လောဟု သံသယရှိခဲ့ကြ၏။ ထိုအခါက သူတို့သည် ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒအကြောင်းကို စေ့ငုသေချာစွာ လေ့လာခွင့်မရကြဘဲ သူတို့သိသော ဗုဒ္ဓဝင်မှာ ဒဏ္ဍာရီပုံပြင်ဆန်သော မဟာယာနဗုဒ္ဓဝင်ဖြစ်၏။ ယခုအခါ၌မူ ရှေးအိန္ဒိယကျောက်စာများနှင့် ပိုမိုခိုင်မာသော ပါဠိပိဋကတ်များကို စုံစုံစေ့စေ့ လေ့လာခြင်းဖြင့် ဗုဒ္ဓအကြောင်းကို ပိုမိုစုံလင်စွာ သိရှိကြ၍ ဗုဒ္ဓသည် ကမ္ဘာ့သမိုင်း၌ ထင်ရှားရှိခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု ယုံကြည်ကြ၏။ ထိုသုတေသီပညာရှင်တို့ အသိအမှတ်ပြုသော ကမ္ဘာ့သမိုင်းဝင် ဗုဒ္ဓအကြောင်းကို အခန်း-၄ ၌ ဖော်ပြခဲ့ပေပြီ။ ထိုဗုဒ္ဓသည် ဗုဒ္ဓဝင်နှင့် အဋ္ဌကထာများ၌လာသော ဗုဒ္ဓနှင့်မတူကြောင်း စာဖတ်သူတို့ သတိပြုမိကြပေလိမ့်မည်။ ဗုဒ္ဓဝင်နှင့် အဋ္ဌကထာများ၌ ပါရှိသော ဗုဒ္ဓအကြောင်းအရာများသည် မည်သို့ဖြစ်ပေါ်လာသည်ကို ယခု ကျွန်ုပ်တို့ စဉ်းစားရပေမည်။

ဗုဒ္ဓဝင်နှင့် အဋ္ဌကထာဆရာများသည် ဗုဒ္ဓကို အနန္တ ဘုန်းတန်ခိုးရှင်အဖြစ်ဖြင့် ရေးသားကြခြင်းမှာ သဒ္ဓါယုံကြည်မှု လွန်ကဲသောကြောင့်သာ မဟုတ်ဘဲ သူတို့မှီငြမ်းပြုသော ပထမ နိကာယ်လေးကျမ်း၌ပင် ဗုဒ္ဓအကြောင်း အံ့ဖွယ်သရဲ အဖြစ်အပျက်များ ပါရှိသောကြောင့် ဖြစ်၏။ သို့ရာတွင် ထိုအံ့ဖွယ်သရဲများသည် အဋ္ဌကထာ၌ လာသော အံ့ဖွယ်သရဲများနှင့်စာသော် မများလှချေ။ ထို့အပြင် ပိဋကတ်စစ်တမ်း၌ ဖော်ပြခဲ့သည့်အတိုင်း နိကာယ်များသည် ဗုဒ္ဓစာပေ၌ ရှေးအကျဆုံး၊ အခိုင်မာဆုံးဖြစ်စေကာမူ အချို့

သော သုတ္တန်များမှာ ပိဋကတ်ထဲသို့ နောက်ကျမှဝင်လာသော သုတ္တန်များဖြစ်၏။ ဗုဒ္ဓအကြောင်း အံ့ဘွယ်သရဲ သုတ္တန်များသည် ထိုသုတ္တန်မျိုး ဖြစ်တန်ရာ၏၊

မိမိ ဘုရားမဖြစ်မီက ကိုယ်တွေ့အဖြစ်အပျက်များကို ဟောသော အရိယပရိယေသနသုတ်၊ မဟာသစ္စကသုတ် အစရှိသည့် ဗုဒ္ဓဒေသနာများ၌ အံ့ဘွယ်သရဲများကို မတွေ့ရချေ။ မဇ္ဈိမနိကာယ်၊ အစ္ဆရိယ အဗ္ဘုတသုတ်၌မူ ဗုဒ္ဓဖွားမြင်တော်မူစဉ်က အံ့ဖွယ်သရဲအဖြစ်အပျက်များကို ဖော်ပြထား၏။ သတိပြုရန်မှာ ထိုသုတ္တန်သည် ဗုဒ္ဓကိုယ်တိုင်မဟောဘဲ အရှင်အာနန္ဒာဟောသော သုတ္တန်ဖြစ်၏။ [ကမ္ဘာအေး ဆဋ္ဌသံဂါယနာတင်ပိဋကတ်တွင် **'အရိယပရိယေသနသုတ်'** ဟု မတွေ့ရဘဲ **'ပါသရာသိသုတ်'** ဟူသော ခေါင်းစဉ်ဖြင့်ဖော်ပြထားသည်။ ၎င်းသုံတ်နှင့်ဆိုင်သော အကြောင်းအရာများကို ဝိနည်းမဟာဝဂ်တွင်လည်း တွေ့ရသေးသည်။ အခြား (သီဟိုဠ် စသော) ပိဋကတ်မူများတွင်သာ **'အရိယပရိယေသနသုတ်'** ဟု ဖော်ပြထားသည်။ —Ed.]

ဘာသာတရားကို ရိုသေလေးစားသော သူတို့သည် သီလသမာဓိနှင့် အထူးပြည့်စုံသော သူတော်သူမြတ်များမှာ အံ့ဖွယ်သရဲ ထူးကဲသောအမှုများကို ပြုလုပ်နိုင်စွမ်းရှိသည်ဟု ယုံကြည်ကြ၏။ ဗုဒ္ဓဘုရားရှင်၏ ဘုန်းတော်အနန္တကို ဗုဒ္ဓဝါဒီတို့ စွဲစွဲမြဲမြဲယုံကြည်ကြခြင်းမှာ အံ့သြဖွယ်ရာမဟုတ်ချေ။ သို့ရာတွင် တန်ခိုးဣဒ္ဓိကို စွဲလမ်းမှု၊ ရရှိရန် အားထုတ်မှုနှင့် တန်ခိုးပြာဋိဟာပြမှုသည် ဗုဒ္ဓလမ်းစဉ်နှင့် လုံးလုံးလျားလျားဆန့်ကျင်၏။ ဗုဒ္ဓသည် ရဟန်းတို့အား တန်ခိုးပြာဋိဟာ မပြရန် ပိတ်ပင် တားမြစ်ခဲ့၏။ လိစ္ဆဝီမင်းသား သုနက္ခတ္တက တန်ခိုးပြရန် တောင်းပန်သော်လည်း ပြတော်မမူချေ (ဒီဃနိကာယ်၊ ပါထိကသုတ်)။ "အံ့ဖွယ်သရဲအမှုကို ရဟန်းတို့ ပြုလုပ်ပြသခြင်းသည် ဗုဒ္ဓသာသနာတော်၏ ဆုတ်ယုတ်ကြောင်းဖြစ်၏။" (အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ ကထ္ထိသုတ်)

တန်ခိုးပြာဋိဟာနှင့်ပတ်သက်၍ ကေဝဋ္ဋသူကြွယ်သားအား ဗုဒ္ဓမိန့်ကြားချက်သည် ရှင်းလင်းပြတ်သား၏။ ကေဝဋ္ဋသူကြွယ်သားက သာသနာတော်၏ အကျိုးစီးပွားအတွက် တန်ခိုးပြာဋိဟာ ပြနိုင်မည့် ရဟန်းတစ်ပါးခန့်ထားရန် ဗုဒ္ဓအား တောင်းပန်လျှောက်ထား၏။ ဗုဒ္ဓသည် ထိုအကြံပေးချက်ကို လက်မခံဘဲ တန်ခိုးဖန်ဆင်းခြင်း ပြာဋိဟာ, အတပ်ဟောခြင်း ပြဋိဟာနှင့်ဆုံးမခြင်းပြာဋိဟာဟူ၍ ပြာဋိဟာသုံးမျိုးရှိသည်။ ငါဘုရား၏ ပြာဋိဟာမှာ ဆုံးမခြင်းဖြစ်သည်။ တန်ခိုးဖန်ဆင်းခြင်း၊ အတပ်ဟောခြင်းဖြင့် ပြာဋိဟာပြသောရဟန်းကို လူတို့က ဤရဟန်းသည် ဂန္ဓာရီအတတ်၊ စိန္တာမဏိ အတတ်ဖြင့် တန်ခိုးပြသည်ဟု စွပ်စွဲဖွယ်ရှိသည်။ ထို့ကြောင့် ငါဘုရားသည် တန်ခိုးပြာဋိဟာပြခြင်းကို အပြစ်မြင်၍ တန်ခိုးပြာဋိဟာပြရန် ဝန်လေးသည်၊ ရှက်သည်၊ စက်ဆုပ်သည်ဟု မိန့်ကြား၏။ (ဒီဃနိကာယ်၊ ကေဝဋ္ဋသုတ်)

ဤသို့ ဗုဒ္ဓသည် တန်ခိုးပြာဋိဟာပြမှုကို အတိအလင်း ကဲ့ရဲ့ရှုတ်ချခဲ့ပါလျက်

ဗုဒ္ဓစာပေ၌ ဗုဒ္ဓကိုယ်တိုင် တန်ခိုးပြမှုများ ပါရှိနေခြင်းသည် ပိဋကတ်နှင့် အဋ္ဌကထာ ဆရာတို့၏ လက်ရာဖြစ်တန်ရာ၏။ သာဝတ္ထိပြည် သရက်ပင်ရင်း၌ ဗုဒ္ဓတန်ခိုးပြမှုများ သည် ဗုဒ္ဓကိုမလေးစားဘဲ အကြိတ်အနယ် ဝါဒပြိုင်နေကြသော တိတ္ထိတို့ကို နှိပ်နယ် လိုသောဆန္ဒဖြင့် ပိဋကတ်ဆရာများ စိတ်ကူးဖန်တီးမှုများ ဖြစ်ဟန်ရှိ၏။ အချို့သော တန်ခိုးပြမှုမှာ ဗုဒ္ဓ၏ ဘဝအတွေ့အကြုံ တစ်ခုခုကို ချဲ့ထွင်ထားခြင်း ဖြစ်ပေမည်။ ဥပမာ ဥရုဝေဠကဿပ၏ ကျောင်းသခ်မ်း၌ မေတ္တာတန်ခိုးဖြင့် ဗုဒ္ဓဆုံးမခဲ့သော မြွေကြီးသည် ပိဋကတ်ဆရာတို့၏ အလိုအားဖြင့် အလျှံပြောင်ပြောင်တောက်သော နဂါးကြီး ဖြစ်ခဲ့တန်ရာ၏။

အချို့သော တန်ခိုးပြမှုများမှာ ဗုဒ္ဓဝါဒနှင့် ခေတ်ပြိုင် အခြားအိန္ဒိယ ဘာသာဝါဒ များ၌ အခြေတည်ခဲ့ဟန်ရှိ၏။ ဥပမာ ဂျိန်းဘာသာဝင်တို့၏ ကျမ်းစာတစ်စောင်၌ ပါသွာအမည်ရှိ ဂျိန်းဘုရားသည် ဘုရားဖြစ်ခါနီး၌ ရန်သူဟောင်းဖြစ်သော အသူရာနတ်၏ နှောင့်ယှက်ခြင်းခံရပုံကို ဖော်ပြထား၏။ ပါသွာဘုရားအလောင်းသည် အသောက သစ်ပင်အောက်၌ စံတော်မူ၍ သဗ္ဗညုတဉာဏ်ကို ရှေးရှုနေစဉ် အသူရာနတ်သည် ခြင်္သေ့အသွင်ဖြင့်လာ၍ ပါသွာကို ရန်မူပြီးလျှင် လေပြင်းမုန်တိုင်း ကျရောက်စေ၏။ သို့ရာတွင် ဒါရဏနဂါးမင်းသည် ဘုရားလောင်းကို မိမိကိုယ်ဖြင့် ရစ်ပတ်ကာ ဦးထိပ် ထက်၌ ပါးပျဉ်းကိုမိုး၍ ကာကွယ်ထားရကား အသူရာနတ်သည် နောက်ဆုံး၌ ဆုတ်ခွာ သွားရ၏။ ဤနေရာ၌ ဒါရဏနဂါးမင်းက ဂျိန်းဘုရားလောင်းအား ကာကွယ် ခြင်းသည် ဘုရားဖြစ်ခါစ ဗုဒ္ဓအား မုစလိန္ဒနဂါးမင်းက မိုးကြီးသည်းထန်စွာ ရွာသွန်း နေစဉ် ရစ်ပတ်ကာကွယ်ထားခြင်းနှင့်တူ၍ ဂျိန်းဘုရားကို အသူရာနတ်က စစ်ထိုးခြင်းမှာ ဗုဒ္ဓအား မာရ်နတ်က စစ်ထိုးခြင်းနှင့်တူကြောင်း ကျွန်ုပ်တို့ သတိပြုရပေမည်။

မာရ်နတ်အကြောင်းကို ဗုဒ္ဓကိုယ်တိုင် မိမိ ဘုရားမဖြစ်မီက ဘဝဖြစ်စဉ်အကြောင်းကို ဟောကြားထားသော နိကာယ်သုတ္တန်များ၌ အလျှင်းမတွေ့ရချေ။ ၎င်းသည် ရှေးလူ တို့က လူလောကအား လွှမ်းမိုးနေသော ကိလေသာတရားနှင့် ဒုက္ခတရားကို ဖော်ဆောင် ရန် ဖန်တီးထားသော ဝေါဟာရပညတ်ဖြစ်၏။ ဤအချက်သည် တဏှာ၊ အရတိ၊ ရဂါဟူသော မာရ်နတ်၏ သမီးသုံးယောက် အမည်များ၌ ထင်ရှား၏။ သဠာယတန ဝဂ္ဂသံယုတ်၌ မာရ်သည် ဝိဉာဏ်ခြောက်ပါးဖြင့် သိရှိသောတရားများ၏ အမည်ပညတ်ဖြစ် ကြောင်း ဗုဒ္ဓက ဟောကြား၏။ ဤစကားသည် ကိလေသာမာရ်၊ ခန္ဓမာရ်စသော မာရ် ငါးပါးကို ရည်ညွှန်းခြင်းဖြစ်ပေမည်။ ဘုရားဖြစ်ခါနီး၌ မာရ်နတ်က စစ်ထိုး၍ အရေး ရှုံးနိမ့်ခြင်းသည် ဗုဒ္ဓက သမ္မာသမ္ဗောဓိဉာဏ်ဖြင့် ကိလေသာရန်သူအားလုံး အပြီးအပြတ် ချေ မှုန်းအောင်မြင်မှုကို လူအများ နားလည်သိရှိစေရန် ဖော်ညွှန်းထားခြင်း ဖြစ်ပေမည်။

အဋ္ဌကထာဆရာတို့သည် ဗုဒ္ဓနှင့်စပ်သော အဖြစ်အပျက်တစ်ခုကို သာမန်ဖြစ်စဉ် တစ်ခုအနေဖြင့် လက်မခံနိုင်ဘဲ တန်ခိုးပြာဋိဟာဖြင့် ချဲ့ထွင်လေ့ရှိကြ၏။ ဥပမာ ဗုဒ္ဓ

သည် 'အို ဘာရဒွါဇ၊ ငါသည် ခမည်းတော်မင်း လယ်ထွန်မင်္ဂလာပြုနေစဉ် သပြေပင်ရိပ်၌ထိုင်လျက် ကာမဂုဏ် အကုသိုလ်တရား ဆိတ်ကင်း၍ ပီတိသုခအစရှိသော ပထမဈာန်ကို ဝင်စားခဲ့၏" (မဇ္ဈိမနိကာယ်၊ သင်္ဂါဝရနှင့် အခြားသုတ်များ)ဟု မိန့်ကြားခဲ့၏။ ဤအဖြစ်အပျက်သည် ဗုဒ္ဓ၏ ဘဝဖြစ်စဉ်၌ ထူးခြားသောကြောင့် အဋ္ဌကထာဆရာတို့သည် ဗုဒ္ဓ၏စကားကို ဖွင့်ဆိုကြရာ၌ အံ့ဖွယ်သရဲ ဖြစ်ရပ်များဖြင့် ချဲ့ထွင်ရေးသားကြ၏။ ရေးသားချက်များမှာ စိတ်ကူးဉာဏ်ဖြင့် ရေးသားချက်များဖြစ်၍ တစ်ခုနှင့်တစ်ခု ညီညွတ်ခြင်းမရှိချေ။ သို့ဖြစ်၍ ထိုဗုဒ္ဓ စကားရပ်နှင့်စပ်၍ မဇ္ဈိမနိကာယ်၊ အဋ္ဌကထာနှင့် သက္ကတပိဋကတ် အဋ္ဌကထာများဖြစ်သော မဟာဝတ္ထု၊ လလိတဝိတ္ထရနှင့် ဒိဗျာဝဒါနကျမ်းလာ အံ့ဖွယ်သရဲ အကြောင်းရပ်များသည် အကွဲကွဲအပြားပြား ဖြစ်နေသည်ကို တွေ့ရပေ၏။[၁]

ထိုသို့ ဗုဒ္ဓစာပေထဲသို့ ဗုဒ္ဓပြစ်တင်ရှုတ်ချခဲ့သော တန်ခိုးပြာဋိဟာပြမှုများ ဝင်ရောက်လာခြင်းသည် ဗုဒ္ဓကို ပိဋကတ်နှင့် အဋ္ဌကထာဆရာတို့ ပုဂ္ဂိုလ်စွဲ ကြည်ညိုကြသောကြောင့် ဖြစ်၏။ ဗုဒ္ဓသည် မိမိအား စွဲလမ်းယုံကြည်မှုကိုပယ်ရန် အခါများစွာ ဟောခဲ့ကြောင်း 'ဗုဒ္ဓ' အခန်း၌ ပြဆိုခဲ့ပေပြီ။ "ရဟန်းတို့၊ ကိလေသာတရား အားကြီးသောသူသည် ငါ၏သင်္ကန်းစွန်းကိုကိုင်၍ နောက်မှလိုက်သော်လည်း ငါနှင့်ဝေး၏။ ကိလေသာတရား နည်းသောသူမှာကား ယူဇနာတစ်ရာဝေးသော အရပ်၌နေသော်လည်း ငါနှင့်နီး၏။ သူသည် တရားကိုမြင်၍ ငါဘုရားကို မြင်သောသူဖြစ်၏" (ဣတိဝုတ်၊ တိကနိပါတ်၊ ပဉ္စဝဂ်သင်္ဃာဋိကဏ္ဏသုတ်)။ ဤသို့ ဗုဒ္ဓသည် များစွာသော ဒေသနာများ၌ အလေးအနက် ဟောခဲ့စေကာမူ ပုထုဇဉ် ဗုဒ္ဓဝါဒီတို့သည် ဗုဒ္ဓအား ပုဂ္ဂိုလ်စွဲ ကြည်ညိုမှုကို မစွန့်လွှတ်နိုင်ခဲ့ကြချေ။

ဒေါနဗြာဟ္မဏသည် ဗုဒ္ဓအား အရှင်ဂေါတမသည် လူလော၊ နတ်လော၊ ဂန္ဓဗ္ဗလောဟု မေးသောအခါ ဗုဒ္ဓက ငါသည် လူမဟုတ်၊ နတ်မဟုတ် ဂန္ဓဗ္ဗလည်းမဟုတ်ဟု ဖြေ၏ (အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ ဒေါနဗြာဟ္မဏသုတ်)။ ဤစကားအရ ဗုဒ္ဓသည် လူတို့က တန်ခိုးရှိသည်ဟု အစဉ်အလာ ယုံကြည်သော နတ်ဗြဟ္မာမဟုတ်။ ကိလေသာတရား လွှမ်းမိုးနေသော လူပုဂ္ဂိုလ်လည်း မဟုတ်ကြောင်း နားလည်ရမည်ဖြစ်သော်လည်း ပုဂ္ဂိုလ်စွဲ ကြည်ညိုသော ဗုဒ္ဓဝါဒီတို့ကမူ တစ်မျိုးတစ်ဖုံ နားလည်ကြ၏။ သို့ဖြင့် ဗုဒ္ဓသည် ပါဠိစာပေ၌ ယောကျ်ားမြတ်တို့၏ လက္ခဏာအင်္ဂါ ၃၂ ပါးနှင့် သဗ္ဗညုတဉာဏ်တော်ရှိသော စကြဝဠာ၌ အတုမရှိပုဂ္ဂိုလ် ဖြစ်လာလေသည်။

ယောကျ်ားမြတ်တို့၏ ၃၂ ပါးသော အမှတ်လက္ခဏာများသည် ဗြာဟ္မဏတို့၏ ရှေးဝေဒကျမ်းများ၌လာ၍ လောကီအယူနှင့် ဗေဒင်လက္ခဏာ၊ အင်္ဂဝိဇ္ဇာအတတ်ကို ကဲ့ရဲ့သော ဗုဒ္ဓလမ်းစဉ်နှင့် မကိုက်ညီချေ။ ဒီဃနိကာယ် သုတ္တန်တစ်ခု၌ ဗြာဟ္မဏ

---

၁။ **E.J.Thomas: The Life of the Buddha, pp. 44-46**

ဆရာတစ်ဦးက ဗုဒ္ဓ၌ ထိုအင်္ဂါ ၃၂ ပါးရှိမရှိ စူးစမ်းလေ့လာရန် စေလွှတ်လိုက်သော တပည့်တစ်ယောက်အား ဗုဒ္ဓက မိမိ၌ရှိကြောင်း ထုတ်ဖော်ပြသသည် ဆိုခြင်းမှာ အကြောင်းယုတ္တိ ကင်းမဲ့သောစကား ဖြစ်၏။ လူတို့ ယုံကြည်စေရန် တန်ခိုးပြမှုကို စက်ဆုပ်သော လောကီမင်္ဂလာကို ယုံကြည်သော ဗုဒ္ဓဝါဒီအား ဒွန်းစဏ္ဍား ဥပါသကာဟု ခေါ်ဆိုသော ဗုဒ္ဓသည် ဗြာဟ္မဏဆရာ၏အလိုကို လိုက်လျောခဲ့မည် မဟုတ်ချေ။ အယူသီးသော ဗြာဟ္မဏတို့ကို ဆွဲဆောင်ရန် ပိဋကတ်ဆရာတို့က ထိုသို့ဖော်ပြထားခြင်း ဖြစ်ပေမည်။

အဋ္ဌကထာများ၌ အထူးပြဆိုထားသော ဗုဒ္ဓဂုဏ်တော်မှာ သဗ္ဗညုတဉာဏ်ဖြစ်၏။ သံယုတ္တနိကာယ်၌ ကောသလမင်းက မေးလျှောက်၍ ဗုဒ္ဓက မိမိ၌ သဗ္ဗညုတဉာဏ်ရှိသည်ဟု မိန့်ကြား၏။ သို့ရာတွင် ထိုသဗ္ဗညုတဉာဏ်သည် မည်သို့သော ဉာဏ်မျိုးဖြစ်ကြောင်း ရှင်းပြတော်မမူချေ။ အဋ္ဌကထာဆရာတို့ကမူ အမြဲထာဝရ ဘာမဆို ကြားမြင်သိရှိသော ဉာဏ်မျိုးဖြစ်သည်ဆို၏။ ဂျိန်းခေါင်းဆောင် မဟာဝီရနှင့် ပူရဏကဿပတို့က မိမိတို့၌ ရှိသည်ဆိုသော ဉာဏ်ဖြစ်၍ ဗုဒ္ဓသည် ထိုအကြောင်းနှင့်စပ်၍ မည်သို့မျှ မိန့်ကြားခြင်းမပြုချေ။ အရှင်အာနန္ဒာကမူ အချို့သောဆရာတို့သည် သဗ္ဗညုတဉာဏ်ဖြင့် ထာဝရ အကြားအမြင်ရသည်ဆိုပါလျက် လူမရှိသောအိမ်သို့ ဝင်မိ၍ ဆွမ်းမရ၊ တစ်ခါတစ်ရံ ခွေးကိုက်ခံရ၊ ဆင်လိုက်ခံရပြီး မိန်းမယောက်ျားအမည်၊ ရွာ၏အမည်နှင့် လမ်းခရီးကို မေးရဘိ၏ဟု ဆိုလေသည်။ (မဇ္ဈိမနိကာယ်၊ သန္ဒကသုတ်)

ဗုဒ္ဓဂုဏ်တော်များကို ပြဆိုသော သုတ္တန်ဒေသနာများ၊ ဥပမာ မဇ္ဈိမနိကာယ်၊ မဟာသီဟနာဒသုတ်နှင့် အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ တထာဂတ ဗလသုတ်စသည်တို့၌ သဗ္ဗညုတဉာဏ်ကို ပြထားခြင်းမရှိချေ။ နိဒ္ဒေသနှင့် ပဋိသမ္ဘိဒါမဂ်တို့၌ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ကို အကျယ်ဖွင့်ဆိုထား၏။ ဤပါဠိတော်များမှာ ပိဋကတ်ထဲသို့ နောက်မှဝင်လာသော ကျမ်းများဖြစ်၏။ ပဋိသမ္ဘိဒါမဂ်မှာ အဘိဓမ္မာကျမ်းများနှင့် စီရင်ပြုစုထားပုံတူ၍ ဝိနည်းပိဋကတ် ဒီဃ၊ အင်္ဂုတ္တရနှင့် သံယုတ္တနိကာယ်များမှ ပါဠိတော်များကို လုံးစေ့ပတ်စေ့ ကိုးကားဖော်ပြထား၏။

အဋ္ဌကထာဆရာတို့သည် ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်မှာ ထာဝရအကြားအမြင် ဖြစ်သည်ဟု ယုံကြည်သောကြောင့် ဗုဒ္ဓ၏ဘဝဖြစ်စဉ်မှ အချို့သောအချက်များကို ရေးကြီးခွင့်ကျယ်လုပ်၍ ရှင်းပြကြရ၏။ ဗုဒ္ဓသည် ရဟန်းတို့အား တစ်စုံတစ်ရာမေးလျှင် မသိသောကြောင့်မဟုတ်ဘဲ တမင်သိလျက် မေးခြင်းဖြစ်သည်ဆို၏။ မိလိန္ဒမင်းသည် သဗ္ဗညုတဉာဏ် ရရှိသည်ဆိုသော ဗုဒ္ဓ၏ အကြောင်းအရာနှင့်စပ်၍ စိတ်မရှင်းမလင်း၊ ဇဝေဇဝါ ဖြစ်ခဲ့ရ၏။ ဥပမာ ဗုဒ္ဓသည် သဗ္ဗညုတဉာဏ် ရပါလျက် အဘယ်ကြောင့် ဒေဝဒတ်၏ ရှေ့ဖြစ်ကို ကြိုတင်မသိမြင်ပါသနည်း။ နောင်တစ်နေ့တွင် မိမိအသက်ကို ရန်ရှာမည့်သူ တစ်ဦးအား အဘယ်ကြောင့် ရဟန်းပြုခွင့်ပေးပါသနည်း။ ပရိနိဗ္ဗာန်ပြုခါနီး၌

အဘယ်ကြောင့် နုတ်ပယ်သင့်သော သိက္ခာပုဒ်များကို နုတ်ပယ်ရန် ရဟန်းတို့အား မှာကြားတော်မူပါသနည်း။ သဗ္ဗညုတဉာဏ်ရှင် ဗုဒ္ဓကိုယ်တိုင် ပညတ်သော သိက္ခာပုဒ်များ၌ နုတ်ပယ်သင့်သော ပညတ်ချက်များ ပါရှိနိုင်ပါမည်လော။

ဤနေရာ၌ ပါဠိပိဋကတ်မှ ဗုဒ္ဓဒေသနာတစ်ခုကို မိလိန္ဒမင်းနှင့် အဋ္ဌကထာဆရာတို့ သတိမပြုမိကြခြင်းမှာ အံ့သြဖွယ်ရာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုသုတ္တန်ဒေသနာ၌ ဗုဒ္ဓကိုယ်တော်တိုင်က မိမိ၏ သဗ္ဗညုတဉာဏ်မှာ အချိန်မရွေး အစဉ်အမြဲ ဘာမဆို သိမြင်နိုင်သောဉာဏ် မဟုတ်ကြောင်း ပွင့်လင်းပြတ်သားစွာ မိန့်ကြားတော်မူခဲ့၏။

(ဝစ္ဆပရိဗိုဇ်) မြတ်စွာဘုရား၊ ရဟန်းဂေါတမသည် အလုံးစုံသောတရားကို သိသည်၊ မြင်သည်၊ အကြွင်းမရှိသော ဉာဏ်အမြင်ဖြင့်သိသည်။ သွားနေစဉ်သော်လည်းကောင်း၊ ရပ်နေစဉ်သော်လည်းကောင်း၊ အိပ်နေစဉ်သော်လည်းကောင်း၊ နိုးကြားနေစဉ်သော်လည်းကောင်း အမြဲနိုင်းယှဉ် ဆင်ခြင်နိုင်သော ဉာဏ်အမြင်ရှိသည်ဟု အကြင်ရဟန်း ဗြာဟ္မဏတို့က ဆိုကြပါ၏။ ထိုရဟန်း ဗြာဟ္မဏတို့သည် အရှင်ဘုရားအကြောင်းကို မှန်သောအတိုင်း ဆိုကြပါကုန်သလော။

(ဗုဒ္ဓ) ထိုသို့ဆိုသော ရဟန်းဗြာဟ္မဏတို့သည် ငါဘုရားအကြောင်းကို မှန်သောအတိုင်း ဆိုကုန်သည်မဟုတ်။ ငါဘုရားအကြောင်းကို ထင်ရှားမရှိသော၊ မဟုတ်မမှန်သောစကားဖြင့် ပြောဆိုကြကုန်၏။

(ဝစ္ဆပရိဗိုဇ်) အဘယ်ကဲ့သို့ ကျွန်ုပ်တို့ ပြောကြားသည်ရှိသော် မှန်သောအတိုင်း ဆိုကြသည် ဖြစ်ပါမည်နည်း။

(ဗုဒ္ဓ) အိုဝစ္ဆ၊ ရဟန်းဂေါတမသည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသည်ဟု ပြောဆိုသောသူသည် ငါဘုရားအကြောင်းကို ဟုတ်မှန်သောအတိုင်း ပြောဆိုခြင်း ဖြစ်၏။ သဗ္ဗညုတဉာဏ်၏ တရားအားလျော်သည်ကို ပြောဆိုခြင်းဖြစ်၏။ (မဇ္ဈိမနိကာယ်၊ တေဝိဇ္ဇဝစ္ဆဂေါတ္တသုတ်)

ဤဗုဒ္ဓဒေသနာအရ သဗ္ဗညုတဉာဏ်မှာ သိသင့်သိအပ်သော တရားအားလုံးကို ထိုးထွင်းသိမြင်မှု၊ (ဝါ) ဝိဇ္ဇာသုံးပါးကို ထိုးထွင်းသိသော ဉာဏ်အမြင်ဖြစ်ကြောင်း ထင်ရှား၏။ ဝိဇ္ဇာသုံးပါးသည် ရဟန္တာပုဂ္ဂိုလ်တိုင်း ရရှိသောဉာဏ်ဖြစ်၏။ အဋ္ဌကထာဆရာတို့သည် ဗုဒ္ဓကို ရဟန္တာတို့နှင့် ခွဲခြားလိုသောကြောင့် ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ကို ထာဝရ အကြားအမြင်အဖြစ်ဖြင့် ဖွင့်ဆိုရေးသားခဲ့ကြခြင်း ဖြစ်ပေမည်။ ဗုဒ္ဓကိုယ်တော်တိုင်က မိမိနှင့်ရဟန္တာတို့၏ ကွဲပြားခြားနားမှုကို ဖော်ပြသော သုတ္တန်တစ်ခု၌မူ သဗ္ဗညုတဉာဏ်ကို ရည်ညွှန်းခြင်း လုံးဝမရှိချေ။

"ရဟန်းတို့၊ ကိလေသာမှလွတ်သော ရဟန်းနှင့် ငါဘုရား၏ ထူးခြားကွဲလွဲသော အကြောင်းကား အဘယ်နည်း။ ငါဘုရားသည် နိဗ္ဗာန်သို့ရောက်ကြောင်း မဂ်ခရီးကို ဖြစ်စေ၏။ မပေါ်အပ်သေးသော မဂ်ခရီးကို ပေါ်၏။ နိဗ္ဗာန်သို့ရောက်ကြောင်း

ခရီးကိုသိ၍ သိပြီးသော နိဗ္ဗာန်ခရီးကို ထင်ရှားစေ၏။ နိဗ္ဗာန်ခရီးလမ်း ဟုတ်၊ မဟုတ်၌ လိမ္မာ၏။ ငါဘုရား၏ တပည့်တို့သည်ကား ငါဘုရား ဟောကြားသော နိဗ္ဗာန်လမ်းခရီးကို အစဉ်လိုက်ကုန်သော နောက်မှလိုက်သောသူတို့ ဖြစ်ကြ၏။” (သံယုတ္တနိကာယ်၊ ခန္ဓ သံယုတ်၊ သမ္ဗုဒ္ဓသုတ်)

အထက်ပါ မိန့်ကြားချက်ကို ထင်ရှားစေရန် ပါရာဇိကဏ် ပါဠိတော်၌ ဗုဒ္ဓသည် မိမိကိုယ်ကို ကြက်မ၏ဥများအတွင်းမှ ကြက်ငယ်အပေါင်းတို့တွင် ဥခွံကို ရှေးဦးစွာ ဖောက်ခွဲ၍ ချမ်းသာစွာ ပေါက်ဖွားလာသော ကြက်ငယ်နှင့် ဥပမာပြု၍ ဟောတော်မူ၏။

ဤသို့ဖြင့် ဗုဒ္ဓနှင့် ရဟန္တာတို့တွင် ဆရာနှင့်တပည့်၊ (ဝါ) ခေါင်းဆောင်နှင့် နောက်လိုက်တို့၏ နေရာကဏ္ဍ ခြားနားမှုမျိုးမှတစ်ပါး အခြားခြားနားမှုများ ရှိကြောင်း ယူဆရန် ဒေသနာအထောက်အထား မရှိချေ။ စင်စစ် ဗုဒ္ဓ၏အလိုအားဖြင့် အရိယာပုဂ္ဂိုလ်တို့သည် ရဟန္တာမဖြစ်မီကာလ၌ ဘဝက် အကျိုးပေးကိုလိုက်၍ ကွာခြားမှုရှိခဲ့မည် ဖြစ်သော်လည်း ရဟန္တာဖြစ်သောအခါ ကွာခြားမှုမရှိတော့ချေ။ သဒ္ဓါ၊ သီလ၊ ပညာတူမျှသော ဗုဒ္ဓတပည့်နှစ်ဦးတွင် တစ်ဦးကပေးလှူ၍ တစ်ဦးက မပေးလှူလျှင် သေသောအခါ နတ်ပြည်၌ ထူးခြားပါမည်လောဟု သုမဏာမင်းသမီးက ဗုဒ္ဓအား မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓက နတ်ပြည် လူ့ပြည်၌လည်းကောင်း၊ ရဟန်းပြုသောအခါ၌လည်းကောင်း ပေးလှူသောသူသည် မပေးလှူသောသူထက် အကျိုးပိုမိုခံစားရသည်။ ရဟန္တာဖြစ်သော အခါ၌မူ တစုံတရာ မထူးခြားဘဲ ထပ်တူထပ်မျှဖြစ်သည်ဟု မိန့်တော်မူ၏။ (အင်္ဂုတ္တရ နိကာယ်၊ ပဉ္စကနိပါတ်၊ သုမနရာဇကုမာရီသုတ်)

ဤဗုဒ္ဓစကားနှင့်အညီ ရှေးသုတ္တန်အချို့၌ ဗုဒ္ဓနှင့်ရဟန္တာကို ခွဲခြားသတ်မှတ်ချက်မှာ မထင်မရှား ဝိုးတဝါးဖြစ်နေပုံကို အချို့သော အနောက်တိုင်း ပါဠိပညာရှင်တို့က ထောက်ပြကြ၏။ ဒေါက်တာရိုင်းစ်ဒေးဗစ်၏ အဆိုအားဖြင့် ရှေးအကျဆုံး ပါဠိတော်များ၌ ဗုဒ္ဓနှင့်ရဟန္တာမှာ အနက်အဓိပ္ပာယ် ခပ်ဆင်ဆင်ဖြစ်နေ၏။ ဗုဒ္ဓဟူသောပုဒ်ကို ယခုကာလ လူတို့နားလည်သော ဝိသေသဂုဏ်ဖြင့် သုံးစွဲထားခြင်း မရှိချေ။ သုတ္တနိပါတ် တစ်နေရာ၌ ဗုဒ္ဓ၏ ဂုဏ်ပုဒ်များမှာ ဣတိဝုတ္တကဌ ရဟန္တာအတွက် ပြဆိုထားသော ဂုဏ်ပုဒ်များဖြစ်၏။ သုတ္တနိပါတ်၊ ဥဒါန်၊ ဟိမဝတသုတ်၌ ပါရှိသော ဗုဒ္ဓဂုဏ်တော် များသည် အခြားနေရာများ၌ တပည့်သာဝကများ၏ ဂုဏ်ပုဒ်များဖြစ်၏။[၁]

အခြားပါဠိပညာရှင်တစ်ဦးကမူ သုတ္တနိပါတ်၌ ‘ဗုဒ္ဓ’ ပုဒ်ကို ‘စတုသစ္စာ ဗုဒ္ဓါအရိယ ပုဂ္ဂလာ’ ‘သစ္စာလေးပါးကိုသိသော အရိယာပုဂ္ဂိုလ်များ’ ဟူသော အနက်ဖြင့် ခြောက်ကြိမ်မျှ သုံးစွဲထားခြင်းကို ထောက်ချင့်၍ မူလပထမက ‘ဗုဒ္ဓ’ ပုဒ်သည် မင်္ဂဖိုလ် တည်ပြီးသော ရဟန်းအားလုံးကို ရည်ညွှန်း၍ နောက်ကာလ၌သာလျှင် ဂေါတမတစ်ဦး တည်း၏

၁။ **Dr. Rhys Davids: Dialogues of the Buddha, Vol. II. pp. 2 note**

ဘွဲ့နာမည် ဖြစ်လာဟန်ရှိကြောင်း ရေးသားခဲ့၏။[၁]

ဗုဒ္ဓထင်ရှားရှိစဉ်က ဗုဒ္ဓအား ရဟန်းသံဃာ၏ ကြည်ညိုမှုသည် ယေဘုယျအားဖြင့် ဝက္ကလိရဟန်း၏ ပုဂ္ဂိုလ်စွဲ ကြည်ညိုပုံမျိုး၊ သို့မဟုတ် ယနေ့ မဟာယာနဝါဒီတို့က ဗုဒ္ဓအား ထာဝရဘုရားကဲ့သို့ စွဲမှတ်ကြည်ညိုပုံမျိုး မဟုတ်ဘဲ မိမိအကြွင်းမဲ့ ယုံကြည်လေးစားသော ဆရာ၊ (ဝါ) ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်အား တပည့်က ကြည်ညိုပုံမျိုးဖြစ်၏။ အရှင်အာနန္ဒာ၏ အဆိုအားဖြင့် "မြတ်စွာဘုရားနှင့် အရည်အချင်းတူသော ရဟန်းသည် မရှိ။ မြတ်စွာဘုရားသည် မဂ်လမ်းခရီးကို ဟောပြောညွှန်ပြ၍ တပည့်ရဟန်းတို့မှာ ဗုဒ္ဓလမ်းစဉ်ကိုကျင့်သော နောက်လိုက်ငယ်သားများ ဖြစ်ကြ၏။" (မဇ္ဈိမနိကာယ်၊ ဂေါပကမောဂ္ဂလာနသုတ်)

ရဟန်းသံဃာသည် ဗုဒ္ဓပရိနိဗ္ဗာန် စံဝင်ပြီးနောက် ပထမသင်္ဂါယနာတင်သော အခါ၌ ဗုဒ္ဓအပေါ် ပုဂ္ဂိုလ်စွဲ ဥပါဒါန်ကင်းကြောင်း ထင်ရှား၏။ ပထမသင်္ဂါယနာတင် မထေရ်တို့သည် ဗုဒ္ဓသာသနာသမိုင်းတွင် အရေးအကြီးဆုံးဖြစ်သော ဓမ္မသဘင်၌ ဗုဒ္ဓအား အထူးချီးကျူးခြင်း မရှိကြ။ နောင်းလူတို့ အမြဲသတိရစေမည့် အထိမ်းအမှတ်ထားရှိရန် ဆောင်ရွက်ခြင်းမပြုကြ။ ဗုဒ္ဓဒေသနာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် စီမံကြရာ၌လည်း ဗုဒ္ဓနှင့်စပ်သော အကြောင်းအရာများကို ဦးစားမပေးကြချေ။ ဤအချက်များမှာ နိုင်ငံ၊ အမျိုးသား၊ သို့မဟုတ် ဘာသာရေးခေါင်းဆောင်တို့နှင့် ပတ်သက်၍ ပုဂ္ဂိုလ်စွဲ ကြည်ညိုမှုလွန်ကဲသော ယခုခေတ်လူတို့၏ အပြုအမူများနှင့် မည်မျှကွာဟကြောင်း နှိုင်းယှဉ်စဉ်းစားကြည့်သင့်ပေ၏။

သို့ရာတွင် ဗုဒ္ဓလက်ထက်က ဗုဒ္ဓဝါဒီ လူပုဂ္ဂိုလ်တို့တွင် ဗုဒ္ဓအား ပုဂ္ဂိုလ်စွဲကြည်ညို၍ ဗုဒ္ဓတန်ခိုးတော်ကို အစွဲအမြဲ ယုံကြည်သောသူတို့မှာ နည်းမည်မဟုတ်ချေ။ ရဟန်းသံဃာသည် ထိုဗုဒ္ဓဝါဒီ လူထု၏ ယုံကြည်ချက်များကို အသိအမှတ်ပြု၍ ပိဋကတ်၌ အထိုက်အလျောက် နေရာပေးရ၏။ မဟာပရိနိဗ္ဗာနသုတ် ၌ ဗုဒ္ဓဓာတ်တော်များကို စေတီတည်ထိုက်ကြောင်း၊ ဗုဒ္ဓဖွားရာ၊ ဘုရားဖြစ်ရာနှင့် ပရိနိဗ္ဗာန်ပြုရာဌာနများသို့ ဘုရားဖူးသွားသော သူတို့သည် နတ်ပြည်သို့ရောက်မည်ဖြစ်ကြောင်း ဖော်ပြထား၏။ ဤစကားမှာ မိမိအား ပုဂ္ဂိုလ်စွဲကြည်ညိုမှုကို ဆန့်ကျင်သော ဗုဒ္ဓ၏စကား သို့မဟုတ် သင်္ဂါယနာတင် ရဟန်းသံဃာ၏ စကားမဖြစ်နိုင်ချေ။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်းနှစ်ရာကျော်လောက်မှ သုတ္တန်ပိဋကတ်ကို ပြင်ဆင်တည်းဖြတ်သော ဆရာတို့၏ စကားဖြစ်ရပေမည်။

ထိုအခါက ဗုဒ္ဓကိုးကွယ်မှုကို အထူးကူညီပံ့ပိုးသော အိန္ဒိယဘာသာရေးဝါဒမှာ ဘက္တိဝါဒ[၂]ဖြစ်၏။ ထိုဝါဒသည် ရှေးပဝေသဏီမှစ၍ အိန္ဒိယဘာသာရေးနယ်၌ ရှိခဲ့ပြီး

---

၁။ Lord Chalmers: The Teaching of the Buddha, Introduction pp. xix

၂။ Bhakti

ဘိစိသုံးရာစုခေတ်၌ ထွက်ပေါ်သော ဘဂဝါဂီတာကျမ်း၌ ထင်ရှား၏။ **ဘက္တိဝါဒ**၏ ပဓာနလက္ခဏာမှာ ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ပူဇော်မှုဖြစ်၏။ ထိုဝါဒကို ဘဂဝါဝါဒဟူ၍လည်း ခေါ်သောကြောင့် ဗုဒ္ဓကို ဘဂဝါဟု ခေါ်ဝေါ်သော ပါဠိပိဋကတ်ထဲ၌ **ဘက္တိဝါဒ** မသိမသာ ဝင်ရောက်နေကြောင်း သိအပ်၏။ 'ဗုဒ္ဓ'နှင့် 'ဘဂဝါ' ပုဒ်နှစ်ခုကို အိန္ဒိယပါဠိပညာရှင်တစ်ဦးက အောက်ပါအတိုင်း အဓိပ္ပာယ်ခွဲခြား ပြဆိုထား၏။

"ဘဂဝါသည် ဗုဒ္ဓကို ကြည်ညိုသောသူတို့ သုံးစွဲသောပုဒ်ဖြစ်၍ ထူပါရုံစေတီ ကျောက်စာများ၌ အများအားဖြင့် တွေ့ရ၏။ ဗုဒ္ဓမှာ ဂေါတမ၏ဝါဒကို သိရှိရန် လေ့လာသောသူတို့က ခေါ်ဝေါ်သော အမည်ဖြစ်၏။ ဗုဒ္ဓဝါဒသည် ဗုဒ္ဓကို အကြောင်းပြု၍ ဗုဒ္ဓကဲ့သို့ အမှန်တရားကို ရှာဖွေသောသူတို့၏ ဝါဒဖြစ်၏။ ထေရဝါဒနှင့် ဘဂဝါဝါဒသည် တခြားစီဖြစ်၏။ သို့စဉ်လျက် ဗုဒ္ဓကို ဘဂဝါဟုလည်း ခေါ်ကြ၏။ ဤသည်မှာ ဗုဒ္ဓသာသနာထဲသို့ ဘက္တိဝါဒ ဝင်ရောက်နေသော လက္ခဏာဖြစ်၍ နောက်ကာလ၌ ဗုဒ္ဓအား ရှိခိုးပူဇော်ခြင်း၊ ဆုတောင်းခြင်း၊ တန်ခိုးတော်အနန္တကို ယုံကြည်ခြင်း စသည်တို့ဖြင့် သိသာထင်ရှားလာ၏"[၁]

ပါဠိပိဋကတ်၌ **ဘက္တိဝါဒ** အသွင်ဆောင်နေသော သရဏဂုံသုံးပါး ဒေသနာများသည် အိန္ဒိယ ဗုဒ္ဓဝါဒသမိုင်း၌ မည်သည့်အချိန်က စတင်ဝင်ရောက်လာသည်ကို မသိရချေ။ ရှေးဦးမူလ ဗုဒ္ဓဒေသနာများ၌မူ ကိုးကွယ်မှု (သရဏ)ကို မဟောဘဲ ယုံကြည်မှု (သဒ္ဓါ)ကိုဟော၏။ ဥပမာ မဇ္ဈိမနိကာယ်၊ စေတောခိလသုတ်၌ ရဟန်းသည် ဗုဒ္ဓဓမ္မနှင့်၊ သံဃာနှင့် သိက္ခာကို ယုံကြည်သင့်သည်။ မယုံကြည်ပါက ကျင့်ကြံအားထုတ်မှု ရှိတော့မည်မဟုတ် စသည်ဖြင့် ဗုဒ္ဓက မိန့်ဆိုကြောင်းလာ၏။ ယုံကြည်မှုသည် အားထုတ်မှုသို့ ရှေးရှု၍ ကြည်ညိုမှုမှာ ထိုသို့မဟုတ်ချေ။ မဟာပရိနိဗ္ဗာနသုတ်၌ ရတနာသုံးပါးကို မတုန်မလှုပ် ကြည်ညိုသောသူသည် အပါယ်မလားတော့ဘဲ သောတာပန်ဖြစ်နိုင်ကြောင်း ဖော်ပြထား၏။ ဤအဆိုမှာ ဗုဒ္ဓကို ကြည်ညိုခြင်းဖြင့် အားမထုတ်ရဘဲ သောတာပန်ဖြစ်နိုင်သည်ဟု ဆိုလိုရာရောက်၍ ဘက္တိဝါဒ ထင်ဟပ်နေသော အဆိုဖြစ်၏။

**ဘက္တိဝါဒ**နှင့် ဆက်စပ်နေ၍ ဗုဒ္ဓကိုးကွယ်မှုကို ကူညီအားပေးသော အခြား အိန္ဒိယဘာသာဝါဒမှာ အဝတာရဝါဒဖြစ်၏။ အဝတာရဝါဒ အလိုအားဖြင့် ဘုရားဟူသမျှသည် ထာဝရဘုံ၌ စံနေ၍ လူသားအသွင်ဖြင့်သာ လူ့ပြည်သို့သွားရောက်ဟောပြောသည်။ သို့ဖြစ်၍ လူတို့က ဘုရားကို မြင်ဖွမ်းနိုင်ခြင်းမရှိ။ စိတ်ကူးကြံစည်ခြင်းဖြင့်လည်း ဘုရား၏ ပုံပန်းသဏ္ဌာန်ကို ဖော်ဆောင်နိုင်မည် မဟုတ်ဟု ယူဆရန်ရှိ၏။ ကထာဝတ္ထု၌ ဗုဒ္ဓသည် နတ်ပြည်၌စံနေ၍ လူ့ပြည်သို့ နိမ္မိတကိုယ်စား စေလွှတ်သည်ဟု အယူရှိသော ဗုဒ္ဓဝါဒီတို့သည် အဝတာရဝါဒကို လက်ခံယုံကြည်သော သူတို့ဖြစ်ကြ၏။

၁။ **S. Dutt: The Buddha & Five after Centuries, pp. 199**

အဝတာရဝါဒသည် အိန္ဒိယပြည်ရှိ ဆန်ချီ၊ ဘာရပ်၊ အမရဝတီစသော အရပ်များ၌ ရှေးဗုဒ္ဓဘာသာဝင်များ တည်ထားခဲ့သော ထူပါရုံစေတီများမှ ကျောက်ဆစ်ပန်းချီများ၌ ထင်ရှား၏။

ထိုခေတ် ဗုဒ္ဓဝါဒီတို့သည် ဗုဒ္ဓကို လူသားတစ်ဦးဖြစ်သည်ဟု မယူဆကြသောကြောင့် ကျောက်ဆစ်ပန်းချီ၌ လုံးဝမပြဘဲ ထားကြ၏။ ဗုဒ္ဓဖွားမြင်ခန်း၌ ဘုရားလောင်းမင်းသား၏ပုံကို မတွေ့ရချေ။ သိဒ္ဓတ္ထမင်းသား တောထွက်ခန်း၌ လူမပါသောမြင်းကို ပြထား၏။ ဓမ္မစကြာ တရားဟောတော်မူခန်း၌ ပဉ္စဝဂ္ဂီငါးဦးနှင့် တရားပလ္လင်ကိုသာပြ၍ ဗုဒ္ဓကို ပြမထားချေ။ အနာထပိဏ်သူဌေးက ဗုဒ္ဓအား ဇေတဝန်ကျောင်းမြေရာ လှူဒါန်းသောအခန်း၌လည်း ဗုဒ္ဓပုံကို ချန်လှပ်ထား၏။

ဘီစီသုံးရာခေတ် အိန္ဒိယပြည်မြောက်ပိုင်း၌ ဗုဒ္ဓကို ပုဂ္ဂိုလ်စွဲ ကြည်ညိုကိုးကွယ်မှု ကြီးထွားနေကြောင်း ကထာဝတ္ထုပါဠိတော်၌ ထင်ရှား၏။ ကထာဝတ္ထုအလိုအားဖြင့် ထိုခေတ်က အချို့ဗုဒ္ဓဝါဒီများသည် ဗုဒ္ဓကို ထာဝရဘုရားအဖြစ်ဖြင့် မှတ်ယူကိုးကွယ်ကြ၏။ ဗုဒ္ဓသည် တုသိတာနတ်ပြည်၌ အမြဲစံနေတော်မူ၍ လူ့ပြည်သို့ နိမ္မိတ (ကိုယ်ပွား) ဗုဒ္ဓသာ ကြွလာသည်။ ဗုဒ္ဓသည် အလုံးစုံသော အရပ်တို့၌ တစ်ပြိုင်တည်း ပွင့်တော်မူသည်ဟု အယူရှိကြ၏။ အန္ဓကနှင့် ဥတ္တရာပါထက ဂိုဏ်းသားတို့ကမူ ဗုဒ္ဓ၏ ကျင်ကြီးကျင်ငယ်တို့သည်ပင် လောက၌ရှိသော နံ့သာမျိုးအားလုံးထက် မွှေးကြိုင်သည်ဟု ယုံကြည်ကြသည်ဆို၏။

ကထာဝတ္ထုဆရာသည် ထိုအယူများကို ချေပခဲ့သော်လည်း ဗုဒ္ဓကိုးကွယ်မှုကို တားဆီးပိတ်ပင်ခြင်း မပြုနိုင်ချေ။ တစ်ဖက်၌ အံ့ဖွယ်သရဲ ဗုဒ္ဓဂုဏ်တော်များ တိုးပွားလာသည်နှင့်အမျှ အခြားတစ်ဖက်၌ ကမ္ဘာပေါ်ရှိ ပွင့်ပြီးဗုဒ္ဓအဆူ များပြားလာ၏။ ဒီဃနိကာယ်၌ ဗုဒ္ဓအဆူပေါင်း ခြောက်ဆူရှိရာမှ ဗုဒ္ဓဝံသ၌ ၂၄ ဆူဖြစ်၍ အပဒါန်ပါဠိတော်၌ ၃၅ ဆူအထိ တိုးပွားလာ၏။ ဂျိန်းဘာသာ တည်ထောင်သော မဟာဝီရမပေါ်မီက ဂျိန်းဘုရားအဆူပေါင်း ၂၃ ဆူ ရှိခဲ့သည်ဆို၏။ ဤသို့ ဘုရားအဆူ ပွားများခြင်းသည် ဂျိန်းဝါဒီတို့က အစပြုသလော၊ သို့မဟုတ် ဗုဒ္ဓဝါဒီတို့က အစပြုသလော ကျွန်ုပ်တို့ မသိရချေ။

ဒီဃနိကာယ်၊ မဟာပဒါနသုတ်၌ ရှေးကပွင့်ပြီး ဘုရားများအကြောင်းကို ဗုဒ္ဓက ဟောသည်ဆို၏။ သို့ရာတွင် ရှေးဗုဒ္ဓတို့ ပွင့်သောခေတ်မှ လူတို့၏သက်တမ်းကို သောင်း ဂဏန်းဖြင့် ပြထားခြင်း၊ အဋ္ဌကထာ၌လာသော နိမိတ်ကြီးလေးပါးအကြောင်း ပါရှိခြင်းကို ထောက်ချင့်၍ ဒီဃနိကာယ်ထဲသို့ နောက်မှဝင်လာသော သုတ်ဖြစ်ကြောင်း ထင်ရှား၏။ မဇ္ဈိမနိကာယ်၌လာသော ကဿပဘုရားအကြောင်း သုတ္တန်တစ်ခုမှာလည်း ဗုဒ္ဓဒေသနာဖြစ်သည်ဟု ယူဆရန် အကြောင်းမရှိချေ။

(ထိုသုတ္တန်၌ ဗုဒ္ဓသည် အရှင်အာနန္ဒာအား ကဿပဘုရားသခင် လက်ထက်က

ဃဋိကာရ အိုးထိန်းသည်အကြောင်းကို ဟောသည်ဆို၏။ ဃဋိကာရသည် သဒ္ဓါတရား၊ သည်းခံခြင်းတရားနှင့် ပြည့်စုံ၍ ကဿပဘုရားရှင်သည် သူ၏စိတ်ကို စမ်းသပ်ရန် အိမ်သို့ ဆွမ်းခံကြွသွား၏။ ထိုအချိန်၌ ဃဋိကာရသည် အိမ်တွင်မရှိချေ။ ဗုဒ္ဓသည် ဆက်လက်၍ ဟောသည်ကား-)

"အာနန္ဒာ၊ ထိုအခါ၌ ကဿပ မြတ်စွာဘုရားသည် ထမင်းအိုးမှ ထမင်းကိုရှူ၍ ဟင်းအိုးမှ ဟင်းကိုခပ်ယူ၍ ဘုဉ်းပေးသုံးဆောင်ပြီးလျှင် ကြွသွား၏။ .... ကဿပဘုရားသခင်သည် ဃဋိကာရ၏အိမ်၌ရှိသော ခြင်းတောင်းမှ မုယောမုန့်ကိုယူ၍ ဟင်းအိုးမှ ဟင်းကိုခပ်၍ ဘုဉ်းပေးပြီးသော် ကြွသွား၏။ .... အခါတစ်ပါး ကဿပဘုရားသခင် သီတင်းသုံးတော်မူရာကျောင်း၌ ကုဋီသည် မိုးယိုနေသဖြင့် ကဿပဘုရားသခင်က ရဟန်းတို့၊ ဃဋိကာရ၏ အိမ်အမိုးကိုဖျက်၍ မြက်သက်ငယ်ကို ယူခဲ့ကြကုန်ဟု မိန့်တော်မူ၏။ (မဇ္ဈိမနိကာယ်၊ ဃဋိကာရသုတ်)

ဤသုတ္တန်၌ ရဟန်းတို့နှင့်သော်မှ မသင့်လျော်သော အပြုအမူ၊ အပြောအဆို များပါရှိသော ကဿပဘုရားသခင်၏ အကြောင်းအရာသည် အသို့လျှင် ဂေါတမဗုဒ္ဓ၏ စကားများ ဖြစ်နိုင်ပါမည်နည်း။

ဗုဒ္ဓသည် မိမိညွှန်ပြသော နိဗ္ဗာန်လမ်းခရီးမှာ ရှေးဘုရားရှင်တို့ တွေ့ရှိခဲ့သော လမ်းခရီးပင်ဖြစ်ကြောင်း မကြာခဏ မိန့်ကြားလေ့ရှိ၏။ ဤနေရာ၌ ဗုဒ္ဓကိုယ်တိုင်က မိမိ၏ တရားကို မကြားနာဘဲ အမှန်တရားကို သိမြင်နိုင်သော ပုဂ္ဂိုလ်များရှိသည်ဟူသော ဟောကြားချက်နှင့် ဗုဒ္ဓမပေါ်မီကပင် အိန္ဒိယဘာသာရေး အတွေးအခေါ်သမားများသည် အနတ္တဝါဒနှင့် နိဗ္ဗာနဝါဒဆီသို့ ရှေးရှုနေကြဟန် လက္ခဏာရှိနေခြင်းကို ကျွန်ုပ်တို့ သတိပြုရပေမည်။ (အခန်း-၆နှင့် ၁၃) သိပ္ပံပညာနယ်၌ စူးစမ်းလေ့လာရာမှ အသစ်အဆန်း တွေ့ရှိရချက်သည် တစ်ဦးတည်းသော သိပ္ပံပညာရှင်၏ ဦးနှောက်မှ ထွက်ပေါ်လာသော အသိတရားမဟုတ်။ သိပ္ပံပညာရှင် အဆက်ဆက်၏ လေ့လာမှုမှ ရရှိအပ်သော အကျိုးဆက်ဖြစ်၏။ ထိုအကျိုးဆက် တွေ့ရှိရချက်ကို ခိုင်လုံသော အထောက်အထား၊ စုံစုံလင်လင်ဖြင့် ပီပီပြင်ပြင် တင်ပြ၍ ကမ္ဘာ့ပညာရှင်များက လက်ခံအောင် စွမ်းဆောင်နိုင်သော ပညာရှင်ကိုပင် သိပ္ပံပညာသမိုင်း၌ မှတ်တမ်းတင်ကြရ၏။[၁] ဘာသာရေး အတွေးအခေါ်နယ်၌လည်း ထိုနည်းအတူဖြစ်၏။ ဗုဒ္ဓမပေါ်မီက မဂ်ဖိုလ်နိဗ္ဗာန်တရားကို သိမြင်သော ပစ္စေကဗုဒ္ဓါနှင့် အခြားပုဂ္ဂိုလ်များ ရှိခဲ့မည်ဖြစ်သော်လည်း သူတို့မှာ လူများနားလည်အောင် ဟောပြောနိုင်စွမ်း မရှိကြချေ။ ဂေါတမဗုဒ္ဓမှာမူ လူတို့၏ စိတ်ဓာတ်စရိုက်နှင့် ဉာဏ်အနုအရင့်ကိုကြည့်၍ ကျွမ်းကျင်လိမ္မာစွာ ဟောပြောတတ်ခြင်း၊ ကိုယ်တိုင်ကျင့်သုံး၍ စံနမူနာပြခြင်းစသော ဂုဏ်တော်များကြောင့် ယနေ့တိုင် ကမ္ဘာ့ဘာသာရေးသမိုင်း၌ ထင်ရှားလျက်ရှိပေသည်။

---

၁။ **"သိပ္ပံနည်း စူးစမ်းမှုနှင့် သိပ္ပံပညာသဘော" အခန်း-၁၇**

ဘုရား (ဗုဒ္ဓ) ဖြစ်လိုသော ပုဂ္ဂိုလ်သည် ဘဝပေါင်းများစွာ ပါရမီဆည်းပူးရ၏။ ပါရမီဟူသောပုဒ်ကို နိကာယ်လေးကျမ်း၌ အလျှင်းမတွေ့ရချေ။ ဗုဒ္ဓတရားများကို ကိန်းဂဏန်းနှင့် ခွဲခြားရေတွက်၍ စုလင်စွာပြသော ဒီဃနိကာယ်၊ ဒသုတ္တရနှင့် သံဂီတိသုတ်များ၌လည်း လုံးဝမပါရှိချေ။ ပိဋကတ်ထဲသို့ နောက်ကျမှဝင်လာသော ဇာတက၊ အဋ္ဌကထာ၊ ဗုဒ္ဓဝံသနှင့် စရိယာပိဋကတ်များ၌သာ တွေ့ရ၏။

သို့ဖြစ်၍ ပါရမီတရားသည် မူလက ဗုဒ္ဓဟောသော တရားမဟုတ်ဘဲ ဗုဒ္ဓနှင့် အရိယာပုဂ္ဂိုလ်ကို ခွဲခြားရန် နောက်မှပိဋကတ်ထဲသို့ ဝင်လာသောတရားဖြစ်သည်ဟု အနောက်တိုင်းပညာရှင်တို့ ယူဆကြ၏။ သက္ကတပိဋကတ်၌ ဒါန၊ သီလ၊ ခန္တိ၊ ဝီရိယ၊ ပညာ, ဈာနဟူ၍ ပါရမီ ခြောက်ပါးလာ၍ ထေရဝါဒီတို့ကမူ ဈာနပါရမီကိုဖြုတ်ပြီး နိက္ခမ၊ သစ္စာ၊ အဓိဋ္ဌာန၊ မေတ္တာနှင့် ဥပေက္ခာကို ဖြည့်စွက်ကာ ပါရမီဆယ်ပါး ပြုလုပ်ထား၏။

ဂေါတမ ဘုရားအလောင်းသည် ဗုဒ္ဓဖြစ်ရန် ဘဝပေါင်းများစွာ ပါရမီဖြည့်ရပုံကို စရိယာပိဋကတ်နှင့် ဇာတကများဖြင့် ပြထား၏။ ဇာတကများသည် အများအားဖြင့် ရှေးဟောင်း အိန္ဒိယပုံပြင်များဖြစ်၍ အချို့မှာ နိုင်ငံခြားမှ အိန္ဒိယပြည်သို့ ပျံ့နှံ့လာဟန် ရှိ၏။ ဥပမာ သီဟစမ္မဇာတ်သည် ပြင်သစ်၊ ဂျာမန်နှင့် တူရကီစာပေ၌လည်း လာ၏။ ကစ္ဆပဇာတ်သည် ဂရိ၊ လက်တင်၊ အာရပ်၊ ပါရှားနှင့် ဥရောပစာများ၌လည်း တွေ့ရ၏။ မဟောသဓဇာတ်မှ သားတရားစီရင်ခန်းသည် ရှေးဟီးဘရူး ပုံပြင်တစ်ခုဖြစ်၍ ထိုပုံပြင်၌ အလားတူ သားတရားစီရင်ခန်းကို ဗုဒ္ဓမပေါ်မီ နှစ်ပေါင်းတစ်ရာကျော်က ရှိခဲ့သော ဟီးဘရူးကျမ်းစာ၌ ဖော်ပြထား၏။[၁]

အိန္ဒိယ ပါဠိပညာရှင်တစ်ဦး၏ အဆိုအားဖြင့် အချို့ဇာတကဝတ္ထုများကို မဟာဘာရတ၊ ပရာယန၊ ပူရာဏနှင့် ဂျိန်းစာပေများ၌လည်း တွေ့ရ၏။[၂] ထိုရှေးဟောင်း အိန္ဒိယပုံပြင်များနှင့် နိုင်ငံခြားမှလာသော ဇာတ်ပုံပြင်များ စုပေါင်း၍ ဇာတက အဋ္ဌကထာ ဖြစ်ပေါ်လာ၏။ ဇာတက အဋ္ဌကထာသည် ပိဋကတ်မှ ဇာတကဂါထာကို ဖွင့်ဆိုထားသော အဋ္ဌကထာဖြစ်၍ ၎င်းမရှိပါက ဇာတကဂါထာကို နားလည်မည် မဟုတ်ချေ။

ဗုဒ္ဓသည် တရားဟောရာ၌ လူအများ နားလည်စေရန် ရှေးဟောင်းပုံပြင်များကို ထည့်သွင်းဟောပြောလေ့ရှိ၏။ ထိုပုံပြင်များသည် ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း အတန်ကြာသောအခါ အခြားဒဏ္ဍာရီပုံပြင်များနှင့် စုပေါင်း၍ ဇာတကများအဖြစ်သို့ ပြောင်းလဲလာ၏။ ဥပမာ ဝိနည်းပိဋကတ်၊ စူဠဝဂ်၌ ဗုဒ္ဓသည် ရဟန်းတို့အား မည်သို့သောသူကို ဦးစားပေးရမည့် အကြောင်းနှင့်စပ်၍ ခါ၊ မျောက်နှင့် ဆင်တို့အကြောင်းကို ဟော၏။ ထိုအကြောင်းသည် စူဠဝဂ်၌ ပုံပြင်သက်သက်ဖြစ်၍ ဇာတကမှာကဲ့သို့

---

၁။ **Rhys Davids: Buddhist Birth Stories, Introtuction pp. xv**

၂။ **B.C.Law: History of Pali Literature, Vol. I pp. 272.**

ဂါထာနှင့် ဇာတ်ပေါင်းခန်းကို မတွေ့ရချေ။ ဇာတက အဋ္ဌကထာ၌မှ ဂါထာနှင့်ဇာတ်ပေါင်းခန်းပါရှိသော တိတ္ထိရဇာတ်ဖြစ်လာ၏။ အပဏ္ဏကဇာတ်၊ လိတ္တဇာတ်၊ သုခဝိဟာရဇာတ်, မဏိကဏ္ဌဇာတ် စသည်တို့သည်လည်း မူလက ဝိနည်းပိဋကတ်နှင့် နိကာယ်များ၌ ပုံပြင်များဖြစ်၏။

ပါဠိစာပေပညာရှင်တို့၏ အလိုအားဖြင့် ဇာတက အဋ္ဌကထာသည် ဘီစီသုံးရာစုခေတ်မှစ၍ ဆရာအဆက်ဆက် ဆောင်ခဲ့သော ဇာတကများကို အခြေပြု၍ ခရစ်သက္ကရာဇ်ငါးရာစုခေတ်ရောက်မှ သီဟိုဠ်ကျွန်း၌ ပေထက်အက္ခရာတင်သော ဗုဒ္ဓစာပေဖြစ်၏။ ဇာတကများကို လေ့လာခြင်းဖြင့် ဗုဒ္ဓလက်ထက်မတိုင်မီက အိန္ဒိယပြည်မြောက်ပိုင်း၏ နိုင်ငံရေးနှင့် လူမှုရေးအခြေအနေကို အတော်အတန် ခန့်မှန်းသိရှိနိုင်ပေသည်။

ဇာတကများနှင့် ပါရမီတရားကြောင့် ရှေးအိန္ဒိယ ဗုဒ္ဓဘာသာဝင် အများစု၏ အတွေးအခေါ် ပြောင်းလဲမှုများ ဖြစ်ပေါ်လာ၏။ ပထမပြောင်းလဲမှုမှာ အတ္တဝါဒပြန်လည်ရှင်သန်လာမှု ဖြစ်၏။ ကထာ ဝတ္ထု၌လာသော ပုဂ္ဂလဝါဒီတို့သည် ဘဝစဉ်ဆက်ပါရမီဆည်းပူးသော ပုဂ္ဂိုလ်သတ္တဝါ ရှိရမည်ဟုဆို၍ အနတ္တဝါဒကို ပယ်ကြ၏။ စင်စစ်ဒီပင်္ကရာဘုရား လက်ထက်က သုမေဓာရှင်ရသေ့သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးနောက် ဂေါတမဗုဒ္ဓ ဖြစ်လာသည်ဆိုခြင်းကို လက်ခံယုံကြည်ရမည်ဖြစ်ပါက အတ္တအယူကို လုံးလုံးလျားလျား ပယ်ရန်မဖြစ်နိုင်ချေ။

ဘုရားဖြစ်ရန်အတွက် သံသရာကျင်လည်ရခြင်းသည် မကောင်းဟု မည်သူဆိုနိုင်ပါမည်နည်း။ ဘဝတဏှာ မကင်းပြတ်သောသူတို့အဖို့ ဘဝသံသရာအဆုံး၌ ဘုရားဖြစ်ရခြင်းသည် ရဟန္တာ၏ ဘဝသစ်တစ်ဖန်မဖြစ်ခြင်းထက် ပိုမိုနှစ်လိုဖွယ်ဖြစ်မည် မုချဖြစ်၏။ ဤသည်မှာ ပါရမီနှင့်ဇာတကများကြောင့် လူတို့၏ ဘာသာရေးအတွေးအခေါ် ဒုတိယပြောင်းလဲမှုဖြစ်၏။

နောက်ဆုံးပြောင်းလဲမှုမှာ ဗုဒ္ဓနှင့်စပ်သော ခံယူချက် ပြောင်းလဲမှုဖြစ်၏။ သမ္မာသမ္ဗောဓိဉာဏ် ရရှိရန် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့သော ဗုဒ္ဓသည် အသို့လျှင် ရဟန္တာတို့၏ ရှေ့သွားခေါင်းဆောင်မျှသာ ဖြစ်နိုင်ပါမည်နည်း။ ထိုဗုဒ္ဓကိုယုံကြည်ကိုးစားခြင်းဖြင့် အဘယ်မှာ ကုသိုလ်မရဘဲ ရှိပါမည်နည်း။ သို့ဖြစ်၍ ဗုဒ္ဓ၏ရုပ်တုများသွန်းလုပ်မှု၊ ဓာတ်တော်မွေတော်များကို ကိုးကွယ်မှုနှင့် ဗုဒ္ဓပွင့်တော်မူရာဗောဓိပင်သို့ သွားရောက်ဖူးမြော်မှုများ ထွန်းကားလာလေသည်။

ပိဋကတ်ဆရာတို့သည် လူထု၏ဆန္ဒကို မလွန်ဆန်နိုင်သောကြောင့် ဗုဒ္ဓကိုးကွယ်မှုကို အားပေးသော စကားများကို ပိဋကတ်ထဲ၌ ကြိုးကြားကြိုးကြား ထည့်သွင်းခဲ့ကြဟန်ရှိ၏။ အထက်က ဖော်ပြခဲ့သော **ဘက္တိ (ဘဝဂါ) ဝါဒနှင့် အဝတာရဝါဒမှ** တစ်ပါး အခြားသော ရှေးအိန္ဒိယ အယူများသည်လည်း ဗုဒ္ဓကိုးကွယ်မှုကို အားပေးခဲ့မည် အမှန်ဖြစ်၏။ ဤနေရာ၌ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ မဟာဗောဓိပင်အကြောင်း

စဉ်းစားရန်ရှိ၏။

မဇ္ဈိမနိကာယ်မှ ရှေးကျသော သုတ္တန်များ ဥပမာ မဟာသစ္စကသုတ်၌ ဗုဒ္ဓသည် မိမိဘုရားမဖြစ်မီက အတွေ့အကြုံများကို ဟောရာတွင် သမ္မာသမ္ဗောဓိဉာဏ်ကို သစ်ပင်အောက်၌ ရရှိသည်ဟု မဆိုချေ။ သို့ရာတွင် "ရဟန်းတို့၊ ဤသည်တို့ကား ဆိတ်ငြိမ်သော သစ်ပင်ရင်းတို့ပေတည်း။ မမေ့မလျော့ တရားအားထုတ်ကြကုန်" (အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ ပထမဝိဟာရီသုတ်) စသော စကားများဖြင့် ဗုဒ္ဓနှင့် တပည့်ရဟန်းတို့သည် အများအားဖြင့် သစ်ပင်အောက်၌ တရားအားထုတ်ခဲ့ကြမည် အမှန်ဖြစ်၏။ ရှေးအိန္ဒိယတိုင်းသားတို့သည် အချို့သော သစ်ပင်များကို ဆေးဖက်ဝါးဖက်ဝင်သည် ဟူ၍လည်းကောင်း၊ နတ်တို့နေထိုင်ရာဖြစ်သည် ဟူ၍လည်းကောင်း လေးစားကြ၏။ ထိုသစ်ပင်မျိုးတွင် ညောင်ဗုဒ္ဓဟေပင် ပါဝင်၍ ယင်းကို ဝေဒကျမ်းတစ်စောင်၌ နတ်တို့၏ ဘုံဗိမာန်ဟုခေါ်၏။ သို့ဖြစ်၍ ဥရုဝေဠတော၌ ရှေးဗုဒ္ဓဝါဒီတို့ တွေ့ရသော ညောင်ဗုဒ္ဓဟေပင်သည် ဗုဒ္ဓဝင်၌ ထင်ရှားလာပြီးလျှင် ယနေ့တိုင် ဗုဒ္ဓဝါဒီတို့၏ အစဉ်အဆက် ကြည်ညိုလေးစား ပူဇော်ခြင်းခံရသော မဟာဗောဓိပင် ဖြစ်လျက်ရှိ၏။ သို့ရာတွင် ထိုမဟာဗောဓိပင်သည် ဗုဒ္ဓ၏ဘဝဖြစ်စဉ်နှင့် အမှန်စင်စစ် ဆက်စပ်ခြင်းရှိ၊ မရှိ မည်သူမျှ တပ်အပ်သေချာ မသိနိုင်ချေ။[၁]

ဤသို့ဖြင့် ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်းနှစ်ရာ၊ သုံးရာခန့် ကြာသောအခါ ဗုဒ္ဓကိုးကွယ်မှုသည် ဗုဒ္ဓဝါဒီလောကထဲသို့ ဝင်ရောက်၍ တစ်စတစ်စ ထုထည်အင်အား ကြီးမားလာခဲ့၏။ ဗုဒ္ဓကိုယ်တော်တိုင်က မိမိအား ပုဂ္ဂိုလ်စွဲ ကြည်ညိုမှုကို ဆန့်ကျင်၍ မိမိသည် တန်ခိုးပြရန် ရှက်သည်၊ ဝန်လေးသည်။ မိမိ၏ သဗ္ဗညုတဉာဏ်မှာ ဝိဇ္ဇာ တရားသုံးပါးသာလျှင်ဖြစ်သည်။ မိမိသည် ရဟန္တာတို့၏ ရှေ့သွားခေါင်းဆောင်မျှသာ ဖြစ်သည်။ မိမိ၏လမ်းစဉ်ကို လိုက်နာကျင့်သုံးသောသူသည် မိမိကို ကြည်ညိုသည်မည်သည်။ မိမိ၏ တပည့်တို့သည် တရားမှတစ်ပါး အခြား အားကိုးရာမရှိဟူ၍ ရှင်းလင်းပြတ်သားစွာ မိန့်ကြားခဲ့သောစကားများသည် ပိဋကတ်စာပေ၌ အထင်အရှားရှိစေကာမူ ယင်းတို့မှာ အနည်းငယ်သော ရဟန်းရှင်လူ ဗုဒ္ဓဝါဒီတို့အဖို့ဖြစ်၏။ လူများစု ဗုဒ္ဓဝါဒီတို့အဖို့မူ ထိုဒေသနာများသည် မထင်ရှားဘဲ ဘီစီသုံးရာစုခေတ်က ပိဋကတ်ထဲသို့ နောက်ဆုံးဝင်လာသော ဇာတက၊ ဗုဒ္ဓဝံသစသောကျမ်းများနှင့် အခြားအလားတူ ဗုဒ္ဓကိုးကွယ်မှုကို အားပေးသော သုတ္တန်များသည် ရှေ့တန်းသို့ ရောက်ရှိလာ၏။ ထိုပြောင်းလဲမှု၏ အကြောင်းရင်းကိုရှာရာ၌ ထိုခေတ်က အိန္ဒိယဘာသာရေးနယ်၌ ပေါ်ထွန်းနေသော အတွေးအခေါ်နှင့် အယူဝါဒများကိုသော်လည်းကောင်း၊ ဗုဒ္ဓဝါဒသည် နက်နဲ၍ လူအများ နားလည်လက်ခံရန် ခက်ခဲမှုကိုသော်လည်းကောင်း ထည့်သွင်းစဉ်းစားရပေမည်။ မည်သို့ဖြစ်စေ ထိုအခါက ဗုဒ္ဓဝါဒီ လူထု၏ အသိအမြင် နိမ့်ကျသွားမှုသည် အံ့

၁။ **S. Dutt: The Buddha & Five after Centuries, pp. 41-42**

ဩစရာမရှိချေ။ စင်စစ် ဗုဒ္ဓသည် မိမိ၏တရားကို သိမြင်ခံယူသောသူ အနည်းငယ်သာ ရှိမည်ဖြစ်ကြောင်း သိရှိ၍ ဘုရားဖြစ်စက တရားဟောရန် တွန့်ဆုတ်တော်မူခဲ့သည် မဟုတ်ပါလော။

* * *

# အခန်း (၁၆)
# ဗုဒ္ဓဝါဒနှင့် နတ်ပြဿနာ

(ကောသလ) "အရှင်ဘုရား၊ အဘယ်သို့ပါနည်း။
နတ်သည် ရှိပါသလော။"
(ဗုဒ္ဓ) "မင်းကြီး၊ သင်သည် အဘယ်ကြောင့်
အရှင်ဘုရား၊ အဘယ်သို့ပါနည်း။
နတ်သည် ရှိပါသလောဟု မေးဘိသနည်း။"

(မဇ္ဈိမနိကာယ်၊ ကဏ္ဏကတ္ထလသုတ်)

# အခန်း (၁၆)
# ဗုဒ္ဓဝါဒနှင့် နတ်ပြဟ္မာ

ရှေးဗြာဟ္မဏတို့၏ ဝေဒကျမ်းများနှင့် အခြားသော ဘာသာရေးကျမ်းများကို ထောက်ချင့်၍ ဗုဒ္ဓမပေါ်မီကပင် အိန္ဒိယတိုင်းသားတို့သည် နတ်ဗြဟ္မာ၊ ဘီလူးပြိတ္တာ စသော တမလွန်ဘုံသားများ ရှိသည်ဟု ယုံကြည်ကြကြောင်း ထင်ရှား၏။ ဗုဒ္ဓဝါဒသည် အိန္ဒိယသားတို့ ယုံကြည်သော တမလွန်လောကကို ပယ်ခဲ့ပါက အိန္ဒိယပြည်၌ အောင်မြင်ခဲ့မည် မဟုတ်ချေ။ အကြောင်းမူ ဗုဒ္ဓလက်ထက်က ကုသိုလ်ကောင်းမှု ပြုခြင်း၏ မျက်မှောက်အကျိုးတရားကို ယုံကြည်သောသူတို့သည်ပင် အများအားဖြင့် နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်ကို မျှော်မှန်း၍ ကုသိုလ်ကောင်းမှုပြုကြ၏။

တစ်ခါသော် သီဟစစ်သူကြီးက မေးလျှောက်၍ ဗုဒ္ဓက အလှူဒါနပြုခြင်း၏ အကျိုးတရားများကို ဟော၏။ အလှူရှင်သည် များစွာသောလူတို့၏ ချစ်ခင်ခြင်းကို ခံရသည်။ သူတော်ကောင်း ပုဂ္ဂိုလ်တို့၏ ဆည်းကပ်ခြင်းကို ခံရသည်။ ကောင်းသော သတင်း ပျံ့နှံ့သည်၊ ပရိသတ်သို့ မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ချဉ်းကပ်နိုင်စွမ်းရှိသည်။ သေပြီးနောက် နတ်ပြည်သို့လားရသည်ဟု မိန့်ကြား၏။ ထိုအခါ သီဟစစ်သူကြီးက "အရှင်ဘုရား၊ ကျွန်ုပ်သည် မျက်မှောက်အကျိုးတရား လေးပါးကြောင့် မြတ်စွာဘုရားကို ဆည်းကပ်ခြင်းမဟုတ်ပါ။ ထိုအကျိုးတို့ကို ကျွန်ုပ်သိပါ၏။ အလှူရှင်သည် သေပြီးနောက် နတ်ပြည်လားရသည်ဟူသော အကျိုးကိုကား မသိရပါ။ ဤအရာ၌သာ မြတ်စွာဘုရားကို ယုံကြည်ခြင်းဖြင့် ကျွန်ုပ် ဆည်းကပ်ပါ၏"ဟု လျှောက်ထား၏။ (အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ သုမနဝဂ်၊ သီဟသေနာပတိသုတ်)

ဗုဒ္ဓထင်ရှားရှိစဉ်က သီဟစစ်သူကြီးကဲ့သို့ နတ်စည်းစိမ်ချမ်းသာ ရရှိရန် ဗုဒ္ဓအား ဆည်းကပ်ကိုးကွယ်သောသူ အတော်များများ ရှိခဲ့မည် အမှန်ဖြစ်၏။ ထိုသူတို့အား ဗုဒ္ဓ ဓမ္မ၏ သန္နိဋ္ဌိကဂုဏ်ကို ညွှန်ပြ၍ မျက်မှောက်ဘဝ စိတ်ငြိမ်းချမ်းမှုကိုရှာရန် တိုက်တွန်း ပါက အချည်းနှီးဖြစ်ပေမည်။ တစ်ခါသော် ဗုဒ္ဓက အရှင်သာရိပုတ္တရာအား အဘယ်ကြောင့် ဓနဉ္စာ နိပုဏ္ဏားအား မင်္ဂဖိုလ်တရားမဟောဘဲ ဗြဟ္မာ့ဘုံရောက်ကြောင်း တရားကို ဟောဘိ သနည်းဟုမေး၏။ ထိုအခါ အရှင်သာရိပုတ္တရာက ပုဏ္ဏားတို့သည် ဗြဟ္မာ့ဘုံကို စုံမက် နှစ်သက်သောကြောင့် သူတို့အလိုဆန္ဒနှင့်အညီ ဟောကြားပါသည်ဟု လျှောက်၏။ (မဇ္ဈိမနိကာယ်၊ ဓနဉ္စာနိသုတ်)

ပိဋကတ်ဆရာတို့သည် သီဟစစ်သူကြီးနှင့် ဓနဉ္စာနိ ပုဏ္ဏားကဲ့သို့သော ဗုဒ္ဓဝါဒီ လူထု၏ အလိုဆန္ဒကို လိုက်လျော၍ ပိဋကတ်ထဲ၌ အာဋာနာဋိယသုတ်၊ မဟာသမယသုတ် စသော နတ်နှင့်ဆိုင်ရာ သုတ်များကို ထည့်သွင်းခဲ့ကြဟန်ရှိ၏။ အာဋာနာဋိယနှင့် မဟာ သမယသုတ်များသည် ရှေးဗုဒ္ဓဘုရားများအား ရည်ညွှန်းခြင်းကိုထောက်၍ ပိဋကတ် ထဲသို့ နောက်မှဝင်လာသော သုတ်များဖြစ်ကြောင်း သိအပ်၏။ အိန္ဒိယပါဠိပညာရှင် တစ်ဦး၏ အဆိုအားဖြင့် အာဋာနာဋိယသုတ်၌လာသော ပရိတ်အရံအတားသည် မဟာ ဘာရတကျမ်းမှ စာတစ်ပိုဒ်နှင့်စပ်သော ပရိတ်ဖြစ်၍ ဤသုတ်သည် ဘီစီလေးရာစု ခေတ်၊ သို့မဟုတ် အသောကမင်းလက်ထက်၌ ပေါ်လာသော သုတ်ဖြစ်ပေမည်။[၁]

ထိုသုတ္တန်နှစ်ခု၌လာသော နတ်များကို ရှေးဝေဒကျမ်းများ၌ မတွေ့ရချေ။ ဝေဒကျမ်းများ၌ ထင်ရှားသော ဣန္ဒသည် ဗုဒ္ဓစာပေ၌ နတ်တို့ကို အစိုးရသော သိကြား မင်းဖြစ်လာ၏။ ပါဠိအမည်မှာ သက္ကဖြစ်၍ ဗုဒ္ဓ၏အမျိုး (သက္က–သာကီဝင်)ကို လေးစားသောအနေဖြင့် ရှေးဗုဒ္ဓဝါဒီတို့က သိကြားမင်းကို ထိုသို့ခေါ်ဝေါ်ခြင်း ဖြစ်တန် ရာ၏။ နဂါးတို့သည် မူလပထမက မြွေကို ကိုးကွယ်သော ရှေးအိန္ဒိယ လူမျိုးစုတစ်စု၏ အမည်ဖြစ်၍ ဂဠုန်တို့မှာ ရှေးပဝေသဏီက သိမ်းရုပ်၊ သို့မဟုတ် စွန်ရဲရုပ်အမှတ်အသားပါ သော လက်နက်ဒိုင်းလွှား ကိုင်ဆောင်၍ မြွေကိုးကွယ်သည့် လူမျိုးစုကို အောင်မြင်ခဲ့ သော အခြားလူမျိုးစုတစ်စု၏ အမည်ဖြစ်ခဲ့ဟန်ရှိ၏။[၂]

ပိဋကတ်စာပေ၌ နတ် ရှိ၊ မရှိ ပြဿနာနှင့် ပတ်သက်သော ဗုဒ္ဓ၏ မိန့်ကြား ချက်သည် ရှင်းလင်းပြတ်သားခြင်း မရှိချေ။ တစ်ခါသော် ကောသလမင်းက ဗုဒ္ဓအား အရှင်ဘုရား၊ အသို့ပါနည်း။ နတ်သည် ရှိပါသလောဟု မေး၏။ (ဗုဒ္ဓ) မင်းကြီး၊ သင်သည် အဘယ်ကြောင့် အရှင်ဘုရား၊ အဘယ်သို့ပါနည်း။ နတ်သည် ရှိပါသလောဟု မေးဘိသနည်း (မဇ္ဈိမနိကာယ်၊ ကဏ္ဏကတ္ထလသုတ်)။ သင်္ဂါရဝလုလင်သည်လည်း ဗုဒ္ဓအား နတ်တို့ ရှိမရှိ မေးလျှောက်၏။

---

၁။ **B.C.Law: A History of Pali Literature, Vol. I**

၂။ **T.W.Rhys Davids: Buddhist India, pp. 100-01**

(ဗုဒ္ဓ) အကြင်နတ်တို့သည် ရှိကုန်၏။ ထိုရှိ၏ဟု ဟောတော်မူအပ်သော စကားသည် အကြောင်းအားဖြင့် ထင်ရှား၏။

(သင်္ဂါရဝ) ဤသို့ဖြေသော် အချည်းနှီးသော ချွတ်ယွင်းသောစကားသည် ဖြစ်သည်မဟုတ်ပါလော။

(ဗုဒ္ဓ) ပညာရှိယောကျ်ားသည် စင်စစ် နတ်တို့ရှိသည်ဟု ဆုံးဖြတ်ခြင်းငှာ စွမ်းနိုင်၏။

(သင်္ဂါရဝ) အဘယ်ကြောင့် ကျွန်ုပ်မေးလျှောက်စဉ် ဖြေတော်မမူပါသနည်း။

(ဗုဒ္ဓ) လောက၌ နတ်တို့ရှိသည်ဟူသောစကားကို ငါဘုရားသည် ကျယ်လောင်စွာ ဟောအပ်၏။ (မဇ္ဈိမနိကာယ်၊ သင်္ဂါရဝသုတ်)

အထက်ပါ ဗုဒ္ဓ, ကောသလမင်းနှင့် သင်္ဂါရဝလုလင်တို့၏ အမေးအဖြေများမှာ မြန်မာပြန် သုတ္တန်ပိဋကတ်၌ ပါရှိသည့်အတိုင်း ကူးယူတင်ပြထားခြင်း ဖြစ်၏။ မူလ ပိဋကတ်ဆရာတို့၏ အမှတ်အသား လွဲမှားသောကြောင့်ပေလော။ သို့မဟုတ် မြန်မာပါဠိဆရာတို့၏ ဘာသာပြန်ဆိုမှု ချွတ်ယွင်းသောကြောင့်ပေလောမသိ။ ဗုဒ္ဓ၏ မိန့်ကြားချက်ကို ကျွန်ုပ်တို့ မည်သို့နားလည်ရမည် မသိချေ။

မည်သို့ဖြစ်စေ ဒီဃနိကာယ် တေဝိဇ္ဇာသုတ်၌ နတ်ဗြဟ္မာ၊ ယုံကြည်မှုနှင့်ပတ်သက်သော ဗုဒ္ဓ၏ မိန့်ကြားချက်မှာ ရှင်းလင်းပြတ်သား၏။ ထိုမိန့်ကြားချက်ကို အခန်း ၄ ၌ ဖော်ပြခဲ့ပေပြီ။ ဗြာဟ္မဏတို့က မည်သူမျှမသိသော မမြင်ဖူးသော ဗြဟ္မာကြီးနှင့် အပေါင်းအဖော်ဖြစ်လိုခြင်းမှာ ယောကျ်ားတစ်ယောက်က မည်သူမျှမသိမြင်ဖူးသော မိန်းမကို စိတ်ကူးချစ်ကြိုက်နေပုံမျိုးဖြစ်၍ ရယ်ဖွယ်အချည်းနှီးဖြစ်၏။ ထိုနည်းအတူ မည်သူမျှ မမြင်ဖူးသော ဘီလူးပြိတ္တာတို့ကို ကြောက်ရွံ့နေခြင်းသည်လည်း မိမိစိတ်က မိမိကို ခြောက်လှန့်နေခြင်းမျိုးသာ ဖြစ်ရပေမည်။

ဗုဒ္ဓဝါဒသည် နတ်ဗြဟ္မာတို့အား လူတို့ယုံကြည်စွဲလမ်းမှုကို ဆန့်ကျင်ရာ၌ ပရိယာယ်သုံးမျိုးကိုသုံး၍ ပထမပရိယာယ်မှာ လူတို့၏ ယုံကြည်ကိုးစားမှု မပျောက်စေရန် နတ်ဗြဟ္မာတို့ကို ပြက်ရယ်ပြုခြင်းဖြစ်၍ ဒီဃနိကာယ် ဗြဟ္မဇာလသုတ်၌လာသော မဟာဗြဟ္မာကြီးအကြောင်း၌ ထင်ရှား၏။

ဗြဟ္မဇာလသုတ်၌ ရှေးအိန္ဒိယသားတို့ ယုံကြည်သော မဟာဗြဟ္မာကို ပြက်ရယ်ပြုထားပုံကား ဤသို့ဖြစ်၏။ လောကသည် ပျက်ရာမှတဖန် ပြန်၍ဖြစ်လတ်သော် သတ္တဝါ ဆိတ်သုန်းသော ဗြဟ္မာ့ဗိမာန်သည် ထင်ရှားဖြစ်ပေါ်၏။ ထိုအခါ တစ်ဦးသော သတ္တဝါသည် အာဘဿရဘုံမှ စုတေ၍ ဗြဟ္မာ့ဗိမာန်၌ ဖြစ်ပေါ်၏။ ထိုသူသည် တစ်ယောက်ထီးတည်း ရှာနစိတ်ကြောင့် ကာလရှည်စွာနေရ၍ မမွေ့လျော်ဘဲ အခြားသတ္တဝါတို့ ရောက်လာမှုကောင်းလေစွဟု တောင့်တ၏။ အခြားသတ္တဝါတို့သည်လည်း အသက်ကုန်ကံကုန်၍ ထိုဗြဟ္မာ့ဘုံ၌ ဖြစ်ပေါ်လာကြ၏။ ထိုအခါ ရှေးဦးစွာဖြစ်ပေါ်နှင့်

သော သတ္တဝါက ငါတောင့်တသည့်အတိုင်း ဤသတ္တဝါတို့ ဖြစ်ပေါ်လာကြသည်။ သို့ဖြစ်၍ ငါသည် အလိုအတိုင်းဖြစ်စေနိုင်သူ ဖန်ဆင်းသူ မဟာဗြဟ္မာဖြစ်သည်ဟု ယုံကြည်၏။ နောက်မှဖြစ်ပေါ်လာသော သတ္တဝါတို့ကလည်း ဤဘုံ၌ ဤဗြဟ္မာကြီးသည် ရှေးဦးစွာ ဖြစ်ပေါ်နေနှင့်သည်၊ ငါတို့ကား နောက်မှဖြစ်ပေါ်သည်။ သို့ဖြစ်၍ ဤအရှင်သည် အလုံးစုံလွှမ်းမိုးသူ ဖန်ဆင်းသူ မဟာဗြဟ္မာဖြစ်သည်ဟု ယုံကြည်ကြ၏။

ထိုသို့ မိမိကိုယ်မိမိ လှည့်စား၍ ဖန်ဆင်းသူအစိုးရသူဟု ယုံကြည်သော ဗြဟ္မာကြီး၊ မသိနားမလည်သောသူတို့၏ ယုံကြည်ကိုးစားခြင်းခံရသော ဗြဟ္မာကြီးအား ဒီဃနိကာယ် ကေဝဋ္ဋသုတ်၌ ဆက်လက်၍ ပြောင်လှောင်သရော်ထားပုံမှာ ရဟန်းတစ်ပါးသည် ပြဿနာတစ်ခုကို ဖြေရှင်းလိုသောကြောင့် စတုမဟာရာဇ်နတ် တာဝတိံသာနတ် သိကြားမင်းနှင့် ဗြဟ္မာတို့ထံသို့ အဆင့်ဆင့်သွား၍မေး၏။ ဗြဟ္မာတို့သည် မဖြေနိုင်ရကား သူတို့၏ အရှင်သခင် မဟာဗြဟ္မာကြီးထံသို့ ညွှန်လိုက်၏။ မဟာဗြဟ္မာသည် မိမိမှာ အလုံးစုံကိုမြင်သောသူ ဖန်ဆင်းသူအစိုးရသူဖြစ်သည်ဟု ကြွားဝါပြောဆို၏။ ရဟန်းက ပြဿနာကို မေးသောအခါ၌မူ အခြားဗြဟ္မာတို့၏ ကွယ်ရာသို့ခေါ်သွားပြီးလျှင် ဤဗြဟ္မာတို့သည် ကျွန်ုပ်ကို အလွန်အထင်ကြီးသောကြောင့် သင်ရဟန်းအား သူတို့ရှေ့၌ မဖြေဘဲနေခဲ့ပါသည်။ စင်စစ် သင်၏ပြဿနာကို ကျွန်ုပ်မသိပါ။ မြတ်စွာဘုရားတစ်ဆူတည်းသာလျှင် ဖြေဆိုနိုင်ပါလိမ့်မည်ဟု ဆိုလေသည်။

ဤသုတ္တန်အရ မဟာဗြဟ္မာသည် ဘာမျှမသိပါဘဲ တတ်ယောင်ကားလုပ်ကာ မိမိကို ယုံကြည်ကိုးစားသော ဗြဟ္မာတို့ကို လိမ်လည်လှည့်စားနေသောသူ ဖြစ်သည်ဟု ဆိုလိုဟန်ရှိ၏။ ဗုဒ္ဓထင်ရှားရှိပါလျက် ရဟန်းတစ်ပါးက ဗြဟ္မာတို့ထံသွား၍ မိမိ၏ ပြဿနာကို မေးသည်ဆိုခြင်းမှာ ယုတ္တိမရှိချေ။ ရဟန်း၏ ဝတ္ထုသည် မဟာဗြဟ္မာကို နှိပ်နယ်ရန် ပိဋကတ်ဆရာတို့က ဒီဃနိကာယ်၌ ထည့်သွင်းခဲ့သော ဝတ္ထုဖြစ်တန်ရာ၏။

နတ်ဗြဟ္မာတို့ကို လူတို့ ယုံကြည်မှုနည်းပါးစေရန် ပိဋကတ်၌ အသုံးပြုသော ဒုတိယနည်းမှာ ယင်းတို့ကို ဗုဒ္ဓနှင့် ရဟန်းသံဃာ၏အောက်သို့ အဆင့်အတန်းနှိမ့်ချထားခြင်း၊ ဗုဒ္ဓအား ကြည်ညိုလေးစားသောသူများအဖြစ် ပြထားဖြစ်၏။

သိကြားမင်းသည် လူဖြစ်စဉ်က ဗုဒ္ဓဟောသော အကျင့်သီလကို ဆောက်တည်သောကြောင့် နတ်စည်းစိမ်ကို ခံစားရ၏ (သက္ကသံယုတ် မာဃသုတ်)။ သို့ရာတွင် ဗုဒ္ဓ၏ တပည့်သာဝကများနှင့်စာသော် သိကြားမင်း၏ တန်ခိုးအာနုဘော်မှာ မပြောပလောက်ချေ။ အရှင်မောဂ္ဂလာန်သည် သိကြားမင်း၏ ဝေဇယန္တာပြာသာဒ်ကို ခြေမဖြင့် တုန်လှုပ်စေနိုင်၏ (မဇ္ဈိမနိကာယ် စူဠတဏှာသင်္ခယသုတ်)။ မဟာသမယသုတ်၌ ရဟန်းသံဃာတို့ကို တန်ခိုးကြီးသော နတ်ဗြဟ္မာတို့က လာရောက် ဖူးမြော်ကြ၏။ နတ်ဗြဟ္မာ ဘီလူးကုမ္ဘဏ် နဂါးဂဠုန် စသည်တို့ကို စုံလင်စွာဖော်ပြ၍ ဘုရားအဆူဆူတို့ ဖူးမြော်ခဲ့ကြသည်ဆိုခြင်းကို ထောက်ချင့်၍ ပိဋကတ်ဆရာတို့သည် တမလွန်ဘုံသားအား

လုံးကို ဗုဒ္ဓနှင့် သံဃာအား ကြည်ညိုလေးစားစေခြင်းဖြင့် ၎င်းတို့အာ လူတို့၏ ပ ကြည်မှုနည်းပါးစေရန် ကြံစည်အားထုတ်ခဲ့ကြကြောင်း သိအပ်၏။

နတ်ပြဟ္မာတို့အား ဆန့်ကျင်ရာ၌ ဗုဒ္ဓဝါဒ အသုံးပြုသော နောက်ဆုံးနည်းမှာ နတ်တို့ထက် လူတို့က အဆင့်အတန်းမြင့်ကြောင်း ထင်ရှားစေခြင်းဖြစ်၏။

ပိဋကတ်စာပေ၌ လူ၏အဖြစ်သည် အလွန်ရခဲသော တရားဖြစ်ကြောင်း ပြဆိုထား၏။ နတ်၊ ဗြဟ္မာ၊ သိကြားမင်း သို့မဟုတ် စကြဝတေးမန္ဓာတ်မင်း၏အဖြစ်ကို ရခဲသည်ဟု မဆို။ ဘုရားရှင်တို့သည် လူ့ပြည်သို့လာ၍ ပွင့်တော်မူကြရ၏။ ဗုဒ္ဓသာသနာ၌ နတ်ပြဟ္မာတို့သည် ရဟန်းအဖြစ်ကို မရရှိအပ်။ လူသားသည်သာလျှင် ရဟန်းပြုနိုင်၏။ သို့ဖြစ်၍ သိမ်ဝင်သော ရဟန်းလောင်းအား ဥပဇ္ဈာယ်ဆရာတို့က "သင်သည် လူစင်စစ် ဖြစ်သလော"ဟု မေးကြရ၏။

လူက နတ်ထက်မြတ်ကြောင်း အထူးပေါ်လွင် ထင်ရှားစေသော ပါဠိတော်သည်ကား ဗုဒ္ဓအခန်း၌ ဖော်ပြခဲ့ပြီးဖြစ်သော ဗုဒ္ဓဒေသနာဖြစ်၏။ ထိုဒေသနာ၌ နတ်တို့၏ အရှင် သိကြားမင်းသည် တရားသဖြင့် ပစ္စည်းဥစ္စာရှာဖွေ၍ သာမယာကို လုပ်ကျွေးသောလူတို့က မိမိထက်မြတ်ပါသည်ဆို၍ ထိုလူတို့ကို ရှိခိုး၏။ ထိုသို့ လူတို့သည် နတ်တို့၏ဘုရင်၊ သိကြားမင်းထက် မြတ်သောကြောင့် နတ်တို့သည် စုတေခါနီး၌ လူ၏အဖြစ်ကို တောင့်တကြ၏။

"ရဟန်းတို့၊ နတ်တို့သည် တစ်ဦးသောနတ် စုတေတော့မည်ဖြစ်ကြောင်း သိရှိသောအခါ အဆွေ၊ သင်သည် ကောင်းမြတ်သောဘုံသို့ စုတေ၍ သင်၏အကျိုးစီးပွားကို ဆောင်ရွက်လေလောဟု နှစ်သိမ့်အားပေးကြ၏"ဟု ဗုဒ္ဓက မိန့်တော်မူသော် ရဟန်းတစ်ပါးက "အရှင်ဘုရား၊ ထိုနတ်တို့အဖို့ ကောင်းမြတ်သောဘုံသည် အဘယ်ဘုံဖြစ်ပါသနည်း"ဟု မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓက "ရဟန်းတို့၊ လူ့ဘုံသည် နတ်တို့အဖို့ မြတ်သောဘုံဖြစ်၏။ လူတို့သည် သာသနာတော်၌ သက်ဝင်ယုံကြည်၍ များမြတ်သော အကျိုးစီးပွားကို ခံစားကြရသည်"ဟု မိန့်တော်မူ၏။ (ဣတိဝုတ္တက၊ တိကနိပါတ်၊ ပဉ္စပုဗ္ဗနိမိတ္တသုတ်)

ဤသို့ ဗုဒ္ဓဝါဒသည် နတ်ပြဟ္မာစသော တမလွန်ဘုံသားများအား လူတို့ရွဲလမ်း ကြည်မှုကို နည်းအမျိုးမျိုးဖြင့် ဆန့်ကျင်ခဲ့သော်လည်း ပြောပလောက်အောင် မအောင် မြင်ခဲ့ချေ။ ယနေ့ မြန်မာဗုဒ္ဓဝါဒီ လူများစု၌ ထိုရွဲလမ်းမှု အားကြီးနေခြင်းမှာ ထင်ရှား၍ သီရိလင်္ကာ၊ ယိုးဒယားစသော ထေရဝါဒနိုင်ငံများ၌လည်း ထိုနည်းအတူ ဖြစ်လိမ့်မည်ဟု ယူဆရန်ရှိ၏။ ရွဲလမ်းမှု၏ ပဓာနအကြောင်းရင်းမှာ ထေရဝါဒအလိုအားဖြင့် မျက်မှောက်ဘဝ လောကီအကျိုးစီးပွားအတွက် ဗုဒ္ဓကို အားကိုးရန် မဖြစ်နိုင်သောကြောင့် တမလွန်လောကမှ တန်ခိုးဣဒ္ဓိရှင်များကို စိတ်ကူးမျှော်မှန်း၍ အားကိုးရာရှာကြခြင်း ဖြစ်၏။

ထာဝရဘုရားကို ကိုးကွယ်သောသူတို့သည် မိမိတို့ကို ထာဝရဘုရားက အမြဲကူညီစောင့်ရှောက်သည်ဟု အစွဲအမြဲ ယုံကြည်သောကြောင့် တမလွန်လောကမှ တန်ခိုးကြီးရှင်များကို အားကိုးကြမည် မဟုတ်ချေ။ အာရှမြောက်ပိုင်းနိုင်ငံများရှိ မဟာယာန ဗုဒ္ဓဘာသာဝင်တို့သည်ကား နတ်ပြဟ္မာတို့ကို ယုံကြည်ကြသော်လည်း တောင်ပိုင်းဗုဒ္ဓဝါဒီတို့လောက် အစွဲဥပါဒါန် ကြီးမားမည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် မဟာယာန ဗုဒ္ဓဝါဒီတို့ ယုံကြည်သော ဗုဒ္ဓသည် လူသားစင်စစ်မဟုတ်ဘဲ ဘုန်းတန်ခိုးအနန္တနှင့် ပြည့်စုံ၍ သတ္တဝါအားလုံး၏ ကိုးကွယ်ရာ မဟာကရုဏာတော်ရှင် ထာဝရ ဘုရားသခင် ဖြစ်၏။ သို့ဖြစ်၍ မဟာယာနဝါဒီတို့သည် နတ်ပြဟ္မာတို့ကို ယုံကြည်စေကာမူ ကိုးကွယ်ဆည်းကပ်ရန် မလိုချေ။

တိဗက်လူမျိုး ဗုဒ္ဓဘာသာဝင်တို့၌ ရှေးမဟာယာနဆရာတို့ လျှို့ဝှက်စွာ သင်ကြားပို့ချခဲ့သော တမလွန်လမ်းညွှန်ခေါ် ကျမ်းစာတစ်စောင်ရှိ၏။[၁] ထိုကျမ်းမှာ မသာအသုဘများ၌ ကွယ်လွန်သူကို ရည်စူး၍ လားမားဘုန်းကြီးများက ရွတ်ဖတ်ရသော ကျမ်းဖြစ်၏။ ဘဝသစ်တစ်ဖန်မဖြစ်မီ တမလွန်လောက၌ နတ်ပြဟ္မာ၊ သရဲတစ္ဆေ၊ ဘီလူး၊ ပြိတ္တာစသည်တို့နှင့် ကြုံတွေ့ရမည့်အကြောင်းကို ပြဆိုထား၏။ ထိုတွေ့မြင်ရသော တမလွန်ဘုံသားများသည် ကောင်ထင်ရှားမရှိဘဲ မိမိ၏ အစွဲဥပါဒါန်နှင့် စိတ်ကူးဖန်တီးမှုများသာလျှင်ဖြစ်ကြောင်း ထိုကျမ်း၌ အလေးအနက် ဖော်ပြထား၏။[၂]

* * *

---

၁။ **Dr. Evans Wentz: The Tibetan Book of the Dead**

၂။ "သေသည်၏အခြားမဲ့၌" (စတုတ္ထအကြိမ်) နောက်ဆက်တွဲ-၂

# အခန်း (၁၇)

# မဟာယာနဝါဒ

အချို့သော ထေရဝါဒဆရာတို့က
ဘုန်းကြီးရဟန်းတို့သာလျှင်
နိဗ္ဗာန်မဂ်ဖိုလ် ရရှိနိုင်သည်ဆို၍
မဟာယာနဆရာတို့ကမူ
ပုဂ္ဂိုလ်သတ္တဝါတိုင်းသည် ဘုရားဖြစ်ရန်
မွေးကတည်းက ဗောဓိဉာဏ်မျိုးစေ့ ပါလာသည်ဟု
ဟောပြောကြ၏။

# အခန်း (၁၇)

# မဟာယာနဝါဒ

## (က) ရဟန္တာနှင့်ဗောဓိသတ္တ

ဗုဒ္ဓလက်ထက်က ဝိနည်းသိက္ခာပုဒ်များကို မလေးစားဘဲ စည်းမဲ့ကမ်းမဲ့ နေထိုင်၍ သီလသမာဓိ အားနည်းယိုယွင်းနေသော ရဟန်းတို့အကြောင်းကို ပိဋကတ်စာပေ၌ ဖော်ပြထား၏။ အချို့ရဟန်းများမှာ ဗုဒ္ဓနှင့် သာဝကမထေရ်ကြီးတို့သည်ပင် ဆုံးမ၍ မရသောကြောင့် လျစ်လျူပြုထားကြရဟန်ရှိ၏။ တစ်ခါသော် ဗုဒ္ဓက သက်ရွယ်ကြီးရင့် နေပြီဖြစ်သော အရှင်မဟာကဿပအား မြို့သို့လာရောက်နေထိုင်၍ ရဟန်းတို့ကို ကြပ်မတ်ဆုံးမရန် မိန့်ကြား၏။ မဟာကဿပ မထေရ်ကြီးက ရဟန်းတို့မှာ စည်းကမ်း ပျက်၍ မိမိ၏ ဆိုဆုံးမစကားကို နာခံလေးစားခြင်း မရှိပါ။ အရှင်အာနန္ဒာနှင့် အရှင် အနုရုဒ္ဓါတို့၏ တပည့်ရဟန်းတို့သည်ပင် ဆုံးမ၍မရဘဲ ငြင်းခုံခိုက်ရန် ဖြစ်နေကြပါသည် ဟု လျှောက်ထား၍ တောသို့ပြန်ကြွသွား၏။

ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ပြီး နောက်ကာလ၌ ထိုသို့အကျင့်သိက္ခာ အားနည်းသော ရဟန်း တို့ ပိုမိုများပြား၍ သီလသမာဓိတရားကို ပြင်းပြင်းထန်ထန် အားထုတ်သော ရဟန်းတို့ နည်းပါးလာသည်နှင့်အမျှ မဂ်ဖိုလ်နိဗ္ဗာန်တရားကို တကယ်တမ်းကျင့်ကြံအားထုတ်သော ရဟန်းတို့မှာ ယုတ်လျော့သွားမည် အမှန်ဖြစ်၏။ တစ်နည်းဆိုသော် ရဟန္တာပုဂ္ဂိုလ်ဖြစ်ရန် မျှော်မှန်းသော ရဟန်းဦးရေများမည် မဟုတ်ချေ။ မများခြင်းမှာ အရဟတ္တဖိုလ် ရရှိရန် အတွက် လိုအပ်သော အရည်အချင်း မရှိသောကြောင့်သာလျှင် မဟုတ်။ ထိုအချိန် အခါက အချို့သော ရဟန်းတို့တွင် ရဟန္တာပုဂ္ဂိုလ်နှင့် ပတ်သက်၍ စိတ်ဇဝေဇဝါဖြစ်၍ သံသယရှိနေကြပြီဖြစ်၏။

ဗုဒ္ဓထင်ရှားရှိစဉ်က ဗုဒ္ဓအား အရဟတ္တဖိုလ်ကို ပြောကြားသောရဟန်းတိုင်းသည် ထိုဖိုလ်ကို ရရှိသောကြောင့် ပြောကြားခြင်း မဟုတ်။ ဗုဒ္ဓ၏အဆိုအားဖြင့် အချို့မှာ မရရှိဘဲ စိတ်ရှုးသွပ်ခြင်း၊ မိမိကိုယ်ကို အထင်ကြီးခြင်း၊ ပညာဉာဏ်နုံ့ခြင်းစသော အကြောင်းများကြောင့် ပြောဆိုကြ၍ အချို့မှာ ဗုဒ္ဓ၏ အဆုံးအဖြတ်ကို မနာခံဘဲ မိမိတို့ကိုယ်ကို ရဟန္တာဟု ထင်မြင်ကြကြောင်း သိရ၏။ ရဟန္တာ အစစ်နှင့်အတုကို ခွဲခြားသိရှိရန် ကောသလမင်းအား ဗုဒ္ဓညွှန်ကြားသော အချက်များမှာ လိုက်နာကျင့်သုံးရန် မလွယ်ကူချေ။ ထို့ကြောင့် အထူးသဖြင့် ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးသည့်နောက်၌ ရဟန္တာ အတုအယောင်များ တိုးပွားလာ၍ ရဟန္တာအစစ်အမှန်များ ဂုဏ်သိက္ခာညှိုးနွမ်းလာကြ၏။ ရဟန္တာများ ဂုဏ်သိက္ခာညှိုးနွမ်းခြင်း၏ အခြားအကြောင်းတစ်ခုမှာ ဗုဒ္ဓကိုးကွယ်မှု အင်အားစု ကြီးမားလာခြင်းဖြစ်၏။ အချို့သော ဗုဒ္ဓဝါဒဂိုဏ်းများသည် ဗုဒ္ဓ၏ ဘုန်းတော်၊ ဉာဏ်တော်အနန္တကို ရှေ့တန်းသို့တင်၍ ရဟန္တာ၏ဂုဏ်တော်ကို မှေးမှိန်သေးသိမ်စေသော အယူဝါဒများကို ဟောပြောကြ၏။ အဘိဓမ္မာ ပိဋကတ်လာ ကထာဝတ္ထု၌ ဖော်ပြထားသော ထိုအယူများမှာ ဒုတိယ သင်္ဂါယနာတင်ပြီးနောက် ပေါ်ပေါက်ခဲ့သော အချို့ဗုဒ္ဓဂိုဏ်းများ၏ ခံယူချက်များဖြစ်၏။

မဟာဝင်နှင့် ဝိနည်းပိဋကတ်စူဠဝဂ်၌ ဝဇ္ဇီတိုင်းသား ရဟန်းတို့ ရွှေငွေအလှူခံခြင်းစသော သိက္ခာပုဒ် ကျူးလွန်မှုကို အကြောင်းပြု၍ ဒုတိယသင်္ဂါယနာတင်ရသည် ဆို၏။ သို့ရာတွင် အချို့ရဟန်းတို့ သိက္ခာပုဒ်ကျူးလွန်ရာမှ သင်္ဂါယနာတင်ရပြီးနောက် သံဃာ အကြီးအကျယ် ဂိုဏ်းကွဲရသည် ဆိုခြင်းမှာ ယုတ္တိမရှိလှချေ။ ဂိုဏ်းကွဲရခြင်းမှာ ဝဇ္ဇီရဟန်းတို့၏ အပြစ်ကျူးလွန်မှုထက် ပိုမိုအရေးကြီးသော အကြောင်းတစ်ခုခုကြောင့် ဖြစ်ရပေမည်။

ဒုတိယ သင်္ဂါယနာတင်မှု၏ နောက်ဆက်တွဲအဖြစ် ပေါ်လာသောဂိုဏ်းများအနက် အထင်ရှားဆုံးမှာ မဟာသံဃိကဂိုဏ်းဖြစ်၏။ ထိုဂိုဏ်း ဖြစ်ပေါ်လာခြင်းနှင့်စပ်၍ ဗုဒ္ဓကျမ်းတစ်စောင်၏ အဆိုအားဖြင့် ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်းတစ်ရာကျော်ခန့်၌ မဟာဒေဝမထေရ် တင်ပြသော အချက်ငါးချက်ကို ပါဋလိပုတ်ပြည်၌ ရဟန်းသံဃာတို့ ဆွေးနွေးကြရာမှ ဝိဝါဒကွဲပြား၍ မဟာသံဃိကဂိုဏ်း ပေါ်ပေါက်လာခဲ့၏။ ထိုအချက်ငါးချက်မှာ (၁) ရဟန္တာပုဂ္ဂိုလ်သည် တစ်ခါတရံ မသိသောကြောင့် ဒုစရိုက်မှု ကျူးလွန်မိပေမည်။ (၂) အချို့ရဟန္တာတို့သည် မိမိတို့မှာ ရဟန္တာဖြစ်ကြောင်း မသိဘဲရှိပေမည်။ (၃) မည်သူမဆို ဆရာမရှိဘဲ အရဟတ္တဖိုလ်ကို မရရှိအပ်။ (၄) ရဟန္တာသည် တရားဓမ္မနှင့်စပ်၍ ဝိစိကိစ္ဆာရှိနိုင်သည်။ (၅) ယောဂီပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသောတရားကို ကျူးရင့်ရင်း အရိယာမဂ်လမ်း၌ အဆင့်ဆင့် တက်လှမ်းနိုင်သည် ဟူသော အချက်များဖြစ်၏။

ဤအချက်များနှင့်စပ်၍ အငြင်းပွားသောကြောင့် ဘိက္ခုသံဃာဂိုဏ်း ကွဲသွားသည်

ဆိုသော မြောက်ပိုင်းအဋ္ဌကထာ ဆရာတို့၏စကား မှန်ပေလိမ့်မည်။ စင်စစ် အင်အား အကြီးဆုံးဂိုဏ်းဖြစ်သော မဟာသံဃိကသည် ပြုပြင်ရေးဂိုဏ်းဖြစ်၍ ရှေးရိုးထေရဝါဒဂိုဏ်းနှင့် ဆန့်ကျင်၏။ အဘိဓမ္မာ၊ ပဋိသမ္ဘိဒါ၊ နိဒ္ဒေသ၊ ဇာတကစသောကျမ်းများကို ဘုရားဟော ဒေသနာများအဖြစ် အသိအမှတ်မပြုချေ။ လူတို့နှင့်ပူးပေါင်း၍ သာသနာရေးကိစ္စများကို ဆောင်ရွက်၏။ ဝဇ္ဇီရဟန်းတို့သည် လူတို့၏ အားပေးကူညီမှုဖြင့် စင်ပြိုင်သင်္ဂါယနာတင်ကြောင်း၊ လူနှင့်ရဟန်း ပူးတွဲ၍ ကျင်းပသောကြောင့် ထိုဓမ္မသဘင်ကို မဟာသံဃိကဓမ္မသဘင်ဟု ခေါ်ဆိုကြောင်း တရုတ်ရဟန်းတော် ဟီယန်ဆိုင်၏ မှတ်တမ်း၌ ဖော်ပြထား၏။

တစ်နည်းဆိုသော် ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် အိန္ဒိယပြည်၌ ထင်ရှားခဲ့သော မဟာသံဃိကဂိုဏ်းသည် ယနေ့ အာရှတိုက်မြောက်ပိုင်း နိုင်ငံများ၌ ထွန်းကားနေသော မဟာယာနဝါဒ၏ ရှေ့ပြေး ဗုဒ္ဓသံဃာအဖွဲ့ဖြစ်၏။ မဟာသံဃိက အယူဝါဒများကို သက္ကတဗုဒ္ဓကျမ်းများ၌ ပြဆိုထား၍ လိုရင်းအချက်မှာ ဗုဒ္ဓကို အနန္တအပ္ပမေယျ ဘုန်းတန်ခိုးရှင်အဖြစ် ဖော်ပြ၍ ရဟန္တာကို နှိပ်နယ်ရေးသားထားခြင်း ဖြစ်၏။ ထိုနည်းအတူ မဟာယာနစာပေ၌ ထင်ရှားသော သဒ္ဓမ္မပုဏ္ဍရိကာမည်သော ကျမ်းသည် ဗုဒ္ဓ၏ အနန္တဂုဏ်တော်၊ တန်ခိုးတော်ကို ဖွင့်ဆိုသောကျမ်းဖြစ်၏။ မြန်မာဗုဒ္ဓဝါဒီတို့သည် ဓမ္မစကြာသုတ်ကို အထူးလေးစားကြသကဲ့သို့ မဟာယာနဝါဒီတို့သည် ထိုကျမ်းကို အထူးလေးစားကြ၏။

သဒ္ဓမ္မပုဏ္ဍရိကာကျမ်း၏ အဆိုအားဖြင့် ဗုဒ္ဓ၏ နဖူးတော်မှထွက်သော ရောင်ခြည်သည် စကြဝဠာတိုက် တစ်သောင်းရှစ်ထောင်နှင့် နတ်ပြည်၊ ငရဲပြည်အားလုံးကို ထွန်းလင်းစေ၏။ ထေရဝါဒီတို့ နားလည်သော ဗုဒ္ဓဝင်ကို မှားသည်ဟုမဆိုဘဲ အသိဉာဏ် နုနယ်သော သူတို့အဖို့ဖြစ်ကြောင်း ပြဆိုထား၏။ ဥပမာ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သည်ဆိုခြင်းကို ရှင်းပြထားပုံမှာ ဆေးသမားတစ်ဦးသည် အနာရောဂါနှိပ်စက်ခြင်း ခံနေရသော သားငယ်များအား ဆေးတိုက်ကျွေးရာ မသိမလိမ်မာသော သူငယ်များဖြစ်၍ ဆေးမသောက်လိုကြချေ။ သို့ဖြစ်၍ ဆေးသမားသည် ရပ်ဝေးသို့ထွက်သွားပြီးလျှင် မိမိသေဆုံးကြောင်း သတင်းကို သားငယ်များအား ကြားသိစေ၏။ ထိုအခါ သားငယ်များသည် သတိတရားရ၍ ဆေးသောက်ကြ၏။ ထို့အတူ ဘုရားရှင်သည် မိမိ အမြဲထာဝရ တည်နေခြင်းကို လူတို့မသိစေဘဲ သတိမမေ့မလျော့စေရန် ပရိယာယ်ဖြင့် နိဗ္ဗာန်စံဝင်ဟန် ပြုခဲ့ကြောင်း မိန့်တော်မူသည်ဆို၏။

သဒ္ဓမ္မပုဏ္ဍရိကာကျမ်း၌ ဘုရားရှင်က ပုဂ္ဂိုလ်သတ္တဝါ အမျိုးမျိုးအစားစား၏ စိတ်ဓာတ်စရိုက်နှင့် လျော်ညီသော လမ်းစဉ်သုံးမျိုးရှိသည်။ ၎င်းတို့မှာ သာဝကလမ်းစဉ်၊ ပစ္စေကဗုဒ္ဓါလမ်းစဉ်နှင့် ဗောဓိသတ္တလမ်းစဉ်ဖြစ်သည်။ ထိုလမ်းစဉ်သုံးမျိုးတွင် သမ္မာသမ္ဗောဓိဉာဏ်ကို ဦးတည်သော ဗောဓိသတ္တ (ဝါ) ဘုရားလောင်းလမ်းစဉ်သည်

အမြတ်ဆုံးဖြစ်ကြောင်း ဟောကြား၏။ ထိုလမ်းစဉ်အရ အရိယာပုဂ္ဂိုလ်သည် ဘုရားဖြစ်ရန် ကြိုးစား၍ ဘုရားဖြစ်သောအခါ သတ္တဝါအားလုံး၏ အကျိုးစီးပွားကို ဆောင်ရွက်ပြီးမှ နိဗ္ဗာန်စံဝင်မည်ဖြစ်၏။

ဗောဓိသတ္တကျင့်စဉ်ကို ဒသဘူမိကခေါ် မဟာယာနသုတ္တန်ကျမ်းများ၌ ပြထား၏။ အဆင့် (ဘူမိ) ဆယ်ဆင့်ရှိ၍ ပထမခြောက်ဆင့်သည် ထေရဝါဒီတို့၏ မဂ်လေးပါးနှင့် တူညီပြီး ဆဋ္ဌမအဆင့်၌ အရဟတ္တမဂ်ဉာဏ်ကိုရ၏။ ထိုမှတစ်ဆင့် သတ္တဝါအားလုံးအား အမှန်တရားညွှန်ပြ၍ ကယ်တင်မည်ဟူသော အဓိဋ္ဌာန်ဖြင့် ဘုရားဖြစ်ရန် ဆက်လက်အားထုတ်ရ၏။ ဒါန၊ သီလ၊ ခန္တီ၊ ဝီရိယ၊ ဈာနနှင့်ပညာတည်းဟူသော တရားခြောက်ပါးကို ဘဝပေါင်းများစွာ ပါရမီဖြည့်ရ၏။ ဗောဓိသတ္တတို့ကျင့်သော အထင်ရှားဆုံးတရားမှာ ကရုဏာတရားဖြစ်၏။ သူတို့သည် သတ္တဝါများ ကြီးပွားချမ်းသာမှုအတွက် မကောင်းမှုပြု၍ ငရဲခံရန် အသင့်ရှိကြ၏။ သို့ရာတွင် ဗောဓိသတ္တသည် ဘယ်အခါမျှ အပါယ်သို့ မလားရချေ။ ဘဝပေါင်းများစွာက သူပြုခဲ့သော ကောင်းမှုများ၏အဖို့ကို ပေးဝေခြင်းဖြင့် သတ္တဝါများ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြရ၏။

မဟာယာနဝါဒီတို့သည် ဗောဓိသတ္တများကို ဗုဒ္ဓများနှင့် တန်းတူနီးပါး ကြည်ညိုလေးစား၍ ဆည်းကပ်ကိုးကွယ်ကြ၏။ ဗုဒ္ဓ၏ တန်ခိုးတော်အနန္တနှင့် ဘုရားအလောင်းလမ်းစဉ်ကို ရှေ့တန်းတင်မှုမှတစ်ပါး အခြားနေရာများ၌ မဟာယာနဝါဒသည် ထေရဝါဒနှင့် ကွဲပြားခြားနားခြင်း မရှိချေ။ သစ္စာလေးပါး မဂ္ဂင်ရှစ်ပါး အနတ္တတရားစသော အခြေခံဗုဒ္ဓတရားအားလုံးကို မဟာယာနဝါဒီတို့ လက်ခံယုံကြည်ကြ၏။ မဟာယာနဆရာတို့သည် ထေရဝါဒကို ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်ခြင်း မပြုကြချေ။ မဟာယာန ပိဋကတ်ကျမ်းများ အဆိုအားဖြင့် ဗောဓိသတ္တသည် ထေရဝါဒကို မဟာယာနနှင့် ထပ်တူထား၍ ရိုသေလေးစားပြီး ကြားနာလေ့လာရမည်ဖြစ်၏။ ရှေးအခါက အချို့သော အိန္ဒိယပြည် သံဃာကျောင်းတိုက်များ၌ ထေရဝါဒီနှင့် မဟာယာနဝါဒီ ရဟန်းများ စုပေါင်းနေထိုင်ကြကြောင်း တရုတ်ခရီးသည် ရဟန်းတော်များ၏ မှတ်တမ်းများ၌ ဖော်ပြထား၏။

ရှေးအိန္ဒိယပြည်၌ မဟာယာနဝါဒ ပေါ်ထွန်းမှု၏ နောက်ခံသမိုင်းကြောင်းကို အကြမ်းဖျင်း ဖော်ပြခဲ့ပေပြီ။ ထိုဝါဒ ရှင်သန်တည်မြဲနေစေရန် ထောက်ကူသော အခြားအကြောင်းတရားများကို ယခု စဉ်းစားဆင်ခြင်၍ ဆန်းစစ်ဝေဖန်ရန် လိုအပ်၏။

မဟာယာနဝါဒသည် ရှေးအိန္ဒိယလူမျိုးတို့၏ ဘာသာရေးအတွေးအခေါ် အလွန်အကျွံဖြစ်မှု၌ တစ်စိတ်တစ်ဒေသ အကြောင်းရင်း ရှိသည်ဆိုပါက မှားမည်မဟုတ်ချေ။ လူတို့သည် အများအားဖြင့် တဖက်စွန်းရောက် အစွဲဥပါဒါန်ဖြင့် တွေးခေါ်ပြုမူတတ်ကြ၏။ ဤလူ့သဘာဝစရိုက်သည် အိန္ဒိယဘာသာရေးသမိုင်း၌ ထင်ရှား၏။

အိန္ဒိယဘာသာဝါဒများသည် တစ်ဖက်၌ ကာမဂုဏ်ခံစားခြင်းကို ရှောင်ကြဉ်မှု၊

အခြားတစ်ဖက်၌ မိမိကိုယ်ကို နှိပ်စက်ညှဉ်းပန်း၍ တရားအားထုတ်မှု၊ တစ်ဖက်၌ မနာကျင်စေမှု အဟိံသတရားကို တင်းကျပ်စွာ ကျင့်သုံးမှုများကို အားပေးခဲ့သည်နှင့်အမျှ အခြားတဖက်၌ လိင်အင်္ဂါကိုးကွယ်မှု၊ အမဲသားငါး အရက်သေစာနှင့် မေထုန်မှီဝဲခြင်းဖြင့် မဂ်ဖိုလ်တရားအားထုတ်မှု (တန္တရဝါဒ)၊ လူနှင့် တိရစ္ဆာန်များကို သတ်ဖြတ်၍ နတ်ဘုရားများအား ပူဇော်ပသမှုများကိုလည်း ဖြစ်စေခဲ့၏။ ယခုခေတ် အိန္ဒိယ အသိပညာရှင်များသည်ပင် တစ်ခါတစ်ရံ တစ်ဖက်စောင်းနင်း အတွေးအခေါ် အပြုအမူများနှင့် မကင်းချေ။

ဥပမာ **မဟတ္တမဂန္ဒီ**သည် ငယ်ရွယ်နုပျိုစဉ်က သာမန်လူများထက် တဏှာရာဂ အားကြီး၍ အသက်ကြီးသောအခါ၌မူ မိမိ၏ သမာဓိကို စမ်းသပ်ရန် မိန်းငယ်များနှင့် အတူအိပ်၍ မိမိ၌ ရာဂစိတ် လုံးဝကင်းကြောင်း ပြသခဲ့သည်ဆို၏။ **ရာမကရစ်သျှနား**သည် လူသတ္တဝါတို့၏ ကြီးပွားချမ်းသာမှုကို ဂရုမပြုဘဲ အမြဲရှာန်ဝင်စားနေသော အရှင်သူမြတ်ဖြစ်၏။ သူ၏တပည့် **ဆွာမိဝိဝေကနန္ဒ**မှာမူ လူသတ္တဝါတို့ အကျိုးစီးပွားကို ဆောင်ရွက်ရန် ထပ်တလဲလဲ ဟောပြောခဲ့၏။ မိမိသည် နိဗ္ဗာန်၌ ပရဟိတလုပ်ငန်း ဆောင်ရွက်ခွင့်ရမည် မဟုတ်သောကြောင့် သံသရာဝဋ်မှ မထွက်မြောက်လိုပါဟု ဆိုခဲ့လေသည်။

မဟာယာနနှင့် ထေရဝါဒသည် ထိုသို့တစ်ဖက်စောင်းနင်း တွေးခေါ်ရှုမြင်တတ်သော အိန္ဒိယသားတို့၏ တိုင်းပြည်၌ စတင်ပေါ်ပေါက်ခဲ့ရကား ဗုဒ္ဓ၏ အလယ်လမ်းစဉ်မှ အနည်းအများ သွေဖည်ခဲ့ကြ၏။ ဥပမာ ဗုဒ္ဓ၏အလိုအားဖြင့် မဂ်ဖိုလ် နိဗ္ဗာန်အတွက် လိုအပ်သော အရည်အချင်းရှိသောသူသည် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်ဖြစ်၏။ သို့ရာတွင် အချို့သော ထေရဝါဒဆရာတို့က ဘုန်းကြီးရဟန်းတို့သာလျှင် နိဗ္ဗာန်မဂ်ဖိုလ် ရရှိနိုင်သည်ဆို၍ မဟာယာနဆရာတို့ကမူ ပုဂ္ဂိုလ်သတ္တဝါတိုင်းသည် ဘုရားဖြစ်ရန် မွေးကတည်းက ဗောဓိဉာဏ်မျိုးစေ့ ပါလာသည်ဟု ဟောပြောကြ၏။

ဗုဒ္ဓသည် ရဟန်းတို့အား ဝါဒစွဲ ဥပါဒါန်မရှိရန် မကြာခဏ သတိပေး၍ အလယ်လမ်းကို ညွှန်ပြခဲ့၏။ အနတ္တတရားကို ဟောရာ၌ အထူးဆင်ခြင်၍ မယုတ်မလွန် ဟောတော်မူခဲ့၏။ သို့ရာတွင် ဗုဒ္ဓ၏ အနတ္တတရားသည် မဟာယာနစာပေ၌ နတ္ထိကဝါဒ အသွင်လက္ခဏာ ဆောင်နေကြောင်း ယုံမှားစရာမရှိချေ (စာ-၈၄)။ မဟာယာနဆရာတို့သည် အနတ္တတရားကို လောက၌ ကောင်းမှု, မကောင်းမှုဟူ၍ မရှိ၊ ဗုဒ္ဓမရှိ၊ နိဗ္ဗာန်မရှိ၊ သစ္စာလေးပါးဟူ၍မရှိ၊ ဘဝသံသရာမရှိ၊ ကံနှင့် ကံ၏အကျိုးတရားမရှိ၊ အချုပ်အားဖြင့် လောက၌ ဘာမျှမရှိမှုကိုဟောသော သုညဝါဒ (ဝါ) ရုပ်ဝါဒအဖြစ်ဖြင့် သိမြင်ခံယူကြ၏။

ယနေ့ ကမ္ဘာပေါ်၌ သုညဝါဒကို ခံယူထားသော အနောက်တိုင်း အသိပညာရှင် အတော်များများရှိကြ၏။ ထိုအသိပညာရှင်တို့သည် လူအများ ထင်မြင်သကဲ့သို့ သူတို့၏ သုညဝါဒနှင့်အညီ ကိုယ်ကျင့်တရားကင်းမဲ့သည် သို့မဟုတ် အားနည်းသည်ဟု

ကျွန်ုပ်တို့ စွဲမှတ်မထားသင့်ချေ။ ကိုယ်ကျင့်တရားအရာ၌ သူတို့သည် အခြားလူများထက် နိမ့်ကျခြင်းမရှိသောကြောင့် ပုဂ္ဂိုလ်တစ်ဦး၏ ဘဝဒဿနသည် အကျင့်သီလကို ပြောပလောက်အောင် ပြုပြင်နိုင်စွမ်းမရှိကြောင်း ထင်ရှား၏။ တစ်ခါတစ်ရံ၌မူ ဘဝအတွေး အခေါ် တစ်ဖက်စွန်းရောက်နေသော သူသည် ကိုယ်ကျင့်တရားအရာ၌ တစ်ဖက်စွန်းရောက် ခံယူချက်များ ရှိနေတတ်၏။

ဤနေရာ၌ ထင်ရှားသော သာဓကမှာ ဗြိတိသျှအသိပညာရှင်ကြီး **ဘာထရန် ရပ်ဆယ်ဖြစ်၏**။ ဘာထရန်ရပ်ဆယ်သည် ရုပ်ဝါဒီဒဿနပညာရှင်ဖြစ်၍ မည်သည့်ဘာသာ အယူဝါဒကိုမှ စွဲလမ်းယုံကြည်မှုမရှိချေ။[၁] သို့ရာတွင် ကမ္ဘာ့လူသားတို့အား နျူကလီယား ဘေးအန္တရာယ်မှ ကာကွယ်ရန် လူတို့ ပါဝင်ဆောင်ရွက်သင့်သည်ဟု ယုံကြည်၏။ သူသည် အသက် ၈၀ ကျော် အရွယ်၌ ဗြိတိသျှအစိုးရအား နျူကလီးယား မုံးဖောက်ခွဲ စမ်းသပ်မှု မပြုလုပ်ရန် ကန့်ကွက်သော လူထုချီတက်ပွဲ၌ တက်ကြွစွာ ပါဝင်ဆန္ဒပြခဲ့ ပေသည်။

ထိုနည်းအတူ ရှေးအိန္ဒိယ မဟာယာန ဆရာတို့သည်လည်း အနတ္တတရားအပေါ် သူတို့၏ ရှုမြင်သုံးသပ်ချက်ကို ကိုယ်ကျင့်တရားနယ်၌ လက်ခံကျင့်သုံးမည် မဟုတ်ချေ။ ဥပမာ သန္တိဒေဝခေါ် မဟာယာန ကျမ်းပြုဆရာက အလှူဒါနပြုရာ၌ အလှူဝတ္ထု၊ အလှူခံ ပုဂ္ဂိုလ်နှင့် အလှူရှင်တို့ ဇကန်ထင်ရှားမရှိမှု အနတ္တသဘောကို သတိပြုရမည်ဟုဆို၏။ သို့ရာတွင် အလှူဒါနပြုခြင်းသည် အချည်းနှီးဖြစ်သည်ဟု မဆိုသည့်အပြင် ဒါန၏ အကျိုးတရားများကို သူ ဟောပြောခဲ့မည် အမှန်ဖြစ်၏။ အနတ္တတရားကို ဖွင့်ဆိုရာ၌ အားလုံး သုညသဘောဆောင်နေမှုကို အလေးထားဟောပြောသော မဟာယာနဆရာတို့ သည် မိမိတို့၏စကားကို မသိနားမလည်သူတို့က လွဲမှားစွာ ခံယူကျင့်သုံးမည့် အန္တရာယ်ကို ကြိုတင်သိမြင်ခဲ့ကြပေမည်။ သို့ဖြင့် ပုထုဇဉ်သတ္တဝါတို့ကို အန္တရာယ်မှ ကာကွယ်ရန် ဗောဓိသတ္တလမ်းစဉ်ကို ရှေ့တန်းသို့တင်၍ ဟောပြောခဲ့ကြခြင်း ဖြစ်သည်ဟု ယူဆဖွယ်ရှိ၏။

ဗောဓိသတ္တလမ်းစဉ်ကို သာဝက (ရဟန္တာ)လမ်းစဉ်ထက် ပိုမိုနှစ်သက်သော ဗုဒ္ဓဝါဒီတို့မှာ အတော်များပေလိမ့်မည်။ အကြောင်းမူ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက် ရန် ဘဝတဏှာကို ပယ်သတ်ရမည်ဖြစ်၍ ထိုပယ်သတ်မှုမှာ လွယ်ကူသောကိစ္စမဟုတ် ချေ။ ထို့အပြင် လူတို့သည် ဘဝသစ်တစ်ဖန်မဖြစ်မှု (ဝါ) ဘဝသံသရာ စက်ပြတ်မှုကို လည်း အများအားဖြင့် အလိုမရှိကြချေ။ ဗောဓိသတ္တလမ်းစဉ်သည် ဘုရားဖြစ်ရန် အား ထုတ်ရင်း ဘဝပေါင်းများစွာ ကျင်လည်ရန် အခွင့်အလမ်းပေးထားရကား များစွာသော ဗုဒ္ဓဝါဒီတို့၏ စိတ်ဓာတ်စရိုက်နှင့် အံဝင်ခွင်ကျဖြစ်သည်ဟု ဆိုရပေမည်။

မြန်မာနိုင်ငံ၌ စာပေကျွမ်းကျင်နှံ့စပ်သော အချို့ဆရာတော်ကြီးများ ဥပမာ

---

၁။ သူ၏ ညီတစ်ယောက်မှာမူ ဗုဒ္ဓဝါဒီဖြစ်၏။

ရှင်ဥတ္တမကျော်၊ အုပ်ဖိုဆရာတော်နှင့် မန်လည်ဆရာတော်တို့သည်ပင် ဘုရားဆုပန်ခဲ့ကြသည်ဆို၏။ သို့ရာတွင် ပိဋကတ်စာပေ၌ ဗောဓိသတ္တလမ်းစဉ်အကြောင်း ဗုဒ္ဓဟောကြားသော စကားတစ်လုံးတစ်ပါဒမျှ မတွေ့ရချေ။ ထိုလမ်းစဉ်နှင့် ဆန့်ကျင်သော ဗုဒ္ဓဒေသနာများမှာကား ထင်ရှား၏။ မိမိ ရဟန်းမပြုမီက အဖြစ်အပျက်များကို ဗုဒ္ဓကိုယ်တိုင် ဟောကြားသော ဒေသနာများ၌ သတ္တဝါများကို ကြင်နာသနား၍ ကယ်ချွတ်ရန်၊ သို့မဟုတ် သမ္မာသမ္ဗောဓိဉာဏ် ရရှိ၍ ဘုရားဖြစ်ရန် တောထွက်သည်ဟုမဆို။ မဂ်ဖိုလ်နိဗ္ဗာန်လမ်းခရီးအတွက် မိဘဆရာသမားနှင့် မိတ်ဆွေကောင်းများ လိုအပ် သော်လည်း မိမိကိုယ်မိမိ အားကိုးမှုသည်သာ ပဓာနဖြစ်၏။ ဗုဒ္ဓသည် နိဗ္ဗာန်လမ်းခရီး ကို ညွှန်ပြရုံမှတစ်ပါး အခြားဘာမျှတတ်နိုင်သည် မဟုတ်။ သို့ဖြင့် ပညာဝီရိယ၊ သတိစသော တရားများဖြင့် စိတ်ဓာတ်ခွန်အား ကြံခိုင်သော (ဝါ) ကျွတ်ထိုက်သော သတ္တဝါများကို ဦးစားပေး၍ ဟောပြောဆုံးမတော်မူခဲ့၏။

ဤဗုဒ္ဓလမ်းစဉ်သည် လူ့ဘဝ၊ လူ့လောက၌လည်း ပေါ်လွင်ထင်ဟပ်လျက်ရှိ၏။ လူသတ္တဝါတစ်ဦး၏ ဘဝအခြေအနေကို ပြုပြင်စီရင်သော အတွင်းအပြင်သင်္ခါရနှစ်ပါးရှိရာ အတွင်းသင်္ခါရတရားများမှာ အထက်၌ ပြဆိုခဲ့သော စိတ်ဓာတ်ခွန်အား သတ္တိများဖြစ်၍ အပြင်သင်္ခါရတရားများမှာ မိဘဆရာနှင့် အပေါင်းအဖော်များ၏ ပြုပြင်မှုဖြစ်၏။ သတ္တဝါ၏ အစွမ်းကုန် ကြီးပွားတိုးတက်မှုသည် အတွင်းအပြင်သင်္ခါရတရားအားလုံး၏ ပေါင်းစပ်မှုပေါ်၌ တည်သော်လည်း ယေဘုယျအားဖြင့် အတွင်းခွန် အားသတ္တိသည်သာ ပဓာနဖြစ်၏။ ဤအချက်ကို ကလေးသူငယ်များအား ကိုယ်တိုင် သွန်သင်ဆုံးမ သင်ကြားပြသနေသော မည်သည့်ပုဂ္ဂိုလ်ကမျှ သံသယရှိမည်မဟုတ်ချေ။

ထို့ကြောင့် လူတို့သည် အများအားဖြင့် မိမိတို့နှင့် ထိုက်တန်သော အလုပ်အကိုင်၊ နေရာကဏ္ဍ၊ နိုင်ငံအစိုးရ၊ ဆရာသမား၊ ဘာသာဝါဒ၊ ဘဝအတွေးအခေါ်၊ ဓလေ့စရိုက် စသည်တို့ကို ရရှိတတ်ကြ၏။ အခြားလူများ၏ လိုအပ်သော အားပေးကူညီမှုကို မရရှိသောကြောင့် မိမိနှင့်ထိုက်တန်သော နေရာနှင့် ကင်းဝေးနေသောသူ အချို့လည်းရှိပေမည်။ မည်သို့ဖြစ်စေ လူသတ္တဝါသည် မိမိ၏ ကြီးပွားချမ်းသာမှုအတွက် မိမိကိုယ်ကို အများဆုံး အားကိုးရပေမည်။ မိမိကိုယ်ကို ကြီးပွားချမ်းသာစေရန် အားထုတ်မှုသည် ကိုယ်ကျိုးရှာမှုသက်သက် မဟုတ်။ လူသတ္တဝါတို့၏ ကြီးပွားချမ်းသာရေးကို ဆောင်ရွက်လိုသောသူသည် ရှေးဦးပထမ ကြီးပွားချမ်းသာရေးတရားကို ကိုယ်တွေ့ကျင့်သုံးဖူးသောသူ ဖြစ်ရပေမည်။

ဤနေရာ၌ ၁၉၈၉-၉၀ ခုနှစ်များအတွင်းက ကမ္ဘာ့လူထုကြီးပွားချမ်းသာမှုသို့ ရှေးရှုသည်ဆိုသော· ဆိုရှယ်လစ် စီးပွားရေးစနစ် မရှုမလှ ကျဆုံးခဲ့ပုံကို ကျွန်ုပ်တို့ ပြန်လည်သတိပြုသင့်ပေ၏။ ဆိုရှယ်လစ်စနစ်၏ အဓိကရည်ရွယ်ချက်မှာ ရေတိုရေရှည် စီမံကိန်းများ ချမှတ်၍ အရင်းရှင်စီးပွားရေးသမားများ၏ ဝိသမလောဘကို တိုက်ဖျက်

ရန်ဖြစ်၏။ သို့ရာတွင် ဆိုရှယ်လစ်နိုင်ငံခေါင်းဆောင်များ ကိုယ်နှိုက်က တဏှာမာန ဒိဋ္ဌိလွှမ်းမိုး၍ အာဏာရှင်စနစ်၊ တစ်ပါတီစံနစ် ကျင့်သုံးခဲ့ကြသောကြောင့် အဘယ်မှာ အောင်မြင်နိုင်ပါမည်နည်း။ နောက်ဆုံး၌ ပြည်သူလူထုက မခံမရပ်နိုင်ဖြစ်၍ ဆူပူလှုပ်ရှားသောအခါ ဆိုရှယ်လစ်စနစ်မှာ လျှင်မြန်စွာ ပြိုလဲ၍ ချုပ်ငြိမ်းရလေသည်။

လူသတ္တဝါများ ကြီးပွားချမ်းသာမှုသို့ ရှေးရှုသော ထေရဝါဒ ကျင့်စဉ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ မှတ်သားထားရမည့် လိုရင်းအချက်သည်ကား ရှေးဦးပထမ မိမိ၏ ကြီးပွားချမ်းသာမှုအတွက် ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်ရန် အားထုတ်ရမည် ဖြစ်၏။ မိမိ၏ လွတ်မြောက်မှုသည် အခြားလူများအဖို့ စံနမူနာဖြစ်၍ ဟောပြောဆုံးမမှုထက် ပိုမိုထိရောက်၏။ လူအမြောက်အမြားအား ကယ်ချွတ်လိုသော စိတ်ဆန္ဒမရှိသင့်။ ဗုဒ္ဓသည် ကျွတ်ထိုက်သော သတ္တဝါများကို ဦးစားပေး၍ ဆုံးမတော်မူကြောင်း သတိပြုသင့်၏။

ကျွတ်ထိုက်သော သတ္တဝါများကို ဦးစားပေး၍ ဟောပြောဆုံးမသင့်ကြောင်း လူနာသုံးမျိုး ဥပမာဖြင့် ဟောကြားထားသော ဗုဒ္ဓ၏သြဝါဒကို ယခုခေတ်၌ ကမ္ဘာ့ဒုက္ခသည်များ ကယ်ဆယ်ရေးအဖွဲ့များက လိုက်နာကျင့်သုံးနေကြပြီ ဖြစ်၏။ ကမ္ဘာ့အရပ်ရပ်၌ စစ်မက်ဘေး၊ ငတ်မွတ်ခြင်းဘေးနှင့် ကပ်ဘေးများကြောင့် ဆင်းရဲဒုက္ခကြုံတွေ့နေကြရသောသူများ သိန်းနှင့်ချီ၍ ရှိကြ၏။ ဒုက္ခသည်ဦးရေက အလွန်များ၍ စားနပ်ရိက္ခာ၊ ဆေးဝါးပစ္စည်းနှင့် ဆရာဝန်၊ သူနာပြုစသော ကယ်ဆယ်ရေးအမှုထမ်းများ မလုံလောက်သောကြောင့် ဒုက္ခသည်များကို မည်သို့ပင် ပြုစုစောင့်ရှောက်သော်လည်း သေမည့်သူများ၊ ပြုစုစောင့်ရှောက်မှု မရှိသော်လည်း အသက်ရှင်မည့်သူများနှင့် ပြုစုစောင့်ရှောက်ပါမှ အသက်ချမ်းသာမည့်သူများဟူ၍ အုပ်စုသုံးစုခွဲပြီးလျှင် ပထမနှင့် ဒုတိယအုပ်စုကို လျစ်လျူပြုကာ တတိယလူနာအုပ်စုကို ဦးစားပေး၍ ပြုစုစောင့်ရှောက်နေကြရကြောင်း ကြားသိရ၏။

## (ခ) ဇင်ဗုဒ္ဓဝိပဿနာ

ဂျပန်နိုင်ငံ၌ အထူးထင်ရှားသော မဟာယာန ဗုဒ္ဓဘာသာဂိုဏ်းမှာ ဇင်ဂိုဏ်းဖြစ်၏။ ဇင်ဗုဒ္ဓဝါဒသည် ဂျပန်ပြည်၌သာ ထင်ရှားသည်မဟုတ်။ အနောက်နိုင်ငံများ၌လည်း အတော်လူသိများ၏။ ဇင်ဝိပဿနာကို အနောက်တိုင်း အသိပညာရှင် အတော်များများ စိတ်ဝင်စားကြကြောင်း ကြားသိရ၏။[၁]

စင်စစ် ဇင်သည် ပါဠိ'ဈာန'နှင့် အနက်ဟူသော တရုတ်စကားမှ ဆင်းသက်လာ၍[၂]

---

၁။ **Aldoux Huxley, Eric Fromm, Heidegger, Hubert Benoit, etc.**
ကမ္ဘာကျော် စိတ္တဗေဒပညာရှင် C.G.Jungကမူ ဇင်သည် ပါဠိပိဋကတ်လာ ဗုဒ္ဓဝါဒ၏ အဖိုးတန်ဆုံး အသီးအပွင့် ဖြစ်သည်ဆို၏။

၂။ **Zen (ဂျပန်) / Ch'an or Dhyana (တရုတ်)**

ဘာသာဝါဒမဟုတ်ဘဲ ဝိပဿနာကျင့်စဉ်ဖြစ်၏။ ဗုဒ္ဓလက်ထက်မှစ၍ ရှင်မဟာကဿပနှင့် အခြားထေရ်ကြီး အဆက်ဆက်တို့ ဆောင်ခဲ့ကြ၍ ခြောက်ရာစုအတွင်း၌ **ဗောဓိဓမ္မ**မည်သော အိန္ဒိယတိုင်းသား မထေရ်တစ်ပါးနှင့်အတူ တရုတ်ပြည်နှင့် ဂျပန်ပြည်သို့ ရောက်ရှိလာသည် ဆို၏။

ဇင်ဝါဒသည် လူအများ နားလည်နိုင်သော ဗုဒ္ဓဝါဒမဟုတ်ကြောင်း **ဗောဓိဓမ္မ** အကြောင်း မှတ်တမ်း၌ ထင်ရှား၏။ **ဗောဓိဓမ္မမထေရ်** ရောက်လာသောအချိန်က တရုတ်ပြည်တွင် ဗုဒ္ဓဘာသာကို အလွန်ကြည်ညိုလေးစားသော **ဝုတီဘုရင်** စိုးစံလျက်ရှိ၏။ ဘုရင်က သာသနာတော်ကို မိမိ မည်သို့အားပေးချီးမြှင့်ခဲ့ပါကြောင်း လျှောက်ထားရာ မထေရ်က ထိုသာသနာပြုသော ကောင်းမှုကြောင့် အကျိုးတစ်စုံတစ်ရာမရှိကြောင်း မိန့်ကြား၏။ မြတ်သောတရားသည် မည်သည့်တရား ဖြစ်ပါသနည်းဟု ဘုရင်ကမေးရာ သုညလောက၌ မြတ်သောတရားမရှိဟု မထေရ်ကဖြေ၏။ သင် မည်သူနည်းဟုမေးသောအခါ **ဗောဓိဓမ္မမထေရ်**က ကျွန်ုပ်မသိပါဟု ပြန်ပြောသည်ဆို၏။

ဇင်သည် လျှို့ဝှက်သော တရားမဟုတ်။ သို့ရာတွင် ၎င်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ အဆင့်ဆင့်နည်း၊ သွယ်ဝိုက်သောနည်းကို မသုံးဘဲ နိဗ္ဗာန် သို့မဟုတ် ပရမတ္ထသစ္စာကို တိုက်ရိုက်ထိတွေ့သိမြင်ရန် ဖြစ်ရကား ဇင်ဝိပဿနာကျင့်စဉ်၌ ထေရဝါဒမှာကဲ့သို့ တစ်မဂ်ပြီးမှ တစ်မဂ်အဆင့်ဆင့် တက်ရခြင်းမရှိ။ ပိဋကတ်စာပေ လေ့လာခြင်းနှင့် ဗုဒ္ဓဟောသော တရားများကို ဆင်ခြင်သုံးသပ်ရခြင်းလည်း မရှိချေ။ ဇင်ဆရာတို့သည် တရားဓမ္မ၌ စွဲလမ်းမှုကို အပြင်းအထန် တိုက်ဖျက်၏။ အောက်ပါမှာ ဇင်ဂိုဏ်းကို တည်ထောင်ခဲ့သော ဆရာကြီးတစ်ဦး၏ ဆုံးမဩဝါဒဖြစ်၏။

"အို တပည့်တို့၊ သင်တို့သည် ဇင် ဝိပဿနာတရား အားထုတ်ရာ၌ သင်တို့ကိုယ်သင်တို့ မလှည့်စားကြကုန်လင့်။ သင်တို့ ဉာဏ်အမြင်ကို ပိတ်ပင်တားဆီးသော အရာများကို အတွင်းသန္တာန်၌ဖြစ်စေ၊ အပြင်ဗဟိဒ္ဓ၌ဖြစ်စေ လက်မခံကြကုန်လင့်။ တရားအားထုတ်စဉ် ဗုဒ္ဓကိုတွေ့ရှိပါက ချက်ချင်း သတ်ဖြတ်ကြကုန်လော့။ ရဟန္တာများကို တွေ့လျှင်လည်း မဆိုင်းမတွ သုတ်သင်ကြလေကုန်။ တရားဆွေးနွေး ငြင်းခုံခြင်းကို ရှောင်ကြလေကုန်။ တဏှာသံယောဇဉ် လုံးဝကင်းသော လွတ်လပ်မှုရရှိရန် အားထုတ်ကြကုန်လော့။"(၁)

ဇင်ဆရာတစ်ဦးသည် ချမ်းအေးသော နံနက်ခင်း၌ မီးလှုံရန် သစ်သားဗုဒ္ဓရုပ်တုတစ်ခုကို ခွဲစိတ်၍ မီးမွှေးသည်ဆို၏။ ဇင်ရဟန်းတစ်ပါးသည် ရတနာသုံးပါး၏ဂုဏ်ကို ချီးကျူး၍ပြောမိရာ ဆရာက နောင် ထိုကဲ့သို့သော စကားမျိုးမပြောရန် သတိပေး၏။ ဇင်ဆရာတစ်ဦးသည် မိမိအား ဇင်တရားဟောပြောရန် ပန်ကြားသော တပည့်အား လက်တစ်ချောင်းထောင်ပြ၍ အခြားဆရာတစ်ဦးကမူ တပည့်၏ပါးကိုရိုက်၏။

---

၁။ **Steinilher Oberlin: Buddhist Sects of Japan, pp. 143-44**

ဇင်ဝိပဿနာကျင့်စဉ်၌ စိန္တာမယဉာဏ်၊ သုတမယဉာဏ်နှင့် ဝိတက်ဝိစာရသည် မဂ်ဖိုလ်နိဗ္ဗာန်ကို ပိတ်ပင်တားဆီးသော တရားများဖြစ်၏။ ဝိတက်ဝိစာရကို ဝိတက်ဝိစာရဖြင့် ပယ်သတ်ခြင်းမှာ ဇင်ဝိပဿနာ၏ ထူးခြားသော နည်းပရိယာယ်ဖြစ်၏။ ဇင် ကမ္မဋ္ဌာန်းရိပ်သာများ၌ ယောဂီတို့သည် နာရီပေါင်းများစွာကြာအောင် တင်ပျဉ်ခွေထိုင်၍ ဆရာကပေးထားသော ကိုအန်ပြဿနာများ[၁]ကို ကြံစည်သုံးသပ်ရ၏။ ကိုအန်များသည် အမြင်အားဖြင့် အရူးချေးပန်း ပုစ္ဆာများဖြစ်ကြောင်း အောက်ပါတို့၌ ထင်ရှား၏။

"သင်၏ မိဘဘိုးဘွားများ မမွေးမီက သင်၏မျက်နှာမှာ မည်သည့်ပုံပန်းသဏ္ဌာန်ရှိသနည်း။"

"လက်နှစ်ဖက်ဖြင့် လက်ခုပ်တီးလျှင် အသံထွက်ပေါ်လာ၏။ လက်တစ်ဖက်၏ အသံကား မည်သို့ဖြစ်သနည်း။"

"ပုလင်းကြီးတစ်လုံးထဲ၌ ငန်းပေါက်စ တစ်ကောင်ရှိ၏။ ငန်းသည် တစ်နေ့တခြား ကြီးလာရာ နောက်ဆုံး၌ ပုလင်းထဲမှ မထွက်နိုင်တော့ချေ။ ပုလင်းကိုမခွဲဘဲ ငန်းကို မထိခိုက်စေအောင် မည်သို့ထုတ်ယူမည်နည်း။"

ယောဂီသည် ဤပုစ္ဆာများမှာ အဓိပ္ပာယ်ကင်းမဲ့သော ဗရွတ်ရွတ်တ ပုစ္ဆာများဖြစ်သည်ဟု စောဒကမတက်ရချေ။ ဇင်တရားသည် လောကီပညတ်နယ်၌ လူတို့သိရှိနားလည်သော အဓိပ္ပာယ်နှင့် အသိဉာဏ်မျိုးကိုပယ်၏။ သို့ဖြစ်၍ ယောဂီသည် ကိုအန်ပုစ္ဆာများကို အမျိုးမျိုး ကြံစည်သုံးသပ်၍ အဖြေရှာကြရ၏။ ထိုသို့ရှာကြံရင်း ငိုက်မျဉ်းမည်၊ ကိုယ်အနေအထား လွဲမှားမည်ဖြစ်ပါက ယောဂီများအကြား၌ သွားလာစောင့်ကြပ်နေသောသူ နှစ်ဦးက ပခုံးကိုရိုက်၍ သတိပေးရ၏။ တရားထိုင်နေစဉ် တစ်ခါတစ်ရံ အချက်ပေးလိုက်သောအခါ ယောဂီတို့သည် ထိုင်ရာမှထ၍ စီတန်းလမ်းလျှောက်ပြီး အညောင်းဆန့်ကြရ၏။

ယောဂီသည် တစ်နေ့လျှင်နှစ်ကြိမ် ဆရာနှင့်တွေ့ဆုံ၍ မိမိ၏ အတွေ့အကြုံကို ပြောပြရ၏။ ဆရာသည် တပည့်၏ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီးလျှင် လိုအပ်ပါက အခြားကိုအန်ပုစ္ဆာများပေးခြင်း၊ အားပေးနှစ်သိမ့်စေခြင်း၊ အကြံဉာဏ်ပေးခြင်းများ ပြုရ၏။ ဆရာနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် အချိန်အနည်းငယ်သာ ကြာသော်လည်း ဇင်ကျင့်စဉ်၌ အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် အချို့လူများအဖို့ ကိုအန်ပုစ္ဆာများကို သဲသဲမဲမဲ ကြံစည်ခြင်းသည် အရူးထောင်နှုတ်ခမ်း လျှောက်သည်နှင့်တူလှပေရာ ဆရာကောင်းရှိရန် အထူးလိုအပ်၏။

ကိုအန်ပုစ္ဆာများ၏ ရည်ရွယ်ချက်မှာ ဝိပဿနာဉာဏ်ကို ပိတ်ပင်တားဆီးသော အသိဉာဏ်အား ချွတ်ခြုံကျ၊ အချည်းနှီးဖြစ်စေရန် ဖြစ်၏။ ယောဂီသည် နေ့စဉ်ရက်ဆက်

---

၁။ **Koan or Kung - an**

မနားမနေ အဖြေရှာကြသော်လည်း မရဘဲ ခြေကုန်လက်ပန်းကျကာ နောက်ဆုံး၌ အသိဉာဏ်အုတ်နံရံကြီး ပြိုကွဲပျက်စီးတော့၏။ ထိုအခါ အသိဉာဏ်၌ အရင်းခံသော ဝိတက်ဝိစာရများ ချုပ်ငြိမ်း၍ ဝိပဿနာဉာဏ်သည် ဘွားခနဲပေါ်လာ၏။ ထိုသို့ပေါ်လာသော ဝိပဿနာဉာဏ်အမြင်ကို ဇင်ကျင့်စဉ်၌ ဆတိုရီ[၁]ဟုခေါ်၍ ဇင်ဝိပဿနာစာပေ၌ ဆတိုရီသည် ဗောဓိဉာဏ်၊ အနုတ္တရသမ္မာသမ္ဗောဓိဉာဏ်၊ သို့မဟုတ် နိဗ္ဗာန်ဖြစ်၏။ ထိုအမြတ်ဆုံး ပရမတ္ထတရားဖြစ်သော ဆတိုရီကို ဝေါဟာရစကားဖြင့် ပြဆို၍ မရအပ်ချေ။ သို့ရာတွင် ဆတိုရီမဂ်ဉာဏ်ရရှိသော ရှေးဇင်ယောဂီတို့၏ ကိုယ်တွေ့ခံစားသိရှိရချက်များကို ဇင်ကျမ်းပြုဆရာ ဒေါက်တာဆူဇူကီးက အောက်ပါအတိုင်း အရိပ်အမြွက်ဖော်ပြခဲ့၏။[၂]

ယောဂီသည် ဝိတက်ဝိစာရ ဆိတ်သုဉ်း၍ ဆတိုရီမဂ်ဉာဏ် ဆိုက်ခါနီး၌ သံသယကုက္ကစ္စဖြစ်ခြင်း၊ စိတ်ယောက်ယက်ခတ်ခြင်း၊ တွေဝေခြင်းစသော စိတ်လှုပ်ရှားဖောက်ပြန် ခလောက်ဆန်မှုမျိုး ကြုံတွေ့ခံစားရတတ်၏။ ထိုသို့ စိတ်မတည်ငြိမ်၊ မကြည်လင်ဘဲ လှုပ်ရှားတွေဝေနေစဉ် အမှတ်မထင် ရုတ်တရက် ဖြစ်ပေါ်လာသော ဖြစ်ပျက်မှုတစ်ခုခုနှင့်အတူ ဝိပဿနာဉာဏ်အမြင်သည် လင်းခနဲ ထင်းခနဲ ပေါ်လာတတ်၏။ ဥပမာ ယောဂီသည် ခေါင်းလောင်းသံကြားလိုက်သောအခါ၊ သို့မဟုတ် လမ်းလျှောက်နေရင်း တစ်စုံတစ်ခုကို ခြေဖြင့်တိုက်မိသောအခါ သို့မဟုတ် ဆရာက တစ်စုံတစ်ရာမေးမြန်းသောအခါ အမှန်တရားကို ရုတ်ခြည်းထိုးထွင်း သိမြင်လာတတ်၏။

ဤဇင်ဝိပဿနာ ကိုယ်တွေ့နှင့်တူညီသော ကမ္မဋ္ဌာန်းဘာသာဝါဒကြီးများမှ ဝိပဿနာကိုယ်တွေ့နှင့် သိပ္ပံပညာ သုတေသနနယ်မှ ကိုယ်တွေ့အကြောင်း အခန်း–၁၂ ၌ ပြဆိုခဲ့ပေပြီ။ (စာ ၂၃၅, –၆) ဖြုန်းခနဲ မမျှော်လင့်ဘဲ မဂ်ဉာဏ်ဆိုက်သော သာဓကများကို ထေရဝါဒ ဗုဒ္ဓစာပေ၌လည်း ဖော်ပြထား၏။ ထေရီဂါထာ၌လာသော အချို့ဘိက္ခုနီများ အရဟတ္တမဂ်ဉာဏ် ရရှိခြင်းသည် ကြံစည်သုံးသပ်မှုကင်း၍ စိတ်ဖြေလျှော့ထားသောအခါ၌ဖြစ်ပွား၏။ ဥပမာ မိတ္တာထေရီသည် သူတော်ကောင်းနှင့်ပေါင်း၍ နိဗ္ဗာန်တရားအားထုတ်ရန် ဗုဒ္ဓ၏ မိန့်ကြားချက်ကို ကြားနာပြီးသည်နှင့်တစ်ပြိုင်နက် ရဟန္တာဖြစ်သွား၏။ သီဟာထေရီမသည် စိတ်ညစ်လှသဖြင့် ကြိုးဆွဲချသေရန် လည်ပင်းကြိုးကွင်းစွပ်လိုက်သောခဏ၌ အရဟတ္တမဂ်ဉာဏ်ကို ရရှိ၏။ သောဏာဘိက္ခုနီအိုကြီးသည် ရေချိုးအိမ်၌ လဲကျရင်း ရဟန္တာဖြစ်သွား၍ ပဋာစာရီသည် ခြေထောက်ရေဆေးနေစဉ်၊ ကိသာဂေါတမီသည် ဆီမီးထွန်းညှိနေစဉ် အရဟတ္တဖိုလ်၌ တည်ကြကြောင်း ဖတ်ရှုသိရှိရ၏။

ဇင်မဂ်ဉာဏ် (ဆတိုရီ)သို့ ဆိုက်ရောက်ခြင်း၏ လက်ငင်းအကျိုးတရားသည်ကား ယောဂီသည် မိမိ၏ ပတ်ဝန်းကျင်ကို အသိတစ်မျိုးဖြင့် ရှုမြင်၍ နေ့စဉ်တွေ့မြင်ခံစား

---

၁။ Satori ၂။ **Suzuki: Introduction to Zen Buddhism, pp. 88-94**

သိရှိရသမျှသည် သာယာကြည်နူးဖွယ်ကောင်းလာ၏။ ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ခုနစ်နှစ်ကြာမျှ ဇင်တရားအားထုတ်ခဲ့သော အနောက်တိုင်းသားတစ်ဦးက "ကျွန်ုပ် မှတ်မိသမျှ ထူးထူးခြားခြား နိမိတ်လက္ခဏာ တစ်စုံတစ်ရာမျှ မတွေ့ခဲ့ရပါ။ သို့ရာတွင် နံနက် အိပ်ရာမှထသောအခါ လောကကြီးသည် အလွန်သာယာလှပ၍ ပြောမပြနိုင်အောင် စိတ်ထဲ၌ နှစ်သိမ့်ကြည်နူးမိပါသည်"ဟုဆို၏။[၁] ဤအဆိုကို ရန်ကုန်၊ မဟာစည်သာသနာရိပ်သာ၌ တရားအားထုတ်ခဲ့သော အခြားအနောက်နိုင်ငံသားတစ်ဦး၏ ကိုယ်တွေ့ (စာ-၂၄၂) နှင့် နှိုင်းယှဉ်ကြည့်သင့်ပေ၏။

ဇင်ယောဂီသည် တစ်ကြိမ်မဂ်ဆိုက်ကာမျှဖြင့် တရားအားထုတ်မှု မပြီးဆုံးချေ။ နောက်ထပ် မဂ်ဆိုက်ရန် ဆက်လက်အားထုတ်ရမည် ဖြစ်၏။ ထိုသို့အားထုတ်ရာ၌ လောကီလုပ်ငန်းကိစ္စများကို မျက်နှာလွှဲဖယ်ထားရန် မလိုချေ။ စင်စစ် ဇင်ယောဂီသည် မဂ်ဆိုက်ပြီးသည့်နောက်၌ လူ့ဘဝကို ငြီးငွေ့ခြင်းမရှိသည့်အပြင် ရေခပ်ခြင်း၊ ထင်းခွဲခြင်း၊ ပန်းကန်ဆေးခြင်းစသော နေ့စဉ်ပြုလုပ်နေကျ အမှုများကို ပြုလုပ်ရာ၌ပင် စိတ်သာယာကြည်နူးလာ၏။ သို့ရာတွင် မိမိဘဝကို ပိုမိုတပ်မက်လာခြင်း မရှိချေ။ ဇင်ယောဂီအဖို့ အသက်ရှင်ခြင်းနှင့်သေခြင်း၊ လောကီနှင့် လောကုတ္တရာ၊ သုခနှင့်ဒုက္ခ၊ ပစ္စုပ္ပန်နှင့်အနာဂတ် စသည်တို့သည် မည်သို့မျှမခြားနားဘဲ အတူတူဖြစ်၏။

ဇင်တရားကို စေ့ငုသေချာစွာ လေ့လာခဲ့သော အနောက်နိုင်ငံ ဆရာတစ်ဦး၏ အဆိုအားဖြင့် "ဇင်တရား၌ မှီခိုအားထားရန် အတ္တသော်လည်းကောင်း၊ ဗုဒ္ဓသော်လည်းကောင်း မရှိ။ ရရှိခံစားရန် အကျိုးတရားသော်လည်းကောင်း၊ ရှောင်ကြဉ်ရန် မကောင်းမှုသော်လည်းကောင်းမရှိ။ ပယ်သတ်ရန် အကုသိုလ်စိတ်သော်လည်းကောင်း၊ ကယ်တင်ရန် အတ္တဝိညာဉ် သော်လည်းကောင်း မရှိချေ။"[၂] နိဗ္ဗာန်ကိုလိုချင်မှုသည် ဇင်တရားနှင့် ဆန့်ကျင်၍ ဇင်ဆရာတစ်ဦးက 'နိဗ္ဗာန်ကို ရှာသောသူသည် နိဗ္ဗာန်နှင့်ဝေးလိမ့်မည်"ဟု ဆိုခဲ့ဖူး၏။

ဇင်ဝါဒသည် သိသိမှတ်မှတ် ကြိုးစားအားထုတ်ခြင်းဖြင့် ရအပ်သော သီလစင်ကြယ်မှုကို အားမပေးချေ။ ငှက်သည် ကောင်းကင်၌ လေရှိမှန်းမသိဘဲ လွတ်လပ်စွာ ပျံသန်းသကဲ့သို့ ဇင်ယောဂီသည် ကောင်းမှု၊ မကောင်းမှုဟူသော အမှတ်သညာမရှိဘဲ သီလဖြူစင်ရမည် ဖြစ်၏။ သို့ရာတွင် ဤကျင့်စဉ်မှာ သာမန်ပုဂ္ဂိုလ်အဖို့ မလွယ်ကူကြောင်း ဇင်ဆရာတို့ပင် သိမြင်ကြ၍ ဇင်ကမ္မဋ္ဌာန်းရိပ်သာများ၌ ရဟန်းများလိုက်နာရန် ကိုယ်ကျင့်တရား စည်းကမ်းများသတ်မှတ်ထား၏။

---

၁။ Huston Smith: The Religions of Man, pp. 143

၂။ Allan W.Watts: The Way of Zen, pp. 150

ဇင်ဝိပဿနာ တရားရိပ်သာနှင့် ဇင်ရဟန်း သံဃာအကြောင်း ယခု အနည်းငယ် ဖော်ပြပါအံ့။

ဇင်သံဃာအဖွဲ့သည် တရုတ်ပြည်၌ စတင်ပေါ်ပေါက်၍ ထေရဝါဒနှင့် မဟာယာန ဗုဒ္ဓဘာသာဂိုဏ်း နှစ်ခုစလုံးမှ ကောင်းနိုးရာရာ ဝိနည်းစည်းမျဉ်း ဥပဒေများကို လိုက်နာကျင့်သုံးကြ၏။ ရဟန်းကျောင်းအသီးသီး၌ တရားရိပ်သာတစ်ခုစီရှိ၍ ထိုရိပ်သာဆောင်၌ ယောဂီရဟန်းတို့ စုပေါင်းနေထိုင်ကြ၏။ တစ်ဦးလျှင် အနံ ၆ ပေ၊ အကျယ် ၃ ပေရှိသောနေရာ၌ တရားထိုင်ပြီးလျှင် ထိုနေရာ၌ပင် အိပ်စက်ကြ၏။ သူတို့၌ သပိတ် သင်တုန်းဓားနှင့် စာအုပ်အနည်းငယ်မှတစ်ပါး အခြားကိုယ်ပိုင်ပစ္စည်း မရှိချေ။ အိပ်ရာမှာ မွေ့ရာခေါင်းအုံး မရှိဘဲ ဖျာတစ်ချပ်မျှသာဖြစ်၏။

သတ်မှတ်ထားသောရက်များ၌ ရဟန်းတို့သည် စီတန်း၍ သပိတ်ကိုယ်စီနှင့် ရွာထဲသို့ အလှူခံထွက်ကြ၏။ လူတို့က ကြေးငွေ၊ သို့မဟုတ် ဆွမ်းဆန်လှူသောအခါ ဂါထာများရွတ်၍ အနုမောဒနာပြုကြ၏။ ရဟန်းအားလုံး ခမောက်ဦးထုပ်များဆောင်းထား၍ ရှေ့တူရူ သုံးပေလောက်သာ မြင်ကြရ၏။ ပေးလှူသူနှင့် အလှူခံရဟန်းသည် တစ်ဦးကိုတစ်ဦး မည်သူမည်ဝါမှန်း မသိကြချေ။ ဇင်ရဟန်းတို့သည် အခြားမဟာယာန ရဟန်းများနည်းတူ အသားစားရှောင်ကြဉ်ကြ၏။ နံနက်အရုဏ်မတက်မီ တစ်ကြိမ်နှင့် ၁၀ နာရီ၌တစ်ကြိမ် စားပြီးလျှင် ညနေလေးနာရီ၌ နံနက်က ကြွင်းကျန်သော ထမင်းဟင်းများကို စားကြ၏။ ဆွမ်းစားချိန်၌ စည်းကမ်းရှိ၍ ဆွမ်းစားနေစဉ် စကားမပြောကြရချေ။

ဆွမ်းစားချိန်နှင့် တရားထိုင်နေသော အချိန်မှအပ အခြားအချိန်များ၌ ဇင်ရဟန်းတို့သည် မနားမနေ အလုပ်လုပ်ကြ၏။ အချို့ရဟန်းတို့က ရွာထဲသို့ အလှူခံသွားနေစဉ် အခြားရဟန်းတို့က ကျောင်းဥယျာဉ်၊ ခြံမြေ၌ ထွန်ယက်စိုက်ပျိုးခြင်း၊ တောထဲသွား၍ ထင်းရှာခြင်း၊ လူတို့လှူသော ဝတ္ထုပစ္စည်းများကို သယ်ဆောင်သိမ်းဆည်းခြင်းစသော အလုပ်များကို လုပ်ကြ၏။ ကျောင်းတွင်းကျောင်းပြင်၌ အမှိုက်သရိုက် အမြဲရှင်းလင်းထား၍ ဂျပန်နိုင်ငံ၌ ဇင်ရဟန်းကျောင်းများသည် သန့်ရှင်းရေး၌ စံပြဌာနများဖြစ်၏။ ဇင်ကမ္မဋ္ဌာန်းကျောင်းများသည် အများအားဖြင့် ရဟန်းတို့ကိုယ်တိုင်ဆောက်သော ကျောင်းများဖြစ်၏။

ဂျပန် ဗုဒ္ဓဘာသာဂိုဏ်း များစွာရှိသည့်အနက် ဇင်ဂိုဏ်းသည် ရှေးပဝေသဏီကစ၍ ဂျပန်စစ်တပ်၏ အားပေးထောက်ခံမှုကို ရရှိခဲ့၏။ ထိုသို့ရရှိခြင်းမှာ ဇင်ဂိုဏ်း၏ ထထ ကြွကြွရှိမှု၊ အလုပ်ကို သိဒ္ဓိတင်မှု၊ စည်းကမ်းသေဝပ်မှုနှင့် သေမင်းကို ရဲဝံ့စွာရင်ဆိုင်နိုင်အောင် လေ့ကျင့်ပေးမှုကြောင့် ဖြစ်၏။ ဇင်ဆရာသည် တရားပြရာ၌ တစ်ခါတစ်ရံ တပည့်အား အော်ငေါက်ကန်ကျောက်၍ ပြလေ့ရှိ၏။ သို့စဉ်လျက် ဇင်ရဟန်းတို့သည် နှိမ့်ချသောစိတ် ရှိကြ၏။ ငြိုးခြံစွာကျင့်၍ ပင်ပန်းစွာ အလုပ်လုပ်ကြရသော်လည်း

စိတ်မပျက်ဘဲ နှစ်ရှည်လများ တရားအားထုတ်ကြလေသည်။

(ဂ) ထေရဝါဒနှင့်မဟာယာန

ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်းအတန်ကြာသောအခါ ပါဠိပိဋကတ်နှင့် သက္ကတပိဋကတ်ဟူ၍ ပိဋကတ်နှစ်မျိုး ထွက်ပေါ်ခဲ့ရာ ထိုပိဋကတ်နှစ်မျိုးတွင် ပါဠိပိဋကတ်က ပိုမိုရှေးကျကြောင်း အခန်း-၂ ၌ ပြဆိုခဲ့ပေပြီ။ သို့ဖြစ်၍ ဗုဒ္ဓဝါဒကို ခြေခြေမြစ်မြစ် သိရှိနားလည်လိုသော အနောက်တိုင်း အသိပညာရှင်တို့သည် ပါဠိပိဋကတ်(ဝါ) ထေရဝါဒကို လေ့လာကြ၏။ စင်စစ် ယခုခေတ် ဂျပန်ဗုဒ္ဓစာပေ ပညာရှင်တစ်ဦးကပင် မဟာယာန သုတ္တန်များသည် အသိပညာရင့်ကျက်သော တပည့်သာဝကများ ရေးသားသော စာများဖြစ်သည်ဆို၏။[၁]

မဟာယာနစာပေ၌ ထေရဝါဒကို အပြင်းအထန် ပြစ်တင်ပုတ်ခတ်ထားခြင်း မရှိချေ။ ထေရဝါဒီတို့သည် ဗုဒ္ဓဝါဒကို တစ်စိတ်တစ်ဒေသသာ သိမြင်ကြသည်။ နောင်အမြင်မှန် ရရှိသောအခါ မဟာယာနကို လိုက်နာကျင့်သုံးကြလိမ့်မည် ဆို၏။ ဗောဓိသတ္တဘူမိ၊ သိက္ခာသမုစ္စယစသော ကျမ်းများ၌မူ ဗောဓိသတ္တသည် သာဝကလမ်းစဉ်(ဝါ) ထေရဝါဒကို မဟာယာနနှင့် တန်းတူထား၍ ရိုသေလေးစားရမည်။ သာဝကလမ်းစဉ်ကို ကဲ့ရဲ့ပုတ်ခတ်ခြင်း မပြုအပ်။ ၎င်းကို မကြားနာအပ်, မကျင့်သုံးအပ်ဟု စွဲမှတ်ပါက အပြစ်ရှိသည်ဟု ဟောထား၏။ စင်စစ် မဟာယာနအယူများသည် ယေဘုယျအားဖြင့် ပါဠိပိဋကတ်၌ အရင်းမူလရှိကြောင်း သတိပြုရပေမည်။ ဥပမာ ဇင်ဝိပဿနာဆရာတို့က ဓမ္မတဏှာကိုပယ်ရန် ဟောကြားခြင်းသည် အလဂဒ္ဒူပမသုတ်၌ ဖောင်ဥပမာဖြင့် ဟောထားသော ဗုဒ္ဓဩဝါဒနှင့်အညီ ဖြစ်၏။ သံသရာနှင့်နိဗ္ဗာန်သည် အတူတူဖြစ်သည် ဆိုသော မဟာယာနအယူမှာ ဒုက္ခ၏အစနှင့်အဆုံးသည် ခန္ဓာကိုယ်ထဲ၌ပင် ရှိသည် ဆိုသော သဂါထာဝဂ္ဂသံယုတ်လာ ဗုဒ္ဓစကားနှင့် အဓိပ္ပာယ်ထပ်တူဖြစ်၏။

မဟာယာနဝါဒီတို့ ဦးထိပ်ထားသော ဗောဓိသတ္တကျင့်စဉ်သည်လည်း ဗုဒ္ဓကိုးကွယ်မှုပေါ်၌ အခြေပြု၍ ဗုဒ္ဓကိုးကွယ်မှုမှာ သက္ကတပိဋကတ်မပေါ်မီကပင် ဗုဒ္ဓ၏ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ ပါရမီတရား ဇာတကများဖြင့် ဗုဒ္ဓစာပေ၌ ကြီးထွားနေပြီဖြစ်၏။ အချို့သော ထေရဝါဒစာပေ၌မူ ပြင်ပမှ မဟာယာနအယူများ ထိုးဖောက် ဝင်ရောက်နေဟန်ရှိ၏။ မဟာဝင်ဝတ္ထု၌ ရှင်ဥပဂုတ်သည် မာရ်နတ်ကို ဆုံးမရန် ခွေးသေကောင်ပုပ်ကို လည်၌ဆွဲ၍ လွှတ်လိုက်၏။ မာရ်နတ်သည် ရှေးရှေးဘဝများက ငါပြုခဲ့သော ကုသိုလ်ကောင်းမှုများကြောင့် နောင်အခါ ဘုရားဆုကိုသာ ရလိုပါ၏။ သတ္တဝါတို့အား သနားကြင်နာခြင်းမရှိသော သာဝကမဖြစ်လိုပါဟု မြည်တမ်း

၁။ **Ryukan Kimura: A Historical Study of the Terms Hinayana & Mahayana and the Origin of Mahayana Buddhism, pp. 59-60**

၏။ ထိုအခါ ရှင်ဥပဂုတ်က မာရ်နတ်၊ သင်သည် ယနေ့မှစ၍ ဘုရားဆုကိုယူသောကြောင့် သင့်ကို ပူဇော်ထိုက်ပေ၏။ သင်သည် မချွတ် ဘုရား ဖြစ်လတ္တံ့ဟုဆို၏။ ဤဝတ္ထုသည် ဒိဗျာဝဒနခေါ် မဟာယာနကျမ်း၌လာ၍ ရှေးမဟာယာန ပုံပြင်တစ်ခုကို မှီငြမ်းပြုထားသော ဝတ္ထုဖြစ်၏။

ထေရဝါဒ၏ ဦးတည်ချက်ဖြစ်သော ရဟန္တာဘဝကို မဟာယာနဆရာတို့ နှစ်သက်မှုမရှိခြင်းမှာ ရဟန္တာနှင့်လူပုဂ္ဂိုလ်တို့ ကင်းကွာနေသောကြောင့် ဖြစ်၏။ ရဟန္တာလူပုဂ္ဂိုလ်များရှိခြင်းကို ဗုဒ္ဓကိုယ်တိုင် အသိအမှတ်ပြုသော်လည်း မဂ်ဖိုလ်နိဗ္ဗာန်ကို ဘုန်းကြီးရဟန်းများသာ ရရှိနိုင်သလိုလို ပါဠိပိဋကတ် အချို့နေရာများ၌ ပြဆိုထား၏။ မိလိန္ဒပဉှာကမူ ရဟန္တာအဖြစ်သို့ ရောက်ရှိသော လူပုဂ္ဂိုလ်သည် ထိုနေ့၌ပင် ရဟန်းပြုရမည်၊ သို့မဟုတ် ပရိနိဗ္ဗာန်စံဝင်ရမည်ဆို၏။ ရဟန္တာတို့မှာ အများအားဖြင့် ကေစာရီတောမှီရဟန်းများဖြစ်၍ လူတို့က တွေ့ဆုံခွင့်၊ ရင်းနှီးစွာဆက်ဆံခွင့် ရရှိကြမည် မဟုတ်ချေ။ ဤလူနေမှုပုံစံသည် ဗုဒ္ဓအလိုရှိသော ရဟန္တာပုံစံမဟုတ်ကြောင်း ရှေ့အခန်းတစ်ခု၌ ဖော်ပြပါအံ့။ နိဗ္ဗာန်ရရှိရန်အတွက် တမင်သက်သက် ကေစာရီ တရားအားထုတ်မှုသည် ကောင်းစွာ စိတ်ဓာတ်မရင့်ကျက်သေးသော အရိယာပုဂ္ဂိုလ်အဖို့ တဏှာမာန ပွားစီးရန် အကြောင်းရှိ၏။

**အရှင်ဗုဒ္ဓဃောသ**က "နိဗ္ဗာန်သို့ရောက်သော ပုဂ္ဂိုလ်မရှိ"ဟုဆို၍ မဟာယာနဆရာတို့ကမူ "နိဗ္ဗာန်သည် ရရှိအပ်၊ ရောက်ရှိအပ်သော တရားမဟုတ်"ဟု ဆိုကြ၏။ ဥရောပ ဗုဒ္ဓစာပေပညာရှင်တစ်ဦး၏ အဆိုအားဖြင့် "နိဗ္ဗာန်ကို မရရှိအပ်ဟု ဆိုခြင်းမှာ မိမိ၏အတ္တစွဲကို လုံးဝစွန့်လွှတ်၍ မိမိကိုယ်ကို လုံးဝမေ့ပစ်ရန် ဆိုလိုခြင်းဖြစ်၏။ နိဗ္ဗာန်ကို ရရှိအပ်သော တရားဖြစ်သည်ဟု မှတ်ယူပါက မိမိနှင့် နိဗ္ဗာန်ကို ခွဲခြားမှု၊ ရှေးယခင်ဘဝနှင့် လက်ရှိဘဝကို ခွဲခြားမှု၊ နိဗ္ဗာန်နှင့်သံသရာကို ခွဲခြားမှု ပြုရာရောက်ပေမည်။ ထိုခွဲခြားမှုအားလုံးသည် နိဗ္ဗာန်ကို ပိတ်ပင်သော အဝိဇ္ဇာ ၏ လက္ခဏာများဖြစ်၏။"[၁]

ဤအဆိုမှာ "ရဟန္တာသည် အရဟတ္တဖိုလ်ကို ပြောကြားသော်လည်း မိမိကိုယ်ကိုမူကား အရဟတ္တဖိုလ်သို့ မဆောင်အပ်"ဟူသော ဗုဒ္ဓမိန့်ကြားချက်နှင့်အညီ ဖြစ်၏။ ဤသို့ဖြင့် မဟာယာနဝါဒ၏ အခြေခံတရားများသည် အားလုံးလိုပင် ပါဠိပိဋကတ်၌ အခြေခံသော်လည်း မဟာယာနစာပေကို လေ့လာခြင်းဖြင့် ထေရဝါဒီတို့အဖို့ အကျိုးဆုတ်ယုတ်ရန် အကြောင်းမရှိချေ။ ယနေ့ မြန်မာဗုဒ္ဓဝါဒီ လူထု၏ ဘာသာရေးနယ်၌ အကျုံးဝင်သော သရဏဂုံသုံးပါး၊ ဂါထာပရိတ် ရွတ်ဖတ်မှု၊ နှစ်ကျိတ်ရှစ်ဆူ ပူဇော်မှု၊ ဘုရားစေတီ မွမ်းမံပြင်ဆင်မှု စသည်တို့သည် မူလဗုဒ္ဓဝါဒနှင့် အံပဝင်ဘဲ မဟာယာနဝါဒနှင့် ပိုမိုနီးစပ်ကြောင်း သတိပြုသင့်ပေသည်။

ယခုခေတ် ထေရဝါဒီတို့ အထူးလေ့လာသင့်သော မဟာယာနစာပေမှာ ၆-

---

၁။ **Edward Conze: Buddhism pp. 135**

ရာစုနှင့် ၇-ရာစုအတွင်းက အိန္ဒိယပြည်သို့ ရောက်ရှိခဲ့သော သာသနာပြု တရုတ်ရဟန်းတော်တို့၏ မှတ်တမ်းများဖြစ်၏။ ထိုရဟန်းတော်များမှာ အိန္ဒိယပြည်သို့ ခက်ခက်ခဲခဲ စွန့်စားသွားရောက်၍ ထိုခေတ်က အိန္ဒိယဗုဒ္ဓသာသနာ၏ အခြေအနေကို စေ့စုံစွာ ရေးသားတင်ပြခဲ့သောကြောင့် သူတို့၏ မှတ်တမ်းများကို ဘာသာပြန်ဆို၍ သုတေသီ ပညာရှင်တို့က လေ့လာကြရပေသည်။

* * *

# အခန်း (၁၈)

# ကမ္ဘာ့ဗုဒ္ဓသာသနာ

ကျောင်းကန်ဘုရား၊ စေတီပုထိုးပေါ်များခြင်း၊
ပိဋကတ်စာပေကို အာဂုံဆောင်သောသူများရှိခြင်းသည်
သာသနာထွန်းကားသော အစစ်အမှန်လက္ခဏာများဟု
ဆိုနိုင်ရန် ခက်ခဲသည်။
- ဗုဒ္ဓဩဝါဒကို အမြဲလိုက်နာကျင့်သုံးသော
ပုဂ္ဂိုလ်ပေါ်များမှသာ ဗုဒ္ဓသာသနာ ထွန်းကားသည်ဟု
ဆိုနိုင်သည်။

ရန်အောင်စာပေ

# အခန်း (၁၈)

# ကမ္ဘာ့ဗုဒ္ဓသာသနာ

## (က) အာရှတိုက်၌ပြန့်ပွားခြင်း

ဗုဒ္ဓဝါဒသည် အိန္ဒိယပြည်၌ တစ်စတစ်စ မေးမှိန်ကွယ်ပျောက်ပြီးနောက် အာရှတိုက်မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းသို့ ပြန့်ပွားသွား၏။ ထိုသို့ ပြန့်ပွားခြင်းမှာ ပဓာနအားဖြင့် အိန္ဒိယနှင့် ဒေသခံဗုဒ္ဓသာသနာ့ပြု ရဟန်းတော်တို့၏ ကြိုးပမ်းအားထုတ်မှုကြောင့်ဖြစ်၏။ ပင်လယ်ရပ်ခြား တိုင်းတစ်ပါး၌ ဗုဒ္ဓဝါဒသည် ပတ်ဝန်းကျင်နှင့် ခေတ်ကာလအမျိုးမျိုးကို ဖြတ်သန်းခဲ့ရသော်လည်း သွေးထွက်သံယိုဖြစ်မှု လုံးဝမရှိဘဲ အောင်မြင်ခြင်းသည် ဗုဒ္ဓသာသနာသမိုင်း၏ ထူးခြားသော လက္ခဏာဖြစ်၏။ ဤအချက်သည် ရှေးဗုဒ္ဓဝါဒသမိုင်းကို အခြားကမ္ဘာ့ဘာသာဝါဒသမိုင်းများနှင့် နှိုင်းယှဉ်လေ့လာပါက ပိုမိုထင်ရှားပေမည်။ ဗုဒ္ဓဝါဒီတို့သည် ဓားလက်နက်ဖြင့် သာသနာပြုခြင်း၊ ဘာသာမတူသောသူတို့အား ဖိနှိပ်ခြင်း၊ ဘာသာရေးစစ်ပွဲများ ဆင်နွှဲခြင်းစသော ကမ္ဘာ့သမိုင်းတစ်လျှောက်၌ ဘာသာတရားကို ခုတုံးလုပ်၍ လူတို့ကျူးလွန်ခဲ့ကြသည့် ပြစ်မှုများမှ ကင်းလွတ်ခဲ့ကြပေသည်။

**သီဟိုဠ်( သီရိလင်္ကာ)။** ။ သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓသာသနာ ရောက်လာပုံသည် သီဟိုဠ်သားတို့၏ ဒီပဝင်နှင့် မဟာဝင်ကျမ်းများ၌ အကျယ်လာ၏။ ဤကျမ်းများကို ဗုဒ္ဓဝါဒသမိုင်း လေ့လာသော ပညာရှင်တို့ မှီငြမ်းပြုကြရ၏။ ယခုခေတ် သုတေသီဆရာတို့ သံသယဝင်သော သီဟိုဠ်သာသနာ့ အမွေပစ္စည်းမှာ စွယ်တော်ဖြစ်၏။ စွယ်တော်သည် လေးရာစုအတွင်းက အိန္ဒိယပြည်မှ ရောက်လာ၍ ပေါ်တူဂီတို့နှင့် ကျေးကုလားများ၏ရန်ကြောင့် တိုင်းပြည်မငြိမ်မသက် ဖြစ်သောအခါ အမြို့မြို့သို့ ယူဆောင်၍

ဝှက်ထားကြ၏။ ၁၅၆၀ ခုပြည့်နှစ်၌ ပေါ်တူဂီတို့က စွယ်တော်ကို ရရှိ၍ ဂိုအာမြို့၌ ဖျက်ဆီးပစ်လိုက်ကြ၏။ သို့ရာတွင် စွယ်တော်မှာ ကန္ဒီမြို့သို့ ပြန်လည်ရောက်ရှိ၍ ပေါ်တူဂီတို့ ဖျက်ဆီးပစ်သော စွယ်တော်သည် အတုဖြစ်သည်ဟု ယုံကြည်ကြ၏။ မည်သို့ဖြစ်စေ ယခုကန္ဒီမြို့ရှိ စွယ်တော်မှာ နှစ်လက်မခန့်ရှည်၍ လူပုဂ္ဂိုလ်တစ်ဦး၏ သွားဖြစ်သည်ဟု ယုံကြည်ရန် ခဲယဉ်း၏။

စွယ်တော်ထက် များစွာအဖိုးတန်သော သီဟိုဠ်သာသနာ့အမွေသည်ကား ဗုဒ္ဓစာပေ ဖြစ်၏။ ပါဠိပိဋကတ်ကို ရေးဦးလက်မှန် ပေထက်အက္ခရာတင်၍ ထိန်းသိမ်းစောင့်ရှောက် ခဲ့ကြသော ရှေးသီဟိုဠ်ရဟန်းတို့၏ ကျေးဇူးကား ယနေ့ ထေရဝါဒီတို့အပေါ်၌ ကြီးမား လှပေ၏။ ပိဋကတ်ကို သီဟိုဠ်သားတို့က မိမိတို့အလိုကျ ပြင်ဆင်ခဲ့သည်ဆိုသော စွပ်စွဲချက်မှာ အခြေအမြစ်မရှိချေ။

သီဟိုဠ်သံဃာသည် ယိုးဒယား၊ အမရပူရနှင့် ရာမညဟူ၍ ဂိုဏ်းသုံးဂိုဏ်းကွဲ လျက်ရှိ၏။ ယိုးဒယားဂိုဏ်းသည် အင်အားတောင့်တင်းသော အတင်ဂိုဏ်းဖြစ်၍ ဇာတ်ကြီးမြင့်သူများကိုသာ ရဟန်းပြုပေး၏။ အမရပူရဂိုဏ်းမှာ အခြားဇာတ်ရှိသူများကို လက်ခံသော အရံဂိုဏ်းဖြစ်၍ သာသနာရေးကိစ္စများကို တက်တက်ကြွကြွ ဆောင် ရွက်၏။ ရာမညဂိုဏ်းသည်ကား အင်အားသေးသော်လည်း ဝိနည်းသိက္ခာပုဒ်များ ထိန်းသိမ်းရာ၌ တင်းကျပ်၍ ဟိန္ဒူဘုရားများအား ပသခြင်း၊ သံဃာက ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခြင်းကို တားမြစ်၏။

ယိုးဒယား။ ။ အထူးထင်ရှားသော သာသနာပြု (ယိုးဒယား) ထိုင်းဘုရင်မှာ မောင်းကွတ် (၁၈၅၁–၆၈)[၁] မင်းဖြစ်၏။ ထိုမင်းသည် နန်းတက်သောအခါ ၂၆ ဝါရ ရဟန်းလူထွက်ဖြစ်၍ နိုင်ငံရေး၊ သာသနာရေးကိစ္စများ၌ အမြော်အမြင်ရှိသော မင်းအဖြစ် ထင်ရှား၏။ ပိဋကတ်စာပေကို လေ့လာဆန်းစစ်၍ ဇာတကများသည် ဘုရားဟောမဖြစ် နိုင်ဟု ဆို၏။ နိုင်ငံခြားဘာသာဝါဒများကို လေ့လာ၍ ခရစ်ယာန်သာသနာပြုများနှင့် တရားဆွေးနွေးလေ့ရှိ၏။ ဗုဒ္ဓလမ်းစဉ်ကို တိတိကျကျ လိုက်နာသော သံဃာအဖွဲ့ ဖွဲ့ စည်း၍ ဝိနည်းသိက္ခာပုဒ်ကို မလေးစားသော ရဟန်းတို့ကို အာဏာစက်ဖြင့် နှိပ်ကွပ်၏။ ဗုဒ္ဓစာပေပညာရှင်တို့အား ပါဠိကိုမသုံးဘဲ ယိုးဒယားစာဖြင့် ရိုးရိုးရှင်းရှင်း ရေးစေ၏။ သူ၏ သားတော် စူဠလွန်ကွန် (၁၈၆၈–၁၉၁၁)[၂] သည်လည်း သာသနာကို အားပေး ချီးမြှင့်သောမင်းဖြစ်၏။ ကမ္ဘောဒီးယား အက္ခရာဖြင့်ရှိသော ပိဋကတ်ကို ထိုင်းအက္ခရာဖြင့် ပုံနှိပ်၍ အနောက်နိုင်ငံ စာကြည့်တိုက်များသို့ လှူဒါန်း၏။

ထိုင်းသံဃာသည် ရှေးဟောင်းသံဃာနှင့် ဓမ္မယုတ္တိသံဃာဟူ၍ ဂိုဏ်းနှစ်ဂိုဏ်း ရှိ၏။ မောင်းကွတ်ဘုရင် တည်ထောင်၍ ဘုရင်အဆက်ဆက် ကိုးကွယ်သော ဓမ္မယုတ္တိ ဂိုဏ်းသည် ဝိနည်းတရားကို ရိုသေလေးစားရာ၌ ထင်ရှား၏။ ဘုရင်ခန့်ထားသော

---

၁။ **Mahāmakut** ၂။ **Mahāchulalongkorn**

သာသနာပိုင်နှင့် သံဃာဦးစီးအဖွဲ့သည် ကျောင်းထိုင်ဆရာတော်တို့၏ အကူအညီဖြင့် သာသနာရေးကိစ္စများကို စီမံကြီးကြပ်ရ၏။

**ကမ္ဘောဒီးယား။** ။ ဗုဒ္ဓသာသနာသည် ငါးရာစုအတွင်းက အိန္ဒိယတိုင်းသားတို့နှင့်အတူ ရောက်လာ၍ ၆ ရာစုမှ ၁၃ ရာစုအထိ ဟိန္ဒူဘာသာနှင့်အတူ ထွန်းကားခဲ့၏။ မူလက မဟာယာနဘာသာဖြစ်၍ ဟိန္ဒူမင်းများ ဘုန်းအာဏာ ယုတ်လျော့လာသောအခါ ထိုင်းနိုင်ငံမှ ထေရဝါဒ ဝင်ရောက်လာ၏။ ယခုအခါ မဟာယာန အကြွင်းအကျန်များကို ရှေးစေတီပုထိုးနှင့် ကျောက်စာများ၌သာ တွေ့ရ၍ ဟိန္ဒူဘာသာ ဓလေ့ထုံးတမ်းများမှာ ဘုရင်၏ မင်္ဂလာအခမ်းအနားများ၌သာ အနည်းငယ်ကျန်ရှိတော့၏။

ကမ္ဘောဒီးယားသံဃာမှာ မဟာနိကာယနှင့် ဓမ္မယုတ္တိနိကာယဟူ၍ ဂိုဏ်းနှစ်ဂိုဏ်းရှိ၏။ ဓမ္မယုတ္တိဂိုဏ်းသည် ထိုင်းနိုင်ငံမှ ကူးပြောင်းလာသော ရှေးဘုရင်ဂိုဏ်းဖြစ်၏။ ဂိုဏ်းနှစ်ဂိုဏ်းမှ သာသနာပိုင်ဆရာတော်နှစ်ပါးသည် ညှိနှိုင်းတိုင်ပင်ပြီး သာသနာရေးဥပဒေများ ထုတ်ပြန်၍ ဘုရင်က လက်မှတ်ရေးထိုးကာ အာဏာစက်ဖြင့် ပြဋ္ဌာန်း၏။ ထို့ကြောင့် ကမ္ဘောဒီးယားနိုင်ငံသည် အခြားထေရဝါဒ နိုင်ငံများထက် သာသနာပိုမိုသန့်ရှင်းစင်ကြယ်၍ ကြီးပွားတိုးတက်သည်ဟု ဆိုရပေမည်။

ထိုသာသနာရေး ဥပဒေများအရ ကမ္ဘောဒီးယားနိုင်ငံ၌ ရှင်ရဟန်းပြုရန် မလွယ်ကူချေ။ ရဟန်းပြုလိုသောသူသည် ဝိနည်းပိဋကတ်၌ သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံ၍ အကျင့်စာရိတ္တ ကောင်းမွန်သောသူဖြစ်ကြောင်း ရပ်ရွာလူကြီးများနှင့် မြို့နယ်အရာရှိများ၏ ထောက်ခံချက်ကို သံဃာအား တင်ပြရ၏။ ရဟန်းပြုပြီးသောအခါ သာသနာရေးဝန်ကြီးဌာန၌ မှတ်ပုံတင်ကြရ၍ မှတ်ပုံတင်ကတ်ပြားကို အမြဲဆောင်ထားကြရ၏။ ရဟန်းပြုသောအခါ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမဟူ၍ သီးခြားမရှိဘဲ သက်ဆိုင်ရာ မိဘဆွေမျိုးများက ဘဝရပ်တည်မှု၊ စာပေသင်ကြားမှုနှင့် တရားအား ထုတ်မှုအတွက် လှူဒါန်းထောက်ပံ့ကြရ၏။

စင်စစ် ကမ္ဘောဒီးယား သာသနာရေးဥပဒေများ၏ ရည်ရွယ်ချက်မှာ ရဟန်းသံဃာ၏ အရည်အချင်းကို မြှင့်တင်ရန်ဖြစ်၍ ရဟန်းဦးရေ တိုးပွားမှုကို အားပေးရန်မဟုတ်ချေ။ သို့ဖြစ်၍ ဘုန်းကြီးကျောင်းများ ဆောက်လုပ်ခြင်းကိုပင် ကန့်သတ်ချုပ်ချယ်ထား၏။ တစ်ကျောင်းနှင့်တစ်ကျောင်း တစ်မိုင်ခွဲကျော်ကျော်ကွာဝေးမှ ဆောက်ခွင့်ပြု၍ သူကြီးတစ်ပိုင်လျှင် ကျောင်းတစ်ကျောင်းသာရှိ၏။ ကျောင်းဆောက်ရန် အစိုးရ သာသနာရေးနှင့် အုပ်ချုပ်ရေးဌာနများ၏ ခွင့်ပြုချက်ကို ရရှိဖို့လို၏။

**တရုတ်နိုင်ငံ။** ။ သက္ကရာဇ် ၆၅ ခုနှစ်၌ တရုတ်ဧကရာဇ်ဘုရင် 'မင်းတိ' က ပင့်ဖိတ်သောကြောင့် အိန္ဒိယပြည်မှ ရဟန်းတစ်ပါးနှင့် အာရှတိုက် အလယ်ပိုင်းမှ ရဟန်းတစ်ပါးသည် မဟာယာန ပိဋကတ်စာပေနှင့်အတူ တရုတ်ပြည်သို့ ရောက်ရှိလာကြ၏။ မင်းတိလက်ထက် မတိုင်မီက တရုတ်ပြည်၌ ပေါ်ထွန်းနေသော တာအိုဝါဒမှာ

ဗုဒ္ဓဝါဒနှင့် အချို့နေရာများ၌ အံ့ဖွယ်လိလိ တူညီနေသောကြောင့် ဗုဒ္ဓဝါဒသည် တာအို စာပေ စတင်ပေါ်ထွက်သော ဘီစီလေးရာစုခေတ်က တရုတ်ပြည်၌ ရှိနေနှင့်ပြီလောဟု စဉ်းစားဖွယ်ရှိ၏။ သို့ရာတွင် ထိုသို့ယူဆရန် သမိုင်းအထောက်အထား မရှိချေ။ တရုတ်ပြည်၌ ဗုဒ္ဓဘာသာနှင့် အပြိုင်အဆိုင်ဖြစ်သော ရှိနှင့်ပြီး ဘာသာမှာ ကွန်ဖျူးရှပ်ဝါဒ ဖြစ်၏။ လောကီကြီးပွားမှုကို ရှေးရှုဟောပြောသော ကွန်ဖြူးရှပ်ဆရာတို့သည် ဗုဒ္ဓ သံဃာကို ပြစ်တင်ဝေဖန်၍ တစ်ခါတစ်ရံ ဗုဒ္ဓဝါဒသည် ဘုရင်များ၏အမိန့်အရ နှိပ်ကွပ်ခြင်းခံရ၏။

အိန္ဒိယ ဗုဒ္ဓကျမ်းစာများကို တရုတ်ဘာသာသို့ ပြန်ဆိုပြီးနောက်၌မူ ဗုဒ္ဓဝါဒသည် လူထုဝါဒဖြစ်လာ၍ အချို့ဘုရင်များက အားပေးချီးမြှင့်ကြ၏။ **ဝူတီ** (၅၀၂-၄၉)သည် သုံးကြိမ်တိုင် ရဟန်းပြု၍ အသားစားခြင်းကို ရှောင်ကြဉ်၏။ သုတ္တန်တရားများ ဟော ပြော၍ ဗုဒ္ဓကျမ်းတစ်စောင် ရေးသား၏။ **ကူဗလာခန်အမျိုး**ရှိသော မွန်ဂိုဘုရင်များသည် ဗုဒ္ဓသာသနာကို ပြုစုကြ၏။ ပီကင်းရဟန်းကျောင်းများ၌ ဗုဒ္ဓစာပေ လေ့လာမှုကို အားပေး၍ ကျမ်းစာအုပ်များ လှူဒါန်း၏။

တရုတ်ပိဋကတ်သည် စာအုပ်ရေ ၁၆၆၂ အုပ်ပါဝင်၍ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ နှင့် အထွေထွေဟူ၍ အပိုင်းကြီးလေးပိုင်း ခွဲထား၏။ ပထမပိုင်းမှာ ဘာသာပြန်များ ဖြစ်၍ စတုတ္ထပိုင်းမှာ တရုတ်ပိဋကတ်ဆရာတို့ ရေးသားသော အဋ္ဌကထာနှင့် ဋီကာ များဖြစ်၏။ သုတ္တန်ပိုင်း၌ မဟာယာနသုတ် ၅၄၁၊ ထေရဝါဒသုတ် ၂၄၀ နှင့် မဟာ ယာန၊ ထေရဝါဒ ရောပြွမ်းနေသော သုတ် ၃၀၀ ပါဝင်၏။ စတုတ္ထကဏ္ဍ၌ ပါဝင်သော တရုတ် ဗုဒ္ဓကျမ်းများမှာ ဗုဒ္ဓသာသနာသမိုင်း၊ ရှေးမထေရ်ကြီးများ၏ အတ္ထုပ္ပတ္တိ၊ အိန္ဒိယပြည်ရောက် ရဟန်းများ၏ မှတ်တမ်း၊ သက္ကတဝေါဟာရ အဘိဓာန်၊ ဗုဒ္ဓဝါဒအပေါ် တာအိုနှင့် ကွန်ဖြူးရှပ်တို့၏ စွပ်စွဲချက်နှင့် ၎င်းတို့အား ချေပချက်များကို ဖော်ပြထားသော ကျမ်းစာအုပ်များဖြစ်၍ အုပ်ရေနှစ်ရာခန့်ရှိ၏။

တရုတ်ဝိနည်းကျမ်းများမှာ ရှေးအိန္ဒိယ ဗုဒ္ဓဝါဒဂိုဏ်းငါးခုမှ ဘာသာပြန် ဝိနည်းကျမ်း ငါးကျမ်းဖြစ်၍ ပါဠိဝိနည်းကျမ်းများနှင့် အခြေခံကွဲလွဲခြင်း မရှိချေ။ သို့ရာတွင် တရုတ် သံဃာကျင့်စဉ်၌ အရေးပါသောကျမ်းများမှာ ထိုရှေးအိန္ဒိယကျမ်းများ မဟုတ်ဘဲ ရှေးအစဉ်အလာ မှီငြမ်းပြုသော တရုတ် ဝိနည်းကျမ်းနှစ်ကျမ်းဖြစ်၏။

ပထမကျမ်းမှာ ၄၀၆ ခုနှစ်က သက္ကတကျမ်းတစ်ခုမှ ထုတ်နုတ်ပြန်ဆိုထားသည် ဆိုသော်လည်း ဗုဒ္ဓဝါဒီတို့အား ဖိနှိပ်သောနိုင်ငံ ဥပဒေများကို ရှုတ်ချထားခြင်း၊ ဦးခေါင်းမီးရှို့၍ ဘုရားပူဇော်မှုကို ချီးကျူးခြင်းစသည်တို့ကို ထောက်ချင့်၍ တရုတ်ပြည်၌ ရေးသားသော ကျမ်းဖြစ်ဟန်ရှိ၏။ ထိုကျမ်း၌ ရဟန်းတို့ မကျူးလွန်အပ်သော ပါရာဇိ ကဏ် အပြစ်ကြီးဆယ်ခု၊ အပြစ်ငယ် ၄၈ ခုနှင့် ကျင့်သုံးရမည့် သိက္ခာပုဒ်များကို ပြဆို ထား၏။ ထေရဝါဒ ဝိနည်းကျမ်းနှင့်မတူသော အချက်တစ်ခုမှာ ပရဟိတလုပ်ငန်းကို

ဆောင်ရွက်ရန် သံဃာအား ညွှန်ကြားထားခြင်းဖြစ်၏။ ရဟန်းသည် လူမမာဒုက္ခိတများကို ပြုစုစောင့်ရှောက်ရမည်။ တိရစ္ဆာန် သတ္တဝါများကို ကျွေးမွေးရမည်။ ထိုဝတ္တရားများ ပျက်ကွက်သော ရဟန်းအား အပြစ်ရှိသည်၊ (ဝါ) အာပတ်သင့်သည်ဆို၏။

တရုတ်ရဟန်းကျောင်းသည် ဘေးပတ်လည်၌ အိပ်ခန်း၊ ဧည့်ခန်း၊ စာကြည့်ခန်းစသည်ရှိ၍ အလယ်ဗဟို၌ ဘုရားကျောင်းဆောင်ရှိသော စတုဂံသဏ္ဌာန် ကျောင်းတိုက်ဖြစ်၏။ ဘုရားကျောင်းဆောင်ထဲ၌ ဗုဒ္ဓဆင်းတုအပြင် အရိမေတ္တေယျနှင့် အခြားဘုရားအလောင်းရုပ်တုများ သာဝကရဟန္တာ ရုပ်တုများရှိ၏။ ကျောင်းတိုက်အရွယ်ပမာဏကို လိုက်၍ သံဃာအပါးသုံးဆယ်မှ သုံးရာအထိ သီတင်းသုံးကြ၏။ တရုတ်ရဟန်းများသည် တစ်နေရာ၌ အတည်တကျမနေဘဲ အများအားဖြင့် လှည့်လည်သွားလာနေတတ်ကြ၏။ အသက် ၁၇ နှစ်၌ အဆင့်သုံးဆင့်ဖြင့် ရဟန်းပြုကြ၏။ ရှေးဦးပထမ ရှင်သာမဏေပြု၍ နောက်တစ်ရက်၊ နှစ်ရက်ခန့်ကြာသောအခါ ရဟန်းအဖြစ်သို့ ကူးပြောင်းပြီး ဝိနည်းသိက္ခာပုဒ်များ စောင့်ထိန်းကြ၏။ နောက်ဆုံးအဆင့်၌ ဦးခေါင်းကို သုံးနေရာမှ ၁၈ နေရာအထိ မီးရှို့၍ ဗောဓိသတ္တ ပဋိညာဉ်ကို ခံယူကြ၏။ ဤဓလေ့သည် အိန္ဒိယပြည်မှ ကူးစက်လာဟန်ရှိ၍ ၎င်းအတိုင်း လိုက်နာပြုလုပ်သော ပုဂ္ဂိုလ်သည်သာ ဘုရားအလောင်း အစစ်ဖြစ်သည်ဟု ယုံကြည်ကြ၏။ တရုတ်ရဟန်းတို့သည် ဆွမ်းမခံကြချေ။ အစာအာဟာရမှာ သက်သတ်လွတ်ဖြစ်၍ တစ်နေ့လျှင် သုံးထပ်စားကြ၏။

သံဃာ၏ စားဝတ်နေမှုအတွက် လယ်မြေများမှ ဝင်ငွေရ၍ လယ်မြေများထိန်းသိမ်းကြီးကြပ်ရာ၌ လူပုဂ္ဂိုလ်အဖွဲ့က ကူညီကြ၏။ ရဟန်းတို့သည် နေ့စဉ်သုံးကြိမ် ဘုရားဝတ်ပြု၍ ဥပုသ်နေ့များ၌ ပါတိမောက်ရွတ်ဆိုကြ၏။ ဗုဒ္ဓ၊ ဗောဓိသတ္တနှင့် ရဟန္တာတို့၏ မွေးနေ့များကို ကျင်းပကြ၏။ အမျိုးသား ရိုးရာနတ်ပူဇော်ပွဲ၊ ရာသီပွဲနှင့် မင်္ဂလာပွဲများ၌ ပါဝင်ဆောင်ရွက်ကြ၏။

ဗုဒ္ဓဝါဒသည် တရုတ်ပြည်သို့ ရှေးပဝေဏီမှစ၍ ပျံ့နှံ့ပြီးလျှင် လူထုဘာသာဝါဒဖြစ်လာသော်လည်း လူတို့၏ နှလုံးသားထဲသို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်ခြင်း မရှိခဲ့ချေ။ အကြောင်းမူ ဗုဒ္ဓဝါဒ ရောက်လာသောအခါ တရုတ်တို့မှာ လိမ္မာယဉ်ကျေးမှုရှိပြီးဖြစ်၍ တာအိုနှင့် ကွန်ဖြူးရှပ်ဝါဒများကို လက်ခံပြီးဖြစ်ကြ၏။ ထို့အပြင် တရုတ်တို့သည် လူမျိုးဗီဇအားဖြင့် လောကီကြီးပွားချမ်းသာရေးကိုသာ အာရုံစူးစိုက်သောကြောင့် ကွန်ဖြူးရှပ်ဝါဒက သူတို့စိတ်ကို ဗုဒ္ဓဝါဒထက် ပိုမိုဆွဲဆောင်နိုင်စွမ်း ရှိပေမည်။ တရုတ်နိုင်ငံ၌ ရှေးဟောင်းဗုဒ္ဓဘာသာ ဘုရားကျောင်းကန်များ ရှိသေးသော်လည်း ဗုဒ္ဓဝါဒမှာ အစဉ်အလာ ယုံကြည်ဖွဲ့လမ်းမှုနှင့် ဓလေ့ထုံးစံများအကြား၌ အားနည်းလျက်ရှိ၏။ ဗုဒ္ဓဘုရား ဝတ်ကျောင်းများသို့ သွားကြသူများသည် အများအားဖြင့် ဘုရားတရားဆင်ခြင်အောက်မေ့ရန်မဟုတ်ဘဲ လောကီစီးပွားရေးအတွက် ဗေဒင်ယတြာမေးရန် သွားရောက်ကြခြင်း ဖြစ်၏။

ကိုရီးယားနိုင်ငံ။ ။ ကိုရီးယားနိုင်ငံသည် လေးရာစုနှင့် ငါးရာစုအတွင်းက တရုတ်ပြည်မှ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုအတတ်ပညာများကို ရရှိ၏။ ဗုဒ္ဓဝါဒသည် ရှစ်ရာစုအစ၌ ရောက်လာသော ကွန်ဖြူးရှပ်ဝါဒနှင့် အပြိုင်ဖြစ်လာ၏။ ၁၃ရာစု၌ ကွန်ဖြူးရှပ်ဝါဒ အရေးသာ၍ ဗုဒ္ဓသာသနာကို အားပေးသောဘုရင်များ ထီးနန်းစွန့်လွှတ်ကြရပြီး မြို့ကြီးများရှိ ဘုန်းကြီးကျောင်းအားလုံး ပိတ်ထားရ၏။ သို့ရာတွင် နောက်နှစ်ပေါင်း အတန်ကြာသောအခါ ဗုဒ္ဓဘာသာ ပြန်လည်ရှင်သန်လာ၍ ၁၆ ရာစု အတွင်းက ဂျပန်စစ်တပ်ကို ခုခံတွန်းလှန်ရာ၌ ရဟန်းသံဃာများ ပါဝင်ကြသည်ဆို၏။ စစ်ပြီးခေတ်၌မူ မြောက်ကိုရီးယားမှာ ကွန်မြူနစ်နိုင်ငံဖြစ်၍ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားရန် အလားအလာမရှိချေ။ တောင်ကိုရီးယားမှာ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရှိသော်လည်း ခရစ်ယာန်ဘာသာနှင့် အပြိုင်ဖြစ်နေသောကြောင့် ဗုဒ္ဓဘာသာ၏ စည်ပင်ပြန့်ပွားမှုမှာ အရှိန်နှေးကွေးနေကြောင်း သိရ၏။

ဂျပန်နိုင်ငံ။ ။ ဗုဒ္ဓသာသနာသည် ၅၅၂ ခုနှစ်၌ ကိုရီးယားမှ ဂျပန်ကျွန်းသို့ ရောက်လာ၍ မင်းသားကြီးရှိုတိုကုတိုင်းရှိ[၁]၏ လက်ထက်၌ ထွန်းကားလာ၏။ မင်းသားကြီးသည် တရုတ်နိုင်ငံသို့ ရဟန်းတော်များ စေလွှတ်၍ ဟော်ယူဂျီအရပ်၌ စေတီပုထိုးနှင့် ဝိဟာရကျောင်းများ တည်ဆောက်၏။ သာသနာကိုအားပေး၍ မဟာယာနသုတ် သုံးခုကို ဖွင့်ဆိုရေးသား၏။ ဂျပန်နိုင်ငံ၌ မဟာယာနဂိုဏ်းပေါင်း ၆၀ ကျော်ရှိ၍ ထင်ရှားသော ဂိုဏ်းများမှာ တင်ဒေ၊ ရှင်ဂုန်၊ နီချိရင်၊ ဂျိုဒိုရှင်ရှုနှင့် ဇင်ဂိုဏ်း[၂]များဖြစ်၏။

တင်ဒေဂိုဏ်းသည် လူတိုင်း၏ စိတ်သန္တာန်၌ ဗောဓိဉာဏ်မျိုးစေ့ ကိန်းပပ်နေသည်၊ (ဝါ) လူတိုင်း ဘုရားဖြစ်နိုင်သည်ဟု ဟော၏။ ရှင်ဂုန်ဂိုဏ်း၏ ခံယူချက်မှာ အိန္ဒိယသားတို့၏ ပရမတ္တဝါဒနှင့် များစွာမခြားနားချေ။ အိန္ဒိယယောဂနှင့် တန္တရကျင့်ထုံးများကို လက်ခံ၍ ဂါထာမန္တရား၊ အင်းအိုင်လက်ဖွဲ့များကိုလည်း အားပေးသောကြောင့် ထင်ရှား၏။

နီချိရင်ဂိုဏ်းသည် ဗုဒ္ဓဝါဒနှင့် နိုင်ငံအစိုးရ ပေါင်းစည်းရေးကို ရှေးရှုသောဂိုဏ်းဖြစ်၏။ ဂိုဏ်းဆရာ နီချိရင်သည် အခြားဂိုဏ်းအားလုံးကို နှံ့နှံ့စပ်စပ် လေ့လာပြီးနောက် သဒ္ဓမ္မပုဏ္ဍရိကာကျမ်းသည်သာလျှင် နိုင်ငံ၏ ယုံကြည်ကိုးကွယ်ရာ ဖြစ်သည်ဟုဟော၏။ အခြားထင်ရှားသော ဂိုဏ်းနှစ်ဂိုဏ်းမှာ ဂျိုဒိုရှင်ရှုနှင့် ဇင်ဂိုဏ်းများဖြစ်၏။ ဂျိုဒိုရှင်ရှုဂိုဏ်းသည် အမိတာဘ ဗုဒ္ဓအား ကိုးကွယ်ဆည်းကပ်မှုကိုသာ ၎င်း၏တစ်ခုတည်းသော ကျင့်စဉ်အဖြစ် အသိအမှတ်ပြု၏။ ဇင်ဂိုဏ်းအကြောင်းကို လွန်ခဲ့သောအခန်း၌ ဖော်ပြခဲ့ပေပြီ။

ဂျပန်နိုင်ငံ၌ ဗုဒ္ဓဘာသာနှင့် အပြိုင်ဖြစ်ခဲ့သော ဘာသာမှာ ရှေးပဝေသဏီကစ၍ ရှိခဲ့သော ရှင်တိုဘာသာဖြစ်၏။ ဗုဒ္ဓဝါဒီတို့သည် မူလအစ၌ ရှင်တိုဝါဒီတို့နှင့် ပဋိပက္ခ

---

၁။ Shotoku Taishi ၁။ Tendai, Shingon, Nicheren, Jodo Shinshu & Zen

ဖြစ်သော်လည်း ရှင်တိုနတ်များကို ဘုရားအလောင်း ပြုလုပ်လိုက်ခြင်းဖြင့် ၎င်းတို့၏ အနှောင့်အယှက်မှ ကင်းလွတ်ခဲ့၏။ ရှင်တိုဘာသာသည် ဒုတိယကမ္ဘာစစ်မဖြစ်မီ ဂျပန်နိုင်ငံ၌ စစ်ဝါဒထွန်းကားစဉ်က နိုင်ငံအစိုးရ၏ အားပေးမှုကို ရရှိခဲ့သော်လည်း ယခုအခါ ဗုဒ္ဓဘာသာလောက် အရှိန်အဝါ မကြီးမားတော့ချေ။

ယနေ့ မဟာယာန ဗုဒ္ဓနိုင်ငံများတွင် ဂျပန်သည် သာသနာရေးကိစ္စများကို ရှေ့တန်းမှ တက်တက်ကြွကြွ ဆောင်ရွက်နေသော နိုင်ငံဖြစ်၏။ လူမှုဝန်ထမ်းလုပ်ငန်းများကို အားပေး၍ ၁၉၃၉ ခုနှစ်က ဗုဒ္ဓဘာသာ လူမှုဝန်ထမ်းအဖွဲ့ပေါင်း ခုနစ်ရာခန့်ရှိ၏။ တက္ကသိုလ်များ၌ ဗုဒ္ဓသုတေသနဌာနများရှိ၍ တရုတ်၊ တိဗက်နှင့် ထေရဝါဒ ပိဋကတ်များကို နှိုင်းယှဉ်လေ့လာကြ၏။ ပါဠိပိဋကတ်ကို ဂျပန်ဘာသာသို့ ပြန်ဆိုခဲ့ကြရာ အတွဲပေါင်း ၆၅ တွဲဖြင့် ပြန်ဆိုပြီးစီးပေပြီ။

**တိဗက်**။ ။ အခြား အာရှဗုဒ္ဓဘာသာ နိုင်ငံများမှာကဲ့သို့ပင် တိဗက်နိုင်ငံ၌ ဗုဒ္ဓဘာသာသည် လူများစု၏ အဆင့်နိမ့် ဗုဒ္ဓဘာသာနှင့် လူနည်းစု အဆင့်မြင့် ဗုဒ္ဓဘာသာဟူ၍ နှစ်မျိုးနှစ်စားရှိ၏။ လူထုဗုဒ္ဓဘာသာသည် ဟိန္ဒူတန္တရဝါဒနှင့် ရောထွေးနေ၍ တန္တရဝါဒကို လက်ယာလမ်း၊ လက်ဝဲလမ်းဟူ၍ ခွဲခြားသတ်မှတ်ထား၏။ လက်ယာလမ်းတန္တရသည် မြန်မာနိုင်ငံရှိ လောကီပညာ အထက်လမ်းနှင့်တူ၍ လက်ဝဲလမ်းတန္တရမှာ လောကီပညာ အောက်လမ်းနှင့်တူ၏။

ရှေးအခါက ဘင်္ဂလားနှင့် အာသံပြည်နယ်များ၌ ပေါ်ထွန်းခဲ့သော တန္တရဝါဒသည် ခုနစ်ရာစု အလယ်လောက်က တိဗက်ပြည်သို့ ရောက်လာ၏။ တန္တရမှာ ဟိန္ဒူတန္တရနှင့် ဗုဒ္ဓတန္တရဟူ၍ နှစ်မျိုးရှိသည်။ ဗုဒ္ဓတန္တရမှာ ဟိန္ဒူတန္တရ၏ အညစ်အကြေးများမှ ကင်းစင်သည်ဟု တိဗက် ဗုဒ္ဓစာပေပညာရှင်တစ်ဦးက ယူဆ၏။[၁] ၁၁ ရာစုခေတ်က **အတိသ**အမည်ရှိ တန္တရဂိုဏ်းသား ရဟန်းတစ်ပါးသည် ကျမ်းစာများ ပြန်ဆိုခြင်း၊ ကျောင်းများဆောက်ခြင်းစသည်ဖြင့် တိဗက်ဗုဒ္ဓဘာသာကို ပြုပြင်ခဲ့၏။ အတိသ၏ သာသနာပြုပြင်ရေး လုပ်ငန်းများကို **ဆွန်ကပ**[၂]ခေါ် တိဗက်ရဟန်းတော်က ဆက်လက်ဆောင်ရွက်၏။ တိဗက်သာသနာဝင်၌ ထင်ရှားသော ဆွန်ကပသည် ရဟန်းတို့အား ထေရဝါဒဝိနည်း ကျင့်သုံးစေခြင်းဖြင့် တိဗက်ဗုဒ္ဓဘာသာကို တန္တရအညစ်အကြေးများ ကင်းစင်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့၏။

တိဗက်သံဃာသည် အနီဂိုဏ်း၊ အဝါဂိုဏ်း၊ အနက်ဂိုဏ်းနှင့် ကာဂျူပဂိုဏ်းဟူ၍ လေးဂိုဏ်းရှိ၏။ ဆွန်ပက ပြုပြင်ခဲ့သော အဝါဂိုဏ်းသည် အထင်ရှားဆုံးဖြစ်၍ ထိုဂိုဏ်း၌ ဒလိုင်းလားမားနှင့် တာရှိလာမစသော သာသနာပိုင်ကြီးများ ပါဝင်ကြ၏။ တိဗက် (လာမ) ဘုန်းကြီးများ၏ အဓိကလုပ်ငန်းမှာ လူတို့အား ဘီလူးသရဲစသော မိစ္ဆာမကောင်းဆိုးဝါးများ၏ ရန်မှ ကာကွယ်ရန် ပရိတ်ဂါထာ၊ မန္တာန်များ ရွတ်ဖတ်ခြင်းဖြစ်၍

၁။ Anagarika Govinda: 2500 Years of Buddhism, pp. 360 ၂။ Tsong-Kha-pa

"ဥမ်မဏိပါဒ်ဲ ဟုမ်"ကဲ့သို့သော မန္တာန်များနှင့် စီရင်ထားသော အင်းအိုင်ခလဲ့ လက်ဖွဲ့များကို လူတို့ ယုံကြည်ကိုးစားကြ၏။

ထိုသို့ တိဗက်လူထု၏ ဘာသာတရားသည် တန္တရ အညစ်အကြေးများနှင့် ရောပြွမ်းနေသော်လည်း တိဗက်ဗုဒ္ဓဝါဒီအားလုံးကို အထင်အမြင် မသေးသင့်ချေ။ အချို့တိဗက်ယောဂီတို့သည် ဂူအောင်းလျက် နှစ်ရှည်လများ တရားကျင့်ကြံအားထုတ်ကြ၏။ ဝိပဿနာဆရာများသည် သရဲတစ္ဆေ အစွဲချွတ်ရန် ယောဂီများကို ညအခါ တောထဲ၌ တစ်ယောက်တည်း တရားထိုင်ခိုင်း၏။ တိဗက်ပြည်၌ တန်ခိုးအဘိညာဉ်ရသော ရသေ့ရဟန်းများ ရှိသည်ဟု အချို့ အနောက်တိုင်းသားများ ယုံကြည်ကြ၏။ ရှေးအခါက အနောက်နိုင်ငံများ၌ ထင်ရှားခဲ့သော သီအိုဆိုဖီအသင်းများသည် တိဗက်ပြည် ရဟန္တာများထံမှ သူတို့ရရှိသည်ဆိုသော တရားများကို ဟောပြောကြ၏။ တစ္ဆေသူရဲ၊ နတ်ဗြဟ္မာစသည်တို့ကို လူတို့၏ စိတ်ကူးဖန်တီးမှုအဖြစ် ပြဆိုထားသော ရှေးဟောင်းတိဗက်ကျမ်းမှာ အနောက်တိုင်း အသိပညာရှင်များ အထူးလေ့လာသော စာအုပ်ဖြစ်၏။

မြန်မာ။ ။ ခရစ်သက္ကရာဇ် မတိုင်မီက မြန်မာနိုင်ငံသို့ အိန္ဒိယတောင်ပိုင်းနှင့် သီဟိုဠ်ကျွန်းမှ ဗုဒ္ဓဘာသာ ပြန့်ပွားလာကြောင်း သမိုင်းအထောက်အထားများ ရှိ၏။ ထိုပင်လယ်ရပ်ခြားမှ ရောက်ရှိလာသော ဗုဒ္ဓဝါဒမှာ ထေရဝါဒဖြစ်၍ ထေရဝါဒ အခြေမစိုက်မီက မြန်မာပြည်အထက်ပိုင်း၌ မဟာယာနဝါဒ ပေါ်ထွန်းနေသည်ဟု သမိုင်းဆရာတို့ ယူဆကြ၏။ အနော်ရထာမင်းလက်ထက် မတိုင်မီ ပုဂံပြည်၌ ကြီးစိုးနေသော အရည်းကြီးတို့၏ အယူဝါဒသည် တန္တရနှင့် ရောထွေးနေသော မဟာယာနဝါဒ ဖြစ်ဟန်ရှိ၏။

မြန်မာနိုင်ငံရှိ ထေရဝါဒကို လေ့လာသော အိန္ဒိယပညာရှင်တစ်ဦး၏ အဆိုအားဖြင့် အထက်မြန်မာပြည်၌ ထေရဝါဒ အလျင်ရှိခဲ့သော မဟာယာနတန္တရ၏ အသွင်လက္ခဏာများသည် အချို့သော ပုဂံဘုရားများ၌ ထင်ရှား၏။ အပယ်ရတနာ၊ ကူပြောက်ကြီး၊ ပုထိုးသားများ ဘုရားသုံးဆူစသော ဂူပုထိုးများ၌ အဝလောကိတ၊ မဉ္ဇုသီရိ၊ တာရာ (တိဗက်နတ်သမီးဘုရားအမည်) စသော ဘုရားထီး ဘုရားမများ ပွေ့ဖက်နေသော ရုပ်ပုံများကို တွေ့ရသည်ဆို၏။[၁]

မြန်မာလူမျိုးတို့၏ ဘာသာအယူဝါဒနှင့် ဓလေ့စရိုက်ကို လေ့လာသော အနောက်တိုင်းသားတို့က မြန်မာဗုဒ္ဓဘာသာသည် မြန်မာတို့၏ နတ်ကိုးကွယ်မှုကို ဖုံးကွယ်ရန် အသုံးပြုသော ဘာသာတရားဖြစ်သည်ဟု ဆိုကြ၏။ မြန်မာဗုဒ္ဓဝါဒီ အများစု၏ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒအကြောင်း အသိပညာကို စေ့ငုသေချာစွာ လေ့လာဆန်းစစ်ပါက အတော်အတန် အားနည်းချွတ်ယွင်းနေကြောင်း တွေ့ရှိရပေမည်။ ယနေ့ မြန်မာထေရဝါဒီတို့

၁။ **Niharranjan Ray: An Introduction to the Study of Theravada Buddhism in Burma, pp. 150**

သည် မဟာယာနဝါဒီတို့နည်းတူ ဗုဒ္ဓတရားတော်ထက် ဗုဒ္ဓအကြောင်းအရာများ၌ ပိုမို စိတ်ဝင်စားကြခြင်းကို ယုံမှားစရာမရှိချေ။ ပုံစံအားဖြင့် ဗုဒ္ဓဘာသာအကြောင်းရင်းခံ၍ ရေးသားထားသော သမန္တ စက္ခုဒီပနီကျမ်း၌လာသည့် ပုစ္ဆာပေါင်းတစ်ရာအနက် တစ်ဝက်ကျော်မှာ ဗုဒ္ဓအကြောင်းအရာ ပုစ္ဆာများဖြစ်၏။

မည်သို့ဖြစ်စေ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်၌ ဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံ ဖြစ်သည်ဟု မြန်မာဗုဒ္ဓဝါဒီတို့ ယုံကြည်ကြ၏။ စင်စစ် ကျောင်းကန်ဘုရား၊ စေတီပုထိုးပေါ်များခြင်း၊ ပိဋကတ်စာပေကို အာဂုံဆောင်သောသူများရှိခြင်းသည် သာသနာထွန်းကားသော အစစ်အမှန် လက္ခဏာများဟု ဆိုနိုင်ရန် ခက်ခဲသည်။ ဗုဒ္ဓဩဝါဒကို အမြဲလိုက်နာကျင့်သုံးသော ပုဂ္ဂိုလ်ပေါ်များမှသာ ဗုဒ္ဓသာသနာထွန်းကားသည်ဟု ဆိုနိုင်ကြောင်း မှတ်သားထားသင့်ပေသည်။

## (ခ) အနောက်နိုင်ငံ ဗုဒ္ဓသာသနာ

အိန္ဒိယဘုရင် အသောကမင်း၏ ကျောက်စာတစ်ခု၌ အီဂျစ်၊ မက်ဆီဒိုးနီးယား၊ အိပီရပ်စသော အနောက်နိုင်ငံများသို့ 'ဓမ္မဒူတ'များ စေလွှတ်၍ ဓမ္မပြန့်ပွားစေခဲ့ကြောင်း ဖော်ပြထား၏။ သို့ရာတွင် ဤကျောက်စာအလိုအားဖြင့် အသောကမင်းက အနောက်နိုင်ငံများသို့ သာသနာပြုရန် ဗုဒ္ဓရဟန်းများ စေလွှတ်သည်ဟု မဆိုသာချေ။ အကြောင်းမူ အသောကမင်း၏ 'ဓမ္မ'သည် အခါခပ်သိမ်း 'ဗုဒ္ဓဝါဒ'ကို ဆိုလိုသည်မဟုတ်။ 'ဒူတ' သည်လည်း သာသနာပြုရဟန်းကို မဆိုလိုဘဲ အမတ်မင်းကို ဆိုလိုခြင်း ဖြစ်ကောင်းဖြစ်ပေမည်။ ဗုဒ္ဓဝါဒီ ရဟန်းများကို ဆိုလိုပါက အခြားကျောက်စာများမှာကဲ့သို့ 'သမဏ ဗြာဟ္မဏ'စကားကို အသုံးပြုခဲ့တန်ရာ၏။

မည်သို့ဖြစ်စေ ရှေးပဝေသဏီက အိန္ဒိယသားတို့သည် အနောက်နိုင်ငံများနှင့် ကူးလူးဆက်သွယ်ခဲ့၍ ဂရိတို့သည် အလက်ဇန္ဒားဘုရင်နှင့်အတူ အိန္ဒိယပြည်သို့ ရောက်ရှိခဲ့ကြရကား ဘီစီနှစ်ရာစုအတွင်းက ဗုဒ္ဓဝါဒသည် အနောက်တိုင်းသို့ ပျံ့နှံ့ခဲ့တန်ရာ၏။ ထို့ကြောင့် ခရစ်ယာန်စာပေ၌ ဗုဒ္ဓစာပေမှ ဆင်တူယိုးမှား စကားများရှိနေခြင်း၊ အီဂျစ်ပြည်ရှိ ရှေးဦးခရစ်ယာန် ရဟန်းတို့၏ ကျင့်စဉ်၌ ဗုဒ္ဓရဟန်းကျင့်စဉ်များ ထင်ဟပ်နေခြင်းနှင့် အေဒီသုံးရာစုအတွင်းက ပေါ်ထွန်းခဲ့သော ပါရှားဘာသာတစ်ခု[၁]၌ ဗုဒ္ဓတရားများ ပါဝင်နေခြင်းဖြစ်သည်ဟု အချို့ဆရာတို့ ယူဆကြ၏။

သို့ရာတွင် ထိုအခါက ခရစ်ယာန်ဘာသာသည် ဥရောပတိုက်၌ အခြေစိုက်နေပြီဖြစ်၍ ဗုဒ္ဓဘာသာကို လူတို့ စိတ်မဝင်စားကြချေ။ ၁၉ ရာစုခေတ် ရောက်သော အခါ၌မူ အနောက်နိုင်ငံအစိုးရတို့သည် အရှေ့နိုင်ငံများသို့ သိမ်းပိုက်အုပ်စိုး၍ အနောက်တိုင်းနှင့် ဗုဒ္ဓဝါဒ ပြန်လည်တွေ့ဆုံကြ၏။ ထိုခေတ်က သိပ္ပံပညာ အထူးတိုးတက်

---

၁။ **Manichaeism**

ထွန်းကား၍ သိပ္ပံပညာနှင့် ဆန့်ကျင်သော ခရစ်ယာန်ဘာသာသည် တန်ခိုးသြဇာ ကျဆင်းစပြုလာ၏။ လူတို့သည် မိရိုးဖလာဘာသာ၌ အယုံအကြည်နည်းပါး၍ ရေးက ကဲ့သို့ အယူမသီးတော့ဘဲ အခြားဘာသာဝါဒများအပေါ်၌ အမြင်ပြောင်းလဲလာကြ၏။ အရှေ့တိုင်းရောက် ခရစ်ယာန်သာသနာပြုဆရာတို့သည် ဗုဒ္ဓဘာသာအကြောင်း ရေးသား၍ သက္ကတနှင့် ပါဠိပညာရှင်တို့သည် ဗုဒ္ဓကျမ်းစာများကို ပြန်ဆိုရေးသားကြ၏။ သို့ရာတွင် ထိုစာအုပ်များမှာ ခိုင်လုံပြည့်စုံခြင်းမရှိ။ စာဖတ်ပရိသတ်များကိုလည်း ဆွဲဆောင်နိုင်စွမ်း မရှိခဲ့ချေ။

အနောက်တိုင်း ဗုဒ္ဓစာပေသမိုင်း၌ အထင်ရှားဆုံး စာအုပ်မှာ **ဆာအက်ဒဝင်အာနိုး**၏ 'အာရှအလင်း'ခေါ် ဗုဒ္ဓဝင် ကဗျာဝတ္ထုဖြစ်၏။ ထိုစာအုပ်သည် သိဒ္ဓတ္ထမင်းသား တောထွက်ခန်း၊ ဘုရားဖြစ်ခန်းနှင့် ကပိလဝတ်ပြည်သို့ ကြွသွား၍ တရားဟောခန်းနှင့် အခြေခံ ဗုဒ္ဓတရားများကို ကဗျာဖွဲ့ဆိုရေးသားထား၏။ ၁၈၇၉ ခုနှစ်၌ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေရာ ကမ္ဘာကျော် စာအုပ်ဖြစ်လာ၍ စာရေးဆရာမှာလည်း ချက်ချင်း နာမည်ကျော် ကြားသွား၏။ အမေရိကန်နိုင်ငံ၌ အကြိမ် ၈၀၊ အင်္ဂလန်နိုင်ငံ၌ အကြိမ် ၆၀ ပြန်လည် ရိုက်နှိပ်ရ၍ စုစုပေါင်းစာအုပ်ရေ တစ်သန်းနီးပါးခန့် ရောင်းရ၏။ ဂျာမနီ၊ ဒတ်ချ်၊ ပြင်သစ်နှင့် အခြားဘာသာများဖြင့် ပြန်ဆိုထုတ်ဝေ၍ စာအုပ်ကို မှီငြမ်းပြုသော ပြဇာတ်နှင့် ရုပ်ရှင်ကားများ ထွက်ပေါ်ခဲ့၏။ ထိုမျှ လူကြိုက်များခဲ့ခြင်းမှာ ထိုအခါက အရှေ့တိုင်းဘာသာတရားများ၌ အနောက်နိုင်ငံသားတို့ စိတ်ဝင်စားနေကြခြင်းနှင့် ကဗျာဖွဲ့နွဲ့ စပ်ဆိုရာ၌ ပြောင်မြောက်ခြင်း စသည်တို့ကြောင့်ဖြစ်၏။ ၁၉ ရာစုအတွင်း၌ အနောက်တိုင်းသားတို့အား ဗုဒ္ဓဝါဒဘက်သို့ အများဆုံး ဆွဲဆောင်ခဲ့၍ အနောက်တိုင်း ဗုဒ္ဓဝါဒသမိုင်း၌ အထူးထင်ရှားသောကြောင့် ထိုစာအုပ်ရေးစဥ်က စာရေးသူထိုင်ခဲ့သော ကုလားထိုင်ကို အင်္ဂလန် ဗုဒ္ဓဘာသာအသင်း၌ တရိုတသေ သိမ်းဆည်းထား၏။

အက်ဒဝင်အာနိုးကဲ့သို့ အနောက်တိုင်းသားတို့အား ဗုဒ္ဓဓမ္မနှင့် မိတ်ဆက်ပေးခဲ့သော အခြားသူများမှာ ဗုဒ္ဓဝါဒီ အရှေ့တိုင်းသားတို့အကြောင်း ရေးသားသော စာရေးဆရာများဖြစ်၏။ အထူးထင်ရှားသောစာအုပ်မှာ ဖီးလဒင်းဟော၏ မြန်မာလူမျိုးအကြောင်း စာအုပ်ဖြစ်၏။[၁] ဤစာအုပ်ကိုဖတ်၍ အနောက်တိုင်းသားတို့သည် ကမ္ဘာပေါ်၌ ထာဝရဘုရားကို မယုံကြည်သော်လည်း ရိုးရိုးကျင့်၊ မြင့်မြင့်ကြံသော လူမျိုးရှိကြောင်းသိရှိ၍ ဗုဒ္ဓဝါဒ၌ စိတ်ဝင်စားလာကြ၏။ မြန်မာ့စိတ်ဓာတ်စရိုက်ကို ချီးကျူးရေးသားသော အခြားစာအုပ်များသည်လည်း မနည်းလှချေ။[၂] ဤစာအုပ်များနှင့် အခြား အရှေ့တိုင်း ဗုဒ္ဓဘာသာနိုင်ငံနှင့် လူမျိုးများအကြောင်း ရေးသားထားသော

---

၁။ **Fielding Hall: The Soul of a People**

၂။ **See *my article*, "Some English Books on Burma", (The Guardian Magazine, April & May, 1961.)**

စာအုပ်များသည် အနောက်တိုင်းကို ဗုဒ္ဓဝါဒနှင့်နီးစပ်ရန် လမ်းစဖော်ခဲ့ကြလေသည်။

အင်္ဂလိပ်တို့သည် အာရှတိုက်၌ နယ်ချဲ့၍ ဗုဒ္ဓဝါဒကို လေ့လာရန် ဦးစွာအခွင့်အလမ်း ရရှိကြ၏။ သူတို့နိုင်ငံမှာ ဥရောပတိုက်၌ ဗုဒ္ဓဝါဒ ပြန့်ပွားရေးကိစ္စကို ပထမကြိုးပမ်းဆောင်ရွက်ခဲ့သော နိုင်ငံဖြစ်၏။ ၁၉၀၇ ခုနှစ်၌ အင်္ဂလန်နိုင်ငံ၌ ဂရိတ်ဗြိတိန်နှင့်အိုင်ယာလန် ဗုဒ္ဓဘာသာအသင်း ပေါ်လာ၏။ အသင်းဥက္ကဋ္ဌမှာ ဒေါက်တာရိုင်းစ်ဒေးဗစ်ဖြစ်၍ လစဉ်မဂ္ဂဇင်းထုတ်ဝေ၏။ ၁၉၂၄ ခုနှစ်၌ ထိုအသင်းပျက်သွား၍ လန်ဒန်ဗုဒ္ဓဘာသာအသင်း ပေါ်လာပြီး ပထမ၌ လစဉ်၊ ယခုအခါ၌မူ သုံးလတစ်ကြိမ် ဗုဒ္ဓဓမ္မစာစောင်မှန်မှန်ထုတ်ဝေလျက်ရှိ၏။ အသင်းသားတို့မှာ သဒ္ဓါယုံကြည်စိတ် ပြင်းပြ၍ ဒုတိယစစ်ကြီးအတွင်းက လန်ဒန်မြို့ကို ရန်သူတို့ အပြင်းအထန် ဗုံးကြဲတိုက်ခိုက်နေသော အချိန်၌ပင် ရက်သတ္တတစ်ပတ်လျှင် သုံးလေးကြိမ်မျှ တရားဆွေးနွေးပွဲ ပြုလုပ်ကြ၏။ တရားပွဲနှင့်ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ဗုဒ္ဓနေ့ကျင်းပခြင်း၊ ဝိပဿနာနှင့် ဗုဒ္ဓဘာသာသင်တန်း ဖွင့်လှစ်ခြင်းစသည်ဖြင့် အသင်း၏ သာသနာပြုလုပ်ငန်းများမှာ စုံလင်များပြားလှပေ၏။

လန်ဒန် ဗုဒ္ဓဘာသာအသင်းမှ ထုတ်ဝေသော စာအုပ်အတော်များများရှိသည့်အနက် နှစ်အုပ်မှာ မြန်မာဗုဒ္ဓစာပေနယ်၌ မရှိသေးသော စာအုပ်မျိုးဖြစ်၏။ ထိုစာအုပ်များမှာ ဗုဒ္ဓဝါဒ သရုပ်ပြ အဘိဓာန်နှင့် ဗုဒ္ဓစာပေလမ်းညွှန်ဖြစ်၏။ သရုပ်ပြအဘိဓာန်၌ ဗုဒ္ဓဝါဒအကြောင်း သိမှတ်ဖွယ်ရာများကို အတိုချုပ်ရှင်းပြထား၍ စာပေလမ်းညွှန်၌ ပုံနှိပ်ထုတ်ဝေပြီးသော အင်္ဂလိပ်ဗုဒ္ဓဘာသာ စာအုပ်အားလုံးကို စာရေးသူအမည်၊ အဖိုး၊ ပုံနှိပ်သောတိုက်၊ ပုံနှိပ်သောနှစ် စသည်ဖြင့် စုံလင်စွာညွှန်ပြထား၏။

အင်္ဂလန်ပြည်၌ ဗုဒ္ဓသာသနာ ပြန့်ပွားရေးလုပ်ငန်းကို စတင်ကူညီဆောင်ရွက်ခဲ့သောသူများမှာ **ဘိက္ခုအာနန္ဒာ မေတ္တေယျ၊ ဘိက္ခုသီလစာရစသော အင်္ဂလိပ်ဘိက္ခုများ၊ ဒေါက်တာအားနက်စရော့(စ်)၊ မစ္စတာ ခရစ္စမတ်ဟမ်ဖရီစသော ဗုဒ္ဓဝါဒီများနှင့် ပါမောက္ခရိုင်းစဒေးဗစ်စသော** ပါဠိစာပေပညာရှင်များ ဖြစ်ကြ၏။ အနောက်နိုင်ငံသားများထဲမှ အစဦးစွာ ဗုဒ္ဓဘာသာ ရဟန်းအဖြစ်ကို ခံယူသူ **ဘိက္ခုအာနန္ဒာမေတ္တေယျ (လူအမည် အလန်ဗင်နက်)**သည် ၁၉၀၂ ခုနှစ်၌ မြန်မာပြည်သို့လာ၍ ရဟန်းပြုပြီးလျှင် ထိုအခါက ရန်ကုန်မြို့၊ ကမ္ဘာ့ဗုဒ္ဓဝါဒအသင်းမှ ထုတ်ဝေသော အင်္ဂလိပ် ဗုဒ္ဓဓမ္မစာစောင်၏ အယ်ဒီတာအဖြစ် ဆောင်ရွက်၏။ ၁၉၀၈ ခုနှစ်၌ အင်္ဂလန်ပြည်သို့ သာသနာပြုရန်ကြွသွား၍ ၁၉၂၃ ခုနှစ်၌ ကွယ်လွန်၏။[၁]

**ဘိက္ခုသီလစာရ** (လူအမည် ဂျေ-အက်ဖ် မက္ကနီ) သည်[၂] ရှင်အာနန္ဒမေတ္တေယျ၏ နိဗ္ဗာန်အကြောင်း ဆောင်းပါးကိုဖတ်မိရာမှ ဗုဒ္ဓဝါဒကို ယုံကြည်လာသူဖြစ်၏။ ၁၉၀၄ ခုနှစ်၌ မြန်မာပြည်တွင် ရဟန်းပြု၍ ဗုဒ္ဓဓမ္မစာစောင် ထုတ်ဝေရေးလုပ်ငန်း၌ ပါဝင်ကူ

၁။ **Allan Bennett** ၂။ **J.F.Mackechnie**

ညီ၏။ ထို့နောက် အင်္ဂလန်သို့ပြန်သွား၍ ဗုဒ္ဓစာပေများ ရေးသား၏။ ဂျာမန်ဗုဒ္ဓပညာရှင် **ဒေါက်တာပေါလ်ဒတ်**၏ ဗုဒ္ဓကျမ်းစာအုပ်များ[၁]ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့၏။

ရှင်အာနန္ဒာမေတ္တေယျနှင့်အတူ အင်္ဂလန်ပြည်၌ အစဦးစွာ သာသနာပြုခဲ့သော **ဒေါက်တာအားနက်စ်ရော့စ်**သည် ရန်ကုန်ဆေးကျောင်းကို တည်ထောင်ခဲ့သော ဆရာဝန်တစ်ဦးဖြစ်၏။ ဗုဒ္ဓအဘိဓမ္မာကို အထူးလေ့လာ၍ စာအုပ်တစ်အုပ် ရေးသားခဲ့၏။ **မစ္စတာ ခရစ္စမတ်ဟမ်ဖရီ**[၂]မှာ လန်ဒန်ဗုဒ္ဓဘာသာအသင်းတည်စမှ ယနေ့အထိ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်၏။

အနောက်နိုင်ငံ ဗုဒ္ဓသာသနာ ပြန့်ပွားမှုကို တစ်ဖက်တစ်လမ်း ကူညီပံ့ပိုးခဲ့သော သူများမှာ ပါဠိပညာရှင်များဖြစ်၏။ အထူးထင်ရှားသော ပုဂ္ဂိုလ်နှစ်ဦးမှာ **ဒေါက်တာရိုင်းစ်ဒေးဗစ်**တို့ ဇနီးမောင်နှံဖြစ်၏။ **ရိုင်းစ်ဒေးဗစ်**သည် သီဟိုဠ်ကျွန်း၌ တရားသူကြီးအဖြစ် အမှုထမ်းနေစဉ် ရဟန်းတော်တစ်ပါး၏ အကူအညီဖြင့် ပါဠိဘာသာနှင့် ပိဋကတ်စာပေကို လေ့လာခဲ့၏။ ၁၈၈၁ ခုနှစ်၌ လန်ဒန် ပါဠိစာပေအသင်းကို တည်ထောင်၍ ၁၉၂၃ ခုနှစ်၌ ကွယ်လွန်သောအခါ သူ၏ဇနီးက ဥက္ကဋ္ဌနေရာကို ဆက်ခံဆောင်ရွက်၏။ သူတို့ ဇနီးမောင်နှံ ပြန်ဆိုရေးသားပြုစုခဲ့သော ပိဋကတ်ကျမ်းနှင့် စာအုပ်များမှာ အတော်များပြားလှပေသည်။

လန်ဒန် ပါဠိစာပေအသင်းသည် အနောက်နိုင်ငံများ၌ ဗုဒ္ဓတရား ပြန့်ပွားရေးလုပ်ငန်းကို များစွာအကျိုးပြုခဲ့သော အသင်းဖြစ်၏။ အသင်း၏ ကြိုးပမ်းမှုကြောင့် ပိဋကတ်တော်အားလုံးကို ရောမအက္ခရာဖြင့် ထုတ်ဝေပြီး၍ အဘိဓမ္မာကျမ်း အနည်းငယ်မှတစ်ပါး အခြားပိဋကတ်ကျမ်းအားလုံးကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီးပေပြီ။ အသင်းမှ ရေးသားပြုစုသော ပါဠိအင်္ဂလိပ် အဘိဓာန်ကြီးမှာ ပါဠိစာပေ လေ့လာသော ဗုဒ္ဓဝါဒီနှင့် သုတေသီတို့အဖို့ အသုံးဝင်လှပေသည်။

ပြင်သစ်၊ ဂျာမနီနှင့် ရုရှားနိုင်ငံများသည် ဗုဒ္ဓစာပေ ပြန့်ပွားရေးအသင်းများ မရှိသော်လည်း ဗုဒ္ဓကျမ်းပြုဆရာ ပညာရှင်များ ထွက်ပေါ်ရာ နိုင်ငံများဖြစ်၏။ အထူးထင်ရှားသော ပြင်သစ် ဗုဒ္ဓသုတေသီ ပညာရှင်မှာ **အလက်ဇန္ဒြားဒေးဗစ်နီး**ဖြစ်၏။[၃] ဤအမျိုးသမီးကြီးသည် တိဗက်ပြည်သို့ စွန့်စားသွားရောက်၍ တိဗက်ဝိပဿနာကို ကျင့်ကြံအားထုတ်ပြီး မိမိကိုယ်တွေ့များအကြောင်း စာအုပ်ရေးသားခဲ့၏။ ဂျာမန် ဗုဒ္ဓဝါဒီတို့သည် ထေရဝါဒကို နှစ်သက်၍ သီဟိုဠ်ကျွန်းနှင့် မြန်မာနိုင်ငံ၌ ရဟန်းအဖြစ် ခံယူသော ဂျာမန် ရဟန်း အတော်များများရှိ၏။ ဥပမာ– အရှင်ဉာဏတိလောက (လူအမည်–အင်တန်ဂုအက်)။[၄]

ဟော်လန်၊ ဘယ်လ်ဂျီယန်၊ ဆွီဒင်၊ ဆွစ်ဇာလန်နိုင်ငံများ၌လည်း ဗုဒ္ဓဘာသာ

---

၁။ **Paul Dahlke** ၂။ ၁၉၈၃ တွင် မစ္စတာ ခရစ္စမတ်ဟမ်ဖရီ ကွယ်လွန်သွားပြီဖြစ်သည်။ **-Ed.**

၃။ **Mme Alexandria David-Neel** ၄။ **Nyanatiloka Maha Thera (1878 - 1957)**

အဖွဲ့များရှိ၏။ အမေရိကန်ပြည်ထောင်စု၌မူ ဗုဒ္ဓဘာသာအသင်းပေါင်း တစ်ရာကျော်ရှိသည်ဆို၏။ ဟာဝေယံကျွန်းနှင့် ကာလီဖိုနီးယားပြည်နယ်များ၌ ဗုဒ္ဓဝါဒ အင်အားကြီးမား၏။ အမေရိကန် ပညာတတ်ပိုင်း၌ ဇင်ဗုဒ္ဓဝါဒ ရေပန်းစား၍ အချို့မြို့ကြီးများ၌ ဇင်ဝိပဿနာအဖွဲ့များရှိ၏။

ယခုအခါ အနောက်နိုင်ငံများ၌ ဗုဒ္ဓဝါဒ မည်ရွေ့မည်မျှ ပြန့်ပွားနေသည်ဟု အတိအကျသိရှိရန် ခဲယဉ်း၏။ ဗုဒ္ဓဘာသာအသင်းအဖွဲ့နှင့် အသင်းသားဦးရေများမှာ သာသနာ၏ အခြေအနေကို ခန့်မှန်းရန် ခိုင်မာတိကျသော အတိုင်းအတာများ မဟုတ်ချေ။ အမှန်ဆိုသော် မည်သည့်ဗုဒ္ဓဘာသာ အသင်းအဖွဲ့များနှင့်မှ မဆက်သွယ်ဘဲ၊ ဗုဒ္ဓဝါဒီအဖြစ်လည်း မခံယူဘဲ ဗုဒ္ဓတရားကို လေ့လာ၍ ဗုဒ္ဓလမ်းစဉ်နှင့်အညီ ကျင့်ကြံနေထိုင်သောသူများမှာ နည်းမည်မဟုတ်ချေ။ ဗုဒ္ဓဝါဒကို စုံစုံစေ့စေ့ မလေ့လာဘဲ အပေါ်ယံစိတ်ဝင်စားသောကြောင့် ဗုဒ္ဓဘာသာ အသင်းဝင်ထားသူများလည်း အတော်များပေလိမ့်မည်။ အနတ္တတရားသည် ဗုဒ္ဓဝါဒ အစစ်အမှန်မဟုတ်ဟု **မစ္စက်ရိုင်းစ်ဒေးဗစ်ကဲ့သို့**သော အချို့ ဗုဒ္ဓစာပေပညာရှင်များနည်းတူ ခံယူထားသော ဗုဒ္ဓဝါဒီများလည်း အတော်များများရှိပေမည်။ စင်စစ် အနောက်နိုင်ငံသားများအား ဆွဲဆောင်သော ဗုဒ္ဓတရားများမှာ အနတ္တ၊ နိဗ္ဗာန်စသည်တို့ မဟုတ်ဘဲ ကမ္မဝါဒနှင့် ဘဝသံသရာတရားများဖြစ်ကြောင်းသိရ၏။

မည်သို့ဖြစ်စေ အနောက်တိုင်းသားတို့၏ လူမျိုးဓလေ့စရိုက်၊ အထုံဝါသနာ၊ အကျင့်အကြံနှင့် အစွဲဥပါဒါန်များသည် အထူးသဖြင့် ထေရဝါဒဗုဒ္ဓဝါဒနှင့် အံဝင်ခွင်ကျ မဖြစ်ချေ။ ဥရောပပညာရှင်တစ်ဦး၏ အဆိုအားဖြင့် "ဤသီဟိုဠ် ဗုဒ္ဓသံဃာ၏ အရိပ်အာဝါသအောက်၌ နေရသည်မှာ ကျွန်ုပ်အဖို့ စိတ်ငြိမ်းချမ်းလှပေ၏။ သို့ရာတွင် ဗုဒ္ဓဝါဒသည် ဥရောပလူမျိုးတို့ လက်ခံရန် မဖြစ်နိုင်ကြောင်း ရှေးကထက် ကျွန်ုပ် ပိုမိုသိမြင်လာ၏။ ဗုဒ္ဓဝါဒနှင့် ကိုက်ညီစေလိုပါက ဥရောပတိုက်သားတို့၏ မူလခံယူချက်များကို အတော်အတန် ပြောင်းလဲပစ်ရပေလိမ့်မည်။"(၁)

ဤသည်မှာ အနောက်နိုင်ငံ ဗုဒ္ဓသာသနာပြုလုပ်ငန်းသည် အချည်းနှီးဖြစ်သည်ဟု ဆိုလိုခြင်း မဟုတ်ချေ။ အနောက်နိုင်ငံများ၌ ဗုဒ္ဓဝါဒကို စူးစမ်းလေ့လာလိုသော ပုဂ္ဂိုလ်များ အမှန်မုချရှိ၏။ ထိုနိုင်ငံများ၌ သာသနာပြုရန်ကိစ္စကို ဒေသခံဗုဒ္ဓဝါဒီ ရဟန်းရှင်လူတို့က ဆောင်ရွက်ကြရပေမည်။ ယခုအခါ အင်္ဂလန်နိုင်ငံ၌ အင်္ဂလိပ် ရဟန်းသံဃာအဖွဲ့ပင် ရှိနေပြီဖြစ်၏။ အနောက်နိုင်ငံများ၌ အထိုက်အလျောက် ဗုဒ္ဓဝါဒ ပြန့်ပွားနေခြင်းမှာ စင်စစ် မူလပထမက ဗုဒ္ဓဘာသာ တိုင်းပြည်များမှ နိုင်ငံခြား ဗုဒ္ဓသာသနာပြုများကြောင့် မဟုတ်ဘဲ ဥရောပတိုက်သား ဗုဒ္ဓဝါဒီနှင့် ဗုဒ္ဓစာပေပညာရှင်များ၏ အားထုတ်မှုကြောင့် ဖြစ်ကြောင်း သတိပြုသင့်ပေသည်။ ။

* * *

---

၁။ **Hermann Kerserling: The Travel Diary of a Philosopher, pp. 53**

# အခန်း (၁၉)

# ရှုပင်ဟောဝါ၏ ဗုဒ္ဓဒဿန

လူသည် ဘယ်အခါမျှ အလိုမပြည့်ချေ။
လူတို့၌ အလိုဆန္ဒများ တစ်စိတ်တစ်ဒေသ
ပြည့်ဝမှုသည်ပင် နည်း၏။
အလိုဆန္ဒအားလုံး ပြည့်ဝလျှင်လည်း
လူသည် မိမိဘဝကို ငြီးငွေ့လာ၏။

# အခန်း (၁၉)
# ရှိုပင်ဟွာ၏ ဗုဒ္ဓဒဿန

## (က) ရှိုပင်ဟွာ

အနောက်နိုင်ငံများ၌ ဗုဒ္ဓဝါဒနှင့် တွေးခေါ်မြော်မြင်မှု နီးစပ်သော ပညာရှင်များ ထွက်ပေါ်ခဲ့ပေရာ အထူးထင်ရှားသော ပညာရှင်မှာ ဂျာမန်ဒဿနဆရာ **ရှိုပင်ဟွာ** ဖြစ်၏။ အခြားပညာရှင်တို့သည် အချို့သော ဗုဒ္ဓတရားများကိုသာ လက်ခံနိုင်ကြမည် ဖြစ်၍ ရှိုပင်ဟွာသည်ကား ဗုဒ္ဓတရားအားလုံးကို နှစ်သက်ထောက်ခံခဲ့သော အသိပညာရှင် ဖြစ်၏။

သူသည် မိမိ၏ ဘဝအတွေးအခေါ်များကို ၁၈၁၈ ခုနှစ်၌ စာအုပ်[၁] ရေးသား၍ တင်ပြ၏။ သူ၏စာအုပ်မှာ နှစ်ပေါင်းများစွာ ကြာသည်အထိ ရောင်းမစွံချေ။ သူ၏ ဘဝတစ်သက်တာ၏ နောက်ဆုံးနှစ်များကျမှ သူ၏ ရေးသားချက်များကို လူများစိတ်ဝင်စား လာကြ၏။ သူ၏ဒဿနကို ပညာရှင်တို့ လေ့လာဆွေးနွေးကြ၏။ သူ၏စာအုပ်သည် ကျော်ကြားလာ၍ သူ အသက် ၇၀ ပြည့်သော မွေးနေ့၌ အတိုင်းတိုင်းအပြည်ပြည်မှ သူ့ထံသို့ ချီးကျူးစာများ ပေးပို့ကြ၏။

သူ၏စာအုပ်၌ လူသတ္တဝါတို့သည် တဏှာရာဂ၏ စိုးမိုးခြင်းကို ခံနေရ၍ ဤလူ့ဘုံသည် ဒုက္ခဘုံကြီး ဖြစ်နေပုံကို များစွာသောအကြောင်းယုတ္တိ၊ သာဓကအထောက် အထားများဖြင့် ပြဆိုထား၏။ သူ၏ ဘဝအမြင်သည် ဗုဒ္ဓဝါဒနှင့် အံ့ဖွယ်လိလိ တူညီ နေသဖြင့် ရှိုပင်ဟွာသည် ဗုဒ္ဓဝါဒကို လေ့လာပြီးမှ သူ၏စာအုပ်ကို ရေးသားခဲ့လေသလော ဟု စဉ်းစားရန်ရှိ၏။ သူ အသက်ထင်ရှားရှိစဉ်က အနောက်တိုင်းပညာရှင်တို့သည် ဗုဒ္ဓ

---

၁။ Schopenhauer: The World as Will and Idea

ဝါဒကို သေချာကျနစွာ လေ့လာခြင်းမပြုကြရသေးချေ။ ဗြိတိသျှစွယ်စုံကျမ်းလာ ရှိုပင်ဟွာ၏ အကြောင်းရပ်၌ သူသည် ဗုဒ္ဓစာပေများကို လေ့လာသည်ဟုမဆိုဘဲ ဥပနိသျှ စာပေများကိုသာ လေ့လာခဲ့သည်ဆို၏။ ရှိုပင်ဟွာ၏ အဆိုအားဖြင့်-

"ကျွန်ုပ်၏ ရေးသားချက်များသည် ကမ္ဘာလူသား အမြောက်အမြား ယုံကြည်သော ဗုဒ္ဓဝါဒနှင့် တူညီနေကြောင်း သိရသဖြင့် ကျွန်ုပ် များစွာအားရ ကျေနပ်မိပါသည်။ စာအုပ်ရေးသားစဉ်က ဗုဒ္ဓဝါဒကို ကျွန်ုပ် မလေ့လာရသေးသောကြောင့် သာ၍ကျေနပ်မိပါသည်။ စာအုပ်မထွက်ပေါ်မီက ဗုဒ္ဓဝါဒအကြောင်းကို အာရှသုတေသနဂျာနယ်များ၌သာလျှင် တစ်ခါတစ်ရံ အနည်းငယ် ဖတ်ရှုခဲ့ရပါသည်။"[၁]

ဤနေရာ၌ အချို့သော ပုဂ္ဂိုလ်တို့သည် မိမိ၏တရားကို မကြားနာရသော်လည်း အမှန်တရားကို သိမြင်၍ အကျွတ်တရား ရရှိကြမည်ဖြစ်ကြောင်း ဗုဒ္ဓ၏ ဟောကြားချက်ကို ကျွန်ုပ်တို့ ပြန်လည်သတိရသင့်ပေ၏ (စာ-၅၀)။ ရှိုပင်ဟွာ၏ဒဿနမှ လိုရင်းအချက်များကို ဖော်ပြပါအံ့။

## (ခ) ဘဝတဏှာ

ဒဿနဆရာများက လူ၏သိမှုကို ရှေ့တန်းသို့တင်၍ လူသည် အသိဉာဏ်ရှိသော သတ္တဝါဖြစ်သည်ဟု ဆိုကြ၏။ ဤအဆိုမှာ မမှန်ကန်ချေ။ သိမှုသည် စိတ်ဝိညာဉ်၏ အပေါ်လွှာမျှသာဖြစ်၍ အလွှာ၏အောက်၌ အလွန်အင်အားကြီးသော တဏှာ လိုအင်ဆန္ဒသည်ရှိ၏။ တဏှာသည် အမြဲထကြွလှုပ်ရှား၍ လူကိုစိုးမိုးလျက်ရှိ၏။ အသိဉာဏ်သည် တစ်ခါတစ်ရံ တဏှာကို ဦးဆောင်သည်ထင်ရသော်လည်း စင်စစ် တဏှာ၏ နောက်မြီးဆွဲဖြစ်၏။ လူသည် အကြောင်းရှိ၍ တစ်စုံတစ်ခုကို လိုချင်သည်မဟုတ်။ တစ်စုံတစ်ခုကို လိုချင်သောကြောင့် အကြောင်းကိုရှာ၏။ မိမိ၏ အလိုဆန္ဒများကို ဖုံးကွယ်ရန် ဘာသာတရားနှင့် ဒဿနများကို ဖန်တီး၏။

အသိဉာဏ်သည် တဏှာကို အလုပ်အကျွေးပြုကြောင်း လူတို့သိရှိနားလည်သောကြောင့် အသိဉာဏ်ထူးချွန်မှုထက် စေတနာသန့်ရှင်းမှုကို ပိုမိုနှစ်သက်ကြ၏။ အသိဉာဏ်ထူးချွန်သောသူသည် လူတို့၏ ချီးမွမ်းခြင်းကို ခံရသော်လည်း ချစ်ကြည်မှုကို မရရှိချေ။ 'လူလယ်လုပ်သည်'၊ 'လူပါးဝသည်' 'လူညွန့်ရူးစားသည်'စသော စကားများဖြင့် အသိဉာဏ်ထူးချွန်မှုကို မယုံသင်္ကာ၊ မနှစ်သက်သော လက္ခဏာပြကြ၏။

လူ၏ကိုယ်ခန္ဓာသည် တဏှာ၏အစွမ်းဖြင့် ပေါ်ထွန်းလာသော ရုပ်ဝတ္ထုဖြစ်၏။ ဇီဝိတရုပ်၏တည်ရာ ဘဝတဏှာက သွေးကိုတွန်းထုတ်လိုက်သောကြောင့် သွေးလွှတ်ကြော၊ သွေးပြန်ကြောများ ဖြစ်ပေါ်လာရ၏။ သိလိုမှု၊ ကိုင်တွယ်လိုမှုနှင့် စားလိုမှုကြောင့် ဦးနှောက်၊ လက်၊ ပါးစပ်၊ လျှာ၊ သွား စသည်တို့ ဖြစ်ထွန်းလာကြ၏။ အချုပ်အားဖြင့်

---

၁။ **Richard Taylor: Selected Writings of Schopenhauer, pp. 11**

ကိုယ်အင်္ဂါများသည် တဏှာကိုဖြည့်စွမ်းရန် သဘာဝက ဖန်တီးသော ရုပ်တရားများ ဖြစ်၏။

တဏှာသည် သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံး၏ မူလဘူတဓာတ်ဖြစ်၏။ သံလိုက်ဓာတ်၊ လျှပ်စစ်ဓာတ်၊ ကမ္ဘာ့ဆွဲအားဓာတ် စသည်တို့သည် တဏှာဖြစ်၏။ သစ်ပင်များသည် အသိဉာဏ်မရှိသော်လည်း တဏှာ၏ စွမ်းဆောင်မှုကြောင့် ရှင်သန်ကြ၏။ တိရစ္ဆာန်များသည် ဘဝတဏှာက ကာကွယ်စောင့်ရှောက်သောကြောင့် အသက်ဘေးရန်ကို အလိုလို သိမြင်ကြ၏။ ဘဝတဏှာသည် မိမိဘဝကို တွယ်တာ၍ အသက်ရှင်နေလိုသော သတ္တဝါတို့၏ အကြီးမားဆုံး အလိုဆန္ဒဖြစ်၏။ လူသတ္တဝါသည် သေမင်းကို ရင်ဆိုင်ရသောအခါ တမလွန်ဘဝရှိသည်၊ သို့မဟုတ် အတ္တဝိညာဉ်သည် ထာဝရခိုင်မြဲသည်ဟူသော ယုံကြည်ချက်ဖြင့် သဘာဝတရားက ဘဝတဏှာကို အသက်ဆက်ပေး၏။

သို့ဖြင့် သေသည်၏အခြားမဲ့၌ ရုပ်နာမ်ခန္ဓာသည် အကြွင်းမဲ့ ချုပ်ငြိမ်းသွားသော်လည်း သေခြင်းတရားသည် ဘဝတဏှာကို မဖျက်ဆီးနိုင်ချေ။ တမလွန်ဘဝနှင့် အတ္တယုံကြည်မှုမှတစ်ပါး ဘဝတဏှာကို အားဖြည့်ပေးသော သက်ရှိများမှာ ဆိုင်ရာပုဂ္ဂိုလ်၏ သားသမီးများဖြစ်၏။ လူသတ္တဝါသည် မိမိသေသောအခါ မိမိ၏နေရာကို ဆက်ခံ၍ မိမိအား ကိုယ်စားပြုမည့် သားသမီးများကို အလိုရှိ၏။ သားသမီးလိုချင်မှုသည် လူတို့၌ပြင်းပြ၍ ယောကျ်ားနှင့် မိန်းမတို့၏ အိမ်ထောင်ပြုခြင်း၏ ပဓာနရည်မှန်းချက်ဖြစ်၏။ သားသမီးမရရှိပါက ဘဝတဏှာသည် အချည်းနှီးဖြစ်၍ မိမိတို့မျိုးဆက်ပြတ်မည့်အရေးကို မျှော်တွေးပူပန်ကြ၏။

လူသတ္တဝါသည် မိမိ၏ သားသမီးများကို ငါ့စွဲ၊ အတ္တစွဲဖြင့် သံယောဇဉ်ဖြစ်၍ ဆင်းရဲဒုက္ခခံပြီး ပြုစုစောင့်ရှောက်၏။ တဏှာရာဂအချစ်သည် သဘာဝတရားက သတ္တဝါမျိုးစု တည်မြဲမှုအတွက် လူတို့ကို နှောင်ဖွဲ့ရန် အသုံးပြုသောလက်နက်ဖြစ်ရကား ၎င်းကို ယုံစားမိသောသူသည် ဆင်းရဲဒုက္ခဖြစ်ရမည် အမှန်ဖြစ်၏။ စင်စစ် လူသတ္တဝါသည် သတ္တဝါမျိုးစု တည်တံ့မှုအတွက် ဆောင်ရွက်သော သဘာဝတရား၏ ခုတုံးမျှသာဖြစ်၍ လူတို့ကို စိုးမိုးနေသော တဏှာရာဂအချစ်သည် မိသားစုနယ်၌ အစုံရေစီးကြောင်းသာလျှင်ဖြစ်၏။ သို့ဖြင့် လူသည် သားသမီးရရှိခြင်းဖြင့် သတ္တဝါမျိုးစုအား အကျိုးပြုပြီးသောအခါ ဘဝလုပ်ငန်း ပြီးဆုံး၍ သေမင်းကိုရင်ဆိုင်ရ၏။

## (ဂ) ဒုက္ခသစ္စာ

လူ့ဘဝကို အကောင်းရှုမြင် သုံးသပ်သောသူတို့၏ သုခဝါဒသည် လူ့ဘဝ၏ မျက်မြင်ဒိဋ္ဌဓမ္မများနှင့် တစ်ခြားစီဖြစ်၏။ လူ့ဘဝသည် သတ္တဝါမျိုးဆက်အား အကျိုးပြုမှုထက် ပိုမိုလေးနက်သော အခြားအဓိပ္ပာယ် ရည်မှန်းချက်မရှိချေ။ အကယ်၍

ထိုရည်မှန်းချက်ရှိလျှင်လည်း ကျွန်ုပ်တို့ မသိမြင်နိုင်ချေ။ သုခဝါဒ အလိုအားဖြင့် လောက၌ အဆိုးထက်အကောင်းက ပိုမိုအလေးသာရှိမည်ဖြစ်သော်လည်း အကောင်းက ရှား၍ အဆိုးကပေါများနေခြင်းမှာ မျက်မြင်အထင်အရှားဖြစ်၏။

တဏှာကြီးစိုးနေသော ဤလူ့ဘုံ၌ အလိုဆန္ဒမပြည့်မှုသည် ဒုက္ခနှင့် အမြဲဒွန်တွဲနေ၏။ လူသည် ဘယ်အခါမျှ အလိုမပြည့်ချေ။ လူတို့၌ အလိုဆန္ဒများ တစ်စိတ်တစ်ဒေသ ပြည့်ဝမှုသည်ပင် နည်း၏။ အလိုဆန္ဒအားလုံး ပြည့်ဝလျှင်လည်း လူသည် မိမိ ဘဝကို ငြီးငွေ့လာ၏။ မင်းစိုးရာဇာနှင့် သူဌေးသူကြွယ်များ အပျင်းပြေဖိမ်ခံရန် နည်းလမ်းများ တီထွင်ဖန်တီးရသောကြောင့် လူတို့၏ အလိုဆန္ဒများသည် ယုတ်လျော့မသွားဘဲ တနေ့တခြား ပိုမိုတိုးပွားလျက်ရှိ၏။

စင်စစ်ချမ်းသာသုခသည် ထင်ရှားမရှိ၊ ဆင်းရဲဒုက္ခသည်သာ ဧကန်ထင်ရှားရှိ၍ ဆင်းရဲဒုက္ခကင်းမှုသည်ပင် ချမ်းသာသုခဖြစ်၏။ ဥပမာ လွတ်လပ်မှုနှင့် ကျန်းမာမှုသည် ချမ်းသာသုခအဖြစ်ဖြင့် မထင်ရှားသောကြောင့် ၎င်းတို့ရှိသောအခါ၌ နှစ်သက်မြတ်နိုးရမှန်း လူတို့မသိ။ ၎င်းတို့မရှိသောအခါ (ဝါ) အကျဉ်းချထားခြင်း၊ သို့မဟုတ် ရောဂါနှိပ်စက်ခြင်း ခံရသောအခါ၌မူ ဆင်းရဲဒုက္ခသည် ထင်ရှား၍ သိသိမှတ်မှတ် ခံစားကြရ၏။ အခြား သက်ရှိသတ္တဝါများထက် လူက ဒုက္ခ ပိုမိုခံစားရသော အကြောင်းတစ်ခုမှာ အသိဉာဏ်ဖြစ်၏။ အသိဉာဏ်၏ အခြေခံဖြစ်သော အမှတ်သညာနှင့် စိတ်ကူးတွေးခေါ်မှုသည် ဆင်းရဲဒုက္ခကို အထူးဖန်တီးပေးသော စေတသိက်များဖြစ်၏။ သေရမည့် အရေးကို တွေးတောပူပန်ရခြင်းသည် တစ်ခဏအတွင်း ကိစ္စပြီးပြတ်နိုင်သော သေမှုထက်ပို၍ စိတ်ဆင်းရဲမှု ဖြစ်စေသည် မဟုတ်ပါလော။

လူ့ဘုံသည် ဒုက္ခဘုံ အစစ်ဖြစ်သောကြောင့် ရေးကဗျာစာဆိုကြီး ဒန်တီ[၁] သည် ငရဲပြည်အကြောင်း ရေးစပ်ရာ၌ အခက်အခဲမတွေ့ကြုံခဲ့ရချေ။ လူတို့၏ ဆင်းရဲဒုက္ခများမှာ ပေါများလှ၍ ယင်းတို့ကို မှိုင်းမပြုပြီး ငရဲခန်းကိုဖွဲ့ဆိုရာ၌ ထူးခြားစွာ အောင်မြင်ခဲ့၏။ ကောင်းကင်ဘုံ၏ သာယာပျော်မွေ့ဖွယ်ရာများကို ရေးဖွဲ့ရာ၌မူ လူ့ပြည်မှ မှိုင်းမပြုစရာ များများစားစား မရှိသောကြောင့် ဒန်တီသည် စိတ်ကူးဉာဏ်မရွှင်ဘဲ စာဖတ်ပရိသတ်၏စိတ်ကို မဆွဲဆောင်နိုင်ခဲ့ချေ။

ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခကို မေ့လျော့၍ ပျော်ရွှင်စွာနေလိုပါက လူငယ်များနည်းတူ အမှတ်သညာ၊ အသိအလိမ္မာ နည်းပါးရပေမည်။ လူငယ်များမှာ တဏှာရာဂ သွေးဆူပူနေသော အရွယ်ဖြစ်၍ အမြဲစိတ်လှုပ်ရှားနေကြ၏။ ထို့ကြောင့် ဂရိဒဿနဆရာကြီး ပလာတိုသည် သက်ကြီးအိုများ၏ အလိုရမ္မက်နည်းပါးမှု၊ စိတ်တည်ငြိမ်မှုကို ချီးမွမ်း၏။ သို့ရာတွင် ထိုအိုမင်းမစွမ်းသော အရွယ်၌ လူ့ဘဝသည် အနှစ်သာရကင်း၍ အခွံအကာမျှသာ ရှိတော့၏။ သေမင်းကို နောက်ဆုံးရင်ဆိုင်ရန်အချိန်မှာလည်း နီးကပ်နေပေပြီ။

၁။ **Dante. "Divine Comedy"**

## (ဃ) ဝဋ်ဒုက္ခမှ ထွက်ရပ်လမ်း

သို့ဖြစ်၍ ကျွန်ုပ်တို့၏ လိုအပ်ချက်မှာ အစဉ်အလာ၊ ဘာသာရေး ယုံကြည်ချက်များဖြင့် စိတ်ဖြေသိမ့်မှုကို ရှာမနေဘဲ ဆင်းရဲဒုက္ခ၏ မူလအစဖြစ်သော တဏှာရာဂကို အရှုယ်မလွှန်၊ အချိန်မနှောင်းမီ တတ်နိုင်သမျှ ပယ်သတ်ရန်ဖြစ်၏။ တဏှာကို ပယ်သတ်ရန် လိုအပ်သောလက်နက်မှာ ပစ္စည်းဥစ္စာမဟုတ်၊ အသိအလိမ္မာ ပညာဖြစ်၏။ လူတို့သည် အသိပညာကို တန်ဖိုးမထားဘဲ ပစ္စည်းဥစ္စာကို ပိုမိုမက်မောကြ၏။ စိတ်ချမ်းသာမှုအတွက် ပစ္စည်းဥစ္စာကို မည်သို့အသုံးပြုရမှန်းမသိကြချေ။ အသိပညာဖြင့် ပျော်မွေ့လေ့မရှိသောကြောင့် စီးပွားဥစ္စာရှာဖွေရန် မတတ်နိုင်သော အသက်အရွယ် ဘဝအခြေအနေ၌ မည်သို့ အချိန်ကုန်လွန်ရမည်မသိဘဲ စိတ်ဆင်းရဲကြရ၏။

တဏှာ၏စိုးမိုးမှုမှ လွတ်မြောက်ရန်အတွက် လိုအပ်သော အသိအလိမ္မာ ပညာသည် ကျောင်းပညာ၊ တက္ကသိုလ်ပညာမဟုတ်ဘဲ ဘဝအတွေ့အကြုံများမှရရှိသော အတွေးအခေါ် မှန်ကန်မှုနှင့် စိတ်ဓာတ်ရင့်ကျက်မှုကို ဆိုလိုခြင်းဖြစ်၏။ ပထမအရေးကြီးသောအချက်မှာ ဖြစ်ပျက်သမျှသည် အတိတ်မှ အကြောင်းတရားများကြောင့် မလွှဲမရှောင်သာ ဖြစ်ခြင်းကို သိမြင်ရပေမည်။ ထိုသို့ မိမိကိုယ်မိမိ အစိုးမရသောသဘောကို သိမြင်ပါက ဘဝအဆင်မပြေမှု၊ ချို့တဲ့မှုနှင့် ရှုံးနိမ့်မှုများကြောင့် အလွန်အကျွံ စိတ်ဆင်းရဲရမည်မဟုတ်ချေ။ လူသည် မိမိ၏စရိုက်၊ ဝါသနာနှင့် အလိုဆန္ဒများအကြောင်း ပို၍ သိလေ၊ ယင်းတို့၏ အနှောင်အဖွဲ့မှ လွတ်မြောက်လေဖြစ်၏။

အသိပညာ ရင့်ကျက်မှုအတွက် ဘဝအသိအမြင်သည် အရေးကြီး၏။ ထိုအသိအမြင်သည် စာဖတ်၍ မရရှိအပ်ဘဲ အတွေ့အကြုံနှင့် အတွေးအခေါ်များ၌ အခြေတည်ရပေမည်။ စာအုပ်များကိုသာ အားကိုးနေပါက မိမိ၏ အတွေးအမြင်များမှာ ကြုံလှီ၍ အရေးမပါ၊ အရာမထင် ဖြစ်နေတတ်၏။ မိမိဉာဏ်စွမ်းဖြင့် ဆင်ခြင်သုံးသပ်မှုလည်း တစ်စတစ်စ ခေါင်းပါးလာတတ်၏။ စာဖတ်ရာ၌ ကမ္ဘာ့ပညာရှင်တို့၏ စာပေများကို ဦးစားပေး၍ သူတစ်ပါးက ဖွင့်ဆိုရေးသားချက်များ၌ အစွဲမရှိအပ်ချေ။

ကိုယ်ကျင့်ဒဿနသည်လည်း ဘဝအတွေ့အကြုံနှင့် အသိပညာမှ ထွက်ပေါ်လာသော ဒဿနဖြစ်ရပေမည်။ လူ၏ အပြုအမူများသည် အများအားဖြင့် မိမိမသိမြင်သော အကြောင်းတရားများ၌ အရင်းခံသောကြောင့် သမားရိုးကျ ဆုံးမဩဝါဒသည် အရေးမပါလှချေ။ ဆရာမိဘ၏ ဆုံးမဩဝါဒကို ကြားနာရခြင်းထက် လူ့သဘာဝစိတ်ကို သိရှိနားလည်မှုသည် ကိုယ်ကျင့်တရား တိုးတက်ကောင်းမွန်ရေးကို ပိုမိုအကျိုးပြု၏။

ကိုယ်ကျင့်တရားနှင့် ပတ်သက်သော လူ့သဘာဝစိတ် သုံးမျိုးရှိ၏။ ပထမမှာ တစ်ကိုယ်ကောင်းစိတ်ဖြစ်၏။ လူသည် မိမိကိုယ်ကိုချစ်၍ မိမိအကျိုးစီးပွားကို ရှာလေ့ရှိ၏။ မိမိ၏ ကြီးပွားချမ်းသာမှုအတွက် မိမိကိုယ်မိမိ အများဆုံး အားကိုးရမည်ဖြစ်သောကြောင့် တစ်ကိုယ်ကောင်းစိတ်ကို များစွာပြစ်တင်ကဲ့ရဲ့ခြင်း မပြုသင့်ချေ။ တစ်ခါတစ်ရံ သူတစ်ပါး

အပေါ် ဆိုးကျိုးသက်ရောက်သော်လည်း နဂိုမူလက စေတနာကောင်း၍ အကျင့်သီလနယ်၌ အကောင်းအဆိုးသတ်မှတ်ရန် မဖြစ်နိုင်ချေ။ တစ်ကိုယ်ကောင်းစိတ်ထက် အမှန်တကယ် ပိုမိုဆိုးရွားသော လူ့သဘာဝစိတ်မှာ သူတစ်ပါးအား ပျက်စီးလိုသောစိတ်ဖြစ်၏။ ဤစိတ်သည် လူတို့၌သာရှိ၍ တိရစ္ဆာန်များ၌ မတွေ့ရချေ။ တိရစ္ဆာန်တို့၏ ကြမ်းကြုတ်ရက်စက်မှုသည် မသိမှု၌အရင်းခံ၍ စေတနာကောင်းသော ရက်စက်မှုဖြစ်၏။ လူသည်ကား ထိုသို့မဟုတ် မိမိအား ဘာမျှအကျိုးမရှိဘဲ သူတစ်ပါးအား ပျက်စီးစေလိုသော စိတ်သည် လူသတ္တဝါ၏သန္တာန်၌ ကိန်းအောင်းနေ၍ ဘာသာတရားနှင့် လိမ္မာယဉ်ကျေးမှုက နှိမ်နင်းသော်လည်း မအောင်မြင်ခဲ့ချေ။ အထူးသဖြင့် လူတစ်ဦးနှင့်တစ်ဦး လူနေမှုဘဝ အဆင့်အတန်း ကွာဟမှုများပြားသော ယခုခေတ်၌ မိမိထက်သာသော သူကို နစ်နာပျက်စီးစေလိုသော စိတ်ဓာတ်မှာ များစွာသောလူတို့၏ အပြောအဆို အပြုအမူ အကျင့်အကြံများ၌ ထင်ရှား၏။

သို့ရာတွင် လူသည် အတ္တစိတ်နှင့် ဣဿာမစ္ဆရိယစိတ်သာလျှင် လွှမ်းမိုးနေသော သတ္တဝါမဟုတ်ချေ။ ထိုသဘာဝစိတ်များနှင့် ဆန့်ကျင်သော အခြားသဘာဝ စိတ်တစ်ခု ရှိပေသေးရာ ၎င်းမှာ သနားကြင်နာစိတ်ဖြစ်၏။ ဆင်းရဲဒုက္ခခံနေရသော သူတို့အား သနားကြင်နာသောစိတ်သည် လူတိုင်းလိုလို၌ အနည်းအများရှိ၍ လူလောက၏ ကြီးပွားတိုးတက်မှုကို အတော်အတန် အကျိုးပြုခဲ့၏။ သနားကြင်နာမှုသည် အသိပညာနှင့်မဆိုင်ဘဲ လူ၏နှလုံးသားမှ ထွက်ပေါ်လာသော စိတ်ဖြစ်၏။ သူတစ်ပါးအား သနားကြင်နာသောသူသည် ငါ-သူတစ်ပါး မခွဲခြားဘဲ မိမိကိုယ်ကို အခြားသတ္တဝါများနှင့် ထပ်တူပြု၍ ဘဝတဏှာကို ပယ်ခွာရန် အားထုတ်ရာ၌ အောင်မြင်ရန် အလားအလာရှိ၏။

ထိုသို့ ရှိုပင်ဟောသည် မိမိ၏ ကိုယ်ကျင့်ဒဿန၌ ကရုဏာတရားကို အလေးထား၍ ရေးသားခဲ့စေကာမူ မဟာယာနဝါဒီတို့ကဲ့သို့ ကမ္ဘာသူကမ္ဘာသားတို့အား ကယ်တင်ရေး၌ စိတ်မဝင်စားချေ။ သူ၏အလိုအားဖြင့် လူတို့သည် စုပေါင်းနေထိုင်သော သတ္တဝါများဖြစ်၍ အချင်းချင်း ကူညီရန်လိုအပ်သော်လည်း ပုဂ္ဂိုလ်တစ်ဦး၏ ကြီးပွားချမ်းသာရေး၌ သူတစ်ပါး၏ ကူညီမှုသည် အကြောင်းမဟုတ်။ မိမိအစွမ်းဖြင့် အားထုတ်မှုသည်သာ ပဓာနဖြစ်၏။ သူတစ်ပါး၏ ကူညီမှု၊ ချီးမွမ်းမှုစသည်တို့ကို ခံယူလိုခြင်းသည် မိမိ၏ချမ်းသာသုခကို သူတစ်ပါးအား ပေးအပ်ထားသည်နှင့်တူ၏။ သူတစ်ပါး၏ ယုံကြည်ကိုးစားခြင်းနှင့် တမလွန်ဘဝ၊ ထာဝရကောင်းကင်ဘုံ စသည်တို့ကို မျှော်မှန်းခြင်းသည်လည်း အချည်းနှီးဖြစ်၏။ သေသောအခါ ဘဝပြတ်စဲသည်ဆိုစေ၊ ဘဝပြတ်စဲခြင်းသည် ဆင်းရဲဒုက္ခမဟုတ်။ လူသတ္တဝါမဖြစ်မီက နှစ်ကာလ အနန္တ ရှိခဲ့သော အဘာဝကို မကြောက်ဘဲ သေပြီးမှ အဘာဝဖြစ်မည်ကို ကြောက်နေခြင်းသည် အဓိပ္ပာယ်မရှိလှေချေ။

* * *

# အခန်း (၂၀)
# ကမ္မလမ်းစဉ်နှင့် အရိယာလမ်းစဉ်

ကမ္မဝါဒီသည်
စိတ်ဓာတ် နုနယ်၍
ပြင်ပလောက၌ အားကိုးရာရှာသည်။
အရိယာဝါဒီကမူ စိတ်ဓာတ်မာကျော၍
မိမိကိုယ်ကို အားကိုးလေ့ရှိသည်။

# အခန်း (၂၀)
# ကမ္မလမ်းစဉ်နှင့် အရိယာလမ်းစဉ်

## (က) ကမ္မလမ်းစဉ်

ဒုတိယကမ္ဘာစစ်ပြီးခေတ်က အမေရိကန် အသိပညာရှင်တစ်ဦးသည် မြန်မာနိုင်ငံ၌ အချိန်ကာလအတန်ကြာ နေထိုင်၍ မြန်မာဗုဒ္ဓဘာသာ၏ အခြေအနေကို စေ့စေ့ငုငု သေချာစွာ စူးစမ်းလေ့လာပြီးလျှင် စာအုပ်တစ်အုပ်[၁] ရေးသားခဲ့၏။ သူ၏အဆိုအားဖြင့် ကမ္မဝါဒနှင့် အကျင့်သီလအပေါ်၌ အခြေခံ၍ တမလွန်ဘဝ ကောင်းစားရေးသို့ ရှေးရှုသော ဗုဒ္ဓဝါဒ၊ သမာဓိနှင့် ပညာပွားများအားထုတ်မှုဖြင့် နိဗ္ဗာန်သို့ ဦးတည်သော ဗုဒ္ဓဝါဒ ဟူ၍ မြန်မာဗုဒ္ဓဝါဒ နှစ်မျိုးရှိသည်။ ယင်းတို့ကို ကမ္မဗုဒ္ဓဝါဒနှင့် နိဗ္ဗာနဗုဒ္ဓဝါဒဟု သူက ခေါ်ဝေါ်၍ ကမ္မဗုဒ္ဓဝါဒမှာ လူထု၏ ဘာသာဖြစ်ပြီး နိဗ္ဗာနဗုဒ္ဓဝါဒမှာ အနည်းငယ်သော ပုဂ္ဂိုလ်တို့၏ ဝါဒဖြစ်သည်ဆို၏။

ဤအဆိုမှာ မြန်မာနိုင်ငံအဖို့သာမဟုတ်၊ သီရိလင်္ကာ၊ ထိုင်းစသော အခြားထေရဝါဒနိုင်ငံများနှင့် ဂျပန်၊ တရုတ်စသော မဟာယာနနိုင်ငံများအဖို့လည်း မှန်ပေလိမ့်မည်။ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသော ယခုခေတ် အနောက်တိုင်းသားတို့အဖို့လည်း အများအားဖြင့် မှားမည်မဟုတ်ချေ။ တစ်နည်းဆိုသော် ဗုဒ္ဓဝါဒ စတင်ပေါ်ထွန်းသော ဘီစီခြောက်ရာစုမှ ယနေ့အထိ ကမ္ဘာအရပ်ရပ်၌ ပေါ်ပေါက်ခဲ့သော ဗုဒ္ဓဝါဒီအများစုသည် ကမ္မဗုဒ္ဓဝါဒီများ ဖြစ်သည်ဟု ယူဆရန် အကြောင်းအချက်ရှိ၏။

အဓိကအချက်မှာ ကမ္မဝါဒသည် လူတို့၏ သဘာဝစိတ်ဆန္ဒနှင့် ကိုက်ညီ၍ နားလည်ရန် လွယ်ကူ၏။ နိဗ္ဗာနဝါဒမှာ လူ့သဘာဝအလိုဆန္ဒနှင့် ဆန့်ကျင်၍

၁။ **Dr. Melford E. Spiro: Buddhism and Society (New York; Harper & Row Publishers, 1970)**

နားလည်ရန် ခက်ခဲ၏။ သို့ဖြစ်၍ ကမ္မဝါဒကဲ့သို့ လူသတ္တဝါအများစု၏ စိတ်အာရုံကို ဆွဲဆောင်နိုင်စွမ်းမရှိချေ။ ဗုဒ္ဓ၏ မူလရည်ရွယ်ချက်မှာ နိဗ္ဗာန်လမ်းခရီးကို ညွှန်ပြရန် ဖြစ်၏။ သို့ဖြင့် ဗုဒ္ဓသည် ကျွတ်ထိုက်သော ပုဂ္ဂိုလ်များကို ဦးစားပေး၍ ဟောကြားသော်လည်း အခြားလူများကို လျစ်လျူပြုမထားဘဲ ကမ္မဝါဒနှင့် ဘဝသံသရာကို ဟောတော်မူ၏။

ဗုဒ္ဓ၏အလိုအားဖြင့် လူ၏အဖြစ်သည် ရခဲ၍ လူသတ္တဝါတိုင်းသည် အမြတ်ဆုံး နိဗ္ဗာန်ချမ်းသာကို မမျှော်မှန်းနိုင်စေကာမူ မိမိ၏ စရိုက်ဗီဇ ဝါသနာနှင့် လျော်ညီသော နေရာကဏ္ဍ၌ မိမိနှင့် ပတ်ဝန်းကျင်၊ လူလောက၏ ကြီးပွားတိုးတက်မှုကို အထိုက်အလျောက် ထောက်ကူနိုင်စွမ်းရှိ၏။ ဤနေရာ၌ ဗုဒ္ဓသာသနာ၏ ကြီးပွားတိုးတက်မှုသမိုင်း၌ ကမ္မဝါဒီတို့၏ အခန်းကဏ္ဍ အရေးပါမှုကို ယုံမှားစရာမရှိချေ။ ဗုဒ္ဓလက်ထက်က ဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားခြင်းသည် တစ်စိတ်တစ်ဒေသအားဖြင့် အနာထပိဏ်သူဌေး၊ သိဟစစ်သူကြီး၊ ပသေနဒီကောသလမင်းစသော သူဌေးသူကြွယ်၊ မင်းစိုးရာဇာ ကမ္မဝါဒီတို့၏ အားပေးချီးမြှင့်မှုကြောင့်ဖြစ်၏။ နိဗ္ဗာန်တရား အားထုတ်သော ဗုဒ္ဓဝါဒီတို့သည်လည်း အချို့မှာ ရတနာသုံးပါး ကြည်ညိုသောသူများ ဖြစ်ကြပေမည်။ သို့ရာတွင် ယေဘုယျအားဖြင့် သဒ္ဓါတရားထက်သန်မှုတွင် ကမ္မဝါဒီတို့ထက် သာမည် မဟုတ်ချေ။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ရဟန်းသံဃာက ဗုဒ္ဓဒေသနာများကို မပျောက်ပျက်အောင် နှုတ်ဖြင့်ဆောင်၍ နှစ်ပေါင်းများစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းသည် ကမ္မဗုဒ္ဓဝါဒီတို့က ပစ္စည်းလေးပါးဖြင့် အားပေးထောက်ပံ့သောကြောင့် ဖြစ်ကြောင်း မမေ့သင့်ချေ။ မြန်မာနိုင်ငံ၌ အထူးပေါများလှသော ကျောင်းကန်ဘုရား၊ စေတီပုထိုးများသည် အများအားဖြင့် ကမ္မဗုဒ္ဓဝါဒီတို့၏ ကောင်းမှုများဖြစ်ကြောင်း သတိပြုရပေမည်။

ကမ္မဝါဒအပေါ်၌ အခြေပြုသော အကျင့်သီလစောင့်ထိန်းမှုနှင့် ကိုယ်စိတ်ချမ်းသာမှု ဆက်စပ်နေပုံကို အကျယ်ရှင်းပြရန် မလိုချေ။ အကျင့်သီလ ပျက်စီးခြင်းသည် ဤလူ့ဘုံ၌ ဒုက္ခမျိုးစုံ ကြုံတွေ့စေရန် စိမ့်ဖန်တီးသော အကြောင်းတရားတစ်ပါးဖြစ်၍ လူတို့ ကိုယ်ကျင့်တရား မြင့်မားလာသည်နှင့်အမျှ ဆင်းရဲဒုက္ခများ လျော့ပါးသွားမည်အမှန် ဖြစ်၏။ သို့ဖြစ်၍ ဗုဒ္ဓသည် ဓမ္မိကသုတ်၊ မင်္ဂလ သုတ်၊ သင်္ဂါလောဝါဒသုတ်စသော ကိုယ်ကျင့်တရားဆိုင်ရာ ဒေသနာများ ဟောကြားခဲ့၏။ ထိုဒေသနာများအရ ဗုဒ္ဓဟောသော အကျင့်သီလသည် ကျယ်ပြန့်နက်ရှိုင်းကြောင်း ထင်ရှား၏။ ကမ္မဗုဒ္ဓဝါဒသည် စင်စစ် ပြီးပြည့်စုံသော ဗုဒ္ဓဝါဒမဟုတ်သော်လည်း ဗုဒ္ဓသည် ဘယ်အခါမျှ နှိမ့်ချပြောဆိုလေ့ မရှိချေ။ ကမ္မဝါဒကိုပယ်သော မက္ခလိဂေါသာလအား ကဲ့ရဲ့ရှုတ်ချ၍ တရားနှင့်အညီ စီးပွားဥစ္စာရှာပြီး သားမယားများအား လုပ်ကျွေးသောလူတို့ကို သိကြားမင်းကပင် ရှိခိုးရကြောင်း ဟောတော်မူခဲ့၏။

ကမ္မဗုဒ္ဓဝါဒ (ဝါ) ကမ္မလမ်းစဉ်၌ လိုအပ်သော သမ္မာဒိဋ္ဌိကို နိဗ္ဗာနဗုဒ္ဓဝါဒ (ဝါ) အရိယာလမ်းစဉ်၌ လိုအပ်သောသမ္မာဒိဋ္ဌိနှင့် ခွဲခြား၍ သိမြင်နားလည်ရပေမည်။ ဦးတည်ချက်မတူသော ကမ္မလမ်းစဉ်နှင့် အရိယာလမ်းစဉ်သည် အခြေခံယုံကြည်ချက် တူညီရန် မဖြစ်နိုင်ချေ။ နိဗ္ဗာန်တရားအားထုတ်သော ပုဂ္ဂိုလ်သည် ကမ္မဝါဒ၊ ဘဝသံသရာနှင့် အကျင့်သီလ၌ အစွဲဥပါဒါန် မရှိအပ်ကြောင်း ဗုဒ္ဓဟောသော ဒေသနာများကို ဆိုင်ရာအခန်းများ၌ ဖော်ပြခဲ့ပေပြီ။ အချို့သော ထိုပိဋကတ်ဒေသနာများမှာ ဗုဒ္ဓဝါဒီတို့၏ ရှေးအစဉ်အလာ ခံယူချက်များနှင့် ဆန့်ကျင်၍ ကမ္မဝါဒီတို့က နှစ်သက်ကြမည် မဟုတ်ချေ။ စင်စစ် ဗုဒ္ဓကိုယ်တော်တိုင် သတ္တဝါတို့၏ စရိုက်ကိုကြည့်၍ ဟောပြောခြင်း၊ မှန်သော စကားပင်ဖြစ်စေ ကြားနာသူအား အကျိုးမရှိမည့် စကားဖြစ်ပါက ဘာမျှမပြောဘဲ ဆိတ်ဆိတ်နေတော်မူခြင်းကို သတိပြုသင့်ပေ၏။

ပုထုဇဉ်သတ္တဝါများအဖို့ အစစအရာရာ၌ အမြင်မှန်ရရှိရန် မဖြစ်နိုင်သောကြောင့် မုချအကျိုးရှိမည့် မှန်သောတရားများကို ကောင်းစွာသိမြင်ရန် အားထုတ်ရပေမည်။ မာလုကျပုတ္တအား ဗုဒ္ဓမိန့်ကြားသောစကားကို ကျွန်ုပ်တို့ ပြန်လည်အမှတ်ရသင့်၏ (စာ-၆၅)။ ဥပမာ ကျောင်းပညာအခြေခံ လုံးဝမရှိသောသူတို့သည် နေကကမ္ဘာကို လှည့်ပတ်သည်ဟု ယုံကြည်ကြသော်လည်း ထိုအယူလွဲမှားမှုကြောင့် အကျိုးယုတ်ဖွယ်ရာ မရှိချေ။ နေနှင့်ပတ်သက်၍ ဆိုးရွားသော မသိမှုမှာ နေရောင်ခြည်နှင့် မကြာခဏ အလွန်အမင်း တွေ့ထိရာမှ ဖြစ်ပေါ်မည့် အရေပြားကင်ဆာ အန္တရာယ်ကို မသိမှုဖြစ်၏။ ဗုဒ္ဓဝါဒအမြင်အားဖြင့် သေပြီးနောက် ဘဝသစ်တဖန်ဖြစ်သော သတ္တဝါသည် ပုဂ္ဂိုလ်ဟောင်း မဟုတ်၊ ပုဂ္ဂိုလ်သစ်လည်းမဟုတ် ဟူသောအချက်ကို မသိမြင်မှုသည် အရိယာလမ်းစဉ်၌ နိဗ္ဗာန်မဂ်ဖိုလ်ကို ပိတ်ပင်တားဆီးသော မသိမှုဖြစ်၏။ ကမ္မလမ်းစဉ်၌မူ အကျင့်သီလ၏ အန္တရာယ်မဟုတ်ချေ။ အများအားဖြင့် အသိဉာဏ် မရင့်ကျက်သေးသော ကမ္မဝါဒီတို့သည် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိကိုပယ်ရန် အားထုတ်ရမည်ဆိုပါက ဦးနှောက်ရှုပ်ထွေးရုံမှတစ်ပါး အခြားအကျိုးကျေးဇူး ထူးထူးခြားခြား ဖြစ်ထွန်းမည် မဟုတ်ချေ။

ကမ္မလမ်းစဉ်၌ မုချအကျိုးယုတ်စေမည်ဖြစ်၍ ဖယ်ရှားရန်လိုအပ်သော အယူလွဲမှားမှုများကား ရှိ၏။ ယင်းတို့ကို ကမ္မဝါဒနှင့် အကျင့်သီလအခန်းများ၌ ပိဋကတ်ဒေသနာ အထောက်အထားများနှင့်တကွ စုံစုံစေ့စေ့ ဖော်ပြခဲ့ပေပြီ။ ယခု အကျဉ်းချုပ်၍ ထပ်မံပြဆိုပါအံ့။

ကမ္မဟူသော ပါဠိပုဒ်၏ အနက်အဓိပ္ပာယ်မှာ အမှု၊ အလုပ်ဖြစ်၍ ကမ္မသည် အတိတ်ဘဝက ပြုခဲ့သောအမှုကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ အတိတ်နှင့်ပစ္စုပ္ပန် အမှုနှစ်မျိုးစလုံးကို ရည်ညွှန်း၏။ ဗုဒ္ဓဝါဒသည် မျက်မှောက်ဘဝကို အလေးပေးသောကြောင့် ကာသာလျှင်အမိ၊ ကာသာလျှင်ကိုယ်ပိုင်ဥစ္စာ စသော ဗုဒ္ဓစကားများသည် မျက်မှောက်ဘဝ အမှုများကို ဦးစားပေးရည်ညွှန်းသော စကားများဖြစ်၏။

လူသတ္တဝါတို့ ဖြစ်ပျက်ကြုံတွေ့ ခံစားရမှုများသည် အားလုံး အတိတ်ကံကြောင့် ဖြစ်သည်မဟုတ်။ အတိတ်ကံသည် သတ္တဝါတို့၏ဘဝကို ပြုပြင်ဖန်တီးသော အကြောင်းတရား တစ်ပါးမျှသာဖြစ်၍ အခြားတစ်ပါးသော အကြောင်းတရားများ ရှိသေး၏။ ယင်းတို့တွင် သူတစ်ပါး၏ လုံ့လပယောဂသည် သီးခြား အကြောင်းတရားတစ်ပါးဖြစ်၍ အတိတ်ကံနှင့် ခွဲခြား၍နားလည်ရန် လိုအပ်၏။ ဘုရားရှင်ခြေထောက်၌ အနာဖြစ်ခြင်းသည် ကျောက်တုံးကို လိမ့်ချသော ဒေဝဒတ်၏ ပယောဂကြောင့်ဖြစ်၍ အတိတ်ကံကြောင့် မဟုတ်ချေ။

လူ့သမိုင်းတစ်လျှောက်၌ လူတို့ ဆင်းရဲဒုက္ခ ကြုံတွေ့ကြရခြင်းသည် အများအားဖြင့် သူတစ်ပါး၏ လောဘ၊ ဒေါသ၊ မောဟဦးဆောင်သော လုံ့လယောဂ၌ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်သိုက်၍သော်လည်းကောင်း အကြောင်းရင်းမူလရှိ၏။ ငွေရှင်ကြေးရှင်တို့၏ အမြတ်ကြီးစား စီးပွားရေးစနစ်၊ ရှေးဘုရင်တို့၏ ဘုန်းတန်ခိုးရှင်(ဝါ) သက်ဦးစံပိုင်စနစ်၊ ယခုခေတ် အချို့သော နိုင်ငံအစိုးရတို့၏ အာဏာရှင်စနစ်၊ နယ်ချဲ့စနစ် လူမျိုးကြီးဝါဒ, စစ်ဝါဒနှင့် အခြားအဓမ္မဝါဒများကြောင့် များစွာသောလူတို့ ဆင်းရဲဒုက္ခ ခံစားနေကြရခြင်းကို မည်သူမျှ မငြင်းဆိုနိုင်ချေ။ သို့စဉ်လျက် ထိုဆင်းရဲဒုက္ခများသည် အတိတ်ကံကြောင့် ဖြစ်သည်ဆိုခြင်းမှာ ထင်ရှားပြတ်သားသော ဗုဒ္ဓဒေသနာနှင့် လုံးဝဆန့်ကျင်လျက်ရှိ၏။ သဘာဝယုတ္တိ ကင်းမဲ့သည့်အပြင် ရှေးအတိတ်ကံကြောင့် ယခုအပြစ်ခံရသည်ဟူသော မြေနိမ့်ရာလှံစိုက်စကားမျိုးဖြင့် စော်ကားနိုပ်စက်ရာ ရောက်၏။ ပို၍ဆိုးသည်ကား ထိုအယူမှား စွဲကပ်နေသောသူတို့သည် မိမိတို့၏ ကြီးပွားချမ်းသာရေးအတွက် အဓမ္မစနစ်နှင့် ဝါဒများကို ခုခံတော်လှန်လိုသော စိတ်ဓာတ်ခွန်အား ရှိမည် မဟုတ်ချေ။

လူတို့ ချမ်းသာသုခ ခံစားရခြင်းသည် ဆင်းရဲဒုက္ခ ခံစားရခြင်းနည်းတူ အခါခပ်သိမ်း အတိတ်ကံနှင့်မဆိုင်ဘဲ သူတစ်ပါး၏ လုံ့လပယောဂကြောင့် ဖြစ်နိုင်ခြင်းကိုလည်း သတိပြုရပေမည်။ များစွာလူတို့၏ ကြီးပွားချမ်းသာမှုသည် တစ်စိတ်တစ်ဒေသအားဖြင့် သူတစ်ပါး၏ ကူညီစောင်မမှုကြောင့် ဖြစ်၏။ သို့ရာတွင် ရှေးအတိတ်ကံကို မယုံကြည်သောသူတို့သည်ပင် အများအားဖြင့် သူတစ်ပါး၏ကျေးဇူးကို မသိတတ်ကြချေ။ ဘာမဆို အတိတ်ကံကြောင့်ဖြစ်သည်ဟု စွဲမှတ်ထားသော သူတို့၌မူ ဤကိုယ်ကျင့်တရား အားနည်းချက်ကို ပိုမိုတွေ့ရမည်အမှန်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓသည် သူတစ်ပါး၏ ကျေးဇူးကို သိတတ်ရန်လိုအပ်မှုကို သုတ္တန်ဒေသနာများ၌ ထပ်တလဲလဲ ဟောကြားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

အကျင့်သီလ စင်ကြယ်မှုသည် ကမ္မလမ်းစဉ်၏ ဦးတည်ချက်ဖြစ်ရကား ကမ္မဝါဒီသည် ရှေးဦးစွာ ဆိုင်ရာဗုဒ္ဓဒေသနာများကို နှံ့နှံ့စပ်စပ် ကျေကျေညက်ညက် ဖတ်ရှုလေ့လာရန်လိုအပ်၏။ သီလတရားကို သိမြင်နားလည်မှုသည် ကျယ်ပြန့်လေးနက်ရ

ပေမည်။ ဗုဒ္ဓဝါဒီတစ်ဦး၏ အကျင့်သီလ အတိမ်အနက်ကို ငါးပါးသီလဖြင့် တိုင်းတာဆုံးဖြတ်ရန် မဖြစ်နိုင်ချေ။ ငါးပါးသီလ အပြည့်အဝရှိရုံနှင့်မပြီး။ သူတစ်ပါးအား ကူညီခြင်း၊ သူတစ်ပါး၏ကျေးဇူးကို သိတတ်ခြင်း၊ မိမိအပေါ် ပြစ်မှားကျူးလွန်သောသူကို သည်းခံခွင့်လွှတ်ခြင်းစသော သူတော်ကောင်းကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းရန်လည်း လိုအပ်၏။ ကိုယ်ကျင့်တရား မြင့်မားမှုအတွက် ရှောင်ကြဉ်မှု သီလထက် ပြုကျင့်မှုသီလက ပိုမိုအရေးပါကြောင်း သတိပြုသင့်ပေသည်။

အကျင့်သီလနှင့်ပတ်သက်၍ ကမ္မဝါဒီတို့ အထူးသိမှတ်ထားသင့်သော အချက်နှစ်ခုရှိ၏။ ပထမအချက်မှာ အကျင့်သီလသည် တည်ဆောက်ရာ၌ စေတနာမှန်ကန်မှုထက် အကြောင်းအကျိုး၊ အကောင်းအဆိုးကို ဆင်ခြင်တိုင်းထွာ၍ သိမြင်နိုင်သော အသိဉာဏ်ရှိရန် ပိုမိုအရေးကြီး၏။ စေတနာသန့်ရှင်းသော်လည်း ဆင်ခြင်တုံတရားကင်းမဲ့သောအမှုသည် မိမိနှင့် သူတစ်ပါးကိုပါ အကျိုးယုတ်စေတတ်၏။ ဒုတိယသိမှတ်ရန်အချက်မှာ အကျင့်သီလသည် ကာလ၊ ဒေသအမျိုးမျိုး၌ ခံနိုင်ရည်ရှိသော အကျင့်သီလဖြစ်ရန် လိုအပ်၏။ တစ်နည်းဆိုသော် လူတိုင်းအနည်းအများ ကြုံတွေ့ရတတ်သော အခက်အခဲ၊ အနှောင့်အယှက်၊ အဖျက်အဆီးနှင့် ဘဝပြဿနာအမျိုးမျိုးအကြား၌ ခိုင်မြဲသော အမာခံအကျင့်သီလ တည်ဆောက်ရန် ကြိုးစားအားထုတ်ရပေမည်။

ကမ္မဝါဒီသည် အကျင့်သီလ၌ အစွဲဥပါဒါန် မရှိအပ်ချေ။ အကျင့်သီလကို စွဲမှီ၍ဖြစ်သော ဥပါဒါန်နှစ်မျိုးရှိ၏။ ပထမ ဥပါဒါန်မှာ သီလရှိသောသူကို နတ်သိကြားများက စောင့်ရှောက်သည်ဟူသော အယူဖြစ်၍ ဤအယူအတွက် ဗုဒ္ဓဒေသနာ အထောက်အထားမရှိချေ။ အခြား အစွဲဥပါဒါန်မှာ တစ်ကြိမ်တစ်ခါပြုမိသော မကောင်းမှုအတွက် စိတ်နှလုံး ပူပန်မှုကိုဖြစ်စေသော ဥပါဒါန်ဖြစ်၏။ ဗုဒ္ဓဟောသော ကမ္မဝါဒအရမူကား ပထမအကြိမ် မကောင်းမှုတစ်ခု ပြုမိသောသူသည် နောင်တရ၍ ထိုမကောင်းမှုကို နောင်ရှောင်ကြဉ်ပါက အပြစ်မှလွတ်မြောက်၏။ ဗုဒ္ဓကျင့်စဉ်သည် ဤကမ္မဝါဒနှင့်အညီဖြစ်၏။ "ရဟန်းတို့၊ အကြင်သူသည် မိမိအပြစ်ကိုမြင်၍ အပြစ်အား လျော်စွာ ကုစား၏။ နောင်အခါ၌လည်း စောင့်စည်း၏။ ထိုကုစားခြင်း၊ စောင့်စည်းခြင်းသည် အရိယာတို့၏ ဝိနည်းကျင့်ဝတ်၌ ကြီးပွားကြောင်းဖြစ်၏။" (ဒီဃနိကာယပသံယုတ်၊ ဩဝါဒသုတ်)

ကမ္မလမ်းစဉ်၏ အဓိကဦးတည်ချက်မှာ ကျယ်ပြန့်ခိုင်မာ၍ မှတ်ကျောက်တင်ခံနိုင်သော အကျင့်သီလဖြစ်၏။ ထိုအမာခံသီလကို တည်ဆောက်ရာ၌ မိမိစိတ်ကို ဆုံးမခြင်း၊ မိမိကိုယ်ကို စောင့်စည်းခြင်း၊ သတိဝီရိယရှိခြင်း၊ စဉ်းစားဆင်ခြင်ခြင်းစသော သူတော်ကောင်းတရားများကို မွေးမြူလေ့ကျင့်ရ၏။ ထိုသို့လေ့ကျင့်ရာမှ ရရှိအပ်သော စိတ်ဓာတ်ခွန်အားသည် ကမ္မဝါဒီအဖို့ အမြတ်ဆုံးဆုလာဘ်ဖြစ်၍ ဘဝသံသရာ၌ ကြီးပွားချမ်းသာမှုကို ကူညီပံ့ပိုးမည့် ကိုယ်ပိုင်ဥစ္စာဖြစ်ကြောင်း ယုံမှားစရာမရှိချေ။

(ခ) အရိယာလမ်းစဉ်

အရိယာလမ်းစဉ်သည် မဂ်ဖိုလ်နိဗ္ဗာန်သို့ ဦးတည်သောကြောင့် အရိယာဝါဒီသည် ကမ္မဝါဒီနှင့် စရိုက်ဝါသနာ ဗီဇဓာတ်ခံ ကွာခြား၏။ များသောအားဖြင့် ကမ္မဝါဒီသည် ဘဝတဏှာနှင့် သဒ္ဓါအားကောင်း၍ အရိယာဝါဒီမှာ ဘဝတဏှာနည်းပါးပြီး ပညာစရိုက်အားကောင်း၏။ လူသတ္တဝါတို့ကို အပြင်ဆွဲအတွင်းဆွဲ[၁]ဟူ၍ ပုဂ္ဂိုလ်နှစ်မျိုး ခွဲခြားပြဆိုသော အနောက်တိုင်း စိတ်ပညာရှင်တို့ အလိုအားဖြင့်မူ ကမ္မဝါဒီသည် အပြင်ဆွဲဖြစ်၍ အရိယာဝါဒီသည် အတွင်းဆွဲပုဂ္ဂိုလ်ဖြစ်၏။ တစ်နည်းဆိုသော် ကမ္မဝါဒီသည် ပေါင်းသင်းဆက်ဆံမှု၊ သွားလာလှုပ်ရှားမှု၊ ပျော်မွေ့ရွှင်မှုများ၌ အာရုံကျက်စား၍ အရိယာဝါဒီသည် စဉ်းစားတွေးခေါ်မှု၊ ပညာရှာမှီးမှု၌ စိတ်ဝင်စား၏။ လူတို့၏ ဘာသာရေးစိတ်ဓာတ်ကို လေ့လာသော ပညာရှင်တစ်ဦး၏ အလိုအားဖြင့် ကမ္မဝါဒီသည် စိတ်ဓာတ်နူးညံ့၍ ပြင်ပလောက၌ အားကိုးရာရှာသည်။ အရိယာဝါဒီကမူ စိတ်ဓာတ်မာကျော၍ မိမိကိုယ်ကို အားကိုးလေ့ရှိသည်ဟု ဆိုရပေမည်။[၂]

ဤစရိုက်လက္ခဏာများမှာ ယေဘုယျလက္ခဏာများဖြစ်၍ ပုံသေစွဲမှတ်မထားသင့်ချေ။ လမ်းစဉ်နှစ်ခုကို တစ်သီးတခြားစီ ပြဆိုခြင်းမှာ စာရှုသူတို့ မိမိတို့အကြိုက်လမ်းစဉ်ကို ရွေးချယ်ရာ၌ သိသင့်သိအပ်သော အချက်များကို ပီပီပြင်ပြင် ခွဲခြားသိမြင်နားလည်စေရန်ဖြစ်၏။ အမှန်ဆိုသော် လမ်းစဉ်နှစ်ခု၏ အခြေခံများဖြစ်သော သီလ၊ သမာဓိနှင့် ပညာသည် အကြောင်းအကျိုး ဆက်စပ်နေသော တရားများဖြစ်သောကြောင့် ကမ္မဝါဒီဖြစ်စေ၊ အရိယာဝါဒီဖြစ်စေ သဒ္ဓါ၊ သတိ၊ ပညာစသော တရားများနှင့် လုံးဝကင်းကွာနေရန် မဖြစ်နိုင်ချေ။

မည်သို့ဖြစ်စေ အရိယာလမ်းစဉ်သည် ကမ္မလမ်းစဉ်ထက် လိုက်နာကျင့်သုံးရန်များစွာပိုမိုခက်ခဲကြောင်း ထင်ရှား၏။ မဂ်ဖိုလ်နိဗ္ဗာန်ကို မျှော်မှန်းသောသူသည် အမာခံအကျင့်သီလနှင့် ပြည့်စုံ၍ ကမ္မလမ်းစဉ်ကို လွန်မြောက်ပြီးသော ပုဂ္ဂိုလ်ဖြစ်ရပေမည်။ အနတ္တ၊ ပဋိစ္စသမုပ္ပါဒ်စသော သိမ်မွေ့နက်နဲသော ဗုဒ္ဓတရားများကို ကောင်းစွာသိရှိနားလည်ရပေမည်။ သမာဓိ၊ ပညာ၊ ဝိပဿနာတရားများကို ပွားများအားထုတ်ရပေမည်။

အရိယာဝါဒီ(ဝါ) တပည့်ဖြစ်ရန် ပထမလိုအပ်ချက်မှာ ဗုဒ္ဓဓမ္မကို ခြေခြေမြစ်မြစ် နှံ့နှံ့စပ်စပ် သိမြင်နားလည်ရန်ဖြစ်၏။ ဗုဒ္ဓတရားကို နက်နက်နဲနဲ သိရှိလိုသည်ဆိုသော ယခုခေတ်လူတို့သည် ပိဋကတ်စာပေကို လုံးဝဂရုမပြုဘဲ အခြားဗုဒ္ဓစာပေများကို လေ့လာနေကြခြင်းမှာ မှန်ကန်သောနည်းလမ်း မဟုတ်ချေ။ ရှေးအဋ္ဌကထာဆရာတို့၏ ရေးသားချက်အချို့သည်ပင် ပိဋကတ်ဒေသနာများနှင့် ကွဲလွဲဆန့်ကျင်နေပုံသာဓကများကို အထက်က ဖော်ပြခဲ့ပေပြီ။ ယခုခေတ် ဗုဒ္ဓစာပေများသည်လည်း ပိဋ

၁။ **extravert, introvert,**

၂။ **William James: The tender-minded and the tough-minded**

ကတ် အထောက်အထား ခိုင်လုံပြည့်စုံခြင်းမရှိချေ။ အချို့စာပေ (ဥပမာ ရဟန္တာကို သိရှိရန် အလွန်ခက်ခဲ၍ ပုထုဇဉ်သည် မည်သူမည်ဝါမှာ ရဟန္တာဖြစ်သည်ဟု မသိရှိနိုင်ကြောင်း ဗုဒ္ဓက ပွင့်လင်းပြတ်သားစွာ ဟောကြားထားပါလျက် 'မျက်မှောက်ခေတ် ရဟန္တာများ' ဆိုသောစာအုပ်)များမှာ စာဖတ်သူတို့ မုချ အယူလွဲမှားဖွယ်ရာဖြစ်၏။

အချို့သော အင်္ဂလိပ်စာတတ် မြန်မာဗုဒ္ဓဝါဒီတို့ကမူ အင်္ဂလိပ်ဗုဒ္ဓစာပေကို များစွာအထင်ကြီးကြ၏။ အင်္ဂလိပ် ဗုဒ္ဓဘာသာစာအုပ် အတော်များများ ဖတ်ဖူးသော ယခု စာရေးသူ၏ အမြင်အားဖြင့်မူ ထိုသို့အထင်ကြီးရန် အကြောင်းမရှိချေ။ အချို့ အင်္ဂလိပ်စာအုပ်များ၌ ဝါဒစွဲ၊ ဆန္ဒစွဲဖြင့် ရေးသားချက်များပါရှိ၍ ပိဋကတ်အထောက်အထားများ စုံစုံလင်လင် မတွေ့ရချေ။ ဤဗုဒ္ဓနှင့်ဗုဒ္ဓဝါဒစာအုပ်၌ ပြဆိုထားသော အချို့ဗုဒ္ဓဒေသနာများမှာ ဗုဒ္ဓတရားကို ကျေကျေညက်ညက် နားလည်လိုသောသူများ သိရှိရန် အရေးကြီးသော်လည်း အနောက်တိုင်းပညာရှင်တို့၏ စာအုပ်များပင် ယင်းတို့ကို မတွေ့ရချေ။

အတော်အတန် အဆင့်မြင့်သော မြန်မာဗုဒ္ဓဘာသာ စာအုပ်များရှိပါ၏။ ပါဠိပိဋကတ်၌ မတွေ့ရသော ဗုဒ္ဓဝါဒ အကြောင်းအရာများကို ဖော်ပြထားသည့် အင်္ဂလိပ်စာအုပ်များကို ဖတ်ရှုသင့်သည်လည်း မှန်၏။ သို့ရာတွင် အခြေခံဗုဒ္ဓတရားများကို မှန်ကန်စုံစေ့စွာ သိရှိနားလည်ရန် ပိဋကတ်စာပေကို ဦးစားပေး၍ လေ့လာရန်လိုအပ်၏။

မြန်မာပြန် ပိဋကတ်ကို မြန်မာဗုဒ္ဓဝါဒီတို့ ဖတ်ရှုလေ့လာလိုသောဆန္ဒ မရှိခြင်းမှာ အဓိကအားဖြင့် ပျင်းရိမှုကြောင့်ဖြစ်၏။ ပိဋကတ်စာပေသည် ကျယ်ဝန်း၍ အချို့သုတ္တန်ဒေသနာများကို ထပ်တလဲလဲ ထည့်သွင်းထားခြင်း၊ အပိုစကားနှင့် စာပိုဒ်များ ရောပြွမ်း၍ ရှည်လျားစွာ စီကုံးရေးသားထားခြင်းကြောင့် ဖတ်ရှုရာ၌ စိတ်ပျက်ငြီးငွေ့ဖွယ် ဖြစ်သည်မှန်၏။ သို့ရာတွင် ဗုဒ္ဓဓမ္မကို ကောင်းစွာသိရှိနားလည်ရန် ပိဋကတ်စာပေအားလုံးကို ဖတ်ရှုရန်မလိုဘဲ အချို့သောအပိုင်းများကိုသာ ဖတ်ရှုလေ့လာရန် လိုအပ်ကြောင်း အခန်း-၂ ၌ရှင်းပြခဲ့ပေပြီ။ ထို့ကြောင့် အရေးပါသော ပိဋကတ်ကျမ်းများကို ရွေးချယ်၍ လေ့လာမည်၊ စကားလုံးများ ဖောင်းပွနေသောစာများမှ အကာကိုပယ်၍ အနှစ်ကိုရာတတ်မည်ဆိုပါက ပိဋကတ်စာပေလေ့လာမှုသည် များစွာအချိန်ကုန်လူပန်းဖြစ်စေမည့်လုပ်ငန်းမဟုတ်ချေ။

လူပုဂ္ဂိုလ် ဗုဒ္ဓဝါဒီတို့ လုံးဝဂရုမပြုသော်လည်း အရိယာတပည့် လေ့လာအပ်သော ပိဋကတ်စာပေမှာ ဝိနည်းပိဋကတ်ဖြစ်၏။ ဝိနည်းတရားများသည် ရဟန်းသံဃာအတွက် ဘုရားရှင်ဟောကြားသော တရားများဖြစ်သည်ဆို၍ လူများစိတ်မဝင်စားကြချေ။ စင်စစ် အရိယာလမ်းစဉ်၌ လူပုဂ္ဂိုလ်နှင့် ရဟန်းပုဂ္ဂိုလ်ကို ဗုဒ္ဓက မခွဲခြားဘဲ ဘိက္ခု သို့မဟုတ် ဗြာဟ္မဏဟု ခေါ်ဝေါ်ကြောင်း အထက်က ထောက်ပြခဲ့ပေပြီ။ ရဟန်းသံဃာ၏ လူနေမှုစနစ်၊ သံဃာဖွဲ့စည်းပုံ၊ ပစ္စည်းဥစ္စာနှင့် တန်ခိုးအာဏာကို တပ်မက်မှု

မရှိစေရန် သိက္ခာပုဒ်များပြဋ္ဌာန်းထားပုံ စသည်များမှာ အထူးမှတ်သားဖွယ်ကောင်း၏။ အရိယာတပည့်သည် ရဟန်းမပြုနိုင်စေကာမူ ဝိနည်းသိက္ခာပုဒ်များကို လေ့လာခြင်း၊ အချို့ကို အချိန်ကာလ သတ်မှတ်၍ တတ်နိုင်သမျှ စောင့်ထိန်းခြင်းဖြင့် အရိယာလမ်းစဉ်၌ ကြီးပွားတိုးတက်မည် အမှန်ဖြစ်၏။

မြန်မာပြန် ပိဋကတ်စာပေကို လေ့လာရာ၌ ကျွန်ုပ်တို့ အထူးသတိပြုသင့်သော အချက်တစ်ခုမှာ မြန်မာစာပေ၌ တည်မြဲ၍ မြန်မာဝေါဟာရများကဲ့သို့ လူတို့ပြောဆိုသုံးစွဲနေသော အချို့ပါဠိပုဒ်များကို နဂိုမူလအတိုင်း အဓိပ္ပာယ် သိမှတ်နားလည်ထားရန် ဖြစ်၏။ ထိုသို့မဟုတ်ဘဲ ဆရာစွဲ၊ ကျမ်းဂန်စွဲ၊ ဒိဋ္ဌိစွဲဖြင့် သိမှတ်ထားပါက ဗုဒ္ဓဓမ္မကို မှန်ကန်စွာ သိမြင်နားလည်ရန် မလွယ်ကူချေ။ ဥပမာ ကမ္မဟူသောပုဒ်ကို "အတိတ်ဘဝက အမှုများ၏ အကျိုး"အဓိပ္ပာယ်ဖြင့် ခံယူထားပါက ဗုဒ္ဓ၏ ကမ္မဝါဒကို သိမြင်နားလည်မှုသည် မှုချလွဲမှားမည်သာဖြစ်၏။ သဒ္ဓါ (ယုံကြည်မှု)သည် ရတနာသုံးပါးအား ကြည်ညိုလေးစားမှုကိုသာလျှင် ရည်ညွှန်းသည်ဟု မှတ်ယူထားပါက အရိယာလမ်းစဉ်၌ မိမိကိုယ်မိမိ ယုံကြည်သောစိတ်ဓာတ်၏ အရေးပါမှုကို ငြင်းဆိုရာ ရောက်ပေလိမ့်မည်။ ထို့အပြင် ထိုအစဉ်အလာ ခံယူချက်မှန်ကန်ပါက အချို့ပုဂ္ဂိုလ်တို့သည် မိမိအား မဖူးမြင်ဘဲ၊ မိမိ၏တရားကို မကြားနာဘဲ အကျွတ်တရားရနိုင်သည်ဆိုသော ဗုဒ္ဓမိန့်ကြားချက်ကို ကျွန်ုပ်တို့ မည်သို့နားလည်ရပါမည်နည်း။

ဆန္ဒစွဲ၊ ဝါဒစွဲဖြင့် အဋ္ဌကထာဆရာတို့ အဓိပ္ပာယ် ခံယူသတ်မှတ်ထားသော အခြားပါဠိစကားမှာ 'ဒိဋ္ဌိ'ဖြစ်၏။ ဒိဋ္ဌိသည် ယုံကြည်ချက်ဟူသော အနက်ကိုဟော၍ မည်သည့်အယူဝါဒကိုမျှ အထူးအထွေ ရည်ညွှန်းခြင်းမရှိချေ။ သို့ရာတွင် အချို့ဆရာတို့က ဗုဒ္ဓဝါဒသည် ဒိဋ္ဌုပါဒါန်ဟူသောစကား၌သော်လည်းကောင်း၊ ဤအယူသည်သာမှန်သည်၊ အခြားအယူများသည် အချည်းနှီးဖြစ်သည်ဟု မစွဲမှတ်ကြလင့်ဟူသော ဗုဒ္ဓဩဝါဒ၌သော်လည်းကောင်း အကျုံးမဝင်ဟု ဆိုကြ၏။ အမှန်မှာ အနတ္တဝါဒကို အလွန်စွဲလမ်းပါက နတ္ထိကဝါဒီ ဖြစ်သွားတတ်ခြင်း၊ ဗုဒ္ဓလက်ထက်က ဒုက္ခတရားကို စွဲလမ်းသောရဟန်းများ မိမိကိုယ်မိမိ သတ်သေကြခြင်း၊ ဗုဒ္ဓဂုဏ်တော်ကို စွဲလမ်းနေပါက သီလသမာဓိအရာ၌ အားနည်းနေတတ်ခြင်း စသည်များသည် ဗုဒ္ဓစာပေ၌ ထင်ရှား၏။ ဗုဒ္ဓ၏ ဝိဘဇ္ဇဝါဒနှင့် အလယ်လမ်းစဉ်၊ အလဂဒ္ဒူပမသုတ်မှ ဖောင်ဥပမာ စသည်တို့ကို ထောက်ချင့်၍လည်း ဗုဒ္ဓသည် မိမိ၏ ဒေသနာအချို့၌ အစွဲဥပါဒါန်ရှိမှုကို မလိုလားကြောင်း သိအပ်၏။

အချို့သော ဗုဒ္ဓဒေသနာများ၏ အဆိုအားဖြင့်မူ အရိယာလမ်းစဉ်သည် လိုအပ်သော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသောပုဂ္ဂိုလ်အဖို့ အခက်အခဲ များစွာမရှိချေ။ သဒ္ဓါ၊ သတိဝီရိယ၊ ပညာစသော အရည်အချင်းများရှိမည်၊ ကျန်းမာ၍ အနာရောဂါကင်းမည်၊ ရိုးသားပွင့်လင်း၍ ဟန်ဆောင်မှုကင်းမည်ဆိုပါက ခုနစ်ရက်အတွင်း မဂ်ဖိုလ်နိဗ္ဗာန်

ရရှိ နိုင်သည်ဆို၏။ လိုအပ်သော ဂုဏ်အင်္ဂါများတွင် အရေးအကြီးဆုံးမှာ ပညာဖြစ်၏။ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရှေးရှုသောပညာမှာ ဝိပဿနာဉာဏ်အမြင်ဖြင့် ရရှိသောပညာဖြစ်သည်ဟု ဗုဒ္ဓဝါဒီအများစုက ခံယူထားကြ၏။ သို့ရာတွင် ဗုဒ္ဓက မိမိဘုရားမဖြစ်မီက အတွေ့အကြုံများကိုဟောသော ဒေသနာများ၌ ကာမဂုဏ်ချမ်းသာ ခံစားနေသော ငယ်ရွယ်စဉ်အခါက ဒုက္ခတရားကို မိမိ စတင်သိမြင်ခြင်းသည် ဝိပဿနာဉာဏ်ဖြင့် သိမြင်ခြင်းဖြစ်သည်ဟု မဆို။ သေခါနီးလူနာအား အကျွတ်တရားရရှိစေရန် မည်သို့ လမ်းညွှန်ပြသရမည်ဟု မဟာနာမ်အား ဟောကြားသော ဗုဒ္ဓဒေသနာ၌လည်း လူနာနှင့် လမ်းညွှန်သူတို့သည် ပညာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်များ ဖြစ်ရမည်ဟုသာဆို၍ လူနာသည် ဝိပဿနာတရား အားထုတ်ရမည်ဟု မဆိုချေ။

အမှန်မှာ ဗုဒ္ဓ၏တရားကို ကြားနာပြီးနောက် ဝိပဿနာတရား အားမထုတ်ရဘဲ အကျွတ်တရားရသွားသောသူများအကြောင်း ပိဋကတ်စာပေ၌ သာဓကအတော်များများ ရှိ၏။ အရိယာလမ်းစဉ်၌ ဝိပဿနာတရားအားထုတ်မှုသည် ဝါသနာဗီဇစရိုက်ကိုလိုက်၍ အချို့ပုဂ္ဂိုလ်များအဖို့ လိုအပ်၍ အချို့လူများအဖို့ လိုအပ်မည်မဟုတ်ချေ။ ပညာတိုးပွားမှု၏ အခြေခံဖြစ်သော စိန္တာမယဉာဏ်နှင့် သုတမယဉာဏ်တို့ အရေးပါမှုကိုလည်း သတိပြုသင့်ပေ၏။ မြန်မာဝိပဿနာဂိုဏ်းတစ်ခုက ဒုက္ခသစ္စာကို သိမြင်ရန် အာနာပါနကမ္မဋ္ဌာန်းကို ပြင်းပြင်းထန်ထန် လေ့ကျင့်၍ ကိုယ်ခန္ဓာ၌ ဖြစ်ပေါ်လာသော နာကျင်မှုဝေဒနာကို ရှုမှတ်ရမည်ဟု ဟောပြော၏။ ထိုသို့ မိမိကိုယ်ကို နှိပ်စက်၍ ဒုက္ခတရားကို သိမြင်မှုသည် သုတမယဉာဏ်ဖြင့် သိမြင်မှုနှင့် အနှစ်သာရ မည်သို့ကွာဟကြောင်း ကျွန်ုပ်တို့ နားမလည်ချေ။

ကျွန်ုပ်တို့ ဆင်ခြင်နှလုံးသွင်းရန် ဒုက္ခသစ္စာကို ကမ္ဘာ့သတင်းများက နေ့စဉ်မီးမောင်းထိုးပြလျက်ရှိ၏။ အောက်ပါမှာ ဗုဒ္ဓဝါဒီတို့ အထူးစိတ်ဝင်စားမည့် ဂျပန်နိုင်ငံမှ သတင်းတစ်ပုဒ်ဖြစ်၏။

ဂျပန်နိုင်ငံ၊ တိုကျိုမြို့တော်နှင့် များစွာမဝေးလှသော နာရမြို့ရှိ ဗုဒ္ဓဘာသာ ဓမ္မာရုံတစ်ခုသို့ နေ့စဉ် သက်ကြီးရွယ်အို လူကုံထံတစ်ရာကျော်ခန့် သွားရောက်ကြ၏။ ဓမ္မာရုံထဲရှိ ဗုဒ္ဓဆင်းတုတော်အား ပူဇော်ဝတ်ပြု၍ မိမိတို့ သေခါနီး၌ ဆင်းရဲဝေဒနာ မခံစားရဘဲ အလျင်အမြန် ဘဝချုပ်ငြိမ်းလိုပါကြောင်း ဆုတောင်းကြ၏။ ထိုသို့ဆုတောင်းကြခြင်းမှာ ဂျပန်နိုင်ငံ၌ အသက်ရှည်သူ ပေါများလာ၍ ဦးရေတိုးပွားနေသော သက်ကြီးရွယ်အိုများကို သားသမီးများက ရှေးကကဲ့သို့ ကြင်နာစွာ ပြုစုစောင့်ရှောက်မှု မရှိသောကြောင့်ဖြစ်ကြောင်း အမေရိကန်တိုင်းမ်စ်သတင်းဂျာနယ်၌ ဖတ်ရှုရ၏။ ဤနေရာ၌ သတိပြုရန်အချက်မှာ ဂျပန်သည် ကမ္ဘာပေါ်၌ စီးပွားရေး အဖွံ့ဖြိုးဆုံး ထိပ်တန်းနိုင်ငံဖြစ်၍ ပိုက်ဆံကြေးငွေ ပစ္စည်းဥစ္စာသည် လူအများထင်သကဲ့သို့ လူမှုဒုက္ခများ ကင်းဝေးစေရန် မစွမ်းဆောင်နိုင်ချေ။

ဤသို့ဖြင့် ယနေ့ ဗုဒ္ဓဝါဒီတို့သည် အရိယာလမ်းစဉ်၌ လိုအပ်သော အရည်အချင်းများ အားနည်းနေသည့်အပြင် အရိယာပုဂ္ဂိုလ်အကြောင်းကို မှန်ကန်စုံလင်စွာ မသိကြချေ။ 'နိဗ္ဗာန်'အခန်း၌ အကျယ်ပြဆိုခဲ့ပြီးဖြစ်သော ဤအကြောင်းကို ထပ်မံမရေးသားတော့ဘဲ အရိယာလမ်းစဉ်နှင့်ပတ်သက်သော ဆင်ခြင်သုံးသပ်ဖွယ်ရာများကို တင်ပြပါအံ့။

လူပုဂ္ဂိုလ်သည် ရဟန္တာအဖြစ်သို့ မရောက်ရှိနိုင်၊ ရောက်ရှိပါက ထိုနေ့၌ ရဟန်းပြုရမည်။ သို့မဟုတ် ပရိနိဗ္ဗာန် စံဝင်ရမည်ဆိုသော အစဉ်အလာ ခံယူချက်သည် လွဲမှားကြောင်း ပြဆိုခဲ့ပေပြီ။ ဗုဒ္ဓလမ်းစဉ်၏ နောက်ဆုံးပန်းတိုင်သို့ ရောက်ရှိရန်မှာ အရဟတ္တဖိုလ်၌ တည်ရန်မလိုချေ။ ဗုဒ္ဓ၏ မိန့်ကြားချက်အရ သောတာပန်ပုဂ္ဂိုလ်သည် ဘယ်အခါမျှ အပါယ်မလားတော့ဘဲ ယခုဘဝ၊ သို့မဟုတ် အခြားဘဝတစ်ခုခု၌ နိဗ္ဗာန်ကို မျက်မှောက်ပြုမည် မုချဖြစ်၏။ ပိဋကတ်ဒေသနာများ၌ ထပ်တလဲလဲတွေ့ရသော ဤဗုဒ္ဓစကားကို အထူးဂရုပြု၍ စဉ်းစားရန်လိုအပ်၏။

အကြောင်းမှုကား "သောတာပန်သည် အပါယ်လားရန် သဘောမရှိတော့ဘဲ ကိန်းသေမြဲသော အထက်မဂ်သုံးပါးသာလျှင် လားရာရှိသော ပုဂ္ဂိုလ်ဖြစ်သည်"ဆိုသော ဗုဒ္ဓစကားသည် သောတာပန်ပုဂ္ဂိုလ်၏ သီလ၊ သမာဓိ ခိုင်မာတည်မြဲမှုကို သေချာပြတ်သားစွာ ညွှန်ပြသော စကားဖြစ်၏။ ဗုဒ္ဓဒေသနာတစ်ခု၌ ဗုဒ္ဓ၏တပည့် ဥပါသကာ၊ ဥပါသိကာများတွင် သောတာပန်၊ သကဒါဂါမ်နှင့် အနာဂါမ်ပုဂ္ဂိုလ် အမြောက်အမြား ရှိကြောင်း ဖော်ပြထား၏ (စာ-၅၅)။ ထိုပုဂ္ဂိုလ်များသည် ပြဿနာကိစ္စ ရှုပ်ထွေးများပြောင်သော လူဘောင်၌ အမာခံသံမဏိ သီလသမာဓိရှိသောသူများ ဖြစ်ရပေမည်။ သောတာပန်ပုဂ္ဂိုလ်သည် ထိုမျှသီလသမာဓိ ခိုင်မာရင့်ကျက်ပါက ရဟန္တာအဖို့မူ အထူးဆိုဖွယ်မရှိ။ လူရဟန္တာသည် လူ၏အသွင်အပြင်နှင့် သဟဇာတမဖြစ်သောကြောင့် လူအဖြစ်ဖြင့် ရပ်တည်နိုင်စွမ်း မရှိဆိုသောစကားမှာ သဘာဝယုတ္တိ ကင်းမဲ့ကြောင်း ထင်ရှား၏။

အထူးသတိပြုရန်မှာ ဗုဒ္ဓမိန့်ကြားချက်နှင့်အညီ အထက်မဂ်သုံးပါးသာလျှင် ဧကန်မုချ လားရာရှိသော ပုဂ္ဂိုလ်သည် သောတာပန် အစစ်အမှန် ဖြစ်ရပေမည်။ တစ်နည်းဆိုသော် ဗုဒ္ဓကိုယ်တော်တိုင် အသိအမှတ်ပြုသော၊ သို့မဟုတ် ဗုဒ္ဓ၏ ညွှန်ကြားချက်နှင့်အညီ အစမ်းအသပ်ခံနိုင်သော သောတာပန်ဖြစ်ရပေမည်။ အမှန်မှာ ဗုဒ္ဓလက်ထက်ကပင် ရဟန္တာအတုများ ရှိခဲ့ပေရာ ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ပြီး နောက်ကာလ၌မူ ရဟန္တာနှင့် အခြားအရိယာပုဂ္ဂိုလ် အတုများ တိုးပွားလာခဲ့မည် အမှန်ဖြစ်၏။ ထိုအရိယာပုဂ္ဂိုလ်အတုများကို အကြောင်းပြု၍ပင် မဟာသံဃိကစသော ဂိုဏ်းများသည် ထေရဝါဒ၊ (ဝါ) သာဝကလမ်းစဉ်ကို ပြစ်တင်ဝေဖန်ရန် အခွင့်အလမ်းရရှိခဲ့ခြင်း ဖြစ်ပေမည်။

ရဟန္တာ အစစ်နှင့်အတုကို ခွဲခြားသိရှိရန် ကောသလမင်းအား ဗုဒ္ဓဟောကြားသော

ဒေသနာကို 'နိဗ္ဗာန်'အခန်း၌ ပြဆိုခဲ့ပေပြီ။ ထိုဒေသနာ၏ လိုရင်းအချုပ်မှာ ရှေးဦးစွာ ထိုသို့ သိရှိလိုသောသူသည် စဉ်းစားဆင်ခြင်၍ ပညာရှိသောသူ ဖြစ်ရမည်။ မိမိ စူးစမ်းလေ့လာသော ပုဂ္ဂိုလ်နှင့် ရှည်ကြာစွာ အတူနေထိုင်၍ စကားပြောမှသာ၊ တရားဆွေးနွေးမှသာ သီလစင်ကြယ်မှု ရှိ၊မရှိ၊ အသိပညာရှိ၊ မရှိ ဆုံးဖြတ်နိုင်သည်။ အခါများစွာ ဘေးရန်ကြုံတွေ့ဖူးမှသာ အသိဉာဏ်ရှိ–မရှိ လေ့လာသူက ဆုံးဖြတ်နိုင်မည်ဖြစ်၏။

ဤဗုဒ္ဓညွှန်ကြားချက်မှာ ရဟန္တာ၊ သို့မဟုတ် အခြားအရိယာပုဂ္ဂိုလ် ဟုတ်၊ မဟုတ် စူးစမ်းလေ့လာရာ၌ အတိအကျ လိုက်နာရန် မလွယ်ကူချေ။ သို့ရာတွင် လူလောက၌ အလွယ်တကူ ကျင့်သုံးနိုင်သော နည်းစနစ်ကောင်းဟူ၍မရှိ။ အကောင်းဆုံးနည်းစနစ်ကို ကြံစည်တီထွင်ပြီးလျှင် တတ်နိုင်သမျှ ကျင့်သုံးကြရပေမည်။ ဥပမာ ဒီမိုကရေစီသည် ကောင်းသောနိုင်ငံရေးစနစ် ဖြစ်သော်လည်း ကျင့်သုံးရန်မလွယ်ကူဟု ဆို၍ ပစ်ပယ်ပါက အာဏာရှင်စနစ်ကို လက်ခံရန်သာရှိ၏။ မြန်မာနိုင်ငံ၌ ဗုဒ္ဓဝါဒီတို့သည် အထက်ပါ ဗုဒ္ဓညွှန်ကြားချက်ကို သတိမပြုဘဲ ဗုဒ္ဓလမ်းစဉ်၏ ဦးတည်ချက်သရုပ်ဖော် ရဟန္တာပုဂ္ဂိုလ်အကြောင်း လွဲမှားသော အစဉ်အလာ ယုံကြည်ချက်များကို ခံယူထားကြ၏။

ရဟန်းတစ်ပါးပါးအကြောင်း ထူးဆန်းအံ့ဩဖွယ် ကောလာဟလသတင်းတစ်ခု ထွက်ပေါ်ပါက အုတ်အော်သောင်းတင်းဖြစ်ကာ ထိုရဟန်းကို ရဟန္တာအဖြစ် ကိုးကွယ်ကြ၏။ အံ့ဖွယ်သရဲ တန်ခိုးပြမှုသည် ဗုဒ္ဓက အတိအလင်း ရှုတ်ချသောအလုပ်ဖြစ်၏။ ဗုဒ္ဓလက်ထက်က တန်ခိုးအဘိညာဉ်ရရှိသည်ဆိုသော ရဟန္တာများမှာ အနည်းငယ်မျှသာ ဖြစ်၏။ ယခုခေတ်၌ အံ့ဖွယ်သရဲ ပြုလုပ်ပြသသောသူများမှာ သီလ၊ သမာဓိနှင့် ပညာအရာ၌ ထင်ရှားသောသူများ မဟုတ်ချေ။[၁]

ရဟန္တာသည် လူသူကင်းဝေးသော အရပ်ဒေသ၌ ဈာန်သမာပတ် ဝင်စား၍ ကေစာရီ နေထိုင်သည်ဟု ယုံကြည်ကြ၏။ ပိဋကတ်စာပေ၌မူ ဗုဒ္ဓလက်ထက်က ရှင်မဟာကဿပကဲ့သို့သော တောမှီရဟန္တာများမှာ အနည်းငယ်သာရှိ၍ ရှင်သာရိပုတ္တရာကဲ့သို့သော မြို့နေရဟန္တာက များ၏။ စင်စစ် အကျင့်သီလနှင့် သမာဓိသည် လူအချင်းချင်း ဆက်ဆံပေါင်းသင်းရာမှ ပေါ်ပေါက်လာသော တရားများဖြစ်၍ အပေါင်းအသင်းလုံးဝမရှိဘဲ အမြဲတစ်ယောက်ထီးတည်း နေသောပုဂ္ဂိုလ်၏ သီလသမာဓိကို မည်သို့သိနိုင်ပါမည်နည်း။ ရှင်မဟာကဿပမှာ ဘုရားရှင်၏ ချီးမွမ်းခြင်းကိုခံရ၍ သံသယဖြစ်ဖွယ်မရှိ။ အခြားသော ကေစာရီ တောမှီပုဂ္ဂိုလ်တို့၏ သီလသမာဓိပညာကို အကဲဖြတ်ရန်ကိစ္စ၌မူ ဗုဒ္ဓ၏ ညွှန်ကြားချက်နှင့်အညီ စူးစမ်းလေ့လာရန် လိုပေလိမ့်မည်။

ဗုဒ္ဓသည် ရှင်မဟာကဿပအား တောအရပ်မှ မြို့သို့ပြောင်းရွှေ့၍ ရဟန်းသံဃာနှင့်အတူ နေထိုင်ရန် တိုက်တွန်းကြောင်း နိဒါန၊ ကဿပသံယုတ်၌ ပြဆိုထား၏။

---

၁။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ"

အဖော်မပါဘဲ ကေစာရီကျင့်မှုကို ချီးမွမ်းသော ဒေသနာများသည် ဗုဒ္ဓသံဃာ ပေါ်ထွန်းစက တောမှီရဟန်းများကို ရည်ညွှန်း၍ အချို့သုတ္တန်များ၌မူ ရဟန်းများ ကေစာရီ တောမှီနေခြင်း၏ အပြစ်အန္တရာယ်ကို ပြဆိုထား၏။ ဗုဒ္ဓ၏အလိုအားဖြင့် တစ်ကိုယ်တည်းနေခြင်းဟူသည် အခြားပုဂ္ဂိုလ်သတ္တဝါများကဲ့သို့ ကိလေသာနှောင်ဖွဲ့မှု မခံရဘဲ လွတ်မြောက်နေမှုဖြစ်၏။ "အို – မိဂဇာလ၊ ရဟန်းသည် ရွာတွင်း၌ ရဟန်းယောကျာ်း ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမ မင်းမှူးမတ် တိတ္ထိတို့နှင့် ရောပြွမ်းနေထိုင်စေကာမူ တဏှာရာဂကို ပယ်ဖြတ်ပြီးဖြစ်ပါက တစ်ယောက်ထီးတည်းနေသူ ဖြစ်၏။" (သဠာယတနသံယုတ်၊ မိဂဇာလသုတ်)

ဗုဒ္ဓ၏ ညွှန်ကြားချက်နှင့်အညီ မှတ်ကျောက်တင်ခံနိုင်သော ရဟန္တာပုဂ္ဂိုလ်သည် မည်သည့် လူပရိသတ် အသိုက်အဝန်းနှင့်မဆို သင့်တင့်လျောက်ပတ်စွာ ရောပြွမ်းနေထိုင်နိုင်မည် အမှန်ဖြစ်၏။ လောကဓံတရားနှင့် ဘဝပြဿနာ အခက်အခဲများကို ခိုင်မာရင့်ကျက်သော သီလ၊ သမာဓိ၊ ပညာလက်နက်များဖြင့် တည်ငြိမ်စွာ ရင်ဆိုင်နိုင်ပေမည်။ များစွာသော ဘေးအန္တရာယ်များကို အသိဉာဏ်ပညာဖြင့် အောင်မြင်လွတ်မြောက်နိုင်ပေမည်။

အခါများစွာ ဘေးရန်ကြုံတွေ့ဖူးသော ပုဂ္ဂိုလ်သည်သာလျှင် အသိဉာဏ်ရှိသော ရဟန္တာဖြစ်နိုင်သည်ဆိုသော ဗုဒ္ဓ၏စကားကို ဤနေရာ၌ စဉ်းစားရန်လိုအပ်၏။ အရိယာပုဂ္ဂိုလ်တို့ ရင်ဆိုင်ရသော ဘေးရန်ဟူသည် ရိုးရိုးလူတို့ ကြုံတွေ့ရတတ်သော အသက်အိုးအိမ်၊ စည်းစိမ်လုံခြုံမှုကို ထိပါးသော ဘေးရန်များမှတစ်ပါး သီလ၊ သမာဓိတရားကို ခြိမ်းခြောက်သော ဘေးရန်များရှိသေး၏။ လူသတ္တဝါတစ်ဦးသည် မိမိ၏ ဘဝလုပ်ငန်း၌ မရှုမလှ ရှုံးနိမ့်သောကြောင့်သာလျှင် ကိုယ်ကျင့်တရား ပျက်စီးတတ်သည် မဟုတ်။ ထူးထူးချွန်ချွန် အောင်မြင်မှုကြောင့်လည်း ပျက်စီးတတ်ကြောင်း ယုံမှားဖွယ်ရာ မရှိချေ။ ထိုနည်းအတူ ရဟန္တာပုဂ္ဂိုလ်၏ သီလ၊သမာဓိတရားကို ထိပါးနှောင့်ယှက်တတ်သော ကြုံတွေ့ရမှုများမှာ လူတို့၏ လွန်လွန်ကဲကဲ ကြည်ညိုလေးစားမှု၊ ချီးမြှင့်လှူဒါန်းမှုနှင့် ထင်ပေါ်ကျော်ကြားမှုဖြစ်၏။ လူတို့၏ ပူဇော်ခံရမှုနှင့် ထင်ရှားကျော်စောမှုသည် အရဟတ္တဖိုလ်ကို မဖျက်ဆီးနိုင်သော်လည်း မျက်မှောက်ဘဝ၌ စိတ်ငြိမ်းချမ်းမှုအား အန္တရာယ်ပြုနိုင်ပုံကို သံယုတ္တနိကာယ်၌ ပြဆိုထား၏။

ရဟန္တာအားလုံးသည် တောထဲ၌ ဈာန်သမာပတ် ဝင်စားခြင်းဖြင့် အချိန်ကုန်လွန်သော ပုဂ္ဂိုလ်များဖြစ်ပါက ထေရဝါဒအား တစ်ကိုယ်ကောင်းဝါဒ ဖြစ်သည်ဆိုသော စွပ်စွဲချက်ကို ချေပရန် လွယ်ကူမည်မဟုတ်ချေ။ အမှန်မှာ ရဟန္တာတို့သည် ဘုရားရှင်၏ အလိုဆန္ဒနှင့်အညီ အများအားဖြင့် မြို့ရွာများ၌ ရဟန်းများနှင့် ရောနှောနေထိုင်ကြ၍ ထိုသို့နေထိုင်ခြင်းသည် သာသနာကြီးပွားတိုးတက်ရန် အကြောင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အပေါင်းအဖော်နှင့် အတူနေသော ရဟန္တာ၏ သီလ၊ သမာဓိနှင့် ပညာတို့

သည် ပိပြင်ထင်ရှား၍ ဗုဒ္ဓဓမ္မဂုဏ်ကို ဖော်ဆောင်လျက်ရှိ၏။ ဤနေရာ၌ ရဟန်းတို့၏ ငြိမ်းအေးသော အသွင်လက္ခဏာသည် ဘုရားရှင်၏ တရားတော်ကြောင့် ဖြစ်ပါလိမ့်မည်ဟူသော ကောသလမင်း၏ ချီးကျူးလျှောက်ထားချက်ကို ပြန်လည်အမှတ်ရသင့်ပေ၏။ (စာ-၇၃)

ဗုဒ္ဓလက်ထက် ရဟန်းတို့သည် မိမိတို့နှင့် အတူနေသော ရဟန္တာမှာ ဗုဒ္ဓက အသိအမှတ်ပြုပြီးကြောင်း မသိပါက ရဟန္တာဖြစ်မှန်း သိကြမည်မဟုတ်ချေ။ ပိဋကတ်စာပေ၌ ရှင်သာရိပုတ္တရာစသော အဂ္ဂသာဝက ရဟန္တာကြီးများသည်ပင် ဆွမ်းခံခြင်း၊ ပါတိမောက်ကြားနာခြင်းစသော ရဟန်းကိစ္စများကို ဆောင်ရွက်ကြ၍ အပေါ်ယံအမြင်အားဖြင့် အခြားရဟန်းများနှင့် အသွင်လက္ခဏာ အတူတူဖြစ်၏။ ရဟန္တာတို့သည် သံဃာ့ကိစ္စများ၌ ဈာန်မဂ်ဖိုလ်ချမ်းသာဖြင့် ကြောင့်ကြမဲ့ မနေကြချေ။ ဒုသီလရဟန်းတစ်ပါးကို ဥပုသ်ပြုမည့် သံဃာအလယ်မှ အဓမ္မ ဆွဲကိုင်နှင်ထုတ်သော အရှင်မောဂ္ဂလာန်ကဲ့သို့ တက်ကြွစွာ ပြုမူလုပ်ကိုင်သော ရဟန္တာများရှိပေမည်။ တောမှီ ရှင်မဟာကဿပ မထေရ်ကြီးသည်ပင် သံဃာ့ကိစ္စနှင့်ပတ်သက်၍ အရှင်အာနန္ဒာအား ဆုံးမရန်လိုအပ်ပါက ပွင့်လင်းစွာ ဆုံးမလေ့ရှိ၏။

အင်္ဂုတ္တရနိကာယ်၌ ဘုရားရှင်က ရဟန္တာအဖြစ် အသိအမှတ်ပြုထားသော လူပုဂ္ဂိုလ် ၁၇ ဦး၏ အကြောင်းကို အသေးစိတ်မသိရချေ။ ဘုရားလက်ထက်က ထောင်ပေါင်းများစွာ ရှိသည်ဆိုသော သောတာပန်၊ သကဒါဂါမ်နှင့် အနာဂါမ်ယောက်ျားမိန်းမတို့အကြောင်းကို စုံစုံလင်လင် သိရပါက စိတ်ဝင်စားဖွယ်ကောင်းပေမည်။ ပိဋကတ်စာပေ၌ ကျွန်ုပ်တို့ ဆင်ခြင်သုံးသပ်ဖွယ်ရာ အရိယာပုဂ္ဂိုလ် အကြောင်းရပ်များမှာ ရောဂါဝေဒနာ ဖိစီးနှိပ်စက်သဖြင့် မိမိတို့ကိုယ်မိမိတို့ သတ်သေပြီးနောက် နိဗ္ဗာန်စံဝင်ကြောင်း ဗုဒ္ဓက အတည်ပြုသော ရဟန်းသုံးပါးနှင့် ဗြဟ္မစရိယ သိက္ခာပုဒ် ဆောက်တည်သောသူနှင့် မဆောက်တည်သောသူပါ သကဒါဂါမ်ဖြစ်သွားခြင်းနှင့် အရက်သေစာ သောက်စား၍ သောတာပန်ဖြစ်သွားခြင်း ကိစ္စများဖြစ်၏။ အကျင့်သီလအားနည်းပါလျက် အရိယာပုဂ္ဂိုလ် ဖြစ်သွားခြင်းအကြောင်း ဗုဒ္ဓရှင်းပြသော ဒေသနာများကို 'နိဗ္ဗာန်'အခန်း၌ ဖော်ပြခဲ့ပေပြီ။

ယခုအခါ ရဟန္တာခေတ်ကုန်ပြီးဟု ဗုဒ္ဓဝါဒီအများစုက ခံယူထားကြ၏။ ဤခံယူချက်မှန်, မမှန် မသိရချေ။ ရဟန္တာများရှိလျှင်လည်း ဗုဒ္ဓ၏ ဩဝါဒနှင့်အညီ တိတိကျကျ စူးစမ်းလေ့လာရန် ခက်ခဲ၏။ အရိယာလမ်းစဉ်၏ မူလပထမအဆင့်ရှိ သောတာပန်ပုဂ္ဂိုလ်များမှာမူ ဆိတ်သုဉ်းပြီဟု ယူဆရန် အကြောင်းမရှိချေ။ သောတာပန်၏ ဂုဏ်အင်္ဂါများမှာ ရဟန္တာမှာကဲ့သို့ အလွန်မြင့်မားဘဲ ပထမအရိယာ(ဝါ) သောတာပတ္တိ မဂ်ဖိုလ်နှင့် လျော်ညီသော သီလသမာဓိနှင့် ပညာရှိရန်သာ လိုအပ်သောကြောင့် ပညာနှင့်ယှဉ်သော စူးစမ်းလေ့လာမှုဖြင့် သောတာပန်ပုဂ္ဂိုလ်ဖြစ်ရန် အရည်အချင်းရှိ,

မရှိ မှန်ကန်စွာ ဆုံးဖြတ်နိုင်ပေမည်။

ထိုသို့ စူးစမ်းလေ့လာရာ၌ ကျွန်ုပ်တို့သည် ရှေးအစဉ်အလာ ခံယူချက်အချို့၌ အစွဲဥပါဒါန်မရှိရန် သတိပြုရပေမည်။ ပထမပယ်အပ်သော ဒိဋ္ဌုပါဒါန်မှာ အရိယာ ပုဂ္ဂိုလ်သည် ဗုဒ္ဓ၊ ဓမ္မနှင့် သံဃာရတနာသုံးပါးကို ယုံကြည်သောသူ ဖြစ်ရမည်ဟူသော ခံယူချက်ဖြစ်၏။ ဤခံယူချက်မှာ အချို့ပုဂ္ဂိုလ်တို့သည် ငါဘုရားကို မဖူးမြင်၊ ငါ၏ တရားကို မကြားနာရသော်လည်း အကျွတ်တရား ရရှိနိုင်သည်ဆိုသော ဗုဒ္ဓဒေသနာနှင့် ဆန့်ကျင်လျက်ရှိ၏။ ထိုဗုဒ္ဓဒေသနာ အလိုအားဖြင့်မူ ကမ္ဘာအရပ်ရပ်၌ ဗုဒ္ဓဘာသာဝင် မဟုတ်သော အချို့လူများကို သောတာပန်ဟူ၍ မခေါ်ဝေါ်နိုင်စရာ အကြောင်းမရှိချေ။

သောတာပန် ဟုတ်, မဟုတ် စိစစ်ရာ၌ ပယ်ရမည့် အခြားအစွဲဥပါဒါန်မှာ သီလဗ္ဗတုပါဒါန်ဖြစ်၏။ အကျင့်သီလ စင်ကြယ်မှုသည် သောတာပန်၏ အဓိကဂုဏ် အင်္ဂါဖြစ်သော်လည်း ထိုအကျင့်သီလကို ကမ္မလမ်းစဉ်ရှုထောင့်မှ ဆင်ခြင်သုံးသပ်ရန် အခါခပ်သိမ်း မဖြစ်နိုင်ချေ။ ဗုဒ္ဓလက်ထက်က အရက်သောက်ခြင်းစသော မကောင်းမှု များပြု၍ သေသောအခါ အရိယာပုဂ္ဂိုလ် ဖြစ်သွားသော သာဓကများကို ဗုဒ္ဓက ရှင်းပြရာ၌ ရှေ့တန်းတင်ဟောသော အခြားအကြောင်းအချက်များ (အထူးသဖြင့် အသိပညာရှိမှု)ကို သတိပြုရပေမည်။ အရိယာလမ်းစဉ်သီလသည် ကမ္မလမ်းစဉ်သီလကဲ့သို့ ဆရာသမား ဆုံးမမှုအပေါ်၌ မတည်ဘဲ သဒ္ဓါ၊ သတိ၊ ယောနိသောမနသိကာရ၊ ပညာစသည် တို့ အခြေခံသော အကျင့်သီလဖြစ်ကြောင်း မမေ့သင့်ချေ။

ဗုဒ္ဓလက်ထက်က အရိယာပုဂ္ဂိုလ်တို့မှာ လူတန်းစားကန့်သတ်ချက်မရှိသော ကြောင့် ယခုခေတ်၌လည်း လူတန်းစားလွှာအမျိုးမျိုး၌ သောတာပန်ပုဂ္ဂိုလ် အနည်းအများ ရှိမည် အမှန်ဖြစ်၏။ ယခုအခါ အနောက်နိုင်ငံများမှ နာမည်ကြီး ပုဂ္ဂိုလ်အချို့၏ အရိယာဖြစ်ရန် အင်္ဂါလက္ခဏာများကို အကဲဖြတ်ရန် နည်းလမ်းတစ်ခုရှိရာ ဗုဒ္ဓ၏ ညွှန်ကြားချက်ကဲ့သို့ ပြီးပြည့်စုံသောနည်း မဟုတ်သော်လည်း အတန်ခိုင် မာသေချာသော နည်းဖြစ်၏။ ထိုနည်းမှာ နာမည်ကျော် ပုဂ္ဂိုလ်တို့၏အကြောင်း ပြည့်ပြည့်စုံစုံ ရေးသား ထားသော စာအုပ်များကို ဖတ်ရှုလေ့လာခြင်းဖြစ်၏။ စာအုပ် များမှာ ဆိုင်ရာပုဂ္ဂိုလ်တို့၏ အတွေးအခေါ်၊ အသိအမြင်၊ စိတ်နေစရိုက်နှင့် အလေ့အကျင့် များကို အတွင်းကျကျ နှိုက်ချွတ်လေ့လာ၍ ပွင့်ပွင့်လင်းလင်း တင်ပြထားသော ဘဝ အတ္ထုပ္ပတ္တိများဖြစ်ရကား အရိယာစစ်တမ်း၌ အရေးပါသော အထောက်အကူများဖြစ် ကြောင်း ယုံမှားဖွယ်ရာမရှိချေ။

ဤနေရာ၌ အရိယာလမ်းစဉ်ကို နောက်ခံထား၍ စာရှုသူတို့ ဆင်ခြင်သုံးသပ်ရန် ကျွန်ုပ်သိသော အနောက်တိုင်း အသိပညာရှင်တို့အကြောင်းကို အကျဉ်းချုပ် တင်ပြပါအံ့။

နှိုပင်ဟွာ။ ။ဗုဒ္ဓ၏ ပထမသစ္စာနှစ်ပါးနှင့် ထပ်တူဖြစ်သော ဤဂျာမန်ဒဿန ဆရာ၏ အတွေးအခေါ်များကို လွန်ခဲ့သောအခန်း၌ ဖော်ပြခဲ့ပေပြီ။ သူ၏ ကိုယ်ကျင့် တရားအကြောင်းကိုမူ စုံစုံစေ့စေ့ မသိရှိသဖြင့် အရိယာပုဂ္ဂိုလ်ဖြစ်ရန် အလားအလာရှိ၊

မရှိ ကျွန်ုပ် မဆုံးဖြတ်နိုင်ချေ။

**ဘာထရန်ရပ်ဆယ်။** ။ သူ၏ ခံယူချက်များအားလုံးလိုလိုပင် ဗုဒ္ဓဝါဒနှင့် ကိုက် ညီသော်လည်း သီလ၊ သမာဓိတရားမှာ အရိယာအဆင့်ကိုမှီရန် လိုသေးသည်ဟု ယူဆရ၏။

**ဆမ်းမားဆက်မွန်**[၁]။ ။ ဤကမ္ဘာကျော် ဗြိတိသျှစာရေးဆရာ၏ လောက အမြင်မှာ ဗုဒ္ဓဝါဒနှင့် အတော်နီးစပ်၏။ သို့ရာတွင် သူ၏ စိတ်ဓာတ်စရိုက်နှင့် အချို့သော အပြုအမူများမှာ အရိယာလမ်းစဉ်နှင့် ဘောင်မဝင်ချေ။

**အဲလဗတ်အိုင်းစတိန်**[၂]။ ။ ဤကမ္ဘာကျော် သိပ္ပံပညာရှင်၏ အတွေးအမြင်နှင့် စိတ်ဓာတ်စရိုက် အလေ့အကျင့်များမှာ အရိယာလမ်းစဉ်နှင့် အတော်ကိုက်ညီသည်ဟု ယူဆရန်ရှိ၏။

**အင်ဒရေးဆခရော့ဖ်**[၃]။ ။ ယခု ကျွန်ုပ်တင်ပြသော အနောက်တိုင်း အသိပညာရှင်ငါးဦးအနက် ရုရှားသိပ္ပံပညာကျော် **ဒေါက်တာဆခရော့(ဖ)**မှာ အကျင့်သီလနှင့် အသိပညာအရာ၌ အထူးခြားဆုံးပုဂ္ဂိုလ်ဖြစ်၏။ မဟာအင်အားကြီး နိုင်ငံနှစ်ခုသည် နျူကလီးယားလက်နက်အင်အား ညီမျှနေပါက စစ်ဖြစ်မည်မဟုတ်ဟု ယုံကြည်သောကြောင့် ဆ(ခ)ရော့သည် ရုရှားနိုင်ငံ၌ ဟိုက်ဒရိုဂျင်ဗုံး ထုတ်လုပ်မှု၌ ပါဝင်ကူညီခဲ့၏။ ဗုံးထုတ်လုပ်ပြီးနောက် ကမ္ဘာ့အခြေအနေက ဆက်လက်တင်းမာနေသောအခါ နျူကလီးယားဗုံးဖောက်ခွဲစမ်းသပ်မှုမပြုရန် မိမိအစိုးရအား ပန်ကြား၏။ ရုရှားစစ်တပ်များ အာဖဂန်နစ္စတန်နိုင်ငံထဲသို့ ကျူးကျော်ဝင်ရောက်သောအခါ အစိုးရအား ပြစ်တင်ဝေဖန်၍ ခုနှစ်နှစ်တိုင်တိုင် ဂေါ်ကီမြို့၌ အကျယ်ချုပ်ချထားခြင်း ခံရ၏။

သူ့ကို နိုင်ငံအစိုးရက ငြိုငြင်သဖြင့် သူ၏ ပထမအိမ်ထောင်မှ သားသမီးသုံးယောက်ကလည်း အဆက်ဖြတ်ကြ၏။ သို့ရာတွင် ဆခရော့(ဖ)သည် သူတို့ကို ခွင့်လွှတ်၍ မော်စကိုမြို့ရှိ မိမိ၏တိုက်ခန်းနှင့် မြို့စွန်ရှိ အပန်းဖြေအိမ်ကို သူတို့အား လွှဲပေး၏။ ရှေးအခါက ရရှိခဲ့သော အခွင့်အရေးနှင့် အခွင့်ထူးများကို စွန့်လွှတ်လိုက်၍ မိမိစုဆောင်းထားသော ဒေါ်လာတစ်သိန်းခွဲကျော်ကို ကင်ဆာရောဂါ သုတေသနနှင့် ကြက်ခြေနီသူနာပြုဌာနများသို့ လှူဒါန်းလိုက်၏။

သူသည် လက်နက်အင်အားသုံးမှုကို အမြဲဆန့်ကျင်၍ ပဋိပက္ခများ ပြေလည်မှုအတွက် တစ်ဖက်နှင့်တစ်ဖက် စေ့စပ်မှု၊ အပေးအယူပြုမှုနှင့် အလယ်လမ်းစဉ်ကျင့်သုံးမှုကို အားပေး၏။ တော်လှန်ရေးနှင့် တစ်ဖက်စွန်းရောက် လမ်းစဉ်အားလုံးကိုပယ်၍ တစ်စတစ်စ ပြောင်းလဲမှုကို ယုံကြည်၏။ တစ်ပါတီအာဏာရှင်စနစ်ကို ရှုတ်ချ၍ ဒီမိုကရေစီဝါဒနှင့် လူ့အခွင့်အရေးများကို တက်တက်ကြွကြွ ထောက်ခံအားပေး၏။

၁၉၇၅ ခုနှစ်၌ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်လ်ဆုကို သူရရှိ၏။ အရှေ့ဥရောပတိုက်၌

---

၁။ **W. Somerset Maugham** ၂။ **Albert Einstein**

၃။ **Andrei Sakharov**

နိုင်ငံရေးနှင့် လူမှုပြုပြင်ရေးခေတ် ပေါ်ထွန်းလာသောအခါ သူ့ကို နိုင်ငံအစိုးရနှင့် နိုင်ငံသားများကပါ ချီးကျူးဂုဏ်ပြုကြ၏။ သူနှင့် သဘောအယူကွဲလွဲသော နိုင်ငံရေး သမားများကပင် သူ၏ ပွင့်လင်းရိုးသားမှု၊ မှန်ကန်ဖြောင့်မတ်မှု၊ လူ့အခွင့်အရေး ဆုံးရှုံးနစ်နာသောသူများ၏ကိစ္စကို ဆောင်ရွက်ပေးမှုကြောင့် ကြည်ညိုလေးစားကြ၏။

ဤသည်မှာ နာမည်ကျော် ရှုရားသိပ္ပံပညာရှင် **ဒေါက်တာအင်ဒရေဆခရော့(ဗ)** အကြောင်း စိတ်ဝင်စားဖွယ်ရာအချို့ကို အမေရိကန်သတင်း ဂျာနယ်များမှ အကျဉ်းချုပ် တင်ပြထားခြင်းဖြစ်၏။ သီလ၊ သမာဓိအရာ၌ သူ၏ထူးခြားချက်မှာ သူသည် ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ မြှောက်စားခြင်း၊ ဖိနှိပ်ခြင်းစသော လောကဓံ အကောင်းအဆိုး အမျိုးမျိုး ကြုံတွေ့ခဲ့ရသော်လည်း ဘယ်အခါမျှ စိတ်တုန်လှုပ်ဖောက် ပြန်ခြင်း မရှိခဲ့ချေ။ စင်စစ် သူ၏ သီလ၊ သမာဓိသည် ဘေးရန်အမျိုးမျိုးအကြား၌ အသိ ပညာနှင့်ယှဉ်ပြီး ခိုင်မာရင့်ကျက်နေသော အမာခံ အစမ်းအသပ်ခံ သီလသမာဓိဖြစ်၏။

အမာခံ သီလသမာဓိပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် တစ်ခါတစ်ရံ ကျွန်ုပ်တို့ပတ်ဝန်းကျင်လောက၌ သော်လည်းကောင်း၊ သွားရောက်ရန် လွယ်ကူသော အရပ်ဒေသ၌ သော်လည်းကောင်း ရှိတတ်၍ ထိုသူတို့နှင့် သိကျွမ်းရင်းနှီးခြင်းသည် ဗုဒ္ဓအလေးအနက်ဟောသော အရိယာလမ်းစဉ်၌ လိုအပ်သည့် မိတ်ဆွေကောင်းရှိခြင်း ဖြစ်၏။ အမှန်ဆိုသော် ရဟန်းသံဃာသည် အရိယာလမ်းစဉ်ကို အမြဲကျင့်ကြံအားထုတ် နေသော စံပြပုဂ္ဂိုလ်များအနေဖြင့် လူတို့၏ မိတ်ဆွေကောင်းများဖြစ်၏။ သို့ရာတွင် လူနေမှုစနစ်များစွာ ကွာဟနေသောကြောင့် ရဟန်းသံဃာနှင့်မပြီးဘဲ အားကျဖွယ်၊ အတုယူဖွယ်ကောင်းသော လူပုဂ္ဂိုလ် မိတ်ဆွေကောင်းများရှိရန် လိုအပ်၏။

ဤနေရာ၌ ဗုဒ္ဓက မိမိသည် ဝေနေယျသတ္တဝါတို့၏ မိတ်ဆွေကောင်းဖြစ်သည် ဟု မိန့်ကြားခြင်းနှင့် မိမိအား ရဟန်းတို့က သံဃာ၏ ဦးစီးခေါင်းဆောင်အဖြစ် အသိ အမှတ်မပြုစေလိုခြင်းကို စဉ်းစားရန်ရှိ၏။ လူတို့သည် အများအားဖြင့် အသိမိတ်ဆွေ တို့၏ စိတ်နေစရိုက်၊ အလေ့အကျင့်ကို သိရှိလိုကြ၍ မိမိတို့ခေါင်းဆောင်၏ တန်ခိုး အာဏာကို စိတ်ဝင်စားကြ၏။ သို့ဖြင့် ဗုဒ္ဓကို ကိုးကွယ်သော ဗုဒ္ဓဝါဒီတို့သည် အာဠာ ဝကဘီလူးနှင့် နန္ဒောပနန္ဒနဂါးအား ဗုဒ္ဓက မိမိတန်ခိုးဖြင့် မည်သို့ဆုံးမလိုက်ကြောင်း စုံစုံလင်လင် သိရှိကြသော်လည်း သတ္တဝါတို့အား ဆုံးမရာ၌ ဗုဒ္ဓ၏ လိမ္မာပါးနပ်ပုံ ယဉ်ကျေးသိမ်မွေ့ပုံ၊ မိမိအား ချီးကျူးပူဇော်မှုကို မလိုလားပုံစသော ဗုဒ္ဓ၏ စိတ်ဓာတ် မြင့်မြတ်မှုကို ဖော်ဆောင်သော ဗုဒ္ဓဝင်သာဓကေများကို စုံစုံစေ့စေ့ သိရှိသောသူ အလွန် နည်း၏။ ဗုဒ္ဓ၏ စိတ်ဓာတ်စရိုက်နှင့် အပြုအမူများကိုလည်း လူတို့နှင့် မအပ်စပ်သော ဘုန်းတန်ခိုးရှင် ဘုရားသခင်၏ ဝိသေသ ဂုဏ်လက္ခဏာများ ဖြစ်သလိုလို ပြောဆိုကြ၏။ သို့ဖြစ်၍ မိမိသည် လူတို့၏ မိတ်ဆွေကောင်းဖြစ်သည်ဟု ဗုဒ္ဓက မိန့်ဆိုခြင်းမှာ မိမိ၏ လူသားဓာတ်ကို ဖော်ညွှန်း၍ မိမိကို အားကျတုပပြီး ကျင့်ကြံအားထုတ်ပါက ကြီးပွား

တိုးတက်မည်ဖြစ်ကြောင်း ကြေညာခြင်းဖြစ်သည်ဟု မှတ်ယူသင့်ပေသည်။

မည်သို့ဖြစ်စေ အရိယာလမ်းစဉ်ကို လိုက်နာကျင့်သုံးသော ဗုဒ္ဓဝါဒီသည် ဗုဒ္ဓဂုဏ်တော်များကို မကြာခဏ ဆင်ခြင်အောက်မေ့၍ ဆိုင်ရာအခြေခံ ကုသိုလ်တရားများကို ပွားများအားထုတ်ရန် လိုအပ်၏။ စင်စစ် ကျွန်ုပ်တို့က တစ်ခါတစ်ရံ အမှတ်မထင် ဖတ်ရှုကြားနာဖူးသော ဗုဒ္ဓ၏ အပြုအမူများသည်ပင် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းတတ်သောသူအဖို့ ကြည်ညိုဖွယ်ရာ၊ အတုယူဖွယ်ရာ ဖြစ်နေတတ်၏။ ဥပမာ ရဟန်းတို့သည် တရားစကားဖြင့် စည်းဝေးနေကြ၍ ဗုဒ္ဓသည် တံခါးမုခ်အပြင်ဘက်၌ ရပ်လျက်ဆိုင်းငံ့နေတော်မူ၏။ ရဟန်းတို့စကားဆုံးမှ ချောင်းဟန့်၍ တံခါးရွက်ကိုခေါက်၏။ ဤဗုဒ္ဓ အပြုအမူ၌ မိမိက ရဟန်းတို့၏ ဆရာဖြစ်သော်လည်း မာနလုံးဝမရှိမှုနှင့် တပည့်တို့ကို လေးစား၍ ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံမှုသည် ထင်ရှား၏။(စာ-၃၉)

ဗုဒ္ဓ၏ အထူးမှတ်သားဖွယ်ကောင်းသော ဂုဏ်တော်သုံးပါးကို ဤစာအုပ်၏ နိဂုံးအဖြစ် ယခုဖော်ပြပါအံ့။

၁။ **လောကဓံကို ခံနိုင်ရည်ရှိမှု 'တာဒီ'ဂုဏ်။** ဗုဒ္ဓသည် ၄၅ နှစ်ပတ်လုံး လှည့်လည်သွားလာ၍ လူသတ္တဝါတို့အား ဟောပြောတော်မူခဲ့၏။ ဗုဒ္ဓနှင့် တရားဆွေးနွေးသော၊ သို့မဟုတ် တရားကြားနာသောသူတို့မှာ စိတ်ဓာတ်စရိုက်၊ အသိဉာဏ်၊ အမျိုးဇာတ်အယူဝါဒ စသည်အမျိုးမျိုးရှိ၍ ထိုသို့သော ပုဂ္ဂိုလ်သတ္တဝါ လူတန်းစားလွှာအမျိုးမျိုးနှင့် ဆက်ဆံရာမှ ရရှိသော အတွေ့အကြုံများသည် အကောင်းအဆိုး နှစ်လိုဖွယ်၊ မနှစ်လိုဖွယ်များနှင့် ရောပြွမ်းနေမည် အမှန်ဖြစ်၏။

မင်းမှူးမတ် သူဌေးသူကြွယ်တို့က ဗုဒ္ဓအား မကြာခဏ ဆွမ်းကပ်လှူသော်လည်း တစ်ခါတစ်ရံ ဒေသစာရီလှည့်လည်ရင်း ရောက်ရှိသောအရပ်၌ ဒေသခံလူများ၏ မေ့လျော့မှုသို့မဟုတ် မိုးခေါင်၍ သီးနှံအထွက် ညံ့ဖျင်းမှုကြောင့် ဗုဒ္ဓနှင့်တပည့်သံဃာများ ဆွမ်းလုံလုံလောက်လောက် မရရှိကြောင်း ပိဋကတ်စာပေ၌ ဖတ်ရှုရ၏။

ဗုဒ္ဓကို အလွန်ကြည်ညို၍ ဗုဒ္ဓဂုဏ်တော်များကို ချီးမွမ်း၍ မဆုံးဖြစ်သော မင်း၊ စစ်သူကြီး၊ ဗြာဟ္မဏစသော ပုဂ္ဂိုလ်အများအပြား ရှိသည်နှင့်အမျှ ဝါဒမတူမှု၊ သို့မဟုတ် မနာလိုမှုကြောင့် မလိုမုန်းထားသော သူများမှာလည်း မနည်းလှချေ။ ထို့ကြောင့် ဗုဒ္ဓသည် သူတစ်ပါး၏ ပုတ်ခတ်ဆဲရေးမှု၊ ကဲ့ရဲ့ပြစ်တင်မှု၊ မတရားစွပ်စွဲမှုနှင့် သေကြောင်းကြံစည်မှုကိုပင် ခံတော်မူရ၏။

ဗုဒ္ဓသည် တစ်ခါတစ်ရံ များစွာသော ရဟန်းအပေါင်း ခြံရံလျက် ဒေသစာရီကြွချီတော်မူကြောင်း ပိဋကတ်၌ ဖော်ပြထား၏။ သို့ရာတွင် ဗုဒ္ဓနောက်တော်မှလိုက်ပါသော အချို့ရဟန်းများမှာ ဗုဒ္ဓကို ကြည်ညိုလေးစားသော သူများမဟုတ်ချေ။ တစ်ခါသော် ဗုဒ္ဓသည် အရှင်နာဂသမာလကို နောက်လိုက်ရဟန်းပြု၍ ခရီးရှည်ကြွသွားရာ ခရီးအကြား၌ လမ်းခွဲတစ်ခုသို့ ရောက်လာကြ၏။ အရှင်နာဂသမာလသည် ထိုလမ်းခွဲ

အတိုင်း သွားလို၏။ ဗုဒ္ဓက သဘောမတူသောအခါ ဗုဒ္ဓ၏ သပိတ်သက်န်းကို မြေကြီးပေါ်၌ချထား၍ ဖဲသွား၏ (ဥဒါန်း ဒွိဓာပထသုတ်)။ မဟာပရိနိဗ္ဗာနသုတ်၌ ဘုရားရှင်သည် နာမကျန်းဖြစ်ပြီးနောက် ဝေသာလီပြည်ရှိ ရဟန်းတို့အား နောက်သုံးလလွန်သောအခါ မိမိပရိနိဗ္ဗာန်ပြုတော့မည်ဖြစ်ကြောင်း မိန့်ကြား၏။ ထို့နောက် ကုသိနာရုံပြည်သို့ ကြွသွားရာ အရှင်အာနန္ဒာမှတစ်ပါး အခြားရဟန်းတစ်ပါးမျှ ဗုဒ္ဓအား ပြုစုရန် လိုက်ပါသွားခြင်းမရှိချေ။

ထို့ကြောင့် ဗုဒ္ဓ၏ ဘဝခရီးသည် အခါခပ်သိမ်း သာယာဖြောင့်ဖြူးသည်ဟု မဆိုနိုင်ချေ။ ဘဝအဆင်မပြေမှုသည် အကျင့်သီလကို စမ်းသပ်သော မှတ်ကျောက်ဖြစ်ကြောင်း၊ ပုဂ္ဂိုလ်တစ်ဦးသည် ဉာဏ်ပညာရှိ, မရှိ သိလိုပါက အခါများစွာသော ဘေးအန္တရာယ် ကြုံတွေ့ဖူးခြင်း ရှိ, မရှိ စူးစမ်းလေ့လာရမည်ဖြစ်ကြောင်း ဗုဒ္ဓမိန့်ကြားခဲ့ခြင်းကို သတိပြုသင့်ပေ၏ (စာ-၂၅၄)။ မမာမကျန်းဖြစ်၍ ပရိနိဗ္ဗာန်စံဝင်ခါနီး ဗုဒ္ဓ၏ စိတ်ဓာတ်မြင့်မြတ်မှုကိုပြသော မဟာပရိနိဗ္ဗာနသုတ်သည် အနောက်တိုင်း ဗုဒ္ဓစာပေပညာရှင်များကို အများဆုံးဆွဲဆောင်သော သုတ္တန်ဖြစ်၏။

၂။ ဝိမုတ္တိ (လွတ်မြောက်မှု)ဂုဏ်။ ။ ဗုဒ္ဓသည် ကိလေသာတရားအားလုံးမှ လွတ်မြောက်ပြီးဖြစ်၍ အမြဲစိတ်ငြိမ်းချမ်းသော အရိယာပုဂ္ဂိုလ်ဖြစ်၏။ အတုမဲ့စိတ်ငြိမ်းချမ်းမှုရှိသောကြောင့် ချမ်းအေးသော ဆောင်းရာသီ၌ မြေပြင်သစ်ရွက်အခင်းပေါ်၌ ချမ်းသာစွာ အိပ်စက်တော်မူနိုင်ရကား အိပ်မရသဖြင့် ညတိုင်းစိတ်ငြိမ်ဆေး အိပ်ဆေးသောက်နေကြရသော များစွာသော ကမ္ဘာ့သူဌေးသူကြွယ် စည်းစိမ်ရှင်၊ ဘုန်းတန်ခိုးအာဏာရှင်တို့နှင့် အတိုင်းမသိ ကွာခြားလှပေသည်။

ဗုဒ္ဓ၏ ထူးခြားသော လွတ်မြောက်မှုတစ်မျိုးမှာ စရိက်ဝါသနာများမှ လွတ်မြောက်မှုဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါတိုင်း၌ စွဲကပ်နေသော စရိက်ဝါသနာ အနည်းအများရှိ၏။ ၎င်းတို့သည် ဗုဒ္ဓဝါဒအရ အတိတ်ဘဝများမှ ပါလာသော ကံအကျိုးတရားများဖြစ်၍ ယခုကာလ သတ္တဗေဒပညာအဆိုအားဖြင့် ပဋိသန္ဓေဗီဇနှင့် ဆက်နွှယ်နေသော အလိုဆန္ဒ၊ အပြုအမူများဖြစ်ကြ၏။ မည်သို့ဆိုစေ အစိုးမရသော တရားများဖြစ်သောကြောင့် အရိယာပုဂ္ဂိုလ်တို့သည်ပင် စရိက်ဝါသနာအားလုံးကို စွန့်လွှတ်ရန် မလွယ်ကူကြောင်း၊ ဗုဒ္ဓသည် လူတို့၏ စရိက်ဝါသနာကိုကြည့်၍ ဟောတော်မူကြောင်း ပိဋကတ်စာပေ၌ ပြဆိုထား၏။

ဗုဒ္ဓ၏ ကာယကံမှု၊ ဝစီကံမှုများသည် စရိက်ဝါသနာနှင့် မပတ်သက်ဘဲ အသိပညာဉာဏ်နှင့် စိတ်ဓာတ်မြင့်မြတ်မှုပေါ်၌ အခြေပြုသော အမှုများဖြစ်၏။ ဥပမာ ဗုဒ္ဓသည် ဇာတရိ တောမှိုသူတော်စင်မဟုတ်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဗုဒ္ဓနှင့် ဗုဒ္ဓဓမ္မအကြောင်းကို အခြားရှေးအိန္ဒိယ ဘာသာရေးဆရာများ၏ ဘဝဖြစ်စဉ်နှင့် ဟောပြောချက်များထက် ပိုမိုစုံလင်စွာ သိရှိကြရ၏။ သို့ရာတွင် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့နှင့် ရော

ပြွမ်းနေတော်မူခြင်းသည် ဝါသနာကြောင့် မဟုတ်ချေ။ သို့ဖြစ်၍ တစ်ခါတစ်ရံ ဆွမ်းပို့သော ရဟန်းမှတစ်ပါး အခြားမည်သူနှင့်မျှ အတွေ့မခံဘဲ သုံးလေးလကြာမျှ တပါးတည်းနေတော်မူလေ့ရှိ၏။ ဗုဒ္ဓ၏ အလိုအားဖြင့် မည်သည့်ကိစ္စ၌မဆို အစစအရာရာကို ဆင်ခြင်နှလုံးသွင်းမှုသည် အရေးကြီး၏။ ကျွန်ုပ်တို့အဖို့ ထိုနှလုံးသွင်းမှုသည် အသိဉာဏ်စိုက်ထုတ်ရသော အမှုဖြစ်၍ ဗုဒ္ဓအဖို့မူ ဉာဏ်မစိုက်ထုတ်ရဘဲ ရုတ်ခြည်းသိသော သမ္မာသမ္ဗောဓိဉာဏ်၏ လက္ခဏာဖြစ်ပေမည်။

ဥပမာ၊ သည်းခံခြင်းသည် ဗုဒ္ဓချီးမွမ်းသော်လည်း အတိုင်းအတာရှိသော (ဝါ) အသိဉာဏ် ဦးဆောင်သော သည်းခံမှုဖြစ်ရန် လိုအပ်၏။ အတိုင်းမသိ သည်းခံသော ပုဂ္ဂိုလ်သည် မိဘကောင်း၊ ဆရာကောင်းမဖြစ်နိုင်ချေ။ ဗုဒ္ဓသည်ပင် ရဟန်းတို့ကို ဆုံးမရာ၌ ချိုသာသော စကားသုံးစွဲမှု အတိုင်းအတာရှိရ၏။ တစ်ခါသော် ရဟန်းတစ်ပါးသည် မိမိအား စေတနာကောင်းဖြင့် ဆုံးမသော ရဟန်းတို့ကို နှုတ်လုံ့ထိုးရာ ဗုဒ္ဓက "ရဟန်းတို့၊ ဤဒုဿီလပုဂ္ဂိုလ်ကို သာသနာမှ နှင်ထုတ်ကြကုန်လော။ သူသည် ငါဘုရား၏ သာသနာကို အဘယ်သို့လျှင် သုတ်သင်နိုင်ပါအံ့နည်း"ဟု မိန့်ကြား၏။ (အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ ကာရဏ္ဍဝသုတ်)

ဗုဒ္ဓ၏ အခြားထင်ရှားသော ဝိမုတ္တိဂုဏ်မှာ အယူဝါဒအစွဲမှ လွတ်မြောက်မှုဖြစ်၏။ ဤဒိဋ္ဌုပါဒါန် လုံးဝကင်းမှုသည် သုတ္တနိပါတ် ပါဠိတော်များ၊ ဗုဒ္ဓ၏ ဝိဘဇ္ဇဝါဒ အလယ်လမ်းစဉ်နှင့် အချင်းချင်းဆန့်ကျင်သယောင် ဖြစ်နေသော ဒေသနာများ၌ သိသာထင်ရှား၏။ ဤဝိမုတ္တိဂုဏ်နှင့် လျော်ညီစွာ ပုဂ္ဂလိကလွတ်လပ်ရေးကို ဗုဒ္ဓတန်ဖိုးထားမှုသည် အမိန့်ပေးစနစ်ကို ဆန့်ကျင်၍ ဗုဒ္ဓချမှတ်ထားသော ရဟန်းသံဃာ၏ လူနေမှုစနစ်နှင့် လူ့ကျင့်ဝတ် (သင်္ဂါလောဝါဒသုတ်)များ၌ ထင်ဟပ်လျက်ရှိ၏။

ဗုဒ္ဓသည် အရိယာလမ်းစဉ်၌ တဏှာ၊ မာန၊ ဒိဋ္ဌိမှ လွတ်မြောက်မှုနှင့် အရိယာလမ်းစဉ်၏ ရှေးဦးမူလအဆင့်ဖြစ်သော ကမ္မလမ်းစဉ်၌ လွတ်လပ်စွာ ယုံကြည်မှုကို အလေးပေး၍ ဟောတော်မူခဲ့၏။ ဤအချက်သည် ဗုဒ္ဓဝါဒကို အခြားကမ္ဘာ့ဘာသာဝါဒများနှင့် နှိုင်းယှဉ်လေ့လာပါက ပိုမိုသိသာထင်ရှား၏။ ဥပမာ ကမ္ဘာ့ဘာသာဝါဒကြီးတစ်ခု၏ ပထမပညတ်တော်နှစ်ပါးမှာ– (၁) "ငါမှတစ်ပါး အခြားဘုရားကို မကိုးကွယ်နှင့်"၊ (၂) "သူ့အသက်ကို မသတ်နှင့်" ဖြစ်၏။ ပထမပညတ်ချက်နှင့်ယှဉ်၍ စဉ်းစားရန် ဗုဒ္ဓစကားမှာ "ငါဘုရား၏တရားကို မကြားနာရသော်လည်း အချို့ပုဂ္ဂိုလ်တို့သည် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ကြ၏။" ဒုတိယ သတိပြုရန်မှာ ဗုဒ္ဓဝါဒ၌ အနန္တဘုန်းတန်ခိုးရှင်၏ အမိန့်ကိုနာခံမှုမျိုးမရှိ။ အသက်သတ်ခြင်း၏အပြစ်ကို မိမိကိုယ်တိုင်သိမြင်၍ ထိုမကောင်းမှုကို မိမိသဘောအလျောက် ရှောင်ကြဉ်ရန် အဓိဋ္ဌာန်ပြုမှုသာရှိ၏။

**၃။ ပညာနှင့်သီလသမာဓိ တွဲဖက်နေသော ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်။ ။** အသိပညာရှိ၍ ထိုအသိပညာနှင့် လိုက်လျောညီစွာ အကျင့်သီလ သမာဓိရှိခြင်းသည်

ဗုဒ္ဓ၏ အထူးမှတ်သားဖွယ်ကောင်းသော တတိယဂုဏ်တော်ဖြစ်၏။ လောက၌ လူတော်လူကောင်းများကို တွေ့ရခဲကြောင်း အထူးရေးသားရန် မလိုချေ။ ပညာအရည်အချင်းပြည့်စုံမှုနှင့် စိတ်နေသဘောထား ကိုယ်ကျင့်တရားကောင်းခြင်းသည် ဒွန်တွဲမနေဘဲ တစ်ခြားစီဖြစ်နေတတ်၏။ လူတော်လူကောင်းထက် အဆင့်အတန်းများစွာ မြင့်မားသော ပုဂ္ဂိုလ်မှာ ပညာရှိသူတော်ကောင်းဖြစ်၍ လူ့သမိုင်းတစ်လျှောက်၌ ထိုပုဂ္ဂိုလ်မျိုး သာလွန်စွာရှားပါးကြောင်း ယုံမှားဖွယ်ရာ မရှိချေ။

ဤနေရာ၌ ပညာရှိသူတော်ကောင်း၏ ဝိသေသဂုဏ်အင်္ဂါများကို ရှေးဦးစွာ နားလည်ရန် လိုအပ်၏။ ပညာရှိဆိုရာ၌ အဌကထာဆရာများ နားလည်ခံယူ၍ ဗုဒ္ဓကိုယ်တော်တိုင် ငြင်းဆိုသော သဗ္ဗညုတဉာဏ် (ဘာမဆို အမြဲထာဝရ ကြားမြင်သိရှိမှု)ကို ရည်ညွှန်းခြင်းမဟုတ်။ သတ္တဝါအားလုံး ကြီးပွားချမ်းသာမှုအတွက် သိသင့်သော တရားအားလုံး သိမြင်မှုကိုသာ ဆိုလိုခြင်းဖြစ်၏။ ထိုပညာရှိသည် သတ္တဝါများ ကြီးပွားချမ်းသာမှုသို့ ဦးတည်၍ ကြံ့ခိုင်သော သီလသမာဓိရှိပါက သူတော်ကောင်းဖြစ်သည်ဟု မှတ်ယူရပေမည်။

ဤဂုဏ်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ကမ္ဘာပေါ်၌ အလွန်တွေ့ရခဲ၏။ အနောက်နိုင်ငံများ၌ အတွေးအခေါ်၊ အသိအမြင် အတော်အတန်ရင့်ကျက်သော သိပ္ပံပညာရှင်၊ ဒဿနဆရာ၊ စာရေးဆရာစသော အသိပညာရှင်များရှိ၏။ သို့ရာတွင် သူတို့ အကြောင်း နှိုက်နှိုက်ချွတ်ချွတ် လေ့လာရှာဖွေရေးသားသော သူများ၏ အဆိုအားဖြင့် ထိုပညာရှင်များမှာ သီလသမာဓိ အားနည်းချက် အနည်းအများရှိသောသူများ ဖြစ်ကြ၏။

အရှေ့နိုင်ငံများ၌မူ ပညာရှိအခေါ်ခံ အချို့သော ပုဂ္ဂိုလ်များမှာ လူသူအရောက်အပေါက်နည်းသော အရပ်ဒေသ၌ နေထိုင်သော ရသေ့ရဟန်းများဖြစ်၍ သူတို့၏ ပညာနက်နဲမှု အတိုင်းအတာကို အမှန်အတိုင်း သိရှိရန် မလွယ်ကူချေ။ မြို့နေပညာရှိများအကြောင်း အတွင်းကျကျ စူးစမ်းလေ့လာ၍ ရေးသားထားသော စာအုပ်များမှာလည်း အလွန်နည်းပါး၏။ အထူးသဖြင့်ကား အကျင့်သီလနှင့် သိက္ခာသမာဓိဂုဏ်ကြောင့် လူအများ၏ ကြည်ညိုလေးစားခြင်းခံရသော ပုဂ္ဂိုလ်များမှာ အများအားဖြင့် လောကဓံ (ဗုဒ္ဓအဆိုအားဖြင့် ဘေးရန်) အတွေ့အကြုံနည်းပါးသောကြောင့် ဆင်းရဲခြင်း (ဥပမာ ဗုဒ္ဓအား သစ္စကပရဗိုဇ်က မရှိမသေ ပြက်ရယ်ပြုခြင်းမျိုး) ဒဏ်ကိုသော်လည်းကောင်း၊ ချမ်းသာခြင်း (ဥပမာ ဗုဒ္ဓက ရဟန်းတို့အား အလေးအနက်သတိပေးသော လာဘ်သပ်ပကာ ကျော်စောမှု)ဒဏ်ကို သော်လည်းကောင်း ကြံ့ကြံ့ခံနိုင်သော သီလသမာဓိမျိုး ရှိ, မရှိ ကျွန်ုပ်တို့ အသေအချာ မသိရချေ။

ဗုဒ္ဓသည်ကား ပညာရှိ သူတော်သူမြတ် အစစ်အမှန်ဖြစ်ကြောင်း ဗုဒ္ဓ၏ ပညာ၊ သီလ၊ သမာဓိသည် ပုဂ္ဂိုလ်သတ္တဝါအမျိုးမျိုးနှင့် လောကဓံ အတွေ့အကြုံအမျိုးမျိုး

အကြား၌ မှတ်ကျောက်တင်ခံနိုင်သော ဂုဏ်များဖြစ်ကြောင်း ပိဋကတ်စာပေမှ သာဓက အထောက်အထားများ ဖော်ပြခဲ့ပေပြီ။ သို့ဖြစ်၍ ဗုဒ္ဓလက်ထက်က အချို့သော ဗြာဟ္မဏပရိဗိုဇ်၊ တိတ္ထိတို့နှင့် ယခုခေတ်၌ ဗုဒ္ဓစာပေကို လေ့လာသော အချို့သော အနောက်တိုင်း အသိပညာရှင်တို့သည်ပင် ဗုဒ္ဓတရားကို အကြွင်းမဲ့ လက်မခံနိုင်စေကာမူ ဗုဒ္ဓကို ကြည်ညိုလေးစားကြ၏။ သူတို့ ကြည်ညိုကြခြင်းမှာ အဓိကအားဖြင့် ဗုဒ္ဓ၏ ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်ကြောင့်ဖြစ်၏။ ဗုဒ္ဓ၏ သီလသမာဓိဂုဏ်ကို ချီးကျူးသော အနောက်တိုင်းပညာရှင်အချို့၏ ရေးသားချက်များကို 'ဗုဒ္ဓ' အခန်း၌ ပြဆိုခဲ့ပေပြီ။ အမေရိကန် ဗုဒ္ဓစာပေပညာရှင်တစ်ဦး၏ ရေးသားချက်ကို ယခု နောက်ဆုံးဖော်ပြပါအံ့။

"ဂေါတမဗုဒ္ဓသည် လောက၌ အတူတကွ တွေ့ရခဲသော ဂုဏ်အင်္ဂါနှစ်ပါးကို ထူးခြားလေးနက်သော အသွင်လက္ခဏာဖြင့် တွဲဖက်၍ ရုပ်လုံးဖော်ထားသော ပုဂ္ဂိုလ် သူမြတ်ဖြစ်၏။ ပထမဂုဏ်အင်္ဂါမှာ သတ္တဝါတို့ကို သနားကြင်နာမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ သည်းခံမှု၊ စေတနာမွန်မြတ်မှုနှင့် စိတ်တည်ငြိမ်ကြံ့ခိုင်မှုဖြင့် ထင်ရှားသော သီလသမာဓိ ဂုဏ်ဖြစ်၏။ လူသတ္တဝါတို့အား သူ၏ ခင်မင်ကြင်နာမှုသည် ဖြူစင်ပွင့်လင်း၍ သူသည် ကမ္ဘာ့ထိပ်တန်း ခေါင်းဆောင်ကြီးများသာလျှင် ရရှိအပ်သော လူတို့၏ ကြည်ညိုလေးစားမှုကို ရရှိ၏။ ဗုဒ္ဓ၏ အခြားဂုဏ်မှာ လူ့သမိုင်း၌ ပြိုင်ဘက်ကင်းသော ဉာဏ် အမြင်ရှိမှုဖြစ်၏။ သူသည် မိမိခေတ်၌ ပေါ်ထွန်းနေသော အတွေးအခေါ်များကို နှိုက် ချွတ်လေ့လာ၍ စိစစ်ပြီးလျှင် ကောင်းမွန်မှန်ကန်သော အယူများကို လက်ခံ၍ မကောင်းသော၊ မှားသောအယူများကို စွန့်လွှတ် သို့မဟုတ် ပြုပြင်ပြောင်းလဲခဲ့၏။ ဤဗုဒ္ဓဂုဏ်တော်ကြောင့်ပင် ဗုဒ္ဓဝါဒသည် ဘဝပြဿနာကို စနစ်တကျ ဆင်ခြင်သုံးသပ် လေ့လာ အဖြေရှာရာမှ ပေါ်ပေါက်လာသော တစ်ခုတည်းသော ကမ္ဘာ့ဘာသာ ဝါဒကြီးဖြစ်၏။ ဗုဒ္ဓသည် လူသတ္တဝါများအပေါ်၌ ရှေးဦးလက်မွန် မေတ္တာကရုဏာထားသော အသိပညာဉာဏ်ကြီးရှင် အာဇာနည်ပုဂ္ဂိုလ်ဖြစ်၏။"[၁]

ဝက္ကလိရဟန်းအား ဗုဒ္ဓမိန့်ကြားချက်နှင့်အညီ ဗုဒ္ဓဂုဏ်တော်များကို မှန်ကန်စွာ သိမြင်သော အရိယာတပည့်သည် အရိယာကျင့်စဉ်ကိုလည်း မှန်ကန်စွာ သိမြင်နားလည်မည်ဖြစ်၏။ အရိယာကျင့်စဉ်၌ ရှေးဦးပထမ လိုအပ်ချက်မှာ ဗုဒ္ဓကဲ့သို့ပင် လောကဓံတရား ရှစ်ပါးကို ခံနိုင်ရည်ရှိမှုဖြစ်၏။ အရိယာပုဂ္ဂိုလ်သည် လောကဓံတရား အမျိုးမျိုးကို မတုန်မလှုပ် ခံနိုင်ရည်ရှိသောကြောင့်သာလျှင် ဗုဒ္ဓလက်ထက်က အချို့ ရဟန္တာတို့သည် လူနှင့်ရဟန်းတို့ အလယ်၌နေထိုင်ခြင်း ဘုရားရှင်က ရဟန္တာအဖြစ် အသိအမှတ်ပြုထားသော လူပုဂ္ဂိုလ်များနှင့် သောတာပန်၊ သကဒါဂါမ်နှင့် အနာဂါမ် အဖြစ် အသိအမှတ်ပြုထားသော၊ မြောက်မြားစွာသော ဥပါသကာနှင့် ဥပါသိကာမများသည် ရဟန်းမပြုဘဲ လူ့ဘောင်၌ ဆက်လက်နေထိုင်ကြခြင်း ဖြစ်ပေမည်။

---

၁။ **E.A.Burtt: The Teachings of The Compassionate Buddha, pp. 22**

လောကဓံတရားအမျိုးမျိုး ကြုံတွေ့ရသောအခါ၌ အရိယာပုဂ္ဂိုလ်တို့ တုန်လှုပ်မှု မရှိခြင်းမှာ အမာခံ သီလသမာဓိ၏ ဂုဏ်အင်္ဂါဖြစ်၏။ အရိယာလမ်းစဉ်၌ ရရှိအပ်သော အမာခံ သီလသမာဓိသည် ခိုင်မာတည်မြဲ၍ ဘယ်အခါမျှ ဆုတ်ယုတ်ပျက်စီးရန် အကြောင်း မရှိချေ။ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်သည် အပါယ်သို့မကျတော့ဘဲ နောက်ဆုံး၌ နိဗ္ဗာန်ကို မလွဲမသွေ မျက်မှောက်ပြုရမည်ဟု ဗုဒ္ဓက မိန့်ကြားခဲ့ခြင်းဖြစ်၏။ ဥပမာအားဖြင့် တက္ကသိုလ် ပထမနှစ်ကျောင်းသားတစ်ဦး၏ အရည်အချင်းကို ကျွမ်းကျင်နားလည်သောပုဂ္ဂိုလ်က သိရှိ၍ ထိုကျောင်းသားသည် မဟာဝိဇ္ဇာဘွဲ့ကို ဧကန်မုချရမည်ဟု အတပ်ဟောသကဲ့သို့ ဖြစ်၏။

အရိယာလမ်းစဉ်၌ အရေးပါ၍ ဗုဒ္ဓဂုဏ်တော်အဖြစ်ဖြင့် ထင်ရှားသော တရားတစ်ပါးမှာ ဟန်ဆောင်ခြင်းမရှိဘဲ ရိုးသားပွင့်လင်းမှုဖြစ်၏။ ဗုဒ္ဓသည် မိမိမှာ လူအများထင်သကဲ့သို့ ဘာမဆို အမြဲကြား မြင်သိသော သဗ္ဗညုတဉာဏ်မျိုး မရှိကြောင်း ပရိဗိုဇ်တစ်ဦးအား ရိုးသားပွင့်လင်းစွာ မိန့်ကြား၏။ မိမိဟောသောတရားသည် မိမိက စတင်သိမြင်သောတရား မဟုတ်ဘဲ ရှေးဘုရားရှင်တို့ ဟောခဲ့သော တရားဖြစ်ကြောင်း မိန့်ကြားလေ့ရှိ၏။ မိမိကို ဖူးမြင်၍ မိမိတရားကို ကြားနာရသော်လည်း အကျွတ်တရား မရသော လူများရှိ၍ မိမိကိုမမြင်ဖူးဘဲ မိမိတရားကို မကြားနာဖူးဘဲ အကျွတ်တရား ရသော လူများရှိကြောင်း ရဟန်းတို့အား ပြောကြား၏။ ဤသို့သော တိကျပြတ်သားသောစကားမျိုးပြောသော ဘာသာရေးခေါင်းဆောင်များမှာ ကမ္ဘာပေါ်၌ ရှေးအခါကသော်လည်းကောင်း၊ ယခုခေတ်၌သော်လည်းကောင်း ရှားလှပေသည်။

ရိုးသားပွင့်လင်းမှုသည် တရားကျင့်ရာ၌ လိုအပ်သော ပဓာနိယင်္ဂါငါးပါးအနက် တစ်ပါးဖြစ်၏။ ဗုဒ္ဓဒေသနာ တစ်ခုအဆိုအားဖြင့် တရားအားထုတ်ရာ၌ ရိုးသားပွင့်လင်းသော ပုဂ္ဂိုလ်သည် ရက်အနည်းငယ်အတွင်း မဂ်ဖိုလ်နိဗ္ဗာန် ရရှိနိုင်၏။ မုသားစကားပြောသော (မရိုးသားသော) သူသည် အခြားမည်သည့်မကောင်းမှုကိုမဆို ပြုလုပ်ရန် ဝန်လေးမည်မဟုတ်ဟု ရာဟုလာအား မိန့်ကြား၏။ ရဟန်းသံဃာ၌ ရိုးသားပွင့်လင်းမှုကို အားပေးရန် ရဟန်းတို့အချင်းချင်း တစ်နှစ်တစ်ကြိမ် မိမိတို့အပြစ်ကို ဖွင့်ဟဝန်ခံသော အကျင့် (ပဝါရဏာ)ကို ပြဋ္ဌာန်းတော်မူခဲ့၏။

ဟန်မဆောင်ဘဲ ရိုးသားပွင့်လင်းမှုသည် အရိယာကျင့်စဉ်၌ များစွာအရေးကြီး၍ အရိယာတပည့်သည် မိမိကိုယ်ကို မကြာခဏ ဝေဖန်ဆန်းစစ်ရန် လိုအပ်၏။ ပုဂ္ဂိုလ်သတ္တဝါအားလုံးလိုလို၌ သူတစ်ပါးအကြောင်း မသိမှုထက် မိမိအကြောင်းမသိမှုက ပိုများ၏။ မသိစိတ်ဖြင့် မိမိကိုယ်မိမိ လူတို့လှည့်စားတတ်ပုံ အမျိုးမျိုးကို အနောက်တိုင်း စိတ်ပညာကျမ်းများ၌ ပြဆိုထား၏။[၁] 'ကိုယ့်အကြောင်း ကိုယ်သိပါ' ဟူသော စကားမှာ ရှေးဂရိဒဿနဆရာတို့၏ ဆုံးမစကားဖြစ်၏။[၂]

---

၁။ "စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှု" စာအုပ်၌ အကျယ်ရေးသားထားသည်။

၂။ **"Know Thyself."**

ဗုဒ္ဓသည်ကား ဘုရားဖြစ်တော်မူစကပင် ဘဒ္ဒဝဂ္ဂီမင်းသားတို့အား မိမိတို့ကိုယ်ကို ရှာကြရန် (ဝါ) ဝေဖန်ဆန်းစစ်ရန် မိန့်ကြားခဲ့၏။ မသိစိတ်၏ နှောင်ဖွဲ့ခြင်းမှ ကင်းဝေးစေမည့် သတိပဋ္ဌာန်တရားကို ဟောတော်မူခဲ့၏။

ထိုသို့ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ဗုဒ္ဓဟောကြားခဲ့သော တရားများသည် ယခုခေတ် ပညာရှင်တို့၏ စူးစမ်းလေ့လာ တွေ့ရှိရချက်များ အသိမြင်များနှင့် ကိုက်ညီနေသောကြောင့် များစွာသော ကမ္ဘာ့ပညာရှင်များက ဗုဒ္ဓကို ကြည်ညိုလေးစားကြ၏။ ထိုကြည်ညိုလေးစားမှုနှင့် ပတ်သက်၍ အထူးသဖြင့် အရိယာတပည့်များ မှတ်သားသင့်သော ဗုဒ္ဓဩဝါဒသည်ကား မိမိအား ရှိခိုးပူဇော်မှုသည် မိမိကို ကြည်ညိုလေးစားသည်မမည်။ မိမိ၏တရားနှင့်အညီ ကျင့်ကြံမှုသည်သာလျှင် မိမိကို ကြည်ညိုလေးစားသည် မည်သည်ဟူ၍ ပရိနိဗ္ဗာန်ပြုခါနီး၌ ဗုဒ္ဓမိန့်ကြားတော်မူသော စကားဖြစ်ပေသည်။

မဂ်ဖိုလ်နိဗ္ဗာန် မျှော်မှန်းသော အရိယာတပည့်အဖို့ ရွေးချယ်ရန် ကျင့်စဉ်နှစ်မျိုး ရှိ၏။ ထိုနှစ်မျိုးမှာ ဝိပဿနာတရား အားထုတ်မှုနှင့် အသိပညာ ပြည့်စုံဖို့လုံ့လ အားထုတ်မှုဖြစ်၏။ မည်သည့်ကျင့်စဉ်ပင်ဖြစ်စေ ယနေ့ ကမ္မဋ္ဌာန်းရိပ်သာများ၌ တရားအားထုတ်နေသော ပုဂ္ဂိုလ်များကိုသော်လည်းကောင်း၊ ဗုဒ္ဓထင်ရှားရှိစဉ်က ဝိပဿနာ တရားအားမထုတ်ရဘဲ မဂ်ဖိုလ်ရရှိသော ပုဂ္ဂိုလ်များကိုသော်လည်းကောင်း အားကျတုပ၍ မဆင်ခြင်ဘဲ ရွေးချယ်ခြင်းမပြုသင့်ချေ။ မိမိကိုယ်မိမိ ဆန်းစစ်၍ မိမိ၏ စိတ်ဓာတ်၊ စရိုက်နှင့် ကိုက်ညီခြင်းရှိ, မရှိ စူးစမ်းလေ့လာရန် လိုအပ်၏။ ဝိပဿနာတရား အားထုတ်မည်ဆိုပါက မဇ္ဈိမနိကာယ်၌ ဗုဒ္ဓဟောကြားသော ကမ္မဋ္ဌာန်းထိုင်သူများ၌ လိုအပ်သည့် သဒ္ဓါယုံကြည်မှု၊ ကျန်းမာမှု၊ ရိုးသားပွင့်လင်းမှု၊ ဝီရိယရှိမှုနှင့် အသိဉာဏ်ရှိမှုဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံပါ၏လော။ ပညာစွမ်းအားဖြင့် လွတ်မြောက်မှုရရှိလိုပါက မိမိသည် ပညာဖြင့်မွေ့လျော်သောသူ ဖြစ်ပါ၏လော။ စာဖတ်ဝါသနာပါပါ၏လော။ အစစအရာရာကို ဆင်ခြင်စဉ်းစားလိုသော စိတ်ဆန္ဒရှိပါ၏လော စသည်ဖြင့် မိမိ၏ စရိုက်ဝါသနာများကို မှန်ကန်စွာ ဆန်းစစ်ရန် လိုပါပေလိမ့်မည်။

ထိုသို့ မိမိ၏ စိတ်ဓာတ်စရိုက်နှင့် လျော်ညီသော ကျင့်ကြံအားထုတ်မှုသည် ဓမ္မဂုဏ်တော်နှင့်အညီ မျက်မှောက်ဘဝ၌ အကျိုးပေးမည်ဖြစ်၏။ ထိုအကျိုးပေးမှုသည် မိမိ၏ လုပ်ငန်းတာဝန်နှင့် လူမှုကိစ္စများကို ရှောင်လွှဲ၍ အမြဲလိုလို တရားထိုင်နေခြင်း၊ စာဖတ်နေခြင်းဖြင့် အရာမထင်ဘဲ လူအများနှင့် ပေါင်းသင်းဆက်ဆံမှု မိမိနှင့် ဆိုင်သော တာဝန်လုပ်ငန်းများ ဆောင်ရွက်မှု၌သာ ပေါ်လွင်ထင်ရှားလာပေမည်။ သို့ဖြစ်၍ ဘုရားလက်ထက်က ရဟန္တာတို့သည် အများအားဖြင့် ရဟန်းတို့နှင့် အတူနေ၍ ဆွမ်းခံခြင်း၊ ပါတိမောက်ကြားနာခြင်းပြုကြ၏။ အရှင်မောဂ္ဂလာန်သည် ဒုဿီလ ရဟန်းတစ်ပါးကို သံဃာအလယ်မှ ဆွဲကိုင်နှင်ထုတ်၍ ရဟန်းတစ်ပါးသည် မသင့်မတင့်

ဖြစ်နေသော ဓနီးမောင်နံကို ပြန်လည်သင့်မြတ်စေ၏။

ဗုဒ္ဓလက်ထက်က သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ယောကျ်ားမိန်းမတို့နှင့် ဗုဒ္ဓကိုယ်တိုင် အသိအမှတ်ပြုသော လူရဟန္တာပုဂ္ဂိုလ် ၁၇ ဦးသည်လည်း မိမိတို့၏ လူမှုကိစ္စ တာဝန်လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေကြမည် ဖြစ်၏။ အထက်က ဖော်ပြခဲ့ပြီးဖြစ်သော ရှုရှားပညာရှင် ဒေါက်တာဆခရော့(ဗ)ကဲ့သို့ အရိယာဂုဏ်အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များ ကမ္ဘာအရပ်ရပ်၌ ရှိပေလိမ့်မည်။

အရိယာဖြစ်ရန် မုချအလားအလာရှိသော ပုဂ္ဂိုလ်တစ်ဦးမှာ ယိုးဒယား (ထိုင်း) နိုင်ငံမှ ချမ်လွှမ်သီရီမွှန်ဆိုသူ ဗန်ကောက်မြို့တော်ဝန်ဖြစ်၏။[၁] အငြိမ်းစား ဒုတိယစစ်ဗိုလ်မှူးကြီးလည်းဖြစ်သော ထိုမြို့တော်ဝန်သည် စက်ရုံတစ်ရုံအပေါ်ထပ် အခန်းတစ်ခု၌ ခြိုးခြံစွာ ကျင့်ကြံနေထိုင်၍ ကိုယ်ရံတော် အစောင့်အကြပ်မပါဘဲ တက္ကစီကားဖြင့် အလုပ်သို့သွား၍ အလုပ်လုပ်ရာ၌ တည်ငြိမ်အေးဆေးပြီး ထိရောက်ပြတ်သား၏။ သူ၏ ရိုးသားဖြောင့်မတ်မှု၊ စိတ်နှလုံးနိမ့်ချမှုနှင့် ပြည်သူလူထု အကျိုးဆောင်ရွက်မှုများကြောင့် ထိုင်းနိုင်ငံ၌ လူချစ်လူခင် အများဆုံးဖြစ်၍ ဒုတိယအကြိမ် မဲအပြတ်အသတ်ဖြင့် တင်မြှောက်ခံရသော ဗုဒ္ဓဝါဒီ မြို့တော်ဝန်ဖြစ်၏။[၂]

အရိယာတပည့်သည် ပတ်ဝန်းကျင် လူမှုကိစ္စအားလုံး၌ ပါဝင်သင့်သည်။ မိမိ၏ သီလသမာဓိကို စမ်းသပ်ရန် ပြဿနာအခက်အခဲများကို တမင်တကာ ရှာကြံ၍ ရင်ဆိုင်ရမည်ဟု ဆိုလိုခြင်းမဟုတ်ချေ။ ဘဝခရီးတစ်လျှောက်၌ မလွှဲမရှောင်သာ ကြုံတွေ့ရသော မိမိနှင့် သူတစ်ပါး၏ အခက်အခဲ ပြဿနာများကို အခြေအနေနှင့် အချိန်အခါကြည့်၍ တတ်နိုင်သမျှ ကြိုးစားဖြေရှင်းရန်သာ လိုအပ်၏။

ထိုသို့ ဖြေရှင်းရာ၌ အကုသိုလ်အမှု တစ်ခုခုပြုလုပ်မိမည်ကို စိုးရိမ်ပူပန်နေရန် မလိုချေ။ ကြီးလေးသော အပြစ်မဟုတ်ပါက အပြစ်ပြေပျောက်ရန် ပြုလုပ်အပ်သော နည်းများရှိ၏။ ဗုဒ္ဓဟောသော ထိုနည်းများကို ဖော်ပြခဲ့ပေပြီ။ စင်စစ် အရိယာလမ်းစဉ်၏ ဦးတည်ချက်သည် ရာခိုင်နှုန်းပြည့် သီလစင်ကြယ်မှုမဟုတ်ချေ။ ထို့ကြောင့် အရှင်မောဂ္ဂလာန်ကိုပင် ဗုဒ္ဓက မိဒ္ဓ ငိုက်မျဉ်းခြင်းကင်းရန် မည်သို့ပြုမူရမည်။ လူတို့နှင့် ဆက်ဆံရာ၌ မည်သို့ပြုကျင့်သင့်သည်ဟု ဟောကြားတော်မူခဲ့၏။ (အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ ပစလာယမာနသုတ်)

မဂ်ဖိုလ်နိဗ္ဗာန်ခရီးသည် တစ်နည်းအားဖြင့် မိမိမရောက်ဖူးသော နေရာသို့ ဘေးရန် အခက်အခဲများကို ဖြတ်သန်း၍သွားရသော ခရီးနှင့်တူ၏။ ခရီးသည် သည် ခရီးပန်းတိုင်ကို စိတ်ဆန္ဒမစောဘဲ ခရီးသွားရခြင်း၌သာ စိတ်ဝင်စား၏။ သူသည် လမ်းခရီး၌ တစ်ခါတစ်ရံ မပြောပလောက်သော အမှားအနည်းငယ် ပြုမိပေမည်။ သို့ရာတွင် မိမိ၏ နှလုံး

၁။ **Chamlong Srimuang**

၂။ **Time Magazine (29-1-90)**

ရည်စွမ်းအားဖြင့် ဘေးရန်အခက်အခဲများကို လွန်မြောက်၍ နောက်ဆုံး၌ ခရီးပန်းတိုင်သို့ ချောမောစွာရောက်မည် ဧကန်မုချဖြစ်၏။

ထို့ကြောင့် မြန်မာနိုင်ငံ၌ ဗုဒ္ဓဝါဒ လေ့လာခဲ့သော အနောက်နိုင်ငံ ပညာရှင်တစ်ဦးက မဂ္ဂင်ရှစ်ပါးသည်ပင် နိဗ္ဗာန်ဖြစ်သည်ဆို၏။[၁] မဟာယာနဆရာတို့၏ အဆိုအားဖြင့် နိဗ္ဗာန်နှင့်သံသရာသည် မည်သို့မျှ မခြားနားချေ။ ထေရဝါဒ၏ အရိယာလမ်းစဉ်၌ ဗုဒ္ဓဝါဒီသည် အနာဂတ်ကို မစဉ်းစားဘဲ ဘဝပြဿနာ အခက်အခဲများအကြား၌ သီလ၊ သမာဓိပညာကို အနိုင်အမာတည်ဆောက်ရန် ကြိုးစားအားထုတ်ရမည်။ ဒုက္ခ၏ အဆုံး (ဝါ) နိဗ္ဗာန်ကို မိမိကိုယ်ခန္ဓာ၌သာ ရှာရမည်ဖြစ်ပေသတည်း။

* * *

၁။ **A. J. Bahm: The Philosophy of the Buddha, pp. 101**

# နောက်ဆက်တွဲ
# မှတ်သားဖွယ်၊ ဆင်ခြင်သုံးသပ်ဖွယ်
# ဗုဒ္ဓမိန့်ကြားချက်များ

ပိဋကတ်လာ ဗုဒ္ဓဒေသနာများမှ စာဖတ်သူတို့ အထူးမှတ်သား လေ့လာဆင်ခြင် သုံးသပ်ဖွယ် ဗုဒ္ဓမိန့်ကြားချက်များကို စုပေါင်း၍ အောက်၌ဖော်ပြထားပါသည်။ အချို့မှာ ဤစာအုပ်၌ ပါရှိပြီးဖြစ်၍ အချို့မှာ မပါရှိသေးသော ဒေသနာများဖြစ်ပါသည်။ အများအားဖြင့် ပိဋကတ်မှ တိုက်ရိုက်ကူးမယူဘဲ အနှစ်သာရကို တိုတိုရှင်းရှင်း တင်ပြထားပါသည်။ ပြီးပြည့်စုံသော သိမှတ်ဆင်ခြင်ဖွယ်ရာ ဒေသနာပေါင်းချုပ် ဖြစ်သည်ဟု မဆိုလိုပါ။ စာရေးသူ၏ စိတ်ငြိမ်းချမ်းမှုကို များစွာအထောက်အကူပြု၍ စာရေးသူ အထူးနှစ်သက်သော ဗုဒ္ဓမိန့်ကြားချက်များ ဖြစ်သည်ဟူ၍သာလျှင် မှတ်ယူကြစေလိုပါသည်။

၁။ "တရားကိုမြင်သောသူသည် ငါဘုရားကို မြင်သည်မည်၏။ ငါဘုရားကို မြင်သောသူသည် တရားကိုမြင်သည်မည်၏။"

(သံယုတ်နိကာယ်၊ ခန္ဓသံယုတ်၊ ဝက္ကလိသုတ်)

၂။ "ငါဘုရားသည် တန်ခိုးပြာဋိဟာပြရန် ဝန်လေး၏။ ရှက်၏။ စက်ဆုပ်၏။"

(ဒီဃနိကာယ်၊ ကေဝဋ္ဋသုတ်)

၃။ "သင်တို့သည် ကိုယ်တိုင်အားထုတ်ကြကုန်လော။ ဘုရားရှင်တို့သည် လမ်းမှန်ကို ညွှန်ကြားရုံမျှသာဖြစ်၏။ (ခုဒ္ဒကနိကာယ်၊ ဓမ္မပဒ – ၂၇၆)

၄။ "ရဟန်းတို့၊ သင်တို့သည် သူတစ်ပါးက ဗုဒ္ဓဓမ္မနှင့် သံဃာကို ကဲ့ရဲ့စကား၊ သို့မဟုတ် ချီးမွမ်းစကားပြောလျှင် နှလုံးမသာယာခြင်း သို့မဟုတ် စိတ်တက်ကြွခြင်း မဖြစ်ဘဲ အကြောင်းအကျိုး၊ အကောင်းအဆိုးသိရှိရန် အားထုတ်ကြရာ၏။" (ဒီဃနိကာယ်၊ ဗြဟ္မဇာလသုတ်)

၅။ "ကောင်းစွာယုံကြည်မှု၊ နှစ်သက်မှု၊ တစ်ဆင့်ကြားမှုနှင့် ကြံစည်ဆင်ခြင်မှုဖြင့် လက်ခံထားသော အယူသည် မျက်မှောက်ဘဝ၌ပင် မှန်သည်လည်းရှိ၏။ မှားသည်လည်းရှိ၏။ ထို့ကြောင့် ဤအယူသည်သာ မှန်သည်။ အခြားအယူသည် အချည်းနှီးသာတည်းဟု မဆိုးဖြတ်သင့်။" (မဇ္ဈိမနိကာယ်၊ စင်္ကီသုတ်)

၆။ "ဒုက္ခသည်လည်းကောင်း၊ ဒုက္ခ၏ အစသည်လည်းကောင်း၊ ဒုက္ခ၏အဆုံးသည်လည်းကောင်း၊ ဒုက္ခချုပ်ငြိမ်းရာ အကျင့်သည်လည်းကောင်း ဤခန္ဓာကိုယ်၌သာလျှင်ရှိ၏။" (သံယုတ်နိကာယ်၊ ရောဟိတဿသုတ်)

၇။ "သတ္တဝါသည် သေပြီးသည်နောက်၌ ရှိသည်ဟူ၍လည်းကောင်း၊ မရှိဟူ၍လည်းကောင်း ငါဘုရားမဟော။ အဘယ်ကြောင့်ဆိုသော် ထိုတရားများသည် နိဗ္ဗာန်ရောက်ကြောင်း တရားများမဟုတ်။" (ဒီဃနိကာယ်၊ ပေါဋ္ဌပါဒသုတ်)

၈။ "လောက၌ လူတို့ခံစားရသော ချမ်းသာသုခ၊ ဆင်းရဲဒုက္ခ ဝေဒနာများတွင် အချို့ဝေဒနာများသည် သူတစ်ပါး၏ လုံ့လပယောဂကြောင့်ဖြစ်၍ အချို့ဝေဒနာများသည် ရှေးကံ၏ အကျိုးကြောင့်ဖြစ်၏။"

(သံယုတ်နိကာယ်၊ သီဝကသုတ်)

၉။ "အကြင်ရဟန်းသည် စိတ်မနှစ်သက်ဖွယ် ကြုံတွေ့သောအခါ၌သာလျှင် ထိုရဟန်းသည် နူးညံ့သိမ်မွေ့သောသူ ဟုတ်၊ မဟုတ် သိအပ်၏။ ပစ္စည်းလေးပါးပြည့်စုံနေသောအခါ၌ ထိုသို့ဆုံးဖြတ်၍ မရအပ်။"

(မဇ္ဈိမနိကာယ်၊ ကကစူပမသုတ်)

၁၀။ "အကြင်သူသည် မိမိ၏အပြစ်ကိုမြင်၍ အပြစ်အားလျော်စွာ ကုစား၏။ နောင်အခါ၌လည်း ထိုအပြစ်ကို ထပ်မံမကျူးလွန်မိရန် စောင့်စည်း၏။ ဤသည်ကား ဘုရားအစရှိသော သူတော်ကောင်းတို့၏ အဆုံးအမ၌ ထိုသူ၏ ကြီးပွားကြောင်း ဖြစ်၏။" (သံယုတ်နိကာယ်၊ သုသိမသုတ်)

၁၁။ "အတိတ်ကာလက ဖြစ်ပျက်ခဲ့သော တရားစုသည် ချုပ်ပျောက်ကြလေပြီ။ အနာဂတ်တရားစုသည်လည်း မရောက်လာသေးချေ။ သို့ဖြစ်၍ အတိတ်ကို အောက်မေ့ဖွဲ့လမ်းခြင်း၊ အနာဂတ်ကို တောင့်တဖွဲ့လမ်းခြင်း မပြုရာ။"

(မဇ္ဈိမနိကာယ်၊ ဘဒ္ဒေကရတ္တသုတ်)

၁၂။ "အကြင်သူသည် သူတစ်ပါးကျေးဇူးကို ချေဖျက်တတ်၏။ သူတစ်ပါး၏ ကြွေးမြီကို မပေးဆပ်။ အိုမင်းသောမိဘများကို ကျွေးမွေးပြုစုနိုင်စွမ်း ရှိပါလျက် မပြုစု။ မိမိကိုယ်ကို ချီးမြှောက်၍ သူတစ်ပါးကို ရှုတ်ချ၏---- ထိုသူသည် သူယုတ်မာဖြစ်၏။" (သုတ္တနိပါတ်၊ ဝသလသုတ်)

၁၃။ "သိမှုဝိဇ္ဇာသည် ကုသိုလ်တရားတို့၏ ရှေ့သွားဖြစ်၍ ရှက်ကြောက်မှုသည် နောက်လိုက်ဖြစ်၏။ ကုသိုလ်တရားအားလုံးသည် မမေ့မလျော့မှု အပ္ပမာဒတရားလျှင် အခြေခံရှိ၏။" (အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ် – အပ္ပမာဒသုတ်နှင့် ဒသကနိပါတ် – ဝိဇ္ဇာသုတ်)

၁၄။ "ဗာဟိယ၊ သင်သည် မြင်ရာ၊ ကြားရာ၊ သိရာ၌ မြင်ကာမျှ၊ ကြားကာမျှ၊ သိကာမျှသာ ကျင့်အပ်၏။ ဤသို့ကျင့်ပါက သင်သည် ရာဂမဖြစ်။ တွေဝေမှု မဖြစ်။ မျက်မှောက်တမလွန်ဘဝ၌ မဖြစ်ဘဲ ဒုက္ခချုပ်ငြိမ်းလတ္တံ့။" (ဥဒါန်းပါဠိတော်၊ ဗာဟိယသုတ်)

၁၅။ "ကောသလမင်းသည် သာကေတမြို့သို့သွားရာ၌ ရထားခုနစ်စီးကို အဆင့်ဆင့် စီးသွားရသကဲ့သို့ ဝိသုဒ္ဓိခုနစ်ပါးနှင့် ပြည့်စုံစေရန် အားထုတ်ရာ၌ သီလစင်ကြယ်မှုသည် စိတ်စင်ကြယ်မှုအတွက် အထောက်အပံ့ (အဆင့်တစ်ခု)မျှသာ ဖြစ်၏။" (မဇ္ဈိမနိကာယ်၊ ရထဝိနီတသုတ်)

၁၆။ မြစ်ကို ဖောင်ဖြင့် ဖြတ်ကူးသောသူသည် တစ်ဖက်ကမ်းသို့ ရောက်သောအခါ ဖောင်ကိုစွန့်ပစ်သကဲ့သို့ သင်တို့သည် သီလ၊ သမထ၊ ဝိပဿနာတရားတို့၌ သော်လည်း ဆန္ဒရာဂကို စွန့်အပ်၏။" (မဇ္ဈိမနိကာယ်၊ အလဂဒ္ဒူပမသုတ်)

၁၇။ 'ငါသည် သူ့ထက်မြတ်သည်'၊ 'ငါသည် သူနှင့်တူသည်'၊ သို့မဟုတ် 'ငါသည် သူ့အောက်ယုတ်သည်'ဟူသော မာနသုံးမျိုးကိုပယ်ရန် အရိယာမဂ်ကို ပွားများ အပ်၏။" (သံယုတ်နိကာယ်၊ ဝိဓာသုတ်)

၁၈။ "အာနန္ဒာ၊ ပရိနိဗ္ဗာန်ပြုသော သာရိပုတ္တရာသည် သင်၏ သီလ၊ သမာဓိ၊ ပညာစသည်တို့ကိုယူ၍ နိဗ္ဗာန်ပြုသည်မဟုတ်၊ သို့စဉ်လျက် သင်သည် အဘယ်ကြောင့် သူ့အတွက် စိတ်ထိခိုက်မှုများစွာ ဖြစ်ရဘိသနည်း။ ချစ်သူနှင့်ကွေကွင်းရခြင်းကို မည်သူမျှ မတားဆီးနိုင်။ ထိုကြောင့် သူတပါးကို အားမကိုးဘဲ မိမိကိုယ်(တရား)ကို အားကိုး၍နေထိုင်လော။" (သံယုတ်နိကာယ်၊ စုန္ဒသုတ်)

၁၉။ "ဝိပဿနာတရား အားထုတ်သောပုဂ္ဂိုလ်၌ လိုအပ်သော အင်္ဂါငါးပါးသည်ကား မြတ်စွာဘုရားကို ယုံကြည်မှု သဒ္ဓါ၊ ကျန်းမာခြင်း၊ ရိုးသားပွင့်လင်းခြင်း၊ ဝီရိယရှိခြင်းနှင့် ပညာရှိခြင်းဖြစ်၏။" (မဇ္ဈိမနိကာယ်၊ ကဏ္ဏကတ္ထလသုတ်)

၂၀။ "အကြင်ပုဂ္ဂိုလ်တစ်ဦးသည် သီလစင်ကြယ်မှုနှင့် အသိဉာဏ်ပညာရှိ၊ မရှိ ဆုံးဖြတ်ရာ၌ စဉ်းစားဆင်ခြင်ဉာဏ်ရှိသော ပညာရှိကသာလျှင် စူးစမ်း၍ မှန်ကန်စွာ ဆုံးဖြတ်နိုင်၏။ ထိုပညာရှိသည် ထိုပုဂ္ဂိုလ်နှင့် ကြာရှည်အတူနေထိုင်၍ မကြာခဏ စကားပြောခြင်း၊ တရားဆွေးနွေးခြင်းဖြင့်သာ ဆုံးဖြတ်နိုင်၏။ ထိုပုဂ္ဂိုလ်သည် ဘေးရန်များစွာ တွေ့ကြုံဖူးသောသူ ဖြစ်မှသာ သူ၏ဉာဏ်အစွမ်းကို သိနိုင်၏။" (ဥဒါန်းပါဠိတော်၊ သတ္တဇဋိလသုတ်)

၂၁။ "ဟုတ်မှန်သော၊ အကျိုးစီးပွားနှင့်စပ်သော၊ သူတစ်ပါးနှစ်သက်သော စကားမျိုးကိုသာ မြတ်စွာဘုရားသည် အခါအားလျော်စွာပြော၏။"

(မဇ္ဈိမနိကာယ်၊ အဘယရာဇကုမာရသုတ်)

၂၂။ "ဘုရား တရားစကားကို များစွာပြောသော်လည်း မကျင့်ကြံသောသူသည် နွားကိုထိန်းကျောင်းပါလျက် နွားနို့အရသာ မခံစားရသော နွားကျောင်းသားနှင့်တူ၏။ ဘုရား တရားစကား အနည်းငယ်သာပြောသော်လည်း ကျင့်ကြံသောသူက ပိုမြတ်၏။" (ခုဒ္ဒကနိကာယ်၊ ဓမ္မပဒဂါထာ-၁၉)

* * *

# ရည်ညွှန်းစာအုပ်များ


## မြန်မာဘာသာ

၁။ သုတ္တန်ပိဋကတ် (မြန်မာပြန်) ဒီဃနိကာယ်
၂။ သုတ္တန်ပိဋကတ် (မြန်မာပြန်) မဇ္ဈိမနိကာယ်
၃။ သုတ္တန်ပိဋကတ် (မြန်မာပြန်) သံယုတ္တနိကာယ်
၄။ သုတ္တန်ပိဋကတ် (မြန်မာပြန်) အင်္ဂုတ္တရနိကာယ်
၅။ ဝိနည်းပိဋကတ် (မြန်မာပြန်) မဟာဝဂ္ဂ
၆။ ဝိနည်းပိဋကတ် (မြန်မာပြန်) စူဠဝဂ္ဂ
၇။ ခုဒ္ဒကပါဌပါဠိတော် (မြန်မာပြန်)
၈။ မိလိန္ဒပဉှာပါဠိတော် (မြန်မာပြန်)
၉။ လယ်တီဆရာတော် "နိဗ္ဗာနဒီပနီ"
၁၀။ လယ်တီဆရာတော် "ဗုဒ္ဓဘာသာနှင့် ထာဝရဖြစ်ဟူသောကျမ်း"
၁၁။ ဒီပဲရင်းဆရာတော် "ပရမတ္ထဒီပနီ"
၁၂။ ပထမရွှေကျင်ဆရာတော် "ဂမ္ဘီရာ ဂမ္ဘီရ မဟာနိဗ္ဗုတဒီပနီ"
၁၃။ ဦးညွန့် "ပညာနေတ္တိဝိပဿနာ"

## အင်္ဂလိပ်ဘာသာ

1. Allan, G. F.: The Buddha's Philosophy
2. Govinda, Anagarika: 2500 Years of Buddhism
3. Govinda, Anagarika: Foundation of Tibetan Mysticism
4. Aung, U Shwe Zan (trs.): Compendium of Philosophy
5. Aung, U Shwe Zan (trs.): Points of Controversy

6. Carus, Paul: Buddhism and its Christian Critics
7. Chalmers, Lord (trs.): The Teaching of the Buddha
8. Childers, R. C.: Dictionary of the Pali Language
9. Conze, Edward: Buddhist Thought in India
10. Conze, Edward: Buddhism - Its Essence and Development
11. Davids, Mrs C. A. F. Rhys (trs.): Psalms of the Sisters
12. Davids, Mrs C. A. F. Rhys: The Wayfarer's Words
13. Davids, Mrs C. A. F. Rhys: A Manual of Buddhism
14. Davids, Mrs C. A. F. Rhys: The Birth of Indian Psychology and its Development in Buddhism
15. Davids, T. W. Rhys: Buddhist Birth Stories
16. Davids, T. W. Rhys: Hibbert Lectures on Buddhism
17. Davids, T. W. Rhys: Buddhist India
18. Davids, T. W. Rhys (trs.): The Dialogues of the Buddha
19. Davids, T. W. Rhys: Early Buddhism
20. Davids, T. W. Rhys: Buddhism - Its History and Literature
21. Davids, T. W. Rhys & H. Oldenberg (trs.): Vinaya Texts
22. Davids, T. W. Rhys & Stede, W. (ed.): The PTS' Pali-English Dictionary
22. Dutt, Sukumar: Early Buddhist Monachism
23. Dutt, Sukumar: The Buddha and Five After Centuries
24. Eliot, Charles: Hinduism and Buddhism
25. Hilaire, B. Saint: The Buddha and His Religion
26. Horner, I. B.: Women under Primitive Buddhism
27. Humphreys, Christmas: Buddhism
28. James, William: Principles of Psychology
29. Joad, C. E. M.: Guide to Moderm Thought
30. Keith, A. B.: Buddhist Philosophy
31. Keyserling, Hermann C.: The Travel Diary of a Philosopher
32. Kretser, Bryan de: Man in Buddhism and Christianity
33. Muller, Max: Studies in Buddhism
34. Murti, T. R. V.: The Central Conception of Buddhism
35. Pratt, J. B.: Pilgrimage of Buddhism
36. Russell, Bertrand: Portraits from Memory and other Essays
37. Russell, Bertrand: Religion and Science
38. Schopenhauer: The World as Will and Idea
39. Sogen, Yamakami: Systems of Buddhist Thought
40. Stcherbatsky, Theodore: The Central Conception of Buddhism
41. Suzuki, D. T.: Outline of Mahayana Buddhism
42. Thomas, E. J.: History of Buddhist Thought
43. Thomas, E. J.: The Life of the Buddha
44. Urban, W. M.: Fundamentals of Ethics
45. (Wells, H. G.): I Believe-The Personal Philosophies of 23 Eminent Men and Women of Our Time

# အက္ခရာစဉ်အညွှန်း

(အ)

အင်္ဂလန်နိုင်ငံ ဗုဒ္ဓသာသနာ ၃၈၀ –၃၈၂။

အတ္တအယူ။

ဗြာဟ္မဏတို့၏ – ၂၉၊ ၇၈။

အတ္တဝါဒါနုပါဒါန် ၁၄၁။

အနတ္တဝါဒ။

ဗုဒ္ဓဒေသနာများ ၇၈၊–၉။

သာမကေများ၏အဆို ၈၁။ မိလိန္ဒပဉှာ

အဆို ၈၃။ ရှင်ဗုဒ္ဓဃောသအဆို ၈၄။

မဟာယာနစာပေမှ ၈၄၊–၅။ မစ္ဆစ်ရိုင်း

စ်ဒေးဗစ်၏အဆို ၈၆။ အတ္တဝါဒီ

တို့၏ထောက်ပြချက် ၈၉၊ ၉၀။ ဗုဒ္ဓ

မပေါ်က ရှိနေပြီး လက္ခဏာ ၉၅၊

ယခုခေတ် အသိပညာရှင်တို့၏

ထောက်ခံချက် ၉၇၊–၈။ ရုပ်ဝါဒ

မဟုတ် ၁၁၉။

အနုသယတိဆယ်ပါး ၂၂၈။

အဘိဓမ္မာ ၈၊ ၁၈–၂၂။

အမေရိကန် ဗုဒ္ဓသာသနာ ၃၈၃။

အရက်သေစာမှီဝဲခြင်း ၁၉၇။

အဝတာရဝါဒ ၃၃၅၊–၆။

(အာ)

အာနိုး, အက်ဒဝင်–၏အာရှအလင်း၃၈၀။

အာနန္ဒာမေတ္တေယျ ၃၈၁၊–၂။

(ဥ)

ဥပါဒါန် ၁၄၀ (ff.)။

အတ္တဝါနုပါဒါန် ၁၄၁။ ကာမုပါဒါန်

၁၄၀။ ဒိဋ္ဌုပါဒါန် ၁၄၀၊–၁၊–၃။

သီလဗ္ဗတုပါဒါန် ၁၄၀၊–၁၊ ၂၁၁။

ဥပါသကာ။

ကိလေသာငြိမ်းပြီးသော –ကိုဘိက္ခု

ဟုခေါ်ခြင်း ၅၄။ အရိယာ–များ

၅၅။ ဒွန်းဒဏ္ဍား–၅၆။ သိကြားမင်း

က ရှိခိုးရခြင်း ၅၉။ ဗုဒ္ဓနှင့်–၅၄

သံဃာနှင့် –၃၁၃။

ဥပေက္ခာ ၂၂၂၊–၃။

(က)

ကရုဏာ ၂၂၁။

ကောတူဟလမင်္ဂလာ ၅၆၊ ၂၆၁။

ကထိန်ခင်းခြင်း ၂၉၂။

ကမ္ဘောဒီးယားဗုဒ္ဓသာသနာ ၃၇၃။

ကိုရီးယားဗုဒ္ဓဘာသနာ ၃၇၆။
ကမ္မဝါဒ။
အတိတ်ဘဝ အမှုများကိုသာ ဆိုလိုသည်မဟုတ် ၁၇၉၊-၈၀။ အဋ္ဌကထာများ မှ-နှင့် ထာဝရဘုရား ယုံကြည်မှုတူခြင်း ၁၈၀။ သိပ္ပံနည်းဖြင့် လေ့လာ၍ မရအပ် ၁၈၁။ အတိတ်ကံကို မစွဲလမ်းအပ် ၁၈၃။ ဝဋ်တော် ၁၂ ပါးဟူ၍မရှိ ၁၇၉။ ကံ အကျိုးပေးမှု အရာမထင်ပုံ ၁၈၅၊-၆။ -ဝါဒအရ စိတ်ဓာတ်စရိုက် ဆက်ခံရရှိမှု ၁၈၈။ ပြုသူနှင့်ခံရသူ တစ်ခြားစီဖြစ်မှု ၁၉၀။

(ခ)

ခန္ဓာငါးပါး ၁၂၂၊-၃။

(ဂ)

ဂျိန်း (နိဂဏ္ဌ) အယူဝါဒ ၃၁၊-၂။
ဂျပန်ဗုဒ္ဓဘာသာ ၃၇၆၊-၇။

(စ)

စေတနာ ၁၂၄၊-၅။
စေတသိက် ၁၂၃။
စိတ်ဝိညာဉ်။
- အတ္တမဟုတ် ၉၃။

(ဇ)

ဇင်ဝိပဿနာ ၂၆၀(ff.)။

(ဈ)

ဈာန်တရား ၂၃၂။

(တ)

တဏှာ ၁၃၃ (ff.)။
-နှင့် သမ္မာဆန္ဒ ၁၃၅။ ဘဝတဏှာ ၁၃၇၊ ၃၃၈။ ဝိဘဝတဏှာ ၁၃၇၊-၈။
တန်ခိုးဣဒ္ဓိ ၂၃၂ ၊-၃။
တန်ခိုးပြမှုကို ဗုဒ္ဓက ပြစ်တင်ရှုတ်ချခြင်း ၃၂၈၊-၉။

(ဒ)

ဒုက္ခသစ္စာ။
-နှင့် သိပ္ပံပညာ ၆၇။
-နှင့် လူ၏တိုးတက်မှု ၆၇၊-၈။
ဗုဒ္ဓဝါဒသည် ဒုက္ခဝါဒမဟုတ် ၇၂။
ရှိုပင်ဟွာ၏ -ဖွင့်ဆိုချက် ၃၈၉(ff.)။

(န)

နတ်ယုံကြည်မှု။
-ကို တိုက်ဖျက်သော ဗုဒ္ဓပရိယာယ် သုံးမျိုး ၃၄၇။
နိဗ္ဗာန်။
-နှစ်မျိုး ၂၅၁။ ဗုဒ္ဓဒေသနာလာ (ဒိဋ္ဌဓမ္မ ဖြစ်ကြောင်း) -၂၄၉။ သေပြီးမှရရှိသည်ဟု လူတို့ယူဆခြင်း ၂၅၀။ ဒေါက်တာရိုင်းစ်ဒေးဗစ်၏ ရေးသားချက် ၂၄၃။ လယ်တီနှင့် ဒီပဲရင်း ဆရာတော်တို့၏ အဆို ၂၅၁၊-၂။

(ပ)

ပဝါရဏာပြုခြင်း ၂၉၂။
ပါတိမောက်ပြခြင်း ၃၀၁။
ပရမတ္တမ(အတ္တ)ဝါဒနှင့်အဘာဝ၂၇၆၊-၇။
ပဋိစ္စသမုပ္ပါဒ်။
အင်္ဂါ ၁၂ ပါးနှင့် မပြည့်စုံသော -

-ဒေသနာများ ၁၄၇။ ရှေးကျသော
-ဒေသနာများ ၁၄၈။ တစ်ခုတည်း
သော ဘဝကို ပြသည်ဟူသော အဆို
၁၄၆။-ဆိုင်ရာ ဗုဒ္ဓပန်းချီကား ၁၄၆။
ပါဠိပိဋကတ်။
အခြားပိဋကတ်များနှင့် -နှိုင်းယှဉ်
ချက် ၁၄၊-၅။ ပေထက် အက္ခရာ
မတင်မီက -၁၆၊-၇။ နောက်ဆုံးဖြစ်
ပေါ်လာသော- ရှေ့နောက်အစီအစဉ်
၁၈။ ပါဠိနိကာယ်နှင့် သက္ကတ
နိကာယ်တူညီချက် ၂၁။ -ကို စိစစ်
ဝေဖန်၍ လေ့လာရန်လိုအပ်ခြင်း ၅၊
၆၊ ၂၂-၂၄။

(ဗ)

ဗုဒ္ဓ။
စဉ်းစားဆင်ခြင်ပြီးမှ မိမိ၏တရားကို
လက်ခံစေလိုခြင်း ၃(ff.)။ မိမိအား
ကြည်ညိုမှုသက်သက်ကို မလိုလား
ခြင်း ၃၊၄၄။ အလွန်အမင်း ပူဇော်မှု
ကို မနှစ်သက်ခြင်း ၄၂၊-၃။ ဘုရား
မဖြစ်မီကအဖြစ်အပျက်များအကြောင်း
ပိဋကတ်နှင့် အဋ္ဌကထာ ဗုဒ္ဓဝင်များ
ကွဲလွဲနေခြင်း ၃၆-၃၈။ ပရိနိဗ္ဗာန်
ပြုသောနေ့ ၅။ -၏ ဆုံးမနည်း
၄၅-၅၄။ ကျွတ်ထိုက်သောသူများကို
ဦးစားပေး၍ ဆုံးမခြင်း ၅၀။ ဟော
ပြောရာ၌ လျှို့ဝှက်ခြင်းမရှိ ၄၉။
မိမိအား ပြစ်တင်ဝေဖန်သောသူတို့
အပေါ်၌ သဘောထားကြီးခြင်း ၆၊
၄၉၊ ၅၂၊-၃။ သူနာရဟန်းတစ်ပါး
အား ပြုစုတော်မူခြင်း ၅၃။ မိန်းမ
များကို နှိပ်နယ်၍ ဟောပြောခြင်း
မပြု ၅၇၊-၈။ ယသောဓရာအား
ကြင်နာမှုပြသခြင်း ၅၉။ လောကဓံ
ကို ခံနိုင်ရည်ရှိခြင်း (တာဒိဂုဏ်)
၄၁၁၊-၂။ လွတ်မြောက်မှု (ဝိမုတ္တိ)
ဂုဏ် ၄၁၂၊-၃။ အသိနှင့်အကျင့်
တွဲဖက်နေမှု (ဝိဇ္ဇာ စရဏသံပန္နော
ဂုဏ်) ၄၁၃ (ff.)။ ရိုးသား ပွင့်လင်းမှု
ဂုဏ် ၄၁၆။ အနောက်တိုင်း ပညာ
ရှင်တို့က လေးစားချီးကျူးကြခြင်း
၆၀၊ -၁၊ ၄၁၅။
ဗုဒ္ဓကိုးကွယ်မှု ၃၂၇-၃၄၁။
တန်ခိုးပြာဋိဟာပြရန် ဗုဒ္ဓကငြင်းဆန်
မှု ၃၂၈။ ဗုဒ္ဓစာပေ၌ တွေ့ရသော
တန်ခိုးပြမှုများ ၃၂၉၊-၃၀။ သဗ္ဗညုတ
ဉာဏ်ကို ငြင်းဆိုခြင်း ၃၃၁၊-၂။
'ဗုဒ္ဓ'နှင့် 'ဘဂဝါ'အဓိပ္ပာယ်ခြားနားမှု
၃၃၅။ ကထာဝတ္ထုမှ-ကိုးကွယ်မှုနှင့်
ရှေးဗုဒ္ဓများ ၃၃၆။ ပါရမီ ၃၃၈။
ဇာတက ၃၃၈၊-၉။
ဗောဓိပင် ၃၃၉။

(ဘ)

ဘက္ကတိ (ဘဂဝါ)ဝါဒ ၃၃၄၊-၅။

(မ)

မေတ္တာ ၂၁၇-၂၂၁။
မုဒိတာ ၂၂၁၊-၂။
မိတ်ဆွေကောင်းလိုအပ်မှု ၂၉၂၊ ၂၂၀။
မာရ်နတ် ၃၂၉။
မဟာယာနဝါဒ။
မဟာသံဃိက ဂိုဏ်းမှဆင်းသက်ခြင်း
၃၅၅။ - စာပေမှ ဗုဒ္ဓ ၃၅၅။-နှင့်
ဗောဓိသတ္တ လမ်းစဉ် ၃၅၆။ ထေရ

ဝါဒီတို့က နှစ်သက်ခြင်း ၃၅၈၊-၉။ ထေရဝါဒနှင့် -နှိုင်းယှဉ်ချက် ၃၆၆-၃၆၈။
မဂ်လေးပါးနှင့်နိဗ္ဗာန် ၂၇၈။

(ရ)

ရဟန္တာ။
-အစစ်ကိုသိရှိရန် ဗုဒ္ဓ၏ညွှန်ကြားချက် ၂၅၃၊ -၄။ လူရဟန္တာ ၂၅၅၊-၆။- ဘဝပြတ်မှုနှင့် ဥစ္ဆေဒဒိဋ္ဌိ ၂၅၇။ -နှင့် အကျင့်သီလ ၂၅၉။ -အဖို့ပညာ အဓိကဖြစ်မှု ၂၆၂။ -တို့၏ နေထိုင်လှုပ်ရှားမှု ၂၆၄၊ -၅။ အနာဂတ်ကို မျှော်မှန်းခြင်း မရှိ ၂၆၆။
ရဟန္တာ၏လားရာ။
ဗုဒ္ဓကမဟောခြင်း ၂၆၇။ အနတ္တတရားနှင့် ဆက်စပ်နေခြင်း ၂၆၉။ လယ်တီဆရာတော်၏အဆို ၂၇၁။ -၏ ဘဝပြတ်မှုနှင့် ရှေးဗြာဟ္မဏဝါဒီတို့၏ လွတ်မြောက်မှု တူညီချက် ၂၇၇။ ဘဝပြတ်မှုကို အချို့အနောက်တိုင်း ပညာရှင်တို့ အလိုရှိကြခြင်း ၂၈၀။
ရုပ်နှင့်နာမ်။
အချင်းချင်း အမှီသဟဲ ပြုနေခြင်း ၁၂၁။
ရဟန်းသံဃာ။
-မူလအစ ၂၈၅(ff.)။ ရဟန်းခံခြင်း ၂၉၀။ ကိုယ်ပိုင်ပစ္စည်း မရှိခြင်း ၂၉၄။ ခေါင်းဆောင်ပုဂ္ဂိုလ်မရှိ ၂၉၈။ သိက္ခာပုဒ်များ ၃၀၅။ ဝိဝါဒကွဲပြားမှု ၃၀၇။ ဘိက္ခုနီမများ ၃၁၁(ff.)။

(သ)

သရဏဂုံသုံးပါး ၃၃၅။
သီလ။
ဗုဒ္ဓဝါဒ၏ ပဓာနပန်းတိုင်မဟုတ် ၁၉၅။ ဝစီဒုစရိုက်မှ ၁၉၇၊-၈။ အမာခံသီလ ၂၀၀၊ -၁၊ ၂၁၃၊ -၄။ သီလ အကျိုး ၂၁၂။
သံသရာ (ဘဝ-)။
လူသေ, လူဖြစ် ၁၅၈၊-၉။ အတိတ်နှင့် တမလွန်ဘဝကို မစွဲလမ်းအပ် ၁၆၁။ -စူးစမ်းလေ့လာမှုနှင့် စဉ်းစားဖွယ်ရာများ ၁၆၄ (ff.)။

(ဝ)

ဝိပဿနာ။
ဗုဒ္ဓဝါဒီနှင့် အခြားဘာသာဝါဒ ယောဂီတို့၏ တူညီသော တွေ့ရှိချက် ၂၃၆၊-၇။ ပထမဝိဇ္ဇာနှစ်ပါးနှင့် အနောက် တိုင်းပညာရှင်တစ်ဦး၏ ထင်မြင်ချက် ၂၃၉၊-၄၀။ တရားအားထုတ်ရာ၌ အတ္တကွယ်ပျောက်မှု ၂၄၀၊-၁။ အနောက်တိုင်း ယောဂီတစ်ဦး၏ကိုယ်တွေ့ ၂၄၂။ အင်္ဂလိပ်ဗုဒ္ဓဝါဒီတစ်ဦး၏ မှတ်ချက် ၂၄၃။

# ရန်အောင်စာပေမှ ထုတ်ဝေပြီးစာအုပ်များ

**ရန်အောင်၏ စာအုပ်များ**

- ❒ တိုးတက်ရေး နည်းပြ
- ❒ အဖေနှင့် အမေ
- ❒ အညာသား ကလေး
- ❒ ရန်အောင့်စာ ရန်အောင့်ဘဝ
- ❒ အိမ်ထောင်ရေး အဘိဓမ္မာ

**ဦးအေးမောင်၏ စာအုပ်များ**

- ❒ ပိဋကတ်မှ ဗုဒ္ဓနှင့် ဓမ္မ
- ❒ သေသည်၏ အခြားမဲ့၌
- ❒ စိတ်ပညာနှင့် ကိုယ်ကျင့်တရား
- ❒ စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှု
- ❒ ဘဝဆည်းဆာ
- ❒ သိပ္ပံနည်း စူးစမ်းလေ့လာမှုနှင့် အတွေးအမြင်စာစုများ
- ❒ ဗိဇနှင့် ပတ်ဝန်းကျင်
- ❒ လူ့စိတ်သဘာဝ
- ❒ ဗုဒ္ဓအမြင် လူသားစွမ်းအင်
- ❒ လူတစ်ယောက်၏ ခွန်အား
- ❒ လူ့ဘဝ လူ့လောကအမြင် (၂၊ ၃)
- ❒ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၏ ထူးခြားချက်များ

**သုသုက၏ စာအုပ်များ**

- ❒ ဘုရားရှိခိုးအမျိုးမျိုးနှင့် အန္တရာယ်ကင်း လာဘ်ပွင့်ဂါထာတော်များ
- ❒ အရဟံဂုဏ်တော် တန်းခိုးနှင့် သိဒ္ဓိအမျိုးမျိုး
- ❒ သမ္ဗုဒ္ဓေအမျိုးမျိုးနှင့် တန်ခိုးသိဒ္ဓိများ
- ❒ ဂုဏ်တော်နဝရတ်နှင့် သူမြတ်ကျင့်စဉ်
- ❒ သိဒ္ဓိဝင်ဂါထာတော်များနှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ
- ❒ အစွမ်းထက်တော်ဝင်ဂါထာတော်များနှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ
- ❒ ပရိတ်နှင့်ဂါထာ မန္တန်တန်ခိုး

**ဒေါက်တာအောင်ကျော် (သွား / ဆရာဝန်)၏ စာအုပ်များ**

- ❒ တစ္ဆေတကာယ ရှိသမျှ
- ❒ မြနန်းဟောမဝန် တမလွန်ဖြစ်ရပ်ဆန်း
- ❒ ထူးအဆွေ ကြုံအဆန်း တစ္ဆေဇာတ်လမ်းများ
- ❒ လိမ္မာစေချင်လွန်းလို့ (သာဓုချစ်ထံပေးစာ-၁၀)
- ❒ ဒါတွေလိုသေးသည် (အတွေးအမြင်စာစုများ)

**တိုးထက်၏ စာအုပ်များ**

- ❒ အံ့ဖွယ်လူဝင်စားနှင့် စိတ်ဝိညာဉ်ဖြစ်ရပ်ဆန်းများ
- ❒ တမလွန်နှင့် အံ့ဖွယ်ကိုယ်တွေ့ဖြစ်ရပ်များ

- အသူရကာယ်ပြည်သို့ ရောက်ခဲ့သူနှင့် အံ့သြဘနန်း ဖြစ်ရပ်ဆန်းများ
- ဘဝအထွေထွေနှင့် အံ့ဖွယ်ဖြစ်ရပ်ဆန်းများ
- စိတ်နယ်လွန်လောကမှ အံ့ဖွယ်ဖြစ်ရပ်ဆန်းများ
- အံ့ဖွယ်ဝိဇ္ဇာဉ်
- မြန်မာပြည်အရပ်ရပ်မှ လူ့ဝင်စားများ
- မြန်မာပြည်ရောက် အနောက်တိုင်းလောကီပညာရှင်နှင့် သစ်ခွဝိဇ္ဇာဉ်
- အမေ့တမလွန်ဘဝနှင့် အံ့ဖွယ်ထူးခြား စိတ်နယ်လွန်ဇာတ်လမ်းများ
- အံ့ဖွယ်ထူးခြား စိတ်နယ်လွန်ဖြစ်ရပ်ဆန်းများ
- အိပ်မက်ရှင်နှင့် သည်းထိတ်ရင်ဖို ဇာတ်လမ်းများ
- မြေလျှိုးမိုးပျံ ဘီလပ်ပြန်ခေါင်းလောင်းနှင့် ရင်သိမ့်ဖိုဇာတ်လမ်းများ
- လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရနယ်
- ကုန်းဘောင်ဆက်လူ့ဝင်စားများနှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ
- ကိုယ်ပွားရုပ်သွင် လူ့ဝင်စားနှင့် စိတ်နယ်လွန်လောကီဖြစ်ရပ်ဆန်းများ

**ဆရာမြင့် (စကြာမင်း)**

- အရိုးကျိုးပေါင်းရောဂါနှင့် မြန်မာ့တိုင်းရင်းဆေးပညာ
- အမျိုးသမီးရောဂါ သိကောင်းစရာနှင့် ကာကွယ်ကုသနည်းများ
- အမျိုးသားရောဂါ သိကောင်းစရာနှင့် ကာကွယ်ကုသနည်းများ
- ရောဂါအထွေထွေနှင့် လက်တစ်ကမ်းမှ ဆေးစွမ်းကောင်းများ

**ရန်အောင်စာပေထုတ် အခြားစာအုပ်များ**

- ကလေးရောဂါ တိုင်းရင်းဆေးဝါးအသုံးပြုနည်းများ ***ကျော်တင့်ဆွေ***
- မိသားစုကျန်းမာရေး တိုင်းရင်းဆေးဝါး ကုသနည်းများ ***ကျော်တင့်ဆွေ***
- ကျန်းမာသက်ရှည်ရေး ဆေးနည်းဆေးပင်များ ***စေတနာလှိုင် ရေစကြို***
- အကျော်ဒေးယျဆရာတော်ဘုရားကြီးများ၏ ဘဝ ဩဝါဒနှင့် ဖြစ်ရပ်ဆန်းများ ***တင်အောင်သွင်***
- အလောင်းတော်ကဿပတောလား ***ကြည်ဦး***
- စိတ်တန်ခိုးကို လေ့လာခြင်း ***မောင်ကျော့ကတ်တိုင်***
- နှလုံးသားနဲ့ နားထောင်ကြည့်ပါ ***ခင်စောတင့်***
- သိစေချင် လိမ္မာစေချင်လို့ ***သစ္စာရှင်***
- အောင်မြင်သောသားသမီး ပုံသွန်းထုဆစ်မှု အနုပညာ ***နေစိုးသော်***
- တန်ခိုးကြီးမား ဇေတဒင်္ဂရ ထေရီမယ်များ ***ရွှေဥသြ***
- မမြင်ရတဲ့မြစ် (အင်္ဂလိပ် - မြန်မာ နှစ်ဘာသာ ကဗျာ) ***မောင်သင်းခိုင်***
- မိမိသည်ပင် အကောင်းဆုံးပန်းပုဆရာ ***သန်းငြိမ်းအေး***
- မြန်မာ့သားကောင်း ***ဒေါ်ရီကြိန်***
- ယမုံနာနှင့် ဂင်္ဂါ ***နတ်မောက် ဘုန်းကျော်***
- ဆရာရန်အောင်နှင့် ဟာသလက်တန်းကဗျာများ ***လှတိုး စိတ်လွင်***
- ဆင်လူသား (အင်္ဂလိပ် - မြန်မာ နှစ်ဘာသာ) ***လှတိုး စိတ်လွင်***
- နိုင်ငံတကာ အချစ်ဟာသများ ***မောင်မောင်မြင့်သိန်း စက်မှုတက္ကသိုလ်***
- သူတို့အဆို သူတို့ဟာသ ***အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း***
- နှစ်တစ်ရာကံကြမ္မာဇယားနှင့် လောကီဖြစ်ရပ်ဆန်းများ ***အောင်မြတ်ဦး***

အမှတ် ၂၂၁၃၅
ရက်စွဲ



ဘာသာရေးနှင့်ပတ်သက်၍ အစဉ်အလာနှင့် ပတ်ဝန်းကျင်ကြောင့် ကျွန်ုပ်တို့ ရဲရဲမစဉ်းစားရဲသော၊ ဘာသာရေးသမားပရိသတ်ရှေ့တွင် ကျွန်ုပ်တို့ ရဲရဲမပြောရဲသော မိရိုးဖလာ ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်ချက်များစွာကို ရဲရဲကြီးစဉ်းစား၊ ရဲရဲကြီးဝေဖန်ပြသော စာအုပ်ဖြစ်သည်။

စဉ်းစားဝေဖန်ရာ၌ အသားလွတ်၊ အတ္တနောမတိနည်း မဟုတ်ဘဲ ဗုဒ္ဓ၏ အရင်းအမြစ်ကျသော ဒေသနာပေါင်းများစွာနှင့် ဗုဒ္ဓစာပေဆိုင်ရာ ကမ္ဘာ့ကျမ်းပေါင်းများစွာတို့၏ အကိုးအကားဖြင့် ပြဆိုခြင်း ဖြစ်သည်။

*ကြီးမောင် (ငွေဥဒေါင်း)*
*ကြေးမုံသတင်းစာ စာကြေးမုံကဏ္ဍမှ*

စာဖတ်သူတွေအဖို့ အပြန့်ကျယ်စွာ စဉ်းစားနိုင်ကြအောင်သာလျှင် ကမ္ဘာ့အသိပညာရှင်တွေရဲ့ အဆိုအမိန့်တွေ၊ သုတေသနပြုချက်တွေ၊ ထင်မြင်ချက်တွေကို ထည့်သွင်းခဲ့တယ်ဆိုတာ ပေါ်လွင်နေပါပြီ။ ...... ဗုဒ္ဓဝါဒကို တကယ်တမ်း လေ့လာတော့မည်ဆိုရင် ပိဋကတ် မြန်မာပြန်ကို သေချာ လေ့လာသင့်ကြောင်း သတိပေးလိုက်သလိုပါပဲ။

*(အောင်သင်း)*
*အင်တာဗျူးစာအုပ်မှ*

ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒကျမ်း၏ အဓိက ရည်ရွယ်ချက်မှာ သမိုင်း၌ အမှန်စင်စစ် ပေါ်ပေါက်ခဲ့သော ဗုဒ္ဓနှင့် ဗုဒ္ဓ၏ဒေသနာ အစစ်အမှန်များကို အရင်းအမြစ်ကျကျ နှိုက်ထုတ်ဖော်ပြပြီး ခေတ်မီသိပ္ပံနည်းကျအမြင်ဖြင့် ရှုမြင်သုံးသပ်ကြည့်ခြင်းဖြစ်ကြောင်း မိမိတို့ ထင်မြင်မိပါသည်။

*(ရန်အောင်စာပေ)*

ဆရာစွဲ၊ ကျမ်းဂန်စွဲ၊ ဝါဒစွဲ မရှိဘဲ ဗုဒ္ဓ၊ ဓမ္မနှင့် သံဃာအကြောင်း ခြေခြေမြစ်မြစ် စူးစမ်းလေ့လာလိုသော ပုဂ္ဂိုလ်များကို ရည်စူး၍ စီစဉ်ရေးသား ပြုစုထားသော စာအုပ်ဖြစ်သည်။

*(ဦးအေးမောင်)*